
ဒေါက်တာသန်းထွန်း

# အရင်ဧကရာဇ် အခုလူ

## ဒေါက်တာသန်းထွန်း

**စာမူခွင့်ပြုချက်အမှတ်–** [၂၆၀/ ၉၇ (၅)]
**မျက်နှာဖုံးခွင့်ပြုအမှတ်–** [ ၄၃၆/ ၉၇ (၈)]

●

**မျက်နှာဖုံးပန်းချီ**
ခင်မောင်ရင်

..................

**ပုံနှိပ်ခြင်း**
၁၀၀၀

..................

**ထုတ်ဝေခြင်း**
ပထမအကြိမ်
၁၉၉၇၊ ဒီဇင်ဘာ

..................

**ကွန်ပျူတာ**
ရတနာ

..................

**စာအုပ်ချုပ်**
ကိုမြင့်

●

**ထုတ်ဝေသူ–** ဦးရဲမြင့် (၀၁၀၄၉)၊ တက်လမ်းစာပေ
၉၆၇၊ ပဒေသာရပ်ကွက်၊ ဇော်ဘွားကြီးကုန်း
အင်းစိန်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** – ဒေါ်ရှုခင် (၀၅၄၄၉)
ဝင်းလိုက်မိတ်ပုံနှိပ်တိုက်
၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

## မာတိကာ


ဘာသာပြန်သူရဲ့ အမှာ

**အခန်း တစ်**

**ကျွန်တော်တို့ အိမ်ထောင်** ၁

အမေ့ဘက်က ဘိုးတော်ရှင်ငလှ ၉

ချီယှိဆုံးဖြတ်ပုံ ၁၄

ခမည်းတော် ရှင်ခွင့်ပိုက်အုပ်စိုးချိန် ၁၆

မင်းသားနဲ့ နန်းအိမ်အတူနေ ၂၁

**အခန်း နှစ်**

**ကလေးဘဝနန်းတက်နန်းဆင်း** ၂၇

ကေရာဇ်လိုနေရပုံ ၃၅

အမေမျှားတဲ့သား ၄၁

ယူကျိန်ငနန်းမှာ စာသင် ၄၅

သင်းကွပ် ၅၃

အထိန်းတော် ၅၉

**အခန်း သုံး**

**နန်းမြို့က ဂျပန်သံရုံးကို**

**ယွန်ရှီကိုင်ခေတ်** ၆၃

၁၉၁၇ ခု နန်းပြန်တင်ရ ၇၁

ပေ့ယန်ငအုပ်စုခေါင်းဆောင်တွေ ၇၉

မျှော်လင့်ချက်ထားသေးတယ် ၈၅

ရယ်ဂျီနယ် ဂျွန်စတန် ၉၂

ကျွန်တော် လက်ထပ်တုန်းက ၉၉

အချင်းချင်းဖြစ်တဲ့ ရန်ပွဲတွေ ၁၀၃

သင်းကွပ်တွေကို နှင် ၁၁၁

နန်းထိန်းဌာနကို ပြန်စည်းရုံး ၁၁၆

လူဝင်ခက်နန်းမြို့မှာနေခဲ့တဲ့ နောက်ဆုံးရက် ၁၂၀

မြောက်အိမ်တော် ၁၂၆
လမ်းဆုံအရောက် ဆုံးဖြတ်ချက် ၁၃၂
သံရုပ်မှ အငှားမြေတွင်းသို့ ၁၃၇

**အခန်း လေး**
**တီအင်ကျင်**
**လောကျန်ယုံ လုံ့လ ၁၄၅**
ဖုန်တီအင်အုပ်စု စစ်ဗိုလ်တွေနဲ့ ဆက်ဆံရေး ၁၅၀
ဆယ်မိယောနော့ဖ်နဲ့ ဒုတိယကျပုကယ့်လျန် ၁၅၈
အရှေ့သင်္ချိုင်းတော်ကိစ္စ ၁၆၄
ကောင်စစ်ဝန်ရုံး၊ နယ်စောင့်တပ်နဲ့ နဂါးနက်ဂိုဏ်း ၁၆၈
ယာယီနန်းမှာ စံမြန်းချိန် ၁၇၇

**အခန်း ငါး**
**အရှေ့မြောက်ပိုင်းသို့၊ မအေးတဲ့ ငြိမ်းအေးဥယျာဉ် ၁၈၅**
ဂျပန်အချင်းချင်းလည်း သဘောကွဲ ၁၉၀
ဒေါ်အီဟာရနဲ့ တွေ့ ၁၉၃
ဆောင်းလှောင်ကြယ် ၂၀၁
စိတ်ပျက်ရပြီ ၂၀၆
အီတာဂတိနဲ့ တွေ့ ၂၁၀

**အခန်း ခြောက်**
**မန်ကျူကောနိုင်ငံသက် တစ်ဆယ့်လေးနှစ် ၂၁၅**
အာဏာမပါတဲ့ ဂုဏ် ၂၂၀
တိတ်တဆိတ်စာချုပ် ၂၂၅
နိုင်ငံပေါင်းချုပ်အသင်းစုံစမ်းရေးကော်မရှင်အစီအရင်ခံစာ ၂၂၉
တတိယအကြိမ် 'ကေရာဇ်' ၂၃၆
အမြင်မှန် ၂၄၆
ယောရှိဩက ယစုနော့ရီ ၂၅၄
ကေရာဇ်အမိန့်တော်တွေ ၂၅၈
နန်းတွင်းအနေအထိုင်တွေ ၂၆၆
အပြီးအပျက် ၂၇၄

**အခန်း ခုနစ်**

**ဆိုဗီယက်ယူနီယံမှာ** ၂၈၃

ခုထိမောက်မာတုန်းပဲ ၂၈၅

ကိုယ့်အပြစ်ကို ကိုယ်ဝန်မခံလို ၂၈၇

**အခန်း ရှစ်**

**ကြောက်လို့ဖုံးခဲ့ပေမယ့် ဖော်ရမယ်လို့** ၂၉၁

ဖွဲ့ရှန်အရောက် ၂၉၇

ဟာရဘိန်ကိုရွှေ့ ၃၀၇

ကိုယ်တိုင်ရေး ကိုယ်ရေးရာဇဝင် ၃၁၂

ကျွန်တော့် အတွင်းလူတွေရဲ့ အပြောင်းအလဲ ၃၁၆

ဝန်ခံလို့ ညှာတယ် ၃၂၃

စက္ကူကပ်ပုံးတွေ လုပ်ကြရတယ် ၃၂၉

စုံစမ်းသူတွေရောက်လာကြပြီ ၃၃၆

အရှေ့မြောက်လူထု ကြုံရတဲ့ဒုက္ခ ၃၄၁

ကိုယ့်လုပ်ပြစ်ရဲ့ ဒဏ် ၃၄၆

**အခန်း ကိုး**

**ပုံသစ်လောင်းခံတော့မယ်**

**လူဖြစ်အောင် ဘယ်လိုစလုပ်ရပါ့မလဲ** ၃၅၃

ကိုယ် ကိုယ်တိုင် လုပ်ချင်မှ ၃၅၉

ဘာပြုလို့ ဒါလောက် သဘောထားကြီးနိုင်သလဲ ၃၆၄

အပြောင်းအလဲမြင်ရုံနဲ့ အားလုံးကိုသဘောပေါက်တယ် ၃၇၃

အမျိုးတွေနဲ့ တွေ့ရပြီ ၃၇၈

ဂျပန်စစ်တရားခံ ၃၈၈

ကမ္ဘာ့မင်းကြီးစွာ ၃၉၄

နောက်တစ်ကြိမ်အလည်ထွက်ကြပြန်တယ် ၄၀၁

လုပ်အားနဲ့ မျှော်လင့်ချက် ၄၁၀

စမ်းသပ်ပွဲ ၄၁၄

အထူးခွင့်ပြုချက် ၄၂၂

စခန်းသစ် ၄၂၉

# ဘာသာပြန်သူရဲ့ အမှာ

စကားပြောတဲ့အတိုင်း ရေးတာကို လူတွေအများကြီး ဝိုင်းလုပ်ရင် တွင်သွားမယ်။ **ဆင်သွားရင်လမ်းဖြစ်တယ်**[၁]လို့ **ကိုကျော်ရင်**က ပြောသွားဖူးတယ်။ ကိုကျော်ရင် သေပြီး[၂]တစ်နှစ်လောက်ကြာတော့ ကျွန်တော်က ဦးဝန်ဆီကို စာတစ်စောင်ပို့တယ်။ တပို့တွဲလပြည့်တိုင်း ဦးဝန်က ထမနဲထိုးပြီး ဝေလေ့ရှိခဲ့တယ်။ အခု လူချင်းအနေဝေးကြလို့ ကျွန်တော့်ကို မပေးနိုင်တော့ဘူးအထင်နဲ့[၃] ဒီနေ့ဒီအခါ ဆရာပေးတဲ့ ထမနဲတစ်ထုပ် ကျွန်တော်ရနေကျပဲ ပါတဲ့စာတစ်စောင် အတိုချုံးရေးပြီး စာတိုက်က ပို့လိုက်တယ်။ ပြန်စာလာတော့ သူကလည်း တိုတိုပဲရေးတယ်။

**ရှေးကိုရည်ညွှန်း**
**ကိုသန်းထွန်း၏**
**အလွမ်းပြည့်ဝ**
**စာတိုလှသည်**
**ငါ့ဝယ် ဂယက်ရိုက်သတည်း။**

**(ကိုသန်းထွန်း နားလည်အောင် ဆင်သွားမှု ဘာသာပြန်ချက်။)**
**ရှေးကိုရည်ညွှန်း**
**ကိုသန်းထွန်းရဲ့**
**အလွမ်းပြည့်ဝ**

---

၁။ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းရဲ့ ၁၉၆၅ ခု၊ စာဆိုတော်လ စာတန်းဖတ်ကြားဆွေးနွေးပွဲမှာ ၂၇–၁၁–၆၅ နေ့က ပြောတဲ့ ပါမောက္ခချုပ် ဦးကျော်ရင်ရဲ့စကား။

၂။ ၂၀–၃–၆၆ နေ့က သေတယ်။

၃။ တို့လည်း ကောက်ညှင်းဆန်မရ၊ အုန်းမရ၊ မြေပဲမရနဲ့ ထမနဲမထိုးဖြစ်ပါဘူးကွာလို့ လူချင်းတွေ့တော့ပြောတယ်။

၄။ စာပြန်တဲ့နေ့စွဲက ၄–၃–၆၇။

**စာတိုလှဟာ**
**ငါ့မှာ ဂယက်ရိုက်တယ်လေ။**
**လို့ တွေ့ရပါတယ်။**[၆]

စကားပြောတဲ့အတိုင်းရေးနည်းကို သူက **ဆင်သွားမှု**လို့ နာမည် ပေးနေပါပြီ။ ကျွန်တော်လည်း ဒီနာမည်ကို ကြိုက်တယ်။ ဒါကြောင့် ဒီစာအုပ်ကို ဆင်သွားမှုလို့ နာမည်ပေးတဲ့ ဆရာ့ဖို့ ရေးလိုက်ပါတယ်။ ဆရာ့ဖို့ ရေးတယ်ဆိုတော့ ဆရာဖတ်ဖို့ ရေးတယ်လို့ မယူဆပါနဲ့။ သူ ဒီလိုနာမည်ပေးလို့ ကျေးဇူးတင်မိပြီး အဲဒါကို အထိမ်းအမှတ်ဖြစ်စေချင်လို့ သူ့ဖို့ရေးတယ်လို့ ဆိုလိုက်တာပါပဲ။ တကယ် ဖတ်စေချင်တာကတော့ ကျွန်တော်တပည့်တွေကို ဖတ်စေချင်တယ်။ ရာဇဝင်ကျောင်းသားတွေ တရုတ်ရာဇဝင်ကို လေ့လာတဲ့အခါ ဒီစာအုပ်မျိုးကို အပိုဖတ်စာသဘော ဖတ်ကြဖို့ကောင်းတယ်။ တရုတ်နိုင်ငံရဲ့ ပဒေသရာဇ်ခေတ်က ကွန်မြူနစ်ခေတ်အထိ အဆင့်ဆင့် ပြောင်းလဲတိုးတက်ဘာပုံကို အတွင်းကျကျသိတဲ့လူက ကိုယ်တွေ့တွေကို ရေးပြထားလို့ပေါ့။ ဒီစာအုပ်ကိုရေးတဲ့ အိုင်စင်ဂီအော်ရောပုယီဟာ–

၁။ သူကိုယ်တိုင် တရုတ်နိုင်ငံမှာ ကျိန်မင်းဆက်ရဲ့ နောက်ဆုံးဧကရာဇ်ဖြစ်တယ်။
၂။ တရုတ်သမ္မတနိုင်ငံခေတ်ရောက်တော့ သူက နာမည်ခံ ဧကရာဇ်အဖြစ်နေရတာကို ခံပြင်းပြီး ဧကရာဇ်အစစ်ပြန်ဖြစ်ဖို့ စစ်ဘုရင်ဆိုတဲ့ ဖောက်ပြန်ရေးသမားတွေနဲ့ တွဲဖက် ကြိုးစားတယ်။ မရဘူး။
၃။ ဒါနဲ့ ဂျပန်ကို အားကိုးမယ်လို့ ဆုံးဖြတ်မိတယ်ဆိုတာနဲ့ တစ်ခါတည်း ပြည်သူ့သစ္စာဖောက် နံပါတ်တစ်ဖြစ်သွားပြီလို့ သူ့ဟာသူ သိတယ်။ နောက်ဆုတ်လို့မရတော့ဘူး။ ဖက်ဆစ်လက်အောက် တရုတ်ပြည်သူတွေ ခံစားရတဲ့ ဒုက္ခကို အတော်ထင်ရှားအောင် ရေးပြနိုင်တယ်။
၄။ နောက် ဆိုဗီယက်ယူနီယံက စစ်ရာဇဝတ်ကောင်အဖြစ် သူ့ကို ဖမ်းသွားတယ်။ ဒီအခါမှာလည်း သူ့အထင်နဲ့လက်တွေ့ ကွာခြားနေတယ်။ သူ့ကိုသတ်မှာပဲထင်တယ်။ နောက်မှ တရုတ်နိုင်ငံကို ပြန်ပို့မယ်ဆိုတာ သိရတော့ သူမပြန်ချင်ဘူး။ ရုရှားကွန်မြူနစ်ဟာ အင်္ဂလိပ် အမေရိကန်နဲ့ မဟာမိတ်ဖြစ်နေခိုက်ကို "ယဉ်ကျေးတယ်"၊ တရုတ်ကွန်မြူနစ်ကတော့ သူ့ကို ချက်ချင်းသတ်မယ်လို့ထင်ပြီး တရုတ်နိုင်ငံကို မပြန်ချင်ဘူး ပြောသေးတယ်။ မရဘူး။
၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြန်ရောက်တဲ့အထိ ဧကရာဇ်စိတ် မကုန်ဘူး။ ဒီတော့ ခံယူချက်အသစ်ပြောင်းလာအောင် သူ့ကို အားလုံး

ဝိုင်းပြီး ဘယ်လိုကူညီကြလို့ အရင်ကလူမဟုတ်၊ **အနုလူ**လို့ ကျေကျေ နပ်နပ် ကြွေးကြော်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ လူဖြစ်ရပုံကို လည်း ပြည့်စုံအောင် ရေးပြထားတယ်။

ဒါကြောင့် တရုတ်ရာဇဝင်မှာ ကေရာဇ်ခေတ်၊ သမ္မတခေတ်၊ နယ်ချဲ့အရင်းရှင်ခေတ်၊ ကွန်မြူနစ်ခေတ်ဆိုတဲ့ ခေတ်အဆင့်ဆင့်ပြောင်းပုံကို သိချင်ရင် ဒီစာအုပ်ကို ဖတ်သင့်တယ်။ အပြင်မှာ လူကြားကောင်းအောင် ကြီးကြီးကျယ်ကျယ်ပြောပေမယ့် အတွင်းမှာ ဘယ်ထိအောင် ဆိုးသွမ်းယုတ်မာတယ်ဆိုတဲ့ နယ်ချဲ့သဘောကို ဖော်ထုတ်တဲ့နေရာမှာ အကောင်းဆုံးစာတစ်အုပ်လို့ ခေါ်နိုင်တယ်။ နယ်ချဲ့ဆန့်ကျင်ရေး ဖတ်စာ အမှတ်တစ်ပါပဲ။ ပြီးတော့ ငါဟာ သူများနဲ့တူတာမဟုတ်ဘူး။ ငါက ဘယ်လိုဘယ်ညာပဲလို့ "ဘူရှာတွေး"တွေးတတ်တဲ့ ပုဂ္ဂိုလ်တွေ "လူဖြစ်ချင်ရင်" ဒီစာအုပ်ကို ဖတ်ပါ။

ကွန်သာယာ                                                            **သန်းထွန်း**

၂၇-၅-၆၇



(၁) မုဆိုးမ ကေရီ စုဇီ(အလယ်)



(၃) ငါပဲ (၁၉၁၇)




(၂) ငါ့ပုံ၊ နှစ်နှစ်သား




(၄) ပထမ မယားရတုန်းက ငါ့ပုံ



(၅) ဝမ်ဂျုန်
(မိဖုရားကြီး)



(၆) မန်ချူကော ဦးစီးချုပ်ရာထူးလက်ခံဖို့ မတ်လ (၉)၊
၁၉၃၂ သွားစဉ်။



(၇) ဂျပန်ကို ၁၉၃၅ က အလယ်ရောက်စဉ်
ဂျပန်ကေရာဇ် ဟီရိုဟီတို နဲ့ တွေ့ပုံ




(၈) လူ့ဘဝ ဒီလိုအသေးအဖွဲကစ
ခြေအိတ်စုတ်ဖာနေပုံ





(၉) ပေးအပ်လိုက်ရတဲ့ အရိုးအဆက်အမွေ (ကျောက်သားတွင်း
ကေရာဇ် တံဆိပ်တော်ကြီး)



(၁၀)　ငါ့အတွက် အထူးလွတ်ငြိမ်းခွင့်ကို
ဒီဇင်ဘာ(၄)၊ ၁၉၅၉က ခံယူစဉ်



(၁၁) ရောင်းရင်းသုတေသီ ယန်ဟိုတောက်( ဘယ်ဘက်၁)နဲ့
ဝမ်ယောင်ဝု(ဘယ်ဘက်၂) တို့နဲ့ အတူ စာပေနဲ့
သမိုင်းသုတေသနကို ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရုံးမှ
စလုပ်နေပြီ



(၁၂)　လက်ရှိမယား လီရှုဆိုင်နဲ့ နံနက်အလုပ်ဆင်းချိန်

## အခန်းတစ်

# ကျွန်တော်တို့အိမ်ထောင် ဘိုးတော်ကျန်မင်းသားကြီး

ပေကင်းနေပြည်တော် ကျန်မင်းသားစံအိမ်မှာ **၁၉၀၆ ခု၊ ဖေဖော်ဝါရီ ၇ ရက်**နေ့ ကျွန်တော့်ကို မွေးပါတယ်။ ကျွန်တော့်အဘိုး ယီယွအန်က ဧကရာဇ် တပ်တူအန်င် (နန်းစံ **၁၈၂၁–၅၀**)ရဲ့ ခုနစ်ယောက်မြောက်သားတော်ပါပဲ။ ပထမ ကျန်မင်းသားလည်း ဖြစ်တယ်။ သူ့ငါးယောက်မြောက်သားတော်က ကျွန်တော့် ခမည်းတော်ပေါ့။ ခမည်းတော်ဟာ ဘိုးတော်ရဲ့သားကြီး မဟုတ်ပေမယ့် ဘိုးတော်ရဲ့ ဘွဲ့အမည်အရည်နဲ့ ပစ္စည်းအမွေခံဖြစ်ရတဲ့ အကြောင်းကတော့ သူ့နောင်တော် တစ်၊ သုံးနဲ့ လေးက ငယ်ကလွန်တယ်။ နောင်တော်နှစ်က နန်းမွေးခံဧကရာဇ် ကူအန်င်ယှု (နန်းစံ **၁၈၇၅–၁၉၀၈**)ဖြစ်သွားတယ်။ ဒီတော့ ခမည်းတော်ဟာ ဒုတိယ ကျန်မင်းသား ဖြစ်လာရတယ်။ ကျွန်တော်က ခမည်းတော်မှာ အကြီးဆုံးသား ပါပဲ။ ကျွန်တော်သုံးခါလည်ပြည့်ခါနီး **၁၉၀၈ ခု၊ နိုဝင်ဘာ ၁၃ ရက်**နေ့က ဧကရီ မယ်တော်ကြီး ချီယှီအမိန့်တော်မြတ်နဲ့ ကျွန်တော်ဟာ နန်းတော်ကြီးကို လိုက်သွား ရပါတယ်။ ဧကရီမယ်တော်ကြီးရော ဧကရာဇ်ကူအန်ယှုပါ အသည်းအသန်နာမကျန်း တဲ့အခါမှာ ရုတ်တရက် ကျွန်တော့်ကိုပဲ နန်းမွေးခံအဖြစ် ရွေးချယ်လိုက်တယ်။ သဘောကတော့ ကျွန်တော်ဟာ အရင်ဧကရာဇ် တုန်င်ကျီ (နန်းစံ **၁၈၆၂–၇၄**)ရဲ့ မွေးစားသားတော်ဖြစ်ပြီး အခု စိုးမိုးဆဲ ဧကရာဇ်ကူအန်ယှုရဲ့ ယဇ်ပူဇော်ဖို့ အမွေခံ ဖြစ်လာပါတယ်။ ကျွန်တော် နန်းတော်ကြီးကိုရောက်ပြီး နှစ်ရက်အတွင်းမှာပဲ ကူအန်င်ယှုရော ဧကရီ မယ်တော်ကြီးပါ နတ်ရွာစံကြပါတယ်။ ဒီဇင်ဘာ ၂ ရက် ကျတော့ **ကျိန်မင်းဆက်**[၁]ရဲ့ ဒသမမြောက်မင်းအဖြစ် ကျွန်တော် **"ရွှေတောင်တက်"**

---

၁။ တရုတ်အရှေ့မြောက်မှာ အရင်းခံနေထိုင်ခဲ့တဲ့ မန်ကျူးက အိုင်စင်–ဂိုအော်ရော အမျိုးစုဟာ တရုတ်မင်းဆက်တစ်ဆက်ကို ၁၆၄၄–၁၉၁၁အတွင်း မှာ တည်ထောင် စိုးစံခဲ့တယ်။

ရပါတယ်။ တရုတ်နိုင်ငံကြီးရဲ့ နောက်ဆုံးဧကရာဇ်ဟာလည်း ကျွန်တော်ပါပဲ။ ကျွန်တော့်နန်းသက်သုံးနှစ်မပြည့်ခင်ပဲ ကျိန်မင်းဆက်ကိုတော်လှန်တဲ့ ၁၉၁၁ တော်လှန်ရေးဖြစ်ပြီး ကျွန်တော်လည်း ထီးနန်းစွန့်ခဲ့ရတော့တယ်။

ကျွန်တော့် နန်းစွန့်ချိန်ကိုကစပြီး အဖြစ်အပျက်တွေကို ကွဲကွဲပြားပြား မှတ်မိပါတယ်။ ဒါပေမယ့် ရှင်းရှင်းလင်းလင်း သိကြရအောင်လို့ ကျွန်တော့်ဘိုးတော်နဲ့ ခမည်းတော်တို့အကြောင်းတွေကစပြီး ပြောမယ်။

လွန်ခဲ့တဲ့ ကျိန်မင်းဆက်ခေတ်ကို အမိုက်မှောင်အကျဆုံးခေတ်လို့ပဲ ခေါ်မယ်။ အဲဒီတုန်းက ကျန်မင်းသားဆက်ဟာ အနှစ်ငါးဆယ်ကျော်လုံးလုံး ဧကရီမယ်တော်ကြီး ချီယှီကိုပဲ သစ္စာရှိရှိ သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းခဲ့တယ်။ ဘိုးတော်က အကဲဆုံးပေါ့။

ဘိုးတော်က ၁၈၄၂ ခုမွေး၊ ၁၈၉၀ ပြည့်မှာ လွန်တယ်။ နန်းတွင်းသားတွေရဲ့ မှတ်တမ်းကို ပြန်ကြည့်ရင် ဘိုးတော်ရဲ့နောင်တော်ရင်း ဧကရာဇ်ယှီအင့်ဖုံနိုင် နန်းစံ (၁၈၅၁-၆၁)ရဲ့ လက်ထက်တော် တစ်ဆယ့်တစ်နှစ်မှာ ဘိုးတော်ဟာ မြှောက်စားချီးမြှင့်တာကို တယ်ပြီးမခံရဘူး။ နောင်တော်ဧကရာဇ်လွန်ပြီး ချီယှီကို ဧကရီမယ်တော်ကြီး ခန့်ထားခံရတဲ့ ခြောက်လအတွင်းမှာတော့ ဘိုးတော်ဟာ ဘွဲ့ထူးဂုဏ်ထူးရာထူးတွေ ထပ်တလဲလဲ ချီးမြှင့်ခံရတာကို တွေ့ရတယ်။

အသက်နှစ်ဆယ်ကျော်လောက်သာ ရှိသေးတဲ့ လုလင်ပျိုတစ်ယောက် ဘာပြုလို့ ဒါလောက် ထင်ရှားကြီးမြင့်တာ မြန်ဆန်ရသလဲလို့ မေးရင် သူက ဧကရီမယ်တော်ကြီးရဲ့ မတ်တော်မောင် ဖြစ်ပေလို့ပဲရယ်လို့ လွယ်လွယ်ဖြေကြမယ်။ ဒါပေမယ့် ဒီအကြောင်းအချက် တစ်ခုတည်းကြောင့်တော့ မဟုတ်ပါဘူး။ ကျွန်တော် ငယ်ငယ်ကကြားဖူးတဲ့ အဖြစ်အပျက်တစ်ခုကို ပြန်ပြောပါရစေ။ တစ်ခါက ကျွန်တော်တို့စံအိမ်မှာပဲ ပွဲခံတယ်။ အသက်ခြောက်နှစ်လောက်သာ ရှိသေးတဲ့ ကျွန်တော့်ဘထွေးတော်တစ်ယောက်က ဇာတ်ထဲက ပြကွက်တစ်ခုကို လန့်ပြီး ငိုပါရော။ ဒီတော့ လူတကာရှေ့မှာ ဘိုးတော်က ရက်စရာကွယ်၊ ငါတို့များ အသက်နှစ်ဆယ်က စုရှုန်ကို ကိုယ်တိုင်ဖမ်းခဲ့တယ်။ ဒီကောင်တော့လား နိုင်ငံတော်မှာ ထွန်းပေါက်မှာ မဟုတ်ဘူးလို့ ရှုတ်ချသတဲ့။ သူ့ဘဝမှာတော့ ပြောင်မြောက်အောင် သိပ်တိုးတက်သွားတာဟာ ဒီစုရှုန်ဖမ်းပွဲက စပါတယ်။

စုရှုန်အရေးက ၁၈၆၁ ခုမှာ ပေါ်တယ်။ **ဒုတိယဘိန်းစစ်**[၁]အပြီး တရုတ်ဘက်က အင်မတန် ရက်စရာကောင်းအောင် အနိုမ်ခံရတဲ့ စစ်ပြေငြိမ်းစာချုပ်တွေ

---

၁။ အင်္ဂလိပ်ပြင်သစ်ပေါင်းပြီး ၁၈၅၆ ခုက ၁၈၆၀ ပြည့်အထိ တရုတ်ကို ကျူးကျော်စော်ကားကြတယ်။ ထိုင်ပိန်ုင်သူပုန်ကို ကျိန်အစိုးရဟာ အားရှိသမျှသွန်ပြီး နှိမ်နင်းနေရဆဲမို့ နိုင်ငံခြားရန်ကို ထိထိရောက်ရောက် မတိုက်နိုင်ခဲ့ဘူးပေါ့။ ဒီတော့ တရုတ်တစ်နိုင်ငံလုံး အပုံကြီး နစ်နာရပါတယ်။

အတောမသတ် ချုပ်ရတဲ့အခါ ကေရာဇ်ယိုအင့်ဖုံနိုင်လည်း ရေဟောမှာခိုအောင်းနေရတုန်း နတ်ရွာစံတော့မယ့်ဆဲဆဲအခါ သူနဲ့အတူ ပြေးပုန်းရာကို ပါလာတဲ့ အမတ်ကြီးသုံးပါး၊ အတိုင်ပင်ခံကြီးငါးပါးကို အမိန့်တော်မြွက်နဲ့ အပါးတော်ကို ခေါ်ယူပြီးတော့ ခြောက်နှစ်သားပဲရှိသေးတဲ့ သားတော်ကျိုင်ကျူန်ကို ထီးမွေနန်း လျာထားတယ်။ သူတို့ကိုလည်း ရင်ခွင်ပိုက်အဖွဲ့ဝင်တွေလို့ သတ်မှတ်တယ်လို့ အာဏာတော် ထားခဲ့တယ်။ နောက်တစ်နေ့ ယိုအင့်ဖုံနိုင် နတ်ရွာစံပါတယ်။ အလိုတော်အတိုင်းအရာရှိကြီးနဲ့ မင်းသားကြီးတွေပါတဲ့ ရှစ်ဦးအဖွဲ့က ကျိုယိုအန်င်ဘွဲ့နဲ့ ကျိုင်ကျန်ကို နန်းတင်ကြပြီးတော့ အုပ်ချုပ်ရေးအာဏာရှိသမျှကို သူတို့က သိမ်းယူလိုက်ကြတယ်။

အဲဒီရှစ်ဦးအဖွဲ့မှာ အရေးပါဆုံးပုဂ္ဂိုလ်တွေကတော့ မင်းသားကြီးနှစ်ပါးနဲ့ စုရှုန်ပါပဲ။ စုရှုန်ဟာ ဒုတိယအတွင်းဝန်ချုပ်နဲ့ အခွန်တော်အဖွဲ့ရဲ့ အမှူးအချုပ်လည်း ဖြစ်တယ်။ မညာမထောက်လုပ်ရည်စွမ်းရည်ရှိပြီး ဟန်အမျိုးကို အများကြီး သစ္စာထားတယ်လို့ဆိုပြီး မန်ကျူသူကောင်းတွေက သူ့ကိုမုန်းတယ်။ ဒါပေမယ့် စုရှုန်ပျက်စီးရတဲ့ အခြေခံအကြောင်းရင်းကတော့ ရန်သူဖြစ်တဲ့ ကုန်ငမ်မင်းသား ယိယျှင်ကို အထင်သေးမိလို့ပါပဲ။ ကုန်ငမ်မင်းသားဆိုတာကတော့ ဒုတိယဘိန်းစစ်အပြီးမှာ လူတကာ မနှစ်မြို့တဲ့ ငြိမ်းချမ်းရေးစာချုပ်တွေကို ဖြစ်မြောက်အောင် ဆောင်ရွက်ရတဲ့ ပုဂ္ဂိုလ်ပါပဲ။ တရုတ်ဘက်ကတော့ အဲဒီ ပေကင်းစာချုပ်ကြောင့် သမိုင်းတစ်လျှောက်မှာ မကြုံဖူးအောင် အရှက်ရပြီး အောက်ကျခဲ့ရတယ်။ နိုင်ငံခြားသားတွေကတော့ အဲဒီမင်းသားကို အကျေနပ်ကြီး ကျေနပ်ကြတယ်ပေါ့။ သူက ပြီးတော့ ကေရာဇ်ရဲ့ ဘထွေးတော်လည်း ဖြစ်ပြန်၊ နိုင်ငံခြားသား အားကိုးလည်း ရှိပြန်ဆိုတော့ စုရှုန်နဲ့ အဖွဲ့ရဲ့ လက်ဝေခံဘဝမှာ ဘယ်နေနိုင်ပါ့မလဲ။ မန်ကျူသူကောင်းတွေနဲ့ စုရှုန်ရဲ့နိုင်ငံရေးရန်သူမှန်သမျှကလည်း သူ့လူဖြစ်လာတယ်ဆိုပါတော့။ ဒီအခါမှာ ရေဟောမှာ နေကြတဲ့ မယ်တော်ကြီးနှစ်ပါးက သူ့ဆီကို တိတ်တဆိတ် ဆင့်ခေါ်စာပို့တယ်။

မယ်တော်ကြီးတစ်ဦးဆိုတာက ပျံလွန်သွားတဲ့ ကေရာဇ်ယိုအင့်ဖုံနိုင်ရဲ့ မိဖုရားကြီး နိဉဟူလူပါပဲ။ သူ့ကို ကေရီမယ်တော်ကြီး ချီဟန်ဘွဲ့ပေးပြီး ဖြစ်ပါတယ်။ အရှေ့မယ်တော်ကြီးလို့လည်း အခေါ်များပါတယ်။ နောက်တစ်ပါးကတော့ ကေရီမယ်တော်ကြီးပေါ့။ ကေရီမယ်တော်ကြီး ချီယှီဘွဲ့ရတဲ့ အနောက်မယ်တော်ကြီးပေါ့။ မူလက နန်းတွင်းကိုယ်လုပ်တော်ဖြစ်တယ်။ ကေရာဇ်မင်းမြတ်နဲ့ သန္ဓေစွဲတဲ့အခါမှာမှ မြောက်သားတော်အဖြစ် တိုးမြှင့်တာကို ခံရတယ်။ သူက မွေးတဲ့သားတော် ကျိုင်ကျန်ဟာ ကေရာဇ်ယိုအင့်ဖုံနိုင်ရဲ့ တစ်ဦးတည်းသား ဖြစ်လေတော့ အဲဒီမင်းသားက အဖအရိုက်အရာဖြစ်တဲ့ ထီးမွေကိုရတဲ့အခါ သူ့အမေဟာလည်း ကေရီမယ်တော်ကြီး ဖြစ်လာပါတယ်။ ဘယ်လိုလှည့်တယ်လို့တော့ အတိအကျမသိဘူး။ ဒါပေမယ့် သူလည်း ကေရီမယ်တော်ကြီးဖြစ်ရော ဝေဖန်ရေးအရာရှိကြီးတစ်ဦးက မယ်တော်ကြီးနှစ်ဦးပေါင်းပြီး ရင်ခွင်ပိုက် တာဝန်ယူသင့်တယ်လို့ စာသွင်းပါတယ်။ ဒီလို

ထုံးတမ်း အစဉ်အလာမရှိဖူးပါဘူး။ ဒီကို ညွှန်းပြီးတော့ စုရှန်နဲ့အပေါင်းပါ ရင်ခွင်ပိုက် အဖွဲ့ဝင်တွေကို ဒီလိုမလုပ်သင့်ဘူးလို့ အပြင်းအထန်ကန့်ကွက်တယ်။ မယ်တော်ကြီး ချီအန်ကတော့ ဒီဂုဏ်ထူးအဆင့်ကို မက်မောစိတ်မရှိလို့ အေးအေးပဲနေတယ်။ ချိယှီကတော့ ဆွေ့ဆွေ့ခုန်အောင် စိတ်ဆိုးတယ်။ ရင်ခွင်ပိုက်ရှစ်ဦးအဖွဲ့ဟာ စိတ်ချယုံကြည်စရာ မဟုတ်ဘူးလို့ ချိယှီက ချီအန်ကို စကားသွင်းပြီးတော့ မင်းသားကုန်င်ကို ရှေ့ရေးတိုင်ပင်ဖို့ မယ်တော်ကြီးနစ်ပါးနေတဲ့ ရေဟောကို လာတွေ့ပါလို့ တိတ်တဆိတ်ဆင့်ခေါ်တယ်။ ရှစ်ဦးအဖွဲ့ကလည်း ရထားတဲ့အာဏာ ခိုင်မြဲအောင် မင်းသားကုန်င်ကို ပေကင်းက ထွက်မသွားနိုင်အောင် မျက်ခြေမပြတ် စောင့်ထားတယ်။ မယ်တော်ကြီးတွေနဲ့ ခွဲထားမှဖြစ်မယ်လို့ ယူဆတယ်။

မယ်တော်ကြီးတွေဟာ စုရှန်ရဲ့သူလျှိုတွေလွတ်အောင် ဘယ်လို မင်းသားကုန်င်နဲ့ အဆက်အသွယ်လုပ်တယ်ဆိုတာကို အမျိုးမျိုး ပြောကြတယ်။ တချို့ကလည်း စားတော်ကဲ တစ်ဦးကို လွှတ်တယ်တဲ့။ တချို့ကတော့ ချိယှီရဲ့လူယုံ သင်းကွပ်အန်တေဟိုင်ကို အပြစ်ပြုပြီး ရိုက်နှက်တယ်။ ပြီးတော့မှ ပေကင်းကရုံးမှာ စစ်ပြီးထိုက်သင့်တဲ့ဒဏ်ခံဖို့ အချုပ်နဲ့လွှတ်လိုက်တယ်။ သူ့ဆီမှာ ဆင့်စာပါသွားတယ်လို့ ပြောကြတယ်။ ဘာပဲပြောပြော မင်းသားကုန်င်လက်ထဲကို ဆင့်စာရောက်သွားတယ်။ ဒီအခါ မင်းသားက ဧကရာဇ်ရဲ့ရှေ့တော်ကို ဝင်ခွင့်တောင်းတယ်။ စုရှန်တို့ကလည်း မင်းသားဟာ သူ့ရာထူးနဲ့ဆိုင်တဲ့ နေရာက ခုလို အရေးကြီးတဲ့အခါ ထွက်ခွာမလာသင့်ဘူးလို့ တားသေးတယ်။ မရဘူး။ ဧကရာဇ်နဲ့တွေ့ပြီး မယ်တော်ကြီးတွေဆီကို သွားခွင့်ရပြန်တော့လည်း မတ်နဲ့မရီး မတွေ့သင့်ဘူးလို့ ရှေးထုံးစံရှိတယ်ဆိုပြီး တားပြန်တယ်။ အဲဒါလည်း မအောင်မြင်ဘူး။

မင်းသားကုန်င်နဲ့ မယ်တော်ကြီးတွေ တွေ့ဆုံခန်းကိုလည်း အမျိုးမျိုး ပြောကြပါရဲ့။ မင်းသားက ဆေးဆရာယောင်ဆောင်ပြီး သွားတယ်လို့ ပြောတဲ့လူတွေလည်း ရှိတယ်။ တချို့ကလည်း မင်းသားက စုရှန်ကို မတ်နဲ့မရီး တွေ့တဲ့အခါ စိတ်မချရင် ခင်ဗျားဘဲ လိုက်စောင့်လို့ခေါ်တော့ စုရှန်ဟာ အလျော့ပေးသွားတယ်လို့လည်း ပြောရဲ့။ နတ်ရွာစံ ဧကရာဇ် သင်္ချိုင်းတော်မှာ မင်းသားသွားပြီး ပူဇော်ပွဲလုပ်တုန်း ချိယှီရဲ့ သင်းကွပ်ကျွန်ယုံက ခေါက်ဆွဲပန်းကန်ထဲမှာ ဆင့်စာယူလာပြီး ပေးတယ်လို့ ပြောကြတာလည်း ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မင်းသားနဲ့မယ်တော်ကြီးတွေ ဆုံစည်းပြီး လုပ်ငန်းအားလုံးတိုင်ပင်ကြတယ်။

မယ်တော်ကြီးတွေ နေပြည်တော်ကို ပြန်လာပြီး မင်းသားကုန်င်ကို ဘွဲ့ထူးသစ် ချီးမြှင့်တာနဲ့အတူတူ ရှစ်ဦးအဖွဲ့ဝင်တွေကို ဖမ်းပါတယ်။ အဲဒီအထဲက မင်းသားနှစ်ပါးကိုတော့ ကိုယ့်ကိုယ်ကို ကိုယ်အဆုံးစီရင်ခွင့် ပြုလိုက်တယ်။ စုရှန်ကို ခေါင်းဖြတ်ပြီး ကွပ်မျက်တယ်။ ကျန်လူတွေကို တချို့ထောင်သွင်း၊ တချို့ ပြည်နှင်လုပ်လိုက်တယ်။ ဧကရာဇ်သစ်ကိုလည်း ကုန်င်ကျီလို့ ဖွဲ့သစ်ပြောင်းစေတယ်။

အဲဒီအခါကစပြီး ချိုယှိဟာ လေးဆယ့်ခုနစ်နှစ်ကြီးစိုးပါတော့တယ်။ ဒီအာဏာသိမ်းပွဲမှာတုန်းက နတ်ရွာစံ ကေရာဇ်အလောင်းတော် နေပြည်တော်ကို ပြန်ယူဖို့သွားတဲ့ စုရှန်ကို ပန်ပိတိအင်အရောက်လိုက်ပြီး ဘိုးတော်က ဖမ်းပေးပါတယ်။ အဲဒါကြောင့်လည်း သူ့မှာ ရာထူးဂုဏ်ထူးတွေ ထပ်ဆင့်ရတာပေါ့။

ကေရာဇ် ကုန်င်ကျိုလက်ထက်မှာ ဆက်လက် မြှောက်စားတာကို ခံရပြီး ကုအန်င်ယုံနန်းတက်တော့ နောက်ထပ်ရတဲ့ ဂုဏ်ထူးကတော့ သူ့မင်းသားဘွဲ့ကို သားစဉ်မြေးဆက် ခံယူနိုင်ခွင့် ဖြစ်တယ်။ ထုံးစံက ဘွဲ့တွေဟာ အမွေဆက်ခံသူလက်ထက်ရောက်ရင် အဆင့်တစ်ဆင့်စီ လျော့သွားရမြဲ ဖြစ်ပေမယ့် သူ့ဘွဲ့က မလျှော့သွားဘူးလို့ ဆိုလိုတယ်။ ကုအန်င်ယုံလက်ထက်မှာ မင်းသားကုန်င်ဟာ အကြိမ်ကြိမ် အငြိုငြင်ခံရပါသေးတယ်။ ဘိုးတော်ကတော့ ထပ်ထပ်ပြီး ချီးမြှင့်ခံရလွန်းလို့ လူတစ်ဦးအနေနဲ့ အကြီးမြင့်ဆုံး အခေါင်အထွတ်ကိုတောင် ရောက်ခဲ့ပြီလို့ ဆိုရမလောက်ပါပဲ။

ကျန်စံအိမ်မှာ ဘိုးတော်ရဲ့လက်ရေးနဲ့ ဆုံးမစာတွေကို သူ့သားတွေမြေးတွေ အခန်းမှာ ချိတ်ဆွဲထားတာကို တွေ့ရဖူးပါတယ်။ ဆုံးမစာတစ်ခုက–

**ဥစ္စာစည်းစိမ်အရင်းခံမှ နောက်ထပ် စည်းစိမ်တိုးမယ်**
**မင်းအချီးအမြှောက်ဟာလည်း အဆင့်ဆင့်ပွားရမယ်**

လို့ဆိုတယ်။ အဲဒါကို သတိထားမိတဲ့အချိန်က ကျွန်တော့်စိတ်ထဲမှာ တို့အဘိုးဟာ လူ့လောကမှာ အကျေနပ် အရောင့်ရဲဆုံးလူ ဖြစ်မှာပဲလို့ ထင်မိတယ်။ အခု ဒီလိုမထင်တော့ဘူး။ ပွဲကြည့်တုန်း သားကို လူရှေ့မှာ ကြိမ်းတာဟာလည်း သူ့မှာ တခြားရည်ရွယ်ချက်ရှိလို့ ဒီစကားမျိုး ထွက်တာပဲလို့တောင် ထင်ချင်သလို ဖြစ်လာတယ်။

အသက်နှစ်ဆယ့်တစ်နှစ်ရှိသေးတဲ့ မင်းသားကျန်ဟာ အတွေ့အကြုံနည်းလို့ လူရည်မလယ်သေးဘူးပဲ ဆိုကြပါစို့။ တုန်င်ကျိုနန်းသက် တစ်ဆယ့်သုံးနှစ်လွန်ပြီးတဲ့အခါမှာ အတော့်ကိုပဲ လိမ္မာ ပါးနပ်နေပြီလို့ ဆိုရမယ်။ သူလည်း မင်းရိုးအဝင်အပါ မင်းသားတစ်ပါးဆိုတော့ ကေရာဇ်တုန်င်ကျိုနဲ့ သူ့မိဖုရား ဘယ်လိုသေဆုံးရတယ်ဆိုတာ အပြင်လူတွေထက် ပိုပြီးသိမှာပေါ့။ အဲဒါကြောင့်လည်း စိတ်ဓာတ်ချောက်ချားနေပုံရတယ်။

အလွမ်းဓာတ်အိမ်ဖွဲ့ချင်သူတွေကတော့ တုန်င်ကျိုဟာ ကာလသားရောဂါနဲ့ သေသတဲ့။ ကျွန်တော်ကြားဖူးတာကတော့ ကျောက်ရောဂါပါ။ ကျွန်တော်တွေ့ဖူးတဲ့ အရာရှိကြီးတစ်ဦးရဲ့ နေ့စဉ်မှတ်တမ်းကလည်း ကျောက်ရောဂါလို့ပဲ ရေးထားတယ်။ ကျောက်ရောဂါဆိုပေမယ့် သေလောက်အောင် မဖြစ်ပါဘူး။ ဆေးကုမမိတဲ့ ရောဂါမျိုးလည်း မဟုတ်ပါဘူး။ ဒါပေမယ့် ရောဂါဝင်ဆဲမှာ စိတ်ထိခိုက်လောက်အောင် တုန်လှုပ်သွားလို့ ရုတ်တရက် ရောဂါတိုးပြီး သေရတယ်လို့ ယူဆနိုင်တယ်။

ဖြစ်ပုံကတော့ ဒီလိုပါ။ နေမကောင်းဖြစ်နေတဲ့ကေရာဇ်ဆီကို သူ့မိဖုရားက လာပြီး မယ်တော်ကြီးချိုယှီဟာ ဘယ်လောက်ပဲ ကြိုးစားကြိုးစား အပြစ်လွတ်တယ်မရှိဘူး။ အမြဲကြိမ်းမောင်းနေပါတယ်လို့ ငိုပြီးတိုင်တယ်။ လင်က မယားကို သည်းခံဖို့ ဖျောင်းဖျပြောဆိုတဲ့စကားထဲမှာ မယ်တော်ကြီးလည်း ခံရတဲ့အလှည့် ကြုံဦးမှာပေါ့လို့ ပါသွားတယ်။ ချွေးမကို မနှစ်သက်တာကြာပြီမို့ ချိုယှီက အထောက်တော်ထားပြီး အသွားအလာ အပြောအဆိုတွေကို မှတ်သားခိုင်းထားတာ ကြာပြီဆိုတော့ မယားက လင်ဆီကိုသွားပြီဆိုတာ သူသိတာနဲ့တစ်ပြိုင်နက် ရောက်လာပြီး အပြင်က ချောင်းနားထောင်နေသတဲ့။ လင်ဖြစ်တဲ့လူက စောစောက ပြောသလိုလည်းပြောရော ဗြုန်းခနဲ ချိုယှီယာ ဒေါသနဲ့ အခန်းထဲဝင်တည့်ပြီး ချွေးမကေရိကို ဆံပင်ဆွဲပြီး ကိုယ်တိုင် မညှာမတာ ရိုက်ရုံသာမက ပြင်းပြင်းထန်ထန် ဆက်ရိုက်ဖို့ အာဏာသားတွေ လက် ခေါ်အပ်လိုက်တယ်။ လန့်ပြီး တုန်င်ကျီဟာ မေ့မြောသွားရှာတယ်။ ဒါနဲ့ရိုက်ပွဲကြီးတော့ ဆက်လက်ပြီး မကျင်းပရတော့ဘူး။ တုန်င်ကျီ နတ်ရွာလည်းစံရော ကေရိကြောင့်သာ ဒီလိုဖြစ်ရတယ်လို့ အပြစ်ပုံချပြီး အစားအသောက်ကို လျှော့ပေးရမယ်လို့ အမိန့်ထားတယ်။ ဆင်းရဲငတ်ပြတ်ပြီး နှစ်လကြာတော့ သေရှာတယ်။

တုန်င်ကျီအသက်ရှင်စဉ်ကလည်း မယ်တော်ချိုယှီနဲ့ အဆင်မပြေဘူးဆိုတာ ဖွင့်မပြောဝံ့ကြပေမယ့် လူတိုင်းသိတယ်။ တုန်င်ကျီဟာ အရှေ့မယ်တော်ကြီးဆီကို ရောက်တဲ့အခါ အချိန်အတော်ကြာနေပြီး စကားလက်ဆုံ ပြောနေလေ့ရှိပေမယ့် အမေအရင်းဖြစ်တဲ့ အနောက်မယ်တော်ကြီးနဲ့တော့ စကားတစ်ခွန်းမှ ပြောတာ မတွေ့ဖူးဘူးလို့ သင်းကွပ်အိုကြီးတစ်ယောက်က ကျွန်တော် နန်းတော်မှာ နေရစဉ် တုန်းက ပြောဖူးပါတယ်။ တုန်င်ကျီအသက်ရှိစဉ်ကလည်း အရှေ့မယ်တော်ကြီး၊ ချီအန်က ပြည်ရေးပြည်ရာမှာ ဘာတစ်ခုမှ ဝင်မစွက်ဘဲ အေးအေးဆေးဆေးနေတယ်။ ချိုယှီကတော့ အကြိတ်ဉာဏ်နဲ့ နောက်လိုက်ငယ်သားစုနေတယ်။ ဘာမဆို လုပ်စရာရှိ အလုပ်ပေါ်ရင် သူ့ကိုတိုင်ပင်မှ ကြိုက်တယ်။ ဒါကြောင့် အမေနဲ့သား အဆင်မပြေတာပါပဲ။ ချိုယှီဟာ တန်ခိုးဩဇာကို သိပ်မက်ပါတယ်။ ရထားတဲ့အာဏာကိုလည်း လက်လွှတ်မခံနိုင်ဘူး။ နန်းရိုးစည်းကမ်းထုံးစံဆိုတာကိုလည်း သူဖြစ်စေချင်တာနဲ့ တိုက်ဆိုင်တာလောက်ပဲ လက်ခံတယ်။ သူလိုချင်တာရဖို့ ဘာမဆို လုပ်ရဲတယ်။ သွေးသားစပ်တဲ့ လူတွေအပေါ်မှာပဲဖြစ်ဖြစ်၊ တစိမ်းပဲဖြစ်ဖြစ် သူသွားမယ့်လမ်းမှာ အဟန့်အတားဖြစ်နေရင် ပယ်ရှားရမယ်ဆိုတဲ့ ဥပဒေပဲရှိတယ်။ သူ့ဩဇာခံရင် ကြီးပွားမယ်။ ကန့်လန့်ဖြစ်လာရင် သေဖို့ပြင်ပေတော့။ ဒါပဲ။ ကေရာဇ်တုန်င်ကျီ နတ်ရွာစံပြီးတဲ့နောက် ချိုယှီရဲ့ ဇာတိသရုပ်ဟာ ပိုပြီး ထင်ရှားလာတယ်ဆိုပါတော့။ ဘိုးတော်က သူ့စိတ်သဘောထားကို အစင်းသိပြီးဆိုတော့ သူ့သားကို ကေရာဇ်မြှောက်ဖို့ ရွေးကောက်တယ်ဆိုရင်ပဲ ခိုကိုးစရာ မရလောက်အောင် တုန်လှုပ်သွားတယ်။ ရွှေနန်းတော်အတိုင်ပင်ခံ အစည်းအဝေးမှာ တက်ရတဲ့ အရာရှိကြီးတစ်ဦးက ဘယ်လို

မှတ်တမ်းတင်ခဲ့သလဲဆိုရင် ချီယှီက ကျိုင်တီအင်ကို ကောရာဇ်သစ် ကုန်င်ယှုအဖြစ် ရွေးတယ်လို့ ဖွင့်ပြောလိုက်တာနဲ့ တစ်ပြိုင်နက် ဘိုးတော်ဟာ–

ကျမ်းကို ခေါင်းနဲ့ဆောင့်ဆောင့်ပြီး ကျူကျူပါအောင် ငိုတယ်။

ငိုရင်း မေ့မြောသွားတယ်။ ဆွဲထူတာတောင် မထနိုင်ဘူး။

ထိုးရိုးနန်းမွေ ဆက်ခံရေးထုံးစံက တုန်င်ကျိုကို ဆက်ခံမယ့်ပုဂ္ဂိုလ်ဟာ သူ့ထက် တစ်ဆက်ငယ်ရမယ်။ (တူ၊ သားထဲက ဖြစ်ရမယ်။) ဒီလိုဆိုရင် ချီယှီဟာ ကောရာဇ်မယ်တော်ကြီး မဖြစ်နိုင်တော့ဘူး။ ရင်ခွင်ပိုက်အုပ်စိုးခွင့်လည်း မရဘူး။ ဒါကို သူဘယ်ကြိုက်နိုင်ပါ့မလဲ။ ဒီတော့ ဝိုင်းကန့်ကွက်တာတွေကို အားလုံးပယ်လိုက်ပြီး သူ့တူတော် ကျိုင်တီအင်ကို သူ့သားအဖြစ် မွေးစားပြီး နန်းတင်တာပဲပေါ့။

အဲဒီအချိန်ကစပြီး ဘိုးတော်ကို ချီယှီက ဘွဲ့ထူးဂုဏ်ထူးတွေ အမျိုးမျိုး ပေးတယ်။ ဘိုးတော်ကလည်း လက်မခံပါရစေနဲ့လို့ ငြင်းရသတဲ့။ ဆန်းကြယ်တဲ့ဘဝ ကြုံရတယ်။ သူ့သားတော်ဟာ ကောရာဇ်ကုအန်င်ယှုအဖြစ်နဲ့ နန်းတက်တော့ သူထမ်းဆောင်နေတဲ့ ရာထူးတွေက အားလုံး နုတ်ထွက်တယ်။ သူတစ်ယောက်တည်း သာမက အရိုးအဆက်ပါ အမွေခံနိုင်တဲ့ မင်းသားရာထူးတစ်ခုကိုတော့ သူ့ဘာသာ နုတ်ပယ်လို့မရပါ။ သူ့မှာ ကောရာဇ်ရဲ့ ပညာသင်ကြားရေးကို ကြီးကြပ်ရဲတဲ့ တာဝန်တစ်ခုပဲ နှစ်အတော်ကြာအောင် လက်ခံဆောင်ရွက်တယ်။ မင်းသားကုန်င်ကို အလိုတော်မကျတဲ့အခါကစပြီး ဘိုးတော်ကို ချီယှီက အရေးပါတဲ့ ရာထူးတွေ ပေး ပါတယ်။ ဒီတော့လည်း ဘိုးတော်ဟာ သိပ်ပြီးသတိထားပြီး ရာထူးကြီးလေ အန္တရာယ်နီးလေဆိုတာကို သူ့ရောအိမ်သူ့အိမ်သားတွေဟာ အမြဲ အမှတ်ရနေအောင် လို့ ရေးကျောက်စာတွေ စာတမ်းတွေ ဖတ်နေခိုင်းပါတယ်။ သူ့သား ကောရာဇ်ဖြစ်ပြီး နောက်တစ်နှစ် ၁၈၇၆ ခုမှာ ကောရာဇ်ခမည်းတော်ကို ဂုဏ်ထူးပေးတဲ့အခါတိုင်း အစဉ်အလာရှိ မရှိစစ်ဆေးပါရန် အသနားခံလွှာ တင်လိုက်တယ်။ သူဂုဏ်သိပ်ကြီးမြင့် ရင် ချီယှီ မနာလိုက ဖြစ်လာမှာ ကြောက်ရတယ်။ ထင်တဲ့အတိုင်းပဲ နောက်နှစ်လမကြာ မီ သူ့ကို ဂုဏ်ထူးတစ်ခု ချီးမြှင့်ဖို့ အကြံပေးတဲ့အရာရှိဟာ ချီယှီအမျက်တော်ရှိ တာနဲ့ နိုင်ငံတာဝန်တွေ ထမ်းဆောင်ရာက သုံးနှစ် ရပ်သိမ်းပစ်တာကို ခံရရှာတယ်။

ကုန်အန်င်ယှုနန်းတက်ပြီး နောက်ပိုင်းမှာ ဘိုးတော်ဟာ သူ့မရီးတော် အကြောင်းကို ပိုသိလာမယ်လို့ မလွဲတမ်းမှန်းဆနိုင်ပါတယ်။ ကုအန်င်ယှုရဲ့ နန်းသက် (၁၈၇၄–၁၉၀၈)တစ်လျှောက်မှာ ချီယှီကို ဆက်ဆံရတာ ပိုခက်လာတယ်။ တစ်ခါက သင်းကွပ်တစ်ယောက်နဲ့ သူ စစ်ဘုရင်ထိုးတယ်။ သင်းကွပ်က မယ်တော် ကြီးရဲ့မြင်းကို ကျွန်တော်မျိုး သတ်ရပါတော့မယ်လို့ ပြောမိတာနဲ့တစ်ပြိုင်နက် ဒေါသဟုန်းဟုန်းထပြီး အဲဒီသင်းကွပ်ကို သေတဲ့အထိ ကြိမ်ဒဏ်ပေးလိုက်တယ်။ သူ့ဆံပင်ကိုလည်း သိပ်မြတ်နိုးတယ်။ သူ့ကို ခေါင်းဖီးပေးတဲ့ သင်းကွပ်တစ်ယောက် ဟာ ဘီးမှာ ဆံပင်တစ်ချောင်း ကျွတ်ပါလာတာကို သူမမြင်အောင်ဖွက်တယ်။

ဒါပေမယ့် သူက မှန်ထဲကနေပြီး မြင်သွားတော့ အဲဒီသင်းကွပ်လည်း ကြိမ်ဒဏ်ခံရရှာတယ်။ သူ့အနှစ်သက်ဆုံးဖြစ်တဲ့ သင်းကွပ်လီလျင်ယင်ကလွဲလို့ ကျန်သင်းကွပ်အားလုံးဟာ သူ့ဆီမှာ အမှုထမ်းရမှာကို သိပ်ကြောက်ကြတယ်လို့ ဆိုပါတယ်။ ချီယှီဟာ အသက်ကြီးလာတော့ မျက်နှာမှာ အကျောဆွဲလို့ တဆတ်ဆတ် လှုပ်တယ်။ အဲဒါကို သူများကစိုက်ကြည့်ရင် သိပ်စိတ်ဆိုးတတ်တယ်။ သင်းကွပ်တစ်ယောက်က အဲဒါကို ကြည့်တာ အချိန်နည်းနည်းကြာသွားလို့ ဘာကြည့်တာလည်း အမေးခံရတယ်။ မဖြေရဲဘူးပေါ့။ မဖြေရကောင်းလားဆိုပြီး ကြိမ်ဒဏ်ပြင်းပြင်းပေးတယ်။ ဒီတော့ ကြောက်ပြီး မော်လို့တောင်မကြည့်ဝံ့တဲ့ နောက်တစ်ယောက်ကိုလည်း ခေါင်းငုံ့နေလွန်းလို့ဆိုပြီး အပြစ်ပေးပြန်တယ်။ သင်းကွပ်တွေသာ ခံရတာမဟုတ်ဘူး။ နန်းတွင်းအပျိုတော်တွေလည်း မကြာခဏ ကြိမ်ဒဏ်ထိတယ်။

သင်းကွပ်ကို ရိုက်သတ်တာဟာ ပေကင်းစံအိမ်တော်တွေမှာ ဆန်းလှတာမဟုတ်ပါဘူး။ ဒါလောက်နဲ့ ဘိုးတော်ဟာ ခုလို ကြောက်ဒူးတုန်နေမယ် မဟုတ်ဘူးပေါ့။ သူကြောက်တာက **၁၈၈၁** မှာ အရှေ့မယ်တော်ကြီး ချီအန်ဟာ ဘာရောဂါကြောင့်မှန်းမသိဘဲ ရုတ်တရက် နတ်ရွာစံတာမျိုးကို ကြောက်တာပါပဲ။ ဒါကတော့ ဖြစ်ရိုးဖြစ်စဉ်ထက် ဆန်းသွားပြီပေါ့။ ဖြစ်ပျက်ပုံ အကြောင်းစကားက ဒီလိုပါ။ ဧကရာဇ် ယှိအင်ဖုန့်ငပ်ပုံ သူ နတ်ရွာစံပြီးတဲ့အခါ ဒုတိယနန်းမတော်ယိ (နောင်ချီယှီဖြစ်မယ့် သူ့မယား)ဟာ ဧကရာဇ်သစ်ရဲ့ အမေဖြစ်လို့ ဧကရီမယ်တော်ကြီးဖြစ်လာတော့မယ်။ ဒီအခါ ရတဲ့တန်ခိုးသတ္တိတွေကို အလွဲသုံးစားလုပ်မှာ အမှန်ပဲလို့ မှန်းဆပြီး သိထားတယ်။ ဒီလိုဆိုရင် အရှေ့ဘက်မယ်တော်ကြီးဖြစ်တဲ့ နန်းမတော်ကြီးဟာ အနောက်မယ်တော်ကြီးကို ဘယ်နည်းနဲ့မှ နိုင်အောင် ပြိုင်ဆိုင် ခုခံနိုင်စွမ်းရှိမှာ မဟုတ်ဘူးလို့လည်း သိထားတယ်။ ဒါကြောင့် လိုအပ်ရင် အရှေ့မယ်တော်ကြီးက အနောက်မယ်တော်ကြီးကို တားမြစ်ဆုံးမနိုင်ခွင့်ရှိစေလို့ ဟသ်ပြဒါးနဲ့ အထူးအမိန့်တော်တစ်ရပ် ရေးပြီး နန်းမတော်ကြီးလက်ထဲမှာ အပ်ခဲ့တယ်။ အဲဒါကို အတဲ့ အရှေ့မယ်တော်ကြီးက တစ်နေ့ ဖွင့်ပြောမိတယ်။ ပြောလိုက်တဲ့နေ့ကစပြီး အခါအခွင့်သင့်တိုင်း စကားနာပြောပြောနေလို့ ချီယှီကို အထင်အရှားပြပြီး အမိန့်တော်ကို မီးရှို့ပစ်ရတဲ့ ဘဝရောက်တယ်။

အဲဒီနောက် သိပ်မကြာဘူး။ နန်းတော်ထဲမှာပဲ အရှေ့မယ်တော်ကြီးဟာ ရုတ်တရက် နတ်ရွာစံရှာတယ်။ တချို့က ချီယှီပို့တဲ့ မုန့်စားလို့ သေတယ်။ ဆန်ပြုတ်သောက်လို့ သေတယ်နဲ့ အမျိုးမျိုးပြောကြတယ်။ သူ့လက်ချက်ဆိုတာတော့ သံသယဖြစ်စရာတောင် လိုမယ်မဟုတ်ပါဘူး။ မင်းသားကျန် ကြောက်မယ်ဆိုလည်း ကြောက်စရာ။ ချီယှီကျေနပ်ဖို့ တစ်ခုပဲ ငါ့ကိစ္စလို့ အဲဒီမှာ တစ်ခါတည်း ဘိုးတော်ဆုံးဖြတ်လိုက်တယ် ထင်ပါတယ်။

ဘိုးတော်ကို ရေတပ်တစ်တပ်ဖွဲ့စေလို့ ခိုင်းတဲ့အခါမှာ ဘိုးတော်ဟာ ရေတပ်သစ်မှာ သုံးရမယ့် ငွေအမြောက်အမြားကို အလွဲသုံးစားလုပ်ပြီး ဧကရီမယ်တော်ကြီး ပျော်ပါးဖို့ ဂိမ္ဘန်နန်းကို အဆန်းတကြယ် ဆောက်လုပ်ပါတယ်။ အဲဒီနန်းဆောင်ထဲမှာ ပေကင်းဝန်းကျင်ကို ရေဘေး အကြီးအကျယ်ကျရောက်တယ်။ အခု ဟောပေ့နယ်မှာလည်း ရေလွှမ်းမိုးတယ်။ ဒီတော့ ရေဘေးဒုက္ခသည်တွေကို ငဲ့ပြီး ဒီနန်းဆောက်နေတာ ခေတ္တရပ်ပါလို့ အကြံပေးတဲ့ ဝေဖန်ရေးအရာရှိကို ရာထူးကချပြီး ဆုံးမဖို့တန်းမှာ အပ်လိုက်တယ်။ မင်းသားကျန်က ဘာမှမပြော၊ ဆောက်လက်စကို အပြီးသတ်အောင်ပဲ အင်စိုက်အားစိုက်လုပ်တယ်။ ဆောက်လို့ပြီးတဲ့ **၁၈၉၀** မှာပဲ ဘိုးတော်လွန်တယ်။ လေးနှစ်ကြာတော့ သူတည်ထောင်တယ်လို့ အမည်ခံတဲ့ ရေတပ်မတော်ဟာ ဂျပန်စစ်မှာ မရှုမလှ အရေးရှုံးနိမ့်တယ်။ ငွေတော် ကုဋေကုဋာ ဖြုန်းပြီး ဆောက်တဲ့ ကျောက်သားသင်္ဘောဆိုလို့ မနစ်မြုပ်ဘဲ ကျန်ပါတော့တယ်။

## အမေ့ဘက်က ဘိုးတော်ရန်င်လူ

အဖေ့ဘက်က ဘိုးတော်မင်းသားကျန်မှာ ကြင်ယာတော်လေးပါး ရှိတယ်။ သားတော်ခုနစ်၊ သမီးတော်သုံး ထွန်းကားတယ်။ သားတော်သုံးနဲ့ သမီးတော်တစ်ပဲ သူလွန်တဲ့အခါ အသက်ထင်ရှားရှိတယ်။ အဲဒီအထဲမှာ ကျွန်တော့်ခမည်းတော်က အကြီးဆုံးဖြစ်နေတော့ သူ့မင်းသားဘွဲ့ကို အသက်ရှစ်နှစ်မှာပဲ ဆက်ခံရပါတယ်။ ဒီအချိန်ကစပြီး ကျွန်တော်တို့မှာ စည်းစိမ်ဥစ္စာ အချီးအမြှင့်တွေ ခံရပါတယ်။ တစ်ဖက်မှာ တရုတ်အမျိုးသားတွေ ဆင်းရဲဒုက္ခနဲ့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတာတွေကိုလည်း ကျွန်တော်တို့ရတဲ့ စီးပွားဟာလည်း ချီယှီနဲ့ မကင်းပါဘူး။

အဖြစ်အပျက်ကြီးတစ်ရပ်ကတော့ **၁၈၉၈** ခု၊ အာဏာသိမ်းပွဲနဲ့ **၁၉၀၀** ပြည့် **ယီဟောတွအန်**[၁]အရေးတော်ပုံက ပေါ်ပေါက်ခဲ့တယ်လို့ 'ပြောနိုင်တဲ့ ကျွန်တော့်ခမည်းတော်နဲ့ မယ်တော်ကို လက်ထပ်ပေးစားဖို့ ချီယှီက စီစဉ်ပေးတဲ့ အဖြစ်အပျက်ပါပဲ။ ပထမအနေနဲ့ကတော့ ချီယှီဟာ သူ့အပေါ်မှာ သစ္စာအစောင့်ဆုံး ကျွန်ယုံရန်င်လူကို ၁၈၉၈ အရေးတော်မှာ စွန့်စွန့်စားစား အမှုထမ်းတဲ့အတွက် ဂုဏ်ပြုလိုတယ်။ အဲဒီနှစ်က ချီယှီရဲ့ဩဇာ ကျဆင်းအောင် ဘုရင်စနစ်ကို ခေတ်မီအောင်လို့ ပြုပြင်

---

၁။ ယီဟောတွအန် (လမ်းညွှန်သင့်တင့် ညီညွတ်တပ်) ကိုအနောက်တိုင်းသားတွေက ''လက်သီးသူပုန်'လို့ ခေါ်တယ်။

ရေးကို စီစဉ်တဲ့လူတွေ နှိမ်နင်းတဲ့နေရာမှာ ရန်င်လူက အင်မတန် အရာရောက်ခဲ့တယ်။

ရန်နိုင်လူဟာ ကျွန်တော့်မယ်တော်ရဲ့ ခမည်းတော်ပေါ့။ အရင်းအမြစ်ကတော့ မန်ကျူအလဲတော်ကိုင် အမှုထမ်းတစ်ယောက်ပါ။ နိုင်ငံရေးကစားတတ်လို့ ရာထူးတိုးတိုးလာရာက နောက်ဆုံး ချီယှီရဲ့လက်စွဲဖြစ်လာတယ်။ ချီယှီအကျေနပ်ဆုံးဖြစ်တဲ့ သင်းကွပ် လီလျင်ယင်နဲ့လည်း သိပ်ခင်တယ်။ သူ့မယားကလည်း ချီယှီနဲ့ သိပ်အလွမ်းသင့်အောင်နေတတ်တဲ့အတွက် နန်းတွင်းကို မကြာခဏ အခစားဝင်ရတယ်။ ဒီတော့ ချီယှီရဲ့အလိုတော်ကို ရန်နိုင်လူဟာ အမြဲသိနေနိုင်တယ်ပေါ့။ ကူအန်နိုင်ယှုနဲ့ ချီယှီအဆင်မပြေတာကို အတတ်သိတော့ အဲဒီကိစ္စကိုမှီပြီး သူတို့ ဘယ်လို အမြတ်ထုတ်ရမယ်ဆိုတာလည်း သူ့က တွက်ပြီးသား ဖြစ်နေတယ်။

နိုင်ငံရေးအပြုအပြင်တွေလုပ်ဖို့ ကေရာဇ် ကူအန်နိုင်ယှုက **၁၈၉၈** ခုမှာ အမိန့်တော်တွေ အဆက်မပြတ် ထုတ်တဲ့အခါ အလုပ်ပြုတ်တဲ့ အရာရှိတွေ၊ အလုပ်ပြုတ်ဖို့ အလားအလာရှိတဲ့ အရာရှိတွေ အားကိုးရာမဲ့ တုန်တုန်ချည့်ချည့် ဖြစ်နေတဲ့အခါ ရန်နိုင်လူက ချီယှီအပါးမှာ ကပ်ပြီး အကြံပေးအတိုင်ပင်ခံလုပ်နေတယ်။ မယ်တော်ကြီးပါတီဆိုတဲ့ အုပ်စုမှာ ရန်နိုင်လူက ခေါင်းဆောင်ပါပဲ။ တကယ်တော့ အဲဒီအစုက အာဏာတကယ်မရှိဘူး။ ကေရာဇ်ရဲ့ငယ်ဆရာ ဝင်တုန်င်ဟော ခေါင်းဆောင်တယ်။ ကေရာဇ်ဆီကို သူ့ဆရာက အတားအဆီးမရှိ ဝင်ထွက်နိုင်တဲ့အရှိန်နဲ့ သူတို့အုပ်စုက ပြုပြင်ရေးကို လုပ်ရဲတာပဲဖြစ်တယ်။ တစ်ဖက်က ချီယှီမှာ တန်ပြန် ဘာတွေ လုပ်ရမယ်ဆိုတာ ကြိုတင် စဉ်းစားပြီးသား ဖြစ်ပါတယ်။ ကူအန်နိုင်ယှုက ဝင်တုန်င်ဟောကို အငြိမ်းစားပေးလိုက်ဖို့ ချီယှီက အတင်းခိုင်းတယ်။ ခိုင်းတဲ့အတိုင်းဖြစ်လို့ ရက်ပိုင်းအတွင်းမှာလည်း ရန်နိုင်လူဟာ နေပြည်တော်နယ်ဖြစ်တဲ့ ကျီလီရဲ့ ဘုရင်ခံနဲ့ အတွင်းဝန်ချုပ်ဖြစ်လာတယ်။ ဒီရာထူးအရ ရန်နိုင်လူဟာ မြို့တော်ဝန်းကျင်က တပ်မတော်ကိုလည်း အုပ်ချုပ်ခွင့်ရတယ်။

ကေရာဇ် ကူအန်နိုင်ယှုကို အာဏာမဲ့ဖြစ်အောင်လုပ်ပြီး တစ်တိုင်းပြည်လုံးကို ချီယှီလက်ထဲ ပုံအပ်လိုက်မယ်ဆိုတာက ရန်နိုင်လူရဲ့ဆန္ဒပါပဲ။ ဒီဆန္ဒကို နောက်ဆုံးပြီးမြောက်အောင် ဆောင်ရွက်နိုင်ခွင့်ကာ ပြုပြင်ရေးတွေလုပ်တဲ့ **၁၈၉၈** ခုမှာ ပေါ်ခဲ့တယ်။ တီအင်ကျင်မှာရှိတဲ့ ပေ့ယန်နိုင်(မြောက်ပိုင်း) စစ်တပ်သစ်ကို ချီယှီနဲ့ ကူအန်နိုင်ယှုတို့ စစ်ဆေးဖို့လာကြတဲ့အခါ အာဏာသိမ်းပွဲလုပ်မယ်လို့ ရန်နိုင်လူက ကြိုပြီးစီစဉ်ထားတယ်တဲ့။ အဲဒါကို ကူအန်နိုင်ယှုကသတင်းရတော့ ပြုပြင်ရေးဆရာတွေကို ဘာလုပ်ရမလဲလို့ တိတ်တဆိတ် မေးထားတယ်။

ခေတ်အမီဆုံးဖြစ်အောင် ဖွဲ့စည်းထားတဲ့ တပ်မတော်သစ်ကို တီအင်ကျင်မှာ လာပြီး စစ်ဆေးကြတဲ့အခါ ရန်နိုင်လူကိုသတ်၊ ချီယှီကိုဖမ်း၊ အဲဒီလို ဦးခင်အောင်လုပ်ရမယ်လို့ တပ်မတော်သစ်ရဲ့ ဗိုလ်ချုပ် ယွန်ရှီကိုင်ကို လူယုံအနေနဲ့ ပြုပြင်ရေးဆရာတွေနဲ့ ကေရာဇ်က တာဝန်ပေးထားကြတယ်။ အဲဒါ သိပ်မှားတာပေါ့။ ယွန်ရှီ

ကိုင်က ရှန်င်လူရဲ့ လက်အောက်ခံတပည့် ဖြစ်တယ်။ ဒီတော့ ခိုင်းတဲ့အတိုင်းလုပ်မယ်လို့ အာမခံပြီးမှ ရှန်င်လူကို သွားပြီး သတင်းပေးပြန်တယ်။ ဒီသတင်းကိုရရချင်း ရှန်င်လူဟာ တီအင်ကျင်က မီးရထားနဲ့ အမြန်ဆုံး ပြန်လာပြီး ဂိမ္ဘန်နန်းမှာနေတဲ့ ချီယှီကို သွားပြောတယ်။ အဲဒီတော့ ကေရာဇ်အဖမ်းခံရတယ်။ တန်ဇီတုန်င်နဲ့ ပြုပြင်ရေးဆရာငါးဦး ကွပ်မျက်ခံရတယ်။ သူတို့ခေါင်းဆောင် ကန်င်ယိုဝေက ဂျပန်ကိုပြေးတယ်။ ရက်တစ်ရာပြုပြင်ရေးဟာ ဒီနည်းနဲ့ တိုတိုပဲ ဇာတ်သိမ်းတယ်။ ပြုပြင်ရေးဆရာတစ်ဦးဖြစ်တဲ့ လွန်ကျိကျင်က ကျွန်တော့်အမေ့ဘက်က ဘိုးတော် ရှန်င်လူဟာ လူတစ်ယောက်ထဲမှာ ပြည်နယ်အုပ်ချုပ်ရေးရော စစ်တပ်အာဏာပါ ပူးပေါင်းရရှိထားတဲ့လူဆိုတော့ တရားရုံးတော်ဆိုတာထက်တောင် တန်ခိုးကြီးသေးတယ်လို့ မှတ်တမ်းတင်ခဲ့ပါတယ်။ **ကျိန်မင်းဆက်သမိုင်းမှုကြမ်းမှာတော့-**

**ကေရီမယ်တော်ကြီး အထူးယုံမှတ်အားကိုးတဲ့လူ ဖြစ်လေတော့ သူနဲ့တူလူတွင်မရှိဆိုတဲ့ဘဝပါပဲ။ အမှုကိစ္စကြီးကြီးငယ်ငယ် ဘာမဆို သူ့အမိန့်ပါမှ အဆုံးအဖြတ် ပြုကြရတယ်လို့ နောက်တစ်မျိုး ရေးထားတာ တွေ့ရပါတယ်။**

ချီယှီက ပထမ ယိဟောတွအန်ကို မြှောက်ပေးပြီး နိုင်ငံခြားသားတွေကို သတ်ဖြတ်ခိုင်းတယ်။ နောက် နိုင်ငံခြားသားအားနဲ့ ယိဟောတွအန်ကို နှိမ်နင်းသုတ်သင်တယ်ဆိုတဲ့ **၁၉၀၀** ပြည့်နှစ် ဘေးဆိုးကြီးအခါက ရှန်င်လူဟာ အရှင်သခင်မအားရအောင် အစွမ်းကုန်ကြိတဲ့အခါပါပဲ။ ချီယှီဟာ ၁၈၉၈ ခု အာဏာသိမ်းပွဲပြီးကတည်းက ကုအန်င်ယှူကို ဖျောက်ဖျက်ဖို့ ဆုံးဖြတ်ပြီးဖြစ်ပါတယ်။ မမာဘူးလို့ သတင်းဖြန့်ပြီး သတ်ပစ်ဖို့လုပ်တာ မအောင်မြင်ဘူး။ ဒီတော့ လက်ရှိကေရာဇ်ကို နောက်တစ်ခါသတ်ဖို့မကြံခင် အရင်ကေရာဇ် တုန်င်ကျီရဲ့ အမွေခံဆိုပြီး ကလေးတစ်ယောက် ရှာထားဖို့ ဆုံးဖြတ်တယ်။ ချီယှီဟာ ၁၈၉၈ ခုပွဲမှာ သူအောင်မြင်တာကို နိုင်ငံခြားသံတွေက ထောက်ခံ ဝမ်းမြောက်တယ်လို့ နန်းတွင်းမှာလာပြီး ပြောစေလိုတဲ့ သဘောကိုပြတယ်။ သံတွေက မလုပ်ဘူး။ သူတို့က ချီယှီရဲ့အကျင့်ဂုဏ်သိက္ခာကို ရွံလို့မုန်းလို့ မလုပ်တာမဟုတ်ပါဘူး။ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်၊ ဂျပန်စတဲ့ နိုင်ငံတွေအနေနဲ့ ရှုရှားဘက်တော်သားလုပ်မယ့် မယ်တော်ကြီးပါတီ အားကောင်းလာတာကို မလိုလားလို့ပါပဲ။ အရင်အခါမျိုးတွေကတော့ ချီယှီဟာ နိုင်ငံခြားတွေကို မစော်ကားရဲဘူး။ တရုတ်အမျိုးသားတွေကိုသတ်၊ တိုင်းပြည်နိုင်ငံရဲ့ စီးပွားချမ်းသာကို ညစ်ယူတာတွေအားလုံးကို ချီယှီဟာ သူနဲ့မဆိုင်ဆိုပြီး မသိချင်ယောင်ဆောင်နေနိုင်အားတယ်။ အခုအခြေအနေက တစ်မျိုးဖြစ်သွားပြီး နိုင်ငံခြားသားတွေက ပြုပြင်ရေးခေါင်းဆောင် ကန်င်ယူဝေကို ကာကွယ် စောင့်ရှောက်တယ်။ ချီယှီရဲ့ ကေရာဇ်တစ်ပါးကိုဖယ်ပြီး နောက်တစ်ယောက်တင်ဖို့လမ်းစဉ်ကို ဟန့်တားသလို ဖြစ်လာတယ်။ ဒီလို သူ့ကိစ္စမှာ တိုက်ရိုက် ကန့်လန့်ဝင်လာတာကိုတော့ ချီယှီ သည်းခံမှာ မဟုတ်ဘူးပေါ့။ ရှန်င်လူကတော့ နိုင်ငံခြားသားကို တိုက်ရိုက်ရန်မလုပ်ဘဲ ခေါင်းအေးအေး

ထားပြီး နည်းရာဖို့နဲ့ ကလေးတစ်ယောက် အမွေခံမွေးတဲ့အခါမှာလည်း ဘာကို ရည်ရွယ်တယ်လို့ မထင်ရှားစေသင့်ဘူးလို့ အကြံပေးတယ်။ အဲဒီအကြံအတိုင်း အမွေခံကို တစ်အာဏာဘွဲ့ပဲ ပေးတယ်။ ဒါပေမယ့် ကလေးအဖေက သူ့သားကို ကေရာဇ် အမြန်ဖြစ်စေလိုတော့ တခြားမင်းသားတွေ အရာရှိကြီးတွေနဲ့ပေါင်းပြီး ချီယှီကို အကြံသစ်ပေးကြတယ်။ ဘယ်လိုအကြံလည်းဆိုတော့ နိုင်ငံခြားသား မုန်းတီးရေးသန်တဲ့ ယိဟောတွအန်ကို နိုင်ငံခြားသားတွေသတ်ဖို့ မြှောက်ပေးရင် တစ်ချက်ခုတ်နှစ်ချက်ပြတ် ဖြစ်မယ်ဆိုတဲ့အကြံပါပဲ။

ယိဟောတွအန်ဆိုတာလည်း ကျိန်အစိုးရရဲ့ အကြီးဆုံး ရန်စူးရန်ညှော်ပါပဲ။ အမျိုးခြားသာသနာ ကျောင်းတော်တွေက ပြည်သူလူထုကို ဖိစီး နှိပ်စက်လာတဲ့ အခါ အစိုးရက အားကိုးရာမရတဲ့အပြင် နိုင်ငံခြားသားနဲ့ပေါင်းပြီးတောင် ပြည်သူကို နှိပ်ကွပ်လာသေးတယ်။ ဒါကြောင့် လက်နက်ကိုင် ဆူပူမှုတွေ နေရာအနှံ့ ပေါ်လာပြီး ယိဟောတွအန်ကို ဖွဲ့ကြတယ်။ နိုင်ငံခြားသားကို သုတ်သင်လို့ ကြွေးကြော်ကြတယ်။ အစိုးရက နှိမ်နင်းဖို့လွှတ်တဲ့တပ်ကိုတောင် နိုင်နိုင်တဲ့ အင်အားရှိလာတယ်။ ချီယှီရဲ့ ပြဿနာက ဒီလို အားကောင်းတဲ့ လက်နက်ကိုင်သူပုန်ကို အပြီးတိုင်ချေမှုန်းဖို့ အားထုတ်ရင်ထုတ်၊ ဒါမှမဟုတ်ရင် စေ့စပ်ရေးလုပ်ဖို့ပဲရှိတယ်။ ဒီလို အကျဉ်းအကြပ် ဖြစ်နေချိန်မှာ အမွေခံထားတဲ့ကိစ္စ ပေါ်လာတော့ အမွေခံဖြစ်တဲ့ ကလေးရဲ့အဖေနဲ့ အပေါင်းပါတွေက အခိုက်အတံ့သဘောထားပြီး သူပုန်နဲ့ စေ့စပ်ဖို့၊ သူပုန်ကိုပဲ နိုင်ငံခြားသားသုတ်သင်ရေးမှာ ထိရောက်အောင် အသုံးချဖို့ အကြံပေးပါတယ်။ ဒီလိုလုပ်ရင် အလွန်ဆိုးဝါးတဲ့ဘေးဒုက္ခတွေ နောက်ဆက်တွဲဆက်ပြီး ကျရောက်နိုင်တယ်လို့ မှန်းမိတဲ့အစုကတော့ သူပုန်ကိုပဲ အမြစ်ပြတ်အောင်နှိမ်ဖို့ အကြံပေးတယ်။

ဒီလို ဝါဒနှစ်မျိုးပြိုင်နေတုန်း အသေအချာ ဟုတ်မဟုတ် ကွဲပြားအောင် မသိရပေမယ့် ချီယှီအဖို့အရေးကြီးတဲ့ သတင်းတစ်ခု ပေါ်လာတယ်။ နိုင်ငံခြားသား တွေ နေရာအနှံ့ ရက်စက်ကြမ်းတမ်းနေတာဟာ ကေရာဇ်လက်ထဲကို မယ်တော်ကြီး က အုပ်ချုပ်ရေးအာဏာ ပြန်အပ်ဖို့ ရည်ရွယ်ရင်း ရှိတယ်ဆိုတဲ့ သတင်းပါပဲ။ ဒါလည်းကြားရော မယ်တော်ကြီးဟာ ထိန်းချုပ်မရနိုင်လောက်အောင် ဒေါသဖြစ်ပြီး အရင်ကလို သတိထားဖို့ ဆင်ဆင်ခြင်ခြင်လုပ်ဖို့ စိတ်မရှည်တော့ဘူး။ ယိဟောတွအန်နဲ့ ပေါင်းပြီး ပေကင်းက နိုင်ငံခြားသံရုံးတွေကို တိုက်ရမယ်လို့ အမိန့်ထုတ်လိုက်တယ်။ ယိဟောတွအန်တွေကို ရွှေတိုက်က ငွေထုတ်ပေးတယ်။ နိုင်ငံခြားသားရဲ့ ခေါင်းတစ် ခေါင်းရရင် ဆုငွေမည်မျှလို့ ကြေညာတယ်။ ဒီလို ဆုံးဖြတ်လိုက်တာကို ယိဟောတွအန် တွေ ယုံလောက်အောင်လို့ ယိဟောတွအန်ကို အပြီးတိုင် နှိမ်နင်းဖို့ အကြံပေးတဲ့ ခေါင်းဆောင်တွေကို ခေါင်းဖြတ်သတ်လိုက်တယ်။

သံရုံးတိုက်ပွဲလည်း မအောင်မြင်၊ တကုလမ်းမြှောင် ကာကွယ်ရေးလည်း ကြိုးပေါက်၊ တီအင်ကျင်မြို့လည်းကျ၊ နိုင်ငံခြား တပ်ပေါင်းစုလည်း ပေကင်းနား

ကပ်လာ၊ ဒီတော့ ချီယှီက နည်းပရိယာယ်တစ်မျိုး သုံးပြန်တယ်။ တစ်ဖက်က တိုက်ပွဲဖြစ်နေဆဲမှာပဲ နိုင်ငံခြားသားတွေဆီကို တိတ်တဆိတ် စေတမန်တွေလွှတ်ပြီး စကားကမ်းလှမ်းတယ်။ ပေကင်းကျတော့ သူဟာ ဆီအန်ကို ပြေးရတယ်။ နိုင်ငံခြားသားတွေကို တိုက်ဖို့ လှုံ့ဆော်တဲ့အထဲမှာ သူမပါဘူးလို့ပြတဲ့သဘောနဲ့ ယိဟော တွအန် စေ့စပ်ရေးလိုလားတဲ့ ခေါင်းဆောင်အချို့ကို ခေါင်းဖြတ်ပစ်ပြန်တယ်။

ဒီလို ပလောင်းပလဲအခါမှာ ရှန်င်လူဟာ လွတ်အောင်ရှောင်နေတတ်တယ်။ ချီယှီလိုချင်သလို လိုက်လုပ်မယ်။ ပြီးတော့ ချီယှီအတွက် ထွက်ပေါက်လည်း ရှာထားပေးတယ်။ နိုင်ငံခြားတပ်တွေကို တိုက်ဖို့ ချီယှီရဲ့အမိန့်အတိုင်း ဆောင်ရွက်ရာမှာတောင် တပ်တွေကို အမြောက်ဆံထုတ်မပေးဘူး။ ပြီးတော့ သူမပါဘူးဆိုတဲ့ သဘောနဲ့ တိတ်တိတ် သံရုံးတွေကို သစ်သီးဝလံ စားသောက်စရာ ပို့သေးတယ်။ နိုင်ငံခြားတပ်ရှစ်တပ်ပေါင်း ပေကင်းကိုဝင်လို့ ချီယှီထွက်ပြေးရတဲ့အခါမှာ ငြိမ်းချမ်းရေး စေ့စပ်ရင် ချီယှီရဲ့တာဝန် မဟုတ်ဘူးဆိုတာရယ်၊ ကေရာဇ်လက်ထဲကို အုပ်ချုပ်ရေး အာဏာ ပြန်မအပ်ဘူးဆိုတာရယ် ဒီနှစ်ခုကို နိုင်ငံခြားသားတွေကြိုက်ရင် သူတို့ ဘာတောင်းတောင်းပေးမယ်ဆိုတဲ့ စကားကိုပြောဖို့ ရှန်င်လူကပဲ အကြံဉာဏ်ပေးတယ်။ ဒါနဲ့ပဲ **၁၉၀၁** ခုစာချုပ်ကို လက်မှတ်ထိုးကြတဲ့အခါ တရုတ်က စစ်လျော်ကြေး (အတိုးပါ)ငွေ တစ်ကုဋေ ပေးပါမယ်ဆိုတာရယ်၊ နိုင်ငံခြားစစ်တပ်တွေ မြို့တော်မှာ စခန်းချထားတာကို ခွင့်ပြုပါတယ်ဆိုတာရယ် ပါလာတယ်။ ရှန်င်လူမှာလည်း ဘွဲ့ထူးဂုဏ်ထူးတွေ ထပ်တိုးလာတယ်။ ဒီလို ချီးမြှင့်ခံတဲ့အထဲမှာ သူ့သမီးနဲ့ ဒုတိယကျန်မင်းသား (ကျွန်တော်အဖေ အမေများပေါ့)ကို လက်ထပ်ဖို့ ချီယှီက တစ်ပါးတည်း စီစဉ်လိုက်တယ်။

လူကြီးတွေပြောပြလို့ မှတ်ရဖူးတာကတော့ ဒီလိုလက်ထပ်တာမှာ တစ်ဖက်ကို မြှောက်စားချင်တာလည်း ဟုတ်တယ်။ ဒီကတစ်ဖက်ကို မသင်္ကာလို့ အထိန်း အကွပ်လုပ်ချင်တာလည်း ပါတယ်တဲ့။ မင်းသားကျန်မိသားစုကို ၁၈၉၈ ခု အာဏာ သိမ်းပွဲကစပြီး တယ်မသင်္ကာဘူး။ ပထမကျန်မင်းသားရဲ့ သချိုင်းပေါ်မှာ ယပ်တောင်ပင် တစ်ပင်မြင့်မြင့် ပေါက်လာတာကို နိမိတ်ယူပြီး ဒီမိသားစုက ကေရာဇ် နောက်ထပ် ပေါ်လိမ့်ဦးမယ်လို့ ကျီယှီကို ပြောတဲ့လူကပြောတော့ သစ်ပင်ကို ချက်ချင်း လှဲခိုင်းတယ်။ တကယ်ကတော့ ကူအန်င်ယှုနဲ့ ညီတွေကို နိုင်ငံခြားသားတွေက ကျေနပ် တယ်လို့ထင်တာကြောင့် အခုလို ယုံရတဲ့အမျိုးနဲ့ လက်ထပ်ပေးတာဖြစ်တယ်။ နိုင်ငံခြားသားတွေဟာ ၁၉၀၀ပြည့် အရေးတော်မပေါ်မီကတည်းက သူ့ကို မလေးမစား လုပ်ကြတယ်လို့ ချီယှီထင်နေတယ်။ ကုအန်င်ယှုကိုလည်း နည်းနည်းပိုပြီး လိုလားတယ်လို့ သိနေတယ်။ နောက် ၁၉၀၀ပြည့်အရေးတော်ပြီးတော့ မဟာမိတ်တပ်ပေါင်းစု ဗိုလ်ချုပ်က ၁၉၀၀ပြည့် အရေးတော်အတွင်းမှာ ဂျာမန်သံအရာရှိ သေဆုံးရတဲ့အတွက် ဂျာမနီကို ကေရာဇ်နဲ့ညီက သွားပြီး ကျေအေးဖို့ တောင်းပန်လိုက်တယ်ပြောလို့

သွားရတဲ့အခါမှာ ဟိုက သိပ်ပြီး ခမ်းနားကြီးကျယ်အောင် ခင်းကျင်းညှော်ခံလိုက်တယ်။ အဲဒါကို ကေရီမယ်တော်ကြီးက မကြိုက်နိုင်တဲ့အပြင် ပိုပြီး မသင်္ကာဖြစ်လာပြန်တယ်။ ဒီအန္တရာယ်ကို အဖြေရှာတဲ့အခါမှာ ဂျာမနီကို သွားရတဲ့မင်းသားနဲ့ သူ့လက်စွဲတော်ကြီးသမီးကို ပေးစားမယ်လို့ အဖြေထွက်သွားပါတယ်။ ချီယှိဟာ သူ့အတွက် အန္တရာယ်ရှိမယ်ဆိုရင် ဘယ်လောက်ပဲသေးငယ်တဲ့အန္တရာယ် ဖြစ်ပါစေ အင်မတန်အပင်ပန်းခံပြီး အဲဒီရန်ကို ဖယ်ရှားလေ့ရှိတယ်။ ကူအန်င်ယုုရဲ့ ပလဲကိုယ်လုပ်တော်ကို တစ်နေ့နေ့ ရန်မူမယ်လို့ထင်ပြီး ၁၉၀၀ပြည့်နှစ်က သူ ထွက်ပြေးရခါနီးဆဲဆဲမှာ ရေထဲနှစ်သတ်သွားတယ်။ ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် သူ့အဖို့သူ့အာဏာလက်မလွှတ်ဖို့ဘဲ အရေးကြီးထားပြီး စဉ်းစားဆောင်ရွက်တယ်။ အဲဒီတော့ ကျွန်တော့်ခမည်းတော်ဟာ ဂျာမနီက ပြန်ရောက်ရောက်ချင်း ဟိုက မွန်မွန်ရည်ရည်ညှော်ခံလိုက်ကြောင်း လျှောက်စာင်ပြီးတာနဲ့တစ်ပြိုင်နက် ကျွန်တော့်မယ်တော်နဲ့ ထိမ်းမြားလက်ထပ်ဖို့ အမိန့်တော်ကို ရတာပါပဲ။

## ချီယှီဆုံးဖြတ်ပုံ

စောစောက ထီးမွေခံအတွက် ရာထားတဲ့ကလေးရဲ့ဖခင်ကို ၁၉၀၀ပြည့်အရေးတော်မှာ အပြစ်ရှိတဲ့လူလို့ ယူဆပြန်တယ်။ ဒါကြောင့် သူ့သားရဲ့ ဘွဲ့အမည်အရည်တွေအားလုံးကိုလည်း ရုပ်သိမ်းလိုက်တယ်။ အဲဒီနောက် ထီးမွေခံပြဿနာကို ခုနစ်နှစ်လောက်ထပ်ပြီး မပြောမဆိုကြတော့ပါဘူး။

ဂိမ္ဘန်နန်းမှာ ၁၉၀၈ ခု နိုဝင်ဘာလအတွင်း ချီယှီဟာ အသက်၇၃ နှစ်မြောက်မွေးနေ့ပွဲလုပ်တုန်း ဝမ်းကိုက်ရောဂါ ဖြစ်ပြီးတဲ့အခါ ချက်ချင်းပဲ ထီးမွေခံခန့်ထားမယ်လို့ ဆုံးဖြတ်တယ်။ အဲဒီနောက် နှစ်ရက်အတွင်းမှာ သူရော ဧကရာဇ် ကုအန်င်ယုုပါနတ်ရွာစံကြတယ်။ ဧကရာဇ် နတ်ရွာမစံမီတစ်ရက်အလိုက ကျွန်တော့်ကို နန်းတော်ကြီးက ခေါ်ယူတယ်။ ခမည်းတော်ကိုလည်း ရင်ခွင်ပိုက်မင်းသား ခန့်လိုက်တယ်။ နောက်တစ်နေ့ (၁၉၀၈ ခု၊ နိုဝင်ဘာလ ၁၄ ရက်)မှာ ကျွန်တော့်ကို ဧကရာဇ်လောင်းသမုတ်တယ်။ နိုင်ငံအုပ်ချုပ်ရေးမှာ ခမည်းတော်က ချီယှီနဲ့ တိုင်ပင်ဆောင်ရွက်ရမယ်လို့လည်း အမိန့်တော်ထုတ်တယ်။

အရင် သုံးလေးနှစ်အတွင်းမှာ ကိုယ့်မှာ မြတ်တယ်ဆိုရင် ဘာမှမညှာတဲ့ဟန်အနွယ် အရာရှိယွန်ရှိကိုင်ကို ၁၈၉၈ ခု ပြုပြင်ရေးဆရာ သုတ်သင်ပွဲမှာ အရေးပါတဲ့လူဖြစ်လို့ အခွင့်အာဏာတွေ တိုးတိုးပြီး ပေးမိတယ်။ ပေ့ယန်င်ခေတ်သစ်တပ်မတော်ကို အုပ်ချုပ်နေရတဲ့ လူဖြစ်ပြန်တော့လည်း အာဏာတွေ ပေးထားတာများသွားပြီလို့ မယုံကြည်စိတ်ဝင် စိုးရိမ်ရပြန်ရော။ ပြီးတော့ ယွန်ရှိကိုင်ဟာ ငန်းငန်းတက် ကြီးပွားချင်တဲ့ မင်းသား မန်ကျူအမျိုး၊ သူကောင်းထဲမှာ အောက်ဆုံးအဆင့်ကလူပဲ။ ဒါပေမယ့် တစ်စတစ်စ အဆင့်မြင့် တက်လာတာ ခုတော့ ပထမ

အဆင့်မင်းသားလည်း ဖြစ်တယ်။ ရှေ့တန်းအတိုင်ပင်ခံ အရာရှိကြီးလည်း ဖြစ်တယ်။ ဒီနှစ်ယောက်စလုံးကို ထိန်းဦးမှပဲဆိုပြီး မင်းသားကျိန်င်ကို ရာထူးကဖြုတ်ဖို့ လုပ်တယ်။ မအောင်မြင်ဘူး။ ယွန်ရှိကိုင်ကိုတော့ (၁၉၀၇)ခုမှာ နာမည်ခံရာထူး တိုးပေးလိုက်လို့ ပေ့ယန်ငိ တပ်မတော်သစ်ကို မအုပ်ချုပ်ရတော့ဘူး။

ဒါပေမယ့် စစ်တပ်ပေါ်မှာရှိတဲ့ ယွန်ရှိကိုင်ရဲ့ သြဇာကိုလည်း ချက်ချင်း ဖျောက်ဖျက်လို့မရနိုင်ဘူးလို့ ချီယှီသိတယ်။ ဒီလိုပဲ ယွန်ရှိကိုင်နဲ့ မင်းသား ကျိန်င်တို့ မဟာမိတ်ကိုလည်း ချက်ချင်း ချိုးဖြတ်လို့မရနိုင်ဘူးလို့ သိပါတယ်။ ဒီတော့ နောက်တစ်မျိုးလုပ်ဖို့ ကြံတုန်းမှာလည်း ချီယှီဟာ နေမကောင်းဖြစ်ရတယ်။ ဒီလို မမာမကျန်းဖြစ်နေတုန်းမှာပဲ ယွန်ရှိကိုင်က ကုအန်င်ယှုကို နန်းချပြီး မင်းသားကျိန်ငရဲ့သားကို နန်းတင်ဖို့လုပ်နေတယ်ဆိုတဲ့သတင်းကို တအံ့တသြကြားရတယ်။ မင်းသားကျိန်ငဟာ ချီယှီကို အင်မတန် ကျေနပ်အောင် မြှောက်ပင့် ပြောနိုင်တယ်။ နိုင်ငံခြားသားတွေနဲ့လည်း အလွမ်းသင့်တယ်။ ယွန်ရှိကိုင်က ချီယှီ အတွက် အများကြီး အကျိုးဆောင်ဖူးပြီ။ ပြီးတော့ သိပ်မုန်းတဲ့ ကေရာဇ်ကုအန်င်ယှုကိုသာ ဖြစ်တယ်။ ဒါပေမယ့် ချီယှီက ကွက်ကျော်မြင်လိုက်တာက ကေရာဇ်ကို တခြားလူက ရန်လုပ်ရင် အိုင်စင်ဂီအော်ရော မင်းရိုးကို စော်ကားတာဖြစ်လို့ ငါ့ကိုပါ စော်ကားတာ ဖြစ်တယ်လို့ ချီယှီ နားလည်တာပေါ့။ ဒီတော့ ချီယှီဟာ ဆုံးဖြတ်ချက်တစ်ခုကို အမြန်ဆုံး ဖြစ်မြောက်အောင်လုပ်လိုက်တယ်။ သံတမန်ကိစ္စတစ်ခုနဲ့ မင်းသားကျိန်ငကို မြို့တော်အပြင်ကို လွှတ်လိုက်တယ်။ ပြီးတော့ ပေ့ယန်ငိတပ် တစ်တပ်ကိုလည်း နယ်ပြောင်းလိုက်ပြီး ပိုစိတ်ချရတဲ့ တပ်ကို အနားရွှေ့ထားတယ်။ မင်းသားကျိန်ငလည်း မြို့တော်ပြန်ရောက်ရော၊ ကျွန်တော့်ကို နန်းမွေထားပြီး ခမည်းတော်ကို ရင်ခွင်ပိုက်မင်းသား ခန့်ထားပြီး ဖြစ်နေပြီ။ နိုင်ငံခြားမိတ်ဆွေပေါတဲ့ မင်းသားကျိန်င စိတ်ကြည်သာအောင်လို့ သူ့မင်းသားဘွဲ့ကို သားစဉ်မြေးဆက် ဆက်ခံခွင့် ပေးလိုက်တယ်။

သင်းကွပ်တစ်ယောက်ပြောစကားကို ထောက်ရင် ကူအန်င်ယှု သေဆုံးရပုံ မရိုးဘူး။ သူ့အပြောက မသေခင်တစ်ရက်မှာ ကူအန်င်ယှုဟာ အသက်စိုးရိမ်ရဖို့ အခြေအနေမရှိပါဘူးတဲ့။ ဆေးတစ်ခွက်လည်း သောက်ပြီးရော အခြေအနေလည်း သိသိသာသာကြီး ဆိုးလာရောတဲ့။ နောက်မှသိရတာက ဒီဆေးကို ယွန်ရှိကိုင်က ပို့တယ်တဲ့။ လုပ်နေကြပုံစံကတော့ ကေရာဇ် နာမကျန်းဖြစ်ရင် သမားတော်ချုပ်က ရောဂါစစ်တန်းနဲ့ ဆေးနာမည်နာမကို အစောင်စောင်ရေးပြီး ရွှေနန်းထိမ်းဌာန အရာရှိကြီးတွေ စစ်ဆေးဖို့ ပေးရတယ်။ ရွှေနန်းထိန်းဌာန အရာရှိတစ်ဦးရဲ့ အဆက်အနွယ်တစ်ယောက်က နောက် ကျွန်တော့်ကို ပြောပြတာကတော့ ကူအန်င်ယှု နတ်ရွာမလားမီက အဖျားနည်းနည်းပဲ ရှိတာပါတဲ့။ ရောဂါစစ်တန်းကို သူကိုယ်တိုင် ကြည့်လိုက်ရတယ်။ စစ်တန်းမှာ လက်သွေးတိုးပုံဟာ ထုံးစံထက် မပိုဘူးလို့ဆိုတယ်။

ပြီးတော့ ကေရာဇ်ဟာ သူ့အခန်းထဲမှာပဲ လူကောင်းပကတိ လျှောက်သွားပြီး စကား စမြည် ပြောဆိုနေတာပဲတဲ့။ ဒီတော့ အသည်းအသန်မမာဘူးလို့ ကြားတဲ့အခါ လူတိုင်း အံ့အားသင့်တယ်။ ဒါထက်ဆန်းတာက အသည်းအသန် သတင်းထွက်ပြီး လေးနာရီအကြာမှာ နတ်ရွာစံတယ်လို့ သိရတာပဲ ဖြစ်တယ်။ ချုံကြည့်ရင် ကူအန်င်ယှု သေပုံဟာ သိပ်မသင်္ကာစရာ ကောင်းနေတယ်။ သင်းကွပ် ပြောတဲ့အတိုင်းမှန်ရင် လုပ်ကြံတာပဲဖြစ်မယ်၊ ယွန်ရှီကိုင်နဲ့ မင်းသားကျိန်င်တို့လည်း ပတ်သက်နေတော့ အမှန်သိဖို့ ခက်တယ်။

ပြောလေ့ရှိတဲ့ နောက်တစ်မျိုးကတော့ ချီယှီဟာ သူ့ရောဂါဟာ သေမယ့် ဝေဒနာလို့သိတာနဲ့ တစ်ပြိုင်နက် ကူအန်င်ယှုကို သူမသေခင် သတ်သွားတာပဲတဲ့။ ဖြစ်နိုင်စရာတော့ရှိတယ်။ ဒါပေမယ့် ကျွန်တော့်ကို နန်းမွေခံရယ်လို့ သူကြေညာတဲ့ နေ့တုန်းက သူ့ကိုယ်သူသေမယ် မယူဆဘူးလို့ပဲ ကျွန်တော်ယုံကြည်တယ်။ ကူအန်င်ယှု နတ်ရွာလားပြီး နှစ်နာရီအကြာမှာ သူက ကျွန်တော့်ခမည်းတော်ကို ခေါ်ပြီး ငါညွှန်ကြားတဲ့အတိုင်း တိုင်းပြည်ကို အုပ်ချုပ်ရမယ်လို့ ပြောသေးတယ်။ နောက်တစ်နေ့အလွန်မှာ ငါအနေဆိုးလှတယ်။ ဒီတောင်က ကျော်နိုင်မယ်မထင်ဘူး။ နိုင်ငံကိစ္စအဝဝကို ရင်ခွင်ပိုက် ဆောင်ရွက်ဖို့ရှိတော့တယ်။ အရေးကြီးလို့ လမ်းညွှန် တာကို ခံယူချင်ရင် (ချီယှီရဲ့တူမ၊ ကူအန်င်ယှုရဲ့ကေရီ) ကေရီမယ်တော်ကြီးဆီ ကို သွားပြီးယူပေတော့။ ခမည်းတော်လိုလူကို ရင်ခွင်ပိုက်မင်းသားထားပြီး ကျွန်တော့် လိုလူကို ကေရာဇ်ရွေးတဲ့အကြောင်းကတော့ ရွေးချိန်က သူချက်ချင်းဆိုသလို သေမယ်မသိလို့ပါပဲ။ သူက ကေရီဘွားတော်ကြီးဖြစ်သွားပြီ။ ဒီတော့ ကေရာဇ် ကိုယ်စား အုပ်ချုပ်နိုင်တဲ့ အာဏာမရှိဘူး။ ဒါကြောင့် ပြောတိုင်းရမယ့် ကလေးကေရာဇ်နဲ့ ခမည်းတော်လိုလူကို အာဏာလွှဲတာပဲ ဖြစ်ပါတယ်။ ဒါမှ သူသြဇာထပ်ရှိနိုင်မယ် ပေါ့။

တကယ်က သူဟာဘယ်တော့မှ မသေဘူးလို့ ထင်မယ်မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလို ရွေးချယ်မှ အိုင်စင်ဂီအော်ရော အမျိုးဆက်ဟာ နန်းသက်ရှည်မယ် လို့ သူယူဆတာနဲ့ပဲ တူပါတယ်။ ဒီလို ရွေးချယ်တာ မှန်တယ်လို့လည်း သူထင် မယ်။ ဘာပြုလို့လည်းဆိုတော့ ရင်ခွင်ပိုက်က နတ်ရွာစံကေရာဇ်ရဲ့ညီတော် မဟုတ် လားလို့။ ဒီလိုအဆင့် အတန်းမြင့်တဲ့ပုဂ္ဂိုလ်မျိုးဆိုရင် ယွန်ရှီကိုင်ဟာ လှည့်စားဝံ့မယ် မဟုတ်လို့လည်း တွေးဟန်တူပါရဲ့။

## ခမည်းတော် ရင်ခွင်ပိုက်အုပ်စိုးချိန်

ကျွန်တော်က ကေရာဇ်၊ ခမည်းတော်က ရင်ခွင်ပိုက်၊ အဲဒီလို သုံးနှစ်ကြာ ပါတယ်။ ကျွန်တော် စာစသင်ပြီဆိုတော့မှ တစ်နေ့ ခမည်းတော်က အစစ်အဆေး လာပါတယ်။ ဒီတော့မှပဲ သူ့ကို သိရတော့တယ် ဆိုပါတော့။ သင်းကွပ်တစ်ယောက်

က "မင်းကြီးစွာ" လာမယ်လို့ သတင်းပေးတဲ့အခါ ကျွန်တော့်ဆရာဟာ ပျာပျာသလဲ စားပွဲခုံကို ရှင်းလင်းပြင်ဆင်ရင်း ကျွန်တော့်ကိုလည်း ဘယ်လိုပြောရမယ် ဘယ်လို နေရမယ်နဲ့ သင်ပါတယ်။ လာတဲ့အထိ ကျွန်တော်က မတ်တတ်ရပ်ပြီး စောင့်နေ ရမယ်လို့လည်း ပြောတယ်။ မကြာခင် ခေါင်းကဦးထုပ်မှာ ဒေါင်းတောင်စိုက်လို့ မုတ်ဆိတ်မရှိတဲ့ လူစိမ်းတစ်ယောက် စာသင်ခန်းထဲကို ဝင်လာပြီး ကျွန်တော့်ရှေ့မှာ ခပ်တောင့်တောင့် ရပ်လိုက်တယ်။ သူပဲ ကျွန်တော့်အဖေ။ ကျွန်တော်က ထုံးစံအတိုင်း ပြောရတဲ့ နှုတ်ဆက်စကား ပြောပြီးမှ နှစ်ယောက်အတူ ထိုင်ကြတယ်။ ကျွန်တော် က စာအုပ်ကောက်ကိုင်ပြီး ဆရာသင်ထားတဲ့အတိုင်း အော်ပြီးဖတ်တယ်။

ဝါကျနှစ်ခုဖတ်ပြီးတော့ ဆက်မဖက်တတ်လို့ ထစ်နေတယ်။ ကံကောင်းချင် တော့ ခမည်းတော်ကလည်း ကယောင်ကတမ်းဖြစ်နေတယ်။ ကျွန်တော်ဖတ်တာကို သူ ကြားမှာမဟုတ်ဘူး။ သူ့ဖာသာ ခေါင်းတွင်တွင်ညိတ်ပြီး ကိုယ်တော်မြတ်ဖတ်တာ ကောင်းပါတယ်ဘုရာ့ ကောင်းပါတယ်။ သိပ်ကောင်းတယ်။ ကြိုးစား ကြိုးစားတဲ့။ ပြီးတော့ ဆက်ပြီး ခေါင်းညိတ်ရင်း မတ်တတ်ရပ်ပြီး ထွက်သွားပါတယ်။ ကျွန်တော် နဲ့အတူထိုင်ချိန် နှစ်မိနစ်ကြာပါတယ်။

ခမည်းတော်ရဲ့ပုံပန်းရုပ်ရည်ကို ခုမှပဲ အမှတ်ထားမိတော့တယ်။ ကျွန်တော့် ဆရာလို မုတ်ဆိတ်မရှိ၊ မျက်နှာမှာ အတွန့်အလိပ်မရှိ။ ဒါပေမယ့် ခေါင်းမှာ စိုက် ထားတဲ့ ဒေါင်းတောင်ကတော့ တလှုပ်တည်းလှုပ်နေရှာတယ်။ ဒီလိုလာပြီး စစ်ဆေး ပုံမျိုးကို နှစ်လတစ်ကြိမ် လုပ်ပါတယ်။ လာတိုင်း ဘယ်တော့မှ နှစ်မိနစ်ကျော်အောင် မနေပါ။ ခမည်းတော်စကားနည်းနည်း ထစ်တယ်လို့လည်း သိရတယ်။ သူ့ခေါင်းက ဒေါင်းတောင် မပြတ်လှုပ်နေတာကတော့ သူကလည်း ခေါင်းကို မပြတ်ညိတ်နေလို့ ပါပဲ။ စကားလည်းနည်းတယ်။ ကောင်းတယ်၊ ကောင်းတယ်ဆိုတာကလွဲလို့ ဆက် ပြောတာကိုလည်း သဲကွဲအောင် မကြားရဘူး။

ခမည်းတော်ဟာ **၁၉၁၁ ခု တော်လှန်ရေး**[၁]ကြောင့် ရင်ခွင်ပိုက်အဖြစ်က နုတ်ထွက်ရပြီးတဲ့အခါ အိမ်ကို တန်းပြန်သွားပြီး ကျွန်တော်တို့မယ်တော်ကို ကနေ့က စပြီး ငါ့အိမ်မှာငါနေပြီး ငါ့ကလေး ငါချီနိုင်ပြီလို့ ပြောတယ်။ မယ်တော်က အဲဒါ ကို ကျွန်တော့်ညီတော်ကို ပြောပြဖူးပါတယ်။ ခမည်းတော် ဒီလောက်ပဲ ပေါ့ပေါ့ဆဆ နိုင်လေတယ်လို့ မယ်တော်ဟာ စိတ်ဆိုးပြီး ချုံးချငိုတယ်တဲ့။ ဒါကို ပြောပြောပြီး ညီတော်ကို မင်းကြီးလာရင် မင်းခမည်းတော်လို မလုပ်နဲ့လို့ မယ်တော်က ဆုံးမလေ့ ရှိတယ်။ ဒီအဖြစ်အပျက်အပြင် ခမည်းတော်ရေးဖူးတဲ့ လက်ာကလေးတစ်ခုက သူ့ စိတ်ထားကို ဖော်ပြနေပါတယ်။ လက်ာရဲ့သဘောက–

---

၁။ အဲဒီနှစ် အောက်တိုဘာ ၁၀ ရက်မှာ ဘူဇွာအကြီးအငယ်တို့ရဲ့ တော်လှန်ရေး ပါတီတွေက လှုံ့ဆော်တာနဲ့ တပ်မတော်သစ်ရဲ့ တပ်တစ်တပ်က ဝုကျန့်မှာ စပြီး ဆူပူ သောင်းကျန်ကြတယ်။ တခြားနယ်တွေကိုပါ မီးကူးသွားပြီး ကျိန်မင်းဆက် ပြုတ်ကြရ တယ်။

**ဖတ်စရာစာအုပ်များများရှိမှ ဥစ္စာပစ္စည်း တကယ်ပြည့်ဝတယ်လို့ ဆိုနိုင်တယ်။ ဖတ်ဖို့ အချိန်များရမယ်ဆိုရင် မသေဆေးတစ်ဝက်ရပြီဆိုနိုင်တယ်**

တဲ့။ ခမည်းတော်ဟာ လူမှုလူကိစ္စကို တကယ်တန်းငြီးငွေ့တယ်လို့ မဆိုနိုင်ပေမယ့် ရင်ခွင်ပိုက်သုံးနှစ်လုပ်ရတာဆိုတော့ တကယ်ပဲ စိတ်ထဲမှာ ပင်ပန်းတယ်လို့ သိရတယ်။ သူ့ဘဝမှာ အဲဒီသုံးနှစ်ဟာ ဘာမှမစွံတဲ့ သုံးနှစ်လို့ပဲဆိုရမယ်။

ခမည်းတော်ဘက်က အမြင်နဲ့ကြည့်ရင် ယွန်ရှီကိုင်ကို မနှိမ်နင်းနိုင်တာဟာ သူ့အတွက် အဆိုးဆုံး ဆုံးရှုံးခြင်းပဲဖြစ်တယ်။ သူ့နောင်တော် ကုအန်ငယ့်ကူက သူ့ကို စိတ်ထဲဝမ်းထဲက လှုပ်ရှားဆူပွက်လာတဲ့ ဆန္ဒအနေနဲ့ ယွန်ရှီကိုင်ကိုသတ်လို့ အမိန့်ပေးဖူးတယ်လို့ ပြောကြတယ်။ အဲဒီအမိန့်ကို ဟသ်ပြဒါးမင်နဲ့ရေးပြီး ညီတော်ကို အပ်ပေမယ့် ညီတော်ကလည်း အလိုတော်ကို မဖြည့်စွမ်းနိုင်ပါ။ ရင်ခွင်ပိုက်မင်းသားက နောင်တော်အတွက် ကလဲ့စားချေတဲ့သဘောနဲ့ ယွန်ကို သတ်ချင်ပေမယ့် မင်းသားကျိန်င ဦးစီးတဲ့ အတိုင်ပင်ခံအရာရှိကြီးတချို့နဲ့ မင်းသားကျိန်င်တို့ကတားလို့ မြိုသိပ်နေရရှာတယ်။ အဲဒါကို အသေးစိတ်တော့ မသိနိုင်ဘူးပေါ့။ ဒါပေမယ့် မင်းသားကျိန်င်ရဲ့ စကားတစ်ခုက ခမည်းတော်ကို ဟန့်တားသလို ဖြစ်တာတော့ အမှန်ပဲ။ သူ့စကားက ယွန်ရှီကိုင်ကို သတ်ဖို့ ဆွယ်ပါတယ်။ ဒါပေမယ့် ပေ့ယန်င်တပ်မတော်က သူပုန်ထရင် ဘယ့်နှယ့်လုပ်မလဲတဲ့။ ဒါနဲ့ပဲ ဧကရီမယ်တော်ကြီး အသစ်ဖြစ်တဲ့ လုန်ငယုကယွန်ကို နေအိမ်ပြန်ပြီး ခြေနာကုစေလို့ အမိန့်နဲ့လွှတ်လိုက်ပါတယ်။

ဒီအတောအတွင်းမှာ လူအမျိုးမျိုးက ယွန်ရှီကိုင်နဲ့ ပတ်သက်ပြီး ခမည်းတော်ကို အကြံဉာဏ်အမျိုးစုံ ပေးကြတယ်။ တချို့က ယွန်ရှီကိုင်ကို အစွမ်းကုန် ကာကွယ်ပြီးပြောတယ်။ တချို့က သူ့ကို ဖျောက်ဖျက်ဖို့ နည်းပေးတယ်။ ယွန်ကို သတ်ဖို့ ဒါမှမဟုတ်လည်း ထောက်ခံဖို့ဆိုတဲ့ ပြဿနာဟာ ပြုပြင်ရေးသမားနဲ့ ရှေးဝါဒီတွေရဲ့ လွန်ပွဲလည်း မဟုတ်ဘူး။ အရင် ဧကရာဇ်ပါတီနဲ့ မယ်တော်ကြီးပါတီရဲ့ အားပြိုင်ပွဲလည်း မဟုတ်ဘူး။ သူကောင်းနဲ့ အထက်တန်းအရာရှိနှစ်စုံတွဲပြီး အာဏာလုပွဲလို့ပဲ ခေါ်ရမယ်။ ကက်ဘိနက်မှာ ဧကရာဇ်မျိုးရိုးတွေကြီးပဲ လိုပါတယ်လို့ ဆိုပေမယ့် မတည့်တဲ့ အုပ်စုနှစ်စုကွဲပါတယ်။ တစ်စုခေါင်းဆောင်က မင်းသားကျိန်င်၊ နောက်တစ်စုက မြို့စားကျိုင်စည်၊ အဲဒီနောက် အုပ်စုက အာဏာရချင်တယ်။ ခမည်းတော်ကို လမ်းစဉ်ဝါဒတွေ မကြာခဏ အကြံပေးတဲ့အစုပေါ့။ ဒီရန်ပွဲမှာ ခမည်းတော်က ကြားကဝင်လာပြီး တစ်ဖက်ကပေးတဲ့အကြံကို လက်ခံတယ်။ နောက်တစ်ဖက်က တစ်မျိုးပြောပြန်တာကို လည်း လက်ခံတယ်။ ပြီးတော့ ဘာမှ မလုပ်ဘဲ နေလိုက်တယ်။ ဒီတော့ ဘယ်သူမှ မကျေနပ်ဘူးပေါ့။

ဆက်ဆံရတာ အခက်ဆုံးလို့ ခမည်းတော် ထင်တာကတော့ မင်းသားကျိန်င်နဲ့ မြို့စားကျိုင်စည်ပဲလို့ ဆိုတယ်။ ချီယ့်နတ်ရွာမစံမီကပဲ မင်းသားကျိန်င်ဟာ ခေါင်းဆောင် အတိုင်ပင်ခံ အရာရှိကြီး ဖြစ်နေပါပြီ။ နောက် ချီယ့် နတ်ရွာစံပြီးတော့

အသစ်ဖွဲ့တဲ့ ကက်ဘိနက်မှာ သူက အမတ်ချုပ်ဖြစ်လာတယ်။ ဒါကို ကျိုင်စည်က သိပ်မကြိုက်နိုင်ဖြစ်မယ်ပေါ့။ သူက အခွန်တော်နဲ့ ဘဏ္ဍာရေးအဖွဲ့ဉက္ကဋ္ဌပါ။ ရှင်ခွင်ပိုက်ရဲ့အမြင်မှာ တစ်ဖက်ရန်သူကို အထင်သေးသွားအောင် ဘာမဆို လုပ်တဲ့လူပါပဲ။ ဒါပေမယ့် ချီယှီတောင် မင်းသားကျိန်င်ကို • နှိမ်မသွားနိုင်ဘူး။ ရှင်ခွင်ပိုက်က ဘာများ တတ်နိုင်ဦးမှာလဲ။ ဒီတော့ ခမည်းတော်ဟာ ကျိုင်စည်ပြောတာကို လက်ခံတယ် ထားဦး။ ဖြစ်မြောက်အောင် မဆောင်ရွက်တတ်ဘူး။ ဘယ်နေရာပဲဖြစ်ဖြစ် မင်းသားကျိန်င်က ထိပ်ကပဲထွက်လာတယ်။ ကျိုင်စည်ရှုံးတာဟာလည်း သူ့ကိုယ်ရေးကိုယ်တာ အရှုံးသက်သက်ဖြစ်ပေမယ့် မင်းသားကျိန်င် နိုင်တာတွေကတော့ ကိုယ့်ဇာတိမြို့ရွာမှာ အနားယူရအောင် ပြန်စေချင်ဟန်ဆောင်နေတဲ့ ယွန်ရှီကိုင်ရဲ့အောင်ပွဲတွေဖြစ်နေတယ်။ အဲဒါကို ခမည်းတော်သိပါတယ်။ ဘယ်လို လုပ်ရမှန်းမသိလို့သာ ငုတ်တုတ်ထိုင်ကြည့် ရတယ်ဆိုပါတော့။

**ဝူကျန်ုင်ဆူပူမှု**[၁] ၁၉၁၁ မှာ ရတ်တရက် ပေါက်ကွဲတဲ့အခါ မန်ကျူးစစ်ဗိုလ်မှူးတစ်ယောက် ကွပ်ကဲပြီး နှိမ်နင်းဖို့ စစ်တပ်တွေလွှတ်တယ်။ တစ်ဖက်က မင်းသားကျိန်င်နဲ့ အပေါင်းပါတွေက ယွန်ရှီကိုင်ကို အနားယူရာက ပြန်ခေါ်ပြီး စစ်သေနာပတိချုပ်ခန့်မှ ဒီအရေးငြိမ်းမယ်လို့ ခမည်းတော်ကို အတင်း အရေးဆိုလာကြတော့ ခမည်းတော်က အဲဒီအတိုင်း လက်ခံလိုက်ရပါတယ်။

ခမည်းတော်ဟာ နည်းနည်းမှ အသုံးမကျတဲ့ လူအလူညံ့တော့ မဟုတ်ပါဘူး။ ဂျာမနီကိုသွားရတုန်းက ကိုင်ဇာဆီက နည်းကောင်းတစ်ခု သူ ရခဲ့တယ်။ အဲဒီနည်းက ကေရာဇ်အမျိုးအရိုးဝင်တွေကို စစ်တပ်မှာ အုပ်စီးမိအောင် အရာရှိကြီးတွေအဖြစ် ခန့်ထားရမယ်ဆိုတဲ့ နည်းပါပဲ။ ဒီတော့ ခမည်းတော်က ဘထွေးတော်ကို နန်းစောင့်တပ် ဗိုလ်မှူးအဖြစ်ခန့်ပြီး ရွှေနန်းရိုးတွေ အုပ်ချုပ်တဲ့ အထူးတပ်တစ်ခုကို ဖွဲ့စည်းခဲ့တယ်။ အဲဒီလိုပါပဲ မဟာနွယ်စဉ်တွေကို ရေတပ်ကုန်းတပ် ဦးစီးမှာ အရာရှိတွေအဖြစ် ခန့်ထားတယ်။ အခုထက်တဲ့ သူပုန်ကို ယွန်ရှီကိုင်ဟာ နှိမ်နင်းနိုင်တယ်ပဲဖြစ်ဖြစ်၊ မနှိမ်နင်းနိုင်ဘူးပဲဖြစ်ဖြစ် မကြာခင်ဖယ်ရှားပစ်ဖို့ ခမည်းတော်ဟာ စိတ်ကူးထားပြီးပြီလို့ ပြောပါတယ်။ ဘယ်လိုပဲ လုပ်ရလုပ်ရ ဟန်အနွယ်တွေရဲ့လက်ထဲမှာ လက်နက်ကိုင်တပ်တွေကို အပ်မထားဘူး။ ယွန်ရှီကိုင် လက်ထဲမှာထားဖို့ အထူးမသင့်ဘူးလို့ သူဆုံးဖြတ်ပြီးသားပါ။ ဒါပေမယ့် ခမည်းတော်ဟာ စိတ်ကူးကို တကယ်ဖြစ်အောင်လုပ်တတ်တဲ့လူမျိုး မဟုတ်လေတော့ သူ့ညီတော်တွေကတောင် သူ့ကို အထင်သေးတယ်လို့ ဆိုပါတော့။

ဘွားတော်ဟာ ရင်ဘတ်မှာ အနာပဆုပ်ပေါက်လို့ မိရိုးဖလာနည်းနဲ့ တရုတ်သမားတော်တွေ ကုမရတဲ့အခါ ခမည်းတော်ကို ဘထွေးတော်တွေက ပူဆာ

---

၁။ ၁၉၁၁ တော်လှန်ရေးကစပြီး မီးမွေးတဲ့ဆူပူမှု

လို့ ပြင်သစ်ဆရာဝန်ကို သွားပင့်တယ်။ ဆရာဝန်က ခွဲစိတ်ကုချင်တယ်။ တစ်မျိုးလုံး ဝိုင်းပြီး ကန့်ကွက်တော့ လိမ်းဆေးပဲလိမ်းဖို့ ပြင်ဆင်တယ်။ သုတ်လိမ်းပြီးပေးဖို့ ပစ္စည်းကိရိယာကို ပိုးသေအောင်ဆိုပြီး အရက်ပြန်မီးခွက်မှာ မီးမြှိုက်တယ်။ ဒီတော့ ခမည်းတော်က ပျာပျာသလဲ လန့်ဖျပ်ပြီး စကားပြန်ကို ဒါက ဒါ...ဘာလုပ်တာလဲ။ အမယ်ကြီးကို မီးရှို့မလို့လားလို့ မေးခိုင်းတယ်။ သူမသိသားဆိုးပုံကို ဘထွေးတော်က သိလေတော့ စကားပြန်ကို ဒီမေးခွန်းမမေးနဲ့ဟေ့လို့ အချက်ပြပြီး ဟန့်ရတယ်။

ဆရာဝန်က သောက်ဆေးတွေထားခဲ့ပြီး ပြန်သွားတယ်။ နောက်တစ်ခါ လာပြန်တော့ ဘွားတော်ရဲ့ဝေဒနာ မသက်သာတာတွေ့လို့ အံ့ဩပြီး သူထားခဲ့တဲ့ ဆေးတွေကို ပြပါလို့ တောင်းကြည့်တယ်။ ခမည်းတော်ကိုယ်တိုင် ယူပြပါတယ်။ တံဆိပ်အမှတ်အသားမပျက် ဘယ်ဘူးမှ မဖွင့်ရသေးဘူး။ ဘထွေးတော်တွေဟာ ခေါင်းခါပြီး သက်ပြင်းချရုံကလွဲလို့ ဘာမှုမလုပ်နိုင်ကြရှာဘူး။

ချိုယှိနတ်ရွာစံပြီးတဲ့အချိန်ကစပြီး ခမည်းတော်ရဲ့အိမ်ထောင်စုက သားချင်းတွေဟာ သူတို့ကိုယ်သူတို့ ပြုပြင်ရေးသမားလို့ခေါ်ကြတယ်။ ခမည်းတော်ရဲ့နေ့စဉ် နေထိုင်ပုံကိုလေ့လာရင် သူလည်း ရှေးအယူသည်းဟာတွေကို ပယ်ရှားပြီး ခေတ်ဆန်ဖို့ လိုလားတာကို တွေ့နိုင်ပါတယ်။ ရှေးအရာရှိကြီးတွေက တချို့ကိစ္စကို နည်းမမှီ စံမရဖြစ်တယ်ဆိုရုံနဲ့ သူက ပယ်မပြစ်ဘူး။ မင်းသားတွေထဲမှာ သူဟာ မော်တော်ကားကို ပထမဆုံးစီးတဲ့သူပါ။ အိမ်မှာလည်း တယ်လီဖုန်းကို ပထမဆုံးသုံးတယ်။ ကျစ်ဆံမြီးကို ဖြတ်ပြစ်တဲ့အထဲမှာလည်း သူ့အိမ်ထောင်ကစတယ်။ အနောက်တိုင်းသားဝတ်စုံကို စပြီးဝတ်တဲ့ မင်းသားနဲ့ သူကောင်းတွေထဲမှာ သူလည်းပါတယ်။ ဒါပေမယ့်အနောက် တိုင်းရဲ့သဘောကို သူဘယ်လို နားလည်သလဲဆိုတာ သိချင်ရင် သူ့အနောက်တိုင်း ဝတ်စုံကို စပြီးဝတ်စက အဖြစ်အပျက်ကို ပြန်ပြောရင် သိလောက်ပါတယ်။ အဲဒီ ဝတ်စုံကို ရက်အတော်ကြာ သူဝတ်ပြီးလို့ တစ်နေ့မှာ ဘထွေးတော်တစ်ယောက်ကို အားကျတဲ့ လေသံနဲ့ မင်းတို့မှာတော့ ရှပ်ကို ဝတ်ထားလိုက်တာ ကွပ်ကွပ်ရှပ်ရှပ်ပါလား။ ငါ့မှာကွယ် ရှပ်က အပေါ်ဝတ်ထက် ပိုရှည်နေလို့ သိပ်ဂွကျတယ်တဲ့။ ခမည်းတော်ဟာ ရှပ်အောက်ပိုင်းကို ဘောင်းဘီထဲ ထည့်ဝတ်ရကောင်းမှန်း မသိလို့ ကသိကအောင့် ရက်အတော်ကြာ ခံလိုက်ရတယ် ဆိုပါတော့။

ဘွားတော်ရဲ့ဝေဒနာကို ကုဖို့လာတဲ့ ပယောဂဆရာမတွေကို ခမည်းတော် က မောင်းထုတ်တယ်။ အစေခံတွေ အလေးအမြတ်မွေးထားတဲ့ ဖြူတစ်ကောင်ကို ရေမြောင်းထဲ ကန်ချတယ်။ ပြီးတော့မှ သူ့မျက်နှာဟာ ဖြူဖတ်ဖြူရော် ဖြစ်နေတယ်။ နတ်ကိုးတာတို့ မန္တန်ရွတ်တာတို့ ဘုရားရှိခိုးတာတို့ သူမလုပ်ဘူး။ ဒါပေမယ့် နှစ်သစ်ကူးတဲ့အခါ သဘင်ရက်ကြုံတဲ့အခါ အမွေးတိုင်ထွန်းပြီး ပူဇော်တဲ့ပွဲရုံပြင်ဖို့တော့ သူသိပ်သတိထားပြီးလုပ်တယ်။

ခမည်းတော်ရင်ခွင်ပိုက်တာဝန်ယူရတဲ့ သုံးနှစ်ကို နည်းနည်းပိုပြီး နားလည်

အောင်လို့ သူ့နေ့စဉ်မှတ်တမ်းကို ယူကြည့်တယ်။ မှတ်လောက်သားလောက် ဘာမှ မပါဘူး။ ဒါပေမယ့် စိတ်ပါဝင်စားဖို့ ကောင်းတဲ့ အမှတ်အသားနှစ်မျိုးကို တွေ့ပါတယ်။ ပထမတစ်မျိုးက ရှေးမှုကို သူ တယ်မစွန့်နိုင်ဘူးဆိုတာ ပြတယ်။ မေလ ရောက်တဲ့အခါ ခါတိုင်းလိုပဲ ဆံပင်တိုတိုဖြတ်တယ်လို့ ရေးမှတ်ထားတယ်။ ဩဂုတ်လရောက်တော့ ခါတိုင်းလိုပဲ ဆံပင်ရှည်ထားလိုက်တယ်လို့ ရေးထားတယ်။ ရှေးထုံးစံအတိုင်း ဘယ်ရက်မှာ ဘယ်အဝတ်ဝတ်ပြီး ဘာသားကို စားတယ်လို့လည်း မှတ်ထားတယ်။ နောက်တစ်မျိုးကတော့ နက္ခတ်တာရာ ဂြိုဟ်သွားဂြိုဟ်လာနဲ့ သတင်းစာကရေးတဲ့ ဟောစာတန်းကို ရေးထည့်ထားတယ်။ နေ့စဉ်အမှုကိစ္စတွေကိုတော့ ဘာမှဂရုတစိုက် မရေးဘူး။ ဗေဒင်ကျတော့ အရေးတစိုက် ရေးတယ်။ အဲဒါ နားလည်ဖို့ခက်တယ်။ ခုခေတ်လိုသာဆိုရင် မှန်ပြောင်းတွေ ဘာတွေနဲ့ ကောင်းကင်ကို လေ့လာမှာပဲလို့ အတတ်ပြောနိုင်တယ်။ သူ့ခမျာ ဟိုခေတ် ဟိုအခါက ဟိုလူနေမှု အဖွဲ့အစည်းမှာ အသက်ကိုးနှစ်သားကတည်းက မဟာနွယ်စဉ်မင်းသား ဖြစ်ခဲ့ရတော့ ဟိုလိုပဲ နေမှာပဲပေါ့။

## မင်းသားနဲ့ နန်းအိမ်အတူနေ

ကျွန်တော့်မှာ အစုစုဘွားတော်လေးပါးရှိတယ်။ ပထမမင်းသား ကျန်နိင်ရဲ့ ကြင်ယာတော် အကြီးမင်းသမီး ယယ်ဟောနလဟာ ကျွန်တော့်အဘွားအစစ်မဟုတ်ဘူး။ ပြီးတော့ ကျွန်တော်မမွေးမီ ဆယ်နှစ်အလိုကပဲ လွန်တယ်။ အဲဒီ မင်းသမီးကြီး ကတော့ သူ့အစ်မ ဧကရီမယ်တော်ကြီး ချီယှီနဲ့ လုံးလုံးမတူဘူးလို့ ပြောကြတယ်။ ရှေးမှုအတိုင်း ပြဋ္ဌာန်းတဲ့ အကျင့်သိက္ခာကို တကယ်လိုက်နာတယ်။ ဧကရာဇ် တုန်ကျီ နတ်ရွာစံပြီးတဲ့နောက်မှာ ချီယှီဟာ ခါတိုင်းလိုပဲ ဆက်ပြီး ကပွဲရှင်ပွဲ ကြည့်တယ်။ ဘွားတော်က မကြည့်ဘူး။ ရွှေနန်းတော်ကပွဲကြည့်ဖို့ အခေါ်လွှတ်ရင် လိုက်သွားတယ်။ ဇာတ်စင်ရှေ့မှာ မျက်လုံးစုံမှိတ်ပြီး ထိုင်နေတယ်။ ချီယှီက ဒါ ဘာလုပ်တာလည်းလို့ မေးတော့ မျက်လုံးဖွင့်မကြည့်ဘဲ ယခုအခါ နိုင်ငံနဲ့အဝှမ်း ဝမ်းနည်းကြေကွဲနေကြတယ် မဟုတ်လား။ ဒီလိုအခါမျိုးမှာ ဇာတ်ပွဲမကြည့်ပါရစေနဲ့ဘုရားလို့ ဖြေလိုက်တယ်။ ချီယှီဟာ ဘာမှ မပြောတတ်မလုပ်တတ် ဖြစ်သွားတယ်။ ဘွားတော်ဟာ သိမ်မွေ့တဲ့ အမျိုးသမီးဖြစ်လေတော့ သူမကြားဝံ့တဲ့ စကားလုံးတွေ အများကြီးပဲ ရှိတယ်လို့ဆိုပါတယ်။ အဲဒီအပြောကြမ်းတဲ့ စကားလုံးတွေကို သူ့ရှေ့မှာ အိမ်သူအိမ်သားတွေ ဘယ်သူမှ မပြောရဲဘူး။ လက်စသတ်ပြီ၊ ဆုံးပြီ၊ သေပြီဆိုတဲ့ စကားမျိုးကို သူမကြားရဲဘူး။ တစ်သက်လုံး ဗုဒ္ဓဘာသာကို သိပ်ပြီး ကြည်ညိုလေးစားတယ်။ ပလ္လပုရွက်ကို နင်းမိမှာစိုးလို့ဆိုပြီး နွေရာသီမှာ ဥယျာဉ်ထဲ ဘယ်တော့မှ လမ်းထွက်မလျှောက်ဘူး။ ပုရွက်ဆိတ်သာ သနားတယ်။ ကျွန်တွေကို ဆုံးမတဲ့ နေရာတော့ နည်းနည်းမှ မညှာဘူး။ ရက်ရက်စက်စက် ရိုက်ခိုင်းတယ်။ သင်းကွပ်

တစ်ယောက်ရဲ့မျက်နှာမှာ ဆေးကုမရတော့တဲ့ တကွတ်တွတ် အကြောဆွဲနေတာဟာ သူကိုယ်တိုင်က တစ်ခါကရိုက်လို့ ဖြစ်တာတဲ့။

အဲဒီဘုရားတော်က သားသမီးငါးဦး ထွန်းကားတယ်။ သမီးတစ်ယောက် တည်းပါတယ်။ သားတော်ကြီးနဲ့ အဲဒီသမီးတော်ဟာ ငယ်ကပဲ လွန်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အရက်နှစ်ဆယ်ပဲ ခြားတယ်။ ဒုတိယသားက ကေရာဇ် ကုအနိုင်ယူ ဖြစ်လာတယ်။ အသက်လေးနှစ်သားကပဲ သူ့ဆီက ယူသွားတာကို ခံရတယ်။ သားတော်တစ်ပါးကို နန်းတော်က ကောက်ယူပြီးတော့ သားတော်တစ်ပါး မွေးပြန်တယ်။ နှစ်ရက်တောင်မခံဖူး သေတယ်။ နောက်တစ်ယောက် မွေးပြန်တော့ ယုယလိုက်တာ အနွေးထည်ထပ်ပုံဦး။ သိပ်မကျွေးနဲ့ အစာမကြေဖြစ်မယ်ဆိုတာမျိုး တွေပေါ့။ သူလည်း တစ်နေ့လုံး အစာမစားဘဲ နေတဲ့အခါနေတယ်။ သားကိုလည်း ဝအောင်မကျွေးဘူး။ ပုစွန်ကျွေးတဲ့အခါတောင် သုံးပိုင်းပိုင်းပြီးမှ တစ်ပိုင်းပဲကျွေးတတ် တယ်။ ဒီတော့ ခန္ဓာကိုယ်ဖွံ့ဖြိုးဖို့ လုံလောက်တဲ့အာဟာရ မရရှာဘူး။ ငါးနှစ်မပြည့်မိပဲ သေရော။ ဒါကြောင့်မို့ သင်းကွပ်အိုကြီးတစ်ယောက်က ဘုရားတော်သာ သူ့သားရင်း တွေကို မချစ်ရင် ကျွန်တော့်ခမည်းတော်ဟာ ဘိုးတော်ရဲ့ မင်းသားဘွဲ့ကို အမွေခံရမှာ မဟုတ်ဘူးလို့ ပြောဖူးတယ်။

အဲဒီ အဘွားတော်ပဲ ကျွန်တော့်ခမည်းတော်ကို ကြီးပြင်းအောင်မွေးဖို့ တာဝန်ယူတယ်ဆိုပါတော့။ ခမည်းတော်နဲ့ ဘထွေးတော်တွေရဲ့ အစားအသောက်ကို တော့ ဝင်ပြီးမချုပ်ချယ်ပါဘူး။ ဒါပေမယ့် စိတ်ဓာတ်အနေနဲ့တော့ ကျိုးကျအောင် နှိမ်ထားတယ်။ စောစောက သင်းကွပ်အိုကြီးကလည်း ပြောပြသေးတယ်။ ဘွားတော် ရှေ့မှာ ရယ်စရာတွေ့ရင် ပြုံးရုံပဲပြုံးဝံ့တယ်။ အသံထွက်တာနဲ့တစ်ခါတည်း နင်တို့ ရိုင်းလှချည်လားလို့ အငေါက်ခံရတယ်။

ဘိုးတော်ရဲ့မူလ ဒုတိယကြင်ယာတော်က အသက်ငယ်ငယ်နဲ့ ဆုံးတယ်။ နောက်ထပ်ယူတဲ့ ဒုတိယကြင်ယာတော်ကမှ ကျွန်တော့်ဘွားတော်အစစ် ဖြစ်ပါတယ်။ ကျွန်တော့်ခမည်းတော်ရဲ့ ပထမကြင်ယာတော် ဆုံးတဲ့အခါ အဲဒီအဘွားဟာ အိမ် ထောင်ဦးစီးအဖြစ်နဲ့ အိမ်မှုရေးကို စီမံပါတယ်။ စောစောကပြောတဲ့ ဘွားတော် အမှတ်တစ်လို သူက အယူမသီးပါဘူး။ ဒါပေမယ့် သားတွေ မြေးတွေကို သူ့ဆီက ဆွဲခေါ်သွားတာကိုခံရလို့ စိတ်ထိခိုက်ပြီး သွပ်ချောင်ချောင်ဖြစ်နေတယ်။ သမီးက အသက်နှစ်နှစ်မှာ လွန်တယ်။ ဒါပေမယ့် ပထမဆုံး စိတ်ထိခိုက်တာက သူ့သားတွေကို ကေရိမယ်တော်ကြီးအမိန့်နဲ့ သူများမွေးစားဖို့ ပေးရတဲ့အခါမှာ ဖြစ်ပါတယ်။ အစုစု သားသုံးယောက် မွေးပါတယ်။ ခမည်းတော်က အကြီးဆုံးပါ။ တတိယသား ကျိုင်တပ်ကို သိပ်ချစ်တယ်။ အဲဒီသား တစ်ဆယ့်တစ်နှစ်သားရှိတော့ ဘိုးတော်ရဲ့ သားချင်းဖြစ်တဲ့ ယိမောကို မွေးစားဖို့ပေးစေလို့ ကေရိမယ်တော်ကြီး ချီယိုက အမိန့်တော်ထုတ်လိုက်တယ်။ အဲဒီအမိန့်တော်ရကတည်းက ငိုလိုက်တာ အသည်း

အသန် မမာဖြစ်သွားပြီး စိတ်လည်းမနဲ့တော့ဘူး။

သားသမီးမရှိတဲ့ ယိမောက သိပ်ကျေနပ်အားရပျော်ရွှင်ပြီး သားအရင်းမွေးလို့ ပွဲသဘင်ခံသလိုပဲ ပွဲသဘင်ကြီး စီရင်ခင်းကျင်းပါတယ်။ သူက လူကင်းမပါးဘူးဆို ပါတော့။ သူသိပ်ပျော်တာကို ချီယို့ကြားတော့ လွန်လွန်းတယ်ဆိုတဲ့သဘောနဲ့ ဒေါပွပြီး သူ့ဝမ်းသာရက်ကို မရှည်စေရဘူးလို့ ဆုံးဖြတ်လိုက်ဟန် တူပါတယ်။ ချီယို့ရဲ့ လက်သုံးစကားကတော့ ဘယ်သူပဲဖြစ်ဖြစ် ငါ့ကို ခဏလောက် စိတ်ထိခိုက်အောင်လုပ်ဖူးသူကို ရာသက်ပန် ဆင်းရဲပင်ပန်းအောင် ငါနှိပ်စက်ပြမယ်တဲ့။ ယိမောဟာ ချီယို့ရဲ့အနှိပ်စက်ကို တစ်ကြော့နှစ်ကြော့ဆိုသလို ခံရပြီးတဲ့အခါ ယိမောက သူ့ နာကြည်းတဲ့စိတ်ကို ဖွင့်ထုတ်တဲ့အနေနဲ့ ခြေထောက်တစ်ချောင်းတည်းပါတဲ့ ပန်းချီကားတစ်ချပ်ကို ရေးဆွဲတယ်။ ဒီခြေထောက်ကိုခေါ်တဲ့ နာမည်ကိုပဲ စကားထာသဘောနဲ့ တစ်မျိုးအနက်ပြန်ရင် ချီယို့ကြောင့် သူ့အမျိုးရော ပြည်ကြီးပါ ကမောက်ကမ ဖြစ်ပျက်စီးရပြီလို့ အဓိပ္ပာယ်ရတယ်။ အဲဒီကားပေါ်မှာ လင်္ကာတစ်ပုဒ်လည်း စပ်ပြီး ရေးထားသေးတယ်။ လင်္ကာဖြစ်ရုံပဲ စာစပ်တော့ ကောင်းလှတယ် ဘယ်ဟုတ်မလဲ။ သူ့လင်္ကာက–

**လွန်နှိပ်စက်သည့်၊ ဖဝါးခြေအောက်၊ မရောက်ရအောင်၊**
**ပြသာဒ်ဆောင်ထက်၊ ပြေးပုန်းလျက်လည်း၊ မလွတ်တကား၊**
**ပြသာဒ်ဖျားထိ၊ ဖဝါးထက်ချပ်၊ လိုက်ခဲ့ပြီ။**

ဘယ်နည်းတော့မသိဘူး။ ဒါကို ချီယို့သိသွားတယ်။ ဒီတော့ ကြိုကြိုတင်တင် ဘာမှ မပြောဘဲနဲ့ သူ့ကို နှိပ်စက်တဲ့သဘောနဲ့ ငါးနှစ်ကျော်ကျော် မွေးစားထားပြီးဖြစ်တဲ့ ကျိုင်တပ်ကို နောက်အမျိုးတစ်ယောက် မွေးစားဖို့ လက်ပြောင်းပေးရမယ်လို့ အမိန့်ချပြန်တယ်။ ယိမောရော သူ့ကြင်ရာပါ စိတ်ဆင်းရဲလွန်းလို့ မမာမကျန်းဖြစ်ပြီး တယ်မကြာဘူး ယိမောကွယ်လွန်ရှာတယ်။ ဒီအခါမှာ ကွယ်လွန်သူ့အတွက် ပူဇော်ပွဲခင်းကျင်းဖို့ ချီယို့က သူ့ကိုယ်စား ကျိုင်တပ်ကို လွှတ်လိုက်တယ်။ သူ့ကိုယ်စားလှယ်ဆိုတော့ အဖသချိုင်းဖြစ်ပေမယ့် သားဟာ ဒူးထောက်ပြီး အလေးပြုခွင့်မရတော့ဘူး။ ယိမောရဲ့ကြင်ယာတော်လည်း အဲဒီနှစ်မှာပဲ ကွယ်လွန်ရှာတယ်။

ကျိုင်တပ်ကို ဒီကို နောက်တစ်အိမ်ထောင်မှာ မွေးစားဖို့ ပေးတဲ့အခါမှာပဲ သူ့ညီတော်ကျိုင်ယွန်ကိုလည်း ခမည်းတော်ရဲ့သားချင်းတစ်ဦးကို မွေးစားစေလို့ ပေးပြန်တယ်။ “ပြသာဒ်ဖျားထိ ဖဝါးထပ်ချပ်လိုက်ခဲ့ပြီ”ဆိုတဲ့ ဇာတ်လမ်းအစစ် ပါပဲ။ ဖြုန်းခနဲ နောက်သားတစ်ယောက် ဆုံးရှုံးရတာလည်း ဘွားတော်အဖို့ မျှော်လင့်မထားတဲ့ ငရဲမီးပေါ့။

တယ်မကြာဘူး။ တတိယငရဲမီး လိုက်လာသေးတယ်။ ခမည်းတော်ဖို့ ဘွားတော်က ကြင်ယာရွေးပြီးတဲ့အခါမှာ ချီယို့က နောက် သတို့သမီးတစ်ယောက်နဲ့ ထိမ်းမြားရမယ်လို့ အမိန့်တော်ထားပြန်ရော။ ဇနီးမောင်နှံဖြစ်ရမယ့်လူငယ်တွေ၊

သူတို့မိဘတွေ ကျေနပ်တာ မကျေနပ်တာကို ချီယိုဟာ နည်းနည်းမှ ထည့်မစဉ်းစားဘူး။ သူ့အမိန့်ကိုကော ဘယ်သူ လွန်ဆန်ဝံ့မှာလဲလို့။ ဘွားတော်ဟာ ကေရီမယ်တော်ကြီးရဲ့ စိတ်ကွက်တာကို မခံနိုင်ဘူး။ ဒါပေမယ့် စောစောက သတို့သမီးဟောင်းဟာ ရှက်ပြီး တစ်ခုခုဖြစ်မသွားဘူးလို့ကော ဘယ်သူ အာမခံနိုင်မလဲ။ တစ်ခုခုဖြစ်တယ်ဆိုရင် တောင် ကေရီမယ်တော်ကြီးရဲ့အမိန့်နဲ့ဩဇာကို မထိမဲ့မြင် လုပ်ရာကျမှာမို့ ယောကျ်ား ကလေးဘက်ရော မိန်းကလေးဘက်ပါ အားလုံး ရာဇဝတ်သင့်ကြတော့မယ် မဟုတ် လား။ ဒီတော့ ကေရီမယ်တော်ကြီး အမိန့်တော်ကြောင့် စေ့စပ်ရေးကို ဖျက်ရတာ လွယ်ပါတယ်လို့ ဝိုင်းပြီးဖျောင်းဖျကြပေမယ့် ဘွားတော်ဟာ တစ်ကြော့တစ်ခါ သွက်ချာပါဒ ဖြစ်ရပြန်တယ်။

ခြောက်နှစ်ကြာတော့ ကပ်ဆိုးတစ်ကြိမ် ဆိုက်ပြန်တယ်။ အတိုင်ပင်ခံချုပ် ဟာ အမိန့်တော်တစ်ခုနဲ့ ကျွန်တော်တို့အိမ်ကိုလာပြန်တယ်။ ကျွန်တော့်ကို ရွှေနန်းတော် ကြီး ပို့ရမယ်လို့ အမိန့်တော်မှာပါတယ်။ သူကိုယ်တိုင် ကျွေးမွေးယုယလာတဲ့အတွက် ဘွားတော်ဟာ ကျွန်တော့်အပေါ်မှာ သံယောဇဉ် သိပ်ကြီးတယ်။ အထိန်းကပြောလို့ သိရတာက ဘွားတော်ဟာ ကျွန်တော့်ကို အိပ်နေတုန်း တစ်ညတစ်ညမှာ နှစ်ခါထက် မနည်း လာလာကြည့်တယ်။ သစ်သားခြေနင်းက အသံထွက်ရင် နိုးသွားမှာစိုးလို့ ဖိနပ်မပါဘဲ လာရတယ်တဲ့။ ဒီလို နှစ်နှစ်ကျော်မွေးခဲ့တဲ့ မြေးကို ပေးလိုက်ရမယ် ဆိုတဲ့အမိန့်တော်လည်း ကြားရရော ဘွားတော်ဟာ တစ်ခါတည်း မေ့မြောသွားတယ်။ အဲဒီနောက် သေတဲ့အထိ ခဏခဏ အရူးသွက်သွက်လယ်အောင် ဖောက်ပြန်တယ်။ အသက်၅၀ နှစ်၊ ၁၉၂၅ ခုမှာ လွန်တယ်။

ကျွန်တော့်ခမည်းတော်ဖြစ်တဲ့ ဒုတိယမင်းသားကျန်ဟာ သူ့အသက်ခုနစ် နှစ်မှာ ဖတဆိုးဖြစ်ရရှာတယ်။ ဒီတော့ ရှေးရိုးစဉ်လာ သူကောင်းတို့ အမူအကျင့် မပျက်အောင် မွေးစေလို့ ကွယ်လွန်သူက အမိန့်ထားသွားတဲ့အတိုင်း မင်းသမီးကြီး နှစ်ပါးက သူ့ကို မွေးကျွေးသုတ်သင်ပါတယ်။ အဲဒီကတည်းက ရှေးရိုးသူကောင်းတို့ အနေအစားအတိုင်း နေလာခဲ့ရတယ်။ ရင်ခွင်ပိုက်ခန့်တာကို ခံရတော့ သူ့ဝင်ငွေဟာ အင်မတန်ကြီးမားတယ်။ မယ်တော်က အိမ်မှုကိစ္စကို ထိန်းသိမ်း စီမံတယ်။ သူပိုင် ဘဏ္ဍာ ဂါရိကကို စောင့်ရှောက်ဖို့နဲ့ ဧည့်သည်တော်တွေကို ဧည့်ခံ ကျွေးမွေးဖို့ ရုံး တစ်ရုံး သီးခြားဖွင့်ထားတယ်။ ကိုယ်ရံတော်တပ်လည်း ရှိတယ်။ သင်းကွပ်တွေ၊ အစေခံတွေလည်း ခိုင်းဖို့ အများကြီးပေါ့။ ဖြေဖျော်မယ့်လူ၊ အကြံပေးမယ့်လူလည်း များတယ်။ ဒီတော့ အိမ်မှုကိစ္စလည်း ဘာမှ မကြောင့်ကြရဘူး။ အသုံးချရမယ့် အတတ်ပညာကော လောက်လောက်လားလား ဘာတတ်စရာလိုသေးသလဲ။ မတတ် ဘူးပေါ့။ အပြင်လောကနဲ့လည်း အဆက်အဆံမရှိဘူး။ အဆောင်အယောင် အခမ်း အနားခင်းကျင်းပြီး အပြန်အလှန် သွားထိုက်လို့သွားပြီး နှုတ်ဆက်လည်ပတ်ရတဲ့ အိမ်မျိုးကလွဲပြီး တခြား လူမှုဆက်ဆံရေးလည်း မရှိဘူး။

ခမည်းတော်မှာ ကြင်ယာတော်နှစ်ပါးရှိတယ်။ အစုစု သားလေး၊ သမီး ခုနစ် ထွန်းကားတယ်။ ကနေ့အထိ နှစ်ပါးပဲ လွန်သေးတယ်။ ခမည်းတော်က ၁၉၅၁ ခု၊ ကျွန်တော့်မယ်တော်ရင်းက ၁၉၂၁ ခုမှာ လွန်တယ်။

မယ်တော်နဲ့ခမည်းတော်တို့ဟာ တစ်ဦးနဲ့တစ်ဦး ဘာတစ်ခုမှ တူတာမရှိဘူး။ မန်ကျူအမျိုးသမီးဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ပြောရေးဆိုမှု လုပ်ရေးဆောင်တာတွေမှာ သူတို့ လင်ယောကျ်ားတွေထက် သာတယ်ဆိုတာ ဟုတ်လောက်တယ်။ ကျွန်တော့်ဇနီးဝန်ရုန်ရော ကျွန်တော့်မယ်တော်ပါ အထူးသဖြင့် အပျော်အပါးအဝယ်အခြမ်း ကျွန်တော်နဲ့ ကျွန်တော့်ခမည်းတော်ထက် သူတို့က အသိအမြင်သာတယ်။ မန်ကျူမိန်းကလေးကို ဘာပြုလို့ ဒီလို အိမ်ထောင်ထိန်းသိမ်းရာမှာ နိုင်နင်းအောင် သင်ကြားပေးပြီး ဘာပြုလို့ အကြီးတွေကပါ လေးလေးစားစား ဆက်ဆံသလဲဆိုတော့ သူတို့ကို ကေရာ်ဇ်ကတော်ကောက်ပြီး မောင်းမကိုယ်လုပ်နဲ့ မိဖုရားကြီးအထိဖြစ်နိုင်တဲ့ အလားအလာရှိတဲ့အတွက် ဖြစ်တယ်လို့ ပြောကြတယ်။ ကျွန်တော့် အထင်ကတော့ မောင်ဖွားတွေ အလေလိုက်ပြီး ပျင်းနေတုန်း၊ ရာထူးဂုဏ်ထူးအလိုက် အလုပ်များတုန်း အိမ်မှုကိစ္စနဲ့ ငွေကြေးစီမံခန့်ခွဲတဲ့ကိစ္စဟာ နှမ တာဝန်ဖြစ်သွားလို့ သူတို့တော်လာရတယ်လို့ ထင်မိပါတယ်။ မယ်တော်ဟာ သူ့ အိမ်မှာ လူတကာက အရေးပေးခံရတယ်။ ဒါကြောင့် ချီယှီက ဒီကောင်မ ငါ့တောင်မကြောက်ဘူးလို့ တစ်ခါကပြောဖူးသတဲ့။ အသုံးအဖြုန်းမှာလည်း နံပါတ်တစ်ပါပဲ။ ခမည်းတော်ရော ဘွားတော်ပါ ဘာမှ မတတ်နိုင်ကြဘူး။ ခမည်းတော်ရတဲ့ လယ်ခွန်လယ်ခတွေ ထောက်ပံ့ကြေးတွေ လာဘ်မစားကြေး (အပိုငွေတစ်မျိုး မှန်မှန်ပေးထားရင် လာဘ် မယူတော့ဘူးလို့ယူဆပြီး ပေးမြဲဖြစ်တဲ့ ပိုက်ဆံ)တွေ အစုစုပေါင်းလိုက်ရင် ခမည်းတော်ဟာ တစ်နှစ်ကို တေးဒင်္ဂါးငါးသောင်းတောင်ရတယ်။ သမ္မတနိုင်ငံခေတ်ကလည်း ဒါကို အပြည့်ပဲဆက်ရတယ်။ အဲဒီ ပိုက်ဆံရလာလို့ တယ်မကြာဘူး။ မယ်တော်သုံးလို့ ကုန်တာပါပဲ။ ခမည်းတော်က မယ်တော် အဖြုန်းကြီးတာကို ဟန့်တားတဲ့သဘောနဲ့ နည်းအမျိုးမျိုးခင်းတယ်။ သုံးဖို့ငွေကို တိုင်းတိုင်းတိတိ ပေးစမ်းတယ်။ ဒေါ်နဲ့မောနဲ့ အိုးခွက်တွေ ရိုက်ခွဲပြီး ဆူကြည့်တယ်။ ကြွေထည်ကွဲလွန်းလို့ နောက်တော့ ကြေးထည် ခဲထည်ပဲ သုံးတော့တယ်။ မယ်တော်ကလည်း ပါးတယ်။ ခမည်းတော်ရဲ့ ပရိယာယ်ကို ကောင်းကောင်းသိတယ်။ ပရိယာယ်အရာမှာ သူ့ထက်သာတယ်။ နောက်ဆုံးတော့ မယ်တော်သုံးချင်သလောက် ထုတ်ပေးနေရတာပဲပေါ့။ အကြွေးတောင်းတဲ့စာတွေ ပုံပြီးရောက်လာရင် ဘွားတော်က ငိုတယ်။ ခမည်းတော်က အစဉ်အလာသိမ်းလာတဲ့ လက်ဝတ်ရတနာတွေ၊ လယ်တွေကို ရောင်းပြီး ဆပ်ခိုင်းတယ်။

မယ်တော်ဟာ အိမ်ထောင်ပြုစဉ်က ပါလာတဲ့ လက်ဝတ်လက်စားကိုလည်း တိတ်တိတ်ရောင်းပစ်တယ်။ ဒီလောက်ငွေတွေကို ဘာလုပ်ပစ်သလဲဆိုတာ ကျွန်တော် နောက်မှသိတယ်။ နေ့စဉ် လုပတင့်တယ်ဖို့လည်း သုံးပါတယ်။ ဒါပေမယ့် နိုင်ငံရေး

ကျားကွက်မှာဝင်ပြီး အကွက်ဆင်တာက ငွေသိပ်ကုန်တယ်။ မယ်တော်လိုပဲ တခြား ကေရာဇ်ရိုးက ကြင်ယာတော်တွေဟာ နန်းပြန်ရဖို့ အာဏာပြန်ရဖို့ ငွေတွေ ပုံပေး နေကြတယ်။ သင်းကွပ်တွေ လူယုံတွေဆိုတဲ့ လူတွေက ညာစားကြတာပေါ့။ ဘယ် လောက်ပေးပေး ဘာမှ အရာမရောက်ဘူး။

ဟိုငယ်ငယ်တုန်းကပဲ ကျွန်တော့် ညီတော်နှမတော်တွေဟာ ခမည်းတော် နဲ့ ဘွားတော်ကို နည်းနည်းမှ မကြောက်ဘူး။ မယ်တော်ကိုတော့ သိပ်ကြောက်ရ တယ်။ အစေခံတွေကတော့ ပြောစရာမရှိဘူး။ ခမည်းတော်ဟာ တစ်နေ့ စံအိမ်တော် ကို ပြန်ရောက်တော့ ဘယ်တံခါးပေါက်မှ မပိတ်ရသေးတာ တွေ့ရတော့ သင်းကွပ် တစ်ယောက်ကို ခေါ်မေးတယ်။ သင်းကွပ်က မယ်တော်ပြန်မရောက်သေးလို့ပါလို့ ဖြေတယ်။ ခမည်းတော်က ဒါကိုပဲစိတ်ဆိုးပြီး သင်းကွပ်ကို ကြမ်းမှာ ဒူးထောက်နေစေလို့ ဒဏ်ပေးမယ်။ အစေခံမိန်းကလေးတစ်ယောက်က ဘယ်လိုဝင်ပြောသလဲလို့ ထင် သလဲ။ အခုဟာ ရှင်သက်သာတာ၊ သခင်သာဆိုရင် ရှင့်ကို အညိုအမည်းစွဲအောင် ရိုက်ပစ်လိုက်မှာပဲတဲ့။ သခင်ဆိုတာ မယ်တော်ကိုပြောတာ။ ချိုယိုလိုပဲ မယ်တော်လည်း သူ့ကို သခင်မလို့ခေါ်ရင် မကြိုက်ဘူး။

ကျွန်တော့်ကို သုံးခါလယ်သား မပြည့်ခင်ကပဲ နန်းတော်ထဲ ခေါ်သွားလို့ မယ်တော်ရင်းနဲ့ ဘွားတော်ကို ကျွန်တော် ဆယ်နှစ်သားရှိမှ နန်းတွင်းကို ခေါ်သွားယူပြီး ပြန်တွေ့ရပါတယ်။ တစ်စိမ်းတစ်ရံစာကို တွေ့ရသလိုပဲ မှတ်လည်းမမှတ်မိဘူး။ ရင်းနှီးစိတ်လည်း မရှိဘူး။ ဒါပေမယ့် ဘွားတော်ဟာ မျက်ရည်အပြည့်နဲ့ ကျွန်တော့် ကို တစ်ချိန်လုံး စိုက်ကြည့်နေတာ တွေ့ရတယ်။ မယ်တော်ကတော့ ပုံစံတစ်မျိုးပေါ့။ ကြောက်စရာကောင်းပုံလည်း ရတယ်။ သွေးရယ်လို့လည်း ရင်းနှီးစိတ်မပေါ်ဘူး။ တွေ့တဲ့အခါတိုင်း မယ်တော် အလေးအနက် ပြောလေ့ရှိတဲ့စကားက–

ကိုယ်တော်မြတ်ဟာ ဘေးလောင်းတော် ဘိုးလောင်းတော်တွေ ထားခဲ့တဲ့ ကျင့်ဝတ်သိက္ခာတွေကို ပေါက်မြောက်အောင် လေ့လာပါ။ ဒါမှမဟုတ်လည်း

ကိုယ်တော်မြတ်ဟာ မတော်လောဘမထားရဘူး၊ အများလူတကာနဲ့မတူဘူး၊ မြင့်မြတ်တယ်၊ စောစောအိပ်၊ စောစောထ အဲဒါမျိုးတွေပြောတယ်။ ကနေ့ ပြန်စဉ်းစား တောင် လွမ်းစိတ်မပေါ်ဘူး။ အနုညာတမျိုးရိုးကလာတဲ့ ဘွားတော်နဲ့ မဟာနွယ်စဉ်က မယ်တော် စိတ်နေသဘောထား ဘယ်လောက်ကွာကြသလဲလို့။

* * *

## အခန်းနှစ်

# ကလေးဘဝ
# နန်းတက်နန်းဆင်း

မင်းသားကျန်ရဲ့စံအိမ်တော်မှာ ၁၉၀၈ ခု နိုဝင်ဘာလ ၁၃ ရက်က အတော်ပဲ ဆူဆူပူပူ ဖြစ်ခဲ့ရတယ်လို့ ဆိုရမယ်။ ကေရီမယ်တော်ကြီးရဲ့ အမိန့်တော်ကို အသစ်စက်စက် ရင်ခွင်ပိုက်ဖြစ်လာတဲ့ ခမည်းတော်က ပြန်ပြောလို့မှ မဆုံးခင် ဘွားတော်က မေ့မြောသွားတယ်။ သင်းကွပ်တွေ အစေခံမတွေက ဂျင်းရေထည့်တဲ့လူကထည့် ဆေးဆရာ ပြေးခေါ်တဲ့လူကခေါ်၊ တစ်ဖက်ခန်းမှာတော့ အော်ငိုနေတဲ့ကလေးကို ဝိုင်းချော့နေကြရတယ်။ ရင်ခွင်ပိုက်ဖြစ်လာတဲ့ ခမည်းတော်တော့ သူမပါတဲ့နေရာ မရှိအောင် နေရာအနှံ့ ပြေးလွှားနေရတယ်။ နန်းတော်က ကျွန်တော့်ကို ခေါ်ခဲ့ဖို့ လွှတ်လိုက်တဲ့ အတိုင်ပင်ခံချုပ်နဲ့ သင်းကွပ်တွေကို ဧည့်ခံရတယ်။ ကျွန်တော့်ကို အဝတ်အမြန်ဆုံးပေးဖို့လာပြီး စီမံရတယ်။ ဘွားတော် မေ့နေတာကို ပြန်လာကြည့်ပါဦးလို့ ခေါ်လိုက်ရတယ်။ ကေရာဇ်လောင်းကို နန်းတော်အရောက် ခေါ်ဆောင်သွားဖို့ ရောက်နေတဲ့ ဧည့်သည်တွေကိုလည်း ကြာကြာပစ်ထားလို့ မဖြစ်ဘူးမဟုတ်လား။ ဘွားတော် သတိပြန်ရလာတော့ ဘွားတော်ကို အတွင်းခန်း ခေါ်လာကြတယ်။ အဲဒီအတွင်းခန်းမှာတော့ ကေရာဇ်လောင်းဟာ သူ့ကို ကောက်ချီမယ့် သင်းကွပ်တွေကို တွန်းထိုး ရိုက်နှက်ပြီး အော်ဟစ်ငိုနေတယ်။ အမိန့်တော်မြတ်ကို သွေဖည်နေတယ် ပေါ့။ နန်းတွင်းသင်းကွပ်တွေဟာ ဟန်လုပ်ပြီး ရယ်နေကြရတယ်။ အတိုင်ပင်ခံချုပ်ရဲ့ အမိန့်ကို စောင့်နေတယ်။ အတိုင်ပင်ခံချုပ်ကလည်း ရင်ခွင်ပိုက်ရဲ့ အစီအမံကိုပဲ မစွံမှန်းသိရက်နဲ့ ကျော်မလုပ်သင့်ဘူးဆိုပြီး နေရရှာတယ်။ ရင်ခွင်ပိုက်ဆိုတဲ့ပုဂ္ဂိုလ်ကလည်း ခေါင်းညိတ်တာလောက်ပဲ လုပ်တတ်တယ်။

အဲဒီနေ့က ဖြစ်ပျက်ပုံတွေကို နောက်မှ အိမ်ဖော်လူကြီးတွေက ပြန်ပြောပြလို့ ကျွန်တော် ခုလို ပြောတတ်တာပါ။ အခြေအနေကို တကယ်ထိန်းနိုင်သူက ကျွန်တော့်နို့ထိန်းပါ။ နို့လှန်တိုက်တော့ ကျွန်တော်လည်း မဆူနိုင်တော့ဘူး။ ဒီတော့မှ

ခမည်းတော်နဲ့ အတိုင်ပင်ခံချုပ်ဟာ ဘာလုပ်ရမယ်ဆိုတာ သဘောပေါက်သွားတယ်။ နို့ထိန်းက နန်းတော်အရောက်လိုက်ပို့ပြီး ဟိုကျမှ ချိုယှိရှေ့တော်မှောက် ဝင်ခါနီးမှာ သင်းကွပ်တွေက လက်ပြောင်းယူဖို့ပါပဲ။

ချိုယှိနဲ့ တွေ့ပုံတော့ စိတ်ထဲမှာ မှတ်မိသလို ရေးရေးရှိတယ်။ စိတ်ထဲမှာ လန့်ဖျပ်သွားပုံရတယ်။ ဒါကြောင့် မှတ်မိထားတာ ဖြုန်းခနဲ ကျွန်တော့်ပတ်လည်မှာ မျက်နှာစိမ်းတွေကြီးပဲ။ ရှေ့မှာ ကန့်လန့်ကာ အတားအဆီးထဲက ခြောက်သွေ့ပိန်ရှုံ့နေတဲ့ ကြောက်စရာမျက်နှာတစ်ခုက ကြည့်နေတယ်။ ချိုယှိပဲပေါ့။ ကျွန်တော်ကလည်း သူ့ရှေ့မှာ အားရှိသလောက် အော်ဟစ်ပြီး ငိုတော့တာပဲလို့ ပြောပါတယ်။ ပြီးတော့ ထိန်းမနိုင်နိုင်လောက်အောင်ပဲ တုန်နေတယ်တဲ့။ ချိုယှိက ကျောက်ဖရုံယိုကျွေးလိုက်လို့ပြောလို့ ကျောက်ဖရုံယိုတွေ ယူလာတော့ ကျွန်တော်က လွှင့်ပစ်တယ်။ ပါးစပ်ကလည်း အထိန်းကိုပဲ အော်ခေါ်နေသတဲ့။ ချိုယှိက တော်တော် စိတ်ပျက်သွားပုံနဲ့ ကောင်ရှုပ်ကလေးပဲ။ ကစားဖို့ ခေါ်သွားလို့ အမိန့်ချလိုက်ပါတယ်။

ရွှေနန်းတော်ထဲ ကျွန်တော်ရောက်လို့ နှစ်ရက်အကြာမှာ ချိုယှိ နတ်ရွာလားတယ်။ နောက်ပြီး ဒီဇင်ဘာလ ၂ ရက်နေ့မှာ ရွှေနန်းသိမ်းပွဲကြီး ကျင်းပပါတယ်။ ကျွန်တော်ငိုတာနဲ့ ပွဲပျက်တယ်ပေါ့။

နန်းသိမ်းပွဲကို ကွန်းပြေပြစ်စွာ **(ထိုင်ဟောတီအင်)**မှာ ကျင်းပတယ်။ တကယ်တော့ ရွှေနန်းတွင်းအမတ်တွေနဲ့ ကိုယ်ရံတော်တပ်က ဇဟိုကွန်းပြေပြစ် **(ကျုန်ဌ်ယောတီအင်)**မှာ ပထမ အလေးပြုခံရတယ်။ ပြီးတော့ ရှေ့တန်း အုပ်ချုပ်ရေးနဲ့ စစ်မှုရေးအရာရှိတွေက သစ္စာတော်ခံ ကန်တော့ကြတယ်။ အဲဒီနေ့က ရာသီဥတုကလည်း သိပ်အေးတယ်။ ဒီတော့ အခုပြောတဲ့ ကန်တော့ အခမ်းအနားတွေဟာ သိပ်ပြီး ကြာတယ်။ ပင်ပန်းတယ်လို့ထင်မိတယ်။ နောက်ဆုံး ကွန်းပြေပြစ်စွာကို သွားပြီး ပလ္လင်မြင့်ကြီးပေါ်မှာ ကျွန်တော့်ကို တင်ထားတော့ ဆက်သည်းမခံနိုင်တော့ဘူး။ ခမည်းတော်က ပလ္လင်အောက်က ဒူးထောက်ပြီး ကျွန်တော့်ကို လက်တစ်ဖက်နဲ့ ကိုင်ထားတယ်။ မလှုပ်ဖို့လည်း ပြောတယ်။ ကျွန်တော်က တွန်းထိုးပြီးငိုတယ်။ ဒီမှာ မနေချင်ဘူး အိမ်ပြန်ပို့ အိမ်ပြန်ပို့လို့လည်း မပြတ်အော်နေတယ်။ ခမည်းတော်လည်း ဇောချွေးပြန်ပြီး စိတ်ဒုက္ခ အကြီးအကျယ် ရောက်ရတယ်။ အရာရှိတွေ ဆက်တိုက်ဝင်ပြီး ကန်တော့နေကြတုန်းမှာပဲ ကျွန်တော်ငိုတာ ပိုပိုကျယ်လာတယ်။ ခမည်းတော်က ချော့တဲ့အနေနဲ့ မငိုနဲ့ မငိုနဲ့ မကြာဘူးပြီးမယ်၊ မကြာဘူး ပြီးမယ်နဲ့ မပြတ် ပြောရှာတယ်။

ပွဲသဘင်ပြီးဆုံးတော့ အဖေက မကြာခင် ပြီးမယ်။ သားက အိမ်ပြန်မယ်နဲ့ ပြောကြတာ စဉ်းစားမိရဲ့လားလို့ အရာရှိတွေ တိုးတိုးကြိတ်ပြီး တစ်ယောက်ကို တစ်ယောက် မေးကြတယ်တဲ့။ ဆိုလိုတာက အတိတ်နိမိတ်ပေါ့။ နန်းသက် မရှည်ဘူးပေါ့။ တချို့စာအုပ်တွေက "မကြာဘူးပြီးမယ်"ဆိုတဲ့ စကားကြောင့် ကျိန်ဌ်မင်း

ဆက်ဟာ သုံးနှစ်အတွင်း ပြတ်စဲသွားပြီး ကေရာဇ်ပေါက်စလေးလည်း "အိမ်ပြန်" ရတယ်။ အဲဒါကို ပညာရှိတွေက ဟိုတုန်းကပဲ နိမိတ်ဖတ်ပြီးသားလို့ ရေးကြတယ်။

တကယ်ကတော့ အခြေအနေဖြစ်လာပုံကို သူတို့သိပြီးမှ စိုးရိမ်တာပါ။ ဒီစကားနှစ်ခွန်းထက်ပိုပြီး လေးနက်တဲ့ဘေး အဖြစ်အပျက်က ရှိပြီးပဲ။ ဟိုတုန်းက မှတ်တမ်းတွေ ပြန်ကြည့်တော့ တွေ့ပါတယ်။ မန်ကျူးဆန့်ကျင်မှုန်တိုင်းဟာ ပြင်းထန်လာပါပြီ။ ကုအန်နင်ယှုံစိုးစံချိန်ရဲ့ နောက်ပိုင်းမှာပဲ သိသာတယ်။ ကျွန်တော့် နန်းသက်တစ်လျှောက်မှာတော့ ပိုလို့ပဲ ပြင်းထန်လာတယ်။ ပြီးတော့ ယွန်ရှီကိုင် သြဇာတက်လေ အခက်တွေ့လေပဲ။ တော်လှန်ရေးသမားက အပြင်ရန်၊ သူက အတွင်းရန်။ ဒါကြောင့် သမိုင်းတစ်လျှောက်မှာ ကျွန်တော်စိုးစံချိန်ဟာ အဆိုးဆုံးတဲ့။

ကေရာဇ်အဖြစ် သုံးနှစ် စိုးစံရတာလည်း မပြေပြစ်၊ နန်းစွန့်ရပုံက ပိုပြီး မပြေမပြစ် ဖြစ်သေးတယ်။ အဲဒီတုန်းက အဖြစ်အပျက်ကို ခုအထိ ကောင်းကောင်း မှတ်မိနေပါသေးတယ်။ ကေရီမယ်တော်ကြီးလုန်ယူက စိတ်ထိခိုက် နန်းမ (ယန်င်ယှင်တီအင်)ရဲ့ဘေးခန်းမှာ **ကန်င်**[၁]နဲ့ထိုင်လို့ ပဝါနဲ့ မျက်ရည်သုတ်နေတယ်။ အသက်ကြီးကြီး၊ ဝဝလူတစ်ယောက်က ဖုံနီပေါ်မှာ ဒူးတုပ်လို့ သူ့မှာလည်း မျက်ရည်တွေတွေကျလို့။ မယ်တော်ကြီးရဲ့ ယာဘက်မှာ ကျွန်တော်က ထိုင်နေပြီး လူကြီးတွေ ဘာကြောင့်ငိုနေကြသလဲဆိုပြီး အံ့သြစိတ်နဲ့ကြည့်နေမိတယ်။ အခန်းထဲမှာ ကျွန်တော်တို့သုံးဦးအပြင် ဘယ်သူမှ မရှိဘူး။ ဆိတ်ငြိမ်နေတယ်။ လူဝကြီးက စကားပြောရင်း နှာရည် တရှုံ့ရှုံ့ လုပ်သေးတယ်။ ဒီတော့ သူ့စကားကို သဲကွဲအောင် ကျွန်တော် နားမလည်ဘူး။ နောက်မှ ဒီလူဝကြီးဟာ ယွန်ရှီကိုင်ပဲလို့ သိရတယ်။ သူ့ကိုဒီတစ်ခါပဲ မြင်ဖူးလိုက်ပါတယ်။ မယ်တော်ကြီးဆီကိုသူလာတာလည်း ဒီအကြိမ် နောက်ဆုံးပဲ။ ဟုတ်မဟုတ်တော့ မသိဘူး။ အဲဒီတုန်းကပဲ သူက ကျွန်တော် နန်းစွန့်ရမယ့် ပြဿနာကို တိုက်ရိုက် စပြီးပြောတယ်ဆိုပဲ။ အဲဒီနောက်တော့ သူ့အသက်ဘေး စိုးရိမ်ရတယ်။ နန်းတော်ကို မလာဝံ့ဘူးလို့အကြောင်းပြပြီး နောက်တစ်ခေါက် မလာရအောင် ရှောင်နေတယ်။

ဂူကျုန်င် ဆူပူမှု မီးပွားဟာ တစ်နိုင်ငံလုံး ကူးစက်တောက်လောင်ပါတယ်။ ကေရာဇ်တပ်တော်တွေရဲ့ မန်ကျူး သေနာပတိဟာ ပေ့ယန်င် တပ်မတော်နဲ့ သမ္မတအင်အားစုကို မဖြိုခွင်းနိုင်တဲ့အခါမှာ ရင်ခွင်ပိုက်မင်းသားအဖို့ ယွန်ရှီကိုင်ကိုပဲ ပြန်ခေါ်ပြီး ရန်ကို နှိမ်ဖို့ တောင်းပန်ရတယ်။ ယွန်ဟာ ဘယ်လို ဈေးဆစ်ရမယ်ဆိုတာ သိတာပေါ့။ ဒီတာဝန်ကို မလုပ်လိုပါလို့ အကြိမ်ကြိမ် ငြင်းတယ်။ နောက်ဆုံး အမတ်ချုပ်ကြီး ရာထူးနဲ့တကွ စစ်မှုရေးမှာ ဦးစီးချုပ် လုပ်ပါတော့လို့ အာဏာ

---

၁။ အိပ်ရန်၊ ထိုင်ရန် နှစ်မျိုးရ အုတ်ခုံ၊ ဆောင်းအခါ အောက်ကအပူဓာတ်ပေးလို့ရတယ်။ တရုပ်နိုင်ငံမြောက်ပိုင်းမှာ သုံးလေ့ရှိတယ်။

ကုန်ပေးတဲ့အခါမှ လက်ခံလိုက်တယ်။ အဲဒီအခါမှာ ကေရာဇ်ရဲ့ အမိန့်တော်အတိုင်း ပေ့ယန်င်တပ်မတော်က သမ္မတဂိုဏ်းဝင်တွေ နှိမ်နင်းဖို့ သူစီမံတယ်။ ဟန်ယန်င်ကို ပြန်သိမ်းမိတဲ့အခါ ရှေ့မဆက်ဘဲ ရင်ခွင်ပိုက်မင်းသားနဲ့ မယ်တော်ကြီး လုန်င်ယုကို တွေ့ဖို့လိုတယ်လို့ အကြောင်းပြပြီး ပေကင်းကို ပြန်လာတယ်။

ယွန်ရှီကိုင်ဟာ အရင် ယွန်ရှီကိုင် မဟုတ်တော့ဘူး။ သူ့မှာ အခုရထားတဲ့ နိုင်ငံရေးနဲ့ စစ်မှုရေးတန်ခိုးသတ္တိတွေမှာ ထပ်လောင်းပြီး အရာအရောက်ဆုံး သတ္တိထူးတစ်ခု ရှိသေးတယ်။ အဲဒါကတော့ ပေကင်းမှာရှိတဲ့ အင်္ဂလိပ်သံအမတ် အပါအဝင် နိုင်ငံခြားသားတွေက သူ့ကို အားပေးလိုတဲ့သဘောရှိတယ်။ သမ္မတဂိုဏ်းဘက်ကလည်း **ဝေါင်ကျိန်ဝေ**[၁]နဲ့လည်း အကျွမ်းတဝင် ရှိတယ်။ ဝေါင်ကျိန်ဝေဆိုတာ ရင်ခွင်ပိုက်မင်းသားကိုလုပ်ကြံတာ မအောင်မြင်ဘဲ ပေါ်ပေါက်သွားလို့ အဖမ်းခံရပြီး ဂျပန့်လူမှန်းသိရလို့ အကွပ်ခံရမယ့် ဘေးက လွတ်ပါတယ်။ ဝူကျန်င်ရဲ့ ဆူပူမှုအပြီးမှာ သူ့ကို ထောင်ကလွှတ်ပြီး ယွန်ရှီကိုင်နဲ့ သမ္မဂိုဏ်းသားတွေရဲ့ ကြားက ပွဲစားလုပ်ခဲ့တယ်။ တော်လှန်ရေးဘက်မှာ ပေါ်ပေါက်သမျှကို သတင်းပို့တယ်။ ယွန်က တရာမင်းဂိုဏ်းသားတော့အထင်ကြီးအောင်လည်း လုပ်ပေးတယ်။

မိတ်ဆွေဟောင်းသစ်တွေနဲ့ သူတို့ဆီကရတဲ့ သတင်းစကားတွေ အကူအညီတွေနဲ့ဆိုတော့ ယွန်ဟာ ခါတိုင်းထက်ပိုပြီး အားကောင်းတယ်ပေါ့။ ပေကင်းကို ပြန်လာလို့ တစ်လမကြာသေးဘူး မင်းသားကျိန်င်ကို အသုံးချပြီး ရင်ခွင်ပိုက်မင်းသားကို အရာက နုတ်ပစ်နိုင်ခဲ့တယ်။ ပြီးတော့ စစ်စရိတ်လိုတယ်ဆိုပြီး ကေရီမယ်တော်ကြီး လုန်င်ယူဆီက ရွှေနန်းတွင်း အဖိုးထိုက်အဖိုးတန်ပစ္စည်းတွေကို သိမ်းယူသွားတယ်။ ကေရာဇ်ရိုးနဲ့ သူကောင်းမျိုးတွေဆီကလည်း တပ်မတော်ရန်ပုံငွေဆိုပြီး ငွေခွဲသေးတယ်။ သူ့လက်တွင်းမှာ နိုင်ငံရေး၊ စစ်ရေးနဲ့ ဘဏ္ဍာရေးအာဏာတွေ ရထားပြီဆိုတော့ ရုရှားနဲ့ တခြားနိုင်ငံတွေ ရောက်နေတဲ့ တရုတ်သံတွေက ကျိန်င်နန်းတော်ရုံးကို ကေရာဇ်ထီးနန်း စွန့်သင့်ကြောင်း အနူးအညွတ် တောင်းပန်စကားကို သံကြိုးရိုက်ပြီး ပြောခိုင်းတယ်။ သူကိုယ်တိုင်ကတော့ သမ္မတနိုင်ငံဖွဲ့မှ ပြဿနာတွေ ပြေမယ်လို့ ကက်ဘိနက်တစ်ဖွဲ့လုံးရဲ့ဆန္ဒအနေနဲ့ ကေရီမယ်တော်ကြီးဆီမှာ လျှို့ဝှက်အစီရင်ခံစာ တင်တယ်။ ကျွန်တော် စောစောက ပြောပြတဲ့ ဆွေးနွေးပွဲဟာ အဲဒီ အစီရင်ခံစာ တင်တုန်းကပဲ ဖြစ်မယ်။ ဒါကြောင့် မယ်တော်ကြီးဟာ မျက်ရည်မဆည်နိုင် ဖြစ်ရတယ်။ သူ့အစီရင်ခံစာထဲမှာ ကေရာဇ်ဟာ ထွက်ပြေးလည်း မလွတ်ဘူး။ နန်းစွန့်တာ

---

၁။ ဝေါင်ကျိန်ဝေဆိုတာ နောက်တော့ နာမည်ပျက်ရှိတဲ့ ကိုမင်တန်င်ခေါင်းဆောင်ဖြစ်လာပြီး ဂျပန်ကိုလိုလားတဲ့ သစ္စာဖောက်ဖြစ်သွားတယ်။ ကျူးကျော်လာတဲ့ ဂျပန်ကို ၁၉၃၈ ခု၊ ဒီဇင်ဘာမှာ သူအတိအလင်း လက်နက်ချတယ်။ ဒီအခါ က ကိုမင်တန်င်မှာ သူဟာ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့နိုင်ငံရေးကောင်စီမှာလည်း ဥက္ကဋ္ဌဖြစ်ပါတယ်။ နန်ကင်းမှာ ၁၉၄၀ ပြည့် မတ်လဖွဲ့တဲ့ ရုပ်သေးဗဟိုအစိုးရမှာ ဥက္ကဋ္ဌဖြစ်ပြန်တယ်။ ဂျပန်မှာ ၁၉၄၄ ခု နိုဝင်ဘာလ သေလွန်တယ်။

နေးရင်တောင် ပြင်သစ်တော်လှန်ရေးတုန်းက လူဝီ၁၄ တို့ ကြုံတွေ့ရတဲ့ အဖြစ်ဆိုးမျိုး ကြုံတွေ့နိုင်တယ်လို့ ပါတယ်။

ကြောက်လန့်သွားတဲ့ မယ်တော်ကြီးဟာ ချက်ချင်း ကေရာဇ် အတိုင်ပင်ခံ အစည်းအဝေးခေါ်ပြီး နန်းရိုးမင်းသားတွေရဲ့ အကြံဉာဏ်တောင်းတယ်။ လျှို့ဝှက် အစီရင်စာအကြောင်းရော ယွန်ရှီကိုင်ပြောသမျှကို သူတို့တစ်တွေ ကြားရတယ်ဆိုရင်ပဲ သိပ်ကြောက်ကုန်ကြတယ်။ လူဝီ ၁၄ ကျဆင်းတဲ့ဘဝမျိုးအထိ အခု ကေရာဇ် ကျ ရောက်သွားမှာ စိုးလို့မဟုတ်ပါဘူး။ ကေရာဇ်နန်းရိုးအပေါ်မှာ ယွန်ရှီကိုင်ဟာ သစ္စာမတည်တော့ဘူးဆိုတာသိရလို့ သူတို့အသီးသီးပေါ်မှာ ကျရောက်မယ့် အန္တရာယ် ကို တွေးတောပြီး လန့်ကြောက်ကုန်ကြတယ်ပေါ့။

အစပထမတော့ ယွန်ရှီကိုင်ဟာ သမ္မတဂိုဏ်းနဲ့ စေ့စပ်ရေးလုပ်တဲ့အခါ သမ္မတနိုင်ငံမလို၊ ဥပဒေမင်းသာသင့်ပြီလို့ အဆိုပြုခဲ့တယ်။ နောက်တစ်ခါ နိုင်ငံ အဖွဲ့အစည်းရဲ့ ပုံစံ (သမ္မတနဲ့ ဥပဒေမင်းနှစ်မျိုး ရှိတဲ့အနက် ဘယ်ဟာလဲဆိုတာ)ကို ယာယီအမျိုးသားလွှတ်တော်ခေါ်ပြီး ဆုံးဖြတ်စေမယ်လို့ ကျိန်ဘက်တော်သားနဲ့ သမ္မတဂိုဏ်းသားတို့မှအရ သဘောတူကြတယ်။ ဒါပေမယ့် ကျိန်ဘက်တော်သား တွေက အမျိုးမျိုးအဖုံဖုံပြောနေတာနဲ့ အဲဒီလွှတ်တော်ဆိုတာမှာ ဘယ်သူတွေ ဘယ် လောက်ပါပြီး ဘယ်တော့ ဘယ်ခါ ဘယ်နေရာမှာ လုပ်မယ်လို့ကို ဆုံးဖြတ်မရနိုင် ဘဲ ဖြစ်နေတယ်။ သမ္မတဂိုဏ်းသားတွေက ဒီပြဿနာတွေ ပြေလည်အောင်ရှင်းပြီးတဲ့ အထိ မစောင့်ပါဘူး။ နန်ကင်းမှာ ယာယီအစိုးရဖွဲ့တယ်။ **ဆွန်ယတ်ဆဲန်**ကို ယာယီသမ္မတ မြှောက်တယ်။ ဒီအခါ ယွန်ရှီကိုင်က စေ့စပ်ဖို့ လွှတ်ထားတဲ့ သူ့ကိုယ်စားလှယ်ကို နုတ်သိမ်းပြီး သူကိုယ်တိုင် သံကြိုး အပြန်အလှန်ရိုက်ပြီး သမ္မတဂိုဏ်း ကိုယ်စားလှယ် တွေနဲ့ အရေးဆိုကြတယ်။ ဒီလို နိုင်ငံပုံစံ (သမ္မတသို့မဟုတ် ဥပဒေမင်း) မပေါ်ခင် ကပဲ ကေရာဇ်က နန်းစွန့်နှင့်ပါလို့ ယွန်ရဲ့ ကဲ့ဘိနက်(ဝန်အဖွဲ့)က တောင်းဆို လာတယ်လို့ နန်းရိုးမင်းသားကြီးတွေကြားတဲ့အခါ သိပ်ပြီး တုန်လှုပ်ချောက်ချား သွားတယ်ဆိုတာ မဆန်းပါဘူး။

ယွန်ရှီကိုင်ဟာ နိုင်ငံခြားသားတွေရဲ့ အကူအညီကို ရပြီးဖြစ်နေတဲ့အပြင် သမ္မတဂိုဏ်းကိုလည်း သူလိုသလို ကြိုးဆွဲနိုင်လောက်အောင် ဂိုဏ်းသားတချို့ကို သူက မဟာမိတ်လုပ်ပြီး ဖြစ်နေပြီ။ တော်လှန်ရေးသမားတွေထဲမှာ မူလက ဥပဒေမင်းကို ကြိုက်သူတွေဟာ ယွန်ကိုပဲ သူတို့အကြိုက်ဆောင်နိုင်မယ့် အားထားစရာ ပုဂ္ဂိုလ်ပဲလို့ မျှော်လင့်ချက်ထားကြတယ်။ နည်းနည်းညံ့တဲ့ သမ္မဂိုဏ်းသားတွေကတောင် ဒီမျှော်မှန်းချက်ကို ဟုတ်နိုးနိုးထင်လာကြသေးတယ်။ ဒါ့ကြောင့်လည်း သမ္မတဂိုဏ်း ဘက်က လူတွေဟာ ယွန်သာ သမ္မတနိုင်ငံကို ခေါင်းဆောင်ပြီး ထူထောင်ရရင် မြန်မြန် အောင်မြင်မယ်။ ဒါ့ကြောင့် သူ့ကိုပဲ ပထမ သမ္မတလုပ်လှည့်ပါလို့ ဖိတ်သင့်တယ်ဆိုပြီး ဒီလိုပဲ ဖိတ်ခေါ်ဖို့ ဆုံးဖြတ်ကြတာပါပဲ။ ယွန့်အကြိုက်

ဖြစ်လာပြီ။ ဒါ့အပြင် ရင်ခွင်ပိုက် မင်းသားနဲ့ အပေါင်းပါတွေဟာ သူ့အပေါ်မှာ ဘယ်တော့မှ အငြိုးကြေမှာ မဟုတ်ဘူး။ သူတို့မကြိုက်တဲ့ တော်လှန်ရေးဂိုဏ်းကို သူက နှိပ်ပေးတယ်ပဲထား။ တစ်နေ့ အခွင့်သာရင် သူ့ကိုပါ သုတ်သင်ကြမှာပဲဆိုတာ သူက ကြိမ်းသေတွက်ပြီးသားပေါ့။ ဒီတော့ သမ္မတဂိုဏ်းက ဖိတ်တာကို လက်ခံမယ်လို့ ဆုံးဖြတ်တယ်။ ယွန်ရှီကိုင်ဟာ နန်ကင်းမှာ ယာယီသမ္မတရာထူးကို ယူလေပြီလို့ဆိုတဲ့ သတင်းကို မျှော်လင့်မထားမိဘဲ ဖြုန်းခနဲကြားလိုက်ရရင် ကျိန်မင်းရိုးတွေက ဘာလုပ်မလဲ။ ငါက ဘယ်လိုရှင်းမလဲလို့ အကြံထုတ်ပါတယ်။ အဲဒါက သူ့အဖို့ အရေးအကြီးဆုံး ပြဿနာပေါ့။ သမ္မတဂိုဏ်းသားတွေဟာ တောင်ဘက်တစ်ဝှမ်းမှာ အမျိုးသားလွှတ်တော်ခေါ်ဖြစ်သွားရင် အဲဒါကို နောင် သူ့အနေနဲ့ ဖျက်ပစ်ဖို့ မလွယ်ဘူးဆိုတာ သူသိတယ်။ ဒီတော့ ခရီးမလွန်ခင် ဧကရာဇ်နန်းစွန့်လေအောင် ဧကရီမယ်တော်ကြီး လုန်င်ယူကို တစ်ဖက်ကလှန့်၊ တစ်ဖက်က ထောက်ထားငဲ့ညှာရေး စာချုပ်နဲ့ ချော့မြှူမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီနည်းနဲ့ ဧကရာဇ်ဟာ အလို အလျောက် နန်းစွန့်ပြီး သူ့ကို ယာယီအစိုးရ ဖွဲ့ခိုင်းမယ်။ အာဏာလွှဲပြောင်းယူခိုင်းမယ်လို့ တွက်ချက်ပြီးသားပါ။ ယွန်ရှီကိုင်ဟာ ဘာပြုလို့ ဖြုန်းခနဲ မရှက်မကြောက် လက်ခုပ်လက်ဝါး အပြောင်းအလဲ မြန်ဆန်ရသလဲဆိုတာ ဒီလောက်ရှင်းရင် သိလောက်ပါပြီ။

ယွန်ပဟာ ဒီလို ကျိန်င်နန်းရိုးအပေါ် သစ္စာဖောက်ပြီဆိုတာကို ဧကရီမယ်တော်ကြီး လုန်င်ယူရှေ့မှာ သူ အခစားဝင်တုန်းက သူကိုယ်တိုင်က မျက်ရည်စက်လက်နဲ့ စပြောနေတော့ ဓာတ်မသိရင် ရိပ်မိကြဖို့ ခက်ပါတယ်။ ဒါပေမယ့် နန်းရိုးထဲက စောစောက သူ့ကိုယုံဖူးတဲ့ မင်းသားတွေတောင် တို့များ လည်လည်ပတ်ပတ် ခံကြရပြီလို့ နားလည်လိုက်ကြပါတယ်။

ယွန်ကို အစကတည်းက မလိုလားတဲ့ မင်းသားတွေကတော့ နိုင်ငံတော် တချို့နေရာတွေမှာ မန်ကျူးအလံကိုင်တွေ အသတ်အဖြတ် ခံရတာကို ကလဲ့စားချေ မယ်။ နောက်ဆုံးကျဉ်းအထိခံချမယ်နဲ့ပေါ့လေ။ ဧကရီမယ်တော်ကြီးလုန်င်ယုက ဧကရာဇ်အတိုင်ပင်ခံအဖွဲ့ ပထမအစည်းအဝေးခေါ်ချိန်က အားလုံး စိတ်မာန်တွေနဲ့ ရောက်လာကြတယ်။ ယွန်ရှီကိုင်ရဲ့ မူလမဟာမိတ်မင်းသားကျိန်င်နဲ့ အပေါင်းပါ ထိုးနန်းစွန့်တာကို အားလုံး သဘောတူသင့်တယ်လို့ ပြောတဲ့အခါ ပြင်းပြင်းထန်ထန် ကန့်ကွက်ကြတယ်။ မင်းသားကျိန်င်ဟာ နောက်တစ်နေ့ အစည်းအဝေး မလာတော့ဘူး။ သူ့ရဲ့ ဘက်တော်သားလည်း လေပြောင်းသွားတယ်။

ဒီအခြေအနေဟာလည်း ကြာကြာမခံပါဘူး။ သိလိုက် ကြားလိုက်ရသမျှ အားလုံး ပေါင်းစပ်ပြီး ပြန်ရုပ်လုံးဖော်ရရင် ဧကရာဇ်အတိုင်ပင်ခံအဖွဲ့ရဲ့ အစည်းအဝေး ဖြစ်ပျက်သွားပုံဟာ အကြမ်းသဘောက ဒီအတိုင်းပါပဲ။ ကြွရောက်လာသူတိုင်း ခြွင်းချက် မရှိ သမ္မတနိုင်ငံကိုမလို၊ ဧကရာဇ်ပြည်ထောင်ကိုပဲ ဆက်လက်ပြီး သဘောကျတယ်

ဆိုတာ ထင်ရှားအောင် ကေရီမယ်တော်ကြီးကမေးပြီး အခိုင်အမာ မှတ်တမ်းတင်ပါတယ်။ ပြီးတော့မှ ကေရီမယ်တော်ကြီးက ဆက်ပြီး မင်းသားကျိုန်င်ရဲ့ အစီရင်ခံစာအရ ကေရာဇ်တပ်တော်များဟာ သမ္မတဂိုဏ်းသားတွေကို နှိမ်နင်းနိုင်စွမ်းမရှိ။ ပြီးတော့ ကျိုန်င်အစိုးရကို နိုင်ငံခြားသားတွေက အခု ရင်ခွင်ပိုက်မင်းသား ရာထူးကနုတ်ထွက်ပြီးမှ လိုအပ်တဲ့အကူအညီပေးမယ်လို့ မှန်းဆရတယ်လို့ ဆက်ပြောပြန်တယ်။

နန်းရိုးထဲက ယွန်ဆန့်ကျင်ရေးအစုခေါင်းဆောင် ပုဝေက ဒီစကားကို မယုံထိုက်ဘူး။ ဘာပြုလို့လဲဆိုတော့ အခုပဲ ရင်ခွင်ပိုက်မင်းသားဟာ ရာထူးကထွက်ပြီးဖြစ်နေပြီ။ နိုင်ငံခြားသားတွေ မကူပါလားလို့မေးတယ်။ သူနဲ့ အပေါင်းပါတွေက ဆက်ပြောပြန်တယ်။ သူပုန်ကိုကြောက်ဖို့ မလိုဘူး။ ပေ့ယန်င်ဗိုလ်ချုပ် ဖုံနိုင်ကို ကျနိုင်ရဲ့ အစီရင်ခံချက်အတိုင်းဆိုရင် စစ်စရိတ်သုံးလစာရှိရင် သူပုန်ကို အပြီးနှိမ်နိုင်မယ်။ ဒီတော့ ကေရီမယ်တော်ကြီးက ယွန်ရှိကိုင်ဟာ စောစောကပဲ နန်းတွင်းဘဏ္ဍာရှိသမျှ သိမ်းသွားပြီဖြစ်လို့ သူ့မှာ ငွေမရှိကြောင်း ထုတ်ဖော် ပြောပြရှာတယ်။ ပြီးတော့ ငွေရှိတယ်ပဲထား။ မနိုင်ရင် ဘယ်လိုဖြစ်မလဲ။ ဒီအခါမျိုးကျမှ ထောက်ထားငဲ့ညှာရေးစာချုပ်မှာပါတဲ့ အချက်တွေကို တို့များ ပြန်လို့ရနိုင်ဦးမလားလို့ မေးပါတယ်။

ပုဝေက အဲဒီစာချုပ်ဟာလည်း ပရိယာယ်ပါပဲလို့ ပြောတော့ ကဲ ဒီလိုဆိုရင် စစ်တပ်ကို ဘယ်လောက် အားကိုးရမလဲဆိုတာ သိချင်တယ်။ စစ်တပ်အခြေအနေကို ပြောပါလို့ မယ်တော်ကြီးက ပြောတော့ ဘယ်သူကမှ ခိုင်ခိုင်မာမာ မပြောနိုင်ကြဘူး။

ဒီလိုအခြေအနေမျိုးမှာ ဘာကိုမှ အတိအကျ ဆုံးဖြတ်လို့မရဘူးပေါ့။ အစည်းအဝေးဟာ ရက်ရှည်လေ တိုက်မယ်ခိုက်မယ်လို့ စိတ်ဓွဲကြီးတဲ့လူ နည်းလေဖြစ်လာတယ်။ ဒီအတွင်း ပေ့ယန်င် ဗိုလ်ချုပ်တစ်ဦးဖြစ်တဲ့ တွအန်ကျိရွေ့က ကျိုန်င်ကေရာဇ် ထီးနန်းစွန့်ပါလို့ သံကြိုးစာတစ်စောင် ပို့လိုက်တယ်။ ထီးရိုးနန်းဆက်ထဲက စစ်ပါတီဝင် ခေါင်းဆောင်မင်းသားကြီးနှစ်ပါးဟာ ပီကင်းက ထွက်သွားကြပြီး တစ်ပါးက ဂျာမန်တွေ သိမ်းယူထားတဲ့ ကျင်တပ်ကို၊ ကျန်တစ်ပါးက ဂျပန်တွေရှိတဲ့ လုရှုန်ကို ရောက်သွားကြပေမယ့် ဂျာမနီအရောက် ဂျပန်အရောက်သွားပြီး ကေရာဇ်ဘက်က ဆောင်ရွက်ဖို့ လှုံ့ဆော်ခွင့်မရဘူး။ ရောက်ရာအရပ်က အရာရှိတွေက ဆက်သွားခွင့်မပေးလို့ပါပဲ။

ကေရီမယ်တော်ကြီးလုန်င်ယူဟာ ၁၉၁၂ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျွန်ုပ်တော် ထီးနန်းစွန့်ပြီလို့ သူက ကိုယ်စားကြေညာလိုက်တယ်။ ထီးရိုးနန်းဆက် မင်းသား အိမ်ထောင်တချို့ဟာ နိုင်ငံခြားသံတွေနေတဲ့အရပ်ကို ဝင်ပြီးခိုလှုံတယ်။ မင်းသားကျိုန်င်ကတော့ သားမယားနဲ့ အတွင်းပစ္စည်းရှိသမျှကိုယူပြီး နိုင်ငံခြားသားတွေရဲ့ သီးသန့်စီးပွားရာနယ်တစ်ခုဖြစ်တဲ့ တီအင်ကျင်ကို သွားနေတယ်။ ကေရာဇ်

အတိုင်ပင်ခံ အစည်းအဝေးလုပ်စဉ်က တစ်လုံးတပါဒမှ ဝင်မပြောတဲ့ ကျွန်တော့် အဖေကတော့ အိမ်ကိုပြန်လာပြီး ခုမှ ကိုယ့်သားသမီးနဲ့ကိုယ် စိတ်အေးချမ်းသာ နေရတော့တယ်ဆိုတဲ့သဘောနဲ့ ကလေးတွေကို ဖက်လဲတကင်း လုပ်ပါတယ်။ ဒီအချိန်မှာ ယွန်ရှိကိုင်ဟာ ကေရီမယ်တော်ကြီး အမိန့်တော်မြွက် မှတ်တော်မူတဲ့ အတိုင်း ယာယီသမ္မတနိုင်ငံ အစိုးရဖွဲ့ဖို့ စီစဉ်နေပါပြီ။ တစ်ဖက်က တော်လှန်ရေး သမားတွေနဲ့ နားလည်မှုယူထားတဲ့အတိုင်း ကျိန်ငလက်နက်နိုင်ငံကြီးရဲ့ အစိုးရဝန် ကြီးချုပ်ရာထူးက တရုတ်သမ္မတနိုင်ငံရဲ့ ယာယီသမ္မတရာထူးကို ပြောင်းလိုက်ပါ တယ်။ ကျိန်ငနန်းရိုးကို ထောက်ညာမယ်ဆိုတဲ့ ကတိစာချုပ်အရ "နန်းငယ်"အတွင်းမှာ သမ္မတရဲ့ အိမ်နီးနားချင်းအဖြစ်နဲ့ ကျွန်တော်ရဲ့ ဘဝဇာတ်လမ်းတစ်မျိုးဟာလည်း အဲဒီအခါမှာ စပြန်ပါပြီ။

နန်းစွန့် မဟာကျိန်ငကေရာဇ်အပေါ်မှာ ငဲ့ထောက်ထား ငဲ့ညာရမယ်ဆိုတဲ့ အချက်တွေကတော့–

**(၁) ကေရာဇ်ဟာ နန်းစွန့်ပေမယ့် ဘွဲ့တံဆိပ်နာမတော်ကို စွန့်ဖို့မလို။ တရုတ်သမ္မတနိုင်ငံက ကေရာဇ်ကို တိုင်းတစ်ပါး မင်းတစ်ဆူလို အလေးအမြတ် ဆက်ဆံစေ။**

**(၂) တရုတ်သမ္မတနိုင်ငံက နန်းစွန့်ကေရာဇ်ကို နှစ်စဉ် ငွေတော်သိန်း လေးဆယ် ထောက်ပံ့စေ၊ ဒေါ်လာအသစ် ကြေညာ ထုတ်ဝေပြီးတာ နဲ့ တစ်ခါတည်း စတင်ပေးစေ။**

**(၃) နန်းစွန့်ကေရာဇ်ဟာ စံနန်းတော်ကြီးမှာ ဆက်ပြီး ခဏစံခွင့်ရှိစေ။ နောက် နွေရာသီစံနန်းကို ရွှေ့စေ။ ထားမြဲ ကိုယ်ရံတော်တပ်ထားစေ။**

**(၄) ကေရာဇ်နန်းရိုးသချိုင်းဂူတော်များမှာ အရိုးအစဉ် ရှိမြဲအတိုင်း ဆက် လက် ပူဇော်ပသမြဲ ပူဇော် ပသစေ။ တရုတ်သမ္မတနိုင်ငံအစိုးရက အစောင့်အကြပ်ထားပြီး စောင့်ရှောက်ပေးစေ။**

**(၅) ကေရာဇ်ကုအန်ငယ်ျူတွင် တဲ့တဲကျန်ရဲ့ဂူတော် မပြီးသေးတာကို မူလ အစီအစဉ်ရှိတဲ့အတိုင်း ပြီးအောင် ဆက်လုပ်စေ။ အရိုးအစဉ်ရှိ တိုင်း သင်္ဂြိုဟ်ပွဲလုပ်စေ၊ ကုန်ကျစရိတ်ကို တရုတ်သမ္မတနိုင်ငံအစိုးရက ကျခံစေ။**

**(၆) နန်းတော်အမှုထမ်းကြီးငယ်ရှိသမျှ ဆက်လက် အမှုထမ်းမြဲထမ်းစေ။ သင်းကွပ်အသစ်သာ ထပ်မံ မခန့်ထားနှင့်စေရ။**

**(၇) နန်းစွန့်ကေရာဇ် ကိုယ်ပိုင်ပစ္စည်းမှန်သမျှကို တရုတ်သမ္မတနိုင်ငံ အစိုးရက အထူး စောင့်ရှောက်ပေးစေ။**

**(၈) နန်းစောင့်တပ်ကို တရုတ်သမ္မတနိုင်ငံ တပ်မတော်မှာ သွတ်သွင်းပြီး**

## လူ့အရေအတွက်နဲ့လစာကို အရင်အတိုင်း ထားစေ။

**ကေရာဇ်လို့နေရပုံ**

ထောက်ထားငဲ့ညှာတဲ့စာချုပ်ထဲမှာ ကျွန်တော့်ကို စံနန်းတော်ကြီးမှာ ခဏ ဆက်နေလို့သာ ဆိုထားတယ်။ ရက်ကန့်သတ်ပေးမထားဘူး။ ဒီတော့ သမ္မတနိုင်ငံ အစိုးရကို အခန်းကြီးသုံးခန်း ပေးလိုက်ရတာကလွဲလို့ ကျန်နန်းတော်ကြီးတစ်ခုလုံးကို ဆက်သုံးနေရသေးတယ်။ ကျွန်တော့်ဖို့ လူလောကနဲ့ ပြတ်နေတဲ့ ကမ္ဘာငယ်ကလေးလို့ ဆိုလောက်တဲ့ အဲဒီအဝန်းအဝိုင်းထဲမှာပဲ လူသားလူနဲ့မတူတဲ့ လူ့ဘဝကို ၁၉၂၄ ခု အမျိုးသားတပ်မတော်က လာပြီး မောင်းထုတ်တဲ့အထိ ကျွန်တော်နေခဲ့ရတယ်။ တရုတ်နိုင်ငံက သမ္မတနိုင်ငံ၊ ကမ္ဘာက ၂၀ ရာစုခေတ်ကို ချီတက်နေတယ်။ ဒီအခါ မှာ ကျွန်တော်ကသာ ၁၉ ရာစုရဲ့ အညစ်အကြေးထဲမှာ ကေရာဇ်ဖြစ်နေတယ်။ ဒါ့ကြောင့် ဒီဘဝကို ကျွန်တော့်ဘာသာ လူမဆန်တဲ့ဘဝလို့ နာမည်မှည့်ပါတယ်။

အဲဒီ ကျွန်တော့်ကလေးဘဝကို ခုနေ ပြန်ပြီးစဉ်းစားလိုက်ရင် အဝါရောင် ပက်ဖြန်းထားတဲ့ ကမ္ဘာကို မြင်မိတယ်။ စဥ့် အုတ်ကြွပ် ကြမ်းခင်းတွေဟာ အဝါရောင်၊ ထမ်းစင်လည်း အဝါရောင်၊ ကုလားထိုင်မှိအုံး ထိုင်ဖုံအားလုံး အဝါ ရောင်၊ ဦးထုပ်အတွင်းခံလည်း အဝါ၊ အဝတ်အထည်အားလုံးဟာလည်း ဝါတယ်။ ခါးပတ်အဝါ၊ စားသောက်တဲ့ ပန်းကန်ခွက်ယောက်အကုန်လုံးဝါ၊ ဆံပြုတ်ပန်းကန် အပေါ်စွပ် ဂွမ်းကပ်လည်း အဝါ၊ ကျွန်တော်ဖတ်တဲ့ စာအုပ်ဖုံး၊ ကျွန်တော့်ပြတင်း လိုက်ကာ၊ မြင်းအာကြိုး...ဝါ။ အဝါလွင်လွင်ဟာ တော်သုံး။ သီးသန့် တစ်ယောက် ထဲသုံးဖို့။ ဒါ့ကြောင့်လည်း ငါ့လိုလူ ဇမ္ဗူမရှိလို့ ကျွန်တော့်စိတ်ထဲမှာ လူမှန်းသိတဲ့ အရွယ်ကစပြီး အကဲရောက်မိတယ်။ ဘုန်းသမ္ဘာရှင်ပေပဲ။ ဘယ်သူနဲ့မှ မတူဘူးလို့ တကယ် ယုံနေမိတယ်။

ဆယ်နှစ်သားအရွယ်ရောက်တော့ ကေရီမယ်တော်ကြီးတွေရဲ့အမိန့်ရလို့ ကျွန်တော်အဘွားရင်းနဲ့ အမေရင်းတွေဟာ ကျွန်တော့်ဆီကို ဝင်ထွက်ခွင့် ရကြပါတယ်။ သူတို့နဲ့အတူ ညီပုကျိအယ်နဲ့ နှမတစ်ယောက်လည်း ပါလာလို့ အတူကစားခွင့် ရတယ်။ ပထမတစ်ခေါက်လာကြတုန်းက အဘွားရယ် ကျွန်တော်ရယ် အမြင့်ကထိုင်လို့ ကျွန်တော်က အန်စာတုံးကလေးတွေနဲ့ ကစားလို့ ညီနဲ့ညီမက အောက်က တရို တသေထိုင်ပြီး ခစားနေကြတယ်။ ဒါနဲ့ သူတို့ကို ကျွန်တော့်ကိုယ်ပိုင်အခန်းကို ခေါ်သွားပြီး မင်းတို့အိမ်မှာ ဘာလုပ်တန်းကစားသလဲဟေ့လို့ မေးတော့ ကျွန်တော် မျိုး ယုကျိအယ် တူတူပုန်းတမ်း ကစားတတ်ပါကြောင်းပါဘုရားလို့ ဖြေတယ်။ သူက ကျွန်တော့်ထက် တစ်နှစ်ပဲငယ်တယ်။ မင်းတို့လည်း တူတူပုန်းသကိုးလို့ ပြောမိတယ်။ တူတူပုန်းရတာ ပျော်စရာပဲ။ ပြီးတော့ ကျွန်တော့်စိတ်ထဲမှာ သိပ်ပြီး မြူးသွားတာက အရင်တုန်းကဆိုရင် သင်းကွပ်တွေနဲ့ပဲ ကစားဖူးတယ်။ ရွယ်တူ ကလေးနဲ့ မကစားဖူးဘူး မဟုတ်လား။ ဒါ့ကြောင့် ညီ ညီမနဲ့ တူတူပုန်းကြတယ်။

အရိုန်ရလာတော့ သူတို့လည်း ကျွန်တော့်ကို **အရှင်ဘ၀သွင်** ဆိုတာ မေ့သွားကြတယ်။ အမှောင်ဓာတ်ရအောင်လို့ ယင်းလိပ်တွေ ချထားပြီး ကစားတယ်။ ညီမက ကျွန်တော့်ထက် နှစ်နှစ်ငယ်တယ်။ သူက လန့်ပြီးအော်တိုင်း ကျွန်တော်တို့ညီအစ်ကို က ကျေနပ်ပြီး ခုန်ပေါက်မြူးတူးမိတယ်။ မောလွန်းမကမောတော့ သလွန်ပေါ် အတူတက်ပြီး ထိုင်ကြရင်း နောက်တစ်မျိုး ကစားနည်း ကြံပါဦးလို့ ကျွန်တော်က သူတို့ကို နိုင်းမိတယ်။ ညီက ခပ်တွေတွေ စဉ်းစားသလိုလုပ်ပြီး ကြောင်စီစီ မျက်နှာ ထားနဲ့ ကျွန်တော့်ကိုလှမ်းကြည့်တယ်။ မင်း ဘာရယ်စရာ တွေ့သလဲလို့ ခပ်ဆတ်ဆတ် ကျွန်တော် မေးပေမယ့်လည်း သူကမဖြေဘဲ ရယ်နေတာပဲ။ ကစားနည်းဆန်းဆန်း ဖြစ်မှာပဲဆိုပြီး ပြောကွာပြောကွာလို့ဆိုတော့မှ ငါက ဘွာဘွာ ယောင်လို့ ကျွန်တော် မျိုး ပုကျိအယ်က ကိုယ်တော်မြတ်ကြီးလည်း လူလိုပါပဲကလားလို့ ဆင်ခြင်မိပါတယ် ဘုရားလို့ ပြောတယ်။ ဆက်ပြီးသူက ဇာတ်ထဲမှာတော့ ကေရာဇ်က မုတ်ဆိတ်ကြီး နဲ့တဲ့။ မုတ်ဆိတ်ကို လက်နဲ့သပ်တဲ့ပုံ လုပ်ပြသေးတယ်။ အဲဒီလို သူလက်မြှောက် ပြီး မုတ်ဆိတ်ကို ကိုင်ပုံမျိုးအလုပ်မှာ သူ့အင်္ကျီလက်အတွင်းခံအ၀ါကို ကျွန်တော် သွားမြင်တယ်။ ချက်ချင်း မျက်နှာထားတင်းသွားပြီး မင်းဒီအရောင်ကို ဆင်ယင်ခွင့် ရှိသတဲ့လားလို့ မေးမိတယ်။ မှန်–မှန်–မှန်ပါ။ ဓိးဝါရောင်ပါဘုရားလို့ ဖြေတော့ ဘယ်ဟုတ်ရမလဲ ဒါ ဝါလွင်လွင်ကွလို့ ကျွန်တော်ကလည်းပြောရော သူလည်း ခပ် လှမ်းလှမ်းသွားပြီး ယို့ယို့ကလေးရပ်နေတယ်။ သည်းခံပါဘုရား သည်းခံပါဘုရား... တဲ့။ ညီမက သူ့အစ်ကိုဘေးမှာ လိုက်ရပ်ပြီး မျက်ရည်တွေဝိုင်းလို့။ ကျွန်တော်က ဆက်ပြီး ဒီအရောင်ကို အ၀ါလွင်လို့ ခေါ်တယ်။ မင်းတို့နဲ့ မထိုက်တန်ဘူးလို့ ဆက် ပြောတဲ့အခါ ပုကျိအယ်က မှန်ပါ့ဘုရား၊ မှန်ပါ့ဘုရားပဲ ပြောဝံ့ရှာတယ်။ စောစောက ကစားဖက်ညီအစ်ကိုဘ၀က သူဟာ ကျေးတော်မျိုးကျွန်တော်မျိုးဘ၀ကို ချက်ချင်း ရောက်သွားရှာတယ်။ မှန်ပါ့ဘုရားသံတော့ ခု မကြားရတာ ကြာပြီပေါ့။ ပြန်စဉ်းစား မိရင် ရယ်ချင်တယ်။ ဟိုတုန်းကတော့ ဒါကိုပဲ ကျေနပ်တယ်။ ဖြေမြဲ မှန်ပါ့ဘုရား မပါရင် ကျွန်တော် စိတ်ဆိုးပါတယ်။ ဒီလိုပဲ ၀တ်တွားပြီး နဖူးမြေထိ **ခယမ်းတာကို** ကြိုက်တယ်။ အကလေးဘ၀ကတည်းက ကျွန်တော့်ထက် အသက် ဆယ်ဆမကကြီးတဲ့ လူတွေပါ လူတကာက ကျွန်တော့်ကို **ခြေတော်ဦးခိုက်** ခစားတာကို ခံခဲ့ရတယ်။ ဒီလို ခစားတဲ့အထဲမှာ ကိုယ့်အမျိုးထဲက လူကြီးသူကြီးတွေ၊ အရိုးအစဉ် အ၀တ်အစားနဲ့ အရာရှိကြီးတွေ၊ သမ္မတအစိုးရရဲ့ အနောက်တိုင်း ၀တ်စုံ၀တ်အရာရှိကြီးတွေ။

ဟိုတုန်းကတော့လည်း နေ့စဉ်အဆောင်အယောင်ခင်းကျင်းရတာလည်း မဆန်းဘူးထင်မိတယ်။

စာသင်ခန်းကိုသွားရင် ကေရီမယ်တော်ကြီးတွေဆီကို သွားရင်၊ ဥယျာဉ် ထဲ လမ်းထွက်လျှောက်ရင် နောက်လိုက် ခြွေရံအစီအရီ ပါလာမြဲပဲ။ နွေရာသီ စံနန်း တော်ကို ကျွန်တော်တစ်ခေါက်ထွက်ရင် ငွေ ရာနဲ့ထောင်နဲ့ ချီပြီးကုန်တယ်။ လမ်း

တစ်လျှောက်မှာ ရဲအစောင့်ချထားရတယ်။ မော်တော်ကား ရှေ့ပြေးနောက်လိုက်တွေနဲ့ ကျွန်တော်က တပ်ချီပြီးသွားတယ်။

ဥယျာဉ်ထဲမှာ လမ်းထွက်လျှောက်ရင်လည်း **တပ်ဝင်း**ခင်းကြပြန်တယ်။ သင်းကွပ်တစ်ယောက်ဟာ ရှေ့ဆုံးက လူတွေ အားလုံးထက် ကိုက်နှစ်ဆယ်သုံးဆယ်ကြိုပြီးသွားပြီး ရှဲစေဖယ်စေလို့ အော်ငေါက်သွားရတယ်။ သူ့အလုပ်က ကားဟွန်းအလုပ်ပဲဆိုပါတော့။ ပြီးတော့ သင်းကွပ်မှူးနှစ်ယောက်ဟာ လမ်းဘယ်ညာက ပုစွန်လုံးတွားသလို ဘေးတိုက်လျှောက်ပြီးသွားရတယ်။ သုတို့နောက် ဆယ်လှမ်းကွာကမှ ဧကရီမယ်တော်ကြီး ဖြစ်ဖြစ် ကျွန်တော်ဖြစ်ဖြစ် လိုက်သွားတယ်။ ကျွန်တော်ထမ်းစင်စီးတဲ့အခါဆိုရင် ဘယ်ညာက သင်းကွပ်ငယ်နှစ်ယောက် ခိုင်းစေတာကို ချက်ချင်းလုပ်ပေးဖို့ အရံသင့် လိုက်ရသေးတယ်။ ကျွန်တော် လမ်းလျှောက်လိုက်ရင် သူတို့က တွဲရတယ်။ နောက်က ထက်ကြပ်မကွာ ပိုးထီးကြီးမိုးလိုက်ရတဲ့ သင်းကွပ်တစ်ယောက်ရှိတယ်။ သူ့နောက်ကမှ ကျွန်တော် ရုတ်တရက် ထိုင်ချင်ရင် ထိုင်လို့ရအောင် ကုလားထိုင်ကို ကိုင်မ,ယူလာတဲ့ သင်းကွပ်တစ်ယောက် အဝတ်အစား လဲစရာ ကိုင်မ,လာတဲ့ သင်းကွပ်၊ ဟိုပစ္စည်း ဒီပစ္စည်း တောင်းတိုင်း ပေးနိုင်အောင် တစ်ယောက်တစ်မျိုးစီ သယ်ခဲ့၊ မခဲ့ကြရတယ်။ အဲဒီအပါးတော်မြဲ သင်းကွပ်တွေနောက်က လက်ဖက်ရည်တော် သင်းကွပ်တွေ လိုက်ရတယ်။ လက်ဖက်ရည်နဲ့ ရေပူရေအေး မုန့်မျိုးယိုမျိုး အချိုအချဉ် စားဖွယ်သောက်ဖွယ် ရသာစုံ ဘူးခွက်အစုံအလင်၊ ပြီးတော့ အန္တရာယ်ကင်း ဆေးဝါးမျိုးစုံ ဆိုင်းထမ်းတံပိုးထမ်းသင်းကွပ်တွေ။ နောက်ဆုံးက ကျင်ကြီးကျင်ငယ်အိုးသယ်တဲ့ သင်းကွပ်တွေ။ လမ်းလျှောက်တဲ့အခါဆိုရင် ရာသီအလိုက် အမိုးဖွင့် အမိုးဖုံးဝေါတစ်ခု ထမ်းခဲ့ကြသေးတယ်။ အဲဒီလူရာကျော်ဟာ မဆူမညံ၊ အထွေးအယှက်မရှိ သေသေဝပ်ဝပ် လိုက်လာကြရတယ်။

ဒါကို ကျွန်တော်က အရောရောအထွေးထွေးဖြစ်အောင် လုပ်မိသေးတယ်။ ငယ်ငယ်ကဆိုတော့ စိတ်ထဲမှာ မြူးလာရင် လျှောက်ပြေးတယ်။ သူတို့ကလည်း အထမ်းအပိုး အလေးအပင်တွေနဲ့ပဲ ဟောဟဲကျအောင် ပြေးလိုက်ကြရရှာတယ်။ နောက် တော်တော်ကြီးလို့ သိတတ်လာတဲ့အခါကျမှ လက်ပါးစေ သင်းကွပ်ငယ်တချို့သာ ခေါ်ပြီး ကျန်လူတွေရပ်ပြီး စောင့်ရစ်လို့ခိုင်းတဲ့အခါ ထမ်းမြဲပိုးမြဲ မလှုပ်မယှက် ရပ်ကျန်ရစ်ခဲ့နိုင်ရှာတယ်။ ပြေးလို့လွှားလို့ ဝတဲ့အခါမှ သူတို့က မူလအတန်းအတိုင်း စီပြီး လိုက်ကြရပြန်တယ်။ ဘိုင်စကယ်စီးတတ်တဲ့အခါ လွတ်လွတ်စီးသာအောင် နန်းတော်ဝန်းကျင်က သစ်ငုတ်သစ်တိုင်တွေ နုတ်ခိုင်းပြီး လျှောက်စီးတယ်။ နောက်တွဲကြီးလည်း မှီအောင်မလိုက်နိုင်တော့ဘူး။ ဒီတော့မှ အခင်းအကျင်းမလိုက်ရလို့ အမိန့်တော်ပြန်ရတယ်။ ဒါပေမယ့် စာသင်ခန်းကို ထွက်တဲ့အခါ မယ်တော်ကြီးတွေဆီ ဝင်တဲ့အခါ ခြွေရံသင်းပင်းမပါရင် ငေါင်းစင်းစင်းကြီး ဖြစ်တယ်လို့ ကျွန်တော်ကိုယ်တိုင် ထင်မိတာနဲ့ လိုက်မြဲလိုက်စေတယ်။

နောက်ဆုံး မင်းကေရာဇ်မှာ ဇာတ်သိမ်းချိန်ကျတော့ သင်းကွပ်တစ်ယောက်တည်း အစေအပါး ကျန်ရစ်တော့တယ်လို့ ပြောသံကြားတဲ့အခါ ကျွန်တော့်စိတ်ထဲမှာ တုန်လှုပ်ချောက်ချားမိတယ်။

မလိုဘဲ နေ့စဉ် ငွေအမြောက်အမြား ဖြုန်းအပစ်ဆုံးအခါကတော့ စားတော်ဆက်တဲ့အခါပါပဲ။ ကေရာဇ်ပွဲတော်တည်ဖို့ ထုံးစံလုပ်မြဲ အစဉ်ကို နည်းနည်းကလေးမှ မယိုမယွင်းစေရဘူး။ ထမင်းဟင်းစတဲ့ စားစရာကိုခေါ်ပုံ ဝေါဟာရကိုလည်း ကြီးကျယ် ခမ်းနားအောင် အမည်ဆန်းအခေါ်ဆန်းတွေ ရှိရပါတယ်။ စားသောက်ချိန်ဆိုတာမှာလည်း အချိန်ကန့်သတ်ပြီးမရှိဘူး။ ကေရာဇ်ကပွဲတော်တည်လိုတယ်ဆိုတဲ့ အချိန်ဟာ အသင့်ဖြစ်ရတဲ့အချိန်ပါပဲ။ စားတော်ပွဲသွင်းလို့ ကျွန်တော် ပြောချိန်မှာ ကျွန်တော့်အပါးက သင်းကွပ်က အခန်းပြင်မှာ အမြဲ ဒီကိစ္စအတွက် ရပ်စောင့်နေတဲ့ သင်းကွပ်ကို အကြောင်းကြားတယ်။ စားဖိုဆောင်အထိ အဆင့်ဆင့်အော်ပြီး ပြောမယ့်လူတွေ စီနေပြီးရှိလို့ အမိန့်သံ မစဲခင်ဘဲ ဝတ်သန့်ဝတ်စင်နဲ့ စဖိုဆောင်က နယားရုပ်ခံ ယွန်းနီရွှေရေးအုပ်တွေနဲ့ စားတော်ပွဲတွေ အစီအရီ ရွက်ပြီး သင်းကွပ်တွေ အတန်းလိုက် ထွက်လာတယ်။ ပွဲတော်အုပ်ခင်းတဲ့ အရှေ့ဆောင်ဝရောက်တော့ ဝတ်ဖြူဝတ်သင်းကွပ်ငယ်တွေက ယူပြီး စားတော်ပွဲ ပြင်ကြတယ်။

စားစရာဟာ ခုံရှည်ကြီးနှစ်ခု ပြည့်သွားတယ်။ ဆောင်းအခါမှာ အတွင်း မီးကြီးခဲပါတဲ့ ပန်းကန်နဲ့ ပြင်ဆင်ထားတဲ့ ခုံရှည်တစ်ခု ထပ်တိုးထားရတယ်။ ပြီးတော့ မုန့်မျိုးစုံက စားပွဲတစ်ခု၊ ဆန်မျိုးစုံ စားပွဲတစ်ခု၊ ဆန်ပြုတ်မျိုးစုံ စားပွဲတစ်ခု၊ ဆားစိမ်အသီးစုံ စားပွဲတစ်ခု၊ နဂါးတံဆိပ်နဲ့ ကြွေအဝါပန်းကန်ပုံစံမျိုးစုံနဲ့ ထည့်ထားတယ်။ ပန်းကန်တိုင်းမှာ **သက်ရှည်နှယ်တော် တစ်သောင်းကျော်**လို့ စာတန်းပါတယ်။ ဆောင်းအခါဆိုရင် ရေနွေးထည့် ကြွေခွက်တင် ငွေပန်းကန်နဲ့ ကျွန်တော်စားတယ်။ အဆိပ်ပါမပါ သိနိုင်အောင်ဆိုပြီး ပန်းကန်တိုင်းမှာ ရွှေချောင်းကလေးတွေ ထိုးစိုက်ထားတယ်။ သင်းကွပ်တစ်ယောက်ကလည်း အဆိပ်မပါကြောင်း သေချာအောင်ဆိုပြီး ဟင်းခွက်တိုင်းကို ရှေ့တော်သွင်းမလာခင် မြည်းရတယ်။ ကျွန်တော်စားဖို့ နေရာမှာထိုင်ရင် ပန်းကန်ဖုံးတွေအားလုံး လှစ်စေလို့ သင်းကွပ်တစ်ယောက်က အမိန့်ပေးတယ်။ သင်းကွပ်လေးငါးယောက်က အဖုံးရှိသမျှ ဖယ်ယူပြီး သေတ္တာကြီးတစ်ခုနဲ့ သယ်ထုတ်သွားရတယ်။

ဆယ်တောင်ပတ်လည်နေရာတစ်ကွက်ပြည့်အောင် ချထားတဲ့ စားစရာတွေဟာ ဘယ်လိုအမျိုးအစားတွေလဲ။ ကေရီမယ်တော်ကြီး လုန်ယုကလည်း သူ့အထက်က မယ်တော်ကြီး ချီယှီကိုအားကျပြီး စားပွဲခြောက်ခုံပြည့် ဟင်းခွက်အကြီးရာကျော်ပြင်စေတယ်။ ကျွန်တော့်ပွဲမှာတော့ ဟင်းခွက်အကြီး သုံးဆယ်ကျော်ပါတယ်။ ဟန်လုနဲ့ သယ်လာတဲ့ ဒီဟင်းတွေဟာ ခမ်းနားတင့်တယ်ပြီး ကြည့်ကောင်းစေဖို့ကိုပဲ မူလအာရုံထားတယ်လို့ ဆိုနိုင်တယ်။ ယူခဲ့ဟော့လို့ပြောလို့မှ ပါးစပ်မအုပ်ခင်

ရောက်လာနိုင်တာကလည်း တချို့ကို တစ်ရက် ကြိုပြီးချက်ထားမယ်။ တချို့ကို တော်တော်စောစောကပဲ ပြီးအောင် လုပ်ထားမယ်။ ပြီးမှ တောက်လျှောက် ပူနွေးနေအောင် ဖိုခွင်က မချဘဲထားမယ်။ အဲဒီဟင်းမျိုးကို ဟိုအရင် ကူအန်င်ယူကေရာဇ် ကိုယ်တော်ကြီးလက်ထက်ကစပြီး လက်ဖျားနဲ့မှ မတို့ဘူးဆိုတာ စားတော်ကဲတွေက သိပြီးသားပါ။ ကျွန်တော် တကယ်စားတဲ့ ဟင်းခွက်က ကေရီမယ်တော်ကြီးများ အကြိုက် အကောင်းဆုံး ဟင်းမျိုး နှစ်ဆယ်လောက်ကို ချက်တတ်တဲ့ စားတော်ကဲတွေက တကယ် အရသာရှိတဲ့ဟင်းမျိုးဖြစ်အောင် သီးသန့်ချက်ပို့တာကို စားတယ်။ စားဖို့တော်က **ဟန်လု**နဲ့ ရောက်လာတာတွေက ပြယုဂ်သက်သက်ပဲ ခင်းကျင်းထားပါတယ်။

မယ်တော်ကြီးတွေက မြိန်မြိန်ပွဲတော်တည်ရဲ့လား ကြည့်ချေလို့ လူလွှတ်ပြီး ကြည့်စေပါတယ်။ ဒါကလည်း ထုံးစံလုပ်မြဲသဘောပဲ။ ဘာပြုလို့လဲဆိုတော့ ကြည့်ခဲ့တဲ့လူက ပွဲတော်ထမင်းကဘယ့်လောက် ဟင်းကဘယ့်လောက် စုံစုံ ပွဲတော် တည်တာ မြင်ခဲ့ရပါတယ်ဘုရားလို့ တင်လျှောက်မြဲ ဖြစ်ပါတယ်။

နှစ်သစ်ကူးတဲ့သဘင်နေ့နဲ့ မယ်တော်ကြီးများ မွေးနေ့မှာ ကျွန်တော့်စားဖို က ပွဲတော်အုပ်ပြင်ပြီး သူတို့ဆီကို ပို့ဆက် ပူဇော်ရပြန်တယ်။ အမဲဟင်းလျာ ပြင်ဆင်ပုံ လုပဆန်းကျယ်တယ်။ ဒါကြောင့် ပိုက်ဆံများများ ကုန်တယ်။ စားလို့တော့ မကောင်းဘူး။ အာဟာရဓာတ်နဲ့ ပြည့်စုံမယ်လို့လည်း မမျှော်လင့်နဲ့။

ကျွန်တော်နန်းတက်ပြီး ဒုတိယနှစ်က စာရင်းအရ လတစ်လတည်းမှာ ကေရီမယ်တော်ကြီး လုန်င်ယုရယ်၊ နောက်မယ်တော်ကြီး (မိဖုရားဟောင်း)လေးပါးရယ်၊ ကျွန်တော်ရယ်စားဖို့ အမဲသားတန်ချိန် နှစ်တန်ကျော်နဲ့ ကြက်ဘဲကောင်ရေ **၃၈၀** ကောင် ကုန်သတဲ့။ အဲဒီအထဲက အမဲလေးချိုးတစ်ချိုးကျော်နဲ့ ကြက်ဘဲ **၂၄၀** ဟာ လေးနှစ်သား ကျွန်တော့်အတွက် ဖြစ်သတဲ့။ အဲဒါတွေ ချက်ဖို့ပြုတ်ဖို့ ကြော်လှော်ဖို့ ပြင်ဆင် ခူးခပ် ဆက်သဖို့ ကုန်လိုက်တဲ့လူတွေ။ ပြီးတော့ အထိန်းအယ အစောင့်အရှောက်တွေ၊ မန္တန်မန်းမှုတ်သူ၊ နတ်ပူဇော်သူတွေ၊ ဝက်သားဆိုတာမှာလဲ တစ်လကို ငွေနှစ်ထောင် ကျော်ဖိုး၊ အချိန်တစ်တန်လောက် ကုန်သေးကယ်။ ငါး၊ ပုစွန်၊ ဥနဲ့ တခြားအရံ တွေအတွက် ငွေတစ်သောင်းကျော် ကုန်တယ်။ အဲဒီ အစုစု သက်ထားတဲ့ငွေထဲမှာ မုန့်မျိုး၊ ယိုမျိုး၊ သီးမျိုး သောက်မျိုးဆိုတာတွေအတွက် မပါသေးပါဘူး။ အားလုံး အဆောင်အယောင် အခမ်းအနားအတွက် အဆမတန် ကုန်ကျတာတွေပဲ ဖြစ်ပါတယ်။

မစားဘဲနဲ့လည်း အကြီးအကျယ် ချက်ပြုတ် ကြော်လှော် ကင်ဖုတ်လုပ် သလို မဝတ်ဘဲနဲ့ ချုပ်လုပ်ကြပြန်သေးတယ်။ စာရင်းဇယား အသေးစိတ် မမှတ်မိပါ။ ကေရီမယ်တော်ကြီးနဲ့ မယ်တော်ကြီးတွေအတွက် ဘယ်ဖျင် ဘယ်အမျိုး ဘယ်မျှ ဆိုပြီး သတ်မှတ်ထားပေမယ့် ကေရာဇ်အတွက် အသတ်အမှတ်မထားဘဲ နှစ်ပတ် လည်အောင် အမြဲ အဝတ်သစ်တွေ အဆက်မပြတ် ချုပ်နေတာကိုတော့ မှတ်မိပါတယ်။ ဘယ်တော့ဝတ်ဝတ်၊ ကျွန်တော်ဝတ်တဲ့အခါတိုင်း အသစ်စက်စက်ဆိုတာလည်း

မှတ်မိပါတယ်။ သက္ကရာဇ်မပါဘဲ တစ်လအတွက် အဝတ်သစ်ချုပ်မှတ်တမ်းတစ်ခု ကို ခုရှာလို့တွေ့တယ်။ တစ်လတွင်းမှာ–

**သားမွေးအပေါ်ဝတ် ၁၁**
**သားမွေးအတွင်းဝတ် ၆**
**သားမွေးကိုယ်ကြပ် ၂**
**ဂွမ်းကပ်ကိုယ်ကြပ် ၃၀**

ဘောင်းဘီအများချုပ်တယ်။ ပြီးတော့ ဖျင်ဖိုး၊ သားမွေးဖိုးနဲ့ လက်ခံမပါ။ နှုတ်ခမ်းသပ်၊ အိတ်ကပ်၊ ဘီသီးတပ်ကုန်ငွေ နှစ်ထောင်ကျော်ကုန်တယ်လို့ တွေ့ရတယ်။

အဝတ်တော်လဲရတာကလည်း ထုံးစံနဲ့အညီ ဘယ်အချိန်ဘယ်အဝတ်၊ ဘယ်ပွဲ ဘယ်အဝတ်ဆိုတာ ကန့်သတ်ပြီး ရှိတယ်။ အဲဒီအတိုင်း မမှားရအောင် မလပ်ရအောင် ကြီးကြပ်ပြီး အဝတ်ထုတ်ပေးနေရတဲ့ သင်းကွပ်တွေရှိတယ်။ ပွဲသဘင် နဲ့မဆိုင်တဲ့ နေ့စဉ်ဝတ်အဝတ်ဟာလည်း နှစ်ဆယ့်ရှစ်မျိုးရှိတယ်။ သဘင်ဆိုင်ရာ ဝတ်စရာကတော့ သာပြီးများမယ်ဆိုတာ ပြောစရာ လိုတော့မယ်မထင်ပါ။

ဒီလို များပြားတဲ့အခင်းအကျင်းကို မပြတ်ရှက်ဆောင်ဖို့ ဌာနတွေ ဖွင့်ထားရပုံကိုလည်း ကြည့်ပါ။ ဌာနကြီးခုနစ်ခုနဲ့ ရုံး၄၈ ရုံး ရှိတယ်။ ခုနစ်ဌာနကတော့ အသိမ်း၊ အစောင့်၊ နေရာခင်း၊ အစစ်အဆေး၊ အဝယ်၊ စည်းကမ်းထိန်းနဲ့ အဆောက်အလုပ်ဖြစ်တယ်။ ဆိုင်ရာဌာနအတွက် စခန်းတွေ အဆောက်အအုံတွေ သီးခြားရှိနေရတယ်။ အသိမ်းဌာနဆိုရင် ငွေတော်သိမ်းတိုက်၊ သားမွေးသိမ်း၊ ကြွေထည်သိမ်း၊ အထည်အလိပ်သိမ်း၊ လက်ဖက်ခြောက်သိမ်း စတဲ့ ဂိုဒေါင်တွေရှိတယ်။ စံနန်းတော်ကြီးနဲ့ အမှုထမ်းအရာရှိစာရင်းကို **၁၉၀၉** ခုအတွက် တွေ့ရတာကတော့ အစုစုလူပေါင်း သင်းကွပ်နဲ့ ကျွန်အပါအဝင် **၁၀၂၃** ယောက် ရှိတယ်။ ကျွန်တော် နန်းစွန့်ပြီးတော့ အစပိုင်းက ၆၀၀ ကျန်သေးတယ်။ အသတ်ခံရလို့တဲ့။ စံနန်းတော်ကြီးက ဆင်းခဲ့ရမှ နောက်ထပ်ရှော့တာတောင် သုံးရာကျော်ကျန်သေးတယ်။ အဲဒါလောက်များတဲ့ အစေအပါးတွေကို မှန်းဆကြည့်ဖို့လည်း မလွယ်ဘူး။ ဘယ်သူက ဘာလုပ်ရတယ် ဆိုတာ အသေးစိတ်သိတဲ့အခါ တချို့တာဝန်ဟာကတ်သီးကတ်သတ် နိုင်လွန်းလှသဗျာ လို့ပဲ ပြောဖို့ရှိတော့တယ်။ ဥပမာ ရုံး၄၈ရုံးမှာပါတဲ့ ရယိကူအန်(အလိုတော်တိုက်) ဆိုရင် ဧကရီမယ်တော်ကြီးနဲ့ မယ်တော်ကြီးတွေ လိုသလို ပန်းချီကားနဲ့ အက္ခရာကား ဆွဲပေးဖို့ တာဝန်ပဲရှိတယ်။ ဒီနေရာမှာလည်း ဘယ်ဧကရာဇ် ဘယ်မိဖုရားဆွဲတဲ့ပုံ လို့ အမယ်ခံရလောက်ရုံ သူတို့က တို့မယ်ထိမယ်၊ တကယ်ဆွဲတော့ အဲဒီရုံးကပဲ။

ကျွန်တော်နေရတဲ့ တိုက်တာအဆောက်အအုံနဲ့ သုံးရတဲ့ ပရိဘောဂတွေ ကလည်း ကျွန်တော့်ကိုယ်ကျွန်တော်သိပ်အထင်ကြီးအောင် မြှောက်ပေးနေကြပါတယ်။ ရွှေရောင်ကြွေအုပ်ဆိုတာ ဧကရာဇ်သုံးသက်သက်ဖြစ်တယ်။ အဲဒါအပြင် အမြင့်ဆုံးဆိုတဲ့ ပြာသာဒ်နဲ့လည်း နေရတယ်။ အဲဒီတော့ ငယ်ငယ်ကလေးကပဲ မြေကိုသာငါပိုင်သာ

မဟုတ် မိုးကိုပါငါတယ်လို့ ထင်လာမိတယ်။ ပစ္စည်းအသုံးအဆောင်တွေက ဘဝင်မြင့်အောင် **လက်တွေ့သင်ခန်းစာ** ပေးနေကြပါတယ်။ ကေရာဇ်နန်းတွင်းက မြက်တစ်ပင်မျှ မပျောက်ဆုံးစေရလို့ ကေရာဇ်ကျိအင်လုန်က အမိန့်တော်မြတ်မှတ်ပြီး စံပြအဖြစ် မြက်၃၆ပင်ကို စားပွဲငယ်နဲ့ တင်ထားပြီးနေ့စဉ် ၃၆စေ့မစေ့ ရေတွက်ရ ပါတယ်။ ကျွန်တော့်လက်ထက်မှာလည်း အဲဒီမြက်၃၆ပင် ရှိသေးတယ်။ ဒီမြက်ခြောက်တွေကြောင့် ငါ့အမျိုးဘိုးဘေးလို့လည်း မျှော်မှန်းအံ့သြကြည်ညိုဂုဏ်ယူမိတယ်။ **၁၉၁၁** တော်လှန်ရေးကိုလည်း ခြွင်းချက်မရှိ မုန်းခဲ့တယ်။

ကေရာဇ် တစ်ယောက်အတွက် တစ်နေ့ငွေဘယ်လောက် ကုန်သလဲလို့ တွက်ကြည့်နိုင်ဖို့ အထောက်အထားပြည့်စုံအောင် မကျန်တော့ပါ။ ဒါပေမဲ့ မှတ်တမ်းတစ်ခုမှာ **၁၉၁၅** ခုတုန်းကနဲ့ နောက်သုံးနှစ်အတွင်း ကုန်စရိတ်ကို ယှဉ်လျှင် **၁၉၁၅** ခုက ငွေ ၂,၇၉၀,၀၀၀ တေးလ်ဒင်္ဂါးကုန်တယ်။ နောင်နှစ်တွေမှာ အဲလောက်မကုန်ပေမယ့် ၁,၈၉၀,၀၀၀ ထက် မလျော့ဘူးလို့ တွေ့ရပါတယ်။ ဆိုလိုတာက သမ္မတနိုင်ငံ အစိုးရမင်းတို့ ခွင့်ပြုချက်နဲ့ ရှေးအဆောင်အယောင် ဆက်လက်တည်တံ့ဖို့ အံ့သြလောက်တဲ့ အဖြုံးငွေဟာ ပြည်သူ့ချွေးနဲ့သွေးပဲ ဖြစ်ပါတယ်။ ကျွန်တော့်ဖုတ်ပြီတ္တာသွေးစုပ်ဘဝလည်း သက်ဆိုးရှည်ခဲ့ပါတယ်။

နန်းတွင်းဥပဒေအချို့ဟာ အစတုန်းက ကြွားဝါဖို့သက်သက်ရယ်လို့တော့ ဟုတ်မယ်မထင်ဘူး။ ဟင်းခွက်ထဲမှာ ငွေချောင်းကလေးထည့်ထားတာရယ်၊ ဟင်းခွက်တိုင်း ရှေ့တော်မသွင်းခင် မြည်းကြည့်ရတာရယ်၊ သွားလေရာ ကိုယ်ရံတော်တပ် လိုက်ရတာရယ်၊ ဒါတွေက လုပ်ကြံမှုမရှိအောင်ပေါ့။ အိမ်သာတောင် အပြင်မှာမရှိစေရဆိုတာကတော့ အပြင်အိမ်သာထွက်တုန်း ကေရာဇ် တစ်ယောက် အဲဒီပုံပြင်မျိုးနဲ့ အခမ်းအနားတွေက ကျွန်တော့်ကို ကိုယ့်ကိုယ်ကို ကိုယ်သိပ်အထင်ကြီးအောင် မြှောက်ပေးနေတယ်။ ငါက စိုးမိုးတဲ့လူတစ်ယောက်ပဲလို့ ယုံစေတယ်။ သိပ်အရာရောက်တဲ့ငါပါကလားလို့ အထင်ရောက်စေတယ်။ မိုးမြေကိုငါပိုင်တယ်။

## အမေများတဲ့သား

ရွှေနန်းတော်ကြီးက ရွှေးကောက်မွေးစားတယ်ဆိုတာနဲ့ တစ်ပြိုင်နက် ကေရာဇ်တုန်ကျိနဲ့ ကူအန်င်ယှုတို့ရဲ့ မိဖုရားတွေဟာ ကျွန်တော့်အမေတွေ ဖြစ်လာပါတယ်။ တကယ်က ကျွန်တော်က တုန်ကျိရဲ့သားပါ။ ကူအန်င်ယှုအတွက် **"အရိုးအစဉ်ဆက်လက် ပသ"**ပေးဖို့ တာဝန်ပဲရှိတယ်။ အရင်းအဖျားဆိုတဲ့သဘောမျိုးခွဲရင် တုန်ကျိနဲ့ ရင်းတယ်ဆိုရမယ်။ ဒါပေမယ့် ကူအန်င်ယှုရဲ့ မိဖုရားကြီးလုန်ယုက သဘောအမှန်ကိုပယ်ပြီး သူသာ ကေရီမယ်တော်ကြီး လုပ်လိုက်တယ်။ ကျန်မိဖုရားတွေက မပြောရဲဘူး။ ကူအန်င်ယှုရဲ့ ကျင်မျိုးမိဖုရားကို ဒုတိယမယ်တော်

နေရာတောင် မပေးဘူး။ လက်တွေ့က လုနိုင်နဲ့ ကျွန်တော် စားပွဲမှာထိုင်ပြီး အစာစားနေရင် သူ့ခမျာ မတ်တတ်ရပ်နေရှာတယ်။ လုနိုင်ယူ သေပြီးမှ တုနိုင်ကျီရဲ့ မိဖုရားသုံးပါးနဲ့ ကူအန်ယုူရဲ့ မိဖုရားတစ်ပါးဟာ အားလုံးပေါင်းပြီး တစ်ညီတည်း မယ်တော်ကြီးများအဖြစ် အသိအမှတ်ပြုခံရတယ်။

အမေများတယ်ဆိုပေမယ့် အမေရဲ့ချစ်ခြင်းနဲ့ အယုအယမခံရဘူးပေါ့။ သူတို့လုပ်သမျှက နေ့စဉ် စားတော်ပွဲပို့မယ်၊ ပြီးတော့ စုံစုံမက်မက် စားပါတယ်ဘုရားလို့ လျှောက်တင်သံကို နားထောင်ရရင် သူတို့အလုပ်တာဝန်ပြီးပြီလို့ ယူဆတာပဲ တွေ့ရတယ်။

ကျွန်တော်ငယ်ငယ်က ဗိုက်နာတတ်လို့ စုံစုံမက်မက် ဘာမှ မစားဝံ့ပါ။ သူတို့ တယုတယကျွေးတဲ့ အစာတွေကြောင့်ပဲ ဒီဝေဒနာစွဲတာ ဖြစ်မယ်။ ငါးနှစ်သားက တစ်ခါ သစ်ကြားသီးအစားများတယ်ဆိုပြီး ကေရီမယ်တော်ကြီး လုနိုင်ယု အမိန့်နဲ့ တစ်လကျော်နှစ်လ ဆန်ပြုတ်ကလွဲလို့ ဘယ်လောက်ပဲ ဆာလို့ ပူဆာပူဆာ ဘာမှ မရဘူး။ တစ်နေ့ ငါးကန်ဘေးမှာ ရပ်နေတုန်း ငါးကျွေးဖို့ဆိုပြီး ရက်ကျော်မုန့်ပေါင်းနည်းနည်းရတယ်။ ဝေ်လွန်းတော့ အဲဒါကိုပဲ စားမိတယ်။ ကေရီမယ်တော်ကြီးက သနားသွားမယ်များ ထင်သလား။ ခုထက်ပိုပြီး ကြပ်မက်ရမယ်လို့ အမိန့်ထုတ်တယ်။ ပိုကြပ်လေ ပိုပြီး ခိုးစားချင်လေပါပဲ။ တစ်နေ့ ကေရီမယ်တော်ကြီးဖို့ ရောက်လာတဲ့ မင်းသားတစ်ပါးဆီက ကန်တော့ပွဲကို ဖွင့်ပြီး ဝက်သားတစ်ဖတ်နှိုက်ပြီး ပါးစက်ထဲထည့်ရုံပဲရှိသေးတယ် သင်းကွပ်တစ်ယောက် ပြေးလာပြီး အတင်းနှိုက်ထုတ်သွားတယ်။ ငယ်သေးတော့ ပြန်ရအောင် မလုနိုင်ဘူးပေါ့။

ထုံးစံအတိုင်း စားခွင့်ရတဲ့အခါမှာလည်း ဒုက္ခမလွတ်သေးဘူး။ တစ်ခါက မုန့်အိုးကပ်တွေ အစားများလှတယ်ဆိုပြီး သင်းကွပ်နှစ်ကောင်က ကျွန်တော့်ကို မြှောက်မြှောက်ပြီး ကြမ်းမှာဆောင့်တယ်။ သူတို့ကလို့ ရောဂါ မရတယ်လို့ ဂုဏ်ယူလိုက်ကြသေးတယ်။

ဒါတွေကို တရားလွန်လှပြီလို့ မထင်ပါနဲ့ဦး။ ဒါထက်ကဲတာ ရှိပါသေးတယ်။ ခုနစ်နှစ်သား ရှစ်နှစ်သားအထိ ကျွန်တော် အလိုမကျလို့ ဆူပူမိတယ်ဆိုရင် သင်းကြီးချုပ်က သောင်းနှစ်ဘဝရှင်ရဲ့အသည်းမှာ မီးတောက်နေပြီး ဒီအပူငြိမ်းအောင် သီချင်းဆိုပါစေလို့ပြောပြီး နောက်ဖေးအိုးရှိတဲ့ အခန်းကျဉ်းထဲ သွင်းပြီး တံခါးအတင်းပိတ်ထားပါတယ်။ ဆိုသမျှဆဲသမျှ ကန်သမျှ ဘယ်သူမှ ဂရုမထားဘဲ ငြိမ်သွားတဲ့အထိ ပစ်ထားလိုက်ကြတယ်။ ပြီးမှ သီချင်းကြောင့် ငြိမ်းအေးသွားပြီဆိုပြီး အခန်းထဲက ထုတ်ပေးတယ်။ ဒါက ကျွန်တော်တို့မှာ မိရိုးဖလာ ကုထုံးတစ်ရပ်ပါ။ ကျွန်တော့်ညီတွေလည်း ဒီဆေးမျိုးနဲ့ အကုခံကြရပါတယ်။

ကျွန်တော် ခုနစ်နှစ်သားမှာ ကေရီမယ်တော်ကြီးလုနိုင်ယုသေတယ်။ သူနဲ့ ပတ်သက်တဲ့ အမိမေတ္တာဆိုတာ စောစောက ပြောတာတွေပဲ ဖြစ်တယ်လို့ ကျွန်တော်

မှတ်မိတယ်။ ကျန်မယ်တော်ကြီးလေးပါးနဲ့က အချိန်ကာလပိုပြီး အတူနေရတာပေါ့။ ဒါပေမယ့် သူတို့နဲ့ ဆုံဆည်းရတဲ့အချိန်ဟာ တကယ် နည်းပါတယ်။ ဝင်ထွက်သွားလာပြီး ကြည်ကြည်သာသာ နေခဲ့ဖူးတယ်လို့ တစ်ကြိမ်တစ်ခါမှ မရှိဘူး။ ထုံးစံမို့ မနက်တိုင်းဝင်ပြီး သူတို့ကို နှုတ်ဆက်ရတယ်။ သူတို့ရှေ့ရောက်တော့ ဒူးထောက်ပြီး အရိုအသေပေးဖို့ သင်းကွပ်တစ်ကောင်က ပိုးဝါဖုံတစ်ခု ကြမ်းမှာခင်းတယ်။ အဲဒီမှာ ဒူးထောက်ပြီး အရိုအသေ ဦးညွှတ်လိုက်ပြီး ပြောနေကြစကားကို သူတို့ပြောဖို့ ကျွန်တော်က ပြန်ထပြီး နားစိုက်နေရပါတယ်။ သူတို့က ကေရာ့ခ် ညက အိပ်ပျော်ရဲ့လား၊ အေးတယ် နွေးနွေးဝတ်နော်၊ ဖတ်စာ ဘယ်ရောက်ပြီလဲ၊ ဒီလိုပဲ ပုံမှန်မေးပြီး တစ်ခါတလေ ကစားစရာ အရုပ်ကလေး ပေးတယ်။ ပြီးတော့ ကေရာ့ခ် သွား၊ သွားတော့ချေတဲ့။ ဒါပါပဲ။ နောက်တစ်နေ့လုံး သူတို့နဲ့ ထပ်တွေ့ဖို့ မလိုတော့ပါ။

သူတို့အားလုံးရယ် အဖေအမေနဲ့ အဘွားရယ် ကျွန်တော့်ကို ကေရာ့ခ်လို့ပဲ အမြဲခေါ်တယ်။ သူများကတော့ ကိုယ်တော်ကြီးတဲ့။ ရိုးရိုးနာမည်လည်း ရှိတယ်။ ငယ်နာမည်လည်း ရှိတယ်။ အဲဒီနာမည်တွေနဲ့ ဘယ်အမေကမှ မခေါ်ဘူး။ ဒါ့ကြောင့် အများသူတကာလို ငယ်နာမည်ခေါ်သံကြားရင် ကလေးဘဝနဲ့ အမေ့ကို လွမ်းတယ်ဆိုတာမျိုးကျွန်တော့်မှာ မရှိဘူး။ တချို့ရပ်ဝေးမှာဖျားရင် အမေ့အယုအယကို လွမ်းသတဲ့။ ဒီလို လွမ်းစရာကိုပဲ မကြုံဖူးလို့ အခု ကျွန်တော်ဖျားရင်သာဖျားမယ် မလွမ်းတတ်ဘူး။

ဥတုအပြောင်းအလဲမှာ အအေးမိပြီး ဖျားတတ်ပါတယ်။ အဲဒီလိုအခါမှာ မယ်တော်ကြီးတွေ တန်းစီပြီး ရောက်လာတယ်။ သူတို့နဲ့ပါတဲ့ သင်းကွပ် အခြွေအရံက အခန်းပြည့်မတတ်ပဲ။ သူတို့က ကေရာ့ခ် အနေဆိုးသလား ချွေးရရဲ့လား၊ အဲဒါထက်လည်း ပိုမမေးဘူး။ သုံးမိနစ်လောက်ပြည့်အောင်တောင် မထိုင်ဘူး။ ပြန်ပြီး ကြွမြန်းသွားကြတယ်။ လေးယောက်အဝင်အထွက်ကြောင့် မိနစ်အနည်းအပါးပဲ အနှောင့်အယှက် ဖြစ်ပါတယ်။ နောက်တစ်နေ့လာပြီး အရှုပ်မခံရအောင် ကံကောင်းချင်တော့ ကျွန်တော်ကလည်း တစ်ရက်လောက်ပဲ ဖျားတတ်ပါတယ်။

ကေရီမယ်တော်ကြီး လုန်င်ယု မရှိတဲ့နောက် ကူအန်ကန်င်က မယ်တော်ချုပ် ဖြစ်လာတယ်။ ဒီတော့ ကျွန်တော်ဖျားရင် မယ်တော်ချုပ် ဆေးဖျော်ပြီး ပို့ရတယ်။

အမေလေးယောက်ရဲ့ အယုအယနဲ့ ကျွန်တော် တစ်ဆယ့်နှစ်နှစ်၊ တစ်ဆယ့်သုံးနှစ်သားအထိ ကြီးလာရတယ်။ ကလေးတွေရဲ့ ထုံးစံအတိုင်း ကစားစရာ အသစ်အသစ် လိုချင်တယ်။ တချို့သင်းကွပ်က အထွေအထူး ရှာကြံပြီး ပေးတယ်။ တစ်နေ့တော့ သမ္မတနိုင်ငံတပ်မတော်ရဲ့ ဗိုလ်ချုပ်ကြီး စစ်ဝတ်စုံနဲ့ ဓားလွယ်တွေ ပန်းပွားထုပ်တွေပါ အစုံ ကျွန်တော့်အတွက် တိုင်းပြီး ချုပ်လုပ်ပေးပါတယ်။ ကျွန်တော်ကလည်း သိပ်သဘောကျတယ်။ ဒါပေမယ့် အဲဒါကို မယ်တော်ချုပ် ကူအန်

ကနိုင်ကြားတဲ့အခါ ဒေါသပြင်းပြင်းထန်ထန် ထွက်ပြီး စုံးစမ်းစစ်ဆေးလုပ်ပါလေ ရော။ ပြောခဲ့တဲ့ အဖြစ်အပြင် နိုင်ငံခြားလုပ် ခြေအိတ်တွေလည်း ဝယ်ဝတ်နေတယ်လို့ သိသွားပြန်တယ်။ တာဝန်ရှိတဲ့ သင်းကွပ်နှစ်ယောက်ကိုခေါ်ပြီး ကြိမ်ဒဏ်နှစ်ရာစီပေးပြီး ပန်းကန်ခွက်ယောက်ဆေးတဲ့အလုပ်ကြမ်း လုပ်စေဖို့ ရာထူးချလိုက်ပါတယ်။ အဲဒါ တွေလုပ်ပြီးမှ ကျွန်တော့်ကို ခေါ်ပြီး ကျိန်ငံဧကရာဇ်ကြီး ဖြစ်ပါရက်နဲ့ သမ္မတနိုင်ငံ ဝန်ထမ်းအဝတ်နဲ့ ဥရောပခြေအိတ်တွေ သုံးစွဲတာဟာ ကိုယ့်သိက္ခာကိုယ်မထောက် သိပ်ရှက်ဖို့ကောင်းတယ်လို့ လေရှည်ဆွဲပြီး ဟောပြောပါတော့တယ်။ ဗိုလ်ချုပ်ကြီး စစ်ဝတ်စုံကိုလည်း ချွတ်လိုက်ရတယ်။ နိုင်ငံခြားခြေအိတ်ကိုလည်း ချွတ်ရတယ်။ ထီးရိုးနန်းဆက်အဝတ်နဲ့ နဂါးတံဆိပ်ပါတဲ့ ချည်ခြေစွပ်ကိုပဲ ပြန်သုံးရတာပေါ့။

ကူအန်ကနိုင်ဟာ ဧကရီမယ်တော်ကြီး ချီယှီကို သဘောကျပြီးတုတယ်။ သူ သဘောကျမယ့်သာကျတာ၊ သူ့အစ်မတစ်ယောက်လုံးဟာ ဒီချီယှီသတ်လို့ သေတာမဟုတ်လား။ ချီယှီဆိက သူယူလိုက်တဲ့ပညာတွေထဲမှာ သင်းကွပ်တွေကို မတန်တဆ ရိုက်နှက်ဆုံးမတာအပြင် ဧကရာဇ်ကို စောင့်ကြည့်ဖို့ သင်းကွပ်သူလျှို လွှတ်ထားတဲ့ ပညာလည်းပါတယ်။ ကျွန်တော့်သင်းကွပ်တချို့ကို နှိပ်စက်ဆုံးမပြီးတော့ ကျွန်တော့်ကို စောင့်ရှောက်ဖို့ဆိုပြီး သူ့သင်းကွပ်တစ်ယောက်ကို လွှတ်လိုက်တယ်။ ကျွန်တော်လုပ်သမျှကို နေ့စဉ်သွားပြီး သူ့ကို အစီရင်ခံရတယ်။ ကူအန်ငယ်ယှုကို ချီယှီက ဒီလိုပဲ လုပ်ခဲ့တာပဲ။ သူက စေတနာနဲ့ပဲ လုပ်တယ်ထား၊ ကျွန်တော့်ဂုဏ်ကို ထိခိုက်တယ်လို့ ကျွန်တော်က ယူဆနေမိတယ်။ ကျွန်တော့် စာသင်ဆရာ ကျန်ပပ် ရှဲ့န်ကလည်း မခံမရပ်နိုင်အောင် နာတယ်။ သူက ဧကရာဇ်ရဲ့ ပထမမိဖုရားအဆင့်နဲ့ ဒုတိယမိဖုရားအဆင့် ဘယ်လိုကွာတယ်။ ကူအန်ကနိုင်ဟာ ဒုတိယမိဖုရားအဆင့်မို့ အခု သူယူထားတဲ့ အာဏာမျိုး မယူထိုက်ဘူးဆိုတာ ရှင်းပြတယ်။ အဲဒီလိုဆိုလေ ကျွန်တော် ဒေါသထွက်လေပါပဲ။

ဒေါသပေါက်ကွဲတဲ့အချိန်ကလည်း တယ်မဝေးပါ။ မကြာခင် ကူအန်ကနိုင် က သမားတော်တစ်ပါးကို ရာထူးကထုတ်ပစ်လိုက်တယ်။ ကျွန်တော်နဲ့ တိုက်ရိုက် မပတ်သတ်ဘူး။ အလုပ်ဖြုတ်ခံရတဲ့လူက သူ့ကို ခစားတဲ့ဆေးဆရာသာ ဖြစ်တယ်။ ဒါပေမယ့် ကျွန်တော့်ဆရာက သူ့အဆင့်အတန်းနဲ့ မလိုက်အောင် တယ်လည်း စားထက်နေပါလားလို့ ပြောလိုက်တာလည်းကြားတယ်။ သင်းကွပ်တစ်ယောက်က လည်း သမားတော်ကိစ္စဆိုရင် သောင်းနှစ်အသျှင်သာ ဆုံးဖြတ်ပိုင်ခွင့်ရှိတာယ်။ ကျွန်တော် မျိုးတို့တောင် ကြားက ခံပြင်းတယ်။ ကိုယ်တော်ကြီးလည်း ကူအန်ငယ်ယှု နောက်တစ်ပါး ဖြစ်နေဦးမယ်လို့ ပြောပါတယ်။ ကျွန်တော်လည်း ဒေါသတကြီးနဲ့ ကူအန်ကနိုင်ရဲ့ အဆောင်တော်ကိုသွားပြီး သူ့ကိုမြင်မြင်ချင်း ခင်ဗျားကြီး သမားတော်ကို ဘာပြု လို့ အလုပ်ဖြုတ်ရသလဲ။ အနိုင်ကျင့်တာ မဟုတ်လား။ ဘယ်သူက ဧကရာဇ်လဲ၊ ဘယ်သူ့အမိန့်ကို နာခံမြဲလဲ၊ ခင်ဗျားကြီး လွန်လွန်းပြီလို့ပြောပြီး ပြန်ခဲ့တယ်။ မိန်းမ

ကြီးကလည်း ဒေါသဖြစ်လွန်းလို့ မျက်နှာမှာ သွေးတစ်ပေါက်မှမရှိအောင် ဖြူပြီး တုန်နေတယ်။ သူက ကျွန်တော့်အဖေနဲ့ မင်းသားကြီးတချို့ကိုခေါ်ပြီး ငိုတိုင်တယ်။ အကြံတောင်းတယ်။ သူတို့က ဘာမှ မပြောဘူး။ ကျွန်တော်ကလည်း သူတို့ကို တစ်ပါတည်း ကျွန်တော့်ဆီကို ခေါ်ပြီး သူကဘာလဲ၊ မယားကြီးလား၊ မယားငယ်လား။ ကျုပ်တို့မျိုးရိုးအစဉ်အလာမှာ မယားအကြီးအငယ် ခွဲပြီး ထိုက်တန်သလို ဆက်ဆံရတယ် မဟုတ်လား။ မယားငယ်ကို အမေခေါ် ရရိုးမရှိဘူးဆိုတာ သိကြတယ်မဟုတ်လားလို့ ပြောလိုက်တယ်။ ကျွန်တော် ဒေါသတကြီးပြောတာကို သူတို့ဘာမှ ပြန်မပြောဘဲ ရေငုံနေကြတယ်။

သူနဲ့မတည့်တဲ့ မယ်တော်ကြီးတစ်ပါးက ကေရာဇ်အဘွားနဲ့အမေကို ခေါ်ပြီး တိုင်လိမ့်ဦးမယ် သတိထားလို့ လာပြောသွားတယ်။ ပြောတဲ့အတိုင်းပဲ ခေါ်ပြီးတိုင် တယ်။ တကယ်ကတော့ တိုင်တာမဟုတ်ဘူး။ ခေါ်ပြီးကြိမ်းတာ။ ဒါနဲ့ အဘွားနဲ့အမေ လည်း ကြောက်ပြီး ကျွန်တော့်ဆီလာတယ်။ တောင်းပန်လိုက်ပါလို့ ငိုယိုပြီး ပူဆာ ကြတယ်။ အဘွားနဲ့အမေက ကျွန်တော့်ကို ထာဝစဉ် ငြိမ်းချမ်းအောင် (ယှုန်င်ဟော ကုန်င်)မှာ လာတွေ့တယ်။ ဟိုမိန်းမကြီးက ခန်းမဆောင်မှာ ဆူပူနေတုန်းပဲ။ သူ့ဆီ ကို ကိုယ်တိုင်တစ်ပတ်ဝင်ပြီး ဆူလိုက်ဦးမယ် ကြံပေမယ့် အဘွားတို့က ငိုလွန်း မကငိုတာနဲ့ သူတို့အလိုလိုက်ပြီး တောင်းပန်ပါ့မယ်လို့ ကတိပေးလိုက်ရတယ်။

စိတ်ထဲမှာတော့ မကျေမချမ်းပဲ။ သူ့ဆီသွားပြီး သူ့မျက်နှာမကြည့်ဘဲ မယ်တော် မှားပါပြီလို့ ပြောပြောထွက်ထွက်၊ ထွက်ခဲ့တယ်။ သူလည်း အရှက်ပြေ ပြီး အငိုရပ်တယ်။ နောက်နှစ်ရက်ကြာတော့ ကျွန်တော့အမေဟာ သူ့ကိုယ်သူ သတ်သေတယ်လို့ သိရတယ်။ ကျွန်တော့်အမေဟာ သူ့ဘဝတစ်သက်မှာ တစ်ခါမှ အကြိမ်းအမောင်း မခံရဖူးဘူး။ အခုလိုဖြစ်တော့ ရှက်ဒေါသနဲ့ ဘိန်းမြိုတယ်လို့ ဆိုတယ်။ အမေ သေတာနဲ့ပတ်သက်ပြီး ကျွန်တော် စစ်လားဆေးလား လုပ်မှာကို စိုးဟန်ပါပဲ။ ကူအန်ကန်င်ဟာ ကျွန်တော့်အပေါ်မှာ ဆက်ဆံပုံ ပြင်တယ်။ အချုပ် အချယ် မလုပ်တော့ဘူး။ သာတောင့်သာယာ ပြန်ဖြစ်လာတယ်။ အဲဒီအခွင့်အရေး ရဖို့ အမေသေပေးရတယ်။

## ယူကျိနိင်နန်းမှာစာသင်

ကျွန်တော် အသက်ငါးနှစ်မှာ ကေရီမယ်တော်ကြီးလုန်င်ယူက ကျွန်တော့် ကို စာသင်ဖို့ ဆရာတစ်ယောက် ခန့်တယ်။ ဗေဒင်ဆရာနဲ့လည်း စာစပြီးသင်ဖို့ အခါကောင်းရက်မြတ် ရွေးတယ်။ သူတို့ရွေးပေးတဲ့ရက်က ၁၉၁၁ ခု၊ စက်တင်ဘာလ ၁၀ ရက်ပါပဲ။

ပထမ နန်းတော်ရေကန်ထဲက ကျွန်းတစ်ကျွန်းပေါ်မှာ စာသင်ကြတယ်။

နောက်မှ ယူကျိန်(မွေ့လျော်ဖွယ်) နန်းမကို ပြောင်းကြတယ်။ အဆောက်အအုံက သေးသေးပဲ။ အခန်းနှစ်ခန်းသာရှိတယ်။ ပရိဘောဂတွေကလည်းရိုးရိုးပဲ။ တခြားနေရာတွေမှာလို ခမ်းနားကြီးကျယ်အောင် ဆင်ပြင်မထားဘူးလို့ ဆိုလိုတယ်။ တောင်ဘက်ပြတင်းတည့်တည့်မှာ ခုံရှည်ကြီးတစ်ခု ရှိတယ်။ ခုံပေါ်မှာတော့ ဦးထုပ်တင်စရာ တန်းရယ်၊ ပန်းအိုးတွေရယ် ရှိတယ်။ အနောက်နံရံကို မှောင်ပြီး သလွန်ရှိတယ်။ အဲဒီအပေါ်မှာ ခုံငယ်တင်ပြီး စာသင်ရပါတယ်။ နောက်တော့ စားပွဲ၊ ကုလားထိုင်နဲ့ ထိုင်ပြီးသင်တယ်။ အနောက်နံရံဘက်မှာတော့ စာအုပ်နဲ့ စာရေးကိရိယာတင်တဲ့ စားပွဲနှစ်လုံးရှိတယ်။ နံရံမှာ ကျွန်တော့်အဘိုးဖြစ်တဲ့ ပထမ ကျန်မင်းသားကြီးက သူ့သားဧကရာဇ် ကုအန်ရှုအတွက် ရေးပေးတဲ့ သင်ခန်းစာ ပိုးလိပ်တွေကို ချိတ်ဆွဲထားတယ်။ အခန်းထဲမှာ အထင်ရှားဆုံးကတော့ မျက်နှာဝ ငါးပေကျော်တဲ့ နာရီကြီးတစ်ခုပါပဲ။ နာရီလက်တံတွေကဆိုရင် ကျွန်တော့်လက်တစ်ဆန့်ထက် ရှည်သေးတယ်။ နာရီစက်က တစ်ဖက်ခန်းနံရံမှာ ထားတယ်။ နာရီသော့ပေးချင်ရင် အဲဒီတစ်ဖက်ခန်းကိုသွားပြီး ကားစက်နှိုးတဲ့ သံကောက်မျိုးနဲ့ လှည့်ရတယ်။ ဒီနာရီဟာ ဘာပြုလို့ ဒါလောက်ကြီးသလဲ။ ဘယ်ကလုပ်ပြီး ဘာပြုလို့ ဒီအခန်းလာထားသလဲ။ စက်သံ ဘယ်လိုမြည်သလဲ၊ နာရီထိုးတော့ ဘယ်အသံမျိုးလဲဆိုတာတွေ ကျွန်တော် မမှတ်မိတော့ပါ။

ဒီလောက် အဆမတန်ကြီးတဲ့ အခန်းမှာ စာသင်တဲ့ကလေးဟာ အချိန်အကြောင်း သိရှာမယ်မဟုတ်ပါ။ ဘာပြုလို့လဲဆိုတော့ သူဖတ်ရတဲ့စာအုပ်တွေကြောင့်ဖြစ်ပါတယ်။ အရင်းခံဖတ်စာအုပ်က ရှေးကျမ်းတစ်ဆယ့်သုံးစောင်တွဲ ဖြစ်တယ်။ ဘိုးတော်ဘေးတော်တို့ရဲ့ ဆုံးမပေါင်းချုပ်ဆိုတဲ့ စာမျိုးလည်း ကျွန်တော် ဖတ်ရတယ်။ ကျိန်မင်းဆက် စတင်ပုံ ရာဇဝင်ကိုလည်း ကြည့်ရတယ်။ ကျွန်တော် အသက်တစ်ဆယ့်သုံးနှစ်မှာ အင်္ဂလိပ်စာကို စပြီး သင်ရတယ်။ အင်္ဂလိပ်ဖတ်စာအုပ်အပြင် ကျွန်တော်ဖတ်ဖူးတဲ့ အင်္ဂလိပ်စာအုပ်နှစ်အုပ်ကတော့ **အဲ့နယ်ရောက် အယ်လစ်**နဲ့ တရုတ် ရှေးကျမ်း **လေးစောင်တွဲ** အင်္ဂလိပ်ဘာသာပြန် ဖြစ်ပါတယ်။ မန်ဂျူဘာသာကိုလည်း သင်ရပါတယ်။ ဒါပေမယ့် အက္ခရာတွေကို ပိုင်ပိုင်မတတ်ခင်ဘဲ ဆရာဖြစ်တဲ့ ယိကောတန် သေလို့ ဆက်မသင်ရတော့ဘူး။ သိပ္ပံပညာကို မဆိုထားနဲ့ ဂဏန်းသင်္ချာတောင် ၁၉၁၁ က ၁၉၂၂ အထိ ကျွန်တော်သင်ရတဲ့ သင်ရိုးမှာ မပါဘူး။ ကိုယ့်နိုင်ငံရဲ့ အကြောင်းကိုလည်း "တုန်င်ကျီနဲ့ ကုအန်ယှုတို့ ပြန်လည်အာဏာရခြင်း"အကြောင်းလောက်ပဲ ဖတ်ရတယ်။ နိုင်ငံခြား ဗဟုသုတ ကတော့ အယ်လစ်ရဲ့ အဲ့နယ်အကြောင်းပဲ ဆိုပါတော့။ ဂျော့ဝါရှင်တန်၊ နပိုလီယန်၊ ဝဒ်ရဲ့ ရေနွေးငွေ့စက်၊ နြူတန်နဲ့ သစ်တော့သီး ဆိုတာမျိုးတွေ လုံးဝ မကြားဖူးဘူး။ စကြဝဠာဆိုင်ရာ ဗဟုသုတမှာတော့ ရှေးကျမ်းထဲမှာပါတဲ့ အတိုင်းနှစ်ခုသော အဖွဲ့အစည်း လေးခုသောအဖွဲ့အစည်း၊ ရှစ်ခုသော အဖွဲ့အစည်းဆိုတာမျိုးတွေပါပဲ။ စာအုပ်ထဲမှာ

မပါရင် မပြောဘူးလို့သာ ကျွန်တော့်ဆရာတွေက သစ္စာထားကြရင် ဒါမှမဟုတ်လဲ ကိုယ့်ဘာသာ မနေနိုင်လို့ မဖတ်ရင်၊ တရုတ်နိုင်ငံကြီးမှာ မြို့တော်ပီကင်းဟာ ဘယ်အနားရှိတယ်လို့တောင် ကျွန်တော်သိမှာ မဟုတ်ဘူး။ ဆန်ဟာ စိုက်ယူရပါကလား လို့လည်း သိဖို့မလွယ်ဘူးပေါ့။ ကျိန်င်မင်းရိုးဟာ ဘယ်လို ထူးဆန်းတဲ့ အမျိုးအနွယ် ဖြစ်တယ်လို့ ရာဇဝင်မှာ ရေးထားတာကိုလည်း ဘယ်သူကမှ စာေဒက မတက်ဝံ့ဘူး။ စီးပွားရေးအမြင်မှာတော့ ဆန်တစ်ပြည် ဘယ်လောက်တန်တယ်လို့ ကျွန်တော် မသိပါ။ ဒီတော့ တော်တော်ကြီးတဲ့အထိ ငါဟာ နတ်သမီး ဖောက္ကူလုန် သစ်သီးနိနိကို မြိုလို့ မွေးဖွားလာတဲ့လူက ဆင်းသက်လာတဲ့ အဆက်အနွယ်ဖြစ်တယ်။ လူတိုင်းရဲ့ ထမင်းစားပွဲမှာ စားစရာဟာ စားချင်တဲ့အစာတိုင်း အသင့်ရောက်လေ့ရှိတယ်လို့ပဲ ထင်နေမိတယ်။

အချိန်တော်တော်ကြာအောင် ရှေးကျမ်းတွေ ဖတ်ခဲ့ရတယ်ဆိုလို့ အဲဒီကျမ်း တွေကို သိပ်ကျွမ်းကျင်မှာပဲလို့လည်း အထင်မကြီးလိုက်ပါနဲ့။ စိတ်ထဲမှာ လေးစား ပြီး လိုလိုချင်ချင် ဖတ်ခဲ့တာမဟုတ်လို့ အလကား အချိန်ဖြုန်းခဲ့တာပဲ ဖြစ်ပါတယ်။ ကျွန်တော် နည်းနည်း နေမကောင်းရင် စာမသင်ကြရဘူး။ နေမကောင်းဘူးလို့ အကြောင်းမပြနိုင်တဲ့အခါ ဆရာတွေ ကနေ့ အနားယူကြစေလို့ သင်းကွပ်ကိုလွှတ်ပြီး စာသင်ချိန်မရှိအောင် ဖန်တီးတဲ့အခါတွေလည်း မနည်းဘူး။ အသက်ဆယ်နှစ်အထိ စာသင်ခန်းတွင်းမှာ နေရတာထက် စာသင်ခန်းအပြင်မှာ ရှိတဲ့ သစ်ရာပင်ကြီးအောက် နေရတာက ပိုပြီး အရသာရှိတယ်လို့ ယူဆတယ်။ နွေအခါဆိုရင် အဲဒီအပင်ကြီးမှာ ဆင်းတက်နေတဲ့ ပုရွက်တွေကိုကြည့်ပြီး မုန့်အစအနလေးတွေ ကျွေးတယ်။ သူတို့ အဖို့ ခက်ခဲတဲ့ ချိုင့်တွေ၊ ကုန်းတွေကို သူတို့ ကျော်ဖြတ်နိုင်အောင် တန်းကလေးတွေ လုပ်ပေး၊ အဲဒါမျိုး လုပ်နေရရင် ကိုယ့်ထမင်းစားချိန်ကိုတောင် ကိုယ်မေ့နေမိတယ်။ ကျွန်တော်နှစ်သက်တဲ့ ကစားနည်း နောက်တစ်မျိုးကတော့ နံကောင်တွေ တီကောင် တွေကိုဖမ်းပြီး ရှေးလက်ထက်သုံး ကြွေဘူးကြွေခွက်တွေနဲ့ ထည့်မွေးတာပါပဲ။ စာ အုပ်မှာ စိတ်စွဲမြဲတယ်လို့ရှိခဲ့တယ်။ စာဖတ်ရင်းလည်း စောစောကပြောတဲ့ ကျွန်တော့် မိတ်ဆွေလေးတွေကိုပဲ တမ်းတနေမိပါတယ်။

ဆယ်ကျော်သက် ကျွန်တော့်စာအုပ်ဟာ ငါလိုကေရာဇ်အတွက် လိုအပ် တယ်လို့ နည်းနည်းနားလည်လာတယ်။ ကေရာဇ်ကို ကောင်းကင်ဘုံက ဘယ်တာ ဝန်မျိုး ပေးသလဲ။ ဒါကို ကျေပွန်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ စပ်စုတဲ့စိတ် ရှိလာတယ်။ ရှေးကျမ်းတွေမှာ ရေးသားပုံခမ်းနားတာကို ကျွန်တော်က အထင်မကြီးပါ။ ဒါပေမယ့် အရာရောက်မယ့် အကြောင်းအချက်တွေ ပါနေတယ်လို့တော့ သတိပြု မိတယ်။ ကျမ်းတစောင်မှာ လူက အရေးအကြီးဆုံး၊ စောင့်ရှောက်တဲ့နတ်ကို ဒုတိယ အရေးပေး၊ ကေရာဇ်ဆိုတာ အရေးမပါပါဘူးလို့ ရေးထားတာ တွေ့ရလို့ မှတ်ထား လိုက်ပါတယ်။ ကေရာဇ်က ပြည်သူကို မြက်လောက်မှ တန်ဖိုးမထားရင် ပြည်သူ

ကလည်း ကောရာဇ်ကို ရန်သူလို့ ယူဆလိမ့်မယ်လို့လည်း တွေ့ရတယ်။ ဒါပေမယ့် အဲဒီကျောင်းတွေဟာ ကောရာဇ်ကို ဆုံးမတာထက် လူသာမန်နဲ့ အမတ်ကို ဆုံးမတဲ့ စကားက ပိုပိုများနေပါတယ်။ ရှိပြီးသားအခြေအနေကို ရှိပြီးသား အတိုင်းပဲ ထား လိုကြတယ်။ မင်းက အမြဲမင်း၊ ကျေးတော်မျိုး ကျွန်တော်မျိုးက အမြဲကျွေးကျွန်၊ အဖေဟာ အမြဲအဖေ၊ သားဟာ အမြဲသားဆိုတာမျိုးကို ဖိသင်တဲ့ စာပေတွေပါပဲ။ တာဝန်အကြောင်း ဆိုဆုံးမတဲ့နေရာမှာ လူတစ်ဦးအနေနဲ့ ပထမမိဘကို လုပ်ကျွေး ပြီးတော့ ကောရာဇ်မင်းရဲ့တာဝန်ကို ကျေပွန်စေလိုပါတယ်။ အဲဒါတွေက ကျွန်တော့် အတွက် အမြတ်ကြီးပဲမို့ ကျွန်တော်နှစ်သက်မိပါတယ်။ ကျွန်တော့်ဆရာတွေက စာအုပ်ထဲမှာပါတာထက်တောင် ပိုပြီး နှစ်သက်စရာ ရှေးစကား ပြောတတ်ကြပါသေး တယ်။

ရှေးကျမ်းတွေကို လေ့လာတဲ့ထုံးဟောင်းပုံစံက အလွတ်ကျက်ကြရတယ်။ ကျွန်တော်ကတော့ ကျက်ဖို့မလိုဘူးလို့ ကျွန်တော့်ဆရာတွေက သတ်မှတ်ပြီး တစ်ခါတစ်ရံ ဖတ်စာသဘော လျှောက်ဖတ်ရတယ်။ တစ်ခါတစ်ရံ မယ်တော်ကြီး လုနင်ယူကို ဖတ်ပြရတယ်။ မနက်အိပ်ရာထမှာ သင်းကွပ်ချုပ်က အိပ်ခန်းအပြင်က ရပ်ပြီး မနေ့က သင်ခဲ့ရတဲ့စာကို သူက အခေါက်ခေါက် ဖတ်နေတာကို ကျွန်တော် နားထောင်ရတယ်။ ဒီနည်းနဲ့မှတ်မိနိုင်တယ်လို့ ယူဆကြပါတယ်။ ကျွန်တော်က တကယ်မှတ်မိလေသလားလို့တော့ သူတို့ မစစ်ဆေးကြပါဘူး။

မစစ်ဆေးရုံသာ မဟုတ်ဘူး။ ရေးသားစီကုံးတဲ့ သင်ခန်းစာမျိုးလည်း မပေးကြဘူး။ တစ်ခါတစ်ရံ ရေးတယ် စာစပ်တယ်ဆိုရင်လည်း ပြင်ပေးဖို့ဝေးရော။ ဝေဖန်ချက်တောင် ဖွင့်ထုတ်မပြောကြဘူး။ သူတို့အားမပေးပေမယ့် ကျွန်တော်က အရေးဝါသနာပါတယ်။ ကိုယ့်ဘာသာ အပျင်းဖြေရေးလေ့ရှိတယ်။ အသက် တစ်ဆယ့် နှစ်နှစ်လောက်က ဆိုပါတော့။ အပျင်းဖြေစာဖတ်တယ်။ ဖတ်တဲ့အထဲမှာ ဗဟုသုတ ဖြစ်စေဖို့ ရေးတဲ့စာတမ်းတွေ အမြင်သစ်နဲ့ရေးတဲ့ ရာဇဝင်ကျမ်းတွေ ရာဇဝင် ဝတ္ထုတွေ၊ သူရဲကောင်း စွန့်စားခန်းတွေ၊ မှော်ပညာ၊ စုံထောက် စုံစုံပဲ ဖတ်တယ်။ ခေတ်ပေါ်ဝတ္ထုတွေများပါတယ်။ နည်းနည်းကြီးလာတော့ အင်္ဂလိပ်ဝတ္ထုလည်း ဖတ်တယ်။ ဟိုကဒီက ကူးယူပေါင်းစပ်ပြီး ကိုယ်ပိုင်စိတ်ကူးပါ ဖြည့်စွက်ပြီး ဝတ္ထု လည်း ရေးကြည့်တယ်။ နာမည်ဝှက်နဲ့ ပို့ကြည့်ပါတယ်။ ဘယ်ကမှ လက်မခံဘူး။ မိုင်စာဆိုတစ်ယောက်ရဲ့ ကဗျာကို ကူးပြီး တဲနင်ကျိအုန်င်လင်ဆိုနဲ့ နာမည်နဲ့ သတင်းစာငယ်တစ်စောင်ကို ပို့လိုက်တယ်။ သူတို့ကလည်း မသိဘူးပေါ့။ ပုံနှိပ် လိုက်တယ်။ ကျွန်တော့်ကို အင်္ဂလိပ်စာသင်ပေးနေတဲ့ ရဲဂျိနယ်ဂွန်စတန်က “ကျုပ် တပည့်တွေ မတော်လား” ဆိုတဲ့အနေနဲ့ ကျေနပ်ပြီး အဲဒီကဗျာကို အင်္ဂလိပ်လို ဘာသာပြန်တယ်၊ ပြီးတော့ သူရေးတဲ့ လူဝင်ခက်နန်းမြို့နေဝင်ချိန်ဆိုတဲ့ စာအုပ်ထဲမှာ ထည့်လိုက်တယ်။

ကျွန်တော်အညံ့ဆုံး ဘာသာက တော်မန်ကျူဘာသာပါပဲ။ နှစ်ပေါင်း အတော်ကြာ လေ့လာခဲ့တယ်ဆိုတဲ့ ဒီဘာသာမှာ အခု ကျွန်တော် စကားတစ်လုံး ပဲ မှတ်မိတယ်။ အဲဒီစကားလုံးက **ယီလီ** (ထစမ်း)တဲ့။ မန်ကျူမှူးတော်မတ်တော်တွေ ကျွန်တော့်ဆီကို အခစားဝင်ပြီး ဒူးထောက်တဲ့အခါ ပြောရလွန်းလို့ မှတ်မိနေတာပါ။

ကျွန်တော် အသက်ရှစ်နှစ်သားရှိတဲ့အခါ ကျွန်တော့်အတွက် ပညာသင်နည်း တစ်မျိုး ကြံစည်ကြပြန်တယ်။ ကျောင်းသားအဖော်ရှာပေးတယ်။ အဲဒီအဖော်တွေဟာ တစ်လကို တေးလ်ငွေရှစ်ဆယ် ထောက်ပံ့ကြေးရမယ်။ နန်းမြို့ဝန်းကျင်ကို မြင်းစီး ဝင်ခွင့်ပေးမယ်။ သမ္မတနိုင်ငံ ဖြစ်နေပြီဆိုပေမယ့် ရှေးရိုးနွယ်လာ မျိုးကြီးဆွေကြီးတွေက ဒီလိုဂုဏ်ထူးမျိုးကို မက်မောကြတုန်းပဲ။ အရွေးခံရတဲ့ ကျောင်းသားဖော် သုံးဦးက ကျွန်တော့်ညီ ပုကျိန်အယ်ရယ်၊ ဦးလေးဦးကြီးဖြစ်တဲ့ သားချင်းတွေရဲ့သား ယူကျုန်င်နဲ့ ပုကျာရယ်။ သူတို့စံစားရတဲ့နောက် ဂုဏ်ထူးတစ်မျိုးကတော့ စာဖြေလို့ ကျွန်တော်မှားရင် သူတို့ထဲက တစ်ယောက်ယောက်ကို ဆရာက ကြိမ်းမောင်းဆူပူလေ့ရှိတယ်။ အဆို အခံရဆုံးက ယုကျုန်င်ဖြစ်ပါတယ်။ မှန်ရဲ့သားနဲ့ အဆိုခံရတော့ သူလည်းကလေးပဲ။ ခွဲသိမှာမဟုတ်ဘူး။ ငါဘာလုပ်လုပ် မမှန်ဘူးလို့ စိတ်ဓာတ်အားငယ်သွားပေမယ်။

အဖော်မရှိခင်တုန်းကလည်း တစ်မျိုးဆိုးပါတယ်။ ဖိနပ်ချွတ်၊ ခြေအိတ်ချွတ်၊ ခုံပေါ်တင်လုပ်ရင် ဆရာက စာသင်ရပ်ပြီး ခြေအိတ်စွပ် ဖိနပ်စီး လုပ်ပေးရတယ်။ ဆရာ ယုျုဖုန်ရဲ့မျက်ခုံးမွေးဟာ ရှည်ရှည်ကြီးမို့ ဆရာ ရှေ့ကုန်းခဲ့စမ်းလို့ခိုင်းပြီး မျက်ခုံးမွေးကို ဆွဲနုတ်ဖူးပါတယ်။ နောက် သူသေသွားတဲ့အခါ သင်းကွပ်တွေက အသက်ရှည်မွေးကို ကျွန်တော်ဆွဲနုတ်လို့ သေရရှာတယ်လို့ ပြောကြသေးတယ်။ ဆရာ လုရုန်ယိုအန်င်လည်း တစ်ခါက စိတ်ဆိုးလွန်းလို့ အရှင်သခင်နဲ့ ကျေးတော် မျိုး ကျွန်တော်မျိုးပါလားလို့ ဆိုတာတောင် ခဏမေ့သွားဖူးတယ်။ ဖြစ်တာက ဒီလိုပါ။ ကျွန်တော်က စာမသင်ချင်ဘူး။ သစ်ပင်ကြီးက ပုရွက်တွေဆီ သွားချင်နေတယ်။ သူက ချော့ပါတယ်။ သွေးဆောင်ပါတယ်။ မရနိုင်တဲ့အဆုံးမှာ ပညာအဆောက် အအုံ မခိုင်မာရင် လူလိမ္မာ မဖြစ်နိုင်ဘူးဆိုတဲ့ ရှေးစကား ဆိုပါတယ်။ ကျွန်တော် ကလည်း နားမလည်ဘူး။ ဆက်ပြီး အဆောက်အအုံ ခိုင်မာဖို့ကတော့လိုလားစိတ်ရှိမှ ဖြစ်မယ်လို့ ဆိုပြန်တယ်။ ဒါပေမယ့်လည်း ကျွန်တော်က ထပြီး အခန်းပြင်ထွက်မလို့ လုပ်တော့ ဟေ့ရပ်လိုက်လို့ သူက အော်ပါတယ်။ ကျွန်တော်လည်း အံ့အားသင့်ပြီး ပြန်ထိုင်တယ်။ ဒါလည်း ခဏပဲ ငြိမ်နေနိုင်ပါတယ်။ ပြီးတော့ ပြန်ပြီး လှုပ်ရှားမြဲ လှုပ်ရှားတာပါပဲ။

အဖော်ရှိလာတော့ အခန်းထဲမှာထိုင်တာ ဖင်မြဲတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော် နောက်တီးနောက်တောက် လုပ်ရင် ဆရာတွေက အော်ငေါက်စရာ လူစားရနေပြီပေါ့။ ကျွန်တော် အခန်းထဲကို ခုန်ပေါက်ပြီး ဝင်လာတဲ့အခါ ငြိမ်ငြိမ်ကလေး ထိုင်နေပြီးသားဖြစ်တဲ့ ယူကျုန်င်ကို ဆရာမက မင်း အင်မတန် လျှပ်ပေါ်လော်လီတဲ့

အကောင်လို့ ကြိမ်းပါတယ်။

နေ့စဉ် တရုတ်စာကို မနက်ရှစ်နာရီက ဆယ့်တစ်နာရီထိ သင်ရတယ်။ အင်္ဂလိပ်စာကို ညနေ တစ်နာရီက သုံးနာရီထိသင်ရသည်။ ဒီတော့ မနက်ရှစ်နာရီဆိုရင် အဝါမိုးနဲ့ ထမ်းစင်စီးပြီး ယူကျိန်နန်းမဆောင်က ကျွန်တော်လာတယ်။ ကျွန်တော်က ခေါ်ချေလို့ခိုင်းရင် သင်းကွပ်က ဆရာနဲ့တခြား ကျောင်းသားတွေ တစ်ဖက်ခန်းမှာ စောင့်နေတာက စာသင်အခန်းထဲကို ခေါ်သွင်းလာရတယ်။ ဆရာဟာ ဆရာဆိုပေမယ့် နန်းရိုး အစဉ်အလာသဘောအရ သူဟာ ကျေးကျွန်သာ ဖြစ်လို့ သူ့နှုတ်ဆက်တာကို ပြန်ပြီးနှုတ်မဆက်ရဘူး။ စာသင်ဖော်တွေက ပထမဆုံး ဒူးတုပ်ပြီး ကျွန်တော့်ကို ဦးခိုက်ရတယ်။ အဲဒီထုံးစံဝတ်တွေပြီးမှ ကျွန်တော်က စားပွဲရဲ့ မြောက်ဘက်ကတောင်ကို မျက်နှာမူပြီးထိုင်တယ်။ စာသင်ဘက်တွေက ဘေးကဝင်ထိုင်တယ်။ ဆရာက အနောက်ကို မျက်နှာမူပြီးထိုင်တယ်။ သင်းကွပ်တွေက ဦးထုပ်တွေကို စားပွဲပေါ်မှာ စီတင်ပြီး ထွက်သွားကြရတယ်။ ဒီတော့မှ စာသင်စရတယ်။

အသက်တစ်ဆယ့်လေးနှစ်၊ ၁၉၂၀ ပြည့်နှစ်က ကျွန်တော့်နေ့စဉ် မှတ်စာအုပ်မှာ စာသင်ဘဝနဲ့ ပတ်သက်ပြီး ကျွန်တော်ရေးမှတ်ခဲ့ပုံက ၂၇ ရက်၊ သာယာတယ်၊ နံနက်လေးနာရီ အိပ်ရာကထပြီး ကြွယ်ဝပြည့်စုံခြင်းဆိုတဲ့ စာလုံးကို လက်ရေးကြီးကြီးနဲ့ စာရွယ်တစ်ဆယ့်ရှစ်ရွက်ပြည့်အောင် ရေးတယ်။ ရှစ်နာရီစာသင်စ။ ရှေးကျမ်းကောက်နုတ်ချက်တွေ၊ တန်ခေတ်ကဗျာတွေကို ပုကျိန်အင်နဲ့ ယူကျန်င်တို့နဲ့အတူ ဖတ်တယ်။ ဆရာကျဲန်က ကေရာခ်ကိုအင်လုန်င်ရဲ့ ဝေဖန်စာပါတဲ့ ရာဇဝင်အကြောင်း ပြောပြတာကို နားထောင်ရတယ်။ ကိုးနာရီခွဲ အစားစားလို့ပြီးတယ်။ ကျိနိသရည်း၊ ကူလိအန်င်နိသရည်းတွေ ဖတ်တယ်။ ဆရာကျူက ပညာတန်ဖိုး ရှင်းလင်းချက်ကို ပြောပြတယ်။ ကဗျာစပ်တယ်။ ၁၁နာရီ စာသင်ပြီး မယ်တော်ကြီးလေးပါးကို သွား၍ နှုတ်ဆက်။ ဂျွန်စတန် ဖျားနေလို့ ကျောင်းမလာ။ ဆိတ်ငြိမ်နန်းမဆောင်ကို ပြန်ခဲ့ပြီး ကြွယ်ဝပြည့်စုံခြင်းနဲ့ အသက်ရှည်ခြင်း စာလုံးကြီးတွေကို စာရွက် နောက်ထပ် သုံးဆယ်ပြည့်အောင် ရေးတယ်။ စာဖတ်တယ်။ လေးနာရီအစားစား။ ခြောက်နာရီ အိပ်ရာဝင်။ အိမ်ရာထဲမှာ ရှေးစာပေညွှန့်ပေါင်းကျမ်းဖတ်၊ ဖတ်ကောင်းတယ်။ အဲဒီ မှတ်တမ်းဟာ ကျွန်တော့်ပညာရေးကို အကြမ်းသဘော ဖော်ပြနေပါတယ်။

ဆရာ လုရန်ယှီအန်င်ဟာ ကီအန်င်စုနယ်သား ဖြစ်ပါတယ်။ အတွင်းဝန်ကြီးအဖြစ် အမှုထမ်းပြီးမှ ကျွန်တော့်ဆရာ လာဖြစ်တယ်။ ဆရာဖြစ်လို့ တစ်နှစ်ကျော်ကြာမှ သေဆုံးပါတယ်။ ကျွန်တော့်ကို ကိုးနှစ်ကျော် မန်ကျူစာသင်ပေးတဲ့ ယီကောတန်ကတော့ မန်ကျူအမျိုးသား မူလတံခွန်ဖြူတပ်တော်သားလည်း ဖြစ်တယ်။ အရည်အချင်းကို စစ်ပြီးမှ ခန့်ထားတဲ့ မန်ကျူစာတော်ပြန် ဖြစ်ပါတယ်။ ကျဲန်ပင်ရဲ့နက ဖူကိအင်နယ်သား၊ လုရန်ယှိအန်င်နဲ့ ယီကောတန်တို့နဲ့ တစ်ချိန်တည်း ဆရာဖြစ်လာ

သူပါ။ သူလည်း အတွင်းဝန်ရုံးကြီးနဲ့ ယစ်ပူဇော်ရေးအဖွဲ့မှာ ရာထူးကြီးတွေ ထမ်းဆောင်ပြီးမှ ကျွန်တော့်ဆရာ လာဖြစ်တာ။ သူနဲ့ကျွန်တော် အကြာဆုံး တွဲဖက် နေခဲ့ရပါတယ်။ လုရုန်ယိုအန်ႈင်ဆုံးပြီးမှ တရုတ်ဆရာ နောက်ထပ်သုံးယောက်ခန့် ပေးပါသေးတယ်။ တစ်ယောက်က ယုဖုန်ႈင်လို့ခေါ်တဲ့ ကျောင်းတော်ကြီးက ဒုတိယကျောင်းအုပ်၊ ကျူယိဖုန် ဟန်လင်ပညာရှင် ပြီးတော့ ကူအန်ယူရဲ့သချိုင်းမှာ သစ်ပင်တွေ အကွက်ချစိုက်လို့ နာမည်ရလာတဲ့ လျန်ထိန်ႈင်ဖုံန်တို့ ဖြစ်ပါတယ်။

ကျွန်တော်အပေါ်မှာ ဩဇာအရှိဆုံးလို့ဆိုရမယ့် ဆရာက ကျဲန်ပစ်ရှဲန်ပါပဲ။ ဒုတိယဩဇာအရှိဆုံးဆိုရင် အင်္ဂလိပ်ဆရာရဲ့ဂျိုနယ်ဂျွန်စတန် ဖြစ်တယ်။ ကျဲန်ဟာ သူ့ဇာတိ ဖုတိအင်နယ်မှာ ပညာရှင်တစ်ပါးလို့ နာမည်ရပြီးသား ပုဂ္ဂိုလ်ဖြစ်တယ်။ တုန်ႈင်ကျီလက်ထက် ပြုလုပ်တဲ့ နန်းတွင်းစာမေးပွဲကို အောင်ခဲ့လို့ အသက်၁၉ နှစ်သားကပဲ ဟန်လင်ပညာရှင်အဖြစ် ခန့်ထားတာကို ခံခဲ့ရပါတယ်။ အတွင်းဝန်ရုံးကြီးမှာ ရောက်ပြီး အမှုထမ်းစဉ်က ဧကရီမယ်တော်ကြီး ချီယှီဆီကို သွင်းစာတွေ ရေးခဲ့ဖူးသူဖြစ်တယ်။ ကျန်ႈင်ကျီတုန်ႈင်လို နိုင်ငံရေးလေမရှည်ခဲ့မိလို့ ၁၈၉၁မှာ အဆင့်ငါးဆင့်ထိအောင် ရာထူးလျှော့ခံရတယ်။ ဒါနဲ့ မမာဘူးလို့ အကြောင်းပြပြီး အငြိမ်းစားယူတယ်။ တောပြန်ပြီးနေတာ အနှစ်နှစ်ဆယ်ရှိမှ ၁၉၁၁ တော်လှန်ရေးမစမီမှ အရင်ရာထူး အဆင့် ပြန်ရပြီး ရှန်စီဘုရင်ခံဖြစ်တယ်။ ဒါပေမယ့် ဘုရင်ခံရာထူးကို လက်ခံပြီး ဆိုရ်ရာနယ်မသွားရခင်ပဲ ကျွန်တော့်ဆရာလုပ်ဖို့ ခေါ်ယူတာကို ခံရလို့ နယ်ကို မရောက်တော့ဘူး။ အဲဒီအချိန်ကစပြီး ကျွန်တော့်အရှေ့မြောက်ပိုင်း မထွက်မချင်း မခွဲမခွာ နေသွားပါတယ်။ ကျွန်တော့်အဖွဲ့ထဲမှာ စိတ်အချရဆုံး၊ ကျိန်ႈင်အမှုထမ်းဟောင်းဟာ သူပဲလို့ အသိအမှတ်ပြုတာကို ခံရသူဖြစ်တယ်။ သူဟာ ကျိန်ႈင်အမျိုးပေါ်မှာ သစ္စာအရှိဆုံး၊ ကျွန်တော်အပေါ်မှာ သစ္စာအရှိဆုံးလို့လည်း ကျွန်တော် ဟိုတုန်းက ယူဆခဲ့ပါတယ်။ တစ်ခါတစ်ခါ သူက သတိပေး ကန့်ကွက်တာတွေကို မကြိုက်သလို ဖြစ်ပေမယ့် အရေးအကြောင်းရှိရင် သေးသေးကြီးကြီး သူ့ကိုပဲ ကျွန်တော်တိုင်ပင်ပါတယ်။

သူကျေနပ်တဲ့အခါတိုင်း မုတ်ဆိတ်ဖြူသေးသေးကိုပွတ်ရင်း မျက်မှန်နောက်က မျက်လုံးပေါက် ပိတ်သွားအောင်ပြုံးရင်း ရှင်ဘုရင်က ငယ်ပေမယ့် ကောင်းကင်ဘုံရဲ့သားစစ်ဖြစ်ထိုက်လောက်အောင် တော်ပါပေတယ်လို့ ကျွန်တော့်ကို ချီးမွမ်းမြဲ ဖြစ်ပါတယ်။

သူပြောတာတွေကို နားထောင်လို့ သိပ်ကောင်းတယ်။ ကျွန်တော်ကလည်း အရွယ်ရလာတော့ နေ့စဉ် နိုင်ငံရေးသတင်းကို သူ့အပြောခိုင်းတယ်။ ဝေဖန်ခိုင်းတယ်။ ဒါမျိုးတွေပြောပြီး အဆုံးသတ်တဲ့အခါတိုင်း သူက ခေတ်ဟောင်းကို ပြန်ပြီး လွမ်းစကား ပြောလေ့ရှိတယ်။ ဧကရီမယ်တော်ကြီး ချီယှီကို ကန့်ကွက်စာ သွင်းပုံတွေက မပါမဖြစ်တဲ့စကားပေါ့။ ပြီးတော့ အခုသမ္မတနိုင်ငံအရာရှိ ဖြစ်သွားတဲ့

ကျိုန်ုင်အမျိုးဆက်တွေကိုတော့ သစ္စာဖောက်တွေလို့ ရှုချတယ်။ ထုံးဟောင်းကို ပယ်သူတွေမှာ တရားမရှိဘူး။ ဒါကြောင့် ခုလို တိုင်းပြည်ပျက်တာလို့လည်း သူ စွဲစွဲလမ်းလမ်း ယူဆထားတယ်။ ယွဲနိုင်ငံတော်က စစ်ရှုံးသွားတဲ့ဘုရင်ဟာ သူ့ အခြေအနေမှန်ကို မမေ့အောင်လို့ ထင်းပုံပေါ်မှာ အိပ်ပြီး သည်းခြေခါးခါးကို လျှာနဲ့ မပြတ်တို့သတဲ့။ အခြေအနေမပေးတဲ့အခါ တောပြန်နေပြီး အခြေအနေကောင်းကို စောင့်မှ နည်းမှန်မယ်။ ခုလို ရန်သူဘက်သား လုပ်မသွားရဘူးလို့ ဆိုလိုတယ်ပေါ့။ နိုင်ငံရေးအယူအဆတွေ ပြောပြီး အမြဲပဲ သမ္မတနိုင်ငံဟာ မအောင်မြင်ဘူး။ ပြည်သူတွေက မလိုလားဘူး။ အနှစ်နှစ်ရာကျော် ကောင်းစားခဲ့တဲ့ ကျိုန်ုင်မင်းဆက်ကို ပြန်ပြီး တမ်းတနေကြပြီလို့ သူ့စကားကို အဆုံးသတ်လေ့ရှိတယ်။

ဆရာ ကျူယိဖုန်ကတော့ တစ်ညလုံး မရှောင်းရိုက်လေ့ရှိတယ်။ နေ့ကျတော့ အိပ်ချင်မူးတူးပေါ့။ ဆရာလီအန်ိုင်တိန်ိုင်ဖုန်က ပုံပြောကောင်းတယ်။ ဆရာတွေရဲ့ ပညာတတ်လေနဲ့ ပြောပုံဆိုပုံကို ကျွန်တော် တစ်ခါတစ်ခါ နားကြားပြင်းကပ်တယ်။ ပညာရှိဆိုပြီး လောဘစိတ် နည်းလိမ့်မယ်တော့ မထင်နဲ့။ နန်းတွင်းပစ္စည်းထဲက ကြိုက်တာယူလို့ ကျွန်တော်က ဆုပေးရင် ကောင်းပေ့ဆိုတာကို သူတို့အားလုံး ရွေးတတ်ပါတယ်။ ဂုဏ်ကြီးမြင့်အောင် အချီးအမွမ်းကိုလည်း ရအောင် ယူတတ်တဲ့ သူတို့အတွက် ချီးမွမ်းစာ ထောက်ခံစာ အကောင်းဆုံး ရေးပေးအောင်လည်း ကျွန်တော့်ကို လှည့်ပတ်နိုင်တယ်။

သူတို့သေဆုံးတဲ့အခါမှာ တခြားကျိုန်ုင်အမှုထမ်းဟောင်းတွေ မက်မောတတ်တဲ့ ဘွဲ့အမည်ကောင်းကောင်းတွေကို ကျွန်တော် ပေးခဲ့ပါတယ်။ တစ်မျိုးလှည့်ပြောရရင် ကျွန်တော့်ဆီက သူတို့လိုချင်သလောက်ရအောင် ယူပြီး သူတို့ပေးချင်သလောက်သာ ကျွန်တော်ရလိုက်တယ်ပဲ ဆိုပါတော့။ သူတို့သင်လို့ ကြားလို့ ကျွန်တော် ဘယ်လောက်တတ်သလဲလို့ စစ်တဲ့စာမေးပွဲ မရှိဘူးလေ။ ကျွန်တော်ကသာ သူတို့သစ္စာရှိတယ်လို့ အသက်တစ်ဆယ့်တစ်နှစ်သားအရွယ်ကပဲ ထောက်ခံခဲ့ပါတယ်။

မင်းသားကြီးကျိုန်ုင် သေဆုံးတဲ့အခါ သူ့မိသားစုက သေသူကို ဘွဲ့ကြီးတစ်ခု ပေးပါရန် အသနားခံတယ်။ အိမ်တော်ဌာနက ရွေးချယ်ဖို့ ဘွဲ့စာရင်းတစ်ခု လုပ်ပေးတယ်။ ဆရာတွေနဲ့ ထုံးစံအတိုင်း တိုင်ပင်ချင်ပေမယ့် ကျွန်တော် ဖျားနေလို့ ဆရာတွေနဲ့ မတွေ့ရဘူး။ ဒီတော့ ကိုယ့်ဘာသာပဲ ဆုံးဖြတ်ရတော့တယ်။ ရွေးချယ်ဖို့ပေးတဲ့စာရင်းမှာပါတဲ့ ဘွဲ့တစ်ခုမှ မကြိုက်ဘူးဆိုပြီး ကိုယ့်ဘာသာတွေးပြီး ဆိုးဆိုးဝါးဝါးတွေပါတဲ့ ဘွဲ့တစ်ခုထွင်ရေးပြီး ပေးလိုက်တယ်။ အဖေ ပေါက်လာပြီး မင်းသားကြီးဟာ သူတို့ကေရာဇ်မျိုးပါ ဒီလိုမလုပ်ပါနဲ့လို့ အထစ်ထစ် ပြောလာသေးတယ်။ ကေရာဇ်မျိုးပေါ့ သစ္စာဖောက်တဲ့လူလည်း ဟုတ်တယ် မဟုတ်လားလို့ ပြန်ပြောလိုက်တယ်။

နောက်တစ်နေ့ ကျောင်းတက်ပြီး အဖြစ်အပျက်ကို ဆရာကျဲန်ပဝ်ရှန့်ကြားတဲ့

အခါ မျက်လုံးပိတ်သွားအောင်ရယ်ပြီး ကျွန်တော့်အဖေကို ပြောလိုက်ပုံဟာ သိပ်ကောင်းတယ်လို့ ထောက်ခံတယ်။ မင်းသားကြီးဖို့ နောက်ဆုံးရွေးတဲ့ ဘွဲ့ဟာ ကျွန်တော့်အထင် ဆိုးတယ်ဆိုရပေမယ့် အခိပ္ပာယ်က သူ့ကို ကျွန်တော်က ခွင့်လွှတ်လိုက်ပြီးလို့ ပေါက်နေတာကို လက်လွှန်ပြီးမှ သိလိုက်ရပါတယ်။

**သင်းကွပ်**

သင်းကွပ်တွေအကြောင်းမပါရင် ကျွန်တော့်ကလေးဘဝကို ပြန်ပြောရာမှာ ပြည့်စုံမယ်မဟုတ်ဘူး။ ဘာပြုလို့လဲဆိုတော့ ကျွန်တော် အစားစားတဲ့အခါမှာရော၊ အဝတ်ဝတ်တဲ့အခါမှာရော၊ အိပ်တဲ့အခါမှာရော သူတို့က အနားမှာ အမြဲရှိနေလို့ ပါပဲ။ လမ်းလျှောက်ရင်လည်းပါတယ်။ စာသင်သွားလည်း ပါတယ်။ ကျွန်တော့်ကို သူတို့ပဲ ပုံတွေအများကြီး ပြောတယ်။ ကျေနပ်ရင် ဆုပေး၊ မကြိုက်ရင် ရိုက်။ အမျိုးစုံ ခံကြရတယ်။ ကျွန်တော့်အနားကို ဘယ်သူမှ မလာရဆိုတဲ့အခါမှာတောင် သူတို့ရှိနေပါတယ်။ အဖော်ဆိုလည်း ဟုတ်တယ်၊ ကျွန်လည်း ဟုတ်တယ်။ ပထမ ဆရာလည်း သာဟုတ်တယ်။

နန်းတွင်းမှာ သင်းကွပ်ကို ဘယ်တုန်းက စသုံးသလဲဆိုတာသာ ကျွန်တော် မပြောတတ်တာ။ ဘယ်တော့ သူတို့အားလုံးကို ဖြုတ်ပစ်သလဲဆိုတာတော့ ကျွန်တော် အတိအကျ ပြောတတ်ပါတယ်။ ဒုတိယကမ္ဘာစစ် အောင်မြင်ပြီးဆုံးလို့ ကျွန်တော် တတိယအကြိမ် နန်းကျတဲ့နေ့ကပါပဲ။ တကယ်တော့ အားလုံးမဖြုတ်ပစ်ခင်ကပဲ လက်တွင်းတစ်ဆုပ်စာပဲ ကျန်တော့တယ်လို့ ပြောနိုင်ပါတယ်။ ဆယ်ယောက်လောက်ပဲ အမှုထမ်းဆဲအခါဖြစ်တယ်။ မိင်မင်းဆက် (၁၃၆၈–၁၆၄၄)အခါက နန်းတွင်းသင်းကွပ် အမှုထမ်းဟာ တစ်သိန်းရှိခဲ့ဖူးသတဲ့။ ဒါအများဆုံးပဲ။ သူတို့အရေအတွက်နဲ့ လုပ်ငန်းတာဝန်ကို လျှော့လိုက်တယ်ဆိုပေမယ့်လည်း ဧကရီမယ်တော်ကြီး ချီယှီခေတ်က သုံးထောင်ကျော်ရှိသေးတယ်။ ၁၉၁၁ တော်လှန်ရေးမှာ ထွက်ပြေးတဲ့ သင်းကွပ်တွေ မနည်းဘူး။ ထောက်ထားငဲ့ညှာတဲ့ စာချုပ်အရ သင်းကွပ်ကို နောက်ထပ် မငှားရဆိုပေမယ့်လည်း တိတ်တဆိတ်ငှားပြီး သုံးခဲ့ပါတယ်။ ၁၉၂၂ခု စာရင်းအရ ၁၁၃၇ယောက် ရှိတယ်။ နောက်နှစ်နှစ်ကြာတော့ ကျွန်တော့်အမိန့်နဲ့ သင်းကွပ်အများကြီးကို အလုပ်ရပ်စဲလိုက်တယ်။ ဒါတောင် ၂၀၀ လောက် ကျန်သေးတယ်။ မယ်တော်ကြီးတွေနဲ့ ကျွန်တော့်မယားတွေဆီမှာ သူတို့ အမှုထမ်းရတာ များတယ်။ ကျွန်တော့်မယားတွေမှာ မိန်းမအစေခံတစ်ရာကျော်ရှိရက်နဲ့ သင်းကွပ်တွေလည်း ထားပေးရသေးတယ်။ ဒီနောက်တော့ အားလျော့လျော့လိုက်တဲ့ နန်းစောင့်တပ်သားနဲ့ ယောကျ်ား စစ်တွေပဲ အစေအပါးကျန်ပါတယ်။

အရင်တုန်းကတော့ နန်းတွင်းမှာ အစောင့်တပ်နဲ့ ဧကရာဇ်အမျိုးရင်းက လွဲရင် ညီလာခံချိန်လွန်တဲ့အခါ ယောကျ်ားတစ်ယောက်မှ မကျန်ဘူး။ သင်းကွပ်တွေရဲ့ တာဝန်ကလည်း များတယ်။ အပါးတော်မြဲ အစေအပါးခံရတာအပြင် သူတို့ပဲ

ထီးဆောင်းပေးရ။ မီးပူအိုးရွှေ့ပေးရ၊ ရွှေနန်းသုံးအစဉ်အလာအရ လုပ်ငန်းတွေထဲမှာ ကေရာဇ်အမိန့်တော်ကို ပြန်ရတယ်။ အခစားဝင်လာသူကို နေရာချထားရတယ်။ သွင်းစာဆက်စာကို လက်ခံရတယ်။ အတွင်းတော်ဌာန အသီးသီးရဲ့ မှတ်တမ်းတွေ သိမ်းရတယ်။ နယ်ကပို့လာတဲ့ငွေနဲ့ လက်ဆောင်တော်တွေကို ယူရတယ်။ မီးကင်း စောင့်တယ်။ စာကြည့်တိုက်က စာအုပ်တွေ၊ ရေးပစ္စည်းတွေ၊ ပန်းချီကားတွေ၊ လက်ရေးလှကားတွေ၊ အဝတ်တန်ဆာတွေ၊ သေနတ်၊ လေးမြား၊ ရေးကြေးဝတ္ထု၊ အဖိုးထိုက်အဖိုးတန်ပစ္စည်း၊ အမှုထမ်းဟောင်းတွေကို ပေးမြဲဖြစ်တဲ့ အဝါစလွယ်၊ စားစရာသစ်သီး အစိုအခြောက်တွေ၊ အဲဒါမျိုးတွေလည်း နေရာတကျ ထိန်းသိမ်းရတယ်။ လိုတဲ့နေရာအရောက် သမားတော်တွေကို ခေါ်သွင်း ပို့ဆောင်ပေးရတယ်။ နန်းတွင်းလိုသမျှ ပစ္စည်းတွေကို အပြင်ကရှာပြီး သွင်းပေးရတယ်။ နတ်ပူဇော်တဲ့နေရာနဲ့ ကေရာဇ်ရုပ်ထုတွေရှေ့မှာ အမွှေးတိုင်မပြတ်ထွန်းညှိရတယ်။ အရာရှိမှန်သမျှ အချိန် အလိုက် ဝင်ထွက်ရဲ့လားလို့ ဂရုစိုက်ရတယ်။ ဟန်လိင်ပညာရှင်များ အခစား ဝင်ထွက်လာတာကိုလည်း မှတ်ရတယ်။ အစောင့်တပ် အပြောင်းအလဲကိုလည်း မှတ်ရတယ်။ ကေရာဇ်သုံးတံဆိပ်တော်တွေကို သိမ်းရတယ်။ ကေရာဇ်လှုပ်ရှားသွားလာ ပြောဆိုတာတွေကိုလည်း မှတ်တမ်းလုပ်ထားရတယ်။ ကျွန်မနဲ့ သင်းကွပ်တွေကို ဒဏ်ပေး ဆုံးမရတယ်။ အယဉ်မွေးနန်းတွင်းတိရစ္ဆာန်ရှိသမျှကို အစာကျွေးရတယ်။ ဥယျာဉ်ကို လှပအောင် ပြုပြင်ရတယ်။ တံမြက်လှည်းရတယ်။ နာရီတွေ အချိန်မှန် တီးအောင် လုပ်ပေးနေရတယ်။ ကေရာဇ်ရဲ့ဆံပင်ကို လိုသလို ဖြတ်ပေးရတယ်။ ဆေးဖျော်ပေးရတယ်။ သီချင်းဆိုပြရတယ်။ စာဖတ်ပြရတယ်။ ပူဇော်ပသပွဲကိုလည်း ပြင်ရ ပူဇော်ရတယ်။ ဒါ့ထက် များသေးတယ်။

သင်းကွပ်က နှစ်မျိုးရှိတယ်။ ကေရာဇ်မိဖုရားနဲ့ မယ်တော်တွေကို ခစားရတဲ့ သင်းကွပ်ရယ်၊ တခြား သင်းကွပ်ရယ်လို့ ခွဲခြားရပါမယ်။ အတန်းအစားကတော့ သင်းကွပ်ချုပ်၊ သင်းကွပ်ကြီး၊ သင်းကွပ်ငယ်လို့ သုံးမျိုးထားတယ်။ အချုပ်နဲ့အကြီးက ကေရီမယ်တော်နဲ့ ကေရာဇ်မှာပဲ ခစားတယ်။ ရာထူးအဆင့်ကတော့ အုပ်ချုပ်ရေးဘက် က အဆင့်သုံးက ကိုးအထိပဲ ရှိတယ်။ သင်းကွပ်ချုပ်ဟာ တတိယအရာရှိအဆင့် ရှိတယ်လို့ ဆိုလိုတယ်။ အစဉ်အလာကို ဖောက်ပြီး ကေရီမယ်တော်ကြီးချီယှီက သူ့သင်းကွပ်ချုပ် လီလီအင်ယိင်ကို ဒုတိယအရာရှိအဆင့် ပေးခဲ့ဖူးတာနဲ့ ကျွန်တော့် သင်းကွပ်ချုပ် ကျန်င်ကျိအင်ဟောကို ဒုတိယဆင့် ပေးခဲ့ပါတယ်။ ရာထူးအဆင့်ကိုး အောက်က သင်းကွပ်တွေကတော့ အလုပ်ကြမ်းလုပ်ရတဲ့ လူတွေပါပဲ။ သူတို့ရတဲ့လခက နည်းပါတယ်။ အကြီးဆုံးမှ ငွေရှစ်ကျပ် ဆန်ရှစ်တင်းနဲ့ ကြေးပြား၃၀၀ ပါပဲ။ ဒါပေ မယ့် နန်းတွင်းအမှုထမ်းဆိုတော့ ဆုချခံရတာရယ်၊ လာဘ်ရတာရယ်ပေါင်းရင် အများကြီး ဖြစ်သွားတယ်။ ကျွန်တော့် ဒုတိယသင်းကွပ်မှူး ရွှန်ကျိုင်ရှိဟာ ဆောင်း ဟွင်းမှာ သားမွေးအဖိုးတန် အင်္ကျီ တစ်နေ့တစ်ထည် လဲဝတ်တယ်။ တစ်ထည်ကို

အရာရှိငယ်တစ်ယောက်ရဲ့ တစ်နှစ်လစာလောက်ပေးရမယ့် အကျီတွေပဲ ဖြစ်တယ်။ သင်းကွပ်အကြီးတွေဟာ ကိုယ်ပိုင်စားဖို၊ ကိုယ်ပိုင်အစေခံ၊ ကိုယ်ပိုင်အိုးအိမ်နဲ့ နေကြတယ်။

အောက်တန်းကျတဲ့ သင်းကွပ်ကျပြန်တော့လည်း သိပ်ပြီး ဆင်းရဲပင်ပန်းတယ်။ အပြစ်ရှိလို့အလုပ်ပြုတ်ရင် တောင်းစားရတယ်၊ ငတ်သေတယ်။

ကျွန်တော်နဲ့ရင်းနှီးတဲ့ သင်းကွပ်တွေက ကျွန်တော့်ကို စိတ်ငြိမ်နန်းမှာ ခစားပြီး ခိုင်းသမျှလုပ်ပေးကြရတဲ့ သင်းကွပ်ငယ်တွေ ဖြစ်ပါတယ်။ ကျွန်တော့်ကိုယ်ပိုင်အခိုင်းကတစ်ဖွဲ့၊ သန့်စင်သုတ်သင်ရေးက တစ်ဖွဲ့၊ အားလုံးကတော့ အကြီးဖြစ်တဲ့ ကျန်ဝင်ကျီအင်ဟောနဲ့ လက်ထောက် ရွှန်ကျိုင်ရှိတို့ ဩဇာခံကြရတယ်။

ကေရိမယ်တော်ကြီး လုန်ငယုရှိတုန်းက သူ့သင်းကွပ်အကြီးကို ကျွန်တော့်ကို အမြဲစောင့်ရှောက်ဖို့ဆိုပြီး လွှတ်ထားပါတယ်။ ထီးသုံးနန်းသုံးဟန် အမူအရာတွေပါ သူက သင်ပေးရတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ပထမဆရာ ကျန်ဝင်ကျီအင်ဟောကို ပိုချစ်တယ် ယုံတယ်။ ဟိုတုန်းက သူက အသက်ငါးဆယ်၊ ခါးကုန်းကုန်း။ သူပဲ ကျွန်တော့်ကို စာဖတ်တတ်အောင်သင်တယ်။ နေ့စဉ်သင်ခန်းစာကို အိပ်ခန်းပြင်ဘက်က အော်ဖတ်ပြပေးတယ်။ သူ့လှုပ်ရှားပုံနဲ့ သူ့အသံကို မြင်ရကြားရရုံနဲ့ ကျွန်တော် မမြင်နိုင်တဲ့နေရာမှာ ဘာဖြစ်နေပြီလို့ ကျွန်တော်သိအောင်လုပ်နိုင်တယ်။

ကျန်ဝင်ကျီအင်ဟောပဲ ခရီးထွက်ရင်ပါတယ်။ ပြေးလွှားကစားရင်လည်း သူနဲ့ပဲ။ ကျွန်တော်က အမြဲနိုင်တယ်ပေါ့။ ကြွေအံကစားရင်လည်း သူက သူများပိုက်ဆံနဲ့ ကျွန်တော့်ဆီမှာ လာပြီး အရှုံးခံလေ့ရှိတယ်။

ကလေးတိုင်းလုပ်တတ်တဲ့ ပုံပြောစမ်းပါလို့ ကျွန်တော်ခိုင်းရင်လည်း သူကောင်းကောင်းပြောတတ်တယ်။ သူတို့အလိုအတိုင်းဆိုရင် နန်းတော်ထဲမှာ သစ်ပင်ကတောင်ပို့ကအစ ကြေးရုပ်ကျောက်ရုပ်အားလုံးမှာ နတ်ရှိတယ်။ အဲဒီနတ်တွေက ကေရာဇ်ကို အမြဲစောင့်ရှောက်နေတယ်။ ဘယ်တုန်းက ဘယ်ရှင်ဘုရင်ကို ဘယ်ကြေးရုပ်က ဘယ်အန္တရာယ်ကျရောက်အောင် ဘယ်လိုနိမိတ်ပြပြီး သတိပေးလို့နတ်မှာ ဘယ်လိုဒဏ်ခံလိုက်ရပေမယ့် ရှင်ဘုရင်ဘေးလွတ်လေရဲ့ဆိုတဲ့ ပုံမျိုးတွေကို စီကာစဉ်ကာပြောတယ်။ သူတို့ပုံတွေကြောင့် ကျွန်တော်လည်း ဘဝင်ပိုပိုပြီး မြင့်လာတယ်။ ငါ့ဆိုတဲ့ အဆင့်မြင့်တဲ့လူ လောကမှာ မရှိလို့ အကဲရောက်လာတယ်။

အခု နန်းတော်ခန်းမမှာ ရပ်နေတဲ့ကြေးကြိုးကြာငှက်နတ်ဟာ ကေရာဇ်ကျီအင်လုန်ငင် တောင်ပိုင်းခရီးထွက်စဉ်က အန္တရာယ်တစ်ခုက တားဖူးလို့ ငှက်ခြေထောက်မှာ ဒဏ်ရာရသွားတယ်။ အခုသွားကြည့်။ ကြေးရုပ်ဘယ်ခြေမှာ ချိုင့်နေတယ်ဆိုတာမျိုးကို သူတို့ပဲ ပြောတယ်။ အခု နန်းတွင်းမြောက်ဘက် ငါးကန်စောင်းမှာ ပေါက်နေတဲ့ သစ်ပင်ကြီးဟာ ကေရာဇ်ကျီအင်လုန်ငင် ခရီးထွက်ရင် အရိပ်ရအောင် အမြဲမိုးပြီးလိုက်လို့ ကေရာဇ်က ချီးမွမ်းတဲ့ကဗျာတစ်ပုဒ်ဖွဲ့ပြီး အနားကန်ရံမှာ

ထွင်းထုထားတယ်လို့လည်း ပြောတယ်။ ကဗျာထဲမှာ ဘယ်လို အသေးစိတ်ရေးတယ် လို့တော့ မပြောတတ်ဘူးတဲ့။

မကိုင့်တော်က ပုလဲကြီးဟာလည်း ဝတ္ထုတစ်ပုဒ်ပဲ။ တစ်နေ့တော့ ကျိုအင် လုန်င်က ယူအန်မိင်ယုအန်နန်းတော်ဘေးက စမ်းချောင်းနားမှာ လမ်းလျှောက်နေတယ်။ ရေထဲမှာ လက်လက်မြင်လို့ ငှက်ပစ်သေနတ်နဲ့ပစ်တော့လည်း ဘာမှမတွေ့ဘူး။ ဒါနဲ့ ချောင်းထဲဆင်းအရှာခိုင်းတော့ ကမာကြီးတစ်ခုရတယ်။ အဲဒီအထဲက ဒီပုလဲ ထွက်လာတယ်ဆိုပဲ။ မကိုင့်မှာ တပ်ထားပြီးမှ သူ့ဘာသာ ပုလဲကြီးက ထွက်ထွက်ပျံလို့ နောက်တော့ အပေါက်ဖောက်ပြီး ရွှေနဲ့ကုပ်ထားမှ မြဲမြဲနေတော့တယ်တဲ့။

ကလေးဘဝတော့ ပြောသမျှအားလုံး ခြွင်းချက်မရှိ ယုံတာပေါ့။ တစ်ခါက ရှစ်နှစ်ကိုးနှစ်အရွယ်မှာ ဖျားရော။ ကျန်င်ကျိုအင်ဟောက ခိုသွေးရောင် ဆေးလုံး ကလေးတစ်လုံး ယူလာပြီး ဘယ်လိုပြောသလဲဆိုရင် အခုပဲ ဘုရားကျွန်တော် အိပ်မက်ပါတယ်ဘုရား။ မုတ်ဆိတ်ဖြူနဲ့ အဘိုးအိုတစ်ယောက် သောင်းနှစ်ရှင်ဖို့ မသေဆေး လာပို့တယ်ပြောပြီး ဒါကို ထားခဲ့ပါတယ်ဘုရားတဲ့။ ကျွန်တော်လည်း သိပ်ကျေနပ်ပြီး နေမကောင်းတာကိုတောင်မေ့ပြီး သားငါးမွှာတို့အလေ့အတိုင်း မယ်တော် တွေနဲ့ သွားပြီး အဲဒီဆေးကို ဝေသောက်ကြတယ်။ လိမ္မာလိုက်တာဟဲ့လို့ ဝိုင်းပြီး ချီးမွမ်းကြတယ်။ သူတို့ကတော့ ဇာတ်တိုက်ပြီးသား ဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ်လဲ သင်းကွပ်ကြီးက မျက်ရိပ်မျက်ခြေပြတာနဲ့တူတယ်။ နောက်လမ်းကြုံလို့ ဆေးပေးဆောင် ကို ရောက်တော့ ခိုသွေးရောင် ဆေးခဲလေးတွေ တွေ့ပါရော။ ဒါတောင် မုတ်ဆိတ် ဖြူနဲ့ အဘိုးအိုဝတ္ထုကို ယုံတာ လျှော့မသွားဘူး။

ဒီပုံတွေကြောင့် ကိုယ့်ကိုယ်ကို အထင်ကြီးရတာကတစ်မျိုး၊ တစ္ဆေပုံပြောလို့ လန့်ရကြောက်ရတာက တစ်မျိုးပါပဲ။ သူတို့ကပဲ နန်းတော်ဝန်းကျင်တစ်ခုလုံးမှာ ချောင်ကောင်းရင် သူရဲနေသတဲ့။ ငြိမ်းအေးသာစံနန်းရဲ့ နောက်ဘက်လမ်းကြားဆိုရင် တစ်ယောက်တည်းသွားတဲ့လူတိုင်း ဂုတ်ကို ဖမ်းဆွဲခံရတယ်တဲ့။ ကျိန်င်ဟောတံခါး မှာက ဘီလူးမတဲ့။ တံခါးရွက်မှာ သံမှိုကြီးရိုက်ထားပေလို့ သူ့ကိုမိနေတာ။ နို့မို့ရင် တစ်နန်းတော်လုံး သူဝင်ပြီးစားမှာပဲတဲ့။ နန်းတွင်းရေကန်တွေကလည်း သုံးနှစ်တစ် ကြိမ်တော့ လူစားတယ်။ ဒီလိုပုံမျိုးကြားလေကြောက်လေ။ ပိုပြီး နားထောင်ချင်လေ ဖြစ်မိတယ်။ နောက်ဆယ့်တစ်နှစ်ကျော်တဲ့အခါ သူတို့ပဲ ရှာဖွေပေးလို့ စုန်းတစ္ဆေကဝေ နတ်သူရဲဝတ္ထုတွေ ဖတ်ရပြီး မိုးချုန်းတာကြောက်၊ လျှပ်ပြက်တာကြောက်၊ တစ် ယောက်တည်းမနေရဲ ဖြစ်ပါရော။

ညနေစောင်းလို့ ဧည့်ပရိသတ်စဲရင် ကျိုအင်ကျိန်င် (တိန်စင်ကောင်းကင်) နန်းဆောင်ကနေပြီး မင်းတုံးထိုး၊ သော့ခတ်၊ မီးအိမ်ပြင်လို့ ကြက်သီးထစရာ အော်လိုက်သံနဲ့အတူ ဆိုင်ရာဆိုင်ရာ ခန်းမဆောင်တွေက သင်းကွပ်တွေ ဝိုင်းပြီး ကြောက်တဲ့အတိုင်း လုပ်ပြီးကြောင်း ဖြေကြတယ်။ အဲဒီအသံကလည်း ကျောစိမ့်

စရာ ကောင်းတယ်လို့ ထင်မိတယ်။ အဲဒီကာလကစပြီး တစ္ဆေသူရဲတွေ ထွက်လာကြမယ့်အချိန်ပဲဆိုပြီး ကျွန်တော်တစ်ယောက်တည်း မနေဝံ့၊ အပြင်မထွက်ဝံ့ဖြစ်ပါရော။ အပေါက်ကို ဖွင့်ရင်ပဲ မကောင်းဆိုးဝါးတွေ တိုးဝင်လာကြတော့မယ့်အတိုင်းပဲ။

တကယ်က ကျွန်တော့်ကို ကြောက်ရုံသက်သက် ခြောက်ကြတာ မဟုတ်ဘူး။ သူတို့လည်း အဲဒီအတိုင်းယုံတယ်။ သင်းကွပ်တိုင်းလိုပဲ သိပ်ပြီး အယူသီးတာကို တွေ့ရတယ်။ ထစ်ခနဲရှိရင် ဗေဒင်မေးတယ်။ နတ်ကိုးတယ်။ သင်းကွပ်အကြီးရော အချုပ်ရော ဒီအတိုင်းပဲ။ ခွေးနတ်၊ မြွေနတ်၊ ဝက်နတ်ကအစ နတ်မျိုးလည်းစုံတယ်။ ပသဖို့ ထီးရိုးနန်းဆက် သတ်မှတ်ထားတဲ့နတ်ထက် သူတို့မှာ ပိုနေသေးတယ်။ သူတို့ အလေးအမြတ်အပြုဆုံးနတ်က နန်းစောင့်နတ်ဖြစ်တယ်။ ကေရာဇ်တစ်ပါးရဲ့ အမိန့်နဲ့ ရာထူးအဆင့် ဒုတိယတန်းနတ် ခန့်ထားခံရတယ်လို့ ဆိုတယ်။ သူတို့နတ်က မကြိုက်လို့ သင်းကွပ်တွေ အမဲသားမစားဘူး။ တကယ်လို့စားမိရင် နတ်ကစိတ်ဆိုးပြီး စားတဲ့သင်းကွပ်ကို လူစိတ်ပျောက်အောင်လုပ်တယ်။ သစ်ပင်မှာ စားတဲ့ပါးစပ်က သွေးထွက်အောင် ကိုယ့်ဘာသာသွားပြီးပွတ်တိုက်အောင် လုပ်လိုက်တယ်လို့ ယုံကြည်ကြတယ်။ လူမရှိတဲ့ခန်းမဆောင်ကို သင်းကွပ်တစ်ယောက် ဝင်ရမယ်ဆိုရင် အခန်းဖွင့်မလို့ပါလို့ အော်ပြီးမှ ဝင်လေ့ရှိတယ်။ လဆန်းတစ်ရက်နေ့၊ ဆယ့်ငါးရက်နေ့နဲ့ ပွဲနေ့တွေမှာ သူတို့နတ်ကို ဥ၊ ပဲ၊ အရက်တွေနဲ့ ပသတယ်။ နှစ်သစ်စတဲ့ပွဲကြီးဆိုရင် ဝက်ကောင်လုံး သိုးကောင်လုံးနဲ့ ပူဇော်ကြတယ်။ အင်မတန် ဆင်းရဲတဲ့ သင်းကွပ်ကတောင် ငွေရှာကြံပြီး ပူဇော်ပွဲမှာထည့်တယ်။ ဒါမှ အရိုက်အနက် ညှဉ်းပန်းတဲ့ဒဏ်တွေက လွတ်အောင် စောင့်ရှောက်ပေးမယ်လို့ ယုံလို့ပါပဲ။

သူတို့မှာ ငွေပိုငွေလျှံရအောင် လုပ်တဲ့နည်းလည်း မျိုးစုံရှိတယ်။ ကေရီမယ်တော်ကြီး ချီယှီဆီကို ကေရာဇ်ကုအန်င်ယူ အဖူးအမျှော်ဝင်တဲ့အခါ ချက်ချင်းအမိန့်ခံပြီး ရှေ့တော်သွင်းပေးပါမယ့်အကြောင်း သင်းကွပ်ချုပ် လီလီအင်ယိင်ကို လာဘ်ပေးထားရတယ်လို့ ဝတ္ထုထဲ ဇာတ်ထဲမှာပါတယ်။ ဒါလောက်တော့ ဖြစ်နိုင်မယ် မထင်ပါဘူး။ ဒါပေမယ့် အရာရှိကြီးတွေ ကေရာဇ်ဆီမှာ မျက်နှာသာရအောင် ဆွယ်စပ်ပြောဆိုပေးဖို့ ကေရာဇ်နဲ့ရင်းတဲ့ သင်းကွပ်ကို လာဘ်ပေးရတယ် ဆိုတာတော့ ခဏခဏ ကြားရဖူးတယ်။ ကေရာဇ်တုန်င်ကျီရဲ့လက်ထပ်ပွဲမှာ စီမံရတဲ့ နန်းထိမ်းဌာနက အားလုံး ချောမောပြေပြစ်အောင် နန်းဆောင်အသီးသီးက သင်းကွပ်တွေကို အဖွဲ့လိုက် လုပ်ပေးထားနှင့်တယ်။ ဒါပေမယ့် တစ်နေရာတစ်ဖွဲ့ကိုတော့ မေ့ကျန်ရစ်တယ်။ အဲဒီအဖွဲ့က လက်ထပ်နေ့မှာမှ နန်းထိမ်းဌာနအရာရှိကို လာပြီး သူတို့ နန်းမဆောင်မှ တံခါးမှန်တစ်ချပ် ကွဲနေတယ်လို့ အကြောင်းကြားတယ်။ အမိန့်တော်နဲ့ ဆင့်ခေါ်တာမဟုတ်ရင် အဆောင်ထဲ မဝင်မလိုက်ရဘူး။ ဒီတော့ လိုက်ကြည့်တဲ့အရာရှိက ခပ်လှမ်းလှမ်းကပဲ မှန်မှာ ကွဲကြောင်းရှိနေတာကို မြင်ရ

တော့ ဒီလိုမင်္ဂလာယူတဲ့ နေ့မှာ ကွဲပြဲတာရှိနေတယ်လို့ ဇာရီသိရင် ရာဇဝတ်သင့်တော့မယ်လို့ သိပ်ပြီး ထိတ်လန့်သွားရှာတယ်။ သင်းကွပ်တွေက ကိစ္စမရှိဘူး။ တို့ဘာသာ တိတ်တိတ် မှန်ကောင်းနဲ့ လဲထည့်ပေးမယ်ဆိုပြီး အဖိုးအခ တောင်းကြတယ်။ ကြိုက်သလောက်ရတော့ ကွဲကြောင်းလို့ လှမ်းလှမ်းကကြည့်ရင် ထင်ရအောင် မှန်နောက်ကကပ်ထားတဲ့ ဆံပင်မှုင်တန်းကို ဆွဲခွာပစ်လိုက်ကြသတဲ့။

ရှိယှုရဲ့အဖေ ကျန်င်လုန်ဟာ နန်းထိမ်းဌာနမှူးဖြစ်စဉ်က တစ်ခါတော့ အများကျေနပ်လောက်အောင် လာဘ်ပ်ငွေကို မဝေမိဘူးတဲ့။ မကျေနပ်တဲ့ သင်းကွပ်တစ်ကောင်က သူ့ဇာရီမယ်တော်ကြီးဆီ အခစားသွားတဲ့လမ်းကစောင့်ပြီး ပြတင်းကမြင်ချင်ပြုပြီး ရေညစ်ပက်ထုတ်လို့ သားမွေးအင်္ကျီရေစိုသွားတယ်။ ပြီးမှ ထိုက်တဲ့အပြစ်ပေးပါ ခံပါ့မယ်လို့ တောင်းပန်လာတယ်။ ဒါပေမယ့် သူ့မှာ ရှည်ရှည်ဝေးဝေးစကားပြောနေခွင့်တောင် မရနိုင်ဘူး။ အခစားဝင်ရောက် နောက်ကျ မခံဝံ့ဘဲကိုး။ ဒီတော့ သူကပဲ ပြီးတာပြီပါစေ။ သူ့ကိုသာ ကူညီပါလို့ ပြောရတယ်။ ဒီတော့ သူ့အဆင့်နဲ့ ဝတ်စရာဝတ်စုံကို ထုတ်လာပြီး ကျုပ်တို့ ဒီဆီကလူတွေနဲ့ အသင့်အတင့်ဝေမျှပြီး ဆုလာဘ်များကိုခံရင် ဒါကို ငှားနိုင်ပါတယ်လို့ ပြောတယ်။ သူတို့မှာ ဒီလိုဖြန်းခနဲ ထုတ်ငှားစရာ အဝတ်မျိုးစုံရှိနေတယ်။ ငှားခ အဖိုး တော်တော်မြင့်မြင့်ပေးပြီး အဝတ်လဲသွားရရှာတယ်။

နန်းထိန်းဌာနအရာရှိဟောင်းတစ်ဦးကလည်း ကျွန်တော့်မင်္ဂလာပွဲတုန်းက (အရင်သင်းကွပ်ချုပ် ကျန်င်ကျိအင်ဟောနေရာကို ဆက်ဆံတဲ့) ရွှန်ကျိုင်ရှိဟာ သူ့ဆီက ငွေတော်တော်များများ ညှစ်ယူဖူးသတဲ့။ ဖြစ်ပုံက ဒီလိုပါ။ ကျွန်တော်က လက်ထပ်ပွဲအတွက် စီမံရတဲ့ နန်းထိမ်းဌာနဟာ ငွေ ၃၆၀,၀၀၀ ထက်မပိုရလို့ အမိန့် ပေးထားတယ်။ ဌာနစီစဉ်ပုံကလည်း သင်းကွပ်တွေစားဖို့ သိပ်မကျန်ဖြစ်နေတယ်။ ဒီတော့ သင်းကွပ်ချုပ်က အစီအမံတစ်ခုလုံးကို နှေးအောင်ဖင့်အောင် ချော် ချွတ်အောင်လုပ်တော့တာပဲတဲ့။ သူကသွားပြီးချော့တော့လည်း သူတို့စားသာအောင် ဘယ်နည်းဘယ်ပုံ အစီအစဉ်ကိုပြင်ပါလို့ ခိုင်းသတဲ့။ နောက်ဆုံး သူခိုင်းသလိုပဲ လုပ်ကြရတယ်တဲ့။

ကျန်င်ကျိအင်ဟောနဲ့ ရွှန်ကျိုင်ရှိတို့ထက် စွမ်းတာကတော့ ဇာရီမယ်တော်ကြီး လုန်င်ယူရဲ့ သင်းကွပ်ချုပ် ကျန်င်ယွန်ဖုပါပဲ။ ကျွန်တော် တီအင်ကျင်မှာ နေတုန်းက သူလည်း ဟိုမှာ ဗြိတိသျှရပ်ကွက်မှာ စစ်ဘုရင်များလို အိမ်ကြီးခန့်ခန့်နဲ့ ကျွန်တွေ မောင်းမတွေ ချံရံပြီးနေတယ်။ သူနှိပ်စက်လွန်းလို့ မောင်းမတစ်ယောက်က ဗြိတိသျှရဲစခန်းကို ထွက်ပြေးတယ်။ သူ့ရဲ့ ငွေတန်ဖိုးဟာ ဘယ်လောက်အရာရောက်သလဲဆိုရင် ရဲစခန်းက မောင်းမငယ်ကို သူ့ဆီပြန်ပို့ပေးရတယ်။ သူကလည်း သေတဲ့အထိ ရိုက်နှက် ဆုံးမလိုက်တယ်။ ဘယ်သူကမှ ဘာမှမပြောရဲကြဘူး။

**အထိန်းတော်**

ကျွန်တော့်အကြောင်းကို မှတ်တမ်းရေးတဲ့ ကျွန်တော့်ဆရာ လျန်တိနင်ဖုန်က ၁၉၁၃ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့စွဲမှာ–

> ကိုယ်တော်မြတ်ဟာ သင်းကွပ်တွေကို မကြာခဏရိုက်ပါတယ်။ မကြာခင်ကပဲ အမှုသေးတွေကိုပြပြီး သင်းကွပ်(၁၇)ဦးကို ကြိမ်ဒဏ်ပေးတယ်။ ကျဲန်ပဝ်ရှဲန်တို့တစ်တွေက တောင်းပန်ပေမယ့် ကိုယ်တော်မြတ်က ခွင့်လွှတ်တော်မမူဘူး။

လို့ ရေးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော် ခုနစ်နှစ်သားပဲ ရှိသေးတယ်။ သင်းကွပ်ကိုရိုက်ရတာဟာ ကျွန်တော့် နေ့စဉ်အလုပ်ဖြစ်ပါတယ်။ ငါ့မှာ ဒီလိုတန်ခိုးရှိတယ်ပေါ့လို့ ပြချင်တာကြောင့် ချော့ပြီးတောင်းပန်လို့မရတာ ဖြစ်ပါတယ်။

ကျွန်တော် မကျေမနပ်တစ်ခုခုဖြစ်ရင် သင်းကွပ်တွေက ဒဏ်သင့်တော့တာပဲ။ အူမြူးနေရင်လည်း သက်သာမယ်မထင်နဲ့။ ရယ်ချင်လို့ နှိပ်စက်သေးတယ်။ ကျွန်တော် ငယ်ငယ်က ကပ်သီးကပ်သပ် လုပ်တတ်တာတွေရှိတယ်။ ကုလားအုပ်မွေးတယ်။ တီကောင်တွေလှောင်ထားတယ်။ နွားကို ခွေးဝိုင်းကိုက်အောင် ရှူးတိုက်တယ်။ လူတွေကို နစ်နာအောင် လှည့်စားပြီး ပျော်လေ့ရှိတယ်။ အုပ်ချုပ်ရေးဌာနက ကြိမ်ဒဏ်ပေးအောင် အမှုဆင်လိုက်လို့ သင်းကွပ်တွေ မကြာခဏ ဒုက္ခရောက်တယ်။ အသက်ခုနစ်နှစ်ကျော်လောက်က စိတ်ကူးတစ်ခုပေါက်ပြီး ကောင်းကင်ဘုံရဲ့သားတော်ဖြစ်တဲ့ ငါ့အမိန့်လို့ သူတို့တကယ်တမ်း နားထောင်ရဲ့လားဆိုတာ သိချင်လို့ သင်းကွပ်တစ်ကောင်ကို အမှိုက်ပုံထဲက အညစ်အကြေးတစ်ခုကို စားခိုင်းတယ်။ စားရှာတယ်။ နောက်တစ်ခါ မီးသတ်ပိုက်ရေလုံးနဲ့ထိုးလို့ သင်းကွပ်အိုကြီးတစ်ယောက် သေမတတ်ခံရတယ်။

ဒီပုံစံအတိုင်းခိုင်းတာကို ချက်ချင်း မသွေမလှန်လုပ်ပေးကြတဲ့လူစုနဲ့ ကြီးပြင်းလာရတော့ ရက်စက်ကြမ်းကြုတ်လာတယ်။ ဆရာတွေက သည်းခံပြီး ညာတာဖို့ဆုံးမတယ်ဆိုပေမယ့်လည်း သူတို့ကိုယ်တိုင်က ကျွန်တော့်ဩဇာကိုခံပြီး တစ်ဖက်က ကေရာဇ်အဖြစ်နဲ့ သွေးကြီးအောင် အမြဲပြောလေ့ရှိနေတော့ သူတို့ရဲ့စကားဟာလည်း အရာမထင်ဘူးပေါ့။ ရှေးက မင်းကောင်းမင်းမြတ်တွေအကြောင်းကို ဘယ်လိုပဲ ပုံလုပ်ပြီးပြောပြော ငါဟာ လူသာမန်မဟုတ်ဘူး။ စေတလုံးပိုင်တယ်လို့ပဲ စွဲနေတယ်။

ကျွန်တော် ရက်စက်ရိုင်းစိုင်းတာကို တစ်နန်းတော်လုံးမှာ တားဆီးနိုင်တာဟာ ကျွန်တော့်အထိန်း ဝေါင်တစ်ယောက်ပဲရှိတယ်။ ဝေါင်က လုံးဝ စာမတတ်ဘူး။ မင်းကောင်းမင်းမြတ်တွေအကြောင်းလည်း မပြောတတ်ဘူး။ ဒါပေမယ့် သူပြောရင် ကျွန်တော်က နားထောင်တယ်။

တစ်ခါက သင်းကွပ်တစ်ယောက်က ရုပ်သေးကြိုးဆွဲပြီး ကျွန်တော့်ကို

ဖျော်ဖြေတယ်။ ကျေနပ်လို့ မုန့်ဆုပေးမယ်လုပ်တယ်။ ပြီးမှ စိတ်ရှုးဝင်ပြီး မုန့်ထဲမှာ သံတိုသံစတွေ သိပ်ထည့်နေတယ်။ ကိုယ်တော်ကြီး ဒါကို ဘယ်လိုလူမျိုးက စားနိုင်မလဲလို့ အထိမ်းကမေးတယ်။ ဟိုသင်းကွပ်ကိုဆုပေးမလို့ သူစားတာကြည့်ချင်တယ်လို့ဖြေတော့ ဒါစားရင် သူ့သွားတွေ ကျိုးကုန်မယ်။ သွားကျိုးလို့ အစာမစားနိုင်ရင် ဘာဖြစ်သွားမလဲသိလား။ သေမှာလို့ပြောတော့ သဘောပေါက်ပါတယ်။ ဒါပေမယ့် မလျှော့သေးဘူး။ သွားကျိုးတာပဲ ကြည့်ရအောင်လို့ပြောတော့ သံစတွေနေရာမှာ ပဲစေ့မာတာတွေထည့်ပါ။ အဲဒါဝါးလည်း ကြည့်ကောင်းမှာပါလို့ဆိုလို့ အဲဒီသင်းကွပ်သက်သာသွားတယ်။

တစ်ခါကလည်း လေသေနတ်နဲ့ သင်းကွပ်တွေနေတဲ့တန်းလျားက စက္ကူပြတင်းပိတ်ကို အပေါက်တွေဖြစ်အောင် ဖောက်ရတာ အရသာတွေ့နေတယ်။ သူတို့ကတော့ ကယ်ပါဦးလို့ အထိန်းကိုပြေးခေါ်ကြတယ်။ သူက အထဲမှာ လူတွေနဲ့ သေကုန်လိမ့်မယ်လို့ လာပြောမှ ကျွန်တော်အပြစ်ရပ်တယ်။ သူပြောမှပဲ တခြားလူတွေလည်း ငါလိုနာတတ်ကြင်တတ်မှာပဲလို့ တွေးမိတယ်။ ဒီလို လွယ်လွယ်နဲ့ အမြဲသိထားသင့်တဲ့ ပတ်ဝန်းကျင်မှာတော့ ခဏခဏ မေ့သွားသေးတယ်။ သူတို့က ငါ့ကျွန်တွေ ငါကြိုက်သလို ခိုင်းနိုင်တယ်ဆိုတဲ့အစွဲက အနိုင်ရရသွားတတ်တယ်။ အထိန်းပြောတဲ့အခါမှပဲ သူတို့တွေလည်း ငါလိုလူပဲလို့ အမှတ်ရမိတော့တယ်။

အထိန်းက ကျွန်တော့်ကို ရှစ်နှစ်သားအထိ နို့တိုက်တယ်။ ဒီတော့ သူ့ကို ကျွန်တော် သိပ်ခင်တယ်။ အပျောက်မခံဘူး။ အဲဒီ ရှစ်နှစ်သားရှိမှ ကျွန်တော့်ကို အသိမပေးဘဲ မယ်တော်ကြီးက သူ့ကို တခြားပို့ပစ်တယ်။ သိပ်ငိုပစ်လိုက်တယ်။ ဒါပေမယ့်လဲ ပြန်ပို့မပေးဘူး။ မယ်တော်ကြီးလေးယောက်နဲ့ လဲဆိုတောင် လဲပါတယ်။ ကျွန်တော့်ကို တကယ်ယဉ်ကျေးပြီး လူပီသအောင် သွန်သင်မယ့်လူ အနားမှာ မရှိတော့ဘူး။ စောစောက သူနားလည်သလို သင်သွားတဲ့ လူမှုလူ့ရာကိုလည်း သူသွားလို့ မကြာခင်ပဲ ကျွန်တော့် မေ့သွားပါပြီ။

ကျွန်တော် မယားရပြီးတော့ သူ့ကို ရအောင်ရှာခိုင်းပြီး ကျွန်တော့်ဆီမှာ ခဏခဏ ခေါ်ထားတယ်။ "မန်ကျူကော့"ခေတ်ကုန်တော့ သူ့ကို ကျင်ကျန်ကို ခေါ်လာခဲ့ပြီး အနောက်မြောက်ကို ကျွန်တော် ထွက်ရတဲ့အထိ ထောက်ပံ့ထားပါတယ်။ သူ့ကို ဒီလို အထူးအခွင့်အရေး ပေးထားတာကို အားကိုးပြုပြီး မဖွယ်မရာ အခွင့်အာဏာ ဘယ်တော့မှ မတောင်းရှာဘူး။ စိတ်ကောင်းရှိတယ်။ အကဲမဆတ်ဘူး။ ဘယ်သူနဲ့မှ ရန်မဖြစ်ဘူး။ တည်ငြိမ်တဲ့မျက်နှာဟာ အမြဲ ပြုံးယောင်ယောင်မြင်နေရတယ်။ စကားလည်း မများဘူး။ နှုတ်ဆိတ်တယ်။ သူများကစပြီး စကားမပြောရင် သူကတော့ ပြုံးနေတတ်တာပဲ။ ဒီအပြုံးကို ငယ်ငယ်ကတော့ ဆန်းတယ်ထင်တယ်။ မျက်လုံးက ခပ်လှမ်းလှမ်းကိုကြည့်ပြီးနေတော့ ပြုံးစရာကို ဝေးဝေးမှာ မြင်များနေသလားလို့ ထင်မိတယ်။ သူ့ဘဝ အတွေ့အကြုံကိုလည်း ပြောပြလေ့မရှိ

ဘူး။ ကျွန်တော့်ကို အထူးခွင့်လွှတ်ချက်ပေးတာ ခံယူပြီးမှ သူ့မွေးစားသားနဲ့ တွေ့တဲ့အခါမှ ကျိုနင်ကေရာဇ်ကြီးကို နို့တိုက်မွေးတဲ့ ဒီမိန်းမကို ကျိုနင်အမျိုးအဆက်တွေက ဘယ်လိုကျေးဇူးဆပ်သလဲဆိုတာ သိရတော့တယ်။

အခု ဟောပေ့ခေါ်တဲ့ ကျိုလီတိုင်း ရဲင်ကျိုဥနယ်က ရွာတစ်ရွာမှာ ကျိုအင်အမျိုး သူဆင်းရဲလယ်သမားတစ်ဦးရဲ့ ၁၈၈၇ ခုမွေး သမီးတစ်ယောက် ဖြစ်တယ်။ သူ့ထက်ခြောက်နှစ်ကြီးတဲ့ အစ်ကိုတစ်ယောက်လည်းရှိတယ်။ အသက်ငါးဆယ်အရွယ် အဖေက မိုးခေါင်တဲ့အခါမှာ ရေနစ်တဲ့မြေတစ်ကွက်ကို အငှားထွန်းယက်စိုက်ပျိုးရတယ်။ ကောက်ပင်ကောင်းကောင်းဖြစ်တဲ့နှစ်မှာတောင် အခွန်အခပေးပြီးတဲ့နောက် နှစ်လုံးပေါက် စားစရာစပါးမကျန်ဘူး။ ၁၈၉၀ ပြည့်နှစ်မှာ ရေဘေးသင့်တော့ သူတို့တစ်အိမ်ထောင်လုံး ခိုကိုးရာမဲ့ ဖြစ်ကြတယ်။ အဖေလုပ်သူဟာ ဝန်ကြီးလွန်းလို့ သမီးကိုပစ်ခဲ့မယ် အခါခါ ကြံပါသတဲ့။ ဒါပေမယ့် မပစ်ရက်ဘဲ ဆိုင်းထမ်းထဲ ပြန်ပြန်ထည့်ပြီး လှည့်လည်ရာတစ်လျှောက်လုံး ထမ်းခဲ့ပါတယ်။ သူ့ဆိုင်းထမ်းဆိုတာ ဟာလည်း တစ်ဖက်က သမီးငယ်၊ တစ်ဖက်က သူတို့ပိုင်သမျှ အဝတ်စုတ် စောင်စုတ်တွေပဲပါတယ်။ စားစရာ ကောက်တစ်စ်နှံမှ မရဘူး။ ဒီလိုဘဝတုန်းက အဖေက လမ်းမှာပစ်ခဲ့ဖို့ ကြံရကောင်းလားလို့ နောက်ပြန်ပြီးသိရတော့လည်း သူစိတ်မဆိုးဘူးတဲ့။ လူတိုင်း ငတ်လို့ ဘယ်ကမှ စားစရာတောင်းမရနိုင်တဲ့အခါမှာ ပါအောင် ထမ်းလာတာကိုပဲ သူက ကျေးဇူးတင်တယ်တဲ့။

အဖေအမေနဲ့ ကိုးနှစ်သားရယ်၊ သုံးနှစ်သမီးရယ်၊ မိသားစုလေးယောက်ဟာ ဒီလိုနဲ့ပဲ အနိုင်နိုင်သွားပြီး ပီကင်းရောက်လာတယ်။ ဆွေမျိုးတော်တဲ့ သင်းကွပ်တစ်ဦးအိမ်မှာ မှီခိုမယ်လို့လည်း တွေးလာကြတယ်။ ဒါပေမယ့် အဲဒီသင်းကွပ်က မောင်းထုတ်လိုက်တော့ လမ်းမှာ လှည့်တောင်းရတဲ့ သူတောင်းစားပေါ့။ သူတို့လို အငတ်တွေဟာ မြို့တော်မှာ ထောင်လိုက်သောင်းလိုက် ရှိနေတယ်။ ညများဆိုရင် ငတ်တာရယ် ချမ်းသာရယ်နဲ့ ညည်းတွားသံတွေဟာ လမ်းတိုင်းမှာ ဆူနေတယ်။ ဒီအချိန်မှာ နန်းတော်ကြီးကလည်း နွေရာသီစံနန်းဆောက်လို့ ငွေကို ရေလိုသုံးတယ်။ ကျွန်တော့်အဘိုး မင်းသားကျန်င်ရဲ့ မသာတော်ကလည်းရှိလို့ ငွေကို အရမ်းသုံးနေကြတယ်။ တောင်သူတွေရဲ့ ချွေးနဲ့သွေးနဲ့ရင်းပြီး ပေါ်လာလို့ရတဲ့ငွေကို သူတို့ဖြုန်းကောင်းတုန်းမှာ အဲဒီကျေးဇူးရှင်တွေက ငတ်လို့ သားသမီးကို ချရောင်းနေကြရတယ်။ ရောင်းချင်တိုင်းလည်း ဝယ်သူမတွေ့ဘူး။ အဆူအညံ သက်သာအောင်လို့ ရှန်တိအင်ဖှုအဖွဲ့က ဆန်ပြုတ်ဝေတယ်။ အဲဒါနဲ့ ယာယီအသက်ဆက်ရတယ်။ ကိုးနှစ်သားကို ဆံပင်ဖြတ်သမားက ခိုင်းဖို့ယူပြီး ပေးတဲ့ငွေစနဲ့ တစ်ခါဆောင်းကျွတ်အောင် အသက်ဆက်ကြရပြန်တယ်။

နွေဦးရောက်တော့ အလကားဝေတဲ့စားဖိုလည်း ပိတ်တော့မှာမို့ မူလရွာကိုပဲ ပြန်ကြတယ်။ ဟိုမှာလည်း ၁၉၀၀ ပြည့်အထိ မသေထမင်းပဲ စားကြရရှာတယ်။

အဲဒီနှစ်မှာ သူတို့နယ်ကို နိုင်ငံခြားတပ်ပေါင်းစုက ဝင်ပြီး ဖျက်ဆီး တိုက်ခိုက်လိုက်သေးတယ်။ သမီးက ဆယ့်သုံးနှစ်ရှယ်ရောက်ပြီ။ ပီကင်းက ဆံပင်ဖြတ်သမားအစ်ကို့ဆီကို အဲဒီကလေးမ ပြေးလာပြန်တယ်။ သူကလည်း ဝအောင်မကျွေးနိုင်တော့အသက်ဆယ့်ခြောက်နှစ်အဝင်မှာ ခြေမြန်အမှုထမ်းဝေါင်ကို ကျွန်တစ်ပိုင်း မယားတစ်ပိုင်း အသုံးခံဖို့ ရောင်းရတယ်။ လင်က ရောဂါသည်၊ အကျင့်လည်း မကောင်းဘူး။ သုံးနှစ်ကြာတော့ သမီးမွေးတယ်၊ လင်သေတယ်။ ဒီအချိန်နဲ့ ကိုက်ပြီးကျွန်တော်လည်း လူဖြစ်လာတယ်။ နို့ထိန်းလိုက်ရှာတော့ သူ့ကို တွေ့ပါတယ်။ အားလုံး မိန်းမနှစ်ဆယ်ထဲက သူ့ကို နို့အအောင်ဆုံးဆိုပြီး ရွေးတာပါ။ တစ်လလုံးမှ ငွေနှစ်အောင်စရပါမယ့်အရေးကို အိမ်မပြန်ရ၊ ကိုယ့်ကလေးကို နို့ မတိုက်ရ၊ ဆားမပါတဲ့ အဆီများများ အသားတစ်ပန်းကန်ပဲ တစ်နေ့လုံးအတွက် စားစရာရတယ်။

နို့ထိန်းဖြစ်လို့ သုံးနှစ်ရှိတော့ သူ့ကိုယ်ပိုင်သမီးက ငတ်သေတယ်။ ဒီသတင်းကိုကြားရင် စိတ်ဆင်းရဲပြီး နို့ထွက်နည်းသွားမှာစိုးလို့ဆိုပြီး ကျွန်တော့်အိမ်က သူ့ကိုမပြောဘူး။ ကိုးနှစ်မြောက်တော့ ကျွန်မတစ်ယောက်နဲ့ သင်းကွပ်တစ်ယောက် ရန်ဖြစ်တာကစပြီး ကျွန်မတွေကိုနှင်တော့ သူပါသွားတယ်။ အဲဒီတော့မှသူ့သမီးကလေး သေနှင့်ပြီလို့ သူသိရှာသတဲ့။

* * *

အခန်း သုံး

# နန်းမြို့က ဂျပန်သံရုံးကို
# ယွန်ရှိကိုင်ခေတ်

နန်းမြို့ထဲက နန်းတော်အတွင်းခေါင်ခေါင် တစ်နေရာမှာ မနက်စောစော ဆိုရင် မြို့ပြင်က အသံတွေကို သဲသဲကွဲကွဲ ကြားရတတ်တယ်။ အဲဒါ ဆန်းတယ်။ ဈေးသည်တွေအော်သံ၊ လှည်းဘီးမြည်သံ၊ စစ်သားတွေ သီချင်းဆိုသံ။ သင်းကွပ်တွေက အဲဒါကိုစွဲပြီး အဲဒီနေရာကို အသံမြို့လို့ခေါ်ကြတယ်။ နန်းမြို့က ကျွန်တော် ထွက်ခဲ့ပြီးမှ တစ်ခါတစ်ခါ အဲဒီအသံမြို့ကို သတိရမိတယ်။ အနားက သမ္မတစံအိမ်မှာ စစ်ဘင်ခရာတီးမှုတ်သံကို ကြားရတာ ကျွန်တော့်စိတ်ထဲ အစွဲလမ်းဆုံး ဖြစ်နေတယ်။ သင်းကွပ်ချုပ် ကျန်င်ကျီအင်ဟောက တစ်ခါ ဒီလိုပြောတယ်။ ကြားလား ဘင်သံ၊ ယွန်ရှိကိုင် ထမင်းစားနေပြီ၊ သူစားတုန်းသောက်တုန်း ဒီလိုပဲ တီးမှုတ်ပေးရတယ်။ ကိုယ်တော်ကြီးထက် ခံ့သေးတယ်တဲ့။

ကိုယ့်အရှင်ထက် ဟိုလူက မြင့်ရမလားလို့ သူ့မျက်နှာမှာ ဒေါသလွှမ်းနေတယ်။ ပြီးတော့ ထိပ်ဆုံးက နိမ့်ခဲ့ရပါကလားလို့ ဝမ်းနည်းသံပါတယ်။ ဒါကို ကျွန်တော် ကိုးနှစ်သားကပဲ သတိထားလိုက်မိတယ်။ ဒီတော့ ဘင်သံကြားတိုင်း စိတ်အားငယ်တယ်။ စိတ်ဆင်းရဲတယ်။ ဧကရီမယ်တော်ကြီးရဲ့ စားတော်ပွဲထက် ကြီးကျယ်တဲ့ စားတော်ပွဲမှာ ယွန်ရှိကိုင်ထိုင်နေပြီ။ တပ်ဖွဲ့လိုက်ကျွန်တွေက တီးမှုတ် ဖျော်ဖြေပြီး ယပ်ခတ်ပေးနေကြပြီ။ ဒီလိုတွေးမိလို့ပါပဲ။

နောက်တစ်သံကတော့ ကျွန်တော် နည်းနည်းကြီးတော့ ကြားရတယ်။ နှစ်သက်တယ်။ ကျွန်တော့်ဆရာတွေ သင်ယူခဲ့တဲ့ သတင်းစကားသံပါပဲ။ ကျွန်တော့်ကို ထီးနန်းပြန်အပ်ကြမယ်တဲ့။

ထီးနန်းပြန်အပ်မယ်ဆိုတာကို ကျွန်တော်တို့ နန်းမြို့သုံးစကားလုံးအတိုင်း ပြောရရင် ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ အရိုက်အရာတော်ကို ဆက်ဆံရပြန်တယ်လို့ဆိုမယ်။ မှူးဟောင်းမတ်ဟောင်းတွေကတော့ လက်ထက်တော်ကြီး တစ်ပတ်ပြန်ပြီး ခမ်းကြီးနားကြီး ဆိုက်ရောက်တယ်လို့ ပြောမယ်။ ကျိန်င်တို့ စိုးမိုးရပြန်ပြီလို့

လည်း ပြောပေမယ်။ အဲဒီလို ဖြစ်ရလေအောင် ကြံစည် ပြောဆို အားထုတ်ကြတာ ဟာလည်း ကျွန်တော် တကယ် ယာယီနန်းပြန်ရတဲ့ ၁၉၁၇ ခုကထက်လည်း စော တယ်။ ဂျပန်သံရုံးကို ကျွန်တော် ပြေးပုန်းခိုဝင်ရတဲ့ ၁၉၂၄ တုန်းကလည်း ဒီစိတ်ကူးဟာ အမြစ်ပြတ်မသွားဘူး။ တကယ်တော့ နန်းစွန့်ပြီလို့ ကြေညာတဲ့ ၁၉၁၂ ခုကနေပြီး "မန်ကျူကော့လက်နက်နိုင်ငံ"လို့ တည်ထောင်တဲ့ ၁၉၃၄ ခုအထိ ဒီလိုလားချက်ဟာ မတိမ်မကော ရှိလာတာပါပဲ။[၁] အစပိုင်းကတော့ လူကြီးတွေစီမံချထားတဲ့အတိုင်း ကျွန်တော်က ဒီနေရာမှာ ပါဝင်အသုံးတော်ခံတယ် ဆိုပါတော့။ နောက်ပိုင်းတော့ ကိုယ့်စိတ်ကူး၊ ကိုယ့်လောကနဲ့ ကိုယ့်ဘဝအစွဲကြောင့် ကိုယ်တိုင်ပဲ စီမံခန့်ခွဲတယ်။ ကလေးဘဝတုန်းက စာသင်ဆရာတွေက ဒါရိုက်တာ၊ သူတို့နောက်ကွယ်က နန်းထိန်း ဌာန အရာရှိကြီးတွေရယ်၊ သမ္မတခွင့်ပြုချက်နဲ့ ဧကရာဇ်အမှုကိစ္စတွေကို အုပ်ချုပ် ညွှန်ကြားခွင့်ရတဲ့ အဖေရယ်။ ကျွန်တော့်ကို နန်းပြန်တင်ဖို့ သူတို့ သိပ်ပြီးအားသန် တာတော့ ယုံတယ်။ ဒါပေမယ့် သူတို့ကိုယ်တိုင်လည်း သိတယ်။ ကျွန်တော်လည်း နောက်တော့ သိလာတယ်။ အဲဒါက ဘာလဲဆိုတော့ သူတို့မှာ ဒီကိစ္စ အောင်မြင်အောင် ဆောင်ရွက်နိုင်မယ့်အင်အား မရှိပါဘူး။ ဒီလိုဆိုရင် အဲဒါကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးနိုင်မယ့်လူကို ကြည့်ပြန်တော့ သမ္မတ ယွန်ရှီကိုင်ကိုပဲမြင်တယ်။ တကယ်တော့ ဒီလူဟာ နန်းလုတဲ့လူပဲ မဟုတ်လား။ ဒါတောင် သူ့ကိုပဲ အားကိုး နေသေးတယ်ဆိုတာ ရယ်စရာ ဖြစ်နေပါတယ်။

ဆရာ ကျဲန်ပဝ်ရှဲန်ဟာ ၁၉၁၂ ခု ဒီဇင်ဘာလ ၃၁ ရက် မနက် စာသင်ခန်းကို ဝင်လာပြီး လုပ်နေကျ စုတ်တံနီနီကိုင်ပြီး ကျွန်တော်တို့ ကူးထားတဲ့စာတွေကို စစ် ဆေးပြင်ဆင်ဖို့မလုပ်ဘဲ ပုစ္ဆာမေးတဲ့အခါ ရယ်တဲ့ပုံစံမျိုးရယ်ပြီး ကျွန်တော့်ကို ခဏ ကြည့်နေတယ်။ ပြီးမှ အနောက်နိုင်ငံ ပြက္ခဒိန်အတိုင်းဆိုရင် မနက်ဖြန် နှစ်ဆန်းတစ်ရက် ဖြစ်မယ်။ တော်ကြီးဘုရားဆီကို သမ္မတနိုင်ငံက ပုဂ္ဂိုလ်တစ်ဦးလာပြီး သမ္မတကိုယ်စား မင်္ဂလာစကား တင်လျှောက်လိမ့်မယ်လို့ ပြောလိုက်ပါတယ်။ နိုင်ငံရေး ညွှန်ကြားရေး မှူးအဖြစ် ကျွန်တော့်အတွက် ဆရာဆောင်ရွက်တာ ဒီတစ်ခါဟာ ပထမဆုံးအကြိမ်ပဲ လားလို့တော့ အသေအချာ မပြောတတ်ပါ။ ဒါပေမယ့် သူ့မျက်နှာပေးဟာ အင်မတန် မြင်ရခဲတဲ့ ကျေနပ်သဘောကျပုံမျိုးကို ပြနေတယ်။ ဒီပုံမျိုးမြင်ရတာတော့ ပထမဆုံး အကြိမ်ပါပဲ။ သမ္မတနိုင်ငံက ဒီလို ရောက်လာတဲ့ဧည့်သည်တော်ကို နိုင်ငံခြားသံကို လက်ခံသလို သဘောထားပြီး လက်ခံရမယ်။ ပြန်ပြောစရာကိုတော့ ရှပ်ယိင်လို့ခေါ်တဲ့ နန်းထိန်းဌာနမှူးက ပြောပါလိမ့်မယ်။ ကျွန်တော်ကတော့ နဂါးသနပလ္လင်နောက်က အသာကလေးထိုင်နေပြီး ပွဲကြည့်ရုံပါပဲတဲ့။

---

၁။ ဒါထက်ပိုမှန်တာက အဲဒီလို မန်ကျူကောမှာသွားပြီး နန်းစံရတာထက် "နှောင်ကျိန်ငင် မင်းဆက်"အဖြစ်နဲ့ တရုတ်နိုင်ငံမှာပဲစိုးမိုးဖို့ တရုတ်မြောက်ပိုင်းကို ဂျပန် ဝင်တိုက်တော့ ကြံစည်ကြသေးတယ်။ သူတို့သခင် ဂျပန်က သဘောမတူလို့သာ ဘာမှမဖြစ်တာ။

နောက်တစ်နေ့မှာ ဧကရာဇ်တို့အဆောင်အယောင် အပြည့်အစုံဖြစ်တဲ့ ရွှေနဂါးအင်္ကျီနဲ့ဝတ်လုံ၊ ပုလဲသီးတပ်ဦးဖွဲ့၊ ပုလဲလည်ဆွဲတွေ ဆင်ယင်ပြီး တိမ်မဲ့ ကောင်းကင်နန်းဆောင်ပလ္လင်ပေါ်မှာ ကျွန်တော်က ရာဇ်ခြွေအပြည့်နဲ့ ထိုင်နေပါတယ်။ ရှေ့တော်နေ အမတ်တစ်ပါးစီ ဘေးနှစ်ဖက်က ရပ်နေကြတယ်။ သူတို့နဲ့ကပ်ပြီး ဓားဆွဲ ကိုယ်ရံတွေ ရပ်ကြတယ်။ သမ္မတယွန်ရဲ့သံအဖြစ်နဲ့ ကျူကျိုကျိအင်ဟာ ခန်းမကို ဝင်ဝင်ချင်း ဦးညွှတ်ပါတယ်။ ရှေ့ကို နည်းနည်းလှမ်းလာပြီး ဦးညွှတ်ပြန်တယ်။ ပြီးမှ ပလ္လင်ရှိတဲ့ စကြ်နားကပ်လာပြီး အင်မတန်ငုံ့တဲ့အထိ ဦးညွှတ်ပြီးမှ ဝမ်းမြောက် စကားကို ဆိုပါတယ်။ ဒီတော့မှ ရှုပ်ယိင်က ပလ္လင်ရှိတဲ့ စကြ်ပေါ်က လှမ်းဆင်းပြီး ကျွန်တော့်ရှေ့မှာ ဒူးတုပ်လိုက်ပါတယ်။ ပြန်ပြီးပြောရမယ့်စကားကို ကြိုတင် ရေးထားပြီး ပိုးဝါဖုံးသစ်သားသေတ္တာထဲမှာရှိတယ်။ အဲဒါကို ကျွန်တော်က ဖွင့်ယူပြီး ရှုပ်ယိင်ကို ကမ်းလိုက်တယ်။ သူက ထပြီး စာကိုဖတ်တယ်။ ပြီးတော့ သံကျူကျို ကျိအင်ကို လှမ်းပေး၊ ဦးညွှတ်၊ ပြီးမှ ထွက်သွားပါတယ်။ အခမ်းအနား ပြီးပါပြီ။

အခြေအနေအရ စိတ်ဓာတ်အင်အား တက်လာကြတာကို နောက်တစ်နေ့မှာ သာပြီး သိသာသေးတယ်။ မနက်အိပ်ရာထမှာ အိပ်ခန်းပြင်ကနေပြီး မနေ့က သင်ခန်းစာကို ကျွန်တော်နားထောင်ဖို့ ဖတ်ပြတဲ့ ကျန်င်ကျိအင်တောရဲ့ အသံဟာ အရင်ကထက် ပိုပြီး ကြည်လင်ပြတ်သားတယ်။ စာသင်ခန်းရောက်တော့ ဆရာကျဲန်ပင် ရှဲ့နံက သူ့မှတ်ဆိတ်ဖြူကို လိပ်ရင်း ခေါင်းကိုတညိတ်ညိတ်နဲ့ ထောက်ထား ငဲ့ညာ ရေးစာချုပ်ကို အရေးပါနိုင်ငံမှတ်တမ်းအဖြစ်နဲ့ သူတို့သိမ်းထားပြီး နိုင်ငံတကာကလည်း အသိအမှတ်ပြုတာ တွေ့ပြီလား၊ သမ္မတဆိုတဲ့လူကတောင် မလေးမစား မလုပ်ရဲဘူး၊ ကြည့်လို့ ပြောနေပါတယ်။

အဲဒီနောက် မကြာခင်မှာပဲ ကျွန်တော့်မွေးနေ့ကြုံလို့ သမ္မတက ဝမ်းသာ ဆုတောင်းစကားပြောဖို့ သံတမန် လွှတ်ပြန်တယ်။ ကျွန်တော့်မွေးနေ့က တရုတ် ပထမလရဲ့ ၁၃ ရက်နေ့ဖြစ်ပါတယ်။ သမ္မတနိုင်ငံထောင်ပြီး ပထမနှစ်မှာ ငြိမ်ကုတ်နေတဲ့ မင်းသားနဲ့ အရင်ကျွန်တော်တို့ အစိုးရနဲ့ဆိုင်တဲ့ အရာရှိကြီးတွေဟာ အခုလိုပြေပြစ် နေတာကိုတွေ့တော့ နည်းနည်းခေါင်းထောင်လာဝံ့ကြပါပြီ။ ဒေါင်းတောင်နဲ့ အသီးတပ် ဦးထုပ်နီကိုဆောင်းပြီး သွားလာဝံ့ကြပြီ။ တချို့က ရုံးဆင်းရုံးတက် ရှေ့တော်ပြေးနဲ့ လမ်းရှင်းခိုင်းတဲ့အထိ လုပ်ရဲလာပြန်တယ်။ နန်းမြို့ မြောက်တံခါးအဝင်မှာလည်း ခဏလောက် စည်စည်ကားကား ဖြစ်လာပြန်တယ်။ အရင်က အရာရှိတွေဟာ သာမန်အရပ်ဝတ်နဲ့ နန်းတော်ဝင်ပြီးမှ ထိုက်တန်ရာအဝတ်ကို လဲတယ်။ အခု သမ္မတနိုင်ငံ ဒုတိယနှစ်ရောက်တဲ့အခါ အိမ်ကပဲစပြီး ထီးနန်းဆိုင်ရာ ဝတ်စုံနဲ့တကွ အစီးအနင်း အဆောင်အရွက် ခင်းကျင်းပြီး လာဝံ့ကြပြီ။

၁၉၁၃ ခုမှာ ဧကရီမယ်တော်ကြီး လုန်င်ယုရဲ့မွေးနေ့နဲ့ မသာတော်မှာ ရှေးရှေးကပုံစံအတိုင်း ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် ခင်းကျင်းလိုက်ကြတယ်။

လုန်င်ယုက မတ်လ၁၅ ရက်နေ့မှာ မွေးနေ့လုပ်ပြီးနောက် ၇ ရက်ကြာတော့ သေရှာတယ်။ ယွန်ရှီကိုင်က သူ့ရုံးက အကြီးအမှူးလျန်ရှီယီကို ဧကရီမယ်တော်ကြီးမွေးနေ့ကို ဝမ်းသာစကားဆိုဖို့လွှတ်တယ်။ သဝဏ်လွှာမှာတော့ ဘုန်းအသရေတော်ကြီးမြတ်သည့် မဟာကျိန်မင်းတို့၏ ဧကရီမယ်တော်ကြီး လုန်င်ယုထံ တရုတ်သမ္မတနိုင်ငံကြီး၏ သမ္မတက သဝဏ်လွှာပေးဆက်ပါသည်လို့ ရေးတယ်။ သဝဏ်လွှာဆက်တဲ့သံအဖွဲ့ပြန်ရော ဝန်ကြီးချုပ် ကျဝ်ပိန်င်ကျုန်နဲ့ ဝန်ကြီးအားလုံးရောက်လာပြီး ခစားပြန်ပါတယ်။

လုန်င်ယု သေတဲ့အခါ ယွန်ရှီကိုင်ပြုမူပုံဟာ သာပြီး အထင်ကြီးစရာ ဖြစ်သေးတယ်။ ကိုယ်တိုင်လက်မောင်းမှာ အမည်းဝတ်စီးပြီး တစ်နိုင်ငံလုံး အလံတစ်ဝက်သာထူစေ၊ စစ်ဖက်နယ်ဖက်အရာရှိတွေ ဝမ်းနည်းဝတ် ၂၇ ရက်ဝတ်စေ၊ ဝန်ကြီးတစ်ဖွဲ့လုံးသွားပြီး နောက်ဆုံးအလောင်းတော်ကို အလေးပြုစေလို့ အမိန့်တွေထုတ်ဆင့်ပါတယ်။ ဆီးနိတ်ဥက္ကဋ္ဌကိုယ်တိုင် အခမ်းအနားမှူးလုပ်ပြီး သင့်မြတ်ကြီးစွာနန်းမှာ အမျိုးသားအောက်မေ့ရာ လွှတ်သဘင် ခင်းကျင်းသေးတယ်။ စစ်တပ်မှာလည်း ယွန် အားကိုးယုံကြည်ဆုံးဖြစ်တဲ့ ဗိုလ်ချုပ်ကြီး တွအန်ကျိရွေ့ သဘာပတိလုပ်ပြီး အလားတူ သဘင်ခင်းကျင်းပါတယ်။ နန်းမြို့တွင်းမှာတော့ ရှေးအဆောင်အယောင်ဝတ်ပြီး ရှေးအရာရှိတွေရယ်၊ အနောက်တိုင်းဝတ်စုံဝတ်ပြီး သမ္မတနိုင်ငံ အရာရှိတွေရယ် သင်းကွပ်တွေ "အူသည်းလှိုက်ဖို" ငိုကြွေးတဲ့နေရာကို ယှဉ်တွဲပြီး ဝင်ထွက်သွားလာနေပါတယ်။ မဟာမျိုးနဲ့ သူကောင်းမျိုးတွေဟာ ရက်တစ်ရာ ဝမ်းနည်းဝတ်ကို ဝတ်နေကြပေမယ့် တို့မင်းဘုန်းတောက်ဦးတော့မယ်ဆိုတဲ့ ကျေနပ်စရာအသိကြောင့် ဝမ်းသာနေကြတယ်။ အကျေနပ်ဆုံးအချက်ကတော့ ယုရှိကျုန်င်ဟာ ဂုဏ်ထူးအနေနဲ့ အရင်ကတည်းက ကျိန်မင်းဆက်က သူ့ကိုသနားခဲ့တဲ့ ဒေါင်းတောင်ကို ထိုးစိုက်ပြီး ကျင်တပ်က ရောက်လာတာပါပဲ။ ဒီပုဂ္ဂိုလ်ဟာ ကျွန်တော်တို့ ကျိန်မင်းဆက်ရဲ့ ရာဇဂုရုဖြစ်ခဲ့တယ်။ ကျွန်တော် နန်းစွန့်တော့ လန့်ပြီး ဂျာမန်တွေရှိတဲ့ ကျင်တပ်ကို ပြေးဝင်သွားခဲ့တယ်။ ပိကင်းကို သူပြန်ရောက်လာတာနဲ့ပတ်သက်ပြီး နောက်ထပ်ပြောပြစရာတွေ ရှိပါသေးတယ်။

လုန်င်ယုကို သင်္ဂြိုဟ်တဲ့အခမ်းအနားတွေ မပြီးသေးခင်မှာပဲ တရုတ်နိုင်ငံတောင်ပိုင်းမှာ ယွန်ရှီကိုင်ကို ဖြုတ်ချဖို့ "ဒုတိယတော်လှန်ရေး" စပါတယ်။ တယ်မကြာဘူး ယွန်ပဲ အနိုင်ရတယ်။ ဒီတော့မှ ယွန်ဟာ (အရင် ယာယီသမ္မတကနေပြီး) အခု သမ္မတပြည့်ပြည့်တင်းတင်းဖြစ်အောင် ရွေးချယ် ခန့်ထားရမယ်လို့ သူ့စစ်တပ်နဲ့ အမျိုးသားလွှတ်တော်ကို ဝိုင်းထားပြီး ခိုင်းပါတယ်။ ပြီးတော့မှ ဧကရီမယ်တော်ကြီး လုန်င်ယုရဲ့ အမိန့်ကိုနာခံပြီး သူဟာ ယာယီသမ္မတနိုင်ငံကို ဖွဲ့စည်းခဲ့တယ်။ အခု အများပြည်သူ့အကျိုးကို အမြဲထောက်ရှုတဲ့ မဟာကျိန်င် ဧကရီမယ်တော်ကြီး လုန်င်ယုနဲ့ မဟာကျိန်င်ဧကရာဇ်တို့ရဲ့ ဂုဏ်ကျေးဇူးကြောင့် ပြည့်ပြည့်တင်းတင်း

သမ္မတအဖြစ် သူ့ကို ရွေးကောက်လိုက်ကြပါပြီလို့ သူက ကျွန်တော့်ဆီကို အစီရင်ခံစာပို့ပါတယ်။ ပြည်သူအများ ကောင်းစားရေးနဲ့ တိုင်းနိုင်ငံ ငြိမ်ဝပ်ပိပြားရေးကို ရအောင် သူခေါင်းဆောင်ပြီး အုပ်ချုပ်သွားမယ့်အပြင် လုနိုင်ယုရဲ့ ဝိဉာဏ်ဟာ ကောင်းကင်ဘုံမှာ ကျေနပ်နှစ်သက်ရလေအောင် ထောက်ထား ငဲ့ညှာရေး စာချုပ်ပါ အချက်တွေကိုလည်း အတိအကျ လိုက်နာဆောင်ရွက်ပါမယ်လို့ ဆိုလိုတယ်။

အရာရှိဟောင်းကြီးတွေဟာ ယွန်ရှီကိုင်အပေါ်မှာ သဘောထား ထင်မြင်ချက်ပြောင်းလာကြတယ်။ သူတို့အလိုက ယွန်ဟာ တောင်ဖက်သားတွေကို လှည့်စားချင်တာနဲ့ သမ္မတနိုင်ငံကို ဆက်ပြီးထားတာ ကျွန်တော့်ကို နန်းစွန့်ခိုင်းတယ်ဆိုတာလည်း သဘောကတော့ ခဏ အနားယူခိုင်းထားကာပဲ ဖြစ်တယ်။ သမ္မတနိုင်ငံကို တည်ထောင်တယ်ဆိုတာကတော့ အစမ်းသဘောပါ။ အဲဒီလို ထင်လာကြတာကလည်း လက်ငင်း မြင်တွေ့နေရတဲ့ အဖြစ်အပျက်တွေကြောင့်ဖြစ်တယ်။ သမ္မတနိုင်ငံရဲ့ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးအားလုံးဟာ ရှေးနန်းသုံးဝတ်စုံတွေနဲ့ မသာတော်မှာ ကိုးကြိမ် မြေမှာဝပ်စင်းပြီး အလေးပြုကြတယ်။ အဲဒီတုန်းက သမ္မတအစိုးရအဖွဲ့ဝင် (အရင်ကျိန်င် အရာရှိကြီးဖြစ်ခဲ့ဖူးတဲ့) နိုင်ငံခြားရေးဌာနဝန်ကြီးဟာ အနောက်တိုင်းဝတ်စုံကို မချွတ်သေးတာမြင်တော့ ကျွန်တော့်ဆရာ လျန်တိန်ဖုန်က သွားကြိမ်းတာကိုလည်း အဲဒီ ဝန်ကြီးက ခံနေတယ်။

သမ္မတနိုင်ငံရဲ့ တတိယနှစ် (၁၉၁၄)ရောက်တော့ ဒီနှစ်မှာပဲ နန်းပြန်တင်မှာပဲလို့ အားလုံးတွက်ဆထားကြတယ်။ နေ့လားညလားဟဲ့လို့ တကြွကြွ ဖြစ်ကြလေအောင် ဆွပေးတဲ့ အဖြစ်အပျက်တွေက ရှိနေလို့ပါ။ ယွန်ရှီကိုင်ဟာ ကွန်ဖြူးရှပ်အတွက် ပူဇော်ပွဲလုပ်တယ်။ ပဒေသရာဇ်ခေတ်သုံးဘွဲ့တွေ ပြန်သုံးလာတယ်။ ကျိန်င်မင်းဆက်ရာဇဝင်ကို ရေးဖို့အဖွဲ့ဖွဲ့တယ်။ ကျိန်င်အရာရှိဟောင်းတွေကို ရာထူးတိုးပေးတယ်။ လှုပ်လှုပ်ရွရွ အများဆုံးဖြစ်သွားတဲ့ အဖြစ်အပျက်ကတော့ ရှေးကျိန်င်ခေတ်က အရှေ့မြောက်တိုင်း ဘုရင်ခံချုပ်ဖြစ်ခဲ့တဲ့ ကျုပ်အာ့စုန်ကို ကျိန်င်ရာဇဝင်ရေး အဖွဲ့ရဲ့ ဥက္ကဋ္ဌ ခန့်ထားတာပဲ ဖြစ်ပါတယ်။ ကျွန်တော့်ဆရာ ကျဲန်နဲ့ အပေါင်းပါက အဲဒီလူကြီးကို သစ္စာဖောက်ကြီးလို့ မြင်နေကြတယ်။ ဒါပေမယ့် ဒီလူကြီးအပြောက ငါဟာ ကျိန်င်အရာရှိ၊ ကျိန်င်ရာဇဝင်ကို ငါပဲတည်းဖြတ်ရတယ်။ ဒါဟာ ကျိန်င် ထမင်းကိုစားပြီး ကျိန်င်ကိစ္စကို လုပ်တာပဲ မဟုတ်လားတဲ့။ အရင်က ပညာရေး ဒုတိယဝန်ကြီးလည်းဖြစ်တယ်။ မြို့တော်ကြီးကောလိပ် အဓိပတိလည်းဖြစ်တဲ့ လပ်နိုင်ယှုအန်က သူခိုဝင်နေတဲ့ ကျင်တပ်ကနေပြီး ကျိန်င်ကို နန်းပြန်အပ်ဖို့ ဆောင်းပါး အထင်အရှားရေးပြီး သမ္မတအစိုးရကို တိုက်တွန်းတယ်၊ ယုရှီကျန်ဆီကိုလည်း သူပြောသလို ယွန်ရှီကိုင် လုပ်ဆောင် သွေးဆောင် ဖျောင်းဖျပါလို့ စာတစ်စောင် ရေးသေးတယ်။ အရင်မင်းဆက်ရဲ့ ရာဇဂုရုဖြစ်ပြီး အခုသမ္မတ အစိုးရမှာလည်း နိုင်ငံအတွင်းဝန်ဖြစ်နေတဲ့ ယုရှီကျန်င်ဟာ ယွန်ရှီကိုင်ကို လပ်နိုင်ယှုအန်ရဲ့ ဆောင်းပါးကို

သွားပြပါတယ်။ ဒီအခါမှာ ယွန်က လပ်ကို ပီကင်းလာပြီး အကြံပေးအရာရှိ လုပ်လှည့်ပါလို့ ဖိတ်တယ်။ နန်းပြန်တင်ဖို့ရေးကြတဲ့ တခြားဆောင်းပါးတွေလည်း ရှိသေးတယ်။ ဇီကျူအန်နယ်မှာ ညီတော်ဆယ့်သုံးလို့ အခေါ်ခံရတဲ့ စားပြဗိုလ်ဟာ ကျိုနင်နန်းတွင်းဝတ်စုံဝတ်ပြီး သိုးမွေးအစိမ်း ဖျင်အုပ်ထမ်းစင်စီးတယ်။ အရင်မင်းဆက် အရာရှိကြီး အဆောင်အယောင်အားလုံး သုံးတယ်။ နန်းပြန်ရရင် သူလည်း အရာရှိကြီး ဖြစ်ဖို့ စောင့်နေသတဲ့။

နန်းစွန့်ပြီးစက နွေရာသီစံနန်းတော်ကို ချက်ချင်းပဲ ပြောင်းပေးရတော့မလို ဖြစ်ခဲ့ဖူးတယ်။ အခုတော့ နန်းမြို့ကို အရင်စလို ဖယ်ပေးဖို့ မလိုတော့ဘူးဆိုတဲ့ သဘောကို နားလည်နေကြပြီ။ သာပြီးစိတ်ချရအောင်ဆိုပြီး ယွန်ရှီကိုင်နဲ့ ညီအစ်ကို အရင်းလို ဆက်ဆံမယ်လို့ သစ္စာပြုထားကြတယ်ဆိုတဲ့ နန်းထိန်းဌာနမှူးရှိယ့ုက ယွန်ရှီကိုင်ဆီကို သွားတယ်။ ပြန်လာတော့ ယွန်က နန်းစွန့်စာချုပ်ဆိုတာမှာတော့ နောင်တော်ရယ်၊ ဟိုတောင်ပိုင်းသားတွေ ကျေနပ်အောင်လို့ လုပ်ရတာပါ။ နန်းမြို့တွင်းမှာပဲ မဟာမျိုးရဲ့ ကျောင်းတော်ရှိလေတော့ ကိုယ်တော်ကြီးလည်း တခြားပြောင်းနေဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ ညီတော်သိပါတယ်။ ပြီးတော့ နန်းမြို့ဆိုတာ ဧကရာဇ်မှမနေရင် ဘယ်သူနေဝံ့ဦးမှာလဲလို့ ပြောလိုက်ကြောင်း သိရပါတယ်။ ဒီလောက် စုံစုံစကားကို နောက်မှ တစ်ဆင့်ကြားရပါတယ်။ ဟိုတုန်းက ရှိယ့ုနဲ့ အဖေတို့က ကျွန်တော့်နဲ့လာပြီး စကားရှည်ရှည်ပြောလေ့မရှိဘူး။ ပြောဖို့လိုသမျှကိုလည်း ကျွန်တော့်ဆရာ ကျဲန်ပဝ်ရှဲ့န်က တစ်ဆင့်ပြောတယ်။ အဲဒီဆရာကလည်း ကြည့်လေ၊ သူတို့သမ္မတကတောင် ဘယ်လိုဘယ်ညာဆိုပြီး အင်မတန် လိုသလိုဆွဲပြောလေ့ရှိပါတယ်။

ဒါပေမယ့် ဆရာကျဲန်ပင်ရှဲ့န်ဟာ နည်းနည်း ဈေးကိုင်တဲ့သဘောရှိတယ်။ သူသိလာသလောက် အကုန်မပြောဘူး။ သတိဆိုတာ ပိုတယ်မရှိဘူး။ ကြားတိုင်းအရမ်းယုံလို့လည်း ဘယ်ဖြစ်မလဲဆိုတဲ့သဘော ပါချင်ပါမယ်။ ဘာပြုလို့လဲဆိုတော့ နန်းပြန်ရဖို့ သေချာသလောက်ပဲဆိုပြီး အပြင်မှာ အထိန်းအကွပ်မရှိ မြူးကြသလို နန်းတွင်းမှာ မြူးလို့ မဖြစ်ဘူးပေါ့။ ဣန္ဒြေထားရသေးတယ်။ ပြီးတော့ ယွန်ရှီကိုင်ရဲ့ စကားတွေကလည်း ဘာမှ သေသေချာချာ အာမခံတာ မရှိဘူး မဟုတ်လား။ ဟိုလိုဆွဲတွေး၊ ဒီလိုဆွဲတွေးဆိုသလို ရှုံလောက်ပဲပြောထားတာ။ အဲဒါကြောင့် နန်းတော်ထဲမှာ သိပ်ဝမ်းသာတယ်ဆိုတာ အပြင်ကမသိအောင် ဟန်လုပ်ကြရပါတယ်။ ပီကင်းမှာ နိုင်ငံရေး ရာသီဥတု အပြောင်းအလဲဖြစ်ပြီး အဲဒီနန်းပြန်တင်ရမယ့်နှစ်လို့ ခေါ်တဲ့နှစ် ကုန်သွားတဲ့အခါ သိပ်ပြီး မမြူးမိတာက မှန်တယ်လို့ တွေ့ရပါတယ်။

နိုင်ငံရေး ရာသီဥတုအပြောင်းအလဲဆိုတာက ဒီလိုပါ။ သမ္မတနိုင်ငံထောက်လှမ်းရေးဌာန အရာရှိတစ်ဦးက နန်းတင်ကောလာဟလကို စုံစမ်းသင့်ကြောင်း စာတင်တယ်။ ဒီတော့ ယွန်ရှီကိုင်က ပြည်ထဲရေးဌာနကို ဒီကိစ္စ "စစ်ဆေးပြီး

အရေးယူပါ"လို့ ခိုင်းတယ်။ အဲဒီအခါမှာ ကျိန်င်မင်းဆက် နန်းပြန်ရရေးကို ပြော ဟောနေတဲ့ စုန်င်ယုရင်ကို စစ်တပ်အစောင့်နဲ့ ဇာတိမြို့ကို ပြန်ပို့တယ်။ တချို့ အသိုင်းအဝိုင်းမှာ ဒီသတင်းဟာ တော်တော်ပဲ ဂရက်ရိုက်သွားတယ်။ ကျိန်င်မင်းကို ထီးနန်းပြန်တင်ပါလို့ ပြောသံဆိုသံ လုံးလုံးမကြားရတော့ဘူး။ ကျင်တပ်က ဗိုကင်းကို အကြံပေးအရာရှိ လုပ်ရအောင်လာခဲ့ပါလို့ အဖိတ်ခံရတဲ့ လပ်နိုင်ယှုအန်ကလည်း မလာတော့ဘူး။ ဒါပေမယ့် အတိအကျ အဓိပ္ပာယ်ကောက်ဖို့ ခက်နေသေးတဲ့ အ ချက်တွေရှိတယ်။ ယွန်ရေးတဲ့အမိန့်မှာ နန်းပြန်တင်ရေးနဲ့ပတ်သက်၍ ပြောဆိုကြသည့် ကောလာဟလအပြင်းအထန် ပိတ်ပင်စေ၊ သို့သော် အလွန်တမင်း စေ့ငုဆောင်ရွက် ရန် မလိုလို့ပါတယ်။ ပြီးတော့ စုန်င်ယုရင်ကို ဇာတိပြန်ပို့ရာမှာလည်း မက်ဆီကန် ဒေါ်လာ ၃၀၀၀ ပေးလိုက်တဲ့အပြင် ခရီးကွန်းထောက်ရာ စခန်းက အရာရှိများ ကြို ယူ ဧည့်ခံစေလို့ အမိန့်ပေးသေးတယ်။ ဒီတော့ စုန်င်ကို ဒဏ်ထားတာလား၊ ဆုချ တာလားလို့ ခွဲပြောဖို့တောင် ခပ်ခက်ခက်ပဲ။ သမ္မတနိုင်ငံ လေးနှစ်သားရှိတော့ သမ္မတယွန် ဌာနအကြံပေးအမေရိကန် **ဖရင့်ဂျော့ဂွတ်နောင်**[၁]က တရုတ်အခြေအနေနဲ့ သမ္မတနိုင်ငံစနစ် မဆီလျော်လို့ ဆောင်းပါးတစ်စောင်ရေးပြီး ပုံနှိပ်ဖြန့်ဝေပါတယ်။ အဲဒီဆောင်းပါး ပေါ်လာပြီး ယွန်ရှီကိုင်ကိုယ်တိုင် တစ်ဦးတည်း ဦးစီးကြိုးကိုင်တဲ့ ကျိအန်ကွေ့ (ဆက်လက် ငြိမ်းချမ်းရေးအသင်း)က ယွန်ကို တရုတ်ဧကရာဇ်လုပ်ပါလို့ တိုက်တွန်းတယ်။ ဒီတော့ ယွန်စိတ်ကူးထားတဲ့ ဘုရင်ကို နန်းပြန်ပေးရေးဆိုတာ ဘယ်ပုံစံလို့ လူတွေသိပါပြီ။ ဒီတော့ နန်းမြို့ရဲ့ ဝန်းကျင်လေလည်း သိသိသာသာ လိုက်ပြီး ပြောင်းလဲသွားပါတယ်။

သမ္မတစံနန်းမှာ စစ်ဘင်ခရာတီးမှုတ်သံကို ကြားနေရချိန်ပေါ့။ ဧကရာဇ် နန်းတော်ကြီးမှာလည်း တောင်ဘက် အဆောင်ကြီးသုံးဆောင်ကို ပြုပြင်နေချိန်ဖြစ် လို့ ကျွန်တော်နေတဲ့ စိတ်ငြိမ်နန်းကကြည့်ရင် ဆေးသုတ်လုပ်သားတွေ ငြမ်းထက်မှာ တက်ပြီး အလုပ်လုပ်နေတာ ကောင်းကောင်းမြင်နေရပါတယ်။ သင်းကွပ်ကျန်င်ကျိအင် ဟောရဲ့ သတင်းစကားအရဆိုလျှင် ယွန်ရှီကိုင်း ဧကရာဇ်လုပ်တဲ့အခါ အသင့်ဖြစ် အောင် ဒီလိုပြင်ဆင် မွမ်းမံနေတာပဲတဲ့။ မဟာမျိုးထဲက ပုလုန်ဟာ ယွန်ဆီကို ထီးနန်းသိမ်းသင့်တယ်လို့ သွင်းစာပို့ပါတယ်။ ဆုအဖြစ် ပုလုန်ကို ပထမဆင့် မင်း သားဘွဲ့ပေးတယ်။ ဧကရာဇ်ထွက်တော်မူတဲ့အခါ ပါဝင်ရတဲ့ လက်နက်အခမ်းအနား

---

၁။ ဂွတ်နောင်ဟာ အမေရိကန်ကိုလပ်ဗီယာတက္ကသိုလ်ရဲ့ ပါမောက္ခ တစ်ယောက်၊ သူရေးတဲ့ဆောင်းပါးနာမည်က "သမ္မတနိုင်ငံနဲ့ ဘုရင်စနစ်အုပ်ချုပ် ရေး"ဖြစ်တယ်။ တရုတ်နိုင်ငံမှာ သမ္မတထက် ဘုရင်ရှိဖို့ ပိုပြီးလိုတယ်ဆိုတဲ့ အခြေအမြစ်မရှိတဲ့ စကားကိုဆိုတယ်။ ယွန်ရှီကိုင်အတွက် မင်းလုပ်ချင်ရင် လွယ်အောင် သဘော တရားအခြေခံရှာပေးတယ်လို့ ဆိုနိုင်ပါတယ်။

ပစ္စည်းတွေ နန်းတော်မှာ သိမ်းဆည်းရှိနေတာကို ယွန်ရှီကိုင်က အယူလွတ်တယ်။ မယ်တော်ကြီးတွေဆီမှာ သိမ်းထားတဲ့ ဧကရာဇ်တံဆိပ်ကိုလည်း လာယူတယ်။ ဒါတွေ အားလုံးကြောင့် ကျွန်တော်ဖြင့် စိတ်အားငယ်မိ ကြောက်မိတယ်။ ဆရာကျဲန်ပဝ်ရှဲ့န် ပြောတဲ့အခါ မပါပေမယ့် ကျွန်တော်ကြားဖူးတဲ့ ရှေးစကားပုံအတိုင်း ပြောရရင် ကောင်းကင်မှာ နေနှစ်စင်းမရှိနိုင်သလို တစ်ပြည်တစ်နိုင်ငံထဲမှာ မင်းနှစ်ပါး ရှိရိုးလားတဲ့။ ယွန်ကိုယ်တိုင် မင်းဖြစ်ရင် မင်းအပိုအဆစ်ကလေးဆိုပြီး ကျွန်တော့်ကို ဆက်ထားစရာ လိုဦးမလား။ ရာဇဝင်ကြောင်းအရပြောရင် နွေဦး ဆောင်းဦးခေတ် (၇၇၀ က ၄၇၅ ဘီစီ)တုန်းက မင်း၃၆ ပါး အသတ်ခံရတယ်လို့ ရှေးထုံးရှိနေပေတယ်။

နန်းတွင်းသားတွေဟာ ခန်းမကြီးသုံးဆောင်မှာ ဘာလုပ်သလဲလို့ မျက်ခြေမပြတ် စောင့်ကြည့်နေကြတယ်။ ဟိုမှာ အပြီး ဒီမှာအပြုတ်ဆိုသလို ဆက်သွယ်နေလို့ ဒီလို ဂရုပြုမိကြတာပေါ့။ မိရိုးဖလာနတ်တွေ ကူညီဝိုင်းလို့ မှိုင်းမပါဆိုပြီး မယ်တော်ကြီးတွေဟာ အမွေးတိုင်တွေ ထွန်းထွန်းပြီး အားတိုက် ဆုတောင်းကြတယ်။ ထွက်တော်မူကြီးအခမ်းအနား ပစ္စည်းတွေဟော့ သယ်သွားပါပြီ။ ဧကရာဇ်တံဆိပ်ကိုသာ မယူသေးဘူး။ ဘာပြုလို့လဲဆိုတော့ တံဆိပ်က ဟန်နဲ့ မန်ကျူဘာသာရေးဖြစ်နေလို့ ယွန့်အကြိုက်နဲ့ မတိုက်ဆိုင်ဘူး။

စာသင်ခန်းအခြေအနေမှာ သိသိသာသာ ပြောင်းလဲတာ ရှိသေးတယ်။ ယွန်ရှီကိုင်အလိုတော်ရှိ ပုလုပ်ရဲ့သားဖြစ်လို့ ကျွန်တော်တို့ကျောင်းနေဖက် ယုကျန်ကို ဆရာတွေက ဆက်ဆံရာမှာ သိပ်ပြီး ယဉ်ကျေးသိမ်မွေ့သွားတယ်။ တစ်နေ့ ယုကျန်က မယ်တော်ကြီးတွေဖက်ကို ခေတ္တကူးသွားတုန်း ဆရာကျဲန်ပဝ်ရှဲ့န်ဟာ ဟိုဟိုဒီဒီကြည့်ပြီးမှ စက္ကူတစ်ရွက်ကို ထုတ်ပြတယ်။ ညက သူဗေဒင်တွက်ကြည့်သတဲ့။ အဟောစာကို ဖတ်ကြည့်ပါလို့ ဆိုတယ်။

သင့်ရန်သူဟာ မမာဘူး၊ ဒါကြောင့် သင့်ကို ရန်မလုပ်နိုင်ပါ။ ကျက်သရေမင်္ဂလာရှိတယ်။ ဆိုလိုတာက ရန်သူတော် ယွန်ရှီကိုင်မှာ အန္တရာယ်မြင်တယ်။ ဒါ့ကြောင့် ကိုယ်တော်ကြီးကို ဘာမှလာပြီး မနှောင့်ယှက်နိုင်ဘူးတဲ့။ ကောင်းပါတယ်။ ဒီဗေဒင်တစ်ခုတည်း မဟုတ်ဘူး။ လိပ်ခွံဗေဒင်လည်း မေးကြည့်သေးတယ်။ ကောင်းတာပဲတဲ့။ ဒါကြောင့် ပူမနေပါနဲ့။ ခေတ်ဟောင်း လူမှုစနစ်ရဲ့ ဗေဒင်ဟောနည်းနဲ့ ကျွန်တော့်ကံကြမ္မာကို သူဟောနေတယ်။ တစ်ပါးတည်းဆက်ပြီး လူယုတ်မာ ယွန်ရှီကိုင် တယ်မကြာဘူး ပျက်စီးမယ်၊ ထောက်ထားငဲ့ညှာရေးစာချုပ်ဟာလည်း ဆက်လက် တည်တံ့မယ်၊ စိတ်ချလို့ သူကပြောပါတယ်။

ဆရာတွေရယ်၊ အဖေရယ်၊ နန်းထိန်းဌာနရယ်ပေါင်းပြီး ကျွန်တော့်အခြေအနေကို ထိန်းဖို့ ဗေဒင်မေးရုံသာ မဟုတ်ပါဘူး။ တခြားနည်းလည်း အမျိုးမျိုးကြိုးစားပါတယ်။ အားလုံးတော့ လာမပြောပါဘူး။ ဒါပေမယ့် သိသလောက်တော့ သိပါတယ်။ ယွန်ရှီကိုင်နဲ့ သွားပြီးစေ့စပ်တယ်။ သူက ထောက်ထားငဲ့ညှာရေး

စာချုပ်ကို ဆက်ပြီးရှိသေမယ်ဆိုရင် သူ့ကို ကျိန်အမျိုးက ကေရာဇ်အဖြစ် ထောက်ခံမယ်။ စာချုပ်သစ်တွေ အပြန်အလှန် လုပ်ကြတယ်။ အထက်စာချုပ်ကို စောင့်ထိန်းပါ့မယ်။ အုပ်ချုပ်ရေးစည်းမျဉ်းသစ်ရေးရင်လည်း အဲဒီစာချုပ်ပါ အချက်တွေ ထည့်ပါမယ်လို့ ယွန်ကိုယ်တိုင် လက်ရေးနဲ့ရေးပြီး အာမခံတဲ့စာလည်း ရေးသတဲ့။ ပြီးတော့ သူ့သမီးတစ်ယောက်ကို ကျွန်တော်နဲ့ပေးစားပြီး ကေရီမြှောက်ဖို့တောင် ကမ်းလှမ်းကြတဲ့ စကားတွေထဲမှာပါတယ်။ စကားပြောကြလို့ မဆုံးသေးခင် ၁၉၁၆ ခုဇွန်လမှာ ယွန်သေသွားလို့ တော်သေးတယ်။ သူ့ဟာသူ ကေရာဇ်လုပ်လို့ ဝိုင်းကန့်ကွက်တာတွေမှ မစဲသေးဘူး ရှစ်ဆယ့်သုံးရက်အကြာမှာ သေရခြင်းဖြစ်တယ်။

## ၁၉၁၇ ခု နန်းပြန်ရ

ယွန်ရှီကိုင်သေတဲ့သတင်းကိုကြားလို့ နန်းမြို့မှာ သိပ်ပျော်ကြတယ်။ သင်းကွပ်တွေကလည်း ဒီသတင်းဖြန့်ဖို့ ဟိုသွားဒီသွား။ မယ်တော်ကြီးတွေက နန်းစောင့်နတ်ကို အမွှေးတိုင် ပူဇော်ကြတယ်။ ယုကျိန်နန်းမှာ အဲဒီနေ့ စာမသင်ဖြစ်ပါ။

နန်းတော်ထဲမှာ ထင်မြင်ချက်စကားအမျိုးမျိုးပြောကြတယ်။ နန်းလုချင်လို့ ယွန်သေရတာ။ ဘုရင်စနစ်ကို လူတွေမကြိုက်ဘူးလို့ပြောရင် မမှန်ဘူး။ လူတွေက သူတို့ကေရာဇ်ဟောင်းကိုသာ ပြန်တင်မြှောက်လိုတာ။ တတိယနပိုလီယန်နဲ့ ယွန်ရှီကိုင် ဘယ်တူမလဲ။ ဟိုက ကေရာဇ်အဆက်၊ ယွန်က ဒီလိုအဆက်ရှိတာ မဟုတ်ဘူး။ ယွန်ကို ကေရာဇ်အသစ် တင်မြှောက်ရမှာထက် ကေရာဇ်ရှိမှဆိုရင် ကေရာဇ်ဟောင်း ရှိပြီးပဲဟာ။ ဒီစကားတွေဟာ အရင်မင်းဆက်က အများအကျိုးကို အများဆုံးပေးခဲ့ဖူးတာဆိုတော့ အများကပဲ ရေးစနစ်ကို တမ်းတပါတယ်ဆိုတဲ့ ကျွန်တော့်ဆရာစကားနဲ့ တစ်လေတည်း ဖြစ်နေပါတယ်။

ကျွန်တော်လည်း သတင်းစာပါ စကားတွေကို စောင့်ဖတ်ရကောင်းမှန်းသိတဲ့အရွယ်ရောက်ပြီဆိုတော့ သတင်းစာကို စောင့်ဖတ်ပါတယ်။ ယွန်သေပြီးမကြာခင် နန်းရိုးပါတီ မအောင်မြင်ပုံနဲ့ မောင်ဂို မန်ကျူးစာပြတွေ ထပါးလာပုံဆိုတဲ့ သတင်းတွေကို ဖတ်ရပါတယ်။ ဒီသတင်းတွေအရ သမ္မတနိုင်ငံ ထူထောင်စဉ်ကပဲ အတိုက်အခံလုပ်ခဲ့တဲ့ မန်ကျူသူကောင်းလေးဦးဟာ ကျွန်တော့်ဖက်က ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်တယ်လို့ သိရပါတယ်။ ဒီလေးဦးမှာ တစ်ဦးက တီအင်ကျင်မှာ ခိုနေတယ်။ ကျန်လူတွေက ဂျပန်ငှားမြေ လုရှုန်နဲ့ တလီအင်မှာ ရောက်နေကြပြီး ဂျပန်စစ်ပစ္စည်း ဂျပန်ပိုက်ဆံနဲ့ လက်နက်ကိုင်ပြီး ကျွန်တော့်ကို နန်းပြန်တင်ဖို့ လုပ်နေကြတယ်။ သူတို့အထဲမှာ အရေးအပါဆုံးက မင်းသား စုခေါ်ရှန်ကျီပါပဲ။ သူက ဂျပန်ငွေရှင် ဩဟိရကိဟာကိုရောဆီက ယန်ဒင်္ဂါးတစ်သန်းယူပြီး ဂျပန်စစ်အရာရှိတွေနဲ့ မောင်ဂိုမန်ကျူ ထောင်ပေါင်းများစွာကို စစ်ပညာပေးဆဲ ဖြစ်ပါတယ်။

အဲဒီတပ်ဟာ ယွန်ရှီကိုင်သေတဲ့အချိန်ကစပြီး လှုပ်ရှားတိုက်ခိုက်ပါတယ်။ တပ်ရဲ့ တစ်စိတ်တစ်ပိုင်းကို မောင်ဂိုသူကောင်း ဗဟောဂျစ်ခေါင်းဆောင်ပြီး ကျန်င်ကျိကော့ (ကလဂန်)အထိ တိုက်ခိုက် အောင်မြင်လာပြီးမှ လက်အောက်က ဗဟောဂျစ်ကို လုပ်ကြံသတ်ဖြတ်လိုက်လို့ အရှိန်တန့်သွားရတယ်။ "ဘက်တော်ကြီး"နဲ့ သမ္မတတပ်တွေ အဲဒီလို အကြီးအကျယ် အရှေ့မြောက်မှာ တိုက်နေချိန်အတွင်းကပဲ ကျွန်တော့် "နန်းငယ်ရုံး"နဲ့ သမ္မတအစိုးရဟာ ကြည်ကြည်သာသာ စကားအပေးအယူ လုပ်နေကြပါတယ်။ ယွန်ရှီကိုင်သေပြီး နန်းမြို့မှာ လှုပ်လှုပ်ရှရှဖြစ်တာဟာ ဗဟောဂျစ်နဲ့ ရှန်ကျိတို့ သူပုန်ရဲ့ အနိုင်အရှုံးနဲ့ တကယ်တော့ မပတ်သက်ပါဘူး။

ယွန်သေပြီး လိယွန်ဟုန်က သမ္မတ၊ တွအန်ကျိရွေက ဝန်ကြီးချုပ် ဖြစ်လာကြတယ်။ နန်းတော်က လိဆီကို သံလွှတ်ပြီး ဝမ်းသာစကားပြောစေတယ်။ လိက ကေရာဇ်သုံးထွက်တော်မူ မင်းခမ်းမင်းနားတွေ ပြန်ပို့လိုက်တယ်။ ကျိန်ငမင်းသား၊ သူကောင်းနဲ့ အရာရှိတချို့ကို သမ္မတနိုင်ငံရဲ့ ဘွဲ့တံဆိပ်တွေ တပ်ဆင်ပေးသေးတယ်။ အဲဒီလို အချီးမြှင့်ခံရတဲ့အထဲမှာ ယွန်ရှီကိုင် အသက်ရှိစဉ်က ပုန်းနေရတဲ့ ပုဂ္ဂိုလ်တချို့လည်းပါတယ်။ နန်းထိန်းဌာနက ခါတိုင်းထက်တောင် အလုပ်ပိုများနေသေးတယ်။ သေပြီးသူအတွက် ဘွဲ့ရွေးပြီး ပေးအပ်ရတာရယ်၊ နန်းမြို့ထဲ မြင်းစီးဝင်ခွင့်ပေးရတာရယ်၊ ဒေါင်းတောင်တပ်ဆင်ခွင့် ပြုရတာရယ်၊ မယ်တော်ကြီးတွေဆီမှာ အပျိုတော်ခစားဖို့ ခေါ်လာတဲ့ မိန်းမငယ်တွေကို ရွေးချယ်ရတာရယ်၊ ထောက်ထားငဲ့ညှာရေးစာချုပ်က နောက်ထပ် မလုပ်ရလို့ ထားပေမယ့် သင်းကွပ်သစ်ထပ်ရွေးတာရယ်။ ဒီအလုပ်တွေနဲ့ မအားကြရဘူးလို့ ဆိုလိုပါတယ်။ ပြီးတော့ အသေးစိတ် ကျွန်တော် မသိရတဲ့ သမ္မတနိုင်ငံရဲ့ ပါလီမန်အမတ်တွေနဲ့ တိတ်တိတ် တွေ့ဆုံဆွေးနွေးကြတဲ့ ထမင်းစားပွဲတွေ၊ အထင်ခံ အမြင်ခံ ထမင်းစားပွဲတွေလည်း လုပ်ကြတယ်။

အချုပ်ကတော့ လူဝင်ခက်တဲ့ နန်းမြို့ဟာ အရင်ရှေးကလိုပဲ သွက်သွက်လက်လက် လှုပ်ရှားနေပါတယ်။ ၁၉၁၇ ခုထဲမှာ ကျန်င်ယွန် ကျွန်တော့်ဆီကို အခစားဝင်တဲ့ အခါမှာတော့ နန်းပြန်တင်ရေး ဆောင်ရွက်ချက်တွေ အခေါင်အထွတ်ကို ရောက်ခဲ့ပြီလို့ ဆိုရပါမယ်။

အရင်က လူများများ အခစားဝင်တာကို လက်မခံပါ။ ဝင်ပြန်ရင်လည်း မန်ကျူအမျိုးသားတွေပဲ ဖြစ်ပါတယ်။ အဲဒီရက်တွေကတော့ ယုကျိန်ငနန်းမှာ စာသင်၊ စိတ်ငြိမ်နန်းမှာ သတင်းစာဖတ်၊ ပြီးတော့ ဆော့လှောင်နေတာနဲ့ အချိန်ကုန်ခဲ့ပါတယ်။ ရှေးနန်းသုံး အဝတ်အစား အဆောင်အယောင်နဲ့ လူဘယ်လောက် လာတယ်ဆိုတာမျိုးကို ကျွန်တော် စောင့်ကြည့်ပြီး ကျေနပ်တယ်။ မင်းသားစုနဲ့ ဗဟောဂျစ်တို့ သူပုန်အောင်မြင်ရင် ဝမ်းသာတယ်။ ရှုံးရင် ဝမ်းနည်းတယ်။ ဒါပေမယ့် ဒီကိစ္စတွေကို ခဏလောက်ပဲ အာရုံစိုက်ပါတယ်။ မင်းသားစုလှုရှန်ကို ပြေးရတယ်။ ရှေ့ဘာဖြစ်မယ်မသိဘူးဆိုတာသိရရင် စိတ်မသက်မသာဖြစ်တာတော့ မှန်တယ်။

ဒါပေမယ့် တစ်ခဏချင်းမှာ ကုလားအုပ်ကြီး ချိုဟာကို မြင်ရရင် ရယ်စရာကောင်းလို့ ရယ်မိရင်းက ဝမ်းနည်းစရာကို မေ့သွားတာပါပဲ။ ကျွန်တော့်ဆိုင်ရာကိစ္စကို လိုသလို ဆောင်ရွက်ပေးဖို့ ဆရာတွေရယ် အဖေရယ် အမတ်တွေရယ် ရှိနေကြသားပဲ။ ဆရာလုပ်တဲ့ လူတွေက ကိစ္စတစ်ခုလာပြောရင် ဒီကိစ္စအတွက် သူတို့ ခေါင်းချင်းရိုက်ပြီး တော်တော် စဉ်းစားပြီး အဖြေရကြပြီးမှ သတင်းစကားယူလာတာပဲလို့လည်း ကျွန်တော်သိပါတယ်။ ဒီလိုနဲ့ ၁၉၁၇ ခု ဇွန်လ ၁၇ ရက်။

အထိန်းချုပ်ဘွဲ့ကို မကြာခင်ကရလိုက်တဲ့ ကျဲန်ပဝ်ရှဲ့န်နဲ့ လျန်တိင်ဖုန် (ဆရာသစ်)တို့ ကျောင်းခန်းထဲဝင်လာပြီး မထိုင်ခင်ပဲ ကျဲန်က ကနေ့စာမသင်ဘူး ကိုယ်တော်ကြီးကို ပြောတယ်၊ အရာရှိကြီးတစ်ဦး အခစားဝင်လိုတယ်။ မကြာမီ သင်းကွပ်က ရောက်ကြောင်းလာလျှောက်ပါလိမ့်မယ်တဲ့။ ဘယ်သူလဲလို့မေးတော့ ကျိအန်နင်စီ၊ ကျိအန်စူနဲ့ အန်ဟွေဘုရင်ခံချုပ် ကျန်င်ယွန်နဲ့ ကျိအန်စူဘုရင်ခံတို့ပါလို့ ဖြေတယ်။ ဟိုဆံပင်ကျစ်ဆံမြီး အဖျားကလေး မဖြတ်ဖို့ငြင်းဖူးတဲ့ ကျန်င်ယွန်လားလို့ မေးတော့ ဟုတ်တယ်တဲ့။ ကိုယ်တော်ကြီးက သတိကောင်းလိုက်တာလို့ မြှောက်ရမယ် လို့ထင်ရင် မလွတ်တမ်း မြှောက်တဲ့ ဆရာသစ်ကို ပြောပါတယ်။ ဒါကို ဘယ်နှယ်လုပ်ပြီး မေ့ပါ့မလဲ။ ဆရာကျဲန်ပင်ရှဲ့န် ပြောပြပြီးတာမှ သိပ်မကြာသေးဘူးလေ။ သမ္မတနိုင်ငံ ဖြစ်လို့ တခြားလူတွေ ရှေးထုံးစံ ဆံရှည်ကိုဖြတ်ပေမယ့် သူနဲ့ သူ့တပ်က မဖြတ်ပဲ နေတယ်။ ယွန်ရှီကိုင်ဟာ "ဒုတိယတော်လှန်ရေး"ကို အဲဒီ ဆံရှည်စစ်သားတပ်နဲ့ပဲ ၁၉၁၃ ခုမှာ နန်းကင်းကိုသိမ်းယူနိုင်လို့ သူပုန်ငြိမ်းတယ်။ အဲဒီလို နန်ကင်းကို နှိပ်ကွပ်စဉ်က လူများပြီး ဂျပန်သံအဖွဲ့ဝင်တစ်ဦးကို နှိပ်စက်မိလို့ အဲဒီအရာရှိဟာ ကိုယ်တိုင် သွားတောင်းပန်ပြီး လျော်ကြေးလိုသလောက် ပေးမယ်လို့ ကတိခံခဲ့တယ်။ သူပဲ ကေရိမယ်တော်ကြီး လုန်င်ယု သေဆုံးတော့ ဝမ်းနည်းကြောင်း ကြေးနန်းပို့တဲ့အခါ သမ္မတနိုင်ငံအရာရှိတွေဟာ ကျိန်င်မင်းကြီးရဲ့ ကျေးတော်ကျွန်တော်မျိုးတွေသာ ဖြစ်ပါတယ်လို့ အပိုစကားတစ်ခု ထည့်ပြီး သံကြိုးစာထဲမှာ ထည့်လိုက်သေးတယ်။ ယွန်ရှီကိုင်သေတော့ သူ့သံကြိုးစာကို သတင်းစာထဲမှာ တွေ့ရသေးတယ်။ အဲဒီစာထဲမှာ ထောက်ထား ငွေညှာရေးစာချုပ်ကို အထောက်ထားဆုံးလူဟာ သူပဲလို့ ပါသေးတယ်။ သူဟာ သစ္စာမဖောက်သူပဲလို့ ကျွန်တော်ယုံတယ်။ ဒါ့ကြောင့် သူ့ကို လူကိုယ်တိုင် တွေ့ချင်တာနဲ့ အတော်ပဲ။

ကျိန်င် နန်းမလေ့အတိုင်းဆိုရင် အရာရှိကြီးတစ်ဦး ဧကရာဇ်ဆီကို အခစား ဝင်ရင် အနားမှာ ဘယ်သူမှ မနေရဘူး။ ဒါ့ကြောင့် ခုလို အရေးပါတဲ့လူ လာတော့ တွေ့နေကျလူမဟုတ်တဲ့အတွက် ဘယ်လိုစပြော၊ ဘယ်လိုအမူအရာထားနဲ့ ဆရာတွေက ကျွန်တော့်ကို သင်ကြပါတယ်။ အခုလာမယ့် ကျန်င်ယွန်ဟာ နန်ခီ မြစ်ဝှမ်းစစ်ဆေးရေးမင်းဖြစ်ပြီး ယှုကျိုင်နယ်ယဲန်ကျိုင်နယ်တွေမှာ ဘက်တယ်လီယန် တပ် ၆၀ ကျော်ကို အုပ်ချုပ်သူဖြစ်လို့ အဲဒီနယ်တွေရဲ့ စစ်ရေးအခြေအနေကိုလည်း

မေး၊ ပြီး သူသစ္စာရှိပုံ အများကြီးအားရတယ်။ သူ့ကိစ္စအဝဝ အောင်မြင်ဖို့လည်း အမြဲလိုလားတယ်ဆိုတဲ့စကားတွေလည်း ပြောဖို့မမေ့ပါနဲ့လို့ ဆရာကျဲန်ပင်ရှဲ့န်က အသေအချာ မှာတယ်။ ပြီးတော့ ကျန်င်ယှုန်ကလည်း ကိုယ်တော်ကြီးကို ချီးမွမ်းစကား ပြောမှာ အမှန်ပဲ။ အဲဒီအခါမှာ အမြှောက်ခံရတာကို ကျေနပ်ကြောင်း မပြရဘူး။ မာန်မာန နှိမ့်ချလေ့ရှိကြောင်း သိသာစေရမယ်လို့လည်း အထပ်တပ် ပြောကြတယ်။

သင်းကွပ်တွေပြတဲ့ မဂ္ဂဇင်းထဲက ကျန်င်ယှုန်ရဲ့ဓာတ်ပုံကိုလည်း ပြန်မြင်မလာလို့ တွေးကြည့်မိသေးတယ်။ မရပါဘူး။ ဝေါနဲ့ပို့လို့ ကျွန်တော် စိတ်ငြိမ်နန်းကို ရောက်ပြီး တယ်မကြာဘူး သူရောက်လာပါတယ်။ သူက ပုဆစ်တုပ်ပြီး ကျွန်တော် မျိုး ကျန်င်ယှုန်ပုဆစ်တုပ်လို့ ခြေတော်အစုံကို ဦးခိုက်လို့ဆိုစဉ်မှာပဲ ကျွန်တော်က ကုလားထိုင်မှာပဲထိုင်ဖို့ လက်ပြပါတယ်။ အခုခေတ်မှာ ပုဆစ်တုပ်ဖို့ မလိုတော့ပါ။ သူက ကျေးဇူးတင်တယ်ဆိုတဲ့သဘောနဲ့ ဦးညွှတ်ပြီးမှထိုင်ပါတယ်။ စစ်အခြေအနေကို မေးပါတယ်။ သူပြန်ပြောတာကို သိပ်စိတ်မဝင်စားမိဘူး။ သူ့ရဲ့ ရုပ်ဆင်းအင်္ဂါကို ကြည့်ပြီး စိတ်ပျက်မိလို့ပါပဲ။ သူက ရုပ်ကြမ်း၊ မျက်ခုံးမွေးထူပျစ်ပျစ်နဲ့ ဝဝကြီး ဖြစ်နေတယ်။ ဂုတ်ပိုးတိုတိုနဲ့ နှုတ်ခမ်းမွေးသာမပါရင် နန်းတော်ထဲက ထမင်းချက်တဲ့ သင်းကွပ်နဲ့ သိပ်တူမှာပဲလို့လည်း တွေးမိတယ်။ သူ့မှာ ပြောတဲ့အတိုင်း ခေါင်းမွေး ရှည်ရှိလားလို့တော့ သတိထားပြီး ကြည့်မိတယ်။ တွေ့ရပါတယ်။ နည်းနည်း ဆံပင်ဖြူစပြုပြီ။

သူစကားစပြောတော့ ဆရာမှန်းတဲ့အတိုင်းပဲ သိပ်ပြီး အယဉ်အကျေး ပြောပါတယ်။ သူက ကိုယ်တော်ကြီး သိပ်တော်တာပဲပြောရင် ကျွန်တော်က အသက်ငယ်လှသေးလို့ မသိတာတွေ များလှပါသေးတယ်လို့ ဖြေပါတယ်။ အရင်က ဧကရာဇ် ရှဲ့န်င်ကျို(ကန်င်ယှီ)လည်း ငါးနှစ်သားမှာ ဧကရာဇ်ဖြစ်တာပါပဲလို့ သူက ပြောတော့ ရှေးက ဘိုးဘေးတွေနဲ့ မယှဉ်သာပါဘူးလို့ ပြောရတယ်။ ခစားဝင်တဲ့ အချိန်ကတော့ မကြာလှပါဘူး။ ငါးမိနစ်အလွန်လောက်မှာပဲ ထပြီး ပြန်ပါတယ်။ လူရုပ်က ကြမ်းသနဲ့၊ **ကျန်ကော့ဖှန်** [1] အဆင့်ကို မမီပါဘူး။ ကျွန်တော့်စိတ်ထဲမှာလည်း ထင်သလို ထူးထူးခြားခြား ဝမ်းသာဝမ်းမြောက် ဖြစ်မသွားဘူး။ ဒါပေမယ့် နောက်တစ်နေ့ ကျဲန်ပင်ရှဲ့န်နဲ့ လျန်တိန်င်ဖှဲန်တို့က အင်မတန် ကျေနပ်တဲ့အပြုံးတွေနဲ့ ကျန်ယှုန်က ကျွန်တော့် နှိမ်ချပုံနဲ့ ပါးနပ်လိမ္မာပုံကို သိပ်ချီးမွမ်းတာပဲလို့ ပြောလာကြတယ်။ ဒီလိုအပြောခံရတော့ ကျွန်တော်က ကျေနပ်မိတာပေါ့။ ဒီလူကြီးဘာပြုလို့ ငါ့ဆီလာသလဲ၊ ငါ့ဆရာတွေဟာ ဘာလို့ ဒါလောက်တောင် ဒီလူကို အရေး

---

၁။ ကျန်ကော့ဖှန် (၁၈၁၁–၇၂)ဟာ ဟူနန်က ဟန်မြေရှင်နဲ့ အရာရှိဖြစ်ပြီး တိုင်ပိန်င်တော်လှန်ရေးကို နှိမ်တုန်းက အရေးကြီးတဲ့နေရာက ပါခဲ့တယ်။ ဒီတုန်းကပဲ ကျိန်င်မင်းဆက်ဟာ ပျက်စီးသင့်ရဲ့နဲ့ သူ့လိုလူမျိုးတွေရဲ့ အကူအညီနဲ့ အသက်ဆက်ပြီး ရှည်ခဲ့ရတယ်။

ဂရုပြုနေရသလဲ၊ စံနန်းထိန်းဌာနက သူ့ကို ဘာလို့ ဒီလိုလက်ဆောင်ကောင်းတွေ ပေးနေသလဲ။ မယ်တော်ကြီးတွေက သူ့ကို ဘာပြုလို့ ကျွေးမွေးဧည့်ခံကြသလဲ၊ ဒီမေးခွန်းတွေကို ဟိုတုန်းက ကျွန်တော် မမေးမိပါ။ ကိုယ့်ဘာသာကိုယ်တောင် စိတ်မေး မေးမကြည့်မိဘူး။

နောက် သတင်းနှစ်ပတ်လောက်ကြာလို့ ဇွန်လဆန်း ၁ ရက်မှာ ဆရာကျဲန်ပဝ် ရဲ့နံရယ် လျန်တိန်ဖွဲန်ရယ် နောက်ဆရာသစ် ကျူယုဖုန်ရယ် မျက်နှာထားအတည် တွေနဲ့ စာသင်ခန်းထဲဝင်လာပြီး ကျန်ယုန် ရောက်လာပြန်ပြီလို့ ပြောတယ်။ နှုတ် ဆက်ရုံလားလို့မေးတော့ ဘယ်ဟုတ်မတုံး၊ အားလုံး စေ့စပ်ပြောဆိုပြီးပြီ။ ကိုယ်တော်ကြီး နန်းပြန်သိမ်းပါလို့ တောင်းပန်ပြီး နန်းတင်ပေးမလို့တဲ့။ ကျွန်တော်က အံ့အားကြီး သင့်နေတော့ ကျန်ယုန်ပြောတိုင်း ကိုယ်တော်ကြီး လက်ခံလိုက်ပါ။ ပြည်သူ့အကျိုး အတွက် ကောင်းကင်ဘုံရဲ့ အလိုတော်အတိုင်း လုပ်ရာတာပါလို့ ဆက်ပြောတယ်။ လုံးဝ မမျှော်လင့်တဲ့သတင်းကောင်းမို့ နည်းနည်း ပြည့်စုံအောင် ဆက်ပြောစေချင် သေးတယ်။ ကေရာဇ်အစစ်ဖြစ်လာရင် ဘယ်ပုံဘယ်နည်း အုပ်ချုပ်စီမံပါလို့ သင် မပေးတော့ဘူးလားလို့လည်း စိတ်ထဲက ဖြစ်မိတယ်။ ဒါပေမယ့် ဆရာ ကျဲန်ပဝ်ရဲ့နံက စကားထွေထွေထူးထူး ပြောဖို့မရှိဘူး ကိုယ်တော်၊ သူပြောတာကို လက်ခံရမှာပဲ။ ဒါပေမယ့် ချက်ချင်းလက်မခံဘဲ နည်းနည်း ဟန်လုပ်ဖို့လိုမယ်။ အခြေအနေက ဒီလိုဖြစ်လာပြန်တော့လည်း ကြိုးစားပြီး ဆောင်ရွက်ရပေဦးတော့မယ်ဆိုတဲ့ အပြောမျိုးနဲ့ လက်ခံပါတဲ့။

စိတ်ငြိမ်နန်းကိုပြန်ပြီး ကျန်ယုန်ကို လက်ခံရတယ်။ သူက သွင်းစာထဲ မှာ နန်းပြန်လက်ခံဖို့ တခမ်းတနား ရေးထားသလောက် ကောင်းအောင် နှုတ်က မပြောတတ်ဘူး။ ဒါပေမယ့် သဘောကတော့ အရင်တုန်းက ကေရီမယ်တော်ကြီး လုန်ယုဟာ ပြည်သူတွေ ဆင်းရဲပင်ပန်းမှာစိုးလို့ မိမိအိမ်ထောင်လောက် ထိခိုက် တာကိုမငဲ့ဘဲ သမ္မတနိုင်ငံဖြစ်အောင် စည်းရုံးစေပြီး အမိန့်ပြန်တမ်းထုတ်ခဲ့ပေမယ့် အစီအမံညံ့လို့ ပြည်သူတွေ ဒိုကိုးရာမဲ့ ဖြစ်ခဲ့ရတယ်။ သမ္မတနိုင်ငံရယ်လို့ ဒီ နိုင်ငံမှာ မဖြစ်သင့်ပါဘူး။ ဒါကြောင့် ပြည်သူတွေကို ကယ်တင်တဲ့သဘောနဲ့ ကိုယ် တော် အရှင်မြတ်က နန်းရိပ်ထီးဖြူကို လက်ခံတော်မူပါဆိုတဲ့ သဘောမျိုးပြောတယ်။

သူက ခပ်သွက်သွက် ပြောလို့ဆုံးတဲ့အခါ ကျွန်တော်က အရွယ်တော် ငယ်သေးလို့ ဒါလောက်ကြီးတဲ့ လုပ်ငန်းတာဝန်ကိုယူဖို့ မဝံ့ဘူးလို့ဆိုရင်ပဲ သူက ကျွန်တော့်ကို ချီးမွမ်းစကားတွေ ပြောတဲ့အပြင် ကေရာဇ်ကန်င်ယှီဟာ ငါးနှစ်သားက ဒီတာဝန်မျိုး ယူခဲ့ဖူးပါတယ်လို့ ဆိုပါတယ်။ နို့ သမ္မတကကော ဘာပြောမလဲ။ သူ့ကို ညှာတာဖို့ မလိုပေဘူးလား။ ဒါအတွက် မစိုးရိမ်ပါနဲ့၊ လီယွန်ဟုန်က ရာထူး က နုတ်ထွက်ခွင့်တောင်းပြီးပါပြီ။ ကိုယ်တော်ကြီးက သူ့အလိုဆန္ဒအတိုင်း ခွင့်ပြုဖို့ ပဲ ရှိပါတယ်တဲ့။ အသေးစိတ်မသိရပေမယ့် ငါ့ဆရာတွေ အရာရာကို ကြည့်ရှုပြောဆို

ကြပြီး ဖြစ်မယ်။ ဒီတော့ ဒိပုဂ္ဂိုလ် မြန်မြန်ပြန်ဖို့ပဲ လိုတော့တယ်လို့ ကျွန်တော်က အင်း တခြားနည်း မဖြစ်နိုင်တော့ဘူးဆိုရင်တော့ ကြိုးစားကြည့်ပါမယ်နဲ့ အဆုံးသတ်ပြီး ငါကျိန်ဇကေရာဇ်ကြီး ဖြစ်ပြီဟဲ့လို့ ယူဆလိုက်ပါတယ်။ ကျန်ယှုန်လည်း ပြန်ရော လူတွေ တော်တော်များများ ကျွန်တော့်ကို လာပြီး ဦးတိုက်တယ်။ ဝမ်းသာစကားပြောတယ်။ ကျေးဇူးတင်စကား ဆိုတယ်။ သင်းကွပ်တစ်ယောက်က အသင့်ရေးပြီး အမိန့်တော်ကိုးချက်ကို ယူလာတယ်။ ထိပ်ဆုံးက ကျွန်တော် ဇကေရာဇ်အစစ်ဖြစ်ကြောင်း ကြေညာချက်ဖြစ်တယ်။ နောက်တစ်ခုက ရင်ခွင်ပိုက် ခုနစ်ဦးအဖွဲ့ဖွဲ့ကြောင်းနဲ့ အဖွဲ့ထဲမှာ ကျန်ငယ်ယှုန်နဲ့ ကျဲန်ပဝ်ရှဲ့နိပါကြောင်း ဖြစ်တယ်။

အဲဒီနေ့မနက်က ပီကင်းမှာ ရဲအဖွဲ့ အိမ်တိုင်း နဂါးအလံလွှင့်ဖို့ ဆော်ဩထားတယ်။ အသင့်မရှိတဲ့အိမ်တွေက စက္ကူနဲ့ကော်သုံးပြီး တစ်ပွဲပြန်လုပ်ကြရတယ်။ အရင်က အတော်ကြာ မမြင်ခဲ့ရတဲ့ ကျိန်ဝတ်တန်ဆာတွေကို ထုတ်ဝတ်ကြတယ်။ သေရှာသင်္ချိုင်းက ပြန်လာကြတဲ့ပုံမျိုးဖြစ်နေတယ်။ အထူးထုတ်သတင်းစာတွေ ရောင်းတွင်တယ်။ ဈေးကြီးကြီးနဲ့ အလုအယက် ဝယ်ဖတ်ကြတယ်။ သတင်းစာ ရောင်းတဲ့လူတွေက လှအန်တုန်င်ရဲ့ အမိန့်တော်တွေ၊ ခြောက်ကျပ်တည်းရယ်၊ မကြာခင် ရှေးဟောင်းမှတ်တမ်းအဖြစ်နဲ့ တရိုတသေ သိမ်းရမယ့် အမိန့်။ ခြောက်ကျပ်တည်းရယ်လို့ တကျော်ကျော် အော်ရောင်းကြတယ်။ ကျိအင်မဲန် တံခါးအပြင်က ဆိုင်တွေလည်း လုပ်ငန်းတော်တော် ဖွံ့ဖြိုးသွားတယ်။ ကျိန်နဂါးအလံကို အပ်ချုပ်သမားတွေ မနားမနေ လုပ်ရောင်းနေရတယ်။ အသစ်စက်စက် အရာရှိဖြစ်လာသူတွေက အဟောင်းဆိုင်မှာ နန်းသုံးဝတ်စုံကို ချက်ချင်း လာဝယ်ကြတယ်။ ဇာတ်သဘင်ဝတ်ရောင်းတဲ့ဆိုင်တွေမှာ မြင်းမြီးနဲ့လုပ်တဲ့ ကျစ်ဆံမြီးအတု လာပြီး အလုအယက် ဝယ်ကြတယ်။ လူဝင်ခက်တဲ့ နန်းမြို့ထဲမှာ နန်းသုံးဝတ်စုံကိုဝတ် မန်ဒရိုင်ကြယ်သီးနဲ့ ဒေါင်းတောင်တပ်ဦးထုပ်ကို ဆောင်းထားတဲ့လူတွေ မှိုးမှိုးမွှမွှ လျှောက်သွားနေတာကို ခုအထိ ကျွန်တော် မြင်ယောင်ပါသေးတယ်။ လူတိုင်းရဲ့ ခေါင်းကလည်း ကျစ်ဆံမြီးတွဲလောင်းချလို့။ နောက် သူပုန်နှိမ်စစ်တပ် ပီကင်းနီးလာတော့ ကျစ်ဆံမြီးအစစ်တွေကိုပဲ နေရာတကာမှာ ကောက်ယူလို့ရတယ်။ ကျန်ငယ်ယှုန်ရဲ့ ကျစ်ဆံမြီးတပ်သားတွေ ထွက်အပြေးမှာ ဖြတ်ပစ်ခဲ့ကြတာ ဖြစ်ပါတယ်။

အခု လူဝင်ခက်တဲ့ နန်းမြို့ကို ရောက်နေတယ်။ ဒီဧည့်သည်တွေသာ ဇကေရာဇ်အမိန့်တော်ဟာ မကြာခင် အဟောင်းပစ္စည်းဖြစ်မယ်ဆိုတဲ့ သတင်းစာရောင်းတဲ့လူတွေလောက် အမြော်အမြင်ရှိမယ်ဆိုရင် နန်းပြန်တက်တဲ့ ပထမရက်ပိုင်းမှာ ဒါလောက် အောက်ခြေလွတ်အောင် ဟန်ပန်လုပ်ကြမယ် မဟုတ်ဘူး။

မဟာမျိုးထဲက မင်းသားနဲ့ သူကောင်းတွေကတော့ ကိုယ်ကျိုးခံစားခွင့် မျှော်လင့်ထားသလို ချက်ချင်းမရလို့ သိပ်စိတ်ပျက်ကြတယ်။ နန်းသိမ်းပြီး နောက်တစ်နေ့မှာ တိုင်းရေးပြည်မှုမှာ အမျိုးမင်းသားတွေ ဝင်မစွက်ရလို့ ဇကေရာဇ်အမိန့်

တစ်ခုထုတ်လိုက်လို့ ဒီလိုစိတ်ပျက်သွားကြတာ ဖြစ်ပါတယ်။ အဲဒီအမိန့်ကို တိုက်ဖျက်ဖို့ စုစည်းကြတဲ့အခါ အဖေလည်းပါတယ်။ အဖေက ကျန်င်ယုန်နဲ့ ကျွန်တော့်ကိုတွေ့ပြီး ဒီကိစ္စ ရှင်းလိုတယ်။ ဒါကို ဆရာကျဲန်က ကြားတော့ သူတို့ ဘာပြောပြော လက်မခံနဲ့ ၁၉၁၁ ခုက နန်းစွန့်ရတာ သူတို့ဖျင်းလို့ မဟုတ်လားလို့ ထောက်ပြတယ်။ ကျွန်တော်လည်း သူ့အကြံဉာဏ်ကို လက်ခံလိုက်တယ်။ သူတို့ဘက်က ဘာမှ နောက်ထပ်မလုပ်ရခင် နန်းပြန်သိမ်းပွဲလည်း စောစောစီးစီး ပျက်စီးရတော့ ဒီပွဲမှာ သူတို့မပါလို့ တာဝန်ကို ရှောင်ထွက်သွားခွင့်ရကြပါတယ်။ သိပ်ကံကောင်းသွားတယ် ဆိုပါတော့။

ကျဲန်ပဝ်ရှဲ့န်ဟာ အမြဲလို တည်ငြိမ်ပြီး အင်မတန်သဘော အယူအဆ မှန်ကန်တဲ့လူလို့ ထင်ခဲ့ရပေမယ့် နန်းပြန်သိမ်းပွဲမှာ သူလည်း အောက်ခြေလွတ်တာပဲ။ မင်းသားတွေကို သူအတိုက်အခံလုပ်တဲ့အပြင် သမ္မတလိယွန်ဟုန်ကို ရာထူးက နုတ်ထွက်ခိုင်းတဲ့အခါ မထွက်တော့ ပြင်းပြင်းထန်ထန် အရေးယူဖို့ သူအကြံဉာဏ်ပေးလာတာကလည်း အံ့သြစရာပဲ။ သူနဲ့ ကျွန်တော့် တခြားဆရာသုံးယောက်ဟာ ယုကျိနိုင်နန်းကို ဒေါသနဲ့ ရောက်လာပြီး လိယွန်ဟုန်က အမိန့်တော်ကို မလေးစားဘူး။ ကိုယ်တော်ကြီးက ချက်ချင်း ကိုယ့်ကိုယ်ကို သတ်သေစေလို့ ခိုင်းပါတဲ့။ ဒီလောက် ပြင်းထန်တဲ့အမှုကို ကျွန်တော် မလုပ်လိုပါ။ ကျွန်တော် နန်းကျတုန်းက သမ္မတနိုင်ငံက ညှာခဲ့တယ် မဟုတ်လားလို့ ပြောပြလိုက်တယ်။ ကျဲန်ပဝ်ရှဲ့န်ရဲ့ အကြံဉာဏ်ကို ဒီတစ်ကြိမ်ဟာ ကျွန်တော်က လူသိရှင်ကြား ပထမဆုံး ငြင်းဆန်လိုက်တာပါပဲ။ ဒါပေမယ့် လုယွန်ဟုန်အပေါ်မှာ ထားတဲ့ဒေါသကြောင့် ကျွန်တော်က သူ့စကား နားမထောင်ကောင်းလားလို့ ချက်ချင်း ရန်လုပ်ဖို့မေ့နေတယ်။ ဒီသမ္မတက သူပုန်၊ သစ္စာဖောက်၊ ကိုယ်တော်ကြီးက ကိုယ့်ကိုယ်နဲ့ နှိုင်းစရာ မလိုပါဘူးလို့ ပြောနေတယ်။ ဘာပြောပြော ကျွန်တော်က လက်မခံဘူး။ သံတမန်လွှတ်ပြီး ဖြားယောင်းဖို့ပဲ ပြောလိုက်တယ်။ သံလွှတ်တဲ့အခါမှာတော့ လိဟာ သမ္မတရာထူးတံဆိပ်ကိုပါယူပြီး ဂျပန်သံရုံးကို ပြေးဝင်ခိုအောင်းပြီး ဖြစ်နေပါပြီ။

နန်းသိမ်းပြီးစရက်ပိုင်းမှာတော့ ကျွန်တော်ဟာ ယုကျိနိုင်နန်းမှာ အနေများတယ်။ စာသင်ဖို့တော့ မရှိဘူး။ စာသင်တာ ခဏရပ်ထားတယ်။ ဒါပေမယ့် ဆရာတွေနဲ့တွေ့ပြီး တိုင်ပင်ကြရတယ်။ ဧကရာဇ်အမိန့်တော်လို့ ပြန်တန်းမဖြစ်ခင် ကျွန်တော် ဖတ်ကြည့်ရသေးတယ်။ ဝန်ကြီးအဖွဲ့ (ကက်ဘိနက်)ရဲ့ စာတွေကိုလည်း ဖတ်ရတယ်။ ခြေတော်ဦးခိုက် အခစားဝင်လာသူတွေကိုလည်း စောင့်တွေ့ရသေးတယ်။ အဲဒါတွေပြီးရင် ပုရွက်ဆိတ်ကလေးတွေကို ထိုင်ကြည့်နေတယ်။ မြင်းဇောင်းတော်က ကုလားအုပ်တွေကို ထုတ်ယူခိုင်းပြီး ဒီကောင်ကြီးတွေ ရယ်စရာကောင်းတာကို စောင့်ကြည့်နေတယ်။ ဒီလိုနေလို့မှ ငါးရက်အထိ မကုန်သေးဘူး။ သူပုန်နှိမ်တပ်က လေယာဉ်ပျံနဲ့ ဗုံးကြဲတဲ့အခါ အခြေအနေ လုံးဝပြောင်းလဲသွားပြန်ပါတယ်။ ခြေတော်ဦးခိုက် အခစားလည်း ဝင်လာသူတစ်ယောက်မှ မရှိတော့ဘူး။ အမိန့်တော်လို့လည်း

မထွက်တော့ဘူး။ ကျဲန်ပဝ်ရှဲ့န်နဲ့ ဝေါင်ရှီကျဲန် နှစ်ယောက်ကလွဲလို့ ကျွန်တော့်ဖက်တော်သားရယ်လို့လည်း မရှိတော့ဘူး။

လေကြောင်းတိုက်ခိုက်တဲ့နေ့က ကျွန်တော်ဟာ ကျောင်းခန်းထဲမှာ ဆရာတွေနဲ့ စကားပြောတုန်း လေယာဉ်သံနဲ့အတူ အရင်က မကြားဖူးတဲ့ ပေါက်ကွဲသံကို ကြားရပါတယ်။ ကျွန်တော်လည်း သိပ်ကြောက်ပြီး တုန်နေတယ်။ ဆရာတွေရဲ့မျက်နှာမှာလည်း သွေးတစ်ပေါက်မှ မရှိတော့ဘူး။ လူတွေလည်း ပရမ်းပတာ ပြေးကြလွှားကြ၊ သင်းကွပ်တွေလာပြီး ကျွန်တော့်ကို စိတ်ငြိမ်နန်းမအရောက် ပို့တယ်။ ကျွန်တော့်အိပ်ခန်းဟာ ဘေးအကင်းဆုံးနေရာလို့ သူတို့ထင်ကြတယ်နဲ့ တူပါတယ်။ မယ်တော်ကြီးတွေက သာပြီး တုန်လှုပ်သေးတယ်။ တချို့က ခုတင်ထောင့်မှာ ဝပ်နေတယ်။ တချို့က စားပွဲအောက်မှာ ပုနေတယ်။ အော်သံတွေလည်း ညံလို့။ တစ်နန်းတော်လုံး ဆူလို့။ တရုတ်ရာဇဝင်မှာ ဒါဟာ ပထမဆုံးဗုံးကြဲတာနဲ့ ပြည်တွင်းစစ်မှာ ပထမဆုံး လေယာဉ်ကို သုံးစွဲတာလို့ ဆိုရပါမယ်။ ဒီတော့ လက်တွေ့ လေကြောင်း ဘေးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြသလဲဆိုတော့ လူတိုင်း ကိုယ့်အိပ်ခန်းကို ပြေးသွားပြီး ဝါးယင်းလိပ်ကိုချပြီး နေတယ်။ နန်းစောင့်တပ်သားနဲ့ သင်းကွပ်တွေရဲ့ အသိဉာဏ်မှာ ဒီနည်းဟာ အကောင်းဆုံး လေကြောင်းအန္တရာယ် ကာကွယ်ရေးဖြစ်ပါတယ်။ တကယ်ကတော့ လေယာဉ်မောင်းတဲ့လူက ခြောက်ရုံလှန့်ရုံလို့လောက်ပဲ သဘောထားပြီး တစ်ပေဖုံးငယ်သုံးလုံးပဲ ဖြုတ်ချသွားတယ်။ တစ်လုံးက ဘိုးဘေး ပူဇော်တံခါး (လုန်င်ကျုန်မဲင်)ပြင်ဘက်ကပ်ကျပြီး ဝေါအမှုထမ်းတစ်ယောက် ဒဏ်ရာရသွားတယ်။ နောက်တစ်လုံးက ကေရာဇ်ဥယျာဉ်ထဲက ကန်စွန်းပေါ်ကျပြီး ကန်နည်းနည်းပျက်သွားတယ်။ နောက်ဆုံးအလုံးက သင်းကွပ်တွေ လောင်းကစားနေတဲ့ အနောက်ဆောင်အဝင်ဝ အမိုးပေါ်ကျတယ်။ မပေါက်ဘူး။ ဒါပေမယ့် သင်းကွပ်တွေကတော့ သိပ်လန့်သွားကြတာပါပဲ။

အဲဒီနောက် မကြာခင် လူဝင်ခက်တဲ့ နန်းမြို့ထဲမှာပဲ သေနတ်ပစ်သံ ကြားပါတယ်။ ဝေါင်ရှီကျဲန်နဲ့ ကျဲန်ပဝ်ရှဲ့န်တို့လည်း နန်းတော်ထဲ ရောက်မလာကြလို့ အပြင်လောကနဲ့ အဆက်ပြတ်သွားတယ်။ မကြာခင် နန်းစောင့်တပ်မှူးက တွအန်ကျိရွေ့ရဲ့ သမ္မတတပ်ကို ကျန်င်ယှုန်ရဲ့တပ်က နိုင်လိုက်တယ်လို့ ပြောလာတာနဲ့ အကြောက်ပြေပြီး ပြုံးနိုင်ကြပြန်တယ်။ ဒါပေမယ့် နောက်တစ်နေ့ကျတော့ ကျဲန်င်ယှုန်ကိုယ်တိုင် ဒါ့ချ်သံတဲကို အပြေးဝင် ခိုအောင်းနေပြီဆိုတဲ့ အဖြစ်မှန်ကိုသိရတော့ အားလုံးပြန်ပြီး ထိတ်လန့်ကြောက်ရွံ့ဖြစ်ကြတယ်။

အဖေနဲ့ကျဲန်ပဝ်ရှဲ့န် ရောက်လာကြတော့ သူတို့မျက်နှာမြင်ရုံနဲ့ အရေးမလှဘူးဆိုတာ သိလောက်တယ်။ သူတို့ယူလာတဲ့ နန်းစွန့်အမိန့်တော်ကို ဖတ်ပြတော့ ကျွန်တော် အော်ဟစ်ပြီး ငိုမိတယ်။

> ယှုန်အန် နန်းသက်ကိုးနှစ်၊ ငါးလနှင့်ရက်နှစ်ဆယ်မှာ ဝန်ကြီးအဖွဲ့လက်ခံရရှိသည့်အမိန့်တော်။

"ကျန်င်ယှုန်နှင့် အခြားပုဂ္ဂိုလ်တို့၏ သွင်းစာများတွင် နိုင်ငံတစ်မျိုးသားလုံး အခြေခံမှစ၍ ဖရိုဖရဲရှိနေပါသောကြောင့် အများဆန္ဒမှာ ရှေးဟောင်းစနစ်ကို လိုလားလျက်ရှိကြောင်းပါရှိသဖြင့်၊ အုပ်ချုပ်ရေးကို ပြန်လည် သိမ်းယူသင့်ပြီဟု ဆုံးဖြတ်လျက် ဆောင်ရွက်ခဲ့သည်။ အရွယ်တော်လည်း ငယ်နသည့်ပြင် လူဝင်ခက်သည့် နန်းမြို့အတွင်း အဆီးအတားများနှင့် နေမြဲဖြစ်ရကား ပြည်သူ့စားဝတ်နေရေးသဘော အစစ်အမှန်ကို မသိရသည့်ပြင် တစ်နိုင်ငံလုံး၏ အရေးအခင်းများကိုလည်း ဝေဖန် ပိုင်းခြားလျက် လေ့လာ သုံးသပ်ခွင့်မရခဲ့ချေ။ ဘုန်းကျက်သရေ ကြီးမြင့်သည့် နတ်ရွာစံ ကေရီ ယိုပ်တိနိုင်ကျိန် (လုန်င်ယု)၏ တိုင်းနေပြည်သူတို့ကို ငဲ့ညှာထောက်ထားရန် ဆိုဆုံးမချက်ကို အမြဲလေးစားလျက် အမှတ်ရကာ ပြည်သူတို့ကို သနားတော်မူသောကြောင့် အုပ်ချုပ်ရေးကို လွှဲပြောင်းပေးရန် မိန့်တော်မူသည်ကို လိုက်နာလျက် ကမ္ဘာမြေပြင်ကို ကိုယ်ပိုင်ပစ္စည်းဟု သဘောထားအယူအဆ အနည်းငယ်မျှ မထားမရှိခဲ့။ နိုင်ငံနှင့်လူမျိုးကို ကယ်တင်ပါဟု တောင်းပန်သဖြင့်သာ မရှောင်မလွှဲသာသည့် အဆုံး၌ လက်ခံ၍ အာဏာယူသည်။

ယမန်နေ့သို့ ရောက်လာမည့်အခါတွင်မှ ကျဲန်ယှုန်သည် ပြည်နယ်တိုင်း၌ လက်နက်ကိုင် ဆူပူမှုများ ပေါ်ပေါက်လျက် စစ်ရေးပြိုင်ဆိုင်၍ အာဏာလုပွဲများ အနှံ့အပြားဖြစ်ရာသည်ဟု အစီရင်ခံလာရာ နှစ်ပေါင်းများစွာကပင် ပြည်သူတို့ ပင်ပန်းနွမ်းနယ်လျက် ရေမျောမီးလောင် အခြေအနေမျိုးတွင် ရှိနေပြီးဖြစ်ရကား အဘယ်မှာလျှင် ထိုဒုက္ခအပေါင်းကို စစ်ဒဏ်ဖြင့် ထပ်လောင်း နှိပ်စက်ထားနိုင်မည်နည်း။ တွေးကြည့်ရုံမျှဖြင့် စိတ်ဝမ်းငယ်လျက် နားနေလိုစိတ်ပင် မပေါ်နိုင်။ ထို့ကြောင့် ဘုန်းကျက်သရေတော်ကြီးသည့် ကေရီ ယိုပ်တိနိုင်ကျိန်၏ အမြဲဖြစ်သော ဝိညာဉ်တော်ကို မညစ်နွမ်းနေရန် လည်းကောင်း၊ ကေရီ၏ များမြောင်လှသည့် ကောင်းအင်လက္ခဏာတို့ကို မလေးမစား မရှိလေရအောင် လည်းကောင်း နိုင်ငံရေးအာဏာကို လက်တွင်း ကိုယ်ပိုင် ဆက်လက် ကိုင်ဆုပ်ထားခြင်းငှာမသင့်ဟု ဆုံးဖြတ်ကြောင်း။

ဝေါင်ရှီကျဲန်နှင့် ယှုရှီကျန်င်တို့က တွအန်ကျိရွေကို ချက်ချင်း အသိပေး အကြောင်းကြား၍ အာဏာလွှဲပွဲ စီစဉ်စေ။ လက်ငင်း ဆူပူ နှောင့်ယှက်ခြင်းများ ရပ်စဲစေ။ ပြည်သူအများ အေးချမ်းသာယာရှိကာ စစ်အန္တရာယ်မှ ကင်းလွတ်စေ။ ကေရာဇ်အမိန့်တော်။

## ပေ့ယန်င်အုပ်စု ခေါင်းဆောင်တွေ

အဲဒီ နန်းစွန့်အမိန့်တော်က ထုတ်ပြန်ဖို့မလိုဘဲ ဖြစ်သွားတယ်။ သမ္မတရဲ့ အမိန့်ထဲမှာ နန်းထိန်းဌာန ကြေညာချက်ကို ကိုးကားလိုက်တာနဲ့ပဲ လုံလောက်သွားဘယ်။

သမ္မတအမိန့်။ ။ ကျိန်င်နန်းထိန်းဌာနက၏ အကြောင်းကြားစာကို ပြည်ထဲရေးဌာနက လက်ခံရရှိသည်မှာ ယခင် ယှုအန်တုန်နန်းသက်သုံးနှစ် တစ်ဆယ့်နှစ်လနှင့် နှစ်ဆယ့်ငါးရက်တွင် ဘုန်းကျက်သရေတော်ကြီးသည့် ကေရိမယ်တော်ကြီး လုန်ငယု၏ အမိန့်တော်တွင် ပြည်သူတစ်ရပ်လုံးက သမ္မတနိုင်ငံ ထူထောင်ရေးကို လိုလားကြကြောင်းကို သတိပြုတော်မူမိသောကြောင့် ကေရိမယ်တော်ကြီးနှင့် ကေရာဇ်တို့က အချုပ်အခြာအာဏာတော်ကို ပြည်သူ့လက်သို့ ပြန်၍အပ်နှင်းခဲ့သည်။ သမ္မတနိုင်ငံ တည်ထောင်စေဟု အမိန့်အာဏာထားတော်မူခဲ့သည်။ ကျိန်ငမင်းရိုးအတွက်ကား ထောက်ထားငဲ့ညှာရေး စာချုပ်ပါ စကားအချက်တို့ ထာဝစဉ် တည်မြဲစေဟူ၍လည်း မိန့်မှာခဲ့သည်။ ယခင် ခြောက်နှစ်အတွင်း၌ ကျိန်ငမင်းရိုးသည် များစွာပြေပြစ် ကောင်းမွန်အောင် ဆက်ဆံနေထိုင်ခဲ့ရသဖြင့် ကိုယ်ကျိုးကိုယ်စီးပွားအလို့ငှာ နိုင်ငံရေးအာဏာကို သုံးစားလိုခြင်း အနည်းငယ်မျှ စိတ်အကြံ မရှိခဲ့ချေ။ မိန့်ဆိုပြီးသည့်စကားဝန်တာခံချက်ကို ပြင်ဆင်ဖွယ်လည်း မရှိချေ။ သို့သော် မျှော်လင့်သည်မှ သွေဖည်၍ ကျန်ယှုန်သည် ဒွန်လာ ရက်နေ့တွင် နန်းတွင်း၌ စစ်တပ်များ ချထားလာသည်။ လိမ်လည်၍ အမိန့်တော်များ ထုတ်သည်။ နိုင်ငံအဖွဲ့အစည်းပုံစံကို ပြောင်းသည်။ ယင်းအချက်များပင် ယခင်မင်းဆက်၏ ကေရိမယ်တော်ကြီး ထားခဲ့သော အမိန့်အာဏာရည်ညွှန်းချက်များကို မလေးမစား ပြုမူရာ ရောက်သည်။ လူဝင်ခက်သည့် နန်းမြို့တွင်းမှာ နေရသည့် ကလေးမျှသာရှိသူသည် ယင်းကိစ္စများ၌ ငြင်းဆိုလွန်ဆန်ခွင့်မရ။ တစ်ကမ္ဘာလုံးကပင် ယင်းအနေအထားကို သဘောပေါက်ကာ အခွင့်ပေးရန် ဖြစ်တော့သည်။ ဤအချက်များကို ပြည်တွင်းပြည်ပ အများတကာ သိရှိကြရလေအောင် သမ္မတနိုင်ငံ အစိုးရကို ဆောင်ရွက်ပေးစေလိုကြောင်း နန်းထိန်းဌာနက တောင်းပန်စေ။ ဌာနသို့ ရောက်ရှိလာသော ယင်းစာကို အစီရင်ခံသင့်ကြောင်း မှတ်ယူလျက် တင်ပြပါသည်။ အများသိရှိကြသည့်အတိုင်း ကျန်ငယှုန်သည် သစ္စာဖောက် နန်းလုပြစ်၍ ယခု ကြုံတွေ့ရသည့် အနှောင့်အယှက်များ၏ အရင်းခံပုဂ္ဂိုလ်ဖြစ်ကြောင်း တင်ပြလာသည့်စာကို ချက်ချင်း အများသိရှိရအောင် ကြေညာစေ။

အများသိသာရန်

ဝန်ကြီးချုပ်တွအန်ကျိရွေအမိန့်ဖြင့် သမ္မတနိုင်ငံတည် ခြောက်

**နှစ်၊ ဇွန်လ ၁၇ ရက်နေ့ထုတ်ပြန်သည်။**

နန်းစွန့်အမိန့်တော်မှာ အာဏာယူသည်လို့ ပါတဲ့အချက်ကို အသာခေါက်ထားပြီး နန်းထိန်းဌာနရဲ့ အကြောင်းကြားစာမှာ ကျုန်င်ယုန်က လာပြီး စစ်တပ်ချတယ်။ ကလေးငယ်မို့ ဘာမျှမပြောသာဆိုတဲ့ သဘောသွားကို ရေးထည့်လိုက်ဖို့ကိုတော့ လူဝင်ခက်တဲ့ နန်းမြို့က ခေါင်းဆောင်နဲ့ ပေ့ယန်င်အုပ်စုခေါင်းဆောင်ပေါင်းသုံးဦးတို့ရဲ့ ပူးပေါင်းဉာဏ်အားပဲ ဖြစ်ပါတယ်။ ဒီလိုပြင်ဖို့စပြီးအတွေးရသူကတော့ ဆရာချုပ်ယုရှိကျုန်င်ဖြစ်တယ်။ သမ္မတ ဖုန်ကော့ကျုန်င်နဲ့ ဝန်ကြီးချုပ် တွအန်ကျိရွေတို့ကလည်း ကျေနပ်လက်ခံတယ်။ လူဝင်ခက်တဲ့နန်းမြို့ရဲ့ ပါဝင်ခဲ့ပုံကို ပြည်ဖုံးကားချလိုက်တယ်။ ဒီဆုံးရှုံးပွဲပြီးတဲ့နောက် နန်းမြို့ဟာ ဘယ်လို ဆက်လက် စခန်းသွားတယ်ဆိုတာတွေကတော့ စာရင်းအရေအတွက် ထည့်ပြီး ပြောစရာ မရှိပါ။

နန်းတော်ထဲက ပါဝင်ပုံကို ဒီလိုဖုံးလိုက်တော့ အပြင်က ဝင်ရောက်တဲ့ ဖက်တော်သားတွေအပေါ်မှာ ပြစ်မှုဟာ ပုံကျသွားပါတယ်။ ဆရာတွေ ပြောပြချက်နဲ့ သတင်းစာပါအချက်တွေကို ပေါင်းစပ်လိုက်ရင် အခြေအနေမှန်ကို ပြန်ပြောနိုင်လောက်ပါတယ်။

ယွန်ရှိကိုင်က ၁၉၁၆ ခုမှာ သူကိုယ်တိုင် ဧကရာဇ်ဖြစ်ဖို့လုပ်တာ မအောင်မြင်လေတော့ ယုရှိကျုန်င်နဲ့ ကျုန်င်ယုန်တို့ဟာ သူတို့ကို နှိပ်စက်မယ့် တောင်ပိုင်းသမ္မတနိုင်ငံသားတွေကို ခုခံဖို့ သူတို့အတွက် အကောင်းဆုံးနည်းဟာ ကျိန်င်မင်းကို နန်းပြန်တင်ဖို့ပဲ ရှိတော့တယ်လို့ ဆုံးဖြတ်ကြတယ်။ ယွန်သေပြီးတဲ့အခါ စစ်ဘုရင်တွေအားလုံးကို ကျုန်င်ယုန်က (ဒုတိယယုကျိုပ်ကွန်ဖရင့်)လုပ်ဖို့ ယုကျိုပ်ကို ဖိတ်ပါတယ်။ အဲဒီမှာ ဆုံးဖြတ်တာကတော့ ဂျပန်ဆီက အကူအညီရဖို့ ပထမအချက်ဖြစ်ကြောင်း ဆုံးဖြတ်တယ်။ တီအင်ကျင်မှာရှိသည့် ဂျပန်တပ် သေနာပတိက ဒါကို လက်ခံတဲ့အခါမှာ ကျုန်င်ယုဟာ အရှေ့မြောက်တိုင်းနဲ့ အတွင်း မောင်ဂိုလျာမှာရှိနေတဲ့ ဗဟောဂျဲ့နဲ့ မင်းသားစုတို့ရဲ့ ဖက်တော်သားတပ်နဲ့ အဆက်အသွယ်လုပ်တယ်။ ပြီးတော့ ဖက်တော်သားတပ်တွေ ပီကင်းကိုဝင်မှာစိုးလို့ ကာကွယ်ရအောင်ဆိုပြီး သူတို့တပ်တွေကို ပီကင်းချီစေမယ်လို့ တခြားစစ်ဘုရင်တွေနဲ့ ညှိထားပြီးမှ ဗဟောဂျဲ့က လက်အောက်ငယ်သားတစ်ဦး လုပ်ကြံလို့ သေတာနဲ့ မူလအကြံ မအောင်ပါ။

ဒီနန်းပြန်တင်ရေးမှာ နောက်ခေါင်းဆောင်တစ်ဦးက ယုရှိကျုန်င်ဖြစ်တယ်။ သူက ဂျပန်ကကဘိနက်က သူတို့အကြံကို လက်ခံလာအောင် ကြိုးစားတဲ့လူဖြစ်တယ်။ ပြီးတော့ ရင်ခွင်ပိုက်အဖွဲ့မှာ သူလည်းပါချင်တယ်။ ကျန်ယုန်က ဒါကိုသိတော့ စိတ်ဆိုးပြီး သူတို့နှစ်ဦးကွဲစပြုတယ်။

ဒီအတွင်း ပီကင်းမှာ အာဏာလုပွဲဖြစ်ကြသေးတယ်။ ဝန်ကြီးချုပ် ပေ့ယန်င်စစ်ဘုရင် တွအန်ကျိရွေနဲ့ သမ္မတလိယွန်ဟုန်တို့ ရန်ဖြစ်တယ်ပဲဆိုပါတော့။ တွအန်ဝန်ကြီးချုပ်ပြုတ်ပြီး တီအင်ကျင်ကိုသွားတဲ့အခါ ကျုန်င်ယုန်က သူ့အတွက် အခွင့်

သာပြီလို့ တွက်တယ်။ ပေ့ယနိုင်ခေါင်းဆောင် တွအန်ကျိရွှေနဲ့ ဖဲ့န်ကော့ကျန်ှင် တို့ရယ် တခြား စစ်ဘုရင်တွေရယ် စတုတ္ထယှုကျိပ်ကွန်ဖရင့်မှာ သူ့ကို ကူညီမယ်လို့ ကတိရပြီးသားဖြစ်လေတော့ ဒီအချိန်မှာ သူ့တပ်ကို မြောက်ဘက်ချီစေခိုင်းလိုက်တယ်။ လိယွန်ဟုန်ကိုလည်း တွအန်ကျိရွှေနဲ့ စေ့စပ်ပေးမယ်လို့ ညာခေါ်လိုက်တယ်။ တိအင်ကျင်က ပေ့ယနိုင်ခေါင်းဆောင်ကို အကြောင်းကြားထားပြီး ဇွန်လတစ်ရက်မှာ ပီကင်းဝင်ပြီး နန်းပြန်အပ်ပွဲလုပ်တာပါပဲ။

သတင်းစာတွေအဆိုက ကျန်ှင်ယှုန်ရှုံးရတာဟာ ရှိသမျှအာဏာ သူ့အကုန် ယူချင်လို့ရယ် နောက် အမှားကြီးနှစ်ခုရယ်ကြောင့် ဖြစ်တယ်လို့ဆိုတယ်။ ပထမ အမှားကြီးကတော့ ယှုရှီကျန်ှင်ကို သုံးမရတဲ့ ဘွဲ့လောက်ပဲ ပေးလိုက်တယ်။ ဒုတိယ ကတော့ တွအန်ကျိရွှေကို အထင်သေးတယ်။ သူက ပေ့ယနိုင်ခေါင်းဆောင်တွေကို သူပိုင်ပြီလို့ တွက်ထားပေမယ့် တိအင်ကျင်မှာ တွအန်ကျိရွှေက သူ့တပ်သားတွေကို သူ့အပေါ်မှာ သစ္စာရှိရမယ်၊ "သူပုန်"ကို နှိမ်ရမယ် သစ္စာရေသောက်လို့ ခိုင်းတဲ့အခါမှာ အဲဒီမှာ ရှိနေတဲ့ စစ်ဘုရင်တချို့ဟာ သူ့ဘက်ကို ပါသွားကြပြီး "သမ္မတနိုင်ငံဖက်သား" ဖြစ်ကြပြန်တယ်။ ဒီလို မျက်နှာမူရာ အရပ်ကို ချက်ချင်း ပြောင်းပြန်လှည့်တဲ့အတွက် တွအန်ကျိရွှေနဲ့ ဖဲ့န်ကော့ကျန်ှင်တို့ ဆုကြီးကြီးခံစားရပါတယ်။ တစ်ယောက်က ဝန်ကြီးချုပ်ပြန်ရပြီး နောက်တစ်ယောက်က သမ္မတဖြစ်သွားပါတယ်။

ဒီနန်းတင်ဖို့လုပ်ကြံမှုမှာ အပြစ်အားလုံးကို ကျန်ှင်ယှုန်ကို ပိုင်းဖို့ပေမယ့် သူ့မှာလည်း အခု သမ္မတဂိုဏ်းသား အခေါ်ခံသူတွေဟာ လေ့န်နှစ်ဖက်နင်းတွေ၊ ဧကရာဇ်ဖက်တော်သား ဖြစ်ခဲ့တယ်ဆိုတာ သက်သေပြစရာ ခိုင်ခိုင်လုံလုံ ရှိနေတယ် ဆိုတာတော့ အခု သမ္မတနိုင်ငံသစ်ရဲ့ အရာရှိကြီးတွေက သူ့ကို ပြင်းပြင်းထန်ထန် အပြစ်ဒဏ် မခတ်ရဲဘူး။ နောက်တစ်နှစ်မှ ယှုရှီကျန်ှင် သမ္မတတက်ဖြစ်တော့ သူ့ကိုဖမ်းဖို့အမိန့်ကိုတောင် ရုတ်သိမ်းလိုက်တယ်။

ကျွန်တော့်အဖို့ ကျေနပ်စရာတွေ့ရတာကတော့ အခုအာဏာရထားတဲ့ ပေ့ယနိုင်အုပ်စုခေါင်းဆောင်တွေနဲ့ သမ္မတနိုင်ငံခေါင်းဆောင်ပိုင်းက တချို့ပုဂ္ဂိုလ်တွေဟာ ဖက်တော်သားတွေဖြစ်ပြီး ကျွန်တော့်ကို ဆက်လက် ကာကွယ်ပေးချင်တာနဲ့ ကျန်ှင်ယှုန်ကို ဓားစာခံ လုပ်ကြတာပဲပေါ့။ သူတို့က နန်းတွင်းသားတွေ အပြစ်လုံးဝ မရှိလို့ အသေအချာ ပြောကြတယ်။ ဖဲ့န်ကော့ကျန်ှင်က သူပုန်နှိမ်တပ်ကို ထောက်ခံ တဲ့သံကြိုးထဲမှာ ငါဟာ အရင်ကျိန်ှင်မင်းဆက် လက်ထက်တုန်းက သမ္မတဂိုဏ်းသား မဟုတ်ခဲ့ဘူး။ အခြေအနေအရ ၁၉၁၁ ခု တော်လှန်ရေးအပြီးမှာ သမ္မတနိုင်ငံ ဖြစ် လာရတယ်လို့ပါတယ်။ ဒီလူတွေဟာ ကျွန်တော့်ကို လိုလားပြီး လူဝင်ခက်နန်းမြို့ကို ကာကွယ်နေတာ ဘာ့ကြောင့်လဲ။ သဘောက ကျွန်တော့် နန်းပြန်တင်ဖို့ သူတို့ မကန့်ကွက်လို့။ ဒါပေမယ့် အဲဒီနန်းပြန်တင်တဲ့လူဟာ ငါပဲလို့ ဖြစ်ချင်တာတစ်ခုပဲ အဝေမညီ ဖြစ်နေတယ်လို့ ကျွန်တော် နောက်ဆုံးသဘောပေါက်ပါတယ်။

ကျွန်တော်တို့ လူဝင်ခက်နန်းမြို့ရဲ့ သဘောထားကတော့ ကြောင်ဖြူပဲဖြစ်ဖြစ် ကြွက်ရဖို့ပဲ လိုလားတယ်။ ချန်င်ကြောင့်ပဲဖြစ်ဖြစ် တွအန်ကြောင့်ဖြစ်ဖြစ် ကေရာဇ် မင်းပြန်ပြီး စိုးစံစေချင်တယ်။ ဒါကြောင့်အခုသူတို့နှစ်ယောက်ကိုပဲ ဘယ်သူကပိုပြီး စွမ်းမလဲလို့ ဖက်တော်သားတွေက စောင့်ကြည့်နေကြပြန်ပြီပေါ့။ ဒါပေမယ့် ပေ့ယန်င် အုပ်စုဟာ ဖုန်ကော့ကျန်င်ခေါင်းဆောင်ပြီး ကျိုလီအုပ်စုရယ်လို့ တစ်ဖွဲ့၊ တွအန်ကျိရွေ ခေါင်းဆောင်ပြီး အန်တွေအုပ်စုရယ်လို့တစ်ဖွဲ့ သီသီသာသာ ကွဲတော့ နန်းတွင်းအကြံ အဖန်တွေဟာ ခဏရပ်ဆိုင်းထားရပြန်တယ်။ ဒီလို အားပြိုင်ကြတာမှာ ဖုန်က သမ္မတရာထူးက ပြုတ်ထွက်သွားတယ်။ တွအန်က နန်းထိန်းဌာနမှူး ရှိယှုကတစ်ဆင့် နန်းပြန်တင်ရေးဟာ ဖြစ်နိုင်စရာ ရှိသေးတယ်လို့ စကားဆိုလာပေမယ့် စောစောက နန်းပြန်တင်ရေးကို တိုက်လို့ ရာထူးတက်လာတဲ့ လူရဲ့စကားကို ခြွင်းချက်မထားဘဲ ယုံဖို့ခက်တာနဲ့ ခပ်ဆိုင်းဆိုင်း ဖြစ်နေကြတယ်။

ဖုန်ကော့ကျန်င်ရဲ့ သမ္မတရာထူးကို ယှုရှီကျန်င်ရတယ်။ ၁၉၁၇ ခု နန်းပြန်တင်ပွဲ ဆုံးရှုံးလို့ မကြာခင်ထွက်လာတဲ့ ရှန်ဟိုင် **ယှင်ဝင်ပဝ်**သတင်း ဝေဖန်ချက်မှာ ပါတဲ့ စာတစ်ပိုဒ်ကြောင့် လူဝင်ခက်နန်းမြို့မှာ တော်တော်ကြီး လှုပ်ရှားသွားသေးတယ်။ အဲဒီဝေဖန်ချက်ကတော့–

> တကယ်လို့ နန်းပြန်တင်ရေးကို ယှုရှီကျန်င်သာ စီမံရရင် ဒီလို အရုပ်ဆိုး စရာ ဖြစ်သွားလိမ့်မယ်လို့ မထင်ပါ။ ကျန်ယှုန်သာ ကြားထဲက ရှုပ်မနေ ရင် ပေ့ယန်င်အုပ်စုဗိုလ်တွေဟာ ကေရာဇ်ဆီကို မနှေးမဖင့် ဝင်လာကြ မှာပါပဲ...

လို့ရေးတယ်။ ဒီတော့ ကေရာဇ်အရသာကို လေးငါးရက်ရလိုက်တဲ့ ကျွန်တော်ကိုထားဦး။ ဖက်တော်သား တော်တော်များများဟာ အခုယှုရှီကျန်င်သမ္မတ ဖြစ်စက အားတက်လာကြပြန်တယ်။

ပီကင်းမှာ အနေကြာခဲ့တဲ့ အသက်ခြောက်ဆယ်ကျော် မန်ကျူးအမျိုးသားတစ် ဦးက ကျွန်တော့်ကို အခု ဟို ၁၉၁၈ ခု ယှုရှီကျန်သမ္မတဖြစ်တုန်းက မန်ကျူးအသုံး အဆောင်နဲ့ အမျိုးသမီး ဆံထုံးပုံစံတွေတောင် ပြန်ပြီး ခေတ်စားလိုက်သေးတယ်။ သူကောင်းအိမ်တွေမှာ မွေးနေ့ပွဲတွေ ထမင်းစားပွဲတွေနဲ့ အုတ်အုတ်ကြက်ကြက် ဖြစ်လာလိုက်သေးတယ်။ သူကောင်းတွေရဲ့ အပျော်တမ်းအကအဖွဲ့ အဖြေအဖျော်အဖွဲ့ ဆိုတာမျိုးတွေ ရှိလာလိုက်သေးတယ်လို့ ပြောပြဖူးတယ်။

ပြီးတော့ သမ္မတနိုင်ငံဖြစ်ပြီးမှ **လူသေ**[၁]တွေ ရှေးအဝတ်နဲ့ ပီကင်းလမ်းမှာ ထွက်လျှောက်တာ သုံးခါတွေ့ရဖူးတယ်။ ပထမအကြိမ်က ကေရီမယ်တော်ကြီး လုန်င်ယု နတ်ရွာစံ၊ ဒုတိယက ကျန်င်ယှုန်နန်းပြန်တင်ပွဲ၊ တတိယက ယှုရှီကျန်င်

---

၁။ လူသေလို့ ဘာလို့ခေါ်သလဲဆိုတော့ ရှေးဝတ်စုံဝတ်ထားလိုက်ကြတာ အဘိုးအဘွား ရုပ်ပုံဓာတ်ပုံတွေထဲက လူတွေနဲ့ အပြင်ထွက်လာတာနဲ့ တူနေလို့ပါပဲ။

သမ္မတဖြစ်ချိန်ကနေပြီး **လက်ထပ်ပွဲကြီး**[၁]အထိပါပဲ။ အဲဒီနောက်ဆုံးအကြိမ်ကများဆိုရင် တကယ်ကို ပွင့်ထွက်တဲ့ ပုံစံမျိုးပဲလို့ ဟန်အမျိုးသား အဘိုးအိုတစ်ယောက်က ကျွန်တော့်ကို ပြောပြဖူးပါတယ်။

ယုရှီကျုန်င်ဆိုတာ ယွန်ရှိကိုင်နာမည်မကျော်ခင်ကပဲ ယွန်နဲ့ ခင်မင်တဲ့ မိတ်ဆွေဖြစ်ခဲ့ပြီးနောက် ယွန်က အရေးကိစ္စကြီးတိုင်း ခေါ်ပြီး တိုင်ပင်တာကို ခံရတဲ့လူဖြစ်တယ်။ ကေရီမယ်တော်ကြီး လုန်ယုကို ၁၉၁၂ ခုက နိုင်ငံအာဏာလွှဲပေးဖို့ သွားမပြောခင်က ယွန်နဲ့ ယုရှီကျုန်င်တို့ကခေါ်ပြီး တိုင်ပင်တဲ့အထဲမှာ ဖုန်ကော့ကျုန်၊ တွအန်ကျိရွေစတဲ့လူတွေ ပါတယ်လို့ပြောကြပါတယ်။ ဒီအစည်းအဝေးမှာ သမ္မတတပ်ကို လက်ရုံးချင်းယှဉ်တာထက် စကားအရာနဲ့ လှည့်စားရမယ်။ ဒီတော့ သူတို့လိုသလို သမ္မတနိုင်ငံဖွဲ့လိုက်၊ သူတို့ကျေနပ်ပြီး စစ်တပ်ကွဲတော့မှ ကေရာဇ်ကို ပြန်နန်းတင်မယ်လို့ သဘောတူခဲ့ကြဖူးတယ်လို့လည်း သိရပါတယ်။ ဒီတော့ ၁၉၁၆ ခု ယွန်ရှိကိုင်ကိုယ်တိုင် ကေရာဇ်ဖြစ်ကြောင်း ကြေညာတဲ့အခါမှာ ယုရှီကျုန်င်က ဘယ်ကျေနပ်ပါ့မလဲ။ နောက် ကျွန်တော့်သားချင်းတစ်ယောက်ကို ယုရဲ့တူက ပြောပြပုံကတော့ ယွန်ဟာ သူမင်းမလုပ်တော့ပါဘူးလို့ ကြေညာတဲ့နေ့ ယုဆီကို လာပြောတယ်တဲ့။ ယွန်က ဧည့်ခန်းကိုဝင်တော့ အဲဒီယုရဲ့တူဆိုတဲ့လူက ကပ်ရက်ဆေးလိပ်သောက်ခန်းထဲမှာ ပိတ်မိနေလို့ အပြင်မထွက်သာဘဲနဲ့ နေရတော့ ပြောစကားတွေကို ကြားလိုက်ရတယ်။ ယုက ယွန်ကို မူလသဘောတူချက်အတိုင်းသာလုပ်ဖို့ အကြံပေးတာပဲတဲ့။ ယွန် ဘာပြန်ပြောသလဲတော့ သူမကြားရဘူးဆိုတယ်။ နောက်ပိုင်းအဖြစ်အပျက်တွေကတော့ ယွန်ဟာ ပြောတဲ့အတိုင်းမလုပ်ဘူး။ ဒါမှမဟုတ်လဲ လုပ်ချိန်မရခင် သေသွားရတယ်လို့ ဆိုရမယ်။ ဒါပေမယ့် ယုရှီကျုန်င်ကတော့ ကျိန်င်မင်းဆက်ကို နန်းပြန်တင်လိုစိတ်ရှိသူလို့ သူဖွင့်ပြောပေမယ့် အားလုံးသာနေကြတယ်လို့ ပြောနိုင်ပါတယ်။

ယု သမ္မတဖြစ်တော့ ကေရာဇ်နန်းတော်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ သမ္မတအိမ်မှာ မနေလိုဘူး။ သမ္မတအိမ်ဆောက်လို့မပြီးခင် သူ့အိမ်မှာပဲ သူနေမယ်လို့ဆိုတယ်။ ကျန်ယုန်ကိုလည်း ခွင့်လွှတ်တယ်။ ကွန်ဖြူရှုပ်ကို ဂုဏ်ပြုပြီး ကောင်းကင်ဘုံဆိုင်ရာ ပူဇော်ပွဲတွေ လုပ်တယ်။ မဟာမျိုးတွေကို စစ်ဖက်နယ်ဖက် အရာရှိအဖြစ် ခန့်ထားတယ်။ ကျိန်မင်းဆက်ကိုလည်း ပရိသတ်ထဲမှာ အခု နန်းစံမင်းဆက်လို့ ထည့်ထည့်ပြောတယ်။ ကျွန်တော့်အကြောင်းပြောရင်လည်း အခု လက်ရှိကေရာဇ်လို့ ပြောလေ့ရှိတယ်။

သူ သမ္မတရွေးခံရဖို့ လိုတဲ့ငွေကိုလည်း နန်းထိန်းဌာနက လူမသိအောင်ပေးခဲ့ရတယ်။ သူရဖို့ သေချာပြီးတဲ့အခါ ဌာနက သူ့ကိုဂုဏ်ပြုတဲ့ ထမင်းစားပွဲလုပ်တော့ သူအခုလို သမ္မတတက်လုပ်ရမှာက ကေရာဇ်ငယ်ရဲ့ ရင်ခွင်ပိုက်အဖြစ်နဲ့

---

၁။ ကျွန်တော့်လက်ထပ်ပွဲကို ဆိုလိုပါတယ်။

လုပ်ရမှာပါလို့ အတိအလင်း ပြောသွားတယ်။ ဧကရာဇ်ငယ်အပေါ်မှာ သူဟာ သစ္စာအမြဲစောင့်ထိန်းရက်ပါပဲလို့ သူ့လက်ရေးနဲ့ ပိုးလိပ်ပေါ်မှာရေးပြီး ရှီယှုကို ပေးထားတယ်။

ကျွန်တော့်ကို ရံနေတဲ့လူတွေက ဒီလောက်များများ ကျွန်တော့်ကို ဟိုတုန်းက ပြောမပြပါ။ ကျွန်တော်သိသလောက်ကတော့ ယှုကို အားကိုးတဲ့အနေနဲ့ ပြောကြတာ ပဲသိတယ်။ ယှုအာဏာရပြီးတဲ့အချိန်ကစပြီး လူဝင်ခက်နန်းမြို့မှာ လှုပ်ရှားလာတာ အမှန်ပဲ။ သေမှုရတဲ့ဘွဲ့နဲ့ နန်းတွင်းကို မြင်းစီးဝင်ခွင့်ရဖို့ ဂုဏ်ကို လူတွေ မက်မောလာကြပြန်တယ်။ ဒီတော့ အရင်တစ်ခေတ်က အရာရှိဖြစ်ဖူးသူတွေဟာ သစ္စာရှိရော သစ္စာဖောက်ရော အဲဒီအခွင့်အရေးတွေအတွက် နန်းတော်ကို ဝင်ထွက် လာကြပြန်တယ်။ ကျွန်တော့်ဆရာတွေက နန်းတော်နဲ့ သမ္မတအပေးအယူ လုပ်နေတာတွေကို အသေးစိတ် မပြောပြကြဖူးဘူး။ ဒါပေမယ့် ကျဲန်ပဝ်ရှဲ့န်ရဲ့စကားထဲမှာ မကျေမနပ်နဲ့ ယှုရှီကျန်င်က ရင်ခွင်ပိုက်မင်းသား လုပ်ချင်တုန်းပဲ။ အလိုကြီးလွန်းလှတယ်။ နယ်စားကြီးလောက် ဖြစ်ရင် တော်ရောပေါ့လို့ ပြောဖူးတယ်။ တစ်ခါကလည်း ဟန်အရာရှိကြီးတစ်ဦးရဲ့ သမီးကို ကေရီလုပ်ပါလို့ ယှုကစပြီးပြောနေတယ်။ ဘာအဓိပ္ပာယ်လည်းမသိဘူး။ ဒီလူရဲ့ အဖြစ်မှန်လည်း ကြည့်ပါဦး။ ကျိန်င်ဖက်မှာ ဆရာချုပ်လုပ်ပြီး သမ္မတဘက်မှာ ရာထူးယူသေးတယ်လို့လည်း ဆရာကျဲန်ပြောတာ ကြားဖူးတယ်။

အဲဒီအခါလောက်ကစပြီး ယှုရှီကျန်ငံနဲ့ နာမည်ကို ပြောတဲ့အခါမှာ နန်းတွင်းသားတွေဟာ အရင်ကလို အားနဲ့မာန်နဲ့ မပြောကြတော့ဘူး။ သူ့မှာလည်း ရာထူးယူပြီး တစ်နှစ်ကြာတော့ အရင်ရာထူးရစကလို သူ့ကို ထောက်ခံတဲ့လူ တောင့်တောင့်မကျန်တော့ဘူးဆိုတာ သူသိလာတယ်။ ပေ့ယန်ငံအုပ်စုက နှစ်ခြမ်းကွဲနေပြီဆိုတော့ ပေ့ယန်ငံရဲ့ခေါင်းဆောင်အနေနဲ့ အားမရှိနိုင်တော့ဘူးပေါ့။ တွအန်ကျိရွေနဲ့ တဖြည်းဖြည်း ပိုပိုပြီး မတည့်စပြုလာတယ်။ ၁၉၁၉ ခု မေလ ၄ ရက် ကျောင်းသားလှုပ်ရှားမှုကြုံတော့ တရုတ်တစ်နိုင်ငံလုံး လှုပ်သွားပြီး သူတို့လည်း ဆက်ပြီး ရာထူးတည်မြဲဖို့ အပြေးအလွှား ကြိုးစားနေကြရတော့တယ်။ ဖက်တော်သား ဘယ်လောက်ပဲစစ်စစ်၊ ယှုဟာ ဧကရာဇ်နန်းတင်ရေးကို မလုပ်အားတော့ဘူး။ ယှုဆီက သတင်းစကားအလာကြဲသွားပြီ။ ဒါပေမယ့် ကျွန်တော်တို့ကတော့ အကြံ မလျှော့ပါ။

## မျှော်လင့်ချက်ထားသေးတယ်

နန်းတွင်းဥယျာဉ်မှာ ကျွန်တော် တစ်နေ့ စက်ဘီးစီး ကွေ့တစ်ကွေ့မှာ လူတစ်ယောက်ကို ဝင်တိုက်မိမလို ဖြစ်သွားတယ်။ ဒီလို ဆိုးဝါးတဲ့အမှုအကျင့်မျိုးကို နန်းခလေ့က မကြိုက်ပါ။ ဒါပေမယ့် ကျွန်တော်က သိပ်ဂရုမစိုက်ပါဘူး။ ကျွန်တော်

က လှည့်ပြီး စက်ဘီးဆက်စီးမယ်လုပ်တဲ့အခါ အဲဒီလူက မြေမှာဝပ်ပြီး သောင်းနှစ်ရှင်ကို ခြေတော်ဦးခိုက် အလေးအမြတ်ပြုပါတယ်ဘုရားလို့ ပြောနေတယ်။ သူ့မှာ သင်းကွပ်တွေ ဝတ်မြဲဖြစ်တဲ့ အရောင်မှောင်မှောင် ကိုယ်ကြပ်အင်္ကျီဝတ်ထားတယ်။ ဒါပေမယ့် သူ့ကို သေသေချာချာကြည့်တော့ မုတ်ဆိတ်မွေးငုတ်တိုတွေ မျက်နှာမှာမြင်ရတယ်။ ဘယ်သင်းကွပ် ဟုတ်မလဲ။ ကျွန်တော်က သူ့ကိုပတ်ပြီး စက်ဘီးစီးရင်း သူ့ကိစ္စကိုမေးတယ်။ သူက လျှပ်စစ်မီးပြင်တဲ့လူပါတဲ့။ စက်ဘီးအတိုက်မခံရတာ ကိုယ့်လူ ကံကောင်းတာပဲလို့ ကျွန်တော်ကပြောတော့ သူက ကောင်းကင်ဘုံရဲ့သားတော် နဂါးအစစ်ကို တွေ့ရတာက ပိုပြီး ကံကောင်းတယ်။ ဘွဲ့တစ်ခု သနားပါလို့ ပြောနေတယ်။ ကျွန်တော်ကလည်း စိတ်ထဲမှာ မြူးလာပြီး သင်းကွပ်တွေပြောဖူးတဲ့ တန်တားစွန်းတွေမှာထိုင်ပြီး တောင်းတဲ့ သူတောင်းစားတွေကို ပီကင်းမြို့သားတွေခေါ်တဲ့ နာမည်ပြောင်ကို သွားသတိရပြီး ကောင်းပြီ ယနေ့ကစ၍ **တန်တားမှူး မြို့စားလပ်**[၁] တွင်စေလို့ ပြောလိုက်ပြီး ဟားတိုက်ရယ်ခဲ့တယ်။ ဒီလူဟာ နန်းထိန်းဌာနသွားပြီး အဲဒီဘွဲ့အမိန့် စာချွန်တောင်းလောက်အောင် မအဘူးလို့လည်း ထင်တာပေါ့။ ဒါပေမယ့် သူသွားတယ်။ နောက် ဘာဆက်ဖြစ်တယ်လို့ မသိဘူး။

ဆရာတွေနဲ့ သင်းကွပ်တွေအပြောကတော့ ကျေးရွာကလူတွေက ဧကရာဇ်ယုအန်တုန်င် ကျန်းမာရဲ့လားလို့ မေးတတ်တယ်တဲ့။ အခု ဘယ်သူ ဧကရာဇ်လဲလို့ မေးသူလည်း ရှိတယ်တဲ့။ ကောင်းကင်ဘုံရဲ့သား နဂါးအစစ်သာ ရာဇပလ္လင်ပေါ်မှာ ဆက်ရှိနေရင် ဒီပြဿနာတွေ ပေါ်မှာ မဟုတ်ဘူးလို့လည်း ပြောကြတယ်တဲ့။ အင်္ဂလိပ်ဆရာ ရယ်ဂျီနယ် ဂျွန်စတန်ကပြောတော့ ဆောင်းပါးတစ်စောင်မှာ ဧကရာဇ်ကို အမုန်းဆုံးဆိုတဲ့လူတွေတောင် သမ္မတအစိုးရကို စိတ်ပျက်ပြီ။ ဒါကြောင့် သူတို့ အရင်ကလောက် အယူမသန်တော့ဘူး။ အရင်ကျိန်မင်းလို့ ပြောသေးရင်လည်း စစ်ဘုရင်တွေ ဖျက်ဆီးလုယက်တာကို မနှစ်သက်လို့ ပြောတာပဲဖြစ်တယ်။ ဆိုလိုတာကတော့ ကျွန်တော့်ဆရာတွေက ကျွန်တော့်ကို ပြည်သူလူထုဟာ အရင်စနစ်ကိုပဲ တမ်းတနေကြပါတယ်လို့ ထင်ရှားအောင် ပြောပြနေကြတာပဲ ဖြစ်ပါတယ်။

ယုရှီကျုန်ခေတ်ကုန်ချိန်ရောက်တော့ ဘုရင်စနစ် မျှော်ပုဂ္ဂိုလ်တချို့ကို တွေ့ရပါသေးတယ်။ ကျိုလီအုပ်စု စစ်တပ်ကို စစ်ဝတ်စုံ ပေးသွင်းတာနဲ့ ကြီးပွားတဲ့ ဝေါင်ကျိုယိုကျဲန်ဆိုတဲ့ ကုန်သည်တစ်ယောက်ရှိတယ်။ ရှေးဧကရာဇ်လက်ထက် ဂုဏ်ထူးဖြစ်တဲ့ မြင်းစီးအပေါ်ဝတ် အဝါသုံးခွင့်ရလိုစိတ် သိပ်ပြင်းထန်ပြီး ဒါအတွက် ငွေကုန် တော်တော်များများခံတယ်။ သင်းကွပ်တွေက သူတို့အမဲလို့ သတ်မှတ်ထားတယ်။ သူ ဘယ်လိုစီမံတယ်တော့ မသိဘူး။ နှစ်သစ်ကူးရင် ကန်တော့လက်ဆောင်နဲ့ အခစားဝင်တဲ့အထဲမှာ သူပါတယ်။ ပြီးတော့ သူ့မှာပါလာတဲ့ ငွေစက္ကူတစ်ထပ်ကြီးကို ရက်ရက်ရောရော လျှောက်ပြီး ဝေပစ်တယ်။ သူလာရင် သင်းကွပ်တွေက လုပြီးကြိုယူ

---

၁။ **တရုတ်ဘာသာမှာ** မြို့စားလပ်နဲ့ မြောက်နဲ့ အသံထွက်တူတယ်။

ကြတယ်။ အားလုံးဆုရမြဲဖြစ်လို့ပါပဲ။ ထုံးစံအတိုင်း ကုန်ကျတဲ့ငွေကလည်း နည်းမှာ မဟုတ်ဘူး။ နောက်ဆုံးတော့ သူလိုချင်တဲ့ အင်္ဂျီဝါဝတ် ဂုဏ်ထူးကို ရသွားပါတယ်။

လူဝင်ခက်နန်းမြို့ကို မရောက်ရောက်အောင် လာလို့ပဲဖြစ်ဖြစ် အဝေးက သွင်းစာနဲ့ပဲဖြစ်ဖြစ် အဝါမြင်းစီးအပေါ်ဝတ် အခွင့်အရေးကို တောင်းကြတယ်။ သူတို့ဟာ ကျိန်င်အရာရှိဖြစ်ဖူးကြောင်း အမျိုးဆက်ရာဇဝင်မှာ ထည့်လိုကြတယ်။ သူတို့အဆက်အနွယ်များအတွက် သေပြီးမှ ပေးအပ်တဲ့ဘွဲ့တစ်မျိုးမျိုးကို အလိုရှိကြတယ်။ လျန်ကျူကျူအန်လို့ခေါ်တဲ့ အရူးလျန်ကတော့ "သစ္စာရှိ၍ ဖြောင့်မှန်သူ" ဆိုတဲ့ နောင်းဘွဲ့ကို လိုလို့ သွင်းစာရေးပြီး ရေထဲဆင်းသေတယ်တဲ့။ နောက်တော့ နောင်းဘွဲ့လိုချင်သူများလွန်းတာနဲ့ မသေခင်အနည်းဆုံး ဘယ်အဆင့်ရှိတဲ့လူမှ နောင်းဘွဲ့ပေးမယ်လို့ သတ်မှတ်လိုက်ရတယ်။ ဒီလိုမှမလုပ်ရင် နန်းငယ်ဟာ သိပ် အပေါစားဖြစ်သွားမှာ စိုးရတယ်။ နန်းမြို့တွင်းမြင်းစီးခွင့်၊ ဝေါစီးခွင့်နဲ့ ကျွန်တော့် လက်ရေးပါတဲ့ ပိုးလိပ်ရယူခွင့်တွေကို ဒါထက်ပဲ ပိုပြီး ခဲယဉ်းအောင် စည်းကမ်း သတ်မှတ်ရပြန်ပါတယ်။ မန်ကျူသူကောင်းတွေသာမဟုတ်ဘဲ သမ္မတအစိုးရ အရာရှိ တွေကလည်း စောစောကပြောတဲ့ အခွင့်အရေးတွေရရင် သိပ်ဂုဏ်ရှိတယ်ထင်လို့ ဒီလို ကန့်သတ်ရတာပါပဲ။

ယူရှိတို့လို ခေတ်ပေါ်စာရေးဆရာတချို့ကလည်း ဒီလိုပဲ အယူရှိပြန်တယ်။ တိုင်းရင်းဘာသာနဲ့ ရေးဖို့ ခေါင်းဆောင်ဆိုတဲ့ ဒေါက်တာဟူရှီအကြောင်းကို ကျွန် တော် ဆယ့်ငါးနှစ်သားက ဆရာဂျွန်စတန်က ဒီလိုပြောပြဖူးပါတယ်။ ဟူရှီရေးတဲ့ အင်္ဂလိပ်တစ်ပိုင်း တရုတ်တစ်ပိုင်းရေးတဲ့ "မြစ်ဘေးပျော်ပွဲစား" ကို ဂျွန်စတန်က သရော်တယ်။ ဒါပေမယ့် သူရေးတဲ့ တခြားစာတွေတော့ ဗဟုသုတ သဘောဖတ် ကြည့်ပါ။ မဆိုးပါဘူးလို့ပြောတယ်။ ပြောတဲ့အတိုင်း ဖတ်ကြည့်ဖူးပြီးတော့ စာရေး ဆရာကို တွေ့လိုတဲ့ဆန္ဒဖြစ်လာလို့ သူ့ဆီကို တယ်လီဖုန်းဆက်ပြီး ဖိတ်တယ်။ သူလက်ခံတော့ အံ့ဩမိတယ်။ တွေ့ဆုံကြပုံကို တစ်နေရာမှာ ထပ်ပြောပါဦးမယ်။ အခုတော့ ဒီအနောက်တိုင်းဆန်တဲ့ လူက ဂျွန်စတန်ကို ရှေးကျိန်င် အရာရှိ အယူ အဆမျိုးနဲ့ ရေးတဲ့စာရဲ့ တစ်ပိုင်းတစ်စကိုပဲ ဖော်ပြပါရစေ။

> ဒီအရေးကိစ္စဟာ သေးငယ်တယ်ဆိုပေမယ့် ငါ့မှာ အတော်စိတ်ထိခိုက်သွား တယ်လို့ပဲ ဝန်ခံရမှာပဲ။ ကြီးကျယ်ခဲ့တဲ့ မင်းကေရာဇ်အစဉ်မှာ သူဟာ နောက်ဆုံး၊ ထိုနိုင်ငံရဲ့ နောက်ဆုံး ကေရာဇ်၊ ဒီလောက် ကြီးကျယ်တဲ့လူရှေ့မှာ ငါ ထနေဖူးတယ်။ ထိုင်နေဖူးတယ်။

ဒါကို သူဂုဏ်ယူကျေနပ်တယ်ပေါ့။ နိုင်ငံခြားသားတွေရဲ့ အယူအဆကြောင့် လည်း နန်းတော်ထဲမှာ အားတက်ကြပါတယ်။ ဒီနေရာမှာ ဂျွန်စတန်က ကျွန်တော် တို့ရဲ့ သတင်းထောက်ပါပဲ။ သာမန်တရုတ်အတော်များများဟာ ကျွန်တော် ထီးနန်း ပြန်တက်ဖို့ လိုလားတယ်လို့ နိုင်ငံခြားသားတွေက ထောက်လှမ်း သိရှိထားတယ်လို့

ဂျွန်စတန်က ပြောတယ်။ နိုင်ငံခြားသတင်းစာတွေထဲက စာကြောင်းတွေ ကောက်နုတ်ပြီး ဖတ်ပြလေ့ရှိတယ်။ အောက်မှာ အဲဒီလိုစာတစ်ပိုဒ်ကို ထည့်လိုက်ပါတယ်။ ဒီစာပိုဒ်ကိုပဲ သူရေးတဲ့ **လူဝင်ခက်နန်းမြို့ရဲ့ နေဝင်ချိန်**ထဲမှာလည်း ထည့်သေးတယ်။ ဟိအင်ကျင်မှာ အင်္ဂလိပ်ဘာသာနဲ့ထုတ်ဝေတဲ့ **မြောက်တရုတ် နေ့စဉ်စာပို့** သတင်းစာ ၁၉၁၉ ခု စက်တင်ဘာလ ၉ ရက် "နောက်တစ်ကြိမ် နန်းတင်ဖို့ နီးလာပြန်ပြီလား" ဆောင်းပါး တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။

သမ္မတနိုင်ငံရဲ့ မှတ်တမ်းကို ပြောပါဆိုရင် ဝမ်းသာဖွယ်ကလွဲလို့ အားလုံးပြောရင်ဖြစ်ပါတယ်။ ကနေ့အဖို့ဆိုရင် မြောက်နဲ့တောင်ဟာ တစ်ဦးကို တစ်ဦး သတ်ဖြတ်ချင်တဲ့စိတ် ရှိနေကြပါပြီ။ အချုပ်သဘောကတော့ တရုတ်နိုင်ငံမှာ သမ္မတစနစ်ကို စမ်းပြီးပြီ။ မအောင်မြင်ဘူး။ နိုင်ငံမှာ အမာခံဖြစ်တဲ့ ကုန်သည်နဲ့ မြေရှင်တွေဟာ နှစ်ဖက်စလုံး အချင်းချင်း အားပြိုင်ပွဲကို ငြီးငွေ့နေကြပါပြီ။ ဆယ့်ရှစ်ပြည်နယ်စလုံးမှာ ငြိမ်းချမ်းရေးကို အာမခံမယ်ဆိုရင် ဘယ်စနစ်ကိုပဲဖြစ်ဖြစ် သူတို့ အားတက်သရော ထောက်ခံကြမှာပဲလို့ ကျွန်တော်တို့ ရဲရဲပြောဝံ့ပါတယ်။

သမ္မတပုံစံ အုပ်ချုပ်ရေးကို ဘယ်ပုံဘယ်နည်းနဲ့မှ လက်မခံလိုတဲ့ ဘုရင့်ဖက်တော်သား အားကောင်းကောင်းလည်း ရှိနေသေးတယ်ဆိုတာ မမေ့သင့်ဘူး။ ဒါပေမယ့် ကုန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာတော့ သူတို့ရဲ့ စိတ်ဆန္ဒကို အထင်အရှား မပြသင့်တဲ့အကြောင်းအချက်တွေ ရှိနေသေးလို့ သူတို့ငြိမ်နေပါတယ်။ အခုလို စစ်အုပ်ချုပ်ရေး ဆန်ဆန် လုပ်ရှားမှုကို သူတို့ ထောက်ခံတာကိုတော့ အထူးပြောဖို့ မလိုပါဘူး။ အရာရှိတွေ စုလေ့ရှိတယ်ဆိုတဲ့ နေရာတွေကို အဲဒီဖက်တော်သားထဲက ထင်ရှားသူတချို့ ဝင်ထွက်သွားလာနေတာဟာလည်း အချည်းနှီးမဟုတ်ပေဘူး။

ကေရာဇ်ကို ပြန်ပြီး အာဏာပေးဖို့ တိတ်တဆိတ်ထောက်ခံ အားပေးနေသူတွေရဲ့ အကြောင်းပြချက်ထဲမှာ သမ္မတဂိုဏ်းဟာ တိုင်းပြည်ကို ဖျက်နေတယ်။ ဒါကြောင့် ဘယ်နည်းနဲ့ဖြစ်ဖြစ် အရင် ငြိမ်းချမ်း သာယာတဲ့ပုံစံကို ပြန်ကောက်သင့်ပြီလို့ ပါတယ်။

အဖက်ဖက်က ဘုရင်စနစ်ကို ခြွင်းချက်မရှိ ပြန်လက်ခံလိမ့်မယ်လို့တော့လည်း ပြောလို့မဖြစ်ပါ။ သံအဖွဲ့တွေထဲက တစ်ဖွဲ့မကဘူး။ ကန့်ကွက်မှာကို မြင်မိပါတယ်။ ဒါပေမယ့် အဲဒီကန့်ကွက်ပုံမျိုးကတော့ အာဏာသိမ်းပွဲကို စနစ်တကျ လုပ်နိုင်ရန် မကြာခင် ကြေပျောက်သွားမှာပါ။ ဘာကြောင့်လဲဆိုတော့ ဘယ်တော့မဆို အောင်ပွဲထက် ပိုပြီး အောင်မြင်တဲ့ကိစ္စရယ်လို့ မရှိစဖူးပါ။

နိုင်ငံခြားသတင်းစာတွေမှာ အားပေးစကားတွေ ဘယ်လိုပဲပါပါ သေနတ်ဖွဲတဲ့လက်က နန်းငယ်ရဲ့ကံကြမ္မာကို စီမံတယ်လို့ အတိအကျ ပြောရပေမယ်။ **မြောက်တရုတ် နေ့စဉ်စာပို့က** ပြောသလို (စစ်ဖက်) အရာရှိတွေ စုလေ့ရှိတယ်ဆိုတဲ့နေရာတွေကို ဝင်ထွက်သွားလာနေတာဟာလည်း အချည်းနှီးမဟုတ်ပေဘူးလို့ ပြောခဲ့တယ်မဟုတ်လား။ သူပြောတဲ့အတိုင်းလည်း မှန်တယ်။ ၁၉၁၉ ခု နောက်ပိုင်း နှစ်ဝက်မှာ ပေ့ယန်နင်အုပ်စုနဲ့ မဆိုင်တဲ့ စစ်ဘုရင်တွေနဲ့လည်း ကျွန်တော်တို့နန်းငယ်သားတွေနဲ့ ရင်းရင်းနှီးနှီး ပေါင်းစပ်လိုက်မိသေးတာကို ကျွန်တော် အမှတ်ရမိပါတယ်။ အဲဒီအထဲမှာ အထင်ရှားဆုံးကတော့ ဖုန်တီအင်အုပ်စု ဗိုလ် စစ်ဆေးရေးမင်းကြီးချုပ်ကျန်ကျော့လင်ဖြစ်ပါတယ်။

နန်းတော်နဲ့ ကျန်ကျော့လေင် ဆက်သွယ်မိတာကတော့ (ကျန်ကျော့လင်ရဲ့ အားစုရာဇဟိုဖြစ်တဲ့ တရုတ်အရှေ့မြောက်ပိုင်း အခု ‘လီအပ်လို့ခေါ်တဲ့) ဖုန်တီအင်မှာ ကေရာဇ်ကိုယ်ပိုင်မြေတွေ အတွက် ပေးဆပ်ငွေဆိုပြီး အဖေ့ဆီကို ဟိုနေရာကငွေတော်တော်များများ ပို့ချိန်ကစပါတယ်။ အဖေက ကျေးဇူးတင်စာရေးတယ်။ အဖေ့ဆီက ကျန်ကျော့လင်တို့ လက်ဆောင်ဆိုပြီး နန်းထိန်းဌာနကနေပြီး တောင်ပိုင်းတန်င်မင်းဆက် (၉၃၇–၉၇၅) လက်ထက်က တုန်င်ယွန်ရေးဆွဲတဲ့ ကားတစ်ကားရယ်ကေရာဇ် ကျီအင်လုန်င်လက်ရေးစာပါတဲ့ ကြွေအိုးနှစ်လုံးရယ်၊ အဲဒီနန်းတွင်း ရှေးပစ္စည်းနှစ်ခုကိုလည်း ပို့လိုက်တယ်။ လက်ဆောင်ပို့သံအပြန်မှာ သံဖက်အဖြစ်နဲ့သူ့သစ္စာတော် သောက်ညီ ကျန်ကျိုင်တွေကို ပီကင်းအရောက် ထည့်လိုက်တယ်။ အဲဒီ ကျန်ကျိန်တွေဟာ ဖုန်တီအင်တပ်မှာ ဒုတိယသေနာပတိဖြစ်တယ်။ နောင်အခါ “မန်ကျူကော”ရဲ့ ဝန်ကြီးချုပ် ဖြစ်လာတယ်။ အဲဒါဟာ နန်းတော်ကိုယ်စားဆောင်ရွက်နေတဲ့ မင်းသားကျန်နဲ့ ဖုန်တီအင်တပ်ဟာ တစ်စတစ်စ ပိုပြီး ရင်းနှီးဖို့အထင်အရှား စတင်တာပဲ ဖြစ်ပါတယ်။

ကျန်င်ယုန်ရဲ့ ၁၉၁၇ခု နန်းပြန်တင်ပွဲတုန်းက ပါဝင် ဆင်နွှဲဖို့ဆိုပြီးဖုန်င်တီအင်တပ်က အရာရှိကြီးသုံးဦး ပီကင်းကို လာခဲ့ပါသေးတယ်။ အဲဒီအထဲကနှစ်ဦးကို လူဝင်ခက်နန်းမြို့တွင်း မြင်းစီးခွင့် အခုပေးလိုက်ပြီးပါပြီ။ အဲဒီလို မြင်းစီးခွင့်ရတဲ့ တပ်မဗိုလ်ရဲ့အဖြေ ကျန်ကျုန်င်ကျန်င် အနှစ်ရှစ်ဆယ်မြောက် မွေးနေ့လုပ်တော့အဖေကိုယ်တိုင် သွားပြီး ဝမ်းသာစကားပြောပါတယ်။ အန်တွေအုပ်စုကို နှိမ်ဖို့ကျီလီအုပ်စုနဲ့ ဖုန်င်တီအင်အုပ်စု ၁၉၂၀ ပြည့်မှာ ပူးပေါင်းကြပြီး (ကွယ်လွန်သူဖုန်ကော့ကျန်င်ကို ဆက်ခံတဲ့) ကျီလီအုပ်စုခေါင်းဆောင် ကျောင်ကုန်နဲ့ ကျန်ကျော့လင်တို့ ပီကင်းကို ဝင်လာကြတဲ့အခါ နန်းငယ်က နန်းထိန်းဌာန အရာရှိတစ်ဦးဖြစ်တဲ့ရှပ်ယိုင်ကို အကြိုအဆိုလွှတ်ခဲ့ပါတယ်။ မင်းသား ကျန်ရဲ့အိမ်ထောင်မှာလည်းအရင်ကထက် ပိုပြီး လှုပ်လှုပ်ရှရှ ဖြစ်လာတယ်။ ကျန်ကျော့လင်က နန်းတော်ကိုအခစားဝင်လိမ့်မယ်လို့ သတင်းဖြစ်တဲ့အခါ နန်းထိန်းဌာနက အရာရှိတွေ အဖေ့အိမ်မှာ

စည်းဝေးပြီး ဘယ်လို လက်ဆောင်ပေးရမယ်ဆိုတာ တိုင်ပင်ကြတယ်။ အားလုံး အကြံဉာဏ် ပေးသမျှ ရှာဖွေပြီး ပေးအပ်ကြမယ်ဆိုတဲ့အပြင် အင်မတန် ရှေးကျတဲ့ ဓားတစ်စင်းကိုလည်းပေးဖို့ သဘောတူကြပါတယ်။ ကျန်ုင်ကျော့လင်ဟာ အဲဒီအပတ်က နန်းတော်ထဲ မဝင်ဖြစ်ဘဲ ဖုန်င်ဟိအင်ကို ပြန်ရတယ်။ နောက်နှစ်လကြာတော့ အဖေ့အမျိုးထဲက မန်ကျူသူကောင်းငယ်တစ်ယောက်ကို ကျန်ုင်အတွက် အကြံပေး ခန့်ထားပြီး ဖုန်င်တိအင်ကို ခဏလွှတ်လိုက်သေးတယ်။ ဖုန်င်တိအင်–ကျီလိပူးပေါင်းပြီး အန်တွေကို နှိမ်တဲ့ကာလ အပိုင်းတုန်းက ပီကင်းမှာရှိတဲ့ ဖုန်တီအင်အသင်းတိုက်ဟာ ဖုန်င်တိအင်စစ်ဗိုလ်တွေ တွေ့ဆုံရာအရပ် ဖြစ်လာပြီး မင်းသားတွေ သူကောင်းတွေလည်း မကြာခဏ ဝင်ထွက်တဲ့နေရာ ဖြစ်ခဲ့ပါတယ်။ မင်းသားကျုန်ရဲ့အိမ်တော်က ဘဏ္ဍာစိုးတော် အဲဒီအသင်းတိုက်ကို ဝင်ထွက်ပြီး ဖုန်င်တိအင် ခေါင်းဆောင်ပိုင်းက ကျန်ုင်ကျီအင်တွေနဲ့ သစ္စာရေသောက်ညီအစ်ကို ဖြစ်လာပါသေးတယ်။

အဲဒီနှစ်နှစ်ဟာ အရင်ကျန်ုင်ယုန် နန်းပြန်တင်ပွဲ ဖြစ်မယ့်အခါတုန်းက အခြေအနေလိုပဲ ဖြစ်လာပါတယ်။ ကျွန်တော့်ကို နန်းပြန်တင်တော့မယ်လို့ ကောလာဟာလ ဖြစ်လာပါတယ်။ အဖေက ဖုန်င်တိအင်ကို လက်ဆောင်ပို့ပြီး သံဖက်အဖြစ်နဲ့ ကျန်ုင်ကျီအင်တွေ ပီကင်းကို ရောက်လာပြီး နှစ်လအကြာမှာ အင်္ဂလိပ်သတင်းစာ **ပီကင်းခေါင်းဆောင်**ရဲ့ ၁၉၁၉ ခု ဒီဇင်ဘာလ ၂၇ရက် ဖုန်င်တိအင် သတင်းကို ဒီလို ရေးလိုက်ပါတယ်။

> တရုတ်သမ္မတအစိုးရလို့ခေါ်လေ့ရှိတဲ့ လက်ရှိအစိုးရအဖွဲ့နေရာမှာ မန်ကျူမင်းဆက်ကို ပြန်လည် အသက်သွင်းမယ်ဆိုတဲ့ ကောလာဟာလဟာ လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းမှာ တိုင်းရင်းသား လူတန်းစားအားလုံးမှာ ပျံ့နှံ့နေပါတယ်။ အထူးသဖြင့် ဗိုလ်ချုပ်ကြီး ကျန်ုင်ကျော့လင်ရဲ့ အပေါင်းပါ စစ်ဝါဒီတွေက ဒီစကားကို ပိုပြောပါတယ်။ ပြောစကားအရဆိုရင် တရုတ်အနောက်မြောက်ဖက်က စစ်ခေါင်းဆောင်တွေ ဖက်တော်သားတွေ အချို့ဟာ ဗိုလ်ချုပ်ကြီး ကျန်ုင်ကျော့လင်နဲ့ ပေါင်းပြီး ဒီကိစ္စကို စတင်ဆောင်ရွက်လိမ့်မယ်။ ဗိုလ်ချုပ်ကြီးဟောင်း ကျန်ုင်ယုန် ဒီအထဲမှာ အရေးပါတဲ့နေရာက ပါလိမ့်မယ်။ အခု သမ္မတယုနဲ့ အရင်သမ္မတ ဖုန်တို့တောင် လက်ရှိပြည်တွင်း မငြိမ်သက်မှုနဲ့ ပြည်ပရန်တွေကြောင့် ဘုရင်စနစ်ကို ပြန်အသက်သွင်းတာကို ပြင်းပြင်းထန်ထန် ကန့်ကွက်တာတို့ ဒါမှမဟုတ် မကျေမနပ် ဖြစ်လာလို့ မပါဘဲ လက်ခံစရာ ရှိတယ်လို့ ထင်ရတယ်။ ကျော့ကုန်၊ လီရှုန်စတဲ့ စစ်ခေါင်းဆောင်ငယ်များကတော့ အခု သူတို့လက်ရှိရာထူးအပြင် သူတို့ကို မင်းသား အဆောင်အယောင်နဲ့ မြို့စားကြီးငယ်အဆင့်ကိုပေးရင် ဖက်တော်ကို ပါနိုင်တယ်လို့ ယူဆစရာရှိပါတယ်။

ဒါမျိုးတွေ ရေးကြပြောကြပြီးတယ်မကြာဘူး။ ဝူန်စတန်က ကျွန်တော့်ကို ပြန်ပြောပါတယ်။ သူက အဲဒီအခါမှာပဲ ကျန်ကျော့လင်ရဲ့ နန်းပြန်တင်ရေး ဆောင်ရွက်ပုံကိုလည်း ပြောပြပါတယ်။ ဒီလို သတင်းမျိုးကို ကျန်ငှဟာ ရှုံးနိမ့်သူအဖြစ်နဲ့ အရှေ့မြောက်ပိုင်းကို ၁၉၂၂ ခုမှာ ပြန်ပြေးရတဲ့အထိ ပြောနေကြပါတယ်။ တချို့သတင်းစာဟာ ကျွန်တော့်ကို သိပ်ပြီး ရှင်မြူးအားရစေပါတယ်။ စိတ်ထဲမှာလည်း အများကြီး တုန်လှုပ်ချောက်ချားစေပါတယ်။ ဒီဖုန်င်တီအင် စစ်သေနာပတိတွေဟာ တို့များရဲ့ လူဝင်ခက်နန်းမြို့ကို ဘာကြောင့်ခုလို စိတ်ဝင်စားနေကြသလဲ၊ ဘာကြောင့် ကျန်ငကျိန်ငတွေဟာ မင်းသားတွေ ကျိန်ငအရာရှိတွေနဲ့အတူ မယ်တော်ကြီး တွအန်ကန်ငံ မွေးနေ့မှာ အခစားဝင်ပါသလဲ။ ဘာကြောင့် ဖုန်င်တီအင်အသင်းဟာ ခုလို အလုပ်ရှုပ်နေရသလဲ။ ဘာကြောင့် တချို့မင်းသားတွေဟာ လှုပ်လှုပ်ရှရှ ဖြစ်ရပါသလဲ။ ဒါတွေကို ကျွန်တော် နားလည်လာပါပြီ။ ဒီလို ရေးအားရစရာအခါမှာ လာပြီး ကျိလိနဲ့ ဖုန်င်တီအင် စိတ်ဝမ်းကွဲကြရော။ ဖုန်င်တီအင်နေ အရေးနိမ့်ပြီး အရှေ့မြောက်ပိုင်းကို ပြန်ကြရရော။

ဒီနောက်တော့ စိတ်ပျက်စရာသတင်းတွေ ဆက်တိုက် ရောက်လာတာပါပဲ။ ယုရှိကျန်ငက ချက်ချင်း ရာထူးက နုတ်ထွက်ရတယ်။ ပီကင်းကို ကျီလီစစ်တပ်က သိမ်းထားပြီ။ ဟိုအရင် ကျန်ယုန်နန်းပြန်တင်ပွဲတုန်းက ထွက်ခဲ့ရတဲ့ လိယွန်ဟုန်က သမ္မတဖြစ်လာပြန်တယ်။ လူဝင်ခက်နန်းမြို့မှာလည်း အထိတ်တလန့် ဖြစ်ကြရတယ်။ အန္တရာယ်ကင်းအောင်လို့ ကျွန်တော့်ကို အင်္ဂလိပ်သံရုံးခေါ်သွားပါလို့ မင်းသားတွေ အရာရှိတွေက ဝူန်စတန်ကို တောင်းပန်ကြတယ်။ အင်္ဂလိပ်သံ ဆာဗေလဗီအလစတန်က သံရုံးမှာ ကျွန်တော့်ကို သူ့ကိုယ်ပိုင် ဧည့်သည်အဖြစ်နဲ့ ကျွန်တော်တို့ အလိုရှိတဲ့အခါ လက်ခံဖို့ အခန်းလွတ်သီးသန့်ရှိတယ်လို့ ပြောထားပါတယ်တဲ့။ မဟာမျိုးတွေထဲက ခိုဝင်ချင်ရင် အသင့်ဖြစ်အောင် ပေါ်တူဂီနဲ့ နယ်သာလန်သံရုံးတွေကိုလည်း ပြောပြီးသားပါပဲတဲ့။ ဒီအကြံတွေကို ကျွန်တော် မနှစ်သက်ပါ။ ဒီမြေပေါ်မှာ ခိုအောင်းနေမှာထက် နိုင်ငံခြားကို တစ်ခါတည်း ထွက်သွားလိုတယ်။ ဝူန်စတန်ကို ဒီအတိုင်း လုပ်ပေးဖို့ ပြောတော့ သူသိပ်အံ့သြပြီး ချက်ချင်း အဖြေမပေးနိုင်ဘဲ ဖြစ်သွားတယ်။ သိပ်မကောင်းပါဘူးထင်တယ်။ ကိုယ်တော်ကြီး ထပ်စဉ်းစားပါဦး။ သမ္မတယုက ပီကင်းက ထွက်သွားလို့တယ်မကြာဘူး ကိုယ်တော်ကြီးက လူဝင်ခက်နန်းမြို့က ချက်ချင်း ပျောက်ကွယ်သွားရင် လူတွေက နန်းတော်နဲ့ ယုရှိကျန်ငံ တစ်ကြိတ်တည်းတစ်ဉာဏ်တည်းလို့ ထွက်ကြလိမ့်မယ်။ ပြီးတော့ ဒီအခြေအနေနဲ့ အင်္ဂလိပ်ကလည်း သူတို့နိုင်ငံမှာ ကိုယ်တော်ကြီးကို လက်ခံထားချင်မယ် မဟုတ်ဘူးထင်တယ်တဲ့။

အဲဒီရက်က ကျန်ငကျော့လင်နဲ့ ယုရှိကျန်ငံ၊ ကျန်ယုနဲ့ နန်းငယ်ဟာ လှည့်ပတ်ပြီး တိတ်တိတ် ဆက်သွယ်နေတယ်လို့ ကျွန်တော် ကိုယ့်ဘာသာလည်း

ကြံဆပြီး မသိဘူး။ ပြောပြတဲ့လူလည်း မရှိဘူး။ သံတွေနဲ့ ကျိုလီ ဖုန်တီအင် အား ပြိုင်တာမှာ ဆက်စပ်နေတယ်လို့ သိဖို့တော့ သာပြီး ဝေးသေးတယ်။ ဒီတော့ ကျွန်တော် လိုချင်သလို မဖြစ်ဘူးဆိုရုံနဲ့ ဒီကိစ္စကို ဆက်မပြောဘဲ ထားလိုက်ပါတယ်။ အခြေအနေနည်းနည်းသာယာလာတော့ သံရုံးတစ်ခုခုမှာ ခိုဝင်ဖို့ ပြဿနာမရှိပြန်ဘူး။ နိုင်ငံခြားပြေးဖို့က သာပြီး မလိုသေးတယ်။

နောက်တစ်နှစ်အကြာ ၁၉၂၃ ခုမှာ ကျိုလီခေါင်းဆောင်ကျော့ကုန်ဟာ ပါလီမန်အမတ်တစ်ဦးကို ငွေဒေါ်လာ ၅၀၀၀ အကုန်ခံပြီး မဲဝယ်လို့ သမ္မတအရွေး ခံပါတယ်။ နန်းငယ်ကလည်း သူ့ကို သိပ်မကြောက်တော့ဘူး။ ဒီတော့ ကျိုလီဗိုလ်တွေထဲကပဲ ကြောက်စရာတစ်ယောက်ပေါ်လာပြန်တယ်။ ဂူပေ့ဖုလို့ခေါ်တယ်။ နောင်အခါ ကျွန်တော့်လူရင်းအကြံပေးကျဲနိုင် ယိုပ်ယှူရဲ့ အပြောအရတော့ ဂူဟာရှေ့ကို တက်လမ်း အများကြီးရှိတဲ့လူတော်ပဲ။ ကိုနိုင်မင်းဆက်ကို လေးစားစိတ်ရှိလို့ ကျွန်တော်တို့ လူဖြစ်အောင်ဆွယ်ရင်ရနိုင်မယ်တဲ့။ အဲဒီနှစ်ပဲ ဂူရဲ့ အသက်ငါးဆယ်မြောက် မွေးနေ့မှာ ကျွန်တော်က သူနေတဲ့ လောယန်ငိုကို လက်ဆောင်တွေ အများကြီးနဲ့ ဝမ်းသာစကားပြောဖို့ ကျဲနိုင်ယိုပ်ယှုကို လွှတ်လိုက်ပါတယ်။ ၁၈၉၈ ခုက ပြုပြင်ရေး သမားဖြစ်ခဲ့ပြီး အခု ဖက်တော်သားဖြစ်တဲ့ ကနိုင်ယုဝေကလည်း သွားပြီး ဆွယ်ပါသေးတယ်။ သူက အတိအကျစကားမပြန်ဘူး။ ဂူပေ့ဖုဘုန်းကြီးတာက ခဏပဲ။ ငါးဆယ်မြောက် မွေးနေ့လုပ်တဲ့နှစ် လွန်ပြီးတဲ့အခါ သူ့လက်အောက်က ဖုန်နိုင်တီအင်ဖက်ကို ဖဲ့ထွက်သွားလို့ သူ့တန်ခိုးလည်း လုံးဝ ကျဆင်းသွားပါတယ်။ ဒီအခါမှာ ဖုန်နိုင်ယုယှိအနိုင်ရဲ့ အမျိုးသားတပ်က နှင်ထုတ်လို့ ကျွန်တော်လည်း လူဝင်ခက် နန်းမြို့က ထွက်ခဲ့ရပါတယ်။

## ရယ်ကျိုနယ် ဌာန်စတန်

နိုင်ငံခြားသံမယားတွေကို ဧကရီမယ်တော်ကြီး လုနိုင်ယုမသေခင် နောက်ဆုံး ညှိခံပွဲလုပ်တဲ့အခါမှ ကျွန်တော်လည်း ပထမဆုံးအကြိမ် နိုင်ငံခြားသားကို မြင်ဖူးပါတယ်။ သူတို့ဝတ်လုံပုံဆန်းပြီး ဆံပင်နဲ့ မျက်လုံးရောင်စုံကြောင့် ကြောက်စရာကောင်းတယ်၊ အရုပ်ဆိုးတယ်လို့ ထင်မိပါတယ်။ အရင်က နိုင်ငံခြားသားကို မမြင်ဖူးသေးတော့ မဂ္ဂဇင်းတွေထဲ ပါတာလောက်နဲ့ မှန်းဆရပါတယ်။ အထက်နှုတ်ခမ်းပေါ်မှာ နှုတ်ခမ်းမွေးထားတယ်။ ဘောင်းဘီမှာ အထက်အောက် အစင်းကြီးပါတယ်။ ဘယ်တော့မဆို တုတ်တစ်ချောင်းကိုင်ထားတယ်။ ဒီလိုပဲ မှတ်ထားတယ်။ သင်းကွပ်တွေအပြောကတော့ နိုင်ငံခြားသားထားတဲ့ နှုတ်ခမ်းမွေးဟာ တောင့်နေလို့ အဖျားမှာ မီးအိမ်ချိတ်ဆွဲလို့ရတယ်တဲ့။ ပြီးတော့ သူ့ခြေထောက်ကလည်း တောင့်နေတယ်တဲ့။ ဒီလိုပဲ တော်တော်များများ ယုံကြည်ကြတယ်။ ဒါ့ကြောင့် ၁၉၀၀ပြည့်က

နိုင်ငံခြားသားတွေနဲ့ တိုက်ပွဲဖြစ်တဲ့အခါ ဧကရီမယ်တော်ကြီးချီယှီကို အရာရှိကြီးတစ်ယောက်က ရန်သူကို ဝါးလုံးနဲ့ ရိုက်လှဲဖို့လည်းလိုတယ်။ ပြန်ထနိုင်တော့မှာ မဟုတ်ဘူးလို့ ပြောဖူးတယ်တဲ့။ သူတို့လက်ထဲမှာ ကိုင်ထားတဲ့တုတ်ဟာ သင်းကွပ်တွေ အပြောကတော့ "ယဉ်ကျေးမှုတုတ်"လို့ ခေါ်တယ်တဲ့။ ဆရာ ကျဲန်ပဝ်ရှဲ့န်က အုရှေ့တောင်အာရှကို ရောက်ဖူးတယ်။ နိုင်ငံခြားသားတွေကို တွေ့ဖူးတယ်။ ဒါကြောင့် သူ့ကိုယ်တွေ့ကို ပြန်ပြောတဲ့အခါကျတော့မှ ငယ်ငယ်က သင်းကွပ်တွေ ယမ်းပြောတာကို ပြင်ယူရတယ်။ ဒါတောင်မှ နိုင်ငံခြားသားတစ်ယောက်ကို ကျွန်တော့်အတွက် ဆရာခန့်ထားပြီးပြီဆိုတော့ ကျွန်တော့်စိတ်ထဲမှာ အံ့ဩလို့ နေမထိထိုင်မထိ ဖြစ်သလို ဖြစ်သွားသေးတယ်။

အဖေနဲ့ တရုတ်ဆရာတွေက ခေါ်လာလို့ ၁၉၁၉ ခု မတ်လ၄ ရက်နေ့မှာ ယုကျိန်နန်းကို မစ္စတာ ရယ်ဂျီနယ်ဖလဲမင်ဂျွန်စတန် ရောက်လာတယ်။ နိုင်ငံခြား အရာရှိကို လက်ခံတဲ့အခါ ထုံးစံရှိသလို ကျွန်တော်က ပလ္လင်ပေါ်မှာထိုင်တယ်။ သူက ဦးညွှတ်ပြီး အလေးပြုတယ်။ ပြီးတော့မှ ကျွန်တော်ကထပြီး လက်ဆွဲနှုတ်ဆက်ကြတယ်။ သူ နောက်ထပ်ဦးညွှတ်ပြီး အခန်းပြင်ထွက်သွားပါတယ်။ ပြီးတော့မှ ကျွန်တော့်ဆရာအဖြစ်နဲ့ ပြန်ဝင်လာတော့ ကျွန်တော်က ထပြီးဦးညွှတ်ရပါတယ်။ ပြီးတော့မှ ဆရာကျူယိဖုန်ကို အနားမှာထိုင်နေစေပြီး သူက စာသင်စပါတယ်။

ဂျွန်စတန်ကို ကြောက်စရာ ဒါလောက်မရှိဘူးလို့ ဒီတော့မှ သဘောပေါက်တယ်။ သူက တရုတ်လို သွက်သွက်ပြောတတ်တယ်။ သူပြောတဲ့ တရုတ်စကားဟာ ဆရာကျဲမန်ပဝ်ရှဲ့န်ရဲ့ ဖုကြိအင်စကား ကျူယိဖုန်ရဲ့ ကျူအင်ငံစီစကားတွေထက် နားလည်ဖို့ လွယ်ပါသေးတယ်။ အဲဒီတုန်းက သူ့အသက်ဟာ အနည်းဆုံး လေးဆယ်တော့ရှိမယ်။ အဖေ့ထက်ကြီးမယ်။ ဒါပေမယ့် သူ့လှုပ်ရှားပုံဟာ သွက်လက်တုန်းပဲ ရှိသေးတယ်။ ခါးက တောင့်တောင့်မတ်မတ်ရှိလွန်းလို့ အင်္ကျီအောက်မှာ သံဘောင်ခံထားသလားလို့ ထင်ရတယ်။ သူ့မှာ နှုတ်ခမ်းမွေးအတန်းနဲ့ ယဉ်ကျေးမှုတုတ်လည်း မပါဘူး။ ပြီးတော့ ဒူးလည်းကွေးတာမြင်တယ်။ ဒါတောင် သူဟာ တောင့်တောင့်စင်းစင်းကြီး နေမှာပဲလို့ ထင်နေမိသေးတယ်။ ပြီးတော့ သူ့မျက်ပြာနဲ့ အထူးသဖြင့် ဖြူစပြုတဲ့ ဆံပင်ရောင်ဖျော့ဖျော့ကိုကြည့်ပြီး နည်းနည်းတော့ ကျောချမ်းမိသေးတယ်။

ရောက်လာပြီးတစ်လအကြာ စာသင်နေဆဲ ဖြုန်းခနဲ နံရံမှာကပ်ပြီး ရပ်နေတဲ့ သင်းကွပ်ဘက်ကို ဒေါသနဲ့လှည့်ကြည့်တယ်။ စိတ်ဆိုးလို့ မျက်နှာလည်း နီနေတယ်။ အင်္ဂလိပ်သံနဲ့ တရုတ်လို ကန့်ကွက်စကားပြောပုံကတော့ နန်းထိန်းဌာနဟာ ဆရာ့ကို အင်မတန် မဖွယ်မရာ ဆက်ဆံတယ်လို့ ထင်ပါတယ်။ တခြားဆရာတွေ စာသင်တုန်းမှာ သင်းကွပ်အစောင့်မထားပါဘူး။ အခု ဒီအစောင့်ရှိနေတာကို ဆရာ မကြိုက်ဘူး။ ဒီမှာလာပြီး စာသင်ဖို့ ဖိတ်ကြားတဲ့လူက သမ္မတယုဖြစ်လို့ ဒီကိစ္စကို သူ့ကိုပဲ အသိပေးပြီး မကျေနပ်ကြောင်းပြောမယ်လို့ဆိုဘယ်။ သမ္မတယုဆီကို

အရောက်သွားပြီး ပြောနေဖို့မလိုပါ။ သူ့ကိုခေါ်ထားတဲ့အကြောင်းထဲမှာ သူ့ဆီက အဆက်အသွယ်နဲ့ အကာအကွယ်ရချင်လို့ဖြစ်ပါတယ်။ ဒီတော့ သူစိတ်ဆိုးပြီး ဆက်မလာမှာ စိုးပါတယ်။ သူ့မျက်နှာကြီး အဖေဆီ တစ်ခေါက်သွားရုံနဲ့ သင်းကွပ်ကို ပြန်သိမ်းသွားပါတယ်။ သူ့ကိုလန့်တဲ့အရှိန်ရှိနေတော့ သူနဲ့ကျရင် ကျွန်တော်လည်း လိမ်လိမ်မာမာ ပြောစကားအတိုင်း နားထောင်ပြီး အင်္ဂလိပ်စာကို သင်ယူပါတယ်။ ပျင်းစိတ်ဝင်တဲ့အခါမှာတောင် ဟိုစကားဒီစကား ဖောက်မပြောရဲဘူး။ တရုတ်ဆရာတွေလို ဒီကနေ့ ဆရာတစ်ရက်အားယူလို့လည်း မခိုင်းရဲဘူး။

နှစ်လသုံးလကြာတော့ သူလည်း တရုတ်ဆရာလိုပဲ ဖြစ်လာတယ်လို့ ထင်ပါတယ်။ အရိုအသေသုံးပြီး စကားပြောတင် ကျွန်တော်တို့ ပျင်းပြီလို့ထင်ရင် ဖတ်စာအုပ်ကို ခဏချထားပြီး ပုံပြောတယ်။ ရှေးစကား နှောင်းစကားစုံလို့။ ပြီးတော့ ခရီးအနီးအဝေး ဒေသန္တရ ဗဟုသုတတွေလည်း ပြောတယ်။ အဖော်ကျောင်းသားလည်း သူက ရှိဖို့လိုတယ်လို့ပြောတာနဲ့ ထားပေးတယ်။ ဒါ့ကြောင့် သူလည်း တရုတ်ဆရာတွေနဲ့ တူတူလာပြီလို့ ကျွန်တော်ယူဆတာပါပဲ။

ဒီအင်္ဂလိပ်ကြီးဟာ အောက်စဖို့ဒ်တက္ကသိုလ်ထွက် မဟာဝိဇ္ဇာဘွဲ့ရတဲ့လူ ဖြစ်တယ်။ သမ္မတယှာရှီကျန်နဲ့ အင်္ဂလိပ်သံရုံးတိုင်ပင်ပြီးမှ ကျိန်ငမင်းရိုးက အထူး ဖိတ်ခေါ်လို့ ရောက်လာတဲ့လူဖြစ်တယ်။ ဒီကိုမလာခင် သူဟာ ဟောင်ကောင် ကိုလိုနီအရာရှိအဖြစ်နဲ့ အင်္ဂလိပ်အငှားနယ် ဝေဟိုင်ဝေမင်းကြီးလုပ်ခဲ့တယ်။ သူပြောပြလို့ သိရတာက သူ အာရှတိုက်ရောက်နေတာ အနှစ်နှစ်ဆယ်ရှိပြီ။ တရုတ်နိုင်ငံရဲ့ ပြည်နယ်ရှိသမျှကို ရောက်ဖူးတယ်။ ကျော်ကြားတဲ့တောင်ကြီး၊ မြစ်ကြီးနားနဲ့ ရာဇဝင်ထင်ရှားတဲ့နေရာတွေ ရောက်ဖူးတယ်။ တရုတ်ရာဇဝင်ကိုလည်း ကျေကျေညက်ညက်သိတယ်။ ဒေသန္တရလည်း နှံ့တယ်။ ကွန်ဖြူးရှပ်ကျောင်းတွေလည်း နှံ့စပ်အောင် လေ့လာဖူးတယ်။ မောဟိဝါဒ၊ ဒွဝါဒ၊ တပ်ဝါဒတွေလည်း ခေါက်မိတယ်။ ရှေးတရုတ်ကဗျာကိုလည်း အကဲဖြတ်တတ်တယ်။ တရုတ်ရှေးကျမ်းတွေ ဘယ်လောက်များများ ဖတ်ဖူးတယ် မသိဘူး။ တရုတ်ဆရာတွေလိုပဲ တနင်ကဗျာများ အလွတ်ရွတ်တဲ့အခါ ခေါင်းတလှုပ်လှုပ်နဲ့ အသံမြင့်တဲ့အခါမြင့်၊ နိမ့်တဲ့အခါနိမ့်၊ ရပ်တဲ့အခါရပ်။

တခြားဆရာတွေလိုပဲ ကျွန်တော့်ဆီက လက်ဆောင်ရတာကို ဂုဏ်ယူတယ်။ ကျွန်တော်က သူ့ကို အဆင့်အမြင့်ဆုံး မန်ဒရင်ဦးထုပ် ကြယ်သီးကိုပေးလိုက်တဲ့အခါ ဦးထုပ်နဲ့လိုက်အောင် တရုတ်နန်းတွင်းဝတ်စုံကို အထူးမှာပြီးချုပ်စေတယ်။ ပြီးတော့ သူနေတဲ့ အနောက်တောင် ချယ်ရီချိုင့်အိမ်ရှေ့မှာ ကျွန်တော့်လက်ရေးနဲ့ ကျောက်ပြားကို နောက်ခံထားပြီး အဲဒီဝတ်စုံနဲ့ ဓာတ်ပုံရိုက်တယ်။ မိတ်ဆွေတွေကို အဲဒီဓာတ်ပုံ လက်ဆောင်ပေးတယ်။ နန်းထိန်းဌာနက သူ့အတွက် ပီကင်းရှေးအိမ်တစ်လုံး ငှားပေးတယ်။ ဒီအခါမှာ ကျိန်င်အရာရှိတစ်ဦးအိမ်ကို အိမ်ထောင်ပရိဘောဂ တပ်ဆင်တဲ့

အတိုင်း တပ်ဆင်စေတယ်။ သူ့အိမ်ထဲကို အိမ်ရှေ့ကဝင်လိုက်ရင် အနီပြားတွေမှာ အနက်စာလုံးနဲ့ ယုကျိနိုင်နန်းလက်သုံးတော်၊ နန်းတွင်းကို နှစ်ယောက်ထမ်းဝေါစီး ခွင့်ရသူ၊ အမြင့်ဆုံး အဆင့် ဦးထုပ်ကြယ်သီးရသူ၊ သားမွေးအပေါ်ဝတ်ရုံ ဝတ်ခွင့်ရသူလို့ ရေးထားတာကို တွေ့ရမယ်။ ကျွန်တော်က ဆုကြီးချတိုင်း ချီးမြှင့်တာကို ကျေးဇူး တင်တယ်လို့ သွင်းစာဆက်လေ့လည်းရှိတယ်။

ကွန်ဖြူရှပ်စာပေထဲက ထုတ်နုတ်ပြီး "အမှန်ရှာတဲ့ စာပေပညာရှင်" ဆိုတဲ့ စာပေအမည်တစ်ခုကို သူ့အတွက် ရွေးထားတယ်။ သူဟာ တရုတ်လက်ဖက်ခြောက် နဲ့ ပန်းနီနီအဝိုင်းကြီးတွေကို နှစ်သက်တယ်။ တရုတ်ပညာရှင်တွေနဲ့ စာပေ ဆွေးနွေးချင်တယ်။ အလုပ်ခွင်က အနားယူပြီး အင်္ဂလန်ပြန်တော့ သူ့အိမ်မှာ အခန်းတစ်ခန်း သီးသန့်ထားပြီး ကျွန်တော့်လက်ဆောင်တွေနဲ့ နန်းဝတ်စုံတွေကို ခင်းကျင်းပြသထားတယ်လို့ သိရတယ်။ ပြီးတော့ ကျွန်းငယ်တစ်ခုကို ကိုယ်ပိုင် ဝယ်ထားပြီး ဧကရာဇ်အပေါ်မှာ သစ္စာတည်မြဲတယ်ဆိုတာ ပြချင်လို့ "မန်ကျူတော" အလံကို အဲဒီကျွန်းပေါ်မှာ လွှင့်ထားတယ်။ ဒါတွေထက် သူနဲ့ကျွန်တော် ရင်းနှီး ရတာကတော့ သူက စိတ်ရှည်ရှည်နဲ့ သည်းခံပြီး ဆက်ဆံလို့ ဖြစ်ပါတယ်။ နောက် ကြောင်းကို ပြန်ကြည့်ရင် သူလို စိတ်ဆတ်တဲ့ စကော့တလန်သားတွေဟာ ကျွန် တော်လို တပည့်ကို အင်မတန် သည်းခံပြီး ဆက်ဆံရမယ်လို့ ကျွန်တော် နားလည် ပါတယ်။ တစ်နေ့တော့ သူဟာ ပထမကမ္ဘာစစ်က မဟာမိတ်စစ်သည်တွေရဲ့ လေယာဉ်ပျံ၊ တင့်ကား၊ အမြောက်တွေပါတဲ့ နိုင်ငံခြား ရုပ်စုံမဂ္ဂဇင်းတစ်ခု ကျွန်တော့်အတွက် ယူလာတယ်။ ဒါတွေကို ကျွန်တော်ကလည်း ဆန်းလို့ အာရုံစိုက်မိတယ်။ ဒါကို သူက သတိထားမိပြီး တစ်ခုစီ ရှင်းပြတယ်။ တင့်ကားဆိုတာ ဘယ်လိုတန်ခိုးရှိတယ်။ ဘယ်နိုင်ငံက လေယာဉ်ပျံဟာ အကောင်းဆုံး၊ ဘယ်စစ်သား တွေဟာ ဘယ်လောက် ရဲစွမ်းသတ္တိရှိတယ်။ စုံလို့ပါပဲ။ ပထမတော့ စိတ်ဝင်စားတာ မှန်ပါတယ်။ ပြီးတော့ ထုံးစံအတိုင်း ပျင်းသွားတယ်။ ဒီတော့ နှာပုလင်းကို ဖွင့်ပြီး ဆော့ပါတယ်။ ဂျွန်စတန်က ဘာတစ်ခွန်းမှ မပြောဘဲ စာအုပ် တွေပိတ်ပြီး စာသင် ချိန်ကုန်သွားတဲ့အထိ ကျွန်တော်ကစားတာကို ကြည့်နေပါတယ်။

နောက်တစ်ခါတော့ နိုင်ငံခြားဖြစ် သကြားလုံးတွေ ယူလာတယ်။ ကျွန် တော်က သံဘူးလည်း သဘောကျတယ်။ ပတ်ထားတဲ့ ခဲစက္ကူလည်း ကျေနပ်တယ်။ သစ်သီးနံ့နဲ့ အရသာမျိုးစုံကိုလည်း ကြိုက်တယ်။ ဒီတော့ သူက ဓာတုဗေဒနည်းနဲ့ သစ်သီးရသာရအောင် ဘယ်လို လုပ်တယ်။ စက်နဲ့ အတုံးအတစ် ဘယ်လိုလုပ်တယ် လို့ စပြောပါတယ်။ နားမလည်ဘူး။ လည်ချင်တဲ့စိတ်လည်း မရှိဘူး။ သကြားလုံး နှစ်ခုလောက်စားပြီးတော့ အပြင်သံစ်ပင်ကြီးက ပုရွက်ဆိတ်တွေကိုလည်း ဓာတုဗေဒနဲ့ စက်ပစ္စည်းအရသာကို မြည်းစေချင်တဲ့စိတ် ပေါ်လာတယ်။ ကျွန်တော်ထွက်သွားတာကို စာသင်ချိန်ကုန်တဲ့အထိ စောင့်ကျန်ရစ်တယ်။

ဂျွန်စတင်ဟာ ဘယ်လောက် ကြိုးကြိုးစားစား သင်ပေးနေတယ်ဆိုတာ သိလာတဲ့အခါကျတော့ ကျွန်တော်လည်း ကျေနပ်ပြီး သူ့စကားကို လေးလေးစားစား နားထောင်လာပါတယ်။ သူက အင်္ဂလိပ်စာတစ်ခုတည်း သင်နေတာမဟုတ်ပါဘူး။ တစ်မျိုးပြောရရင် သူပြောပြလေ့ရှိတဲ့ အင်္ဂလိပ်လူကြီးလူကောင်းတစ်ယောက်ဖြစ်အောင် သူက ကျွန်တော့်ကို သွန်သင်နေတာသာ ဖြစ်ပါတယ်။ ကျွန်တော် တစ်ဆယ့်လေးနှစ်သားရှိတော့ သူ့ဝတ်သလို ဝတ်ချင်တာနဲ့ သင်းကွပ်တွေကို အပြင်ထွက်ပြီး အနောက်တိုင်းဝတ်စုံတွေ အများကြီး ဝယ်ခိုင်းလိုက်တယ်။ ကျွန်တော့်ကိုယ်နဲ့တိုင်းပြီး ချုပ်ထားတာတွေ မဟုတ်တာရယ်၊ မဆင်ပြင် တတ်တာရယ်ကြောင့် သိပ်ရယ်စရာကောင်းမယ်။ ဒါကိုပဲဝတ်ပြီး စာသင်ခန်းကို ဝင်လိုက်တယ်ဆိုရင် သူဟာ ကျွန်တော့်ကိုကြည့်ပြီး ဒေါသနဲ့တုန်နေတယ်။ ချက်ချင်း သွားပြီး ဝတ်နေကျအဝတ်နဲ့ လဲခိုင်းတယ်။ နောက်တစ်နေ့တော့ စက်ဆရာတစ်ယောက် ခေါ်လာပြီး ကျကျနန တိုင်းစေတယ်။ အနောက်တိုင်းအဝတ်ကို မတော်မတဲ့ ဝတ်တာထက်စာရင် မန်ကျူဝတ်စုံက ကောင်းပါတယ်တဲ့။ ဒီလို အပေါစားချုပ်ပြီးကို ဝယ်ဝတ်ရင် ဘာနဲ့တူလေမလဲမသိဘူး။ သူက ဆုံးအောင်ဆက်မပြောဘူး။

ကိုယ်တော်ကြီး လန်ဒန်ရောက်သွားရင် ဟိုကဒီက လက်ဖက်ရည်သောက် ဖိတ်ကြမယ်။ လက်ဖက်ရည်ပွဲဆိုတာ သိပ်ပြီး စည်းကမ်းထားရတဲ့ ပွဲတော့ မဟုတ်ပါဘူး။ ဒါပေမယ့်လည်း များသောအားဖြင့် ဗုဒ္ဓဟူးနေ့မှာ လုပ်လေ့ရှိတဲ့ အရေးပါတဲ့ အခမ်းအနားတစ်မျိုးပါပဲ။ အဲဒီပွဲမှာ မင်းမျိုး၊ ပညာရှင်၊ ကျော်ကြားသူ စတဲ့ လူစုံတွေ နိုင်တယ်။ သိပ်ပြီး အကောင်းအမွန် ဝတ်သွားဖို့ မလိုပါဘူး။ ဒါပေမယ့် အမူအရာကောင်းဖို့ လိုတယ်။ ယဉ်ကျေးရမယ်။ လက်ဖက်ရည်ကို ရေသောက်သလို သောက်ရင် မှားတယ်။ မုန့်ကို ထမင်းစားသလို အားရပါးရ အပြည့်အဝစားရင် မှားတယ်။ ဇွန်းသံခက်ရင်းသံ ညံနေရင်လည်း မကောင်းဘူး။ အင်္ဂလန်မှာ လက်ဖက်ရည်နဲ့မုန့်ဟာ အဆာပြေရုံစားရတာ။ ထမင်းလို မဟုတ်ဘူးတဲ့။

သူ အသေအချာ သွန်သင်တာတွေကို အကုန်မမှတ်မိတော့ပါဘူး။ ဒါပေမယ့် မဂ္ဂဇင်းပါ ဓာတ်ပုံရယ်၊ သူပြောပြချက်ရယ်ပေါင်းပြီး လေယာဉ်ပျံ၊ အမြောက်၊ ဓာတုဗေဒနဲ့စက်လုပ်သကြားလုံး၊ ပြီးတော့ လက်ဖက်ရည်ပွဲ ဟန်အမူအရာဆိုတဲ့ အနောက်တိုင်း ယဉ်ကျေးမှုကိုတော့ ကျွန်တော့်စိတ်ထဲမှာ စွဲသွားပါတယ်။ ပထမကမ္ဘာစစ် ရုပ်ပြမဂ္ဂဇင်းကို တွေ့ပြီးကတည်းက သူတို့ရဲ့ ရုပ်ပြမဂ္ဂဇင်းတွေကို ကျွန်တော် စွဲလမ်းသွားပါတယ်။ အကြိုက်ဆုံးက ကြော်ငြာခန်းတွေပါပဲ။ သင်းကွပ်တွေကို ကြော်ငြာပါ စိန်နဲ့ခွေးတွေ ဝယ်စေလို့ ခိုင်းဖူးတယ်။ နန်းထိန်းဌာနကို အနောက်တိုင်း အိမ်ထောင်ပရိဘောဂတွေ ဝယ်ခိုင်းပြီးသုံးတယ်။ ဒီတော့ အချို့အခန်းတွေဟာ တရုတ်စစ်စစ်လည်းမဟုတ်၊ ဥရောပစစ်စစ်လည်း မဟုတ်ဘဲ ဝကျကုန်တယ်။ ဂျွန်စတန်ကို အတုခိုးပြီး နာရီ၊ ကြိုး၊ လက်စွပ်၊ လည်စီးအိတ်၊

လက်ကြယ်သီး၊ လည်စီးဆိုတာတွေ စုံအောင်ဝယ်ပြီးသုံးတယ်။ ကျွန်တော်တို့ နိုင်ငံခြား နာမည်တွေ မှည့်ခိုင်းတယ်။ ဒီတော့ ကျွန်တော်က ဟင်နရီဖြစ်လာတယ်။ ဧကရီက အယ်လီဇဘတ်။ ကျောင်းနေဖက်ချင်း စကားပြောရင် တရုတ်စကားထဲမှာ အင်္ဂလိပ်စကားလုံးတွေ ထည့်ပြီးသုံးတယ်။ ဟော့ဝီလီယမ်(ပုကျိအ) ဒီပဲန်ဆယ်ကို ချွန်ပြီး ဒက်စ်ထဲမှာထည့်ထား။ အာသာ(ပုကျာ)သွားပြီး လီလီ (ကျွန်တော့် တတိယ နှမ)တို့ကို ခေါ်ချေ။ ဒီ အဖတာနွန်မှာ စက်ဘင်ဆရာကြီးထိးတာ စီရားရအောင် ဆိုတာမျိုးကို ပြောလာတယ်။ ဒီလို ပြောရတာ အရသာတွေ့တယ်။ ဒါပေမယ့် ဆရာ ကျဲန်ပဝ်ရှဲ့န်က ကြားသွားတဲ့အခါ သွားနာလို့ ဝေဒနာခံရတဲ့မျက်နှာမျိုးလို သူ့မျက်နှာ ရှုံ့သွားတာ မြင်လိုက်ရတယ်။

ဂွျန်စတန် ဘာလုပ်လုပ် အကောင်းစား ပထမတန်းလို့ ထင်မိတယ်။ သူ့အင်္ကျီက ပရပ်နဲ့ရတာတောင် သင်းတယ်လို့ထင်တယ်။ သူ့ကြောင့် အနောက် တိုင်းသားဆိုတာ ဉာဏ်ပညာအတော်ဆုံး၊ အယဉ်ကျေးဆုံးလို့ ယူဆမိတယ်။ ပြီး တော့ အနောက်တိုင်းသားထဲမှာ ဂွျန်စတန်ဟာ ပညာရှိဆုံးလို့ ထင်တယ်။ သူ့ အပေါ်မှာ ကျွန်တော် ဒါလောက် ကျေနပ်နေတာတောင် သူသိမယ်မထင်ပါ။ သူဝတ်တဲ့ သက္ကလတ်ကြောင့် တရုတ်ပိုးဖဲအားလုံး ဖျင်းသွားတယ်။ သူသုံးတဲ့ ဖောင်တိန်ပင်ကြောင့် တရုတ်စုတ်တံ၊ မင်နဲ့ လက်လုပ်စက္ကူတွေကို သုံးရမှာ ရှက် လာတယ်။ အင်္ဂလိပ်စစ်တပ်က ဘင်ခရာအဖွဲ့ကိုခေါ်လာပြီး တီးစေတဲ့အချိန်ကစပြီး ရှေးထုံးစံအတိုင်းတီးတဲ့ တရုတ်သဘင်ပွဲ တူရိယာသံဟာ မခံ့ညားဘူးလို့ ယူဆခဲ့တယ်။

ဂွျန်စတန်က အမှတ်မထင် တရုတ်ကျစ်ဆံမြီးဟာ တကယ်တော့ ဝက်မြီးနဲ့ တူတယ်လို့ ပြောတာနဲ့ ကျွန်တော့်ကျစ်ဆံမြီးကို ဖြတ်ပစ်လိုက်ပါတယ်။ သမ္မတနိုင်ငံက ပြည်ထဲရေးဌာနက ၁၉၁၃ ခုနှစ်ကစပြီး မန်ကျူအောင်လံတပ်သားတွေကို ကျစ်ဆံမြီး ဖြတ်အောင် လူဝင်ခက်နန်းမြို့ကလည်း ကူညီပြောဟောပေးပါလို့ အခါအခါ တောင်းပန်ခဲ့ဖူးတယ်။ သူတို့ ရေးသားတောင်းပန်ပုံဟာ သိပ်ပြီး ယဉ်ကျေးပါတယ်။ ကျွန်တော့်ခေါင်းကနဲ့ အရာရှိကြီးခေါင်းက ကျစ်ဆံမြီးကို သူတို့လေသံနဲ့တောင် ထည့်မပြောရှာဘူး။ ဒါပေမယ့် လူဝင်ခက်နန်းမြို့ဟာ ကျစ်ဆံမြီးမြို့လို့ပဲ ခေါ်ရမယ်။ အဲဒါရှိမှ ကိုယ့်လူသူ့လူ ခွဲနိုင်မှာလို့ အကြောင်းပြပြီး မဖြတ်ကြဘူး။ အခု ဂွျန် စတန်က တစ်ခါပဲ အပြောင်အပျက် ပြောလိုက်တယ်ဆိုရင် ကျွန်တော့်ကျစ်ဆံမြီး ပြတ်သွားပါတယ်။ တရက်နှစ်ရက်တွင်းပဲ အားလုံးလိုလိုလိုက်ဖြတ်ကြတာ နောက်ဆုံး နန်းထိန်းဌာန အရာရှိကြီးတစ်ဦးနှစ်ဦးနဲ့ ဆရာသုံးယောက်ပဲ ကျစ်ဆံမြီးနဲ့ ကျန်ပါ တော့တယ်။

ကျစ်ဆံမြီးဖြတ်ပစ်လို့ မယ်တော်ကြီးတွေက ငိုတယ်။ ဆရာတွေက ရက် အတော်ကြာ မျက်နှာသုန်မှုန်ပြီး နေကြတယ်။ ပုကျိအနဲ့ ယူကျွန်င်တို့က ကေရာဇ်အမိန့် လို့ သူတို့အိမ်မှာ ပြောပြီး ဖြတ်ပစ်ကြပြန်တယ်။ ဆရာကျဲန်ပဝ်ရှဲ့န်ဟာ သိပ်စိတ်

ဆိုးပြီး နိုင်ငံခြားမိန်းမတွေ သုံးဖို့ရောင်းစားရင် မင်းတို့ပိုက်ဆံကောင်းကောင်းရမယ်လို့ သရော်ပါသေးတယ်။

နန်းထိမ်းဌာန အမှုထမ်းတွေက ဂျွန်စတန်ကို အမုန်းဆုံးပါပဲ။ နန်းတော် စရိတ်ကလည်းကြီးတယ်။ ထောက်ထား ငွဲညာရေး စာချုပ်အရ သမ္မတအစိုးရက ပေးမယ်ဆိုတဲ့ငွေလည်း ပြည့်အောင်မရဘူး။ ဒီတော့ စရိတ်ရအောင်ဆိုပြီး နန်းထိန်း ဌာနက ရှေးပစ္စည်းတွေ၊ အရုပ်ကားတွေ၊ စာလုံးလှကားချပ်တွေ၊ ငွေရွှေကြွေထည်တွေ နှစ်စဉ်ချရောင်းရတယ်။ ပေါင်ရတယ်။ ဂျွန်စတန်ဆီက ဒါကို ကျွန်တော်သိရတော့ မသက်မသာ ဖြစ်မိတယ်။ တစ်ခါက လူတစ်ရပ်ရှိတဲ့ ရွှေဘုရားကို ရောင်းဖို့လုပ်တယ်။ ရှေးပစ္စည်းလည်းဖြစ်တယ်။ လက်ရာလည်းကောင်းတယ်။ ဒါကို ထည့်မတွက်ဘဲ ရွှေချိန်ရှိသမျှပဲ အဖိုးသတ်ထားပြီးရောင်းရင် သိပ်နစ်နာတာပဲလို့ ဂျွန်စတန်က ပြောပြတယ်။ ဒါနဲ့ နန်းထိန်းဌာနက အရာရှိတစ်ယောက်ကိုခေါ်ပြီး ဘယ်လိုပုံစံနဲ့ ရောင်းမလဲမေးတော့ ရွှေချိန်အတိုင်း ရောင်းမယ်လို့ ပြောတာနဲ့ တစ်ပြိုင်နက် ကျွန်တော်က ဆူပူကြိမ်းမောင်းမိပါတယ်။ နန်းထိန်းဌာနက သူတို့စားနေကျ စား ကျက်ကို ဂျွန်စတန် ဖျက်ဆီးတယ်လို့ ငြိုးကြတယ်။ ဘုရားကို အဖိုးမနာအောင် ရောင်းပေးပါလို့ ဂျွန်စတန်အိမ်ကို ပို့ကြတယ်။ ဂျွန်စတန်ကလည်း ဧကရာဇ်က ခိုင်းတာမဟုတ်ဘူး။ သူတို့ ငါ့ကို သက်သက် စမ်းတာနဲ့တစ်ပြိုင်နက် ဘုရားကို ပြန်ထမ်းသွားကြပြီးနောက် မနှောင့်ယှက်တော့ပါ။

ယူကျိန်မှာ နောက်ဆုံးစာသင်ရတဲ့ နှစ်ရောက်လာတဲ့အခါမှာ ဂျွန်စတန်ဟာ ကျွန်တော့်ခန္ဓာ နာမ်ရုပ်ရဲ့ တစ်စိတ်တစ်ပိုင်းလို ဖြစ်လာတယ်လို့တောင် ကျွန်တော် ထင်မိတယ်။ စာသင်ရိုးကိုထားပြီး အကြောင်းကိစ္စတွေ ပြောကြဆွေးနွေးကြတယ်။ ဆွေးနွေးစရာကလည်း နယ်ကျယ်ကျယ်လာတယ်။ အင်္ဂလိပ်မဟာမျိုးနေပုံထိုင်ပုံကို ပြောပြတယ်။ နိုင်ငံအသီးသီးက နိုင်ငံရေးကို ပြောပြတယ်။ စစ်ကြီးပြီးတဲ့အခါ ဘယ်နိုင်ငံက ဘယ်လောက် အင်အားရှိသေးတယ်လို့ ရှင်းပြတယ်။ ကမ္ဘာအရပ်ရပ်က လူတွေရဲ့ အလေ့အထတွေကို ဆွေးနွေးတယ်။ နေမဝင်တဲ့ အင်္ဂလိပ်အင်ပိုင်ယာ ဆိုတာ ဘာ့ကြောင့်လို့ နားလည်အောင်ပြောတယ်။ တရုတ်ပြည်တွင်းစစ်ကို ဝေဖန် ပြတယ်။ တိုင်းရင်းသားစကားနဲ့ စာရေးနည်း အရေးတော်ပုံ (၁၉၁၉ မေလ ၄ ရက် လှုပ်ရှားမှုကို သူက ဒီလိုပဲခေါ်တယ်) အကြောင်း ဆွေးနွေးတယ်။ အနောက်တိုင်း ယဉ်ကျေးမှုနဲ့ ဘယ်လောက် ဆက်စပ်တယ်ဆိုတာလည်း တင်ပြတယ်။ ကျွန်တော့်ကို ထီးနန်းပြန်အပ်ဖို့ အရေးဟာ ဘယ်လောက် နီးစပ်တယ်ဆိုတာလည်း စိစစ်ပြတယ်။ စစ်ဘုရင်တွေကို မယုံကြည်ရကြောင်းကိုလည်း ထင်ရှားအောင်ရှင်းပြတယ်။

ဒီသတင်းစာတွေထဲမှာ စကားကို ထောက်ကြည့်ရင် တရုတ်ပြည်သူဟာ မဟာကျိန်ကိုပဲ ပြန်ပြီးတမ်းတနေပြီ။ သမ္မတနိုင်ငံအစိုးရကို ငြီးငွေ့တာအမှန်ပဲ။ စစ်ဘက်ကလူတွေအတွက် ဘာမှမစိုးရိမ်နေနဲ့။ သူတို့သဘောထား ဘယ်လိုရှိမလဲဆိုတာ

လည်း အချိန်ကုန်ခံပြီး စုံစမ်းမနေနဲ့။ သူတို့မင်းကို ထောက်ခံတာ ဘာ့ကြောင့်၊ သမ္မတကို လိုချင်တာ ဘာကြောင့်ဆိုပြီးလည်း ဝေဖန်မနေနဲ့။ ဆရာကျဲန်ပြောတဲ့ အတိုင်းသာ ကိုယ်တော်ကြီးက နေ့စဉ်ကိုယ်တော်ကြီးဟာ တော်လာဖို့ ကြိုးစားပါ။ ဒီလူဝင်ခက်နန်းမြို့ရဲ့ အပြင်ကိုထွက်ပြီး လေ့လာပါ။ ဒီနိုင်ငံကထွက်ပြီး လေ့လာပါ။ ဥပမာ အင်္ဂလန်က အောက်စဖို့ဒ်တက္ကသိုလ်ကို သွားကြည့်ပါလို့ ပွန်စတန်က ပြောပြပါတယ်။

အင်္ဂလန်မှာ စာသင်ဖို့ စိတ်ကူးမရခင်ကပဲ အမြင်ကျယ်ဖို့ စိတ်ကူးတော့ရပြီး ပါပြီ။ သူကလည်း ဟောင်ကောင်ကိုသွားပြီး အင်္ဂလိပ်ရေကြောင်း မိုလ်ချုပ်တွေ ဘုရင်ခံတွေကို ခေါ်လာပြီး မိတ်ဆက်ပေးပါတယ်။ အားလုံးကပဲ ကျွန်တော့်ကို လေးလေးစားစား ဆက်ခံကြပါတယ်။

ကျွန်တော်ဟာ ဥရောပအလေ့အထကို သိပ်အထင်ကြီးပြီး သူ့ကို လိုက်တု နေတာကို ပွန်စတန်က သိပ်သဘောမတူပါ။ သူနဲ့ကျွန်တော်ဟာ အဝတ်ဝတ်တာ နဲ့ပတ်သက်ပြီး သဘောအကွဲဆုံးပါပဲ။ ကျွန်တော့် လက်ထပ်ပွဲနေ့က နိုင်ငံခြား ဧည့်သည်တွေကို ဧည့်ခံပြီး သူတို့ဆုတောင်းသလို လိုက်ပြီး ဆုတောင်းအရက် သောက်ပါတယ်။ စိတ်ငြိမ်နန်းကို ပြန်ရောက်တော့ နဂါးဝတ်ရုံကြီး ချွတ်လိုက်ပြီး အနောက်တိုင်း ဘောင်းဘီနဲ့ ကက်ဆောင်းနေလိုက်တယ်။ သူက မမျှော်လင့်ဘဲ မိတ်ဆွေတချို့နဲ့ ဟိုဘက်လျှောက်လာပြန်တယ်။ မျက်စိရှင်တဲ့ အနောက်တိုင်းသူတစ် ဦးက ကျွန်တော့်ကို ဝရန်တာမှာမြင်လို့ ဟိုဟာ ဘယ်သူလဲလို့ မေးပါတယ်။ အဲဒီအခါမှာ ပွန်စတန်ဟာ မျက်နှာအကြီးအကျယ်ပျက်နေပါပြီ။ ဧည့်သည်တွေ ပြန်သွားတော့ ပွန်စတန်က ကိုယ်တော်ကြီး ဒါက ဘာလုပ်တာလဲ။ ဘုရား၊ ဘုရား တရုတ်ဧကရာဇ်က အမဲလိုက်ကက်ဆောင်းလို့ . . .

## ကျွန်တော်လက်ထပ်တုန်းက

မယ်တော်ကြီးတွေက လက်ထပ်ပွဲကြီး ကျင်းပချိန်တန်ပြီလို့ မင်းသားတွေက တစ်ဆင့်ပြောခိုင်းတယ်။ ဒါမှ အရွယ်ရောက်ကြောင်း ထင်ရှားမယ်။ ထိန်းသိမ်းမယ့် လူရှိမယ်တဲ့။ မိန်းမ မယူရင် အရွယ်ဘယ်တော့မှ မရောက်ဘဲ ကလေးလို ပြစ်စ လက်ခတ် နေသွားတော့မယ့်အတိုင်းပဲ။

အဲဒီကိစ္စကို အရေးအကြီးဆုံးထားပြီး ပြောကြတာကတော့ အဘွားကြီးတွေပဲ။ ကျွန်တော် တစ်ဆယ့်ငါးနှစ်ပြည့်တဲ့ ၁၉၂၁ ခုနှစ်ဦးက မယ်တော်ကြီးတွေက အဖေကိုခေါ် ပြီး အလီလီ ဆွေးနွေးတယ်။ ပြီးမှ မင်းသားဆယ်ပါးလောက်ခေါ်ပြီး တိုင်ပင်ကြ ပြန်တယ်။ နောက်နှစ်နှစ်လောက်ကြာတော့ လက်ထပ်ပွဲ ကျင်းပရတာပါပဲ။ ဘာပြုလို့ ဒါလောက် အချိန်ကြာသွားရတာလဲဆိုတာကိုတော့ ရှင်းပြမှပဲ သိကြရမှာပဲ။ ပထမ

အချက်ကတော့ ပထမမယ်တော်ကြီး ကျူအန်ုင်ဟော သေဆုံးတာရယ်၊ အမေစစ် သေဆုံးတာရယ်၊ အဲဒါတွေနဲ့ နီးလွန်းလို့ မဖြစ်ဘူးဆိုပြီး ရက်ရွှေ့ရတယ်။ နောက်တစ်မျိုးကတော့ နိုင်ငံရေးအခြေအနေ မတည်ငြိမ်သေးလို့ စောင့်ဆိုင်းရပြန်တယ် ဆိုပါတော့။ နောက်တစ်မျိုးကတော့ သမီးပေးချင်ကြတဲ့ သူသူငါငါများပြီး ရန်ဖြစ်နေကြလို့ပဲ ဆိုပါတော့။ မယ်တော်ကြီးတွေဖြစ်တဲ့ တုအင်ကန်င်နဲ့ ကျိန်ငယ်တို့က သူတို့ဩဇာခံမယ့် မိန်းကလေးကို ရှာနေကြတယ်။ အဲဒါက သိပ်အရေးကြီးတယ်။ တစ်ယောက်က ဘယ်သူဖြင့် ကြိုက်တယ်လို့ တင်ပြလိုက်ရင် တစ်ယောက်က အပြစ်ရှာပြီး နောက်တစ်ယောက် တင်တယ်။ ဘယ်ဘက်ကမှ လျှော့မပေးဘူး။ ကျွန်တော့်ဦးလေး မင်းသားတွေကလည်း ဒီလိုစိတ်ကူးတွေနဲ့ပဲ တစ်ဘက်စီ ထောက်ခံကြတယ်။ အဲဒီတော့ သူတို့ ဆုံးဖြတ်လို့မရနိုင်တဲ့ ပြဿနာဖြစ်သွားတယ်။

ဒီအခါကျမှ ကေရာဇ်ကိုယ်တိုင်ရွေးဖို့ အခွင့်ဆိုက်လာတော့တယ်။ အရင်တုန်င်ကျိနဲ့ ကူအန်ုင်ယှုတို့ လက်ထက်တုန်းကတော့ မယားလောင်းတွေက တန်းစီပြီးပြတယ်။ လင်လောင်းက လှည့်ပတ်ကြည့်ပြီး ရွေးတယ်။ လိုချင်တာတွေ့တော့ လင်လောင်းက ဘယ်လိုပြသလဲဆိုတာမှာ ဝတ္ထုမျိုးကွဲနှစ်မျိုး ကြားဖူးတယ်။ တစ်မျိုးက သူကျေနပ်တဲ့ကလေးမကို ကျောက်စိမ်းပုံစံတစ်ခု လှမ်းပေးတယ်လို့ ဆိုတယ်။ တစ်မျိုးကတော့ ကလေးမ ခါးပတ်တွင်းမှာ အိတ်ကလေးတစ်ခု သွားဆွဲလိုက်တယ်တဲ့။ ကျွန်တော့်အလှည့်ကတော့ ကလေးမတွေလာပြီးတန်းစီရတာ မသင့်ပါဘူးလို့ မင်းသားတွေက ကန့်ကွက်တယ်။ ဓာတ်ပုံတွေကြည့်ပြီး ကြိုက်တာကို ခဲနဲ့ မှတ်သားလိုက်ပါတဲ့။

စိတ်ငြိမ်နန်းကို ဓာတ်ပုံလေးပုံ ရောက်လာတယ်။ အားလုံး တစ်ပုံစံတည်းပဲ။ ပြည့်ဖြိုးကျော့ရှင်းတဲ့ဟန်မပါ။ ဝါးလုံးကို စက္ကူကပ်ထားပြီး ဆေးရေးထားသလိုပဲ။ မျက်နှာကလေးတွေကလည်း သေးတယ်။ လှမလှ အသေအချာကြည့်သာအောင် ပုံကြီးချဲ့မပေးထားဘူး။ အဝတ်အစား ကွဲတာလောက်ပဲ သိသာအောင်မြင်ရတယ်။ ဒီကိစ္စဟာ ငါ့တစ်သက်အတွက် သိပ်အရေးကြီးပါကလားလို့ ဟိုတုန်းက မသိဘူးပေါ့။ ပြီးတော့ ရွေးချယ်ဖို့ ဘာတို့ စံထားရမယ်ဆိုတာလည်း မသိဘူး။ ကျွန်တော်က သိပ်မစဉ်းစားလည်း အလှဆုံးထင်တဲ့ပုံကို ခဲနဲ့ဝိုင်းပြီး ပုံတွေကို ပြန်ပို့လိုက်တယ်။

အဲဒီလို အရွေးခံရသူက မန်ကျူးဩဒက်အမျိုးက တွအန်ကုနင်ရဲ့သမီး ဝင်ယှိ(ဟွေ့ယုင်လို့လဲခေါ်တယ်)တဲ့။ ကျွန်တော့်ထက် သုံးနှစ်ငယ်တယ်ဆိုတော့ ဓာတ်ပုံထဲက ရုပ်ဟာ တစ်ဆယ့်နှစ်နှစ်သမီးရုပ်ပုံပဲ ဖြစ်တယ်။ ဒီကလေးမကို မယ်တော်ကြီး ကျိန်ငယ်က သဘောကျပြီဆိုတော့ မယ်တော်ကြီး တွအန်ကန်င်က ကန့်ကွက်ပါရော။ ဟိုပြောဒီပြောနဲ့ ထပ်ရွေးပါဦးဖြစ်ရော။ ကျွန်တော်ကလည်း ဒီလောက်ရုပ်မယ်မှန်းအစက မသိဘူးပေါ့။ အခုလည်း သိပ်နားမလည်သေးဘူး။ တွအန်ကန်င်က လှတယ်။ အမျိုးမြတ်တယ်၊ ချမ်းသာတယ်ဆိုတဲ့ ဝန်ရှန်ရဲ့ပုံကို ခဲနဲ့ဝိုင်းလိုက်ပြန်တယ်။ ထပ်ငြင်းကြပြန်တယ်။ ပထမမိန်းကလေးဟာ ကေရာဇ်က ရွေးပြီးပြီမို့

နောက်ထပ်တစ်ယောက်ကို ပြင်ပြီး ရွေးတယ်ပဲထား ဒီလို အရွေးခံရသူကို သာမန် ယောကျာ်းနဲ့တော့ ပေးစားဖို့ မသင့်ဘူး။ မိဖုရားငယ်အဖြစ်နဲ့ပဲ ဧကရာဇ်နဲ့ ပေးစားပါ လို့ ဆိုလာကြတယ်။ မယားတစ်ယောက်တောင် လိုမယ်လို့ ကျွန်တော်မထင်ပါဘူး။ မယားနှစ်ယောက်ဆိုရင် သာပြီး မလိုချင်သေးတယ် ပြောပေမယ့် မရပါ။ ရှေးထုံးစံဆိုရင် ဧကရီရယ် မိဖုရားရယ်ဆိုပြီး နှစ်ယောက်တော့ ရှိပါတယ်ဆိုတော့ ငြင်းမရပြန်ဘူး။

ဒီလို ခပ်လွယ်လွယ်ရွေးတာတောင် တစ်နှစ်ကြာတယ်။ ရွေးပြီး ကျိုလီ–ဖုံန်တိအင် အားပြိုင်နေကြလို့ လက်ထပ်ပွဲကို ၁၉၂၂ ခုအထိ ရွှေ့လိုက်ရပြန်တယ်။ ယုရှီကျန်ႈ အာဏာကျပြီး ဖြစ်သွားတော့ လက်ထပ်ပွဲ သိပ်ကြီးကျယ်ရင် မကောင်းတော့ ဘူးလို့ ပြောပေမယ့်လည်း အစီအမံတွေက လုပ်ပြီးသားမို့ ရပ်မရပြန်ဘူး။ နောက် တစ်ကြိမ် သမ္မတဖြစ်လာတဲ့ လီယူအယ် ဟုန်ကိုတယ်ပြီး စိတ်မချရဘူး။ သိပ်ခမ်းနား လွန်းအားကြီးရင် နှောင့်ယှက်မှာစိုးရတယ်။ တကယ်လက်တွေ့ကျတော့ လီကူညီတာက မျှော်လင့်ထားတာထက်တောင် ပိုနေသေးတယ်။ ယုရှီကျန်ႈဆီက မျှော်လင့်ထားတာ ထက်လည်း မလျော့ပါဘူး။ သမ္မတအစိုးရ ဘဏ္ဍာရေးဌာနက အင်မတန် နှိမ်ကျတဲ့ အသုံးအနှုန်းတွေနဲ့ နန်းထိန်းဌာနကို စာနဲ့အကြောင်းကြားတာမှာ သူတို့ အခုလောလော ဆယ် ငွေရေးအခက်ရှိနေလို့ ထောက်ထားငဲ့ညှာရေးစာချုပ်အတိုင်း ပေးထိုက်တဲ့ငွေကို အပြည့်မပေးနိုင်ပေမယ့် အခွန်တော်ထဲက ဖဲ့ပြီး အခု ဒေါ်လာ တစ်သိန်းပို့လိုက်ပါတယ်။ ပွဲသဘင်မှာ စောင့်ရှောက်ထိန်းသိမ်းပေးဖို့ ရဲအကူ၊ စစ်သည်အကူ ပေးပါတယ် ဆိုပြီးတော့လည်း လူတွေ ရာပေါင်းများစွာပါဝင်ရတဲ့ စောင့်ရှောက်ရေး အစီအစဉ်များ ကို လုပ်ပါတယ်။

မယ်တော်ကြီးတွေရဲ့ အဝတ်လဲနန်းကို ဝင်တဲ့အချိန်ကစပြီး တိမ်မဲ့ ကောင်းကင်နန်းမှာ ကျွန်တော့်ကိုလာပြီး ဝမ်းသာစကား ပြောတဲ့အချိန်ထိ လက်ထပ် ပွဲဟာ ငါးရက်ကြာပါတယ်။ ပွဲသဘင်သုံးရက်ခံတယ်။ ဘွဲ့အမည်သစ်တွေပေးအပ်တဲ့ အခမ်းအနားလည်း ပါတယ်။

ဝင့်ဝါလွန်းတဲ့ အစီအစဉ်တွေကြောင့် ပြည်သူလူထုက စိတ်ဆိုးတယ်။ ကျိန်ႈင်နန်းသုံးသဘင်ပွဲ အခမ်းအနား စာတန်းသင်္ကေတဆွဲစရာ ဆောင်စရာ ဖြန့်စရာ တွေကို ပီကင်းတစ်မြို့လုံး လမ်းစဉ်လျှောက်ပြီး ဆွဲဖြန့်သွားတယ်။ စစ်ဖက်ရဲဖက်က လူတွေ အများကြီး လိုက်ပြီးစောင့်ရှောက်ရတယ်။ လက်ထပ်တဲ့နေ့စစ်စစ်ကျတော့ ကျိန်ႈင်နန်းသုံးဝတ်ရုံနဲ့ မင်းသားနှစ်ပါးက ရာထူးနှင့် တန်ကိုင်ပြီး မြင်းနဲ့ဦးဆောင်တယ်။ သမ္မတနိုင်ငံ စစ်တပ်နှစ်တပ်ရဲ့ စစ်တီးဝိုင်းက နောက်ကလိုက်ရတယ်။ သူတို့နောက် က မြင်းတပ်တွေနဲ့အတူ နောက်ထပ်တီးဝိုင်းတွေပါသေးတယ်။ ပြီးတော့မှ နဂါးနဲ့ မသေငှက်ရုပ်ခုနစ်ဆယ့်နှစ်ရုပ် တံခွန်တွေ အလံတွေ အဝါမဏ္ဍပ်တွေ (ဧကရီ အသစ်ရဲ့တံဆိပ်နဲ့ အဝတ်တွေ လွှားဖြန့်လို့) ပါရတယ်။ နန်းသုံး မီးပုန်းသုံးဆယ်က နောက်ဆုံးပိတ်ရတယ်။ အဲဒီလောက်ကြီးကျယ်တဲ့ လူတန်းဟာ ဧကရီအိမ်တော်

အရောက်သွားရတယ်။ ဟိုမှာ မီးတွေ ထိန်ထိန်ထွန်းပြီး ရဲတပ်စစ်တပ်အစောင့်တွေနဲ့ ကေရီရဲ့ အဖေနဲ့မောင်တွေက မြေမှာဝပ်တွားပြီး ကေရာဇ်ရဲ့အမိန့်တော်ကို သံတမန် နှစ်ဦးထံက နာခံဖို့ စောင့်နေကြတယ်။

သမ္မတအစိုးရဘက်က ထင်ရှားသူတွေ ပို့တဲ့လက်ဆောင်ပစ္စည်း အဖိုးထိုက် အဖိုးတန်အများကြီးကိုလည်း ပြည်သူတွေ သတိထားမိကြမှာပဲ ဖြစ်ပါတယ်။ ကပ်ပြား အနီမှာ တရုတ်သမ္မတလီယွန်ဟုန်က ကေရာဇ်ယုအန်တုန်ထံသို့ ပို့ဆက်သည့် ကန်တော့လက်ဆောင်တော်များလို့ ရေးထားပြီး လက်ဆောင်များကတော့ ကဲလွာ ဇေနာလေးဘူး၊ ပိုးဖဲနှစ်မျိုး၊ ကန့်လန့်ကာတစ်ခု၊ အသက်ရှည်စေကြောင်း စီးပွားဥစ္စာ ဖြစ်ထွန်းစေကြောင်း ဆုတောင်းစာပါသည့် ပိုးလိပ်များဖြစ်ပါတယ်။ သမ္မတဟောင်း ယှုရှီကျန်က ဒေါ်လာနှစ်သောင်းအပြင် အဖိုးတန်တွေ အများကြီး ပို့တဲ့အထဲမှာ ကြွေထည်နှစ်ဆယ့်ရှစ်မျိုးနဲ့ သိပ်ကြီးတဲ့ နဂါးနဲ့ မသေငှက်ရုပ်ပါ တရုတ်ကော်ဇောကြီး လည်း ပါတယ်။ ကျန်င်ကျော့လင်၊ ဝုပေ့ဖူ၊ ကျန်င်ယုန်၊ လျောင်ကုန်နဲ့ တခြား စစ်ဘုရင်၊ နိုင်ငံရေးခေါင်းဆောင်တွေက ငွေရောပစ္စည်းရော လက်ဆောင် အမြောက် အများ ပို့ကြသေးတယ်။

လက်ထပ်ပွဲမှာ သမ္မတအစိုးရကိုယ်စားလှယ်ကတော့ သမ္မတရဲ့ ကိုယ်ရံ တော်ကြီး ယိင်ကျိနင်ဖြစ်ပါတယ်။ သူက နိုင်ငံခြား မင်းတစ်ပါးကို ဆက်ဆံသလို ကျွန်တော့်ကိုလည်း ပြောဆိုနှုတ်ဆက်ပြီး ဝမ်းသာစကားပြောပါတယ်။ ဦးညွှတ်လိုက်ပြီး "ဒါက သမ္မတနိုင်ငံအတွက်ပါ။ ပြီးတော့ ကိုယ်တော်ကြီးရဲ့ ကျေးတော်မျိုး ကျွန် တော်မျိုးအနေနဲ့တော့ ခြေတော်အစုံကို ဦးတိုက်ပါတယ်" ဆိုပြီး ဒူးတုပ်ဝပ်စင်းလိုက် ပါတယ်။

သတင်းစာတွေက ဒီမင်္ဂလာဆောင်ကို ပြင်းပြင်းထန်ထန် ဝေဖန်ကြပါ တယ်။ ဒါပေမယ့် မင်းသားတွေ အရာရှိကြီးတွေရဲ့ စိတ်အားထက်သန်မှုကို ရပ်စဲ သွားအောင် မတတ်နိုင်ပါဘူး။ ကျိန်င်အမှုထမ်းဟောင်းတွေဟာ ပုရွက်တွင်းက ထွက်သလို တရုတ်တစ်နိုင်ငံလုံးက ထွက်လာကြပြီး ပီကင်းကို ဆိုက်ရောက်လာကြ ပါတယ်။ ရွှေငွေနဲ့ ရှေးဟောင်းပစ္စည်းတွေ အပါအဝင် လက်ဆောင်တွေ ပါလာ ကြတယ်။ လူကြုံပါးပစ္စည်းလည်း ပါတတ်သေးတယ်။ လက်ဆောင်ကို အရေးမကြီး ဘူးထားပါ။ မင်းနဲ့ နန်းတော်အပေါ်မှာ လေးစားကြသေးတယ်ဆိုတဲ့ အချက်က ကျေနပ်စရာ သိပ်ကောင်းနေတယ်။ ဒါလောက် ဂရုပြုကြလိမ့်မယ်လို့တောင် မမျှော်လင့်မိဘူး။ ဒီတော့ ရှေ့မျှော်လင့်ချက်အနေနဲ့လည်း ကောင်းတယ်လို့ ဆိုရမယ်။

မယ်တော်ကြီးတွေ၊ မင်းသားတွေ၊ အရာရှိကြီးတွေအဖို့ အကျေနပ်ဆုံး အချက်ကတော့ နိုင်ငံခြား သံရုံးဧည့်သည်တွေ စုံစုံလာတာပဲ ဖြစ်ပါတယ်။ ၁၉၁၁ တော်လှန်ရေးပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံခြားအရာရှိတွေ လူဝင်ခက်နန်းမြို့တွင်းဝင်လာ ကြတာ ဒီတစ်ကြိမ် ပထမဆုံးပါပဲ။ သူတို့ဟာသူတို့ နိုင်ငံတွေရဲ့ ကိုယ်စားလှယ်အနေ

နဲ့မဟုတ်ဘဲ တစ်ဦးချင်းအသိမိတ်ဆွေအနေနဲ့ လက်ထပ်ပွဲကို တက်ပါတယ်။ ဒါပေမယ့်လည်း သူတို့ဟာ သံတမန်တွေပါပဲ။

ဌာနစတန်က အကြံပေးတာနဲ့ နိုင်ငံခြားသားတွေအတွက် ညစာစားပွဲ သပ်သပ်လုပ်ပြီး ကျွန်တော်က အင်္ဂလိပ်လို ရေးထားနဲ့ ညစာစားကားတိုတိုကို ဖတ်ပါတယ်။

အဲဒီလို ဆူဆူညံညံ အုတ်အုတ်ကြက်ကြက် သဘင်အချိန်တွင်းမှာလည်း ကျွန်တော် ဒီလိုတွေးမိပါတယ်။ ငါ့မှာ အခု ကေရီနဲ့ မိဖုရားရပြီ။ ဒါပေမယ့် ရှေးရှေး က အနေအထားနဲ့ ဘယ်လိုမှုကွဲမလဲ။ ဒီလိုတွေးမိပြီးနောက် အဖြေပေါ်တာကတော့ ငါအရွယ်ရောက်ပြီ။ တော်လှန်ရေးသာမပေါ်ခဲ့ရင် ငါဟာ ခုနေကစပြီး ရင်ခွင်ပိုက်အဖွဲ့မပါဘဲ ကိုယ်ပိုင်ကိုယ်ဆိုင် စိုးမိုးအုပ်ချုပ်နိုင်ပြီလို့ ဖြစ်ပါတယ်။

မယားတွေနဲ့ ကိုယ်တိုင်ဦးစီး ထူထောင်ရမယ့် အိမ်ထောင်ပြဿနာကို ကျွန်တော် တွေးတော ကြံဆမနေမိပါ။ နဂါးရုပ်ကို ပန်းထိုးထားတဲ့ ဖဲအင်္ကျီအနီနဲ့ မသေငှက်ရုပ်ပုံဆင်ထားတဲ့ ခေါင်းဆောင်းဆောင်းပြီး မျက်စိရှေ့ရောက်လာတော့မှပဲ ငါ့မယားဖြစ်မယ့် မိန်းမဟာ ဒီပုံစံပါလားလို့ နည်းနည်းဂရုပြုမိတယ်။

နန်းဓလေ့အတိုင်းဆိုရင် ကေရာဇ်နဲ့ ကေရီဟာ လက်ထပ်ပြီးတဲ့ညမှာ ကုန်နိုင်ကုန်င်ဆိုတဲ့ ကမ္ဘာမြေပြင်ငြိမ်းချမ်းရေးနန်းက အခန်းကြီးထဲမှာ နေရတယ်။ အခန်းက ကြီးလွန်းပြီး အခန်းလေးပုံတစ်ပုံလောက်ရှိတဲ့ အိပ်စင်ရှိတယ်။ တခြားပရိဘောဂ မရှိဘူး။ ကျမ်းပြင်ကလွဲလို့ အားလုံးအနီရောင်။ ကျွန်တော်တို့ လက်ထပ်ထုံးစံအရက်အတူသောက်ပြီး သားမြေးမုန့်ဆိုတာကို လက်ဆုံစားပြီး ဒီအခန်းကြီးထဲဝင်ရတာ စိတ်ထဲမှာ မသက်သာဘူး။ တင်းကြပ်လာတယ်။ ဘယ်ကြည့်ကြည့် အနီ၊ အနီဇာ၊ အနီခေါင်းအုံး၊ အနီအင်္ကျီ၊ ပြီးတော့ ပန်းအနီ၊ မျက်နှာအနီ . . . နေနေကျ စိတ်ငြိမ်နန်းကို ပြန်လာခဲ့တယ်။

စိတ်ငြိမ်နန်းရောက်တော့ နံရံမှာချိတ်ထားတဲ့ ယုအုန်တုနင် လက်ထက် အရာရှိကြီးတွေရဲ့ စာရင်းကိုဖတ်ကြည့်နေမိတယ်။ အခုလို ငါ အရွယ်ရောက်ပြီဆိုတော့ ကော ဘာထူးသလဲ။ တိုင်းပြည်အုပ်ချုပ်ရေးပြဿနာပဲ ခေါင်းထဲမှာရှိတယ်။ လင်စုံမယားဖက်နေရမယ့် အခန်းနီကြီးထဲမှာ တစ်ယောက်တည်း ပစ်ထားခံရတဲ့ ဝန်ရုန်င်ဘယ်လိုနေရှာမလဲ။အသက်တစ်ဆယ့်လေးနှစ်မပြည့်သေးတဲ့ဝင်ယို့က ဘယ်လိုတွေးနေမလဲ။ အဲဒါတွေကို လုံးလုံး သတိမရဘူး။တော်လှန်ရေးသာမရှိခဲ့ရင်ကနေ့ငါဟာအာဏာကုန်သုံးနိုင်တဲ့ ကေရာဇ်ဖြစ်ပြီ၊ ငါ့ထီးမွေအရိုက်အရာကို ပြန်ရအောင်လုပ်ရမယ်။

## အချင်းချင်းဖြစ်တဲ့ ရန်ပွဲတွေ

ဌာနစတန်ရောက်လာပြီးမှ မင်းသားနဲ့ သင်းကွပ်တွေအဖို့ ကျွန်တော်ဟာ ဆက်ဆံရခက်တဲ့ ကေရာဇ်ဖြစ်လာပါတယ်။ ကျွန်တော်လက်ထပ်တဲ့အချိန်ပိုင်း

ရောက်တော့ ကျွန်တော့်အပြုအမူတွေဟာ ဆန်းသထက်ဆန်းလာလို့ သူတို့မှာ အနေ ကြပ်သထက် ကြပ်လာတယ်လို့ ယူဆကြတယ်။ တစ်ရက်မှာ နန်းထိန်းဌာနကို ကျွန်တော်က ဒေါ်လာ ၃၀၀၀၀ တန်စိန်တစ်လုံးဝယ်ခိုင်းတယ်။ နောက်တစ်ရက်မှာ ငွေဝင်ငွေထွက်မျှအောင် မသုံးစွဲကောင်းလားလို့ ကြိမ်းတယ်၊ မရိုးသားဘူး၊ လာဘ် ယူတယ်၊ ဖြုန်းတီးတယ်လို့ စွပ်စွဲတယ်။ မနက်ပိုင်းမှာ တာဝန်ခံအရာရှိကြီးတွေကို ခေါ်ပြီး ရှေးပစ္စည်းစုကို စစ်ဆေးပြီး အစီရင်ခံစာ ညနေပေးလို့ တောင်းတယ်။ နေ့ လယ်မှာ ပိကင်းအပြင်ကို အလည်ထွက်ဖို့ ကားအစီစဉ်ခိုင်းတယ်။ ထုံးစံအဆောင် အယောင်နဲ့ သွားလာရတာကို မကြိုက်လို့ ရွှေမိုးပါတဲ့ ထမ်းစင်အဝါကိုတောင်မစီးဘဲ နေတယ်။ စက်ဘီးစီးတဲ့အခါမှာ အတားအဆီးဖြစ်တယ်ထင်ပြီး ရှေးရှေးပဝေသဏီ ကပဲ အဝင်အထွက်တွေမှာ လုပအောင် အစွန်းအမြိတ် လုပ်ထားတာတွေကို လွှ တိုက်ပြီး ဖြတ်ပစ်ခိုင်းတယ်။ ပြစ်မှုသေးသေးလောက်နဲ့ပဲ သင်းကွပ်တွေကို သစ္စာမရှိဘူး။ စွပ်စွဲပြီး အုပ်ချုပ်ရေးရုံးကို ပို့ပြီး ကြိမ်ဒဏ်ပေးခိုင်းတယ်။ အလုပ်ဖြုတ်ပြီး နှင်ပစ် ခိုင်းမှာယ်။ မင်းသားနဲ့ အရာရှိကြီးတွေရဲ့ စိတ်ထဲမှာ အနေခက်ဆုံးကိစ္စက နန်းတော် ပြုပြင်ရေးလုပ်တယ်။ ငွေစာရင်းစစ်မယ် တစ်ဖက်ကပြောပြီး တစ်ဖက်က နိုင်ငံခြားကို စာသင်သွားမယ် ပြောတာပဲဖြစ်တယ်။ တစ်နေ့ တုန်အောင်ကြောက်ရွံ့ပြီး စိတ်မချမ်း မသာဖြစ်ရလို့ ကျစ်ဆံမြီးတွေတောင် ဖြူကုန်ပြီလို့ ဆိုလိုတယ်။

နိုင်ငံခြားကို စာသင်သွားဖို့ကိစ္စကို အရာရှိတွေဟာ ကျွန်တော့်အရင် ကြို ပြီး စဉ်းစားပြီးသားပါပဲ။ ဒါ့ကြောင့်လည်း အသင့်ဖြစ်အောင်လို့ ဂျွန်စတန်ကို ဆရာအဖြစ် ခေါ်ယူခဲ့တယ်လို့ သိရပါတယ်။ လက်ထပ်ပွဲပြီးတော့ ဒီစိတ်ကူးဖြစ် မြောက်ဖို့ ကျိုန်ငအရာရှိကြီးတွေရဲ့ သွင်းစာတွေရပါတယ်။ ဒါပေမယ့် ကျွန်တော် ကိုယ်တိုင်က ဒီကိစ္စကို မပြောရင် သူတို့က အကြောင်းအမျိုးမျိုးပြပြီး ဖျက်ကြပြန် တယ်။ သူတို့ပြလေ့ရှိတဲ့အကြောင်းကတော့ ဒီလိုထွက်သွားရင် ထောက်ထားငဲ့ညှာရေး စာချုပ်နဲ့ မညီလို့ အဲဒီစာချုပ်ကို သမ္မတအစိုးရက စမဖျက်ဘဲနဲ့ ကိုယ်က ဖျက်ရာ ရောက်မယ်တဲ့။

ကျွန်တော် နိုင်ငံခြားသွားချင်တာကို ကြိုက်လို့ပဲဖြစ်ဖြစ် မကြိုက်လို့ပဲ ဖြစ်ဖြစ်၊ ကျွန်တော် ဧကရာဇ်အစစ်ပြန်ဖြစ်တာကို လိုလားလို့ပဲဖြစ်ဖြစ်၊ မမျှော်လင့်လို့ ပဲဖြစ်ဖြစ်၊ ဒီစာချုပ်ကိုတော့ သူတို့ဆက်ပြီး အားကိုးနေချင်သေးတယ်။ စာချုပ်မှာ နှစ်စဉ် ငွေတော် ဒေါ်လာလေးသန်းပေးမယ်ဆိုတာက တကယ်ရတာမဟုတ်ဘူး။ ဒါပေမယ့် ဧကရာဇ်အဆောင်အယောင်ကိုဆက်ပြီး သုံးပါဆိုတဲ့အချက်ကတော့ မပျက်ဘူး။ ဒီခွင့်ပြုချက်ကို ဆက်ပြီး လေးစားရက်ပဲ။ အဲဒီအချက်က နန်းပြန်ရရေး အတွက် မျှော်လင့်ချက်ပေးနေသေးတယ်။ ဒါ့အပြင် သူတို့အလုပ်မပြုတ်ဘဲ စားသောက် နေရသေးတယ် မဟုတ်လား။ သေရင် ဘွဲ့တွေရဦးမယ်။ အခုကတည်းက သချိုင်းစာကို ရေးထားလို့ ရတယ်ဆိုတဲ့ အခွင့်အရေးနဲ့ ဂုဏ်ကလည်း ရှိသေးတယ်။

ဒီနေရာမှာ သူတို့နဲ့ကျွန်တော် သဘောကွဲလွဲပြန်တယ်။ ကျွန်တော့်အမြင်က ဒီစာချုပ်ကို အမြဲဆက်ပြီး အချိန်အကြာကြီး လေးစားမှာမဟုတ်ဘူး။ ကျွန်တော့်အခြေအနေဟာ ဖြုန်းခနဲ ပျက်စီးသွားဖို့ လွယ်လွယ်ကလေးရယ်ဆိုတာကို သူတို့ထက် ကျွန်တော်က ပိုပြီးနားလည်သဘောပေါက်နေပါတယ်။ အခု ပြည်တွင်းစစ်ဖြစ်နေပြန်ပြီ။ ကျုန်ကျော့လင် အရှေ့မြောက်ကို ဆုတ်ခွာရပြီး ယုရှီချန်ရဲ့ ရာထူးပြုတ်လို့ လီယွန်ဟုန် ရာထူးပြန်ရတာမှာ ကျွန်တော့်အပေါ် ကျရောက်မယ့် အန္တရာယ်ဟာ ပိုပြီး နီးကပ်တယ်လို့ သိနေပါတယ်။ အခုတက်လာတဲ့ အာဏာရှင်တွေဟာ ကျွန်တော့်ကို သတ်ပစ်ဖို့အထိတောင် ကြံစည်ချင်ကြံစည်မယ်။ ထောက်ထားငဲ့ညှာရေးရှိရောင်းမှ ရှိတော့မယ်။ ဒီစာချုပ်ကို ပါလီမန်မှာ ရုပ်သိမ်းဖို့ ဆုံးဖြတ်ချက်ယူရမယ်လို့ ကြံစည်တဲ့အမတ်တွေ ရှိတောင်နေပြီ။ အခုအချိန်မှာ ပြောဟောပြီး နေမြဲဖြစ်အောင် လုပ်နိုင်သေးတယ်ပဲထား ချက်ချင်း အခြေအနေပြောင်းပြီး နောက်တက်လာတဲ့ စစ်ဘုရင်က ပြောမရရင် ခက်ဦးမယ်။ ဂျွန်စတန်ရော တခြားသတင်းပေးသူတွေကပါ ဒီလို နိုင်ငံရေး အပြောင်းအလဲဖြစ်ဖို့ နိုင်ငံခြားသံရုံးတွေက အားထုတ်နေတယ်ဆိုတာ သိရတယ်။ ဒီလိုဆိုရင် နိုင်ငံရေးအာဏာတက်ယူပြီး သမ္မတနိုင်ငံအစိုးရသစ်လုပ်မယ့်လူကို ဆက်ဆံနေမယ့်အစား နောက်ပိုင်းက ကြိုးဆွဲတဲ့ နိုင်ငံခြားတန်ခိုးရှင်တွေနဲ့ တိုက်ရိုက်ဆက်ဆံပြီး စေ့စပ်ရရင် ပိုမကောင်းပေဘူးလား။ အခုထိက ထွက်ပေါက်ကြည့်မထားဘဲ ကိုယ့်ကို အထင်အရှား မနှစ်သက်တဲ့လူ အာဏာရမှ ပြေးတယ်ဆိုရင် ပိုမခက်ပေဘူးလား။ နောက်ကျသွားပြီဆိုပြီး ယူကြုံးမရ ဖြစ်နေရဦးမယ်။ ဒါမျိုးကို တရုတ်ရာဇဝင် တစ်လျှောက်လုံးမှာ ထီးနန်းပြောင်းတိုင်း နောက်ဆုံး ဧကရာဇ်ဆိုတဲ့လူတွေ ခံခဲ့ကြရလှပြီမဟုတ်လား။

ဒါမျိုးတွေ အကုန်လုံးကို ကျွန်တော်သိတယ်လို့ အဲဒီမင်းသားနဲ့ အရာရှိကြီးတွေကို ကျွန်တော်ပြောတော့မပြဘူး။ ဒါပေမယ့် ထောက်ထားငဲ့ညှာတယ်ဆိုတာလည်း ကြိုက်စရာမကောင်းဘူး။ နောက်ဆုံးစာရင်းချုပ်ရင် သမ္မတအစိုးရဟာငါ့အပေါ်မှာ မထောက်ထား မငဲ့မညှာလုပ်ရမှာပဲဆိုတာ ငါလည်းသိတယ်။ ပြည်သူအများနဲ့ ကမ္ဘာကလည်းသိတယ်။ အဲဒါကို ငါတို့လည်း နားလည်တယ်ဆိုတာပြဖို့လိုတယ်။ ဒီစာချုပ်ကို သူတို့ဘက်စပြီး ဖျက်တဲ့အထိ စောင့်မနေသင့်ဘူးလို့ ကျွန်တော်က သူတို့ကို ပြောလေ့ရှိတယ်။ ဒီအခါမှာ သူတို့ကပြန်ပြီး ပြောတာက ဒီစာချုပ်ဟာ တိုင်းသိပြည်သိဖြစ်လို့ သူတို့ဖျက်ရင် နိုင်ငံခြားသားတွေက ကိုယ်တော်ကြီးဘက်က ကူမှာပါလို့ သူတို့မျှော်လင့်တယ်တဲ့။ နိုင်ငံခြားသားကူညီမယ်ဆိုတာကို ယုံကြည်ကြရင် အခုကတည်းက နိုင်ငံခြားသွားနေတာကို ဘာပြုလို့ မကြိုက်ဖြစ်နေရတာလဲလို့ မေးပြန်တော့ သူတို့ကျေနပ်အောင် ပြန်မဖြေနိုင်ပါ။ (ရှင်းရှင်းကမြောက်ပြပြီး ဆန်တောင်းတဲ့သဘောပဲရှိတယ်) ဒီတော့ လက်ငင်းပြဿနာကိုပဲ အားသွန်ပြီး လုပ်ကြစို့ဆိုတဲ့အနေနဲ့ လက်ထပ်ပွဲကြီး အောင်မြင်ဖို့ပဲ လုပ်နေကြတယ်။

မင်းသားနဲ့ အရာရှိတွေကို ပြောပြတဲ့အကြောင်းအပြင် နိုင်ငံခြားကို ကျွန်တော် သွားချင်တဲ့နောက်တစ်ကြောင်းလည်း ရှိသေးတယ်။ အဲဒါကတော့ သူတို့အပါအဝင် ကျွန်တော့်ပတ်ဝန်းကျင်ကို ကျွန်တော့်စက်ဆုတ်လာပြီ။ အဲဒီစိတ်ဟာ နိုင်ငံခြားသွားချင်တဲ့ စိတ်ထက်အရင်ကျပါတယ်။ အခုတော့ ဂျွန်စတန်က အနောက်တိုင်းဆိုင်ရာ အတွေ့အကြုံတွေ ပြောဟောနေတော့ သူငယ်တွေရဲ့သဘာဝ အမြင်သစ်အတွေ့သစ်ကို စွန့်စား ရှာဖွေချင်လာတယ်။ ပတ်ဝန်းကျင် အနှောင်အဖွဲ့ကလည်း ရုန်းကန်ထွက်ချင်တယ်။ ဂျွန်စတန်က ပတ်ဝန်းကျင်မကောင်းဖြစ်တာဟာ ဒီလူတွေရဲ့ အတွေးအခေါ် ညံ့လို့ ရှေးရိုးဆန်လို့ တစ်ကိုယ်ကောင်းစိတ်များလို့ ဆိုတာကို လက်ခံတယ်။

သူတို့အနေနဲ့ကတော့ အသစ်အဆန်းဆိုတာ ကြောက်စရာကောင်းတယ်။ ဥပမာတစ်ခုပြမယ်။ ကျွန်တော် တစ်ဆယ့်ငါးနှစ်သားမှာ မျက်စိ ကြည့်မကောင်းဖြစ်တယ်။ အဝေးမှုန်တဲ့သဘောပေါ့။ ဒီတော့ မျက်မှန်ဘက်မှာ ကျွမ်းကျင်တဲ့နိုင်ငံခြား ဆရာတစ်ဦးကိုခေါ်ပြီး ပြသဖို့ ဂျွန်စတန်ကပြောတယ်။ ဆီအိုးပူထဲကို ရေတစ်မှုတ်ခပ်လောင်းသလား အောက်မေ့ရတယ်။ လူဝင်ခက်နန်းမြို့တစ်ခုလုံး ပွက်ပွက်ရိုက်ပြီး ဒေါသထွက်ကြတယ်။ ကိုယ်တော်ကြီးလို ဘုန်းသမ္ဘာရှင်ဟာ မျက်လုံးမကောင်းမဖြစ်နိုင်ဘူးပေါ့။ အခုမှ အရွယ်ကောင်းတုန်း ငယ်ငယ်ကလေး ရှိသေးတယ်။ ပြီးတော့ နိုင်ငံခြားသားကိုမှ စစ်ဆေးခိုင်းရမလားတဲ့။ အဘွားကြီးလို မျက်မှန်တပ်ရမှာလား။ မယ်တော်ကြီးအဆင့်က အောက်ဆုံးတန်းအထိ သဘောမတူဘူး။ ဂျွန်စတန်က အလီလီ နိုးဆော်ပြီး ကျွန်တော်ကလည်း ယတိပြတ် ဆုံးဖြတ်လိုက်တော့မှ စစ်ဆေးခံပြီး မျက်မှန်တပ်ရတယ်။

နောက်တစ်ခုက ဒီမင်းသားနဲ့ အရာရှိတွေဟာ သူတို့ကိုယ်တိုင် သုံးနေတဲ့ ပစ္စည်းကို ကျွန်တော် သုံးဖို့လုပ်တဲ့အခါ ကန့်ကွက်တာကို ကျွန်တော် မကြိုက်ဆုံးပဲ။ အလွယ်ဆုံး သာဓကက တယ်လီဖုန်းပါပဲ။ ကျွန်တော် တစ်ဆယ့်ငါးနှစ်သားရှိတော့ တယ်လီဖုန်းအကြောင်း ဂျွန်စတန်က ရှင်းလင်းပြောပြတယ်။ ကျွန်တော်ကလည်း စမ်းသပ်ကြည့်ချင်တယ်။ ညီ ပုကျိအက အဖေ့မှာ တယ်လီဖုန်းရှိတယ်လို့ သတင်းပေးပါတယ်။ နန်းထိန်းဌာနကို စိတ်ငြိမ်နန်းဆောင်မှာ တယ်လီဖုန်းတပ်ဆင်စေလို့ အမိန့်ပေးလိုက်တယ်။ အမိန့်ရတော့ ဌာနမှူးရှင်ယိန်ဟာ လန့်ပြီး မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားတယ်။ ဗျာဒိတ်တော်အတိုင်းပါပဲလို့ ပြောပြီး သွားသေးတယ်။ ဒါပေမယ့် နောက်တစ်နေ့တော့ ဆရာတွေလာပြီး အကြံပေးကြပါတယ်။ ဆိုလိုတာက ရှေးနန်းရိုးအစဉ်လည်း မရှိပါဘူး။ ဘယ်သူကပဲဖြစ်ဖြစ် တယ်လီဖုန်းနဲ့ ကိုယ်တော်ကြီးကို တိုက်ရိုက် စကားပြောခွင့်ရှိတယ်ဆိုတာလည်း မတော်ပါဘူး။ ခမည်းတော် ဘိုးတော်တို့ ဘယ်တော့မှာ နိုင်ငံခြားဖြစ် အဆန်းတွေ မသုံးပါဘူး။... မဟုတ်တာ။ နန်းတော်အနှံ့ ရှိနေတဲ့ သံပတ်နာရီ၊ လျှပ်စစ်မီး၊ ဒါတွေက တိုင်းရင်းဖြစ်လား၊

အဖေတွေ၊ အဘိုးတွေ နိုင်ငံခြားဖြစ်သုံးသွားကြတာပဲ မဟုတ်လား။ သူတို့ဘက်ကလည်း ပြောစရာ ရှိပါသေးတယ်။ လူတကာ တယ်လီဖုန်းနဲ့ ကိုယ်တော်ကြီးကို စကားပြော နိုင်ရင် ရာဇက္ကန္ဒြေ ဘယ်ရှိတော့မလဲတဲ့။ ဟုတ်ပါပြီ။ ကေရာဇ်ကို သတင်းစာက ဆဲဒါ ခဏခဏ ဖတ်ရတယ်။ အခု အဲဒီဆဲသံကို နားနဲ့ကြားရမယ်။ ဘာထူးသေး သလဲဆိုတော့မှ ပြတ်တယ်။

နန်းထိန်းဌာနက တယ်လီဖုန်းမကြိုက်တာကို ကျွန်တော့်ဆရာတွေတောင် ဟိုတုန်းက သဘောမပေါက်ဘူးထင်တယ်။ သူတို့ကြောက်တာက ရာဇက္ကန္ဒြေပျက်မှာ မဟုတ်ဘူး။ သူတို့ကျွန်တော့်ကို ညာတိုင်းလိုမ့်တိုင်း မရတော့ဘဲနဲ့ အပြင်လောကနဲ့ အဆက်အသွယ် ပိုရသွားမှာကို စိုးတယ်။ သူတို့အဖို့ သတင်းစာ အစောင်နှစ်ဆယ်ထက် စကားများတဲ့ ဂျွန်စတန်တစ်ယောက် လမ်းပေါက်နေတာပဲ ဘယ်လောက် ဒုက္ခတွေ့နေ ပြီလဲလို့။ သတင်းစာထဲမှာပါတတ်တဲ့ နန်းမြို့သတင်းကို နန်းထိန်းဌာနက ကျွန်တော့်ကို အသိမပေးချင်တာတွေ တော်တော်များများရှိတယ်။ ဘယ်သူနဲ့ ဆက်သွယ်တယ်၊ ဘယ်ပစ္စည်းထုတ်ရောင်းတယ်လို့ သတင်းစာကရေးရင် သူတို့က မထုတ်ရကြောင်း နောက်တစ်နေ့ ဖြေရှင်းချက်ထည့်တယ်။ တကယ်က သူတို့ငြင်းပေမယ့် ဟုတ်တာ မှန်တာများတယ်။ အားလုံးဟုတ်တယ်ပဲ ဆိုပါတော့။ အခုတစ်ခါ တယ်လီဖုန်းကိုသုံး ပြီး လွယ်လွယ်နဲ့ သတင်းတွေ ကျွန်တော်ရနိုင်တယ်။ အဲဒါ အခက်ဆုံးပဲလို့ သူတို့ ယူဆတယ်။ ဆရာတွေ ရှုံးလာတော့ အဖေ့ကို စစ်ကူခေါ်ပြန်တယ်။

အဖေက ရှေးထုံးသမား၊ ကျွန်တော်ဟာ လူဝင်ခက်နန်းမြို့မှာ ဆက်ပြီး ငြိမ်ဝပ်နေရင် သူ့အဖို့ ရိက္ခာတစ်နှစ်ငွေသား တေလ်ဒင်္ဂါး ၄၂၄၈၀ ဆက်ရနေမယ်။ နောက်ပြီး နန်းထိန်းဌာနကို အကျိုးဆောင်သဘောထားတယ်။ ကူညီရိုင်းပင်းတယ်။ ဒါပေမယ့် ကျွန်တော့်ရှေ့မှာ သူဟာ စကားသွက်သွက်နဲ့ ကျွန်တော့်ကို နိုင်အောင် ပြောနိုင်တဲ့လူ မဟုတ်ပေဘူး။ ခင်ဗျားတော့ တယ်လီဖုန်း သုံးနေတယ် မဟုတ်လားဆိုတဲ့ အမေးတစ်ခုကိုပဲ ပြေလည်အောင် မဖြေနိုင်ရှာဘူး။ ဒါက ... ဒါက အဆင့်အတန်းချင်း တူကြတာမှ မဟုတ်ဘဲ။ နောက်ထပ် နှစ်ရက်လောက် အချိန်ယူ စဉ်းစားပြီး ထပ် ဆွေးနွေးကြသေးတာပေါ့တဲ့။ သူဟာ ကျွန်တော် ကျစ်ဆံမြီးမဖြတ်ခင်ကပဲ ဖြတ်တယ်။ ကျွန်တော် ဝယ်မသုံးရတဲ့ကားကိုဝယ်ပြီးစီးနေပြီ။ သူ့အိမ်မှာ တယ်လီဖုန်းရှိနေပြီ။ လူချင်းဘာပြုလို့ မတူရမှာလဲ။ အဖေ့ရှေ့မှာပဲ သင်းကွပ်တစ်ယောက်ကို ကျွန်တော်က ကနေ့ တယ်လီဖုန်းရအောင်တပ်လို့ အမိန့်ပေးလိုက်တယ်။ တပ်ပြီးတော့လည်း ဒုက္ခ တစ်မျိုးကြုံရပြန်တယ်။

တယ်လီဖုန်း ကုမ္ပဏီက ထုံးစံအတိုင်း တယ်လီဖုန်း တပ်ဆင်ပြီးရှိနေတဲ့နေရာ အမည်ညွှန်းစာအုပ်တစ်အုပ်လည်း ပေးလိုက်တယ်။ ဝမ်းသာအားရ အဲဒီစာအုပ်ကို လှန်လှောကြည့်ပြီး နောက်ပြောင်ချင်တဲ့စိတ်ကများနေတယ်။ ကစားစရာအသစ်တစ်ခု ရတာပဲလို့ ထင်နေတယ်။ ပီကင်းအော်ပရာပညာရှင် တစ်ယောက်ကိုတယ်လီဖုန်းနဲ့

ခေါ်လိုက်တယ်။ ပြီးတော့ ဂျွမ်းဘားဆရာတစ်ယောက်၊ ဘာကိစ္စနဲ့ ဘယ်သူက ခေါ်တယ်လို့ မပြောဘဲနဲ့ တယ်လီဖုန်းကို ပြန်ချတယ်။ ပြီးတော့ စားသောက်ဆိုင်ကြီး တစ်ခုကို စားစရာတွေ ပြင်ဆင်ပြီး နေရပ်လိပ်စာ အမှားတစ်ခုပြောပြီး ပို့ခိုင်းလိုက်တယ်။ အဲဒါတွေ လုပ်ရလို့ အတော်ကျေနပ်ပြီးတော့မှ မကြာခင်က ဂျွန်စတန် ပြောဖူးတဲ့ **"မြစ်ကမ်းနံဘေးမှာ ပျော်ပွဲစား"**အကြောင်း ရေးတဲ့စာရေးဆရာ ဒေါက်တာ ဟုရှီရဲ့ နံပါတ်ကို ခေါ်လိုက်တယ်။ သူ့စာကို ဖတ်ဖူးပြီ၊ သူ့အသံကို ကြားချင်တယ်။ ကံအားလျော်စွာ သူပဲ တယ်လီဖုန်းဖြေပါတယ်။ ဒေါက်တာဟူလား၊ ကောင်းပြီ။ ဘယ်သူ စကားပြောနေတယ် ထင်သလဲ။ မှန်းစမ်း။ မှန်းမရဘဲပြောမယ်။ ယုအြန်ကုန်ငလေ။ တစ်ဖက်က အံ့ဩသံနဲ့ အလို ကိုယ်တော်ကြီးပါလားတဲ့။ မှန်တယ်၊ ဧကရာဇ်ပဲ။ ဆရာ့အသံကို ကြားရပြီး လူမြင်ချင်သေးတယ်။ နန်းတော်ကို ကြွခဲ့ပေဦးတော့လို့ ပြောလိုက်တယ်။

သူ့နားကို သူမယုံဘူး။ ဂျွန်စတန်ဆီကို ပြေးသွားပြီး ဧကရာဇ်မှာ ဘယ်တုန်းက တယ်လီဖုန်းရှိသလဲ။ ခေါ်တာဟုတ်ပါ့မလား။ သွားရလို့ရှိရင်လည်း ထီးသုံးနန်းရာ သင်ပါဦး။ ဘာတွေ မေးမလဲနဲ့ပေါ့။ ဂျွန်စတန်က ဧကရာဇ်ဟာ သဘောကောင်းပါတယ်။ မြေမှာဝပ်ပြီး ဦးခိုက်ဖို့မလိုပါဘူးလို့ ပြောတဲ့အခါ ခေါ်တဲ့အတိုင်း သွားမယ်လို့ ဆုံးဖြတ်ပါတယ်။ ဒီလိုခေါ်ထားတာကို တံခါးမှူးကို အကြောင်းကြားမထားမိဘူး။ ဒါ့ကြောင့် ရောက်လာတော့ ဝင်ခွင့်မရပါ။ ဒါပေမယ့် သူကလည်း အခိုင်အမာပြောနေတော့ လာပြီးအမိန့်ခံတယ်။ ဝင်စေဆိုတော့ ရောက်လာရော။

၄။ ဖြုန်းခနဲဆောင့်မိလို့ မိနစ်နှစ်ဆယ် ညှော့ခံလိုက်ရတယ်။ အရပ်သုံးတိုင်းရင်းစကားနဲ့ စာရေးပုံအကြောင်း၊ သူရောက်ဖူးတဲ့ နိုင်ငံခြားတွေအကြောင်း ပြောခိုင်းတယ်။ အချိုးမွမ်းခံလိုတဲ့စိတ်နဲ့ စာကြိုးစားပါတယ်။ ဒါပေမယ့် လူတော်လူကောင်းဖြစ်လာနိုင်ပါ့မလားလို့ စိုးရိမ်မိတယ်လို့ ကျွန်တော်က ပြောတဲ့အခါ မျှော်လင့်ထားတဲ့အတိုင်းပဲ့ သူ ကျွန်တော့်ကို မြှောက်ပြောပါတော့တယ်။ ကိုယ်တော်ကြီးက သိပ်အမျှော်အမြင်ကြီးတယ်။ ရှေ့မှာ အောင်မြင်ဖို့လမ်း အများကြီးရှိတယ်ပေါ့။ ရှေ့မှာ အောင်မြင်မယ်ဆိုကာကတော့ ဘာရယ်လို့ခွဲခြားပြီး ပြောမသွားဘူး။ သူပြန်သွားတော့ သူရယ် သူ့စကားရယ် အားလုံး ကျွန်တော်မေ့သွားပါတယ်။ နန်းထိန်းဌာနအရာရှိတွေ၊ ဆရာတွေ၊ မင်းသားတွေက မမေ့ပါ။ "လူသစ်လူစိမ်း"တစ်ယောက်ကို ဧကရာဇ်က ဘာခေါ်ပြီး တစ်ဦးချင်း ဆွေးနွေးသလဲ။ သူတို့အတွက် ပြဿနာကြီးဖြစ်နေပါတယ်။

ကျွန်တော်ကြီးလာလေလေ သူတို့ကို မကျေနပ်လေလေပဲ။ စိတ်ပျက်စရာအလွန်ကောင်းတယ်။ သူတို့တားပေမယ့် အမေ့သချိုင်းသွားမယ်ဆိုပြီး လူဝင်ခက်နန်းမြို့ထဲက ခဏခဏအပြင်ထွက်တယ်။ အပြင်မှာ ခံစားရတဲ့အရသာနဲ့ ဒီကြောက်ဆုတ်ဆုတ်ဘုတ်ထိုင်းတွေကို မြင်တွေ့နေရတာနဲ့ ကွာချင်တိုင်းကွာတယ်။ နိုင်ငံခြားကို

ထွက်သွားဖို့ ပိုပြီးစိတ်သန်လာတယ်။ ၁၉၂၂ ခုနှစ်နွေရာသီမှာ အင်္ဂလန်ကို စာသင်သွားမယ်လို့ ကျွန်တော်က သူတို့ကို ထုံးစံအရတိုင်ပင်စကားပြောတဲ့အခါ ရန်ပွဲကို ကြေညာသလို ဖြစ်သွားပါတယ်။

တယ်လီဖုန်းကိစ္စတုန်းကလို ရှေ့မပေးပြီး သဘောတူကြပြီး ဖြစ်နေကြတယ်။ အများကြီး လိုက်ရောချင်တဲ့ဦးလေး ကျိုင်တပ်ကတောင် အင်္ဂလိပ်နယ် တိအင်ကျင်မှာ အိမ်တစ်လုံးလောက် အသင့်ပြင်ထားရင် ကျေနပ်ပါတော့တဲ့။ ဒီတော့ လူဝင်ခက်နန်းမြို့က ကျွန်တော် ဗြောင်ထွက်သွားဖို့ ခက်နေပါတယ်။ ဂျွန်စတန်ကို အကြံတောင်းတော့ သူကလည်း အချိန်မကျသေးဘူး။ စောင့်ပါဦးတဲ့။ ဒီလိုဆိုရင် တိတ်တိတ်ကူမယ့်လူဟာ ညီတော် ပုကျီအပဲ ရှိတယ်။

ပုကျီအနဲ့ ကျွန်တော်ဟာ မျက်နှာပေါက်ချင်းသာ မတူတယ်။ စိတ်သဘောတိုက်ဆိုင်တာတော့ များတယ်။ သူလည်း ရှေးဟောင်းအစဉ်အလာမှာ နစ်မွန်းနေတဲ့ ပတ်ဝန်းကျင်က ပြေးထွက်ပြီး မြင့်မြင့်ပျံချင်တယ်။ သူလုပ်ချင်တာတွေ နိုင်ငံခြားကျမှ လုပ်ရမယ်လို့ တွေးနေတယ်။ သူ့အခက်အခဲနဲ့ ကျွန်တော့်အခက်အခဲဟာ တစ်မျိုးတည်းပဲ ကွာခြားတယ်။ လူချင်းစာရင် သူက သေးသလိုပဲ သူ့အခက်အခဲက ကျွန်တော့်အခက်အခဲထက် သေးငယ်တယ်။ အသက်လေးနှစ်က တစ်ဆယ့်ခုနစ်နှစ်အထိ သူ့အထိန်းက သူ့ကို နေ့စဉ်အဝတ်လဲပေးတယ်။ ခြေဆေးတာ လက်သည်းဖြတ်တာက အစ သူ့ဘာသာ ဘာမျှ မလုပ်ရဘူး။ ကတ်ကျေးကို သူကိုင်ရင် ဒဏ်ရာ အနာတရဖြစ်တော့မယ်လို့ အော်ကြဟစ်ကြတယ်။ သွားလေရာ အစောင့်ပါတယ်။ ပြေးခွင့်၊ ခုန်ခွင့်၊ တက်ခွင့်မရ၊ အိမ်ရှေ့ပေါက်ထွက်ခွင့်မရ။ အရိုးစူးမှာစိုးလို့ ငါးမစားရ။ အိမ်ကျောင်းမှာ စာသင်ရတယ်။ ဆရာက သမ္မတနိုင်ငံ မကောင်းကြောင်းပဲ ပြောတယ်။ အမေက မင်းအစ်ကိုအပေါ်မှာ သစ္စာရှိရမယ်လို့ မှာသွားတယ်။ သူရောကျွန်တော်ပါ အိုင်စင်ဂီအော်ရော အမျိုးမဟုတ်လားတဲ့။

သူက တစ်နှစ်ငယ်တယ်။ ဒါပေမယ့် အပြင်ကမ္ဘာအကြောင်းတော့ ကျွန်တော့်ထက် ပိုပြီးသိတယ်။ ဘာပြုလို့လဲဆိုတော့ နောက်ပိုင်းမှာ သူကအိမ်ကို နောင်တော်ဆီ အခစားဝင်မယ်ပြောပြီး သွားချင်ရာသွားလို့ရတယ်။ ဒီတော့ ညီအစ်ကိုလွတ်မြောက်ရေး တိုင်ပင်ကြတာမှာ ပထမအဆင့်က ခရီးစရိတ် လုံလောက်ဖို့ပါပဲ။ နန်းတွင်းအဖိုးတန်ပစ္စည်းတွေကို ကျွန်တော်က ပုကျီအကို ပေးမယ်ဆိုပြီးယူလာ။ သူက ကျောင်းပြန်မှာယူသွား။ တိအင်ကျင်အိမ်မှာသွားဝှက်။ အဲဒီအတိုင်း ခြောက်လကျော် လုပ်ကြတယ်။ အကောင်းဆုံးနဲ့ အဖိုးတန်ဆုံးဆိုတာတွေကို ကျွန်တော်တို့ဘယ်နည်းနဲ့ ရွေးနိုင်သလဲဆိုရင် နန်းထိန်းဌာနအရာရှိတွေနဲ့ ဆရာတွေက ဂရုတစိုက်အထားဆုံးပစ္စည်းကို ကောက်ယူတာပဲဖြစ်တယ်။ ပန်းချီကား၊ လက်ရေးကား၊ ရှေးအကျဆုံး စာအုပ်တွေပါတယ်။ လက်ရေးလိပ်တစ်ထောင်ကျော်၊ နံရံဆွဲနှစ်ရာကျော်၊ စုန်ခေတ် ပုံနှိပ်စာအုပ်နှစ်ရာကျော်။ အဲဒါတွေ တိအင်ကျင်ကို ရောက်ပြီးမှ

အချို့ကိုတော့ ရောင်းဖြစ်ပါတယ်။ ကျန်တာတွေက "မန်ကျူကော"နိုင်ငံ ထူထောင်ပြီးတဲ့အခါ ကွန်တုန်စစ်တပ် အကြံပေး ယောရှိဩက သယ်လို့ အရှေ့မြောက်ကို ရောက်လာပြီး ဂျပန်လက်နက်အချမှာ ပျောက်ဆုံးကုန်ပါတယ်။

လွတ်မြောက်ရေး ဒုတိယအဆင့်က လူဝင်ခက်နန်းမြို့တွင်းက ဘယ်သူမှ အသိမပေးဘဲ ထွက်သွားဖို့ပါပဲ။ ရာဇဝင်ကြောင်းအရ သမ္မတနိုင်ငံ ပထမနှစ်ကစပြီး လက်တွေ့သိခဲ့ရတဲ့ သင်ခန်းစာကတော့ နိုင်ငံခြားသံရုပ်ကွက်ကို လူအရောက်ဝင်သွားနိုင်ရင် သမ္မတအစိုးရကရော နန်းတွင်းအရာရှိတွေကပါ ဘယ်သူကမှ လိုက်မဖမ်းဝံ့တော့ဘူးဆိုတဲ့ သင်ခန်းစာပါပဲ။ ဒါကို ဂျွန်စတန်က အသေးစိတ် စီမံပေးတယ်။ ပထမ ကျွန်တော်နဲ့ သံအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဒတ်ချ်သံအမတ် ဒဗလျူရေဩဒဲန်ဒီဂျ်နဲ့ တွေ့ဆုံပြီး သင့်တော်မယ့် အစီအစဉ်လုပ်ပေးဖို့ ပြောရမယ်။ အဲဒီလိုလုပ်ဖို့ ဆရာက ၁၉၂၃ ခု ဖေဖော်ဝါရီလလောက်ကပဲ ပြောပြထားပါတယ်။ အထက်ကိုးလတုန်းကတော့ အချိန်မတန်သေးဘူးပြောခဲ့ပြီး အခုတော့ ဘာမှ မဝေဖန်ဘဲ လုပ်ပေးနေတာကို ကျွန်တော်နားမလည်ဘူး။ အခု အချိန်တန်ပြီလား။ ဘာကို ထောက်ထားပြီး အချိန်တန်တာလဲ။ ပြီးတော့ ဒတ်ချ်အပြင် ဘယ်သူတွေနဲ့ ဆက်သွယ်ဖြစ်သေးလဲ။ အဲဒါတွေမေးတော့ မေးချင်တယ်။ ဒါပေမယ့် ဆရာဂျွန်စတန်ကို ခြွင်းချက်မရှိ ယုံပြီးလည်းဖြစ်တယ်။ ဒီတော့ သူပြောသမျှပဲ လက်ခံလိုက်ပါတယ်။ သူ့ကိုပဲ သံရုံးကိုလွှတ်ပြီး အကြောင်းကြားခိုင်းတယ်။ နောက် ကျွန်တော်ကိုယ်တိုင် ဩဒဲန်ဒီဂျ်ကို တယ်လီဖုန်းနဲ့ ဆက်သွယ်တယ်။ သေချာသထက် သေချာအောင် ပုကျီအကို ဒတ်ချ်သံရုံးလွှတ်လိုက်သေးတယ်။ အားလုံး အခြေအနေ ကျေနပ်စရာတွေ့ရတယ်။ တယ်လီဖုန်းနဲ့ ကျွန်တော် အလိုဆန္ဒတွေကို ပြောတော့ ဩဒဲန်ဒီဂျ်က လက်ခံတယ်။ လူဝင်ခက်နန်းမြို့တွင်းကိုအရောက် ကားလွှတ်ခေါ်ဖို့ခက်တော့ နတ်ရဲတံခါးက ထွက်လာရင် ကားအသင့်ရှိမယ်တဲ့။ အဲဒီတံခါးက လစ်ထွက်ခဲ့ရင် ပြီးရော။ အဲဒီ ပထမညစာနဲ့ တည်းခိုဖို့နေရာကစပြီး အင်္ဂလိပ်တက္ကသိုလ်မှာ ကျောင်းတက်ရတဲ့အထိ သူတာဝန်ယူတယ်။ နန်းမြို့က ကျွန်တော်ထွက်ခဲ့ဖို့ ရက်နဲ့အချိန်ကို ကန့်သတ်လိုက်ကြပါတယ်။

ဖေဖော်ဝါရီ ၂၅ ရက်နေ့ကို ဘယ်လို နတ်ရဲတံခါးကထွက်မယ်ဆိုတဲ့ ပြဿနာပဲရှိတယ်။ ပထမ အမြဲရံနေတဲ့သင်းကွပ်တွေကို လှည့်ရမယ်။ ပြီးတော့ အပေါက်က ကိုယ်ရံတပ်အစောင့်၊ ပြီးတော့ သမ္မတတပ်အစောင့်၊ အဲဒီအရံတွေထဲမှာ ကိုယ့်အနားကပ်နေတဲ့ သင်းကွပ်နဲ့ ကိုယ်ရံတပ်အစောင့်ဟာ အရေးကြီးဆုံးပဲ။ သူတို့ကို လွန်ပြီးရင် ကျန်တာချောသွားပြီလို့ ဆိုနိုင်တယ်။ အနားကပ်နေတဲ့ သင်းကွပ်တွေကို ချော့ဖို့ သိပ်လွယ်တယ်လို့ ယူဆထားတယ်။ ငွေပေးပြီး လာဘ်ထိုးလိုက်တယ်။ ဒါပေမယ့် မသွားခင် တစ်နာရီအလိုမှာ သူတို့က နန်းထိန်းဌာနကို တိုင်လို့ ကျွန်တော် စိတ်ငြိမ်နန်းက မထွက်ရခင်ဘဲ အဖေ့အမိန့်နဲ့ ဘယ်တံခါးက ဘယ်သူမှ မထွက်ရလို့ ပိတ်ထားလိုက်တယ်။ ပုကျီအနဲ့ ကျွန်တော်လည်း အံ့အားသင့်ပြီး

စိတ်ငြိမ်နန်းမှာ ထိုင်နေကြပါတယ်။

အဖေရောက်လာပြီး ကိုယ်တော်... ကိုယ်တော်ကြီး သွား... သွားမယ်လို့ ဆိုတဲ့။ သူ့ကြည့်ရတာ သူပဲ တရားခံဆိုတဲ့ပုံမျိုးဖြစ်နေလို့ ကျွန်တော်လည်း ရယ်ပြီး မဟုတ်တာ ကြံကြံဖန်ဖန်လို့ ဖြေတယ်။ မကောင်းပါဘူး။ ဘယ့်နှယ်လုပ်ရမလဲတဲ့။ မသွားပါဘူးလို့ ထပ်ပြောတော့ မသင်္ကာတဲ့မျက်လုံးနဲ့ ပုကျိအကိုကြည့်တယ်။ ညီကခေါင်းငုံ့နေတယ်။ အဖေက နည်းနည်း စကားပြောသေးတယ်။ ဘာပြောမှန်းတော့ မသဲကွဲဘူး။ ပြီးတော့ "ကြံရာပါ"ကို ခေါ်သွားပါတယ်။ အရံသင်းကွပ်တွေကို တန်းစီပြီး စစ်ပါတယ်။ မပေါ်ဘူး။ အုပ်ချုပ်ရေးဌာနကိုခိုင်းလို့မဖြစ်ဘူး။ ဒါနဲ့ ဒေါသကိုသိမ်းပြီး ကြိတ်ခံလိုက်တယ်။

အဲဒီကစပြီး နန်းတော်နံရံကိုမြင်တိုင်း ဒေါသထွက်တယ်။ ထောင်၊ ထောင်နဲ့ ဘာခြားလဲ။ သမ္မတအစိုးရက ငါ့ကို ချုပ်ချယ်တာ ငါနားလည်နိုင်တယ်။ ငါ့အမျိုးမင်းသားတွေနဲ့ ငါ့အရာရှိကြီးတွေက ငါ့အပေါ်မှာ ဒီလို ရန်ငြိုးထားတာ ငါနားမလည်ဘူးလို့ နံရံကိုကြည့်ပြီး တစ်ယောက်တည်း ပြောနေမိတယ်။ ငါနဲ့ ထိုက်တန်တဲ့ အရိုက်အရာကို ပြန်ရအောင်လုပ်ဖို့ အပြင်ထွက်မှာ သင်းတို့က ဘာရည်ရွယ်ချက်နဲ့ချုပ်ထားသလဲ။ နန်းထိန်းဌာနက အကောင်တွေဟာ ငါ့အပေါ်မှာ အဆိုးဆုံးပဲ။ သူတို့ပဲ ငါ့အဖေကိုပါ ငါ့ရန်သူစာရင်းထဲပါအောင် လုပ်တာ။

နောက်တစ်နေ့ ဂျွန်စတန်ကိုတွေ့တော့ ကျွန်တော်က တိုင်ပြောပြောတယ်။ သူက မထူးတဲ့အတူတူ ဒါကို ခဏမေ့ထားပြီး လူဝင်ခက်နန်းမြို့ ပြုပြင်ရေးသာ စလုပ်ပေတော့တဲ့။ နောက်ထပ် အသစ်ရောက်လာတဲ့ ကျဲန်ယိုပ်ယုကို ဒီနေရာမှာသုံးဖို့ သူက ထောက်ခံတယ်။

စိတ်ထဲမှာ မျှော်လင့်ချက်အသစ်ထားပြန်တယ်။ နန်းတော်နံရံအပြင်မှာ မအုပ်စိုးရသေးရင်လည်း ခဏတော့ရှိစေ၊ နန်းတွင်းမှာ အုပ်စိုးနိုင်မယ်။ ဂျွန်စတန်ရဲ့အကြံကို ကျေနပ်တယ်။ သူရေးတဲ့စာအုပ်ထဲမှာ ကျွန်တော်ပြေးဖို့ စီစဉ်တဲ့အကြောင်းပါတယ်။ သူက သဘောမတူတဲ့အပြင် ကန့်ကွက်သေးတယ်လို့ ရေးတယ်။ ဒီလိုလားလို့ ဟိုတုန်းက နည်းနည်းမှ မတွေးမိဘူး။

## သင်းကွပ်တွေကိုနှင်

အပေါ်ယံကြည့်ရင် ငြိမ်ဆိမ်အေးချမ်းတယ်လို့ ထင်ရတဲ့ လူဝင်ခက်နန်းမြို့ဟာ အတွင်းဝင်ကြည့်ရင် ဖရိုဖရဲအနိုင်ဆုံးနေရာလို့မြင်မယ်။ ကျွန်တော် အသက်ငယ်ငယ်ကလေးကပဲ နန်းမြို့တွင်းမှာ လောင်းကစားတာ ဘိန်းရှူတာတွေအပြင် ခိုးမှု၊ မီးရှို့မှုနဲ့ လူသတ်မှုတွေ ကြိတ်ပြီး ခဏခဏ ဖြစ်တယ်လို့သိပါတယ်။ အဲဒီလို အမှု တွေဟာ ဘယ်လောက်ထိအောင်ဖြစ်သလဲဆိုတာ ခန့်မှန်းနိုင်အောင် သာကေတစ်ခု

ပြောပါမယ်။ ကျွန်တော့်လက်ထပ်ပွဲတုန်းကဆိုရင် ခိုးမှုပဲခေါ်ရမလား ခိုးမြှုပ်ပဲ ခေါ်ရမလား မသိတဲ့အမှုကြီးတစ်ခု ဖြစ်တယ်။ အခမ်းအနား ကေရီဆောင်းတဲ့ မကိုင့်ရဲ့အဖိုးတန် ပုလဲနဲ့ ကျောက်တွေဟာ အခမ်းအနားပြီးလို့ မကြာခင်ပဲ အတုတွေနဲ့ လဲပြီးသား ဖြစ်နေတယ်။

ကျွန်တော့်ဆရာတွေ ပြောလို့သိရတာက ကျိုန်င်နန်းတွင်းမှာ ကမ္ဘာကျော် အဖိုးတန်ရတနာတွေ၊ ပန်းချီကား၊ လက်ရေးကားနဲ့ ရှေးပစ္စည်းတွေ အဆမတန် ပေါများတယ်။ ရှေးပစ္စည်းဖြစ်လို့ တန်ဖိုးတက်တာကို အပထားပြီး ရွှေချိန်သက်လားတဲ့ တန်ဖိုးကိုပဲ ပြောတော့။ အင်မတန် အဖိုးတန်တယ်ဆိုတဲ့ ပစ္စည်းမျိုးလည်း အများကြီးရှိနေတယ်။ အဲဒါတွေကို နိုင်ငံခြားသား စစ်သည်တွေက ၁၈၆၀ နဲ့ ၁၉၀၀ပြည့်က ဝင်ပြီးလုယက်ယူသွားတာ ခံလိုက်ရပြီးမှတောင် အများအစား ကျန်သေးတယ်။ စာရင်းမှတ်တမ်းရှိတဲ့ပစ္စည်းနဲ့ မှတ်တမ်းမရှိတဲ့ပစ္စည်းရယ်လို့လည်း ကွဲပြားနေသေးတယ်။ စာရင်းရှိဦးတော့။ ဘယ်သူကမှ မစစ်တော့ အဲဒီဟာတွေ ရှိသေးရဲ့လားလို့ မသိနိုင်ဘူး။ အဲဒီတော့ ခိုးလို့တယ်လွယ်တယ်။

အခုနေပြန်ကြည့်ရင် အကုန်ဝိုင်းခိုးနေကြတယ်လို့ပဲ ပြောရမယ်။ ထိပ်ဆုံးက ရာထူးအကြီးဆုံးလူကနေပြီး အောက်ဆုံး အညံ့ဆုံးလူအထိ သူခိုးစာရင်း အဝင်အပါဖြစ်တယ်လို့ဆိုရင် မလွန်ပါဘူး။ အခွင့်သာရင် ခိုးကြတာပဲ။ ခိုးနည်းကလည်း မျိုးစုံတယ်။ တချို့က သော့တုနဲ့ဖွင့်ပြီး တိတ်တိတ်ခိုးတယ်။ တချို့က လူမြင်သူမြင် ဥပဒေတွင်း အကြောင်းတစ်ခုခုပြပြီး ပစ္စည်းကို နန်းတွင်းက ထုတ်သွားပြီး အမေ့ခံထားလိုက်တယ်။ တိတ်တိတ်ဖွင့်ယူတဲ့နည်းကို သင်းကွပ်တွေ အသုံးများပါတယ်။ အရာရှိတွေက ဒုတိယနည်းကို သုံးတယ်ပေါ့။ လေ့လာချင်လို့ ခဏငှားပါ ပြောတယ်။ ဒါလေးတော့ ဆုချပါလို့လည်း တောင်းတယ်။ ပြီးတော့ ပေါင်နှံထားမယ်။ ရောင်းစားမယ်။ အထက်တန်းအကျဆုံးကတော့ ကျွန်တော်နဲ့ ပုကျိအလုပ်တဲ့နည်းပါပဲ။ ဟိုတုန်းက ငါလည်းသူခိုးပဲလို့ မယူဆပါဘူး။ ငါ့ပစ္စည်းကို ငါယူတယ်။ သူတို့က ဘာပြုလို့ယူသလဲမေးနေရင် ငါလုပ်ချင်တာ ပေါ်သွားမှာစိုးလို့ လူသိမခံတာလို့ပဲ သဘောထားတယ်။ ငါ့ပစ္စည်းကို ဒင်းတို့တွေ ယူတာက မခိုးတာလို့ ယူဆခဲ့ပါတယ်။

ကျွန်တော် တစ်ဆယ့်ခုနစ်နှစ်သားရောက်တော့စိတ်ထဲမှာ စပ်စုချင်တဲ့စိတ် ပေါ်လာပြီး ပျော်မွေ့ဖွယ်ပြည့်စုံပြီး နန်းမ(ကျိအင်ဖုကုန်င်) ပစ္စည်းသိုလှောင်ခန်းကို ဖွင့်ခိုင်းကြည့်တယ်။ တံခါးကို စက္ကူတွေနဲ့ အထပ်ထပ်ကပ်ပြီး ပိတ်ထားလို့ နှစ်ပေါင်းလေးငါးဆယ် မဖွင့်ဘဲ ထားခဲ့တဲ့နေရာလို့ထင်ရတယ်။ အထဲမှာ သေတ္တာကြီးတွေစီလို့ စုလာတဲ့ အဖိုးတန် ရှေးပစ္စည်းတွေဖြစ်ပြီး သူ နတ်ရွာစံကတည်းက ဘယ်သူမှ မသုံးဘဲ သိမ်းထားတဲ့နေရာလို့လည်း ဆိုတယ်။ ကျွန်တော်လည်း ဖွင့်ကြည့်ပြီးသမျှထဲက ကြိုက်သလောက် သယ်ထုတ်ခိုင်းတယ်။ မကြည့်ရသေးတာ အများကြီး။ ဒီအဖိုးတန်တွေ အခိုးမခံရအောင် ဘယ်လိုထိန်းသိမ်းမလဲဆိုတဲ့ပြဿနာကို

ကျွန်တော် စဉ်းစားနေပါတယ်။

ပြွန်စတန်က သူနေတဲ့ ဘိအန်မဲန်လမ်းမှာ ရှေးပစ္စည်းဆိုင်သစ်တွေ (မကြာခင်ကမှ ဖွင့်တာကို ဆိုလိုတယ်)ရှိတယ်။ တချို့က သင်းကွပ်တွေပိုင်တဲ့ဆိုင်၊ တချို့က နန်းထိန်းဌာနအရာရှိထဲက အမျိုးအဆွေတွေကို ဖွင့်ခိုင်းထားတဲ့ဆိုင်လို့ သိရတယ်တဲ့။ ကျွန်တော့်ဆရာတွေကလည်း နန်းပစ္စည်း သူခိုးတွေကို တစ်နည်းနည်း သုတ်သင်ဖို့သင့်ပြီလို့ သဘောပေါက်လာကြတယ်။ သူတို့အကြံဉာဏ်အတိုင်း စာရင်းမှတ်တမ်းယူကြစို့လို့ ဆုံးဖြတ်ကြပါတယ်။ ဒီအခါမှာ ပြဿနာ စပေါ်တော့တာပဲ။

ပထမလက်တွေ့က ခိုးမှုပိုဖြစ်လာတယ်။ ယုကျိနိင်နန်းပစ္စည်းခန်းသော့ကို ရိုက်ချိုးပြီးခိုးတယ်။ တိမ်မဲ့ကောင်းကင်နန်းတံခါး အချိုးခံရတယ်။ အခြေအနေ ဘယ်လောက်ဆိုးလာသလဲဆိုရင် ကျွန်တော့် နောက်ဆုံးဝယ်ထားတဲ့စိန်ကြီးလည်း ပျောက်သွားတယ်။ မယ်တော်ကြီးတွေက အုပ်ချုပ်ရေးဌာနကို စစ်ဆေးခိုင်းတယ်။ ဒီ သိုလှောင်ခန်းတွေအတွက် တာဝန်ရှိတဲ့သင်းကွပ်တွေကို အကြမ်းနည်းအနုနည်းမျိုးစုံနဲ့ စစ်ပါတယ်။ မပေါ်ဘူး။ ဒီမှာတင် ဇာတ်လမ်းမဆုံးပါ။ ပျော်မွေ့ဖွယ်ပြည့်စုံပြီး နန်းမပစ္စည်းတွေကို စစ်ပြီး စာရင်းတင်ဆဲ ၁၉၂၃ ခု ဇွန်လ ၂၇ ရက်နေ့ညမှာ အဲဒီ နန်းမကို မီးလောင်ပြီးပစ္စည်းအားလုံးဆုံးပါတယ်။

မီးလောင်တဲ့အခါမှာလည်း အီတလီသံရုံးက မြင်လို့ မီးသတ်စက်လွှတ်လိုက်တယ်။ မီးသတ်စက်တွေ နန်းဝရောက်တော့ အစောင့်က ဘာလို့လာသလဲ မေးနေသေးတယ်။ ဒီတော့ မီးကြီးမှ မီးသတ်ရတဲ့ အခြေအနေဖြစ်သွားပြီး တစ်ညလုံး သတ်မှနိုင်တယ်။ အဲဒီနန်းမပတ်လည်ကတော့ တလင်းဖြစ်သွားတာပေါ့။ အဲဒီ ပတ်လည် အဆောက်အအုံတွေဟာ သိုလှောင်ခန်းတွေချည်းပဲ။ မီးလောင်လို့ တကယ် ဆုံးတာ ဘယ်လောက်ရှိမလဲ။ အခုထိ မသိရပါ။ နန်းထိန်းဌာနကြေညာချက်မှာ မီးလောင်တဲ့ အထဲမှာ ရွှေဆင်းတု ၂၆၆၅ဆူ၊ ပန်းချီကား ၁၁၅၇ ကား၊ ရှေးပစ္စည်း ၄၃၅ ခုနဲ့ ရှေးစာအုပ် ထောင်သောင်းများစွာ ပါဝင်တယ်လို့ဆိုတယ်။ သူတို့ အဲဒီ စာရင်းကို ဘယ်ကရသလဲလို့လည်း ကျွန်တော်မသိဘူး။

မီးကို ကူညီငြိမ်းသတ်ဖို့ နိုင်ငံခြားသားရော တရုတ်ပါ အများကြီး နန်းတွင်းကို ဝင်လာကြတယ်။ မီးသတ်ဖို့ပဲလား လစ်သလောက် ဝင်ဆွဲဖို့ပဲလား။ ဘာကြောင့်ပဲဖြစ်ဖြစ် လာကူရှာတယ်လို့ ကျေးဇူးတင်လိုက်ရသေးတယ်။ နိုင်ငံခြား အမျိုးသမီးတစ်ယောက်ဟာ သူလည်းမီးလာသတ်တယ်တဲ့။ မီးသတ်ရင်း တရုတ် အလုပ်သမားတစ်ယောက်နဲ့ ရန်ဖြစ်တယ်။ သူက ယပ်တောင်နဲ့ရိုက်လို့ ယပ်မှာ သွေးစွန်းသွားတယ်ဆိုပြီး ပြလာတယ်။ အဲဒီယပ်မှာ ကျေးဇူးတင်ကြောင်း ကဗျာတစ်ပုဒ် စပ်ပြီး ကျွန်တော် ရေးပေးလိုက်ရပါသေးတယ်။

မီးလောင်ပြီးတဲ့ပြာပုံကိုကြည့်ပြီး အပျက်အစီး အဆုံးအရှုံးကို အသင့်အတင့် မှန်းရင်ရကောင်းတယ်။ အရည်ပျော်ပြီး အခဲဖြစ်သွားတဲ့ ရွှေခဲ ငွေခဲလည်းရမယ်ပေါ့။

ရှေးကြွေထည်တွေဆိုရင်လည်း အကွဲတွေ့ရမယ်။ ပန်းချီကားတွေ အများကြီးမို့ ပန်းချီကားနဲ့ ပတ်သက်တဲ့မှတ်မိလောက်တဲ့ အစအန ကျန်ရမယ်။ ကြွေထည်ကွဲနဲ့ အရုပ်ကား အစအနလုံးဝမတွေ့ရဘူး။ ရွှေခဲငွေခဲတော့ရပါတယ်။ အခု မီးလောင်သွားတဲ့နေရာကို ကျွန်တော်အသုံးချဖို့ အသင့်ပဲ။ ဂျွန်စတန်က အင်္ဂလိပ်အထက်တန်းစားတွေ တင်းနစ်ကစားတယ်ပြောကတည်းက ကျွန်တော် တင်းနစ်ကစားချင်နေတာ။ ဒီမီးလောင်ကွင်းကို အမြန်ဆုံး ရှင်းလိုက်လို့ နန်းထိန်းဌာနကို အမိန့်ပေးလိုက်ပါတယ်။ ဌာနက ရွှေကုန်သည်တွေကို အကြောင်းကြားလိုက်တယ်။ ကုန်သည်တစ်ဦးနဲ့ ဈေးတည့်လို့ ဒေါ်လာ ၅၀၀၀၀၀ နဲ့ ဒီအကွက်က ပြာကို ဝယ်ပါတယ်။ ရွှေချိန်တေးလ် ၁၇၀၀၀ ရသတဲ့။ သူတို့ထားခဲ့တဲ့အမှိုက်ကို အထုတ်ထုတ်ပြီး အရာရှိတွေဝေယူတယ်။ အရာရှိတစ်ဦးက နောက်မှပြောပြလို့ သိရတာက ဘုရားကျောင်း (ယုန်ဟောကုန်ကျောင်းနဲ့ သစ်ရာမြိုင်ကျောင်း) တွေမှာ သူ့ဦးလေးလှူလိုက်တဲ့ အမြင့်တစ်ပေ အကျယ်ရှိတဲ့ ရွှေခုံတွေဟာ ဒီပြာအိတ်တွေထဲက ရတဲ့ရွှေနဲ့ လုပ်တာပါတဲ့။

မီးကြောင့် ဘယ်လောက်ပျက်စီးသွားတယ်ဆိုတာ မသိနိုင်သလိုပဲ ဘာကြောင့် မီးလောင်တယ်ဆိုတာလည်း စုံစမ်းလို့မပေါ်ဘူး။ သူခိုးတွေ လက်စဖျောက်လုပ်တဲ့ ရှို့မီးလို့ပဲ ကျွန်တော်ဆုံးဖြတ်တယ်။ နောက်လေးငါးရက်ကြာတော့ စိတ်ငြိမ်နန်းမအရှေ့ပိုင်းအတွင်းဘက် မပျင်းစာကြည့်ဆောင် ပြတင်းအထက်နားကစပြီး မီးလောင်သေးတယ်။ ဒီတစ်ခါတော့ လူသိဦးလို့ ရေနံဆီဝနေတဲ့အဝတ်ခွေကို ရလိုက်ပါတယ်။ ပိုပြီး မသင်္ကာဖြစ်လာပါတယ်။ ဒီတစ်ခါတော့ ကျွန်တော့်ကိုသတ်ဖို့ လုပ်တာပဲဖြစ်မယ်။

သူခိုးတွေ လက်ရာပျောက်အောင် မီးတိုက်တာပဲဆိုတာ ကျွန်တော့် ဆရာတွေကတောင် ကျွန်တော်မသိအောင် ဖုံးမရတဲ့ကိစ္စ ဖြစ်နေပါပြီ။ ငါ့ကို သေကြောင်းကြံတာပဲဆိုတာကတော့ ကျွန်တော် အကြောက်လွန်ပြီး တွေးတာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော့်ရဲ့ မယုံကြည်တတ်တဲ့စိတ်ဟာ သိပ်နိုးကြားနေပြီလို့ ဆိုရမယ်။ ကျိန်ငမင်းဆက် လေ့တစ်ခုက ကေရာဖ်ဟာ ညအိပ်ရာဝင်မှာ အိမ်မပျော်ခင် ရှေးမင်းတွေရဲ့ မှာစကားကို စာမျက်နှာဖတ်လေ့ရှိပါတယ်။ ကေရာဖ်ယုန်ငကျဲန်င် (၁၇၂၃–၃၅)ရဲ့ သတိဝီရိယထားဖို့ နိုးဆော်ချက်တွေကိုဖတ်ပြီး သူတို့ အမှာစကားကို အင်မတန်ကျေးဇူးတင်နေမိပါတယ်။ သူနဲ့ ကန်င်ယှီ (၁၆၆၂–၁၇၂၂)ကပါ ဘယ်သူ့ကိုမှ သိပ်မယုံနဲ့။ အထူးသဖြင့် သင်းကွပ်တွေကို မယုံနဲ့လို့ မှာပါတယ်။ အခု မီးလောင်တော့ သူတို့အမှာစကားဟာ ပိုပြီးမှန်နေတော့တယ်။

ယုန်ငကျဲန်င်ရဲ့အမှာစကားက "အသေအချာ စစ်ဆေးပြီးမှ ရှင်းလင်းရမယ်"တဲ့။ ဒီတော့ ကျွန်တော် နည်းနှစ်နည်းတွေးလို့ရတယ်။ တစ်နည်းက လက်ပါးစေ သင်းကွပ်တွေထဲက အငယ်ကောင်တွေကို မေးဖို့နဲ့ နောက်တစ်နည်းက သင်းကွပ်တွေ စကားပြောတုန်း ချောင်းနားထောင်ဖို့ပါပဲ။ သူတို့နေတဲ့ နေရာကပ်ပြီး

ပြတင်းတံခါးအပြင်က နားထောင်တဲ့အခါ ကျွန်တော်ဟာ တစ်ခါထက်တစ်ခါပိုပြီး စိတ်ကောင်းနည်းလာတယ်လို့ ပြောသံကြားပါတယ်။ မပျင်းစာကြည့်ဆောင်မှာ မီးတွေ့တဲ့နေ့က ချောင်းနားထောင်ပြန်တော့ မီးရှို့တဲ့လူဟာ ကျွန်တော်ပဲလို့ ပြောနေကြတာကို ကြားရပြန်တယ်။ သူတို့ကို စိတ်မချရတာ သေချာတဲ့အပြင် ကျွန်တော်က လက်ဦးမှလို့လည်း နားလည်ပါတယ်။

ဒီအတွင်းမှာပဲ သေကြောင်းကြံတဲ့အမှုတစ်မှု ပေါ်လာပါတယ်။ အမှားတစ်ခု လုပ်တယ်ဆိုတာပေါ်လို့ သင်းကွပ်တစ်ယောက်ကို သင်းကွပ်ချုပ်က ရိုက်ဆုံးမတယ်။ အမှားလုပ်တာကို သွားတိုင်တဲ့သင်းကွပ်ကို အပြစ်ခံရတဲ့သင်းကွပ်က ငြိုးထားပြီး အိပ်နေတုန်း ထုံးနဲ့မျက်နှာကိုပက်ပြီး ဓားနဲ့ထိုးပါတယ်။ ထုံးနဲ့ပက်တာကတော့ မျက်လုံးပွတ်နေရလို့ ရန်မကာကွယ်နိုင်အောင်လို့ စီမံတာပေါ့။ ရာဇဝတ်ကောင်ကို ခုအထိ ဖမ်းမမိဘူး။

ဒါနဲ့ဆက်ပြီး ကျွန်တော်အမိန့်ပေးလို့ အရိုက်ခံရတဲ့သင်းကွပ်တွေအကြောင်း တွေးမိတယ်။ သူတို့လည်း ဒီလိုပဲ တစ်နေ့နေ့ ကျွန်တော့်ကို လာပြီး လက်စားချေလိမ့်မယ်လို့ တွေးမိပြီး မအိပ်ဝံ့အောင် စိတ်ချောက်ချားလာတယ်။ အိပ်ဖန်စောင့် သင်းကွပ်တွေ နန်းကြမ်းပြင်အပြည့်ရှိတယ်။ ဒီအထဲက တစ်ကောင်ကောင်ဟာ ကျွန်တော့်ကို သတ်ချင်ရင် လွယ်တယ်လို့ တွေးမိတယ်။ ယုံကြည်ရတဲ့လူတစ်ယောက်ကို အစောင့်ချချင်တယ်။ ကေရိကလွဲလို့ တခြားမမြင်ဘူး။ ဒီတော့ အိပ်ရာဘေးမှာ တုတ်တစ်ချောင်းထားပြီး မယားဝန်ရုန်ငိကို ညမအိပ်ဘဲ အစောင့်ချတယ်။ ရက်ကြာတော့ သနားလာတယ်။ ဒီတော့မှ ဒီအကောင်တွေအားလုံး နန်းတော်ထဲက နှင်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒီကိစ္စဟာလည်း မလွယ်ဘူး။ အနည်းဆုံး အဖေနဲ့စစ်ခင်းရမှာ သေချာတယ်။ ဒီတော့ သူ့ကို ကျွန်တော် အရင်သွားတွေ့မှဖြစ်မယ်။ ပြဿနာကို ကြိုပြီး မသိထားတဲ့ ကျွန်တော့်ဆရာတွေနဲ့ နန်းထိန်းဌာနအရာရှိတွေက ပြောစရာစကား သူ့ကို သင်မထားရသေးတော့ သူ့ဘာမှမပြောတတ်ဘူး။ ဒါပေမယ့် မရေမရာ ဟိုပြော ဒီပြောနဲ့ အချုပ်က ကန့်ကွက်ပါတယ်။ အဘိုးအဘေးအားလုံး သင်းကွပ်တွေ ခိုင်းလာတာပဲတဲ့။ ခုလို အမြဲအတူနေလာကြတာ သစ္စာဖောက်မှာ မဟုတ်ပါဘူးတဲ့။ လှည့်ပတ်ပြောမရတဲ့အဆုံးရက်နည်းနည်းယူပြီး ထပ်စဉ်းစားပါဦးတဲ့။ အဖေသဘော မတူရင် ကျွန်တော်နန်းတော်ထဲ ပြန်မသွားတော့ဘူးလို့ ပြောလိုက်ပါတယ်။

သူ့စိတ်ထဲမှာ အဖြေရှာမရနိုင်လို့ ထရမလို ထိုင်ရမလို ဖြစ်နေတယ်။ ခေါင်းကုတ်ရင်း ပတ်ချာလှည့်လျှောက်ရင်းက အင်္ကျီလက်ဖျားနဲ့ စားပွဲပေါ်က လင်မနစ်ပုလင်းကို တိုက်ချပါတယ်။ သူ့ကိုကြည့်ပြီး ကျွန်တော် တခိခိ ရယ်မိတယ်။ တကယ် မပြန်ဘူးဆိုတာ ထင်ရှားအောင် စာတစ်အုပ် ထိုင်ဖတ်နေပါတယ်။

နောက်ဆုံး သဘောတူပြီး မယ်တော်ကြီးတွေရဲ့ လက်စွဲမရှိမဖြစ် တချို့

ကလွဲလို့ သင်းကွပ်တွေအားလုံး နန်းတော်ထဲက နှင်လိုက်ပါတယ်။

## နန်းထိန်းဌာနကို ပြန်စည်းရုံး

သင်းကွပ်တွေနှင်ပစ်တာကို ပရိသတ်ကြိုက်တယ်။ ဂျွန်စတန်ရဲ့ ညွှန်ကြားချက်အတိုင်း ဆက်ပြီး နန်းထိန်းဌာနကို ပြုပြင်ဖို့ ရှိပါသေးတယ်။ ဒီဌာနဟာ ရှေးရှေးကပဲ ငွေညစ်တယ်။ လာဘ်ယူတယ်လို့ ကျော်စောပါတယ်။ ဒီဌာနမှာ အလုပ်လုပ်ဖူးတဲ့လူတစ်ယောက်က ဒီဌာနကို ဦးစီးတဲ့ မန်ကျူးတွေဟာ စာပေကဏ္ဍ လေ့လာရေးကို အထင်သေးပြီး လာဘ်ယူ၊ ငွေညစ်တာကိုတော့ ဧကရာဇ်ကပဲ ခွင့်ပြုထားတယ်လို့ ယူဆကြတာကို တွေ့ရတယ်လို့ ပြောပြပါတယ်။

ကိုယ်ကျိုးကိုယ်စီးပွားအတွက် ငွေယူပုံသာဓက နှစ်ခုလောက်ပဲ ပြပါမယ်။ ထောက်ထားငဲ့ညှာရေးစာချုပ်အရ သမ္မတအစိုးရက တစ်နှစ်ကို ဒေါ်လာလေးသန်းပေးမယ်ပြောတယ်။ အပြည့်ရလည်း မလောက်ဘူး။ ကျွန်တော် နန်းတော်က ထွက်သွားပြီး ၁၉၂၄ ခု စာရင်းအရ ဌာနက ရွှေငွေ ရှေးပစ္စည်းတွေ ပေါင်နှံပြီး ငွေရှာတာ ဒေါ်လာ ငါးသန်းရတယ်။ အားလုံး အကုန်သုံးတယ်။ အဲဒါက ပထမသာဓကပါ။ နောက် သာဓကကတော့ ကျွန်တော့်ယောက္ခမ ရုန်ငယ့်ကတစ်ဆင့် ရွှေငွေတွေ အများကြီး ပေါင်တယ်။ တန်ဖိုးထက်အများကြီး လျှော့ပြီး ပေါင်ရတယ်ဆိုတာ အတိအကျသိလိုက်ရပါတယ်။

ကျွန်တော်နန်းတော်ထဲမှာ နေစဉ်က သူတို့မရိုးသားမှန်းသိပေမယ့် အခု လောက် မသိဘူးပေါ့။ ဒါပေမယ့် တစ်ခါက နှစ်စဉ်သုံးငွေစာရင်းဟာ အဖြုန်းဆုံး အသုံးဆုံးဆိုတဲ့ ဧကရီမယ်တော်ကြီး ချီယှီလက်ထက်က တစ်နှစ်သုံးငွေထက်များနေတာကို သတိပြုမိပါတယ်။ ဘဏ္ဍာရေးအခြေအနေကို စနစ်တကျ သိအောင်လုပ်ရမယ်လို့ ကျွန်တော်အမိန့်ပေးလို့ နန်းထိန်းဌာနက "ယုအန်တုန်နန်းစံ ၇ နှစ်(၁၉၁၅)နဲ့ ယခင်သုံးနှစ် အသုံးစာရင်းနှိုင်းယှဉ်ချက်"တစ်ခု လုပ်ပါတယ်။ မင်းသားနဲ့ အရာရှိလခအပါအဝင် ၁၉၁၅ ခုက ကုန်ငွေဟာ တေလ်၂၆၄၀,၀၀၀၊ ၁၉၁၉ခုမှာ တေလ် ၂၃၈၀,၀၀၀၊ ၁၉၂၀ ပြည့်မှာ ၁၈၉၀,၀၀၀ နဲ့ ၁၉၂၁ ခုမှာ ၁၇၁,၀၀၀ ဖြစ်ပါတယ်။ ချီယှီလက်ထက်အစက တစ်နှစ်ကို ၃၀၀၀,၀၀၀သာ ကုန်တယ်။ သူ့အသက် ၇၀ ပြည့်ပွဲလုပ်တဲ့နှစ်ကမှ ၇၀၀,၀၀၀ပဲ ကုန်ပါတယ်။ ကျွန်တော့်ထက်ညံ့တဲ့ ဂဏန်း သမားတောင် အံ့ဩပါလိမ့်မယ်။ သတင်းစာတွေထဲက အတင်းအဖျင်း ပြောခန်းတွေမှာတော့ မင်းမျိုးသူကောင်းမျိုးနဲ့ အရာရှိတွေ အတွင်းပစ္စည်းကျန်သမျှ ထုခွဲရောင်းချပြီး မသေရုံစားသောက်နေရတယ်။ မင်းသားတစ်ပါး မြို့တံခါးအဝင်မှာ ဝေ်လို့ လဲသေနေတယ်။ မင်းသမီးတွေ သူကောင်းမတွေ ဖာဖြစ်နေတယ်နဲ့ ရေးတာကို ကျွန်တော် ဖတ်ရပါတယ်။ တကယ်ကတော့ နန်းထိန်းအရာရှိတွေဟာ ရှေးပစ္စည်း

ဆိုင်၊ အပေါင်ဆိုင်၊ ဘဏ်တိုက်၊ အဆောက်အဦ ကန်ထရိုက်တွေ ထူထောင်ပြီး သိပ်ကြီးပွားနေပါတယ်။ ကျွန်တော့်ဆရာတွေဟာ ကျွန်တော် တယ်လီဖုန်း လိုချင်တယ်၊ ကားဝယ်ချင်တယ်ဆိုတာသာ ကန့်ကွက်တာ။ နန်းထိန်းအရာရှိတွေ အပြင်မှာ ဆိုင်ဖွင့်တာတော့ မကြိုက်ကြဘူး။ မန်ကျူးစာသင်ပေးတဲ့ဆရာ ယိကောထန်ဟာ ၁၉၂၁ ခု မသေခင်က နန်းထိန်းဌာနဆိုးယုတ်တာကို ဆရာကျဲန်ပဝ်ရဲ့န်သိရက်နဲ့ ကျွန်တော့်ကို မပြောပြတာဟာ သစ္စာဖောက်တာလို့ စွပ်စွဲပြီးတော့ ဒါ့ကြောင့် သူ့ကို ဆရာချုပ်ရာထူးမပေးရလို့ ကန့်ကွက်ခဲ့ပါတယ်။ ဂျွန်စတန်က ဒီဌာနကို သွေးစုတ်ကောင်လို့ သဘောထားတယ်။ အဲဒါကို သုတ်သင်ဖို့ ကျွန်တော့်တာဝန်ပါပဲ။

ဂျွန်စတန်က နန်းထိန်းဌာနရယ် မင်းသားတွေရဲ့ ဘဏ္ဍာစိုးတွေရယ် သိပ်ချမ်းသာတယ်။ သူတို့သခင်တွေကတော့ ဘာမှမသိဘူး။ သူတို့ကိုပဲ ရှာဖွေကျွေးတယ်ဆိုပြီး ကျေးဇူးတင်နေတယ်။ နန်းပြန်ရပြီး တိုင်းပြည်ကြီး ပြန်အုပ်ချုပ်ဖို့ကို ထားပါဦး။ ဘဏ္ဍာစိုးတွေကိုမှ နေရာတကျ မထိန်းနိုင်ရင် သိပ်မကြာဘူး မင်းသားတွေဟာ ခရုဆံကျွတ်ဖြစ်တော့မယ်လို့ ဂျွန်စတန်က ဆက်ပြောပါတယ်။

နန်းထိန်းဌာနရဲ့ ကြွေးကြော်သံက အခုအတိုင်း ကောင်းတယ်ဆိုတဲ့ ကြွေးကြော်သံ ဖြစ်နေပါတယ်။ ပြုပြင်မယ်ဆိုရင် ကိစ္စသေးသေးကြီးကြီး သူတို့နဲ့ စစ်ပွဲခင်းရမှာပါပဲ။ ရှုံးဖို့လည်း သေချာတယ်လို့ သူက ဆက်ပြောပါတယ်။ ပိုပြီး ရှင်းစေလိုတဲ့သဘောနဲ့ နောက်ဆုံးမှတ်ချက်ကို ဂျွန်စတန်က အင်္ဂလိပ်လို ပြောပါတယ်။

ကျွန်တော့်လက်ထပ်ပွဲတုန်းက လာကြတဲ့ ကျိန်င်အရာရှိဟောင်းတွေထဲက စိတ်အချရဆုံးလို့ထင်တဲ့ လူအချို့ကို ရွေးထားတယ်။ သူတို့ကလည်း သူတို့ယုံတဲ့လူတစ်ချို့ကို ထပ်ရွေးတယ်။ ဒါနဲ့ ကျစ်ဆံမြီးတစ်ကျိပ်ကျော် စုမိပါတယ်။ သူတို့အထဲမှာ အရေးပါသူတွေကတော့ ကျဲန်ယိုပ်ယု၊ ယောကျဲန်ယု၊ ဝေါင်ကောဝေနဲ့ ရှန်င်ယဲ့န်ယိင်တို့ပါပဲ။ သူတို့ကို စာကြည့်တော်နဲ့ ကျိုးစားတော်ဆိုတဲ့ ဘွဲ့တွေ ပေးထားတယ်။ နန်းထိန်းဌာနမှာလည်း အော်လံတော်ကိုင် ကျွန်တော့်ယောက္ခမ ရုန်င်ယွန်နဲ့မောင်ဂို ကျိန်လျန်(အရင်က စစ်ဘုရင်ငယ် ကျန်င်ယဲ့လျန်ရဲ့ဆရာ)တို့ကို အကြီးအချုပ် ခန့်လိုက်တယ်။

သူတို့က ကျွန်တော်ဘယ်လိုလုပ်ရမယ်ဆိုတာ နည်းပေးသွန်သင်ပါတယ်။ ကျိန်လျန်က သူ့ကို ခေါ်မယူခင် နှစ်လလောက်ကပဲ (ယုအန်ကုန်င်နန်းစံ ၁၆ နှစ် ပထမလ ၁၉၂၄ခု) စာတစ်စောင် ရေးဖူးပါတယ်။ စာထဲမှာ နန်းပြန်ရရေးလုပ်တဲ့အခါ အရေးအကြီးဆုံးထားပြီး အချက်နှစ်ချက်ကို အရင်လုပ်ပါတဲ့။ ပထမအချက်ကတော့ နန်းတွင်းမှာ လုံခြုံရေး တကယ်ရှိအောင်လုပ်ပါ။ ဒုတိယပစ္စည်းတွေ မယိုဖိတ်အောင် စိစစ်ပြီးထိန်းပါ။ ဒါမှ အရေးကြီးတဲ့အခါ ငွေရမယ်။ ဒီနှစ်ချက်ကို

လုပ်ဖို့ အသေးစိတ် အစီအစဉ်ကိုဆက်ပြီး ပြောတဲ့အထဲမှာ နန်းထိန်းဌာနကို ဘယ်လို ပြုပြင်ရမယ်ဆိုတာ ပါပါတယ်။ သူ့နည်းကို ကျွန်တော် သဘောကျလက်ခံတယ်။

အတော်အ,တယ်လို့ ယူဆတဲ့ ကျိုန်င်အရာရှိဟောင်း အများစုကတောင် ပြုပြင်ရေးလုပ်မယ်ဆိုတာ သဘောတူပါတယ်။ ဒါပေမယ့် ကျဲန်ပဝ်ရှဲ့နဲ့ခေါင်းဆောင်တဲ့အဖွဲ့က ဒါမဖြစ်နိုင်ဘူးလို့ ခေါင်းခါနေတယ်။ ဘာပြုလို့လဲဆိုတော့ ရောဂါကျွမ်းပြီ။ ဆေးကုလို့မရတဲ့။ အရင်မင်းဆက်တွေ လက်ထက်ကပဲ ဒါမျိုးလုပ်ဖူးပါတယ်။ အောင်မြင်တယ်လို့ မရှိဘူးတဲ့။ ပြုပြင်ပြီး ပြန်ဖွဲ့စည်းမယ်ဆိုကတည်းက ဒုက္ခကိုဖိတ်ခေါ်ရာရောက်တယ်လို့ ယူဆကြတယ်။

လက်ထပ်ပွဲပြီးမကြာခင်ပဲ ဂျွန်စတန်တိုက်တွန်းတာနဲ့ ပြုပြင်ရေးစတယ်။ ပထမ ကိုယ့်ပစ္စည်းကို စနစ်တကျ ထိန်းသိမ်းဖို့စတယ်။ မစွန်ဘူး။ ငါငယ်သေးလို့လို့ထင်တယ်။ အခု နည်းနည်းပိုကြီးလာပြီ။ ကူညီမယ့်လူတွေလည်း ရပြီ။ အားရှိလာတယ်။ ဒီကိစ္စလုပ်ဖို့ ကျဲန်င်ယိုဝ်ယုကို တာဝန်ပေးလိုက်တယ်။

ကျဲန်င်ယိုဝ်ယုဟာ ကျဲန်ပဝ်ရှဲ့နဲ့ တစ်နယ်သားတည်းဖြစ်တယ်။ ဂျပန်မှာ သံမှူးဖြစ်နဲ့ ကျိုန်င်လက်အောက် အမှုထမ်းဖူးတယ်။ ကွမ်စီနယ်စပ် မင်းကြီးလည်း လုပ်ဖူးတယ်။ ကျဲန်ပဝ်ရှဲ့နဲ့ ဂျွန်စတန် နှစ်ယောက်စလုံးက သူ့စွမ်းရည်ကို ထောက်ခံတယ်။ ဂျွန်စတန်ကဆိုရင် သူတရုတ်နိုင်ငံမှာ အနှစ်နှစ်ဆယ်တိတိ နေခဲ့တဲ့ သက်တမ်းမှာ ကျဲန်င်လောက် ပညာ၊ အကျင့်၊ အစွမ်းရှိတဲ့လူကို မတွေ့ဖူးဘူးလို့ဆိုတယ်။ သမ္မတအစိုးရမှာ ဝင်ပြီး အမှုမထမ်းဘဲ လက်ရေးလှချိတ် စာဆွဲစာရေးစားနေတယ်လို့လည်း ကျွန်တော် ကြားရဖူးတယ်။ ဒါကြောင့် ကျွန်တော့်အပေါ်မှာ အင်မတန် သစ္စာရှိမယ်လို့ ယူဆပါတယ်။

ကျဲန်ယိုဝ်ယုကို ကျိုးစားတော်ဆိုတဲ့ဘွဲ့ပေးပြီးတဲ့နောက်ပိုင်းမှာ သူဟာ ကျွန်တော့်ဆီကို ခဏခဏ လာပြီး နန်းပြန်ရရေး ဆွေးနွေးတယ်။ ဒီအရေးမှာ နန်းထိန်းဌာနကို ပြုပြင်ဖို့ အရင်စရမယ်။ ဒီလို စရင် ဘာတွေ ဘာတွေလုပ်မယ်နဲ့ အင်မတန် အားတက်သရောရှိတယ်။ ဌာနစိတ်လေးခုလောက်ပဲ ချန်ထားရင် နန်းထိန်းအလုပ်ကို လုပ်နိုင်ပါတယ်။ ကျန်တဲ့ဌာနနဲ့ အရာရှိတွေ ဖြုတ်ပစ်ရင် ပိုက်ဆံကုန်လည်း သိပ်သက်သာသွားမယ်တဲ့။ ငွေယိုဖိတ်နေတာလည်း ရပ်သွားမယ်။ သူဟာ ဟန်အမျိုးသားဖြစ်တယ်။ မန်ကျူးမဟုတ်ဘူး။ ဒါပေမယ့် အစဉ်အလာကို ဖျက်ပြီး သူ့ကို နန်းထိန်းဌာနမှာ အုပ်ချုပ်ရေးမှူး ခန့်လိုက်တယ်။ သော့နဲ့တံဆိပ်ထိန်းတာဝန်လည်း ပေးလိုက်တယ်။ နန်းထိန်းဌာနမှာ အရေးပါတဲ့ အရာရှိကြီး ဖြစ်သွားပါတယ်။

နန်းတော်ကို အနှစ်နှစ်ရာကျော် စီမံလာခဲ့တဲ့ ဌာနဟာ ထင်သလို လွယ်လွယ်နဲ့ နှိမ်လို့ရမယ်မဟုတ်ဘူး။ ကျဲန်င်ယိုဝ်ယုလိုလူကို အာဏာကုန်ပေးပြီး ထားတာတောင် သုံးလပဲ ခံတယ်။

ဌာနက ဘယ်လိုလူက ဘယ်လိုလုပ်လို့ သူပြေးရတယ်ဆိုတာကို ကျွန်တော် ခုထိမသိဘူး။ ရုပ်ယိုင်လား၊ ဒီကောင်က ကြောက်တတ်တဲ့နေရာမှာ နာမည်ကြီး။ ဟုတ်မယ်မထင်။ ကျိုလိင်များဖြစ်မလား သူလည်း အပြင်လူပါ။ နန်းတွင်းကိစ္စကို သိပ်စိတ်မဝင်စားပါဘူး။ အရာရှိကြီးထဲက တတိယဆင့် ပဝ်ယိုကလည်း လူသစ်။ ဒါလောက်ထိရောက် မြန်ဆန်အောင် လုပ်နိုင်မယ့်အင်အားမရှိနိုင်။ ဒါပေမယ့် လက်အောက်ကလူတွေဟာ တစ်နေရာက ညွှန်ကြားနေတာမရှိရင် ဒီလို အကြံဉာဏ်နဲ့ ဒီလိုလုပ်ရဲတဲ့သတ္တိ ဘယ်ကရမလဲ။

ရာထူးလက်ခံပြီးစ ကျဲနိုင်ယိုဝ်သူတွေ့ရတဲ့ ပြဿနာကတော့ ၁၉၁၁ တော်လှန်ရေးကစပြီး ဘာမှ မရှင်းမလင်းရသေးတဲ့အလုပ်စာရင်းဖိုင်တွဲတွေပါပဲ။ သူက သူ့မှာ အာဏာရှိတယ်ဆိုတာ ပြလိုတဲ့သဘောနဲ့ အရေးပါတဲ့နေရာက လူတစ်ယောက်ကို ဖြုတ်ပြီး သူ့မိတ်ဆွေ တုန်ကျိုယှုကို အဲဒီနေရာမှာ ခန့်လိုက်တယ်။ ဒီလူ မရှိတာနဲ့ နန်းထိန်းဌာနတစ်ခုလုံး ခြေလက်သေသွားတဲ့သဘောမျိုး ဖြစ်သွားတယ်။ ငွေလိုချင်တယ်ဆိုရင် ငွေမရှိတဲ့အကြောင်း စာရင်းအင်းနဲ့တကွပြတယ်။ ပစ္စည်းတစ်ခုတောင်းရင် ဘယ်သူမှ ဒီပစ္စည်း ဘယ်မှာရှိတယ်မသိဘူး။ မှတ်တမ်းထဲမှာလည်း အဲဒီပစ္စည်းဟာ အရင်ကတည်းက ပျောက်ဆုံးနေပါတယ်လို့ ရှိတယ်တဲ့။

လက်အောက်အမှုထမ်းတွေ ကျေနပ်အောင်ဆိုပြီး ကျဲနိုင်ဟာ အင်မတန်နိမ်ချတဲ့ပုံဆောင်ပြီး သူတို့ပြောသမျှ နားထောင်ပါတယ်။ သတင်းတိုင်း ဆွေးနွေးပွဲလုပ်ပြီး ဘယ်လိုဟာတွေ ပြုပြင်ရရင် ကောင်းမလဲလို့ အကြံဉာဏ်တောင်းတယ်။ ဒီတော့ နန်းတွင်းနတ်စင်တွေမှာ မုန့်တွေ နတ်တင်တာ ပိုက်ဆံကုန်တာပဲ။ စားတာလည်းမဟုတ်ဘူး။ ဒါကြောင့် သစ်သားတို့ ရွှံ့တို့နဲ့ မုန့်အတုလုပ်ပြီးတင်ပါလို့ အကြံဉာဏ်ပေးပါတယ်။ အဲဒီအတိုင်းလုပ်ဖို့ အမိန့်ထုတ်လိုက်ပြီး အကြံပေးသူကို ရာထူးတစ်ဆင့် တိုးပေးလိုက်ပါတယ်။ သင်းကွပ်တွေ နှင်ပြီးတယ်ဆိုပေမယ့်လည်း လက်ကျန်တစ်ရာလောက် ရှိသေးတော့ အဲဒီသင်းကွပ်တွေက ဒီနတ်စာမုန့်ဟာ သူတို့ကိုယ်ပိုင်လို့ ယူဆထားလေတော့ ကျဲနိုင်ကို ခါးခါးသီးသီး မုန်းကြတယ်။ ရာထူးလက်ခံပြီး ရက်တိုတိုမှာပဲ ကျဲနိုင်ဟာ လူဝင်ခက်နန်းမြို့မှာ အမုန်းခံရဆုံးလူ ဖြစ်လာပါတယ်။

လူတွေကို ငတ်ကုန်အောင်လုပ်တယ်။ မင်းသတိထား။ သေချင်သလားဆိုတဲ့ ခြိမ်းခြောက်စာတွေ မပြတ်ရလာပါတယ်။ ကျွန်စတန်လည်း ဒီစာမျိုးရပါတယ်။ သိပ်ဂရုပြုလောက်တယ်လို့တော့ မယူဆကြပါဘူး။

ပြုပြင်ရေးကို ကျွန်တော်ပဲ လက်စသတ်တဲ့လူလို့ ဆိုရမယ်။ သမ္မတအစိုးရပါလီမန်မှာ ထောက်ထားငွဲ့ညာရေးစာချုပ်ကို ရုပ်သိမ်းဖို့ အဆိုသွင်းမယ်လို့ သတင်းကျွန်တော်ရပါတယ်။ တစ်ဆက်တည်း လူဝင်ခက်နန်းမြို့ကိုလည်း သူတို့သိမ်းမှာပဲ။ ဒီလို အစီအစဉ်မျိုး အရင်နှစ်နှစ်လောက် လုပ်ဖူးပါပြီ။ အကြောင်းပြချက်ကတော့

ဒီလို နန်းမြို့ကိုမဖျက်ဘဲ လက်ခံထားလို့ ၁၉၁၇ ခုက နန်းပြန်တင်ရေး ပေါ်ပေါက်တယ်။ နောက်လည်း ပေါ်ပေါက်ဖို့ ကြံစည်အားထုတ်လျက် ဖြစ်တယ်။ ပြီးတော့ နန်းတော်က ဘွဲ့ပေး အဆောင်အယောင် အခမ်းအနား ပေးလုပ်နေတာဟာ သမ္မတ အစိုးရထက် သူတို့က အာဏာကြီးမြင့်နေသလို ဖြစ်တယ်။ ဒါမျိုး မလိုလားအပ်ဘူးဆိုတဲ့ အကြောင်းပြချက်ပဲ ဖြစ်ပါတယ်။ အခုလည်း ၁၉၁၇ ခုက နန်းပြန်တင်ဖို့ ဆောင်ရွက်သွားတဲ့ ကျန်င်ယုန်ကို သေပြီးမှ ကျွန်တော်က ဘွဲ့ပေးတာရယ်၊ ပြီးတော့ ဟန်အမျိုးသားဖြစ်တဲ့ ကျဲန်င်ယိုဝ်ယုကို နန်းထိန်းဌာန အကြီးအကဲခန့်ပြီး နန်းမြို့ထဲ မြင်းစီးဝင်ခွင့်ပေးတာတွေဟာ အစဉ်အလာကို ချိုးဖျက်တယ်လို့ စွပ်စွဲပြီး ဒီလို စဉ်းစားလာကြတာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါတွေကို သတင်းစာထဲက ရေးလာပါတယ်။ နန်းထိန်းဌာနရဲ့ ဖောက်ပြန်တဲ့ အပုပ်သတင်းတွေကိုလည်း ဆက်ရေးတော့မှာပဲလို့ ခန့်မှန်းရတယ်။ လောကျဲန်ယုနဲ့ နောက်ထပ် ခန့်လိုက်တဲ့ လူသစ်တွေရဲ့ အပြုအမူတွေကိုလည်း ဝေဖန်မယ်။ သူတို့က ငွေရှာတဲ့အနေနဲ့ ရှေးပစ္စည်းတွေကို ရောင်းချနေတာကို သတိထားမိသွားပြီလို့ ဆိုရပါမယ်။ ရှေးလက်ကျန် စာအုပ်၊ ပစ္စည်းနဲ့ ကားအဖိုးတန်တွေ ထိန်းသိမ်းရေး ဥပဒေလည်း တင်သွင်းမယ်တဲ့။

အဖေကလည်း လာပြီး ဝေ့လည်ကြောင်ပတ်နဲ့ ချဲန်င်ယိုဝ်ယုကို ရာထူးခန့်တာ ပြန်စဉ်းစားရင် ကောင်းမယ်လို့ ပြောလာပါတယ်။ သူလုပ်ပုံတွေကို သမ္မတအစိုးရဘက်က မကြိုက်ရင်ခက်မယ်။ အန္တရာယ်ရှိတယ်ပေါ့။

တစ်နေ့တော့ နန်းထိန်းဌာနမှူး ရှဝ်ယိင်လာပြီး ကြောက်ကြောက်ရွံ့ရွံ့နဲ့ ကျဲန်ယိုဝ်ယုကို သမ္မတအစိုးရက မကြိုက်ဘူးလို့ ပြောလာပါတယ်။ သမ္မတအစိုးရက အရေးယူရင် သူလည်း မကယ်နိုင်ဘူးဆိုတဲ့သဘောလည်းပါတယ်။ ကျွန်တော်လည်း မှန်တာပြောတော့ လန့်လာတယ်။ ကျဲန်င်ကလည်း ရာထူးထွက်ခွင့်တောင်းတဲ့စာ သွင်းပါတယ်။ သူ့အလိုအတိုင်း ဌာနမှူးက ထွက်ခွင့်ပေးပြီး မူလ "ကျိုးစားတော်"ပဲ ပြန်ခန့်တယ်။ ရှဝ်ယိင်ကိုလည်း ဌာနမှူးအရာ ပြန်ပေးလိုက်ပါတယ်။

## လူဝင်ခက်နန်းမြို့မှာ နေခဲ့တဲ့ နောက်ဆုံးရက်

နန်းထိန်းဌာနပြုပြင်ရေးကို အရှုံးနဲ့စခန်းသတ်လိုက်ရပေမယ့် ကျွန်တော့်အတွက် အခြေအနေကောင်းဖို့ကိုတော့ ဆက်ပြီး လုပ်နေပါသေးတယ်။

နန်းပြန်တင်ရေးကို နန်းတွင်းက ဆောင်ရွက်မယ့်လူရှိသလို အပြင်တစ်နိုင်ငံလုံးမှာလည်း ဆောင်ရွက်မယ့်လူတွေ ရှိပါတယ်။ ကန်င်ယုဝေက "တရုတ်ကေရာဇ် ဥပဒေမင်းပါတီ"ဆိုတဲ့ နာမည်နဲ့ ပြည်တွင်းပြည်ပ ဆက်သွယ်ဆောင်ရွက်ခဲ့ပါတယ်။ ဂျွန်စတန်ကတစ်ဆင့် အဲဒီပါတီဟာ ဘယ်လိုအောင်မြင်နေတယ်။ ဘယ်လောက်

အားကောင်းလာပြီနဲ့ အားရစရာသတင်းတွေက ရနေပါတယ်။ ဒီသတင်းအားလုံးဟာ စိတ်ကူးသက်သက်များပေမယ့် ဟိုတုန်းကတော့ ကျွန်တော် တကယ်ယုံပါတယ်။

ကျွန်တော်က ငွေလှူလေ့ရှိတယ်။ ဒီစိတ်ကူးကို ကျွန်တော့်ဆရာထဲက ဘယ်သူကစပြီး အကြံပေးတယ်လို့တော့ မမှတ်မိပါ။ အလှူသတင်းကြားရရင် လူတော်တော်များများဟာ သိပ်ပြီး နှစ်သက်တယ်လို့ ကျွန်တော်တို့သိပါတယ်။ ကေရာဇ် ယူအန်တုန်က သူဆင်းရဲတွေကို ပေးလှူခြင်းဆိုတဲ့ခေါင်းစဉ်နဲ့ သတင်းစာထဲ နေ့စဉ်ပါနေရင် ဝါဒဖြန့်ရေးအတွက် တန်ဖိုးရှိတယ်။ ကျွန်တော်ပေးလှူပုံကလည်း သတင်းစာထဲမှာ ဘယ်နေရာမှာ ဘယ်သူတွေ ဒုက္ခရောက်နေတယ်လို့ သတင်းစာထဲ ဖတ်ရတဲ့အခါတိုင်း သတင်းစာတိုက်ကိုပဲ တစ်ဆင့် ပေးဝေပေးပါဆိုတဲ့ အမှာနဲ့ငွေပို့လိုက်တယ်။ ဒုက္ခရောက်တဲ့အရပ်ကို လူသီးခြားခန့်ထား စေလွှတ်ပြီးပေးတာလည်း ရှိပါတယ်။ ဘယ်နည်းပဲသုံးသုံး သတင်းစာထဲမှာ တစ်ခါလှူရင် နှစ်ရက်လောက်တော့ ဒီသတင်းပါတတ်တယ်။ ကျွန်တော်ကလည်း ငွေနည်းနည်း အကုန်ခံရင် အများကြီး ကြော်ငြာရတယ်လို့တွက်ပြီး ကျေနပ်တယ်။ သတင်းစာကလည်း သူတို့ပါတွဲဖက်ပြီး ဂုဏ်တက်တယ်လို့ယူဆပြီး ကျေနပ်တယ်။

ဂျပန်မှာ ၁၉၂၃ ခု ငလျင်ဘေးကြီး သင့်တဲ့အခါတုန်းကတော့ ကျွန်တော် အတော်များများ လှူပါတယ်။ ဂျပန်မှာ ပျက်စီးလိုက်တာကလည်း တစ်ကမ္ဘာလုံးအံ့ဩလောက်အောင် ပျက်စီးလို့ ကျန်အန်တုန်ကေရာဇ်ရဲ့ ကြင်နာစိတ်ကို ကမ္ဘာက သိစေမယ်ဆိုတဲ့ စိတ်ကူးနဲ့ လှူတာပါပဲ။ ဆရာကျဲန်ပဝ်ရှဲ့န်က ကျွန်တော့်ထက် အမြင်ကျယ်သေးတယ်။ ဒီလို လှူတာဟာ အခု အခိုက်အတန့်မှာ လူသိများသွားတဲ့အပြင် ရှေ့အဖို့လည်း ကိုယ့်ကို ပြန်ပြီး ကူညီကြဖို့ လက်ကမ်းပြီးသားဖြစ်မယ်လို့ သူက တွက်ဆပြီးဖြစ်တယ်။ ငွေအလွယ်မရှိတော့ အမေရိကန်ဒေါ်လာ ၃၀၀,၀၀၀တန်တဲ့ ရှေးပစ္စည်းတွေကို ပို့လိုက်တယ်။ ဂျပန်သံအမတ် ယောရှီဇဝနဲ့ ဂျပန်လွှတ်တော်က ကိုယ်စားလှယ်အဖွဲ့ဟာ ကျေးဇူးတင်စကား ပြောဖို့ ကျွန်တော့်ဆီကို လာကြပါတယ်။ နန်းတွင်းမှာ သူတို့လာတဲ့အတွက် အများကြီး ကျေနပ်ပြီး ကျွန်တော့်လက်ထပ်ပွဲတုန်းကလိုပဲ လှုပ်လှုပ်ရွရွ ဖြစ်သွားပါသေးတယ်။

လူဝင်ခက်နန်းမြို့ထဲမှာ နောက်ဆုံးနေခဲ့ရတဲ့ရက်ပိုင်းတုန်းကထက် ဆက်ဆံဖို့ ပိုပြီး ခက်ခဲလာတာကို ကျွန်တော်လည်း သိပါတယ်။ နန်းထိန်းဌာနကို အသုံးအဖြုန်း အားကြီးရမလားလို့ တစ်ဖက်က ကြိမ်းမောင်း အပြစ်တင်နေတုန်းမှာပဲ ကျွန်တော်ဟာ အကန့်အသတ်ရယ်လို့မထားဘဲ စိတ်ကူးရတိုင်း ထင်တာလုပ်တယ်။ အနောက်တိုင်း မဂ္ဂဇင်းထဲမှာ ပုံမြင်ရခဲ့တဲ့ခွေးမျိုးစုံကို အနောက်တိုင်းကို မရရအောင် မှာဝယ် ခိုင်းပြီးမွေးတယ်။ ခွေးတွေမမာရင် လူမမာတာထက် ပိုပြီး အရေးထား ဆေးကုခိုင်းတယ်။ ပီကင်းရဲကျောင်းက တီရှ္ဆာန်ကုဆရာဝန်က ကျွန်တော့်စိတ်ကိုသိလို့ ခွေးမွေးနည်း စာတန်းတွေ ရေးပို့တဲ့အခါ ရွှေငွေကျောက်စိမ်းပစ္စည်းဆယ်မျိုးဆုချတယ်။

သတင်းစာထဲမှာ သတင်းထူးပါရင်လည်း ကျွန်တော် စိတ်ဝင်စားလေ့ရှိတယ်။ တစ်ခါက လေးနှစ်သားကလေး ရေးကျမ်းတွေ ဖတ်ပြနိုင်တယ်လို့ တွေ့တဲ့အခါ အဲဒီကလေးကို နန်းတော်အရောက်ခေါ်ယူတယ်။ ဆန်းတဲ့ပင့်ကူတစ်မျိုး ရှာဖွေတွေ့ရှိတယ်လို့ ဖတ်ရရင် အဲဒီ ရှာနိုင်တဲ့လူကို ခေါ်ယူပြန်တယ်။ ဆုချတယ်။ ကျောက်ခဲမျိုးစုံကို ဝါသနာပါလာပြန်တော့ ကျောက်ခဲစုပေးတဲ့လူတွေကို ဆုအဖိုးတန်တွေပေးခဲ့တယ်။

နန်းထိန်းဌာနကို ငွေကုန်များတယ် လူလျှော့လို့ခိုင်းတဲ့အခါ အရင်က ၇၀၀ က ၃၀၀ထိ လျှော့တယ်။ ထမင်းချက် ၂၀၀ က သုံးဆယ့်ခုနစ်ယောက်ဖြစ်သွားတယ်။ အဲဒီအခါမှာ ကျွန်တော်က အနောက်တိုင်း အစားအသောက်ချက်ဖို့ စားဖိုတစ်ခု လုပ်ခိုင်းပြီး တစ်လ ဒေါ်လာ၁၃၀၀ သုံးတယ်။

နန်းထိန်းဌာနက ပေးအပ်တဲ့စာရင်းအရ ကျွန်တော့်အဝတ်အစားနဲ့ အခြားသုံးငွေ မပါဘဲ အလှူအတန်းနဲ့ ကျွန်တော်ခိုင်းလို့ အသေးသုံးငွေဟာ ၁၉၂၁ ခုက တစ်နှစ်အတွက် တေးလ်ဒင်္ဂါးငွေချိန် ၈၇၀၅၉၇ ကုန်တယ်တဲ့။ ဒီပုံစံအတိုင်း ဆက်လက် သုံးဖြုန်းနေခဲ့တာဟာ ဖုန်ယုယှိအန်င်ရဲ့ စစ်တပ်က ကျွန်တော့်ကို လူဝင်ခက်နန်းမြို့ထဲက နှင်ထုတ်တဲ့ ၁၉၂၄ ခု နိုဝင်ဘာလ ၅ ရက်နေ့အထိပါပဲ။

အဲဒီနှစ် စက်တင်ဘာလထဲမှာ တိုက်ခိုက်ကြတဲ့ ကျပ်ယန်င်စစ်ပွဲဟာ ကျိလီ–ဖုံန်င်တီအင် ဒုတိယရန်ပွဲအစပါပဲ။ အစတော့ ဝုပေ့ဖူခေါင်းဆောင်တဲ့ ကျိလီတပ်က နိုင်နေတယ်။ ဒါပေမယ့် ရှန်ဟဲကုအန်မှာ ဖုံန်တီအန်ခေါင်းဆောင် ကျန်င်ကျော့လင်ရဲ့တပ်တွေကို ဝုပေ့ဖူက ဖိတိုက်နေတုန်း သူ့တပည့် ဖုန်ယုယှိအန်င်က သစ္စာဖောက်ပြီး ဖဲ့ထွက်တယ်။ ပီကင်းကိုလာပြီး ရန်သူကို စစ်ပြေငြိမ်းကြောင်း သံကြိုးပို့တယ်။ ပြီးတော့ ဖုန်င်ယုယှိအန်င်နဲ့ ကျန်င်ကျော့လင်တို့ပေါင်းပြီး ဝုပေ့ဖူကို ရှန်ဟဲကူအန် စစ်မျက်နှာမှာပဲ အပြတ်အသတ်တိုက်လို့ ဝု ထွက်ပြေးရတယ်။ (နောက်နှစ်နှစ်ကြာတော့မှ ဝုဟာ နောက်စစ်ဘုရင်တစ်ယောက်ဖြစ်တဲ့ စုန်ကျူအန်ဖုန်နဲ့ ကွဲပြီးပြန်လာသေးတယ်။) ရှန်ဟဲကုအန်မှာ ဝုရှုံးပြီဆိုတဲ့သတင်း မရခင်ကဘဲ ဖုန်င်ယုယှိအန်င်ရဲ့ အမျိုးသားတပ်တွေက ပီကင်းကို အရသိမ်းပြီး (သမ္မတဖြစ်ဖို့ ငွေနဲ့ မဲဝယ်ခဲ့တဲ့) ကျောင်ကုန်အကျယ်ချုပ်ထားပြီး "ဝက်ပေါက်ပါလီမန်"ကို ဖျက်ကြောင်း ကြေညာတယ်။ အချောင်သမား၊ နိုင်ငံရေးဆရာ ဟူအန်ဖူက အမျိုးသားတပ်အားကိုးနဲ့ ယာယီကတ်ဘိနက်ဖွဲ့တယ်။

အာဏာသိမ်းပြီဆိုတဲ့သတင်း နန်းတော်ကရတာနဲ့ တစ်ပြိုင်နက် တို့များအတွက် အခြေအနေဆိုးတယ်လို့ ကျွန်တော်သိပါတယ်။ အမျိုးသားတပ်ဟာလည်း နန်းမြို့စောင့်တပ်ကိုလာပြီး လက်နက်သိမ်းတယ်။ တပ်သားတွေကိုလည်း မြို့ပြင်ကို ရွှေ့ပစ်လိုက်ပြီး သူတို့တပ်က တပ်တန်းလျားတွေမှာ လာနေတယ်။ နတ်ရဲတံခါး

မှာလည်း ကင်းချထားတယ်။ နန်းဥယျာဉ်ကနေပြီး ကျွန်တော်မှန်ပြောင်းနဲ့ကြည့်တော့ ကျောက်မီးသွေးတောင်ကုန်းမှာ စစ်သားတွေ အပြည့်မြင်ရပါတယ်။ နန်းစောင့်ချထားတဲ့ တပ်ကို လက်ဖက်ရည်နဲ့မုန့် နန်းထိန်းဌာနက သွားပေးတော့ လက်ခံတယ်။ သူတို့ ကို အထူးကြောက်စရာမလိုတဲ့ပုံမျိုးပဲ။ ဒါပေမယ့် တစ်နန်းတော်လုံး ကြောက်ကြတယ်။ ကျုန်ိယှန်ရဲ့ နန်းတင်ပွဲတုန်းက သူပုန်နှိမ်တပ်မှာ ဖုန်ယုယိအနိုင်ပါတယ်။ ပြီးတော့ သူသာ ဟိုတုန်းက အချိန်ရရင် နန်းတော်ကိုလာသိမ်းမှာပဲဆိုတာလည်း သိထားဖူးတယ်။ တွအန်ကျိရွှေ သမ္မတဖြစ်ပြီးတော့တောင် သူနဲ့ စစ်ဘုရင်အချို့က နန်းငယ်ကို လူဝင်ခက်နန်းမြို့ထဲက မောင်းထုတ်ပစ်ပါလို့ တောင်းဆိုတဲ့ သံကြိုးတွေ ပို့ခဲ့သေးတယ်။ ဒီလို နောက်ခံရှိနေတဲ့ လူက အခု နန်းစောင့်တပ်ကိုလည်း ပစ်ပြီး သူ့တပ်လာချ တယ်ဆိုတာ ဘာသဘောလို့ မပြောဘဲ သိကြတယ်ဆိုပါတော့။ နိုင်ငံရေး အကျဉ်းသမား တွေအားလုံး လွှတ်ပစ်လိုက်လို့ ဆူပူရေးလှုံ့ဆော်မယ့်လူများလာပြီလို့လည်း သိရပြန် တယ်။ လှုံ့ဆော်ရေးသမားတွေက "သူကောင်းမှန်ရင်သတ်"ဆိုတဲ့သဘောရှိမှန်း ဆရာကျဲန်ပဝ်ရဲ့နဲ့ ဂျွန်စတန်တို့က ပြောထားလို့ သိပြီးဖြစ်ပါတယ်။ ကျွန်တော်က ဂျွန်စတန်ကို အခေါ်လွှတ်ပြီး သံရုံးတွေကို သွားသတင်းနားထောင်ပါ။ ခိုလှုံဖို့ စီစဉ်ပါလို့ ခိုင်းတယ်။

မင်းသားတွေလည်းလန့်ပြီး ပြေးဖို့စီစဉ်နေတယ်။ တချို့က သံတမန်ရပ် ကွက်မှာရှိတဲ့ ဟိုတယ်တွေမှာ အခန်းယူထားပြီးကြပြီ။ ဒါတောင် ကျွန်တော်က ရွှေ့ပြောင်းဖို့ပြောတဲ့အခါ သူတို့က လိုဦးမှာမဟုတ်သေးပါဘူးလို့ ပြောနေသေးတယ်။ နိုင်ငံခြားသံတွေက ဧကရာဇ်ကို စော်ကားရင် ခံနေမှာမဟုတ်ဘူးတဲ့။

ဒါပေမယ့် ပြေးမလွတ်တဲ့အန္တရာယ်ကတော့ တိုက်တိုက်ဆိုင်ဆိုင် ကျရောက် လာပါပြီ။

နိုဝင်ဘာလ ၅ ရက် မနက်ကိုးနာရီ ကျက်သရေတပ်စုနန်း (ကျူယိုကုန်င်) မှာ ကျွန်တော်နဲ့ ဝန်ရှန် သစ်သီးစားနေတုန်း နန်းထိန်းဌာနအရာရှိ အကြီးတွေ ပြေးဝင်လာကြတယ်။ ရှပ်ယိင်က စာတစ်ရွက်ကိုကိုင်ပြီး အမောဆိုက်တဲ့အသံနဲ့ ကိုယ်တော်ကြီးဘုရား ဖုန်ထုယိအနိုင်က စစ်သားတွေလွှတ်ပြီး ထောက်ထားငဲ့ညှာရေး စာချုပ်ကိုဖျက်မယ်။ ဒါကို ကိုယ်တော်ကြီး လက်မှတ်ထိုးပေးပါလို့ အပြောလွှတ်ပါ တယ်ဘုရားတဲ့။ ကျွန်တော်စားလက်စ သစ်တော့သီးလည်း ကြမ်းပေါ် လွှတ်ကြသွား တယ်။ ခုန်ထပြီး သူ့လက်ထဲက စာကို အတင်းဆွဲဖက်ကြည့်တယ်။

သမ္မတအမိန့်တော်

လုကျုန်င်လိင်နှင့် ကျုန်င်ဝ်ကို ကျိုန်ငမင်းရိုးနှင့် တွေ့ဆုံညှိနှိုင်း၍ ထောက်ထား ငဲ့ညှာရေးစာချုပ်ကို ပြင်ဆင်ရန် စေလွှတ်ပါကြောင်း။

တရုတ်သမ္မတနိုင်ငံတည်နှစ် ၁၃နှစ် နိုဝင်ဘာလ ၁

[၁]ယာယီဝန်ကြီးချုပ် ဟွအန်ဖု ထောက်ထားငဲ့ညှာရေးစာချုပ် ပြင်ဆင်ချက်

အမျိုးကြီးငါးမျိုး၏ သမ္မတနိုင်ငံစိတ်ဓာတ်ကို အားတက်သရော သက်ဝင် ယုံကြည်လျက် သမ္မတနိုင်ငံနှင့် အကျုံးမဝင်သည့် မည်သည့်နည်း စနစ်ကိုမျှ ဆက်လက် တည်တံ့ခြင်းမရှိစေလိုသောဆန္ဒအားလျော်စွာ ကျိုန်မင်းဆက်ကြီး၏ ကေရာဇ်သည် ကျိုန်နန်းရိုးအတွက် တည်ရှိနေသည့် ထောက်ထားငဲ့ညှာရေးစာချုပ်ကို အောက်ပါ အတိုင်း ပြင်ဆင်လိုပါကြောင်း။

၁။ ကျိုန်မင်းတို့၏ ယုအန်တုန်ကေရာဇ်ဟူသော မြတ်သည့် ဘွဲ့နာမံ တော်ကို ထာဝစဉ်ပယ်ဖျက်၍ တရုတ်သမ္မတနိုင်ငံတော်သားတိုင်း ခံစားအပ်သည့် တရားဥပဒေအတွင်း နည်းလမ်းအခွင့်အရေးတို့ကို သာ ခံစားလိုသည်။

၂။ စာချုပ်ကို ပြင်ဆင်သည့်နေ့မှစ၍ သမ္မတအစိုးရက ကျိုန်နန်းရိုးကို နှစ်စဉ်ငွေတော် ဒေါ်လာ ၅၀၀၀၀၀၀ ထောက်ပံ့မည်ဖြစ်၍ ပီကင်း၏ သူဆင်းရဲတို့ အသက်မွေးဖြစ်စိမ့်သောငှာ မတည်ငွေ ဒေါ်လာ ၂၀၀၀၀၀၀ ဖြင့် ဆောက်လုပ်သည့် စက်ရုံတွင် အလုံကိုင် သင်းမှူးဆို သူတို့ နွမ်းပါးသဖြင့် အလုပ်ဝင်ရောက်လုပ်လိုပါလျှင် ပထမဆုံးအဆင့် တွင်ထား၍ စဉ်းစားလက်ခံစေမည်။

၃။ ယခင် ထောက်ထားငဲ့ညှာရေးစာချုပ်ပါ တတိယအပိုဒ်အရ ကျိုန် နန်းရိုးသည် ယနေ့ပင် နန်းတော်မှထွက်ခွာ၍ မည်သို့သောအရပ် ဒေသတွင် နေလိုရာနေစေ နေခွင့်ရှိလျက် သမ္မတအစိုးရက ဆက်လက် ကာကွယ်ပေးမည်။

၄။ ကျိုန်နန်းရိုး သချိုင်းတော်တို့၌ ပူဇော်ပသမြဲ ပူဇော်ပသသည်ကို သမ္မတအစိုးရက ထာဝစဉ် ဆက်လက် ကာကွယ်စောင့်ရှောက်မည်။

၅။ ကျိုန်နန်းရိုးကိုယ်ပိုင် ပစ္စည်းဥစ္စာရှိသမျှသည် သမ္မတအစိုးရ၏ အထူးကာကွယ်စောင့်ရှောက်မှုကို ခံယူရစေမည်။ အများနှင့်စပ်ဆိုင် သော သစ္စက္ကမျှားကိုသာ သမ္မတအစိုးရပိုင်ဆိုင်စေရမည်ဖြစ်ကြောင်း။

တရုတ်သမ္မတနိုင်ငံတည်နှစ်
၁၃ နှစ် နိုဝင်ဘာလ-ရက်။

ရှင်းရှင်းပြောကြစို့ဆိုရင် ဒီပြင်ဆင်ချက်တွေဟာ မျှော်လင့်ထားသလောက် မဆိုးပါဘူး။ ကျွန်တော် လန့်တာက ရှဝ်ယိင်ပြောတဲ့အတိုင်း သုံးနာရီအတွင်း ထွက်ပေးဆိုတာပဲ လန့်တယ်။ ဖြစ်နိုင်ပါ့မလား။ တို့ပစ္စည်းတွေကလည်းများ၊ မယ် တော်ကြီးတွေကလည်း နေး။ မလုပ်တတ်တဲ့သဘော မကိုင်တတ်တဲ့သဘောပတ်ချာ လှည့်ပြီး လျှောက်နေမိတယ်။ ဂျွန်စတန်ကို ဖုန်းဆက်ခေါ်လို့ဆိုပြန်တော့လည်း ဖုန်းကြိုးဖြတ်ထားတယ်တဲ့။ အဖေ့ကို ခေါ်စမ်း။ ငါပြောသားမဟုတ်လား။ အန္တရာယ် မပေါ်ခင်က ရှောင်ပါရစေဆိုတာ နင်တို့ ကန့်ကွက်လို့ ခုဒုက္ခတွေ့ပြီ။ အဖေ့ကို

ခုသွားခေါ်။ ဒီလိုခိုင်းပေမယ့်လည်း အပြင်ကို ထွက်ခွင့်မရဘူးလို့ ဖြေကြပြန်တယ်။ သွားလို့ဖြစ်အောင် စေ့စပ်ပါဦးလို့ ခိုင်းလိုက်ပြန်တယ်။ တွအန်ကန်င်သေပြီးတာ လေးငါးရက်ပဲ ရှိဦးမယ်။ ဒါ့ကြောင့်နန်းတော်ထဲမှာ မယ်တော်ကြီးနှစ်ယောက်ပဲ ကျန်တယ်။ သူတို့က လုံးဝမရှေ့ပေးဘူးလို့ ငြင်းတယ်။ ဒါကို အကြောင်းပြပြီး ရှဝ်ယိင်ဟာ သမ္မတကိုယ်စားလှယ် လုကျုန်လိင်နဲ့သွားပြီး စေ့စပ်တောင်းပန်တော့ ညနေ ၃ နာရီအထိ အချိန်ရွှေ့လို့ရခဲ့ပါတယ်။ နေ့လယ်ရောက်တော့ အဖေ နန်းတွင်းဝင်ခွင့်ရလာတယ်။ သူနဲ့အတူ ကျွန်တော့်ဆရာ ဂျွန်စတန်မပါ။ ဆရာကျယ်ဖုန်နဲ့ ကျဲန်ပဝ်ရှဲ့န်တို့လည်း ဝင်ခွင့်ရကြတယ်။

အဖေလာခွင့်ရတယ်ကြားတော့ နန်းဝကိုထွက်ပြီး ကျွန်တော်ကြိုပါတယ်။ သူ့ကိုမြင်မြင်ချင်း ကဲ ဘယ့်နှယ်လုပ်ကြမလဲလို့ ကျွန်တော် တော်ပြီးပြောမိပါတယ်။ သူက အော်သံကြားတော့ မင်သက်မိသလို ဖြုန်းခနဲ ရပ်ပြီး ဘာမှလည်း မပြောဘူး။ ဆက်လည်း လျှောက်မလာဘူး။ စကားပြောမထွက်သလို အကြာကြီး နှုတ်ခမ်းလှုပ်နေပြီးမှ အသုံးမရတဲ့စကားပဲ သူ့ပါးစပ်က ထွက်လာတယ်။ အမိန့်တော်လဲ နာခံရမှာပေါ့ နာခံရမှာပေါ့တဲ့။ စိတ်ညစ်တဲ့စိတ်မှာ ဒေါသပိုလာပြီး ကျွန်တော်လည်း တစ်ခါတည်းလှည့်ပြီး ကိုယ့်အခန်းထဲ ပြန်ဝင်လာခဲ့ပါတယ်။ ကျွန်တော်က စာချုပ် ပြင်ဆင်ချက်ကို လက်မှတ်ထိုးလိုက်ပြီလို့လည်း အဖေကြားရော သူ့ဦးထုပ်က ဒေါင်းတောင်ကိုဖြုတ်ပြီးချိုးတဲ့ကာ ကြမ်းမှာ ပစ်ချလိုက်တယ်။ ပါးစပ်ကလည်း မလိုတော့ဘူး။ ပြီးပြီ ပြီးပြီလို့ ကြွေးကြော်သွားတယ်လို့ သင်းကွပ်တစ်ယောက်က ပြန်ပြောလာပါတယ်။

မကြာခင် အရင်စောစောကထက် ပိုပြီး ပျက်နေတဲ့မျက်နှာနဲ့ ရှဝ်ယိင် ရောက်လာတယ်။ တစ်ကိုယ်လုံးလည်း တုန်လို့။ သမ္မတကိုယ်စားလှယ် လုကျုန်လိင်က ကျွန်တော်တို့ကို မြန်မြန်လုပ်ဖို့ ကြိမ်းမောင်းနေပါတယ်။ မိနစ်နှစ်ဆယ်ပဲ နောက် ထပ်ပေးမယ်။ ဒါဒီအချိန်စေ့ရင် ကျောက်မီးသွေးတောင်ပေါ်က ချိန်ထားတဲ့အမြောက် ဟာ ဒီနန်းတော်ကို စပစ်လိမ့်မယ်လို့ ပြောနေပါတယ်တဲ့။

သမ္မတကိုယ်စားလှယ်ဆိုတဲ့လူမှာ ခြောက်လုံးပြူးကိုင် လူနှစ်ဆယ်ပဲပါတယ်။ အဲဒီလောက်ကိုပဲ ကျွန်တော်တို့ ကြောက်လှပြီ။ ကျွန်တော့်ယောက္ခမဆိုတာ ကြောက် လွန်းလို့ အမြောက်ဘေးက လွတ်အောင် ဥယျာဉ်တော်ထဲ ဝင်ပြေးပြီး ပုန်းနေတယ်။ ခေါ်မရပါ။ အားလုံး ခိုက်ခိုက်တုန်အောင် ကြောက်နေကြတာကိုမြင်တော့ ခိုင်းတဲ့ အတိုင်းပဲ အမြန်ဆုံး ထွက်ပြီး အဖေ့အိမ်ကို သွားမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

အမျိုးသားတပ်က ကားငါးစီးအသင့်လုပ်ထားပါတယ်။ ပထမကားမှာ လုကျုန်င်လိင် စီးတယ်။ ကျွန်တော်က ဒုတိယကားနဲ့ ဝန်ရုန်၊ ဝင်ယို၊ ရှဝ်ယိင်တို့ တစ်တွေက နောက်က ဆက်လိုက်တယ်။

အဖေ့အိမ်(မြောက်အိမ်တော်)ရောက်လို့ ကျွန်တော် ကားပေါ်ကဆင်းတဲ့ အကါ လုကျုန်င်လိင်က လာပြီး ကျွန်တော့်လက်ကိုဆွဲပြီး နှုတ်ဆက်ရင်း မစ္စတာပုယိ

ခင်ဗျား ကေရာဇ်လုပ်ချင်တုန်းပဲလား။ ဒါမှမဟုတ် သာမန်တိုင်းရင်းသားတစ်ယောက် ဖြစ်ပြီလားလို့ မေးပါတယ်။ ကနေ့ကစလို့ ကျွန်တော် သာမန်တိုင်းရင်းသား တစ်ယောက်ပဲ ဖြစ်ချင်တယ်လို့ ဖြေတဲ့အခါ ကောင်းတယ်၊ ဒီလိုဆိုမှ ကျုပ်တို့က ကောင်းကောင်း စောင့်ရှောက်နိုင်မယ်တဲ့။ သူက ဆက်ပြီး တရုတ်ဟာ အခု သမ္မတနိုင်ငံ ဖြစ်နေလို့ ကေရာဇ်အခေါ်ခံတဲ့လူတစ်ယောက် ရှိနေဖို့ မကောင်းပါဘူးတဲ့။ ကျွန်တော်လည်း တိုင်းရင်းသားတစ်ယောက်အနေနဲ့ အတတ်နိုင်ဆုံး ကြိုးစားပြီး တိုင်းပြည့်ဝန်ကို ထမ်းပါတဲ့။ နောက် သမ္မတအစိုးရအရာရှိတစ်ယောက်ကဝင်ပြီး ခင်ဗျားလည်း မဲပေးခွင့် အရွေးချယ်ခံခွင့်ရှိပြီပဲ။ တစ်နေ့ သမ္မတဝင်အရွေးခံဗျာလို့ ပြောသေးတယ်။ သမ္မတဆိုတဲ့အသံကို ကြားရတာ စိတ်ထဲ တယ်မသက်သာဘူး။ ကျွန်တော့်အတွက်က အခု အသာခိုနေပြီး နောက် အခွင့်ကောင်းရဖို့ စောင့်ရမယ့် အလုပ်ပဲရှိတယ်။ ဒါကြောင့် ကျွန်တော့်စိတ်ထဲမှာ ဒီထောက်ထား ငဲ့ညှာရေးစာချုပ်ကို ဖျက်သင့်တယ် ထင်တာ ကြာပါပြီ။ ဒါကြောင့်လည်း ခင်ဗျားတို့ ပြောတဲ့အတိုင်း ချက်ချင်း လိုက်လုပ်ဖြစ်တာပါပဲ။ ကေရာဇ်အဖြစ်နဲ့ နည်းနည်းမှ မလွတ်လပ်ဘူး။ ခုမှ လွတ်လပ်တော့တယ်လို့ ကျွန်တော်ကလည်း ပြန်ပြောလိုက်တယ်။ ကျွန်တော်က ဒီလိုစကားမျိုးပြောတော့ ပတ်လည်မှာရှိနေတဲ့ အမျိုးသားတပ်သားတွေက လက်ခုပ်တီးပြီး သြဘာပေးကြပါတယ်။ ကျွန်တော်နောက်ဆုံးပြောတဲ့စကားက ဟန်လုပ်ပြီး ကြားကောင်းအောင်ပြောတဲ့စကား မဟုတ်ပါ။ မင်းသားနဲ့ အရာရှိကြီးတွေက ဟန့်တားကန့်ကွက်တာတွေ မုန်းလွန်းလို သူတို့နဲ့ ကင်းရှင်းချင်တယ်။ ဒါမှ "လွတ်လွတ်လပ်လပ်" ကိုယ့်အရိုက်အရာပြန်ရဖို့ လုပ်နိုင်မှာ။

## မြောက်အိမ်တော်

ဒီလိုစကားလှလှသုံးပြီး အမျိုးသားအရံတပ်ကို ကျော်ဖြတ်ခဲ့လို့ မြောက်အိမ်တော်ရဲ့ တံခါးမကြီးက အိမ်တွင်းကိုဝင်ခဲ့ပါတယ်။ အဖေ့အိမ်က စာကြည့်ဆောင်မှာ ထိုင်ပြီး ဒီလို မင်းသားကြီးအိမ်ဆိုတာလည်း ကျားပါးစပ်တစ်မျိုးပဲလို့ တွေးမိပါတယ်။ ကျွန်တော့်မှာ အခုကျရောက်နေတဲ့အန္တရာယ်ဟာ အတိမ်အနက် ဘယ်လိုရှိသလဲလို့ ပထမ စုံစမ်းရပါမယ်။ လူဝင်ခက်နန်းမြို့က ထွက်မလာခင်ကလေးတင် နန်းပြင်မှာရှိတဲ့ သစ္စာရှိအမတ်တွေကို လူလွှတ်ပြီး ဒီအမျိုးသားတပ်လက်တွင်းက ကျွန်တော့်ကို အမြန်ဆုံး တစ်နည်းနည်းကြံပြီး ထုတ်ယူကြပါလို့ ခိုင်းထားတယ်။ ခိုင်းတဲ့အတိုင်း ဘယ်သူက ဘာတွေလုပ်နေတယ်လို့ သတင်းစကား မရသေးဘူး။ အပြင်မှာရှိနေတဲ့ အဖြစ်အပျက် အခြေအနေကို မှန်ကန်အောင်လည်း မသိရသေးဘူး။ တစ်ယောက်ယောက်ကလာပြီး ဟုတ်တာ မဟုတ်တာအပထား အားပေးစကားလေးလောက် လာပြီး ပြောပါတော့လို့ တမ်းတမိတယ်။ ဒီလိုနေရာမျိုးမှာ အဖေကတော့ နည်း

နည်းမှ အသုံးမကျဘူး။

သူက ကျွန်တော့်ထက်ပိုပြီး တုန်လှုပ်နေသေးတယ်။ သူ့အိမ်ကို ကျွန်တော် ရောက်ကတည်းက သူထိုင်နေတယ်လို့ပဲ မတွေ့ရဘူး။ ပါးစပ်က တတွတ်တွတ်နဲ့ ဘာတွေပြောမှန်းမသိဘူး။ အထက်အောက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေတယ်။ အလန့်တကြား အိမ်ပြင်ကို ပြေးထွက်ကြည့်တယ်။ သူ့မြင်ရတာနဲ့ ပိုပြီး တုန်လှုပ်စရာ ဖြစ်လွန်းလို့ ထိုင်ပြီး တိုင်ပင်ကြဦးစို့လားလို့ သူ့ကိုခေါ်မိတယ်။ တစ်ခုခုလုပ်ရမယ်။ မလုပ်ခင် အပြင်သတင်းရဖို့လိုတယ်လို့လည်း ပြောလိုက်တယ်။ ဒီတော့ ဆုံးဖြတ် ရမယ်လား။ အင်း ဟုတ်သားပဲဆိုပြီး ထိုင်တယ်။ ဟိုကောင် ကျိုင်ယုန်ကလည်း ပေါ်မလာဆိုပြီး ထလျှောက်ပြန်တယ်။ သတင်းစကားရဖို့လိုတယ်ဆိုတာ မှန်တာပေါ့ ဆိုပြီး အပြင်ထွက်သွားတယ်။ မကြာခင်ပဲ ပြန်လာပြီး ထွက်ခွင့်မရဘူးလို့ ဆိုပြန် တယ်။ ဒါဖြင့် တယ်လီဖုန်းဆက်ဗျာလို့ ခိုင်းတော့ ဘယ်သူ့ကို ဆက်ရမလဲတဲ့။ ကျွန်တော့်ဘာသာပဲ စီမံရတော့မယ်။ သင်းကွပ်တစ်ယောက်ကို ခေါ်ပြီး နန်းထိန်းဌာနက အရာရှိကြီးတစ်ယောက်ကို ခေါ်ခဲ့စမ်းလို့ ခိုင်းရတယ်။ ဒီအခါမှာ သိရတာက စိတ် ချောက်ချားသွားလို့ဆိုပြီး ရုန်ယွန်က နိုင်ငံခြားသားဆေးရုံမှာ တက်နေတယ်။ ကျိုလိင်က ကျွန်တော့်အဝတ်တွေ သိမ်း၊ သင်းကွပ်တွေ အုပ်ထိန်း။ အပျိုတော်တွေ စောင့်ရှောက်ဖို့ မအားဘူးတဲ့။ ပဝ်ယိက နန်းတွင်းမှာပဲ ရှိနေသေးတယ်တဲ့။ မယ် တော်ကြီးနှစ်ယောက် အနားက မခွာရဘူးတဲ့။ ရှဝ်ယိင်တစ်ယောက်ပဲ ခေါ်လို့ရတယ်။ သူလည်း အဖေ့လို့ပဲ တုန်တုန်ချည့်ချည့်နဲ့မို့ တယ်လီဖုန်းတောင် ဖြစ်မြောက်အောင် မဆက်နိုင်ဘူး။ ကံအားလျော်စွာ မင်းသားနဲ့ အရာရှိတချို့ တော်တော်ကြာတော့ ပေါက်လာတယ်။ ဆရာတွေလည်း ပါလာတယ်။ သူတို့သာ အချိန်မီမလာရင် အခက်ပါပဲ။ အကောင်းဆုံးသတင်းကတော့ ညနေစောင်းမှာ ဂျွန်စတန် ယူလာတဲ့ သတင်းပါပဲ။ သူက လျင်လျင်မြန်မြန် ဆော်ဩလို့ သံအဖွဲ့ခေါင်းဆောင် ဒတ်ချ် သံအမတ် ဩဒဲန်းဒိဂျ်၊ အင်္ဂလိပ်သံမတ်ကလေ၊ ဂျပန်သံ ယောရှိဇဝတို့က နိုင်ငံခြား ရေးဝန်ကြီးသစ် ဝေါင်ကျဲနိုင်တိနိုင် (ဒေါက်တာ စီတီဝေါင်)ကို "ကန့်ကွက်"ကြတယ် တဲ့။ ဝေါင်က ကျွန်တော့်နဲ့ ပစ္စည်းတွေ ဘေးမရှိရစေဘူးလို့ အာမခံလိုက်တယ်။ ဒီသတင်းကြားတော့ အားလုံးပဲ စိတ်အေးသွားတယ်။ အဖေကတော့ ဒီလောက်စကားနဲ့ စိတ်မချနိုင်သေးဘူးတဲ့။ ဒီအဖြစ်အပျက်ကို ဂျွန်စတန်က သူရေးတဲ့ **လူဝင်ခက်နန်းမြို့ နေဝင်ချိန်** စာအုပ်ထဲမှာ ဒီလိုရေးတယ်။

> သူဒီလို လေးငါးကြိမ်ထက်မနည်း လာပြောတော့ ကျွန်တော်လည်း စိတ် တိုပြီး ကိုယ်တော်ကြီး ဒီမှာထိုင်နေတာ မြင်တယ်မဟုတ်လား။ ကိုယ့်ဘာသာ ပြော လေလို့ ပြောမိတယ်။ ကျွန်တော် ဒီလိုရိုင်းရိုင်းပြောတာကို သူ သတိထားမိမယ် မဟုတ်ပါဘူး။ ဆက်ပြီး ပတ်ချာလည် လျှောက်မြဲလျှောက် နေရာတယ်။ ကေရာ့ဇ်က မန်ကျူသူကောင်းတွေ အရာရှိတွေ နန်းရိုးမင်းသား

တွေ ပတ်ပတ်လည်နေတဲ့ ဧည့်ခန်းကြီးထဲမှာ ကျွန်တော့်ကို အတွေ့ခံတယ်။ ပထမဆုံး နိုင်ငံခြားသံကြီးသုံးဦး နိုင်ငံခြားရုံးကို သွားတဲ့အကြောင်း ကျွန်တော်က သတင်းပေးပါတယ်။ စောစောက ကျိုင်တပ်ပြောထားလို့ နယ်သာလင် သံအရာရှိကြီးရုံးမှာ နံနက်ခင်းက ဆွေးနွေးကြပုံကို သူတို့ သိပြီးသားမို့ ဒေါက်တာဝေါင်က ဘာပြန်ပြောသလဲဆိုတာ သူတို့ သိပ်သိချင် နေကြတယ်။ ကျွန်တော်ပြောပြတာကို မင်းသားကျန်ကလွဲလို့ အားလုံးပဲ နားစိုက် ထောင်နေကြတယ်။ မင်းသားကျန်ကတော့ ဘာအကြောင်းမှမရှိဘဲ ပတ်ပတ်လည် လျှောက်နေတယ်။ နေ့တစ်ခါ မြန်တစ်လှည့်လျှောက်နေရာ က ကျွန်တော့်ကို မေးခွန်းမေးတယ်။ ဘာမေးသလဲဆိုတာတော့ သဲကွဲအောင် မကြားရဘူး။ ဒီအခါမှာ သူ စကားထစ်တာ ပိုပြီး ထင်ရှားတယ်။ သူ ဆိုလိုတာကိုတော့ ရိပ်မိပါတယ်။ သူက ကိုယ်တော်ကြီး မကြောက်ပါနဲ့လို့ ပြောပါတဲ့။ ကေရာဇ်ထက်ပိုပြီး တုန်လှုပ်နေတဲ့လူက ဒီလိုပြောတာ အံ့စရာပဲ။ သူ ဒီလိုလေးငါးကြိမ်ထက် မနည်းလာပြောတော့ ကျွန်တော် လည်း စိတ်တိုပြီး ကိုယ်တော်ကြီး ဒီမှာထိုင်နေတာ မြင်တယ်မဟုတ်လား။ ကိုယ့်ဘာသာပြောလေလို့ ပြောမိတယ်။ ကျွန်တော်ဒီလို ရိုင်းရိုင်းပြောတာကို သူ သတိထားမိမယ် မဟုတ်ပါဘူး။ ဆက်ပြီး ပတ်ချာလည် လျှောက်မြဲ လျှောက်နေရှာတယ်။

ညနေပိုင်းမှာ ကျွန်တော့်အဖေလုပ်ပုံက ပိုပြီးဆိုးသေးတယ်။ ဂျွန်စတန် ရောက်လာပြီး မကြာခင် ကျဲန်ယှုဝ်ယှုနဲ့ ဂျပန်နှစ်ယောက် ပေါက်လာတယ်။ (တိုကျိုလျှင်မှာ ကျွန်တော်က အကူငွေပို့ပြီးကတည်းက ကျွန်တော့်ဝန်ကြီးတွေနဲ့ ဂျပန်သံရုံး အဆက်အသွယ် ဖြစ်နေတယ်။ လောကျဲန်ယုနဲ့ ကျဲန်ယိုဝ်ယှုတို့ နန်း တော်ရောက်လာတော့ သူတို့ဟာ ဂျပန်စစ်တန်းလျားနဲ့ အဆက်အသွယ်ရှိပြီး ဖြစ် နေတယ်။) ပီကင်းမှာရှိတဲ့ ဂျပန်စစ်မှူး ကာနယ်တတေမောတောနဲ့ ကျဲန်ငံနဲ့ ဒီလို ကြံစည်ထားကြသတဲ့။ တတေမောတော လက်အောက်အရာရှိတစ်ဦးက အရပ်ဝတ် အရပ်စားနဲ့ ဆရာဝန်တစ်ယောက်ခေါ်ပြီး ကျွန်တော့်ကို ဆေးရုံပို့မယ်ဆိုပြီး ဂျပန် စစ်တန်းလျားကို ခေါ်သွားမယ်တဲ့။ အဲဒီအကြံလည်း ပရိသတ်မှာပြောရော။ အားလုံး ကပဲ စိုးရိမ်တကြီး ကန့်ကွက်ကြတယ်။ အပြင်မှာ အစောင့်ချထားတဲ့တပ်ကို ဖောက်ထွက်ဖို့မလွယ်။ ဒီကလွတ်ဦးတော့။ လမ်းမှာ လှည့်နေတဲ့ ပတ်တရောင်နဲ့ မိမှာပဲ။ မသွားပါနဲ့တဲ့။ အဖေက ကန့်ကွက်တဲ့အထဲမှာ အပြင်းထန်ဆုံးပါပဲ။ သူ့ အတွေးက ကိုယ်တော်ကြီးလွတ်သွားရင် ကျန်တဲ့လူတွေကို ငြိုးလိမ့်မယ်ဆိုပဲ။ နောက်ဆုံးတော့ ကျဲန်ငံနဲ့ ဂျပန်နှစ်ယောက်ကို ပြန်လွှတ်လိုက်ရတယ်။

မြောက်အိမ်တော်တံခါးက အစောင့်ဟာ နောက်တစ်နေ့ ပိုကြပ်လာတယ်။ အဝင်သာလက်ခံတယ်။ အထွက် လုံးဝခွင့်မပေးဘူး။ နောက်မှ စည်းကမ်းနည်းနည်း

လျှော့ပြီး ဆရာကျဲန်ပဝ်ရှဲ့န်၊ ကျယ်ဖုန်နဲ့ အရာရှိကြီးတချို့ ထွက်ဝင်ခွင့်ရကြတယ်။ နိုင်ငံခြားတော့ အဝင်လုံးဝမခံပါ။ အဲဒီတော့ မြောက်အိမ်တော်တစ်ခုလုံး လန့်လာကြပြန်တယ်။ စစ်တပ်က နိုင်ငံခြားသားကို မလေးစားရင် တို့များကို ကယ်မယ့်သူမရှိတော့ဘူးလို့ အဓိပ္ပာယ်ကောက်လို့ ဖြစ်ပါတယ်။ ဆရာနှစ်ယောက်က ဒီလိုမဟုတ်ပါဘူး။ နိုင်ငံခြားသား မကြောက်တဲ့အစိုးရရယ်လို့လည်း မရှိခဲ့ပါဘူး။ ပြီးတော့ သံသုံးယောက်ကို ယာယီနိုင်ငံခြားဝန်ကြီးက ဝန်ခံပြီးသားဖြစ်ရက် အခုမှ အစဉ်အလာကို ပြောင်းပြန်ပြန်ပြီး လုပ်မယ် မဟုတ်ပါဘူးလို့ ရှင်းပြကြတယ်။ လူအများကပဲ သူတို့ရှင်းလင်းတာ သဘောယုတ္တိရှိတယ်လို့ ယူဆပေမယ့် ကျွန်တော်ကတော့ ဆက်ပြီး စိုးရိမ်နေသေးတယ်။ ကျွန်တော်အကြောက်ဆုံးက မုခ်ဝက အစောင့်တပ်သားပဲ။ သူတို့စိတ်ထဲမှာ ဘယ်လိုရှိမယ်မသိနိုင်ဘူး။ ပညာရှင်က ဘယ်လောက်မှန်မှန် လက်နက်ကိုင်နဲ့ ပြိုင်ငြင်းလို့ မရဘူးလို့ ရှေးစကားရှိပါတယ်။ ယာယီအစိုးရက အာမခံနိုင်တာခံချက်ကို သူသိပ့်မလား။ သူ့အန္တရာယ်က အနီးဆုံး။ သူကသာ နှောင့်ယှက်ချင်ရင် အလွယ်ကလေး။ ဒါကိုတွေးပြီး ကြောက်ကြောက်လာတယ်။ ကျဲန်ယိုဝ်ယုခေါ်လို့တဲ့ စုပန်နဲ့ လိုက်မသွားမိတာ မှားတယ်လို့ ထင်လာတယ်။ အဖေ့ကိုလည်း ကျွန်တော့်လုံခြုံရေးထက် သူ့အသက် စည်းစိမ်ကို ပိုပြီး ခင်တွယ်ရ ကောင်းလားလို့ ကျိန်ဆဲမိပါတယ်။

အဲဒီအချိန်မှာ ဖုံန်ယုယိုအန်ငင် နန်းတော်သိမ်းစကပဲ **နိုင်ငံတကာ မီးရထား** နဲ့ တီအင်ကျင်ကို အကူတောင်းထွက်သွားတဲ့ လောကျဲန်ယု ပြန်ရောက်လာပါတယ်။ တီအင်ကျင်ကို သူရောက်သွားတော့ ဂျပန်စစ်တပ် ဗဟိုဌာနက လူဝင်ခက်နန်းမြို့ အသိမ်းခံရတာကို သိနှင့်ပြီးတဲ့အပြင် တပ်ထိန်းဗိုလ်အတွက် တွအန်ကျိရွေကို သွားတွေ့ပေးပါခိုင်းလို့ သွားရတယ်။ တွအန်ကျိရွေလည်း ပီကင်းက ကာနယ်တကေမောတောကတစ်ဆင့် ကျဲန်ယုဝ်ယုက အကူတောင်းတဲ့သံကြိုးရပြီးသား ဖြစ်နေပါတယ်။ တွအန်ကျိရွေက နန်းတော်မှာသွားပြီး ဖုံ့ယုယိုအန်ငင်က ဒီလို"ဖိနှိပ်"တာ ကန့်ကွက်တယ်လို့ သံကြိုးနဲ့ ဖြန့်ဝေစာပို့ပြီး ဖြစ်ပါတယ်တဲ့။ သံကြိုးစာလက်ခံကို လည်း ပြတယ်။ တွအန်ကျိရွေဟာ အများပြည်သူ ဆက်ဆံရေးတာဝန် ပြန်ယူမယ့်လူဖြစ်လေတော့ သူ့ဆောင်ရွက်ချက်ကြောင့် အခြေအနေဟာ ကောင်းလာနိုင်ပါတယ်။ သေချာသွားအောင် လောကျဲန်ယုက တီအင်ကျင် ဂျပန်စစ်တပ်ဦးစီးကို ဧကရာဇ်ဟာ တို့ "အစောင့်ရှောက်ခံ" ဖြစ်တယ်လို့ ကြေညာပါရန် ခိုင်းတယ်။ ဒီတော့ ပီကင်းမှာ ကာနယ်တကေမောတော စောင့်လျှောက်ရက်ပါ။ ကာနယ်ဆီကို သွားတွေ့လို့ အကြံညာဏ်ပေးလိုက်တယ်။ ဒါ့ကြောင့် ပီကင်းကို သူပြန်လာပြီး ကာနယ်နဲ့တွေ့ပါတယ်။ ကာနယ်က ဧကရာဇ်ကို မစိုးရိမ်နဲ့လို့ မှာလိုက်တယ်။ သူ့မြင်းတပ်ကို

မြောက်အိမ်တော်ဝန်းကျင်မှာ အစောင့်ချထားပါတယ်။ အမျိုးသားတပ်က တစ်ခုခု လုပ်ရင် သူတို့တပ်က ချက်ချင်း ဆုံးဖြတ်အရေးယူပေးမယ်လို့လည်း ဆိုပါတယ်။ ကဲ့န်ပ်ဝ်ရဲ့နံ့က အရေးကြုံရင် သုံးနိုင်အောင် ဂျပန်တပ်က သတင်းပို့ခိုကလေးတွေ ယူထားပါပြောတယ်လို့ လာပြောတယ်။ ဒါလောက်ကြောက်ပြီး ဒီလို အထိဖြစ်တယ်လို့ အမျိုးသားတပ်က ကြားရင် မတော်ဘူးဆိုပြီး ခိုလေးတွေကို ယူမထားတော့ပါ။ ဂျပန်ကို ပိုပိုပြီး ကျေးဇူးတင်လာမိတယ်။ ဒီနောက်မှာလည်း ကျွန်တော်ဟာ ကဲ့နင်ယိုဝ်ယုကို ချစ်ခင်ယုံကြည်တဲ့နည်းနဲ့ လောကဲ့ယူကို ချစ်ခင်ယုံကြည်လာပါတယ်။ အဖေကိုတော့ ပိုပြီး စိတ်နာလာတယ်။

တုအန်ကျိုရှေနဲ့ နန်းတော်နဲ့ပတ်သက်လို့ ဖုံယုယိုအန်င် အပြုအမူကို ကန့်ကွက်တဲ့သံကြိုးစာကို ဖတ်ရပြီး ကျနင်ကျော့လင်ရဲ့ ဖုံန်တိအင်တပ်နဲ့ ဖုံန်ရဲ့တပ်လည်း ကြာကြာတည့်နေမှာမဟုတ်ဘူး။ ရန်ဖြစ်ဖို့ရှိတယ်ဆိုတာ သိရတော့ ကျွန် တော် အားရှိလာပြန်တယ်။ ဒီအချိန်မှာ တုအန်ကျိုရှေက ဂျပန်စစ်တပ်ကတစ်ဆင့် လွှို့ဝှက်ပို့တဲ့သံကြိုးစာကို ကဲ့န်ပဝ်ရဲ့နံ့ယူလာပြီးပြတယ်။ သံကြိုးစာမှာ ကေရာဇ်နဲ့ ပစ္စည်းကို ငါ့စွမ်းသမျှ ကာကွယ်ပေးမယ်။ ထောက်ပံ့မယ်လို့ ပါတယ်။ အိမ်တော်အစောင့်တပ်ကလည်း အရင်ကလောက် မကြပ်ပြန်ဘူး။ မင်းသားတွေရော ဒေါက်တာ ဟုရှိဟာ ဝင်ထွက်ခွင့်ရတယ်။ ဂျွန်စတန်တော့ အခွင့်မရသေးပါ။

မကြာခင်ဘဲ မြောက်အိမ်တော်က ကြားချင်တဲ့သတင်းမျိုးတစ်ခု ပေါ်ထွက်လာတယ်။ ကျနင်ကျော့လင်နဲ့ ဖုံန်ယုယိုအန်င်တို့ ဆက်ဆံပုံတစ်မျိုး ဖြစ်လာပြီ။ ကျနင်ကျော့လင်ရဲ့ ဖုံနင်တိအင်တပ်က တိအင်ကျင်မှာ ဖုံန်ယုယိုအန်င်ကို ထိန်းသိမ်းထားသတဲ့။ ဒီသတင်းဟာ နောက်တော့ မမှန်မှန်းသိပါတယ်။ ဒါပေမယ့် ကောင်းတဲ့သတင်းတောင် ရပြန်သေးတယ်။ ဖုံနင်ယုယိုအန်င်ရဲ့ အမျိုးသားတပ်အားကိုးပြီးဖွဲ့ထားတဲ့ ယာယီကတ်ဘိနက်အဖွဲ့က နိုင်ငံခြားသံတမန်တွေကို ထမင်းစားဖိတ်တာ လက်မခံဘူးတဲ့။ ကျွန်တော့်ကို လက်ခံမထားချင်တဲ့ ယာယီအစိုးရဟာ ပျက်ချိန်နီးပြီ၊ အထူးသဖြင့် ဂျပန်သံရုံးနဲ့ အဆင်ပြေပြီး နိုင်ငံခြားသံရုံးတွေကပါ ထောက်ခံတဲ့ တုအန်ကျိုရှေလာမယ်။ နောက်တစ်နေ့ ဖုံနင်ယုယိုနင်ဟာ ကျနင်ကျော့လင်တောင်းဆိုတဲ့အတိုင်း တုအန်ကျိုရှေကိုပါ အုပ်ချုပ်ရေးအဖွဲ့ထဲမှာ လက်ခံရတယ်ဆိုတဲ့ လောကဲ့ယုသတင်း မှန်ကန်တာကို တွေ့ရပါတယ်။ မကြာခင်ဘဲ ကျနင်ကျော့လင်ရော တုအန်ကျိုရှေဟာ ပီကင်းကို ဝင်လာကြတယ်။

တုအန်ကျိုရှေနဲ့ ကျနင်ကျော့လင် မဟာမိတ်ဖြစ်သွားတဲ့အတွက် မြောက်အိမ်တော်မှာ အခြေအနေပြောင်းလာတယ်။ မင်းသားတွေဟာ ပထမဆုံး ကျနင်ဆီကို စောင့်ရှောက်ပါလို့ တောင်းပန်တဲ့စာ တိတ်တဆိတ်ရေးပို့ကြတယ်။ ပီကင်း ဝင်လာပြီလို့ ကြားတော့ ကဲ့န်ယိုပ်ယုနဲ့အတူ ကြိုဆိုရေးကိုယ်စားလှယ်လွှတ်တယ်။ မြောက်အိမ်တော် ဘဏ္ဍာစိုးနဲ့ တုအန်ကျိုရှေဟာ သစ္စာရေသောက်ညီအစ်ကိုဖြစ်ကြလို့ အဲဒီဘဏ္ဍာစိုး

ရယ် ကျဲနိုင်ယိုပ်ယှုရယ် တွဲပြီး တုအင်ကျိရွှေဆိကို လွှတ်ကြပြန်တယ်။ အကျေနပ်ဆုံး သတင်းကတော့ ကျန်ုင်ကျော့လင်က ဂျွန်စတန်ကို တွေ့လိုတယ်ဆိုပြီး အခေါ်လွှတ်တာဖြစ်တယ်။ ဟိုက ဂျွန်စတန်ကိုခေါ်တာက သူ့အပေါ်မှာ နိုင်ငံခြားသံတွေ ဘယ်လိုသဘောထားမလဲလို့ ဂျွန်စတန်ကတစ်ဆင့် သိချင်တယ်။ ဒီကလဲ ဂျွန်စတန်ကတစ်ဆင့် ကျန်ုင်ကျော့လင်ရဲ့ ဧကရာဇ်ပေါ်မှာ သဘောထားပုံသိချင်တယ်။ ဂျွန်စတန်ကို ကျွန်တော့်လက်မှတ်ပါတဲ့ ကျွန်တော့်ဓာတ်ပုံရယ် စိန်လက်စွပ်ကြီးတစ်ကွင်းရယ် ပေးလိုက်ပါတယ်။ ကျန်ုင်ကျော့လင်က ဓာတ်ပုံကို လက်ခံပြီး လက်စွပ်ကိုတော့ ငြင်းတယ်။ ဒါပေမယ့် ကျွန်တော့်အပေါ်မှာ စေတနာထားကြောင်းကိုတော့ ပြောပါတယ်။ တစ်ဖက်က တုအန်ကျိရွှေက ထောက်ထားငဲ့ညှာရေးစာချုပ်ကို ပြန်ပြီး အတည်လုပ်မယ့်သဘောရှိတယ်လို့ ကျဲန်ယိုယှုကို ပြောလိုက်ပါတယ်။ နိုင်ငံခြားသံအဖွဲ့တွေရဲ့ "စေတနာ"၊ ခုန ပြောခဲ့တဲ့လူကြီးနှစ်ဦးရဲ့ "မေတ္တာ"နဲ့ ဖုန်ယုယိုအနိုင်ကို သူ့တပ်တွေပီကင်းမှာ ရှိနေသေးပေမယ့် ပြန်လှန် စစ်ထိုးဖို့ မြောက်အိမ်တော်က ပြင်ဆင်ဝံ့လာပါပြီ။

မြောက်အိမ်တော်ပေါ်က အစောင့်အမျိုးသားတပ်ကို ရုပ်သိမ်းပြီး ဖုန်ယုယိုအနိုင်က ရာထူးနုတ်ထွက်ကြောင်း သံကြိုးစာကို ကြေညာတဲ့ နိုဝင်ဘာလ ၂၈ ရက်နေ့မှာ မြောက်အိမ်တော်က နန်းထိန်းဌာနအမည်နဲ့ ပြည်ထဲရေးဌာနကို အတိအလင်း ဆက်သွယ်အကြောင်းကြားစာတစ်စောင် ပို့လိုက်ပါတယ်။ စာထဲမှာ–

> ရာဇဝတ်ကျင့်ထုံး၏ အခွင့်အာဏာမှုအရ လက်နက်အားကိုးဖြင့် သူတထူး မလုပ်လိုသောကိစ္စကို အတင်းလုပ်ခိုင်းခြင်းသည် လက်ရောက်ကျူးလွန်သော အပြစ်ရှိသည်။ ထို့ပြင် တရားမကျင့်ထုံး၏မှုအရ အနိုင်အထက် ခြိမ်းချောက်၍ ယူငင်ထားသည့် မည်သည့်ပစ္စည်းမဆို တရားဝင်ရယူခြင်း မဟုတ်ချေ။ သည်စာဖြင့် အသိပေးလိုသည်မှာ ယာယီအစိုးရက ကျိန်ုင်နန်းရိုးကို သဘောတူခိုင်းသည့် စာချုပ်ပါ အချက်ငါးချက်ကို တရားဝင်မှန်ကန်သည်ဟု အသိအမှတ်ပြုရန် ခဲခက်ခြင်းဖြစ်ပါသည်။

နိုင်ငံခြားသံရုံးများက ကူညီပါရန် မေတ္တာရပ်ခံချက်ကိုလည်း တစ်ချိန်တည်း ရေးပြီးပို့ပါတယ်။ ကျိန်ုင်နန်းရိုးကိစ္စများ ပြန်လည်အသားကျအောင် ဆောင်ရွက်ရေးကော်မတီကိုလည်း မြောက်အိမ်တော်က ဆက်လက် အသိအမှတ်မပြုတော့ပါ။ အစပိုင်းက ကော်မတီအစည်းအဝေးကို ကိုယ်စားလှယ်လွှတ်ခဲ့တာတော့ မှန်ပါတယ်။

ဂျပန်တွေထုတ်ဝေတဲ့ ဂျွန်တီအင်တိုင်းသတင်းစာက လွှတ်တဲ့သတင်းထောက်ကို အဲဒီနေ့ပဲ ကျွန်တော် အတွေ့ခံပါတယ်။ (ဒီသတင်းစာက ကျွန်တော့်ကို အဘိအလင်းထောက်ခံပြီး နန်းတော်ထဲက နှင်ထုတ်တုန်းက ဘယ်လိုဘယ်လောက် ရိုင်းစိုင်းရက်စက်တယ်လို့ မမှန်သတင်းတွေလည်း စောစောက ရေးခဲ့ပါတယ်။) သတင်းထောက်ကို ကျွန်တော်ပြောတဲ့စကားဟာ နန်းတော်ထဲက မောင်းထုတ်ခံရ

တဲ့နေ့က ကျွန်တော်ပြောတဲ့စကားရဲ့ ပြောင်းပြန်ပါပဲ။

ပြည်သူ့နာမည်ကို အလွဲသုံးစားလုပ်ပြီး အမျိုးသားတပ်လို့ အခေါ်ခံတဲ့ စစ်သားတွေက စာချုပ်တစ်ခုကို လက်မှတ် အတင်းထိုးခိုင်းတဲ့အခါတုန်းက ကျုပ်က ဝမ်းသာအားရ သဘောတူလိုက်တယ်ဆိုတာ လုံးဝ မဟုတ်ပါဘူးလို့ ပြောလိုက်တယ်။

## လမ်းဆုံအရောက် ဆုံးဖြတ်ချက်

သတင်းကောင်း အခြေအနေကောင်းတွေဖြစ်လာလို့ အတူ ဝမ်းသာကြပေမယ့် မြောက်အိမ်တော်ကလူတွေနဲ့ ကျွန်တော်နဲ့ ရှေ့ ဘာဆက်လုပ်မလဲဆိုတဲ့ အယူအဆကျတော့ မတူကြပါ။ **အာဏာသိမ်းစဉ် နေ့စဉ်မှတ်တမ်း**ထဲမှာ မြောက်အိမ်တော် သားတစ်ယောက်ဖြစ်တဲ့ လျန်က ဒီလိုရေးတယ်။

> တုအန်ကျိရွှေနဲ့ ကျန်င်ကျော့လင်တို့ မြို့တော်ဝင်စက ကျွန်တော်တို့နဲ့ အင်မတန် ရင်းနှီးလေဟန် မြင်တွေ့ရပေမယ့် ပါးစပ်ပဲ ရင်းနှီးတာ။ လက်မပါဘူး။ နန်းတော်ထဲ ပြန်ဝင်နေရမှာပါလို့ ပထမတော့ လူတိုင်း အလှည့်စားခံရပါတယ်။ နောက် တကယ်ပြန်ဝင်မနေရတော့ တစ်ယောက် တစ်မျိုး ထင်ကြေးပေးကြတယ်။ တချို့က မူရင်းစာချုပ်ထဲက စကား တစ်လုံးမှ အပြင်မခံထိုက်ဘူးတဲ့။ တချို့က ဧကရာဇ်ဟာ အရင်ဘွဲ့အတိုင်း ယူပြီး နန်းတော်ထဲမှာ ပြန်နေသင့်တယ်တဲ့။ တချို့က ဧကရာဇ်ဟောင်း ဆိုတဲ့ ဘွဲ့ကို ယူသင့်တယ်တဲ့။ တချို့က နှစ်ကြေး ထောက်ပံ့ငွေကို ဖြတ် လိုက ဖြတ်။ ဒါပေမယ့် ပေးပါ့မယ်ဆိုတဲ့ငွေကိုတော့ မလွဲမသွေ ရရ မယ်လို့ နိုင်ငံခြားသားတွေရဲ့ အာမခံချက်အရ ယူရမယ်တဲ့။ တချို့က ကျွန်တော်ဟာ နွေရာသီ နန်းတော်ကိုသာ ရွှေ့နေသင့်တယ်တဲ့။ တချို့က လည်း မြို့တော်အရှေ့မျက်နှာစာမှာ အိမ်ဝယ်နေတဲ့။ ဒါပေမယ့် အာဏာ လက်ရှိ မဟုတ်လေတော့ ဒါတွေဟာ စိတ်ကူးယဉ်သက်သက် ဖြစ်နေ တော့တယ်။ ဘာလုပ်လို့ ဘာရည်မှန်းရမှန်းမသိ ဖြစ်နေကြတယ်။

နိုဝင်ဘာလ ၅ရက်နေ့က မုန်တိုင်းဟာ ကျွန်တော့်ကို နန်းတော်ထဲက လွင့်သွားအောင် တိုက်ထုတ်ပြီး လမ်းဆုံလမ်းဝမှာ ချထားခဲ့ပါပြီ။ ရှေ့မှာ ကျွန်တော့် အတွက် လမ်းသုံးသွယ်ရှိနေတယ်။ တစ်လမ်းက စာချုပ်ပြင်ဆင်ချက်အတိုင်း ဧကရာဇ်ဘွဲ့ကိုစွန့်။ ဧကရာဇ်ပြန်ဖြစ်ချင်တဲ့စိတ်ကိုရပ်၊ ဒီလိုဆိုရင် အင်မတန် ကြွယ်ဝ ချမ်းသာတဲ့ "သာမန်တိုင်းရင်းသား" မြေရှင်ကြီးဖြစ်လာမယ်။ နောက်တစ် လမ်းက "စေတနာရှင်" ရှိသမျှရဲ့ အကူအညီကို ရအောင်ယူပြီး စာချုပ်ကို မူရင်း အတိုင်းဖြစ်အောင်လုပ်၊ ဘွဲ့ကိုပြန်ယူ။ နန်းတော်ထဲပြန်နေပြီး ရှေ့ဘဝ ပြန်ဆက်။ နောက်ဆုံးလမ်းက အခက်ဆုံးပါပဲ။ နိုင်ငံခြားကို ထွက်သွား။ လူဝင်ခက်နန်းမြို့ကို

ပြန်ရအောင်အားထုတ်၊ လူဝင်ခက်နန်းမြို့ကို ၁၉၁၁ ခု မတိုင်မီကအတိုင်း ပြန်ရဖို့ပဲ ဖြစ်တယ်။ ဟိုတုန်းက အသုံးစကားအတိုင်း ပြောရရင် နိုင်ငံခြားအင်အားသုံးပြီး နန်းပြန်ရရေး စီစဉ်ဖို့ပဲ ဖြစ်ပါတယ်။

ဒီလိုဆုံးဖြတ်ရမယ့်အချိန်က တစ်လမ်းဆီမှာ တစ်မျိုးစီ အကျိုးခံစားခွင့်တွေ ရှိတယ်လို့ မဆုံးတမ်း ပြောနိုင်သူတွေက ရုံလာတယ်။ အများဆုံး ထင်ကြေးက ပထမလမ်းကို ပယ်တယ်။ ဒုတိယလမ်းနဲ့ တတိယလမ်းကို လုနေကြတယ်။ ဒီလိုလမ်းလုနေတဲ့ကြားမှာပဲ လမ်းတူသွားမယ့်လူချင်းကလည်း လက်တွေ့သွားရမယ့်အခါ နည်းဟန်ကွဲနေကြသေးတယ်။

မြောက်အိမ်တော်မှာ ဆက်နေရမလား၊ နိုင်ငံခြား သံတမန်ရပ်ကွက်ကို ရွှေ့နေရမလား။ ဒီအမေးကို အဖေတို့က ဆက်နေလို့ပြောပါတယ်။ ပထမတော့ သူတို့ဘက် ပါရမလိုလိုဖြစ်တယ်။ ဒါပေမယ့် သူတို့က သိပ်နေစေချင်တယ်ဆိုလေ ကျွန်တော်က မနေချင်လေဖြစ်လာတယ်။ ဘာဆက်လုပ်ရမယ်ဆိုတာ မသိတာတော့ မှန်တယ်။ ဒါပေမယ့် ဒီမြောက်အိမ်တော်ကို ဝင်မိကတည်းက ပြန်ထွက်မယ်လို့တော့ ဆုံးဖြတ်ပြီးသားပါပဲ။ လူဝင်ခက်နန်းမြို့ရဲ့ အချုပ်အချယ်ကထွက်ခဲ့ပြီး နည်းတူဆိုးဝါးတဲ့ အချုပ်ထောင်ကို ဘယ်နှစ်သက်ပါ့မလဲ။ လုံခြုံမှုလည်း ရှိတာမဟုတ်။

ဒီအဆင့်မှာ နိုင်ငံခြားသွားဖို့ တိုက်တွန်းမယ့်လူတစ်ယောက် တိုးလာတယ်။ မိတ်ဆွေဟောင်း ဒေါက်တာဟူရှီပေါ့။ ယာယီကဲဘိနက်နိုင်ငံခြားရေးဝန်ကြီးကို သတင်းစာတစ်စောင်က အိတ်ဖွင့်စာရေးပြီး ဒေါက်တာဟူရှီက အမျိုးသားတပ်ကို ပြင်းပြင်းထန်ထန် ဝေဖန်တယ်။ ထောက်ထားငဲ့ညှာစာချုပ်ကို စစ်ဟန်သုံးပြီး ပြင်ဆင်တာကို သူအများကြီး “စိတ်ဆိုး”တယ်လို့ ဖြောင်ရေးတယ်။ ဆရာ ကျဲန်ပဝ်ရှဲ့န်က သူ့ကိုရှုံ့တယ်။ ကျဲန်င်ယိုပ်ယုက မိတ်ဖွဲ့တယ်။ ကျိုန်င်အရာရှိဟောင်းကြီး တွေကတော့ တော်လှန်ရေးသမားတွေနဲ့ အမျိုးသားတပ်သားစာရင်းက သူ့ကို တော်လေရဲ့လူလို့ မှတ်ယူကြတယ်။ မြောက်အိမ်တော်ကို သူဝင်လာတာကိုတော့ ဘယ်သူမှ မကန့်ကွက်ဘူး။ ကျွန်တော်က ဝမ်းသာအားရ ကြိုယူပြီး သူ့ရဲ့ ဖြောင်စာကို ချီးမွမ်းတယ်။ သူက အမျိုးသားတပ်ကို ထပ်ပြီး အပြစ်စကားပြောပြီးမှ ဥရောပ အမေရိကန်ရဲ့ မျက်စိထဲမှာတော့ ဒါမျိုးကို အရှေ့တိုင်းရဲ့ ရိုင်းပျခြင်းလို့ပဲ မြင်မှာပဲတဲ့။

ဟူရှီ ဒီလိုလာလည်တာ ဝတ္တရားကျေသဘော မဟုတ်ဘူး။ ကျွန်တော့်အတွက် တကယ်“စိုးရိမ်”လို့ပါပဲ။ ဘာတွေ ရှေ့လုပ်မယ်စိတ်ကူးသလဲလို့ မေးပါတယ်။ မင်းသားတွေ အရာရှိတွေကတော့ နန်းပြန်ရဖို့ စီမံနေကြတာပဲ။ ဒါပေမယ့် ကျွန်တော်ကတော့ လွတ်လပ်တဲ့ အနေအထိုင်နဲ့ ပညာသင်ဖို့ အားသန်တယ်လို့ ဖြေပါတယ်။ သူက ကျေနပ်တဲ့အပြုံးနဲ့ ခေါင်းညိတ်ပြီး ကိုယ်တော်ကြီးက အတွေးမြင့်တယ်။ မိတ်ဆွေတွေကို ဒီလိုပဲ ပြောမိပါတယ်တဲ့။ နိုင်ငံခြားသွားခွင့်ရဖို့က မလွယ်ဘူးလို့ စကားဆက်တော့ သူက မလွယ်ဘူးဆိုပေမယ့် မဖြစ်နိုင်ဘူးရယ်လို့တော့ မဟုတ်ပါ

ဘူးတဲ့။ အင်္ဂလန်သွားမယ်ဆိုရင် ဂျွန်စတန်တစ်ယောက်လုံး ရှိနေပြီပဲ။ သူက အစစ တာဝန်ယူမှာပါ။ အမေရိကန်သွားမယ်ဆိုလည်း ကူမယ့်သူ မရှားပါဘူးလို့ ဆိုတယ်။ မင်းသားတွေ အရာရှိတွေနဲ့ အဖေကတော့ ခါးခါးသီးသီး တားဆီးနေကြတယ်လို့ ဆိုတဲ့အခါမှာ သူက အရင်လည်း ဒီလိုပဲ ကိုယ်တော်ကြီးပြောဖူးပါတယ်။ တကယ်က ကိုယ်တော်ကြီးက အခိုင်အမာဆုံးဖြတ်လို့ လိုအပ်တယ်။ နို့ သမ္မတအစိုးရက သဘောတူပါ့မလားလို့ ပြောပြန်တော့ ဒါလည်းအကြောင်းမဟုတ်ဘူး။ ကိုယ်တော်ကြီးရဲ့ ဆုံးဖြတ်ချက်သာ မူလပါပဲလို့ သူက ရဲရဲပြောနေပြန်တယ်။

သူ့ကို သိပ်ပြီး မယုံသင့်ဘူးလို့ စိတ်ထဲမှာ ထုံးစံဖြစ်မြဲဖြစ်ပေမယ့် ဒီ "ခေတ်လူ"ရဲ့စကားဟာ ကျွန်တော့်ကို အများကြီး အားတက်စေပါတယ်။ ကျွန်တော်သာ နိုင်ငံခြားကို တကယ်သွားချင်မယ်ဆိုရင် လူအများကြီးက ကူညီမယ်လို့ ယုံအောင် သူပြောနိုင်တယ်။ ဝန်းကျင်က ခေတ်နောက်ဆွဲတွေကို ပိုပြီး စွန့်ပစ်ထားခဲ့ချင်အောင်လည်း ပြောတတ်တယ်။

ရှေ့အတိုင်း နေစေချင်တဲ့လူတွေက သူတို့ရာထူး အနေအထားပျက်မသွားစေရအောင် ကိုယ်ကျိုးကိုရှေ့ထားပြီး ပြောနေကြတာလို့ နားလည်ပါတယ်။ သူတို့မိသားဖသားတွေ တပြုံးပြုံး စားဖို့ ထမင်းကျွေးနေတာက ဧကရာဇ်မဟုတ်ဘူး။ ထောက်ထားငဲ့ညှာရေးစာချုပ်ပဲ။ ကျွန်တော်က ဧကရာဇ်ရယ်လို့ ရှေ့က မားမား ရပ်နေမှ သူတို့အငြိမ်းစားလစာဆက်ရမယ်။ ကျွန်တော့်အကြောင်းပြုပြီး ဆိမ့်အီသွားအောင် ငွေပေါက်ပွင့်မယ်။

ကျွန်တော်နဲ့ ဟူရှီတွေ့ဆုံပြီးနောက် ဂျွန်စတန်က ကျုန်ကျော့လင် "စီးရိမ်ပုံ"ကိုလာပြောပြန်တယ်။ ဟူရှီပြောသလို ဟိုဘက်က သိပ်ပြီး ကန့်ကွက်မှာ မဟုတ်ဘူးဆိုတာ ထင်ရှားလာတယ်။ ကျုန်ကျော့လင်က သူ့နယ်ဖြစ်တဲ့ အရှေ့မြောက်ပိုင်းမှာ လာနေရင် သိပ်ကျေနပ်မယ်လို့လည်း ပြောပါတယ်။ ကောင်းပါတယ်။ ဟိုကို တစ်ထစ်ရွှေ့ပြီးမှ နိုင်ငံခြားအရောက်သွားရင် ဖြစ်မြောက်ဖို့ ပိုပြီး နီးစပ်မယ်။ ဒီလိုလုပ်မယ်လည်း ဆုံးဖြတ်ရော ပြဿနာတစ်ခု ပေါ်ပြန်ရော။

တံခါးဝက အမျိုးသားတပ်စောင့် ရုတ်သွားတဲ့အချိန်ကစပြီး အခြေအနေဟာ တင်းမာရာက ပျော့လာတယ်။ ကျွန်တော်တို့လည်း စောစောက သတင်းထောက်ကို ပြောတဲ့စကားမျိုး ပြောရဲလာတယ်။ အမျိုးသားတပ်ကို ကျိန်ဆဲဝံ့လာတယ်။ ဒီအခါမှာ ကျဲန်ယိုဝ်ယုရုတ်တရက်ပေါက်လာပြီး ကိုယ်တော်ကြီး သတင်းစာတွေ့ပြီးပြီလားတဲ့။ တွေ့ပါရဲ့ မထူးပါဘူးဆိုတော့ ကြည့်ပါဦးလေ။ **ရှန်ဘီအင်တိုင်း သတင်းစာ**ကိုလို့ ဆိုပြီး ဖြန့်ပြပါတယ်။ ခေါင်းစဉ်စာလုံးကြီးကြီးနဲ့ "ပြည်သူ့အစိုးရဖြစ်ဖို့ အနီတွေက လှုံ့ဆော်ပြီ"တဲ့။ သတင်းစကားအရ ဖုန်ယုယိအနင်ရဲ့ တပ်တွေ မြို့တော်ထဲ ရောက်ပြီးချိန်ကပဲ "အနီ"တွေ လှုပ်ရှားလာပြန်တယ်။ "အစိုးရမလို၊ ကိုယ့်ဘာသာအုပ်၊ ဥပဒေမလို လွတ်လွတ်လပ်လပ်နေ" ဆိုတာတွေပါတဲ့ စာရွက်

စာတမ်း ပလူပျံအောင် ဝေနေကြပြီ။ ဒီ ရှုန်တီအင်ထဲမှာပါတဲ့ ဆောင်းပါးတွေရယ်။ ဆရာ ဂျွန်စတန်တို့ ပြောဖူးတာတွေ ပေါင်းစပ်လိုက်ရင် ကွန်မြူနစ်သဘောသရုပ်ကို ကျွန်တော်သိတယ်လို့ ထင်တယ်။ ဘုံပစ္စည်း ဘုံမယား ဘေးဆိုးကြီးဟာ ရေဘေးကြီးလို လွှမ်းခြုံလာတော့မယ်လို့ ထင်ထားပြီးသားပါပဲ။ ဖုန်ယုယှီအန်င်တို့ တပ်တွေဟာ "အနီ"တွေ "အသွက်"တွေနဲ့ ဆက်သွယ်ထားတယ်လို့လည်း အရင်ကပဲ ကြားဖူးထား ပါတယ်။ ကျဲနင်ယှိဝ်ယုရဲ့ အပြောက တစ်ပြည်လုံး အုံကြွဖို့နီးပြီ။ "အနီ"တွေဟာ ကျွန်တော့်ကို အမှန်သတ်နိုင်ရင် သတ်ပစ်မှာပဲတဲ့။

လောကျဲန်ယုက မျက်နှာငယ်ကလေးနဲ့ ဝင်လာတော့ ကျွန်တော်ပိုလန့် လာတယ်။ ဂျပန်ကတစ်ဆင့် လောယူလာတဲ့သတင်းကို ကျွန်တော် တန်ဖိုးထား ပါတယ်။ ဂျပန်သူလျှိုတွေရဲ့သတင်းကလည်း ဖုန်င်ယုယှီအန်င်နဲ့ "အနီ"တွေ ပေါင်းပြီး ကျွန်တော့်ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေကြသတဲ့။ အခုပဲ ဖုန်င် ရဲ့တပ်တွေဟာ နွေရာသီနန်းတော်မှာ ရှိနေတယ်။ တစ်ရက်တွင်းနှစ်ရက်တွင်း တစ်ခုခုဖြစ်မှာပဲ။ ကိုယ်တော်ကြီး ဒီကနေပြီး နိုင်ငံခြားသံရုပ်ကွက်ကိုပြောင်းမှ ဖြစ် တော့မယ်တဲ့။

ဂျွန်စတန်က နိုင်ငံခြားသတင်းစာတွေက ရတဲ့သတင်းကို ပြောလာပြန်တယ်။ ဖုန်င်ယုယှီအန်င်ဟာ ပီကင်းကို နောက်ကကြိမ်ချီတက် လုပ်ကြဲဖို့ စီစဉ်ပြီးနေပြီလို့ ဆိုတယ်။ ကျွန်တော်လည်း စိုးရိမ်စိတ်ကို မဖုံးနိုင်တော့ပါ။ ဆရာကျဲန်ဝပ်ရှဲ့န်ကလည်း ဖုန်င်ယုယှီအန်င်တပ်တွေ တံခါးဝမှာ မရှိတုန်း နိုင်ငံခြားသံရုပ်ကွက်ကို ပြောင်းသွားဖို့ သဘောတူတယ်။ သူ့အကြံက ကျွန်တော်နဲ့သိတဲ့ ဂျာမန်ဆရာဝန်ရှိတဲ့ဆေးရုံကို ကျွန်တော် ပထမတက်နေဖို့ပါပဲ။ ဒါကို ကျဲန်ပဝ်ရှဲ့န်၊ ဂျွန်စတန်နဲ့ ကျွန်တော်ပဲ ကြိတ်တိုင်ပင်တယ်။ အဖေသိမသွားဖို့က ပိုအရေးကြီးပါတယ်။

ပထမအဆင့်ကို စလုပ်ပါပြီ။ ကျွန်တော်နဲ့ ကျဲန်ပဝ်ရှဲ့န်နှစ်ယောက်ဟာ မယ်တော်ကြီးနှစ်ယောက်ဆီကို သွားမယ်။ သူတို့က နန်းတော်ထဲက ကျွန်တော် ထွက်လာပြီး ရက်နည်းနည်းကြာမှ ထွက်လာကြပြီး ကျိုလိင်ပေ့လမ်းမှာ နေတယ်။ ဒါက မြောက်အိမ်တော်ကို အယုံသွင်းနေတာပါ။ နောက်တစ်နေ့ ဒုတိယအဆင့်လုပ်ဖို့ ဆုံးဖြတ်ထားတယ်။ ပျပ်ပေ့လမ်းမှာ ငှားမယ်ဆိုတဲ့အိမ်ကို သွားကြည့်မယ်ပြောပြီး ထွက်။ နိုင်ငံခြားသံရုပ်ကွက်ကို အလစ်ဝင်၊ ဂျာမန်ဆေးရုံတက်နေ။ ပြီးမှ တတိယအဆင့် က သံရုံးတစ်ခုနဲ့ ဆက်သွယ်ပြီးပြီးပြောင်း။ မယားဝန်ရှန်နဲ့ ဝင်ယုကိုခေါ်ယူဖို့က လွယ်မယ်။ ကျွန်တော်တို့ကားထဲလည်း ဝင်မယ်လုပ်ရော အဖေက သူ့ဘဏ္ဍာစိုးကို ထည့်လိုက်ပါတယ်။ ကျွန်တော်က ရှေ့က ဂျွန်စတန်နဲ့ ဘဏ္ဍာစိုးက နောက်ကထိုင် တယ်။ ကျဲန်ပဝ်ရှဲ့န်က နောက်တစ်ကားမှာပါတယ်။ ဂျွန်စတန်က မျက်နှာသုန်သုန် ထားပြီး အင်္ဂလိပ်ဘာသာနဲ့ နည်းနည်းတော့ အရုပ်ဆိုးနေပြီလို့ ပြောပါတယ်။ ကိစ္စ မရှိပါဘူးသာ ပြန်ပြောရတယ်။ ကျွန်တော်လည်း ဒေါသထွက်နေပါတယ်။ ဒရိုင်

ဘာကို စထွက်ခိုင်းလိုက်ပါပြီ။ ဒီဝင်းထဲ ငါပြန်မဝင်ဘူးလို့လည်း စိတ်ထဲရှိပြီးသားပါပဲ။

ဂျွန်စတန်က ဘဏ္ဍာစိုးကို ဘယ်လိုထားခဲ့ရမလဲလို့ တွေးနေပါတယ်။ သွားရင်း ဆိုင်တစ်ခုဝင်ပြီး ပစ္စည်းတစ်ခုဝယ်မယ်။ ပြီးတော့ သူ့ပြန်ပို့ခိုင်းလိုက်မယ်လို့ တွေးထားတယ်။ နိုင်ငံခြားသံရပ်ကွက်အဝင်နားမှာ နာရီမျိုးစုံ၊ ကင်မရာမျိုးစုံ ရောင်းတဲ့နိုင်ငံခြားသား ဆိုင်တစ်ဆိုင်ရှိတယ်။ ဆိုင်ထဲကို ဂျွန်စတန်နဲ့ ကျွန်တော် ဝင်ခဲ့ပါတယ်။ ဆိုင်ထဲမှာ ပြင်သစ်နာရီတစ်လုံးကို ကျွန်တော် အချိန်အများကြီးယူပြီး ကြည့်နေတယ်။ ဘဏ္ဍာစိုးကလည်း ဘယ်မှမသွားဘဲ အနားမှာပဲနေတယ်။ ဒီတော့ ကားထဲပြန်ဝင်ပြီး ကျွန်တော်နေမကောင်းလို့ ဂျာမန်ဆေးရုံမောင်းဆိုပြီး မောင်းသွားရတယ်။ ဟိုရောက်တော့ ဒေါက်တာဒစ်ပါးကို ဂျွန်စတန်က အကြောင်းစုံပြောပြီး အခန်းအခန်း တောင်းပေးပါတယ်။ ဘဏ္ဍာစိုးလည်း ရိပ်မိပုံပဲ။ ဒီကျမှပြန်ပြေးရော။ အချိန်များများ ရမှာမဟုတ်ဘူး။ မြောက်အိမ်တော်က လိုက်မလာကြခင် အဆက်အသွယ်ရလေအောင် ဂျွန်စတန်ကို အင်္ဂလိပ်သံရုံးကို လွှတ်လိုက် ရပါတယ်။ အချိန်တော်တော်ကြာအောင် ပြန်မလာလို့ ကျွန်တော် သိပ်စိုးရိမ်ပါတယ်။ အဲဒီတော့မှ ကျဲန်ပဝ်ရှဲ့နန်နဲ့ ကျဲနိုင်ယှိပ်ယှု မရှေးမနှောင်း ရှေ့ဆင့်နောက်ဆင့် ဝင်လာကြတယ်။ ဆက်ဖြစ်တဲ့အဖြစ်အပျက်ကို ကျဲနိုင်ယှိပ်ယှုရဲ့မှတ်တမ်းမှာ ဒီလို ရေးထားပါတယ်။

> ကျွန်တော်က ကိုယ်တော်ကြီးကို ဂျပန်သံရုံးမှာ ခိုဝင်ဖို့ပြောလို့ ဂျပန်တွေဆီကို ကျွန်တော့်လွှတ်ပါတယ်။ ကျွန်တော်လည်း ကာနယ်တတေမောတောနဲ့ တွေ့ပြီး ဧကရာဇ် ရောက်နေပြီလို့ပြောတော့ သူက မစ္စတာယောရှိဇဝကို အကြောင်းကြားတယ်။ ပြီးတော့ ဂျပန်သံရုံးကို ဧကရာဇ် ချက်ချင်းခေါ်ခဲ့ဖို့ ပြောပါတယ်။ အဲဒီအချိန်က လေပြင်းတိုက်ပြီး သဲဝါတွေ လွင့်နေလို့ ရှေ့ကို သဲကွဲအောင် သိပ်မမြင်ရဘူး။ ဆေးရုံပြန်ရောက်တော့ ဧကရာဇ် စီးခဲ့တဲ့ကားဒရိုင်ဘာကို သိပ်စိတ်မချတာနဲ့ ကျွန်တော့်ကားနဲ့ပဲ သွားဖို့ ဧကရာဇ်ကို အကြံပေးရပါတယ်။ ဆေးရုံရှေ့မှာ လူတွေများနေလို့လည်း ရှေ့မ မထွက်ချင်တာနဲ့ ကားကို နောက်ပေါက်ရောက်အောင် မောင်းယူခဲ့တဲ့အခါ ဂျာမန်ဆရာဝန်ရယ် သူနာပြုဆရာမတစ်ဦးရယ် တံခါးပေါက်ကို သော့ဖွင့်ပြီး ဧကရာဇ်နဲ့ ဆင်းလာကြတယ်။ ကားထဲမှာ ဧကရာဇ်ရယ် ကျွန်တော်ရယ် အစေအပါး တစ်ယောက်ရယ် ဒါပဲ။ ဂျာမန်ဆေးရုံက ဂျပန်သံရုံးကို တစ်လီ (တစ်မိုင်ရဲ့သုံးပုံတစ်ပုံ) ဝေးတယ်။ သွားရာလမ်းက နှစ်သွယ်။ အရှေ့က အနောက်ကိုသွားပြီး မြောက်ကို ချိုးသွားရတဲ့ လမ်းရယ် **ကျန်ဂန်လမ်း**[၁]က ပတ်သွားပြီး တောင်ကို ကွေ့ရမယ်။ ဒီ ဒုတိယလမ်းက ပိုပြီးတိုမယ်ထင်တယ်။ ဒါကြောင့် အဲဒီလမ်းအတိုင်း

---

၁။ သံတမန်ရပ်ရဲ့ အပြင်ဘက်လမ်းမို့ နိုင်ငံခြားသားတွေ မပိုင်ဘူး။

လာနေတဲ့အခါ ကေရာဇ်က ဘာပြုလို့ ဒီလမ်းလာရသလဲ။ တရုတ်ရဲတွေ လမ်းထဲမှာရှိတယ်လို့ စိုးရိမ်တကြီး ပြောပါတယ်။ ကျွန်တော်က မကြာခင် ရောက်သွားမှာပါ။ ဒီကားထဲမှာ ကေရာဇ်ပါမယ်လို့ ဘယ်သူမှသိမှာ မဟုတ်ပါဘူးလို့ ပြောရတယ်။ ကားလည်း အရှိန်ရရနဲ့ ဆက်သွားပါတယ်။ တောင်ဘက်ကို ချိုးလိုက်တော့ သံတမန်ရပ်ကွက်ကို ပြန်ဝင်မိပါပြီ။ ပြီးတော့ ဂျပန်သံရုံးကိုရောက်ပါတယ်။ တတေမောတောက ကြိုယူပြီး စစ်တန်းလျားရှိရာကို ခေါ်သွားပါတယ်။ နောက် ကျဲန်ပဝ်ရဲ့နိလိုက်လာပါတယ်။

ကျဲန်ငယ်ပိုင်ယှုဟာ ကျွန်တော့်စွန့်စားခန်းမှာ သူပါရလို့ သိပ်ကျေနပ်နေတယ်။ အထိန်းအမှတ်ဆိုပြီး သရုပ်အမွက်ပြကားတစ်ကား ရေးပြီး ကဗျာနှစ်ပုဒ် စပ်ပါတယ်။ သူအကျေနပ်ဆုံးကတော့ လောကျဲန်ယုနဲ့ သူနဲ့ပြိုင်ပြီး ဒီနေရာမှာ အမှုထမ်းကြတာ သူ့အစီအမံကို ကေရာဇ်က လိုက်ပြီး အန္တရာယ်မရှိအောင်မြင်သွားလို့ပါပဲ။ တစ်လောက ကာနယ် တတေမောတောနဲ့စပြီး အဆက်အသွယ်ရပေမယ့် အခြေအနေကိုမပိုင်လို့ သူ့ဇာတ်လမ်းဟာ ကျဲန်ငံရဲ့လက်ထဲကို ရောက်သွားရတာပါပဲ။ သူတို့နှစ်ယောက်ပြိုင်တာ စောစောက ဖုံးနိုင်ပေမယ့် အခုတော့ ဗြောင်ရန်ပွဲစပါပြီ။

ဂျွန်စတန်က သူရေးတဲ့ **လူဝင်ခက်နန်းမြို့နေဝင်ချိန်စာအုပ်**ထဲမှာ ကျဲန်ငံရဲ့ သံရုံးအထိ သွားလမ်းဖော်ပြချက်ထဲက အမှားတစ်ခုကို ထောက်ပြပါတယ်။ ကျဲန်ငံက ကာနယ်တကေမောတောဟာ ကျွန်တော် စစ်တန်းလျားမရောက်ခင်ကဘဲ ဂျပန်သံအမတ်က ကျွန်တော့်ကို လက်ခံဖို့ သဘောတူချက်ရပြီးဖြစ်တယ်လို့ ထင်နေပါတယ်။ ဂျပန်သံရုံးမှာ စစ်ဖက်နဲ့ အုပ်ချုပ်ရေးဘက်ဟာ ဆက်ဆံရေး မပြေပြစ်တာကို တွေ့နေရပါတယ်။ တကေမောတောဟာ ကျဲန်ငံနဲ့ သူတို့ဆက်သွယ်ပုံကို သံအမတ်ဆီမှာ စကားပြောမထားဘူး။ ဘာပြုလို့လဲဆိုတော့ သူ့ဆီရောက်တဲ့ ဧည့်သည်ကို တခြားရွှေ့ပစ်မှာစိုးလို့တဲ့။ ဒါပေမယ့်လည်း တကေမောတောဆီက ကျွန်တော့်ကို ခေါ်ထုတ်သွားတာ ခံရပါတယ်။ စစ်တန်းလျားမှာ ကျွန်တော်ရှိနေတာ သံအမတ်က သိတော့ သံရုံးကို ပြောင်းလာဖို့ ဖိတ်ပါတယ်။ ကျွန်တော်လည်း လက်ခံပြီး ပြောင်းသွားပါတယ်။

## သံရုပ်မှ အငှားမြေတွင်းသို့

အဲဒီအခါတုန်းကတော့ သံတမန်ရပ်ကွက်ရော နိုင်ငံခြားသား စီးပွားရှာဖို့ငှားထားတဲ့ သီးသန့်စီးပွားရှာနယ်ဆိုတာတွေဟာ “လောကွတ်” အရှိဆုံးအရပ်တွေပါပဲ။ အရင်ခုနစ်နှစ်က ကျန်ငယ်ယှုနဲ့ကျေးဇူးနဲ့ ကျွန်တော် ဒုတိယအကြိမ် ကေရာဇ်ဖြစ်တဲ့အခါ သမ္မတလီယွန်ဟုန်လည်း သံမြေကို ခိုဝင်ရတာပဲ။ နောက် ရက်နည်းနည်းခြားပြီး ကျန်ငယ်ယှုန်ကိုယ်တိုင် ဒါ့ချ်သံရုံး ဧည့်သည်ဖြစ်ရပြန်တယ်။ သံရုံးတစ်ခုခု ဒီလို ဧည့်သည်လက်ခံရမယ့်အခါမျိုးမှာ သံမြေက ဟိုတယ်တွေ၊ ဆေးရုံတွေ တော်တော်

အလုပ်ရှုပ်သွားလေ့ရှိတယ်။ ရာထူးအဆင့်ကလည်း သံရုံးဧည့်သည် မဖြစ်နိုင်။ အသက်အန္တရာယ်ကလည်း စိုးရိမ်ဖို့ရှိပြီလို့ ထင်နေတဲ့လူတွေဟာ ဒီနေရာမျိုးကို လိုမ့်ဝင်တယ်။ လေကားအောက်မှာ နေရာရတောင် ပိုက်ဆံပေးမယ့်သဘောရှိတယ်။

ကျွန်တော့်ကို ဧည့်ခံပုံကတော့ ပထမဆုံးနဲ့ နောက်ဆုံးပုံစံလို့ ဆိုရမယ်။ မြောက်အိမ်တော်က ကျွန်တော့်မယားတွေကို အခေါ်လွှတ်တော့ သမ္မတအစိုးရရဲ့က ခွင့်မပေးနိုင်လို့ ဂျပန်သံရုံးက အတွင်းဝန်ကိုလွှတ်ပြီး စီစဉ်ရတယ်။ အဲဒါလောက်နဲ့ မရပြန်တော့ သံအမတ်ကိုယ်တိုင် အမှုဆောင်ချုပ် တုအန်ကျိရွှေဆီသွားရတယ်။ ဒီတော့မှ ဝန်ရှန့်၊ ဝင်ယို့၊ အစေအပါး သင်းကွပ်တွေနဲ့ ရုံရွှေတော်တွေပါ ကျွန်တော့်ဆီ ရောက်ပါတော့တယ်။

ကျွန်တော့် အခြေအရုံကိုကြည့်ပြီး သုံးခန်းနဲ့ မဆံ့မှန်း သံအမတ်က သိပါတယ်။ ဒါနဲ့ အိမ်တစ်ဆောင်လုံး ရှင်းပေးပါတယ်။ ကျိုးစားတော်နဲ့ နန်းထိန်းဌာန အရာရှိကြီးတွေကအစ အစေအပါးသင်းကွပ်နဲ့ ရုံရွှေတော် အမျိုးသမီးနဲ့ ကျွန်တွေ အထိ အခန်းလုံလောက်အောင် ရကြပါတယ်။ ဂျပန်သံရုံးတွင်းမှာပဲ ကျိုန်ငကေရာဇ် ကြီးဟာ တစ်ထီးတစ်နန်း စိုက်ပြီး လုပ်ငန်းတာဝန်တွေ လုပ်နိုင်လာပါတယ်။

အရေးကြီးဆုံးအချက်က ယောရှိဇဝဟာ ယာယီအစိုးရကို ကျွန်တော့်အပေါ်မှာ မတင်းမာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ယာယီအစိုးရက ယောရှိဇဝကို ပြောလိုက်တဲ့အတိုင်း ကာနယ်တကေမောတောကို သဘောထားပြောပြဖို့ ကိုယ်စားလှယ်အဖွဲ့ လွှတ်ပါတယ်။ သဘောထားကတော့ အငြိမ်းစား ဧကရာဇ်ရဲ့ လွတ်လွတ်လပ်လပ် နေလိုစိတ်ကို ယာယီအစိုးရက လေးစားခြင်းအပြည့် ရှိပါတယ်။ ဧကရာဇ်ဟောင်းရဲ့ အသက်အိုးအိမ်ပစ္စည်း ခြွေရံသင်းပင်းအားလုံးကို တတ်စွမ်းသမျှ ကြိုးစားပြီး ကာကွယ်စောင့်ရှောက်ပေးပါ့မယ်တဲ့။

အဖေခေါင်းဆောင်ပြီး မင်းသားတစ်စုဟာ ကျွန်တော့်ကို မြောက်အိမ်တော်ပြန်လိုက်ဖို့ သွေးဆောင်ပါသေးတယ်။ သူတို့အပြောက ခု နေပြည်တော်မှာ တုအန်ကျိရွှေရော ကျန်ကျော့လင်ပါ ရောက်နေလို့ အမျိုးသားစစ်တပ်ကို ထိန်းနိုင်နေပြီဖြစ်တယ်။ အန္တရာယ်မရှိတော့ပါတဲ့။ ပြီးတော့ အဲဒီခေါင်းဆောင်နှစ်ဦးကလည်း ကျွန်တော့်ကို စောင့်ရှောက်မယ်လို့ အာမခံထားပြီးဖြစ်တယ်။ ဒါပေမယ့် အခု သံမြေရောက်နေလို့သာ ဒါတွေ ပြောကြတာပါ။ သူတို့လက်ထဲပြန်ရောက်သွားရင် ဒီစကားတွေကို တန်ဖိုးထားကြတော့မှာ မဟုတ်ဘူးလို့ လောကျဲန်ယု ပြောတာကို ကျွန်တော်လက်ခံတယ်။ ဒါ့ကြောင့် ပြန်မလိုက်ပါ။ မင်းသားတွေ ဆိုတာကတော့ အဲဒီကို လာပြောချိန်မှာပဲ သံမြေမှာ နေရာရဖို့ ကြံစည်ဆဲဖြစ်တယ်လို့ သိရပါတယ်။

ဂျပန်သံရုံးက ကျွန်တော့်ကို သိပ်အရေးပေးမှန်းသိတော့ ကျိုန်ငအရာရှိဟောင်းတွေ လှုပ်ရှားလာပြန်တယ်။ သူတို့က အမှုဆောင်ချုပ် တုအန်ကျိရွှေဆီကို ထောက်ထား ငဲ့ညှာရေးစာချုပ်ကို ပြန်ပြီး အတည်ပြုဖို့ သံကြိုးရိုက်တယ်။ ကုန်ကျစရိတ်

အသင့်အတင့် ကာမိအောင်လို့ ကျွန်တော့်ဆီကို ငွေပို့တယ်။ တချို့က ပိကင်းအရောက် လိုက်လာပြီး အခစားဝင်တယ်။ နည်းတွေလမ်းတွေပေးတယ်။ မောင်ဂိုမင်းသားတွေက သံကြိုးစာတွေနဲ့ သူတို့အတွက် အကျိုးခံစားခွင့်တွေကို ယာယီအစိုးရဆီက တောင်း ဆိုကြတယ်။ ယာယီအစိုးရကတော့ အခြေအနေ မပြောင်းပါဘူးလို့ ပြန်ကြားတယ်။ ကျိန်ငမင်းသားတွေကတော့ ကျိန်ငနန်းရိုးကိစ္စများ ပြန်လည် စီမံရေး ကော်မတီ အစည်းအဝေးကို ဆက်မတက်တော့ဘူးလို့ တင်းတင်းမာမာ ပြောကြတယ်။ ဒီ ကော်မတီက ဖွဲ့ပြီးတာ မကြာသေးဘူး။ ကျိန်ငနန်းရိုးလက်တွင်းပစ္စည်းကို ဘယ်ဟာ ကိုယ်ပိုင် ဘယ်ဟာ ပြည်သူပိုင် သတ်မှတ်ဖို့ဖွဲ့တဲ့ အလုပ်အဖွဲ့ဖြစ်တယ်။ ရှပ်ယိင် နဲ့ အပေါင်းပါ ကျိန်ငနန်းရိုးမင်းသားတွေက ဒီကော်မတီကို သူတို့အသိအမှတ် မပြုလို့ ကြော်ငြာလိုက်သေးတယ်။

ကျွန်တော့်ဆီကို အခစားဝင်ပြီး ငွေကူ၊ အကြံပေးလုပ်တဲ့ ကျိန်ငရေးအရာ ရှိတွေဟာ တစ်ခါထက် ပိုများလာပါတယ်။ တရုတ်နှစ်သစ်ကူးနေ့က ကျွန်တော့် ဧည့်ခန်းမှာ ကျစ်ဆံမြီး အပြည့်တွေ့နေရတယ်။ ကျွန်တော်ကတောင်ဘက်ကို မျက် နှာမူပြီး ကေရာဇ် အဆောင်အယောင်အပြည့်ဆောင်ထားပေမယ့် ပလ္လင်နေရာမှာ ကုလားထိုင်နဲ့ထိုင်ပြီး လက်ခံစကားပြောပါတယ်။

သူတို့တစ်တွေက အိမ်ရှင်ဂျပန်ကိုလည်း အလွန်အကဲ ကျေးဇူးတင်ကြ တယ်။ ဒီလို လက်ခံပြုစုထားတဲ့အထဲမှာ နိုင်ငံရေးသဘောကို သူတို့မြင်ပြီး သူတို့ အတွက် အမြတ်ရှိဖို့လည်း စဉ်းစားမယ်။ ဝေါင်ကော့ဝေဆိုတဲ့ ပုဂ္ဂိုလ်ကတော့ စာနဲ့ ဂျပန်သံအမတ်ဟာ အရှင်ကေရာဇ်မင်းမြတ်ရဲ့ ယခင် ဂုဏ်ကျေးဇူးကို နားလည်သည့်ပြင် အနာဂတ် တရုတ်နိုင်ငံရဲ့ အထွဋ်အမြတ်အဖြစ်နှင့်လည်း မြင်နေပါတယ်။ ဒါကိုလည်း အရှင့်ကျေးတော်မျိုး ကျွန်တော်မျိုးတို့ သတိမမူမိဘဲ မရှိပါလို့ ရေးလိုက်ပါတယ်။

တရုတ်တွက်နည်းအတိုင်း တရုတ်နှစ်သစ်ကူးအပြီး တစ်ဆယ့်သုံးရက်ကြာ တော့ ကျွန်တော့် **အနှစ်နှစ်ဆယ်**[၁]မြောက် မွေးနေ့ကြုံပါတယ်။ ကျွန်တော်ကိုယ်တိုင် ဧည့်သည်ဖြစ်နေလို့ ပွဲသဘင်လုပ်ဖို့ မရည်ရွယ်ပါဘူး။ အိမ်ရှင်ကလည်း ဝတ်ကြေ ချင်ရှာလို့ သံရုံးအလယ်ခန်းမကြီးကို ပရိသတ်ဧည့်ခံဖို့ ဖွင့်ပေးပါတယ်။ ပွဲလုပ်ဖို့ ဆိုပြီး သိပ်ကောင်းတဲ့ ကော်ဇောကြီးတွေခင်းတယ်။ အဝါဖုံ၊ အဝါပလ္လင်တွေ ချပေးတယ်။ မင်းစေလေးတွေကိုလည်း အနီပန်းပွားနဲ့ ကျိန်ငဦးထုပ်ကြီးတွေ ဆောင်းပေးထားတယ်။ နယ်ကရေးအရာရှိတွေ၊ သံအဖွဲ့ဝင်တွေ မင်းသားတွေ အား လုံးပေါင်း လူငါးရာကျော်တဲ့ ပရိသတ်ဖြစ်သွားပါတယ်။

ကျွန်တော်က အပြာအဆင်အသွေး ဖော်ထားတဲ့ ပိုးဝတ်ရုံကြီးဝတ်တယ်။ ဖဲအမဲအပေါ် အင်္ကျီထပ်တယ်။ ကျိန်ငအရာရှိဟောင်းနဲ့ မင်းသားတွေကလည်း ဒီ

---

၁။ အနောက်တိုင်းတွက်နည်းနဲ့ တစ်ဆယ့်ကိုးနှစ်။

အဆင်ပဲ ဝတ်ကြတယ်။ အဲဒါကလွဲလို့ အခမ်းအနား ခင်းကျင်းပုံဟာ နန်းတွင်းမှာ တုန်းကအတိုင်းပါပဲ။ ကေရာဇ်သုံး အဝါ၊ ကျစ်ဆံမြီးနဲ့ ကိုးကြိမ်ဦးတိုက်တာတွေ ပေါင်းလိုက်တော့ ကျွန်တော့်စိတ်ထဲမှာ မချိမဆန့်ခံစားရတဲ့ ဝေဒနာပေါ်လာပါတယ်။ ပွဲအသိမ်းမှာ ကျွန်တော်လည်း ကြိုတင်ပြင်ဆင်မထားဘဲနဲ့ မိန့်ခွန်းစကား ပြောမိပါ တယ်။ အဲဒါကို ရှန်ဟဲသတင်းစာတစ်ခုက အပြည့်အစုံနီးနီး ထည့်သွင်းဖော်ပြပါ တယ်။ သတင်းစာပါ မိန့်ခွန်းကတော့–

> ကျွန်တော်က အသက်နှစ်ဆယ်ပဲရှိသေးတော့ "သက်ရှည်"ပွဲ ကျင်းပနိုင် စရာ အခွင့်မရှိသေးပါဘူး။ လက်ရှိအခြေအနေကလည်း ဧည့်သည်တစ် ယောက် ဖြစ်နေလို့သာပြီး ဒီလိုပွဲလုပ်ချင်စိတ်မရှိသေးတယ်။ ဒါပေမယ့် အခု ဧည့်သည်တော်တချို့ဟာ အင်မတန် အဝေးကြီးကလာခဲ့ရရှာတယ် ဆိုတာ သိရလို့ တွေ့ဆုံပြီး နှုတ်ခွန်းဆက်ဖို့လိုတာ တွေ့ရပါတယ်။ အခုလို ခေတ်သစ်မှာ ကေရာဇ်ဆိုတဲ့ ရာထူးမျိုး ရှိသင့်တော့တာ မဟုတ် ဘူးလို့လည်း ကျွန်တော် ကောင်းကောင်းသိထားပြီးပါပဲ။ ဒီတော့ မသင့် တာကို မလုပ်ဖို့ ကျွန်တော် ပိုင်ပိုင်ကြီး ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်။ အတွင်းတော်ကြီးမှာတုန်းက ကျွန်တော့်ဘဝဟာ အကျဉ်းသားဘဝပါ။ လွတ်လပ်မှုချို့တဲ့နေတာကို ကျွန်တော့် မကျေနပ်ခဲ့ပါ။ ထိုအခါကပဲ နိုင်ငံခြားသွားပြီး ပညာရှာလိုပါတယ်။ ဒါ့ကြောင့်လည်း အင်္ဂလိပ်ဘာသာကို အလေးထားပြီး သင်ခဲ့တယ်။ ဒါပေမယ့် အတားအဆီးတွေ များလွန်းလို့ စိတ်ကို အောင်မြင်အောင် မလုပ်နိုင်ခဲ့ဘူး။
>
> ထောက်ထားငဲ့ညာရေးစာချုပ် ဆက်ပြီး တည်တံ့တယ်ပဲဖြစ်ဖြစ်၊ ပျက်ပြား သွားတယ်ပဲဆိုဆို၊ ကျွန်တော့်အတွက် အရာရောက်လှတယ်လို့ မမြင်ပါ။ ကိုယ့်ဘာသာ ရပ်စဲပစ်တယ်ဆိုရရင်တော့ ပိုပြီး သင့်မြတ်မှာပေါ့။ အခုလို အနိုင့်အထက် ဖျက်သိမ်းတာကို ခံရတာတစ်ခုပဲ မခံမရပ်နိုင်စရာ ကြုံတွေ့ ရပါတယ်။ စာချုပ်ဟာ နှစ်ဖက်ကျေနပ်ပြီးမှ ဖြစ်တဲ့သဘောရှိတော့ တစ် ဖက်တစ်စွယ်ထဲ ပါတဲ့အမိန့်နဲ့ ဖျက်တယ်ဆိုတာကိုသာကြည့်ပါ။ နိုင်ငံ တကာ စာချုပ်အဆင့်မှာ ရှိတာပဲမဟုတ်လား။ ဖုန်ငယုယှိအနင်က နန်း တော်ကို စစ်တပ်စေလွှတ်တာဟာ လူသာမန်တို့အပြုအမူကို ကျော်လွန်တဲ့ ရိုင်းပျခြင်းပဲ ဖြစ်တယ်။ လုပ်လိုပါတယ်ဆိုရင် ဆွေးနွေးညှိနှိုင်းပြီး လုပ် လို့လည်း ရပါတယ်။ ဂုဏ်သာရှိပြီး တကယ်သုံးမရတဲ့ ဘွဲ့မျိုးကို ကျွန်တော်က မသုံးချင်နေတာ အမှန်က ကြာပါပြီ။ တကယ်ပါ။ ဒါပေ မယ့် လက်နက်ပြပြီး မသုံးရဘူးလို့ တားဆီးခံရတော့ စိတ်မချမ်းသာ ဖြစ်ရပါတယ်။ သမ္မတဂိုဏ်းဘက်ကပဲ ကြည့်ပါဦး။ ဒီလိုရိုင်းတာဟာ တိုင်းပြည်ရဲ့ဂုဏ်ကို အင်မတန် ထိခိုက်ပါတယ်။ စေတနာမှန်ကန်တယ်လို့

ပြောဖို့လည်း ခက်သွားတယ်။

ဘာကြောင့်ဒီလို နန်းတော်ထဲက ကျွန်တော့်ကို နှင်ထုတ်ရသလဲဆိုတာကို တော့ မဆွေးနွေးလိုပါ။ အများသိပြီးပဲ ဖြစ်မှာပါ။ ကျွန်တော့်မှာ ဘယ်လို စွမ်းအားမှ မရှိတာမို့ ဒီလိုအနိုင်ကျင့်ရတာကို ဖွဲ့နှင်ယှယှိအင်နဲ့ အနေနဲ့ ဝင့်ဝါဂုဏ်ယူစရာလည်း မရှိပါဘူး။ ကျွန်တော့်ဘက်က ဘက်လောက် အရှက်ရပြီး ကြေကွဲဖွယ်ဖြစ်မလဲဆိုတာသာ စကားနဲ့ပြောလို့ ပြည့်စုံအောင် မဖြစ်နိုင်သလောက် ရှိရပါတယ်။ ကျွန်တော့်ကို နှင်ပစ်တာ မှန်တယ်ပဲ ထား။ ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်ပိုင် အဝတ်အထည် အိုးခွက်စာတမ်း စာအုပ်တွေကို သူက ဘယ်နည်းနဲ့ ယူထားနိုင်ပါသလဲ။ ကျွန်တော်များ နေ့စဉ်သုံးနေတဲ့ ထမင်းခွက်၊ လက်ဖက်ရည်ခွက်၊ စားဖိုသုံးအိုးတွေကို ကျွန်တော်တို့ ယူဆောင်သွားခွင့် မပေးပါသလဲ။ ဒီနည်းဟာ **"ရှေးပစ္စည်း ထိန်းသိမ်း"**တယ်ဆိုတဲ့နည်းလားလို့ မေးချင်ပါတယ်။ အဲဒါတွေ ဘယ်လောက် အဖိုးထိုက်ပါသလဲ။ သူခိုးစားပြကို ဆက်ဆံရမှာတောင် သူ ဒီလောက် ဖိစီးလိမ့်မယ် မထင်ပါဘူး။

သူ့အပြောက ၁၉၁၇ ခုနှစ်က နန်းပြန်လုလို့ ထောက်ထားငဲ့ညှာရေး စာချုပ်ဟာပျက်ခဲ့ပြီတဲ့။ အဲဒီတုန်းက ကျွန်တော်ဟာ **တစ်ဆယ့်နှစ်နှစ်သား**[၁]ပဲ ရှိသေးတယ်။ နန်းပြန်ရဖို့ အစီအစဉ်ကို ကျွန်တော် စွမ်းနိုင်မယ့်အရွယ် မဟုတ်တာကို သူမှတ်သားမိဖို့ကောင်းတယ်။ ဒါတွေထားပါဦး။ တစ်ဖက်က အာမခံတဲ့နှစ်စဉ် ထော်ပံ့ကြေးဟာ စာချုပ်ရေးဆွဲလက်မှတ်ထိုးပြီးချိန်ကစပြီး ဘယ်တုန်းက အချိန်မီ အပြည့်အစုံ ပေးဖူးပါသလဲလို့ မေးစရာရှိနေပါတယ်။ တခြားအလားတူသဘောတူညီချက်တွေအရ ဘယ်မင်းသား ဘယ်သူကောင်းကော အပြည့်အမိ ရပါသလဲ။ အလံကိုင် သူရဲကော အာမခံထားသလို စားသုံးဖို့စရိတ်ရပါရဲ့လား။ သမ္မတအစိုးရက ဒီစာချုပ်ကို ဖျက်ဖို့သာ တာဝန်ယူတယ်။ အာမခံထားသလို စားသုံးဖို့စရိတ်ရပါရဲ့လား။ ပြောခဲ့တာတွေကို မသိချင်ဟန်ပြုပြီး ၁၉၁၇ ခုနှစ် နန်းပြန်ရရေးကိုသာ ထောက်ထောက်ပြ နေတာ တစ်ဖက်သတ် မကျလွန်းဘူးလား။ ကျွန်တော်က ရင်ဖွင့်တဲ့သဘော မျိုး ပြောနေတာမဟုတ်ပါဘူး။ ဒါပေမယ့် အခါအခွင့်သင့်လွန်းလို့ စိတ်ထိခိုက်ရပုံကိုသာ ဖော်ထုတ်တာပါ။ ဒါပေမယ့် သမ္မတနိုင်ငံရဲ့ ပါလီမန် အဖွဲ့ဟာ လူ့အတွေးအခေါ် ရှိပါသေးလို့ ဒီစကားတွေကြားရင် ညီညီမျှမျှ ဒီကိစ္စကို ဖြေရှင်းလိုစိတ် ရှိလာမယ်လို့ ထင်စရာရှိပါတယ်။ ဒီလိုရှင်းရင် ကျွန်တော်ချေးမများဘဲ လက်ခံဖို့ပါပဲ။

---

၁။ အနောက်နည်းနဲ့ တွက်ရင် တစ်ဆယ့်တစ်နှစ်သား။

အရေးပါတဲ့အကြောင်းတစ်ခုလည်း ပြောပါရစေ။ ကျွန်တော့်ကိုယ်ရေးအတွက် နိုင်ငံခြားအကူကိုယူပြီး ဆောင်ရွက်ဖို့ တိုက်တွန်းလာတာကိုတော့ ကျွန်တော် ဘယ်တော့မှ လက်ခံလိမ့်မယ် မထင်ပါနဲ့။ ကျိုနိုင်တို့ရဲ့ တရုတ်ပြည်တွင်းနိုင်ငံရေးမှာ နိုင်ငံခြားသား အာဏာဝင်ရောက်စွက်ဖက်မှုကို ကျွန်တော် ဘယ်တော့မှ ကျေနပ်လက်ခံနိုင်မယ်မဟုတ်ပါ။

အဲဒီမွေးနေ့ပွဲအချိန်က ကျွန်တော်တို့အုပ်စုကို သတင်းစာကနေပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပါတယ်။ ပြည်သူအများစုရဲ့ မကျေနပ်ချက်ဟာ ဒီတိုက်ခိုက်တာတွေထဲမှာ အရောင်ဟပ်နေတယ်လို့ ဆိုနိုင်ပါတယ်။ "ကျိုနိုင်နန်းရိုးကိစ္စ ပြန်လည်ချထားရေး ကော်မတီ"က ထောက်ထားငဲ့ညှာရေးစာချုပ် နောက်ဆက်တွဲအနေနဲ့ ယွန်ရှိကိုင်ဧကရာဇ်အဖြစ်နဲ့ ရေးခဲ့တဲ့စာရယ်၊ နန်းထိန်းဌာနက ငွေသုံးလိုလို့ နန်းတွင်းပစ္စည်းတွေ ရောင်းတာပေါင်တာကို အတိအကျပြနိုင်တဲ့ မှတ်တမ်းတွေရယ် အများသိအောင် ထုတ်ပြန် ကြေညာတဲ့အခါ အများပြည်သူတွေရဲ့ ဆူပူ ကန့်ကွက်သံပေါ်ထွက်လာပါတယ်။ လူထုစိတ်အဆိုးဆုံးကတော့ နန်းငယ်ဟာ ဂျပန်နဲ့ဘယ်လိုဆက်သွယ်တယ်။ ကျိုနိုင်နောက်လိုက်တွေက စာချုပ်ပြန်ပြီး တည်တံ့အောင် ဘာတွေလုပ်တယ်ဆိုတာ သိလာတဲ့အခါမှာ ဖြစ်ပါတယ်။ "ကျိုနိုင်နန်းရိုးကို ထောက်ထားငဲ့ညှာရန် မသင့်အသင်း"ရယ်လို့ ပီကင်းမှာ ပေါ်လာပြီး နန်းငယ်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လာပါတယ်။ ပြည်သူ့မကျေနပ်ချက်ဟာ သတင်းစာထဲမှာ ပုံစံအမျိုးမျိုးပါလာပါတယ်။ သရော်တဲ့အပိုင်း၊ တိုက်ရိုက်စွပ်စွဲ ပုတ်ခတ်တဲ့အပိုင်း၊ ဂျပန်သံနဲ့သမ္မတဘက်ကို အကြံတောင်းပေးတဲ့ အပိုင်း၊ ကတိပေးတဲ့အပိုင်းရယ်လို့ ဖြစ်ပါတယ်။ ကနေ့ ပြန်ကြည့်တော့ ဟိုတုန်းက ကျွန်တော်သာတာတွေကို လက်ခံကျင့်သုံးရင် ကျွန်တော့်ဘဝဟာ အခုပုံစံနဲ့ အများကြီး ကွာခြားသွားမယ်လို့ မြင်မိပါတယ်။ တချို့ဆောင်းပါးမှာ ဂျပန်အကောက်ကြံတာကို ဖွင့်ထုတ်ပြတယ်။ အောက်မှာ ပြန်ပြီး ဖော်ပြပါမယ်။ **ပီကင်းနေ့စဉ်သတင်း**မှာ ပါခဲ့တယ်။ ဂျပန်က ကျွန်တော့်ကို ဘယ်လို အသုံးချမယ်ဆိုတာ ဖော်ပြတယ်။ နောက် တကယ်ဖြစ်တာနဲ့ သိပ်မကွာလို့ အခုပြန်ဖတ်ကြည့်တဲ့အခါ ကျွန်တော် အများကြီး အံ့အားသင့်မိပါတယ်။

သူတို့ စဉ်းစားထားတဲ့အကြံထဲမှာ အဆိုးဆုံးအပိုင်းက (ဧကရာဇ်)ကို ခုလိုပဲ ထိန်းသိမ်းထားပြီး ပြည်နယ်တစ်ခုမှာ မကြုံဖူးတဲ့အဖြစ်အပျက်တစ်ခု ပေါ်တဲ့အခါကျမှ အဲဒီနေရာကို နိုင်ငံခြားအာဏာရ တိုင်းပြည်တစ်ခုက လက်နက် အစောင့်အရှောက်နဲ့ သူ့ကို ခေါ်သွားပြီး ရှေးနန်းရိုးရာထူးကို ပြန်အပ်ခဲ့မယ်ဆိုတဲ့အကြံပါပဲ။ နန်းပြန်တင်ခဲ့တဲ့နယ်ကို သမ္မတနိုင်ငံက ဖဲ့ထုတ်ထားပြီး အဲဒီနိုင်ငံခြားသားကပဲ ထိန်းသိမ်းကာကွယ်ပေးမယ်။ အဲဒီနယ်ဟာတော့ နိုင်ငံခြားသား သိမ်းယူတာကို ခံရတဲ့နယ်အတိုင်းပဲ ဖြစ်မယ်။

ပုယီအုံ့သြပြီး ကြော်သွားတာကတော့ ဒါမျိုးကို တစ်ယောက်ယောက်က သူ့ကို ဖွင့်ပြောလိုက်လို့ပါပဲ။ အချိန်ကြာကြီးကပဲ ကြိုတင် စီမံထားတဲ့ ထောင်ချောက်ထဲမှာ သူ့ကိုမိသွားပြီ။ အခု အဆင့်မှာတော့ ပိုက်ဆံ ဘယ်လောက်ကုန်ကုန် သူ့ကို ပျော်အောင်ထားမယ်။ အဲဒီလို အပိုင်ကြံတဲ့နိုင်ငံဟာ (ကေရာဇ်ရဲ့ နောက်လိုက်နောက်ပါတွေကိုပါ ကျေအေးအောင် ချော့ထားတယ်။ ဒီလူတွေဟာလည်း သူတို့ အညာခံနေရတာကို မသိသေးဘူး။ ဒါပေမယ့် တစ်နေ့မှာ အဲဒီနိုင်ငံက သူတို့ကို လက်နက်သဖွယ် စေခိုင်းပါလိမ့်မယ်။

အမှန်ပြောတဲ့ဒီစကားတွေကို ဟိုတုန်းက မိတ်ဆွေချင်း မျက်နှာပျက်အောင် မဟုတ်မတရား ကြံဖန်လည်ဆယ်ပြီး ပြောတယ်လို့ပဲ ထင်ခဲ့ပါတယ်။ မြောက်အိမ်တော် ပြန်သွားပြီး ပြန်အနှိပ်စက်ခံရအောင် ထွန်းနေတာလို့လည်း ထင်တယ်။

ဂျပန်သံရုံးရောက်ပြီးစက လွတ်လွတ်လပ်လပ် သွားရတာကို သဘောကျပြီး ညပိုင်းမှာ အဖော်နှစ်ယောက်လောက်နဲ့ စက်ဘီးထွက်စီးလေ့ရှိတယ်။ နောက်တော့ သံရုံးတံခါး ပိတ်ထားပြီး ထွက်ခွင့်မရတော့ဘူး။ အဲဒီလို ထွက်လည်တုန်းက တစ်ညမှာ လူဝင်ခက်နန်းမြို့ပတ်လည်က ကျုံးအထိ ကျွန်တော် ရောက်သွားတယ်။ အဆောင်တွေရဲ့ အထွတ်အဖျားတွေကို မြင်ရတော့ မကြာခင်ကမှ ထွက်လာခဲ့ရတဲ့ စိတ်ငြိမ်နန်း။ တိမ်မဲ့ကောင်းကင်နန်းတို့ ရာဇပလ္လင်နဲ့ ဧကရာဇ်အဝါရောင်တို့ကို သွားပြီး သတိရတယ်။ လက်စားချေချင်စိတ် ပြင်းပြလာတယ်။ ဒီနေရာကို ငါတို့မင်းဆက်ရဲ့ ပထမဆုံးမင်းဟာ ဝင်လာပြီး သိမ်းယူသလို ငါလည်း မင်းအဖြစ်နဲ့ ပြန်လာခဲ့ဦးမယ်လို့ အဓိဋ္ဌာန်ပြုမိတယ်။ အခုတော့ ဒီနန်းဒီအခန်းနဲ့ ခွဲခွာနေရဦးပေမပေါ့လို့ စိတ်ထဲက ပြောရင်း စက်ဘီး အပြင်းနင်းထွက်ခဲ့ပါတယ်။

သံရုံးမှာသုံးလနေခဲ့တဲ့ရက်အတွင်းက ဂျပန်အိမ်ရှင်ဟာ အင်မတန် ဂရုစိုက်ပါတယ်။ ရေးလူတွေက သစ္စာရေသောက်တယ်။ ပရိသတ်က ဆုပူဆဲဆိုတယ်။ ဒီရေယာဉ်သုံးခုထဲမှာ ကျွန်တော်ဟာ အတွေးကောင်းပြီး စိတ်မာန်တက်လိုက်။ အမုန်းအပြည့်နဲ့ ဒေါသထွက်လိုက်ဖြစ်မိတယ်။ ဒီအတိုင်းဆက်နေသွားလို့ မဖြစ်ဘူးဆိုတာ သိပါတယ်။ ရှေ့ရေးအတွက် ပြင်ဆင်ဖို့ရှိနေပါတယ်။ နိုင်ငံခြားသွားပြီး ပညာသင်ဖို့လည်း ပြန်သတိရတယ်။ ဂျပန်သွားမယ်သာဆိုရင် သံရုံးအတွင်းဝန် တစ်ယောက်က သိပ်ပြီး အားတက်သရောကူညီချင်နေပါတယ်။

ကျွန်တော့်ကို အလယ်ထားပြီး လောကျဲန်ယုနဲ့ ကျဲန်ယိုပ်ယုတို့ စစ်ပွဲဟာလည်း ဆက်ဖြစ်တုန်းပေါ့။ နောက်ဆုံး လောနိုင်ပါတယ်။ ကျဲနိုင်က တာဝန်အားလုံးအပ်ပြီး ရှန်ဟဲ ပြန်သွားတယ်။

မွေးနေ့ပြီးလို့မကြာခင်မှာ သံရုံးမှာလည်း ဆက်ပြီးကြာကြာနေလို့ မတော်ဘူး။ တိအင်ကျင်တစ်ဆင့် နိုင်ငံခြားသွားဖို့ စီစဉ်တယ်။ သံရုံးအရာရှိတွေနဲ့ ညှိနှိုင်း

ပါလို့ လောကျဲန်ယုက ပြောပါတယ်။ အရင်က အင်္ဂလိပ်နယ်မြေထဲမှာ အိမ်ဝယ်ထားပြီး ရှိတယ်။ ဒါပေမယ့် အခုအခြေအနေအရ ဂျပန်နယ်မြေမှာ အိမ်ထပ်ဝယ်သင့်ပြီလို့ ထင်တယ်။ ကျွန်တော်ကလည်း တိအင်ကျင်ကို ရောက်ချင်နေလို့ သွားမယ်ဆိုပြီး လက်ခံလိုက်တယ်။ အဲဒီအတိုင်းစီစဉ်ဖို့ "ကျိုးစားတော်" တစ်ယောက်လွှတ်လိုက်ပြီး နောက်ဆုံး ကျန်င် ဥယျာဉ်ထဲမှာ နေ့ဖို့စီစဉ်ပြီးစီးသွားပါတယ်။ နောက်ရက်နည်းနည်းကြာတော့ အိမ်လည်းအသင့်ဖြစ်ပြီ။ အမျိုးသားတပ်လည်း တပ်တစ်ခုနဲ့တစ်ခု ပြောင်းလဲနေချိန်ဖြစ်လို့ ဒါကို အခွင့်ကောင်းယူပြီး အိမ်ပြောင်းဖို့ ချက်ချင်း ဆုံးဖြတ်ရပါတယ်။ ဒီအကြောင်းကို ယောရှီဇဝကို ပြောတော့ သူကလည်း သဘောတူပါတယ်။ ဒါကို တုအန်ကျိရှေကို အကြောင်းကြားတော့ သဘောတူတဲ့အပြင် စစ်အစောင့်အရှောက် ထည့်ပေးလိုက်ပါသေးတယ်။ ယောရှီဇဝကလည်း တိအင်ကျင်ဂျပန်သံမှူးဆီက ရဲချုပ်ကို ပီကင်းခေါ်ပြီး အရပ်ဝတ်ရဲတွေနဲ့ ပထမ ကျွန်တော်ကသွားဖို့ ပြီးမှ ကျွန်တော့်မယားတွေလိုက်ဖို့ စီမံကြပါတယ်။ အားလုံးအသင့်။

၁၉၂၅ ခု ဖေဖော်ဝါရီ ၂၃ ရက်ညနေ ၇ နာရီမှာ ဂျပန်သံအမတ်နဲ့ မယားကို နှုတ်ဆက်ပြီး ထွက်ခဲ့တယ်။ မထွက်ခင် အတူဓာတ်ပုံရိုက်ကြသေးတယ်။ သံရုံးနောက်တံခါးက ဂျပန်အရာရှိတစ်ဦးနဲ့ အရပ်ဝတ်ရဲတွေရံပြီး ကျိအင်မဲန်ဘူတာကို လျှောက်လာခဲ့တယ်။ ဘူတာမှာ လောကျဲန်ယုနဲ့သားကိုတွေ့တယ်။ ရပ်တဲ့ဘူတာတိုင်းမှာ ဂျပန်ရဲတွေနဲ့ အရပ်ဝတ်အထူး အမှုထမ်းတွေ တက်တက်လာကြတယ်။ တိအင်ကျင် ရောက်တော့ ရထားတစ်တွဲလုံး သူတို့လူပြည့်မတတ် ရှိတာကို တွေ့ရပါတယ်။ ရထားကဆင်းလိုက်ရင်ပဲ တိအင်ကျင်က ဂျပန်သံမှူး ယောရှီဒရှိဂေရနဲ့ ဂျပန်အရာရှိတွေ ဗိုလ်တွေက ကြိုနေပါတယ်။

သုံးရက်ကြာတော့ **ရှန်တိအင်ကိုင်း** သတင်းစာမှာ ကျွန်တော်အခုလို ပီကင်းက ထွက်သွားတာကို ယာယီအစိုးရက ကြိုတင် သိပြီးဖြစ်တဲ့အပြင် ကျွန်တော့်အကြိုက် အစီအစဉ်ကို သူတို့ ဘယ်လိုမှ ဝင်ရောက်ဖြည့်စွက်လိုစိတ် မရှိလို့ ပါလို့ပြောကြောင်း ဂျပန်သံရုံးက ကြေညာချက်တစ်စောင် ထုတ်တယ်။ ပီကင်းက ဖြုန်းခနဲ ကျွန်တော် ထွက်ခဲ့တာကတော့ နိုင်ငံရေးအခြေအနေ လှုပ်ရှားလာလို့ပဲ ဖြစ်တယ်။

* * *

အခန်းငယ်

## တိအင်ကျင်
## လောကျဲန်ယုလုံ့လ

တိအင်ကျင်ရောက်တော့ ကျွန်တော့်အိမ်အသင့်ဖြစ်တယ်လို့ လောကျဲန်ယု ပြောတာ မမှန်ဘူးလို့ သိရပါတယ်။ ယာယီ ယမကော ဟိုတယ်မှာ နေလိုက်ရသေးတယ်။ နောက်တစ်နေ့ ဝန်ရှန်၊ ဝင်ယို့နဲ့ ခြွေရံသင်းပင်းတွေတစ်သိုက်ကြီး ရောက်လာတော့ အသင့်အတင့်ဖြစ်သလို လုပ်ပြီး ကျန်င်ဥယင်ကို ပြောင်းလိုက်ပါတယ်။

ကျန်င်ဥယင်ဟာ သုံးဧကကျော်ကျယ်ပြီး အိမ်ကြီးတစ်လုံးလည်းရှိတယ်။ အရင်ကျိန်ဗိုလ်ချုပ်ကြီးတစ်ဦးပိုင်တာမို့ လခပေးလို့မယူပါ။ အစပထမမှာ သစ္စာခံဖြစ်ကြောင်း ထင်ရှားအောင် သူကိုယ်တိုင် လာလာပြီး တံမြက်လှဲပါတယ်။ အဲဒီမှာ ငါးနှစ်နေပြီး ဗိုလ်ချုပ်ကြီးသေပြီးတဲ့နောက် သူ့သားက အိမ်လခတောင်းတာနဲ့ ကျွန်တော်တို့ ငြိမ်းအေးဥယျာဉ်ကို ပြောင်းကြတယ်။

တိအင်ကျင်ကိုလာတာ နိုင်ငံခြားသွားဖို့ စိတ်ကူးနဲ့လာပေမယ့် အဲဒီမှာပဲ ခုနစ်နှစ်ကြာသွားတယ်။ အဲဒီမှာ အဖွဲ့အမျိုးမျိုး စိတ်ကူးအမျိုးမျိုးနဲ့ ဟိုလူးဒီလွန့် ဖြစ်ခဲ့ရတယ်။ အဖေအပါအဝင် မင်းသားတွေဟာ ကျွန်တော့်ကို ဘယ်လိုမှ ကြိုးမဆွဲနိုင်ကြဘူး။ ဂျွန်စတန်က ဆရာအဖြစ်က ရပ်စဲသွားပြီ။ ဒါပေမယ့် ၁၉၂၆ ခုမှာ လိုက်လာသေးတယ်။ ဝုပေ့ဖူနဲ့ တခြားစစ်ဘုရင်တွေ ကျွန်တော့်ကို ထောက်ခံဖို့ သူအများကြီး ကြိုးစားပေမယ့် မအောင်မြင်ပါ။ နောက် အင်္ဂလန်ပြန်သွားတယ်။

အဲဒီခုနစ်နှစ်က ကျွန်တော်နဲ့ရင်းနှီးအောင် ကြိုးစားလာတဲ့လူတွေကို အမျိုးအစား အများကြီးခွဲရမယ်။ ကျဲန်ပဝ်ရှဲ့န်ခေါင်းဆောင်တဲ့ "ရှေးအမတ်"တွေက ထောက်ထားငဲ့ညှာရေးစာချုပ် ပြန်ဖြစ်မယ်လို့ မျှော်လင့်တယ်။ အခြေအနေကောင်းအတိုင်းကြိုက်တယ်။ သူတို့ကို "နန်းတော်ပြန်အုပ်စု"လို့ ခေါ်မယ်။ လောကျဲန်ယုတို့ အသိုက်က ကျွန်တော် နိုင်ငံခြားသွားဖို့ လိုလားတယ်။ နိုင်ငံခြားက အထူးသဖြင့် ဂျပန်က အကူအညီလိုချင်တယ်။ သူတို့ကို "ဂျပန်မဟာမိတ်"လို့ ခေါ်ချင်ခေါ်

"နိုင်ငံခြားသွားအုပ်စု"လို့ ခေါ်ချင်ခေါ်ဖြစ်တယ်။ သူတို့အထဲမှာ ကျိုန်င်အရာရှိဟောင်းတွေနဲ့ ပုဝေတို့ မန်ကျူးမင်းသားတစ်ဦးနှစ်ဦးလည်းပါတယ်။ တတိယအစုထဲမှာ ကျွန်တော် အပါအဝင်တွေကတော့ စစ်ဘုရင်တွေနဲ့ ညှိနှိုင်းပြီး သူတို့အကူအညီကို ငွေနဲ့ပေါက်ယူဖို့ဖြစ်ပါတယ်။ အဲဒီ "စစ်သားဝှားအုပ်စု"ထဲမှာ ရှေးအရာရှိတွေပါသလို သမ္မတဘက်က နိုင်ငံရေးသမားတွေလည်း ပါတယ်။

ကျဲန်ငယ်ဝိယ့ပြန်လာတော့ သူက ဘယ်အုပ်စုမှာမှ စာရင်းသွင်းမခံဘူး။ တခြားလူတွေရဲ့ စိတ်ကူးကို သူကမြှောက်တယ်။ တိုက်ခိုက်တယ်။ ပြီးတော့မှ သူက ဘယ်သူမှ မပြောတဲ့အကြံသစ်တစ်ခု တင်လာတယ်။ နိုင်ငံခြားအကြံပေးတွေ သုံးပါ။ "တံခါးဖွင့်"ထားပါ။ (ဆိုလိုတာက နန်းပြန်ရဖို့ ကူမယ်ဆိုရင် နိုင်ငံတစ်ခုတည်းကို သတ်မှတ်ထားတာထက် ဘယ်နိုင်ငံကိုမဆို လက်သင့်ခံဖို့ပဲတဲ့။) သူ့အကြံကို အခြားအုပ်စုတွေအားလုံးက မကြိုက်ပါ။ နောက်ဆုံး ဂျပန်ကိုအားကိုးကြစို့လို့ သူ လက်ခံလာတယ်။ ဒီအခါကျတော့လည်း အရင်က သူပြိုင်ခဲ့တဲ့ လောကျဲန်ယုထက်တောင် သူက ဂျပန်ဘက် ပါနေသေးတယ်။

ဒီလို နောက်ပိုင်းဖြစ်လာတာတွေကို ခဏထားပြီး **လောကျဲန်ယု**ကို လေ့လာကြပါစို့။ သူ လူဝင်ခက်နန်းမြို့ရောက်လာတော့ အသက်၅၀ လောက်ရှိနေပြီ။ အရပ်မမြင့်မနိမ့်၊ ရွှေကိုင်းမျက်မှန်တပ်တယ်။ (ကျွန်တော့်ရှေ့မှာ ချွတ်ထားလေ့ရှိတယ်။) ဝါကျင့်ကျင့်မုတ်ဆိတ်ရှိတယ်။ ကျစ်ဆံမြီးအဖြူ။ သူ့ဇာတိနယ်ဖြစ်တဲ့ ကျဲန်ကီအန်င်နယ်က အသံထွက်စကားနှေးနှေးပြောတယ်။ ကျွန်တော့်လက်ထပ်ပွဲအပြီး "စာကြည့်တော်" အဖြစ် ခန့်တဲ့အခါ သူရောက်လာတာဖြစ်တယ်။ နန်းတွင်းက ရှေးကြေးပစ္စည်းတွေ စစ်ဆေးပိုင်းခြားဖို့ တာဝန်ပေးထားတယ်။ ပညာရှင်တစ်ယောက်လို့ အများယူမှတ်တဲ့ အပြင် ဘုရင်စနစ်ကို လိုလားသူအဖြစ်နဲ့ ကျွန်တော်က အသိအမှတ်ပြုခဲ့တယ်။

ကျိုန်င်လက်ထက်က အရာရှိဖြစ်ခဲ့ပြီး ၁၉၁၁တော်လှန်ရေးခေတ်ကစပြီး ဂျပန်နဲ့တရုတ်မှာရှိတဲ့ ဂျပန်မြေမှာပဲ တစ်ချိန်လုံးနေခဲ့သူဖြစ်တယ်။ ရှေးပစ္စည်းအဆုံးအဖြတ်မှာ သူဟာ "နောက်ဆုံးပြောပိုင်ခွင့်ရှိသူ" ဖြစ်လာအောင် နည်းဆိုး အပါအဝင် နည်းအားလုံး သူလုပ်ခဲ့တယ်။ ရှေးစာအုပ် ရှေးတံဆိပ်အတုလုပ်တယ်။ ရှေးကားအတုကို ငွေလက်ခံပြီး အစစ်နဲ့မခြားအောင် ဆင်ပြင်ပေးတယ်။ သူနဲ့ တွဲဖက်ဖြစ်တဲ့ ဝေါင်ဟောဝေရဲ့ အသိဉာဏ်ဗဟုသုတ သူကညစ်ပြီး အကျိုးခံစားတယ်။ ဝေါင်က မခံနိုင်လွန်းလို့ သူ့ကိုယ်သူသတ်သေသွားတယ်လို့ ထင်ရတယ်။ အဲဒီအခါမှာတောင် ဝေါင်ဟာ ကျိုန်င်မင်းဆက်အပေါ်မှာ သစ္စာရှိတာကို ပြချင်လို့ သူ့ကိုယ်သူ သတ်သေတယ်လို့ထင်ရအောင် ဝေါင်ရဲ့စာအတုလုပ်ပြီး အလွန်အမင်း ဝါဒဖြန့်ပြီး သူ့ကိုယ်သူ ဝေါင်ရဲ့မိတ်ဆွေအဖြစ်နဲ့ ထင်ရှားလာအောင်လုပ်တယ်။

လောကျဲန်ယုနဲ့ ကျဲန်ယိုဝ်ယျ ပထမစတင်ပြီး မသင့်တင့်တာက ကျွန်တော် နိုင်ငံခြားသွားသင့် မသွားသင့်ဆိုတဲ့ ပြဿနာပေါ်မှာ စပါတယ်။ ဂျပန်သံရုံးက

ဂျပန်နယ်ကိုပြောင်းတော့ ကျွန်တော့်ကို ပြည်သူတို့မကျေနပ်တာဟာ အခေါင်အထွတ် ဖြစ်လာတယ်။ ကျွန်တော့်ကို တိုက်ခိုက်ဖို့ “ကျိန်ဆန့်ကျင်ရေးအသင်း”ရယ်လို့ တီအင်ကျင်မှာ ပေါ်လာတယ်။ ဒီအခါကို အခွင့်ကောင်းယူပြီး လောကျဲန်ယုနဲ့ အပေါင်းပါတွေက ကျွန်တော့်ကို နိုင်ငံခြားသွားလိုက်မှ ဒါတွေငြိမ်းမယ်လို့ တွန်း ကြတယ်။ သူတို့ပြောတာကို အရင် ကျိန်အရာရှိတချို့ကလည်း ထောက်ခံတယ်။

ကျဲန်ပဝ်ရှဲန်တို့က ဒါကိုမယုံဘူး။ ကျွန်တော့်မှာ ဘာအန္တရာယ်မှတကယ် မရှိဘူး။ ဂျပန်ရောက်ရင် ဝမ်းသာအားရ လက်မခံကြရင် မခက်ဘူးလားတဲ့။ တခြား နေရာမှာ နေမရလို့ ကျွန်တော်ပြန်လာရရင်လည်း တုအန်ကျိရွှေတို့ ကျန်င်ကျော့ လင်တို့က လူဝင်ခက်နန်းမြို့မှာ ပြန်လက်ခံဖို့ ခက်မယ်။ ကျဲန်ပဝ်ရှဲန်ပြောသမျှ မယုံပေမယ့် လောကျဲန်ယုပြောတာ အားလုံးကိုလည်းမကြိုက် ဖြစ်ခဲ့ရတယ်။

ကျဲန်ပဝ်ရှဲန်တို့ အခု မျှော်လင့်ထားသလိုပဲ ၁၉၂၆ခုနှစ် နိုင်ငံရေးအခြေအနေ ဖြစ်လာပါတယ်။ ကျန်ကျော့လင်ဟာ ဖြန်းခနဲ ဝုပေ့ဖုနဲ့သွားတွဲပြီး အရင် ပေါင်း ဟောင်းသင်းဟောင်း ဖုန်င်ယုယှိအန်ငံနဲ့ မသင့်မတင့် ဖြစ်လာတယ်။ ဖုန်ငံယုယှိအန်ငံရဲ့ အမျိုးသားတပ်ကို ကျန်ငံကျော့လင်ရဲ့ ဖုန်တီအင်အင်တပ်တွေက တိုက်လို့ တီအင်ကျင် က ဆုတ်သွားရတယ်။ ပီကင်းမှာ ကျန်တဲ့သူ့တပ်တွေဟာလည်း အဝိုင်းခံရတယ်။ ဖုန်ငံယုယှိအန်ငံက တုအန်ကျိရွှေနဲ့ ကျန်ငံကျော့လင်တို့အဆက်အသွယ်ရှိပုံကို တွေ့သွားတဲ့အခါ တုအန်ငံဟာလည်း သူ့လက်တွင်းက လွတ်ထွက်သွားပြန်တယ်။ ဒီနောက်တော့ ပီကင်းမှာ ဖုန်ယုယှိအန်ငံဟာ ဆက်နေဖို့ မဖြစ်နိုင်ဘူးဆိုတဲ့အနေနဲ့ ထွက်သွားပါတယ်။ ဇူလိုင်လထဲမှာ ကျန်ငံကျော့လင်နဲ့ ဝုပေ့ဖုဆိုတဲ့ “မာရှယ်” နှစ်ယောက် ပီကင်းမှာ တွေ့ဆုံကြတဲ့အခါ နန်းတော်ကို ပြန်နေလိုတဲ့အစုအတွက် မျှော်လင့်ချက်ပေါ်ပြီး သိပ်လှုပ်ရှားလာကြတယ်။ ကျဲန်ပဝ်ရှဲန်က ပီကင်းသွားပြီး မိတ်ဆွေတချို့ရယ် ဝန်ကြီးချုပ်သစ်ရယ်နဲ့ တွေ့ဆုံတယ်။ အရင် ၁၈၉၈ခုက ပြုပြင်ရေးဆရာဖြစ်တဲ့ ကန်ငံယုဝေက ထောက်ထားငဲ့ညှာရေးစာချုပ်ကို ပြန်ပြီး အတည်ပြုပါလို့ ကျန်ငံကျော့လင်၊ ဝုပေ့ဖု၊ ကျန်ငံကျန်ကျန်ငံ စတဲ့လူတွေဆီကို သံကြိုးရိုက်ပြီး တောင်းဆိုတယ်။ ဝုပေ့ဖုဆီကိုလည်း ကျိန်ငံမင်းဆက်ရဲ့ ကောင်းတဲ့ အချက်တွေ ဆောင်ရွက်ခဲ့ပုံတွေကို ချီးမွမ်းတဲ့စာ အရှည်ကြီးရေးပြီး ဒါတွေကြောင့် အဲဒီမင်းဆက်ကို ထီးနန်းပြန်အပ်ပါလို့ တိုက်တွန်းတယ်။

တကယ်ကတော့ ပေ့ထန်ငံစစ်ဘုရင်တွေရဲ့ နောက်ဆုံးရက်ရောက်နေပါပြီ။ မြောက်ပိုင်းစစ်ဘုရင်တွေဟာ ရက်တရက် စည်းလုံးလာပြီး “ငြိမ်းချမ်းရေးတပ်” အမည်ခံတဲ့တပ်ပေါင်းစုမှာ ကျန်ငံကျော့လင်က သေနာပတိ ဖြစ်လာတယ်။ ကိုမင် တန်ငံနဲ့ ကွန်မြူနစ်ပါတီပေါင်းပြီး မြောက်ပိုင်းစစ်ဘုရင်တပ်တွေကိုတိုက်ဖို့ မြောက် ကြောင်းချီစစ်ကြောင်းဟာလည်း ၁၉၂၆ခုကပဲ စပါတယ်။ သူတို့တပ်တွေ အခြေ ယိုင်နေတဲ့အခါမှာ ထောက်ထားငဲ့ညှာရေးစာချုပ်ကို သူတို့ ဂရုစိုက်မနေအားပါဘူး။

ကျဲန်ပဝ်ရှဲ့န် ကြိုးစားလှုပ်ရှားတယ်ဆိုတာလည်း အချည်းနှီးပါပဲ။ ဝုပေ့ဖုက တနင်္ဂထုတ္တေ့စာကို ခင်ဗျားသစ္စာရှိပုံက သံခဲကျောက်ခဲများလို အလွဲအပြောင်းမရှိတာတော့ ဒါပေမယ့် ခင်ဗျားအသံ တည်ပုံက မြင့်လွန်းလို့ သီချင်းကို ခင်ဗျားနဲ့ ဘယ်သူမှ လိုက်ဆိုလို့မရဘူးလို့ ခပ်ငေါ့ငေါ့ ပြန်ကြားလိုက်တယ်။ နောက်တစ်နှစ်ကြာတော့ ကန်ယုဝေလည်း စိတ်ပျက်လက်ပျက်နဲ့ပဲ ကျင်တပ်မှာ သေဆုံးသွားတယ်။

နန်းတော်ကိုပြန်နေရဖို့ မျှော်လင့်ချက်အားလုံး ကုန်တဲ့အခါ ကျဲန်ပဝ်ရှဲ့န် တို့အစုလည်း စိတ်ပျက်ပြီ။ ဒီတော့မှ လောကျဲန်ယုက ပိုသွက်လာပြန်တယ်။ မြောက်ကြောင်းချီတပ် နီးကပ်လာလို့ ကျွန်တော် တုန်လှုပ်စပြုတဲ့ ၁၉၂၆ခု မတ်လ တွင်းမှာ မန်ကျူသူကောင်းပုဝေက ဂျပန်သိမ်းထားတဲ့ လူရှုန်မြို့ကနေပြီး ကျွန်တော့်ဖို့ သွင်းစာတစ်စောင်နဲ့ လောကျဲန်ယုဖို့လည်း စာတစ်စောင်ပို့တယ်။ အဲဒီစာတွေထဲ မှာ သူဟာ ဂျပန်အရာရှိတွေနဲ့ သိပ်အဆင်ပြေနေတယ်။ ဒါ့ကြောင့် လူရှုန်ကို ကျွန် တော် ရွှေ့လာခဲ့ရင် အန္တရာယ်လည်းကင်းမယ်။ နိုင်ငံခြားမသွားခင် အခြေတကျ နေစရာတစ်ခုရှိဖို့လိုသတဲ့။ လောကျဲန်ယုနဲ့ပတ်သက်ပြီး သတင်းစကားအမျိုးမျိုး ကြားရဖူးနေတော့ သူ့ကို အားလုံးပုံပြီး မယုံဝံ့ဘူး။ ဒါပေမယ့်ပုဝေကိုတော့ အထင် ကြီးတယ်။ ကျွန်တော် တီအင်ကျင်ရောက်ပြီးစက လူရှုန်က သူရောက်လာသေးတယ်။ ဒီတုန်းက ကျွန်တော်မျိုးကြီး အသက်ရှိနေသ၍ ကျိန်ငံနန်းရိုးကြီး မပျက်စီးစေရဘူးလို့ သူပြောတဲ့စကားကို ကျွန်တော့်အသည်းထဲမှာ စွဲနေတယ်။ ဒီတော့ သူ့စာကိုရပြီး ကျွန်တော်လည်း လိုက်နာရရင် ကောင်းမလားလို့ ဖြစ်မိတယ်။ ပုဝေလို လူက လောကျဲန်ယုကို သူ့ကိုယ်စား ပြောဆိုဖို့အသုံးပြုတာတွေ့ရတော့ လောကျဲန်ယုအပေါ်မှာ မသင်္ကာစိတ်လည်း နည်းနည်းလျော့သွားပါတယ်။

မြောက်ကြောင်းချီတပ်တွေက ၁၉၂၆ခုမှာ ဝုကျန်ကို သိမ်းနိုင်လို့ မြောက်ပိုင်းစစ်ဘုရင်တွေရဲ့ စစ်မျက်နှာ ယိမ်းယိုင်နေတုန်း လောကျဲန်ယုက တော် လှန်ရေးတပ်တွေဟာ "ရေရှုးနွားရိုင်း"လိုပဲ "လူသတ်မီးတိုက်"နဲ့ သိပ်ကြောက်စရာ ကောင်းတယ်လို့ ပြောပါတယ်။ တကယ်လို့များ သူတို့လက်ထဲ ကျွန်တော်ရောက် သွားရင် အသက်ရှင်ဖို့ မမျှော်လင့်နဲ့တဲ့။ သူနဲ့ ဂျပန်သိမ်းထားတဲ့ တလိအင်ကို ပြေးဖို့ဆုံးဖြတ်တယ်။ ပြီးမှ ကျဲန်ပဝ်ရှဲ့န်တားလို့ မသွားဖြစ်ပါ။ ဂျပန်သံရုံးစကားက ကျဲန်က အခြေအနေဟာ ထင်သလောက် မဆိုးပါဘူးတဲ့။ အဲဒီမှန်းဆချက်ဟာ မှန် သလိုရှိတယ်။ ကိုမင်တန်ထဲမှာ အပုပ်ချပွဲတွေ လုပ်နေတာကိုသိရပြီး ကျီအန်ငံ ကိုင်ရှိအက်က ခုန "ရေရှုးနွားရိုင်း"လို့ဆိုတဲ့ ကွန်မြူနစ်တွေကို အစုလိုက် အပြုံ လိုက် သတ်ပစ်နေတယ်လို့ ကြားရတယ်။ ဒီအချိန်မှာပဲ အင်္ဂလိပ်စစ်သင်္ဘောတွေက နန်ကင်းကို အမြောက်နဲ့ပစ်တယ်။ ရှန်ဟုနင်မှာ ဂျပန်တပ်တွေက တောင်ဘက်ကလာတဲ့ စစ်တပ်တွေ မြောက်ဘက်မတိုးနိုင်အောင် ပိတ်ဆို့နေတယ်ဆိုတဲ့ သတင်းတွေ ဆက် ကြားလာတယ်။ ဒီသတင်းတွေကြောင့် ခပ်မှန်မှန်အေးအေး စဉ်းစားဆုံးဖြတ်ပြီး

အလုပ်လုပ်တတ်တဲ့ ကျဲန်ပဝ်ရှဲ့န်တို့ အစုကို ပိုပြီး ယုံကြည်လာပြန်တယ်။ လော ကျဲန်ယုံတို့အဖွဲ့က ကြောက်သလို ကြောက်စရာမရှိဘူးလို့လည်း စိတ်အေးသွားပါ တယ်။ နောက်ဆုံးမတော့ ကျီအန်ကိုင်ရှီအက်ဟာလည်း အထက်က ယွန်ရှီကိုင်၊ တုအန်ကျီရွေ၊ ကျန်ကျော့လင်ဆိုတဲ့လူတွေလိုပဲ နိုင်ငံခြားကို ကြောက်တယ်ဆိုတာ ထင်ရှားပါပြီ။ ကျွန်တော်လည်း နိုင်ငံခြား ရပ်ကွက်ထဲမှာ နေတဲ့လူမို့ အရင်ကလိုပဲ အန္တရာယ်မရှိနိုင်လို့ စိတ်ရဲသွားပါပြီ။

အမှန်က နန်းတော်ပြန်နေပါဆိုတဲ့လူတွေနဲ့ နိုင်ငံခြားသွားပါဆိုတဲ့ လူတွေဟာ နောက်ဆုံးကျွန်တော် ကေရာဇ်ပြန်ဖြစ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကျတော့ မကွဲလွဲတော့ပါ။ နန်းတော်ပြန်နိုင်စရာ မျှော်လင့်ချက်ကုန်ပြီဆိုတော့ ကျဲန်ပဝ်ရှဲ့န်တို့က အရင်ပြောဖူးတဲ့ အတိုင်း မထင်မရှားနေပြီး အခါအခွင့်စောင့်ဖို့လည်းရှိကြောင်း ပြောကြပါတယ်။ ဒါပေမယ့် ဂျပန်နဲ့ မဟာမိတ်လုပ်ဖို့ကိစ္စမှာတော့ လောကျဲန်ယုတို့ အုပ်စုနဲ့ သိပ်ပြီး အတိုက်အခံလုပ်စရာမရှိပါ။ နိုင်ငံခြားသွားရမှာကလွဲပြီး လုပ်စရာမရှိတော့ဘူးလို့ဆိုရင် ဘယ်လဲ၊ ဘယ်သူနဲ့တွဲမလဲဆိုတာကို စိစစ်ဖို့ပဲ ကျန်ပါတော့တယ်တဲ့။

နိုင်ငံခြားသွားမယ်ဆိုတာကို ပြင်းပြင်းထန်ထန် ကန့်ကွက်တဲ့လူ ကျိန်င် အရာရှိဟောင်းထဲက သိပ်နည်းပါတယ်။ တစ်ယောက်က ဂျပန်ဟာ အမြတ်ရဖို့ပဲ အမြဲ ကြည့်နေတာ နန်းပြန်တင်ပေးဖို့ကို ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်မယ့်ပုံ မပေါ်လို့ ယတိပြတ် ယူဆတယ်။ နန်းတင်ရေးဟာ သူတို့လိုလူရင်းကမှ ဆောင်ရွက်မှာမို့ လောလို အကောင်မျိုးကို ယုံစရာမကောင်းလို့ ရည်ရွယ်ပြီး ပြောတာပါပဲ။

အုပ်စုနှစ်ခုမတည့်ဘူးဆိုပေမယ့်လည်း ပြင်းပြင်းထန်ထန် နည်းလမ်းတွေ တင်ပြ ငြင်းခုံကြတာမျိုးမဟုတ်ပါဘူး။ ကျွန်တော့်အနားကပ်ပြီး ကျွန်တော် ယုံကြည် အားကိုးအောင်လုပ်တာပဲ များတယ်။ လောကျဲန်ယုဟာ သူ့ကို အားအကိုးဆုံးဖြစ် အောင် နည်းမျိုးစုံကို တခြားလူတွေထက် ပိုသုံးပေမယ့် နောက်ဆုံး သူရှုံးသွားတယ်။

တစ်နေ့ ကျွန်တော့်ဧည့်ခန်းကလေးထဲကို လောက အဝတ်နဲ့ပတ်ထားတဲ့ အထုတ်ရှည်ရှည်ပါးပါးတစ်ခု ယူလာတယ်။ ကိုယ်တော်ကြီး စိတ်ထိခိုက်အောင် ကျွန်တော်မျိုး လုပ်မိရင် အကြိမ်တစ်ထောင်ဆယ်ပြန် အသတ်ခံဝံ့ပါတယ်။ ဒါပေမယ့် လူချင်းခင်လို့ အပြစ်အံနာကို ဝိုင်းဖုံးပေးမိပြန်ရင်လည်း သစ္စာကင်းမဲ့ရာ ရောက်မှာ စိုးမိပါတယ်လို့ စပြီးပြောပါတယ်။ ဘာဆိုလိုတာလဲလို့ ကျွန်တော် မေးစဉ်မှာပဲ သူ အထုပ်ကို ဖြည်းဖြည်းဆေးဆေး ဖြန့်နေပါတယ်။ သင်းကွပ်တစ်ယောက် မျက်နှာ သစ်ပြီး ဆံပင်ဖြီးလို့ မပြီးနိုင်တဲ့ ဖြည်းဆေးစေ့စပ်ပုံမျိုးနဲ့ လုပ်နေပါတယ်။ အထုပ် ကတော့ လက်ရေးစာပိုးလိပ်ပါ။ ကျွန်တော်မှတ်မိပါပြီ။ ကျဲန်ပဝ်ရှဲ့န်အတွက် ကျွန်တော် အထူးရေးပေးတဲ့ ကဗျာပိုးလိပ်နှစ်ခု ဖြစ်နေပါတယ်။

ကိုယ်တော်ကြီးကိုယ်တိုင်ရေးတဲ့စာဟာ အခု ဈေးမှာချရောင်းနေလို့ ကျွန် တော်မျိုး တွေ့ပေလို့သာ ပြန်ယူခဲ့နိုင်ပါတယ် ဘုရားတဲ့။ အဲဒီတုန်းက လောကျဲန်ယုတို့

အုပ်စုဟာ မတရားနည်းမျိုးစုံနဲ့ တစ်ဖက်ရန်သူကို အလဲထိုးဖို့ အစေခံတွေ လာဘ်ပေးတာမျိုး လုပ်လာပါလားလို့ ကျွန်တော်မသိပါ။ ကျွန်တော့် “မေတ္တာလက်ဆောင်” ကို ကျဲန်ပဝ်ရှဲ့န် ဒီလိုလုပ်ရက်တယ်ဆိုပြီး စိတ်ဆိုးလွန်းလို့ စကားပြောမထွက်အောင် ဖြစ်မိတယ်။ လောကို ဟန်ပြပြီး အပြင်ထွက်ခိုင်းလိုက်ရတယ်။

ကျဲန်ပဝ်ရှဲ့န်ဟာ ဒီအချိန်က ပီကင်းသွားခိုက်မို့ သူ့မိတ်ဆွေဟုဇီယွန် ဒါကိုကြားတဲ့အခါ ဒီလိုဘယ်နည်းနဲ့မှ ကျဲန်ပဝ်ရှဲ့န်လုပ်မယ့်လူ မဟုတ်ကြောင်း လာပြီးရှင်းပါတယ်။ သူ့အပြောက အစေခံတစ်ဦးက ခိုးရောင်းတာဖြစ်ရမယ်။ ဒါတောင် အစေခံဟာ ဈေးခင်းမှာ ချရောင်းမယ့်လက္ခဏာ မရှိနိုင်။ တစ်ယောက်ယောက်က တိတ်တိတ်ငွေပေးခိုင်းလို့သာ ခိုးပေးတာဖြစ်ရမယ်လို့ မှန်းဆချက်ပေးပါတယ်။ ခိုးခိုင်းတာက ဘယ်သူလဲ။ လောကျဲန်ယုလက်ထဲ ဘယ်လိုရောက်သလဲဆိုတဲ့ အထိတော့ ယုဆီယွန်က မပြောပါ။ သတင်းမေးတော့ သူက တိုက်ရိုက်မဖြေဘဲ ဝတ္ထုတစ်ပုဒ် ပြောပါတယ်။ ရှေးကေရာဇ်တစ်ပါးဟာ ခရီးသွားမယ်ပြင်ဆင်တယ်။ ကေရာဇ်ဟာ မမာဘူး။ ပါသွားမယ့်အမတ်တွေကလည်း စိတ်မချရဘူးလို့ အဲဒီအမတ်က သိထားပါတယ်။ ဒီတော့ မကြွပါနဲ့ ဘုရားလို့သာ ပြောတယ်။ ဘာ့ကြောင့်မသွားသင့်တယ်ဆိုတာတော့ မေးမရဘူး။ ကေရာဇ်က ခွတ်ထွက်သွားပြီးလမ်းမှာပဲ သေဆုံးတဲ့အခါကျတော့ အမတ်စကား မှန်တာ တွေ့ရပါသတဲ့။ ကျွန်တော်က ဒီဝတ္ထုနဲ့ ကျဲန်ပဝ်ရှဲ့န်နဲ့ ဘယ်လိုသက်ဆိုင်သလဲလို့ မေးမိပါသေးတယ်။ ဆိုင်ပါတယ်။ ကေရာဇ် ကိုယ်တိုင် ဆက်စပ်တတ်မှာပါလို့ပဲ ပြောတယ်။ အဓိပ္ပာယ်မရှင်းပေမယ့်လည်း ကျဲန်ပဝ်ရှဲ့န်ကို သူက ကာကွယ်စကားပြောလို့ ကျွန်တော့်ဒေါသ ပြေလာပါတယ်။ စိတ်နည်းနည်း သက်သာရာရတယ်ပေါ့။ နောက်ထပ်ကုန်းတိုက်လို့ မဖွဲ့တာများတော့မှ လောကျဲန်ယုဟာ တခြားအလုပ်နဲ့အသက်မွေးဖို့ လူရှုန်ကို ၁၉၂၈ခုအကုန်မှာ ထွက်သွားပါတယ်။

ကျိန်င်အရာရှိဟောင်းတွေ ပြိုင်ဆိုင်ကြပုံကို ဒီမှာပဲ တစ်ခန်းရပ်ပြီး ကျွန်တော် တိအင်ကျင်မှာ ဘာပြုလို့ ဆက်နေတယ်။ စစ်ဘုရင်တွေအပေါ်မှာ ဘာပြုလို့ ဒါလောက်အားကိုးတယ်ဆိုတာ ပြောပြပါ့မယ်။

## ဖွဲ့န်တိအင်အုပ်စု စစ်ဗိုလ်တွေနဲ့ဆက်ဆံရေး

တိအင်ကျင်မှာ ခုနစ်နှစ်နေရတုန်းမှာ စစ်ဘုရင်တွေ အများကြီးနဲ့ ဆက်သွယ်ခွင့်ရခဲ့တယ်။ သူတို့က သူတို့ကို ယုံကြည်အားကိုးအောင် တစ်ခုခုလုပ်ပြလေ့ရှိတယ်။ ပုပေ့ဖုက စာတစ်စောင်ထဲမှာ သူဟာလည်း ကျွန်တော့်ကျွေးကျွန်တစ်ယောက်ပါပဲတဲ့။ ကျန်င်ကျော့လင်က ကျွန်တော့်ရှေ့မှာ ဝပ်စင်းပြီး ဦးတိုက်တယ်။ တုအန်ကျိရွေက သူကစပြီး အခစားဝင်ပါရစေလို့ ခွင့်တောင်းလာတယ်။ ကျွန်တော့်မျှော်လင့်ချက်

အများဆုံးထားတဲ့လူတွေကတော့ ဖုန်င်တီအင်စစ်ဘုရင်တွေပါပဲ။ သူတို့နဲ့ ပိုပြီး ရင်းနှီးတယ်။ အဆက်အဆံ လုပ်ရတဲ့အချိန်လည်း ပိုများတယ်။ ကျန်င်ကျော့လင်က ကျွန်တော့်ကို ဦးတိုက်တဲ့အချိန်ကစပြီး ရင်းနှီးလာတယ်ဆိုပါတော့။

ကျွန်တော့်ယောက္ခမ ရှန်ငယွန်ဟာ ၁၉၂၅ခု ဇွန်လတစ်နေ့မှာ သိပ်ပြီး ဝမ်းသာအားရနဲ့ လှူယုံလွှတ်ပြီး ကျန်င်ကျော့လင်က ကျွန်တော့်အတွက် ဒေါ်လာ ၁၀၀၀၀၀ ပို့တယ်။ ပြီးတော့ သူနေတဲ့အိမ်မှာ ကျွန်တော့်ကို သူတွေ့နိုင်ဖို့ မျှော်လင့်နေပါသတဲ့။ ကျဲန်ပဝ်ရှဲ့န်က ဒီလိုခေါ်ယူတဲ့ သဘောမျိုး သက်ရောက်နေတာကို ကန့်ကွက်တယ်။ ဧကရာဇ်က သမ္မတနိုင်ငံစစ်ဗိုလ်ဆီကို သွားရမှာလား။ တွေ့ရမယ့် နေရာက သီးသန့်မြေအပြင်ရောက်နေလို့လည်း စိုးရိမ်စရာတဲ့။ နိမ်ရာရောက်တယ်။ အန္တရာယ်ရှိမယ်။ ဒါကြောင့် ငြင်းပယ်တယ်။ ရှန်ယွန်က ကျန်င်ကျော့လင်ရဲ့လှူယုံကို ညကျတော့ တစ်ခါခေါ်လာပြန်တယ်။ ကျန်င်ကျော့လင်စောင့်နေပါတယ်။ အန္တရာယ် မရှိစေဖို့ အာမခံတယ်။ သီးသန့်မြေကို သူလာဖို့မသင့်လွန်းလို့ ဒီလိုဖိတ်ရတာပါ တဲ့။ ယောက္ခမက လိုက်သွားစေချင်တယ်။ သစ္စာရှိတဲ့သဘောကို နှိုင်းယှဉ်ကြည့် မယ်ဆိုရင် ကျန်င်ကျော့လင်ဟာ ကျန်င်ယွန်ကို ဒုတိယလိုက်တဲ့လူ ဖြစ်တယ်တဲ့။ ဘယ်သူ့မှ မပြောတော့ဘဲ ကားထဲတက်လိုက်သွားပါတယ်။

ဂျပန်သီးသန့်မြေထဲက ဒီနွေဦးမှာ ပထမဆုံး စွန့်စားပြီး ထွက်လာခဲ့တယ်။ ကျိုန်င်ကျော့လင်ရှိနေတဲ့ ကျောင်းမျိုးဆက်ဥယျာဉ်ထဲရောက်တော့ အရပ်ရှည်ရှည် စစ်သားကြီးတွေ မီးခိုးရောင်ဝတ်စုံနဲ့ ရွေးသုံးပုဆိန်လုံသွားတွဲရော ခေတ်သစ်သေနတ် နှစ်မျိုး ကိုင်စွဲလို့ နှစ်တန်းတန်းစီပြီး အလေးပြုတာကို တွေ့ရတယ်။ သူတို့ကြားက ကား ဖြတ်ဝင်ပြီး ဥယျာဉ်ထဲရောက်တယ်။

ကားပေါ်ကဆင်းတော့ သိပ်လင်းအောင် မီးထွန်းထားတဲ့ အဆောင်တစ်ခု ထဲ ခေါ်သွားလို့ ရောက်တဲ့အခါ အရပ်ဝတ်နဲ့ နှုတ်ခမ်းမွေး ကောင်းကောင်း အရပ် ပုပု လူတစ်ယောက်က ကြိုနေပါတယ်။ သူပဲ ကျန်င်ကျော့လင်လို့ ကျွန်တော် ချက်ချင်းမှတ်မိတယ်။ သမ္မတအစိုးရဘက်က အရေးပါသူတစ်ယောက်ကို ဒါ ပထမ ဆုံးအကြိမ် တွေ့တာမို့ ကျွန်တော်က ဘယ်လိုစပြီး နှုတ်ဆက်ရမလဲလို့ ဝေခွဲမရ အောင်ဖြစ်နေတယ်။ ရှန်ငယွန်ကလည်း မမှာလိုက်ဘူး။ သူကတော့ မဆိုင်းမဆွ မြေမှာဝပ်ပြီး ဦးတိုက်ရင်း ကိုယ်တော်ကြီးကျန်းမာပါစလို့ မေးတယ်။ ကျွန်တော့်လည်း မမျှော်လင့်တဲ့အပြုအမူမို့ အံ့အားသင့်နေရာကပဲ မာရှယ်ကော နေကောင်းရဲ့လားလို့ ပြန်မေးပြီး သူ့ကို ဆွဲထူပေးရက်မိသား ဖြစ်နေတယ်။ ပြီးမှ နှစ်ယောက်သားဧည့်ခန်းကို လျှောက်ခဲ့ကြတယ်။ ကျွန်တော်လည်း ရှင်လို့ သူ့ဆီကိုလာတာ အောက်ကျတယ် ထင်မိတဲ့စိတ်ကို ပြေသွားအောင် သူဆီးလုပ်ပုံဟာ သိပ်ကိုကျေးဇူးတင်စရာဖြစ်တယ်။ အကျေနပ်ဆုံးအချက်ကတော့ ဒီလောက်အရေးပါတဲ့လူဟာ ခေတ်ဟောင်းကို မမေ့ သေးပါလားလို့ လက်တွေ့သိလိုက်ရတဲ့အချက်ပဲ ဖြစ်ပါတယ်။ အခန်းကို ခမ်းနား

အောင်တန်ဆာဆင်ထားတာတော့ မှန်တယ်။ ဒါပေမယ့် တရုတ်ပစ္စည်းနဲ့ အနောက်အတိုင်းပစ္စည်းရောနေလို့ မပီမသဖြစ်တယ်လို့ ယူဆတယ်၊၊ စားပွဲဝိုင်းမှာ စုထိုင်ကြပြီး ကျန်ကျော့လင်က စီးကရက်တစ်လိပ်ပြီးတစ်လိပ်ဖွာရင်း စကားစပြောတယ်။ အဦးဆုံးပြောတဲ့အချက်ကတော့ နန်းတွင်းပစ္စည်းတွေ ခိုးချင်လို့ ဖုန်ယုယိုအန်င်ဟာ ကျွန်တော့်ကို လူဝင်ခက်နန်းမြို့က နှင်ထုတ်တဲ့အကြောင်းပါပဲ။ သူကတော့ တရုတ်ရှေးယဉ်ကျေးမှုနဲ့ ကြွယ်ဝတဲ့ အမွေအနှစ်တွေကို ထိန်းသိမ်းဖို့ သိပ်အရေးကြီးတယ်လို့ ယုံကြည်တယ်။ ဖုန်နင်တီအင်မှာ ရှိနေတဲ့ ကျိနင်နန်းတော်ကို ကောင်းကောင်းစောင့်ရှောက်ထားတယ်။ ပီကင်းကနေပြီး စာကြည့်တိုက်လေးခုအပြည့်အစုံကို အားလုံးရအောင်ယူပြီး ထာဝစဉ်တည်မြဲအောင်သိမ်းထားဖို့ စီစဉ်နေပါသတဲ့။ ကျွန်တော့်လုံခြုံရေးကို အပြည့်အဝစောင့်ပေးနိုင်မယ့် သူ့စစ်တပ်ဟာ ပီကင်းကို အင်နဲ့အားနဲ့ ရောက်နေခိုက်မှာ ကျွန်တော်က ဂျပန်သံရုံးကိုခိုဝင်ဖို့ မရှိတဲ့အကြောင်းကို မကျေနပ်သံနဲ့လည်း ပြောသေးတယ်။ ဒီလိုခိုဝင်ပြီးမှ အစစအဆင်ပြေရဲ့လား။ လိုတာရှိရင် သူ့ဆီကိုသာ အကြောင်းကြားပါတဲ့။

ကျွန်တော့်ကိစ္စကို သူအလေးဂရုအထူးပြုတယ်လို့ ကျွန်တော် နားလည်ပါတယ်။ ဟိုတုန်းက ပီကင်းမှာ ဖုန်ယုယိုအန်င်ရဲ့တပ်တွေက ရှိနေတော့ ဂျပန်သံရုံးကို မသွားမဖြစ်လို့ ထင်မိတာနဲ့ သွားလိုက်ရပါတယ်။ ဖုန်တီအင်က ဧကရာဇ်နန်းနဲ့ သချိုင်းတော်တွေကို အင်မတန် ဂရုထားပြီး ထိန်းသိမ်းစောင့်ရှောက်ထားတာကိုလည်း သိပါတယ်။ သူ့စိတ်သဘောထားကိုလည်း နားလည်ပါတယ်လို့ ပြန်ပြောမိတယ်။

ကိုယ်တော်ကြီး ဖုန်တီအင်ကို လာပြီးနေတယ်ဆိုရင် နန်းတော်ကလည်း အသင့်မို့ စီစဉ်ရင် မခက်ပါဘူးတဲ့။ ကျွန်တော်က ကျေးဇူးကြီးကြောင်း ပြန်ပြောပါတယ်။ ဒီနောက် သူက အခုကျွန်တော် နေ့စဉ်နေရပုံကို ဆက်မေးတယ်။ လိုတာရှိရင် စာရေးလိုက်ပါလို့ ထပ်ပြောပြန်တယ်။ ကျွန်တော်လိုချင်နေတာက ရာဇပလ္လင်ပဲ မဟုတ်လား။ ဒါကိုတော့ ပြောဖို့မလွယ်သေးဘူးပေါ့။ ကျွန်တော်တို့ စကားပြောနေတုန်းက ယင်ကောင်ကလေးတွေကလွဲလို့ တခြားဘယ်သူမှ မရှိဘူး။ သီးသန့်မြေထဲမှာ ညဘက်ကြီး ယင်ကောင်မရှိဘူးလို့ တွေးမိတယ်။

တော်တော်ကြာတော့မှ အရာရှိငယ်တစ်ယောက် ဝင်လာပြီး စစ်ဦးစီးချုပ်က တွေ့ချင်ပါတယ်တဲ့လို့ ကျန်ကျော့လင်ကို ပြောတော့ လက်တစ်ချက်ရမ်းပြီး အရင်စလိုလုပ်စရာမရှိဘူးကွယ်။ စောင့်ဦးလို့ ပြောပါတဲ့။ သူသိပ်အလုပ်များမှာမို့ ပြန်တော့မယ်လို့ ကျွန်တော်ကထတော့ မလိုပါမလိုပါဘူးလို့ပြောပေမယ့် ကန့်လန့်ကာကြားက ဖျက်ခွက်တစ်ခုကို ကျွန်တော်မြင်မိတယ်။ (သူ့ပဋ္ဌမမြောက်မယားတဲ့) ဒီတော့ သူ့မှာ တကယ်အလုပ်များမှာပါပဲလို့ပြောပြီး ဇွတ်ထွက်တော့ မတားတော့ပါဘူး။

အရပ်ဝတ်နဲ့ဂျပန်ရဲတစ်ယောက်ဟာ ကျွန်တော် ဘယ်သွားသွားပါတယ်။

ဒီညလည်း ပါတာပေါ့။ ကျွန်တော့်ကားဘေးမှာ ရပ်နေတဲ့ အဲဒီအစောင့်ကို ကျန်ႏ်ကျော့လင်ဟာ တွေ့ပုံမပေါ်ဘူး။ အသံကျယ်ကျယ်နဲ့ ဂျပန်က ကိုယ်တော်ကြီးကို လက်ဖျားနဲ့တောင် အတို့မခံနဲ့။ ထိရဲလို့ထိရင် ကျွန်တော်မျိုးကြီးနဲ့ အတွေ့ပဲလို့ ပြောလိုက်ပါသေးတယ်။ ကားနဲ့ပဲ ဂုဏ်ပြုအရံတပ်အဆန်းကိုဖြတ်ပြီး သီးသန့်မြေကို ပြန်ရောက်တယ်။ နောက်တစ်နေ့ ကောင်စစ်ဝန်က လာပြီး ဒီလိုတရုတ်နယ်ထဲကို ကိုယ်တော်ကြီး နောက်တစ်ကြိမ် တိတ်တဆိတ်သွားရင် ဂျပန်အစိုးရက လုံခြုံရေးတာဝန် မယူနိုင်ပါလို့ သတိပေးစကား ပြောလာပါတယ်။

ကျန်ႏ်ကျော့လင်က လေမြင့်မြင့်နဲ့ ဂျပန်ကိုကြိမ်းပြီး ဂျပန်က ကန့်ကွက်တယ်ဆိုပေမယ့် ဟိုတုန်းကပဲ သူတို့နှစ်ဦး အဆက်အသွယ်ရှိနေတယ်ဆိုတာ လူတိုင်းသိပါတယ်။ ဂျပန်ပေးတဲ့လက်နက်ရလို့သာ ကျန်ႏ်ရဲ့တပ်ဟာ ဒါလောက်အားကောင်းနေတယ်မဟုတ်လား။ ဒီတော့ အခုလို သွားတွေ့ပြီး ဒီလို လာကန့်ကွက်ရုံနဲ့ ကျွန်တော် စိတ်ပျက်မသွားဘူး။ ကျဲန်ပဝ်ရဲ့နိ်တို့အစုက ကန့်ကွက်စကား ပြောလာတာကိုလည်း မမှုဘူး။

ဂျပန်မှ ၁၉၂၇ခု တနကအစိုးရဖွဲ့တော့ နန်းပြန်တက်ရဖို့ မျှော်လင့်ချက် မိုလာသေးတယ်လို့ ယူဆတယ်။ ဝန်ကြီးချုပ် တနကဂိအိချိဟာ အရှေ့အာရှနဲ့ အခြားနေရာတွေမှာ ဘယ်လိုနယ်ချဲ့မယ်ဆိုတဲ့ အစီအစဉ်ကို ဧကရာဇ်ဆီ စာသွင်းသူဖြစ်လို့ မကောင်းသတင်းကြီးတဲ့လူလို့ ခေါ်ရမယ်။ သူ့အစိုးရအဖွဲ့ဟာ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းကို အင်မတန် သိမ်းယူနေချင်ပြီဆိုတာကိုလည်း အတိအလင်းပြောနေပါတယ်။ တရုတ်နိုင်ငံရဲ့ တခြားနယ်တွေတောင် ဒီနေရာကိုထူးပြီး အလိုရှိတာယ်။ စစ်တပ်အားကိုသုံးဖို့လည်း ဝန်မလေးဘူးတဲ့။

ကျန်ႏ်ကျော့လင်ဟာ တနကအစိုးရအဖွဲ့ရဲ့ အကူအညီကို ရထားလို့ တရုတ်မြောက်ပိုင်းမှာရှိတဲ့ စစ်ဘုရင်တွေထဲမှာ ခေါင်းဆောင်ဖြစ်လာတယ်။ ငြိမ်းချမ်းရေးတပ်ရဲ့ သေနာပတိလည်း ဖြစ်လာတယ်။ ကျိအန်ႏ်ကိုင်ရှိအက်တပ်တွေ မြောက်ဘက် ကျွံလာတော့ အရှေ့မြောက်နဲ့ အတွင်းမောင်ဂိုလျားမှာရှိတဲ့ "ဂျပန်ရဲ့တရားဝင်အစီးအပွားကို စောင့်ရှောက်ဖို့"ဆိုပြီး စောစောကပြောတဲ့နေရာတွေနဲ့ တောင်ဘက်ကိုမိုင်ပေါင်းရာကျော်ဝေးတဲ့ စီနန်ကို ဂျပန်စစ်သားတွေ ရောက်လာပြီး စီနန်လူသတ်ပွဲကို ကျူးလွန်ပါတယ်။ ဂျပန်သေနာပတိ ဩကမုရက ကျိအန်ႏ်ကိုင်ရှိအက်ဆီကို သတိပေးစာပို့တယ်။ (ကျွန်တော့်အပေါ်မှာ ဂျပန်က လေးစားကြောင်း ပြလိုလို့ တီအင်ကျင် ဂျပန်တပ်က စစ်ဦးစီးချုပ်က အဲဒီသတိပေးစာရဲ့ မိတ္တူတစ်စောင်ကို ကျွန်တော့်ဆီ ပို့ပေးတယ်။) ၁၉၂၇ခု ဧပြီ၁၂ရက်က အစပြုလို့ တော်လှန်ရေးအပေါ် သစ္စာဖောက်ပြီး ကွန်မြူနစ်နဲ့ လုပ်သားကျောင်းသားတွေကို သတ်တဲ့လက်ဟာ သွေးစက်လက်ပဲရှိနေသေးတဲ့ ကျိအန်ႏ်ကိုင်ရှိအက်ဟာ နယ်ချဲ့ကို မျက်နှာချိုသွေးလိုတဲ့အတွက် ဒီသတိပေးစာရရချင်း စီနန်က တပ်ဆုပ်သွားတယ်။ ပြည်သူကိုလည်း

ဂျပန်ဆန့်ကျင်ရေး ဘာကိစ္စမှ မလုပ်ရလို့ တားမြစ်တယ်။

အဲဒီအချိန်မှာ ဖဲ့န်တီအင် စစ်ဘုရင်တွေနဲ့ ကျွန်တော်လည်း ပိုပြီးရင်းနှီးလာတယ်။ ကျွန်တော် ကျန်င်ကျော့လင်နဲ့ တွေ့ပြီးတဲ့နောက်တော့ ပြောင်ပြောင်ပဲ ဝင်ထွက်သွားလာကြပါတယ်။ ဖဲ့န်တီအင်တပ်ထဲက ဗိုလ်မှူးအတော်များများနဲ့ အကျွမ်းဝင်တဲ့ အဖေ့ဘဏ္ဍာစိုးပဲ အဲဒီဗိုလ်တွေကို ကျွန်တော့်ဆီကို ခေါ်လာလေ့ရှိတယ်။ သူတို့ကျန်င်ဥယျာဉ်ကို လာတဲ့အခါမှာတော့ လူဝင်ခက်နန်းမြို့ကို ဝင်တဲ့အခါ လိုက်နာရတဲ့ ဥပဒေတွေ မလိုက်နာရတော့ပါ။ သူတို့ကလည်း ဦးတိုက်ကန်တော့ဖို့မလို ကျွန်တော်ကလည်း နန်းထဲအရောက်မြင်းစီးဝင်ခွင့် ဝေါစီးဝင်ခွင့်ပေးဖို့မလို။ ဦးညွှတ်တယ်။ လက်ဆွဲ နှုတ်ဆက်တယ်။ ဒီနောက်တော့ ကျွန်တော်နဲ့ သူတို့ဟာ တန်းတူထားပြီး ပြောကြဆိုကြတယ်။ သူတို့ဆီကို စာရေးတဲ့အခါမှာတောင် ကေရာဇ်လေမျိုး မသုံးပါ။ သူတို့နဲ့ရင်းနှီးတယ်ဆိုတာမှာလည်း သူတို့တစ်ယောက်စီဟာ ကျွန်တော် နန်းပြန်ရရေးမှာ ဘယ်လောက် စိတ်ပါသလဲဆိုတာ ပေါ်မှာတည်ပါတယ်။

ကျွန်တော် မျှော်လင့်ချက်အထားဆုံး ဖဲ့န်တီအင် ဗိုလ်ချုပ်ကြီးကတော့ ကျန်ကျုန်င်ကျန်င် ဖြစ်ပါတယ်။ တီအင်ကျင်မှာ သူကို စတွေ့တော့ သူဟာ အသက်လေးဆယ်ကျော် ခပ်ဝဝ ဘိန်းရှူထားလို့ မျက်နှာကြီးလည်း ပွလို့။ သူဟာ အသက်တစ်ဆယ့်ငါးနှစ်သားလောက်ကပဲ လေလွင့်ပြီး ယိင်တပ်ကို ရောက်လာတယ်။ ကစားဝိုင်းတွေမှာ အရက်သမား ဖဲသမား လူဆိုးလူမိုက်တွေနဲ့ တွဲဖက်ပြီး အချိန်ကုန်ခဲ့ရလို့ သူလည်း အရှေ့မြောက်ပိုင်း လူဆိုးဗိုလ်ကလေးတစ်ယောက် ဖြစ်လာပြီးမှ ရုရှားဆိပ်ကမ်းဖြစ်တဲ့ ဗလဒီဗော့စတောက်ကို ရောက်သွားပြီး တရုတ်ကုန်သည်ကြီး အသင်းရဲ့ စုံထောက်ဗိုလ်ဖြစ်လာတယ်။ ငွေအပေးအကမ်း ရက်ရောလေတော့ အဆက်အသွယ် ကောင်းပြီး ဗလဒီဗော့စတော့ မြေအောက်ကမ္ဘာမှာ ခေါင်းဆောင်တစ်ယောက်ဖြစ်လာပြီး ဇာဘုရင်အစိုးရပိုင်း အုပ်ချုပ်ရေးအရာရှိ ရဲအရာရှိတွေနဲ့ ရင်းရင်းနှီးနှီး ပူးပေါင်း ခဲ့ပါတယ်။ သူ့လက်အောက်မှာ ကစားဝိုင်း၊ ဘိန်းခန်းနှင့် ဖာအိမ်တွေအများကြီးရှိတယ်။ ၁၉၁၁ခု ဝုကန်င်အရေးပြီးတဲ့နောက် တောင်ပိုင်း တော်လှန်ရေးသမားတွေက တရုတ် ရုရှားနယ်စပ်ကို ကိုယ်စားလှယ်လွှတ်ပြီး အဲဒီနယ်က လူဆိုးဗိုလ် ယမ်းဒေါင့်လျိုနဲ့ နောက်လိုက်ငယ်သားအစုကို သူတို့ဘက်ဝင်ဖို့ဖိတ်ခေါ်ပြီး ဝင်လာတဲ့လူဆိုးတွေကို လျှို့တဲ့အုပ်ချုပ်တဲ့ မြင်းတပ်တစ်တပ် ဖွဲ့ပေးပါတယ်။ အဲဒီလို ဖိတ်ခေါ်တဲ့အခါက ကျန်င်ကျုန်င်ကျန်င်က နှစ်ဖက်တွဲမိအောင် အပေးအယူလုပ်ပေးတဲ့ ပွဲစားပါ။ သူလည်း ရှန်ဟိုင်ကိုလိုက်လာပြီး ဘယ်လိုလှည့်တယ် မသိဘူး။ တော်လှန်ရေးစစ်တပ်မှာ သူက ဗိုလ်ချုပ်တစ်ဦးဖြစ်လာပြီး ယမ်းဒေါင့်လျိုက သူ့လက်အောက်ဗိုလ်ဖြစ်လာတယ်။ (ယွန်ရှီကိုင်ကို ဖြုတ်ချဖို့ ၁၉၁၃ခုကဖြစ်တဲ့) "ဒုတိယတော်လှန်ရေး"မှာ တော်လှန်ရေးဘက်ကို သစ္စာဖောက်ပြီး ပေ့ယန်စစ်ဘုရင် ဖဲ့န်ကော့ကျန်င်နဲ့ တွဲဖက်မိပြန်တယ်။ တော်လှန်ရေးဘက်သားတွေကို ရက်ရက်စက်စက်

သုတ်သင်တဲ့ဘက်မှာ နာမည်ကြီးခဲ့တယ်။ မဲ့န်ကျော့ကျန်င်ရဲ့ ကိုယ်ရံတပ်မှာ အမှူး ဖြစ်ပြီးမှ တဖြည်းဖြည်း ရာထူးတက်လာတာ နောက်ဆုံးတပ်မကြီး ၁၁ရဲ့ ဗိုလ်ချုပ် ဖြစ်လာတယ်။

ကိအန်စုနဲ့ အန်ဟွေ့မှာ အရေးနိမ့်ခဲ့တော့ အရှေ့မြောက်ဘက်ကို ပြေး လာပြီး ကျန်င်ကျော့လင်နဲ့ တွဲဖက်ပြန်တယ်။ တပ်ခွဲတစ်ခု အုပ်ချုပ်ရတယ်။ ဖဲ့န်င် တီအင်စစ်တပ်ကြီး တန်ခိုးတက်လာတော့ သူလည်း တပ်မကြီးတစ်ခုကို ပထမ အုပ်စီးရတဲ့ထိ အဆင့်တက်လာတယ်။ ပြီးမှ တပ်တော်တစ်ခုလုံးကို အုပ်စီးရတယ်။ နောက် ရှန်ဟုန်င်မှာ စစ်ရေးစစ်ရာမင်းကြီးဖြစ်ပြီးတော့မှ ကိအန်စု၊ အန်ဟွေ့နဲ့ ရှန်တုန်င်နယ်တွေမှာ ဓားပြနှိမ်နင်းရေးခေါင်းဆောင် ဖြစ်လာတယ်။ ပြီးတော့ ကျိုလီနဲ့ ရှန်တုန်တပ်ပေါင်းစုရဲ့ သေနာပတိဖြစ်တယ်။ ဒီတော့ သူ့နယ်မှာသူဟာ ကေရာဇ်ပဲ။ အခြေခံက ဖာခေါင်းမို့လို့ တောင်ပိုင်းသတင်းစာတွေက သူ့ကို "ခွေးသားဗိုလ်ချုပ်ကြီး"လို့ခေါ်တယ်။ နောက် စစ်ပွဲရှုံးရင် သူက ကွေ့ပြေးမြဲမို့ ဗိုလ်ချုပ်ကြီးခြေတန်ရှည်"လို့ ခေါ်ပြန်တယ်။

ကျန်ကျော့လင်ရဲ့သား ကျန်င်ယွဲ့လျန်နဲ့ ကျိအန်င်ကိုင်ရှိအက်ပေါင်းပြီး ဟော့ပေ့နယ် လုအန်မြစ်မှာ လုပ်တိုက်လို့ သူ့စစ်တပ်ကြီးတစ်ခုလုံး ပြိုပျက်တဲ့အခါ ၁၉၂၈ခု ဧပြီလမှာ သူဟာ ဂျပန်အရောက်ထွက်ပြေးတယ်။ ရှန်တုန်င်ကို ၁၉၃၂ခုကျမှ မိသားစုသင်္ချိုင်းကို သုတ်သင်ဖို့ဆိုပြီး ပြန်လာတယ်။ တကယ်ကတော့ ရှန်တုန်င်မှာ ရှိရင်းအရာရှိကို သူပုန်ထဖို့ သွေးဆောင်ပြီး ရှန်တုန်င်မှာ သူ့တပ်ပြန်အုပ်ချုပ်ရအောင် ကြံစည်ဖို့ပဲ ဖြစ်ပါတယ်။ ရှန်တုန်နယ်ဉက္ကဋ္ဌက သူ့ကို စက်တင်ဘာလမှာ သတ်ခိုင်းလိုက်တယ်။ ကွင်းပြင်မှာ ကျနေတဲ့ သူ့အလောင်းကို ဘယ်သူမှမကောက်ဘူး။ သူ့အတွင်းဝန်က ပိုက်ဆံဘယ်လောက်ပေးပေး အလောင်းကို ရွှေ့ပြောင်းပေးမယ့်လူ ငှားမရဘူး။ ခေါင်းစပ်ဖို့ပျဉ်ထောင် စဏ္ဍာလတွေဆီမှာ ဝယ်မရဘူး။ နောက်ဆုံးတော့ သူ့ကို သေကြောင်းကြံတဲ့ နယ်အုပ်ချုပ်ရေးအဖွဲ့ကပဲ သင်္ဂြိုဟ်လိုက်ရတယ်။

ဒီလိုစကြဝဠာအနှံ့ရှုံရှာတဲ့ပိတ္တာမျိုးဟာ ကျွန်တော်နေတဲ့ ကျန်င်ဉယျာဉ်မှာ တော့ ကျေကျေနပ်နပ် ကြိုယူခံရတဲ့ ဧည့်သည်တော်ပါပဲ။ သူ့အပေါ်မှာ ကျွန်တော် အမျှော်လင့်ဆုံးပါပဲ။ ပီကင်းက မြောက်အိမ်တော်မှာနေခဲ့ရစဉ်ကပဲ ကျွန်တော့်အတွက် ကြောင့်ကြကြောင်းပြုလိုလို့ သူ့ရုပ်ဖျက်ပြီး လာခဲ့သေးတယ်။ နောက် ကျွန်တော် တီအင်ကျင်ရောက်တော့ သူမြို့ရောက်တိုင်း ကျွန်တော့်ဆီဝင်တယ်။ သူလာရင် အမြဲ သန်းခေါင်ယံပါပဲ။ တစ်နေ့လုံးအိပ်၊ ညဉ်းဘိန်းရှူပြီးရင် သူဟာ ရွှင်ရွှင်ပျပျနဲ့ ဘာကိစ္စပဲပြောရပြောရ အချိန်ကုန်ခံပြီး ပြောနေနိုင်တယ်။

ကျန်င်ကျော့လင်နဲ့ ပေ့ဖုပေါင်းပြီး ၁၉၂၆ခုက ဖဲ့န်င်ယုယိုအန်င်ကို ပီကင်းအနောက်မြောက် နန်းကိုက စတိုက်တယ်။ ဖဲ့န်င်ယုယိုအန်င်ယို သွားပြီး နန်ကို ပထမဆုံးဝင်လာတဲ့တပ်က ကျန်င်ကျုန်င်ကျန်င်ရဲ့တပ်ပါပဲ။ ဒီတော့ ကျွန်တော်

က သူ့ဆီကို "အနီ"ကောင်တွေကိုနှိမ်ပြီး "တရုတ်ကို ကွန်မြူနစ်အန္တရာယ်" က ကယ်ဆယ်နိုင်လို့ ဝမ်းသာစာတစ်စောင် ရေးပို့ဖူးပါတယ်။

ကျန်ုင်ကျူန်ုင်ကျန်ုင်အောင်ပွဲရတာကို သတင်းစာစောင်ဖတ်ဖို့ မလိုပါ။ ကျွန်တော့်မှာလည်း သူလျှိုအဖွဲ့ ရှိနေပါတယ်။ သတင်းစုတဲ့လူလည်း ရှိတယ်။ နိုင်ငံခြား သတင်းဘာသာပြန်ပေးတဲ့လူလည်း ရှိတယ်။ အဖက်ဖက်ကရတဲ့ သတင်းစကားတွေမှာ ကျန်ုင်ကျူန်ုင်ကျန်ုင် အောင်ပွဲအလီလီ ရနေပြီ။ တန်ခိုးကြီးသထက် ကြီးလာပြီဆိုတော့ ကျွန်တော်ဖြင့် ခုန်ချင်ပေါက်ချင်မတတ် ဝမ်းသာတယ်။ သူ့အောင်ပွဲဟာ လိုလေသေးမရှိဖြစ်ပြီး ကျွန်တော့်ကို နန်းပြန်တင်နိုင်ပါစေလို့ မျှော်လင့်မိတယ်။ သူအောင်မြင်စက "ခွေးသားဗိုလ်ချုပ်ကြီး"ဟာ ရဲရဲဝန်မခံပါ။ နောက် "ဗိုလ်ချုပ်ကြီး ခြေတန်ရှည်" ဖြစ်တော့မှ ဒီကိစ္စကို စဉ်းစားလာတယ်။

ကိုအန်ုင်ကိုင်ရှိအက်ဟာ ဖုန်ယုယှိအန်ုင်နဲ့ ယဲန်ယှိရှန် (ရှန်စီနယ်စစ်ဘုရင်) တို့ကို ၁၉၂၈ခုမှာ မဟာမိတ်လုပ်ပြီး တရုတ်မြောက်ပိုင်းမှာ စုပေါင်းတိုက်ခိုက်ကြပြန်တယ်။ ကျန်ုင်ကျူန်ုင်ကျန်ုင်ကို ကူညီနေတဲ့ ဂျပန်တပ်ရှိရာ တီအင်ကျင်ပုကပ်ရထားလမ်းတစ်လျှောက်ကို ပန်းပြီး ကျန်ုင်ကျူန်ုင်ကျန်ုင်ရဲ့ ရှန်တုန်င် အခြေခံစခန်းကို ဖိတိုက်တဲ့အတွက် အရှေ့မြောက်အရောက် ကျန်ုင်ကျူန်ုင်ကျန်ုင်ပြေးခဲ့ရတယ်။ ဂျပန်ဗုံးဖောက်ခွဲတဲ့အထဲမှ ကျန်ုင်ကျော့လင်ပါပြီး သေဆုံးတယ်။ သူ့အမွေခံ သူ့သား "မာရှယ်ငယ်" ကျန်ယွဲ့လျန်က အရှေ့မြောက်ဘက်က ပြေးလာတဲ့ ကျန်ုင်ကျူန်ုင်ကျန်ုင်ကို လမ်းဖွင့်မပေးဘူး။

လူတိုင်လူအန်ကျိုပိုင်းမှာ စစ်နှစ်ဘက် အညှပ်ခံရလို့ ကျန်ုင်ကျူန်ကျန်ုင်ရဲ့တပ်တွေ ပျက်ကိန်းကြုံတာ ထင်ရှားလာပါတယ်။ အဲဒီအချိန်မှာပဲ သူက ကျွန်တော့်ဆီကို ဗိုလ်တစ်ယောက်လွှတ်ပြီး စာပို့တယ်။ သူ့အင်အား ဘယ်လောက်ကောင်းတယ်။ ပီကင်းနဲ့ တီအင်ကျင်ကို ပြန်သိမ်းဖို့ အလွယ်လေးရယ်နဲ့ စာထဲမှာပါတယ်။ ဆက်ပြီးတော့ သူ့စာထဲမှာ ဆက်ပြီးသူဟာ စစ်တပ်အသစ် ထပ်ဖွဲ့နေသေးလို့ တစ်လဆို စရိတ်ဒေါ်လာ ၂,၅၀၀,၀၀၀ ကုန်ကျနေတယ်တဲ့။ ဒီတော့ သူ့လို အောက်တန်းက စစ်သားတစ်ယောက်အဖို့ အားကိုးစရာ အသင့်အတင့်ရှိသေးကြောင်း သိပြီး အားတက်စရာဖြစ်အောင် ပညာအစွမ်းနဲ့ ပိုင်းဖြတ်ပြီး တစ်ခုခုတော့ ပေးလိုက်ပါတဲ့။ စာယူလာတဲ့ ဗိုလ်ကလည်း သူ့ဆရာအဖို့ အောင်ပန်းဟာ မြင်နေရပါပြီ။ ဧကရာဇ်ရဲ့ အားပေးမှုလေးပဲ လိုနေပါတယ်လို့ ထပ်တလဲလဲ ပြောပါတယ်။

ကျွန်တော် ငွေနည်းနည်း ဖြန်းလိမ့်ဦးမယ်လို့ ကျဲန်ပဝ်ရှဲန်နဲ့ တုဇီယွန်ကြားတော့ လာတားကြတာနဲ့ ကျွန်တော်လည်း မစားရဝကမန်းရေးတဲ့ အမိန့်တော်တစ်ခုပဲ ပြန်ပေးလိုက်ပါတယ်။ ဒီနောက် တယ်မကြာဘူး။ သူလုံးဝ ပျက်စီးပြီး ဂျပန်သို့ ပြေးပါတယ်။ နောက် သူ့ဆီကလာတဲ့စာတွေဟာ ကျွန်တော့်အပေါ်မှာ သစ္စာထားတယ်။ ငွေလိုတယ်။ ကျွန်တော်က ငွေလည်းမပို့ပါ။ စာလည်းမပြန်ပါ။ ဒါ

ပေမယ့် ကျုန်င်ကျော့လင် သေပြီးတဲ့တိုင်အောင် ဖုန်တီအင်အုပ်စုအပေါ်မှာတော့ ကျေးဇူးတင်ရက်ပါပဲ။

ကျုန်င်ကျော့လင်ကို ဂျပန်သတ်တာ လူတိုင်းသိတယ်။ ဘာပြုလို့လည်းဆိုတော့ သူတို့စကားကို မထေမဲ့မြင်လုပ်တာ များလာလို့ပဲ။ သူဒီလိုဖြစ်ရတာကလည်း သူ့သား "မာရှယ်ငယ်" ကျုန်င်ယွဲ့လျန်ဟာ ဂျပန်နဲ့ အဆက်ဖြတ်ပြီး အမေရိကန်နဲ့ ဆက်ချင်လို့ဖြစ်တယ်။ ဒီလိုဖြစ်လာတာကို ဂျပန်က "ကျေးဇူးမေ့ပြီး ရန်လိုလာတယ်"လို့ ယူဆတယ်။

ကျုန်င်ကိုသတ်ပုံကို နောက်တော့ တရားခံတစ်ဦးဖြစ်တဲ့ ကာနယ်တာဝမောတောဆီက ကြားရတယ်။ လုပ်ကြံတုန်းက သူပါတယ်။ ဂျပန် တွအန်တုန်င်တပ်က ကျုန်င်ကို ပီကင်း ဖုန်င်တီအင် ရထားနဲ့ တောင်မန်ကျူးရှားရထားလမ်းဆုံ ဖောင်က တုန်ဘူတာမှာ ကိစ္စတုံးလုပ်ဖို့ စီစဉ်ရာမှာ သူက ဦးစီးခေါင်းဆောင်ဆိုပဲ။ တို့က အင်မတန် ပျင်းတဲ့ ဗုံးသုံးဆယ်ကို လမ်းဆုံမှာ မြှုပ်ထားပြီး မီတာ ၅၀၀ကွာတဲ့ မျှော်စင်က လျှပ်စစ်ကျိုးသွယ်ပြီး ခလုတ်ဖြုတ်လို့ စောင့်နေတယ်။ လမ်းဆုံရဲ့မြောက်နားမှာ ရထားလမ်းလွဲဖို့ အစီအစဉ်လုပ်ထားပြီး အနားမှာ တပ်စုတစ်စု ဖွက်ချထားတယ်။ ကျုန်င်ကျော့လင်ရဲ့ အပြာရောင် သံချပ်ကာရထားဟာ ၁၉၂၈ခု ဇွန်လ၄ရက် (မနက်) ၅း၃၀နာရီမှာလည်း ရောက်လာရော ခလုတ်ဖြုတ်ပြီး ရထားတစ်ခုလုံး ဖျက်ပစ်လိုက်တယ်။ သူတို့လက်ရာကို ဖျောက်ဖို့ တွအန်တုန်င်စစ်တပ်ဟာ စစ်သားနဲ့ လုပ်သားတွေလွှတ်ပြီး အပျက်အစီး ကြီးကျယ်တာကို မမြင်ရအောင် ပြင်ဆင်တယ်။ တရုတ်နှစ်ယောက်ကိုသတ်ပြီး အခင်းဖြစ်တဲ့နေရာမှာ ပစ်ထားတယ်။ သူတို့အင်္ကျီအိတ်ထဲမှာတော့ အတုလုပ်ထားတဲ့ မြောက်ကြောင်းချီတပ်ကစာတွေ ထည့်ထားပြီး အရပ်သား ဆယ်ယောက်ကိုဖမ်းတယ်။ ဒီကိစ္စတစ်ခုလုံးကို မြောက်ကြောင်းချီတပ်က စီမံတယ်လို့ ဖြစ်အောင်လုပ်လိုက်တယ်။ တို့လက်ထဲမှာ ဂျပန်ဘက်သားစစ်ဘုရင်တွေကို အင်မတန် ပိုင်အောင်ကိုင်ထားတယ်။ သူတို့ကို အသုံးချလို့ရသရွေ့ တို့က ထောက်ပံ့တယ်။ အသုံးမတည့်တဲ့အခါကျတော့လည်း ဖျောက်ဖျက်ရတာပဲ မဟုတ်လားလို့ တဝမောတောက ဆက်ပြောပါတယ်။

ကျုန်င်ကျော့လင် သေဆုံးရပုံကိုကြားတော့ ကျွန်တော်လည်း လန့်တယ်။ ကျိုန်င်အရာရှိဟောင်းတွေက ဒါကို နမူနာထားပြီး ဂျပန်အပေါ်မှာ သတိဝီရိယနဲ့ ဆက်ဆံလို့ ပြောလာတဲ့အခါမှာသာ ငါနဲ့ ဟိုလူနဲ့တူတာမဟုတ်ဘူး။ သူက စစ်ခေါင်းဆောင်ဆိုတော့ သတ်ပြီးလည်း အစားထိုးဖို့လူရနိုင်တယ်။ ငါက ဧကရာဇ်ဆိုတော့ တရုတ်တစ်နိုင်ငံလုံးမှ တစ်ယောက်တည်းရှိတာ။ အစားထိုးဖို့လူမရနိုင်လို့ ယူဆတယ်။ ကျွန်တော့်အခြေအရံတွေက ဒီလိုပြောကြတယ်။ အရှေ့မြောက်ဘက်သားတွေဟာ ဂျပန်ဆိုရင် အသည်းထဲကနေပြီး မုန်းတာ။ ပြီးတော့ ကျုန်င်ကျဲ့လျန်ကို ကော့မင်တန်င်နဲ့ မပေါင်းရဘူးလို့လည်း ဂျပန်က ပိတ်ပင်နေတာ။ ဂျပန်မှာ အရှေ့မြောက် တစ်နယ်လုံးကို

သိမ်းပစ်နိုင်ဖို့ ခွန်အားရှိနေပေမယ့် သိမ်းပြီးမှ အုပ်ထိန်းထားဖို့ တာဝန်ကြီးလွန်းလို့ အသာနေတာ။ ကိုယ်တော်ကြီးကို နန်းတင်မထားဘဲနဲ့ သူတို့ အောင်မြင်အောင် ဒီကိစ္စလုပ်နိုင်ဖို့ ခက်ပါတယ်တဲ့။ ဂျပန် ဒီလိုတွေးမယ်လို့ ကျွန်တော်လည်းယုံတယ်။ ဒီအတွေးနဲ့ပဲ ကျွန်တော့်ဝါဒကို တည်ဆောက်လာတယ်လို့ ဆိုနိုင်ပါတယ်။ ဂျပန်ရဲ့ အားကိုသုံးလိုပေမယ့် အရှေ့မြောက်သားတွေ ကြည်ညိုဖို့လည်း လိုတယ်လို့ ကျွန် တော်ယူဆတယ်။ ဒါ့ကြောင့် ကျန်ုင်ကျော့လင်ရဲ့ လူဟောင်းထဲက စစ်ခေါင်းဆောင် တွေကိုလည်း ကျွန်တော်ဆက်ပြီး အကျွမ်းတဝင်ဖြစ်နေဖို့လိုမယ်လို့ ယူဆတယ်။ ဖုန်ုင်တီအင်အုပ်စုရဲ့ သေနာပတိတစ်ယောက်လည်း ဖြစ်တယ်။ မန်ကျူးအမျိုးသား ဖြစ်ပြီး ရှေးကျိုန်ုင်အရာရှိဟောင်းလည်း ဖြစ်တယ်။ ဟန်လိင်ပညာရှင်လည်း ဖြစ် တယ်ဆိုတဲ့လူတစ်ယောက်ကို မြင်ပါတယ်။ သူကတော့ အရှေ့မြောက် စကြာနီ အသင်းသား ရှန်ုင်ယဲန်ယိင်ပါပဲ။ သူဟာ ကျွန်တော့်လူဖြစ်လာတာပါပဲ။ ဒါပေမယ့် ကျန်ုင်ယိုလျန်ဟာ ကိုအန်ုင်ကိုင်ရှိအက်ဘက် ယိမ်းနေတော့ သူလည်း ဘယ်လိုမှ မစွမ်းဆောင်နိုင်ပါ။

## ဆယ်မိယောနော့ဖ်နဲ့ “ဒုတိယကျူကယ့်လျန်”

စစ်ဘက်ကလူတွေကို လာဘ်ထိုးပြီး ကိုယ့်ဘက်ပါအောင်လုပ်တဲ့နေရာမှာ ငွေဘယ်လောက်ကုန်ပြီး အဖိုးတန်ကျောက်စိမ်း ပုလဲ စတဲ့ ကျောက်မျက်ရတနာတွေ ဘယ်လောက် ဖြုန်းတီးသွားသလဲလို့ စာရင်းအင်းချမပြတတ်တော့ပါ။ ဒါပေမယ့် အများဆုံး အပေးအကမ်း ခံရတဲ့လူကတော့ ရုရှပြူဆဲမိ ယောနော့ဖ်ပါပဲ။

ဆဲမိယောနော့ဖ်ဟာ ဇာကေရာဇ်ရဲ့ ဗိုလ်ချုပ်ကြီးတစ်ယောက်ပါ။ သူ့တပ်ကို ဆိုဗီယက်တပ်နီက နှိမ်နင်းလိုက်လို့ တပ်သားကျန်သမျှနဲ့ တရုတ်အရှေ့မြောက်ပိုင်းနဲ့ အတွင်းမောင်ဂိုလျားကို ဝင်လာတဲ့လူဖြစ်တယ်။ အဲဒီနယ်တွေမှာ သူတို့ဟာ လုယက် သတ်ဖြတ် မီးတိုက်၏ မုဒိမ်းကျင့်၊ မကောင်းမှုအားလုံးကို တွင်တွင်ကျယ်ကျယ် လုပ် တယ်။ တစ်ခါက မောင်ဂိုလျန် သမ္မတနိုင်ငံတောင် ဝင်တိုက်ဖို့ စီစဉ်သေးတယ်။ မရတော့မှ တရုတ်မောင်ဂိုလျားနယ်နိမိတ်တစ်လျှောက်မှာ စခန်းအခိုင်အမာ လုပ်ပြီး တပ်စွဲနေတယ်။ တရုတ်ဘက်က မောင်းထုတ်လို့လည်း ဒီနယ်စပ်မှာ ခိုရတာဖြစ် တယ်။ ၁၉၂၇ခုလောက်မှာ သူတို့တပ်ဟာ ဓားပြဂိုဏ်းလောက်ပဲ အားရှိတော့တယ်။ ဒီအခါမှာ ဆဲမိယောနော့ဖ်ဟာ တရုတ်စစ်ဘုရင်နဲ့ နိုင်ငံခြားသား နိုင်ငံရေးသမားတွေ ကို တွေ့ဆုံပြီး အားကိုးရှာဖို့ ပီကင်း၊ တီအင်ကျင်၊ ရှန်ဟိုင်၊ လူရှန်၊ ဟောင်ကောင်၊ ဂျပန် စတဲ့နေရာတွေကို ခြေရာချင်းထပ်အောင် သွားနေတယ်။ သူရောင်းချင်တာကို ဝယ်မယ့်လူမရှိတော့ လူညာလူလိမ်သက်သက်ဖြစ်လာခဲ့တယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ ဆိုဗီယက်တပ်က သူ့ကိုဖမ်းမိပြီး ဆိုဗီယက်ယူနီယံမှာ ကျွန်တော်လည်း အကျဉ်းသား

အဖြစ်နဲ့ နေရတုန်းက သူ့ကြိုးပေးသတ်လိုက်တယ်လို့ ကြားရပါတယ်။ ကျွန်တော် တိုင်ကျင်မှာနေတဲ့ခုနစ်နှစ်စလုံးမှာ ဒီတရုတ်၊ ဆိုဗီယက်နဲ့ မောင်ဂိုပြည်သူတွေကို သတ်တဲ့ လူသတ်ကောင်နဲ့ ကျွန်တော် အဆက်အသွယ်မပြတ်ရှိခဲ့ပါတယ်။ ကျွန်တော်က သူ့အစွမ်းအစကို သိပ်ယုံပြီး သူ့ကို ငွေအမြောက်အများ ပေးခဲ့တယ်။

ဆဲမိယောနော့ဖ်နဲ့ ကျွန်တော့်ကို ပထမဆုံး ဆက်သွယ်ပေးတဲ့လူတွေကတော့ မောင်ဂိုလျား သူကောင်း ရှဲ့နင်ယုန်နဲ့ လောကျဲန်ယုတို့ ဖြစ်တယ်။ ဒါပေမယ့် ကျဲန်ပဝ်ရှဲ့န်က ကန့်ကွက်လို့ သူ့ကို ကျွန်တော်အတွေ့မခံခဲ့ပါ။ လောကျဲန်ယုက ဆက်သွယ်ပေးလို့ ဆဲမိယောနော့ဖ်နဲ့ ကျဲန်ယှိဝ်ယှုတွေ့ပြီးကြတဲ့အခါ သိပ်အသုံးဝင်မယ့် နိုင်ငံခြားအရာရှိဖြစ်မယ့် အလားအလာရှိတယ်လို့ ကျဲန်င်ယှိဝ်ယှု ယုံကြည်ပြီး ကျွန်တော့်ကို ပြောလာတဲ့အပြင် အဲဒီလူနဲ့ "ခွေးသားဗိုလ်ချုပ်ကြီး" ကျန်င်ကျုန်င်ကျန်င်ကို တွဲဖက်ပေးရမယ်လို့ တိုက်တွန်းပါတယ်။ ကျွန်တော်ကလည်း ကျန်င်ကျန်င်ကျန်င်ကို အထင်ကြီးနေတဲ့အခါဆိုတော့ သူပေးတဲ့အကြံဉာဏ်ကို လက်ခံလိုက်တယ်။ ကျဲန်ယှိပ်ယှု ဆောင်ရွက်ပေးလို့ ကျန်င်ကျုန်ကျန်င်ဟာ ဆဲမိယောနော့ဖ်ဆီက နိုင်ငံခြား ကြေးစားစစ်သားတွေ ငှားလို့ရခဲ့တယ်။ တစ်ဖက်မှာလည်း ရုရှားဖြူတပ်ဟာ အင်အားကောင်းလာပြန်တယ်။ ကျန်င်နဲ့ ဆဲမိယောနော့ဖ်ဟာ နောက်တော့ "တရုတ်ရုရှား ဗောလရှီဗစ် ဆန့်ကျင်ရေး စစ်ဖက်သဘောတူညီချက်"ကို လက်မှတ်ထိုးခဲ့ပါတယ်။

ကျဲန်ယှိပ်ယှုတိုက်တွန်းမက တိုက်တွန်းတာနဲ့ ၁၉၂၅ခု အောက်တိုဘာလထဲမှာ ကျန်င်ဥယျာဉ်မှာပဲ ကျွန်တော် ဆဲမိယောနော့ဖ်ကို အတွေ့ခံပါတယ်။ အခက်အခဲတွေကြားကပဲ ကြီးကြီးကျယ်ကျယ် လုပ်နိုင်မယ့်လူမယ် ကွန်မြူနစ်ကို နှိမ်ပြီး မင်းဆက်ဟောင်းတွေကို ပြန်ပြီး နန်းတင်ပေးမယ့်လူဖြစ်တယ်လို့ ကျွန်တော်လည်း ထင်မိတယ်။ တစ်ထိုင်တည်းပဲ သူ့လုပ်ငန်းတွေအတွက် ဒေါ်လာ ၅၀၀၀၀ ထုတ်ပေးလိုက်တယ်။ ကျဲန်င်ယှိဝ်ယှု၊ ဆဲမိယောနော့ဖ်၊ လျှိဖှုန်င်ကျိတို့တစ်တွေဟာ သိပ်ခင်မင်သွားကြပြီး ကျဲန်င်နန်းရိုးအပေါ်မှာ သစ္စာထားကြတယ်။ တပေါင်းထဲ ဓာတ်ပုံရိုက်ပြီးထားတာကိုလည်း တွေ့လိုက်ရတယ်။

ဆိုဗီယက်ယူနီယံကို တစ်ဆယ့်လေးနိုင်ငံပေါင်းပြီး နှိမ်လို့မနိုင်တဲ့နောက်မှ ဆိုဗီယက်ဆန့်ကျင်ရေး၊ ကွန်မြူနစ် နှိမ်နင်းရေး ဒီရေတာစ်ပတ် တက်လာပြန်သေးတယ်။ ကျဲန်င်ယှိဝ်ယှုနဲ့ ဆဲမိယောနော့ဖ်တို့က အင်္ဂလိပ်အမေရိကန်နဲ့ ဂျပန်အတွဲလိုက်ကပဲ မိယောနော့ဖ်တပ်ကို ဆိုဗီယက်သတ်ဖို့ တပ်ကြမ်းအဖြစ် အသုံးချအပြီး လက်နက်ငွေ လိုလေသေးမရှိ ပေးကြတော့မယ့်အကြောင်း ကျွန်တော့်ကို ပြောကြသေးတယ်။ "ရုရှားကောရာဇ်နန်းရိုး"ကလည်း သူ့ကို သိပ်အားကိုးတယ်လို့ ပြောသေးတယ်။ ဇာကောရာဇ်ဂိုဏ်းသားတွေနဲ့ ကျဲန်င်ယှိဝ်ယှုအဆက်အသွယ်တော့ ရှိပါတယ်။ အသေးစိတ်တော့ ကျွန်တော် မမှတ်မိပါ။ ကျွန်တော်မှတ်မိတာတော့ ကျွန်တော့် အခန်း

များများပါတဲ့ ဓာတ်လမ်းတစ်ခုကို ဆဲမိယောနော့ဗ်က စီစဉ်ထားတတ်သတဲ့။ အရှေ့မြောက်နဲ့ အတွင်း မောင်ဂိုလျားမှာရှိတဲ့ ဖက်သားတွေ တပ်သားတွေနဲ့ ဟိုမှာ ကွန်မြူနစ်ဆန့်ကျင်ရေးစခန်း တည်ထောင်ပြီး ကျွန်တော့်ကို ဘုရင်ခန့်မယ်တဲ့။ သူ့ငွေအလွယ်ရနိုင်ဖို့ သူ့နာမည်နဲ့ ဘဏ်မှာ ငွေစာရင်းတစ်ခု ဖွင့်ပေးလိုက်တယ်။ ဒီစာရင်းကို ကျဲန်ယိုဝ်ယုကိုင်တယ်။ ဆဲမိယောနော့ဗ် ငွေလိုတယ်လို့ မရှိနေရအောင် ပထမဆုံး ဘဏ်မှာ ထည့်ပေးလိုက်တဲ့ပိုက်ဆံဟာ ဒေါ်လာ၁၀၀၀၀ဖြစ်ပါတယ်။

ဒီငွေလောက်ကို သူတကယ်မလိုတဲ့အကြောင်း ဆဲမိယောနော့ဗ်က တစ်ခါ ကျွန်တော့်ကို ရှင်းပြပါတယ်။ ပြေးလာတဲ့ရုရှားဖြူတွေက ရိုက္ကူငွေဒင်္ဂါး ၁၀၀,၀၀၀ ၀၀၀ ရအောင် ငွေစုပေးမှာပါတဲ့။ (နောက်တစ်ခါပြောတော့ ၃၀၀, ၀၀၀ ၀၀၀) ပြီးတော့ အင်္ဂလိပ်အမေရိကန်နဲ့ ဂျပန်ဘဏ္ဍာရေးဌာနတွေက သူ့ကို ငွေထုတ်ပေးကြဖို့ ဆုံးဖြတ်ပြီးသား။ ငွေက လက်ထဲမရောက်သေးလို့သာ အခု အနည်းအပါး စိုက် သုံးဖို့ ငွေလိုတယ်ပေါ့။)

ဒီနောက် ကျဲန်ယိုဝ်ယုကို ခဏခဏ ငွေတောင်းလွှတ်တယ်။ အာမခံတဲ့ အဆမတန် ငွေလည်းမရသေးလို့ ပြီးတော့ အခုချက်ချင်း မလုပ်မဖြစ်တဲ့ အဆမတန် အရေးပါတဲ့ကိစ္စအတွက် ငွေလိုတယ်။ အရေးကိစ္စကိုလည်း အထင်ကြီးအောင် ဆက်သွယ်ပြောတတ်တယ်။ တိအင်ကျင်မှာရှိတဲ့ ဂျပန်စစ်သေနာပတိက သူနဲ့ ကျန်ဒ်ကျော့လင်ကို ကိစ္စကြီးကြီးအတွက် တိုင်ပင်ဖို့ခေါ်တယ်။ သွားဖို့ ငွေလိုနေသတဲ့။ ရှန်ဟိုင်က ဆိုဗီယက်သံမှူးက သူ့ကို ပြေလည်အောင် စေ့စပ်ဖို့ အထက်အမိန့်ရတယ်တဲ့။ ဆိုဗီယက်အစိုးရက သူ့အတွက် အရှေ့ဖျားနယ်ပယ်တစ်ခုကို ပေးမယ်။ သူက အဲဒီမှာ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရဖြစ်အောင် ထူထောင်ရမယ်တဲ့။ ဒီစကား မှန်မမှန်စစ်ဆေးဖို့က ဂျပန်နိုင်ငံ တိုကျိုကသွားမှဖြစ်မယ်။ ခရီးစရိတ် လိုနေတယ်ပေါ့။ ကျွန်တော် သူ့ကိုပေးရတဲ့ငွေအရေအတွက်ကို အတိအကျမပြောနိုင်ပါ။ **'စက်တင်ဘာ ၁၈အရေး'**[၁] မတိုင်မီ သုံးလအတွင်းမှာ ဒေါ်လာ ၈၀၀အထိ ပေးလိုက်ရတာကိုတော့ သတိရပါတယ်။

ကျွန်တော်နဲ့ ဆဲမိယောနော့ဗ်ကြားထဲက အောင်သွယ်တွေ အများကြီး ရှိခဲ့ သေးတယ်။ ဝေါင်ရှီဆိုတဲ့လူက သူ့ကို ဆဲမိယောနော့ဗ်ဟာ သိပ်ယုံကြည်တယ်လို့ ဆိုတယ်။ ဂျပန်ရော စစ်ဘုရင်တွေပါ သူနဲ့အင်မတန် ရင်းနှီးတယ်လို့လည်း ဆို တယ်။ ဘယ်ကိစ္စပဲဖြစ်ဖြစ် သူနဲ့ဆိုင်လာရင် "အင်မတန် လေးနက်တဲ့အဆစ်အပိုင်း ရောက်နေပြီ" "ဒီတစ်ခါ နောက်ဆုံးအခွင့်အရေးပဲ"။ "ရှေ့အနှစ်တစ်ထောင် ကောင်း စားရေးအတွက် အခု ဆုံးဖြတ်ဆောင်ရွက်ရမှာ အလွတ်ခံလို့မဖြစ်ဘူး" "ဒီတစ်ခါလွဲရင်

---

၁။ ဂျပန်နယ်ချဲ့ဟာ ၁၉၃၁ ခု စက်တင်ဘာလ ၁၈ ရက်ကစပြီး တရုတ် အရှေ့ မြောက်ကို အကြီးအကျယ် ကျူးကျော်တိုက်ခိုက်ပါတယ်။

နောင်ဘယ်တော့မှ ဒီလိုအခွင့်ပြန်မပေါ်နိုင်ဘူး”ဆိုတဲ့ အသုံးတွေကတော့ အမြဲကြားရမယ်။ ကျွန်တော် စိတ်ပါလာပြီး သူပြောသလို လိုက်နာအောင် ပြောနိုင်တဲ့နည်းကို သူကောင်းကောင်းသိတယ်။

ကျွန်တော့်ဆီကို သွင်းစာရေးတဲ့အခါမှာလည်း သတင်းစကား ကြီးကြီးကျယ်ကျယ်တွေ ထည့်ရေးကတတ်တယ်။ ကိုရီးယားအမျိုးသား ၈၀၀၀ကို ဆဲမိယောနော့ဗ်တပ်ထဲမှာ ထည့်သုံးဖို့ ဂျပန်က သဘောတူပြီး လခနဲ့ လိုအပ်တဲ့လက်နက်ပစ္စည်းကိရိယာလည်း ပေးမယ်။ ဒီနည်းအတိုင်း ရုရှားဖြူ ၁၀,၀၀၀ကိုလည်း စုစေတဲ့။ အင်္ဂလိပ်က ဆိုဗီယက်ရုရှားနဲ့ အဆက်အဆံ အားလုံးရပ်စဲတော့မယ်။ ပြီးတော့ ဆဲမိယောနော့ဗ်ကို ဒေါ်လာရှစ်ကုဋေပေးဖို့ ဟောင်ကောင် ရှန်ဟိုင်ဘဏ် ကော်ပိုရေးရှင်းကို ငွေလွှဲပြီးပြီ။ ထုတ်ပေးစေဆိုတဲ့အမိန့် မလာသေးလို့ ခဏစောင့်နေရတယ်ဆိုတာမျိုးလည်း ပါတယ်။ ပြင်သစ်အီတလီတို့ကလည်း ဒီလိုပဲ သဘောထားပြီး ပေးကြဦးမယ်။ အမေရိကန်ကဆိုရင် အစမှာပဲ ဒေါ်လာငါးသန်းပေးပြီး ဆက်ပေးဖို့လည်း အလားအလာ အများကြီးရှိတယ်။ ဘာပြုလို့လဲဆိုတော့ သူတို့ရာထားချက်က ဆိုဗီယက်ရုရှားကို စုပြီးတိုက်ဖို့ (ဆဲမိယောနော့ဗ်ကိုပဲ) အချုပ်ခန့်ပြီး နိုင်ငံတကာ ကွန်မြူနစ်နှိမ်နင်းရေးတပ်ကို ဖွဲ့မယ်။ မန်ကျူလျားနဲ့ မောင်ဂိုလျားမှာ လူစုခိုင်းမှာတဲ့။

ဝေါင်ရှိက အဲဒါမျိုးတွေ အသေးစိတ်ပြောချင်ပါသေးတယ်။ လူချင်းတွေ့ပါရစေဦးလို့ တောင်းဆိုတဲ့အခါ ကျွန်တော့်အနားမှာ ကျဲန်ငယ်ပိုဝ်ယု မရှိဘူး။ ဒီတော့ ကျဲန်ပဝ်ရှဲ့န်နဲ့ ဟူဆီယွန်တို့က ဗုက်ကြလို့ အဝင်ဝကပဲ သူလှည့်ပြန်ရရှာတယ်။

တီအင်ကျင်မှာ ကျွန်တော့်ရုံးကို အုပ်ချုပ်ရတာက ဟူဆီကွန်ဖြစ်ပါတယ်။ သူက ကျွန်တော့်တို့ရောက်လာတဲ့ညွှေသည်၊ သွင်းစာတွေကို စိစစ်တယ်။ သူက ပယ်လိုက်ရင် လူရောစာရော ကျွန်တော့်ဆီကို ရောက်မလာတော့ပါ။ ဒီရာထူးကို သူ့ပေးထားတာကတော့ သူဟာ ရိုးသားတယ်လို့ ယုံကြည်တာကြောင့်ဖြစ်ပါတယ်။ သူ့အပြောက ဝေါင်ရှိဟာ သက်သက် မုချပဲ တစ်ပုံကြီးပြောနေတာတဲ့။ သူ့စကားကို ကျွန်တော်လက်ခံလိုက်ပြီး ဒီဝေါင်ရှိနဲ့ ဆဲမိယောနော့ဗ်ဆီက ဘယ်ကိုယ်စားလှယ်လာလာ လက်မခံတော့ဘူးလို့ ဆုံးဖြတ်ပါတယ်။

ဒါပေမယ့် တယ်မကြာဘူး။ ကျဲန်ငယ်ပိုဝ်ယုဟာ တီအင်ကျင်ကို ပြန်ရောက်လာပြီး “နိုင်ငံခြားအရာရှိတွေ”ကို ငွေထုတ်ပေးဖို့ ကျွန်တော့်ကို လှည့်ပြန်တယ်။ သူဆက်သွယ်လာတဲ့ “နိုင်ငံခြားအရာရှိတွေ”ထဲမှာ ဩစတြေးလျသားတစ်ယောက် အင်္ဂလိပ်တစ်ယောက်ပါတယ်။ ဩစတြေးလျသားက တီအင်ကျင်မှာအရင်က ဩစတြေးလျ သီးသန့်မြေ လုပ်ငန်းတစ်ခုကို အုပ်ချုပ်ဖူးတဲ့ သူကောင်းတစ်ယောက်တဲ့။ ဥရောပမှာ အဆက်အသွယ်တွေကောင်းလို့ အရေးပါတဲ့လူလည်းဖြစ်တယ်။ ကျွန်တော်နန်းပြန်ရဖို့အတွက် ဥရောပမှာ အဆက်အသွယ်တွေ လုပ်ပေးနိုင်မယ့်လူ ဖြစ်တယ်။

ဒါနဲ့ သူ့ကို အကြံပေးအရာရှိ ခန့်ပြီး ခြောက်လခတောင် တစ်ပေါင်းတည်း ဒေါ်လာ ၁၀၀၀ပေးပြီး ဥရောပကို ကျွန်တော့်အတွက် ရှေ့နေအဖြစ် လွှတ်လိုက်မိပါတယ်။ အင်္ဂလိပ်လူမျိုးတစ်ယောက်ဆိုတာက သတင်းစာဆရာ ရော့စ်လို့ ခေါ်တယ်။ နန်းပြန်ရဖို့ကိစ္စမှာ ကိုယ်ပိုင်သတင်းစာရှိဖို့ လိုတယ်လို့ပြောတာနဲ့ ကျွန်တော်လည်း သဘောပေါက်ကျေနပ်ပြီး သတင်းစာတစ်စောင်ထုတ်ဖို့ ဒေါ်လာနှစ်သောင်းအထိ ထုတ်ပေးမယ်လို့ ကတိပြုလိုက်တယ်။ အစ ဒေါ်လာသုံးထောင်ပါသွားပြီး တစ်ရက်နှစ်ရက်ပဲ သတင်းစာထွက်ပါတယ်။

ယူဇီယွန်က ကြိုးစားပြီး ပိတ်ပင်ပေမယ့် ကျဲနိုင်ဥယျာဉ် တံခါးအဆီးအတားကို လွန်မြောက်ပြီး ကျွန်တော့်ဆီကို ရောက်လာတဲ့လူတွေလည်း မနည်းပါ။ နန်းပြန်ရဖို့ စစ်အင်အား အကူအညီပေးနိုင်မယ့်အကြောင်းပြချက်နဲ့လာရင် ကျွန်တော်ကလည်း သိပ်အားရပြီး အတွေ့ခံတာပဲ။ ဒီလိုနဲ့ ၁၉၂၆ကစပြီး စစ်ရှုံးလာတဲ့ ဗိုလ်ချုပ်ကြီးတွေ ရာထူးပြုတ်လာတဲ့ နိုင်ငံရေး အချောင်သမားကြီးတွေ နိုင်ငံခြားသီးသန့်မြေတွေမှာ လာပြီးခိုကြရာက အကြောင်းကြောင်း ဆက်သွယ်ပြီး ကျွန်တော် ကျွေးမွေးပေးကမ်း ထားတဲ့လူတွေ ဖြစ်လာတယ်။ သူတို့အရေးအတွက်ကလည်း ပွားသည်ထက်သာ ပွားလာပါတော့တယ်။

ဒီလူညာတွေထဲမှာ ဒုတိယ **ကျူကြယ့်လျန်**[၁]လို့ခေါ်တဲ့ လိုဖုံနံကျိက ပိုပြီး သဘောကျစရာကောင်းသေးတယ်။ အရင် ကျန်ုင်ယုန်ဖက်သားတစ်ယောက်က သူပဲ ဒုတိယကျူကြယ့်လျန် ဆည်းကပ်ပါလို့ ထောက်ခံတာနဲ့ သူကျွန်တော့်ဆီကို ရောက်လာပါတယ်။ စစ်ဆင်တဲ့နေရာမှာ ပထမတန်း ကောင်းတဲ့လူဆိုတော့ နန်းပြန်ရရေးကို ဆောင်ရွက်တဲ့ အရေးတော်ကြီးမှာသူ့ကို အစီမံခိုင်းရင် မုချအောင်မယ်လို့ ပြောနေပါတယ်။ တွေ့စက အသက်လေးဆယ်လောက်ပဲ ရှိဦးမယ်။ တွေ့တွေ့ချင်းပဲ သူ့လိုတော်တဲ့လူ မရှိ။ သူ့ကို ရှေးပစ္စည်းတွေပေးလိုက်၊ ဒါမျိုးတွေကို လက်ဆောင်လက်နက်လုပ်ပြီး တန်ခိုးရှိတဲ့လူတွေ သိမ်းသွင်းရမယ်လို့ ပြောပါတယ်။

ဒီလိုအရာရောက်တဲ့လူတွေဆီက ကိုယ်တော်ကြီးလက်ရေးပါတဲ့ စာတမ်းလိပ်ဆိုရင် လိုချင်မှာမဟုတ်ဘူးလို့ သူက ဆက်ပြောပြန်တယ်။ ဒီလို မျက်နှာချင်းဆိုင်ပြောင်ပြောတာမျိုးကို အရင်တစ်ကြိမ်တစ်ခါမှ မခံရဘူးဆိုတော့ မကြိုက်ပေမယ့် ပြောရဲတဲ့သတ္တိကို စိတ်ထဲက၊အထင်ကြီးသွားတယ်။ သူများမပြောရဲတာကို သူပြောတော့ သူ့စကားဟာ လေးနက်တယ် မှန်တယ်လို့ ယူဆလိုက်တယ်။ သိပ်လိုက်ရောတဲ့ သဘောနဲ့ အဖိုးတန် ရှေးပစ္စည်းတွေအများကြီးချပေးလိုက်တယ်။ နောက်တော့သူက

---

၁။ ကျူကြယ့်လျန်(၁၈၁–၂၃၄) ဆိုတဲ့ သုံးပြည်ထောင်ခေတ်က နိုင်ငံရေးခေါင်းဆောင်တစ်ဦးဟာ နိုင်ငံရေးနဲ့ စစ်ပညာတွေမှာ အလွန့်အလွန်တော်တယ်လို့ နာမည်ရခဲ့ပါတယ်။

ဒီပစ္စည်းမှ ဟိုဟာမှနဲ့ အသေအချာရွေးချယ်ပြီး ယူပါတယ်။ ကျနင်ကျော့လင်ရဲ့ လက်အောက်ဗိုလ်တစ်ယောက်ကိုပေးဖို့ ဒေါ်လာတစ်သောင်းတန် ပစ္စည်းကိုတောင်းတယ်။ နောက်ထပ်ဖုန်တီအင်ဗိုလ်ချုပ်ကြီးသုံးယောက်အတွက် တစ်ယောက်ကို နန်းတွင်းပုလဲကြီး ဆယ်လုံးစီပေးရမယ်။ နောက်တစ်ယောက်ကို ကျွန်တော့် မကိုဋ္ဌ တော်ထိပ်က ပုလဲကိုပေးမှဖြစ်မယ်တဲ့။ ဘယ်သူ့ပေးဖို့ ဘယ်ဟာပို့ပေးပါဆိုတဲ့စာမျိုး သူ့ဆီက သုံးလေးရက်ကို တစ်စောင်ရပါတယ်။ စာထဲမှာ တကယ်တော်တဲ့လူကို ကိုယ့်ဖက်သားဖြစ်စေချင်ရင် ငွေအင်မတန်ကုန်တယ်။ ကပ်စေးနည်းရင် လူအထင် သေးတယ်။ ကြီးကျယ်တဲ့ကိစ္စကို စွမ်းဆောင်ချင်တဲ့လူဟာ စိတ်သဘောသေးလို့ မရဘူးလို့ပါသေးတယ်။

သူပြောသမျှမှန်ရင် ဖုန်တီအင်အုပ်စုက တပ်ခွဲမှူးအဆင့်ရှိတဲ့ စစ်ဗိုလ်ရှိသရွေ့နဲ့ သူ့အထက်ဗိုလ်မှန်သရွေ့၊ တောင်ပုန်းမြေလေးသိန်းကို အုပ်ချုပ်ခဲ့တဲ့ **လုံနီဂိုဏ်း**[၁] အကြီးအကဲမှန်သရွေ့၊ အဲဒီလူတွေဟာ ကျွန်တော့်ပို့တဲ့ပုလဲတွေ၊ ရှေးကြွေထည်တွေ စိန်တွေ၊ ရဖူးကြတဲ့လူတွေပေါ့။ ဒီလူတွေဟာလည်း ကျွန်တော့်မှာ သဘောထား သေးသိမ်ခြင်းမရှိဘူးဆိုတာ သိရလို့ ကျွန်တော့်ကို အင်မတန် ကြည်ညိုနေကြတယ်။ ကျွန်တော်က အချက်ပေးတာနဲ့ တစ်ပြိုင်နက် ထကြွဖို့ စောင့်ဆိုင်းနေကြပါတယ်တဲ့။ ဒီလိုနဲ့ လျိုဖုန်ကျိုယူသွားတဲ့ ဥစ္စာဘဏ္ဍာဟာ မရေမတွက်နိုင်အောင် များလာပေမယ့် သူပြောတဲ့လူတွေကတော့ လှုပ်ရှားတယ်လို့ နည်းနည်းမှမတွေ့ရဘူး။ ကျဲန်ပဝ်ရှဲ့နက အင်မတန် ဖျောင့်ဖျပြီး ကျွန်တော့်ကို သတိထားဖို့ပြောတော့မှ သူ့အပေါ်မှာ သံကြည်စိတ်နည်းလာပြီး ငွေအပေးနည်းနည်း ဆိုင်းလာတယ်။ လူချင်းပဲတွေ့တွေ့ စာနဲ့ပဲ အကြောင်းကြားကြား ဒီဒုတိယကျူကယ့်လျန်က ငွေဒီလောက် ဒီလောက် သုံးလိုက်ပြီ။ ဒီစာရင်းထဲမှာ ကျွန်တော်မျိုးကြီးရဲ့ ခရီးစရိတ်နဲ့ ဧည့်ခံစရိတ် မပါ သေးဘူး။ ကိုယ်ပိုင်အမွေရထားဖူးသမျှ ပေးဝေလို့ကုန်သွားတာကြောင့် ကိုယ်တော်ကြီး အကျိုးအတွက် စိုက်ထုတ်သုံးစွဲစရာ ငွေမကျန်တော့ပါ။ အခြေအနေက အင်မတန် အလျင်စလိုနဲ့ အတိအကျဆုံးဖြတ် ဆောင်ရွက်ရမှာမို့ ဘာပဲဖြစ်ဖြစ် ဒေါ်လာနှစ်သောင်း အခုရမှဖြစ်မယ်။ အဲဒီလေမျိုးအမြဲပါတယ်။

တစ်ခုခုတော့ မမှန်မကန်ဖြစ်ပြီလို့ တွက်မိတာနဲ့ နောက်ထပ်ငွေမပို့တော့ပါ။ နောက်သူကိုယ်တိုင်လိုက်လာပြီး သူဆင်းရဲပြီလို့ မျက်ရည်တွေနဲ့ ပြောပါတယ်။ ဒီတစ်ခါတော့ ဆယ်ဒေါ်လာပဲတောင်းသွားရှာပါတယ်။ အရှေ့မြောက်ပိုင်းမှာ ခြေရှုပ် ဘယ်ဆိုပြီး ဖုန်င်တီအင်တပ်က သူ့ကို ပစ်သတ်လိုက်တယ်လို့ ကျွန်တော်ကြားပါတယ်။ ...ာတ်မယ်။

---

၁။ လူသာမန်တွေ ရှေးဆန်ဆန်ဖွဲ့ထားတဲ့လျှို့ဝှက်ဂိုဏ်း

စက်တင်ဘာ ၁၈ရက် အရေးတော်ပုံ (၁၉၃၁ခု) မစမီကလေးမှာ ဒီ "အကြံပေး"ပုဂ္ဂိုလ်တွေ ကျွန်တော့်ဆီကို အလာရပ်စဲသွားပါတယ်။ ဘာပြုလို့လဲဆိုတော့ အဲဒီတော့မှ မြောက်ဘက်စစ်ဘုရင်တွေအားလုံးဟာ ကော့မင်တန်အစိုးရရဲ့ သြဇာခံ ဖြစ်ကုန်ကြလို့ပါပဲ။ ဒီလို ရှင်းရှင်းဖြစ်သွားတော့မှ ဒီလူတွေဟာ ငါ့အတွက် လုံးဝ မဟုတ်ပါလားလို့ ကျွန်တော်နားလည်ပြီး တစ်မျိုးလှည့်ကြံပြန်တယ်။

## အရှေ့သချိုင်းတော်ကိစ္စ

ကျွန်တော့်အဖို့ ၁၉၂၈ခုနှစ်ဟာ အံ့သြတုန်လှုပ်စရာတွေ များတဲ့နှစ်ပါပဲ။ ဂျပန်တနဘအစိုးရက တရုတ်တပ်တွေ မန်ကျူးလျားနဲ့ မောင်ဂိုလျားကို လုံးဝမဝင်ရလို့ ကြေညာပြီးတော့ ကော့မင်တန်တပ်တွေ မြောက်ဘက် ပေါက်ရောက်လာတာကို တားရအောင်လို့ စီနန်ကို ဂျပန်တပ်တွေ့ပို့လိုက်ပါတယ်။ ကျွန်တော်နဲ့ အဆက် အသွယ်ရှိတဲ့ စစ်ဘုရင် ကျန်ဝ်ကျော့လင် ဝုပေ့ဖုနဲ့ ကျန်ဝ်ကျုန်ဝ်ကျန်ဝ်တို့တပ်တွေဟာ တစ်ပွဲပြီးတစ်ပွဲရှုံးလို့ တွန့်ခေါက်ကြေမွကုန်ပါပြီ။ ကျွန်တော့်ကိုယ်စားလှယ်ဆိုတဲ့ လူညာတွေကတော့ အားရစရာ မမှန်သတင်းတွေ ဆက်ပို့တုန်းပဲ။ သူတို့ရဲ့သတင်းနဲ့ ဆန့်ကျင်ဖက်သတင်းကိုတော့ ကျွန်တော် သတင်းစာတွေထဲမှာ ဖတ်နေရပါတယ်။ ကျွန်တော့်အပေါ်မှာ သစ္စာရှိတယ်လို့ယူဆမိဖူးတဲ့ စစ်ဦးစီးတွေလည်း ပြေးသူပြေး သေသူသေဖြစ်နေကြပါပြီ။

တရုတ်တောင်ပိုင်းအစိုးရရော မြောက်ပိုင်းအစိုးရပါ ဆိုဗီယက်ယူနီယံက အဆက်အသွယ်ဖြတ်ထားပါပြီ။ အင်္ဂလိပ်ကလည်း ဖြတ်တယ်။ ကော့မင်တန်က ပါတီတွင်း အပုပ်ချပွဲ အကြီးအကျယ်လုပ်နေပါတယ်။ ချဲန်ဝ်ယှိပ်ယှု၊ ကျဲန်ပဝ်ရှဲ့န်နဲ့ ဂျပန်တွေ ပြောလေ့ရှိတဲ့ "ရေရှုးနဲ့နွားရိုင်း"အန္တရာယ်တော့ ပါးရှားသွားပြီလို့ ဆိုရမယ်။ ဒါပေမယ့် ဒီလူတွေကပဲ ကျွန်တော့်အတွက် ဘေးအန္တရာယ်ဟာ ပိုပြီး ကြီးလာတယ်။ ရန်သူတွေဟာ ပတ်လည်ကနေပြီး ကျွန်တော် ပျက်စီးဖို့ အင်မတန် ကြိုးစားနေတယ်လို့ ပြောနေကြပြန်တယ်။ ကွမ်ကုန်ဝ်မှာ သူပုန်အကြီးအကျယ်ထတယ်။ "တစောက်ကန်း" "အနီ"လို့ ကျွန်တော်ထင်တဲ့ ဖုံန်ယုယှိအန်ဝ်က ကျိအန်ဝ်ကိုင် ရှီအက်နဲ့ မဟာမိတ်ဖြစ်ပြီး သူတို့နှစ်ယောက်ပေါင်းအားနဲ့ ပီကင်း တန်ကပ်ရထား လမ်းတစ်လျှောက်မှာ မြောက်ပိုင်းစစ်ဘုရင်တွေကို တိုက်နေတယ်လို့ သတင်းစာထဲမှာ ဖတ်နေရပါတယ်။ ၁၉၂၈ခု ဒုတိယနှစ်ဝက်ကျတော့ မကောင်းသတင်းတွေ ဆက်တိုက် ထပ်တလဲလဲ ကြားလာရပြန်တယ်။ ကျန်ဝ်ကျော့လင်သေပြီ။ သူ့သား ကျန်ဝ်ယှဲ့လျန်နဲ့ ကျိအန်ဝ်ကိုင်ရှီအက်ကို အမေရိကန်သံအမတ်က ဆက်သွယ်ပေးမယ်လို့ မဟာမိတ် ဖြစ်သွားပြီ။ အဲဒီလို ကျွန်တော်မနှစ်သက်တဲ့ သတင်းတွေပါပဲ။ ဒီအထဲမှာ ကျွန်တော် အများကြီး တုန်လှုပ်ချောက်ချားသွားတဲ့သတင်းက အရှေ့သချိုင်းတော်

ကို ဖောက်ထွင်းခိုးယူသွားတဲ့သတင်းပါပဲ။

သင်္ချိုင်းတော်တွေဟာ ဟောပေ့တိုင်း၊ ကျန်ဟုနယ် မလန်ချိုင့်မှာရှိတယ်။ ကေရာဇ်ကျိအင်လုန်င်နဲ့ ကေရိမယ်တော်ကြီး ချီယှီတို့ရဲ့သင်္ချိုင်းတွေပဲ။ အရင်က ကစားသမား ဘိန်းရောင်းသူ။ နောက်ပြီး ကျန်င်ကျုန်ကျန်င်ရဲ့တပည့်။ စုနင်တီအင်ယိင်ဟာ အခု ကျိအန်င်ကိုင်ရှီအက်တပ်ထဲမှာ အမှူးအချုပ်အာဏာရသူတစ်ယောက် ဖြစ်နေတယ်။ ဒီလူက သူ့တပ်တွေကို သင်္ချိုင်းရှိတဲ့နယ်မှာ ချထားပြီး သင်္ချိုင်းတွေကို စနစ်တကျ ဖောက်ထွင်းလုယူသွားပါတယ်။ လုပ်ပုံက ဒီလိုပါ။ ပထမဒီနယ်မြေမှာ စစ်တပ်အလှုပ်အရှားရှိတယ်။ လူသာမန်တွေ အဖြတ်အသန်းမရှိရလို့ အဆက်အသွယ်အားလုံး ရပ်စဲပစ်လိုက်တယ်။ ပြီးတော့မှ သူ့တပ်သားတွေက သင်္ချိုင်းကို တူးဖော်ရတယ်။ သုံးနေ့နဲ့ သုံးညကြာပြီးတဲ့အခါ ကေရာဇ်နဲ့ ကေရိတွေရဲ့ သင်္ချိုင်းဟာ အခေါင်းကြီးပဲ ကျန်ရစ်တယ်။

ကျိုနိုင်မင်းဆက်မှာ ချီအင်လုန်င်တို့ ချီယှီတို့ဟာ အသုံးအဖြုန်း အားအကြီးဆုံးပုဂ္ဂိုလ်တွေ ဖြစ်တယ်။ သူတို့သင်္ချိုင်းအကြောင်းကို ဒီလိုဖတ်ရဖူးတယ်။ အားလုံးမှန်ချင်မှမှန်မယ်။

သင်္ချိုင်းဂူလမ်းကို ကျောက်ဖြူခင်းတယ်။ အဝင်အထွက် ကျောက်သားမုခ်ကြီး လေးခုရှိတယ်။ သင်္ချိုင်းလှိုင်ဟာ ရှစ်မြှောင့်အခန်းသဘောရှိပြီး အပေါ်ကခုံးအမိုး မျက်နှာကြက်မှာ အရောင်ပြောင်ပြောင်တောက်နေတဲ့ ရွှေနဂါးကြီး ကိုးကောင်ရှိတယ်။ အရင်နန်းတော်ထဲက ဗဟိုပြေပြစ်မှု နန်းမဆောင်လောက် အရွယ်အစားရှိမယ်။ ကျိအင်လုန်င်ရဲ့အတွင်းခေါင်း အပြင်ခေါင်း အချိန်အကြာကြီး မြေမှာမြှုပ်ပြီး အသားသေအောင် လုပ်ထားတဲ့ သစ်မာသားနဲ့ လုပ်ထားပြီး ရှစ်ထောင့်အတွင်းပေါ်မှာ တင်ထားတယ်။ ရွှေတုံးရွှေခဲနဲ့ မသာတော်ဆိုင်ရာ အိုးခွက်တွေဟာ ရွှေနဲ့ငွေနဲ့ပဲ လုပ်တယ်။ ကျန်တာက အင်မတန် အဖိုးထိုက်တဲ့ ကျောက်မျက်ရတနာတွေပါ။ ချီယှီရဲ့မသာတော်ဆိုင်ရာ ပစ္စည်းတွေကိုလည်း ပုလဲ၊ တွင်းထွက်ကျောက်၊ မြနဲ့ စိန်တွေအများကြီး စီခြယ်ထားတယ်။ သူ့ခေါင်းဆောင်း မသေဌက်ရပ်မှာ ပုလဲကြီးတွေစီပြီး ရွှေနန်းခတ်ထားတယ်။ အလောင်းဖုံးတဲ့အဝတ်မှာ ပန်းနီကြီးကို ရတနာအစစ်တွေနဲ့သာ လုပ်ရတယ်။ လက်ကောက်ကြီးက အပွင့်ကြီးကြီးတစ်ခုနဲ့ အဖူးခြောက်ခုကို စိန်အပြည့်စီထားလို့ ဖိတ်ဖိတ်တောက်နေတယ်။ သုံးလက်မအရှည်ရှိတဲ့ မိစ္ဆာနာမ်နှိမ်နှင်တန်ကို မြသားအစစ်နဲ့လုပ်ထားတယ်။ အဲဒါကို လက်မှာကိုင်လို့။ ခြေထောက်အစုံမှာ ပုလဲဖိနပ် စီးထားသေးတယ်။ ဒါတွေအပြင် ခေါင်းထဲမှာ စိပ်ပုတီးဆိုပြီး ပုလဲနဲ့ ရတနာကျောက်မျက်ပုတီး တစ်ဆယ့်ခုနစ်ကုံးပါတယ်။ မြလက်ကောက်တွေ အရံအများကြီးပဲ ထည့်လိုက်သေးတယ်။ ကျိအင်လုန်င်နဲ့အတူ မြှုပ်တဲ့အထဲမှာ လက်ရေးပိုးလိပ်တွေ၊ ပန်းချီကားတွေ၊ စာအုပ်တွေ၊ ဓားရှည်တွေ၊ ကျောက်စိမ်း၊ ဆင်စွယ်နဲ့ သန္တာလုပ်အသုံးအဆောင်တွေ ရွှေဗုဒ္ဓဆင်းတုတွေ စုံလို့ပဲ။ ပိုးသားနဲ့လုပ်တဲ့

ပစ္စည်းတွေကတော့ အထပ်လိုက်ဆွေးနေလို့ အမျိုးအမည် အရေအတွက် မပြောတတ်ပါ။

သင်္ချိုင်းတော်စောင့် အရာရှိက ဒီလိုအရှေ့သင်္ချိုင်းတော်တွေ ဖောက်ထွင်းလုယူခံရပြီလို့ လာပြီး အစီရင်ခံတော့ ကျွန်တော့်ကို နန်းတွင်းက နှင်ပစ်တုန်းကထက် ပိုပြီး ကျွန်တော် တုန်လှုပ်မိပါတယ်။ ကိုရီးယားနန်းရိုးနဲ့ ကိုရီးယားအရာရှိဟောင်းတွေလည်း ဒေါသထွက်ကြတယ်။ စောစောက ရှောင်နေတဲ့လူတွေ အဝင်အပါ အုပ်စုအမျိုးမျိုးက လူတွေဟာ ကျွန်တော့်အိမ်ကို လာကြပြီး ကျီအန်င်ကိုင်ရှီအက်တပ်တွေကို သူတို့ဘယ်လိုမုန်းတယ်ရွံတယ်ဆိုတာပြောလာကြတယ်။ နိုင်ငံအနှံ့ ကိုရီးယားအရာရှိဟောင်းတွေက သင်္ချိုင်းတော်တွေ ပြန်ပြင်ဖို့၊ ရန်ပုံငွေ စုပို့ကြတယ်။ ကျီအန်လုန်င်နဲ့ ချီယှီတို့ရဲ့ ဝိညာဉ် ကျောက်ပြားတွေကို ကျန်င်ဥယျာဉ်မှာ စိုက်ထူပြီး အမွေးတိုင်အိုးတင်စားပွဲတွေ၊ ဒူးထောက်ဆုတောင်းဖို့ သင်ဖြူးတွေချထားကြတယ်။ အဲဒီမှာလာပြီး မသာတော်ရှိနေသလိုပဲ ကန်တော့ကြ ဆုတောင်းကြတာ မပြတ်ဘူး။ ကိုရီးယားနန်းရိုးနဲ့ အရာရှိဟောင်းတွေက ကျီအန်င်ကိုင်ရှီအက်ဆီကို သံကြိုးရိုက်ပြီး တရားခံ စုန်တီအင်ယိင်ကို အပြစ်ပေးဖို့နဲ့ အစိုးရက သင်္ချိုင်းတော်တွေကို ပြင်ပေးဖို့ တောင်းဆိုကြတယ်။ ဒီလို သံကြိုးမျိုးတွေကို ပီကင်း–တီအင်ကျင်နယ်စီးတပ် မိုလ်ယဲန်ယှိတုန်ဆီကိုလည်း ပို့တယ်။ ကျန်င်ဥယျာဉ်မှာ လုပ်နေတဲ့ မသာတော်အခမ်းအနားကို ဂူတွေပြင်လို့ မပြီးမချင်း ထပ်လုပ်ကြမယ်လို့ ဆုံးဖြတ်ကြပါတယ်။

ကျီအန်င်ကိုင်ရှီအက်အစိုးရ အရေးယူပုံကတော့ အစမှာ ကျေနပ်လောက်ပါတယ်။ ယဲန်ယှိရှန်ကို စုံစမ်းစေလို့ အမိန့်ပေးတယ်။ ပြီးတော့ စုနီတီအင်ယိင်က ပီကင်းကိုလွှတ်လိုက်တဲ့ တပ်မကြီး အုပ်ချုပ်သူအရာရှိတစ်ဦးကို ဖမ်းထားတယ်။ ဒါပေမယ့် မကြာခင်ပဲ အဲဒီအဖမ်းခံရတဲ့လူ လွတ်လာပြီး ဒီကိစ္စကို ကျီအန်င်ကိုင်ရှီအက်က ဆက်ပြီး အရေးမယူတော့ပါဘူး။ ဘာပြုလို့လဲဆိုတော့ စုန်တီအင်ယိင်က ခိုးရာပါ ပစ္စည်းတချို့ကို ကျီအန်င်ကိုင်ရှီအက်ရဲ့ မယားအသစ်စက်စက် စုန်င်မေလိင်လီကို ပို့လိုက်လို့ပါပဲ။ ချီယှီရဲ့ခေါင်းဆောင်း မသေငှက်ရုပ်က ပုလဲဟာ စုကျီအန်င်ကို ရှီအက်မယားရဲ့ဖိနပ်ကို ရောက်သွားပြီလေ။ ကျွန်တော် အခုလောက် ဒေါသပြင်းပြင်းနဲ့ မုန်းတီးစိတ် အရင်က မဖြစ်ဖူးပါ။ မှောင်ပြီး အုံ့မှိုင်းနေတဲ့ မသာတော်ခန်းမထဲမှာ ငိုနေကြတဲ့အမျိုးတွေ ရှေ့ရပ်ပြီး ကျွန်တော်က ငါဒီကိစ္စကို ကလဲ့စားမချေနိုင်ရင် ငါ့ကို အုင်စင်ဂီအော်ရောလို့ မခေါ်ကြနဲ့တော့လို့ ကြွေးကြော်လိုက်တယ်။ ပြီးတော့ တီအင်ကျင်မှာ ပထမဆုံး ကျွန်တော်နဲ့ ပုဝေ့လာတွေ့တုန်းက သူ့စကားကို အမှတ်ရတာနဲ့ ငါအသက်ရှင်နေသရွေ့ ကျန်င်နန်းရိုးကြီး မတိမ်ကောမပျက်စီးစေရဘူးလို့လည်း ဆက်ပြီး ကြုံးဝါးခဲ့တယ်။ နန်းပြန်ရဖို့ စိတ်ဓာတ်ဟာလည်း အသစ်ပြန်ပြီး ပြင်းထန်လာပြန်တယ်။

အဲဒီရက်တွေက ကျဲန်ယိုဝ်ယုနဲ့ လောကျဲန်ယုဟာ ကျွန်တော်နဲ့ အရင်းနှီး

ဆုံးမို့ သူတို့ပြောတဲ့ ရာဇဝင်ဇာတ်ကြောင်းနဲ့ သတင်းစကားတွေကြောင့် ပိုပိုပြီး ဒေါသထွက်တယ်။ ကလဲ့စား ချေလိုစိတ် ပြင်းလာတယ်။ နန်းပြန်ရချင်နေတယ်။ ကော့မင်တန်ရဲ့ အမျိုးသားအစိုးရကို အပြီးတိုင် စစ်ခင်းရဖို့ရယ်၊ သချိုင်းတော်တွေ ပြင်မပြီးမချင်း မသာတော်အခမ်းအနားကို မရပ်စဲဖို့ရယ် အဲဒါတွေလည်း သူတို့ နှစ်ယောက်ရဲ့အကြံဉာဏ်တွေဖြစ်တယ်။

အခြေအနေဟာ ကျွန်တော်တို့အတွက် တစ်ခါထက်တစ်ခါ ပိုဆိုးလာတယ်လို့ ဆိုရမယ်။ သချိုင်းဖောက်ထွင်းမှု စုံစမ်းရေးလည်း ရပ်ပစ်လိုက်ပြီ။ ပီကင်း–တီအင်ကျင်ဒေသကို အခု အသစ်စိုးမိုးနေသူတွေထဲမှာ အရင်ကလို သိကျွမ်းတဲ့ တုအန်ကျိရွှေတို့လို လူဟောင်းမပါလာတော့ဘူး။ အဖေလည်း သားမယားပါ ပီကင်းက တီအင်ကျင်ကိုကြောက်လို့ ပြေးလာပြီ။ ကျွန်တော့်စိတ်ဓာတ်ဟာလည်း ဒေါသက နေပြီး ညှိုးငယ်အားနည်းတဲ့ဘက်ကို ထိုးဆင်းသွားပါပြီ။ စုန်ငံမေလိင်ဟာ အင်္ဂလိပ်အမေရိကန်တွေရဲ့ ကျေးဇူးခံ အလွန်ချမ်းသာပြီး ဩဇာရှိတဲ့ တွန်ပရာဒိုအိမ်ထောင်က လာတဲ့ မိန်းမပြစ်တယ်။ အဲဒီမိန်းမမျိုးနဲ့ တစ်ခါက ပွဲစားကလေးဘဝနဲ့ကနေပြီး မြေအောက်ကမ္ဘာထဲက ထွက်လာတဲ့ ကျိအန်ကိုင်ရှိအက်တို့ ညားတဲ့အခါ ဒီကောင်မဟာ တုအန်ကျိရွှေတို့ ကျန်ုင်ကျော့လင်တို့ စုန်ကျူအန်ဖုံနင်တို့၊ ဝုပေ့ဖုတို့တွေ ရဖူးတဲ့အားထက် အပုံကြီးကောင်းတဲ့နောက်ခံအား ရသွားပြီ။ နှစ်ကုန်တဲ့အခါ ကျိအန်ကိုင်ရှိအက်ရဲ့ နန်ကင်းက အမျိုးသားအစိုးရကို ဂျပန်အပါအဝင် နိုင်ငံတွေ အားလုံးက အသိအမှတ်ပြုလာကြပါတယ်။ အရင်ဘယ်စစ်ဘုရင်မှ သူ့လောက် အာဏာမရဖူးပါဘူး။ ဒီလိုဖြစ်လေ ကျွန်တော့်အတွက် မျှော်လင့်ချက်နည်းလေပေါ့။ ဒီလောက် အာဏာမက်တဲ့လူရဲ့လက်ထက်မှာ နန်းပြန်တင်မယ်ဆိုတဲ့ကိစ္စကို နည်းနည်းမှ စဉ်းစားမှာမဟုတ်ဘူး။ တကယ်တော့ သူ့အာဏာစက်ကျရာ နေရာတွေမှာ ငါ ခြေတစ်ဖဝါးချစရာရဖို့ပဲ အပုံကြီးခက်မယ်လို့လည်း တွေးမိပါတယ်။ သူ့ဇာတာ ကျွန်တော့်ဇာတာကို တွက်စစ်ပြီး သူဘယ်တော့ပျက်စီးပြီး ကျွန်တော် ဘယ်တော့ ကောင်းစားမယ်ဆိုတာ ပြောနိုင်မလားလို့ ဗေဒင်မေးမိပါတယ်။

ကျွန်တော့်လိုရာထူးအာဏာ မက်မောပြီး ကလဲ့စားခြေချင်ဘဲ့စိတ် ပြင်းထန်နေတဲ့လူဟာ ကံ,ကံရဲ့အကျိုးကိုပဲ မျှော်လင့်ပြီး ကိုယ့်ဘာသာ ဘာမှမလုပ်ဘဲ နေနိုင်မှာမဟုတ်ပါဘူး။ ကုန်ခဲ့တဲ့နှစ်တွေက ကြုံရတဲ့အကြောင်းအရာတွေရယ် အခု ကျိအန်အာဏာရလာပုံရယ် နှစ်ခုပေါင်းကြည့်ရင် ဘယ်သူမဆို စစ်တပ်ကို အရင်ရထားဖို့ အင်မတန်လိုတယ်။ စစ်တပ်လက်ကိုင်ရှိသူကို နိုင်ငံခြားသားကလည်း တစ်နေ့ အသိအမှတ်ပြုလာရတာပါပဲ။ မဟာသွေးအစစ် ကျွန်တော့်လို မဟာကျိနိုင် နန်းရိုးအဆက်ရှိသူမှာသာ စစ်တပ်လက်ကိုင်ရှိနေရင် ကစားသမား ဖာခေါင်းလိုလူက တက်ဖြစ်တဲ့ မာရှယ်ထက် ပိုပြီး နိုင်ငံခြားသားတွေက ပိုမို ယုံကြည်အရေးယူ အားပေးမယ်လို့ ယုံတယ်။ ဒီတော့ သားချင်းထဲက စိတ်အချရဆုံးဆိုတဲ့ ကောင်လေး

တွေကို ဂျပန်စစ်ကျောင်းတွေမှာ တက်ဖို့လွှတ်မယ်။ ဒီနည်းဟာ ကျွန်တော်ကိုယ်တိုင် နိုင်ငံခြားသွားပြီး ပညာသင်တာထက် အကျိုးရှိမယ်လို့ ဆုံးဖြတ်တယ်။

ညီပုကျီအရယ်၊ ယောက်ဖရုန်ကျီရယ် ပထမဆုံးရွေးပြီး တီအင်ကျင်က ဂျပန်သံ့မှူးကို ဂျပန်စကားသင်ဖို့ ဆရာရှာခိုင်းပါတယ်။ သူက တောယမဟာထေသြ ဆိုတဲ့ လူကိုလွှတ်လိုက်ပါတယ်။ ဒီဆရာဟာ ဂျပန် နဝနက်ဂိုဏ်းဝင်ဖြစ်ပြီး နိုင်ငံရေး သမားတချို့နဲ့ အကျွမ်းဝင်တယ်လို့ နောက်မှသိရပါတယ်။ ကျွန်တော့်ကိစ္စဆောင်ရွက်ဖို့ သူလည်း နောက်တော့ ဂျပန်ကို ကိုယ်တိုင်ပြန်သွားပေးပါသေးတယ်။ ဒါပေမယ့် ကျွန်တော် အရှေ့မြောက်ဘက် ရွှေ့ရပြီးတဲ့နောက် သူက စစ်တပ်ဖက်သားမဟုတ်လို့ သူ့ကို ကလော်ပြီးထုတ်လိုက်ကြတယ်။ ပုကျီအနဲ့ ရုန်ကျီတို့ကို ဂျပန်စကားသင်ပေးလို့ အချိန်တော်တော်ကြာသွားတော့ သူ ဂျပန်ပြန်သွားပြီး ကလေးနှစ်ယောက် ပညာသင်လိုက်နိုင်ဖို့ ဟိုမှာ စီစဉ်ပါတယ်။ ဂျပန်စစ်တပ်ဗိုလ်လောင်းကျောင်းကိုတော့ ချက်ချင်းတက်ခွင့်ရနိုင်သေးပေမယ့် စောင့်နေရင်း ဂျပန် သူကောင်းသားတွေတက်တဲ့ ကျောင်းမှာ တက်နိုင်မယ်လို့ အကြောင်းကြားပါတယ်။ ကျွန်တော့် စစ်ဗိုလ်ချုပ်ကြီးဖြစ်မယ့် သူငယ်တွေဟာ တောယမဟာနဲ့အတူ အရှေ့သချိုင်းတော်တွေ ဖောက်ထွင်းခံရပြီး ခုနစ်လအကြာ ၁၉၂၉ခု မတ်လမှာ ဂျပန်ကို လိုက်သွားကြပါတယ်။

## ကောင်စစ်ဝန်ရုံး၊ နယ်စောင့်စစ်တပ်နဲ့ နဂါးနက်ဂိုဏ်း

ကျွန်တော့်အကြံပေးတွေအားလုံးလိုလိုကပဲ ၁၉၂၈ခုမှာ နန်းပြန်ရဖို့ ဂျပန်ပဲ အားကိုးစရာ ကျန်တော့တယ်လို့ ပြောလာကြတယ်။ အရှေ့မြောက်မှာ ဂျပန်ဟာ ကျွန်တော့်ကို ကောင်းကောင်း အသုံးချစရာကိစ္စရှိနေတယ်လို့ သူတို့ ယုံတယ်။ ဒါကြောင့် ဂျပန်နဲ့ မယုတ်မလွန်စကားစဖို့ အချိန်တန်ပြီလို့ ပြောကြတယ်။ ကျွန်တော်ကလည်း သူတို့ပြောစကားကို ဝေဖန်ချက်ချပြီး လက်ခံရမယ်လို့ပဲ ယူဆလာတယ်။

ကျွန်တော် မြောက်အိမ်တော်ကို ပြေးခဲ့ရပြီးမှ ဂျပန်က ကျွန်တော့်အတွက် "ကြောင့်ကြ"လာတဲ့အချိန်ကစပြီး ကျွန်တော်လည်း ဂျပန်ကို ယုံကြည်ခဲ့တဲ့အကြောင်း ပြောပြလို့ပြီးခဲ့ပါပြီ။ ဂျပန်သံရုံးကိုရွှေ့ခဲ့ပြီး အဲဒီက တီအင်ကျင်ကိုလာခဲ့ရတဲ့အထိ ဂျပန်တစ်ဦးပဲ ငါ့ကို နန်းပြန်တင်မယ့်နိုင်ငံခြားသားရှိတယ်လို့ ပိုပိုပြီး ယုံလာတယ်။

တီအင်ကျင်ကိုရောက်တဲ့ ပထမနှစ်က ဂျပန်ကလေးတွေရဲ့ မူလတန်းကျောင်းကို အလည်သွားရအောင်လို့ ဂျပန်ကောင်စစ်ဝန်က ဖိတ်ပါတယ်။ ဂျပန်ကလေးတွေဟာ လမ်းမှာ စီတန်းနေပြီး စက္ကူဂျပန်အလံတွေ လှုပ်ရမ်းရင်း "ဗန်ထိုင်း" (နှစ်တစ်သောင်း)လို့ အော်ပြီးကြိုဆိုပါတယ်။ ဒီအခါမှာ ကျွန်တော့်မျက်လုံးလည်း မျက်ရည်

စို့လာပြီး သက်ပြင်းချမိတယ်။ စစ်ဘုရင်အချင်းချင်းတိုက်တဲ့စစ်ဟာ တိအင်ကျင်နား နီးလာတော့ နိုင်ငံခြားနယ်စောင့်တပ်တွေဟာ မဟာမိတ်အနေနဲ့ ပေါင်းလိုက်ပြီး သီးသန့်မြေနဲ့ သိပ်ကပ်လာရင် အမျိုးသားတပ်ကို တိုက်ရလိမ့်မယ်လို့ ကြေညာတယ်။ ဒီအခါမှာ ဂျပန်နယ်စောင့်တပ်ဗိုလ်က ကျန်ိဥယျာဉ်ကို ရောက်လာပြီးတော့ ကိုယ်တော်ကြီး မစိုးရိမ်ပါနဲ့။ သီးသန့်မြေထဲကို တရုတ်စစ်သားတစ်ယောက်တလေမှ ခြေမချရအောင် စောင့်မယ်လို့ ဆုံးဖြတ်ထားပြီးပါလို့ ပြောတယ်။ ဒီလိုကြားရတော့ သိပ်ကျေးဇူးတင်မိတယ်။

နှစ်သစ်ကူးနဲ့ ကျွန်တော့်မွေးနေ့တွေမှာ ဂျပန်ကောင်စစ်ဝန်နဲ့ နယ်စောင့်တပ်ဗိုလ်တွေဟာ ကျွန်တော့်ကို ဝမ်းသာစကား လာပြောလေ့ရှိပါတယ်။ ဂျပန်ကေရာဇ်မွေးနေ့မှာ ဂျပန်စစ်အင်္ဂါ ခင်းကျင်းရင်လည်း ကျွန်တော့်ကို ဖိတ်ပါတယ်။ ဒီလိုပွဲမျိုးမှာ နိုင်ငံရေးခိုလှုံသူတွေထဲက အထက်တန်းကျသူတွေ တော်တော်များများ ကိုလည်း ဖိတ်တာတွေ့ရတယ်။ ကျွန်တော်ရောက်ပြီး နေရာယူပြီးတဲ့အခါ ဂျပန် သေနာပတိဟာ ကျွန်တော့်ဆီကို သပ်သပ်မြင်းစီးလာပြီးအလေးပြုပါတယ်။ ခင်းကျင်းပွဲပြီးတော့ ကျွန်တော်တို့ တရုတ်တွေကလည်း ဂျပန်တွေနဲ့အတူတူ ဝိုင်းပြီး "တဲန် နောဗန်ဇိုင်း" **(ဂျပန်ကေရာဇ် သက်တော်ရှည်ပါစေ)**လို့ အော်ခဲ့ကြပါတယ်။

ဂျပန်နယ်စောင့်တပ်က ကာနယ်အဆင့်ရှိတဲ့ ဦးစီးအရာရှိတွေဟာ ပေါ်ပေါက်နေတဲ့လက်ငင်းနိုင်ငံရေးအခြေအနေကို ကျွန်တော့်ဆီ လာပြောလေ့ရှိတယ်။ ဒီလိုပြောတဲ့အလေ့ကို မပျက်မကွက် နှစ်ပေါင်းအတော်ကြာအောင် ဆက်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ တစ်ခါတစ်ရံ ကျွန်တော့်အတွက် ပိုပြီးနားရှင်းအောင် စာရင်းဇယားတွေ ပုံပြရှင်းလင်းချက်တွေလုပ်ပြီး ယူလာပါသေးတယ်။ ဒီဗိုလ်တွေထဲမှာ နောင် "ကေရာဇ်နန်းစောင့်တွဲဖက်အရာရှိ"ဖြစ်လာတဲ့ ယောရှီဩကလည်း ပါတယ်။ ဒီလူဟာ ကျွန်တော်နဲ့ "ဖန်ကျူကောခေတ်" ဆယ်နှစ်လုံးလုံးနေသွားတယ်။ အခန်းခြောက်ရောက်တဲ့အခါ သူ့အကြောင်းတွေထပ်ပြီးပြောပါဦးမယ်။

ဂျပန်စစ်ဦးစီးအဖွဲ့ဝင်ဗိုလ်တွေနဲ့ ဆွေးနွေးလေ့ရှိတဲ့ အကြောင်းအရာတွေကတော့ ပြည်တွင်းစစ်အကြောင်းပါပဲ။ တရုတ်နိုင်ငံမှာ ခုလို ဗရုန်းဗရင်း ဖြစ်နေတာ အခြေခံအကြောင်းက ဘာလဲ။ ခေါင်းဆောင်ကို ဖယ်ရှားပစ်လို့။ ရှင်းရှင်းပြောရရင် ကေရာဇ်ကို ဖြုတ်ပစ်လို့ပဲတဲ့။ ဒါ သူတို့စိစစ် ဝေဖန်ချက်ပဲ။ သူတို့ကဆက်ပြီး ဂျပန်က ကေရာဇ်စနစ်ဟာ ပိုကောင်းတယ်လို့လည်း ထောက်ပြတယ်။ တရုတ်နိုင်ငံသူနိုင်ငံသားတွေရဲ့ ကြည်ညိုစိတ်ကို တကယ်တမ်း ဆွဲယူနိုင်သူဟာ ကေရာဇ်ယှုအန်တုန်ပဲ ဖြစ်တယ်လို့လည်း ဆက်ပြောလေ့ရှိတယ်။ တရုတ်လက်နက်ကိုင်တပ်တွေ ဘယ်ပုံဘယ်နည်း ညံ့တယ်ဆိုတာကိုတော့ သူတို့ပြောရတာ သိပ်ကျေနပ်တယ်။ သဘောက ဂျပန်ကေရာဇ်တပ်မတော်နဲ့ အပြတ်အသတ် ကွာတဲ့အကြောင်းပါပဲ။ ဒီလို ဆွေးနွေးတာတွေရယ်၊ စစ်အင်္ဂါကျင်းတဲ့ပွဲမှာ မြင်ရတာတွေရယ် ပေါင်းလိုက်ရင်

ကျွန်တော်ဟာ ဂျပန်စစ်အင်အားကိုလည်း သိပ်ယုံတယ်။ ဂျပန်ကူရင် ငါ့အရေးဟာ မုချအောင်မယ်လို့လည်း သိပ်ယုံလာပါတယ်။

ပိုင်မြစ်ကမ်းရိုးမှာ တစ်နေ့ ကျွန်တော်လမ်းလျှောက်နေတုန်း မြစ်ထဲမှာ ဆိုက်ထားတဲ့ ဂျပန်ရေတပ်သင်္ဘောတစ်စင်းကို မြင်ပါတယ်။ ကပ္ပိတန်က ကျွန်တော် ဘယ်သူလို့ ဘယ်နည်းသိသွားသလဲမသိဘူး။ ဖြန်းခနဲ ကမ်းပေါ်တက်လာပြီး အင်မတန် လေးလေးစားစား ရိုရိုသေသေနဲ့ သင်္ဘောပေါ် ကြွရောက် လည်ပတ်ပါလို့ ဖိတ်တယ်။ သင်္ဘောနာမည်က **ဖုဂျိ**၊ သင်္ဘောပေါ်မှာ ရေတပ်အရာရှိတွေ တန်းစီပြီး အလေးပြုတယ်။ ဖြန်းခနဲပေါ်တဲ့အရေးဖြစ်လို့ စကားပြန်မရှိဘူး။ **စာနဲ့ရေးပြီး ပြောကြဖြေကြရတယ်။**[၁] သူ့အရာရှိတွေခေါ်ပြီး ကပ္ပိတန်ဟာ ကျွန်တော့်ဆီကို အလည်လာသေးတယ်။ သူတောင်းလို့ ကျွန်တော့်ဓာတ်ပုံတစ်ပုံကို လက်မှတ်ရေးထိုးပြီး ပေးလိုက်တော့ သူဟာ ဒါကို သိပ်ပြီးဂုဏ်ယူမှာပဲလို့ ပြောပြသွားပါတယ်။ ဒီလို အပြစ် အပျက်မျိုးလေးတွေက ငါ့ကို ဂျပန်တွေဟာ တကယ် အစစ်အမှန် အတွင်း စိတ်ကပဲ လိုက်လိုက်လှဲလှဲ လေးစားပါကလားလို့ ထင်မိအောင် နှိုးဆော်ပေးနေပါတယ်။ စစ်ဘုရင်တွေကို ကိုယ့်သဘောကျ လုပ်အောင် ဆွယ်စပ်လို့ လုံးဝမအောင်မြင်တော့ ဘူးလို့ သိရပြီး တခြားနိုင်ငံရေးသမားတွေနဲ့ နိုင်ငံခြားသားတွေလည်း ဒီလိုပဲ အသုံးမကျပါကလားလို့ သိရပြီးနောက် ဂျပန်ကို ကျွန်တော် ပိုပြီး အရေးထားလာပါ တယ်။

အစက ဂျပန်ဆိုရင် (သာမန်လူတွေမပါဘဲ) အားလုံး တစ်တန်းတစ်စား တည်းပဲလို့ ကျွန်တော်ထင်နေပါတယ်။ ကျွန်တော်သိတဲ့ဂျပန်က ပီကင်း၊ သံရုံးဂျပန်၊ တီအင်ကျင် ကောင်စစ်ဝန်ရုံးဂျပန်၊ တီအင်ကျင်နယ်စောင့်တပ်ဂျပန်၊ စစ်ဖက်နယ်ဖက် အရာရှိမဟုတ်ပေမယ့် လောကျဲန်ယုတို့ ရှဲန်င်ဟုန်တို့ရဲ့ ရောင်းရင်းဆိုတဲ့ ဂျပန်တွေ လောက်ပဲ သိခဲ့တယ်။ အားလုံးအတူတူပဲ ကျွန်တော့်ဆိုရင် သိပ်လေးစားပြီး "ကာကွယ်"ပေးတယ်။ "ကေရာဇ်"အနေ အသိအမှတ်ပြုတယ်။ ကျွန်တော်မှန်းသလိုပဲ သူတို့လည်း တရုတ်သမ္မတနိုင်ငံကို မုန်းတယ်။ ကျိန်ငန်နန်းရိုးကြီးကို ချီးမြှောက် ပြောလေ့ရှိတယ်။ ဂျပန်ကို သွားချင်တယ်လို့ ကျွန်တော်စပြောရင်ပဲ သူစွမ်းသမျှ ကူညီမယ်လို့ အားတတ်သရော အာမခံတယ်။ အဲဒါကြောင့် ဂျပန်တိုင်း တစ်တန်း တစ်စားတည်းပဲလို့ ကျွန်တော်စပြီးပြောမိတာပါပဲ။

မြောက်ကြောင်းချီတပ်ရဲ့ ရန်ဟာ ၁၉၂၇ခုမှာ နီးလာတော့ လောကျဲန်ယု ပြောတဲ့အတိုင်း ဂျပန်အရောက် ဆက်ပြေးဖို့ ဆုံးဖြတ်ဖူးပါတယ်။ ဂျပန်ကောင်စစ်ဝန်နဲ့

---

၁။ တရုတ်နဲ့ဂျပန် စာပေနှစ်မျိုးစလုံးသုံးတဲ့ တရုတ်စာလုံးတွေရှိလို့ တစ်ယောက်ကို တစ်ယောက် အသင့်အတင့် သဘောပေါက်အောင် ဂျပန်နဲ့တရုတ်ဟာ စာရေးပြီး ပြောနိုင်ပါတယ်။

ဒီအကြောင်း တိုင်ပင်တော့ သူက ဂျပန်ကို လှမ်းပြီးအမိန့်ခံပါတယ်။ ဒီအခါ တနကအစိုးရက ကျွန်တော့်ကို နိုင်ငံခြားမင်းတွေကို ကြိုယူတဲ့နည်းမျိုး ကျနမှန်ကန်အောင် ကြိုယူဧည့်ခံပါ့မယ်လို့ ပြန်ပြောတယ်။ လမ်းခရီးမှာ စစ်တပ်အစောင့်နဲ့ သွားဖို့ ဂျပန်စစ်အာဏာပိုင်တွေ ပြင်ဆင်နေပါပြီလို့လည်း လောကျဲန်ယုက ပြောပါသေးတယ်။ ဒါပေမယ့် အစက ထင်သလို မကြောက်ရတော့ဘူးလို့ သိလာပြန်တော့ ကျဲန်ပဝ်ရှဲ့န်နဲ့ ကျဲန်င်ယိုဝ်ယုတို့က မသွားဖို့ အကြောင်းအမျိုးမျိုး ပြပြီး ဖျက်ကြတယ်။ နန်ကင်းမှာ အမျိုးသားအစိုးရ ပေါ်လာပြီးတဲ့နောက် **"နယ်ချဲ့ပျက်စီးပါစေ"၊ "တစ်ပက်စီးနင်း စချုပ်တွေဖျက်"**လို့ အစိုးရက ထမအော်တော့ဘူး။ ဒီအခါမှာပဲ ဂျပန်တိုင်းဟာ ကျွန်တော့်ကို "ကြည်ညိုလေးစား"ပြီး "စောင့်ရှောက်ပေမယ့်" နိုင်ငံခြားကို ကျွန်တော်သွားဖို့အရေးမှာတော့ ကျေနပ်သူမကျေနပ်သူရယ်လို့ နှစ်မျိုးကွဲနေတယ်။ ဒါကိုသိလို့ ကျွန်တော် အများကြီးစိတ်ဆိုးတယ်။ သိရပုံကတော့ ဒီလိုပါ။

လောကျဲန်ယုက ၁၉၂၇ခုနှစ်ကုန်ခါနီးလောက်က တစ်နေ့လာပြီး ဂျပန်သီးသန့်နယ်ဟာ လုံခြုံတယ်ဆိုရပေမယ့် လူကမျိုးစုံတယ်။ ဂျပန်စစ်ရုံးအဆိုက အရပ်ဝတ်နဲ့ တော်လှန်ရေးကိုယ်စားလှယ်တွေ (ကော့မင်တန်ပါတီဝင်နဲ့ ကွန်မြူနစ်ပါတီဝင်၊ မြေအောက်လှုပ်ရှားသူ၊ လက်နက်ဝှက်ပါလေ့ရှိတဲ့ လူမျိုးလို့ ကျွန်တော်တို့ ကျိန်ဥယျာဉ်နေတဲ့လူတွေက သိထားတဲ့လူမျိုးတွေ) အဝင်အထွက်ရှိသတဲ့။ ဒီတော့ ကိုယ်တော်ကြီးအတွက်များ စိုးရိမ်ရလေမလားလို့ ကြောင့်ကြမိတယ်ဆိုပဲ။ တကယ်တော့ ဂျပန်နိုင်ငံ အရောက်သွားလိုက်ရင် ရှင်းမယ်။ ပထမလူရှုန်သွားရမယ်။ မင်းသားတုနင်(ပုဝေ)က ဟိုမှာ အားလုံးအသင့်ပြင်ဆင်ပြီးပဲ။ ဂျပန်စစ်အာဏာပိုင်တွေ လမ်းခရီးလုံခြုံရေးတာဝန်ယူတယ်လို့ ထပ်ပြောနေပြန်တယ်။ "အရပ်ဝတ်နဲ့ တော်လှန်ရေးကိုယ်စားလှယ်"ကို ကျွန်တော်ကလည်း တွေးပြီး ကြောက်နေခိုက်မို့ လောကျဲန်ယုက ဒီလိုပြောတဲ့အခါ ပုဝေဆီက ဒီသဘောမျိုးပါတဲ့စာ ရတဲ့အခါ နိုင်ငံခြားသွားဖို့ အကြံဟာ ထပ်ပြီး နိုးကြားလာပြန်တယ်။ ကျဲန်ပဝ်ရှဲ့န်နဲ့ ကျဲန်င်ယိုဝ်ယုတို့က ကန့်ကွက်ပေမယ့် ကျဲန်င်ကို ဂျပန်ကောင်စစ်ချုပ်ကတော့ကို ငါက တွေ့ချင်တယ်လို့ ချက်ချင်းသွားခေါ်ဖို့ ခိုင်းလိုက်တယ်။

ကျဲန်င်ယိုဝ်ယုက နည်းနည်း ခပ်ဆိုင်းဆိုင်းလုပ်နေပြီး ကတော့လာတော့ ဘယ်သူက စကားပြန်ပေးမလဲ။ ယိုအယ်ကျိအယ်ရှိကိုပဲ သုံးမှာလားလို့ မေးပါတယ်။ သူဘာဆိုလိုတယ်လို့ ချက်ချင်းသိလိုက်တယ်။ ယိုအယ်ကျိအယ်ရှိဟာ လောကျဲန်ယုနဲ့ သိပ်ရင်းနှီးတယ်။ ဒီတော့ လောရဲ့လူ ဘာသာပြန်ရင် ကျဲန်င်က စိတ်မချဘူးဆိုတဲ့သဘောကိုပြတယ်။ လောကလဲ ကျဲန်င်ရဲ့သားနဲ့ ကျဲန်ပဝ်ရှဲ့န်ရဲ့တူတွေ စကားပြန်လုပ်တာကို မလိုလားတာ တွေ့ခဲ့ရဖူးပြီ။ ဒီ[illegible] ကျွန်တော်က ကတော့လည်း အင်္ဂလိပ်လိုတတ်တယ်။ အင်္ဂလိပ်စကားပြန်နဲ့ပြောမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

လက်ထောက်ကောင်စစ်ဝန်နှစ်ယောက်နဲ့ ကတော့ရောက်လာပြီး ကျွန်တော် လိုချင်တာတွေတောင်းတော့ ဂရုတစိုက် နားထောင်ပြီးမှ ကိုယ်တော်ကြီးလိုသမျှကို တိုကျိုမှာ အမိန့်ခံပြီးမှ ပြန်ကြားပါ့မယ်လို့ ဖြေတယ်။ ဒီကိစ္စ ဒီအခြေရောက်မှ တိုကျိုကို လှမ်းအကြောင်းကြားဖို့ လိုသေးသလားလို့ သံသယဖြစ်သွားတယ်။ စစ်ဖက်ကလူတွေ ပြောတတ်လို့ လောကချဲန်ယုပြောပြတဲ့အထဲမှာတော့ တိုကျိုမှာက ကျေနပ်ပြီးပြီ။ တိအင်ကျင်ကိုလာပြီး ခိုအောင်းနေတဲ့ ချမ်းသာတဲ့လူတစ်ချို့ဟာ ငွေရာသီရဲ့ အပူဒဏ်ကို ကြောက်လို့ လူရှန်ကို ပြောင်းတော့ ကောင်စစ်ဝန်ချုပ်ကို ပြောဖို့မလိုဘူး။ ကျွန်တော့်ကျမှ ဘာတွေ အပိုလုပ်ချင်သေးသလဲ။ ဒါမျိုးတွေ ကျွန်တော် ပြောလို့လက်စမသတ်ခင်ကတော့က နည်းနည်းဆန်းတဲ့မေးခွန်းတစ်ခု မေးပါတယ်။ ဒီဟာ ကိုယ်တော်ကြီးရဲ့ ကိုယ်ပိုင်စိတ်ကူးပဲလားတဲ့။ ဟုတ်တယ်လို့ ကျွန်တော်လည်း ခပ်ဆတ်ဆတ် ဖြေမိတယ်။ ခုတစ်လောကမှာပဲ တိအင်ကျင်မှာ နည်းနည်း အန္တရာယ်ရှိတယ်လို့ ကြားနေရတယ်လို့လည်း ဆက်ပြောလိုက်တယ်။ ဂျပန်နယ်စောင့်တပ်က ပေးတဲ့သတင်းအရပြောရရင် အရပ်ဝတ်နဲ့ တော်လှန်ရေးကိုယ်စားလှယ်တွေ အဝင်အထွက် ရှိတယ်ဆိုတာ ကောင်စစ်ဝန်ချုပ် သိမှာပါလို့လည်း ပြောမိတယ်။ ဒါတွေ ကောလာဟလတွေပါ။ ကိုယ်တော်ကြီး မယုံပါနဲ့တဲ့။ ကတော့ကြည့်ရတာ အတော်စိတ်ရှုပ်သွားပုံရတယ်။ စစ်ထောက်လှမ်းရေးက ပေးတဲ့သတင်းကို သူက ကောလာဟလလို့ ပြောပုံဟာလည်း သိပ်ဆန်းတယ်။ ဒီလို သတင်းမျိုး အရင်ရဖူးလို့ သူ့ကိုပဲ အရံတပ်လူတိုးပါခိုင်းတော့ တိုးပေးဖူးတယ်။ ဒီသတင်းမျိုးကို ယုံလို့မဟုတ်လား။ စစ်ထောက်လှမ်းရေးအစီရင်ခံချက်ကို ကောလာဟလလို့ ဘယ်လိုကြောင့် ပြောနိုင်ပါသလဲလို့ မေးပြန်တော့ မဖြေဘဲ အကြာကြီးနေတယ်။ သူ့လက်ထောက်နှစ်ယောက်လည်း ဆိုဖာပေါ်မှာ တွန့်လိမ်ပြီး အနေခက်ပုံကို မြင်နေရတယ်။ နောက်ဆုံးမှ ကတောက ဘာအန္တရာယ်မှ မရှိဘူးလို့ ကိုယ်တော်ကြီး စိတ်ချလက်ချယုံပါ။ ထုံးစံရှိလို့သာ ကိုယ်တော်ကြီး လူရှန်သွားမယ်ဆိုတာ အထက်အကြောင်းကြားရမှာပါလို့ ပြောတယ်။

ဒီလို အပြန်အလှန် ပြောပြီးကတည်းက ဂျပန်ဆိုပေမယ့်လည်း စစ်ဖက်နယ်ဖက်ဟာ တယ်ပြီး အဆင်မပြေကြဘူးလို့ အကဲခတ်မိတယ်။ ဆန်းတယ်။ စိတ်ပျက်စရာကောင်းတယ်လို့ ကျွန်တော်ထင်တယ်။ လောကချဲန်ယုနဲ့ ယိုအယ်ကျိအယ်ရှိကို ခေါ်ပြီးစစ်တယ်။ သူတို့ဖြေတာကတော့ ဂျပန်စစ်ဖက်နဲ့ အတွင်းအပြင် နီးစပ်တဲ့ လူတွေက ဒီလိုပဲ စိုးရိမ်ရတယ် ပြောလို့ လိုက်ပြောရတာပဲ။ စစ်ထောက်လှမ်းရေး အစီရင်ခံချက်ဟာ ဘယ်တုန်းက မှားဖူးလို့ပဲ။ တော်လှန်ရေးသမားတွေ လှုပ်ရှားသမျှ အသေးစိတ် ပုံဖော်နိုင်တာပဲ မဟုတ်လား။ လုပ်ကြံဖို့ ကြိုးစားနေတယ်ဆိုတာ ကောလာဟလပဲ ထားပါဦး။ သတိဝီရိယ ထားတယ်ဆိုတာ မှားမလားလို့ ချေပကြတယ်။ နောက်တစ်ရက်နှစ်ရက်ကြာတော့ ယောက္ခမ ရှန်င်ယွန်က အင်္ဂလိပ်နဲ့

ပြင်သစ်သီးသန့်မြေထဲကို ဖွဲ့နယ်ယုယိုအန်နင်ရဲ့ လူသတ်သမားတွေ ဝင်တာ မိတယ်လို့ သတင်းရခဲ့တယ်လို့ ပြောလာတယ်။ ဒီအတိုင်းဆိုရင် သိပ်ကြောက်ဖို့ကောင်းလာပြီပေါ့။ မသင်္ကာစရာ လူတစ်ယောက် အဝမှာ ဟိုကြည့်ဒီကြည့် လုပ်နေတယ်လို့ လာပြောပြန်ရော။ ကျွန်တော်ရဲ့ အထွေထွေဌာနတာဝန်ခံနဲ့ အရံတပ်မှူးကို ခေါ်ပြီး ဂျပန်ရဲကို ဥယျာဉ်အဝင်ဝမှာ ခါတိုင်းထက်ပိုပြီး ကြပ်မဖို့ ပြောခိုင်းတယ်။ အရံတပ်ကိုလည်း ခြံပြင်က မယောင်မလည် လူစိမ်းကို သတိထားကြည့်ဖို့ရယ် ညဆိုရင် ဘယ်သူမှ အဝင်အထွက် လက်မခံဖို့ရယ် အမိန့်ထုတ်ပါတယ်။

တစ်ည ပြတင်းအပြင်က ကပ်ပစ်သလို သေနတ်သံတစ်ချက်ကြားလို့ ကျွန်တော် လန့်နိုးပါတယ်။ နောက်တစ်ချက် ဆင့်ကြားပြန်တော့ အိပ်ရာထဲက ခုန်ထမိတယ်။ ဖွဲ့နယ်ယုယိုအန်နင်ရဲ့ လူသတ်ကောင်တွေ ပြောတဲ့အတိုင်း ရောက်လာကုန်ကြပြီလို့လန့်ပြီး အရံတပ်ကို အမြန်စုခိုင်းတယ်။ တစ်အိမ်လုံး နိုးပြီး နေရာအစေ့စောင့်ကြပ်နေကြတယ်။ အဝင်မှုခ်က ရဲကိုလည်း သတိထားဖို့ နှိုးဆော်ပြီးပြီ။ အိမ်ထဲ တာဝန်နဲ့ ရောက်နေတဲ့ ဂျပန်စုံထောက်တွေလည်း ထွက်ပြီး စုံစမ်းကြပါတယ်။ သေနတ်ပစ်တဲ့လူကို မိလာပါတယ်။ ကျွန်တော် အအံ့သြဆုံးကတော့ အဲဒီလူဟာ ဂျပန်အမျိုးသား ဖြစ်နေပါတယ်။

ကျွန်တော့် အထွေထွေဌာနတာဝန်ခံ တုန်ကျိယုက နောက်တစ်နေ့ကျတော့ ညကမိတဲ့လူဟာ နဂါးနက်ဂိုဏ်းသား ကိရှိဒလို့ခေါ်တယ်။ ဂျပန်ရဲဌာနချုပ်ရောက်တော့ ချက်ချင်း ဂျပန်စစ်ဖက်က ခေါ်ထုတ်သွားတယ်လို့သိရတယ်။ အဲဒီလိုလာပြောပါတယ်။ ဒီတော့မှ အခြေအနေမှန်ကို ကျွန်တော်သဘောပေါက်တယ်။

နဂါးနက်ဂိုဏ်းသားတွေနဲ့ ကျွန်တော် အရင်ကပဲ တွေ့ဖူးပါတယ်။ သူတို့နဂါးနက်ဂိုဏ်းက အရေးပါတဲ့လူတစ်ယောက်ဆိုပြီး တျကုဒနောဗုသြကို လောကျဲန်ယုတိုက်တွန်းတာနဲ့ ၁၉၂၅ခုက အတွေ့ခံဖူးတယ်။ လောက ဂျပန်မှာရှိတဲ့ စစ်ဖက်အပါအဝင် အရာရောက်သူ တချို့က ကျွန်တော့်ကို နန်းပြန်တင်ဖို့ စီစဉ်နေကြတယ်။ ကျွန်တော်နဲ့ တွေ့ပြီး တိုက်ရိုက်ပြောကြဖို့ သူတို့ ကိုယ်စားလှယ်အဖြစ်နဲ့ တျကုဒရောက်လာပါတယ်။ ဒီအခွင့်အရေးမျိုး လက်မလွှတ်သင့်ဘူး။ ချက်ချင်း ဒီလူကို ခေါ်တွေ့ပါလို့ လောကဆက်ပြီး တိုက်တွန်းတယ်။ ဒီတျကုဒကို အရင်က ကျွန်တော်မကြားဖူးပါ။ နန်းထိမ်းဌာနအရာရှိတချို့ကတော့ ဒီလူဟာ ၁၉၁၁ တော်လှန်ရေးအချိန်ကစပြီး မင်းသားတွေ အိမ်ကို ခဏခဏ ဝင်ထွက်နေလို့ နန်းရိုးမင်းသားတွေနဲ့ အတော် ရင်းနှီးပါတယ်လို့ ပြောကြတယ်။ ဒီတော့ ကျွန်တော်လည်း အတွေ့ခံချင်စိတ် ပိုလာတယ်ဆိုပါတော့။ ဒါပေမယ့် ဂျပန်ကို တရားဝင် ကိုယ်စားလှယ်ပြုနိုင်တာက ကောင်စစ်ဝန်ချုပ်ဖြစ်လေတော့ တျကုဒနဲ့ စကားပြောတဲ့အခါ ကောင်စစ်ဝန်ချုပ်ရဲ့ ရှေ့မှာ ပြောချင်တယ်ဆိုပြီး ကောင်စစ်ဝန်ချုပ်ကိုပါ တစ်ပါတည်း အကြောင်းကြားပြီး ခေါ်ထားပါတယ်။ တျကုဒဟာ ကောင်စစ်ဝန်ချုပ် လာတာလည်းမြင်ရော ထပြီး

ရှောင်ထွက်သွားပါရော။ ကျဲန်ပဝ်ရှဲ့န်တို့ ကျဲန်င်ယိုဝ်ယုတို့နဲ့ ရောက်နေသမျှ လူ အားလုံး အံ့အားသင့် ကျန်ရစ်ပါတယ်။ အခု နေပြန်ကြည့်ရင် လောကျဲန်ယု လုပ်ပုံ တွေ၊ ကိရိဒက ညအချိန်မတော် သေနတ်ထောက်ပြီး ကျွန်တော့်ကို လှန့်တာတွေ ဟာ တွကုဒရဲ့ အကြံဉာဏ်တွေဖြစ်ပြီး ဂျပန်နယ်စောင့်တပ်က နောက်ကွယ်က ရှိမယ်လို့ ဆိုနိုင်ပါတယ်။

ကျဲန်ပဝ်ရှဲ့န်နဲ့ ကျဲန်င်ယိုဝ်ယုကို သပ်သပ်ခေါ်ပြီး သေနတ်သံအကြောင်း မေးကြည့်တယ်။ ဂျပန်စစ်ဖက်နဲ့နယ်ဖက် အာဏာပိုင်တွေဟာ ကိုယ်တော်ကြီးကို လုနေကြတယ်လို့ ဆိုရမယ်။ (စစ်ဖက်က သူတို့တစ်ဦးတည်း ကိုယ်တော်ကြီးကို ထိန်းသိမ်းထားနိုင်တဲ့နေရာကို ရွှေ့ယူနေချင်တယ်ဆိုတဲ့သဘောပေါ့။) သူတို့နှစ်ဦး ပူးပေါင်းမရတာနဲ့ ကျွန်တော်နဲ့ မပတ်သက်ပါဘူး။ လန့်စရာလည်း မရှိဘူး။ လောကျဲန်ယု လုပ်ပုံတွေကသာ အဆင်ခြင် ကင်းမဲ့ရာရောက်လို့ အကြီးအကျယ် မှားသွားနိုင်တယ်။ နောင်ကို အရေးပါမယ့်ကိစ္စမှန်ရင် သူ့ကိုမခိုင်းပါနဲ့လို့ သတိ ပေးကြတယ်။ ဂျပန် နယ်စောင့်တပ်နဲ့ နဂါးနက်ဂိုဏ်းလုပ်ပုံကလည်း တာဝန်မဲ့ရာ ရောက်လွန်းတယ်။ ဂျပန်သံအမတ်နဲ့ ကောင်စစ်ဝန်ချုပ်ကိုပဲ ဆက်ဆံမှ ဖြစ်မယ်လို့ လည်း အကြံပေးတယ်။ တကယ်စဉ်းစားကြည့်တော့ သူတို့ပြောတာ ယုတ္တိရှိနေတယ်။ ဒါကြောင့် တီအင်ကျင်က ရွှေ့ချင်သေးတယ်လို့ ကောင်စစ်ဝန်ချုပ်ကို ထပ်မပြောတော့ ပါ။ ကျွန်တော်လည်း လောကျဲန်ယုအပေါ်မှာ သိပ်အရေးမပေးတော့တာနဲ့ နောက် တစ်နှစ်ကျတော့ တီအင်ကျင်က သူ့အိမ်ကိုရောင်းပြီး တလီအင်ကို ပြောင်းသွားပါ တယ်။

သူလည်း ပြောင်းသွားရော ကောလာဟလတွေလည်း ရပ်စဲသွားရော၊ ရန်ယွန်တို့ ကျိကျိကျန်င်တို့လည်း လန့်စရာ ထောက်လှမ်းရေး သတင်းတွေ မရ တော့ဘူး။ ဒါ ဘာ့ကြောင့်လဲဆို ဆက်စပ်ပြီး နောက်တော်တော်ကြာမှ ကျွန်တော် သဘောပေါက်ပါတယ်။

သဘောပေါက်အောင် ရှင်းပြတဲ့လူက ကျွန်တော့် အင်္ဂလိပ်စကားပြန်ပါပဲ။ ဒီစကားပြန်ဟာ ကျွန်တော့်ယောက္ခမဘက်က သားပေးသမီးယူသဘောမျိုးနဲ့ တစ် နည်းနည်း သားချင်းတော်စပ်တဲ့လူ ဖြစ်တယ်။ အလုပ်သဘော သွားရင်းလာရင်း ဂျပန်နယ်စောင့်တပ်နဲ့ နီးစပ်ပြီး နောက်ဆွယ်က အဖြစ်အပျက်ကို တချို့ကို သိ လာပြီး နောက်ကျတော့ ကျွန်တော့်ကို ပြန်ပြောပြတယ်။ ကျွန်တော်နေတဲ့ ကျန်င် ဥယျာဉ်ကို မျက်ခြည်မပြတ် ကြည့်ထားဖို့ လျှို့ဝှက်စုံထောက်အဖွဲ့တစ်ခု စည်းရုံးပြီး ရှိနေတယ်။ ဒီအစည်းအရုံးထဲမှာ လောကျဲန်ယု၊ ရန်င်ယွန်နဲ့ ယီအယ် ကျိအယ်ရှိတို့ဟာ အမျိုးမျိုးနဲ့ ပါဝင်နေတယ်။ ဒီပိုက်ကွန်တစ်ခုလုံးကို စုဆွဲတဲ့နေရာကတော့ မိနောအိမ် တော်လို့ အများကခေါ်တဲ့ အိမ်ကြီးပါပဲ။

ကတောနဲ့ကျွန်တော် ဆုံပြီးတဲ့နောက် အဲဒီစကားပြန်ကို လော၊ ရန်နဲ့

ယိုအယ်တို့က ဘာပြောကြသလဲလို့ သူတို့ကို ပြန်ပြောခိုင်းတယ်။ နိုင်ငံခြားသွားဖို့ ကတောက ရက်ရက်ရောရော မထောက်ခံဘူးဆိုတာ ကြားတဲ့အခါ သူတို့ စိတ်ဆိုးဆိုးနဲ့ တစ်ယောက်ကိုတစ်ယောက် အော်ဟစ်ပြီး အပြစ်တင်ကြတယ်။ ဒီလိုပြောနေကြတဲ့အထဲမှာ စစ်ဦးစီးအဖွဲ့ဝင်တစ်ဦးက ကျွန်တော် လူရှန်ပြောင်းအောင် လောကို တာဝန်ပေးထားတဲ့သဘောပါလာတယ်။ အဲဒီဦးစီးအဖွဲ့ဝင်နဲ့လိုက်ပြီး ပြောပြပါဦးလို့ စကားပြန်ကို မိနောအိမ်တော်အရောက် ခေါ်သွားကြသေးတယ်။ အဖွဲ့ဝင်ဆိုတဲ့လူနဲ့တော့ မတွေ့ခဲ့ရဘူး။ ဒါပေမယ့် သူတို့ သူလျှိုဂိုဏ်းရဲ့အကြောင်းတော့ သိခဲ့ရတယ်ပေါ့။ နောက် ရှန်ယွန်နဲ့ သူလိုလူတွေက အဲဒီအိမ်ကြီးကိုသွားရင် ဘိန်း၊ မိန်းမနဲ့ ပိုက်ဆံရတယ်လို့ သိရသေးတယ်။

မိနော တောမောယောရှိဆိုတဲ့ အဲဒီအိမ်ပိုင်ရှင်ဟာ စစ်ဦးစီးအဖွဲ့ဝင် မေဂျာတစ်ဦးဖြစ်ပြီး ဂျပန်ဦးစီးချုပ် ကျွန်တော်တို့ ဥယျာဉ်ကို အလည်လာတဲ့အခါ မကြာခဏ ပါလာလေ့ရှိပါတယ်။ ဒီလူဟာ ကျွန်တော့်အိမ်သားတွေနဲ့ တိတ်တိတ်ဆက်သွယ် ထားတယ်လို့ ဟိုတုန်းက နည်းနည်းမှ မရိပ်မိဘူးပေါ့။ ကျွန်တော့်အိမ်မှာ အပ်ကျ တာကအစ သူသိမယ်လို့လည်း မတွေးမိဘူး။ ရှန်ယွန်တို့တစ်တွေ ကျွန်တော်လှန့်ပြီး လူရှန်ကို ပြေးအောင်လန့်ဖို့ သူပဲစီစဉ်တယ်။ မိနောအိမ်တော် အကြောင်းကြားပြီးတဲ့ နောက် စစ်တပ်က ဘာ့ကြောင့် ရှန်ယွန်တို့လိုလူတွေ မွေးပြီး ဒါလောက် ကြိုးစားတယ်ဆိုတဲ့သဘောကို သိဖို့ရှင်းသွားတယ်။ ကောင်စစ်ဝန်ချုပ်နဲ့ပြိုင်ပြီး ကျွန်တော်ဟာ သူတို့စစ်တပ်တစ်ဦးတည်းရဲ့လူ ဖြစ်စေချင်လို့ပါပဲ။ ကျဲန်ယိုဝ်ယု ထောက်ပြသလို သူတို့ချင်းမတည့်ရင် ကျွန်တော့်မှာ အမြတ်ရှိနိုင်ပါတယ်။

နောက် တော်တော်ကြာပြန်တော့ ကျဲန်ငိယိုဝ်ယုက နဂါးနက်ဂိုဏ်းအကြောင်း ပြောပြပြန်တယ်။ ဒီအသင်းဟာ အရင်က "သမုဒ္ဒရာနတ်သင်း"လို့ ခေါ်တယ်။ လျှို့ဝှက်အသင်းတွေထဲမှာ အကြီးဆုံးပဲ။ တရုတ်ပြင်သစ်စစ် (၁၈၈၃–၅)အပြီးမှာ ဟီရုဩက() ကောတရောကစပြီး တည်ထောင်တယ်။ တရုတ်နိုင်ငံမှာ လာပြီး သူလျှိုလုပ်ငန်းကို ပထမဦးဆုံး စတင် ဆောင်ရွက်တဲ့အဖွဲ့ပါပဲ။ သူတို့ဟာ ဖုကျိုဝ်၊ ယဲန်တိုင်(ကျဲဖု)နဲ့ ရှန်ဟိုင် စတဲ့နေရာတွေကို ဗဟိုစခန်းလုပ်ပြီး သံရုံးဝင်လုပ်၊ ကျောင်းဖွင့်၊ ဓာတ်ပုံဆိုင်ထောင်နဲ့ အပြင်ဗန်းပြဖို့ အလုပ်တစ်ခုတော့ အမြဲရှိတယ်။ နဂါးနက်ဆိုတဲ့ နာမည်ကို ဘယ်ကရသလဲဆိုတော့ တရုတ်တွေက အမုရ်မြစ်ကို နဂါးနက်မြစ်လို့လည်း ခေါ်လေတော့ "နဂါးနက်မြစ်ကိုလွန်ပြီး" လှုပ်ရှားမယ်လို့ အဓိပ္ပာယ်နဲ့ နဂါးနက်ဂိုဏ်းရယ်လို့ ဖြစ်လာပါတယ်။ ဒီနာမည်ကို ၁၉၀၁ခုကပဲ စပြီးသုံးခဲ့တယ်။ ဂျပန်ရုရှားစစ် (၁၉၀၄–၅)မှာ ဒီအသင်းဟာ အများကြီး အသုံးဝင်ခဲ့တယ်။ အသင်းဝင်ဟာလည်း သိန်းကျော်ရှိပြီး ရန်ပုံငွေလည်း အင်မတန်တောင့်လာတယ်။ တောယမမိတ္တုရုဆိုတာ အဲဒီဂိုဏ်းမှာ သိပ်ကျော်ကြားတဲ့ ခေါင်း

ဆောင်တစ်ယောက်ပါ။ သူ့အစီမံကြောင့် တရုတ်နိုင်ငံရဲ့ လူတန်းစားအလွှာတိုင်းမှာ သူတို့လူရှိတယ်။ သူတို့လုပ်ငန်း မလုပ်တဲ့နေရာရယ်လို့လည်း မကျန်တော့ဘူး။ ကိုနိုင်သူကောင်းတွေရဲ့ အပါး၊ အရာရှိကြီးတွေရဲ့အပါးမှာလည်း သူတို့လူရှိသလို နယ်လှည့်ဈေးသည်တွေ အစေခံတွေထဲမှာလည်း သူတို့လူ ရှိတယ်။ ဒီတော့ ကျွန်တော်နေတဲ့ ကျန်ငဉယျာဉ် အိမ်တော် အစေအပါးတွေထဲမှာလည်း သူတို့လူ ရှိတာပေါ့။ ဂျပန်လူတွင်ကျယ်တွေထဲက (ဒေါ်အိဟာရ၊ ဟီရောတယောကိ၊ ဟိရနုမ ကိအိကျိရော၊ အရိတဟာကျီရော၊ ကဇုကိဆေအိကျိဆိုတဲ့လူမျိုးတွေဟာ) တောယမ တပည့်တွေဖြစ်လာတယ်။ ကျဲနိင်ယိုဝ်ယှုအပြောက တောယမဟာ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်ပြီး မုတ်ဆိတ်အဖြူရှည်ရှည်နဲ့ ကြင်နာသနားပုံဆောင်တဲ့အကြည့်မျိုး ရှိပြီး နှင်းဆီကို မြတ်နိုးလွန်းလို့ သူ့ဥယျာဉ်ထဲက ဘယ်မှမသွားဘူးတဲ့။ အဲဒီလူဟာ ရက်ရက်စက်စက် သတ်တဲ့ လုပ်ကြံမှုတွေကို ဉာဏ်ထုတ်ပြီး စီစဉ်ပေးသူပါပဲ။

ကျဲနိင်ယိုဝ်ယှုကို ဒီလိုနဂါးနက်ဂိုဏ်းနဲ့ ဂျပန်စစ်တပ်ရဲ့အင်အား သတ္တိကို နားလည်လာအောင် လုပ်ပေးတဲ့လူဟာ လောကျဲန်ယုလို့ပဲ ဆိုရမယ်။ အစက ကျဲနိင်၊ လော၊ ကျဲန်ပဝ်ရှဲ့န်တို့ဟာ စိတ်ကွဲတဲ့အုပ်စု သုံးစုရဲ့ ကိုယ်စားလှယ်တွေလို့ ဆိုရမယ်။ လောက စစ်တပ်နဲ့ နဂါးနက်ဂိုဏ်းက ဘာပြောပြော လက်ခံယုံကြည်ရ မယ်လို့ အယူရှိတယ်။ ဆဲမိယောနော့ဗ်ကို သူဘာပြုလို့ ယုံသလဲဆိုရင် နဂါးနက်နဲ့ ဆက်လာလို့ ဖြစ်တယ်။ ကျဲန်ပဝ်ရှဲန်အလိုက ဂျပန်အစိုးရရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ သံအဖွဲ့ဝင် ဂျပန်မဟုတ်ရင် မယုံနဲ့တဲ့။ အစက ကျဲန်ယိုဝ်ယှုဟာ ကျဲန်ပဝ်ရှဲ့န်ကို ထောက်ခံတယ်။ နောက်တော့ လောကျဲန်ယုရဲ့ ကြွားလုံးတွေနဲ့ နဂါးနက်ဂိုဏ်းရဲ့ ရက်စက်ရမ်းကားပုံတွေကြောင့် တိုကျိုမှာ ဘယ်လိုအဖွဲ့အစည်းတွေဟာ ဘယ်လို ရည်ရွယ်ချက်ထားပြီး အလုပ်လုပ်နေတယ်။ ဂျပန်အာဏာပိုင်တွေရဲ့ တကယ့် လိုလားချက်ဟာ ဘာလို့ ဆက်စပ်ပြီး တွေးတတ်လာတယ်။ ဂျပန်ကို အားကိုး ထိုက်တယ်လို့ သူမြင်လာတယ်။ ဒါ့ကြောင့် နိုင်ငံခြားသား အားလုံးပေါင်းပြီး တရုတ်ကို အုပ်ချုပ်သင့်တယ်လို့ သူက မူလက စိတ်ကူးထားတဲ့ အစီအစဉ်ကို ပြောင်းလဲစပြုလာတယ်။ သူကိုယ်တိုင် ဂျပန်သွားပြီး ဂျပန်စစ်ဦးစီးချုပ်က လူတွေ၊ နဂါးနက်ဂိုဏ်းသားတွေနဲ့ တွေ့ဆုံကြတယ်။

ရုရှားဖြူလူဆိုးဗိုလ် ဆဲမိယောနော့ဗ်ကို မျှော်လင့်သလို နိုင်ငံတကာက ပေါင်းပြီး အထောက်အကူမပေးတဲ့အခါ ကျဲန်ယိုဝ်ယှုဟာ စိတ်ပျက်လာပြီး တရုတ်နိုင်ငံ ရေးမှာ ဂျပန်ဟာ ခုထက် ပိုပြီး ဝင်ရောက်စွက်ဖက်ရင် ကောင်းမယ်လို့ မျှော်လင့် လာတယ်။ ဒီလို သူ့အတွေးလမ်းပြောင်းလာတဲ့အခါ လောကျဲန်ယုထက် အမြင် သာတယ်လို့ ဆိုရမယ်။ သူက မိနော့အိမ်တော်လောက် ဂျပန်နယ်စောင့်တပ်လောက်နဲ့ မဆက်ဆံလိုဘူး။ တိုကျိုနဲ့မှ တိုက်ရိုက်ဆက်သွယ်လိုတယ်။ ဂျပန်ဆိုဂျပန်မှ ငါတို့ အားကိုးရမယ်လို့တော့ သူမယူဆဘူး။ ဂျပန်ကို ပထမ အားကိုးကြည့်မယ်

ဆိုတဲ့သဘောလည်း ရှိတယ်။

ကျွန်တော့်ခွင့်ပြုချက်နဲ့ သူဂျပန်ကိုသွားတယ်။ ဂျပန်သံအမတ် ယောရှိဇဝကလည်း သဘောတူတယ်။ ဂျပန်မှာ စစ်တပ်နဲ့ရော နဂါးနက်ဂိုဏ်းနဲ့ရော ဆက်သွယ်ကြည့်တယ်။ အပြန်ကျတော့ ဟိုက အရာရောက်သူများများဟာ ကျွန်တော့်အတွက် "ကြောင့်ကြ"တယ်။ "စေတနာ"ထားတယ်။ နန်းပြန်တင်ပေးချင်ကြတယ်။ ရှေ့အဖို့ အစီအစဉ်ကို အာရုံစိုက်ပြီး နားထောင်နေကြတယ်လို့ ကျေကျေနပ်နပ် ပြန်ပြောပါတယ်။ အချိန်ကောင်းစောင့်ပြီး အကူအညီတောင်းပေတော့။ အကုန်လိုချင်တာ ဖြစ်စေ့မယ်လို့ သဘောပေါက်လာတယ်။

ဂျပန်မှာနေရခိုက် ကျွန်တော့်နန်းပြန်ရရေးကို လိုလားတယ်ဆိုတဲ့ လူမျိုးအထွေထွေနဲ့ တွေ့ခဲ့ရတယ်။ အဲဒီလူတွေထဲမှာ ပကင်းနဲ့ တီအင်ကျင်မှာ ကျွန်တော်နဲ့ တွေ့ဖူးသွားတဲ့ စစ်ဖက်နယ်ဖက်အရာရှိတွေ။ ကောင်စစ်ဝန်ချုပ်ကို မြင်ရုံနဲ့ ရှောင်ထွက်ပြေးသွားတဲ့ နဂါးနက်ဂိုဏ်းက အရေးပါလှတယ်လို့ ပြောတဲ့ တွျကုဒ၊ ညဘက်လာပြီး သေနတ်နဲ့ လှန့်တဲ့ သူတို့ဂိုဏ်းသား ကိရှိဒတို့ပါတယ်။ ဒီလူတွေအပြင် ဟိုတုန်းက နောက်ကွယ်မှာ နေခဲ့ပြီး နောက်တော့ ဝန်ကြီးချုပ်တွေ စစ်ဝန်ကြီးတွေ စတဲ့ အရာရောက်တဲ့ ရာထူးတွေရမယ့်လူတွေလည်း ပါတယ်။ ကျဲနင်ယိုဝ်ယုက ဒီလူတွေကို သူ့အတွေးဖြစ်တဲ့ "တစ်နိုင်ငံလုံးကို ဖွင့်ပေးမယ့်ဝါဒ" အကြောင်းကို ပြောပြတဲ့အခါ သူတို့ ပြန်ပြောပုံတွေကြည့်ပြီး အင်မတန်အားတက်တယ်။ "မန်ကျူကော့" တည်ထောင်ပြီး တံခါးဖွင့်လိုက်တဲ့အခါ ဂျပန် "ဧည့်သည်"တွေ ပထမအသုတ် ပြုံကျလာတယ်။ အဲဒီအခါတောင်သူက "တံခါးဖွင့်ထားပြီ အခွင့်အရေး ညီစေရမယ်"ဆိုတဲ့ ဖိတ်မန်စကားကို တစ်ကမ္ဘာလုံးသိအောင် ပြောပြီး ဖက်စပ်အုပ်ချုပ်ရေးစိတ်ကူးကို မလျှော့သေးဘူး။ သူဟာ ဓားပြဂိုဏ်း အဝင်ချောင်အောင် အရှင့်အိမ်တံခါးကို ထဖွင့်ပေးတဲ့လူပဲ။ တခြားဂိုဏ်းတွေလည်း လာကြဦးလေလို့ ဖိတ်လိုက်ချင်သေးတယ်။ ဒီတော့ ပထမရောက်ပြီးဖြစ်တဲ့ဂိုဏ်းက ဒေါသနဲ့ သူ့ကို ကန်ထုတ်လိုက်တာပဲပေါ့။

## ယာယီနန်းမှာ စံမြန်းချိန်

ကျုံင်ဥယျာဉ်မှာ တော်တော်ကလေး နေမိတော့ ငါနန်းပြန်မရမချင်း ဒါမှမဟုတ်လည်း ငါ့ကို ဒီက နှင်မပစ်မချင်း ဒီမှာပဲ ဆက်နေတာ အချိုးကြလိမ့်မယ်လို့ တွေးမိတယ်။ ဒါကြောင့်လည်း နိုင်ငံခြားသွားဖို့ သိပ်အားတက်သရော မရှိတော့ဘူးလို့ ဆိုနိုင်ပါတယ်။

ကျွန်တော်အဖို့ ဒီကျုံင်ဥယျာဉ် (နောက်တော့ ဆိတ်ငြိမ်ဥယျာဉ်)မှာ နေရတာဟာ လူဝင်ခက်နန်းမြို့တုန်းက ကျွန်တော်မကြိုက်တာမျိုး အားလုံးကင်းလွတ်တယ်လို့ ထင်မိတယ်။ ဟိုတုန်းက ကြိုက်တာတွေအားလုံးတော့ ပါလာတယ်

လို့လည်း ထင်ပါတယ်။ လှုဝင်ခက်နန်းမြို့တုန်းက ကျွန်တော် အရှုံးဆုံးကိစ္စတွေ ကတော့ ကျွန်တော့်ကို မော်တော်ကားစီးခွင့် မပြုတာရယ်၊ လမ်းပေါ်မှာ လမ်းလျှောက်သွားခွင့် မပြုတာရယ်တို့ပါပဲ။ အမုန်းစာရင်း ဒုတိယနေရာမှာတော့ နန်းထိန်းဌာနပေါ့။ အခု ကြိုက်ရာလုပ်နိုင်တယ်။ မသင့်ကြောင်းပါဘုရားလို့ ပြော လာချင် ပြောလာမယ်၊ တားမြစ်မယ့်လူ မရှိတော့ဘူး။

လှုဝင်ခက်နန်းမြို့တုန်းက ကျွန်တော်ခံစားရတဲ့ အရေးအပါဆုံး အခွင့်အရေးကတော့ ဩဇာအမိန့်ပေးလို့ရတဲ့အချက်ဖြစ်တယ်။ အခုလည်း အမိန့်ပေးလို့ ရသေးတယ်။ တရုတ်သမန် အဝတ်ကို ရုံဖန်ရံခါ၊ အနောက်တိုင်းဝတ်စုံကို မကြာခဏ ဝတ်တယ်။ ဧကရာဇ်ဝတ်စုံက ဝတ်ထားရတာ ရှုပ်တယ်။ ဒါပေမယ့်လည်း လူတွေဟာ ကျွန်တော့်ရှေ့ရောက်ရင် ဦးတိုက်တုန်းပဲ၊ ဦးညွှတ်တုန်းပဲ။ အခု ကျွန်တော် နေတဲ့နေရာဟာ အပျော်စခန်းမို့ ပန်းချီပန်းပု ကျောက်ဆစ်တမော့ လက်ရာ၊ ကြွေထည် ပစ္စည်းတွေနဲ့ တောက်ပမနေပါဘူး။ ဒါပေမယ့်လည်း လူတွေက "ယာယီနန်းတော်"လို့ပဲ ခေါ်လေ့ရှိကြပါတယ်။ နိုင်ငံခြားသား အိမ်ပုံစံနဲ့ ရေဆွဲအိမ်သာ၊ ဗဟိုအပူဓာတ်ပေးကိရိယာတွေ ပါတဲ့အိမ်မို့ စိတ်ငြိမ်နန်းတော်ထက် ပိုပြီးနေရတာ အချိုးကျတယ်။ ပီကင်းက သူကောင်းတွေလည်း အလှည့်ကျ အခစား ရောက်နေကြလို့ အခြေအရံ သဘောကျတော့ နန်းတော်နဲ့ ဘာထူးသလဲ။ အရင် အပျော်စခန်းတုန်းက အဝင်လက်မှတ် ရောင်းတဲ့တဲဟာ အခု "တိမ်မဲ့ကောင်းကင် အဝင်မှခ်စောင့်ရုံး" ဖြစ်လာတယ်။ အရင်ကလို နန်းထိန်းဌာနနဲ့ ခန်းမဆောင်တွေ ခွဲပြီး တာဝန်ဝေ လုပ်တာမျိုး မတွေ့ရတော့ပေမယ့် အခု "တိအင်ကျင်တွင် နေတော်မူစဉ် ကျိန်ငံနန်းရိုး အထွေထွေကိစ္စ တာဝန်ခံရုံး"ဟာ ဟိုရုံးဌာနတွေ အားလုံး ပေါင်းပြီး ဖြစ်လာတဲ့ရုံးလို့ လူတွေက နားလည်ပြီးပါပဲ။ ကျွန်တော့်ကို အရင်ကလိုပဲ ခေါ်ကြပြီး ရက်စွဲသက္ကရာဇ် ကိုလည်း ယုအန်တုန်ငံနန်းသက် မည်မျှလို့ပဲ ဆက်ပြီး မှတ်သားပြောဆိုနေကြသေးတယ်။ အဲဒါတွေ အားလုံးဟာ ကျွန်တော်အဖို့ မရှိမဖြစ်ဘူး။ သဘာဝအတိုင်း ကျွန်တော်ရထားတဲ့ အခွင့်အရေးတွေလည်း ဖြစ်တယ်လို့ ကျွန်တော် လှုမှန်းသိတဲ့ အရှုယ်ကပဲ စွဲမြဲ ယူဆခဲ့ပါတယ်။

နန်းထိန်းဌာနက အရင်အရာရှိအကြီးဆိုလို့ ရှန်ယွန်တစ်ယောက်ပဲ အခု ကျန်နေတယ်။ တခြားလူတွေကတော့ ပီကင်းမှာ ကျွန်တော့်ပစ္စည်းတွေ စောင့်ရှောက်ဖို့ နေရစ်ခဲ့တဲ့လူရယ်၊ အရွယ်ရင့်လို့ အငြိမ်းစား ယူသွားတဲ့လူရယ်နဲ့ ဒီကို ပါမလာကြတော့ဘူး။ တိအင်ကျင်ကို ရောက်လာပြီးမှ ပထမဆုံး အတွဲလိုက် ထုတ်ဆင့်တဲ့အမိန့်တော်တွေထဲမှာ ကျဲန်ငံယိုဝ်ယု၊ ယန်ငံကျုန်ငံယို၊ ဝင်ရှူ၊ ကျိန်ငံဖှန်ငံကျန်ငံ၊ ယိုဝ်ပိန်ငံယဲန်၊ ကျဲန်ကျန်ရှုနဲ့ လျှိုယိုအန်ငံထဲ့ဖို့က တိအင်ကျင်မှာ အကြံပေးဖြစ်စေဆိုတဲ့ အမိန့်တော်ရယ်၊ အုပ်ချုပ်ရေးရုံးကို ကျဲန်ငံယိုဝ်ယုနဲ့ ဟူဇီယွန်က ကြပ်မ၍ ဖွင့်စေ၊ အထွေထွေကိစ္စရုံးကို တုန်ငံကျိယုက ဦးစီးစေ၊ ဘဏ္ဍာရေးရုံးကို

ကျိန်င်ဖုန်င်ကျန်ငါက စီမံစေ၊ ပြင်ပဆက်သွယ်ရေးရုံးကို လျှိုယိုင်ယျု ကြီးကြပ်စေဆိုတဲ့ အမိန့်တော်ရယ်၊ အရေးပါတဲ့ အမိန့်တော်နှစ်ရပ် ပါရှိပါတယ်။ ကျဲန်ပဝ်ရဲ့နဲ၊ လော ကျဲန်ယုနဲ့ ကျဲန်ငါယိုယူတို့ကတော့ "အတွင်းဝန်ကြီး"တွေမို့ ကျွန်တော်နဲ့ နေ့စဉ် တွေ့ဆုံကြပါတယ်။ သူတို့နဲ့အတူ အခြားအကြံပေးတွေလည်း မနက်တိုင်း အိမ်မကြီး အနောက်က တစ်ထပ်တန်းလျားကို လာကြရတယ်။ "အမိန့်တော်နဲ့ခေါ်"ရင် အသင့် ရှိအောင်လို့ အခစားဝင်လိုတဲ့ အပြင်လူကတော့ မုခ်ဝက အစောင့်တဲမှာ ခဏနေ ကြရတယ်။ လာတဲ့လူကလည်း လူစုံပါပဲ။ စစ်သား၊ နိုင်ငံရေးသမား၊ အရင် ကျိန်ငါ အရာရှိလူဟောင်း၊ "ခေတ်သစ်လူ"က ကဗျာဆရာ၊ စာရေးဆရာ၊ ဆေးဆရာ၊ မန္တန်ဆရာ၊ နက္ခတ်ဆရာ၊ ဗေဒင်ဆရာ၊ ဖောက်ပြန်ရေး လူငယ်ပါတီခေါင်းဆောင်၊ တင်းနစ်ဝိဇ္ဇာ၊ သတင်းစာဆရာနဲ့ ကော့မင်တန်ငါဦးစီး ကော်မရှင်ဝင်လူကြီးထဲက တောင် ပါတယ်။ ဥယျာဉ်ဝမှာပဲ တစ်ဖက်တစ်စ်တဲနဲ့ ဂျပန်ရဲက စခန်းချတယ်။ အဝင်အထွက် လူစာရင်းယူတယ်။ ကျွန်တော်ထွက်ရင် အရပ်ဝတ်နဲ့ အရံလိုက်တယ်။

ငွေဝင်ငွေထွက် အခြေအနေကတော့ ဒီမှာ ဟိုလူဝင်ခက်နန်းမြို့ထက် နည်းတာပေါ့။ ဒါပေမယ့် ကျွန်တော့်မှာ စီးပွားဥစ္စာ အတော်များများ ကျန်ပါသေးတယ်။ နန်းမြို့ကယူခဲ့တဲ့ အဖိုးတန်ပစ္စည်း အတော်များများကိုတော့ ငွေဖြစ်သွားအောင် ထုခွဲတယ်။ ငွေကို နိုင်ငံခြားဘဏ်တွေမှာ အပ်ပြီးထားလို့ အတိုးစားနေရပါပြီ။ အချို့ ငွေကလည်း အခွန်အခရအောင်လို့ အိမ်တို့မြေတို့ လုပ်ထားလို့ အခွန်အခရနေ ပါပြီ။ အရှေ့မြောက်နဲ့ မြောက်ပိုင်း တရုတ်နိုင်ငံမှာ ကျွန်တော်ပိုင်မြေတွေ အများ အစား ရှိပါသေးတယ်။ ကျိန်ငါနန်းရိုးနဲ့ သမ္မတနိုင်ငံ အစိုးရကိုယ်စားလှယ်တွေပါ တဲ့အဖွဲ့က ဒီမြေတွေကို "ကေရာဇ်ရဲ့ ကိုယ်ပိုင်မြေ"အဖြစ်နဲ့ အုပ်ချုပ်ပေးပါ တယ်။ ဒီမြေတွေကို ရောင်းရင် ဒီအဖွဲ့ကပဲ ရောင်းတယ်။ နှစ်ဖက်ကိုယ်စားလှယ်က အပြိုင်ခိုးပါတယ်။ ကျန်သမျှ ကျွန်တော့်ဆီ ရောက်တယ်ဆိုတာတောင်တော်တော် ရလောက်ပါသေးတယ်။ အရင်တစ်ခါက ခြောက်လလောက် အချိန်ယူပြီး ပုကျိ အယ်နဲ့ကျွန်တော် ခိုးထုတ်ထားတဲ့ ရှေးပစ္စည်း အနုပညာ လက်ရာ အဖိုးတန်တွေ ရှိပါသေးတယ်။ အဲဒီအကြောင်း အခန်းသုံးမှာ ပြောခဲ့ပြီးပါပြီ။

တိအင်ကျင်ရောက်ပြီးမှ လစဉ်ငွေပို့ပေးရတဲ့ နေရာတိုးလာတယ်။ ငွေ လက်ခံပြီး နေရာတကျသုံးဖို့လည်း ရုံးတွေဖွင့်ရတယ်။ ပီကင်းရုံး၊ သင်္ချိုင်းတော်နဲ့ ကျောင်းတော်ရုံး၊ လီအပ်နိန်ရုံး၊ နန်းရိုးဌာန (စောစောကပြောခဲ့တဲ့နှစ်ဖက်ပါ) ကေရာဇ် ပုဂ္ဂလိကပိုင် ပစ္စည်းအုပ်ချုပ်ရေးရုံးဆိုတာတွေ ဖြစ်ပါတယ်။ ကျိန်ငါနန်းရိုး သင်္ချိုင်းတော်တွေကို စောင့်ရှောက်ဖို့ အရာရှိတွေလည်း ခန့်ထားရပါတယ်။ မှတ်တမ်း တစ်ခုအရ ပြောရရင် ပီကင်းနဲ့ သင်္ချိုင်းတော်အတွက် တစ်လကို ဒေါ်လာ ၁၅၈၃၇၈၄ ကုန်တယ်။ တိအင်ကျင်အတွက်ဆိုရင်လည်း ဒီလိုပဲ သောင်းကျော် ကုန်မှာပါပဲ။ ငွေအကုန်ဆုံး ကိစ္စကတော့ စစ်ဘုရင်တွေ ကိုယ့်လူဖြစ်အောင် ငွေနဲ့

ပေါက်ရတဲ့ကိစ္စပါပဲ။ အဲဒီငွေ အရေအတွက်ဟာ စာစောကပြတဲ့စာရင်းထဲမှာ မပါဘူး။ လစဉ်သုံးငွေရဲ့ သုံးပုံနှစ်ပုံဟာ ကားနဲ့ စိန်ဝယ်တဲ့ပိုက်ဆံ ဖြစ်နိုင်တယ်။ ပီကင်းမှာတုန်းကထက် တီအင်ကျင်ရောက်တော့ ကျွန်တော် အဝယ်အခြမ်းထူးတယ်။ ပီယာနို၊ နာရီအကြီးအငယ်၊ ရေဒီယို၊ အနောက်တိုင်းဝတ်စုံ၊ သရေဖိနပ်နဲ့ မျက်မှန်တွေဟာ ကျွန်တော်ဝယ်လို့ ဘယ်တော့မှ လက်စမသတ်နိုင်တဲ့ပစ္စည်းတွေပါပဲ။

ဝန်ရှန်က တီအင်ကျင်သူဆိုတော့ အသုံးမကျတဲ့ပစ္စည်းဝယ်ပြီး ငွေဖြုန်းဖို့ ကျွန်တော့်ထက်နားလည်တယ်။ သူဝယ်ရင် ဝင်ယိုကလည်း လိုချင်တယ်။ ကျွန်တော်က ဝင်ယိုအတွက် ဝယ်ရင်လည်း ဝန်ရှန်က ဧကရီမို့ ပိုပြီး ရထိုက်တယ်လို့ အယူရှိတယ်။ တစ်ခါ ဝင်ယိုက ထပ်တောင်းလာပြန်တယ်။ အဲဒီလို ပြိုင်ကြတာနဲ့ နောက်တော့ လစဉ်သုံးငွေကို သူတို့အတွက် ကန့်သတ်ပေးရတော့တယ်။ ထုံးစံအတိုင်း ဝန်ရှန်က ဒေါ်လာတစ်ထောင် ဝင်ယိုက ရှစ်ရာ။ နောက်ငွေဝင်ပါးရှားလိုက်တော့ သုံးရာနဲ့ နှစ်ရာအထိ လျှော့လိုက်ရတယ်။ ကျွန်တော့်ကိုယ်ပိုင်အသုံးစရိတ်တော့ နည်းနည်းမှ မလျှော့သေးဘူး။

ဒီလိုသုံးဖြုန်းကြတဲ့အတွက် လူဝင်ခက်နန်းမြို့မှာလိုပဲ ငွေကြေးအခက်အခဲနဲ့ ခဏခဏ ကြုံရတယ်။ တစ်ခါတစ်ခါ အကြွေးမပေးနိုင်ဘူး။ “အတွင်းဝန်ကြီး”နဲ့ “အကြံပေး”တွေကိုလည်း လခမပေးနိုင်ဘူး။

ဒီလိုအသုံး ဘာမှမကျတဲ့ပစ္စည်းတွေ ဝယ်လေလေ အရင် ဂျွန်စတန်နဲ့တွဲတုန်းကလိုပဲ တရုတ်ပစ္စည်းတွေမကောင်း၊ နိုင်ငံခြားပစ္စည်းသာ ကောင်းတယ်လို့ ပိုပိုပြီး ထင်လာလေပဲ။ ခြွင်းချက်တစ်ခုတော့ရှိရဲ့။ တရုတ်ဧကရာဇ်စနစ်တော့ သိပ်ကောင်းတယ်လို့ ထင်တဲ့အစွဲတစ်ခုပဲ ကျန်တယ်။ စပီရာမင့်ဝါးစရာ သရေပြား၊ ဗေရား အက်စပရင်ဆေးပြားလောက် ကြည့်ပြီးလည်း တရုတ်ဟာ ဘာမှအသုံးမကျဘူး ပြောပြောမိတယ်။ ဒီမှာလည်း ခြွင်းချက်ထားရဦးမယ်။ ကိုယ့်ကိုယ်ကိုတော့ ငါလည်း တရုတ်၊ ဒါ့ကြောင့် လူညံ့ပဲလို့ မယူဘူး။ ငါက တခြားတရုတ်တဲ့ အထက်ကလို့ အထင်တကြီးထားတယ်။ နိုင်ငံခြားသားထဲက အတော်ဆုံးဆိုတဲ့လူကလည်း ငါ့ကို အထင်ကြီးတာ အတွေ့ပဲမဟုတ်လားလို့ ကိုယ့်ကိုယ်ကို ပြောမိတယ်။

နိုင်ငံခြားသားရဲ့ သီးသန့်မြေမှာ ကျွန်တော့်ကို လေးစားပုံမျိုး နိုင်ငံခြားသားက ဘယ်တရုတ်အမျိုးသားကိုမှ မလေးစားဘူး။ ဂျပန်တွေအပြင် အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီစတဲ့ နိုင်ငံခြား သံရုံးအရာရှိ၊ စစ်ဖက်အရာရှိ၊ ကုန်သည်အမျိုးမျိုးကလည်း ကျွန်တော့်ကိုတွေ့ရင် သိပ်အရေးပေးတယ်။ ကိုယ်တော်ကြီးဘုရားလို့ မပြတ်ခေါ်နေတယ်။ သူတို့အမျိုးသားနေ့တွေမှာလုပ်တဲ့ စစ်အင်္ဂါခင်းကျင်းပွဲတွေကို အမြဲပင့်ဖိတ်ပြီး လေးလေးစားစား ဧည့်ခံတယ်။ သူတို့စစ်တပ်တန်းလျားတွေ ခေါ်ပြတယ်။ နောက်ဆုံး တီထွင်လိုက်တဲ့ ရေယာဉ်၊ လေယာဉ် စတဲ့ စက်ကိရိယာအဆန်းတွေလည်း ပြတယ်။ တရုတ်နှစ်သစ်ကူးနဲ့

ကျွန်တော့်မွေးနေ့မှာလည်း လာပြီး ဝမ်းသာစကား ပြောကြတယ်။

တီအင်ကျင်ရောက်ပြီး တယ်မကြာဘူး ဂျွန်စတန် သူ့နိုင်ငံ ပြန်သွားတယ်။ ဒါပေမယ့် သူမပြန်ခင်က အင်္ဂလိပ်ကောင်စစ်ဝန်နဲ့ အင်္ဂလိပ်နယ်စောင့်တပ် သေနာပတိနဲ့ မိတ်ဆက်ပေးသွားတယ်။ သူတို့တွေက လူအပြောင်းအလဲရှိတိုင်း လူဟောင်းက လူသစ်နဲ့ မိတ်ဆက်ပေးသွားတယ်။ ဒီတော့ အင်္ဂလိပ်နဲ့လည်း ဘယ်တော့မှ လုံးလုံး အဆက်မပြတ်မသွားဘူး။ အင်္ဂလိပ်မင်း ပဉ္စမဂျော့ရဲ့ တတိယသားတော် ဂလောက် စတာမြို့စားကြီး တီအင်ကျင်ကိုရောက်တော့ ကျွန်တော့်ဆီကိုဝင်တယ်။ သူ့ခမည်းတော်ဖို့ ကျွန်တော့်ဓာတ်ပုံ တစ်ပုံ ယူသွားတယ်။ နောက် ပဉ္စမ ဂျော့ကိုယ်တိုင် ဓာတ်ပုံရလို့ ကျေးဇူးတင်တယ်လို့ စာရေးတယ်။ သူ့ပုံကိုလည်း အင်္ဂလိပ် ကောင်စစ်ဝန်ချုပ်ကတစ်ဆင့် ပို့ပေးတယ်။ အီတလီကောင်စစ်ဝန်ချုပ်ကတစ်ဆင့် အီတလီ ဘုရင်နဲ့လည်း ဓာတ်ပုံချင်း ကျွန်တော် လဲဖူးပါတယ်။

နိုင်ငံခြားစစ်တန်းလျားတွေ အလည်သွားပြီး သူတို့စစ်အင်္ဂါခင်းကျင်းပုံတွေကိုလည်း ကြည့်ဖူးတယ်။ ဒီစစ်သားတွေ တရုတ်မြေနင်းခွင့်ကို ၁၉၀၁ခုကပဲ ချီယိုက ပေးခဲ့လို့ ရောက်နေကြတာပဲ။ သူတို့အခုလို ချီတက်ပြီး ငါ့ကို အလေးပြုသွားတာ ငါ့ကို ဧကရာဇ်လို့ ဆက်ပြီး အသိအမှတ်ပြုတာ ထင်ရှားတယ်။ ဒီလိုပဲ တွေးပြီး အကျေနပ်ကြီး ကျေနပ်ခဲ့တယ်။

တီအင်ကျင်မှာ အင်္ဂလိပ်က ဖွင့်ထားတဲ့ "ကန်ထရီကလပ်"ဆိုတဲ့ အပန်းဖြေ စခန်းကြီးတစ်ခု ခမ်းနားကြီးကျယ်အောင် ခင်းကျင်းပြီးရှိတယ်။ နိုင်ငံခြား အကြီးအကဲတွေပဲ လက်ခံတယ်။ တရုတ်ဆိုရင် ဘယ်တရုတ်မှ စခန်းအတွင်း ခြေတစ်ဖဝါး ချခွင့် မပေးဘူး။ **ကျွန်တော့်ကိုတော့ တစ်ဦးတည်း ခြွင်းချက်အဖြစ် လက်ခံတယ်။**[၁] အတားအဆီးမရှိ ဝင်ထွက်နိုင်တယ်။ အိမ်သူအိမ်သားကိုလည်း ခေါ်သွားလို့ရသေး တယ်။ ဒီတော့ "စပယ်ရှယ်ပေါက်ဖော်" ဖြစ်ရတဲ့ဘဝကို သိပ်အရသာတွေ့တယ်။

ဝှိုက်တဝေးလိတ်ဒလောအင်ကုမ္ပဏီလို နိုင်ငံခြားဆိုင်မှာသွားပြီး အင်္ဂလိပ် **အက်စကွိုင်ယား** မဂ္ဂဇင်းထဲက အင်္ဂလိပ်လူကြီးလူကောင်းပုံမျိုး မြင်ရလောက်အောင် ကျွန်တော့်ကို ပုံဖော်ပေးမယ့် အဝတ်အစားနဲ့ စိန်ထည်ပစ္စည်းတွေကို ဝယ်ပါတယ်။ အပြင်ထွက်တိုင်း အင်္ဂလိပ်ဖျင်နဲ့ချုပ်တဲ့ အနောက်တိုင်း နောက်ဆုံးပေါ် ဝတ်စုံပုံစံမျိုးကို ဝတ်ပြီး ထွက်ပါတယ်။ လည်စီးမှ စိန်အပ်တွယ်တယ်။ လက်ဖျားကြယ်သီးလည်း စိန်၊ လက်ချောင်းတွေမှာ စိန်လက်စွပ်တွေ၊ "ယဉ်ကျေးမှုတုတ်"ကို လက်ကဆွဲလိုက် သေးတယ်။ ဂျာမန်ဇစ်မျက်မှန်ကိုမှ တပ်တယ်။ ကိုယ်နံ့ကလည်း မက်ဇ်ဖက်တာ

---

၁။ နောက်ပိုင်းရက်တွေမှာတော့ တရုတ်အရင်းရှင် ကွန်ပရာဒိုအဆင့်ရှိတဲ့ တရုတ်ကို နိုင်ငံခြားသားအသင်းဝင်က ဧည့်အဖြစ်ခေါ်လာရင် ဝင်ခွင့်ပေး တယ်။ လွတ်မြောက်ပြီးတဲ့နောက် ဒီစခန်းကြီးကို ပြည်သူ့အပန်းဖြေရိပ်သာ လုပ်ပစ်လိုက်ပါတယ်။

အရည်မျိုးစုံကအနံ့၊ ဩဒီကိုလုန်း အရည်နံ့၊ ပရုပ်လုံးနံ့တွေရောပြီး သင်းပျံ့နေမယ်။ အလစတီယန်ခွေးတွေနဲ့ ထူးထူးဆန်းဆန်း ဝတ်ထားတဲ့ မယားနဲ့ ကိုယ်လုပ်တော်ကလည်း တစ်ပါတည်း ပါသေးတယ်။

ဒီလိုအနေအထိုင်ကို ကျဲန်ပဝ်ရှဲ့န်နဲ့ ဟူဇီယွန်တို့က ဝေဖန်တယ်။ အသုံးအဖြုန်းကိုလည်း မဝေဖန်ဘူး။ နိုင်ငံခြားသားနဲ့ အပေါင်းအသင်းလုပ်တာလည်း မဝေဖန်ဘူး။ ဒါပေမယ့် ကျန်ုင်ယွန်အိုင်မှာသွားပြီး ဆံပင်ဖြတ်မယ်၊ အနောက်တိုင်းဝတ်စုံနဲ့ သဘင်ရုံသွားကြည့်မယ်ဆိုရင် သူတို့က ဧကရာဇ်မင့် အသရေတော် ညှိုးပါမယ့်ဘုရားလို့ ကန့်ကွက်လာပါတယ်။ ဒီလိုနှုတ်နဲ့ ပြောလို့မရတဲ့အဆုံးမှာ ဟူဇီယွန်က ဒါတွေအားလုံး သူ့အပြစ်တွေဖြစ်လို့ သူ့ရာထူးက နုတ်ထွက်ပြီး အငြိမ်းစားယူခွင့်ပြုပါရန် သွင်းစာဆက်ပါတယ်။

အရင်တစ်ခါကလည်း နာမည်ကြီး ပီကင်းအော်ပရာက မေလန်ဖုန်ကို ကြည့်ဖို့ ဝန်ရှန်ခေါ်ပြီးသွားမိလို့ အသရေတော်ညှိုးပြီ။ သူ့ကို အလုပ်က အနားယူခွင့်ပေးပါလို့ တောင်းဖူးတယ်။ ကျွန်တော်က သွားမွေးဝတ်ရုံနှစ်ထည်ပေးပြီး သူ့ဝေဖန်ချက်ကို လက်ခံတယ်။ အနားမယူပါနဲ့ဦးလို့ အထပ်ထပ် တောင်းပန်တော့မှ ဝမ်းနည်းစရာက ဝမ်းသာလာပြီး ဝေဖန်ချက်ကို လက်ခံလို့ "စံပြဘုရင်" ဖြစ်ပါပေတယ်လို့ ချီးမွမ်းတယ်။ နှစ်ဦးနှစ်ဖက် ဝမ်းသာအားရ ကြေအေးကြတယ်။ နောက်လည်း ဒီနည်းမျိုးနဲ့ပဲ ကြေအေးကြပြန်တယ်။

တီအင်ကျင်ရောက်ပြီး တစ်နှစ်အတွင်းမှာပဲ ဝန်ရှန်ရဲ့**အသက်နှစ်ဆယ်ပြည့်**[၁] ပွဲလုပ်ကြတယ်။ သူ့အဖေက နိုင်ငံခြားတီးဝိုင်းကြီးတစ်ခုကို ငှားလိုက်တယ်။ ဒီသတင်းကြားတဲ့ ရှေးကျိန်အရာရှိတစ်ဦးဟာ ပြေးလာပြီး "နိုင်ငံခြား တူရိယာသံမှာ ငိုသံပါနေလို့" ဧကရီရဲ့မင်္ဂလာမွေးနေ့မှာ မသင့်ပါလို့ထားပါရော။ သူ့ကို ဒေါ်လာနှစ်ရာ ဆုချရပြီး နိုင်ငံခြား တူရိယာဝိုင်းလည်း မလာနဲ့တော့လို့ တားလိုက်ရတယ်။ ကျွန်တော့်ကို ဝေဖန်ရင် အမတ်ကို နုတ်ပိတ်ငွေပေးရတဲ့ခေတ်လို့ ခေါ်ချင်ရင်ခေါ်ပေတော့။

အဲဒီအခါကစပြီး အဖမ်းခံရတဲ့အချိန်အထိ ဆံပင်ဖြတ်ဆိုင်နဲ့ သဘင်ပွဲရုံကို မသွားရတော့ပါ။ ဒီလို သူရဲ့စကားကို နားထောင်လိုက်တာဟာ သူ့ကို ဆက်ပြီး ငွေပူဇော်နေရမှာစိုးလို့ မဟုတ်ပါ။ သူပြောတဲ့ အသရေတော်ညစ်နွမ်းတယ်လို့ ကျွန်တော်ကိုယ်တိုင်ကလည်း ယုံလို့ပါပဲ။ ကျွန်တော့် "တိုးတက်ပုံ"ကို သာဓက ဆောင်နိုင်ပါတယ်။ ဆွီဒင်က မင်းသား တီအင်ကျင်ကို အလည်လာတော့ ကျွန်တော်နဲ့တွေ့လိုတယ်လို့ ခွင့်တောင်းတယ်။ သတင်းစာထဲမှာ သူနဲ့ မေလန်ဖုံနိုင်တွဲပြီး ဓာတ်ပုံပါလာတာနဲ့ သဘောမကျတာ ထင်ရှားအောင် အတွေ့မခံလိုဘူးလို့ ငြင်းလိုက်တယ်။

---

၁။ အနောက်တိုင်းနည်းတွက်ရင် တစ်ဆယ့်ကိုးနှစ်။

ဟူဇီယွန်နဲ့ ကျဲန်ပဝ်ရှဲ့န်အဖွဲ့က လူတချို့ဟာ ကျဲန်င်ယိုဝ်ယုတို့ လောကျဲန် ယုတို့ အပေါင်းပါတွေလို့ နန်းပြန်ရရေးမှာ သိပ်အားမထားတော့ဘူး။ အန္တရာယ် ရှိမယ့်အလုပ်မှန်ရင် မလုပ်ပါနဲ့လို့ တားကြတယ်။ ပြီးတော့ သူတို့က ဖုန်င်တို့ လူ သိုက်လည်း ရာဇဓိဋ္ဌမပျက်ရအောင် အသရေတော်ကို ထိမ်းဖို့ သိပ်အရေးထားတယ်။ ဒါကို ကြိုက်ပြီး သူတို့ပြောသလို ကျွန်တော် လိုက်လုပ်တတ်တယ်။ ယုတ္တိမတန်တာမျိုး ပါလာတာတောင် သူတို့ သစ္စာရှိရှိနဲ့အကောင်းပြောတာပဲလေဆိုပြီး အောင့်လက်ခံ လိုက်တယ်။ နိုင်ငံခြားသီးသန့်မြေမှာ ဆန်းဆန်းကြယ်ကြယ် ရောက်နေရပေမယ့်လည်း ငါဟာ "ကေရာဇ်"၊ ထီးသုံးနန်းဟန်တွေကို အားလုံး မဖျက်သင့်ဘူးလို့ အစွဲဟာ ပြင်းပြင်းထန်ထန် ရှိနေသေးလို့ပါပဲ။

ကိုယ်လုပ်တော် ဝင်ယိုုက ၁၉၃၁ခုမှာ ရုတ်တရက် ကွာရှင်းလိုကြောင်း ပြောလို့ သဘောတူလိုက်တဲ့အခါ ရှေးဆရာတွေက လာပြီး ကိုယ်လုပ်တော်အဆင့်က သာမန်အရပ်သူအဆင့်ကို နှိမ့်ချလိုက်တယ်လို့ အမိန့်တော် ထုတ်ဖို့ ပြောလာကြတဲ့ အတိုင်း ထုတ်ပြန်ခဲ့ပါတယ်။

ဝင်ယိုု ကွာရှင်းလိုတဲ့အကြောင်းရင်းကတော့ သူနဲ့ ဆက်ဆံရေး မမှန်ကန် လို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ရှင်းပြဖို့ လိုပါတယ်။ ကျွန်တော်တို့မှာ အိမ်ထောင် သဘောမျိုး မရှိသလောက်ပဲ။ မယားတစ်ယောက်တည်းရှိလည်း ဒီကိစ္စပေါ်မှာပဲ။ ကျွန်တော်ဟာ ဟိုတုန်းက နန်းပြန်ရဖို့ အရေးကလွဲပြီး ဘာကိုမှ အလေးဂရု သိပ် မထားဘူး။ ရှင်းရှင်းဝန်ခံရရင် အချစ်ဆိုတာကိုတောင် ကျွန်တော် နားမလည်ဘူး။ လင်မယားအခွင့်အရေးတန်းတူ ဆက်ဆံဖို့လည်း နားမလည်ဘူး။ မယားအကြီးဖြစ်ဖြစ် အငယ်ဖြစ်ဖြစ် ကျွန်သဘောပဲထားတယ်။

ဝင်ယိုုဟာ မွေးကတည်းက မိန်းမဟာ အောက်တန်းကျတယ်လို့ သင်ပြ တဲ့ ပဒေသရာဇ်လူမှုရေး စနစ်ထဲက မိန်းကလေးဖြစ်လို့ အသက်တစ်ဆယ့်လေးနှစ် မပြည့်ခင်ကပဲ နန်းတွင်းမှာ ကိုယ်လုပ်တော်အဆင့်က နေခဲ့ရလို့ အရှင်သခင်လင်ဆိုတဲ့ သဘောကို အကျေအနပ် လက်ခံပြီးသား ဖြစ်နေပါတယ်။ အဲဒီအထဲက ရုန်းထွက်ပြီး ကွာရှင်းလိုတယ်လို့ အခွင့်တောင်းတာဟာ အင်မတန် သတ္တိကောင်းတယ်လို့ ဆိုရ မယ်။ ကွာရှင်းခွင့်ရဖို့ကိုလည်း အခက်အခဲတွေ အများကြီးနဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ပါတယ်။ ရပြီးတော့ ဝိုင်းနှိပ်စက်တာကို ခံရရှာပါသေးတယ်။ ပထမတော့ သူ့အမျိုးတွေက ကွာတဲ့အခါ လျော်ကြေးများများရမှာမြင်လို့ အတင်း တိုက်တွန်းပြီး ကွာခိုင်းကြတာလို့ သိရတယ်။ ဒေါ်လာ ၅၀,၀၀၀ ရတယ်။ ဒါပေမယ့် ရှေ့နေနဲ့ ကြားလူတွေက ဒီအထဲက အတော်များများ နှိုက်ယူလိုက်တယ်။ အမျိုးတွေကိုလည်း သူတို့လိုသလောက် ဝေငှရပြန်တယ်။ ဒီတော့ သူ့မှာ နည်းနည်းပဲ ကျန်မယ်။ ပြီးတော့ စိတ်ဓာတ် ကျဆင်းတဲ့ဘက်ကကြည့်ရင် အဆိုးဝါးဆုံးလို့ပဲ ဆိုရမယ်။ သူ့အစ်ကိုတော် တစ် ယောက်က တီအင်ကျင်သတင်းစာတစ်စောင်မှာ ကြော်ငြာရေးစာတစ်စောင် ထည့်ပြီး

ကျိုန်ိုင်နန်းရိုးပေါ်မှာ ကျေးဇူးသစ္စာ မရှိကောင်းလားလို့ ပြင်းပြင်းထန်ထန် အပြစ်တင်တယ်။

အပြင်ရုံကကြည့်ရင် “ကေရီ”ဝင်ရှန်က အသိုင်းအဝိုင်းနဲ့ ကန်ထုတ်တယ်လို့လည်း ယူစရာရှိတယ်။ ဒါလည်း အကုန်မမှန်ပေမယ့် မှန်သင့်သလောက် မှန်ပါတယ်။

ကွာရှင်းပြီးမှ ဝင်ယှိုအကြောင်း သိပ်မကြားသိပါ။ သိသမျှက မူလတန်း ဆရာမလုပ်နေတယ်။ ၁၉၅၀ပြည့်မှာ သေတယ်။ နောက်ထပ် လင်မယူဘူး။

* * *

အခန်း၆၁

# အရှေ့မြောက်ပိုင်းသို့ မအေးတဲ့ငြိမ်းအေးဥယျာဉ်

ကျန်င်ဥယျာဉ်က ၁၉၂၉ခု ဇူလိုင်လထဲမှာ ကျွန်တော်တို့ ငြိမ်းအေးဥယျာဉ်ကို ပြောင်းကြတယ်။ ဒီနာမည်က မူလနာမည် မဟုတ်ဘူး။ ဇာတ်ပွတ်က ဒီလိုပါ။

မြောက်ကြောင်းချီတပ် အောင်မြင်လာလို့ ကော့မင်တန်င်သြဇာလည်း တရုတ်မြောက်ပိုင်းကို ပေါက်ရောက်လာတယ်။ ကျွန်တော်နဲ့ အဆင်ပြေနေတဲ့ စစ်ဘုရင်တွေလည်း တစ်ယောက်ပြီးတစ်ယောက် ပြုတ်ကုန်တယ်။ ကျွန်တော် အားကိုးတဲ့ အရှေ့မြောက်အရပ်ကလည်း နန်ကင်းက အမျိုးသားအစိုးရသစ္စာခံ ဖြစ်သွားတယ်။ ကျန်င်ဥယျာဉ်မှာနေတဲ့ လူတိုင်း စိတ်ပျက်အားငယ်ဖြစ်ကြတယ်။ ကျွန်တော့် အခြွေအရံထဲက တချို့ ကျန်င်အရာရှိဟောင်းတွေလည်း အလုပ်ခွင်က ထွက်သွားကြတယ်။ ကျန်ရစ်တဲ့ဝန်ကြီးထဲက ကျဲန်င်ယိုဝ်ယှု၊ လောကျဲန်ယုစတဲ့ သုံးလေးဦးပဲ နန်းပြန်ရရေးကို ဆက်ပြောဝံ့တော့တယ်။ တခြားလူတွေ တိုင်ပင်လေ့ရှိတဲ့ စကားကတော့ မင်းသစ်ဖြစ်လာတဲ့ ဂျီအန်ကိုင်ရှီအက်က ကျွန်တော့်ကို ဘယ်လို ဆက်ဆံမလဲ။ ကျွန်တော်ကိုယ်တိုင်လည်း ဒါကို အင်မတန် ကြောင့်ကြစိုးရိမ်ဖြစ်မိတယ်။

ကျွန်တော်တို့ ကြောင့်ကြရတဲ့အချိန်က သိပ်မကြာပါ။ နန်ကင်းကော့မင်တန်င် အစိုးရလက်ထက်မှာလည်း ပီကင်းစစ်ဘုရင်တွေ အုပ်ချုပ်တုန်းကလိုပဲ ပြည်တွင်းစစ် ဆက်ဖြစ်နေတာပဲ။ ကျီအန်ကိုင်ရှီအက် ကြိုးစားဆောင်ရွက်တဲ့ သိုညွတ်စည်းလုံးရေးဆိုတာလဲ အပြောသက်သက်ပဲ။ ဒီလိုဆိုရင် ကျွန်တော်တို့အတွက် မျှော်လင့်ချက် ကျန်သေးတာပေါ့။ တရုတ်တစ်နိုင်ငံလုံးကို ပေါင်းစည်းပေးမယ့်လူဟာ ကျွန်တော်ပဲပေါ့။ အရာရှိဟောင်းတွေက ဒီလိုပြောလာကြပြန်သလို တစ်ပတ်တစ်ကြိမ် လာပြီး လက်ငင်းအခြေအနေကို ဆွေးနွေးတဲ့ ဂျပန်စစ်ဗိုလ်တွေကလည်း ဒီလိုပဲ ယူဆကြသတဲ့။ ဒီတော့ အိမ်သစ်ကို ရွှေ့တဲ့အခါ ကျွန်တော်ကပဲ ငြိမ်းအေးဥယျာဉ်လို့ နာမည်ပေးလိုက်ပါတယ်။ ဒီနေရာက တိတ်ဆိတ်ငြိမ်သက် အေးချမ်းလို့ မဟုတ်ဘူး။

ဒီနေရာမှာ ကုပ်ကုပ်အေးအေး ငြိမ်ဝပ်နေပြီး အခွင့်သာတဲ့အချိန်ကို စောင့်နေမယ်လို့ ဆိုလိုတယ်။

ငြိမ်းအေးဥယျာဉ်မှာ နှစ်နှစ်စောင့်ပြီးတော့ ၁၉၃၁ခု နွေရာသီမှာ သတင်းစကားတွေ ကြားလာပြန်ရော။ စက်တင်ဘာ ၁၈ ရက် အရေးတော်ပုံမကြုံရခင် နှစ်လကျော်က တိုကျိုမှာ ပညာသင်နေတဲ့ ညီပုကျိအယ်ဟာ ကျောင်းပိတ်ရက် တရုတ်နိုင်ငံ ခဏပြန်မယ်လုပ်နေတုန်း မပြင်ခင် သူနဲ့ခဏလာနေပါလို့ တပ်ခွဲမှူး ယောရှိဩကယစုနောရိက ဖိတ်ပါတယ်။ ဒီယောရှိဩကဟာ တီအင်ကျင် ဂျပန်တပ်ရဲ့ ဦးစီးအဖွဲ့ဝင် အရာရှိဖြစ်ခဲ့ဖူးတယ်။ ကျွန်တော့်ဆီ အပတ်စဉ်ဝင်ပြီး အခြေအနေ ဆွေးနွေးတဲ့လူတွေထဲမှာလည်း ပါဖူးတယ်။ မေဂျာ ယောရှိဩကတို့ လင်မယားက ပုကျိအယ်ရောက်သွားတော့ သိပ်ပြီး လောကွတ်ကောင်းကြတယ်။ ပြန်မယ်နှုတ်ဆက်တဲ့အခါမှာ ယောရှိဩကဟာ မျက်နှာပိုးသေသေနဲ့ ပုကျိအယ်ကို နှစ်ယောက်ချင်း ဘေးဖယ်ပြီး ဒီလိုပြောလိုက်ပါတယ်။ တီအင်ကျင် ပြန်ရောက်ရင် နောင်တော်ကြီးကို ဒီစကားပြောပါ။ ကျန်နိုင်ယဲ့လျန်ဟာ အခုတစ်လော သူ့ဂုဏ်နဲ့မလိုက်အောင် အမှားမှား အယွင်းယွင်းတွေ လုပ်နေလို့ မကြာခင် မန်ကျူးလျားမှာ တစ်ခုခုတော့ ဖြစ်တော့မယ်။ ကေရာဇ်ယုအန်တုန်က ဒီလိုအခါမျိုးမှာ နည်းနည်း သတိဝီရိယနဲ့နေရင် မျှော်လင့်စရာ အခြေအနေ ပွင့်လင်းလာနိုင်စရာ ရှိပါတယ်လို့ ဇူလိုင်၁၀ရက်မှာ ပုကျိအယ် ပြန်ရောက်လို့ ဒီစကားကို ကျွန်တော်ကြားပါတယ်။ ဇူလိုင်၂၉ရက်ကျတော့ မြို့စားမိဇုနောကတ္တုကုနီ ကျွန်တော့်ဆီကို အလည်လာတယ်။ ကျွန်တော်လည်း ကျဲန်ိုင်ယိုဝ်ယုနဲ့ ပုကျိအယ်တို့ကိုခေါ်ပြီး အတူဧည့်ခံပါတယ်။ ပထမ ရိုးရိုးအလည်လာတဲ့ပုံနဲ့ ရောက်နေတဲ့ဧည့်သည်ဟာ စကားပြောကြရင်းက အင်မတန် ဆန်းတဲ့လက်ဆောင်တစ်ခု ပေးပါတယ်။ ဂျပန်ယပ်ပေါ်မှာ ဒွေးချိုးတစ်ပုဒ်ပါတယ်။

**ကိုကျိအင်၊ သူ့ဖြစ်အင်ကို သကြားမြင်တော့ ကူလိမ့်မနေး**
**ခုခေတ်ခါ၊ ဖုန်လီလိုလူတစ်ယောက် ပေါ်ပေါက်မှအေး[၁]**

မြို့စားမိဇုနောဟာ ပုကျိအယ်ကို တရုတ်နိုင်ငံ ပြန်မလာမီ သပ်သပ်သွားတွေ့ပြီး ဒွေးချိုးရဲ့သဘောကို ရှင်းပြတယ်။ ပုကျိအယ်က စာနဲ့ရေးပြီး ကျွန်တော့်ကို အစီရင်ခံခဲ့တယ်။ ဂျပန်မှာလည်း တောင်မင်းနဲ့မြောက်မင်း စစ်ဖြစ်ကြဖူးသတဲ့။ ကေရာဇ် ဂေါဒဲဂေါဟာ သူ့လုပ်ပုံ နေရာမကျတာနဲ့ ကမကုရရှောဂုန်ကဖမ်းပြီး ဩကိကို ပို့ထားခံရတယ်။ ဒီလို နေနေရတုန်း စစ်သားတစ်ယောက်က နန်းကျမင်းအရိပ်အမြွက် သိပါစေလို့ ခုနက ဒွေးချိုးကို ချယ်ရီပင်မှာ ထွင်းထားခဲ့သတဲ့။

---

၁။ ကိုကျိအင်ဟာ ယွဲ့နိုင်ငံရဲ့ နွေဦးဆောင်းဦးခေတ်က ဘုရင်ပေါ့။ သူ့ကို အနားနိုင်ငံဖြစ်တဲ့ ဝူက တိုက်ထုတ်လို့ ပြေးနေရတယ်။ နောက် အမတ်ဖုန်လီရဲ့ အစွမ်းနဲ့ ဝူနိုင်ငံကိုဖျက်ပြီး ကိုကျိအင် ဘုရင်ဖြစ်ပြန်တယ်။

တယ်မကြာဘူး ဂျပန် "ကိုကျိအင်"ဟာ "ဖုန်လီ"တွေ ဝိုင်းပြီးကူညီလို့ ရောဂုန်ကိုနိုင်ပြီး ကျုံတိုကို ပြန်လာရတယ်။ အဲဒါ တေမှုနန်းပြန်ရတဲ့ပွဲပါပဲတဲ့။ မြို့စားမိဇုနော ကျွန်တော့်မပြောဘဲ ချန်ထားတဲ့ဓာတ်လမ်းကတော့ ကျုံတိုကို ပြန်ရောက်လာတဲ့ ကေရာဇ်ဂေါဒဲဂေါဟာ သုံးနှစ်ပဲခံတယ်။ အရှိကဂတတပ်ဂျီဆိုတဲ့ စစ်ခေါင်းဆောင်သစ်က နန်းပေါ်က နှင်ချလိုက်ပြန်တယ်။ ကျွန်တော်ကတော့ ကျုံတိုကို ပြန်ရောက်လာတဲ့ ကေရာဇ်ရာဇဝင် အစဉ်အဆက်ကို ဆက်ပြီး မစဉ်းစားပါ။ လောလောဆယ် နန်းပြန်တင်မယ့်သဘောကိုပဲ ဂျပန်တစ်ယောက်ဆီကရလို့ ဒီကိစ္စကို မျှော်လင့်ချက်ပိုထားလာတယ်။ အရှေ့မြောက်မှာ အခက်အခဲတွေ ထပ်တလဲလဲ ပေါ်ပေါက်နေတယ်။ ဒီလိုဖြစ်လေ နန်းတက်ရပြီလို့ ကျွန်တော် ညတိုင်းလိုလို အိပ်မက်လေပါပဲ။ တစ်ယောက်ထဲကဖြစ်ဖြစ် အရာရှိတွေစုပြီးပဲဖြစ်ဖြစ် အရေးအခွင့်သာနေပြီ။ အသင့်ပြင်ပေတော့လို့ နှိုးဆော်တဲ့စာပဲ ဖြစ်ရမယ်လို့ ကျွန်တော် တထစ်ချ တွက်ဆထားပါတယ်။

စက်တင်ဘာလ ၁၀ရက်နေ့မှာ ဂျပန်တပ်တွေက တရုတ်တပ်ကို ရှဲ့နယန်ငိက တိုက်ထုတ်လိုက်တယ်ဆိုတဲ့သတင်းကြောင့် ငြိမ်းအေးဥယျာဉ်ဟာ လျှပ်စစ်ဓာတ်အားအပြည့်သွင်းခံရတဲ့စက်လို လှုပ်ရှားလာပါတယ်။ ကျွန်တော်ကိုယ်တိုင် အရှေ့မြောက်ပိုင်းကို လိုက်သွားချင်တယ်။ ဒါပေမယ့် ဂျပန်ခွင့်ပြုဖို့လိုမယ်။ ရှဲ့နယန်ငိမှာ အခြေမကျသေးခင် ဖွတ်သွားလို့ မဖြစ်နိုင်သေးပါဘူး။ သည်းခံပါဦးလို့ ကျဲနိုင်ယိုဝ်ယှုက •တားတယ်။ ဂျပန်က အနေးနဲ့အမြန်ခေါ်မှာပါ။ ဒီအတွင်း တွေ့သင့်တွေ့ထိုက်တဲ့ လူတွေကို တွေ့ထားပါလို့လည်း ဆက်ပြီး အကြံဉာဏ်ပေးတယ်။ ဒါကြောင့် လျိုယှိအန်ငိယဲ့ကို အရှေ့မြောက်ပိုင်းမှာရှိတဲ့ ဂျပန်အရာရှိကြီးတွေဆီကို လွှတ်လိုက်တယ်။ တွေ့ရမယ့်စာရင်းထဲမှာ (ကောင်မန်ကျူလျား မီးရထားအကြီးအကဲ) ဥချိဒယစုဒနဲ့ (ကွမ်တုန်တပ်မတော်သေနာပတိ) ဟောန္နော ရှိဂေရုတို့ပါတယ်။ ကျွန်တော့်ဘဏ္ဍာစိုးကြီး တုန်ငိကျိုယှုကိုလည်း အရှေ့မြောက်ပိုင်းကိုလွှတ်ပြီး ရှေးကျိန်ငိအရာရှိဟောင်းတွေကို တွေ့ခိုင်းလိုက်တယ်။ ကျွန်တော့် ရုံးရှေ့ထဲက ရှန်ငိယဲန်ယိငိကလည်း သူ့အသိ အရှေ့မြောက်ပိုင်း စစ်ဗိုလ်တွေဆီကို သွားပါရစေလို့ ပြောတယ်။ ဒီသုံးယောက် ခရီးထွက်သွားပြီး မကြာခင် ကျဲနိုင်ယိုဝ်ယှုရဲ့ ဗေဒင် မှန်သွားတယ်။ ဂျပန် ကွမ်တုန်ငိတပ်မတော်က သံအဖွဲ့ ကျွန်တော့်ဆီကို ရောက်လာပါတယ်။

စက်တင်ဘာ ၃၀ ရက်နေ့ နေ့လည်မှာ တီအင်ကျင်တပ် စကားပြန်ယောရှိဒက ငြိမ်းအေးဥယျာဉ်လာပြီး ဂျပန်သေနာပတိဖြစ်တဲ့ ဗိုလ်ချုပ် ကရှိအီယောတေအိက အရေးပါတဲ့ကိစ္စ ဆွေးနွေးလိုလို့ ကေရာဇ်ကို အပင့်လွှတ်လိုက်တယ်လို့ ပြောပါတယ်။ ပျော်ပျော်ကြီး လိုက်သွားမိပါတယ်။ ဗိုလ်ချုပ်က ရှီအီအိမ်ဝက ထွက်ကြိုတယ်။ ဧည့်ခန်းထဲမှာတော့ ရှိရှိသေသေ စောင့်နေတဲ့လူနှစ်ယောက်၊ တရုတ်အင်္ကျီနဲ့ လောကျဲန်ယုရယ် အနောက်တိုင်းဝတ်စုံနဲ့ လူစိမ်းတစ်ယောက်ရယ်။

ဦးညွတ်ပုံကိုကြည့်ပြီး လူစိမ်းဟာ ဂျပန်ဖြစ်ရမယ်လို့ အကဲခတ်မိတယ်။ ပြီးမှ ဗိုလ်ချုပ်ကရှိအိက အဲဒီလူနဲ့ မိတ်ဆက်ပေးပါတယ်။ ကွမ်တုန်င်တပ်မတော် ဦးစီးအဖွဲ့ ဗိုလ်မှူးကြီး အီတဂတိက လွှတ်လိုက်တဲ့ ကအေအိစုမိကောရှိအိချိလို့ ခေါ်ပါတယ်။ အဲဒီလို မိတ်ဆက်ပေးပြီး ဗိုလ်ချုပ်ကရှိအိ ထွက်သွားပါတယ်။

အခန်းထဲမှာ ကျွန်တော်တို့သုံးယောက်ပဲ ရှိပါတယ်။ လောကျဲန်ယုက ကျွန်တော့်ကို နှုတ်ဆက်ပြီး ကျွန်တော်နဲ့ သားချင်း အနည်းအပါး တော်စပ်တဲ့ ယိုယှာဆီက စာပါတယ်ပြောပြီး စာအိတ်ကြီးကြီးတစ်လုံးကို ထုတ်လိုက်ပါတယ်။ ဒီ ယိုယှာဆိုတာ အရှေ့မြောက်ပိုင်း ပြည်သူ့လုံခြုံရေးအဖွဲ့ ဒုတိယအကြီးအကဲ ကျုန်ကျော့ယိုအန်င်ရဲ့ ဦးစီးချုပ်အရာရှိဖြစ်တယ်။ ကျုန်ကျော့ယိုအန်င်ဟာ ကိရိန်တိုင်းရဲ့ သဘာပတိလည်းဖြစ်လို့ သူမရှိတုန်း အခွင့်အရေးယူပြီး ယိုယှာက ဂျပန်တပ်တွေ ချီတက်လာရင် ကိရိန်မြို့တံခါးတွေကို အမိန့်ထုတ်ထားလို့ ဂျပန်ဟာ သေနတ်တစ်ချက် မဖောက်ရဘဲနဲ့ ကိရိန်ကို ရလိုက်ပါတယ်။ စာထဲမှာ သူက (၁၉၁၁ တော်လှန်ရေးအချိန်ကစပြီး) အနှစ်နှစ်ဆယ် စောင့်ခဲ့ရတဲ့ အခွင့်အရေးကြီးဟာ နောက်ဆုံး အခုမှ ပေါ်ပေါက်လာတော့တယ်။ ဒီလို စောင့်ရတဲ့ အခွင့်အရေးကို အလွတ်မခံဘဲ ကျွန်တော်က "ရှေးဘေးဘိုးတွေရဲ့ အောင်မြေ"ကို ချက်ချင်းလိုက်လာပြီး စီမံ ကွပ်ကဲပါလို တောင်းပန်ထားတယ်။ သူကဆက်ပြီး ဂျပန်အကူအညီနဲ့ ကျွန်တော်ဟာ အလွယ်တကူ အရှေ့မြောက်ပိုင်းကို သိမ်းယူပြီးမှ တစ်နိုင်ငံလုံး စည်းရုံးဖို့ ဆက်လက် စဉ်းစားသင့်ပါတယ်တဲ့။ ကျွန်တော် ရှဲန်ယန်င်ကို ဆိုက်ရောက်လာရင် ကိရိန်က ချက်ချင်း ကျွန်တော့်ကို ဧကရာဇ်အဖြစ် ပြန်တင်လိုက်ပြီလို့ ကြေညာမယ်တဲ့။

ကျွန်တော်က စာဖတ်အပြီးမှာ လောကျဲန်ယုက စာပါအရေးကြီးတဲ့အချက်ကို ပြန်ပြောနေသေးတယ်။ အဲဒီအထဲမှာ အရှည်အဝေး သူဘယ်လို ကြိုးစားလိုက်ရတယ်ဆိုတာလည်း ထည့်ပြောသေးတယ်။ ပြီးတော့ "ကိုယ်ကျိုးမငဲ့ဘဲ ကူညီတဲ့" ကွမ်တုန်င်တပ်မတော်ကြောင်းလည်းပါတယ်။ သူ့အဆိုက ရက်ပိုင်းအတွင်း အရှေ့မြောက်ပိုင်းမှာ "နန်းတင်"နိုင်ဖို့ "ကျေးတော်မျိုးကျွန်တော်မျိုးတွေ"ဟာ ကျွန်တော်ရောက်လာမယ့်အချိန်ကို စောင့်နေကြပါတယ်။ ကွမ်တုန်င်တပ်မတော်ကလည်း နန်းတင်ဖို့ သဘောတူပြီးဖြစ်လို့ ကအေအိစုမိကို အခုလွှတ်လိုက်တာပါပဲတဲ့။ အားလုံးအသင့်ရှိနေပြီဆိုပဲ။ ကျွန်တော်လာမယ်ဆိုရင် ဂျပန်ရေတပ်သင်္ဘောတစ်စင်းက တလီအင် အရောက်ပို့ပေးပါလိမ့်မယ်။ သူ့ကြည့်ရတာ သိပ်သတင်းကြီးကျယ်လွန်းလို့ သိပ်ပြီး တုန်လှုပ်ချောက်ချားနေတယ်။ မျက်နှာလည်း နီလို့၊ မျက်လုံးလည်း ပြူးလို့။

ကျွန်တော့်စိတ်ထဲက ဟုတ်မှဟုတ်ရဲ့လားဆိုတဲ့ မတင်မကျအတွေးနဲ့ လောကျဲန်ယုကို ကြည့်လိုက် ကအေအိစုမိကို ကြည့်လိုက်နဲ့ ကျွန်တော်လည်း

ဂဏ္ဍာမငြိမ် ဖြစ်မိတယ်။ အရင့်အရင်က လောကို ဒီလိုမတွေ့ရဖူးဘူးဆိုတာ သေချာတယ်။ အခု စကားပြောနေတာဟာ ဂျပန်တပ်တန်းလျားမှာဖြစ်ပြီး သူနဲ့အတူ ကွမ်တုန်တပ်မတော်ရဲ့ ကိုယ်စားလှယ်တစ်ယောက်လည်း အနားမှာ ရှိနေတယ် မဟုတ်လား။ ပြီးတော့ ယှီယှာရဲ့စာလည်း ပါသေးတယ်။ ဒါ့အပြင် မနေ့က တလီအင်သတင်းစာတစ်စောင်ထဲမှာ ရှန်ယိန်မှာ လူတိုင်းအရင်ကျိန်ကေရာဇ်ကို ကြိုဆိုဖို့ ပြင်ဆင်နေကြပြီလို့ ကျွန်တော် ဖတ်ထားရပါတယ်။ တိအင်ကျင် သတင်း စာတွေထဲမှာတော့ အရှေ့မြောက်မှာ တရုတ်တပ်တွေ တိုက်ပေးနေရတဲ့ သတင်းရယ်၊ နိုင်ငံပေါင်းချုပ်အသင်းမှာ ဂျပန်ကိုအင်္ဂလိပ်က အကာအကွယ် ပေးနေပုံရယ် ဖတ် ရပါတယ်။

ကျွန်တော်က စဉ်းစားပြီးမှ အဖြေပေးပါရစေလို့ လောနဲ့ ကအေအိစုမိကို ပြောခဲ့တယ်။ ဗိုလ်ချုပ်ကြီးတရှီအိက ပြန်ပေါ်လာပြီး တိအင်ကျင်မှာ ဆက်နေလို့ မကောင်းဘူး။ အန္တရာယ်ရှိနိုင်တယ်။ ဒါ့ကြောင့် ဗိုလ်မှူးကြီး အိတကတိ ပေးတဲ့အကြံ အတိုင်း အရှေ့မြောက်ကိုသွားဖို့ တိုက်တွန်းတယ်။ ကျွန်တော် ကားနဲ့ပြန်လာရင်း စဉ်းစားလေလေ သူပြောတာ မှန်တယ်လို့ တွေးမိလေလေဖြစ်တယ်။ မသက်သာတဲ့စိတ် လည်း ကင်းသွားတယ်။ ဒါပေမယ့် ငြိမ်းအေးဥယျာဉ်ပြန်ရောက်တော့ သူတို့မွေး လိုက်တဲ့မီးဟာ ရေလောင်းခံရပြန်တယ်။

ပထမဆုံး အကြောင်းပြပြီး ကန့်ကွက်သူက ကျဲန်ပဝ်ရှဲ့န်ပါပဲ။ သူ့ကို ယှူဇီယွန်နဲ့ ဝန်ရုန့် ဆရာကျဲန်ကျန်ရှီတို့ကလည်း ထောက်ခံတယ်။ သူတို့သဘောက ခါတိုင်းလိုပဲ လောကျဲန်ယုဟာ မဆင်မခြင် လုပ်ပြန်ပြီ။ ဗိုလ်မှူးကြီးတစ်ယောက်က လွှတ်လိုက်တဲ့ ကိုယ်စားလှယ်လောက်ကို သိပ်ပြီး လေးလေးနက်နက် သဘောထား လို့ မဖြစ်ဘူး။ အရှေ့မြောက်မှာဖြစ်နေတဲ့ အခြေအနေ၊ နိုင်ငံတကာရဲ့ သဘောထား၊ ပြည်သူလူထုရဲ့ဆန္ဒ အဲဒါတွေကို ပြတ်သားအောင် မသိရသေးဘူးမဟုတ်လား။ ဆုံးဖြတ်ချက်မချခင် ကိုယ်လွှတ်ထားတဲ့ ကိုယ်စားလှယ်လျိုယိုအန်င်ယဲ့ ပြန်လာပါစေ လား။ ဒီလို စိတ်ပျက်စရာ အကြံဉာဏ်ကို ကျွန်တော် ခေါင်းခါလိုက်တယ်။ ယှီယှာရဲ့စာကို လွှင့်ပစ်ရမလားလို့ ကျွန်တော်က မာန်လိုက်ရင် အသက်ရှစ်ဆယ့် လေးနှစ်ရှိတဲ့ ကျဲန်ပဝ်ရှဲ့န်ဟာ သိသိသာသာ တုန်လှုပ်သွားတယ်။ ဒါပေမယ့် ခပ်ဆိုင်းဆိုင်းလုပ်ပြီး ဝမ်းနည်းသံကြီးနဲ့ ကျွန်တော်မျိုးကြီးက ရှေးစနစ်ကို အမြဲတမ်း တမ်းတနေတဲ့လူတွေပါဘုရား။ ကောင်းကင်ဘုံကလည်း လိုက်ရောက်မှာပါပဲ။ ဒါပေမယ့် အခုလို ရှုပ်ထွေးနေတဲ့အခါမှာ ကိုယ်က အလျှင်စလိုလုပ်မိရင် နောင်ပြန် မနှုတ်နိုင်အောင် ဒုက္ခထဲ ကျွံမသွားစေနဲ့ဆိုတဲ့ဆန္ဒပဲ ရှိပါတယ်ဘုရားလို့ ပြောတယ်။

ဒီအဘိုးကြီးတွေ သဘောပေါက်အောင် ပြောလို့ရမယ် မထင်တာနဲ့ ကျဲန်ငယ်ယိုရ်ယုကို ချက်ချင်းသွားခေါ်လို့ ခိုင်းလိုက်တယ်။ ကျိန်င်ဟာ အသက်ခုနစ်ဆယ့် တစ်နှစ် ဆိုပေမယ့် အများကြီး သွက်လက်သေးတယ်။ ကွမ်တုန်တပ်မတော်က

ဖိတ်တယ်။ ယိုယာကလည်း စာနဲ့ တောင်းပန်တယ်ဆိုတာ သူသိရင် သိပ်ဝမ်းသာမှာပဲလို့ မျှော်လင့်တယ်။ သူကလည်း ထူးမခြားနားပဲ။ ကံကြမ္မာအတိုးအဆုတ်တွေ ကြုံရပြီးလို့ ရောင်နီသစ်တော့ ထွက်ပြူစပြုတာမှန်ပါတယ်။ မန်ကျူရိုးများမှာပဲ နန်းပြန်တင်ပွဲလုပ်ရဖို့ သေချာပါတယ်။ ကိုယ်တော်ကြီးကို ဂျပန်က ၊လိုလားဘူးဆိုတောင် မရတဲ့အခြေအနေ ကို ရောက်လာမယ်။ ပြီးတော့ စကားဂ ့ နည်းနည်းဆိုင်းထားပြီးမှာ ဒါပေမယ့် တုန်င်ကျိုယှ ပြန်ရောက်တဲ့အထိ ကိုယ်တော်ကြီး ဆိုင်းရင် အန္တ ရာယ် ပိုပြီးကင်းမယ်လို့ ထင်တယ်တဲ့။

## ဂျပန်အချင်းချင်းလည်း သဘောကွဲ

ငြိမ်းအေးဥယျာဉ်မှာ ငြင်းကြတုန်း၊ တီအင်ကျင်က လက်ထောက် ကောင်စစ်ဝန် နောက်တစ်နေ့ရောက်လာတယ်။ ဂျပန်တပ်တွင်းကို ကျွန်တော် ရောက်သွားတာ သူတို့သိသတဲ့။ ကျွန်တော့်စိတ်၊ ကျွန်တော့်အခြေအနေကို သူတို့နားလည်ပါတယ်။ ဒါပေမယ့် နည်းနည်း ဆင်ဆင်ခြင်ခြင်လုပ်ရင် မမှားဘူးပေါ့။ အခုနေ တီအင်ကျင်က ထွက်မသွားနဲ့ဦး။ ကျွန်တော့်လုံခြုံရေးကို သူတို့က တာဝန်ယူထားပြီးဖြစ်လို့ ဒါလောက်တော့ သတိပေးဖို့ အခွင့်အရေးရှိမှာပဲ ထင်တယ်တဲ့။

ဒီနောက် နေ့တိုင်း ဒုတိယကောင်စစ်ဝန်ဟာ လူကိုယ်တိုင်လာပြီး အလျင်စလို မလုပ်ဖို့ပြောတဲ့အခါ ပြောတယ်။ ကျဲန်ပဝ်ရှဲ့န်က တစ်ဆင့်မှာတဲ့အခါ မှာတယ်။ ကျဲန်ပဝ်ရှဲန်ရဲ့တူကို အပြောလွှတ်တဲ့အခါ လွှတ်တယ်။ ကျဲန်င ယှိဝ်ယှု သားအဖကို ခိုင်းတဲ့အခါ ခိုင်းတယ်။ ဂျပန်တပ်က စကားပြန် ယောရှိဒကတော့ ဂျပန်စစ်ဖက်က နန်းပြန်တင်ဖို့ သဘောကျပြီးသားပဲ။ အရှေ့မြောက်ကို ထွက်ချီတော်မူပါတဲ့။

ဂျပန်စစ်တပ်နဲ့ အစိုးရအပေါ် ကျွန်တော့်သဘောသားဟာ ကျဲန်ငပဝ်ရှဲ့န် သဘောထားနဲ့ မတူပါဘူး။ သူ့အလိုက နယ်ဖက်အုပ်ချုပ်ရေးဟာ သဘာဝအတိုင်း အရင်းခံဖြစ်တယ်။ ဒီတော့ စစ်ဖက်က ဘာပြောပြော တိုကျိုက ညွှန်ကြားချက် မရရင် ဘာမှမလုပ်နဲ့တဲ့။ ဒီအယူအဆကို ကျွန်တော်မကြိုက်ပါ။ ကျွန်တော့်ဘဝဟာ နိုင်ငံရေးသမား လက်ထဲမှာမရှိဘူး။ စစ်သားလက်ထဲကို ရောက်နေတယ်။ "တရုတ်ဂျပန်သဘောကွဲလွဲချက်"ကို အနုနည်းနဲ့ ဖြေရှင်းပါ့မယ်လို့ ကမ္ဘာကို ကြေညာနေတဲ့ ကြားကပဲ ကွမ်တုန်တပ်က ဆုတ်နေတဲ့ တရုတ်တပ်တွေကို ဖိလိုက်နေတာ အထင်အရှားပဲ။ အမျိုးသားပိုင်နယ်မြေကို ဖွဲ့ဖွဲ့ပေးရင်း ကန့်ကွက်စကားကိုတော့ အသံတစ်ဆုံး ဟစ်နေတဲ့ ကျီအန်ငင်ကိုင်ရှိအက်နဲ့ ဝေါင်ကျိုန်ငဝေတို့ ညာနေမှန်းတော့ ကျွန်တော်သိတယ်။ ဘာပြုလို့ ညာသလဲသာ မပြောတတ်တယ်။ ဒါပေမယ့် အခု အခြေအနေမှာ ဂျပန်စစ်သားဟာ အခရာပဲလို့တော့ ကျွန်တော် နားလည်ပါတယ်။ ဂျပန်တပ်ကို ကျွန်တော်ရောက်ခဲ့ပြီး မကြာခင်ပဲ တီအင်ကျင်မှာရှိတဲ့ အင်္ဂလိပ်တပ်

သေနာပတိ ဗိုလ်မှူးချုပ် အက်ဖ်အိချ်ဗာနယ်နရင့် ကျွန်တော့်ဆီလာပြီး စက်တင်ဘာ ၁၈ ရက် အရေးတော်ပုံကြောင့် ကျွန်တော့်အခွင့်အရေး ကောင်းလာလို့ ဝမ်းသာတယ်တဲ့။ မန်ကျူလျား ရာဇပလ္လင်မှာ ကျွန်တော် မြဲမြဲထိုင်ပြီးရင် ကျွန်တော့် နဂါးအလံတော် အောက်မှာ သူစစ်သားတစ်ယောက်အနေနဲ့ အမှုထမ်းခွင့်ရရင် ဂုဏ်ယူမှာပဲလို့ ပြော သေးတယ်။ ဒီနောက်မကြာခင် အင်္ဂလိပ်နိုင်ငံခြားရေးကိစ္စနဲ့ တရုတ်နိုင်ငံကို ခဏ ရောက်လာတဲ့ ဂျွန်စတန်ဟာ ကျွန်တော့်ဆီရောက်အောင် ဝင်လာသေးတယ်။ သူ လည်း ရွှင်လို့။ သူ့စာအုပ် လူဝင်ခက်နန်းမြို့ နေဝင်ချိန်မှာ ကျွန်တော်ကိုယ်တိုင် အမှာစကားရေးပေးပါတဲ့။ "နဂါးအိမ်ပြန်"ဆိုတဲ့ နိဂုံးချုပ်အခန်းတစ်ခန်း ထပ်တိုးပြီး ရေးမယ်တဲ့။

အရှေ့မြောက်က လျှို့ယှီအနိုင်ယဲ့နဲ့ တုနိုင်ကျိတို့ ပြန်ရောက်လာလို့ ယူ လာတဲ့သတင်းဟာလည်း မဆိုးပါဘူး။ တုနိုင်ကျိယူက အရင်ရောက်တယ်။ ရှဲန် ယန်မှာ သူတွေ့သမျှ ကျိုနိုင်အရာရှိဟောင်းတွေဟာ အခါတော်ရောက်ပြီ မဆိုင်းနဲ့ လို့ ယူဆကြတယ်တဲ့။ လျှို့ယှိအနိုင်ယဲ့ရောက်လာတော့ သူနဲ့ ဥချိဒရော ဟောန္တော ပါမတွေ့ခဲ့ရဘူး။ ဒါပေမယ့် ကွမ်တုနိုင်စစ်ဦးစီးအရာရှိ ဗိုလ်မှူးကြီး အီတဂကီနဲ့ တွေ့ခဲ့တယ်။ ကျိုနိုင် အရာရှိဟောင်း ကျိုန်လျန်နဲ့လည်း တွေ့ခဲ့တယ်။ သူတို့ပြောစကားနဲ့ လောကျဲန်ယုရယ် ကအေအိစုတိ ပြောစကားရယ် တူတယ်။ ကျိန်လျန်က သိပ်မြူး နေတယ်။ ဖဲ့န်တီအင်မှာ အားလုံးအသင့်။ ကိုယ်တော်ကြီး ရောက်လာမယ့်အချိန်ကိုပဲ စောင့်စားနေကြပါသတဲ့။ တိရိန်ကို ရောက်ခဲ့သေးတယ်။ ဂျပန်တပ်ဟာ တစ်နယ်လုံး အုပ်စီးထားပြီး ယှီယှာနဲ့ အပေါင်းပါတွေဟာလည်း နန်းတင်ပွဲလုပ်ဖို့ စောင့်စားနေ ကြတာပါပဲတဲ့။

ဒီအတောအတွင်း နောက်ထပ် ကောလာဟလတွေကြောင့် လှုပ်ရှားသွား လာဖို့ ကျွန်တော် ထွန့်ထွန့်လူး ဖြစ်ပြန်တယ်။ တီအင်ကျင် သတင်းစာဆရာတွေဟာ သတင်းအနံ့ခံ အင်မတန်ကောင်းတယ်။ ကျွန်တော်ဂျပန်စစ်တပ်ထဲ သွားလိုက်တာကို ဘယ်မကြာဘူး သူတို့အားလုံး သိနေပြီ။ တချို့ သတင်းစာက ကျွန်တော်အရှေ့မြောက် ကို သင်္ဘောနဲ့ ထွက်သွားပြီလို့တောင် ရေးနေတယ်။ တီအင်ကျင်မှာ ဆက်နေလို့ မဖြစ်တော့ဘူးလို့ပဲ ကျွန်တော်စိတ်ထဲမှာ ပိုပိုပြီး ထင်မြင်လာတယ်။

ကျဲန်ယှိဝ်ယုရဲ့လား ကျဲနိုင်ကျွေကို ဂျပန်ကောင်စစ်ဝန်ချုပ်ဆီ သွားပြီး ရှဲန်ယန်ဆိုသွားဖို့ အချိန်မကျသေးဘူးဆိုရင် အစအနေနဲ့ လူရှန်ကိုသွားရင် ဘာမှ မဖြစ်နိုင်ပါဘူး။ ဟိုမှာ သာပြီး လုံခြုံဦးမယ် ထင်တယ်လို့ သွားအပြောခိုင်းလိုက်တယ်။ ကောင်စစ်ဝန်က ချက်ချင်း စကားပြန်လိုက်ပုံက လူရှန်ကို သွားဖို့မလိုတဲ့အပြင် အခုရက်မှာ ရွှေ့ပြောင်းသွားလာဖို့ ဥချိဒယစုဒက လုံးဝ သဘောမတူပါတဲ့။ ဥချိဒ ဆိုတာ နိုင်ငံရေးအတွေ့အကြုံများတဲ့ စစ်သားဟောင်းဖြစ်လို့ စစ်တပ်ကလည်း အင်မတန် လေးစားတယ်။ သူ့သဘောက ဘာလုပ်လုပ် ခပ်ဖြည်းဖြည်းပဲ လုပ်စေချင်

သေးတယ်။ ကျွန်တော့်လုံခြုံရေးကိုတော့ ဘာမှမပူနဲ့ သူလုံးဝ တာဝန်ယူပါ့မယ်လို့ ဆိုတယ်။ ပြီးတော့ အစောင့်တပ်သေနာပတိ ဗိုလ်ချုပ်ကရှီအိနဲ့ သူစကားပြောကြည့်ပါဦးမယ်လို့ ကောင်စစ်ဝန်က အဆုံးသတ်ပြောပါတယ်။ နောက်တစ်နေ့ ဒုတိယ ကောင်စစ်ဝန်လာပြီး ကျဲန်င်ကျွေကို ဘယ်လိုပြောသွားသလဲဆိုတော့ ကောင်စစ်ဝန်နဲ့ ဗိုလ်ချုပ်တွေ့ပြီးပါပြီ။ ဘယ်သူကမှ ကျွန်တော့်ကို ချက်ချင်း တိအင်ကျင်ကို မသွားစေချင်သေးဘူးတဲ့။

ဒီသတင်းကြောင့် ကျွန်တော်လည်း အူလည်လည်ဖြစ်သွားတယ်။ စစ်တပ်စကားပြန်ကိုခေါ်ပြီး ရှင်းပါဦးခိုင်းရတယ်။ သူပြောလို့ ကျွန်တော့် တအံ့တသြကြားရတာက ကောင်စစ်ဝန်ချုပ်နဲ့ ဗိုလ်ချုပ် ဘယ်တုန်းကမှ မတွေ့ဘူးတဲ့။ ပြီးတော့ ဗိုလ်ချုပ် ကရှီအိက ကျွန်တော့်ကို ကအေအိစုမိနဲ့အတူ ချက်ချင်း ထွက်ခွာစေချင်ပြီတဲ့။ စစ်တပ်အာဏာပိုင်ဆီကို ကျွန်တော်က ထွက်ခွာသွားလိုပြီလို့ စာတစ်စောင် ရှင်းရှင်းရေးလိုက်စမ်းပါလို့ တိုက်တွန်းတယ်။ ကျွန်တော်လည်းရေးတယ်။ ဒါကို ဘယ်နည်းနဲ့ ကောင်စစ်ဝန်ချုပ်ဆီ သွားတယ် မပြောတတ်ဘူး။ ကျဲန်ပဝ်ရှဲ့န်နဲ့ ကျဲန်င်ယှိဝ်ယှုတို့ဆီကို ချက်ချင်းလာပြီး စာရေးတယ်ဆိုတာ ဟုတ်သလား။ မရေးဘဲနဲ့ အရေးလုပ်ပြီး ပြောနေကြတာလားလို့ သိရအောင် စစ်ဆေးတယ်။

ဂျပန်အုပ်ချုပ်ရေးဖက်နဲ့စစ်ဖက် မတည့်တာကိုသိရလို့ ကျွန်တော် အားကြီး စိတ်ဆင်းရဲရတယ်။ ကြားထဲက ဘာမှလည်း ဝင်လုပ်မပေးတတ်ဘူး။ အရှေ့မြောက်ကို တစ်ကြိမ်ထပ်သွားတဲ့ လျှိုယှိအန်င်ယဲ့ဆီက စာတစ်စောင်လာတယ်။ ကွမ်တုန်င်တပ်ရဲ့ သေနာပတိ ဟောနောရဲ့သဘောထားကို အတိအကျသိရပြီ။ အရှေ့မြောက်မှာ ပါဝင်တဲ့ တိုင်းသုံးတိုင်းစလုံးကို ပိုင်ပိုင်ကြီး အုပ်စိးပြီး အခြေတကျ ဖြစ်သွားပြီဆိုမှ လာခဲ့ပါတဲ့။ ဒီဆုံးဖြတ်ချက်ဟာ ကျွန်တော့်ကံကြမ္မာကို နောက်ဆုံး ဆုံးဖြတ်ပေးမယ့်လူဆီကဖြစ်လို့ ကျွန်တော် မငြင်းနိုင်။ ထိုင်ပြီးစောင့်ဖို့ပဲ ရှိပါတယ်။ တိအင်ကျင်မှာ ကောင်စစ်ဝန်နဲ့ စစ်ဗိုလ် သဘောကွဲလွဲတာအပြင် တွမ်ကုန်င်တပ်ထဲမှာလဲ အားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း မဟုတ်ကြဘူးလို့ သိရပြန်တယ်။

လောကျဲန်င်ယုနဲ့ ကအေအိစုမိကို အခုအတိုင်းဆိုရင် မသွားသေးဘူးလို့ စကားပြန်ထားပြီး တစ်နေ့ကို တစ်နှစ်လောက် ကြာတယ်ထင်ပြီး ထိုင်စောင့်နေရတယ်။ ဒီအတွင်း "ဧကရာဇ်အမိန့်တော်ပြန်တမ်း"တွေ ထုတ်တယ်။ ကျွန်တော် ယှိအင့်ယွန်နဲ့ ယှိအင့်ကျီကို မောင်ဂိုမင်းသားတွေ သိမ်းသွင်းဖို့ အရှေ့မြောက်ကို လွှတ်လိုက်တယ်။ ကျန်င်ယိုင်ပဲန်င်နဲ့ ကိုဝေမှုတို့က ဂျပန်တပ်ထက်သိမ်းတာကို ပထမဆုံး အညှံခံတဲ့ လူတွေဖြစ်လို့ ကျွန်တော်က ကျောက်စိမ်းဆုတွေ ပေးတယ်ဆိုပြီး လက်ဆောင်ပါးလိုက်သေးတယ်။ ဂျပန်အရာရှိတစ်ယောက်က တောင်းပန်လို့ ခုခံနေသေးတဲ့ မကျန်ရှန်နဲ့ တခြားမျိုးချစ် မောင်ဂိုမင်းသားတွေကို လက်နက်ချသင့်တယ်လို့ အကြံပေးစာတွေ ရေးပို့တယ်။ ဧကရာဇ် အာဏာရပြီးရင် ဘယ်လိုရာထူးတွေမှာ ဘယ်သူတွေ

ခန့်မယ်ဆိုတဲ့ စာရင်းလည်း လုပ်ထားပြီး နာမည်နေရာ ကွက်လပ်ထားပြီး ရာထူးခန့် ပြန်တမ်းတွေလည်း အသင့်ရေးထားခိုင်းပါတယ်။

ဒီအချိန်တုန်းက ဒါတွေကို ကျဲန်င်ယိုဝ်ယုနဲ့ တိုင်ပင်လုပ်တာများတယ်။ ဘာပြုလို့လဲဆိုတော့ သူကလည်း အရင်ကလောက် ချီတုံချတုံ မဖြစ်ဘူး။ ကျွန်တော့်ညီရဲ့ ဂျပန်ဆရာကိုလည်း ဂျပန်ပြန်ပြီး စစ်ဝန်ကြီးသစ် မိနမိဂျိရောရယ် နဂါးနက်ဂိုဏ်းခေါင်းဆောင် ကောယမမိတ္စုရုရယ် အဆက်အသွယ်ရအောင်လုပ်ပါလို့ တာဝန်ပေးလိုက်တယ်။ ကျဲန်င်ယိုဝ်ယုက သူတို့ဆီ စာရေးဖို့ အကြမ်းစီကုံးပေးတာကို ကျွန်တော်က အချောကူးပြီး စာတစ်စောင်စီ ပေးလိုက်ပါသေးတယ်။ နောက် အရှေ့ဖျားအတွက် နိုင်ငံတကာ စစ်ခုံရုံးမှာမေးတော့ ဒီစာတွေ ကျွန်တော် မရေးဘူးလို့ ငြင်းခဲ့ပါတယ်။ နောက် သတင်းသုံးပတ်ကြာတော့ တွမ်ကုနိုင်တပ်စစ်ဦးစီးအရာရှိ ဒေါအီဟာရနဲ့တွေ့ရတယ်။ ကျွန်တော် အရှေ့မြောက်ကို သွားတော့မယ်လို့ အပြီးသတ်ဆုံးဖြတ်လိုက်ပါပြီ။

## ဒေါအီဟာရနဲ့တွေ့

အရှေ့ဖျားအတွက် နိုင်ငံတကာစစ်ခုံရုံးမှာတင်ပြီး စစ်ဆေးစီရင်တဲ့ စစ်ရာဇဝတ်ကောင် နှစ်ဆယ့်ငါးယောက်မှာ အဆိုးဆုံးလို့ စစ်ဆေးတွေ့ရှိရတဲ့ နှစ်ယောက်ကတော့ ဒေါအီဟာရနဲ့ အီတာကတိပါပဲ။ သူတို့နှစ်ယောက်စလုံး အစွပ်စွဲခံရတဲ့ အမှုတွေက ခပ်လွယ်လွယ်ပြောတော့ အတူတူပဲ။ "ငြိမ်းချမ်းရေးကို ဖျက်တဲ့ပြစ်မှု" ခုံတစ်ခုထဲမှာ အကျုံးဝင်တဲ့အပြင် "တွေးတောကြံဆပြီး တီထွင် လုပ်ဆောင်တဲ့ စစ်အတွင်း ရက်စက်ကြမ်းကြုတ်မှုနဲ့ လူသားလူ့ဓာတ်ကို ဖိစီးနှိပ်စက်တဲ့ပြစ်မှုတွေ" ထဲက အဆိုးဆုံးဖြစ်တဲ့ "စာချုပ်ချိုးဖောက်ဖို့ ခွင့်ပြုအမိန့်ပေး"တာကိုလည်း ကျူးလွန်ကြတယ်ဆိုပြီး နှစ်ယောက်စလုံးကို ၁၉၄၈ခုက ကြိုးပေးလိုက်တယ်။

ဒေါအီဟာရဟာ တရုတ်နိုင်ငံမှာ လာပြီး ချုပ်ချယ်ဖိစီး နှိပ်စက်ရင်း ကြီးပွားတိုးတက်တဲ့ ဂျပန်စစ်သားတစ်ယောက်ပေါ့။ ပထမဆုံး တရုတ်မြေပေါ်ကို ၁၉၁၃ခုနှစ်က ရောက်ခဲ့တယ်။ အရှေ့မြောက် စစ်ဘုရင်တစ်ဦးကို အကြံပေးလုပ်တဲ့ ကွမ်တုန်တပ်ဗိုလ်ဆီမှာ သူက ဆယ်နှစ်ကျော် တပ်ထောက်မှူး လုပ်ခဲ့ဖူးတယ်။ ဒါကြောင့် ကျန်င်ကျော့လင်နဲ့ ရင်းနှီးဆက်ဆံဖူးတယ်။ နောက် ကွမ်တုန်တပ်က ကျန်င်ကို လက်စဖျောက် ဖျက်ဆီးသုတ်သင်ဖို့ ၁၉၂၈ခုမှာ ဆုံးဖြတ်တော့ ဒေါအီဟာရလည်း ဒီလုပ်ကြံမှုထဲ ပါခဲ့တယ်။ ဒီနောက်မကြာဘူး။ သူ့ကို ဗိုလ်မှူးကြီးရာထူး ဘိုးမြှင့်ပေးတာ ခံရတယ်။ ရှဲန်ထန်င်ဒေသ သူလျှိုလုပ်ငန်း အကြီးအကဲဖြစ်လာဘယ်။ ၁၉၃၁က ၁၉၃၅ထိ ဂျပန်တွေ တရုတ်မြေပေါ်မှာ လုပ်သမျှ မကောင်းမှုမှာ သူပါတယ်။ အဓိကရုဏ်းတွေ ဖြစ်အောင်လှုံ့ဆော်တယ်။ ဒေသအလိုက် သြဇာခံကို

လူမိုက်ရွေးချယ်ပြီး လက်သပ်မွေးတယ်။ လုပ်ကြံမှုတွေ ပစ်ခတ်မှုတိုက်ပွဲဖြစ်အောင် ဖန်တီးခဲ့တယ်။

တပ်ခွဲမှူး ခဏဖြစ်ပြီးတော့ ကွမ်တုန်င်တပ်မရဲ့ သူလျှိုလုပ်ငန်းကြီးကို ဦးစီးရတယ်။ ၁၉၃၇ခု၊ ဇူလိုင် ၇ ရက် အရေးတော်ပြီးတဲ့အခါ ပုန်းလျှိုးကွယ်လျှိုး လုပ်ရတဲ့ အလုပ်ကနေပြီး ပြောင်ပြောင်တင်းတင်း စစ်မှုထမ်းရတဲ့ တပ်မ သေနာပတိ ဖြစ်ပြီး တရုတ်နဲ့အရှေ့တောင်အာရှမှာရှိတဲ့ ဂျပန်တပ်တွေကို အုပ်ချုပ်ရတဲ့အထိ တိုးမြှင့်သွားပါတယ်။

သူနဲ့ပတ်သက်ပြီး အံ့သြစရာ စွန့်စားဆောင်ရွက်ပုံတွေ ပြောကြလွန်းလို့ အနောက်တိုင်းသတင်းစာတွေက သူ့ကို "အရှေ့ဘက်လောရင့်"လို့ တင်စားပြီး ခေါ်တယ်။ တရုတ်သတင်းစာတွေက သူဟာ တရုတ်လို ဝတ်လေ့ရှိပြီး တရုတ်စကား အများကြီးကို သွက်သွက် ပြောနိုင်တယ်လို့ ရေးကြတယ်။ ကျွန်တော့်အထင်ကတော့ ကျွန်တော် အရှေ့မြောက်လာအောင် သူသွေးဆောင်တာမျိုးကိုကြည့်ပြီး အကဲခတ်ရရင် သူ့အစွမ်းဟာ လောရင့်ရဲ့ ကျွမ်းကျင်ထက်မြက်ပုံမျိုးထက် ဖဲသမားလူလိမ်လို မျက်နှာပြောင်ပြောင်နဲ့ မဟုတ်ကိုအဟုတ် လုပ်ပြောဝံ့တာလောက်ပဲ ရှိတယ်လို့ ဆိုချင်ပါတယ်။ သူ့ကို ကျွန်တော် စတွေ့တော့ သူဟာ တရုတ်အဝတ်ကို မဝတ် ပါဘူး။ ဂျပန်တွေ ချုပ်ဝတ်လေ့ရှိတဲ့ အနောက်တိုင်းအဝတ်မျိုး ဝတ်ထားတယ်။ သူပြောတဲ့ တရုတ်စကားကလည်း ချီးမွမ်းစရာ မမြင်ပါဘူး။ ပြောရေးဆိုရေးမှာ မရှင်းမှာစိုးလို့ တီအင်ကျင်စကားပြန် ယောရှိဒကို ခေါ်ထားရပါသေးတယ်။

အသက်၄၈၊ မျက်ကွင်းမျက်ရစ်ဟာ အိကျနေပြီ။ အပေါ်နှုတ်ခမ်းပေါ်မှာ နှုတ်ခမ်းမွေး သေးသေးတင်ထားတယ်။ စကားစပြောကတည်းက သူက ရိုသေလေးစား တဲ့ အပြုံးကလေးနဲ့ တောက်လျှောက် ပြောတယ်။ ဒီအပြုံးကြောင့် သူ ပြောသမျှ လက်ခံယုံကြည်လောက်တယ်လို့ ထင်မိတယ်။

ကျန်းမာပါ့ရဲ့လားလို့ လေးလေးစားစား မေးပြီးတာနဲ့ လုပ်ငန်းကို စတင်ဆွေးနွေးပါတယ်။ ပထမ ဂျပန် ဘာ့ကြောင့် အခုလုပ်သလို လုပ်ရသလဲဆိုတာ ရှင်းပြတယ်။ "မာရှယ်အငယ်"ကျန်င်ယဲ့လျန်ရဲ့လက်အောက်မှာ "မန်ကျူလျား တိုင်းသူပြည်သားဟာ အင်မတန် ဆင်းရဲပင်ပန်းတယ်။ ဂျပန်တွေအဖို့လည်း အခွင့် အရေးနဲ့ လုံခြုံမှုကို အာမမခံနိုင်ဘူး။ ဒီတော့ ဂျပန်မှာ စစ်ရေးပြင်တာကလွဲပြီး တခြားလုပ်စရာမကျန်လို့ ဒီလိုလုပ်ရပါတယ်လို့ ရှင်းပြတယ်။ မန်ကျူလျားမှာ နန်းမြေသိမ်းပိုက်ထားလိုစိတ် ကွန်တုန်င်တပ်မှာ လုံးဝမရှိပါ။ ပြည်သူတွေအပေါ်မှာ တကယ်တမ်း စိတ်ရင်းကောင်းထားပြီး သူတို့လွတ်လပ်တဲ့ နိုင်ငံတစ်ခု ထူထောင် ရင် ကူညီလိုပါတယ်တဲ့။ ဒီအခွင့်အရေးကို ကျွန်ုပ်ကော်က လက်လွှတ်မခံဘဲ ရှေး အဘိုးအဘေးတွေရဲ့ အောင်မြေအရပ်ကို ပြန်ပြီး နိုင်ငံသစ်ကို ခေါင်းဆောင်ပါတဲ့။ အဲဒီလို အသစ်ဖွဲ့စည်းမယ့်နိုင်ငံနဲ့ ဂျပန်က နှစ်ဖက်သဘောတူ အကျိုးရှိမယ့်စာချုပ်

မျိုးကိုချုပ်ပြီး အဲဒီနိုင်ငံရဲ့ အုပ်ချုပ်ရေးအာဏာနဲ့ နယ်မြေကို သူတစ်ပါး မစော်ကား ရအောင် ဂျပန်က အားရှိသလောက် သွန်ပြီး ခုခံကာကွယ်ပေးမယ်ဆိုပဲ။ နိုင်ငံရဲ့ အကြီးအကဲအနေနဲ့ ကျွန်တော် ဆောင်ရွက်လိုတဲ့ကိစ္စအားလုံး ဆောင်ရွက်နိုင်မယ် လို့လည်း ပြောပါသေးတယ်။

ရိုးသားတဲ့အသံ၊ လေးစားတဲ့အပြုံး၊ သူ့ဂုဏ်၊ သူ့ရာထူးတွေ ပေါင်းလိုက် တော့ လောကျဲန်ယုနဲ့ ကအေအိစုမိတို့ ပြောတာထက် ပိုပြီးလေးနက်တာပေါ့။ ကျဲန်ပဝ်ရဲ့န် ပြောသလို ကအေအိစုမိကို ကွမ်တုန်င်တပ်မတော်ရဲ့ ကိုယ်စားလှယ်လို့ မယူဆနိုင်ဘူး။ ကွမ်တုန်င်တပ်မတော်ကိုလည်း ဂျပန်အစိုးရ ကိုယ်စားလှယ်လို့ မယူဆနိုင်ဘူးဆိုတဲ့ အယူအဆကို ဆက်ထားဖို့ ဘယ်လိုတော့မလဲလို့ စိတ်ထဲမှာ ဖြစ်မိတယ်။ ကွမ်တုန်င်တပ်မတော်မှာ ဒေါအီဟာရဟာ အရာရောက်တဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး သူ့စကားထဲမှာ (ဂျပန်တို့ရဲ့) ဘုန်းကျက်သရေကြီးတဲ့ ကေရာဇ်ကိုယ်တော်မြတ်က လည်း ကွမ်တုန်င်တပ်မတော်ကို ယုံစားတော်မူတယ်လို့ ရှင်းရှင်းလင်းလင်းပါတယ်။

ကျွန်တော့်စိတ်ထဲမှာ မတင်မကျဖြစ်နေတဲ့ အချက်တစ်ခုပဲ ကျန်တယ်။ နိုင်ငံသစ်ဆိုတာ ဘယ်ပုံစံနဲ့ ဖော်ထုတ်မယ့်နိုင်ငံလဲ။ သူက ပြောခဲ့ပြီးတဲ့အတိုင်း လွတ်လပ်မယ် ကိုယ်ပိုင်အုပ်ချုပ်ရေးရှိမယ်၊ ကိုယ်တော်ကြီးရဲ့ လက်တွင်းမှာ ကြိုက် သလို စီမံနိုင်မယ်တဲ့။ ကျွန်တော်က ဒါကို မမေးပါ။ သမ္မတနိုင်ငံလား၊ မင်း ပြည်ထောင်လား။ ဒီလိုမေးတော့ ရှဲန်ယန်ကို ကျွန်တော်ရောက်ပြီးမှ ဒီကိစ္စ ပြတ် မယ်တဲ့။ ဒီလိုမဖြစ်ပါ။ နန်းပြန်တင်မယ် အတိအကျသိရမှ သွားမယ်လို့ ပြောတဲ့ အခါ သူက နည်းနည်းထပ်ပြုံးလာပေမယ့် လေသံ မပြောင်းဘူး။ မင်းပြည်ထောင် ဖြစ်မှာပါ။ ဒါကို အထူးမေးဖို့ မလိုပါဘူးလို့ ဖြေတယ်။ ကောင်းပြီ မင်းပြည်ထောင်ဆိုမှ ကျုပ်သွားမှာလို့ပြောတော့ ကိုယ်တော်ကြီး အမြန်ဆုံးသွားဖို့ပဲ တိုက်တွန်းပါရစေ။ တစ်ဆယ့်ခြောက်ရက်ဆိုရင် ဆက်ဆက်ရောက်မှ ဖြစ်မယ်။ ရှဲန်ယန်င် ကျတော့ အသေးစိတ် ထပ်ပြောကြသေးတာပ။ ယောရှီဒက လမ်းခရီး စီစဉ်ပေးပါလိမ့်မယ်လို့ တစ်ဆက်တည်း ပြောတယ်။ လမ်းခရီးအန္တရာယ်ကင်းဖို့ ဆုတောင်းတယ်။ လေးလေး စားစား ဦးညွှတ်အရိုအသေပြုပြီး ထွက်သွားပါတယ်။ သူနဲ့အတူ ပါလာတဲ့ ကျိန်လျန် နဲ့ ဆက်တွေ့တယ်။ အရှေ့မြောက်က ကျိန်စစ်သားဟောင်းကြီးတွေဆီကကို သူ ယူလာတယ်။ သဘောက အရင်အရှေ့မြောက်တပ်မတော် အညွှဲခံအောင် သူတို့ တတ်နိုင်ပါတယ်လို့ ဆိုတယ်။ အခုအတိုင်းဆိုရင် ငါနန်းပြန်ရဖို့ ဆူးညောင့်ခလုတ် ဘာမျှမကျန်တော့ဘူးလို့ ကျေနပ်မိပါတယ်။

ဒေါအီဟာရ ပြန်သွားပြီးနောက် စစ်တပ်စကားပြန် ယောရှီဒက ဒီလို တွေ့ဆုံကြတာကို ကောင်စစ်ဝန်ချုပ် မသိစေနဲ့လို့ ကျွန်တော့်ကို သင်တယ်။ ကျွန် တော် ကလီအင် သွားရမယ့်အတွက် သူပြင်ဆင်တော့မယ်လို့လည်း ပြောသွား တယ်။ ကျွန်တော်ကလည်း ဒီကိစ္စကို ကျဲန်ငယိဝ်ယုကြလွဲရင် ဘယ်သူ့မှ မပြောဘူးလို့

ဆုံးဖြတ်ပြီးသားပါ။ ဒါပေမဲ့ နောက်တစ်နေ့သတင်းစာတွေမှာ ဒီအကြောင်းပါလာတော့ ဟိုက ဒီက အကြံပေးကြ ဝေဖန်ကြနဲ့ အတော်ဖြေရှင်း လိုက်ရပါတယ်။ ကျဲန်ပဝ်ရှဲ့နဲ က လန့်တယ်။ ဒီလိုပဲ ရင်းနှီးတဲ့ အကြံပေးတွေကလည်း မယုံသင့် မပုံသင့် ဆိုတဲ့ သဘောထားကြဟန်တူတယ်။

သုံးရက်လောက်ကြာတော့ နန်ကင်းကျိအန်ဒိုင်ကိုင်ရှီအက် အစိုးရကိုယ်စားလှယ် ရောက်လာပြီး ထောက်ထားငဲ့ညှာရေးစာချုပ်ကို ပြန်အတည်ပြုမယ်။ နှစ်ကြေး ထောက်ပံ့မယ်။ မကြိုက်တစ်ခါတည်း လိုသလောက် ငွေပုံပေးမယ်။ ဂျပန်နဲ့ အရှေ့မြောက်တော့ လိုက်မသွားပါနဲ့လို့ ဆိုတယ်။ ကော့မင်တန်တပ်က အရှေ့သချိုင်းတော်ကို လုပြီးစပဲ မဟုတ်လား။ ဘယ်မေ့မလဲ။ သူတို့ကို ဘယ်လိုလုပ်ပြီး ယုံမလဲ။ ဂျပန်နောက် ကျွန်တော်ပါသွားရင် သူတို့မျက်နှာပျက်မယ်။ အဲဒါကို ကာကွယ်ချင်တာပဲ ရှိတယ်။ သူတို့စကားယုံပြီး သူတို့ဆီရောက်သွားရင် ထင်သလို နှိပ်စက်မှာ၊ သူပြန်ပေးမယ့် ကေရာဇ်ဘွဲ့က ဒေါ်အိကရ တင်ပေးမယ့် ထီးနန်းနဲ့စာရင် အလကားပါ။ ပြီးတော့ သူပေးမယ့် ငွေဆိုတာလည်း အရှေ့မြောက်ဒေသကို ဘယ်လို ငွေနဲ့ ချိန်စက်ပြီးလဲလို့ ရနိုင်ပါ့မလဲ။ ရောက်လာတဲ့ ကိုယ်စားလှယ်ကို ဘာမှ အာမ မခံဘဲ စကားလှအောင်ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။ သူကို နောက် တစ်ခေါက် လာတွေ့ဖို့ ချိန်းတဲ့ရက်ဟာ ကျွန်တော် တီအင်ကျင်က အပြီးထွက်ခဲ့တဲ့ ရက်ပါဘဲ။

အဲဒီရက်က တွေ့ချင်လို့လာတဲ့လူတွေ များတဲ့အပြင် ပို့စာတွေကလည်း သိပ်များတယ်။ တချို့စာတွေမှာ အကြံပေးစကား သတိပေးစကားပါတယ်။ ကျွန်တော်တို့အိုင်စင်ဂီအောရောအမျိုးထဲက လူတစ်ယောက်က တရုတ်တွေရဲ့အမြင်မှာ နိမ့်ကျအောင် "ဓားပြကိုအဖေမတော်ချင်ပါနဲ့လို့" ရေးလိုက်တယ်။ ဒီစခန်းရောက်မှတော့ ကျွန်တော်ကိုလိုက်ပြီး ဟန့်တားလို့ မရနိုင်ပါ။ ကိုယ့်စိတ်ကူးနဲ့ကိုယ် သိပ်ကျေနပ်ပြီး ဘယ်သူသတိပေးတာကိုမှ အဖိုးတန်တယ် မထင်တော့ပါ။ တီအင်ကျင် သတင်းစာဆရာတစ်ယောက် လာတွေ့တော့ အရှေ့မြောက်သွားမယ်ဆိုတဲ့ သတင်း မဟုတ်ကြောင်း အပြင်းအထန်ငြင်းတယ်။ ဒီသတင်းကို သူ့သတင်းစာထဲပါမယ့် အချိန်မှာ ကျွန်တော် လှေပေါ်ရောက်နေပြီပေါ့။

တီအင်ကျင်က မထွက်မီနှစ်ရက်အလိုမှာ ဖြစ်တဲ့အဖြစ်အပျက်တစ်ခုကို ပြောဖို့လိုအုံးမယ်။ ကျွန်တော့်အပါးတော်မြဲ ကျိကျိကျန်င်တာ အခန်းထဲကို ဗုံး၊ ဗုံးနှစ်လုံးလို့ အော်ပြီး ပြေးဝင်လာတယ်။

ကျွန်တော်က လက်တန်းပါတဲ့ ကုလားထိုင်မှာထိုင်ဆဲ၊ ဒီလိုအော်သံကြားတော့ ကြောက်ပြီး ထမရနိုင်ဘူး။ နောက်စစ်ဆေးတဲ့အခါ အရှေ့မြောက်ငြိမ်းချမ်းရေးဌာနချုပ် အကြံပေးအရာရှိဟောင်း နာမည်ကတ်နဲ့ လက်ဆောင်သစ်သီးခြင်းထဲမှာ ဗုံးနှစ်လုံးတွေ့ရတယ်။ ခြင်းယူလာတဲ့ လူကိုတော့ ရှာမတွေ့တော့ပါ။

ဗုံးတွေ့လို့ ဆူဆူညံညံပြောနေကြတုန်းမှာဘဲ ဂျပန်ရဲ့နဲ့ စစ်အရာရှိတွေ

ရောက်လာပြီး ဖုံးကိုယူသွားပါတယ်။ နောက်တစ်နေ့ စကားပြန်ယောရှိဒ ပြောပြလို့ သိရတာက ဒီဖုံးတွေဟာ ကျန်င်ယွဲ့လျန်လက်နက်စက်ကထုတ်တဲ့ ဖုံးတွေဖြစ်တယ်။ ကိုယ်တော်ကြီးဧည့်သည် လက်မခံပါနဲ့။ ဒီနေရာက မြန်မြန်ထွက်သွားတာ အကောင်းဆုံးပေါ့လို့ နိဂုံးသတ်တယ်။ ကောင်းပြီထွက်မယ်၊ စိစဉ်တော့လို့ ပြောလိုက်တော့ကောင်းလှပါပြီ ဘုရား၊ တိုက်ရိုက်သက်ဆိုင်သူကလွဲလို့ ဒီကိစ္စဘယ်သူကိုမှ မပြောပါနဲ့နော်တဲ့။ ဒါနဲ့ ကျဲန်ယိုပ်ယုရယ်၊ သူ့သားရယ်၊ အပါးတော်မြဲနှစ်ယောက်ရယ် ဒါပဲပါမယ်လို့ စာရင်းချလိုက်တယ်။

အဲဒီနှစ်ရက်အတွင်းမှာ ချိန်းခြောက်စာတွေ၊ တယ်လီဖုန်းနဲ့ ချိန်းခြောက်စကားတွေ ကြားရပါတယ်။ တယ်လီဖုန်းလာရင် အပါးတော်မြဲ ကျိုကျိုကျန်င်က နားထောင်ရတယ်။ သူ့အပြောက ဝိတိုရိယကဖေးက စားပွဲထိုးက သူတို့ဆီကို ခုတလော "မသက်ာစရာလူတွေ"လာပြီး ကျွန်တော့်အကြောင်း မေးတယ်။ ဒါကြောင့် သူတို့ဆီကို အစားအသောက် လာမစားသင့်ဘူးလို့ သတိပေးတယ်တဲ့ ဒီ မသက်ာ စရာလူတွေမှာ အင်္ကျီထဲမှာ လက်နက်ပုန်းပါတယ် ထင်တယ်တဲ့။ ဒီလူတွေဟာ ကျန်င်ယွဲ့လျန်ရဲ့လူတွေပဲ ဖြစ်ရမယ်တဲ့။

ဒီလိုစေတနာနဲ့ သတင်းအတိအကျပေးနိုင်တဲ့ စားပွဲထိုးမျိုးရှိဘူးသလား။ အပါးတော်မြဲ ကျိုကျိုကန်င်ဆိုတာ ပီကင်းက တိအင်ကျင်ကို ထွက်ခဲ့တုန်းကပဲ လူယုံအဖြစ်နဲ့ပါခဲ့တဲ့ လက်ပါးစေကလေးမို့ ကျွန်တော်သဘောကျတဲ့ အချစ်တော်ပေါ့။ အရှေ့မြောက်ကိုသွားတော့လည်း အပါးတော်မြဲသုံးယောက် ခေါ်ခဲ့တဲ့အထဲမှာ သူလည်းပါတယ်။ သူဟာ ကျဲန်ငယ်ိုဝ်လှုနဲ့ ဂျပန်တွေကို ကျွန်တော်အသွားအလာနဲ့ စိတ်ထားအပြောင်းအလဲကို အမြဲစောင့်ကြည့်ပြီး သတင်းပေးနေတာ ဖြစ်ရမယ်။ နောက် သူ့ကို ကျွန်တော် ဂျပန်စစ်တက္ကသိုလ်ကို ပို့လိုက်တာနဲ့ လွတ်မြောက်ရေးအချိန်တန်ပြန် တော်လှန်ရေးတွေ နှိမ်တဲ့အထိ မြောက်တရုတ်တန်ပြန် တပ်မတော်မှာ ဗိုလ်ချုပ်အထိ ဖြစ်လာသေးတယ်။

ဖုံးနဲ့ခြောက်၊ စာနဲ့ခြောက်၊ တယ်လီဖုန်းနဲ့ခြောက် အဲဒါတွေပြီးတော့ "တိအင်ကျင်အရေးတော်ပုံ" ဖြစ်လာတယ်။ ဒေါ်အီဟာရရဲ့ ပြောင်မြောက်တဲ့ လက်စွမ်းတစ်ခုပေါ့။ အဲဒီမြို့က တရုတ်အုပ်ချုပ်တဲ့အပိုင်းမှာ ဂျပန်ငွေယူထားတဲ့ တရုတ်ငှားသားတွေသွင်းပြီး အဓိကရုဏ်းဖြစ်အောင် ဆူပူခိုင်းတယ်။ စိုးရိမ်ရတဲ့အချိန် ဖြစ်တယ်လို့ ဂျပန်သီးသန့်မြေမှာ ကြေညာပြီး တရုတ်ပိုင်းနဲ့ အဝင်အထွက် အဆက်ဖြတ်လိုက်တယ်။ ငြိမ်းအေးဥယျာဉ်ကို ကာကွယ်ဖို့ဆိုပြီး သံချပ်ကာကားတွေ လွှတ်ပြီး အပြင်နဲ့အဝင်အထွက် အဆက်ဖြတ်ပြန်တယ်။ ဥယျာဉ်ထဲကို ဝင်ခွင့်ထွက်ခွင့်ရသူတွေက ကျဲန်င်ယိုဝ်ယုနဲ့ သူ့သား ကျဲန်င်တွေ နှစ်ယောက်ပဲရှိတယ်။

ဒေါ်အီဟာရဟာ ကျွန်တော့်ကို ဘာပြုလို့ ဒါလောက် အရှေ့မြောက်ကို မြန်မြန် ပို့ချင်နေသလဲဆိုတာ အခုမှ နားလည်တယ်။ ကွမ်တုန်င်တပ်မှာရှိတဲ့ အရာရှိ

ငယ်ပေ့ဘာ အပြိုင်အုပ်စုတစ်ခုကို နှိမ်နင်းဖို့ အရင်လိုနေပြီ။

ကျွန်တော် စိတ်ပြောင်းသွားမှာ စိုးတယ်ဆိုရင် ကျွန်တော့် ပတ်ဝန်းကျင်က ဒီကိစ္စကို သဘောမတူတဲ့ လူတွေရဲ့ စွမ်းရည်ကို အထင်ကြီးလွန်းလို့ ဆိုရမယ်။ ကျွန်တော်က သွားမယ်လို့ ယတိပြတ်ဆုံးဖြတ်ပြီးပြီမို့ ကျဲန်ပဝ်ရဲ့န်ဘက်သားတွေ တောင် အခု ဂျပန်နဲ့ ခပ်မြန်မြန်ပေါင်းပါလို့ ပြောလာကြပါပြီ။ နည်းနည်း အစွဲ ကျန်တာက ဂျပန်စစ်တပ်ထက် ဂျပန်အစိုးရရဲ့ အာမခံချက်က ပိုပြီး လိုအပ်တယ် ဆိုတဲ့ အချက်ပဲပေါ့။ ဒါပေမယ့် သူတို့လည်း အခုရလာတဲ့ အခွင့်အရေးကို လက် လွှတ်သွားမှာတော့လည်း ကျွန်တော့်လိုပဲ စိုးရိမ်စိတ် ရှိကြပါတယ်။ ဂျပန်နဲ့ တွဲရ တာဟာ ဂုဏ်ကျဆင်းတယ်။ အမှန်ပဲ။ ဒီတော့ အခွင့်အရေးကို မလွဲမသွေဆုလာဘ် အဖြစ်နဲ့ ရမှပဲဖြစ်မယ်လို့ ယူဆကြတယ်။ ဒါကြောင့် ဂျပန်နဲ့ စကားပြောတဲ့အခါ အရာရှိခန့်ထားတဲ့အခါ ကျွန်တော့်ကို အာဏာကုန် ပေးရမယ်လို့ တောင်းခိုင်း တယ်။ သူတို့လည်း အိမ်တော်ပါတွေမို့ ရာထူးကြီးကြီး လိုချင်တယ်။ တိုင်းနိုင်ငံကို ရာထူးနဲ့ရောင်းစားမယ်ပေါ့။

## ပိုင်မြစ်ကို တိတ်တဆိတ် ဖြတ်

အရှေ့မြောက်ကို စပြီးထွက်ဖို့ ၁၉၃၁ခု၊ နိုဝင်ဘာလ ၁၀ ရက်ကို ချိန်း လိုက်ပါပြီ။ မူလအစီအစဉ်က ငြိမ်းအေးဥယျာဉ် ဗဟိုမုခ်က လူအလစ်စောင့်ပြီး ညနေပိုင်း ကျွန်တော် ထွက်ခဲ့ဖို့ပါ။ ဒါကို ကျွန်တော့်စိတ်ထဲ တယ်မကြိုက်ဘူး။ ဒါကြောင့် ကားပေါ်တက်မိမှ ဗဟိုမုခ်ကိုမသွားဘဲ ကားဂိုဒေါင်တစ်ဖက်တံခါးက ထွက်လိုက်မယ်လို့ တွေးထားပြီး အပါးတော်မြဲထဲက ကျွန်တော် အယုံဆုံး လီ အကြီးကောင် ကားဂိုဒေါင်တံခါး အလွယ်နဲ့ ဖွင့်ရမရ သွားကြည့်ခိုင်းတယ်။ တံခါး ကို မဖွင့်တာကြာလို့ အပြင်ကနေပြီး ကြော်ငြာစာရွက်တွေ အပြည့်တပ်ထားလို့ ဖွင့်ရတာလွယ်မယ် မဟုတ်ဘူးတဲ့။ ဒီတော့ နောက်ဆုံး ကျိကျိကျန်င်ပေးတဲ့ အကြံ ကိုလိုက်ပြီး ကားနောက်က ပစ္စည်းထည့်တဲ့ အခန်းထဲမှာ ဝင်လိုက်တယ်။ အစေခံ တစ်ယောက်က ကားမောင်းပြီး ကျိကျိကျန်က သူ့ဘေးကထိုင်လိုက်တယ်။ ဒီနည်းနဲ့ ငြိမ်းအေးဥယျာဉ်က ထွက်ခဲ့ကြပါပြီ။

ဗဟိုတံခါးနဲ့ မလှမ်းမကမ်းမှာ စကားပြန် ယောရှိဒက ကားတစ်စင်းနဲ့ စောင့်နေတယ်။ ကျွန်တော်တို့ကား ထွက်လာတာမြင်ပြီး လွန်သွားမှ နောက်လှမ်း လှမ်းက မသိမသာ မောင်းလိုက်လာတယ်။

တီအင်ကျင် ဆူပူရက် သုံးရက်မြောက်မို့ ဂျပန်သီးသန့်မြေမှာရော ကပ်ရက် တရုတ်ပိုင်းမှာပါ စစ်မိန့်ထုတ်ထားပြီး ဖြစ်တယ်။ ကျွန်တော့်အတွက် ဒီလို တမင် လုပ်ထားတာ ဖြစ်ချင်ဖြစ်မယ်။ တိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်မယ်။ ဘာကြောင့်ပဲ

ဖြစ်ဖြစ် ဒီလိုဖြစ်နေတုန်း ကျွန်တော်ထွက်ပြေးဖို့ သိပ်ပြီး အဆင်ပြေပါတယ်။ ဂျပန်တပ်က လမ်းပိတ်ပြီး တရုတ်ကားတွေ ဆက်မောင်းခွင့် မပေးတဲ့နေရာ ရောက်တော့ စကားပြန်က လက်ပြလိုက်ရုံနဲ့ ကျွန်တော့်ကားကို ဆက်သွားခွင့်ရခဲ့ပါပြီ။ ကျွန်တော့် ဒရိုင်ဘာအတုဟာ (စအထွက်မှာ ဗဟိုတံခါးအလွန် သံကြိုးတိုင်ကို တစ်ချက်အောင်းခဲ့လို့ ကျွန်တော့်ထိပ်မှာ အဖုတစ်ခုရခဲ့ပါတယ်။) အခုတော့ ဖြောင့်သွားပြီ။ ချိန်းချက်လုပ်ထားတဲ့ ဂျပန်စားသောက်ဆိုင်တစ်ခုကို နောက်ထပ်မတိုက်မခိုက် ရောက်ခဲ့ပါတယ်။

ကားရပ်တော့ ကိုကိုကျုန်င်က ဒရိုင်ဘာကို တခြားခေါ်သွားတုန်း စကားပြန်က ကုန်လှောင်ခန်းတံခါး လာဖွင့်ပြီး ကျွန်တော့်ကို ထုမပေးပါတယ်။ ပြီးတော့ ဆိုင်ထဲဝင်ခဲ့ကြပါတယ်။ ဒီမှာ ဂျပန်အရာရှိတစ်ယောက် စောင့်နေတာတွေ့တယ်။ သူက ဂျပန်တပ်သုံး အပေါ်အင်္ကျီရှည်ကြီးနဲ့ ကတ်တစ်လုံးပေးလို့ အဲဒါတွေ ဝတ်လိုက် ဆောင်းလိုက်ပြီးမှ ဂျပန်စစ်ကားပေါ် စကားပြန်နဲ့အတူ ကျွန်တော့်ကို တက်ခိုင်းပြီး ပိုင်မြစ်ကမ်းက သင်္ဘောကျင်းကို တန်းမောင်းတယ်။ လမ်းမှာ အနှောင့်အယှက်မတွေ့။ ကျွန်တော့်ကို ဖေးမပြီး ထုတ်ပေးတယ်။ အခုရောက်နေတဲ့ နေရာဟာ ဂျပန်သီးသန့်မြေ မဟုတ်တာကို ကျွန်တော်မြင်တော့ လန့်သွားတယ်။ စကားပြန် ယောရှိဒက အင်္ဂလိပ်သီးသန့်မြေဖြစ်လို့ မစိုးရိမ်ရပါလို့ တိုးတိုးပြောပါတယ်။

ကွန်ကရစ်အပြည့်ခင်းထားတဲ့ဆိပ်ကို အရာရှိနှစ်ယောက်ရုံပြီး ခပ်မြန်မြန်လျှောက်ပြီး မီးမထွန်းဘဲကပ်လာတဲ့ မော်တော်ငယ်ငယ်တစ်စင်းပေါ် တက်ကြတယ်။ မော်တော်ပေါ်က အခန်းထဲမှာ ကျဲန်ငိယိုဝ်ယုနဲ့ သူ့သား ကျဲန်ငိရွှေ့ကိုတွေ့တော့မှ စိုးရိမ်စိတ်ပျောက်တယ်။ ဂျပန်သုံးယောက်လည်း ပါသေးတယ်။ တစ်ယောက်က ကအေအိစုမိပါပဲ။ နောက်တစ်ယောက်က နဂါးနက်ဂိုဏ်းသား ကုဒေါကေကျွဲဇုရောတဲ့။ အရင်က မောင်ဂိုသူကောင်း ရှိန်ငိယုန်ဆီမှာ အမှုထမ်းဖူးတယ်။ ကပ္ပိတန်က မော်တော်ပေါ်မှာ စောင့်ရှောက်ဖို့ စစ်သားဆယ်ရောက်ပါတယ်လို့ပြောတယ်။ မော်တော်ပေါ်ဟာ စစ်တပ်ရဲ့ပို့ဆောင်ရေးဌာနပိုင်ဖြစ်ပြီး အခု "ပို့ဆောင်ရေး"အတွက် သံပြားအကာအကွယ်၊ သဲအိတ်အကာအကွယ်တွေ တပ်ဆင်ပြီးဖြစ်ပါတယ်။ နောက်အနှစ်နှစ်ဆယ်ကြာလို့ ကုဒေါက ဂျပန်မဂ္ဂဇင်း **ဗုန်ဂေအိရှုန်ဇူ**ထဲမှာ အခုစီးရမယ့် မော်တော်ခရီးကို သတိတရ ပြန်ရေးလိုက်တာကို ဖတ်ရတော့မှ မော်တော်ထဲမှာ ဓာတ်ဆီပုံးကြီးကြီး တစ်လုံးပါတယ်။ တရုတ်တပ်နဲ့တွေ့လို့ မလွတ်ပုံပေါ်ရင် အဲဒီပုံးကို မီးတိုက်ပြီး အားလုံး လက်စတုံး အစဖျောက်ဖို့ ဂျပန်အစောင့်လိုက်စစ်သားတွေကို မှာပြီးသားတဲ့။ အဲဒီပုံးကို အနားထားပြီး "ဝမ်းသာပျော်ရွှင်"ခဲ့ပါတယ်။

မော်တော်အရောက်ပို့တဲ့ အရာရှိတစ်ယောက်နဲ့ စကားပြန်တွေ ကုန်းပေါ်ပြန်အတက်မှာ ကမ်းကခွာခဲ့တယ်။ မီးဖွင့်ပြီးမောင်းလာတဲ့အခါ ရေပြင်ကိုကြည့်ပြီး ကြည်နူးနေ မိတယ်။ အရင်က ဒီမြစ်ဘေးကို ရောက်တဲ့အခါ တစ်ဖက်ကမ်းကိုကူးပြီး ကေရာဇ်ရာထူး ပြန်ရမယ်လို့ စိတ်ကူးယဉ်ခဲ့ဖူးတယ်။ အခု ဒီမြစ်ကို စုန်ဆင်းနေပြီလေ။

ဒီအခြေအနေကို စကားလုံးအကောင်းဆုံးနဲ့ ပြောပြနိုင်ဖို့ ကာရန်ရှာမိတယ်ဆိုပါတော့။

ဝမ်းသာတာ စောလွန်းတယ်။ ကျဲနိုင်ကွေ့က မကြာခင် တရုတ်နယ်ထဲ ရောက်မယ်။ တရုတ်တပ်နဲ့ တည့်တည့်တိုးနိုင်တယ်။

ကျွန်တော် အသက်ထွက်မတတ်ကြောက်ပြီး တခြားလူတွေမျက်နှာကို လိုက်ကြည့်ပြီး အကဲခတ်တော့ သူတို့လည်း စိတ်တင်းထားရပုံပေါ်တယ်။ စကားလည်း မပြောကြဘူး။ ဒီလို ငြိမ်သက်လိုက်လာလို့ နှစ်နာရီလောက်ကြာတော့ ကမ်းပေါ်က ဗြုန်းခနဲ ဟော့ ရပ်လိုက်လို့ အမိန့်သံပေါ်လာတယ်။

ကျွန်တော်လည်း မော်တော်ဝမ်းမှာ ကပ်မှောက်ပြီး လက်ခြေလှုပ်မရတော့ဘူး။ ဝမ်းထဲကစစ်သားတွေ အပေါ်တက်သံ၊ တိုးတိုး အမိန့်ပေးသံတွေ ကြားတယ်။

ပြတင်းက လှမ်းကြည့်တော့ သဲအိတ်တစ်ခုစီရဲ့နောက်မှာ စစ်သားတစ်ယောက်စီ နေရာယူပြီး ပစ်ဖို့ အသင့်လုပ်နေကြတယ်။ အရှိန်သတ်ပြီး ကမ်းကို ဦးတိုက်မောင်းဝင်နေပုံရတယ်။ မီးကိုလည်း မှိတ်ထားပါပြီ။ ကမ်းပေါ်က ရိုင်ဖယ် ပစ်သံလိုလို ကြားပါတယ်။ ဗြုန်းခနဲ အသက်ဝင်သလို မော်တော်စက်သံပြင်းပြင်း မြည်ထွက်လာပြီး ကမ်းနဲ့ဝေးရာကို အတင်းမောင်းထွက်သွားပါတယ်။ ကမ်းက လှမ်းပစ်သံအော်သံတွေလည်း တဖြည်းဖြည်းဝေးပြီး မသဲမကွဲပဲ ကြားရတော့တယ်။ ဂျပန်တွေရဲ့လိမ်နည်း အောင်မြင်ခဲ့ပါတယ်။ ပထမကမ်းကို ကပ်ခဲ့ဆိုတော့ နားထောင်ပြီး ကပ်သွားတယ်။ ပြီးမှ အတင်းခွာပြေးတော့ ကမ်းပေါ်ကစစ်သားတွေ အံ့အားသင့်ပြီး ရန်မလုပ်နိုင်ခင် အလှမ်းဝေးပြီး လွတ်မြောက်ခဲ့ပါတယ်။

တော်တော်ကြာတော့မှ မီးပြန်ထွန်းပါတယ်။ အခန်းထဲက လူတွေလည်း ရွှင်ပျလာကြတယ်။ ညသန်းခေါင်ကျတော့ မြစ်ဝတစ်ခုကို ရောက်တဲ့အခါ ကုန်တင်သင်္ဘော **အဝဇိမရူး** အရောက်ကိုစောင့်တုန်း ဂျပန်တပ်သားတွေက **မိဆော** အပြုတ်ရေ၊ ဂေါ်ဖီချဉ်နဲ့ ဂျပန် **ဆာကေ** တိုက်ပါတယ်။ ကျဲနိုင်ယိုဝ်ယှုလည်း တရုတ်နဲ့ ဂျပန်လူမျိုးရော ယဉ်ကျေးမှုပါ အဆက်အဆံရှိခဲ့ပုံတွေ ပြောလိုက်၊ ချက်ချင်း ကဗျာစပ်လိုက်၊ အခုခရီးကို "သတ္တိပြောင်မြောက်တဲ့ စွန့်စားခန်း"လို့ ချီးမွမ်းလိုက်နဲ့ အင်မတန် လျှာသွက်လာပါတယ်။

ကျဲနိုင်ယိုဝ်ယှု အဲဒီညဖက်လောက် ပြောရတဲ့အကြောင်းတစ်ခု ရှိသေးတယ်။ (ကျွန်တော့်ကိုတော့ ဟိုတုန်းက မပြောပါဘူး။) ဂျပန်စစ်ဖက်နယ်ဖက် မတည့်ဘူး ဆိုပေမယ့် အပေါ်ယံပဲ။ အတွင်းသဘောက သိပ်တည့်တယ်။ ဒါကို ကျွန်တော့်အကြံပေးတွေအားလုံးထက်အရင် အများကြီးစောပြီး သူသိထားတယ်။ ဂျပန်ကောင်စစ်ဝန်ချုပ်က ဒေါ်အိဟာရ ကျွန်တော့်ဆီလာတာဟာ ရှဲ့န်ယန်နိုင်ကို ကျွန်တော်လိုက်အောင် အပါခေါ်ဖို့ ဖြစ်တယ်လို့ သူသိတယ်။ ဒါပေမယ့် မသိဟန်ဆောင်နေမယ်လို့ ကျဲနိုင်ကွေ့ကို ပြောလိုက်လို့ သားက ဖအေ့ပြန်ပြောထားတယ်။ ဒါကိုလည်း ဖအေက သူ့နေ့စဉ်မှတ်တမ်းထဲမှာ ရေးထားခဲ့တယ်။

## ဆောင်းလောင်ကြက်

**အဝဇီမရှူး**ပေါ်ရောက်တော့ တစ်နေ့လုံး ကျဲန်င်ယိုဝ်ယုဟာ တိုင်းပြည်အုပ်ချုပ်ရေးမှာ သူဘယ်ပုံဘယ်နည်း စိမ့်မယ်ဆိုတာတွေကို တစ်နေ့လုံး ပြောပါတယ်။ ၁၉၃၁ခု၊ နိုဝင်ဘာလ ၁၃ ရက်နေ့ မနက်မှာတောင် မန်ကျူးလျား မီးရထားဆိပ်ဖြစ်တဲ့ ထိန်င်ကပ်(လီအဝ်နိန်နယ်)ကို သင်္ဘောကပ်တယ်။

ရှဲ့ယန်င်ကိုသွားဖို့ ထိန်င်တပ်မှာ သင်္ဘော ဘာပြုလို့ ကပ်ရသလဲလို့ မတွေးဘူး။ ဒီနေရာလာကပ်ရင် ငါ့ကို တမ်းတနေတဲ့ အရှေ့မြောက်ကလူတွေဟာ ဘယ်လိုလုပ်ပြီး ခမ်းကြီးနားကြီး ကြိုနိုင်တော့မှာလဲလို့ပဲ တွေးမိတယ်။ တိအင်ကျင်မှာ ဂျပန် မူလတန်းကျောင်းကလေး သွားလည်တုန်းက လူစုလူဝေးနဲ့ အလံတွေ လှုပ်၊ လက်ခုပ်တွေတီးပြီး အော်ဟစ်သံတွေ ညံနေတဲ့ ကြိုဆိုပုံကို မြင်ယောင်တယ်။ ကမ်းနဲ့နီးလာလေ လူရိပ်လူယောင် မရှိတာ သေချာလေမို့ ကြိုမယ့်လူမရှိ။ အလံမလွှင့်။ ကုန်းပေါ်တက်တော့လည်း လေးငါးယောက်ပဲ ကြိုနေတယ်။ အားလုံးဂျပန်တွေ။

မိတ်ဆက်ပေးတဲ့အခါ အားလုံးဗိုလ်မှူးကြီး အီတဂကီက လွှတ်လို့ လာကြရတာ တဲ့။ သူတို့အထဲမှာ ခေါင်းဆောင်က အမကစုမဝတီကော ဖြစ်တယ်။ ဒီကောင်ဟာ တရုတ်နိုင်ငံမှာတော့ နာမည်မထွက်သေးဘူး။ ဂျပန်မှာတော့ လူသိများပါတယ်။ သူဟာ ၁၉၂၃ခု မြေငလျင်ကြီးလှုပ်တုန်းက ဗရုတ်ဗရက်ထဲမှာ လက်ဝဲဂိုဏ်းတွေ နှိမ်ချင်နေတဲ့ စစ်တပ်က အခွင့်ကောင်းယူပြီး တိုးတက်ဘက်က ဩစုဝိစကအေကို သတ်ခိုင်းလို့ သတ်ပေးတဲ့လူပဲ။ မယားရော တူတစ်ယောက်ပါ သတ်တုန်းက ပါသွားတယ်။ လူအများက ဝိုင်းပြီးဆူတော့ မလွဲသာလို့ စစ်ရုံးတင်ပြီး ထောင်တစ်သက်ဒဏ်ခံရတယ်။ ဒါပေမယ့် ခဏပဲ။ ထောင်ကလွှတ်ပြီး ပြင်သစ်ကို ပညာတော်သင်အဖြစ် လွှတ်လိုက်တယ်။ အနုပညာပန်းချီနဲ့ ဟူရိယာသင်သတဲ့။ နောက်ပြန်လာတော့ ကွမ်တုန်င်တပ်မှာ တိတ်တဆိတ် ဇုပ်ရမယ့်ဘက်က အမှုထမ်းရတယ်။ ဒုတိယကမ္ဘာစစ်အပြီး ထွက်လာတဲ့ စာအုပ်မှာ ၁၉၃၁ခု၊ "စက်တင်ဘာ ၁၈ ရက် အရေးတော်ပုံ" ကိုစဖို့ အချက်ပေးအဖြစ်နဲ့ လျိုတိအင်ကိုမှာ မီးရထားလမ်း ပေါက်ကွဲမှုဟာ ဒီအမကစုရဲ့ လက်ချက်ပဲတဲ့။ ဒါပေမယ့် ဟိုတုန်းက ထိန်င်တပ်ကို ဆိပ်မှာ မျက်မှန်နဲ့ ယဉ်ကျေးလှတဲ့ ပုဂ္ဂိုလ်ကြီးဟာ ဒီလို မသတီစရာ နောက်ကြောင်းရှိပါကလားလို့လည်း မသိပါ။ သူ့လက်ရာမပါဘဲနဲ့လည်း ကျွန်တော် အရှေ့မြောက်ကို ရောက်သွားမှာကို မဟုတ်ဘူး။

အမကစုက ကျွန်တော်၊ ကျဲန်င်ယိုဝ်ယုနဲ့ ကျဲန်င်ကွေ့ကို အသင့်စောင့်နေတဲ့ ရထားနဲ့ ဘူတာကိုခေါ်သွားပါတယ်။ ရထားစီးလို့ တစ်နာရီလောက်ကြာတော့ နောက်တစ်တွဲ ပြောင်းစီးရတယ်။ လမ်းတစ်လျှောက်လုံး ဘာတစ်ခွန်းမှ ရှင်းလင်း

မပြောမပြဘဲ ရေပူစမ်း ကျန်းမာရေးစခန်းဖြစ်တဲ့ တန်င်ကန်င်ချိနယ်ကို ရောက်လာပြီး မသက်သာစိတ်အပြည့်နဲ့ ကုအိက္ကုအိကေ ဟိုတယ်ပေါ် တက်ခဲ့ရပါတယ်။

ဒီဟိုတယ်ကို တောင်မန်ကျူရျား မီးရထားကုမ္ပဏီက ထောင်ထားတယ်။ အနောက်နိုင်ငံ အဆောက်အအုံပေါ်မှာ ဂျပန်နည်းဟန်နဲ့ ခိုမ်ခံနိုင်လောက်အောင် ကောင်းမွန်ပါတယ်။ ဂျပန်စစ်အရာရှိ၊ မီးရထားဖက်က အရာရှိကြီးတွေနဲ့ တရုတ်အရာရှိကြီးတွေအတွက် သီးသန့်ထားတဲ့ တဲခိုစရာ နေရာပါပဲ။ ဒုတိယဆင့်က အင်မတန်ခမ်းနားတဲ့ ဧည့်ခန်းကိုရောက်တော့ လောကျဲန်ဟု၊ ရှုန်င်ယဲန်ယိင်၊ ကုန်င်ကျိယှုတို့ကြိုနေတာ တွေ့ရပါတယ်။ နှုတ်ဆက်စကားပြောပြီးမှ လောကျဲန်ယုက သူဟာကွမ်တုန်င်တပ်နဲ့ ကျွန်တော့်နန်းတင်ရေး၊ နိုင်ငံသစ်တည်ထောင်ရေးတွေ ဆွေးနွေးဆဲပါလို့ ဆက်ပြောတယ်။ ဆွေးနွေးတာ လက်စမသတ်ခင် ကျွန်တော် ရောက်လာတဲ့သတင်းကို ထုတ်ပြန်ဖို့ မကောင်းသေးဘူးလို့လည်း ရှင်းပြတယ်။ အခုရောက်နေတဲ့လူတွေထဲက သူကလွဲရင်ကျန်လူတွေ အပြင်မှာ အမြင်မခံသင့်သေးဘူးတဲ့။ ဘာကြောင့် ဒီလိုလုပ်သင့်သလဲလို့ ကျွန်တော် ကောင်းကောင်း သဘောမပေါက်ပါ။ ဒါကြောင့် ဘယ်သူမှမကြိုတာကိုးလို့ပဲ ပေါ့ပေါ့ ယူဆလိုက်ပါတယ်။ ဆွေးနွေးရာမှာ ဘာမှ အခက်အခဲရှိမှာ မဟုတ်ပါဘူးလို့လည်း ထင်ထားတယ်။ မကြာခင် ပုန်းနေရာကထွက်လာပြီး ကျိန်ငကေရာဇ်ကြီးကို နန်းရိုးရဲ့မူလဒေသဖြစ်တဲ့ ရှဲန်ယန်င်မှာ နန်းတင်လိုက်ပြီလို့ ကြေငြာတော့မှာပဲလို့ တထစ်ချယူဆပြီးသားပါ။ ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်နေရလို့ ကျဲန်င်ယှိဝ်ယှုနဲ့ ကျဲန်င်ကွေ့တို့ မျက်နှာမှာ စိုးရိမ်စိတ် သန်းနေတာကို သတိမထားမိပါ။ ဂျပန်တွေကျွေးတဲ့ အကောင်းဆုံးအစာကို စားပြီး ပြတင်းက နေဝင်ပုံလှတာကို အရသာခံရင်း ပီတိအပြည့်နဲ့ အိပ်ရာဝင်ခဲ့ပါတယ်။

နောက်တစ်နေ့မှာတော့ ပျော်ချိန်မကျသေးဘူးလို့ စသိပါပြီ။ မနက်မျက်နှာသစ်ပြီး အပါးတော်မြဲ ဟိုကျိကျန်င်ကို ငါအပြင်ထွက်ပြီး ရှုမျှော်ခင်း ကြည့်မယ် အသင့်ပြင်လို့ ခိုင်းတယ်။ မျက်နှာပျက်ပျက်နဲ့ သူက အပြင်ထွက်ခွင့်မရပါလို့ ပြောတယ်။ ကျွန်တော်လည်း အံ့အားသင့်ပြီး အောက်ဆင်းပြီး အသေအချာ မေးစမ်းလို့ ခိုင်းတယ်။ ဒီအခါမှ ကုအိက္ကုအိကေဟိုတယ်မှာ ကျွန်တော့်ကို လှောင်ထားပြီလို့ အသေအချာ သိရတော့တယ်။ ဟိုတယ်နားကို လူစိမ်းမကပ်ရ၊ အောက်ထပ်ကလူ အပေါ်မတက်ရ။ ကျွန်တော့်အဖွဲ့ကလေးအတွက် သီးသန့်ထားပေးပါတယ်ဆိုပဲ။ မခံချင်စရာ အကောင်းဆုံးက တို့ကို အောက်ဆင်းခွင့် ဘာပြုလို့ မပေးရသလဲ ဆိုတဲ့အချက်ပဲပေါ့။ လောကျဲန်ယုကို ခေါ်စမ်းဆိုတော့ ဘယ်သွားနေမှန်းမသိဘူးတဲ့။ ကယဲန်င်ယှိယှုတို့သားအဖလည်း သိပ်စိတ်ဆိုးဟန်နဲ့ ဂျပန်တွေကို ချက်ချင်း အရေးဆိုပါလို့ ပြောကြတယ်။ ကျွန်တော်တို့နဲ့အတူ ရှိနေတဲ့ ရာထူးကြီးကြီးကောင်တွေကတော့ ကအေအိစိမိနဲ့ အမကုစု။ ကျိကျိကျန်က ကအေအိစုမိကို ခေါ်လာတယ်။ မျက်နှာတစ်ခုလုံးချိုလို့။ လုံခြုံရေးအတွက်ပါ ကိုယ်တော်ကြီးလို့ ဂျပန်သံနဲ့ တရုတ်လို

ပြောလာပါတယ်။ ဒီလို ဘယ်လောက်ကြာကြာ ထားမလဲလို့ ကျဲနိင်ယိုဝ်ယုက မေးတော့ ဗိုလ်မှူးကြီး အိတဝတိရဲ့ အဆုံးအဖြတ်ပေါ်မှာ တည်ပါသတဲ့။ ယိုယာကော၊ ငါ့ကို ဖုန်င်တီအင်ကို သူလိုက်ပို့မယ်ဆိုလို့ မေးပြန်တော့ ဒါလည်း ဗိုလ်မှူးကြီးရဲ့ အဆုံးအဖြတ်ပေါ်မှာ တည်တယ်လို့ ဆိုပြန်တယ်။ လောကျဲန်ဟုက အခု ဖုန်င်တီအင်ကို သွားပြီး ဗိုလ်မှူးကြီးနဲ့ပဲ တိုင်ပင်နေပါတယ်။ နိုင်ငံသစ်ထူထောင်ရမယ့်ပုံစံကို ဆွေးနွေးကြပြီးလို့ရှိရင် လောဘဲလာပြီး ကိုယ်တော်ကြီးကို ဖုန်င်တီအင်ကို ခေါ်သွားပါလိမ့်မယ်တဲ့။ ဒါ ဘယ်ကောင်းမလဲဆိုပြီး ဒေါပါပါနဲ့ ကျဲနိင်ကွေ့က ဝင်ပြောပြီး လှည့်ထွက်သွားတယ်။ ဒီလိုနန်းခလေ့တွေကို ဖျက်ပြီး ရိုင်းပျတဲ့အတွက် ကျွန်တော် လည်း အံ့အားသင့်နေမိတယ်။ ကအေအိစုစကားထဲမှာ နိုင်ငံသစ် ထူထောင်ရမယ့် ပုံစံရယ်လို့ ပါနေတာဟာ ဆန်းတယ်။ ဒေါ်အိဟရနဲ့ ယိုယာတို့က ဆွေးနွေးစရာ ပြဿနာမရှိ။ နန်းသိမ်း လာပါတော့လို့ ပြောပြီးပါရက်နဲ့ အခုဘာဖြစ်နေပြန်ပြီလဲလို့ မေးတဲ့အခါ ဒါလောက်ကြီးကျယ်တဲ့ကိစ္စဟာ အပြောလွယ်သလောက် လက်တွေ့ ခက်ပါတယ်။ သည်းခံပါကိုယ်တော်ကြီး၊ အချိန်တန်တော့ ပင့်ပါလိမ့်မယ်လို့ ဝိုးတိုး ဝါးတား ခပ်ဖြန်းဖြန်းဖြေပါတယ်။ ဘယ်ကိုပင့်မှာလဲ၊ ဖုန်င်တီအင်ကို မဟုတ်လား လို့ ကျဲန်ကွေ့ရောက်လာပြီး ဝင်မေးပြန်တယ်။ ဒါလဲ ဗိုလ်မှူးကြီးအပေါ်မှာတည်ပါ တယ်တဲ့။ ကျွန်တော် စိတ်ဆိုးလွန်းလို့ ထခဲ့ပြီး နောက်တစ်ခန်းကနေ တုန်င်ကျိယုကို ခေါ်လိုက်တယ်။ မင်းရှဲန်ယန်င်ကနေပြီး "အားလုံး အသင့်ရှိပါပြီလို့" ဘာပြုလို့ သံကြိုးရိုက်ရသလဲလို့ စစ်ဆေး၊ ယူအန်ကျိန်ကိုင်ကခိုင်းလို့ ရိုက်ရပါတယ်လို့ ဖြေတယ်။ ကိုယ်တိုင်ဘာမျှမသိပါတဲ့။ ရှဲန်ယိန်ယိင်ကို ကိုင်း ဘယ့်နဲ့လုပ်ကြမလဲလို့ မေးတော့ ဘာမှ ကွဲပြားအောင် မပြောတတ်ဘူး။ သူ့မှာ နတ်ခဲတန်သာပါလာရင် ဗေဒင်တွက်ကြည့်ရ အကောင်းသားဆိုပဲ။

ဒီအချိန်မှာ ဂျပန်တွေဟာ ထွေးလုံးရစ်ပတ်နဲ့ ဘာမှ ပီပီသသ မလုပ်တတ် တဲ့အချိန် ဖြစ်နေတယ်လို့ နောက်မှသိရပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးမှာ ဂျပန်ကို ဆက်ဆံမယ့်သူမရှိဖြစ်နေတယ်။ သူတို့ဂျပန်ချင်းလည်း ဒီကိုလိုနီသစ်ကို ဘယ်ပုံစံ အုပ်ချုပ်ရမလဲလို့ အယူအဆ ကွဲလွဲပြီး ရန်ဖြစ်နေကြတယ်။ ဒါကြောင့် ကွမ်တုန်င်စစ်တပ်က ကျွန်တော်ကို စင်မတင်သေးတာဖြစ်တယ်။ ကျွန်တော့်ခေါင်းထဲမှာ ကတော့ ဒါလောက် နက်နဲတဲ့ အသိဉာဏ်မရှိ။ ဂျပန်တွေ တီအင်ကျင်တုန်းကလို ငါ့ကို ရိုသေလေးစားတာ မတွေ့ဘူး။ ကအေအိစုမိဆိုတဲ့ အကောင်ကတောင် စတွေ့စနဲ့ အခု မတူဘူး။ ဒီမှာပဲရပ်တယ်။ ဒီလို ဝတ်ဆံမကြေဘဲ သတင်းတစ်ပတ်နေ ပြီးမှ အီဟဂကိက ကျွန်တော့်ကို လူရှုန်ပြောင်းနေပါလို့ တယ်လီဖုန်းနဲ့ ပြောပါတယ်။

အခုအထိ ရှဲန်ယန်င်ကို ဘာပြုလို့ မပို့သေးသလဲ။ ကအေအိစုမိက အပြုံး မပျက်ဘဲ အိတဂတိ ရှင်းပါလိမ့်မယ်တဲ့။ လူရှုန်ကို ဘာပြုလို့သွားရမှာလဲဆိုတော့ ဒီမှာ "လူဆိုးဓားပြ" ဘေးရှိတယ်။ လူရှုန်က မြို့ကြီးဆိုတော့ ပိုကောင်းမယ်တဲ့။

ဒါလောက်သိရ တော်ရောပေါ့ဆိုပြီး ရထားနဲ့ လိုက်သွားလို့ နောက်တစ်နေ့မနက် လူရှန်ကိုရောက်တယ်။

ဂျပန်ယမယော ဟိုတယ်မှာနေရတယ်။ ထုံးစံအတိုင်း အထက်ထပ်တစ်ထပ်လုံး ကျွန်တော်တို့လူစုအတွက် သီးသန့်ပေးထားတယ်။ အောက်ကလူ အပေါ်မတက်ရ အပေါ်လူ အောက်မဆင်းရ။ နိုင်ငံသစ်အကြောင်း ဆွေးနွေးဆဲ။ အချိန်တန်တော့ လာခေါ်ပါလိမ့်မယ်။ ဖင်တကြွကြွဖြစ်မနေနဲ့လို့ ဆိုလိုတယ်။ ရက်နည်းနည်းကြာတော့ ကျဲန်င်ယှိဝ်ယှုသားအဖလည်း လောကျဲန်ယုရတဲ့ အခွင့်အရေးရလို့ အတားအဆီးမရှိ အပြင်ကို ထွက်ကြရပါတယ်။ တလိအင်ကိုတောင် သွားနိုင်တယ်တဲ့။ ကျဲန်င်ယှိဝ်ယှုဟာ မျက်နှာမသာဘူး။ ပြီးတော့ လောကျဲန်ယုနဲ့ တစ်လေတည်း ဖြစ်လာပြီ။ ဒီနေရာမှာ ကိုယ်တော်ကြီးကို သူများအမြင်ခံလို့ မတော်ပါဘုရား။ နည်းနည်းသည်းခံပြီး စောင့်ပါဘုရား။ ကိုယ်တော်ကြီး နန်းသိမ်းပွဲကို အမတ်ကြီးများ ပြည့်စုံအောင်စီမံဖို့ အချိန်ပေးပါဘုရားနဲ့ပေါ့။ သူကပါ လိုမ့်တယ်။ ကိုယ်တိုင် အပြင်မထွက်သင့်ရုံမဟုတ်။ ဟိုလူ ဒီလိုလည်း အခစားဝင်ခွင့် မပြုပါနဲ့ဦးတဲ့။ ကွမ်တုန်င်တပ်က အိမ်ရှင်၊ ကိုယ်က ဧည့်သည်။ ဒီတော့ ဧည့်သည်ဟာ အိမ်ရှင်ထားသလို နေသင့်သေးတယ်လို့ ပြောပါတယ်။ မကျေနပ်ပေမယ့်လည်း တခြားအဖြေမရှိ။ စောင့်သေးတာပေါ့။

ကိုယ်တော်ကြီးလို့ခေါ်ပြီး အရိုသေပြုချင်နေတဲ့လူတွေဟာ ကျွန်တော့်ကို တကယ်တော့ ဖဲထုပ်ထဲက ကင်းလို့ပဲ သဘောထားနေကြတယ်။ အနောက်နိုင်ငံတွေက ဝိုင်းတွယ်။ ပြည်တွင်းမှာ ငြင်းခုံနေကြ။ ဒီတော့ကျွန်တော့်ကို ဖဲကျောင်က အင်္ဂျီလက်ကပ်ထဲမှာ ရှိထားသေးတယ်။ ပိုင်ပြီဆိုမှ ထုတ်ချမယ်။ ကျဲန်င်တို့ လောတို့ကလည်း သူတို့ကိုယ်ကျိုးမိလောက်မှ ထုတ်ချမှာပဲပေါ့။ ဒါ့ကြောင့် ကျွန်တော့်ကို သူတို့ ဝိုင်းဖွက်ကြတာ။ ကျွန်တော် တန်င်တန်င်ချိမှာ နေခဲ့တုန်းက ဂျပန်က ပိတ်ပင်ထားတာကို အခွင့်ကောင်းယူပြီး လောကျဲန်ယုဟာ ကျွန်တော်ဘယ်သူနဲ့မှ အဆက်အသွယ်မရအောင် လုပ်ထားတယ်။ ကျဲန်င်ယှိဝ်ယှုနဲ့ ကျွန်တော်တို့ကို ကွမ်တုန်င်တပ်နဲ့ အဆက်အသွယ်ကိုတောင် သူက ဖြတ်ပစ်ထားတာကို ခံခဲ့ရတယ်။ လူရှန်ရောက်လို့ ကျဲန်င်ယှိဝ်ယှု အပြင်ထွက်ရတဲ့အခါ ကျွန်တော့်ကို ခဏချောင်ထိုးပြီး ဂျပန်ဆီမှာ သူတို့နှစ်ဦး တစ်ယောက်ထက်တစ်ယောက်က ပိုပြီး မျက်နှာသာရအောင် ပြိုင်ဆိုင်ကြတယ်။ နောက်နှစ်ယောက်ပေါင်းပြီး တတိယတစ်ယောက် ပေါ်မလာအောင် ပိတ်ပင်ကြတယ်။

ကျွန်တော်က ဒါတွေ ဟိုတုန်းက ကုန်အောင်နားမလည်။ လောနဲ့ ကျဲန်င်သားအဖဟာ ဂျပန်နဲ့တွဲပြီး ငါ့ကို တခြားဘယ်သူနဲ့မှ မတွေ့ရအောင် လုပ်ထားတယ်လို့ပဲ ထင်ခဲ့တယ်။ သူတို့က တုန်င်ကျိယှုနဲ့ ရှန်ယဲန်ယိင်ကိုတော့ နည်းနည်းမှ မမှုဘူး။ ဒီလူတွေက ဗေဒင်လောက်ပဲ တွက်တတ်တာ။ တီအင်ကျင်က လိုက်လာတဲ့လူတွေကိုတော့ လုံးဝ ဝင်ခွင့်မရအောင် လုပ်ကြတယ်။ ကျွန်တော့်မယား ဝန်ရုန်

ကိုတောင် ခပ်ရိုင်းရိုင်းပြောပြီး ပြန်နှင်တယ်။

ကျွန်တော် တီအင်ကျင်ကထွက်မလာမီ အမိန့်ပြန်တမ်းတစ်ခု ရေးပြီး အစေခံတစ်ယောက်ကို ဟူဇီယွန်ကို ပေးလိုက်လို့ ခိုင်းခဲ့တယ်။ အဲဒီအထဲမှာ ဟူဇီယွန်ကို အရှေ့မြောက်လိုက်ခဲ့ (ကျဲန်ပဝ်ရှဲ့န်ရဲ့တူ) ကျဲန်ကျန်ရှိုက ဝန်ရှန်ကို လိုက်ပို့လို့လည်း တာဝန်ပေးတယ်။ ကျွန်တော် လူရှန်မှာရှိတယ်လို့ ကြားတဲ့အခါ သူတို့က အနားမှာရှိတဲ့ တလီအင်ကို လိုက်လာကြတယ်။ လောကျဲန်ယုက ကွမ်တုန်ငစစ်တပ်အမိန့်ဆိုပြီး သူတို့ လူရှန်ရောက်အောင် မလာရလို့တားတယ်။ ဝန်ရှန်က ဒါကိုမသက်ာဘူး။ ဒီတော့ ဟစ်ငိုတယ်။ ဒါကြောင့်မို့ လူရှန်ပို့ပြီး ကျွန်တော်နဲ့ တစ်ခါပဲ ဝင်တွေ့ခွင့်ပေးတယ်။ နောက်တစ်လလောက် ကြာတဲ့အခါ ကွမ်တုန်ငတပ်က ကျွန်တော့်ကို အရင်မင်းသားစု ရဲ့ သားတစ်ယောက်အိမ်မှာ ရွှေ့ထားတော့မှ ဝန်ရှန်ရယ် ကျွန်တော့် ဒုတိယနဲ့ တတိယ ညီမတွေရယ် ကျွန်တော်နဲ့ အတူတူလာနေခွင့် ရကြတယ်။

ကျွန်တော်က ကျဲန်ကျန်ရှို၊ ဟူဇီယွန်တို့ကိုလည်း ခေါ်ထားချင်လို့ ကျဲန်ငယိုဝ်ယုကိုပြောတော့ သူက ကွမ်တုန်ငတပ်မိန့်မှာ သူရယ်၊ သူ့သားရယ်၊ လောကျဲန်ယုရယ်၊ ဝန်ရှဲန်ငရှိရယ် ဒါပဲ အတူနေခွင့်ပြုတယ်လို့ ပြန်ပြောတယ်။ ဒီတော့ အတူရှိတဲ့ ဂျပန်နှစ်ကောင် (အမကစုနဲ့ အေအိစုမိ)ကို လုပ်ပေးခိုင်းလို့ဆိုတော့ ဟူဇီယွန်ဟာ ကျွန်တော့်ကို တစ်ကြိမ်ပဲ ဝင်တွေ့ခွင့်ရတယ်။ ဒါတောင် တွေ့ပြီး တအီလင်ကို ချက်ချင်း ပြန်သွားခိုင်းတယ်။

ဟူဇီယွန်ဟာ ကျွန်တော့်ကို တွေ့တွေ့ချင်း နှစ်ပေါင်းအကြာကြီး အစေအပါး ခံခဲ့တဲ့လူကိုတောင် တွေ့ခွင့်မပေးကြပါလားလို့ဆိုပြီး ငိုတယ်။ ဒီအခြေအနေကို သိလာတော့ ကျွန်တော်လည်း ကြောက်မိတယ်။ သူ့ကိုပဲ အခြေအနေကောင်းတဲ့အခါ ချက်ချင်းအမိန့်နဲ့ သူနဲ့ ကျဲန်ကျန်ရှို့ကို အပါးတော်ခေါ်ယူပါ့မယ်လို့ပြောပြီး ချော့လွှတ်ရတယ်။ ဒီတော့ သူက ကျဲန်ယိုဝ်ယုနဲ့ လောကျဲန်ယုတို့ဟာ အကောက်ဉာဏ်နဲ့ သူတို့ တစ်တွေပဲ အခွင့်အရေးများများလိုချင်လို့ "လူရင်းလူကောင်း"တွေကို ကန်ထုတ် နေတယ်လို့ တိုင်ပါတယ်။

သူတို့လူစုကတော့ လောကျဲန်ယုနဲ့ ကျဲန်ယိုဝ်ယုတို့ကို နိုင်အောင် မပြိုင်နိုင် ကြပါ။ ကျွန်တော်လူရှန်ကို ရောက်လို့ နှစ်လကြာတော့ ကျဲန်ပဝ်ရှဲ့န် လိုက်လာတယ်။ ကွမ်တုန်ငတပ်မှာ တစ်ဦးတည်း မျက်နှာသာရအောင် လောကျဲန်ယုနဲ့ပြိုင်ပြီး အနိုင် ရထားတဲ့ ကျဲန်ငယိုဝ်ယုဟာ ရန်သူတစ်ယောက် အလာမခံဘူးပေါ့။ နှစ်ရက်ပဲကြာတယ် ကျဲန်ပဝ်ရှဲ့န် ပြန်ရတယ်။

အရှေ့မြောက်ကို ကျွန်တော်ရောက်လို့ သိပ်မကြာခင်မှာပဲ လောကျဲန်ယုနဲ့ ကျဲန်ငယိုဝ်ယုတို့ နောက်ဆုံးစစ်ကို တိုက်ပြီးတယ်။ ပထမတော့ လောကျဲန်ယုက သာနေတယ်။ ဒါပေမယ့် ဂျပန်နဲ့ စေ့စပ်ကြတဲ့အခါ သူက ကျိန်ငနန်းရှီးကို ပြန်တင် ဖြစ်အောင်တင်မယ်လို့ ဈေးကိုင်ထားတော့ ဂျပန်က မကြိုက်လို့ ကျွန်တော်တို့ လူရှန်

ရောက်တဲ့အခါ ဂျပန်က ဆွေးနွေးပွဲတက်ဖို့ ကျဲနိုင်ယိုဝ်ယုကိုပါ ဖိတ်တယ်။ လော အံ့အားသင့်သွားတယ်။ ကျဲနိုင်ရဲ့ တိုကျိုမှာရှိတဲ့ အဆက်အသွယ်တွေ ရဲ့အကြောင်းနဲ့ တီအင်ကျင်တုန်းက ကအေအိစုမိနဲ့ ကျဲနိုင်အဆက်ရှိတာကို သူမသိဘူး။ ကျွန်တော် လူဝင်ခက်နန်းမြို့က ထွက်ခဲ့တုန်းက လောကျဲန်ယုကစပြီး ဆက်သွယ် ထားတဲ့ ဗိုလ်မှူးကြီး တကေမောတောကို ကျဲနိုင်က ဝင်ပြီးမိတ်ဖွဲ့လို့ အောင်မြင်သွား သလိုပဲ အခု လောရဲ့ တအေအိစုမိကို ကျဲန်ယုဝ်ယုက မိတ်ဆွေရင်းဖြစ်အောင် လုပ် နိုင်ပြန်တယ်။ စကားနည်းနည်းပြောကြည့်ရုံနဲ့ ကျဲနိုင်ယုဝ်ယုသားအဖဟာ လောကျဲန် ယုထက် "လိုသလိုပုံသွင်းဖို့" ပိုလွယ်တယ်လို့ အမကစုကလည်း သိတယ်။ လော ကျဲန်ယုက ကျိုနိုင်ဇကရာဇ်အဆောင်အယောင် အခမ်းအနားပါရမယ်လို့ တောင်းဆိုချက် ပြင်းထန်နေတုန်းပဲ။ တကယ်က ကျဲနိုင်ယိုဝ်ယုလည်း ကွမ်တုန်င်အင် ကျွန်တော့်ကို "မန်ကျူလူများနဲ့ မောင်ဂိုလူများသမ္မတနိုင်ငံမှာ သမ္မတ" ခန့်မယ်လျာထားတယ်လို့ ကြားတဲ့အခါ တော်တော်ပဲ တုန်လှုပ်သွားပါတယ်တဲ့။ ဒါပေမယ့် မီးစဉ်ကြည့်ကရမယ် လို့ သူက မြန်မြန် သဘောပေါက်လွယ်တယ်ဆိုပါတော့။ ဂျပန်က ဧကရာဇ်မကြိုက်ရင် သူကလည်း ဇွတ်မတင်ဘူးပေါ့။ သူ့ကိုသာ ဝန်ကြီးချုပ် ရာထူးအတွက် ဂျပန် အာမခံမယ်ဆိုရင် သူက ကျွန်တော့်ကို သမ္မတရာထူးလက်ခံအောင် တိုက်တွန်းပေးနိုင် တယ်လို့ အာမခံလိုက်တယ်။

"မန်ကျူကော့"ရယ်လို့ ဖြစ်လာတော့ လောကျဲန်ယုဟာ သူတို့ပေးတဲ့ရာထူး ကို နည်းတယ်ထင်ပြီး ရှေးပစ္စည်း ရောင်းတဲ့ အရင်လုပ်ငန်း ပြန်လုပ်နေတယ်။ ကျဲနိုင်ယုဝ်ယုက ရပ်သေးဝန်ကြီးချုပ် ဖြစ်လာပါတယ်။

## စိတ်ပျက်ရပြီ

ကျွန်တော် လူရှန်ကိုရောက်လာတဲ့အချိန်မှာ အတော်ကို စိတ်ချောက်ချား ရတယ်။ ကျွန်တော့်ကို ပိတ်လှောင်ထားလို့ရယ်မဟုတ်ပါဘူး။ ကအေအိစုမိတို့ ဂျပန်တွေက နိုင်ငံသစ်ပုံစံကို ကွမ်တုန်င်တပ်က အခုထိ ဆုံးဖြတ်ချက် မချရသေးဘူးလို့ ပြောကြတဲ့အတွက်ပါပဲ။ သဘော်ဆိပ်မှာ ဘယ်သူမှ မကြိုတာထက်ပိုပြီး ဒါက ဆိုးတယ်။ "ပြင်ဆင်မှုတွေဟာလည်း အသင့်မရှိသေး"။ ကျွန်တော်ရောက်နေပြီလို့ လည်း "မကြေညာရသေး"။ ဒါ့အပြင် နိုင်ငံသစ်ပုံစံဆိုတာကလည်း ကျွန်တော် သိပ်ပြီး နားမရှင်းဘူး။ မဆုံးဖြတ်သေးဘဲနဲ့ ဒေါ်အိဟရက ဘာပြုလို့ ကျွန်တော့်ကို အရှေ့မြောက် အရောက်ခေါ်လာရသေးလဲ။

ကျဲနိုင်ယိုဝ်ယုနဲ့ ကအေအိစုမိတို့အပြောက ဒေါ်အိဟရက မညာဘူး။ ကွမ်တုန်င်တပ်က ဧကရာဇ်ကို နန်းတင်ဖို့ ထောက်ခံလျက်ပဲတဲ့။ ဒါပေမယ့် ဒီကိစ္စ က မန်ကျူလူများအရေးမို့ မန်ကျူတိုင်းသူပြည်သားနဲ့ အပြေအလည် ပြောကြဆိုကြရလို့

ရက်ရွှေ့ပြီး ဆုံးဖြတ်ချက်မကျ ဖြစ်နေသေးတာပါပဲ။

၁၉၃၂ ခု၊ ဖေဖော်ဝါရီ၁၉ မှာ "အရှေ့မြောက်အုပ်ချုပ်ရေး ကော်မတီ"က အရှေ့မြောက်မှာ သမ္မတနိုင်ငံတည်ထောင်မယ်လို့ ဆုံးဖြတ်တဲ့သတင်း ထွက်လာပါပြီ။ ကော်မတီထဲမှာ အထက်တန်းအရာရှိကြီးတွေ ပါတယ်။ ဥက္ကဋ္ဌက ကျန်ႏၵကျိန်ပေ့ ဖြစ်တယ်။ သူတို့ ဆုံးဖြတ်တာကို ဂျပန်ဆီတင်ပြရတယ်။ အဲဒီအဖွဲ့ကပဲ အဲဒီနေ့မှာ "လွတ်လပ်ရေး ကြေညာစာတမ်း" ထုတ်ပြန်လိုက်သေးတယ်။ ကျွန်တော်တို့ လူစုထဲမှာ ကျဲနင်ယုဝ်ယုတို့သားအဖကလွဲရင် အားလုံး စိတ်ဆိုးကြတယ်။ ပြီးတော့ ရှေ့ ဘာဖြစ်ဦးမလဲလို့ တွေးပြီးကြောက်ကြတယ်။

ကျွန်တော်လည်း စီးကရက်တွေ မီးညှိလိုက်၊ ခါးလယ်က ချိုးပစ်လိုက်၊ အရှုးလို အခန်းထဲမှာပဲ အထက်အောက်လျှောက်လိုက်နဲ့ ဒေါ်အိဟာရတို့ အီတာဂတိတို့ ကို မုန်းတီးရွံရှာစိတ်တွေ ပွားနေပါတယ်။ ကြည့်လက်စ ဗေဒင်စာအုပ်ကို ကြမ်းမှာ ပစ်ချမိတယ်။ ငြိမ်းအေးဥယျာဉ်ကို သတိရပြီး ကေရာဇ်မဖြစ်ရလည်း ပြည်နှင်ခံရသူ အနေနဲ့ သက်သက်သာသာ နေရတဲ့ဘဝကမှ ကောင်းဦးမယ်။ နန်းတွင်းပစ္စည်းတွေ တဖြည်းဖြည်း ထုခွဲရောင်းချပြီး နိုင်ငံခြားမှာ ပျော်နေတာကမှ ကောင်းဦးမယ်။ ကွမ်တုနိုင်တပ်ကို တောင်းဆိုချက်ရရင် တီအင်ကျင်ကို ပြန်မယ်လို့ပြောဖို့ ဆုံးဖြတ်တယ်။ လောကျဲန်ယုရော ကျန်ႏၵင်ယုဝ်ယုပါ ဒီလိုပြောတာကို မကန့်ကွက်ကြဘူး။ လောက အီတာဂတိဆီကို လက်ဆောင်ပို့ပါလို့ ပြောလို့ ကျွန်တော်နဲ့အတူပါလာတဲ့ အဖိုးတန်ပစ္စည်းတစ်ခုကို သူ့ပဲပေးပြီး လွှတ်လိုက်တယ်။ အဲဒီလို ပြောနေကြတုန်း အီတာဂတိက တိုင်ပင်စရာရှိလို့ ကျဲန်င်နဲ့လောကို တယ်လီဖုန်းနဲ့ ခေါ်လိုက်ပါတယ်။ ကျွန်တော်က ကျဲန်ကျန်ရှိကို(ကျိုန်င်မင်းရိုးကို နန်းတင်တဲ့) "လမ်းမှန်"ကို ဘာကြောင့် လိုက်နာရမယ်ဆိုတဲ့ အကြောင်းပြချက်တွေကို ချပြီး ရေးခိုင်းပြီး အီတာဂတိဆီကို ကျဲန်င်နဲ့လောက တစ်ပါတည်းယူသွားလို့ ပေးလိုက်တယ်။ နားလည်အောင်ရှင်းပြ၊ ဒီအတိုင်းလိုချင်တယ်ဆိုတာလည်း လျှော့မပေးဘဲပြောလို့ မှာလိုက်သေးတယ်။

တစ်ဆယ့်နှစ်ချက်ပါတယ်။ နောက်ဆုံးလေးချက်က ကျဲန်ကျန်ရှိ ဖြည့် ထည့်တယ်။

၁။ ရှေးနှစ်ပေါင်းငါးထောင်ကျော်ကစပြီး အရှေ့အာရှမှာ လိုက်နာလာကြတဲ့ လူ့ကျင့်ဝတ်ကို လေးစားမယ်ဆိုရင် လမ်းမှန်ကို မသုံးမဖြစ်ပါ။

၂။ **မင်းတို့ကျင့်စဉ်**[၁]နဲ့ လူ့ကျင့်ဝတ် နည်းလမ်းစည်းကမ်းကို ဆောင်ရွက်ဖို့ လမ်းမှန်ကို မသုံးမဖြစ်ပါ။

---

၁။ ရှေးတရုတ်မှာရှိတဲ့ ကွန်ဖြူးရှပ် နိုင်ငံရေးအတွေးအခေါ်ဖြစ်တယ်။ ပဒေသရာဇ်ဟာ နိုင်ငံကို "ကြင်နာစိတ်"၊ "တရားနည်းလမ်း ချလိုစိတ်"နဲ့ အုပ်စိုးရင် "မင်းတို့ ကျင့်စဉ်"မှန်တယ်လို့ ယူဆတယ်။

၃။ နိုင်ငံအုပ်ချုပ်ရာမှာ ပြည်သူက ရှိသေပြီး ယုံကြည်ဖို့အတွက် လမ်းမှန်ကို မသုံးမဖြစ်ပါ။

၄။ တရုတ်နဲ့ဂျပန်ဟာ သားချင်းနိုင်ငံတွေဖြစ်တယ်။ ဒီနှစ်နိုင်ငံ အတွဲလိုက် အကြာအရှည် မပျက်မစီး ကြီးပွားဖို့ လိုလားရင် ရှေးရှေးကပဲ လေးစား လိုက်နာတဲ့ ကျင့်ဝတ်တွေကို ဆက်ပြီး လေးစားရမယ်။ လူနှစ်မျိုးဟာလည်း တစ်စိတ်တစ်ဝမ်းတည်း ထားရမယ်။ အဲဒါတွေဖြစ်ဖို့လည်း လမ်းမှန်ကို မသုံးမဖြစ်ပါ။

၅။ အနှစ်နှစ်ဆယ်ကျော်ကျော် တရုတ်နိုင်ငံဟာ ဒီမိုကရေစီရဲ့ အဆိုးဒဏ်ကို ခံခဲ့ရပါပြီ။ တစ်ကိုယ်ကောင်းကြံတဲ့လူနည်းစုကလွဲလို့ လူအများဟာ သမ္မတနိုင်ငံကို မုန်းတယ်။ ကျိန်င်နန်းရိုးကို ပြန်ပြီးလိုချင်နေတယ်။ ဒါ့ကြောင့်လဲ လမ်းမှန်ကို လိုက်နာသုံးစွဲဖို့ ရှောင်မရနိုင်ပါ။

၆။ မန်ကျူးနဲ့ မောင်ဂိုအမျိုးသားတွေဟာ ရှေးထုံးကို အင်မတန် လေးစားကြ တယ်။ သူတို့သစ္စာခံလာတာကို အလိုရှိရင် လမ်းမှန်ကို မသုံးမဖြစ်ပါ။

၇။ သမ္မတနိုင်ငံစနစ်နယ်ကျယ်လေလေ အလုပ်လက်မဲ့ဦးရေ တိုးလေလေ။ ဒါဟာ ဂျပန်လက်နက်နိုင်ငံရဲ့ အန္တရာယ်ကြီး ဖြစ်လာနိုင်တယ်။ တရုတ်နိုင်ငံ မှာ ဧကရာဇ်စနစ်ကိုပြန်ပြီး ထူထောင်ရင် ဒီနိုင်ငံကြီး နှစ်နိုင်ငံမှာလူတွေရဲ့ လောကီရေး လောကုတ္တရာရေး သာယာကောင်းမွန်သွားမယ်။ ဒါကြောင့် လမ်းမှန်ကို မသုံးမဖြစ်ပါ။

၈။ တရုတ်နိုင်ငံမှာ ကျိန်င်နန်းရိုးကြီးဟာ အနှစ်နှစ်ရာကျော်၊ မန်ကျူးလျားမှာ အနှစ်တစ်ရာကျော် ထင်ရှားခဲ့ပြီးပါပြီ။ လူတွေရဲ့ နေ့စဉ် စားဝတ်နေရေးကို ထိမ်းပေးဖို့နဲ့ စိတ်ဓာတ်ကြံ့ခိုင်ဖို့၊ နိုင်ငံအနှံ့ ငြိမ်းအေးဖို့၊ အရှေ့တိုင်း စိတ်ဓာတ်ရှင်သန်ဖို့။ ဘုရင်စနစ်ပြန်လည် ထွန်းကားဖို့။ နှစ်နိုင်ငံလုံးမှာ ဧကရာဇ်ပုံစံခိုင်မြဲဖို့။ လမ်းမှန်ကို မသုံးမဖြစ်ပါ။

၉။ ဧကရာဇ်မေအီဂျီရဲ့ မင်းတို့ကျင့်ရိုးနဲ့ စတင်စိုးမိုးချိန်ကစပြီး ဂျပန်ဟာ ကြီးကျယ်လာပါတယ်။ သူထုတ်ပြန်တဲ့ အမိန့်တော်တွေမှာ လူကျင့်ဝတ် ခိုင်မြဲဖို့၊ အရှင့်ပေါ်မှာ သစ္စာတည်မြဲဖို့၊ တော်တဲ့ မှန်ကန်လိုစိတ်ရှိဖို့၊ အမြဲညွှန်ကြားတယ်။ သိပ္ပံပညာကို ဥရောပနဲ့ အမေရိကမှာ သင်ယူရမယ့် လူ့ကျင့်ဝတ်ကိုတော့ ကွန်ဖြူးရှပ်နဲ့ မဲန်စီယပ်စ်တို့ကို အခြေခံရပါတယ်။ အရှေ့တိုင်းရဲ့ ရှေးစိတ်မာန်ကို ဆက်လက် ရှင်သန်စေပြီး ဥရောပရဲ့ ကူးစက်တတ်တဲ့ မနှစ်သက်စရာ အမူအကျင့်တွေကို တားဆီးပေးနိုင်ခဲ့လို့ လူကြီးကို လူငယ်လေးစားပြီး ခေါင်းကိုထိမှာစိုးလို့ လက်က အလိုလို ကာပေးသလို တိုင်းပြည်ကို ကာကွယ်ခဲ့ကြပါတယ်။ ဒါကြောင့်လဲ ဧကရာဇ်ကို ကျွန်တော် ချစ်မြတ်နိုးတယ်။ ဧကရာဇ်ကြီး မေအီဂျီလမ်းကို

လိုက်မယ်ဆိုရင် လမ်းမှန်ကို မသုံးမဖြစ်ပါ။

၁၀။ မောင်ဂိုမင်းသားတွေဟာ ရေးဘွဲ့တွေသုံးကြတုန်းပဲ။ သမ္မတနိုင်ငံဖြစ်လို့ အဲဒီဘွဲ့တွေ ဖျက်ပစ်ရင် သူတို့မကျေမနပ်နဲ့ ဆက်ပြီး သူတို့အပေါ်မှာ အုပ်စီးထားဖို့ မလွယ်ဘူး။ ဒါကြောင့် လမ်းမှန်ကို မသုံးမဖြစ်ပါ။

၁၁။ အရှေ့ဖက်တိုင်းသုံးတိုင်း (အရှေ့မြောက်)မှာ နေထိုင်တဲ့လူ သုံးကုဋေကျော်ရဲ့ ကောင်းစားရေးအတွက် ဂျပန်က ကူညီလိုက်ပုံကို အများကြီး ကျေးဇူးတင် ချီးမွမ်းမိပါတယ်။ တကယ်ကတော့ ဒီသုံးကုဋေကျော်နေတဲ့ တိုင်းသုံးတိုင်းကို အခြေခံထားပြီး အခု တစ်နိုင်ငံလုံးမှာ ကျရောက်နေတဲ့ဘေးဆိုးကြီးက ကယ်တင်ပေးစေလိုပါတယ်။ အဲဒီတော့မှ အရှေ့အာရှမှာ အတူကြီးပွားပြီး အားလုံး မသေမပျော် ဘေးလွတ်မယ်။ ဒီကိစ္စဟာ ဂျပန် ရဲ့ လူကိုးကုဋေနဲ့လည်း ဆက်သွယ်ပါဝင်နေတယ်လို့ ဆိုရမယ်။ ဒီတော့ ဒီနှစ်နိုင်ငံမှာ နိုင်ငံရေးစနစ်ဟာ တစ်နိုင်ငံ တစ်မျိုး မဖြစ်သင့်ပါဘူး။ နှစ်နိုင်ငံလုံး ကြီးပွားစေချင်ရင် လမ်းမှန်ဟာ မလိုက်လို့မဖြစ်တဲ့ လမ်းပါပဲ။

၁၂။ အလုပ်က အငြိမ်းစားယူခဲ့ရတဲ့ ၁၉၃၁ခုကစပြီး ပြည်သူလူထုနဲ့ ရင်းရင်းနှီးနှီး အနှစ်နှစ်ဆယ်နေခဲ့ရဖူးပါပြီ။ တစ်ဦးတစ်ယောက်ထဲပဲ ထွန်းကား တောက်ပြောင်စေရမယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုးမရှိပါ။ အများကို အန္တရာယ်က ကယ်တင်ချင်စိတ်ပဲ ရှိတယ်။ တစ်ယောက်ယောက်က ပြည်ကြီးဝန်ကို ထမ်းပြီး မွှေနှောက်နေတဲ့ မကောင်းဆိုးဝါးတွေကို သုတ်သင်ပေးနိုင်မယ်ဆိုရင် အခုလိုပဲ လူသာမန်ဘဝနဲ့ပဲ ဆက်နေပါမယ်။ ဒီလိုမဟုတ်လို့ တာဝန်ကို ဇွတ်အတင်း ပေးအပ်နေကြဦးမယ်ဆိုရင် ဘွဲ့လည်းမှန်ဖို့လိုမယ်။ အရာရှိခန့်ရေးနဲ့ တိုင်းပြည်အုပ်ချုပ်ရေးမှာ အာဏာအမှန်ရှိရမယ်။ ဒီလိုမှ မဟုတ်ရင် အနှစ်နှစ်ဆယ် ဖြစ်ချင်တိုင်း ဖြစ်လာတဲ့ အုပ်ချုပ်ရေးအညံ့ကို ဘယ်လိုလုပ်ပြီး သုတ်သင်မလဲ။ အုပ်ချုပ်တဲ့လူလို့ နာမည်သာခံစေပြီး အတားအဆီးတွေနဲ့ဆို လှည့်ပြီး ပိတ်ဆို့ထားမယ်ဆိုရင် ပြည်သူကိုလည်း ကူညီနိုင်မှာမဟုတ်တဲ့ပြင် သူတို့ကို ပိုပြီး နှိပ်စက်ရာ ရောက်ဦးမယ်။ မူလရည်ရွယ်ချက်မှာ ဒါမျိုးမဖြစ်စေချင်တာ အမှန်။ ပြီးတော့ စိတ်ထဲမှာလည်း မသန့်ဖြစ်မယ်။ ဒီနည်းနဲ့ဖြင့် တာဝန်မယူပါရစေနဲ့။ ကိုယ်ကျိုးကိုယ်စီးပွားလောက်ပဲ ကြည့်တဲ့လူဆိုရင်တော့ အနှစ်နှစ်ဆယ်ချောင်ထဲမှာ နေခဲ့ရလို့ ခုလို ဂုဏ်ကြီးတဲ့ အမည်ခံရာထူးကြီးမျိုးကို မက်မောမှာ အမှန်ပေါ့။ သမ္မတဖြစ်ဖြစ်၊ ရှင်ဘုရင်ဖြစ်ဖြစ် မမက်ပါဘူး။ လူတွေအတွက်၊ နိုင်ငံအတွက်၊ တရုတ်ဂျပန်နှစ်နိုင်ငံအတွက်၊ အရှေ့အာရှတစ်ခုလုံးအတွက်၊ ကိုယ်ကျိုးကိုယ်စီးပွား နည်းနည်းမှ မရောဘဲ ပြောချင်တာက လမ်းမှန်ကို မသုံးလို့မဖြစ်ပါ။

ကျဲနင်ယိုဝ်ယုပြာ ကျိနင်မင်းဆက်ကို ပြန်တင်ဖို့ ကျွန်တော်တောင်းဆိုတယ်လို့ အီတာဂတိကို တင်ပြမယ် အာမခံပေမယ့် မတင်ပါ။ ဂျပန်က နိုင်ငံသစ်ဟာ သမ္မတနိုင်ငံဖြစ်ရမယ်လို့ တင်ပြတာကိုသာ သူက လက်ခံတယ်။ အဲဒီ သမ္မတနိုင်ငံမှာ "အမှုဆောင်ချုပ်" ကျွန်တော့်ကို လုပ်ပါလို့ သူချော့ပြောပေးမယ်လို့ အာမခံတယ်။ သူက အီတာဂတိကို ကိုယ်တော်ကြီးကို စက္ကူအဖြူလို ယူဆပါ။ ခင်ဗျားတို့ ဘယ်အရောင်သုတ်သုတ် ရပါတယ်လို့ သူကပြောတယ်။ ဒါကို ကျွန်တော်နောက်မှပြန်ကြားရတယ်။ အဲသလို မသိတော့ သူတို့ကိုပဲ ဂျပန်လှည့်တိုင်း ခံရမလားလို့ ကြိမ်းမိပါတယ်။ ကျဲနင်ယိုဝ်ယုက ရာဇဝင်ဇာတ်ကြောင်းတွေ ပြန်ပြောပြီးချော့တယ်။ ဂျပန်ကို ဖွတ်တင်းရင် နန်းပြန်ရဖို့ မျှော်လင့်ချက် လုံးဝ ပျောက်သွား မှာစိုးရပါတယ်တဲ့။ ဒီလိုနဲ့ပဲ ကျွန်တော် မကျေနပ်ဖြစ်နေသေးတော့ အီတာဂတိကယနေ့ညနေတွေ့ဖို့ ချိန်းထားတယ် မဟုတ်လား။ တွေ့တော့ ကိုယ့်ဘာသာ ကိုယ်ပြောကြည့်လေလို့ ဆိုတယ်။ ပြောမယ် လာပစေလို့ ကျွန်တော် ဒေါသနဲ့ ပြန်ပြောလိုက်တယ်။

## အီတာဂတိနဲ့တွေ့

အီတာဂကိဆေအိရှိရောဟာ ၁၉၃၂ခု ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲပိုင်းမှာ ကျွန်တော်နဲ့ လာတွေ့တယ်။ ကွမ်တုနင်တပ် စကားပြန်ပါတယ်။ အရပ်တိုတို၊ ခေါင်းတုံးပြောင်ပြောင်၊ မုတ်ဆိတ်ကြင်စွယ်ကိုလည်း ပြောင်အောင်ရိတ်ထားလို့ မျက်နှာဟာ သွေးမရှိသလို ဖြူနေတာနဲ့ မျက်ခုံးမည်းမည်း နှုတ်ခမ်းမွေး ယဥ်စစဟာ တကယ့်ဆန့်ကျင်ဖက်ပါ။ တွေ့ဖူးသမျှ ဂျပန်အရာရှိတွေ့ထဲမှာ သူဟာ အဝတ်အစား အသပ်ယပ်ဆုံးပါ။ အင်္ကျီလက်ဖျားဟာ တောက်နေအောင်ဖြူတယ်။ ဘောင်းဘီခေါက်ရိုးလည်း ဓားသွားလို မြနေမယ်ထင်တယ်။ ဒီလို အကောင်းဝတ်ပြီး လက်ကလေးကို ခပ်သာသာပွတ်ရင်း စကားပြောလေ့ရှိတာကို မြင်ရတဲ့အခါ ဒီလူဟာ အထက်တန်းကျကျ ယဥ်ကျေးဖော်ရွေတယ်လို့ ယူဆမိကြမှာပါပဲ။

သူ့ဆီကို ပို့တဲ့လက်ဆောင်ရလို့ ကျေးဇူးတင်တယ်လို့ စပြောတယ်။ အခုလာရတဲ့ကိစ္စကတော့ ကွမ်တုနင်တပ်မတော်ကြီးရဲ့ သေနာပတိ ဗိုလ်ချုပ်ကြီးဟောနောက "မန်ကျူကော့နိုင်ငံသစ် တည်ထောင်ပြီး"တာကို အစီရင်ခံချေ လွှတ်လိုက်လို့ လာပြီး အစီရင်ခံပါတယ်တဲ့။ တစ်ချက်ချင်း ဖြည်းဖြည်း ဆက်ပြောသွားတာကတော့ မူလအခြေခံက ကျန်မျိုးတွေ မတရား မင်းလုပ်ပြီး တရားပျက်ကွက်လွန်းလို့ ပြည်သူက မကြည်ညိုတော့တာနဲ့ ဂျပန်အရှေ့မြောက် စီးပွားရေးမှာ အာမခံချက်ပျက်ကွက်သလို ဖြစ်လေတော့ ဂျပန်စစ်တပ်အနေနဲ့ ခုလို အခြေအနေကို သိမ်းရတာဟာ "တရား"ပါတယ်။ မင်းတို့ကျင့်မြဲ လမ်းစဉ်အတိုင်း နတ်ဘုံလောက် ကောင်းတဲ့နိုင်ငံ

တည်ဆောက်နိုင်အောင် မန်ကျူးအမျိုးသားတွေကို တကယ်တမ်း သစ္စာရှိရှိနဲ့ ဂျပန်က ဆက်ပြီး ကူညီဦးမှာပဲတဲ့။ သူပြောတာတွေကို လက်ခံတယ် ထောက်ခံတယ် ဆိုတာပြဖို့ ကျွန်တော်ကလည်း ခေါင်းတညိတ်ညိတ် လုပ်ရတာပေါ့။ ဒါမှလဲ သူပြောချင်တာ မြန်မြန်ကုန်ပြီး ကျွန်တော်မေးချင်တာ စရမယ်။ နောက်ဆုံး သူနိဂုံးချုပ်က မန်ကျူးတို့မြေလို့ အဓိပ္ပာယ်ရှိတဲ့ မန်ကျူးကော့လို့ နိုင်ငံသစ်ကို နာမည်မှည့်မယ်။ မြို့တော်အဖြစ် ကျန်ုင်ကျန်ကို ရွေးထားပြီ။ ဒါပေမယ့် မြို့တော်သစ်လို့ အဓိပ္ပာယ်ရှိတဲ့ ယုင်ကင်လို့ နာမည်ပြောင်းမယ်။ နိုင်ငံသားအနေနဲ့ မန်ကျူး ဟန်၊ မောင်ဂိုနဲ့ ကိုရီးယား၊ ဂျပန် အမျိုးသားတွေနေမယ်။ ဒီမြေပေါ်မှာ တိုင်းရင်းသားတွေနဲ့ အတူတူ အနစ်နာခံပြီး ဂျပန်က နှစ်ပေါင်းအကြာကြီး နေခဲ့ပြီးလို့ ဂျပန်ဟာလည်း ကျန်တိုင်းရင်းသားတွေကို ဥပဒေရေးရာမှာကော နိုင်ငံရေးအဆင့်အတန်းမှာရော တန်းတူ အကျိုးခံစားခွင့်ရှိရလိမ့်မယ်ထင်တယ်။ ဆိုလိုတာက အခုနိုင်ငံသစ်မှာ ဂျပန်လည်း ရာထူးဌာနန္တရဝင်ယူမယ်ဆိုရင် ယူခွင့်ရှိမယ်ပေါ့။

စကားပြန်က စကားပြန်လို့မပြီးခင် သူကဝင်ပြီး ဒီမှာ မန်ကျူးနဲ့ မောင်ဂို ပြည်သူတို့ရဲ့ လွတ်လပ်ရေးကြေညာချက်ပါ။ ဒါက ငါးရောင်ချယ် "မန်ကျူးကော့အလံ" ပါနဲ့ သူ့သားရေလက်ဆွဲအိတ်ထဲက ထုတ်ပြနေပါတယ်။ ကျွန်တော်က စိတ်ဆိုးလွန်းလို့ ပေါက်လွဲလုနီးနီး ဖြစ်နေပြီ။ သူပြတာတွေက လက်တုန်တုန်နဲ့ ဘေးတွန်းဖယ်လိုက်ပြီး ဒါက ဘာနိုင်ငံလဲ။ ကျိုင်လက်နက်နိုင်ငံကြီး မဟုတ်တာတော့ သေချာတယ်လို့ ပြောတော့ မှန်လှပါတယ်၊ ကျိုန်နန်းရိုးကြီးကို ပြန်ပြီး နန်းတင်တဲ့ပွဲ မဟုတ်ပါဘူးလို့ ထုံးစံဂိုက်နဲ့ ခပ်အေးအေးဖြေတယ်။ ဒါက နိုင်ငံသစ်လုံးလုံးပါ။ အရှေ့မြောက် အုပ်ချုပ်ရေးကော်မတီက အားလုံး တညီတညွတ်ထဲ ဆုံးဖြတ်တာက လူကြီးမင်းကို နိုင်ငံခေါင်းဆောင်ထားမယ်။ "အမှုဆောင်ချုပ်"ဖြစ်မယ်လို့ ဆိုလိုပါတယ်တဲ့။ "လူကြီးမင်း"ဆိုတဲ့အသုံးကြောင့် မျက်နှာတစ်ခုလုံး နီရဲလာအောင် စိတ်ဆိုးမိတယ်။ ဘယ်ဂျပန်မှ အရင်က ကျွန်တော့်ကို ဒီလိုမခေါ်ဖူးဘူး။ အရှေ့မြောက်ဆိုတဲ့ လီပေါင်းစတုရန်း နှစ်သန်းမြေနဲ့ လူပေါင်း သုံးကုဋေကိုပေးပြီး ကျွန်တော့်ဧကရာဇ်ဘွဲ့ကို ရုပ်သိမ်းဖို့ကို ကျွန်တော် ဘယ်နည်းနဲ့မှ သည်းမခံနိုင်ဘူး။ စိတ်ဆိုးလွန်းလို့ ထိုင်နေရက် လှုပ်နေတယ်။ နာမည်မှ မှန်အောင်မခေါ်ရင် စကားလည်းမှားတာပဲ။ စကားလွဲရင်တော့ ဘာမှ အမှုမှဆောင်ရွက်လို့ရမှာမဟုတ်ဘူး။ မန်ကျူးအမျိုးသားတွေဟာ ကျုပ်ကို လူတစ်ယောက်ကောင်းအနေနဲ့ တောင့်တတာ မဟုတ်ဘူး။ သူတို့ရဲ့ ကျိုင်ဧကရာဇ်ကြီးအနေနဲ့ တမ်းတကြတာ။ ဘွဲ့ကိုဖျက်ပစ်ရင် သစ္စာခံတဲ့ သဘောလည်း ဆုံးမယ်။ ကွမ်တုန်င်တပ်မတော်ကို ဒါပြန်စဉ်းစားဖို့ ပြောရမယ်လို့ ကျွန်တော်က ပြောတယ်။

အီတဂကီဟာ လက်ပွတ်ရင်း ပြုံးဖြဲဖြဲလုပ်ရာက မန်ကျူးအမျိုးသားတွေက သူတို့ဆန္ဒကို ဖော်ပြပြီးပါပြီ။ သူတို့က လူကြီးမင်းကို နိုင်ငံသစ်မှာ ခေါင်းဆောင်အဖြစ်

ရွေးပါတယ်။ ဒါကို ကွမ်တုန်င်တပ်မတော်ကလည်း ပြည့်ပြည့်တင်းတင်း သဘောတူ လက်ခံပြီးပါပြီလို့ ပြန်ဖြေတယ်။ ဂျပန်မှာ ဧကရာဇ်အုပ်စိုးတယ် မဟုတ်လား။ ဒီတော့ ကွမ်တုန်င်တပ်မတော်က သမ္မတနိုင်ငံထောင်ပေးလို့ မဖြစ်နိုင်ဘူးလို့ ကျွန်တော်က ဆက်ပြန်တော့ သူက လူကြီးမင်းက "သမ္မတနိုင်ငံ"ဆိုတဲ့ အသုံးကို မကြိုက်ရင် ပြင်လို့ရပါတယ်။ ဒီနိုင်ငံသစ်ကို အမှုဆောင်ချုပ်စနစ်နဲ့ တည်ထောင် တယ်ဆိုလည်း ရပါတယ်တဲ့။ ဂျပန်နိုင်ငံက ခုလို အားတက်သရော စေတနာနဲ့ ကူညီတာကို ကျေးဇူးတင်တယ်။ ဒါပေမယ့် "အမှုဆောင်ချုပ်စနစ်"ဆိုတာလည်း မကြိုက်ဘူး။ ဧကရာဇ်ဘွဲ့ဟာ အစဉ်အဆက် လက်ခံလာတဲ့ဘွဲ့ဖြစ်လို့ အခုမှ စွန့်ပစ်ရင် ရှေးထုံးစံပျက်ကွက်ရာ ရောက်နေပြီလို့ ပြောတဲ့အခါ သူ အင်မတန် အားနာပြီး အလိုက်သိဟန်နဲ့ အမှုဆောင်ချုပ်ရာထူးဟာ ယာယီပါ။ ကိုယ်တော်ကြီးဟာ ကျိုင်နန်းရိုးကြီးရဲ့ နှစ်ဆယ်မြောက် ဧကရာဇ်ဖြစ်တယ်ဆိုတာလည်း အများပြည်သူ သိပြီးသားပါ။ အမျိုးသားလွှတ်တော်ခေါ်ပြီး အခြေခံအုပ်ချုပ်ရေး စည်းမျဉ်းဥပဒေကို သတ်မှတ်တဲ့အခါ ဧကရာဇ်နန်းဆက်ဖြစ်စေလို့ ပြဋ္ဌာန်းထမ်းကြရင် ပြီးတာပါပဲလို့ ပြောလိုက်တယ်။ ကျွန်တော်က ဒီ"အမျိုးသားလွှတ်တော်"ဆိုတာကို သိပ်နားကြား ပြင်းကပ်တယ်။ ခေါင်းကို သွက်သွက်ခါပြီး ဘယ်အမျိုးသားလွှတ်တော်မှ ရှေးက မကောင်းခဲ့ဖူးဘူး။ ပထမကျိုင်ဧကရာဇ်ကို ဘယ်လွှတ်တော်ကမှ ဧကရာဇ်ဘွဲ့ ပေးသွားတာ မဟုတ်ဘူးလို့ ဆက်ပြီး မကျေနပ်စကား ပြောသေးတယ်။ ဒီလိုနဲ့ အပြန်အလှန် ငြင်းကြတာ အချိန်သုံးနာရီကျော်ပေမယ့်လည်း သဘောတူညီချက်မရပါ။ နောက်ဆုံး ဆွေးနွေးချိန်တစ်လျှောက်လုံး ပြုံးနေခဲ့တဲ့ အီတာဂတီဟာ ဆက်မပြောလိုဘူး ဆိုတဲ့ဟန်နဲ့ လက်ကိုင်သားရေအိတ်ကို ကောက်ကိုင်ပြီး အပြုံးမပါဘဲ ကိုယ်တော်ကြီး ခေါ်ရာက လူကြီးမင်း အသုံးကို ပြန်ကောက်ထည့်ပြီး လူကြီးမင်း အသေအချာ ပြန်စဉ်းစားပါဦးလေ။ မနက်ဖြန် ဆက်ပြောကြသေးတာပေါ့ ပြောပြီး ထွက်သွားပါ တယ်။

အဲဒီနေ့ညနေ အီတာဂတီအတွက် ကျွန်တော်က စားပွဲကြီး ခင်းကျင်းပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျဲန်င်ယှိယှုက ဂျပန်နဲ့ ရန်ဖြစ်ရင် ကိုယ်သာနာမယ်လို့ သတိပေးလို့ပါပဲ။ ကျန်င်ကျော့လင် အသေဆိုးသေရတာ နမူနာရှိနေပြီ မဟုတ်လား။ အဲဒီပွဲမှာတော့ အားလုံး ပြေပြစ်ပါတယ်။ ဟိုကိစ္စကို ဆက်မပြောမိဖို့ နှစ်ဖက်စလုံး သတိထားပြီး ရှောင်ကြပါတယ်။

နောက်နေ့မနက် အီတာဂတီက ကျဲန်င်ယှိဝ်ယှု၊ လောကျဲန်င်ယုနဲ့ ကျွန် တော့်အခြား အကြံပေးတွေကို ယမဘောဟိုတယ်မှာခေါ်ပြီး သူ့နောက်ဆုံး ဆုံးဖြတ် ချက်ကို ကျွန်တော့်ကို ပြောပြဖို့ခိုင်းတယ်။ ဆုံးဖြတ်ချက်ကတော့ တပ်မတော်ရဲ့ တောင်းဆိုချက်ကို နည်းနည်းကလေးမှ ပြင်လို့မရ။ ဒါကိုငြင်းရင် ရန်လိုတာ ထင် ရှားတယ်လို့ ယူဆမယ်။ အဲဒီအခါမှ ရန်သူသဘောအတိုင်း ထားလိမ့်မယ်။ ဒါ

နောက်ဆုံး စကားပဲတဲ့။

ဒီအဖြေရတော့ ကျွန်တော် သိပ်ပြီး အံ့သြတုန်လှုပ်တယ်။ ဒူးတုန်ပြီး စကားမပြောနိုင်ဘဲ ကုလားထိုင်ပေါ်ကို ပစ်လဲတယ်။ လောကျဲန်ယုတို့တစ်တွေ ဘာမှမပြောကြတော့ဘူး။ ကျဲနိင်ယွေ့သာ ဂျပန်ပြောတဲ့အတိုင်း လက်ခံလိုက်ပါတော့လို့ ပြောတယ်။ သူ့အဖေက အသံတုန်တုန်ရီရီနဲ့ ထောက်ခံတယ်။ ဂျပန်ဟာ သူတို့ လုပ်မယ်ပြောတဲ့ကိစ္စတိုင်းကို မဖြစ်ဖြစ်အောင် လုပ်တတ်တယ်။ ဒီတော့ သေတွင်းကို တန်းဆင်းသလိုဖြစ်နေပါမယ်။ ပြီးတော့ သူတို့ဖက်က လိုက်လျှောတဲ့အချက်လည်း ရှိတယ်မဟုတ်လား။ နိုင်ငံခေါင်းဆောင်ခန့်ထားတယ်လေ။ ကေရာဇ်နဲ့မခြားပါဘူး။ ကနေ့ ရတဲ့အခွင့်အရေးကို ရအောင်လို့ ကိုယ်တော်ကြီးကို ကျွန်တော်မျိုး အမှုထမ်းခဲ့တာ အခုလောက် နှစ်တွေကြာခဲ့ပြီမဟုတ်လား။ ကိုယ်တော်ကြီးသည် ငြင်းနေရင် ကျွန်တော်မျိုးတို့ ကိုယ့်အထုပ် ကိုယ်ထမ်းပြီး ပြန်ကြပါတော့မယ်လို့ ပြောတယ်။ ဒီလို လှန့်တော့ ကျွန်တော်လည်းကြောက်တာပဲ။ ကျဲနိင်ယွေ့ ကိုယ်တော်ကြီး ဂျပန့်တောင်းဆို ချက်ကို သဘောတူရင် နောင်ရေးအတွက် ပိုပြီး အခွင့်သာမယ်။ နောက်တော့ ကိုယ်လိုသလို ဆွဲနိုင်ပါတယ်လို့ပြောတယ်။ အခုအခြေအနေကို မကြိုက်လို့ကော ဘာလုပ်နိုင်မှာလဲတဲ့။ ဒီတော့ အလုပ်နိုင်ဆုံးက အချိန်က နှစ်ကန့်သတ်လိုက်ပါ။ တစ်နှစ်ကုန်လို့ ကေရာဇ်ဘဝ ပြောင်းပေးတဲ့အခါ ရာထူးက ထွက်လိုက်တာပေါ့။ ဒီတော့ အီတာဂတိ ဘာလုပ်မလဲ ကြည့်ရအောင်တဲ့။ ကျွန်တော်လည်း မနိုင်လို့ သည်းခံရတယ်ဟဲ့ ဆိုတဲ့သဘောနဲ့ အီတာဂတိဆီကို ကျဲနိင်ယိုဝ်ယုကို လွှတ်လိုက်ပါ တယ်။

ကျဲနိင်ဟာ တယ်မကြာဘူး ပြုံးပြီးပြန်လာတယ်။ အီတာဂတိက အမှုဆောင် ချုပ်ဖြစ်မယ့်ပုဂ္ဂိုလ်အတွက် ဒီကနေ့ညစာစားပွဲ တည်ခင်းကျွေးမွေးပါရစေလို့ တောင်းပန် လိုက်တယ်တဲ့။

ကြောက်လို့ ကတုန်ကယင်နဲ့ပဲ ကေရာဇ်ပြန်ရဖို့ မျှော်လင့်ချက် မကုန်သေး ဘူးဟဲ့ဆိုတဲ့အသိနဲ့ မရှက်မကြောက် ကျွန်တော်ဟာ သစ္စာဖောက်တွေရဲ့ ခေါင်း ဆောင်ချုပ် ဖြစ်ခဲ့ရတယ်။ သွေးချောင်းစီးမယ့် အုပ်ချုပ်ရေး စတော့မယ်။ ကိုယ့် အမျိုးသား သုံးကုဋေဟာ မကြုံဖူးအောင် ဆင်းရဲပင်ပန်းကြတော့မယ်။ ကိုယ့်ပြည် ကို ကိုလိုနီကျွန်နိုင်ငံအဖြစ် ကျွန်တော်တို့တစ်တွေ ရောင်းစားလိုက်ကြပါပြီ။ ကျွန် တော်တို့ကို မြေမှာချနင်းပြီး ဟောန္ဓော၊ အီတာဂတိ စတဲ့ လူဆိုးတွေဟာ ရာထူး အာဏာ မြင့်သထက် မြင့်တက်သွားကြဖို့ပဲ ကျန်တော့တယ်။ ကျဲနိင်ယိုဝ်ယုက သူ့နေ့စဉ်မှတ်တမ်းစာအုပ်ထဲမှာ ကျွန်တော်သာ ဟိုရက်က မပူးပေါင်းဘူးဆိုရင် ဒီ ကောင်တွေ မြုပ်သွားမှာပါပဲတဲ့။

* * *

အခန်းခြောက်

# မန်ကျူကော့နိုင်ငံသက် တစ်ဆယ့်လေးနှစ် ရုပ်သေးပွဲစပြီ

ဂျပန်ကြိုးဆွဲရာကမယ့် "မန်ကျူကော့" နိုင်ငံသစ်မှာ "အမှုဆောင်ချုပ်" ရာထူးကို ကျွန်တော်လက်ခံဖို့ သဘောတူတဲ့အတွက် ဂုဏ်ပြုတယ်ဆိုပြီး ၁၉၃၂ခု၊ ဖေဖော်ဝါရီ ၂၄ ရက် ညနေမှာ ဗိုလ်မှူးကြီး အီတာဂတိက ညစာစားပွဲပေးပါတယ်။ ကျွန်တော့်စိတ်ဟာ မကြည်လင် မပြတ်သားဘူး။ ဟိုတစ်မျိုးဒီတစ်မျိုး မကျေနပ်သလို ကျေနပ်သလို ဖြစ်နေပါတယ်။ ဧည့်ခံဖို့ သူက ဂျပန်ဖာသည်မတွေ ခေါ်ထားတယ်။ ယဉ်ကျေးမှုကို နည်းနည်းမှ မငဲ့ကွက်ဘဲ လူပုံအလယ်မှာ သူက အဲဒီမိန်းမတွေကို ဖက်လဲတကင်း လုပ်နေပါတယ်။ အရက်ကိုသွက်သွက်သောက်ပြီး အားပါးတရရယ်တယ်။ သူက ကျွန်တော့်ကို ခြိမ်းချောက်ပြီး အနိုင်ရလို့ အောင်သေအောင်သားစားတယ်ဆိုတာကိုလည်း ဟန်လုပ်ပြီး မဖုံးတော့ဘူး။ သိပ်မမှုးခင်ကတော့ အင်မတန်လေးစားတဲ့ပုံနဲ့ ကျွန်တော် ကျန်းမာစေကြောင်း ဆုကောင်းပြီး တစ်ခွက်သောက်တယ်။ ရှေ့မှာ အောင်မြင်ပါစေ၊ လိုချင်တာရပါစေလို့လည်း ပြောသေးတော့ အင်မတန်ပဲ ကျေနပ်မိပါတယ်။ ဒါပေမယ့် သူမူးလာတဲ့အခါ ဒီဟန်လုပ်တာတွေ မရှိတော့ဘူး။ ဂျပန်ဖာသည်မတစ်ယောက်က ရှင်က ကုန်သည်လားလို့ ကျွန်တော့်ကို တရုတ်လိုကြိုးစားပြီးမေးတယ်။ ဒါကို အီတာဂတိကြားတော့ ဆန်းကျယ် ရယ်ပုံနဲ့ရယ်တယ်။ ကျွန်တော် ဘယ်ကျေနပ်နိုင်ပါ့မလဲ။

ဖေဖော်ဝါရီလ ၂၈ ရက်ရောက်တော့ ကွမ်တုန်င်တပ်က ခိုင်းလို့ ရှဲန်ယန်င်မှာ စည်းဝေးနေတဲ့ "မန်ကျူတစ်မျိုးသားလုံးလွှတ်တော်"က အရှေ့မြောက် လွတ်လပ်ရေးကို ကြေညာပြီး ကျွန်တော့်ကို "နိုင်ငံသစ်အမှုဆောင်ချုပ်"ခန့်တယ်။ အဲဒီလွှတ်တော်ရဲ့ ကိုယ်စားလှယ်တွေဟာ ဒီရာထူးကို ကျွန်တော်လက်ခံပါလို့ တောင်းပန်ရအောင် လူရှန်ကို လာကြမယ်လို့ ကအေအိစုမိနဲ့ ကျဲန်င်ယှိဝ်ယှုတို့က လာပြောတယ်။ ဒါ့ကြောင့် ပြန်ပြီးပြောဖို့ စကားတွေးထားပါတဲ့။ စကားက နှစ်မျိုးပြောစေချင်တယ်တဲ့။ ပထမငြင်း။ နောက်တစ်ခေါက် ဝင်လာကြပြီး အတင်းတောင်းပန်တော့ မလွှဲ

သာလို့ လက်ခံရတဲ့သဘောပြောရမယ်ဆိုပဲ။ မတ်လ၁ ရက်မှာ ကိုယ်စားလှယ်ကိုး ယောက် ပေါက်လာတယ်။ ကျဲန်င်ယိုဝ်ယှုက သူတို့နဲ့ အရင်တွေ့ပြီး ကျွန်တော်က ငြင်းနေတယ်လို့ ကျွန်တော့်ကိုယ်စား ပြောရပါတယ်။ ပြီးမှ သူတို့ ကျွန်တော့်ဆီကို လာပြန်တော့ နှစ်ဖက်လုံးသင်ထားတဲ့အတိုင်း ပြောကြပါတယ်။ သူတို့က "လေးလေး နက်နက် တောင်းပန်တယ်။ ကျွန်တော်က "နိမ်ချတဲ့အနေနဲ့ လုပ်နိုင်စွမ်းမရှိဘူးထင်လို့ ငြင်းပယ်လိုတယ်"လို့ ပြောလိုက်တယ်။ မိနစ်နှစ်ဆယ်အတွင်း ဆွေးနွေးပွဲပြီးလို့ ပြန်ကြတယ်။ မတ်လ၅ ရက်ကျတော့ ကွမ်တုန်င်တပ်ရဲ့ **လေးမှတ်ဌာန**[၁]က တိုက်တွန်း လို့ ကိုယ်စားလှယ်နှစ်ဆယ့်ကိုးယောက် ရာထူးယူဖို့ "လေးလေးနက်နက် ထောက်ခံ ပြောဆို"ဖို့ ရောက်လာကြပြန်တယ်။ ဒီတစ်ခါတော့ သူတို့ဘက်က အောင်မြင် သွားပြီပေါ့။ ကျွန်တော်က နောက်ဆုံးပြန်ပြောရတဲ့စကားကတော့–

> ဒီလောက်ကြီးကျယ်တဲ့လုပ်ငန်းတာဝန်ကို ကျွန်တော့်ကိုမှ ယုံကြည်လွှဲအပ် လိုတယ်ဆိုတော့ ကျွန်တော်ဟာ အလကားနေချင်တဲ့စိတ်ကို အလိုလိုက်ပြီး ဆက်မငြင်းရဲတော့ပါဘူး။ ဒါပေမယ့် တကယ်တမ်း ဝေဖန်ကြည့်ရင် ပြည်သူလူထုအားထားသလောက် ကျွန်တော် စွမ်းမယ်မထင်ဘူးလို့ စိုးရိမ် နေတုန်းပါပဲ။ ကျွန်တော့်ညံ့တာကို သိနေပေမယ့် အဲဒီညံ့တဲ့အထဲကပဲ အစွမ်းကုန် ကြိုးစားပါမယ်။ ဒါလည်း ခဏပဲလို့ ယူဆကြပါ။ အမှုဆောင် ချုပ် တစ်နှစ်အစမ်းပဲ လုပ်ပါရစေ။ ကျွန်တော့်ချွတ်ယွင်းချက်တွေများလွန်း တာ ထင်ရှားလာရင် ကျွန်တော့်ကို ထွက်ခွင့်ပေးကြရတော့မှာပါပဲ။ အဲဒီတစ်နှစ်တွင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲပြီးလို့ နိုင်ငံပုံစံဟာ ဘယ်လိုဖြစ်ရမယ်လို့ ပီပီသသ ရှိပြီး ကျွန်တော် မူလမှန်း ထားသလို နိုင်ငံလည်း အသားကျသွားတဲ့အခါ ကျွန်တော် ကိုယ့်စွမ်း ကိုယ့်အင်နဲ့ ဘာဆက်လုပ်ရမယ်ဆိုတာ ပေါ်လာမှာပဲလို့ ထင်ပါတယ်။

အဲဒီ ပြဇာတ်တစ်ခန်းပြီးလို့ ကားလိပ်ချပြီးတဲ့နောက် ကျွန်တော်ရယ်၊ မယားဝန်ရှန်ရယ် အကြံပေး ကျဲန်င်ယှဝ်ယှုတို့ ကျန်င်ကျိန်င်ဟွေ့တို့တစ်တွေပါ နိုင်ငံသစ်ရဲ့ မြို့တော်လို့ သတ်မှတ်ထားတဲ့ ကျန်င်ကျန်ကို သွားကြရပါတယ်။ ကျန်င်ကျန်ဘူတာကို ကျွန်တော့်ရထားက မတ်လ ၈ ရက် ညနေ ၃ နာရီမှာဝင်တယ်။ တွဲပေါ်က ဘူတာစကြံကို ကျန်င်ကျိန်င်ဟွေ့၊ ယိုယှာ၊ အမကာစု၊ ကအေအိ စုမိတို့ တစ်တွေရုံပြီး ကျွန်တော်ဆင်းလိုက်တဲ့အခါ ဂျပန်ရဲ့တွေ အတန်းလိုက်အပြင် လူမျိုးစုံ အဝတ်မျိုးစုံဝတ်ပြီး အစီအရီမြင်ရပါတယ်။ တချို့လည်း ကရုတ် ရှေးရိုးဝတ်စုံတွေနဲ့။ တချို့လည်း အနောက်တိုင်းဝတ်စုံနဲ့။ ဂျပန် တချို့ကလည်း ဂျပန်ရှေးရိုးဝတ်စုံနဲ့ အားလုံး အလံလေးတွေ လက်ကဝှေ့ယမ်းနေကြတယ်။ ကျွန်တော်လည်း ရိုးတွင်း

---

၁။ အရှေ့မြောက်အတွက် နိုင်ငံရေးနဲ့ စစ်ရေးကို စီမံရတဲ့ဌာန။

ချဉ်ဆီထိအောင် စိမ့်ပြီး ပီတိဖြစ်တယ်။ သဘော်ဆိပ်တုန်းကပဲ တွေ့ချင်မြင်ချင်တဲ့ ကြိုဆိုပွဲကြီး မြင်ရပါပကောလားလို့။ ဒီလူအုပ်ကိုဖြတ်လျှောက်လာတော့ ယိုယှာက နဂါးအလံကိုင်နေတဲ့ လူတစ်တန်းကို ဂျပန်တွေကြားမှာ မြင်ရဲ့လားလို့ ပြပါတယ်။ ဒီလူတွေဟာ ကျွန်တော်လာမှာကို အနှစ်နှစ်ဆယ်တိုင်တိုင် စောင့်နေကြတဲ့ မန်ကျူ အလံကိုင်တပ်သားဟောင်းတွေပါပဲ။ ကျွန်တော်လည်း မျက်ရည်စို့လာတယ်။ ငါ့ နောင်ရေးဟာ မျှော်လင့်ချက်မကုန်သေးဘူးလို့ သဘောပေါက်ခဲ့ပါပြီ။

ကားပေါ်တက်မိတဲ့အခါ အရင်လူဝင်ခက်နန်းမြို့ထဲမှာ နေခဲ့ရပုံ၊ အဲဒီက ပြေးရပုံ၊ အရှေ့သချိုင်းတော်တွေ အဖောက်ခံရပုံ၊ ကလဲ့စားခြေမဟဲ့လို့ ကျွန်တော် သစ္စာဆိုခဲ့ပုံတွေ တသီကြီး ပြန်ပြီး မြင်ယောင်ထင်ယောင်လာပါတယ်။ အဲဒီကို လောဘ ဒေါသတွေ လွှမ်းနေမိလို့ လမ်းထဲက ကြိုဆိုနေတဲ့လူတွေကို သတိမပြုမိဘူး။ နို့မို့ရင် သူတို့တစ်တွေဟာ ကြောက်ကြောက်လန့်လန့် မျက်နှာသေနဲ့ ဝမ်းသာယောင် ဆောင်နေကြရတယ်လို့ သတိပြုမိခဲ့မှာပါပဲ။ ကားမောင်းလို့ တယ်မကြာဘူး။ ရှေး အဆောက်အအုံတစ်ခု ဝင်းထဲကို ရောက်ပါတယ်။ "အမှုဆောင်ချုပ်စံအိမ်"ဆိုပဲ။ မြို့ထဲက အကောင်းဆုံးအိမ်တော့ ဟုတ်ဟန်မတူပါဘူး။

နောက်တစ်နေ့ ကမန်းကတန်း သုတ်သင်လှဲဖယ်ထားတဲ့ ညီခန်းကြီးတစ်ခု ထဲမှာ ကျွန်တော့်ရာထူး လက်ခံပွဲခင်းကျင်းကြပါတယ်။ တောင်ပိုင်း မန်ကျူ ဂျပန်မီးရထား ကုမ္ပဏီညွှန်ကြားရေးမှူး ဥချိဒ၊ ကွမ်တုန်င်တပ်သေနာပတိ ဟောနွှော၊ စစ်ဦးချုပ် မိယကေ၊ ဦးစီးချုပ်အရာရှိဝင် အီတဂတိတို့လည်း အဲဒီပွဲကို တက်ကြပါတယ်။ ကျွန်တော့် "ဝန်ကြီးဟောင်း"တွေလည်း တက်တယ်။ ကျဲန်ငယ့်ဝ်ယှု၊ လောကျဲန်ယု၊ ဟူဗီယွန်၊ ကျဲန်ကျန်ရှိတို့လည်း ပါတယ်။ ကျိန်င်အရာရှိဟောင်းနဲ့ မောင်ဂိုမင်းသား တော်တော်များများလည်း မြင်တယ်။ ဖုံနိင်တီအင် အုပ်စုဝင်ဟောင်းတွေထဲက ကျန်င်ကျိန်င်ပော့၊ ကျန်င်ရှီယိ၊ ယိုယှာ၊ ကျန်ဟိုင်ပဲန်င်တို့တစ်တွေလည်း ရောက် နေတယ်။ အရင် ခွေးသား ဗိုလ်ချုပ်ကြီး ကျန်င်ကျန်ကျန်င်ရဲ့ ဦးစီးချုပ်အရာရှိ တစ်ကောင်တောင် မြင်လိုက်ရသေးတယ်။

ကျွန်တော်က အနောက်တိုင်း ညနေခင်းဝတ်စုံကို ဝတ်ထားပါတယ်။ ဂျပန် အရှင်ကြီးတွေ ကြည့်နေတဲ့မျက်မှောက်မှာ "နိုင်ငံတည်ထောင်သူ"တွေက ကျွန်တော့်ကို သုံးကြိမ်ဦးညွှတ်တဲ့အခါ ကျွန်တော်က တစ်ကြိမ်ပြန်ညွှတ်တယ်။ "မန်ကျူလူများ ပြည်သူ့"ကိုယ်စား ကျန်င်ရှီယိနဲ့ ကျန်င်ကျိုင်ပော့တို့က ပိုးဝါနဲ့ထုတ်ထားတဲ့ "အမှု ဆောင်ချုပ်တံဆိပ်"ကို ပေးအပ်တယ်။ ပြီးတော့ ကျဲန်ယှိဝ်ယှုက ကျွန်တော့်ကိုယ်စား "အမှုဆောင်ချုပ်ကြော်ငြာချက်"ကို ဖတ်ပါတယ်။

> လူဟာ လူ့ကျင့်ဝတ်ကို ရှိသေရတယ်။ ဒါပေမယ့် လူမျိုးမာန်နဲ့ တစ်မျိုး ကို နှိမ်ပြီး တစ်မျိုးက ကြီးမြင့်ဖို့လုပ်ကြတာနဲ့ လူ့ကျင့်ဝတ်တွေ ပျက်ကွက် ခဲ့ရတယ်။ လူတွေမှာ ကြင်နာမှုဆိုတာလည်း ရှိဖို့လိုပါတယ်။ ဒါပေမယ့်

နိုင်ငံတကာ ရန်ပွဲတွေဖြစ်ပြီး တစ်ဦးအကျိုးစီးပွားဖြစ်ဖို့ နောက် တစ်ဦးကို နာအောင်ကျင်အောင် နှိပ်စက်ကြလို့ ကြင်နာမှုလည်း ပျောက် မတတ်ရှိခဲ့ရပါပြီ။ ကျွန်တော်တို့နိုင်ငံဟာ လူ့ကျင့်ဝတ်နဲ့ ကြင်နာမှုကို အခြေခံပြီး တည်ဆောက်ထားပါပြီ။ ဒီမြေပေါ်မှာ လူမျိုးအချင်းချင်း နှိပ်စက်တဲ့သဘောကင်းပြီး နိုင်ငံတကာရန်ပွဲ ကူးစက်မလာဘူးဆိုရင် မင်းတို့လမ်းစဉ် ထွန်းကားပြီး နတ်ဘုံလိုပဲ သာယာဝပြောမယ်။ ပြည်သူ တို့ဟာ ဒါကိုအမြဲ နှလုံးသွင်းပြီး ကြိုးစား ဆောင်ရွက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အခမ်းအနားပြီးလို့ နိုင်ငံခြားဧည့်သည်တွေကို အတွေ့ခံတဲ့အခါ တောင် မန်ကျူလျား မီးရထားညွှန်ကြားရေးမှူးက ဝမ်းသာစကားပြောပြီး လောကျဲန်ယုက ကျွန်တော့်ကိုယ်စား ကျေးဇူးတင်စကား ရေးထားတာကို ဖတ်ပါတယ်။ အဲဒါပြီးမှ ဝင်းမျက်နှာစာကို ဆင်းပြီး အလံသစ်လွှင့်တယ်။ ဓာတ်ပုံရိုက်ကြတယ်။ နောက်ဆုံး စားသောက်ပွဲနဲ့ အဲဒီနေ့အခမ်းအနားတွေကို အဆုံးသတ်ပါတယ်။

အဲဒီညနေပိုင်းမှာပဲ ကျဲန်င်ယိုဝ်ယှုဟာ "အမှုဆောင်ချုပ်ရုံး"ကို "ရုံးကိစ္စ" နဲ့လာပါတယ်။

ဗိုလ်ချုပ်ကြီးဟောန္စောက ကျွန်တော်မျိုးကြီးကို ဝန်ကြီးချုပ်အနေနဲ့ ဝန်ကြီး အဖွဲ့ဖွဲ့ဖို့ ထောက်ခံပါတယ်ဘုရားတဲ့။ သူကပြောရင်း ဦးညွှတ်လိုက်တယ်။ စကား လည်း သွက်လို့၊ ထိပ်ကလည်း လက်လက်ပြောင်လို့။ ဒီမှာ ကိုယ်တော်ကြီး လက် မှတ်ထိုး အတည်ပြုဖို့ ဝန်ကြီးရာအထူးအရာရှိ စာရင်းပါဘုရားလို့လည်း ပြောရင်း စာရင်းတစ်ခုလည်း ပြပါတယ်။

| | |
|---|---|
| ဝန်ကြီးချုပ်နဲ့ ပညာရေးဝန်ကြီး | ။ ။ ကျဲန်င်ယုဝ်ယှု |
| ပြည်ထဲရေးဝန်ကြီးနဲ့ ဖုန်င်တီအင်တိုင်းဘုရင်ခံ | ။ ။ ကျန်င်ရှီယိ |
| နိုင်ငံခြားရေးဝန်ကြီး | ။ ။ ယိုအယ်ကျိအယ်ရှိ |
| ကာကွယ်ရေးဝန်ကြီးနဲ့ အတိုင်ပင်ခံအဖွဲ့ဥက္ကဋ္ဌ | ။ ။ ကျန်င်ကျိန်င်ဟွေ့ |
| ဘဏ္ဍာရေးဝန်ကြီးနဲ့ ကိရိန်တိုင်းဘုရင်ခံ | ။ ။ ယှိယှာ |
| စက်မှုလက်မှုဝန်ကြီး | ။ ။ ကျန်င်ယဲ့န်ကျိန်င် |
| လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ။ ။ တိန်င်ကျိအင်ယှို |
| တရားရေးရာဝန်ကြီး | ။ ။ ဖုန်င်ထန်ကျိန်င် |
| ဟော့လုန်င်ကျိအန်င်တိုင်းဘုရင်ခံ | ။ ။ ကျဲန်င်ယှိယွန် |
| ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌ | ။ ။ ကျဝ်ယှင်ပေါ် |
| ညွှန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ | ။ ။ ယုကျန်င်ဟန် |
| တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌ | ။ ။ လိန်ကျိ |
| ရွှေတိုက်တော်ချုပ်ဥက္ကဋ္ဌ | ။ ။ လိပန် |

| | |
|---|---|
| အတိုင်ပင်ခံအဖွဲ့ဒုတိယဥက္ကဋ္ဌ | ။ ။ တန်င်ယုလိန် |
| အတိုင်ပင်ခံအဖွဲ့ဝင် | ။ ။ ကျန်င်ဟိုင်ပဲန်င် |
| | ။ ။ ယွန်ကျိန်ကိုင် |
| | ။ ။ လောကျဲန်ယု |
| | ။ ။ ကွေ့ယု |
| အမှုဆောင်ချုပ်ရုံးအတွင်းဝန်ချုပ် | ။ ။ ယုဇီယွန် |
| အမှုဆောင်ချုပ်ရုံးအတွင်းဝန်များ | ။ ။ ဝန်ရှဲန်င်ရှီ |
| | ။ ။ ရှန်င်ယဲန်ယိန်င် |
| | ။ ။ လောဖုပဝ် |
| | ။ ။ ယုပဝ်ဟဲန် |
| | ။ ။ လိင်တိန်င်ရှဲန် |
| အတွင်းရေးရုံးအရာရှိချုပ် | ။ ။ ပဝ်ယို |
| အတွင်းရေးရုံးအထူးအရာရှိများ | ။ ။ ကျန်င်ယဲန်ကျိန်င် |
| | ။ ။ ကျိန်ပီတုန်င် |
| | ။ ။ ဝေါင်ကျိလိအယ် |
| | ။ ။ ကုန်င်ကျိယု |
| | ။ ။ ဝေါင်တကျုန်င် |
| | ။ ။ ရှန်င်ယဲန်ယိန်င် |
| လုံခြုံရေးရုံးအရာရှိချုပ် | ။ ။ တုန်င်ကျိယု |
| ကိုယ်ရံတော်တပ်မှူး | ။ ။ ကျန်င်တိုင်ပဲန်င် |
| နိုင်ငံအတိုင်ပင်ခံအဖွဲ့အတွင်းဝန်များ | ။ ။ ကျဲန်င်ဟွေ့ |
| | ။ ။ ကျဲန်င်ယု |

လူရှန်မှာတုန်းကပဲ ဂျပန်ကိုယ်စားလှယ် အမကစုလာပြီး ဒီကိစ္စပြောပြီးမို့ ကျွန်တော်က စုတ်တံယူပြီ လက်မှတ်ထိုးလိုက်ပါတယ်။ "မန်ကျူးကော့"နိုင်ငံကိစ္စကို ပထမဆုံးအကြိမ် ဆောင်ရွက်လိုက်ပြီပေါ့။

ကျန်င်ကျန်ဘူထာမှာ ဘင်ခရာတီးဝိုင်းတွေ၊ နဂါးအလံတွေနဲ့ ကြိုဆိုကြတာရယ်။ ရာထူးလက်ခံပွဲ ကျင်းပတာရယ်။ နိုင်ငံခြားဧည့်တွေက ချီးမွမ်းစကား ပြောကြတာရယ်။ အဲဒါတွေ ပေါင်းပြီး ကျွန်တော်လည်း ဘဝင်မြင့်လာမိတယ်။ ရာထူးတစ်ခုကို ပွင့်ပွင့်လင်းလင်း ဝင်ယူပြီးပြီဆိုတော့လည်း ကျွန်တော် နောက်ဆုတ်လို့ မရတော့ဘူးပေါ့။ ဒါ့ထက် ဂျပန်နဲ့ဆက်ပြီး အလွမ်းသင့်ရင် ကေရာဇ်ဘွဲ့ပြန်ပြီး တပ်နိုင်ဖို့ အလားအလာ ရှိသေးတယ်လို့ ကျွန်တော်သိတယ်။ ကောင်းတဲ့ဖက်က လှည့်စဉ်းစားရင် အခု "အမှုဆောင်ချုပ်"ဖြစ်ရတာကို အနိမ့်ခံရတယ်လို့ ယူဆမယ့်အစား ကေရာဇ်ရဲ့ ရာဇပလ္လင်နဲ့ တစ်ထစ်နီးသွားတယ်လို့ ယူဆမယ်ပေါ့။ ဒီအခြေ

အနေမှာ ငါဘယ်လို အမြတ်အများဆုံးပေါ်အောင် ဖော်ယူမလဲဆိုတဲ့ ပြဿနာပဲ ရှိတော့တယ် မဟုတ်လား။ ဒါကိုပဲ ထပ်တလဲလဲ တွေးပြီး ရက်နည်းနည်းရတော့ အခု ကျွန်တော့် အတွင်းဝန်တွေဖြစ်နေကြတဲ့ ကျဲန်ငင်ကျန်ရှို့နဲ့ ဟူဗီယွန်နှစ်ယောက်လုံးကို ကျွန်တော် ဒီလိုပြောမိတယ်။ ငါ့မှာ သစ္စာပြုထားတဲ့အချက်နှစ်ချက်နဲ့ လိုချင်တာတစ်ချက်ရှိတယ်။ မင်းတို့ကို အခုထဲက ပြောပြထားမယ်။ ပထမက ငါ့မှာရှိတဲ့ ချွတ်ယွင်းချက်တွေရှိသမျှ အားလုံး ကောင်းလာအောင် ကြိုးစားပြုပြင်မယ်။ အရင် ဆယ်နှစ်က ကျဲန်ပဝ်ရှဲန် ပြောဖူးသလို ငါဟာ ပျင်းတယ်။ ချေးများတယ်ဆိုတာမျိုး မဖြစ်စေရဘူးလို့ သစ္စာဆိုထားပြီးပြီ။ ဒုတိယက အခက်အခဲအားလုံးကို ကျော်ဖြတ်ပြီး ဘေးလောင်းတော် ဘိုးလောင်းတော်တို့ရဲ့ နန်းရိုးအမွေအနှစ်ကို ပြန်မထူထောင်နိုင်သရွေ့ ငါအနားမယူဘဲ အားထုတ်မယ်လို့လည်း သစ္စာပြုထားပြီးပြီ။ လိုချင်တာတစ်ခုကတော့ နန်းရိုးစဉ်ဆက် မပျက်ရအောင် အမွေခံသားယောကျ်ားပဲ။ ဒီသုံးချက်ရရင် ငါသေပျော်တယ်။

ရာထူးယူပြီး တစ်လလောက်ကြာတော့ အရင် ကိရိန်– ကေ့လုန်င်ကျိအနိုင်အားခွန်ရုံးကို အသစ်ပြင်ဆင်မွမ်းမံပြီး "အမှုဆောင်ချုပ်စံအိမ်" လုပ်ပေးလို့ ပြောင်းရတယ်။ အစတော့ စောစောအိပ်ရာကထပြီး ရုံးကိုတန်းသွားတယ်။ ညနေမှ နေအိမ်အဆောင်ဘက်ကို ပြန်ကူးတယ်။ သစ္စာယူထားတာတွေကြောင့် ကွမ်ကုန်ငင်တပ်က ခိုင်းသမျှကို ကြိုးစားလုပ်တယ်။ ပြီးတော့ နိုင်ငံအကြီးအကဲအနေနဲ့ ဘာတွေလုပ်နိုင်သလဲဆိုတာလည်း သိချင်လို့ စမ်းတယ်။ ဒီလို အလုပ်ကျေပွန်တာ ကြာမကြာမခံပါဘူး။ "အမှုဆောင်ချုပ်"မှာ ဘာတာဝန်မှမရှိ။ ဘာအာဏာမှမရှိ။ အာဏာပိုင်ဖြစ်တယ်လို့ စက္ကူပေါ်မှာသာ ရေးထားတာပဲလို့ ပေါ်လာတယ်။

## အာဏာမပါတဲ့ဂုဏ်

မန်ကျူကော့ဖွဲ့စည်းပုံ ဥပဒေ ပထမခန်းအပိုဒ် တစ်ဆယ့်သုံးပိုဒ်မှာ ကျွန်တော့်အာဏာဟာ ဘာတွေပဲရယ်လို့ အသေအချာပါထားတယ်။ အပိုဒ်တစ်မှာ "အမှုဆောင်ချုပ်ဟာ မန်ကျူကော့ကို အုပ်စိုးတယ်"လို့ဆိုတယ်။ နှစ်ကလေးမှာ အမှုဆောင်ချုပ်ဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားရေးမှာ အာဏာရှိတယ်လို့ ထပ်ပြီး ခွဲခြားပြထားတယ်။ ကျန်အပိုဒ်တွေကတော့ ကျွန်တော်ကြေညာတဲ့အမိန့်မှန်ရင် ဥပဒေလို့ပဲ ယူရမယ်။ အမှုဆောင်အရာရှိဖွဲ့စည်းပုံကို ကျွန်တော်ပဲ ဆုံးဖြတ်ပြီး အရာရှိကိုလည်း ကျွန်တော်ပဲ ရွေးပြီး ခန့်ထားရမယ်လို့ ဆိုပါတယ်။ ကုန်းတပ်၊ ရေတပ်၊ လေတပ်မတော်တွေမှာ ကျွန်တော်က အဂ္ဂသေနာပတိဖြစ်တယ်။ ဒဏ်အားလုံးက ကြေအေးခွင့်၊ စစ်ပြေငြိမ်းခွင့်၊ ဒဏ်လျှော့ခွင့်၊ လူအခွင့်အရေး ပြန်ပေးခွင့်ဆိုတာမျိုးတွေ ကျွန်တော် အားလုံးလုပ်နိုင်တယ်ဆိုပဲ။

လက်တွေ့ကတော့ ကိုယ့်အိမ် အိမ်ရှေ့ပေါက်က ထွက်ခွင့်ကိုတောင် ကိုယ့်ဘာသာ ဆုံးဖြတ်ပြီး ထွက်သွားလို့မရပါ။ ကနေ့ လမ်းလျှောက်ချင်စိတ်ပေါက်လို့ "ကတုန်ငဲဥယျာဉ်"ကို မယားဝန်ရှန်နဲ့ ညီမလေးနှစ်ယောက်ကို ခေါ်ပြီးသွားပါတယ်။ ဥယျာဉ်ထဲရောက်လို့ သိပ်မကြာဘူး ဂျပန်ရဲနဲ့ "အမှုဆောင်ချုပ်စံအိမ် လုံခြုံရေး အဖွဲ့"ဝင်တွေ ရောက်လာပြီး အိမ်ပြန်ဖို့ပြောပါတယ်။ စံအိမ်က ကျွန်တော် ထွက် သွားတာကို အကြောင်းကြားတဲ့လူရှိလို့ ဂျပန်ရဲဟာ လူစုလူဝေးနဲ့ တစ်မြို့လုံး အနှံ့ အပြားရှာဖို့ ချက်ချင်းဆော်ဩပြီး လှုပ်လှုပ်ရွရွ ဖြစ်သွားတယ်လို့သိရတယ်။ ဒီကိစ္စ ပြီးတဲ့နောက် အကြံပေး ကအေအိစုမိက ကိုယ့်ဂုဏ်သိက္ခာနဲ့ လုံခြုံရေးကိုငဲ့ပြီး ဒီလို ကိုယ့်သဘောနဲ့ နောက်တစ်ခါမထွက်ရင် ကောင်းမယ်လို့ လာပြောပါတယ်။ ဒီ နောက်တော့ ကွမ်တုန်ငတပ်က စီစဉ်ပေးတဲ့ တိုင်းခန်းလှည့်လည်ဖို့ကလွဲရင် နောက် အိမ်ရှေ့ပေါက် ကျွန်တော်မထွက်တော့ပါ။

ပထမတော့ အပြင်ကို ကိုယ့်ဘာသာမထွက်ဖို့ အကြောင်းပြပုံကို ယုံမိတယ်။ နောက် "တိုင်းပြည့်တာဝန်"ကို ရွက်ဆောင်ရင်း သူတို့ပြောတာကို သံသယဖြစ် လာတယ်။ ကျွန်တော် အလုပ်သိပ်များတယ်။ ဘယ်လိုအလုပ်လဲဆိုရင် ဝန်ကြီးတွေ၊ အကြံပေးအရာရှိကြီးတွေ မကြာခဏ ကျွန်တော့်ဆီလာပြီး လက်ဆောင်ပေးရင် သူတို့ ကျွန်တော့်အပေါ်မှာ သစ္စာရှိကြောင်းပြောကြတယ်။ ဒါကလွဲရင် အလုပ်ကိစ္စကို ဘာတစ်ခုမှ မဆွေးနွေးဘူး။ ကိစ္စတစ်ခုခုကို ကျွန်တော်က ထောက်မေးမိရင် ဒါတော့ ဒုတိယဝန်ကြီး ဆောင်ရွက်နေပါတယ်။ ဒါမဟုတ်လဲ ဒုတိယဝန်ကြီးကို မေးကြည့်ပါဦးမယ်နဲ့ ဖြေတယ်။ ဒုတိယဝန်ကြီးဆိုတဲ့လူတွေအားလုံးဟာ ဂျပန်တွေပဲ ဖြစ်တယ်။ သူတို့က ကျွန်တော့်ဆီကို ဘယ်တုန်းကမှ လာမတွေ့ဘူး။

ဟူဇီယွန်က ပထမဆုံး သည်းမခံနိုင်တော့ဘူးဆိုပြီး ပေါက်ကွဲတယ်။ သူက အခု ရုပ်သေးအစိုးရမှာ ဝန်ကြီးချုပ်ဖြစ်တဲ့ ကျဲန်ငယိုဝ်ယုကို ဌာနတာဝန်ခံ ဖြစ်တဲ့ ဝန်ကြီးဟာ ကိုယ့်ဌာနကို ကိုယ်စီမံရမယ်။ အရေးကြီးတဲ့ဆုံးဖြတ်ချက်ကို အမှုဆောင်ချုပ်ဆီက ပထမဆုံးဖြတ်ချက်ကျတဲ့အခါ ဆိုင်ရာဌာနက လိုက်နာ ဆောင်ရွက်ဖို့ပဲ ရှိတယ်။ အခုတော့ ဒုတိယဝန်ကြီးတွေက သူတို့ပဲ ဆုံးဖြတ် ဆောင်ရွက်နေတာ သိပ်များတယ်လို့ပြောတယ်။ ကျဲန်ငယိုဝ်ယုကလည်း ဒီအတိုင်းပဲ ယူဆတယ်လို့ ပြန်ပြောတယ်။ တို့များ အခုဆောင်ရွက်နေရတာက တာဝန်ခံကဲ့ ဘိနက်အစိုးရမဟုတ်လား။ ကိစ္စမှန်သမျှ ပထမနိုင်ငံ အတိုင်ပင်ခံ အဖွဲ့အစည်းအဝေးမှာ တင်ပြီး ဆုံးဖြတ်ရမယ်။ ပြီးတော့ ဝန်ကြီးအဖွဲ့ (ကဲ့ဘိနက်)ဟာ အမှုဆောင်ချုပ်ရဲ့ တာဝန်ခံဆိုတော့ ဝန်ကြီးချုပ်က အဲဒီဆုံးဖြတ်ချက်တွေ ယူသွားပြီး အမှုဆောင်ချုပ်မှာ တင်ပြရမယ်။ ဂျပန်မှာလည်း ဒီအတိုင်းလုပ်တာပဲ။ ဒီလို တို့များ ကိုယ်စိုးကိုယ်ပိုင် လုပ်မယ့်အကြောင်းကို ကွမ်တုန်ငတပ်သေနာပတိနဲ့တွေ့ပြီး ပြောကြည့်မယ်လို့ ဆိုပါတယ်။ သူ့မှာလည်း ဒီကိစ္စမျိုးကို နိုင်ငံအတိုင်ပင်ခံအဖွဲ့ အထွေထွေဌာနမှူး

ဂျပန်နဲ့ ကြုံရပြီးပြီလို့လည်း သိရတယ်။

ကျဲနိုင်ယိုဝ်ယူနဲ့ ဂျပန်သေနာပတိ ဘယ်လိုအချီအချ ပြောကြမယ်လို့တော့ မသိပါ။ ဒါပေမယ့် နိုင်ငံအတိုင်ပင်ခံအဖွဲ့ အစည်းအဝေးမှာ ဝန်ကြီးနဲ့ ဒုတိယဝန်ကြီး ဘယ်လိုဆက်ဆံကြလို့ "တာဝန်ခံကဲ့ ဘိနက်အစိုးရ"ဆိုတာ ဘာလို့ ဟူဇီယွန်ပြန်ပြော တာနဲ့ ကျွန်တော်သိပြီးပါပြီ။

ဆွေးနွေးကြတဲ့အကြောင်းကတော့ အရာရှိလစာတွေနဲ့ ပတ်သက်တယ်။ ထုံးစံအတိုင်း နိုင်ငံအတိုင်ပင်ခံအဖွဲ့ရဲ့ အထွေထွေဌာနက ဒီကိစ္စအတွက် ဥပဒေကြမ်း တစ်ခုကို ရေးဆွဲလာတယ်။ အဲဒီဥပဒေကြမ်းကို ပုံနှိပ်ပြီး ဝန်ကြီးတွေလက်ထဲ တစ်စောင်စီ ထည့်ထားတယ်။ အရင်ဥပဒေကြမ်းတွေတုန်းကတော့ အမြန်ဆုံး ခေါင်းညိတ်ကြမြဲပဲ။ ကိစ္စတွေကလည်း အရင်အရှေ့မြောက်အစိုးရပိုင်ပစ္စည်းတွေကို သိမ်းယူဖို့ ဂျပန်တပ်ကို စားနပ်ရိက္ခာပေးဖို့၊ အရှေ့မြောက်ရဲ့ အကြီးဆုံးဘဏ်တိုက်ကြီး လေးတိုက်ကို သိမ်းဖို့ဆိုတဲ့ ကိစ္စမျိုးတွေဆိုတော့ ဝန်ကြီးတွေ အလွယ်နဲ့ပဲ လက်ခံ အတည်ပြုကြတယ်။ ခုတော့ ကိုယ်ရေးကိုယ်တာ ကိစ္စ တိုက်ရိုက်ပါနေတော့ အရင်လို လွယ်လွယ် ခေါင်းမညိတ်ကြဘူး။ တစ်ပိုဒ်စီ တစ်ခန်းစီ ဖတ်ကြည့်ကြတော့ "မန်ကျူးအမျိုးသား"ရတဲ့လစာထက် ဂျပန်အရာရှိတွေက လေးဆယ်ရာနှုန်း ပိုများ နေတာ တွေ့ရကြလို့ စိတ်ဆိုးမာန်ဆိုးနဲ့ ဝေဖန်ကန့်ကွက်ကြတယ်။ ဘဏ္ဍာရေးဝန်ကြီး ယှီယှာက နိုင်ငံကိုစပြီး တည်ထောင်တဲ့အခါက လူမျိုးအယုတ်အညံ့ခွဲတဲ့သဘော မရှိရဘူး။ လူမျိုးချင်း ချစ်ကြည်ရေးရှိရမယ်လို့ဆိုပြီး အခု ဂျပန်ကို လခပိုပြီး ပေးထားတာဟာ အဲဒီစကားနဲ့ အကျုံးမဝင်ဘူးလို့ ထောက်ပြပြီး ကန့်ကွက်တယ်။ အစည်းအဝေးဟာ မပြေမပြစ် ဖြစ်ပြီလို့ သိရတာနဲ့ တစ်ပြိုင်နက် နိုင်ငံအတိုင်ပင်ခံအဖွဲ့ အထွေထွေဌာနမှူး ကောမဲ့တောကုဇောက ဆွေးနွေးပွဲရပ်စေပြီး ဥပဒေကြမ်းရေးဆွဲတဲ့ ပုဂ္ဂိုလ်ရေးရာဌာနမှူး ဂျပန်ကိုခေါ်ပြီး မေးသမျှ မေးခွန်းကို ဖြေခိုင်းတယ်။ ပုဂ္ဂိုလ်ရေးရာဌာနမှူးက ခပ်အေးအေးပဲ။ လူလူချင်း အတူတူပဲဆိုတာ မပြောခင် လူတစ်ယောက်နဲ့ နောက်တစ်ယောက် အရည်အချင်း တူကြရဲ့လားလို့ သူက ပြန်မေးချင်သတဲ့။ ဂျပန်က အရည်အချင်း အင်မတန်ကောင်းလို့ သူတို့ကို ပိုပေးရမှာပဲတဲ့။ ဒါမှသဘာဝကျမယ်ဆိုပဲ။ ပြီးတော့ ဂျပန်က လူနေမှုအဆင့်အတန်း လည်းမြင့်တယ်။ သူတို့က ဆန်စားတာ၊ မန်ကျူးအမျိုးသားလို **ကပ်လီအန်** မစားနိုင်ဘူးတဲ့။ လူမျိုးတစ်ခုနဲ့တစ်ခု မိတ်ဆွေဘာဝ ချစ်ကြည်ရေးဆိုတာမှာလည်း ဂျပန်မိတ်ဆွေကို လခပိုပေးတာကိုပဲ ရည်ရွယ်တာပဲ မဟုတ်ပါလားတဲ့။ ဒါလောက် ပြောရုံနဲ့ ဝန်ကြီးတွေကို မရမှန်းသိတော့ ကောမဲ့ဟာ အစည်းအဝေးကို နောက် တစ်နေ့ထိ ရွှေ့ဆိုင်းလိုက်တယ်။

နောက်တစ်နေ့ ကောမဲ့က အစည်းအဝေးဖွင့်တဲ့အခါ အခုကိစ္စကို ဒုတိယ ဝန်ကြီးတွေနဲ့ရော ကွမ်တုနင်တပ်နဲ့ပါ တိုင်ပင်ပြီးခဲ့ပါပြီ။ ဝန်ကြီးလခကို ဒုတိယ

ဝန်ကြီးနဲ့ တူအောင် မြှင့်ပေးလိုက်ပါပြီ။ ဒါပေမယ့် ဂျပန်အရာရှိတွေက ကိုယ့်အိုး ကိုယ့်အိမ်နဲ့ အဝေးကြီးလာပြီး မန်ကျူအမျိုးသားတွေအတွက် မင်းတို့လမ်းစဉ်အရ နတ်ဘုံနတ်နန်းလောက် သာယာအောင်ပြည့်တင်းရမှာမို့ သူတို့ကို ကျေးဇူးတင်ရပါတယ်။ ဒါ့ကြောင့် သူတို့ကို အထူးဖြည့်စွက်လစာပေးမယ်။ ဒါဟာ နောက်ဆုံးစကား ဆွေးနွေးစရာမရှိလို့ ပြောလိုက်တယ်။ ဝန်ကြီးတိုင်းလိုပဲ ဒီအဖို့ရလောက်ပါတယ်။ ဆက်ပြောလည်း ဘယ်မှ ရောက်မှာမဟုတ်ဘူးဆိုပြီး ငြိမ်နေကြပါပြီ။ ဒါပေမယ့် ယှီယှာက ကွမ်တုန်တပ် သေနာပတိနဲ့ ခင်မင်တာကို အားကိုးပြီး ဂျပန်က နတ်ဘုံတည်ဆောက်ပေးမှာကို ယုံပါတယ်။ ဘယ်မှာဆောက်မှာလဲဆိုရင် ဒီမန်ကျူလူများမှာ ဆောက်မှာပဲပေါ့။ ဒီတော့ မန်ကျူအမျိုးသားမပါဘဲ ဖြစ်မလားလို့ မေးပါတယ်။

ကောမဲ့ဟာ ဒေါသနဲ့ ခုံကိုထုပြီး မန်ကျူလူများ ရာဇဝင်ကို ခင်ဗျားမသိဘူးလား။ ဂျပန်က ချွေးနဲ့သွေးနဲ့ ရုရှားလက်ထဲက ဒီမြေကို လုယူခဲ့ရတာ မဟုတ်လားလို့ မေးပါတယ်။ ယှီယှာဟာ မျက်နှာဖြူဖတ်ဖြူရော် ဖြစ်နေပြီး ဒီမှာ ကျုပ်ပြောတာ ဆုံးအောင်နားထောင်ပါ။ ဗိုလ်ချုပ်ကြီး ဟောနွေ့တောင် ကျုပ်ကို ဒီလိုမအော်မငေါက်ဖူးဘူးလို့ ပြောတယ်။ ကောမဲ့က အော်ပြီး ကျုပ်ပြောတာကို နားထောင်၊ ဒါဟာ တပ်မတော်ရဲ့ အဆုံးအဖြတ်ပဲလို့ဆိုတော့ ယှီယှာလည်း ဆက်မပြောဝံ့ဘူး။ တစ်ခန်းလုံးလည်း ငြိမ်သွားတယ်။

ဒီကစပြီး "တာဝန်ခံတဲ့ဘိနက်အစိုးရ"ပဲဖြစ်ဖြစ်၊ "နိုင်ငံ့အတိုင်ပင်ခံ အစည်းအဝေး"ပဲဖြစ်ဖြစ် တို့မှာ ဘာမှ ဝင်ပြောခွင့်မရှိလို့ လူတိုင်းသိသွားပါပြီ။ ဝန်ကြီးချုပ်အစစ်က ကျဲန်င်ယိုဝ်ယုမဟုတ် နိုင်ငံအတိုင်ပင်ခံအဖွဲ့ရဲ့ အထွေထွေဌာနမှူး ကောမဲ့။ ဂျပန်တွေကလည်း ဒါကိုဖုံးမထားဘူး။ ဂျပန်မဂ္ဂဇင်း **ပြုပြင်ရေး**ထဲမှာ အဲဒီလူကို မန်ကျူကော့ ဝန်ကြီးချုပ်လို့ ဖော်ပြပြီးပါပြီ။ အဲဒီ ဝန်ကြီးချုပ်အစစ်ကလည်း အမှုဆောင်ချုပ်ကို နည်းနည်းမှ ဂရုမစိုက်ပါ။ ကွမ်တုန်တပ်သေနာပတိကိုပဲ လူအထက်အရာရှိလို့ နားလည်ပါတယ်။ နိုင်ငံအတိုင်ပင်ခံအဖွဲ့ အစည်းအဝေးမှာ ဆုံးဖြတ်ပြီးသားတွေပဲ ဖြစ်တယ်။ ဒီလိုဆွေးနွေးပွဲတွေမှာ ကွမ်တုန်တပ်ရဲ့ လေးမှတ်ဌာနက အမြဲဝင်ပြီး ဆွေးနွေးတယ်။ တချို့ဥပဒေဆိုတာ အဲဒီဌာနက အလိုရှိလို့ လုပ်ပေးရတာပဲ ဖြစ်တယ်။

ဒီသဘောကို လူတိုင်းသိလာကြပြီ။ စိတ်ပျက်မယ်ဆိုလည်း အကြီးအကျယ် ပျက်စရာပါပဲ။ ဒါပေမယ့် ကျွန်တော်တော့ မပျက်သေးဘူး။ စကားများတဲ့ ဟူဇီယွန်ဟာ ကျွန်တော်ဟာ သူများနဲ့မတူဘူးလို့ အမြဲသတိရအောင် ပြောပေးနေတယ်။ ဒီတော့ ကျွန်တော့်အတွေးမှာ ဟိုတိအင်ကျင်တုန်းကလိုပဲ ငါဆိုတဲ့ ကေရာဇ်အစစ်မရှိရင် ဂျပန်အခက်ပေါ့လို့ အထင်ရောက်နေပါသေးတယ်။ အပြင်ဇာန်းမှာ သိပ်လေးစားရှိသေနေကြတော့ ငါ့ကိုဖြင့် ယှီယှာကို အော်ငေါက်ပြီး နှိမ်သလို လုပ်ဝံ့မှာ မဟုတ်

ဘူးလို့ ယုံနေသေးတယ်။ အဲဒီလိုနဲ့ "ချစ်ကြည်ရေးသင်း" ဖွဲ့တဲ့အချိန်ကို ရောက်လာပါတယ်။

ကျွန်တော် ရာထူးယူပြီး တစ်လကျော်လောက်ကြာတော့ တစ်နေ့မှာ ကျဲနိုင်ယုဝ်ယုဟာ ထုံးစံအတိုင်း မှန်မှန်အစီရင်ခံလာတုန်း စကားပြောရင် ကွမ်တုန်ငတပ်က "ချစ်ကြည်ရေးပါတီ"အမည်နဲ့ နိုင်ငံရေးပါတီတစ်ခုဖွဲ့ဖို့ စိုင်းပြင်းနေတယ်လို့ သတင်းပေးပါတယ်။ ရည်ရွယ်ချက်က "လူထုကို နိုင်ငံသစ် တည်ထောင်တဲ့နေရာမှာ ပူးတွဲပါဝင်ဖြစ်အောင် စည်းရုံးဖို့"နဲ့ "ကောင်းကင်ဘုံက ပေးတဲ့အမိန့်ကို ဝမ်းသာအားရ လက်ခံပြီး ထုံးစံပူဇော်ပွဲတွေကို လေးစားအောင် နှိုးဆော်ဖို့" ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီ"ပါတီ"ဆိုတဲ့အသံကို ကျွန်တော်မကြားနိုင်ဘူး။ ဒီသတင်းကိုကြားရတာ ကောမဲ့စားပွဲထုတဲ့သတင်းထက် ကျွန်တော့်အဖို့ တုန်လှုပ်မိတယ်။ ကျဲနိုင်ပြောနေတုန်း လက်တားပြီး ဘာပြုလို့ ပါတီဖွဲ့ရမှာလဲ။ ပါတီက ဘာကောင်းကျိုးပေးမှာလဲ။ တို့များ မင်းဆက်ပြုတ်တာ ပါတီရဲ့ဆောင်ရွက်ချက်မဟုတ်လား။ ကွန်ဖြူရှပ်က လူကြီးလူကောင်းတစ်ယောက်အနေနဲ့ ပါတီတွေကို ပါဝင်နေဖို့မလိုဘူးလို့ ပြောခဲ့တာ မေ့ပြီလား။ အဲဒီလိုကြိမ်းတော့ ကျဲနင်ယိုဝ်ယုလည်း မျက်နှာသေလေးနဲ့ ဖြစ်နေတယ်။ ကိုယ်တော်ကြီးပြောတာ သိပ်မှန်ပါတယ်။ ဒါပေမယ့် စစ်တပ်က ဒီအတိုင်း ဆုံးဖြတ်ပြီးနေပြီလို့ ဆိုပါတယ်။ ဒီလိုပြောလိုက်ရင် ကျွန်တော် ငြိမ်သွားရဲ့လို့ သူထင်တယ်ပေါ့။ မငြိမ်တာတွေ့တော့ သူလည်း အံ့အားသင့်နေတယ်။ ကျွန်တော်ကလည်း ဒီဟာကို သေရေးရှင်ရေးလို့ပဲ သဘောထားပြီး သဘောနည်းနည်းမှ မတူနိုင်ဘူးလို့ ပြောလိုက်တယ်။ တစ်ဆိတ်ရှိ စစ်တပ်က ဆုံးဖြတ်ပြီးသားဆိုတဲ့ ပြောလုံးကို မကြားချင်တော့ဘူး။ မလုပ်နဲ့လို့ သွားပြောချေ ဒါမှမဟုတ်လည်း ခေါ်လာခဲ့လို့ လွှတ်လိုက်ပါတယ်။

နှစ်ရက်ကြာတော့ အီတာဂတိနဲ့ လေးမှတ်ဌာနက အရာရှိနှစ်ယောက် ပေါက်လာတယ်။ သူတို့ ကြိုးစားပြီးရှင်းပြပေမယ့် ကျွန်တော်က လက်မခံပါ။ ဒီတော့ သူတို့ ဆုံးဖြတ်ချက်ရမသွားဘူး။

သုံးလကြာသွားလို့ ဇူလိုင်လထဲရောက်တော့ ငါနိုင်ပြီလို့ အထင်ရောက်နေတုန်း ကွမ်တုန်ငတပ်က "ချစ်ကြည်ရေးပါတီ"အစား "ချစ်ကြည်ရေးအသင်း" ဖွဲ့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ အသင်းလုပ်ငန်းက အစိုးရကို ထောက်ခံဖို့တဲ့။ အဲ့သင်းနဲ့ အသင်းရဲ့လက်အောက်အဖွဲ့တွေထဲမှာ အသက်ဆယ်နှစ်အထက် မန်ကျူ အမျိုးသားတိုင်းပါမယ် ဆိုပဲ။

"ပါတီ"ဆိုတဲ့ စကားကိုဖယ်ပြီး "အသင်း"ထည့်တာဟာလည်း ကျွန်တော့်ကြောင့် မဟုတ်ပါဘူး။ သူတို့စိတ်ကူးမှာ အသင်းဆိုရင် ဝါဒဖြန့်ရာမှာရော သူလျှိုလုပ်ရာမှာရော၊ ပြည်သူကို မတရားခိုင်းစေတဲ့နေရာမှာရော အပြောရ အဟောရ ပိုပြီး လွယ်မယ်ပေါ့။ ဟိုတုန်းက ဒီလို သဘောမပေါက်ဘူး။ သူတို့ ငါ့အလိုလိုက်သား

ပဲလို့ ထင်လိုက်တယ်။ ဒီလိုအထင်ကြီးနေတုန်းမှာ "မန်ကျူကော့နဲ့ ဂျပန် တိတ် တဆိတ်စာချုပ်"ကို လက်မှတ်ထိုးပြီးတော့လည်း ငါ့အဖို့ ဘာမှ အရာမရောက်ပါလား လို့ မတွေးမိဘူးပေါ့။

## တိတ်တဆိတ်စာချုပ်

ကျွန်တော်တို့ လူရှန်မှာနေခဲ့ကြတုန်းကပဲ ကျဲန်ငယိုဝ်ယှုဟာ ဟောနွှောနဲ့ ဆွေးနွေးပြီး ကျွန်တော့်ကို အမှုဆောင်ချုပ် လက်ခံစေမယ်။ သူ့ကို ဝန်ကြီးချုပ်ပေးပါလို့ ပြောခဲ့တယ်လို့ ဟောနွှော ရာထူးက နုတ်ထွက်ကာနီးမှာ ပြောပြပါတယ်။

ကျဲန်ယိုဝ်ယှုဟာ ၁၉၃၂ ခု ဩဂုတ်လ ၁၈ ရက်နေ့မှာ စာတန်းတွေပိုက်ပြီး ကျွန်တော့်ရုံးကို ရောက်လာတယ်။ ဗိုလ်ချုပ်ကြီး ဟောနွှောနဲ့ ကျွန်တော်မျိုးကြီးတို့ သဘောတူညီချက်တစ်ခု လုပ်ထားပါတယ်။ ကိုယ်တော်ကြီး သဘောတူလက်မှတ်ထိုးဖို့ ယူခဲ့ပါပြီလို့ ပြောတယ်။ ကျွန်တော်က သဘောတူညီချက်ကို ယူကြည့်ပြီး ဒေါသထွက်လာတယ်။ ဘယ်သူ့အမိန့်နဲ့ ဒီလိုသဘောတူခဲ့သလဲလို့ ကြိမ်းမိတယ်။ သူက အေးစက်စက်ပဲ။ လူရှန်မှာတုန်းကပဲ ဒီအချက်တွေကို အီတဂတိ သတ်မှတ်ခဲ့ပါတယ်။ ကိုယ်တော်ကြီးကို သူပြောပြီးတာလည်း ကြာလှပြီတဲ့။ ဘယ်ကလာပြောရမလဲ။ ပြောတယ်ပဲထားဦး ဒီမှာလာပြီး အရင်မပြောဘဲ လက်မှတ်ထိုးခဲ့ရသလားလို့ ဆက်ကြိမ်းမိပြန်တယ်။ သူက အီတဂတိ ညွှန်ကြားတိုင်း လုပ်ရတာပါ ကိုယ်တော်ကြီး။ အခြေအနေကို နားမလည်ဘဲနဲ့ ဟူဇီယွန်တို့လို လူတွေ သိသွားရင် အလကား အလုပ်ပိုတွေ စိတ်ရှုပ်စရာ ပေါ်မှာစိုးလို့ သူကျူကြို့ပြီး မပြောရဘူးဆိုပါတယ် ဖြေပါတယ်။ ကဲ ကောင်းလှပြီ။ ဒီမှာဘယ်လူအချုပ်လဲ။ ခင်ဗျားလား၊ ကျုပ်လားလို့ ပြတ်ပြတ်မေးတော့ ကျွန်တော်မျိုးကြီး မဝံ့ပါဘုရား။ ဒီသဘောတူချက်ဆိုတာလည်း ယာယီပါ။ ဂျပန်အကူအညီကို အရေးတော်အတွက် လိုတယ်ဆိုရင် သူတို့ခိုင်းတာကို ငြင်းလို့မဖြစ်သေးပါဘုရားတဲ့။ တကယ်ကတော့လည်း ဒီအထဲမှာ ဒါပေးမယ် ဟိုဟာပေးမယ်လို့ ပါထားတာတွေဟာ ဂျပန်က သူတို့လက်တွေ့ တကယ့်ကို ယူပြီးသား လုပ်ပြီးသား။ ဒီတော့ ကိုယ်က ဒီဟာကို နှစ်အပိုင်းအခြားနဲ့ ထားပါလို့လောက်ပဲ ပြောပြီး အဲဒီနှစ်လွန်တော့ ကိုယ့်လက်ထဲ ပြန်ရောက်ဖို့ မလွဲတော့ဘူးမဟုတ်လားလို့ ဆက်ပြောပါတယ်။

စာချုပ်ထဲမှာ ဒီအခွင့် ဒီအာဏာတွေ ပေးမယ်ဆိုထားတာတွေဟာ ဂျပန်က ယူပြီးသား လုပ်ပြီးသားတွေပါလို့ သူပြောတာဟာ တကယ်လည်း မှန်တယ်။ သဘောအချုပ်ကတော့ ဂျပန်ဟာ "မန်ကျူကော့"ရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးကိစ္စအားလုံး သူတို့ပဲ စီမံမယ်။ မီးရထားလမ်း၊ သင်္ဘောဆိပ်၊ ရေလမ်း၊ လေလမ်း မှန်သမျှကိုလည်း အုပ်ချုပ်မယ်။ ထပ်ပြီး တိုးချဲ့ တည်ဆောက်ဖို့လိုရင် လိုသလို

ဆက်လုပ်သွားမယ်။ ဂျပန်တပ်တွေက အလိုရှိသမျှ ရိက္ခာနဲ့ ပစ္စည်းကိရိယာကို "မန်ကျူကော့"က ပေးရမယ်။ ဂျပန်ဟာ သတ္တုတွင်းရှာမယ်။ တူးမယ်။ သယံဇာတ ပစ္စည်းမှန်သမျှ ရှာယူမယ်။ "မန်ကျူကော့"မှာ ဂျပန်အမျိုးသားတွေ ရာထူးယူပြီး အမှုထမ်းခွင့်ပေးရမယ်။ ဂျပန်တွေ ပြောင်းရွှေ့ပြီး လာနေချင်တယ်ဆိုရင်လည်း "မန်ကျူကော့"က အတားအဆီးမရှိ လက်ခံရမယ်။ အဲဒီလိုဟာတွေ နောက်ထပ်လည်း အများကြီးပဲပေါ့။ သဘောတူချက် အဆုံးသတ်မှာတော့ နှစ်နိုင်ငံစာချုပ်ကို ထုံးစံ အတိုင်း အတိအလင်း ချုပ်ကြရင်လည်း ဒီအချက်တွေကို မှတည်ရမယ်တဲ့။ ဂျပန့်"အကူ"ကို လိုချင်ရင် တန်ရာတန်ဖိုးပေးပြီး ဝယ်ရမှာပါလို့ ကျဲန်င ယိုဝ်ယှု ပြောဖူးတာလည်း မှန်ပေတယ်။ ဒါပေမယ့်လည်း ကျွန်တော် စိတ်ဆိုးမပြေပါ။ ကျွန်တော့်စိတ်ထဲမှာ ကျဲန်ငယိုဝ်ယှုဟာ သူ့သဘောအတိုင်း ကျွန်တော့်တိုင်းပြည်ကို ဂျပန်မှာ ရောင်းစားနေတယ်လို့ပဲ ယူဆတယ်။ ဂျပန်ဟာလည်း ကျွန်တော့်ကို လိမ်တယ်ဆိုပြီး စိတ်ဆိုးတယ်။ ငါ့ကိုတော့ ဧကရာဇ်ဘွဲ့နဲ့ အဆောင်အယောင်မပေးဘူး။ သူတို့လိုချင်တာကိုတော့ အပိုင်းအခြားထားတယ်လို့ပဲ မရှိဘူးလို့ စိတ်နာတာပေါ့။

စိတ်ဆိုးစိတ်နာပေမယ့်လည်း ကိစ္စကပြီးပြီမို့ ဘာမှမပြောစရာမကျန်၊ လက်မှတ်ထိုးပေးလိုက်တော့ ကျဲန်ငယိုဝ်ယှု ပြန်သွားတယ်။ ဟူဗိယွန်လာတော့ စိတ်ဆိုးဆိုးနဲ့ ဒီအကြောင်းကို ပြောပြလိုက်တယ်။

ကျဲန်ငယိုဝ်ယှုဟာ နည်းနည်းမှမရှက်ဘူး။ ကျဲန်ပဝ်ရဲ့နက ဟိုရှေးရှေးတုန်းကပဲ ဒီလူဟာ သူများပစ္စည်းနဲ့ အလှူပေးတဲ့လူလို့ ပြောဖူးတယ်။ ခုလည်း ဒီလိုလုပ်ရက်တယ်လို့ ပြောတယ်။ လုပ်တော့လည်း တို့များက ဘာမှမတတ်နိုင်တော့ ပဲကိုးလို့ စိတ်ပျက်ပျက်နဲ့ညည်းတော့ ဒါလောက်လည်း အားမလျှော့ပါနဲ့။ တိုကျိုက သတင်းကိုသာ နားစွင့်နေပါလို့ သူက အားပေးတယ်။

ခပ်စောစောက ကွမ်တုန်တပ်သေနာပတိ ဟောန္ဓောကို ပြန်ခေါ်ပြီး "မန်ကျူကော့"ကို ဂျပန်က အသိအမှတ်ပြုမယ်လို့ ကြားထားတယ်။ ဒီလို အပြောင်း အလဲဟာ တိုကျိုက သဘောထား အသင့်အတင့် ပြောင်းလို့ဖြစ်မယ်။ အဲဒီလိုအခါမှာ အခြေအနေ ကောင်းလာနိုင်တယ်လို့ ဟူဗိယွန်က တွက်ပြီး ပြောင်းမယ့်အချိန်ကို သိပ်မျှော်လင့်ထားတယ်။ အခြေအနေကို ကိုယ့်ဘက် လိုသလို လှော်လှဲဖို့ ဂျပန်ကို လူလွှတ်ပါလို့လည်း တိုက်တွန်းတယ်။ သူ့သဘောက ဂျပန်ကို အခွင့်အရေးတော့လည်း ပေးတန်သလောက် ပေးရမှာပေါ့။ ပေးတဲ့အထဲမှာ မီးရထားစက်ရုံ သတ္တုတွင်း ကာကွယ်ရေးဆိုတာတွေ ပါရမယ်ဆိုတာလည်း သိတယ်။ ဒါပေမယ့် ကိုယ်ကြိုက်တဲ့လူကို အရာရှိခန့်ခွင့်ရှိရင် တော်ပြီလို့ သူကယူဆတယ်။ သူရွေးပေးတဲ့ လူနှစ်ယောက်ကိုပဲ ကျွန်တော်က တိုကျိုသွားပြီး စစ်ဖက်အရာရှိကြီးတွေဆီကို လွှတ်ပါတယ်။ သူတို့ကတစ်ဆင့် ကျွန်တော့်ဆန္ဒကို ဂျပန်တပ်မတော် စစ်ဦးစီးချုပ်ရယ်၊ တိအင်ကျင်မှာရှိတဲ့ ဂျပန်တပ်ရဲ့ အရင် သေနာပတိ ကရှီအိရယ်၊

ကွမ်တုန်င်တပ်အတွက် အသစ်လာတဲ့ သေနာပတိ နောဇုယောရှိရယ်၊ ဒီလူတွေကို တင်ပြပေးဖို့ပါပဲ။ ပြီးတော့ ဟူဗီယွန်ရဲ့ အကြံအတိုင်း ဈေးဆစ်တဲ့အခါ အဆုတ် အတင်းရအောင် လိုလားချက်တွေကို ပိုပြထားခိုင်းပါတယ်။ ဒီတော့ ရာထူးခန့်ထားရေး လိုချင်ပါတယ်ဆိုတာအပြင် ဝန်ကြီးတွေဟာ သူတို့ သက်ဆိုင်ရာ ဌာနမှာ တကယ်တမ်း အုပ်ချုပ်စီမံနိုင်ခွင့်ရှိရမယ်။ ဂျပန့်အကြိုက်သက်သက် လုပ်နေတဲ့ အထွေထွေဌာနကို ဖျက်ရမယ်။ တပ်သားသစ်တွေ လေ့ကျင့်ခွင့်ပေးရမယ်။ နိုင်ငံပုံစံကို ဥပဒေပြုအဖွဲ့ကသာ ဆုံးဖြတ်ခွင့်ရှိရမယ်။ ကျွန်တော်ကိုယ်တိုင် ဝန်ကြီးအဖွဲ့ကို ပြန်ပြီး ဖွဲ့စည်းခွင့် ပြုရ မယ် ဆိုတာတွေ ထိုးထည့်လိုက်ပါတယ်။

နှစ်ရက်ကြာတော့ ဟူဗီယွန်ဟာ ဝမ်းသာအားရနဲ့ ကျွန်တော့်ဆီကို ပြေး လာတယ်။ တိုကျိုကို လွှတ်ထားတဲ့လူတွေဆီက စာလာတယ်။ ဂျပန်နိုင်ငံရေး ခေါင်းဆောင်ကြီးတချို့နဲ့ စစ်ဖက်အရာရှိတချို့က ကျွန်တော့်အပေါ်မှာ ဟောနွှော ပြုမူကြပုံကို သနားပြီး ကျွန်တော်တောင်းသမျှ ထောက်ခံမယ်လို့ သူတို့စာထဲမှာ ပါတယ်။ ဒါကြောင့် ကွမ်တုန်င်တပ်သေနာပတိအသစ် ရောက်လာရင် အခြေအနေ တစ်မျိုးဖြစ်ရမယ်လို့ သူတွက်ထားတာပေါ့လို့ သူက ဆက်ပြီး ကျေနပ်စကား ပြော နေသေးတယ်။ ကိုယ့်အရာရှိကို ကိုယ့်အကြိုက်အတိုင်းရွေးပြီး ကိုယ့်နိုင်ငံကို ကိုယ့်ဘာသာ အုပ်ချုပ်ရတော့မယ်ဆိုတဲ့အထိ သူက အထင်ရောက်နေပြီ။ ဒီလို အခွင့်ရလာလို့ နိုင်ငံကို နိုင်နိုင်နင်းနင်း အုပ်ချုပ်လိုရင် ဩဇာကိုက်တဲ့ ဝန်ကြီးချုပ်လိုမယ်။ ကျွန်တော်ကလည်း ဒီအတိုင်းပဲ ယူဆတယ်။ ဒါကြောင့် ကျဲန်င်ယှိဝ်ယှုကိုဖယ်ပြီး ကျန်င်ရှိယီကိုခန့်မယ်။ ဒီလိုချီးမြှင့်ခံရတဲ့လူကလည်း ဒါမှ ကျေးဇူးတင်ပြီး စကား နားထောင်မယ်လို့ ဆုံးဖြတ်ကြတယ်။ ကျန်င်ရှိယီကို အခေါ်လွှတ်လိုက်ပါတယ်။ သူ့အစားကျဲန်င်ဟွေ့ ပေါက်လာပြီး ဝန်ကြီးအဖွဲ့ကို ပြန်ဖွဲ့မယ်ကြံတယ်လို့ ကြားပါ တယ်။ မသင့်ပါဘူးလို့ ကန့်ကွက်တယ်။ နောက်ကျန်င်ရှိယီလိုက်လာပြီး ဝန်ကြီး ချုပ်မလုပ်ပါရစေနဲ့လို့ တောင်းပန်တယ်။ ကွမ်တုန်င်တပ်ရဲ့ ခွင့်ပြုချက်မပါဘဲလုပ်ရင် ဒုက္ခရောက်မယ်လို့ သူသိတာပေါ့။

ကျဲန်င်ယှိဝ်ယှုက ဒီသတင်းတွေကြားပြီး ကျန်င်ရှိယီက ငြင်းတယ်ဆိုတာ သိတော့ သူ့မမာလို့ ခွင့်ပေးပါဆိုတဲ့ ပရိယာယ်သုံးလာတယ်။ တိုကျိုက သတင်းကောင်း ရထားလို့ ကျွန်တော်လည်း ရဲရဲဝံ့ဝံ့ဖြစ်နေတာနဲ့ သူတောင်းတဲ့အခွင့်ကိုပေးတော့ သူအံ့အားသင့်သွားတယ်။ သူ့ကို နည်းနည်းမှမတားဘူး။ အသက်လည်းကြီးလှပြီ ဆိုတော့ အငြိမ်းစားယူခွင့် ပေးရပေမယ်ပေါ့။ ယူပါ။ ထုံးစံအတိုင်း ဆက်ခံမယ့် လူနာမည်ကိုသာ တင်သွင်းပေတော့လို့ ပြောလိုက်တဲ့အခါ ပြောင်နေတဲ့သူ့ထိပ်က လဲ့လဲ့အရောင်ဟာ ချက်ချင်းမည်းသွားတယ်လို့ ထင်ရတယ်။ နည်းနည်းဖျားသလိုရှိလို့ ခွင့်တစ်ရက်နှစ်ရက် ယူချင်တာပါဘုရားလို့ ပြောတော့ ကျွန်တော်က ကောင်းပြီလို့ ပဲ ပြောစရာရှိတော့တာပေါ့။

ကျဲနင်ယိုဝ်ယှု ခွင့်ယူခိုက် ကျနင်ရှီယီကိုပဲ ယာယီဝန်ကြီးချုပ်ထားပြီး ဟိုလူကြီးကို အပြီးဖြုတ်နိုင်အောင် နည်းလမ်းရှာမိတယ်။ ရှာလို့မရခင်ဘဲ သူက ပြန်ရုံးတက်လာတယ်။

ကွမ်တုန်င်တပ်သေနာပတိသစ် ရောက်လာရင် ကျွန်တော်ကိုယ်တိုင် လိုလားချက်တွေ တင်ပြမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဟူဇီယွန်က ဒါကိုအများကြီး ထောက်ခံတဲ့အပြင် ဟိုလူကြီးကို ဖြုတ်ပစ်ဖို့လည်း အတင်း တောင်းဆိုပါတဲ့။

ဒီကိစ္စတွေဖြစ်တာက (၁၉၃၂) စက်တင်ဘာလဆန်းလောက်မှာပါ။ လလယ်လောက်မှာ ကွမ်တုန်င်တပ်သေနာပတိသစ်နဲ့ ပထမဆုံး "မန်ကျူကော့အတွက် ဂျပန်သံ"ဖြစ်တဲ့ မုတောနောဗုယောရှိဟာ ကျနင်ကျန်ကို ရောက်လာပါတယ်။ ၁၅ ရက်နေ့မှာ မုတောနဲ့ ကျဲနင်ယိုဝ်ယှုဟာ ဂျပန်မန်ကျူကော့ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးတယ်။ ဒါပဲ လျှို့ဝှက် သဘောတူညီချက်ထဲမှာပါတဲ့ လူသိရှင်ကြား လုပ်မယ့် စာချုပ်ဆိုတာပေါ့။

အခမ်းအနားပွဲပြီးလို့ ရှန်ပိန်သောက်ကြတဲ့အခါ ကျွန်တော်က မုတောနဲ့ နှစ်ကိုယ်ကြား စကားပြောချင်လှပြီ။ တိုကျိုရောက် ကိုယ်စားလှယ်တွေက မုတောဟာ ကျွန်တော့်အပေါ်မှာ ကြင်နာစိတ်ရှိတယ်ဆိုတာကို ယုံပြီး ဧကရာဇ်ပြန်ရဖို့ကိုတောင် သူနဲ့ တိုင်ပင်မယ်ကြံထားတယ်။ ပထမကမ္ဘာစစ်တုန်းက ဆိုင်ဘီရီးယားကို သိမ်းတဲ့ ဂျပန်တပ်ကို မုတောအုပ်ချုပ်လာခဲ့တယ်။ အခု ဒီကိုရောက်လာတာလည်း ရာထူး သုံးမျိုးကို တပေါင်းတည်း ဆောင်ရွက်ဖို့ ရောက်ခဲ့တယ်။ ကွမ်တုန်င်တပ်သေနာပတိ လည်း သူပဲ။ ကွမ်တုန်င်အပိုင်ငှားမြေဘုရင်ခံလည်း သူပဲ။ မန်ကျူကော့ သံအမတ် လည်းသူပဲ။ ဂျပန်သတင်းစာတွေက ဒါ့ကြောင့်သူကို "မန်ကျူကော့နတ်မင်း"လို့ ခေါ်တယ်။ ကျွန်တော်ကလည်း ဒီခေါင်းဖြူဖြူနဲ့ အသက်ခြောက်ဆယ့်ငါးနှစ်ရှိတဲ့ဂျပန်ဟာ နတ်သိကြားလိုပဲ တန်ခိုးကြီးတယ်လို့ သိပါတယ်။ သိပ်ပြီး ယဉ်ကျေးသိမ်မွေ့တဲ့ဟန်နဲ့ ပထမဆုံးအကြိမ် သူက ကျွန်တော့်ဘက် လှည့်ပြီး ဦးညွှတ်လိုက်တော့ ကျွန်တော့်စိတ်ထဲမှာ ကောင်းကင်ဘုံက ငါ့ကို အထူးမြှောက်စားတာပဲလို့ ပီတိဖြစ်သွားတယ်။ ကျွန်တော်ပြောချင်တာတွေ ပြောလို့ မောတော့ လူကြီးမင်းရဲ့ လိုလားချက်တွေကို တစ်ခုချင်း အသေးစိတ် စဉ်းစားပါ့မယ်လို့ အာမခံသွားတယ်။

ဟူဇီယွန်ရေးပေးတဲ့ တောင်းဆိုချက်စာရင်းကို သူယူသွားတယ်။ ရက်အတော်ကြာလို့ရှိတောင် သူဘာလုပ်တယ်လို့မှ မကြားရတော့ မေးရဖို့ပဲပေါ့။ ကွမ်တုန်င်တပ်သေနာပတိဟာ တစ်လကို သုံးကြိမ်ကျွန်တော့်ဆီကို လာရမြဲမို့ ဆယ်ရက်အကြာ သူလာတဲ့အခါ မေးပါတယ်။ စဉ်းစားနေတုန်းပါပဲလို့ ဖြေသွားတယ်။

နောက် တွေ့ဆုံမိကြတိုင်း သူဟာ ကျွန်တော့်ကို ယဉ်ယဉ်ကျေးကျေး ဦးစားပေးပြီး ဆက်ဆံပါတယ်။ ပြုံးလို့၊ ဦးနှိမ်သွားတဲ့အထိ ညွှတ်တယ်။ လူကြီးမင်းလို့ မပြတ်ခေါ်တယ်။ ကျွန်တော့် ဘိုးဘေးတွေကိုလည်း အမြဲထိပ်တင်ပြီး ချီးမွမ်းတယ်။

ဒါပေမယ့် ကျွန်တော့်လိုလားချက်တွေအကြောင်း တစ်လုံးမှမပဟာဘူး။ စကားပြောရင်း အဲဒါတွေပါလာအောင် ကျွန်တော်က လမ်းကြောင်းရင် သူကလည်း သတိနဲ့ လမ်းလွှဲပစ်ပါတယ်။ ဒီလိုနှစ်ခါလောက် ကြုံပြီးတဲ့နောက် ကျွန်တော်လည်း နောက်ထပ် ဒီလိုတောင် မလုပ်ဝံ့တော့ပါဘူး။ မှတောသေတဲ့ ၁၉၃၃ခု၊ ဇူလိုင်လအထိ လူချင်းဆုံလို့ စကားပြောကြရင် ဗုဒ္ဓသာသနာ၊ ကွန်ဖြူရှပ်နဲ့ "ချစ်ကြည်ရေး"ပဲ ပြောပြစ်ပါတယ်။ ကျွန်တော့်မှာ ဘယ်လိုမှ မတိုးတက်ပေမယ့် သူ့မှာတော့ တန်ခိုးကြီးပြီးရင်းကြီးရင်း ပါပဲ။

## နိုင်ငံပေါင်းချုပ်အသင်း စုံစမ်းရေးကော်မရှင်အစီအရင်ခံစာ

နိုင်ငံပေါင်းချုပ်အသင်းကလွှတ်တဲ့ စုံစမ်းရေးကော်မရှင်ဟာ အရှေ့မြောက်ကို ၁၉၃၂ ခု မေလမှာ ရောက်လာပါတယ်။ ကျဲန်ငယ်ဟိုင်ယူနဲ့ ကျဲန်ငတွေတို့ဟာ ဒီကော်မရှင်ကို သိပ်အထင်ကြီးထားတယ်။ အစီရင်ခံစာဟာ အဲဒီနှစ်အောက်တိုဘာလမှာ ထွက်လာတော့ နိုင်ငံတကာအုပ်ချုပ်ရေးဟာ မရှေးမနှောင်းဆိုသလို ပေါ်လာတော့မယ်လို့ ယုံကြည်နေတယ်။ သူတို့လို ကျွန်တော်က မျှော်လင့်မထားပါ။ ဒါပေမယ့် နိုင်ငံတကာအရေးကိစ္စကိုတော့ ဒီကော်မရှင်ရောက်လာလို့ တော်တော်လေးနားလည် လိုက်ပါတယ်။ သူတို့နဲ့မတူဘူးဆိုတာက တစ်မျိုးပြောရရင် ဂျပန့်စွမ်းအားသတ္တိ ကြီးကြောင်း ပိုသိလိုက်ရတယ်။

"မန်ကျူးနိုင်ငံပြဿနာ"ကို အနောက်တိုင်းတန်ခိုးရှင်တွေက ဘယ်လို သဘောပေါက်တယ်ဆိုတယ်ဆိုတာမျိုးကို ကျဲန်ငသားအဖဟာ အမြဲလေ့လာပြီး သူတို့ အထင်ကို ပြောပြလေ့ရှိတယ်။ သူတို့အယူအဆက ဂျီနီဗာတို့ ပါရီတို့မှာ ဆူဆူညံညံ ပြောနေတာတွေ (နိုင်ငံပေါင်းချုပ်အစည်းအဝေးတွေ)ကို သိပ်ဂရုမစိုက်ပါနဲ့။ ဘယ်နိုင်ငံ ကမှ ဂျပန်နဲ့ ထိပ်တိုက်ဆောင့်ဖို့ မလိုလားဘူး။ စစ်ကြီးပြီးကတည်းက တကယ်တမ်း အားအကောင်းဆုံးဖြစ်လာတဲ့ အမေရိကန်တောင်မှ ဂျပန်နဲ့ခပ်ကြမ်းကြမ်း ဖက်ပြိုင် ဖို့ ရှောင်မယ်။ ကျဲန်ငဟွေ့ဟာ ဂျပန်လိုရော အင်္ဂလိပ်လိုပါ လည်လည်ပတ်ပတ် ပြောတတ် ဖတ်တတ်မို့ နိုင်ငံခြားသတင်းစာတွေရဲ့ အာဘော်ကို ကျွန်တော့်ကို ပြောပြလေ့ရှိတယ်။ သူ့စကားက အမေရိကန်သတင်းစာတော်တော်များများကပဲ ဂျပန်ဘက် ခပ်ယိုင်ယိုင်ဖြစ်နေတယ်။ ဂျပန်နဲ့အမေရိကန်ဟာ တိတ်တဆိတ် သဘော တူချက်ယူထားပြီး ရှိမယ်ထင်တယ်တဲ့။ အဲဒီလို သဘောတူထားတဲ့အထဲမှာ အရှေ့မြောက်မှာ ဂျပန်လုပ်ချင်တာ လုပ်တာကို အမေရိကန်က ဝင်မစွက်ဖို့ဆိုတာလဲ ပါမှာပဲတဲ့။ သူက အသေးစိတ်ပြောပြတဲ့အထဲမှာ ၁၉၃၁ ခု စက်တင်ဘာလ ၁၈ ရက်

အရေးမပေါ်မီကတည်းက အမေရိကန်မျက်နှာကြီးတစ်ယောက်က ကျိုအန်ဟိုင်ရှီအက်ကို ဂျပန်လက်ထဲ မန်ကျူးလျားကို ရောင်းစားလိုက်ရင် ဂျပန်နဲ့ ဆိုဗီယက် ရုရှားတိုက်ရိုက်ရန်ဖြစ်ဖို့ အကြောင်းပေါ်လာမယ်။ ရောင်းလိုက်စမ်းပါလို့ အကြံပေးဖူးသတဲ့။

ကောမင်တန်င်က ဖိတ်လို့ စုံစမ်းရေးကော်မရှင်လာတာ၊ သဘောက ကော်မရှင်က ဂျပန်ကို ဆုံးမပေးလိမ့်မလားလို့ ကောမင်တန်င် အားကိုးတယ်။ မကြာမီပဲ အားကိုးရာမရောက်ဘူးဆိုတာ တွေ့တော့မယ်။ ကော်မရှင်ရဲ့အတွင်းသဘောက တံခါးဖွင့်ပေး။ အားလုံး အခွင့်အရေးအတူပေး။ ဆိုဗီယက် ရုရှားကိုဆန့်ကျင်။ ဒါတွေပဲ အာသီသထားတယ်။ တိုကျိုမှာလဲ ကော်မရှင်အဖွဲ့ဝင်တွေဟာ **ဥချိဒ**[၁] နဲ့ ဒါဘဲဆွေးနွေးတယ်။ ဒါပေမယ့် မစိုးရိမ်ပါနဲ့။ အချိန်တန်ရင် ကိုယ်တော်ကြီးကို အလိုလို သူ့တို့လိုက်လျောရမှာပါ။ ကျွန်တော်မျိုးကြီးအထင်က ဒီကော်မရှင်ဟာ ဘာမှလုပ်မပေးနိုင်ဘူးလို့ ကောမင်တန်င်ကလည်း သိမှာဘဲ။ မင်ကျူးလျားမှာ နိုင်ငံတကာအုပ်ချုပ်ရေးနဲ့ အကျိုးအာနိသင်ကိုပဲ သိစမ်းချင်တယ်လို့ ကျဲန်င်ယိုင်ယူက ပြောတယ်။ နောက်ပိုင်း အဖြစ်အပျက်တွေအရ ပြောရရင် ကျဲန်င်သားအဖ ယူဆပုံ သိပ်မလွဲလှဘူး။

အရှေ့မြောက်မှာ ၁၉၃၁ ခု စက်တင်ဘာလ ၁၈ ရက် အတိုက် ခိုက်တွေစကတည်းက ကျိုအန်င်ကိုင်ရှီအက်တာ ကျန်င်လွဲ့လျန်ကို 'အရေးတော်ပုံ မပျံ့နှံ့အောင်' မင်းတပ်သားတွေကို 'ဘယ်နည်းနဲ့မှ မခုခံရ'လို့ အမိန့်ထုတ်ပါဆိုပြီး ထပ်တလဲလဲ ပြောခဲ့သတဲ့။ လေးရက်အကြာ စက်တင်ဘာလ ၂၂ ရက်မှာ ကောမင်တန်င်ရဲ့ လူထုဆွေးနွေးပွဲက ခုလို နန်ကင်းမှာလုပ်တော့ ကျိုအန်ငင်ကိုင်ရှီအတ်တာ ဒီလိုပြောတယ်။ တရုတ်တွေအဖို့ ခွန်အားကို အမှန်တရားနဲ့ ပြိုင်ရမယ်။ အကြမ်းမှုကို အနနဲ့သာအောင်စေရမယ်။ အရှက်ရအောင် နှိမ်ရင်လည်း သည်းခံပါ။ ဒေါသကို ထိန်းပါ။ ဘယ်နည်းနဲ့မှ လက်သင့်မခံနိုင်ဘူးဆိုတဲ့ အချက်မျိုးတွေ့ရင်တောင်မှ ယာယီသဘော လက်ခံလိုက်ပါ။ နိုင်ငံတကာခုံရုံးမှာ အဆုံးအဖြတ် ပေးပါလိမ့်မယ်။ အဲဒီလိုပြောချိန်မှာပဲ တစ်ဖက်မှာ သူက ပြည်တွင်းစစ်ကို အရက်စက်ဆုံးနည်းမျိုးနဲ့ ဆင်နွှဲနေတယ်။ အဲဒီပွဲမှာတော့ ငြိမ်းချမ်းရေးတို့ အခွင့်အရေးတို့ဆိုတာ ဘာတစ်ခုမှ သူ ထည့်တွက်ဘူး။

ကောမင်တန်ဟာ စက်တင်ဘာ ၃၀ ရက်ကျတော့ ကောမင်တန်က နိုင်ငံပေါင်းချုပ်ကို ကြားနိုင်ငံတွေပါတဲ့၊ စုံစမ်းရေးကော်မရှင်တစ်ခုဖွဲ့ပြီး အရှေ့မြောက်ကို လွှတ်ပါလို့ တောင်းပန်လိုက်တယ်။ ဒါကို ဂျပန်က အချိန်ဆွဲပြီး ဆွေးနွေးနေပြီးမှ ဒီဇင်ဘာလ ၁၀ ရက်မှာ သဘောတူလိုက်တယ်။ ဒီတော့မှ ကော်မရှင်လွှတ်ဖို့ အဆိုကို

---

၁။ အရင် တောင်ကျူးလျားမီးရထားလမ်း ကုမ္ပဏီဒါရိုက်တာ၊ အခု နိုင်ငံခြားရေးဝန်ကြီး

အတည်ပြုပါတယ်။ ငါးနိုင်ငံပါတယ်။ **လော့ဒ်လစ်တန်– အင်္ဂလန် (သဘာပတိ)၊ မေဂျာဂျင်နရယ် ဖရင့်ရိုက်စ်မတ်ကွိုင်– ယူအက်စ်အေ၊ လက်ဖတင်နင် ဂျင်နရယ် ဟဲနရီလောဒဲလ်– ပြင်သစ်၊ ကောင့်အယ်လဒရော်ဗနီ– အီတလီနဲ့ ဒေါက်တာဟိန်နရစ်စကနီး– ဂျာမနီ**တို့ ပါဝင်တဲ့အဖွဲ့ဟာ ၁၉၃၂ခု၊ ဖေဖော်ဝါရီ ၃ရက်မှာ စတင်ထွက်ခဲ့ပြီး တရုတ်နိုင်ငံ တချို့နေရာတွေကို ဝင်ခဲ့ပြီးပြီ။ ဂျပန်ရောက်ခဲ့ပြီ။ အရှေ့မြောက်ကိုတော့ မေလထဲမှ ရောက်လာတော့တယ်။ ဒီအချိန်မှာတော့ ဂျပန်က ရှေ့တိုးပြီး ကျူးကျော်ထားလိုက်သေးတယ်။ နန်ကင်အစိုးရကလည်း ထပ်လိုက်ရောပြီး သီးသန့်မြေတွေ ထပ်ပေးထားပြီး ဖြစ်ပါတယ်။

မေလ ၃ရက်နေ့၊ (၁၉၃၂ ခု)မှာ ကျွန်တော်နဲ့ စုံစမ်းရေးကော်မရှင် နာရီတစ်မတ်လောက် မျက်နှာချင်းဆိုင်တွေ့ပြီး အမေးအမြန်း ခံရပါတယ်။ အဖွဲ့ဝင်တွေက ကျွန်တော့်ကို မေးခွန်းနှစ်ခုမေးတယ်။ ဒီအရှေ့မြောက်ကို ဘယ်လို ရောက်လာသလဲ။ အခု "မန်ကျူကော"ကို ဘယ်နည်းတည်ထောင်သလဲ။

သူတို့အမေးကို မဖြေခင် ခေါင်းထဲမှာ အကြံတစ်ခုဝင်လာတယ်။ ရှေးရှေးကပဲ ရွှန်စတန်က လန်ဒန်တံခါးတွေဟာ ကိုယ်တော်ကြီးအတွက် ဖွင့်ထားပါတယ်ဆိုတဲ့ စကားအတိုင်း ငါက လန်ဒန်မှာ ခိုကိုးလိုပါတယ်ဆိုရင် ဒီလူကြီးတွေဟာ ငါ့ကို လန်ဒန် ခေါ်သွားနိုင်ပါ့မလား။ ခေါ်သွားပေးမယ်သာဆိုရင် ကျွန်တော် "မန်ကျူကော့ အမှုဆောင်ချုပ်" ဖြစ်လာရပုံက အီတဂကိုကခြိမ်းခြောက်လို့ ဒေါ်အီဟာရက ညာခေါ်လို့ အဲဒီလို ဖြေချင်တယ်။ ကျွန်တော့်ဘေးမှာပဲ အီတဂတိနဲ့ ဟွန်တုန်င်တပ်စစ်ဦးစီးချုပ် တရိုမောတောဘောရနေဘစုကေ ထိုင်နေကြတာကိုလည်း မေ့မဖြစ်သေးဘူး။ အီတဂကိုရဲ့ မျက်နှာဖြူစုတ်စုတ်ကို လှမ်းကြည့်ပြီး စောစောက နှုတ်တက်သင်ထားတဲ့အတိုင်းပဲ ဖြေလိုက်ပါတော့တယ်။ မန်ကျူအမျိုးသားတွေက လိုလိုလားလား ပင့်ဖိတ်ကြလို့ ကိုယ်တိုင်ဆုံးဖြတ်ချက်ချပြီး လာခဲ့တာပါ။ ကျုပ်တို့ အခုနိုင်ငံကလည်း လုံးဝလွတ်လပ်တဲ့ နိုင်ငံမဟုတ်လားတဲ့။

စုံစမ်းရေးအဖွဲ့ဝင်အားလုံး ခေါင်းညိတ်ပြီး ပြုံးတုံးတုံး လုပ်နေကြတယ်။ နောက်ထပ်မေးခွန်းမမေးတော့ပါ။ အဖွဲ့နဲ့တွဲပြီး ဓာတ်ပုံအတူ ရိုက်လိုက်ကြသေးတယ်။ ပြီးတော့ အပြန်အလှန် မာစေကြောင်း ဆုတောင်းဆုယူလုပ်ရင်း ရှန်ပိန်သောက်ကြသေးတယ်။ အဖွဲ့ဝင်တွေပြန်သွားတော့ အီတဂကိက အေးစက်စက် ဖြူရော်ရော် မျက်နှာမှာ တမင်လုပ်ပြီးပြုံးတဲ့အပြုံးနဲ့ လူကြီးမင်း အမှုအရာသိပ်ပိုင်တယ်။ အပြောအဆိုလည်း သိပ်လည်ပတ်တယ်လို ချီးမွမ်းတယ်။ ကျဲန်ငင်ယှိပ်ယူကလည်း ချီးမွမ်းတယ်။

အောက်တိုဘာလထုတ် ဂျပန်မဂ္ဂဇင်း **ကျူအောကောရောန်**ထဲမှာ ကောမဲ့ဆောင်းပါးကို ဘာသာပြန်ပြီး ကျွန်တော့်ကို ပြတယ်။ တယ်မကြာဘူး။ စုံစမ်းရေးအဖွဲ့ရဲ့အစီရင်ခံစာလည်း ရောက်လာတယ်။ ဒီစာတမ်း နှစ်မျိုးစလုံးထဲမှာ ကော်မရှင်

ဟာ 'အခွင့်အရေး တူညီမှုရရှိရေး'နဲ့ 'တံခါးဖွင့်ရေး'ကိုပဲ တကယ်လိုလားတယ် ဆိုတဲ့ ကျဲန်ငင်သားအဖ အယူအဆမှန်ကြောင်း တွေ့ရတယ်။

ကောမဲ့ဆောင်းပါးနာမည်က "ကမ္ဘာကိုမန်ကျူကောက ဒီလို ကြေငြာလိုက်တယ်"တဲ့။ ဆောင်းပါးထဲမှာ ကောမဲ့နဲ့ ကော်မရှင်အဖွဲ့ဝင်တွေနဲ့ အပြန်အလှန်ပြောကြပုံတွေပါတယ်။ ပထမဆုံး လော့ဒ်လိုင်ထိုင်တန်က ကောမဲ့ကို မေးတဲ့မေးခွန်းက မန်ကျူကောရယ်လို့ နိုင်ငံသစ်ထောင်တာ မစောလွန်းဘူးလားတဲ့။ သူ့ဖြေပုံကတော့ မရေမရာအကြောင်းပြချက်တွေ ပြောပြပြီးတော့ အဆုံးမှာ မစောတဲ့အပြင် နောက်တောင်ကျနေတယ်လို့ ဆိုတယ်။ ပြီးတော့ ဆက်ပြောပြပုံက–

> မန်ကျူကော ကြေညာချက်ထဲမှာပါတဲ့ တံခါးဖွင့်မှုကို တကယ် လိုက်နာပါရဲ့လားလို့ ဂျင်နရယ်မတ်ကွိုင်ကမေးတော့ ကျွန်တော်က ဒီနိုင်ငံရဲ့ အဆောက်အအုံမှာ အချုပ်အခြာဖြစ်တဲ့ ထောင့်အုတ်နှစ်ချပ်ကတော့ တံခါးဖွင့်နဲ့ သာတူညီမျှပါပဲလို့ မဆုတ်မဆိုင်းဖြေခဲ့တယ်။ တရုတ်နိုင်ငံနဲ့ အရင်က ဆက်ဆံခဲ့ကြတဲ့ နိုင်ငံကြီးတွေထဲက ဒီဝါဒကို ရှေ့ဆောင်ရှေ့ရွက် လုပ်ခဲ့တဲ့ နိုင်ငံဟာ အမေရိကန်ဖြစ်ပါတယ်။ အခုတော့ ဒီမူကို အားလုံးကပဲ လက်ခံနေကြပြီဆိုမှ တရုတ်က တံခါးပိတ်လိုက်ပါတယ်။ တရုတ်နိုင်ငံ အနှံ့ ဘယ်နေရာမှာ တံခါးဖွင့်သေးလို့လဲ။ ကျွန်တော်တို့က ဒါကြောင့် အင်မတန်အားကောင်းတဲ့သော့နဲ့ မန်ကျူကောမှာ တံခါးတွေ ဖွင့်လိုက်ပါပြီ။ ဒီလိုလုပ်သူတွေကို လူကြီးမင်းတို့ ကန့်ကွက်ရမှာထက် ကျေးဇူးတင်ဖို့ မကောင်းပါလား ခင်ဗျား။ တစ်ခုတော့ ကဲ ပြောပါရစေ၊ အမျိုးသား လုံခြုံရေးပြဿနာနဲ့ ဆိုင်လာရင်တော့ တံခါးဖွင့်ထားဖို့ မဖြစ်နိုင်ဘူးဆိုတာ ကမ္ဘာအရပ်ရပ်က နိုင်ငံတကာလည်း ဒီလိုပဲ ယူဆမှာပဲ မဟုတ်လား။
>
> လစ်တန်ကဆက်ပြီး မန်ကျူကောမှာ သာတူညီမျှမှုကို တကယ်ကျင့်သုံးရဲ့

လားလို့ မေးတယ်။

> သာတူညီမျှ အခွင့်အရေးပေးတဲ့ နေရာမှာတော့ ခင်ဗျားတို့ အင်္ဂလိပ်နိုင်ငံဟာ စံပြဖြစ်ပါတယ်။ ကျိန်မင်းဆက်ကျဆင်းချိန်ရောက်တော့ တရုတ်နိုင်ငံရေး အခြေအနေဟာ ဆိုးလွန်းလို့ အစိတ်စိတ်ပိုင်းပြီး အယူခံရတော့မယ့်အခြေ အနေမျိုးကို မြင်နေရတယ်။ ဒီအခါမှာ ရောဘတ်ဟာ့တ်ဟာ ကျိန်နန်းတွင်း သားတွေကို ကရုတ်ဟာ ဒီအတိုင်းဆက်သွားရင် ကမ္ဘာ့နိုင်ငံတကာ ဓာတ်ခွဲပေါ် လုံးဝ ပျောက်ကွယ်သွားလိမ့်မယ်လို့ သတိပေးခဲ့ဖူးပါတယ်။ အကောင်းဆုံးကတော့ အမှုအခင်း ဆောင်ရွက်ဖို့ အနောက်ပိုင်းသားတွေကို အားကိုးရမယ်။ သွင်းကုန်ထုတ်ကုန်အကောက်ဌာန အုပ်ချုပ်ရေးကို ပြုပြင်ဖို့ အလိုဆုံးပဲ။ ဒီတော့ ကျိန်င်အစိုးရက ဟာ့တ်ကို ပင်လယ်ရပ်ခြား အကောက်တော်ဌာနကြီးမှူးခန့်ထားပြီး ပင်လယ်ရပ်ခြား အကောက်တော်

ဌာနရယ်လို့ ဖွင့်လိုက်တယ်။ ဒီဌာနမှာ အင်္ဂလိပ်ပြင်သစ်နဲ့ ဂျပန်တွေကို အများဆုံး ခန့်ထားလေတော့ တရုတ်အစိုးရအဖွဲ့အစည်းတွေထဲမှာ အားအကိုးရဆုံးဌာန ဖြစ်လာပါတယ်။ အဲဒီဌာနကို ယုံစားပြီး နိုင်ငံခြား သားတွေက တရုတ်အစိုးရကို ငွေချေးလို့ တရုတ်အစိုးရမှာ ငွေရေးကြေးရေး အကူအညီ အများကြီးရခဲ့ဖူးပါတယ်။ အင်္ဂလိပ်က ဒီအကောက်ဌာနဟာ သာတူညီမျှအခွင့်အရေး အများဆုံးပေးနိုင်တဲ့နေရာလို့ ယူဆထားလေတော့ ကျွန်တော်တို့ ဂျပန်တွေကလည်း အကောက်တော်ဌာနမှာဝင်ပြီး ပညာ ယူတဲ့သဘော အလုပ်လုပ်ချင်တယ်။ ဒီလိုလုပ်ချင်တဲ့အခါမှာ အင်္ဂလိပ် စာပေနဲ့ စကား နိုင်နင်းရဲ့လားလို့စစ်တဲ့ အကြီးအကျယ်ခက်တဲ့ စာမေးပွဲကို ဖြေကြရပါတယ်။ မန်ကျူကောဆိုတာ မန်ကျူအမျိုးသားနဲ့ ဂျပန်အမျိုးသား တွေလက်တွဲပြီး တည်ထောင်ထားတာမို့ စာရွက်စာတမ်း ပုံနှိပ်ထုတ်ဝေ တဲ့အခါ မန်ကျူနဲ့ ဂျပန်နှစ်ဘာသာ ပုံနှိပ်ရပါတယ်။ ဒီတော့ ဂျပန်နဲ့ မန်ကျူဘာသာကို လည်လည်ပတ်ပတ် ရေးတတ်ဖတ်တတ် ပြောတတ်တဲ့ လူရှိရင်၊ နိုင်ငံကပေးနိုင်သမျှ အခွင့်အရေးလောက်ဆို ကျေနပ်မယ်ဆိုရင် ဘယ်နိုင်ငံကလူပဲဖြစ်ဖြစ် ဒီမှာလာပြီး အမှုထမ်းနိုင်ပါတယ်။ ကြိုဆိုလျက် ပါ။ အဲဒါကိုပဲ ကျွန်တော်တို့ အယူအဆအတိုင်းပြောရမယ့် သာတူညီမျှ အခွင့်အရေးမှုပါပဲလို့ ကျွန်တော်က အထစ်အငေါ့မရှိ ချက်ချင်းဖြေခဲ့တယ်။ ဘာများ ထပ်မေးကြဦးမလဲလို့ မေးတော့ မေးစရာမရှိ။ အခြေအနေကို သဘောပေါက်ပြီ။ မြင်ရတွေ့ရကြားရတာ အားလုံးကိုပဲ သေသေချာချာ ကျေနပ်တယ်လို့ ဖြေကြတယ်။

အဖွဲ့ဝင်တွေအပြန် ယှက်ကင်(ကျန်ကျန်)ဘူတာကို လိုက်ပို့တော့ လစ်တန်က ကျွန်တော့်လက်ကိုဆွဲပြီး နှုတ်ဆက်ရင်း ပြောခဲ့တာက မန်ကျူကောနိုင်ငံသစ်ဟာ အဘက်ဘက်က တိုးတက်ပါစေလို့ ဆုတောင်းတယ်တဲ့။

ဒီလိုအပြန်အလှန် ပြောကြခဲ့ပုံကို တဲန်ငင်ယှိင်ယူသားအဖ ဖတ်ကြရတော့ ကျေနပ်ချက်အပြည့်နဲ့ လှုပ်လှုပ်ရွရွ ဖြစ်လာကြပြန်တယ်။ ကျဲန်တွေက မန်ကျူနိုင်ငံ မှာ နိုင်ငံတကာ အုပ်ချုပ်ရေးဖြစ်စေဖို့ နိုင်ငံပေါင်းချုပ်အသင်းက ဆုံးဖြတ်လိမ့်မယ် လို့ ယူဆသတဲ့။ စုံစမ်းရေးအဖွဲ့ အစီရင်ခံစာထွက်လာရင် ဒီကိစ္စအပြီးအပိုင် စီရင် ချက်ချပြီး ဖြစ်တယ်လို့လည်း မျှော်လင့်သတဲ့။ အစီရင်ခံစာထဲမှာ အတိအလင်း ဖော်ပြထားတာက တရုတ်နိုင်ငံဟာ နိုင်ငံတကာ စီမံအုပ်ချုပ်ရေးကို လက်သင့်မခံရင် ကောင်းမယ်တဲ့။ ဂျပန်က "တည်ငြိမ်တဲ့အစိုးရ" လိုချင်တယ်ဆိုတာ "ယုတ္တိမတန်"လို့ မဆိုထိုက်ဘူး။ "အပြင်ရေးလည်းမပူရ၊ အတွင်းရေးလည်း မရှိဆိုမှ မန်ကျူလူများကို စီးပွားရေးမှာ အမြန်ဆုံး ထူထူထောင်ထောင် ဖြစ်လာအောင် လုပ်နိုင်မယ့် ငွေရင်းငွေ နှီးပေါ်ထွက်လာမယ်"လို့ ယူဆတယ်တဲ့။ ဒီအဖွဲ့ဟာ နိုင်ငံခြားအာဏာရ နိုင်ငံတွေ

အတွက် အဆီတုံးကလေးတွေပဲ ရှာပြီး ရွေးယူနိုင်ဖို့ နိုင်ငံတကာ အုပ်ချုပ်ရေးဘက်က နေပြီး ရှေ့နေလိုက်လိမ့်မယ်လို့ ကျဲနင်ငင်သားအဖ ယူဆထားတာ မှန်တယ်လို့" ပဲ ပြောရတော့မယ်။

ကျဲနင်ငင်ယိုပ်ယှူရဲ့ ဆိုဗီယက်ဆန့်ကျင်ရေးတွက် ချေလဲမှန်တယ်လို့ပဲ ဆိုရမယ်။ ဂျပန်က မန်ကျူလျားကို "အသက်သွေးကြော"လို့ ယူဆတာကိုလည်း စုံစမ်းရေးအဖွဲ့က ဟုတ်လောက်စရာရှိတယ်လို့ ထင်မိတယ်ဆိုပဲ။ "ဂျပန်ကခုခံတယ် ဆိုတာကို သဘောပေါက် နားလည်တဲ့အပြင် တကယ်လို့ မန်ကျူးလျားနယ်စပ်ကို နိုင်ငံခြားအာဏာရ နိုင်ငံတဦးဦးက ကျော်မယ်ဆိုရင် ပိတ်ဆို့နိုင်အောင် လိုအပ်သလို ဂျပန်က ဆောင်ရွက်ရင်လည်း သင့်မြတ်တာလို့ ယူဆနိုင်မယ်"တဲ့။ "ဒီလိုဆိုတော့ မန်ကျူလျားမှာလာပြီး စစ်တပ်ကို ဘယ်လောက်ကြာမယ်လို့ မပြောနိုင်လောက်အောင် ကြာကြာကြီးထားရင် ငွေလည်း အများကြီးကုန်မှာပဲ။ ဒါပေမယ့်လည်း ဒါမှအပြင် ရန်ကို စိတ်ချရမယ်။ အဲဒီလိုပြောတာ တကယ်သင့်မသင့်၊ ပြီးတော့ ဒီလို တပ်လာချထားတဲ့အချိန်မှာ ပတ်ဝန်းကျင်က လူတွေက ရန်လိုတဲ့ တရုတ်အကူအညီယူပြီး ဆူပူလှုပ်ရှားကြရင် ဂျပန်တပ်တွေအဖို့ အကြီးအကျယ် မခံချင်စရာ မဖြစ်ပေဘူးလို့ ပြောနိုင်မလား"။ ဒီလိုတော့လည်း အစီရင်ခံစာမှာ မေးခွန်းထုတ်ထားပါတယ်။ ဂျပန်ဟာ "ကမ္ဘာတစ်ခုလုံးရဲ့ အကြင်နာနဲ့ မေတ္တာအပေါ်မှာ အခြေခံပြီး လုံခြုံရေးကို အခုလို ငွေကုန်တဲ့ နည်းမပါဘဲ ကမ္ဘာရဲ့ တခြား တန်ခိုးကြီးနိုင်ငံတွေ တစ်ဦးနဲ့တစ်ဦး သဘောတူချက်ရအောင် လုပ်ကြတာမျိုး လုပ်ရင်လည်း ဖြစ်နိုင်စရာအကြောင်း ရှိပါတယ်"လို့ အကြံပေးထားပါတယ်။

စုံစမ်းရေးအဖွဲ့က ရှေးဟောင်းအုပ်ချုပ်ရေးပုံစံကို ပြန်သွားဖို့ကို မလိုလားဘူး။ အခု လုပ်ပြီးဖြစ်နေတဲ့ (မန်ကျူကော)အုပ်ချုပ်ရေးထက်သာတဲ့ အုပ်ချုပ်ရေးတစ်မျိုးကို သွေးထွက်သံယိုမဖြစ်ဘဲ တဖြည်းဖြည်း ပြောင်းပေးနိုင်ဖို့ ကောင်းတယ်လို့တော့ အကြံပေးထားပါတယ်။ အင်မတန်အဆင်မြင့်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကို နိုင်ငံခြား အကြံပေးအဖြစ်နဲ့ နိုင်ငံများစွာက ကျွမ်းကျင်သူတွေ ခေါ်ယူရင် ဖြစ်နိုင်ပါတယ်တဲ့။ အရှေ့မြောက်မှာ ဂျပန့်စီးပွားရေးက ပိုများလေတော့ ဒီနိုင်ငံခြားသား အကြံပေး ဦးရေမှာတော့ ဂျပန်ပိုများမှလည်း သဘာဝကျမယ်။ ဒါပေမယ့် အခြားနိုင်ငံအတွက်လည်း ဦးရေဘယ်လောက်ပါရမယ်လို့ အချိုးကျ တွက်ပေးထားရရင် ပိုကောင်းမယ်။ ဒီလို အုပ်ချုပ်ရေးပုံစံသစ်ကို ဖြစ်မြောက်အောင်စီစဉ်ဖို့ ပထမ အဆင့်အနေနဲ့ ဂျပန်ကိုယ်စားလှယ်၊ တရုတ်ကိုယ်စားလှယ်နဲ့ 'ကြားနေလေ့လာသူ' တွေပါတဲ့ အကြံပေး ကွန်ဖရင့်တစ်ရပ် ခေါ်ယူရမယ်။ ဒီကွန်ဖရင့်မှာ ဆုံးဖြတ်ချက် မချနိုင်တဲ့ ပြဿနာပေါ်ရင် နိုင်ငံပေါင်းချုပ်အသင်းကြီးမှာ တင်ပြပြီး ဆုံးဖြတ်ချက်ယူရမယ်။ ဒီလို နိုင်ငံတကာ ပူးပေါင်းရေးကို 'မန်ကျူးလျား'မှာလုပ်သလို ကျန်တရုတ်နိုင်ငံမှာလည်း လုပ်သင့်တယ်လို့ စုံစမ်းရေးအဖွဲ့က ထင်တယ်တဲ့။ အဲဒီလို ဘာပြုလို့ ထင်ရသလဲလို့

အကြောင်းပြတဲ့အခါ စုံစမ်းရေးအဖွဲ့ဟာ ကျဲန်ငင်သားအဖ အမြဲပြောတဲ့ အကြောင်းပြချက်နဲ့ တစ်ထပ်တည်းတူတဲ့ အကြောင်းပြချက်ကိုပဲ ပြတယ်။ အဲဒါက တရုတ်မှာ လူအားသာရှိလို့ ငွေအား အကြံကြီးအားနဲ့ ကျွမ်းကျင်မှုကို နိုင်ငံခြားက မရရင် သူတို့ဘာသာ ကြီးပွားတိုးတက်အောင် မလုပ်နိုင်တဲ့အတွက်ပါပဲတဲ့။

စုံစမ်းရေးအဖွဲ့ကို ဖတ်ရပြီး တစ်ရက်အတွင်း နှစ်ရက်အတွင်း ကျဲန်င်ယိုပ်ယူဟာ အားရဝမ်းသာနဲ့ အစစ 'မျှော်လင့်ချက်ကြီး' ပါတယ်လို့ ပြောနေပါတယ်။ ဟူရှိက ဒီအစီရင်ခံစာဟာ 'ကမ္ဘာ့အဆုံးအဖြတ်' ဖြစ်ပါတယ်လို့ ဆောင်းပါးတစ်စောင်ရေးပြီး ပုံနှိပ်ဖြန့်ဖြူးတယ်လို့ သူပဲ သတင်းပေးပါတယ်။

ဒါပေမယ့် ဂျပန်က ဒီအစီရင်ခံစာကို မနှစ်သက်တာတွေ့ရတော့ ကျဲန်ငင်သားအဖဟာ အများကြီး စိတ်ဓာတ်ကျဆင်းသွားတာ တွေ့ရတယ်။ အစီရင်ခံစာက အရှေ့မြောက်ဂျပန်ရဲ့ စီးပွားရေးလိုအင်နဲ့ အခွင့်အရေးတွေကို လေးစားတယ်။ "စက်တင်ဘာ ၁၈ရက် အရေးတော်ပုံ"ကို ဂျပန်ဟာ ကိုယ့်အပေါ်ကျလာမယ့် ရန်ကို ကာကွယ်ဖို့ လုပ်ရတာပဲဖြစ်တယ်လို့ ဖော်ပြတယ်။ အဲဒီလို ရေးထားပေမယ့်လည်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဒီအစီရင်ခံစာထဲက အချက်တစ်ချက်ကိုပဲ ကျေနပ်သဘောတူတယ်လို့ ပြောလိုက်တယ်။ အဲဒါက ဘာလဲဆိုတော့ မန်ကျူလျှားနဲ့ ပတ်သက်တဲ့ အကြံဉာဏ်ပေးချက်တွေကို တရုတ်နဲ့ နိုင်ငံကြီးတွေ ဆက်ဆံရေးမှာ စမ်းကြည့်ရင် ပိုကောင်းမယ်။ ဥပမာ– နိုင်ငံတကာအုပ်ချုပ်ရေး စီမံကိန်းကို တရုတ်နိုင်ငံမှာ လုပ်ကြည့်ဖို့ကို ဆိုလိုတယ်တဲ့။ အရှေ့မြောက်မှာလာပြီး နိုင်ငံတကာအုပ်ချုပ်ရေး လုပ်ဖို့ကိုတော့ ဂျပန်နည်းနည်းမှ စိတ်မပါဘူးတဲ့။ ကျွန်တော်စောစောက ပြောဖူးသလိုပဲ ကျဲန်ငင်ယိုပ်ယူဟာ 'တံခါးဖွင့်'နဲ့ သာတူညီမျှ အကျိုးခံစားခွင့်ကို သိပ်အားသန်လို့ ဂျပန်က မကြိုက်ဖြစ်လာပြီး နောက်ဆုံး ကန်ထုတ်တာကို ခံသွားရရှာတယ်။

အစီရင်ခံစာ မထွက်ခင်ကဘဲ ကျဲန်ငင်သားအဖ မျှော်လင့်ထားသလို နိုင်ငံတကာအုပ်ချုပ်ရေး ပေါ်လာရင် ဂျပန်တစ်ဦးတည်း အားကိုးနေရတာထက် ပိုကောင်းမယ်လို့လည်း ကျွန်တော် တွေးမိတယ်။ ဒါပေမယ့်လည်း ကျွန်တော် စိုးရိမ်တာ နှစ်ချက် ရှိနေတယ်။ တစ်ချက်က ကျိအန်ကိုင်ရှိအက်ရဲ့ နန်ကင်းအစိုးရဟာ ဒီ 'နိုင်ငံတကာအုပ်ချုပ်ရေး'မှာ တစ်နေရာက ပါလာရင် ငါ့အဖို့ အကျပ်အတည်း တွေ့မယ်။ နောက်တစ်ချက်က နိုင်ငံတကာအုပ်ချုပ်ရေးက ကိုယ်ပိုင်အစိုးရကို လိုလားလေတော့ နန်ကင်းကအကောင်တွေ ဝင်မနှောင့်ယှက်လည်း ဒီအစိုးရက ကေရာဇ်အဖြစ်ငါ့ကို ဘယ်တင်တော့မလဲလို့ တွေးမိတယ်။ အဲဒါတွေထက်ပိုပြီး အရေးပါတဲ့အချက်က ခုလို နိုင်ငံတကာက အဖွဲ့တွေဘာတွေ လာပြီးလေ့လာချိန်မှာတောင် ဂျပန်ရဲ့မိုက်ရိုင်းရက်စက်တာ နည်းနည်းမှ လျှော့မသွားဘူး။ အဲဒါကို သတိထားမိလေ ကျွန်တော်လန့်လေပါပဲ။ အဲဒါကြောင့် စုံစမ်းရေးအဖွဲ့ရှေ့မှာ ငါ့စိတ်ထဲရှိသလို ပြောလိုက်မိတာ

ကံကောင်းလိုက်တာလို့ တွေးမိတယ်။ သူတို့ အကူအညီမပါပဲ ငါ နန်းပြန်ရမှာကို မပဟုတ်ဘူး။ ဒီတော့ သူတို့ စိတ်ဆိုးအောင် ငါဘာမှ မလုပ်လေနဲ့လို့ စိတ်ဖြစ်ခဲ့တယ်ပေါ့။

## တတိယအကြိမ် 'ဧကရာဇ်'

အမှုဆောင်ချုပ်လုပ်ရင်း တစ်နှစ်ပြည့်လို့မှ ကွမ်တုန်တပ်က ဘုရင်စနစ်ထူထောင်ဖို့ သဘောမတူဘဲ ရှိနေသေးရင် ကျွန်တော် ရာထူးက ထွက်နိုင်တယ်လို့ သဘောတူခဲ့ပေမယ့် ကျွန်တော်မထွက်ဝံ့ဘူး။ သူတို့က ကျေနပ်တယ်ဆိုဦးတော့ ကျွန်တော် သွားနေဝံ့စရာ နေရာမရှိပါ။

ရာထူးလက်ခံရက် တစ်နှစ်ပြည့်ပြီး ရက်နည်းနည်းရတော့ ကွမ်တုန်တပ်သေနာပတိ မုတောက ထုံးစံတွေ့မြဲအစည်းအဝေးမှာ ဒီကိစ္စကို ကောက်ပြောလို့ ကျွန်တော် သိပ်အံ့အားသင့်သွားတယ်။ 'မန်ကျူကော'နိုင်ငံပုံစံကို ဂျပန်ဟာ စဉ်းစားတုန်းပဲတဲ့။ အချိန်တန်ရင် ဒီပြဿနာ ပြေလည်သွားမယ်လို့ အာမခံတယ်။

နောက်ထပ်မကြာဘူး။ ၁၉၃၃ခု၊ မတ်လ ၂၇ရက်နေ့မှာ ပိုပြီး လွတ်လပ်ချင်လို့ဆိုပြီး ဂျပန်ဟာ နိုင်ငံပေါင်းချုပ်အသင်းက ထွက်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ တရုတ်ကို ပိုပြီး တိုက်ခိုက်လာတယ်။ မဟာတံတိုင်းကြီးက တောင်ဘက်ဖောက်ဆင်းပြီး ပီကင်းနဲ့ တီအင်ကျင်ကို ဝိုင်းထားမိနေပါပြီ။ မေလကုန်တော့ ပြည်တွင်းစစ်မှာ ကွန်မြူနစ်ကို တိုက်နေရလို့ မအားနိုင်အောင်ရှိတဲ့ နန်ကင်းအစိုးရဟာ ဂျပန်ကို နောက်ထပ် သီးသန့်မြေပေးဖို့ သဘောတူပြီး "ကန်င်ကုသဘောတူညီချက်"ကို လက်မှတ်ရေးထိုးလိုက်ပါတယ်။ ဒီသဘောတူညီချက်အရ တရုတ်တပ်တွေက မဟာတံတိုင်း တောင်ဘက်မြေကွက် အတော်များများကပဲ ဆုတ်ပေးရပါတယ်။ ဒီတော့ ဂျပန်ဟာ တရုတ်မြောက်ပိုင်းမှာ ပိုပြီး အားကောင်းကောင်းနဲ့ အုပ်စိုးသွားနိုင်ပါတယ်။ ဒီလို အဖြစ်အပျက်တွေဟာ ကျွန်တော့်ကို နန်းပြန်တင်ပေးဖို့ ပြောဟောနေတဲ့ ရှေ့နေတွေအတွက် အခွင့်ကောင်းဖြစ်လာပြီး သူတို့တွေဟာ အရှေ့မြောက်နဲ့ မြောက်ပိုင်းတရုတ်နယ်တွေမှာ နိုးနိုးကြားကြား ဖြစ်လာကြပြန်တယ်။ ဇူလိုင်လမှာ "မန်ကျူကောနိုင်ငံ" အတိုင်ပင်ခံအဖွဲ့၊ "အထွေထွေဌာနမှူး ကောမဲ့"ဟာ အခု ရာထူးက နုတ်ထွက်ပြီး တရုတ်မြောက်ပိုင်း "လွတ်လပ်ရေး"အတွက် တိတ်တဆိတ် အလုပ်လုပ်ဖို့သွားရတယ်။ သူက သွားခါနီး ကျဲနိုင်ယှိပ်ယူကို တစ်နိုင်ငံလုံးမှာ ကျွန်တော့်ကို နန်ကင်းသို့ ယူသွားပြီး ဆောင်ရွက်လိုက်ဦးမယ်လို့ ပြောသွားတယ်။ ဒါတွေကြားလေ ကျွန်တော်နဲ့ အပေါင်းပါတွေ လှုပ်လှုပ်ရွရွ ဖြစ်လေပါပဲ။

ကျွန်တော် အမြဲလိုချင်ခဲ့တဲ့ လက်နက်နိုင်ငံကြီး မြင်ရတော့မလောက် နီးလာပါပြီ။ သတင်းတွေကို နားစွင့်ထောင်မိတယ်။ ကျွန်တော်နဲ့ သွေးသားတူ

အမျိုးသားတွေကို သတ်နေတဲ့ ဂျပန်စစ်သားတွေကို ပိုပိုပြီး အားကိုးလာမိတယ်။ **ရယ်ဟောလ်**[၁] ကို ၁၉၃၃ခုက ဂျပန်သိမ်းပြီးတဲ့အခါ တိုက်ပွဲမှာ ပါဝင်ခဲ့တဲ့ ဂျပန် အရာရှိတွေနဲ့ မှတောကို ဝမ်းသာတယ်။ နောက် ဒါ့ထက်အောင်ပါစေလို့ ဆုတောင်းတဲ့ ထမင်းစားပွဲကြီး ခေါ်ကျွေးခဲ့ပါတယ်။ ပီကင်းနဲ့ ကီလိုမီတာ ငါးဆယ်အကွာဖြစ်တဲ့ မိယုန်ရောက်မှ ဂျပန်ထိုးစစ်ဦး ရပ်သွားတယ်ကြားတော့ ကျွန်တော်ဖြင့် ကြိတ်မနိုင်ခဲမရ ဖြစ်သွားတယ်။ ကျဲနိုင်ယိုပ်ယှုအပြောကတော့ ဂျပန်အဖို့ မြောက်ပိုင်းတရုတ်မြေကို မပြောနဲ့ တောင်ပိုင်းပါ သိမ်းချင်ရင် ရက်ပိုင်းအတွင်းဖြစ်ပါတယ်။ အခုလောလောဆယ် အရေးကြီးဆုံးပြဿနာက "မန်ကျူကော" နိုင်ငံကို ဘယ်ပုံစံနဲ့ ဆက်ထားမလဲလို့ ဆုံးဖြတ်ချိန် ရောက်နေပြီ။ ဒါကိုလည်း ကွမ်တုန်ငံစစ်တပ်က ဆုံးဖြတ်မှာ မဟုတ်ဘူး၊ တိုကျိုက ဆုံးဖြတ်မှာ။ ဂျပန်နိုင်ငံရေးသမား လက်ဟောင်းကြီးတွေက ကျွန်တော်ကို နန်းပြင်တင်ဖို့ လိုလားပြီးသားပါလို့ သူကပဲ ဆက်ပြောတယ်။ ဒီတော့ ကျွန်တော့် အတွက် တိုကျိုမှာ လက်ကုပ်ပြီး ပြောဟောပေးမယ့်လူ လိုမယ်။ အနည်းဆုံး ပြောခွင့်မရဘူးထား၊ အနည်းဆုံး နောက်ဆုံး သတင်းပို့ပေးနိုင်မယ့်လူ လိုတယ်။

ဒီကိစ္စအတွက် ကျွန်တော့်ကိုယ်ရံတော်တပ်က ကုဒေါတေတ္စုစဗုရောကို ရွေးလိုက်ပါတယ်။ သူဟာ ကျွန်တော်နဲ့အတူ တီအင်ကျင်ကနေပြီး အရှေ့မြောက်ကို ပါလာတဲ့ လူပဲ။ ကွမ်တုန်ငံတပ်က ကျွန်တော့်အပေါ် နှိမ်ထားတာကို သူမကြိုက်ဘူးလို့ ကျွန်တော် ထင်ထားတယ်။ ဂျပန်ထဲမှာ သူတစ်ယောက်ပဲ ကျွန်တော့်ကို ကိုယ်တော် မြတ်ဘုရားလို့ အခုထိ ဆက်ခေါ်တုန်းပဲ။ ကျွန်တော့်အပေါ်မှာ သစ္စာထားကြောင်း ထင်ရှားအောင် ပြဖူးတယ်။ ကျွန်တော်က အဆိပ်ပါတယ်လို့ထင်တဲ့ လက်ဖက်ရည် တစ်ခွက်ကို သူက မြည်းပြဖူးတယ်။ ဒါနဲ့ ကျွန်တော်က သူ့ကို တရုတ်နာမည် ကျန်ငင် (သစ္စာရှိ)လို့ မှည့်ထားပြီး သူ့ကို အိမ်တော်ပါ ကျေးရင်းကျွန်ရင်းလို သဘော ထားခဲ့တယ်။ သူ ဂျပန်ကို ခဏပြန်သွားတဲ့အခါ မိနာမိဂျိရောနဲ့ နဂါးနက်အသင်းဝင် အရေးပါတဲ့ လူတချို့ကိုတွေ့ပြီး ဆွေးနွေးခဲ့တယ်။ သူ့အပြောက စစ်ဘက်မှာတန်ခိုးရှိတဲ့ လူတွေဟာ ဘုရင်စနစ်ကို အားလုံး ထောက်ခံခဲ့တယ်တဲ့။ ဒီသတင်းကြောင့် ငါဖို့ အခွင့်ကြုံပြီလို့ တွက်ထားလိုက်ပါတယ်။

ကုဒေါပို့တဲ့ သတင်းမှန်ကြောင်း ၁၉၃၃ခု၊ အောက်တိုဘာမှ သိရပါပြီ။ ဟိရှိကရိတကရှိဆိုတဲ့ ကွမ်တုန်တပ်သေနာပတိသစ်ဟာ ဂျပန်အစိုးရက ကျွန်တော်ကို "မန်ကျူကော ကေရာဇ်"လို့ အသိအမှတ်ပြုတော့မယ်လို့ ရုံးထုံးစံအတိုင်း စာပို့ အကြောင်းကြားလာတယ်။

ကျွန်တော်လည်း ပျော်လွန်းလို့ ရူးမတတ်။ နဂါးရုပ်ကေရာဇ်ဝတ်စုံ တစ်ခု

---

၁။ ၁၉၅၅ခုမှာ ဒီနယ်ကိုဖျက်ပြီး ပိုင်နက်မြေတွေကို ဟောပေ့နယ်၊ အတွင်း မောင်ဂိုလျားနယ်နဲ့ လီအပ်နယ်သုံးနယ် ဝေထည့်လိုက်တယ်။

ရအောင်ရှာရမယ်လို့ ပထမဦးဆုံး သတိရတယ်။

မယ်တော်ကြီးတစ်ပါးက ပီကင်းမှာ သိမ်းထားတာကို အယူလွှတ်ရတယ်။ ဒါပေမယ့် ကွမ်တုန်င်တပ်က ဒါတွေဝတ်လို့ မဖြစ်ဘူးတဲ့။ ဂျပန်က ကျွန်တော့်ကို ကျိန်ငင်မဟာကေရာဇ်လို့ အသိအမှတ်ပြုတာမှ မဟုတ်ဘဲတဲ့။ သူတို့က "မန်ကျူကော ကေရာဇ်"ဘဲ အသိအမှတ်ပြုမယ်။ ဒါကြောင့် "မန်ကျူကော ကုန်းတပ်၊ ရေတပ်၊ လေတပ်တွေရဲ့ သေနာပတိချုပ်ကြီးအဖြစ်နဲ့ စစ်ဝတ်စုံကိုပဲ ဝတ်ရမယ်ဆိုပဲ။

ဒါမဖြစ်နိုင်ဘူးလို့ ကျွန်တော်က ကျဲန်ယိုပ်ယှူကို ပြောပြမိတယ်။ အိုင်စိန် ဂိအောရော နန်းရိုးဖွားဖြစ်လို့ ကိုယ့်အဆက်အသွယ်ကိုပဲ သုံးလိုတယ်။ နန်းတက်ပွဲ ကို နိုင်ငံခြားသားဝတ်စုံနဲ့ သွားရင် နန်းရိုးမင်းညီမင်းသားတွေ အင်မတန်စိတ်ထိခိုက် ကုန်လိမ့်မယ်လို့လည်း ဆက်ပြောမိတယ်။ ကိုယ်တော်ကြီး မှန်ပါတယ်လို့ ကျဲန်ငယ်ယှိပ်ယှူ ဟာ ခေါင်းတညိတ်ညိတ်နဲ့ စားပွဲပေါ်မှာခင်းထားတဲ့ နဂါးဝတ်စုံကို ကြည့်ပြီး ပြောပါတယ်။ ဒါပေမယ့် ကွမ်တုန်င်တပ်က ဘာပြောဦးမယ် မသိသေးပါ ဘုရား တဲ့။ ကိုင်း ဒီလိုဆိုရင် သွားမေးပါဦးလို့ ခိုင်းလိုက်ရတယ်။

သူထွက်သွားပြီးတဲ့နောက် မယ်တော်ကြီးရှန်ငဲဟွေ့က အနှစ် နှစ်ဆယ် သိမ်းထားတဲ့ ဝတ်စုံကို ဝမ်းပန်းတနည်း ကြည့်နေမိတယ်။ အဲဒီဝတ်စုံကို ဧကရာဇ် ကုအန်ယှုကိုယ်တိုင် ဝတ်သွားတဲ့ ဧကရာဇ်ဝတ်စုံအစစ်ပဲ။ အဲဒါကို ကျွန်တော်လည်း ဝတ်ချင်တဲ့စိတ်နဲ့ အနှစ်နှစ်ဆယ် စောင့်ခဲ့ရပြီ မဟုတ်လား။ ဒါကို ဝတ်ပြီးနန်းတက် မယ်။ ဒါမှ ကျိန်ငင်မင်းဆက် ပြန်လာပြီလို့ တကယ်ပြောနိုင်မှာပေါ့။

ကျွန်တော့်စိတ်ထဲမှာ ဗလောင်ဆူနေတုန်း ကျဲန်ငင်ယိုပ်ယှူပြန်လာပြီး ကွမ်တုန်တပ်က စစ်ဝတ်စုံကိုပဲ ဝတ်ရမယ်လို့ ခိုင်ခိုင်မြဲမြဲ ပြောလိုက်ပါတယ်ဘုရား။ ဒါလောက်ပြောရုံနဲ့ ဘယ်ရမလဲ။ ထပ်သွားပြီး ချော့မော့ပြောပါဦးလို့ လွှတ်မိပြန်တယ်။ ဒီတော့မှ "နန်းတက်ကြောင်း၊ ကောင်းကင်ဘုံကို အကြောင်းကြား"တဲ့ပွဲမှာ နဂါး ဝတ်ရုံကို ဝတ်ပါတော့တဲ့။ ဒါဆိုရင် ကျေနပ်ပါပြီ။

ကျန်ကျူန်မြို့စွန်မှာ "ကောင်းကင်ဘုံယဇ်ပလ္လင်" မြေနန်းဆောက်ပြီး နန်းတက်ကြောင်း ကြေညာတဲ့ပွဲကို ၁၉၃၄ခု မတ်လဆန်း ၁ရက်မှာ လုပ်ပါတယ်။ ပြီးမှ စံအိမ်ကိုပြန်ပြီး နဂါးဝတ်ရုံချွတ် သေနာပတိချုပ် ဝတ်ရုံလဲပြီး နန်းသိမ်းပွဲဆင်ရင် ရပါတယ်။ "အမှုဆောင်ချုပ်ရုံး"ကို "နန်းရုံး"လို့ နာမည်ပြင်ကြတယ်။ ကျွန်တော့် စံအိမ်လည်း "ဧကရာဇ်စံနန်း"ဖြစ်လာပါတယ်။ (စံနန်းတော်မြတ် ဆိုတဲ့အသုံးက ဂျပန်ဧကရာဇ်အတွက်မို့ ကျွန်တော်က ဧကရာဇ်စံနန်းနဲ့ပဲ ကျေနပ်ရပါတယ်။) အဆောင်တစ်ခု တိုးလာတာကလွဲလို့ ဧကရာဇ်စံနန်းဟာလည်း အရင်က "အမှုဆောင် ချုပ်စံအိမ်"ကို ပြန်ပြီး ပြင်ဆင်ထားတဲ့ နေရာဟောင်းပါပဲ။ အဲဒီအိမ်မှာ ရှိတဲ့ ခန်းမတစ်ခုမှာ နန်းသိမ်းပွဲ လုပ်ကြပါတယ်။

ကြမ်းမှာ ကော်ဇောနီနီခင်းတယ်။ မြောက်နံရံမှာ ပိုးကန့်လန့်ကာဆွဲပြီး

ကန့်လန့်ကာရှေ့မှာ နောက်မီမြင့်မြင့်၊ ကေရာဇ်အမှတ်အသား သစ်ခွပန်းပုံ ထုထားတဲ့ ကုလားထိုင်ကြီး တစ်လုံး ချထားတယ်။ အဲဒီကုလားထိုင်နားမှာ ကျွန်တော်က ရပ်လိုက်တော့ နန်းတွင်းအရာရှိတွေက လက်ဝဲလက်ယာရံနေကြရတယ်။ "ဝန်ကြီးချုပ်" ကျဲန်ငင်ယှိပ်ယူ ခေါင်းဆောင်တဲ့ နယ်စပ်စစ်ဖက်အရာရှိကြီးတွေက မျက်နှာချင်းဆိုင် တန်းစီးပြီး ဦးခေါင်းအများကြီး ရှေ့ကိုနိမ့်ကျသွားအောင် သုံးကြိမ်ညွှတ်ကြတယ်။ ကျွန်တော်က ပြန်ပြီး ဦးညွှတ်ပြီး၊ ပြီးမှ ကွမ်တုန်င်တပ် သေနာပတိ ဟီရိုကရိက ဂျပန် "သံအမတ်" ခန့်အပ်လွှာကို ကျွန်တော့် လက်ထဲမှာထည့်ပြီး ဝမ်းသာစကား ပြောပါတယ်။ ဒီပွဲပြီးလို့ ကျွန်တော်ကုလားထိုင်ကြီးမှာ ဝင်ထိုင်တဲ့အခါမှာ ပီကင်းက လိုက်လာတဲ့ နန်းရိုးမင်းသားတွေ နန်းထိန်းဌာနအရာရှိဟောင်းတွေက ကြမ်းမှာ ဝပ်စင်းပြီး ကိုးကြိမ် ဦးတိုက်ကြပါတယ်။

တရုတ်မဟာတံတိုင်းကြီး လွန်ပြီး တောင်ဘက်အစ ကျိန်င်တပ်သား ဟောင်းတွေက ဝမ်းသာစကား စာသွင်းကြတယ်။ ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်ပါ တယ်လို့ ကြေငြာတဲ့ လူတွေထဲမှာ ရှန်တိုင်က မြေအောက်ကမ္ဘာ ဗိုလ်ကျဲန်င်ယုကျိန် လည်း ပါတယ်။

ဒွန်လ ၆ရက်နေ့မှာ မင်းသားချိချိဗု (ချိချိဗုနာဟိ တစုတိကော) ဟာ သူ့နောင်တော် ဂျပန်ကေရာဇ်ရဲ့ကိုယ်စား ကျွန်တော့်ဆီလာပြီး ဝမ်းသာစကားပြောပါ တယ်။ ပြီးတော့ ကျွန်တော့်ကို ဂျပန်ဂန္ဓမာစလွယ်ကြီးပေးအပ်ပြီး ဝန်ရှန်ကို သရဖူ ဘွဲ့ ပေးအပ်သွားပါတယ်။

ဟူဗီယွန်က တောင်းဖို့ အထပ်ထပ်ပြောထားတဲ့ အခွင့်အရေးကို မရသေး။ တကယ်က မေ့နေတယ်။ နန်းရလို့ တစ်လကြာ အဖေနဲ့ ညီတွေ ညီမတွေ ပီကင်းက လိုက်လာကြတော့ ကျွန်တော်က ကျဲန်င်ကျန်ဘူတာမှာ အကြိုလွှတ်ပုံကို ပြောပြရုံနဲ့ ကျွန်တော်ဟာ ဘယ့်လောက် ကေရာဇ်မာန်တက်ပြီး နေတယ်ဆိုတာ ထင်ရှားပါလိမ့်မယ်။

နန်းတွင်းအရာရှိတွေနဲ့ ကိုယ်ရံတော်တပ်ကို မီးရထားဘူတာမှာ တန်းစီပြီး အကြိုလွှတ်လိုက်တယ်။ ကျွန်တော်နဲ့ ဝန်ရှန်က နန်းတော်ဝက ထွက်ကြိုတယ်။ ဝန်ရှန်နန်းတွင်းဝတ်စုံနဲ့။ ကျွန်တော်က စစ်ဝတ်စုံမှာ ဂျပန်တံဆိပ် မန်ကျူကောတံဆိပ် နဲ့ မဟာတံတိုင်းတောင်ဘက်ကသွားပြီး အယူလွှတ်လို့ရထားတဲ့ မဟာကျိန်င် လက်နက်နိုင်ငံတံဆိပ်ကြီးပါ ရင်ဘတ်မှာ ဆွဲထားတယ်။ ဒီတံဆိပ်ကို ဂျပန်တွေရှေ့မှာ မဆွဲရဲပေမယ့် ဒီနေရာမှာ ထုတ်ကြွားရလို့ သိပ်ကျေနပ်နေမိတယ်။

အဖေ့ကားဝင်လာတော့ ကျွန်တော်က ဆလံပေးတယ်။ ဝန်ရှန်က ဒူးတုပ် တယ်။ အဖေနဲ့ ကျွန်တော် နှစ်ယောက်တည်း ဧည့်ခန်းကြီးထဲ ဝင်မိတဲ့အချိန်မှာ ကျွန်တော်က ဒူးတုပ်ပြီး ရှေးကပုံစံနဲ့ နှုတ်ဆက်ပါတယ်။

ညနေကျတော့ ထမင်းစားပွဲကြီး ခင်းကျင်းပါတယ်။ စားစရာနဲ့ စားကြပုံက

အနောက်ပိုင်း ပုံစံအတိုင်းပေါ့။ ဝန်ရုန်နဲ့ ကျွန်တော်က စားပွဲကြီးထိပ်က အိမ်ရှင်နဲ့ အိမ်ရှင်မအနေနဲ့ ထိုင်ကြတယ်။ ဘင်ခရာအတီးဝိုင်းကို ထမင်းစားခန်း ဝင်ကြကတည်းက တီးခိုင်းတယ်။ သူတို့ ဘာတွေတီးလည်းတော့ မမှတ်မိဘူး။ ဒါပေမယ့် ကျွန်တော့် အကြိုက်ခရာတွေ ဝေဝေဆာဆာမှတ်တာပါတဲ့ တီးလုံးတွေပဲရွေးပြီး တီးခိုင်းမှာပါပဲ။

ရှန်ပိန်သောက်တဲ့ အဆင့်ကိုရောက်တော့ စောစောကသင်ထားတဲ့အတိုင်း ပုကျိအယ်က ဖန်ခွက်ကိုမြှောက်ပြီး ဧကရာဇ်ကိုယ်တော်အရှင်မြတ် အသက်ရာကျော် ရှည်ပါစေလို့ စလိုက်တဲ့အခါ မိသားစုဝိုင်းပြီး သံပြိုင်လိုက်ဆိုသံကြားတော့ ရီးတွင်းချဉ်ဆီစိမ့်အောင် ပီတိတွေ ဖြာသွားပါတယ်။

ဂျပန်နဲ့ အရင်အရှေ့မြောက်အာဏာပိုင်တွေ သဘောတူချက်ရှိခဲ့တာကို အခု "မန်ကျူကော"က ဆက်လက် သဘောတူပါတယ်လို့ ဆိုတဲ့အတွက် မီးရထားဘူတာကို ကျွန်တော်က ကိုယ်ရံတော်တပ်လွှတ်တာဟာ အဲဒီသဘောတူချက်တစ်ခုကို ချိုးဖောက်ရာရောက်လို့ ဂျပန်သံအမတ်အနေနဲ့ကန့်ကွက်ဆိုပြီး ကွမ်တုန်တပ်ဌာနချုပ်က လူလွှတ်အကြောင်းကြားတယ်လို့ နန်းတွင်းအထက်အရာရှိ ပဝ်ယိုက နောက်တစ်နေ့ ကျွန်တော့်ကို ပြောပါတယ်။ သဘောတူချက်က မီးရထားသံလမ်း ဘယ်ညာက အလျားလိုက်မြေကွက်ကို တောင်မန်ကျူးလျား မီးရထားပိုင်မြေလို့ သတ်မှတ်ထားလို့ ဒီနေရာထဲကို ဂျပန်တပ်သားကလွဲလို့ ဘယ်တပ်သားမှ ဝင်ခွင့်မပေးဘူး။ ကွမ်တုန်တပ်ဌာနချုပ်နဲ့ တိုက်ရိုက်မဆိုင်၊ ဂျပန်သံအမတ်ကသာ နောင် ဒါမျိုးမဖြစ်စေရအောင် သတိထားပါ့မယ်ဆိုတဲ့ ခံဝန်ချက် လိုသတဲ့။

ဒါလောက်ဖြစ်မိရင် ကျွန်တော်ဟာ ငါ့အခြေအနေ ဘာဆိုတာ သတိရဖို့ မကောင်းလား။ ဂျပန်က အများကြီး လျှော့ပြီး ကျွန်တော် မျက်နှာပျက်ရမယ့်အဖြစ်ကို ရှောင်ပါသေးတယ်။ ဘာပြုလို့လဲလို့တော့ စောစောကကိစ္စကို လူသိရှင်ကြားဖြစ်အောင် မလုပ်ဘူး။ ကျွန်တော်က လူလွှတ်ပြီး တောင်းပန်တယ်။ နောင်မဖြစ်စေရဘူးလို့ ဝန်ခံတယ်။ ဒါလောက်နဲ့ပဲ ပြီးသွားတယ်။ တကယ်ကတော့ ကျွန်တော်ဟာ အဆောင်အယောင် အခမ်းအနား ကြိုက်မှန်းသိလို့ အဲဒါတွေလုပ်နေရရင် အဖြစ်မှန်ကို မေ့နေရမှာပဲဆိုတဲ့သဘောနဲ့ ဒီအဆောင်အယောင်တွေကိုပဲ ဂျပန်က စီစဉ်ပေးနေပါတယ်။

ကျွန်တော် ယစ်မူးမိတယ် ဆိုရလောက်အောင် သဘောကျမိတဲ့ အဆောင်ခင်းကျင်းပွဲကတော့ "ထွက်တော်မူကြီး"ပါပဲ။

ကွမ်တုန်တပ်က ကျွန်တော်ဟာ တစ်နှစ်ကို အနည်းဆုံး နှစ်ကြိမ်လောက် ကျဲန်ကျန်က "ထွက်တော်မူကြီး" ထွက်တော်မူဖို့ အမြဲစီစဉ်ပါကယ်။ ကျဲန်ကျန်မြို့တွင်းမှာလည်း အခမ်းအနားပါတဲ့သဘင် လေးကြိမ်လုပ်တာမှာ ပါရသေးတယ်။ ပထမပွဲကတော့ နယ်ချဲ့စစ်မှာသေတဲ့ ဂျပန်တပ်သားတွေအတွက် ရည်စူးတဲ့"သစ္စာရှိ သိဉာဏ်ဘုရား" မှာ ပူဇော်ပွဲဖြစ်တယ်။ ဒုတိယပွဲကတော့ "မန်ကျူကော"ရုပ်သေး

တပ်က သေသူအတွက် "နိုင်ငံထိ သစ္စာရှိ ဝိညာဏ်ကျောင်းတော်"မှာ ပူဇော်ပွဲဖြစ်တယ်။ တတိယ ဂျပန်ကေရာဇ်မွေးနေ့မှာ ကွမ်တုနိုင်တပ်ဌာနချုပ်သွားပြီး ဝမ်းသာစကား ပြောရတဲ့ပွဲဖြစ်တယ်။ စတုတ္ထကတော့ "ချစ်ကြည်ရေးသင်း" နှစ်ပတ်လည်အစည်း အဝေးပွဲ ဖြစ်တယ်။ အဲဒီ နှစ်ပတ်လည်ပွဲကို ကျွန်တော်သွားပုံဖော်ပြရင် အဆောင် အယောင်ခင်းတယ်ဆိုတဲ့ အဖိုးမတန်တဲ့အလုပ်ပိုကို မြင်သာမှာပါပဲ။

ကေရာဇ်တို့နဲ့ ထိုက်တန်အောင် ကားတန်းရှည်ကြီးနဲ့ ထွက်တော်မူကြီး လုပ်ရတယ်။ ရှေ့ဆုံးက ဂျပန်ရဲကားတွေ နောက်လှမ်းလှမ်းက ရဲချုပ်ရဲ့ အမိုးဖွင့် ကားနီ။ နောက်ကျွန်တော့်ကား။ ဒါလည်းအနီပဲ။ နောက်က ကျွန်တော့်အမတ်တွေ အရာရှိတွေရဲ့ ကားတန်းကြီး နောက်ထပ်ရဲကားတွေနဲ့ ပိတ်ပါတယ်။

ထွက်တော်မူကြီး မတိုင်မီတစ်ရက်ကြိုပြီး ကျနိုင်ကျန်ရဲ့နဲ့ ဂျပန်ရဲက "မသင်္ကာစရာလူ"နဲ့ မြင်မကောင်းတဲ့ "သူတောင်းစား"တွေကို ဖမ်းထားနှင့်တယ်။ ထွက်တော်မူနေ့မှာတော့ အစီအစဉ်လုပ်ထားတဲ့ လမ်းတစ်လျှောက်မှာ လူတွေလှုပ်လှုပ် ရှရှသွားလာမနေအောင် ဂျပန်ရဲစောင့်ချထားတယ်။ ဆိုင်ထဲ အိမ်ထဲ အထွက်အဝင် မရှိရ။ ပြတင်းကတောင် ခေါင်းမပြုရ။ "ချစ်ကြင်ရေးအသင်း" ဝင်တဲ့လမ်းမမှာ တော့ သဲဖြူးထားတယ်။ နန်းတော်က ကျွန်တော့်ကား ထွက်တော့မယ်ဆိုရင် ရေဒီယိုက တရုတ်ဘာသာ၊ ဂျပန်ဘာသာနဲ့ "ကေရာဇ်အရှင်မင်းမြတ် စီးတော်ကား နန်းတော်က စထွက်ပါတော့မယ်"လို့ ကြေညာတယ်။ ဒီအခါမှာ "ချစ်ကြည်ရေး သင်း"အရာရှိအကုန် အဝထွက်ပြီး တန်းစီနေတယ်။ ကျွန်တော့်ကားဝင်လာတော့ "အမျိုးသားသီချင်း"တီးမှုတ်တဲ့အခါ သူတို့က ဦးနှိမ်သွားအောင် ကိုယ်ကို ညွှတ်နေ ကြရပါတယ်။ ခဏ အနားယူပြီး ဝန်ကြီးများကို ကျွန်တော်တွေ့ဆုံပါတယ်။ ပြီးမှ ကျွန်တော် ခန်းမကြီးထဲ ဝင်သွားပြီး စင်မြင့်ကိုတက်တဲ့အခါ ဘင်ခရာတီးမှုတ်ဆဲ မှာ ပရိသတ်အကုန် ဦးညွှတ်ကြရပြန်တယ်။ ကွမ်တုနိုင် သေနာပတိက နည်းနည်း ဦးညွှတ်ပြီးကြိုတော့ ကျွန်တော်ကလည်း ပြန်ပြီး ဦးညွှတ်ပါတယ်။ ပြီးမှ ကျွန်တော်က နှုတ်ခွန်းဆက် စာတမ်းဖတ်တဲ့အခါ အားလုံးမတ်တတ်ရပ်ပြီး ဦးညွှတ်ပြီး နားထောင် ကြရတယ်။ မော်ကြည့်ခွင့်မရှိ။ ကျွန်တော် ပြန်ဆင်းပြီး ထွက်တဲ့အခါမှာလည်း အသံချဲ့စက်တွေနဲ့ ပြန်လာပြီဖြစ်လို့ ကြေညာနေရတယ်။ နန်းတော်ရောက်တော့ ဘစ်ခါ ရောက်ပြီလို့ ကြေညာပြန်တယ်။

ဒီပုံစံဟာ ဂျပန်မှာ လုပ်တဲ့ပုံစံပဲတဲ့။ ကျွန်တော့်ဓာတ်ပုံအောက်က ရေးထိုးတဲ့ စာသားဟာလည်း ဂျပန်ပုံစံအတိုင်း ပထမရေးပါတယ်။ "မျက်နှာတော်မြတ်"လို့ ဆိုလိုတယ်။ နောက် "ရုပ်ပွားတော်စစ်"လို့ ပြင်လိုက်တယ်။ ဒီပုံစံတွေကို ရုံးခန်းတွေ၊ စာသင်ခန်းတွေ၊ တပ်စခန်းတွေနဲ့ ပရိသတ်စုဝေးရာနေရာတွေမှာ ချိတ်ဆွဲထားရတယ်။ ကျောင်းတွေ ရုံးတွေမှာ၊ အများသုံးတဲ့ စည်းဝေးခန်းမမျိုးမှာ၊ နောက်တော့ အဆောင် ယ် သပ်သပ်လုပ်ပြီး ဒီပုံကို ထားရတယ်။ ပုံရဲ့ဘေးမှာ "ကေရာဇ်ပြန်တမ်းတော်"

တွေကို ချိတ်ဆွဲရသေးတယ်။ အခန်းထဲ ဝင်တဲ့သူတိုင်း အဲဒီစင်ဘက်ကို လှည့်ပြီး ဦးညွှတ်ပြီးမှ အခြားကိစ္စကို လုပ်ကြရတယ်။"ကေရာဇ်ရုပ်ပွားတော်စစ်" ကို အိမ်တိုင်းမှာ ချိတ်ဆွဲထားရမယ်လို့ ဥပဒေရှိပေမယ့်လည်း "ချစ်ကြည်ရေးသင်း"က ကျွန်တော့်ပုံကို အတင်းဝယ်ခိုင်း၊ ချိတ်ခိုင်းတယ်လို့ သိရပါတယ်။

ဒီလို ရုပ်ပွားကိုးကွယ်ခြင်းကို စာသင်ကျောင်းနဲ့ စစ်တပ်မှာ အခြေစိုက်ပြီး တဖြည်းဖြည်း နယ်ကျယ်အောင် ဖြန့်ပါတယ်။ ကျောင်းနဲ့ စစ်တပ်မှာ မနက်တိုင်း တန်းစီပြီး ပထမတိုကျို ကေရာဇ်နန်းတော်ရှိရာကို လှည့်ပြီးဦးညွှတ်၊ပြီးတော့ ကျိုန်ကျိုန် ကျွန်တော့်နန်းတော်ရှိရာ လှည့်ပြီး ဦးညွှတ်ကြတယ်။ ကျွန်တော်ထုတ်တဲ့ ပြန်တမ်းကြီးတစ်ခုခု နှစ်ပတ်လည်ရင် အဲဒီအမိန့်ကို အစည်းအဝေးလုပ်ပြီး အားလုံးကြားအောင် အော်ဖတ်ရတယ်။ ဒီအမိန့်တော်ပြန်တမ်းတွေအကြောင်း အကျယ်ပြောပါဦးမယ်။

ကျွန်တော့်ကို မြင့်မြတ်တယ်လို့ လူတွေထင်လာအောင် ဂျပန်က "ထွက်တော်မူကြီး"တွေ အကြောင်းကို ပြည့်စုံအောင် မပြောချင်တော့ပါ။ ဂရုတစိုက်လုပ်ကြတာမှာ ရည်ရွယ်ချက် အပြည့်ပါတယ်ဆိုတာပဲ ပြောတော့မယ်။ တရုတ်အမျိုးသားတွေဟာ ဒီလိုအခမ်းအနားကို မကြာခဏ မြင်နေရရင် ပဒေသရာဇ် အယူဝါဒမှားတွေရဲ့ မှိုင်းမိပြီး မျက်စိမှိတ်ပြီး ခိုင်းတာလုပ်မယ်လို့ ယုံဘယ်။ သာမန် ဂျပန်အတွက်လည်းပဲ ဒီစိတ်မျိုးကိုပဲ မွေးပေးချင်တာကို တွေ့ပါသေးတယ်။ ကျောက်မီးသွေးတွင်းတစ်ခုကို ကျွန်တော်စစ်ဆေးရအောင် ရောက်သွားတော့ ကျွန်တော်က ဂျပန်ကူလီခေါင်းကို အရေးတယူ စကားတစ်ခွန်းနှစ်ခွန်း ပြောလိုက်တဲ့အတွက် သူမှာ သိပ် "ဂုဏ်တက်ပြီး" ဝမ်းသာလွန်းလို့ မျက်ရည်ကျတယ်။ ဒါမျိုးတွေ့လေ ကျွန်တော်ကလည်း ငါဟာတကယ့်ကို အရေးပါတဲ့ ပုဂ္ဂိုလ်ထူးတစ်ယောက်ပါလားလို့ အထင်ကြီးလေပေါ့။

ကျွန်တော်ဟာ အာဏာတန်ခိုးရဲ့ အခေါင်အထွတ်ကို ရောက်ပြီလို့ အကြီးအကျယ် ထင်မိတဲ့အခါကတော့ ၁၉၃၅ခု၊ ဧပြီလ ဂျပန်က ပြန်လာတဲ့ အချိန်ပါပဲ။

ဂျပန်ကိုသွားရဖို့ အစီအစဉ်ကိုတော့ ကွမ်တုန်င်တပ်ကပဲ အားလုံးလုပ်ပေးပါတယ်။ နန်းတက်တုန်းက ဂျပန်ကေရာဇ်ဟာ ညီတော်မင်းသား ချိချိဗုကိုလွှတ်ပြီး ဝမ်းသာစကား ပြောခိုင်းတာကို ကျေးဇူးတင်ကြောင်း ပြဖို့ရယ်။ "ဂျပန်မန်ကျူးကော မိတ်သဟာ"ကို ထင်ရှားအောင် ကိုယ်တိုင်ပြဖို့ရယ် ဂျပန်ကိုသွားဖို့ လိုတယ်လို့ ပြောလာပါတယ်။

ဂျပန်အစိုးရက ကြိုဆိုရေး တစ်ဆယ့်လေးဦးကော်မတီကို ဘဲရွှန်ဟာယ ရှိဂေါန်စုကေဆိုတဲ့ နန်းတွင်းအတိုင်ပင်ခံ မြို့စားကြီးက ဥက္ကဋ္ဌလုပ်ပြီးဖွဲ့ထားပါတယ်။ ကျွန်တော်စီးလိုက်ဖို့ စစ်သင်္ဘော **ဟီအေမရူး**ကိုလည်း လွှတ်လိုက်တယ်။ အရံအဖြစ်နဲ့ တခြားစစ်သင်္ဘောတွေလည်း ပါတယ်။ တလီအင်က သင်္ဘောပေါ်တက်တော့

**တမမ** ဖျက်သဘော် ၁၂နဲ့ ၁၅က စစ်ရေးပြတာကို စစ်ဆေးရတယ်။ ယောကော ဟာမဆိပ်ကိုဝင်တော့ လေယာဉ်တစ်ရာက အစီအရီ ပျံသန်းပြီး ကြိုဆိုပါတယ်။ ဒီလို ဂုဏ်ပြုတာကို အကျေနပ်ကြီး ကျေနပ်ပြီး လှိုင်းမူးနေတဲ့ကြားက မသတီစရာ ကဗျာတွေ စပ်မိနေသေးတယ်။

ပင်လယ်အပြင် ကြေးမုံသွင်မှာ
လျင်လျင်ခရီးနှင်ခဲ့ပြီ
နှစ်ပြည်သိမ်းအုပ် လက်ဆုပ်လှုပ်ခါ ဖက်တွဲပါလျှင်
ရှေ့ပြင်လောက အားကိုးရလိမ့်

ပင်လယ်ခရီး လေးရက်မြောက်မှာ စစ်သဘော်ခုနစ်ဆယ် စစ်ခင်းပြသပြန် တော့ နောက်ထပ် စပ်ပြန်တယ်။

**သောင်းလီ**[၁] လွန်မြောက်
လှိုင်းကြက်မောက်ထက်
ဂယက်ဖွေးဖွေး
လွင့်ခဲ့သည်။
ပေါ်လွှာအောက်ဖက်
အပြာစက်ဝယ်
ပေါင်းရှက်ထိထိ
တွဲဖက်မိရာ
ခရီးတာကို
သာယာတောင်တော
သီတာနှောသည့်
ရှုခင်းကိုသာ
အကြည့်လာသည် မထင်နှင့်။
နှစ်ပြည့်တစ်ပြည်
ယှဉ်နွဲ့ကြည်၍
နေသို့လနှယ်
တင့်စံပယ်ကြောင်း
အပေါင်းမြင်စေ
အံ့ကြစေ။

ဂျပန်မြေကို ခြေမချရခင်ကပဲ ဂျပန်ရဲ့စစ်အင်အားကို အံ့သြမကုန်ဖြစ်နေမိ တယ်။ အခုလို ဂုဏ်ပြုတာဟာလည်း ဂျပန်ဟာ ကျွန်တော့်အပေါ်မှာ တကယ် စေတနာထားပြီး ကူညီတာကို ပြတယ်လို့ပဲ ယုံလိုက်တယ်။ အရင်က မယုံသင်္ကာဖြစ်မိ

---

၁။ တရုပ်ခရီး တာတိုင်းတဲ့အခေါ်၊ တစ်မိုင်ရဲ့ $\frac{၁}{၃}$ ရှိတယ်

တာတွေလည်း ပပျောက်ကုန်တယ်။

တိုကျိုကိုရောက်တော့ ဘူတာမှာကေရာဇ် ဟိရောဟိတောကိုယ်တော်တိုင် လာကြိုတယ်။ ပြီးတော့ ထမင်းစားပွဲကြီးနဲ့ ညှိခံတယ်။ ကျွန်တော်က သူ့ဆီကို ပထမ စပြီး အလည်သွားတယ်။ သူကလည်း လာလည်တယ်။ ဂျပန်နိုင်ငံရေးသမား လက်ဟောင်းကြီးတွေ လာပြီး ဝမ်းသာစကားပြောကြတာကို လက်ခံရတယ်။ တိရော ဟိတောနဲ့ တွဲပြီး စစ်အင်္ဂါခင်းကျင်းတာကို စစ်ရတယ်။ မေအိဂျီကေရာဇ် နတ်ကွန်းကို အပူဇော်သွားတယ်။ တရုတ်ကိုဝင်တိုက်လို့ ဒဏ်ရာရလာတဲ့စစ်သားတွေကို ကုသ ပေးနေတဲ့ စစ်ဆေးရုံရောက်တယ်။ ဟိရောဟိတော အမေ့ဆီကိုလည်း သွားပြီး ကန်တော့တယ်။ ဂျပန်ကေရီမယ်တော်ကြီးကို ကျွန်တော်ကတွဲပြီး ကုန်းမြင့်လေးကို တက်ကြတာကို ကျဲန်ငင်နန်းကို အဖေလိုက်လာတုန်းက ကျွန်တော်တွဲပြီး နန်းပေါ်ခေါ်ခဲ့ တာနဲ့ စိတ်ဓာတ်ခြင်း အတူတူပဲလို့ ဂျပန်သတင်းစာတွေက ရေးတယ်။ အဖေ့ကို ကျွန်တော် မတွဲဘူးပါ။ ကျွန်တော် ကျေနပ်အောင် မြှောက်လုံးသက်သက်ဖြစ်ပါတယ်။ ကျွန်တော် ပြန်တဲ့နေ့မှာ ယစုဟိတော (မင်းသားချီချီဗု)က နောင်တော် ကေရာဇ် ကိုယ်စား ဘူတာဆင်းပို့တယ်။

နှုတ်ဆက်စကားပြောတဲ့အခါ သူက ဂျပန်ကို ကေရာဇ်အရှင်မင်းမြတ် ကြွရောက်လာတဲ့အတွက် ဂျပန်မန်ကျူကော မိတ်ဆွေသဟာအဖြစ်ပိုပြီး ရင်းနှီးလာ ရပါတယ်။ ကေရာဇ်အရှင်မင်းမြတ်ဟာ နှစ်နိုင်ငံ မိတ်သဟာအဖြစ် တကယ်ချစ်ကြည် အောင်မြင်တယ်ဆိုတဲ့ ယုံကြည်ချက် ရရှိပြီးမှ ပြန်ကြွသွားမယ်လို့ မျှော်လင့်ပါတယ် လို့ ပြောပါတယ်။

ကျွန်တော်ကလည်း သခင့်ရှေ့မှာ ခွေးအမြီးနန့်တဲ့ စကားလုံးတွေ အပြည့်နဲ့ ဂျပန်ကေရာဇ်မိသားစုက ကြီးကြီးကျယ်ကျယ် ကြိုဆိုညှိခံလိုက်ပြီး ဂျပန်အမျိုးသား တွေက ဝမ်းသာအားရ ကြိုဆိုကြလို့ အများကြီး စိတ်ထဲမှာ ကြည်နူးဝမ်းသာမိပါတယ်။ ဂျပန်နဲ့ မန်ကျူကောဟာ ဆက်ပြီး အမြဲရင်းနှီးချစ်ကြည်ရလေအောင် အစွမ်းကုန် ကြိုးစားမယ်လို့ သန္နိဋ္ဌာန်ချပြီးပါပြီလို့ ဖြေပါတယ်။

သင်္ဘောပေါ်တက်တော့ ကေရာဇ်နဲ့ ကေရာဇ်မယ်တော်ကို ကျေးဇူးတင် စကားပြောပေးပါလို့ ဘယ်ရှန်ဟယရှိကို ကျွန်တော်ပြောတဲ့အခါ ကျွန်တော်ကလည်း မျက်ရည်စို့လို့ သူကလည်း မျက်ရည်စတွေနဲ့ပဲ။ ကျွန်တော့်အမူအရာမှာ တရုတ်ဆိုတဲ့ ရုပ်လက္ခဏာ နည်းနည်းမှ မကျန်တော့ပါ။

ဂျပန်ကေရာဇ်န န်းရိုးက မြှောက်စားလိုက်လို့ ကျွန်တော်လည်း တကယ့်ကို ဘဝင် သိပ်မြင့်သွားတယ်။ ကေရာဇ်အဖြစ်နဲ့ လေကိုရှူရတာတောင် ပိုပြီး အရသာ ရှိတယ်လို့ တွေးတယ်။ ကျွန်တော့် ကိန်းအတိုင်းဆိုရင် ငါဟာ ဂျပန်ကေရာဇ်နဲ့တန်းတူ သူ့နိုင်ငံမှာ သူအချုပ်ဖြစ်သလို ငါ့နိုင်ငံမှာလည်း ငါအချုပ်၊ ဒီတော့ ဂျပန်ဟာ သူတို့ ကေရာဇ်ကို လေးစားမြတ်နိုးသလို ငါ့ကိုလည်း လေးစားမြတ်နိုးရမယ်။

ဒီလိုမမှန်တဲ့ အတွေးတွေကြောင့် ကျန်င်ကျန်ကို ပြန်ရောက်တယ်ဆိုရင် "ပြည်တော်ပြန် ကေရာဇ်နီးဆော်ချက် အမိန့်ပြန်တမ်း" ဆိုတာကို ခွေးအမြီးနန့် စကားလုံးတွေ အပြည့်နဲ့ ထုတ်ပြန်လိုက်ပါတယ်။ ကွမ်တုန်သေနာပတိသစ် ဗိုလ်ချုပ်ကြီး မိနမိဂျိရောကို ကျေးဇူးတင်စကား ပြောလိုတယ်၊ လာခဲ့ပါလို့ ဖိတ်လိုက်တယ်။ နောက်တစ်နေ့ (၁၉၃၅ခု၊ ဧပြီ ၂၉ရက်) ဟိရောဟိတော မွေးနေ့ပွဲမှာလည်း အားပါးတရ ပါဝင်ဆင်နွှဲခဲ့ပါတယ်။ နောက်တစ်နေ့ မြို့တော်မှာရှိနေတဲ့ စစ်ဖက်နယ်ဖက် အရာရှိအားလုံး ဂျပန် အတွေ့အကြုံကို ဟောပြောမယ်။ မပျက်မကွက်လာပြီး နားထောင်လို့ အမိန့်ထုတ်ပါတယ်။ ဒါကို ဂျပန်နဲ့လည်း ကြိုပြီး တိုင်ပင်မထားဘူး။ ဘာတွေ ပြောမယ်လို့လည်း ရေးမှတ်မထားဘူး။ လူစုံတော့ ကျွန်တော်လည်း အားရပါးရ တွေ့သမျှကြုံသမျှတွေကို ကျေကျေနပ်နပ်ကြီး ကရားရေလွှတ် ပြောပါတယ်။ ကေရာဇ်ကကြိုပုံ၊ ပြည်သူကကြိုပုံတွေကို အပြည့်အစုံပြောပြီး စကားလက်စသတ်တော့။

ဂျပန်နဲ့ မန်ကျူကောဟာ မဟာမိတ်စစ်စစ်ဖြစ်ကြလို့ ဘယ်ဂျပန်မဆို မန်ကျူကောရဲ့ အစီးအပွားကို ဆန့်ကျင်ရင် ဂျပန်ကေရာဇ် အရှင်မင်းမြတ်ရဲ့ သစ္စာတော်ကို သွေဖည်ရာရောက်တယ်။ ဒီလိုဘဲ ဘယ်မန်ကျူပဲဖြစ်ဖြစ် ဂျပန်ရဲ့ အစီးအပွားကို ဆန့်ကျင်ရင် ငါကိုယ်တော်မြတ်ရဲ့ သစ္စာတော်ကို သွေဖည်တယ်လို့ မြဲမြဲမြံမြံ ယူဆတယ်။ မန်ကျူကောကေရာဇ်ကို မလေးမစားလုပ်တာဟာ ဂျပန်ကေရာဇ်ကို စော်ကားရာရောက်သလို ဂျပန်ကေရာဇ်ကို မထေမဲ့မြင်လုပ်ရင် မန်ကျူကောကေရာဇ်ကို စော်ကားတယ်လို့ ယူဆတယ်။

ကျန်င်ကျန်ကို ပြန်ရောက်ပြီး တစ်လတွင်းမှာလည်း ကွမ်တုန် တပ်သေနာပတိ မိနမိက ထုံးစံ လာနေကျအစည်းအဝေးမှာ "ကြီးစားဖြိုး အမှုတော်ကို ထမ်းရွက်ရတဲ့အတွက် ပင်ပန်းနွမ်းနယ်လှပြီဖြစ်လို့ ဝန်ကြီးချုပ် ကျဲန်င်ယိုပ်ယူ့ အငြိမ်းစားယူချင်ပါတယ်" လို့ ပြောတယ်။ ဆက်ပြီး ဒီလိုတောင်းပန်တာကို လက်ခံပြီး ဝန်ကြီးချုပ်သစ်ရှာပြီး ခန့်ထားလိုက်ပါလို့ အကြံဉာဏ်ပေးပါတယ်။ ဂျပန်ဟာ ကျဲန်င်ကို မလိုလားတော့ဘူးလို့ ကြားဖူးနေပြီ။ ကျွန်တော်ကိုယ်တိုင်လည်း သူ့ကို နှင်ထုတ်ချင်နေတာနဲ့အတော်ပဲ အကြံပေးချက်ကို ချက်ခြင်းလက်ခံပြီး ဝန်ကြီးချုပ်သစ်ကို ကျွန်ရှိယိလို့ ပြောလိုက်တယ်။ မိနမိဟာ အရင်နှစ်ရက်က ကျွန်တော့် ဂျပန် မန်ကျူကောချစ်ကြည်ရေးစကားတွေကို ရက်ဆက်ကြားနာခဲ့သူမို့ ကျွန်တော့်အလိုကို လိုက်မယ်လို့ပဲ ထင်တယ်။ သူက ခေါင်းခါတော့မှ ကျွန်တော် အံ့အားသင့်နေမိတယ်။ ဒီပြဿနာကို ကွမ်တုန်တပ်က စဉ်းစားပြီးပါပြီ။ ကိုယ်တော်ကြီးက မကြောင့်ကြနဲ့။ ဒီရာထူးနဲ့ ကျန်င်ကျိန်င်ဟွေ့ သင့်မြတ်ပါတယ်တဲ့။

ကျဲန်င်ငယ်ယိုပ်ယူ့က အခု မန်ကျူကောဟာ အရွယ်ရောက်ပြီဖြစ်လို့ ဂျပန်

က အရင်ကလို သိပ်ပြီး တင်းတင်းကျပ်ကျပ် ထိန်းသိမ်းဖို့ မလိုတော့ဘူး။ အနည်း အပါးလွှတ်ပေးပါလို့ ပြောခဲ့ဖူးတာနဲ့ ဂျပန်စိတ်ဆိုးပြီး ကန်ထုတ်လိုက်တဲ့ သဘောပါပဲ။ သူ့ဘဏ်အပ်ငွေ ရှိသမျှကိုလည်း အထုတ်အယူ မရှိရလို့ လုပ်လိုက်တယ်။ ကျုန်ငင် ကျူန်မြို့ထဲကလည်း ထွက်မသွားရလို့ဆိုတယ်။ အိမ်မှာပဲ စိတ်ပျက်ဝမ်းနည်းပြီး ဂျပန်ရဲ့ အစောင့်အရှောက် ခံနေရင်း သုံးနှစ်အကြာမှာ ဖြုန်းခနဲ သေသွားတယ်။ သူ့သားကတော့ သူ့ထက် သုံးနှစ်စောပြီး အခုလိုပဲ ရုတ်တရက်သေသွားတယ်။ ဂျပန့်လက်ချက်လို့ ပြောသံသဲ့သဲ့ ကြားလိုက်မိပါတယ်။ ဂျပန်သတ်တာ မဟုတ်ဘူး ပဲထား။ ကျဲန်ငင်ယိုပ်ယှူ ကျဆင်းတာကို သင်ခန်းစာယူပြီး ကျွန်တော်စိတ်ကူး ဘဝင်မြင့်တာတွေ လွင့်ပါးသွားဖို့ သိပ်ကောင်းတယ်။ ဒါပေမယ့် နောက်ထပ်တစ်နှစ် ကြာ အခြေအနေမှန်ကို နားလည်ပါတော့တယ်။

## အမြင်မှန်

နိုင်ငံပေါင်းချုပ်အသင်းက ဂျပန်ဟာ ၁၉၃၃ခုနှစ်ဦးမှာ ထွက်လိုက်ပြီးက တည်းက လက်နက်ကိုင်တပ်အား တိုးချဲ့ရာမှာရော စစ်ပြင်ဆင်တဲ့နေရာမှာပါ အရင်ကလို အဆုတ်အဆိုင်းမျိုး ပိုပို နည်းလာတာတွေ့ရတယ်။ တရုတ်တစ်နိုင်ငံလုံး ကို ကျူးကျော်တိုက်ခိုက်ဖို့ ပြင်ဆင်ချက် အမြန်ပြီးစီးအောင် လုပ်လာတယ်။ လုကော့ကျိုအပ်အရေးတော်ပုံ ၁၉၃၇ခု ဇူလိုင်လ ၇ ရက်မှာမဖြစ်မီကပဲ တရုတ် မြောက်ပိုင်းမှာ ဂျပန်က လက်နက်ကိုင်တပ်တွေသုံးပြီး အာဏာသိမ်းပွဲတွေ လုပ်ခဲ့ တယ်။ ကောမင်တန်အစိုးရက သီးသန့်မြေကွက်တစ်ကွက် ပေးအပ်ခဲ့ပါတယ်။ "ဟော– ဥမေဇုသဘောတူညီချက်"ကို ၁၉၃၅ခုမှာ လက်မှတ်ထိုးတယ်။ "ကျိန်– ဒေါ်အိဟရ သဘောတူချက်"နဲ့ တခြားလျှို့ဝှက်စာချုပ်တွေကြောင့် ဂျပန်ဟာ တရုတ်မြောက်ပိုင်းကို လက်ရသိမ်းပြီး ဖြစ်နေပါပြီ။ အဲဒီ ကောမင်တန်အစိုးရကပဲ "အတွင်းမောင်ဂိုလျား ကိုယ်ပိုင်စစ်အစိုးရ"၊ "အရှေ့ဟော့ပေ့ ကွန်မြူနစ်ဆန့်ကျင်ရေး ကိုယ်ပိုင်အစိုးရ"စတဲ့ ရုပ်သေးအဖွဲ့ တော်တော်များများကို တည်ထောင်မိအောင် အခွင့်အရေး ပေးခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဂျပန်ဆန့်ကျင်ရေးကို မလုပ်ပါ။ စိတ်နဲ့တောင် မပြစ်မှားပါ။အမှန်ကတော့ ဂျပန်ဆန့်ကျင်ရေး လုပ်လောက်စရာ အမှုကိစ္စ ဘာတစ်ခုမျှ မတွေ့ပဲနဲ့ ဒါကို ဘာပြုလို့ လုပ်နေရမှာလဲလို့ ထပ်ခါတလဲလဲ ပြောကြသေးတယ်။ တရုတ်အမျိုးသားတွေ လိုက်နာဖို့ဆိုပြီး "အိမ်နီးချင်းနဲ့ သင့်တင့် ညီညွတ်ရေးအမိန့်တော်"ကို ထုတ်ခဲ့သေးတယ်။ ဂျပန်ဆန့်ကျင်ရေးလုပ်ရင် ကြီးလေးတဲ့ အပြစ်လို့ ပိတ်ပင်ပေးခဲ့သေးတယ်။ ဒါတွေကြောင့် ဂျပန်ရဲ့အားဟာ မြောက်ပိုင်း တရုတ်နယ်တွေမှာ မြန်မြန်ကြီးမား ရှင်သန်လာရပါတယ်။ တယ်မကြာဘူး တရုတ် မြောက်ပိုင်းအကုန်၊ နယ်ကြီးငါးနယ်စလုံး ဂျပန်ကိုလိုနီ ဖြစ်တော့မယ်ဆိုတာ

သေချာနေပါပြီ။ ဒီအချိန်မှာပဲ နန်းပြန်တင်ဖို့ အစွဲအလမ်းကြီးသူတွေဟာ အရှေ့မြောက်နဲ့ မြောက်ပိုင်းနယ်တွေမှာ လှုပ်ရှားလာကြပြန်တယ်။ ကျွန်တော်ကလည်း တတိယအကြိမ် ကေရာဇ်ဖြစ်ရလို့ ရာထူးစိတ်နဲ့ ယစ်ဝနေချိန်ပါပဲ။ ဂျပန်ဘီလူးဟာ တရုတ်မြောက်ပိုင်းမှာ တိုးချဲ့တိုက်ခိုက်လေ မန်ကျူကောမှာ စရိတ်အတွက် ပိုပြီးအဆီညှစ်ယူလေ ဖြစ်လာတော့ ကျွန်တော်လိုလူတောင် မကြာခင် ဒုက္ခတွင်းနက်ပုံကို သိလာရပါတယ်။

အရှေ့မြောက်ကို ကိုလိုနီဘဝရောက်အောင် သွတ်သွင်းကြတဲ့ပွဲမှာ တရုတ်သစ္စာဖောက်တွေလည်း ဝေစုကောင်းကောင်း ရကြပါတယ်။ သာဓကပြရမယ်ဆိုရင် ဘုရင်စနစ်ထူထောင်လိုက်တဲ့အခါ ဘုရင့်ဂိုဏ်းသားတွေအဖို့ ဝမ်းသာစရာအကြောင်း ဆက်တိုက်ပေါ်ခဲ့တယ် ဆိုပါတော့။ "နိုင်ငံတည်ထောင်ရေး ကြိုးပမ်းမှု"အတွက်ဆိုပြီး သစ္စာဖောက်ခေါင်းအကြီး ကျဲန်ငင်ယိုပ်ယှုကနေပြီး၊ သစ္စာဖောက်အငယ်အထိ တစ်ယောက်ကို စုငွေဒေါ်လာ ၅၀,၀၀၀က ၆၀၀,၀၀၀အထိရတယ်။ အဲဒီစုငွေအစုစုဟာ ဒေါ်လာ ၈,၆၀၀,၀၀၀ ဖြစ်သွားတယ်။ ပြီးတော့ "စစ်ရိက္ခာအစု" ထို "စစ်စရိတ် ရန်ပုံငွေခွဲ"လို လုပ္ပဲကြီးတွေရှိရင် ဝန်ကြီးချုပ်ကစပြီး အဆင့်ဆင့်ဝေစုရကြသေးတယ်။ ဒီလိုဟာတွေကို အသေးစိတ်ပြောလို့ ဆုံးမယ်မဟုတ်ပါ။ နန်းပြန်ရတဲ့အရသာ ကုန်ခန်းပြီး လန့်ရကြောက်ရ ဘယ်လိုစပြီး ဖြစ်ခဲ့ရပုံကိုပဲ ပြောတော့မယ်။

ကွမ်ဟုနိုင်တပ်က ဘုရင်စနစ်ထောင်မယ်လို့ လာပြောတုန်းကပဲ ဒါဟာ ကျိုန်မင်းဆက်ကို နန်းပြန်တင်တာ မဟုတ်ဘူးလို့ ပြတ်ပြတ်သားသား ပြောပြီးသားပါ။ နန်းသိမ်းပွဲမှာလည်း နဂါးဝတ်ရုံကို သုံးခွင့်မပြုခဲ့ပါဘူး။ ဝန်ကြီးချုပ်ရွေးရာမှာလည်း ကျွန်တော်ကြိုက်တဲ့လူကို ပယ်ခဲ့ပါတယ်။ ဒီတော့ ငါ့ဘုန်းကျက်သရေဟာ အလကားပဲလို့ ဒီမှာပဲ သိဖို့ကောင်းလှပြီပေါ့။ ဒါပေမယ့် အစကတော့ ဘဝင်မြင့်ကောင်းတုန်း၊ အိပ်မက်ကောင်းတုန်းပေါ့။ ပထမဆုံး အိမ်မက်က ကန့်ကြောက်ပြီး အနိုးခံရတဲ့ အဖြစ်အပျက်ကတော့ လိင်နိုင်ရှုံနိုင်ရဲ့ ကိစ္စပါပဲ။

ကိန်ငင်ရှဲနိုင်ဟာ အရင် မောင်ဂိုလျားက ကျိန်စစ်ဘုရင်ခံ ကွေ့ဖူရဲ့သား ကျဲန်ကျော့လင်ရဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေး တပ်ဌာနချုပ် အကြံပေးအရာရှိလည်း ဖြစ်ခဲ့တယ်။ ကျွန်တော့်ကို "အမှုဆောင်ချုပ်"လုပ်ပါလို့ လူရှန်ကိုလာပြီး တောင်းပန်တဲ့ ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်ခဲ့တယ်။ ဒါကြောင့် "နိုင်ငံတည်ဆောက်သူ"ရဲ့ ဂုဏ်အဆင့်ကို ရထားတယ်။ ၁၉၃၆ခု နွေဦးမှာ သူ့ကို ကွမ်တုနိုင်တပ်က ဖြုန်းခနဲ ဖမ်းတဲ့အချိန်က သူဟာ မန်ကျူကောနိုင်ငံအဝင် ယှင်ဂန်တိုင်းမှာ ဘုရင်ခံအဖြစ် အမှုထမ်းနေဆဲပါ။

ကွမ်တုနိုင်တပ်က "ကေရာဇ်နန်းတော်စစ်သံ" အဖြစ်နဲ့ ဗိုလ်မှူးကြီးယောရှိဩက ယစုနောရိကို ခန့်ထားတာရှိတယ်။ အဲဒီစစ်သံလာပြီး လိနိုင်ရှဲနိုင်ဟာ မန်ကျူဆန့်ကျင်ရေး ဂျပန်မုန်းတီးရေးလုပ်ငန်းတွေ လုပ်နေပါတယ်လို့ပြောတယ်။

တုန်င်ကျိယ့ူပြောပြလို့ သိရတာကတော့ နယ်ဘုရင်ခံတွေ ပေါင်းပြီးလုပ်တဲ့ နောက်ဆုံး အစည်းအဝေးမှာ သူက ဂျပန်တွေစိတ်ဆိုးအောင် မကျေနပ်ချက်တစ်ခုကို တင်ပြလို့ ဒီလို စွပ်စွဲခံရတာတဲ့။ တကယ်က ကိနင်ရှဲနင်က ဂျပန်က ဂတိမတည်ဘူး။ ဝန်ခံစကားတွေ အာမခံချက်တွေကို တန်ဖိုးမထားဘူး။ အိတဂကိက "မန်ချူကော" နိုင်ငံဟာ လွတ်လပ်ရေးရမယ်ဆိုပြီး အခု နေရာတကာမှာ ဂျပန်ကပဲ စိမ်နေလို့ ယှင်ဂန်မှာ သူဟာ ဘာအာဏာမှ မရှိဘူးဆိုတာတွေ ဖွင့်ချပြီး ပြန်အသွားမှာ အဖမ်းခံရတာပါပဲ။

ဒီသတင်းဟာ ကျွန်တော့်မှာလည်း လာပြီးထိခိုက်တယ်လို့ ဆိုရမယ်။ ကျွန်တော့်ညီမအဖွက် ကလေးနဲ့ သူ့သား လက်ထပ်ဖို့အရင်ခြောက်လလောက်ကမှ စေ့စပ်ပြီးတယ်။ ကွမ်တုန်တပ်ကိုသွားပြီး ဒီကိစ္စကို ပြောဦးမှလို့ စဉ်းစားနေတုန်း သေနာပတိသစ်နဲ့ သံအမတ်ဖြစ်ကြတဲ့ အူအေဒကေနကီချိ ရောက်လာပါတယ်။

မနေ့တစ်နေ့ကပဲ ပြဿနာတစ်ခု ရှင်းလိုက်ရတယ်။ တရားခံက အရင်ကိုယ်တော်မြတ်နဲ့ ရင်းနှီးသူထဲက ဖြစ်နေတယ်။ ယှင်ဂန်ဘုရင်ခံလိနင်ရှဲနင်ပေါ့။ နိုင်ငံခြားသားတွေနဲ့ ပေါင်းပြီး သူက ဂျပန်ကိုခုခံထကြွပုန်ကန်ဖို့ စီစဉ်နေတာတွေ့တယ်။ စစ်ခုံရုံးကလည်း စွပ်စွဲတဲ့အတိုင်း မှန်တယ်ဆိုပြီး သေဒဏ်ပေးလိုက်ပြီးပါပြီလို့ သူကပြောပါတယ်။ သေဒဏ်လို့ လန့်အော်မိတယ်။ ဟုတ် သေဒဏ်ပဲ။ စကားပြန်ဘက်ကိုလှည့်ပြီး သဲကွဲအောင်ရှင်းပြောနိုင်ဖို့ ဆက်ပြောလိုက်ပုံက ဒါဟာ စံပြ ဖြစ်ရမယ်။ သူ့ကို သတ်လိုက်မှ ဒို့ပြင်လူတွေ လန့်သွားမယ်တဲ့။

အူအေဒပြန်သွားတော့ ဗိုလ်မှူးကြီး ယောရှိဩကဟာ ကျွန်တော့်ကို မင်္ဂလာဆောင်ကိစ္စ ဖျက်လိုက်ရင်ကောင်းမယ်လို့ အကြံပေးတယ်။ ကျွန်တော်လည်း သူ့အကြံကို အမြန်ဆုံးလိုက်နာရတာပေါ့။

လိနင်ရှဲနင်ကို ခေါင်းဖြတ်သတ်တယ်။ သတ်တဲ့အထဲမှာ သူ့အမျိုးထဲကလည်း တချို့ပါသွားကြသေးတယ်။ ကျွန်တော်သိသလောက် "မန်ကျူကော" အထက်တန်းအရာရှိထဲမှာက ဒီလိုအသတ်ခံရတာ သူ ပထမပဲ။ ပြီးတော့ ကျွန်တော်နဲ့ အမျိုးတော်ရမယ့် အိမ်ထောင်မှာမှ လာပြီး ဒီလိုကြုံရတယ်။ အမျိုးတော်ဖို့ စိမ်ကြတုန်းက ဒီလိနင်ရှဲနင်ဟာ ငါ့အပေါ်မှာ တယ်လည်းသစ္စာရှိပါလားလို့ ကျွန်တော် ထင်ခဲ့ပါတယ်။ ဒါပေမယ့် ကွမ်တုန်တပ်ကတော့ သူတို့အပေါ်မှာ သစ္စာရှိဖို့ပဲ လိုချင်တယ်။ ဂျပန်တွေဟာ ကျွန်တော့်ကိုလည်း ဒီလိုပဲ တန်ဖိုးဖြတ်မှာပဲလို့ သိလာတယ်။ အူအေဒက စံပြအဖြစ် သတ်တယ်တဲ့။ ကျွန်တော်အထင်တော့ ရှေ့ပြေးနိမိတ်လို့ ပြောချင်တယ်။

ကွမ်တုန်တပ်က အရင်နှစ်ကုန်ခါနီးမှာ ပေါ်ပေါက်လာတဲ့ ကျိနင်နန်းရိုးပြန်ထူထောင်ရေး လှုပ်ရှားမှုအကြောင်းကို ကျွန်တော့်လာမေးဖူးတာ ပြန်သတိရတယ်။ နောင်ကို အခုထက်ပိုပြီး အပြောအဆို အဆက်အသွယ် သတိထားရမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဂျပန်က ဘယ်လိုလူမှ ကြိုက်မှာလဲ။ လိနင်ရှဲနင်နဲ့ ဆန့်ကျင်

ဘက် စံပြတစ်ခု ရှိသေးတာပေါ့။ သူက"ဝန်ကြီးချုပ်"ဟာ ဘယ်လိုအကျင့် စာရိတ္တ ရှိမလဲလို့ မှန်းဆရတာ လွယ်ပါတယ်။ သူပြောနေကျဖြစ်တဲ့ **"ဂျပန်နဲ့ မန်ကျူကော ဟာ ကြိုးတစ်ချောင်းတည်းမှာ ချည်ထားတဲ့ ပုစဉ်းနှစ်ကောင်လိုပါပဲ"** ဆိုတာကို ဂျပန်တွေက သိပ်သဘောကျပြီး ဒီစကားကို ခဏခဏကိုးကားပြီး သုံးတယ်။ မန်ကျူကော အမျိုးသားအရာရှိတွေကို ဒီစကားပုံနဲ့ "ပညာပေး"တယ်။

ဂျပန်အမျိုးသားတွေကို အရှေ့မြောက်မှာလာပြီး အိုးအိမ်ထူထောင်ဖို့ စီမံကိန်းလုပ်တဲ့အခါ ဒီလူသစ်တွေကိုယ်စား မြေလုပ်မြေပေးဖို့ ပေါက်ဈေးရဲ့ လေးချိုးတစ်ချိုး၊ ငါးချိုးတစ်ချိုးလောက်နဲ့ မြေတွေ အတင်းလိုက်ဝယ်ဖို့ "ဝန်ကြီးအဖွဲ့ အစည်းအဝေး"ပြီး ဥပဒေတစ်ခု လုပ်ပေးစေချင်တယ်။ မြေပိုင်ရှင်ကြီး "ဝန်ကြီး" အချို့ဟာ သူတို့ကို ထိခိုက်မယ့်အရေးကိုမြင်လို့ ဒီလိုလုပ်ရင် ဆင်းရဲသားတွေ သူပုန်ထမှာစိုးရတယ်ဆိုတဲ့လေနဲ့ ကန့်ကွက်ချင်တယ်။ ဒီတော့ ကျန်င်ကျိန်ဟွေ့က မန်ကျူကောမှာ မြေတွေပေါပါတယ်။ မန်ကျူအမျိုးသားဆိုတာက ရိုင်းတယ်။ ပညာဗဟုသုတနည်းတယ်။ ဂျပန်တွေလာပြီး မြေရိုင်းတွေကို စိုက်လို့ပျိုးလို့ရအောင် လုပ်ပေးမယ်ဆိုရင် စိုက်ပျိုးနည်း နည်းအသစ်တွေ စမ်းသပ်ပြီး ပညာဖြန့်ပေးမယ်ဆိုရင်၊ နှစ်ဦးနှစ်ဖက် အကျိုးသိပ်ရှိမယ်လို့ မိန့်ခွန်းပေးပြီး ဂျပန်လိုချင်တဲ့ ဥပဒေကို လုပ်ပေး လိုက်တယ်။ ဂျပန်တွေကလည်း သူ့စကားကိုလိုက်ပြီး နှစ်ဦးနှစ်ဖက် အကျိုးသိပ်ရှိမယ် ဆိုတဲ့လက်သုံး လုပ်လာကြကယ်။

ဂျပန်က အရှေ့မြောက်မှာ ထွက်သမျှကောက်ပဲကို ကျေးတောသားတွေ စားလောက်အောင်တောင် မချန်ဘဲ အတင်းလိုက်ပြီး ဈေးနည်းနည်းနဲ့ဝယ်တဲ့အခါ တချို့ဝန်ကြီးတွေကို ထိခိုက်ပြန်တော့ ဝန်ကြီးအဖွဲ့အစည်းအဝေးမှာ ပြည်သူလူထု ငတ်ကုန်ပြီလို့ အကြောင်းပြပြီး ဈေးနည်းနည်း မြှင့်ပါဦးလို့ ပြောကြပြန်တယ်။ ဂျပန်ကလည်း ဈေးမမြှင့်ပေးချင်ဘူးပေါ့။ ဒီတစ်ခါ ကျန်င်ကျိန်ဟွေ့က ဂျပန် ကေရာဇ် တပ်မတော်ကြီးဟာ အသက်ပေးပြီး တိုက်ခိုက်နေတယ်။ မန်ကျူတွေက ကောက်ပဲသီးနှံလောက်ပဲ ခြိုးခြံပြီး ပို့ပေးရတာမို့ အနစ်နာခံကြပုံခြင်း ယှဉ်ပြီး ပြောဖို့တောင် မဖြစ်နိုင်ပါဘူး။ ပြည်သူတွေ ဝမ်းဟာရင် ခါးပတ်ကို တင်းတင်းပတ် ထားကြပါတဲ့။ အဲဒါ ဝန်ကြီးချုပ်ရဲ့ တတိယစကားပုံပဲ။ ဒီစကားကို ဂျပန်တွေ သိပ်ကြိုက်ပြီး သူ့တို့ကိုယ်တိုင် လိုက်မလုပ်ပေမယ့် ကျွန်တော့်ကိုတော့ "ခါးပတ် တင်းတင်းပတ်ထား"လို့ ခဏခဏ ပြောပါတော့တယ်။

ကွမ်တုနိုင်တပ်သေနာပတိဟာ ကျွန်တော်နဲ့ တွေ့တိုင်းလိုပဲ ကျန်င်ကျိန် ဟွေ့ကို တော်ကြောင်း ကောင်းကြောင်း ချီးမွမ်းပြီး ပြောတယ်။ ဂျပန် မန်ကျူချစ်ကြည် ရေးကို လက်တွေ့လုပ်နိုင်တဲ့လူလို့လဲ ဘွဲ့တံဆိပ်တပ်တယ်။ ဒါတွေ ဘာပြုလို့ ငါ့ လာပြောနေသလဲလို့ အစက သဘောမပေါက်ဘူး။ အခု လိန်င်ရှဲန်င်ကို သတ်တော့မှ ရှင်းရှင်း နားလည်တော့တယ်။

အဲဒီနောက် မင်းသားတွေနဲ့ တွေ့ဆုံစကားပြောကြပြီးနောက် ဟိုအရင်က ထက်ပိုပြီး စိတ်ချောက်ချားသွားမိပါသေးတယ်။

အတွင်း မောင်ဂိုလျားကိုယ်ပိုင်အုပ်ချုပ်ရေးစစ်အစိုးရကို တည်ထောင်တော့ ဂျပန်လက်သုံးဖြစ်လာတဲ့ မောင်ဂိုမင်းသား ဒဲမ်ကျူခေါင်ဂရုဗ်လို့လဲ ခေါ်တဲ့ မင်းသားတွေဆိုတာရှိတယ်။ သူဟာ ကျွန်တော် တီအင်ကျင်မှာနေတုန်းက ငွေထောက်ပံ့ဖူးတယ်။ မောင်ဂို မြင်းကောင်း အဖိုးတန်တွေကို ပုကျီအယ်ဆီပို့ပေးတယ်။ တခြားနည်းတွေနဲ့လည်း သူဟာ ကျွန်တော့်အပေါ်မှာ သစ္စာရှိတယ်လို့ ပြခဲ့တဲ့လူပါဘဲ။ ကွမ်တုန်တပ်နဲ့ ကိစ္စရှိလို့လာရင်း ကျွန်တော့်ဆီ ဝင်ခွင့်တောင်းပြီး ရောက်လာပါတယ်။ ကုန်ခဲ့တဲ့ နှစ်ပိုင်းတွေက သူ့အတွေ့အကြုံတွေလည်း ပြောပြတယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေးစစ်အစိုးရ ထူထောင်ကြပုံလည်း ပြောပြတယ်။ ပြောရင်းပြောရင်း မကျေနပ်သံ ရှုတ်ချသံတွေ ပါလာတော့တယ်။ အတွင်းမောင်ဂိုလျားအစိုးရရယ်လို့ မထောင်ခင်က ကွမ်တုန်တပ်ဟာ ပေးလိုက်တဲ့ ဂတိစကားတွေ၊ အာမခံလိုက်တဲ့ ကောင်းကျိုးတွေ တသီကြီးပဲ။ အခုတော့ ဘာတစ်ခုမှ သတိမရတော့တဲ့အပြင် နေရာတကာမှာ သိပ်ပြီး အထက်စီးနင်း လုပ်သေးတယ်တဲ့။ သူ့အဖို့ အခံရခက်ဆုံးက သူ့မှာ ဘာ အာဏာမှမရှိတာပဲတဲ့။ ကျွန်တော်က သူ့ကို ဖျောင်းဖျတယ်။ ကျွန်တော်လည်း ပြောရင်းဆိုရင်း သူ့လေသံအတိုင်း ပြောမိသွားတယ်။ တကယ်လည်း သူပြောတဲ့ စကားရဲ့ ပုံတင်သံပဲ ပြောစရာရှိတယ် မဟုတ်လား။ နောက်တစ်နေ့ ဧကရာဇ်နန်းတော် စစ်သံ ယောရှိုသြကကို ကွမ်တုန်တပ်က လွှတ်လိုက်လို့ ရောက်လာပြီး မျက်နှာထား တည်တည်နဲ့ မနေ့က အရှင်ကိုယ်တော်မြတ် မင်းသားတွေနဲ့ ဘာတွေပြောကြသလဲလို့ မေးပါရော။ တစ်ခုခုကိစ္စ ရှိကောင်းရဲ့လို့ အငြိအစွန်းလွတ်အောင် ရောက်ရာပေါက်ရာ ပြောကြတာပဲ။ ဘာပြဿနာမှ ကြီးကြီးကျယ်ကျယ် မပါဘူးလို့ ဖြေလိုက်တယ်။ ကျေနပ်ပုံမရဘူး။ ဂျပန်ကို မကျေနပ်တဲ့ လေသံတောင်မပါဘူးလားတဲ့။ ကျွန်တော်မှာလည်း ရင်တဒိတ်ဒိတ်ခုန်နေပါတော့တယ်။ ဒွတ်ဆင်းရတော့မယ်။ ဒါထက် ကောင်းတာက "တိုးရင်းဆုတ်"ဆိုတဲ့နည်း သုံးမှာပဲဆိုပြီး မင်းသားတွေဟာ မမှန်သတင်းတွေပဲ ပေါင်းပြီးပြောနေတာနဲ့ တူတယ်လို့ ဖြေလိုက်တယ်။

ယောရှိုသြက ဆက်မမေးတော့ပါ။ ဒါပေမယ့် ကျွန်တော့်မှာ ရက်အတော်ကြာအောင်လည်း ဆက်ပြီး လန့်နေပါတယ်။ မသင်္ကာစိတ်တွေလည်း အပြည့်ဖြစ်လာပြီး ဖြစ်နိုင်တာ နှစ်မျိုးရှိမယ်လို့ တွေးပါတယ်။ တစ်မျိုးက ဂျပန်ဟာ ကျွန်တော့်အခန်းမှာ တိတ်တဆိတ် တတ်ထားတဲ့ အသံဖမ်းကိရိယာအမျိုးမျိုးရှိလို့ ပြောတာဆိုတာတွေ သူတို့ ကြားသွားသလား။ ဒါမှမဟုတ်လည်း မင်းသားတွေဟာ အလံရှူးလုပ်လာပြီး ဂျပန်ကို အကုန်ပြန်ပြောသွားသလား။ ဒီတော့ အခန်းထဲမှာ အရင်ဆုံး အသံဖမ်းကိရိယာဝှက် ရှိ မရှိ နှံ့စပ်အောင်ရှာတယ်။ မတွေ့။ ဒီလိုဆိုရင် မင်းသားတွေသစ္စာဖောက်ပြီ။ အခိုင်အမာတော့လည်း စွပ်စွဲစရာ အထောက်အထားမရှိပါ။ ဒီတော့

ဘာဆက်လုပ်ရမယ်လို့ကို မသိအောင် ဖြစ်ရတော့တယ်။

ဒီအဖြစ်အပျက်က လိနင်ရဲ့နင်ကိစ္စထက် သင်ခန်းစာပိုတယ်ဆိုရမယ်။ ဒီနောက် ကျွန်တော့်အပြင် ဘယ်လူနဲ့ဘာစကားမှ ပွင့်ပွင့်လင်းလင်း မပြောတော့ပါ။ ညွှန်သည်တွေကို အင်မတန် သတိထားပြီး လက်ခံပြောဆိုပါတယ်။ ဂျပန်ကပြန်လာပြီး ကျွန်တော့် မိန့်ခွန်းပြီးကတည်းက အလွတ်ကိစ္စနဲ့ ကိုယ့်ဘာသာ လာတွေ့တဲ့လူလည်း နည်းနည်း လာတယ်။ မင်းသားတွေလာပြီးမှ သိသိသာသာ ဘယ်သူမှ နောက်ထပ် မလာတော့သလောက် ဖြစ်သွားတယ်။ ကွမ်တုန်င်တပ်ကလည်း ၁၉၃၇ခုမှာ ဥပဒေသစ်တစ်ခု လုပ်လာတယ်။ လူသစ်တစ်ယောက် ညွှန်ခံရင် အနားမှာ "နန်းတော်စစ်သံ" အမြဲ ရှိနေရမယ်တဲ့။

အဲဒီ ၁၉၃၇ခုက စပြီး ကျွန်တော့်စိတ်က သိပ်ပြီး ချောက်ချားလာတယ်။ ပထမနှစ်ဝက်မှာ ဂျပန်ဟာလည်း တရုတ်နိုင်ငံလုံးကို အင်တိုက်အားတိုက် ဝင်ရောက်တိုက်ခိုက်ဖို့ အားစုနေပါပြီ။ အရှေ့မြောက်တစ်ခွင်မှာ မျိုးချစ်တွေရဲ့ ဂျပန်မုန်းတီးရေး အလုပ်မှန်သမျှကိုလည်း ပိုက်စိတ်တိုက်ပြီး ရှာဖွေသုတ်သင်ပါတော့တယ်။ ကျွန်တော့် နာမည်သုံးပြီး ရာဇဝင်ကျင့်ထုံးတစ်ခု ထုတ်ပြန်တယ်။ **ပပ်ကျော**နှစ်ဆိုတဲ့ အချင်းချင်း စောင့်ကြည့်ပြီး ဖော်ကောင်လုပ်ခိုင်းတဲ့နည်းပါပဲ။

ချစ်ကြည်ရေးအသင်းကိုလည်း လူတိုင်း မဝင်မနေရ လုပ်တယ်။ လမ်းတွေပြင်၊ ခံတုတ်တွေဆောက်၊ ရွာတိုင်းမှာ လူစစ်ဆိုတာတွေ လုပ်ပါတယ်။ အရှေ့မြောက်မှာ လုပ်ရှားလာတဲ့ လူ ၄၅၀၀၀ပါ ဂျပန်ခုခံရေး မဟာမိတ်တပ်ပေါင်းစုကို ချေမှုန်းဖို့ တပ်မကြီး နှစ်ဆယ်ကိုသုံးတယ်။ ဂျပန်ဆန့်ကျင်ရေး အမျိုးသားတပ် ကယ်တင်ရေး အသင်းဝင်လို့ ထင်ရတဲ့လူတွေလည်း အများကြီးဖမ်းမယ်။ ဖမ်းတဲ့အထဲမှာ "အခြေမခိုင်သူ"တွေလည်းပါတယ်။ "အခြေမခိုင်သူ"ဆိုတာက နီးစပ်ရာ ပါနိုင်တယ်။ စိတ်မချရလို့ ဆိုလိုတယ်။ ဘယ်လိုလုပ်လုပ် အောင်မြင်တယ်။ အမြစ်ပြတ်သွားတယ်လို့ မရှိလို့ နောက်တစ်နှစ်ပိုပြီး ကြပ်ကြပ်မတ်မတ် လုပ်ကြရပြန်သေးတယ်။ ဂျပန်ရော အမျိုးသားသစ္စာဖောက်လာ လူတစ်သန်း အသုံးချပြီး ဒီအလုပ်ကိုလုပ်ကြပါတယ်။ ဒါပေမယ့် တုန်င်ကျိယူအပြောကတော့ လူတွေ သိပ်ပြန့်နေပြီမို့ ဖမ်းလို့ဆီးလို့ကို မနိုင်နိုင်အောင် ဖြစ်နေတယ်တဲ့။

ကွမ်တုန်င်တပ်သေနာပတိနဲ့ စကားပြောလို့ပဲဖြစ်ဖြစ်၊ ဝန်ကြီးချုပ်နဲ့ စကားပြောလို့ပဲဖြစ်ဖြစ် သတင်းမှန်ကို ဘယ်တော့မှ မရနိုင်ဘူးဆိုတာ သိပါတယ်။ တကယ့်အဖြစ်အပျက်ကို ပြောဖော်ရတာ တုန်င်ကျိယူတစ်ယောက်ပဲရှိတယ်။ ကွမ်တုန်င်တပ်သေနာပတိက "ဆုံးမစစ်ကြောင်း"ချီတက်ပြီး အောင်ပွဲတွေ ရနေတယ်ဆိုတာလည်း အမြဲမဟုတ်ဘူးလို့ သူပဲ ပြောပါတယ်။ ဓားပြလူဆိုးတွေကို ဘယ်လောက်သတ်လိုက်ပြီ ဆိုတာမှာလည်း လူတွေ အသတ်ခံရတာမှန်ပေမယ့် သေသွားတဲ့လူတွေဟာ ဘယ်သူတွေဖြစ်မလဲ။ သူ့အမျိုးတစ်ယောက် ကိုယ်တိုင်ကြုံရတာကတော့ လူသိမခံဝံ့

တဲ့ အလုပ်တစ်ခုကို လူတွေ အတင်းခေါ်ပြီး ဂျပန်ကခိုင်းပါတယ်။ အလုပ်ပြီးတော့ မပေါက်ကြားအောင် စိတ်အချရဆုံးနည်းကို သုံးပါတယ်။ ဒါက အခိုင်းခံရတဲ့လူအားလုံးကို သတ်ပစ်တာပါပဲ။ သူ့အမျိုးနဲ့ လူတချို့ပဲ ကံကောင်းလို့ ထွက်ပြေးလွတ်မြောက် လာပါတယ်တဲ့။ သူ့အထင်က သတင်းစာထဲမှာ အသားယူပြီး အကျယ်ချဲ့ပြီးပါတဲ့ ဇာတ်ပြတစ်သင်းကို သတ်ဖြတ်ခြင်းဆိုတဲ့ သတင်းဟာ အဲဒီတုန်းက လုပ်အားပေးခဲ့ရတဲ့ အပြစ်ကင်းသူတွေ ဖြစ်မှာပါပဲထင်တယ်လို့ သူက ဆက်ပြောပါတယ်။

ဒီသတင်းကြားပြီး တယ်မကြာဘူး။ ကျွန်တော့်အင်္ဂလိပ်စကားပြန် ပျောက်သွားတယ်။ ကျွန်တော့်ညီ ပုကျိုအယ်ရဲ့သတင်းက ဒီစကားပြန်ဟာ တိုကျိုက ကျွန်တော်တို့ သံရုံးမှာရှိစဉ်က အမေရိကန်နဲ့အဆက်အသွယ်ရှိတယ်ဆိုပြီး ဂျပန်ရဲက ဖမ်းသွားပြီး သတ်ဖြတ်လိုက်တယ်။ ပုကျိုအယ်က ဆက်ပြောတာမှာ ဒီစကားပြန်ဟာ သူ့အချုပ်ခန်းစောင့်ကို လာပြီးကယ်ပါလို့ စာရေးပြီး ပုကျိုအယ်ကိုလွှတ်သေးတယ်တဲ့၊ သူလည်း ဘယ်လိုက်သွားရဲမလဲ။ ကျွန်တော့်ကို တမင်ပဲ ချက်ချင်းလာမပြောဘူးတဲ့၊ ဒီကိစ္စကို မေ့လိုက်တော့လို့ ကျွန်တော်ပြောလိုက်ရပါတယ်။

အဲဒီရက်တွေက ဝါဒကြေညာချက်တွေ အမိန့်တွေတော်တော်များများကို ကျွန်တော်သဘောတူရပါတယ်။ အားလုံးလိုလိုပဲ စစ်မှုကြိုးပမ်း လုံ့လထုတ်ရေးနဲ့ အရှေ့မြောက် လူထုနှိပ်ကွပ်ရေးတွေပါပဲ။ ဒီအမိန့်ဆိုတာတွေထဲမှာ **'ထွက်ကုန်တိုးငါးနှစ်စီမံကိန်း'** ၊ **'မကုန်ပစ္စည်းထိန်းသိမ်းရေးဥပဒေ'၊ 'အစိုးရ ပြန်လည်ပွဲ့စည်းရေး'** ဆိုတဲ့ ဂျပန်အုပ်စီးတာ အားကောင်းသထက် ကောင်းလာအောင် ကူညီရတဲ့ အမိန့်တွေ၊ ဥပဒေတွေ၊ စီမံကိန်းတွေပါပဲ။ ဒီအထဲမှာ ဂျပန်စကားကို အမျိုးသားစကားလို့ အသိအမှတ်ပြုမယ် ဆိုတာတောင် ပါလိုက်သေးတယ်။ အဲဒါတွေ အားလုံးအပေါ်မှာ ခေါင်းဆောင်အဖြစ်နဲ့ ကျွန်တော့်ရင်ကို ဒိန်းခနဲ လာဆောင့်တာကတော့ ပုကျိုအယ် အတွက် မယားရှာရေးပါပဲ။

ဂျပန်သူကောင်းသားတွေနေတဲ့ကျောင်းမှာ နေပြီးတော့ ပုကျိုအယ်ဟာ ဂျပန်တပ်ဗိုလ်လောင်းကျောင်းကို တက်ရတယ် ကျန်င်ကျုန်ကို ၁၉၃၅ခု ဆောင်းတွင်းမှာ ပြန်ရောက်လာတော့ ကေရာဇ်သက်တော်စောင့်တပ်မှာ ဗိုလ်ဖြစ်လာပါတယ်၊ အဲဒီအချိန်ကစပြီး ကွမ်တုန်င်တပ်ကိုရောက်လာတဲ့ သူ့ငယ်ချင်းဂျပန်တွေက သူ့ကို ဂျပန်မ ယူဖို့ ဆွယ်ကြတယ်။ ကျွန်တော့်အနားမှာ အမြဲလိုရှိနေတဲ့ ယောရှီဩကကလည်း ကွမ်တုန်င်တပ်ဟာ နှစ်နိုင်ငံချစ်ကြည်ရေးစံပြအနေနဲ့ပုကျိုအယ်ကဂျပန်မယားယူပြစေဆိုတဲ့ ဆန္ဒရှိတယ်။

ဒါကိုကြားတော့ ကျွန်တော်လည်း လန့်လာပါတယ်။ ဂျပန်တွေထက် လက်ဦးအောင် ပီကင်းက ကောင်မလေးတစ်ယောက် အမြန်ရှာပေးမှ ဖြစ်မယ်လို့ ဆုံးဖြတ်ပါတယ်။ ဂျပန်က ဒီကောင့်ကို လက်သပ်မွေးပြီး ဂျပန်မနဲ့ပေးစား၊ အဲဒီက

သားမွေးရင် ကျွန်တော့်နေရာမှာ တရုတ်ဂျပန်သွေး ကေရာဇ်ရမယ်ပေါ့။ ဒါကိုပြောပြတော့ ပုကျိအယ်ကလည်း ကျွန်တော့်အကြံကို လက်ခံပြီးတော့ တရုတ်မကိုပဲ ယူမယ် ပြောပါတယ်။

ဒါပေမယ့် ယောရှိသြက လာလာပြီး ဗိုလ်ချုပ်ကြီးဟောန္နောကိုယ်တိုင် အောင်သွယ်လုပ်ပြီး သူ့ဖို့ တိုကျိုမှာ မယားရှာနေပြီဆိုတော့ မငြင်းဝံ့တော့ဘူး။ ဒါနဲ့ ၁၉၃၇ခု၊ ဧပြီလ ၃ရက်နေ့မှာ မြို့စား စဂရရဲ့သမီး စဂတိရောနဲ့ လက်ထပ်လိုက်ရတယ်။ တစ်လအတွင်းမှာပဲ ကွမ်တုနိုင်တပ်က နှိုးဆော်တာနဲ့ "နိုင်ငံအတိုင့်ပင်ခံအဖွဲ့"က ကျွန်တော့်မှာ သား မမွေးရင် ပုကျိအယ်နဲ့သားက ထီးမွေဆက်ခံစေလို့ ဥပဒေတစ်ရပ် ပြဌာန်းပါတယ်။

တိုကျိုက ပုကျိအယ်ပြန်လာတဲ့အခါ သူ့ရှေ့မှာ ရှေးကလို စကားကုန် မပြောရဲတော့ဘူး။ သူ့မယားပို့တဲ့ စားစရာလည်း မစားဝံ့ပါ။ ပုကျိအယ် ကိုယ်တိုင် လာစားတဲ့အခါမှာတော့ သူက အရင်မြည်းရင် ကျွန်တော် သူ့များချက်တဲ့ဟင်းကို စားပါတယ်။ သူ့မယား ကိုယ်ဝန်ရှိလာတော့ ကျွန်တော် စိုးရိမ်လာရပြန်တယ်။ တကယ်လို့ သားများမွေးရင် အဲဒီကောင်လေးကို နန်းတင်ချင်တဲ့ ကွမ်တုနိုင်တပ်ဟာ ကျွန်တော်နဲ့ ကျွန်တော့်ညီပါ ကိစ္စတုံးလုပ်ဖို့ ဘာမှ နှောင့်နှေးနေမှာ မဟုတ်ဘူးလို့ တွေးမိလို့ပါ။ သမီးကလေးမွေးတယ်ဆိုမှ ကျွန်တော်သက်ပြင်းချနိုင်ပါတော့တယ်။

ငါ့မှာ သားမွေးရင် တစ်ခက်လို့လည်း စိတ်ပူရပြန်တယ်။ ဘာပြုလို့လဲ ဆိုတော့ ကျွန်တော့်သားကို ဂျပန်မှာ ငါးနှစ်သားကစပြီး သူတို့ ရွေးပေးတဲ့အိမ်မှာ လွှတ်ထားဖို့ စာချုပ်တစ်ခုကို ကျွန်တော် လက်မှတ်ထိုးလိုက်ရလို့ပါပဲ။

လူကော့ကျိုပ်တိုက်ပွဲ ဇူလိုင် ၇ (၁၉၃၈)မှာ မဖြစ်မီ ကိုးရက်အလို၊ ဇွန်လ ၂၈ရက်နေ့မှာ ကျွန်တော့်နန်းစောင့်တပ်နဲ့ ပတ်သက်ပြီး စိုးရိမ်စရာအခင်းတစ်ခု ဖြစ်ပါတယ်။

"ကာကွယ်ရေးဝန်ကြီးဌာန"က တိုက်ရိုက်အုပ်ချုပ်တဲ့ "ကေရာဇ်သက်တော်စောင့်တပ်"အပြင် ကျွန်တော့်ဘာသာ ကိုယ့်စရိတ်နဲ့ကိုယ် ထူထောင်ထားတဲ့ နန်းစောင့်တပ်ဆိုတာရှိတယ်။ သဘောက လက်နက်ကိုင်လက်ရွေးစင် လူယုံထားချင်တယ်။ ပြီးတော့ တဖြည်းဖြည်း အဲဒီတပ်ကို ကြီးလာအောင် တိုးချဲ့သွားမယ်လည်း စိတ်ကူးထားတယ်။ တပ်သား ၃၀၀ ရှိပြီး ဗိုလ်သင်တန်းဆင်းတွေဖြစ်တယ်။ အဲဒီ ဘပ်မှူးဖြစ်တဲ့ တုနိုင်ကျိယူက ဒီတပ်ကို ဂျပန် မရှုစိမ့်ဘူးလို့ ပြောဖူးတာ အခုမှ ထင်ရှားလာပါတယ်။

ဇွန်လ ၂၈ရက်နေ့က နန်းတော်စောင့်တပ်သား တချို့ဟာ ပျော်ပွဲစား ဥယျာဉ်ထဲသွားကြတယ်။ ဟိုမှာ အရပ်ဝတ်ဂျပန်တချို့နဲ့ လှေလှော်ငှားပြီး ရန်ဖြစ်ကြလို့ ဂျပန်တွေ ဖြုန်းခနဲ အများကြီးပေါ်လာပြီး ဝိုင်းအရိုက်ခံရတယ်။ ဂျပန်တွေက ခွေးတွေလွှတ်ပြီးလည်း အကိုက်ခိုင်းတယ်။ ဒီတော့ ကာကွယ်ရင်း ခွေးတချို့သေသွား

တယ်။

ဝိုင်းထားတဲ့အထဲကပဲ သူတို့ အလွတ်ရုန်းထွက်ပြီး တပ်တန်းလျားကို ပြန်လာကြတယ်။ ဒါဟာ ပျက်စီးဖို့အစပဲလို့ သူတို့လည်း ဘယ်ထင်တတ်မလဲ။ မကြာခင်ပဲ ဂျပန်ရဲတွေရောက်လာပြီး တပ်မှူးတုန်င်ကို ယခင်လာတဲ့ တပ်သားအားလုံး ထုတ်ပေးပါလို့ တောင်းတယ်။ မငြင်းရဲတော့ ပြောတဲ့အတိုင်း အပ်လိုက်ရပါတယ်။ ခေါ်သွားပြီး "ဂျပန်မုန်းတီးရေး မန်ကျူကောဆန့်ကျင်ရေး"လုပ်နေမိပါတယ်လို့ အတင်း ဝန်ခံချက်ပေးခိုင်းတယ်။ ညှဉ်းတဲ့အခါ ထုံးစံနည်းမျိုးစုံနဲ့ ညှဉ်းတယ်။ ဒီတော့မှ သူတို့နဲ့ ရန်ဖြစ်တဲ့ ဂျပန်တွေဟာ ကွမ်တုန်နိုင်တပ် စစ်ဦးစီးရုံးက အရာရှိတွေဖြစ်ပြီး သူတို့ကို ရှူးတိုက်ပြီး ကိုက်ခိုင်းတဲ့ ခွေးတွေလည်း ဂျပန်တပ်က ခွေးတွေ ဖြစ်နေတယ်။

ကျွန်တော်က မတော်မဆဖြစ်တဲ့ အမှုထင်ပြီး ကွမ်တုန်င်တပ်ဌာနချုပ် သွားဖို့ ယောရှိဩကကို ခိုင်းပါတယ်။ သူပြန်လာတဲ့အခါ တောင်းဆိုချက်သုံးချက် လိုက်လျောမှ လွှတ်မယ်တဲ့။ ဒဏ်ရာရသွားတဲ့ အရာရှိတွေကို တုန်င်ကျိယှူကိုယ်တိုင် တောင်းပန်ရမယ်။ "ဆူပူမှုဖြစ်စေတဲ့" နန်းစောင့်တပ်သားတွေကို ပြည်နှင်ဒဏ် ပေးရမယ်။ နောင်ဒါမျိုးမဖြစ်စေရပါဘူးလို့ ကျွန်တော်ကိုယ်တိုင် အာမခံရမယ်တဲ့။ ဒီသုံးချက် လိုက်နာပြီးတဲ့အပြင် တုန်ကျိယှူကို ထုတ်ပစ်ပြီး ဂျပန်အရာရှိတစ်ယောက် အစားခန့်ပေးရသေးတယ်။ လူအင်အားလည်း လျှော့တယ်။ ကိုင်နေကြ ရိုင်ဖယ်အစား ခြောက်လုံးပြူးကို လဲပေးရပြန်တယ်။

အရင်က လူငယ်တွေရွေးပြီး ဂျပန်စစ်တက္ကသိုလ်တွေကို ပို့တယ်။ သူတို့တွေနဲ့ စစ်အင်အား ထူထောင်မယ်ပေါ့။ သူတို့ ပြန်လာတော့ ညီပုကျိအယ်ကအစ "ကာကွယ်ရေးဝန်ကြီးဌာန"က ခန့်ရာနေရာကို သွားကြရတယ်။ ကျွန်တော် ဘာမှ ဝင်ပြောခွင့် မရပါ။ ဒီတော့ ကျွန်တော် ထူထောင်ချင်တဲ့တပ်ဟာလည်း အိပ်မက်ထဲ ဖြစ်သွားတော့တယ်။

ရှုလိုင် ဂုရက်တိုက်ပွဲဖြစ်ပြီး ဂျပန်က ပီကင်းကို သိမ်းတယ်။ လူဟောင်းတွေ မင်းသားတွေက ရှေးပုံစံပြန်လာဖို့ မျှော်ကြပြန်တယ်။ ဒါမဖြစ်နိုင်ပါဘူးလို့ ကျွန်တော် ကတော့ သိနေပါပြီ။ အခုလောလောဆယ် ပြဿနာက ဂျပန်အသတ်မခံရဖို့ နန်းတော်မှာလာပြီး ကွမ်တုန်င်တပ်ရဲ့ ကိုယ်စားအဖြစ်နေတဲ့ သံမှူးယောရှိဩကကို ချော့ပြီး ထားဖို့ပဲ အရေးကြီးဆုံး ပြဿနာဖြစ်ပါတယ်။

## ယောရှိဩက ယစုနောရိ

ကွမ်တုန်င်တပ်ကို လျှပ်စစ်ဓာတ်အားကောင်းကောင်း ပို့လွှတ်တဲ့ ပင်မဓာတ်ရုံ လို့ ဆိုကြပါစို့။ ကျွန်တော်က လျှပ်စစ်ဓာတ်အားရမှုလည်တဲ့ မော်တာ၊ ယောရှိဩကကို

ဓာတ်အားကို အင်မတန်လုံးလုံးစီးစီး သွယ်တန်းပို့တဲ့ ဓာတ်ကြိုးနဲ့တူတယ်ဆိုရမယ်။

အရပ်ပုပု၊ နှုတ်ခမ်းမွေးသေးသေး၊ မေးရိုးကားကားနဲ့ အဲဒီပုဂ္ဂိုလ်ဟာ ၁၉၃၅ခုကစပြီး ဂျပန်လက်နက်ချတဲ့ ၁၉၄၅ခုထိ ဆယ်နှစ်လုံးလုံး ကျွန်တော့်အနားမှာ အမြဲရှိတယ်။ ဆိုဗီယက်တပ်က ကျွန်တော့်ဖမ်းတဲ့အချိန်မှာ သူ့ကိုလည်း ဖမ်းပါတယ်။ ဒီအတွင်းမှာ သူဟာ ဒုဗိုလ်မှူးကြီးအဆင့် ဗိုလ်ချုပ်အဆင့်အထိ ရာထူးတက်လိုက်သေးတယ်။ သူ့တာဝန်က နှစ်မျိုး၊ ကွမ်တုန်င်တပ် စစ်ဦးစီးချုပ်ရုံး အထက်တန်းအရာရှိတစ်ဦး၊ ပြီးတော့ "ကေရာဇ်နန်းတော်စစ်သံမှူး" စစ်သံမှူးကတော့ ဂျပန်ကထွင်ပြီး ခေါ်တဲ့နာမည်။ တကယ်တော့ ကျွန်တော့်ကို ကွမ်တုန်င်တပ် လိုချင်တာခိုင်းဖို့ ဓာတ်အားသွယ်တန်းပြီး ယူလာတဲ့လူပါပဲ။ ကျွန်တော် "ထွက်တော်မူကြီး" ထွက်ရင်၊ ဧည့်သည်လက်ခံရင်၊ နိုင်ငံခြားဆက်သွယ်ရင် လက်အောက်ကို ဆိုဆုံးမရင်၊ ဆုတောင်းသဝဏ်လွှာပို့ရင် အဆုံးမှာ ကျွန်တော် ခေါင်းညိတ်တာ ပြုံးတာအားလုံး ယောရှီဩက ညွှန်ကြားတဲ့အတိုင်းပါပဲ။ ဘယ်လို အစည်းအဝေးကိုတက်ပါ။ ဘယ်စကားပြောပါ ဆိုပြီး ဂျပန်လေသံပါတဲ့ တရုတ်စကားနဲ့ သူက ကျွန်တော့်ကို မိန့်ခွန်းတွေ ရေးပေးပါသေးတယ်။

ဂျပန်ဟာ ၁၉၃၇ခု၊ ဇူလိုင်လကစပြီး အင်တိုက်အားတိုက် တရုတ်ကိုဝင်တိုက်တဲ့အခါ ကောက်ပဲရိက္ခာလိုတယ်။ လူလိုတယ်။ တခြားထောက်ပံ့ရေးမျိုးစုံလိုတယ်။ ဒီအခါ မန်ကျူကောက မရအရရှာပြီးပေးဖို့ သူရေးပေးတဲ့အမိန့်တော်ကို ကျွန်တော့် နာမည်သုံးပြီး ကျန်င်ကျိန်ဟွေ့ကို ယာယီ နယ်ဘုရင်ခံတွေရဲ့ အစည်းအဝေးမှာ ဖတ်ပေးလို့ ခိုင်းရတယ်။ ဒီလို အမိန့်တော်တန်းမှာ ကျွန်တော်က "မြတ်တဲ့စစ်ကြီး အောင်မြင်ဖို့ မခိုမကပ် တာဝန်ကျရာ ထမ်းဆောင်စေ" လို့လည်း အမြဲထည့်ပြောရတယ်။ ပစိဖိတ်စစ်မှာ ဂျပန်အတွက် လူသိပ်လိုလာတော့ တရုတ်မှာတိုက်နေတဲ့ ဂျပန်တချို့ကို ခေါ်ယူတဲ့အခါ မန်ကျူတပ်တွေနဲ့ အစားထိုးရတယ်။ ဒီအခါ စစ်နယ်သေနာပတိတွေကို စားသောက်ပွဲကြီး ခင်းကျင်းပြီး သူရေးပေးတဲ့ အမိန့်တော်ကို ကျွန်တော် ကိုယ်တိုင်ဖတ်ရပြန်တယ်။ အဲဒီအမိန့်တော်ထဲမှာတော့ ဂျပန်နဲ့ ငါတို့လူရောစိတ်ပါ ပေါင်းပြီး သေအတူရှင်မကွာ အင်္ဂလိပ် အမေရိကန်ကို ချေမှုန်းဖို့ သန္နိဋ္ဌာန်ချပြီး ဖြစ်တယ်လို့ ပါတယ်။

ယောရှီဩကလာပြီး တရုတ်ဘယ်မြို့ကြီးကို ဂျပန်သိမ်းပိုက်လိုက်ပြီလို့ သတင်းပေးရင် သူနဲ့အတူ ကျွန်တော်ပါ မတ်တတ်ရပ်ပြီး ကျဆုံးသွားတဲ့ ဂျပန်စစ်သားတွေအတွက် ဝမ်းနည်းတဲ့သဘော စစ်ပွဲဖြစ်ရာဘက်ကိုလှည့်ပြီး ခေါင်းအတော်နိမ့်သွားတဲ့အထိ ဦးညွှတ်ခိုင်းတယ်။ ဒါမျိုး ခဏခဏလုပ်နေကြမို့ ဝူဟန်ကို သိမ်းပြီးပြီလို့ လာပြောတဲ့အခါ သူမခိုင်းခင်ကဘဲ ကျွန်တော်ထပြီး အလေးပြုလိုက်ပါတယ်။

ဒီလို ကျွန်တော့်ဘက်က တိုးတက်မှုပြလာတော့ သူက သင်ခန်းစာတွေ

ထပ်တိုးလာပြန်တယ်။ စံတစ်ခုထုတ်ပြရင် ဂျပန်ကျပြီးနောက် အဲဒီပွဲမှာ လူသတ်ဘီလူးအဖြစ် ကျော်ကြားသွားတဲ့ **သြကမုရ**ဆီကို ဝမ်းသာစကား စာတစ်စောင်ရေးလိုက်။ ဂျပန်ကေရစ်ဆီလည်း သံကြိုးတစ်စောင်ပို့လိုက်လို့ ခိုင်းတယ်။

"အမျိုးသား တည်နန်းကွန်း" ဆောက်ပြီးတဲ့အခါ တစ်လတစ်ကြိမ် အဲဒီကို ကျွန်တော်သွားပြီး ဂျပန်တွေကို အောင်နိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ဒါလည်း သူကတစ်ဆင့် ဓာတ်အားရောက်လို့ပဲပေါ့။

ဇူလိုင် ၇ရက် အရေးတော်ပုံမတိုင်မီ ကွမ်တုနင်တပ်ဟာ ကျွန်တော်နန်းတွင်းရေးမှာ ဝင်စွက်လေ့ မရှိလှပါ။ အခု အခြေအနေပြောင်းခဲ့ပါပြီ။ အရင်က ကျွန်တော်တို့ နန်းရိုးအမျိုးတွေဟာ မဟာတံတိုင်းကြီး တောင်ဘက်ကနေပြီး အနည်းဆုံး တစ်နှစ်တစ်ကြိမ် (ကျွန်တော့်မွေးနေ့လိုအခါမှာ) ကျွန်တော့်ကို အဖူးအမြော်လာလေ့ ရှိပါတယ်။ အခု ဂျပန်က လာဆိုတဲ့အခါမှ လာကြရတယ်။ လူဘယ်မျှ၊ ဘယ်သူ ဘယ်ဝါသာလာလို့ ကန့်သတ်သေးတယ်။ အရင်းအချာအမျိုးကလွဲရင် ဦးစိုက်ပြီး စကားမပြောဘဲ ပြန်ရမယ်တဲ့။ နန်းတော်ထဲမှာ ရုံးဖွင့်ပြီး ယောရှိသြကရဲ့ တပည့်တွေ လာနေပြီ။ ကျွန်တော်ပေးစာ ပို့စာတွေကို ဖတ်ကြတယ်။ သူက ကျွန်တော့်ကို ပြစေလို့ မပြောတဲ့စာဟာ ကျွန်တော့်ဆီကို မရောက်ပါ။ ကျွန်တော်ဟာ ဂျပန်ဆန့်ကျင်ရေး မလုပ်ဘူး၊ မန်ကျူကောဆန့်ကျင်ရေး မလုပ်ဘူးဆိုတာ ကွမ်တုနင်တပ်က အသေအချာမသိပေမယ့် မဟာတံတိုင်းကြီးတောင်ဘက်ကို ဂျပန်လက်တွင်း ရောက်ပြီးတဲ့အခါ အဲဒီမှာ ကျိန်င်နန်းရိုးကို နန်းပြန်တင်ဖို့ အရေးဆိုတဲ့အထဲ ကျွန်တော်ပါဝင်နေမှာကို မကြိုက်လို့ ဒီလိုလုပ်တာပါပဲ။

ပြောခဲ့တဲ့အတိုင်းပဲ ယောရှိသြက မသိဘဲ လူတစ်ယောက်ကို ကျွန်တော်လက်ခံစကားပြောဖို့ သူ့စာကို ကျွန်တော်ဖတ်ရှုဖို့ လုံးဝမဖြစ်နိုင်ပါ။ ဂျပန်ရဲ့ ဝတ်စုံအစိမ်းရင့်နဲ့ နန်းတော်ထဲမှာပဲ လာပြီး ရုံးတစ်ရုံး ဖွင့်ထားသေးတယ်။ အဝင်အထွက် စောင့်ကြည့်တယ်။ အသံဗလံ နားထောင်တယ်။ ဒီရဲတွေကလည်း ယောရှိသြက ခိုင်းရာလုပ်ရတယ်။ ဒါကြောင့် ကျွန်တော့်ကို အင်မတန် တင်းတင်းကြပ်ကြပ် ထိန်းသိမ်းထားတယ်လို့ ဆိုနိုင်ပါတယ်။

ယောရှိသြကဟာ ခုလို နန်းတော်စစ်သံရာထူးကို လိမ်ယူတယ်လို့ ဆိုနိုင်ပါတယ်။ ဂျပန်မှာ သူက စစ်ကျောင်းမှာ ဆရာဖြစ်နေတုန်း ပုကျိအယ် ရောက်လာတော့ ခင်မင်အောင်လုပ်တယ်။ တိအင်ကျင်မှာ ကျွန်တော်နေရစဉ်က စစ်သတင်းနဲ့ လက်ငင်း အရေးအကြောင်းတွေ ကျွန်တော်နဲ့ လာဆွေးနွေးနေတဲ့ ဂျပန်ဗိုလ်တချို့ ရှိတယ်။ သူက တစ်ခါနှစ်ခါလောက် ပါလာဖူးတယ်။ ဒါကို ပုံကြီးချဲ့ပြီး ကျွန်တော်နဲ့ ခင်တယ် မင်တယ်လို့ ကြားထားတယ်။ အဲဒါတွေ ပေါင်းလိုက်တော့ ကွမ်တုနင်တပ်က ကျွန်တော့်နန်းတော်ကို ရင်းရင်းနှီးနှီး ဝင်ထွက်သွားလာဖို့ သူပဲ သင့်တယ်လို့ အထင်ကြီးပြီး ရွေးလိုက်တယ်။ ကွမ်တုနင်တပ် စစ်ဦးစီးချုပ်မှာ အရာရှိလည်းဖြစ်

တယ်။ "မန်ကျူကောကေရာဇ်နန်းတော်စစ်သံမှူး"လည်း ဖြစ်တယ်လို့ ဂုဏ်ရှိသွားတယ်။

သူဟာ မကြာခဏ ဂျပန်ပြန်လေ့ရှိပြီး ကျွန်တော်ဆီက ဂျပန်ဧကရီမယ်တော်ကြီးဖို့ လက်ဆောင်တွေ ယူသွားလေ့ရှိတယ်။ တစ်ခါက ကျွန်တော်က နှုတ်ဆက်စကားပြောတာကို ဓာတ်ပြားသွင်းပြီး ဂျပန်ဧကရာဇ်ဆီကို ယူသွားတယ်။

ယောရှိဩက စကားပြောရင် မျက်ခုံးတွန့်တွန့်ပြီး 'အားနဲ့ ဟား'ကို အလှည့်ကျသုံးသွားတယ်။ ကြာတော့ နားထဲမှာ အင်မတန်ကလောတယ်လို့ ထင်မိတယ်။ အဲဒီလို တွန့်တာဟာ တိုးတိုးလာတဲ့အခါမှာ ကျွန်တော်သူနဲ့ ဆက်ဆံရေးလည်း တစ်မျိုးဖြစ်လာတယ်။ ပြောင်းလာပုံကို ပြောပြပါ့မယ်။

ကျွန်တော် ဂျပန်က ပြန်ရောက်စ ၁၉၃၅ခုတုန်းက ဂျပန်ဧကရီ မယ်တော်ကြီးဟာ ကျွန်တော့်ဆီကို **မက** ကဗျာတွေရေးပို့လိုက်တယ်။ ဒီအခါ ယောရှိဩက ပြောပုံဟာ ကျွန်တော့်နားထဲမှာ ပျားသကာလိုချိုတယ်။

"ဂျပန်ဧကရီမယ်တော်ကြီးဟာ ကိုယ်တော်အရှင်မြတ်ရဲ့ မယ်တော်နဲ့ အတူတူပဲ မဟုတ်လား။ ဒီနန်းတော်မှာ ကိုယ်တော်ကလည်း ဆွေလိုမျိုးလို ဝင်ထွက်နေလေတော့ ဒီအချက်ကို သိပ်ပြီး ဂုဏ်ယူမိတယ်"လို့ ပြောခဲ့တယ်။

ပုကျိအယ်ကို "မင်းနဲ့ငါဟာ လက်နဲ့ခြေလို တွဲမိတယ်။ ဧကရာဇ်နဲ့တော့ ဒီလို ပြောလို့မရဘူးပေါ့။ သူက လက်ချောင်း၊ ငါကခြေချောင်းဆိုရင်တော့ ရမယ်။ တို့များအမျိုးနီးပါး ဆက်သွယ်နေကြတာပဲ မဟုတ်လား"လို့ ပြောသေးတယ်။

၁၉၃၆ခုရောက်တော့ ဒီလို ပြင်ပြောပြန်တယ်။ ဂျပန်ဟာ ကိုယ်တော်ကြီးရဲ့အဖေဆိုလည်း ဟုတ်တယ်။ အား။ ဂျပန်ကိုယ်စားလှယ်က ကွမ်တုန်တပ်၊ ဒီတော့ ကွမ်တုန်င်စစ်သေနာပတိ ကိုယ်တော်ကြီးရဲ့ အဖေဆိုလည်း ဟုတ်တယ်။ ဟားတဲ့။

တရုတ်နိုင်ငံထဲကို တိုးဝင်ပြီး စစ်မျက်နှာဖွင့်လို့ အခက်အခဲမျိုးစုံတွေ့လေ ကွမ်တုန်င်တပ်က ကျွန်တော့်ကို နှိမ်ချင်လေ ဖြစ်လာပြန်တယ်။ နောက်ဆုံး ယောရှိဩက အဆိုက ကွမ်တုန်င်တပ်က မင်းအဖေ၊ ငါက အဲဒီ တပ်ရဲ့ကိုယ်စားလှယ် ဒီတော့ ငါဟာ မင်းအဖေပေါ့။ အား။

နန်းတော်ကို ယောရှိဩကဟာ တစ်နေ့ အခေါက်တော်တော်များများရောက်အောင် လာတယ်။ တစ်ခါတလေ ဆယ်မိနစ်လောက်နေပြီး ထွက်သွား။ ပြီးတော့ ငါးမိနစ်တောင် မပြည့်ခင်ပြန်လာ။ အဲဒီလိုပြန်လာရင် မရေမရာ အကြောင်းပြသေးတယ်။ ခုန ထွက်သွားတုန်းက ဘာမှာဦးမလဲ မမေးခဲ့ရလို့ လမ်းက လှည့်ပြန်လာတာပေါ့လေ။ အမှတ်မထင် မမျှော်လင့်တဲ့အခါ ဖြုန်းခနဲဝင်ပြီး ဘာလုပ်နေသလဲလို့ ဖမ်းမေးတဲ့သဘောမို့ ကျွန်တော်သိပ်ကြောက်ပြီး သူဘာပြောပြော ဟုတ်ကဲ့လိုက်ပြီး လိုချင်တာကို တစ်မိနစ်မှ သူစောင့်မနေရအောင် ချက်ချင်းလုပ်ပေးတယ်။ ထမင်း

စားတုန်း ဝင်လာရင်တောင် ထပြီး ပျာပျာသလဲ ဘာလုပ်ပေးရမလဲ မေးမိတဲ့ အထိ ပါပဲ။

## ကေရာဓ်အမိန့်တော်တွေ

မန်ကျူကော စာသင်ကျောင်းနေသူတိုင်း ကျွန်တော်ထုတ်ပြန်တဲ့ အမိန့်တော်တွေကို အလွတ်ရအောင် ကျက်ထားရတယ်။ အမိန့်တော်တစ်ခုစီရဲ့ နှစ်ပတ်လည်နေ့ကျရင် ကျောင်းတွေ၊ ရုံးတွေ၊ စစ်တပ်တွေမှာ လူစုပြီး၊ အဲဒီနှစ်ပတ်လည်တဲ့ အမိန့်တော်ဖတ်ပွဲ လုပ်ရသေးတယ်။ ကျောင်းတွေမှာဆိုရင် ဆရာရော တပည့်တွေပါ **"ချစ်ကြည်ရေး"**အစိမ်းရင့်ဝတ်စုံနဲ့ ရပ်ကြရတယ်။ သဘောတရားနဲ့ စည်းကမ်းထိန်းတာဝန်ယူရတဲ့ဆရာက လက်စွပ်အိတ်အဖြူနဲ့ အဝတ်ဝါနဲ့ အ်ထုပ်ကို ခေါင်းပေါ်မှာ တင်ပြီး အခန်းထဲ ယူလာခဲ့ရတယ်။ သူဝင်လာတဲ့အခါ အခန်းထဲ ရောက်နေတဲ့ လူကြီးလူငယ်အားလုံးဟာ ခေါင်းငုံ့နေရတယ်။ အထုပ်ကို စားပွဲပေါ်တင်ပြီး အပေါ်ဝတ်ကို ဖြန့်ပြီး အမိန့်တော်စာရွက်ကို ယူတယ်။ ပြီးတော့ လက်နှစ်ဖက်နဲ့ကိုင်ပြီး ကျောင်းအုပ်ကြီးကို လှမ်းပေးတယ်။ ကျောင်းအုပ်ကြီးလည်း လက်အိပ်စွပ်ထားတဲ့ လက်နဲ့ လှမ်းယူပြီး ဖတ်ပါတယ်။ ရက်စွဲဟာ မေလ ၂ရက်ဆိုရင် သူဖတ်တဲ့ အမိန့်တော်ဟာ **"ကေရာဓ်(ဂျပန်က) အပြန် သတိပေးအမိန့်တော်"** ဖြစ်မယ်ပေါ့။

> **ငါအရှင်ကေရာဓ် မင်းမြတ်သည် ရွှေနန်းတက်သိမ်းပြီးသည်မှစ၍ ဂျပန်ကေရာဓ်နန်းကို ကိုယ်တော်တိုင် ကြွရောက်လိုသည့် စိတ်တော်ဆန္ဒ ပြင်းပြခဲ့ရသည်မှာ ချစ်ကြည်သော မိတ်သဟာတို့ထုံးစံ တွေ့ဆုံလိုသည် တစ်ကြောင်း၊ ဂုဏ်ကျေးဇူးတော်များကို ဖွင့်ဟထုတ်ဖော် ချီးမွမ်းလိုသည် တစ်ကြောင်းတို့ကြောင့် ဖြစ်တော့သည်။ ယင်းသို့အားဖြင့် အရှေ့တူရူသို့ ကြွချီမိသဖြင့် တောင့်တပြင်းသည့် ဆန္ဒတော်ပြည့်ဝခြင်း ရှိရပါသည်။**
>
> **ဂျပန်ကေရာဓ်နန်းရိုးသည် ကြီးကျယ်ခမ်းနားလှသဖြင့် ပြင်ဆင်မှုတို့ဖြင့် ကြိုဆိုလျက် ပြုဖွယ်ရှိရာ လောကဝတ်များကို အထူးကျေပွန်လှသည့်ပြင် တိုင်းနေပြည်သူများက သောင်းသောင်းဖြဖြကြိုယူခြင်း၊ အလစ်အလပ်မရှိ ယဉ်ကျေးဖွယ်ရာ ရိုသေကျိုးနွံဆက်ဆံခြင်း။ အပြန်တွင်လည်း သောင်းသောင်းဖြဖြ ထွက်လာနှုတ်ဆက်ခြင်းကို စိတ်ဝယ်အမြဲစွဲ၍ မေ့နိုင်ဖွယ်မရှိပါ။**
>
> **မိတ်သဟာဖြစ်သောနိုင်ငံသည် ငါတို့နိုင်ငံတည်ဆောက်ရေးလုပ်ငန်း အဝဝ တွင် ပြီးပြည့်စုံအောင် ကြိုးစားသော လုံ့လဥဿဟဖြင့်ထားလျက် တရားနည်းလမ်းကျကျ ကူညီရာ ငါတို့ကလည်း ယင်းအကူညီချက်ကိုပင် အားကိုး**

အားထား ပြုခဲ့ရသည်ကို နိုင်ငံတော်တည်ချိန်မှ ယနေ့တိုင် လေးလေးစားစား အမှတ်ရလျက် ရှိကြပါသည်။ အာလှိုက်သည်းလှိုက် ကျေးဇူးတင်ကြောင်းကို ဖော်ထုတ်ပြောဆိုခွင့်ရသဖြင့် ကံကောင်းလှပါသည်။ ထိုမှတစ်ဖန် အသေအချာ ဂရုပြုလျက် လေ့လာသဖြင့် သိရသည်မှာ ထိုနိုင်ငံ၏အစိုးရသည် မေတ္တာတရားနှင့် ညာတာထောက်ထားခြင်းကို အရင်းခံလျက် နိုင်ငံသူတို့အမျိုးပေါ်တွင် သစ္စာရှိအောင် လူကြီးမိဘကိုရိုသေလျက် ဝတ္တရားကို လေးစားအောင် အထူးဝါယမပြုလျက် ပညာပေးသဖြင့် တိုင်းနေပြည်သူတိုင်း ကေရာဇ်ကို ကြည်ညိုလေးစား ရိုသေသည်။ အထက်လူကို အောက်လူ ချစ်သည်။ လူတိုင်း သစ္စာရှိသည်။ ရဲစွမ်းသတ္တိရှိသည်။ နိုင်ငံဝန်ကို ထမ်းလိုသည်။ အမိတိုင်းပြည်အတွက် အသက်စွန့်ဖို့ အသင့်ရှိနေသည်။ ထို့ကြောင့်လည်း သူတို့နိုင်ငံတွင် ငြိမ်းချမ်းသာယာသည်။ နိုင်ငံခြားသား ကျူးလွန်သည်ကို တွန်းလှန်နိုင်သည်။ အိမ်နီးနိုင်ငံတွင် ကေရာဇ်နန်းရိုး နှစ်တစ်သောင်းအဆက်မပြတ် တည်တံ့အောင် ကူညီခြင်းအားဖြင့် စေတနာထားနိုင်သည်။ ထိုနိုင်ငံ၏ အမြင့်ဆုံးပုဂ္ဂိုလ်မှ အောက်ဆင့်အထိ ဆက်ဆံခွင့်ရခဲ့သဖြင့် သိရပြန်သည်မှာ ကြီးငယ်နိမ့်မြင့်မရွေး စိတ်ဓာတ်တူညီ၍ ကျင့်ဝတ်ထိန်းသိမ်းရာတွင်လည်း မျှတညီညွတ်လျက် အပြန်အလှန် တွဲဖက်ဆောင်ရွက်နေရာ ယင်းညီညွတ်မှုကို မည်သည့်နည်းနှင့်မျှ တိုက်ဖျက်ဖြိုခွဲ၍ မရနိုင်ပါ။ ဂျပန်ကေရာဇ်ကိုယ်တော်အရှင်မြတ်နှင့် ငါကိုယ်တော်မြတ်လည်း စိတ်သဘောတူညီသည်။ ငါတို့ ပြည်သူတို့သည် ယင်းကို စိတ်ဝယ်စွဲမှတ်လျက် မိတ်ဆွေပြည်သူတို့နည်းတူ စိတ်ထားဖြူစင်၍ နှစ်နိုင်ငံ အခွန့်ရှည်စွာ တည်တံ့အောင် ကြိုးစားကာ အရှေ့တိုင်း လူကျင့်ဝတ်၏အစိပ္ပာယ် ထင်ရှားလေအောင် ဆောင်ရွက်ကြရမည်။ သို့မှသာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးရ၍ လူသားတို့၏ ပျော်ရွှင်မှု ဖြစ်ထွန်းပေမည်။

တိုင်းသူပြည်သားအားလုံး ဤအမိန့်တော်ကို ထာဝစဥ်လိုက်နာကြစေ။

ကေရာဇ်အမိန့်တော်

အဲဒီလို အမိန့်တော်ပေါင်း ခြောက်ခုရှိတယ်။

၁။ နန်းသိမ်းအမိန့်တော် ၁၉၃၄ခု၊ မတ်လ ၁ရက်

၂။ ကေရာဇ်(ဂျပန်က) အပြန် သတိပေးအမိန့်တော် ၁၉၃၅ခု၊ မေလ ၂ရက်

၃။ နိုင်ငံတော် အခြေခံစည်းလုံးရေး အမိန့်တော် ၁၉၄၀ပြည့်၊ ဇူလိုင်လ ၁၅ရက်

၄။ လက်ငင်းအခြေအနေ သုံးသပ်ချက်အမိန့်တော် ၁၉၄၁ခု၊ ဒီဇင်ဘာလ ၈ရက်

၅။ နိုင်ငံတော်တည် ဆယ်နှစ်မြောက် အမိန့်တော် ၁၉၄၂ခု၊ မတ်လ ၁ရက်

၆။ နန်းစွန့်အမိန့်တော် ၁၉၄၅ခု၊ ဩဂုတ်လ ၁၅ရက်

နောက်တော့ "နန်းသိမ်းအမိန့်တော်"ကို "နိုင်ငံတော်တည် ဆယ်နှစ်မြောက် အမိန့်တော် "ထွက်လာတော့ ဖတ်ဖို့မလိုတော့ဘူး။ "နန်းစွန့်အမိန့်တော်"ကတော့လည်း ဘယ်သူမှ အော်ပြီးဖတ်ဖို့ အခွင့်မရတော့ဘူး ဆိုပါတော့။ ဒီတော့အမိန့်တော် လေးခုပဲ အရေးပါတယ်။ ကျောင်းသားကြီးငယ်နဲ့ စစ်သားတွေအားလုံး အလွတ်သွက်သွက်ရအောင် ကျက်ထားကြရတယ်။ မရရင် အမှားမှားရွတ်ရင် ဒဏ်ပေးခံရတယ်။ အရှေ့မြောက်မှာ လူဖြစ်ပြီး ဂျပန့်ကျွန်ဖြစ်ရတာ ဝမ်းသာကြောင်း ဝါဒဖြန့်တဲ့ အကြီးဆုံး လက်နက်တွေပေါ့။ ဒါ့အပြင် ဂျပန် လုယက်တာတွေ ရက်စက်တာတွေ အားလုံးဟာ နောက်ဆုံး တရားဝင်တယ်လို့ ဒီအမိန့်တွေကိုပြပြီး ပြောနိုင်နေပြန်တယ်။ ဒီအမိန့်တွေကြောင့် ရက်စက်ရတယ်လို့လဲ ဆိုနိုင်နေတယ်။ ဂျပန်သခင်ရဲ့ ဖိဆီးနှိပ်စက်တာကို တစ်ဆံခြည်လောက်ပဲပြတော့ ဒီအမိန့်တွေထဲက ဘယ်အပိုဒ်ကို မထေမဲ့မြင်လုပ်တယ်လို့ ထောက်ပြပြီး အပြစ်ပေးဖို့လည်း အသုံးချသွားပါတယ်။

ဒီအမိန့်တော်တွေ ဖြစ်ပေါ်လာရပုံ စစ်ဆေးကြည့်လိုက်ရင် လူဟာ စိတ်ယုတ် စိတ်မာတွေ လွှမ်းမိုးပြီး ဘယ်လောက် ယုတ်ညံ့သွားနိုင်သလဲဆိုတာ ပြနေပါတယ်။ အမိန့်တော်တစ်နဲ့ နှစ်အကြောင်း ပြောပြီးတော့ အမိန့်တော်သုံးဖြစ်တဲ့ "နိုင်ငံတော် အခြေခံ စည်းလုံးရေးအမိန့်တော်"အကြောင်းလည်း ပြောပြချင်ပါတယ်။

တစ်နေ့ ယောရှိဩကဟာ ပြောစရာစကားပြောပြီးပေမယ့်လည်း ထမပြန်သေးတော့ ခိုင်းစရာတစ်ခု ရှိလိမ့်ဦးမည်ဆိုတာ သိတာပေါ့။ အခန်းထဲမှာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိရာနေရာကို သူထသွားပြီး ထုံးစံမြည်နေကျ ဘား၊ အား မြည်လိုက်ပါတယ်။ ဗုဒ္ဓဝါဒဟာ နိုင်ငံခြားကလာတယ်။ အား လူမျိုးခြား ပစ္စည်းပေါ့။ ဂျပန်နဲ့မန်ကျူကောဒ္ဓ တစ်စိတ်တစ်ဝမ်းတည်း ဆိုတယ်မဟုတ်လား။ ကိုးကွယ်တာခြင်း တူမှပေါ့။ဟား တဲ့။

အဲဒါကနေစပြီး ဂျပန်ကေရာဇ်ဟာ ကောင်းကင်ဘုံရဲ့ **ထွန်းပနတ်ရှင်မယ်**[၁] က တိုက်ရိုက် ဆင်းသက်လာတယ်။ ကေရာဇ်တိုင်းဟာ နတ်မင်းကြီး ဝင်စားတာ။ ကေရာဇ်အတွက် အသက်စွန့်တဲ့ ဂျပန်တိုင်းနတ် ဖြစ်မယ်လို့ဆက်ပြီး ဟောပြောနေပါသေးတယ်။ ကျွန်တော်သိပြီ။ ကွမ်တုန်တပ်က လျှပ်စစ်ဓာတ်အား လာသေးတယ်။ ကျွန်တော်လည်း ဒါကိုပဲ အပြန်ပြန်စဉ်းစားပြီး သူတို့ ဘာလိုချင်သလဲဆိုတာ စဉ်းစားနေရပါတယ်။

---

၁။ ဂျပန်နေနတ်သမီးအမ ဘောရစုဩမိကမိ။ ဂျပန်ရှိန်တောအယူမှာ ဒီနတ်သမီးကို ရှိခိုးရတယ်။

ကွမ်တုနိုင်တပ်ဟာ ကျွန်တော့်ကို တစ်ခုခုလုပ်စေချင်တာတော့ မှန်တယ်။ ဒါပေမယ့် သူတို့ သေနာပတိအုအေဒဟာ မောင်ဂိုးလျားသမ္မတနိုင်ငံဘက်က နေပြီး ဆိုဗီယက်ယူနီယံနဲ့ နယ်စပ်ရန်ပွဲဖြစ်အောင် စပြီးမှ ရှုံးနေတော့ အလုပ်များနေတာနဲ့ ကျွန်တော့်အဖွက် ကိစ္စကို ပီသအောင် မပြောအားဘူး။ သူလည်း နောက်တော့ ဒါတွေကြောင့် အရှက်တကွဲဖြစ်ပြီး ရာထူးက အချခံရလို့ ဂျပန်ပြန်ရခါနီးကျမှ "ဂျပန်မန်ကျူကော ချစ်ကြည်ရေး"ကို ခိုင်သထက် ခိုင်မြဲအောင် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ရင် ကောင်းမယ်။ ဒါကြောင့် မန်ကျူကောအမျိုးသားတွေက ဂျပန်ကိုးကွယ်သလို ကိုးကွယ်ဖို့ လိုမယ်။ သင့်မသင့် ကျွန်တော်က စဉ်းစားဆုံးဖြတ် စေချင်တယ်ဆိုဘဲ။

"မဟာကေရာ့ဇ်"ရဲ့ ဗျာဒိတ်တော်ကို ဘယ်တုန်းက ကျွန်တော် ငြင်းဝံ့လို့လဲ။ ဒီတစ်ခါတော့ နည်းနည်း တွန့်ဆုတ်ဆုတ်ဖြစ်တာ အမှန်ပါ။ အရင်က ကျွန်တော့် အကြံပေးဟောင်းကြီးတွေလည်း ဂျပန်ပေးတဲ့ ရာထူးကို နည်းတယ်ထင်လို့ ပြန်ကုန်တာရယ် ဂျပန်က ရာထူးပေးပြီးမှ မကြိုက်တော့လို့ လွှင့်ပါးကုန်တာရယ်နဲ့ အနားမှာ တစ်ယောက်မှ မရှိတော့ဘူး။ အခု အနားရှိတဲ့ ယောက်ဖလေးတွေ၊ တူလေးတွေကလည်း ငယ်လွန်းသေးလို့ တိုင်ပင်ဖက်မရဘူး။ ဒီပြဿနာကို တစ်ယောက်တည်းပဲ ရင်ဆိုင်ရပါတော့တယ်။ ကျွန်တော်ဆုံးဖြတ်လို့ မရသေးခင်ဘဲ ကွမ်တုန်တပ်သေနာပတိသစ်နဲ့ ဂျပန်သံ အမှတ်ငါးဖြစ်တဲ့ အုမေဇုယောရှိဂျိရော ရောက်လာပါတယ်။ ယောရှိဩကကို သူကတစ်ဆင့် ပြောခိုင်းလိုက်ပုံက ဂျပန် ကိုးကွယ်တဲ့ဘာသာဟာ မန်ကျူကောရဲ့ဘာသာဖြစ်လို့ ဂျပန်ကေရာ့ဇ်နန်းရိုးရဲ့ မူလမိခင် "ကောင်းကင်ဘုံရဲ့ ထွန်းပနတ်ရှင်မယ်" ကို ကြိုယူဖို့ပြင်ပါ။ ဒီနတ်ရှင်မယ်ကို မန်ကျူကောမှာ စပြီး ကိုးကွယ်စေတဲ့။ ပြီးတော့ ဒီနှစ်ဟာ ကေရာ့ဇ်ဂျိမ်မူရဲ့ အနှစ် နှစ်ထောင့်ခြောက်ရာပြည့်ဖြစ်လို့ ဒီနိုင်ငံကို ဒီအယူရောက်ဖို့ အသင့်ဆုံးနှစ်ဖြစ်တယ်တဲ့။ ကျွန်တော်ကိုယ်တိုင် ဂျပန်သွားပြီး ဝမ်းသာစကားပြောပါ။ အသေးစိတ်စီစဉ်ပါဆိုပဲ။

နောက်ပြန်ကြားတာက ဒီကိစ္စနဲ့ပတ်သက်ပြီး ကွမ်တုနိုင်တပ်တွင်းမှာ သဘောကွဲလွဲသေးတယ်တဲ့။ တရုတ်အကြောင်း နားလည်တဲ့လူတွေက ဒီလိုလုပ်ရင် အကျိုးထက် အပြစ်က ပိုမယ်။ ဂျပန်ဟာ ပိုပြီး လူထုနဲ့ကင်းကွာသွားလိမ့်မယ်။ ပိုပြီး ပြင်းပြင်းထန်ထန် မုန်းလာမယ်လို့ ပြောပြတယ်။ ဒါပေမယ့် လုပ်မယ်ဆိုရင်လည်း အခုလုပ်၊ အခုကလေးတွေကို အယူသစ်ပေးထားရင် နောက်ပြဿနာမရှိတော့ဘူး။ လူကြီးတွေကလည်း သည်းခံတတ်သွားမယ်ဆိုတဲ့ဘက်က အနိုင်ရတယ်ဆိုပါတော့ ဒါကို အမှန်က တရုတ်သစ္စာဖောက်တွေကတောင် တယ်မကြိုက်ဘူး။ လူသာမန်ကိုတော့ မပြောနဲ့တော့၊ ကျွန်တော့်အဖို့လည်း အရှေ့သင်္ချိုင်းတော်တွေ အဖောက်ခံရတုန်းကထက် ခံပြင်းတယ်။ ယောရှိဩက ကန့်ကွက်လို့ နန်းရိုးဘိုးဘွား ပူဇော်ပွဲကို အမြင်အထင်မလုပ်ခဲ့ရဘူး။ အခု သူများအဘိုးအဘွားကို ရှိခိုးခိုင်းလာပြန်တယ်။ သည်းခံနိုင်ဖို့ သိပ်ခက်ပါတယ်။

လူရှန်မှာ အိတာဂကိအနိုင်ကျင့်တာကို ငုံ့ခံပြီးကတည်းက ကျွန်တော် လုပ်သမျှဟာ တိုင်းပြည်နဲ့လူမျိုးအပေါ်မှာ သစ္စာဖောက်တာတွေချည်းပါပဲ။ ဒါပေမယ့် အဘိုးအဘွားနတ်တွေကို ချော့လို့ ရဦးမယ်ဆိုပါတော့။ နန်းရိုးကိုပြန်ပြီး ကြီးပွား စေချင်လွန်းလို့ဆိုတဲ့ ဆင်ခြေပေါ့။ အခု လက်လွတ်ရသ၍ နောင် မြတ်ဖို့ကြီးပဲလို့ လည်း ကိုယ့်ကိုယ်ကိုယ် လည့်စားနိုင်သေးတယ်။ ဒါမှလည်း ဘိုးဘွားနတ်တွေက ကျွန်တော့်ကိုဆက်ပြီး စောင့်ရှောက်နေဦးမယ်လို့ မျှော်လင့်နိုင်သေးတယ်။ အခု သူတို့ကိုတောင် ပစ်ပယ်ဦးမယ်ဆိုရင်တော့ သူတို့ဟာ ကျွန်တော့်ကို ဘယ်တော့မှ ခွင့်လွှတ်တော့မှာ မဟုတ်ပါ။

ဒါပေမယ့် အသတ်မခံချင်ရင် ပြောတဲ့အတိုင်း လုပ်ရမှာပဲ။ ဒါကိုလည်း မေ့မဖြစ်ပါ။ ဒီတော့ ဖြေစရာရတယ်ပဲ ဆိုပါတော့၊ အပြင် ဗိုလ်ပုံအလယ်မှာ တခြား နတ်ကို ရှိခိုးပူဇော်လုပ်စေပေမယ့် အိမ်တွင်းမှာတော့ တိတ်တဆိတ် ကိုယ့်နတ်ကို ကိုးကွယ်ပူဇော်နိုင်သားပဲလို့ ကိုယ့်ကိုယ်ကိုယ် လှည့်စားရပြန်တယ်။ ဒီလို ဆုံးဖြတ်ပြီး အဘိုးအဘွား ကျောက်စာခုံမှာ ပူဇော်ပြီးတော့မှ ဂျပန်နိုင်ငံကို ထွက်ခဲ့ပါတယ်။

ဂျပန် ဒုတိယခေါက်ကို ၁၉၄၀ပြည့်၊ မေလထဲမှာ သွားရတယ်။ ဟိုမှာ ရှစ်ရက်ကြာခဲ့တယ်။

ဟိရောကိုကောကိုတွေ့တဲ့အခါ ယောရှိဩက ရေးပေးလိုက်တဲ့ တောင်းပန် စာကို ကျွန်တော်ထုတ်ဖတ်ပါတယ်။ စာပါအချုပ်ကတော့ "နှစ်နိုင်ငံ စိတ်ရောကိုယ် ပါ ခွဲမရအောင်ပူးပေါင်း" မိပြီဖြစ်တဲ့အတွက် "မန်ကျူကော"မှာလည်း ကောင်းကင် ဘုံက ထွန်းပနတ်ရှင်မယ်ကို ကိုးကွယ်ခွင့်ပြုပါမယ့် အကြောင်းပေါ့။

ဂျပန်ကေရာဇ်က တိုတိုဘဲ ပြန်ကြားတယ်။ အရှင်မင်းမြတ်လိုလားပါရင် လိုက်ရောရမှာပဲပေါ့တဲ့။ ဒီလို ပြောပြီး သူမက်တတ်ထရပ်လိုက်တယ်။ စားပွဲပေါ်မှာ ရှိနေတဲ့ ဓား၊ ကြေးမုံနဲ့ ကျောက်စိမ်းကောက်ကောက်တစ်တုံးကို ညွှန်ပြတယ်။ ဒါတွေဟာ ထွန်းပနတ်ရှင်မယ်ရဲ့ကိုယ်စား ကိုးကွယ်ဖို့ ပစ္စည်းတွေပဲတဲ့။ သူက ဒါတွေဟာ ဘယ်နည်းဘယ်ပုံ ကျန်ရစ်ခဲ့တယ်လို့ အကျိုးအကြောင်း ရှင်းပြနေချိန်မှာ ဒါမျိုးတွေတော့ ပီကင်းက လျူလိကျန်ငင်အဟောင်းဆိုင်တွေမှာ ပြည့်လို့လို့ တွေးမိပါရဲ့။ ဒါတွေဟာ အင်မတန်တန်ခိုးကြီးတဲ့ နတ်ရှင်မယ်ကိုယ်စားဆိုဘာ ဟုတ်ပါ့မလား။ ငါကိုယ်ပိုင် ပူဇော်ရမယ့် နတ်ဖြစ်နိုင်ပါ့မလား။

ကားနဲ့ပြန်လာတော့ မျက်ရည်တွေတွေ ယိုကျပါတယ်။

ကျန်ငင်ကျူန်ငင်ကိုရောက်တော့ ကျွန်တော့်နန်းတော်ဘေးမှာပဲ "အမျိုးသား တည်ထောင်ရေးနတ်ကွန်း"ကို ဆောက်တယ်။ ကွမ်တုန်ငင်တပ် စစ်ဦးစီးချုပ်ဟောင်း ဟရှိမောတော ကေရနောစုကေကို အကြီးခန့်ပြီး "ပူဇော်ရေးဌာန"ဖွင့်တယ်။ လတိုင်း လဆန်းတစ်ရက်နဲ့ တဆယ့်ငါးရက်မှာ ကွမ်တုန်ငင်တပ်သေနာပတိနဲ့ ရုပ်သေးအရာရှိတွေ ခြံရံပြီး နတ်ကွန်းမှာ ကျွန်တော်အတွက် ပူဇော်ရတယ်။ နောက်တော့ ဒီနတ်ကွန်းမျိုး

အရှေ့မြောက်မှာ အနှံ့အပြား ဆောက်ရတယ်။ ခိုင်းတဲ့ အချိန်တွေမှာ ပူဇော်ပသကြရတယ်။ နတ်ကွန်းကို ဖြတ်လျှောက်သွားတဲ့လူတိုင်း ဒီဂရီကိုးဆယ် တိုင်အောင် ကိုယ်ကို ရှေ့ညွတ်ရသေးတယ်။ မလုပ်မိရင် မလေးမစားပြုရပါ့မလားလို့ ဒဏ်ခံရတယ်။ ဒါကြောင့် နတ်ကွန်းရှိရာအရပ်ကို လူသွားလူလာ မရှိသလောက် ပါးရှားတယ်။

ဒီလိုပူဇော်တတ်တဲ့အခါ ကျွန်တော့်အတွက် တုန်ကွမ်ဟုန်င်တပ်က ကိုးရီးကားရား ဝတ်စုံတစ်ခု ချုပ်ပေးတယ်။ မဝတ်ချင်တော့ စစ်ခေတ်မို့ ဂျပန်တပ်ပေးထားတဲ့ တံဆိပ်တွေတပ်ပြီး စစ်ဝတ်စုံဟာ ပိုပြီးဆီလျော်မယ်။ ဒါမှလည်း မဟာမိတ်ဂျပန်ကို ကူမယ်ဆိုတဲ့ အဓိဋ္ဌာန်ထင်ရှားမယ်လို့ ကြံဖန်လီဆယ်ပြီး အပြောကောင်းတာနဲ့ သူတို့ ဝတ်စုံဘေးကတော့ လွတ်ခဲ့ပါရဲ့။

နတ်ကွန်းမထွက်ခင် ကိုယ့်ဘိုးဘွား နတ်စင်ရှေ့မှာ ဦးခိုက်ပြီးမှ သွားတယ်။ ထွန်းပနတ်ရှင်မယ်ကို ဝပ်စင်းပူဇော်တဲ့အခါမှာလည်း ပီကင်းက ကုန်နိန်ကုန်င်ဆိုတဲ့ မြေသားလောက ငြိမ်းချမ်းရေးနန်းကို ဦးခိုက်တာပဲလို့ စိတ်ထဲမှာထားတယ်။

ဒီလိုဖြစ်လို့ အရှေ့မြောက်သားတွေ ရွံတယ်၊ ဆဲတယ် ဆိုတဲ့ကြားကပဲ ကျွန်တော်က "နိုင်ငံတော်အခြေခံ ကြံ့ခိုင်ရေးအမိန့်တော်"ကို ထုတ်ပြန်ကြေညာရပြန်တယ်။ ရေးပေးတဲ့လူက ကျဲန်င်ယိုပ်ယှူ မဟုတ်ပါ။ (သူသေတာတောင် နှစ်နှစ်ရှိသွားပြီ။) နိုင်ငံအတိုင်ပင်ခံအဖွဲ့ အထွေထွေဌာနက ခိုင်းလို့ တရုတ်စာတတ် ဂျပန်ဆတောတောမောယစုယက ရေးပေးပါတယ်။ စာသားကတော့ ဒီလိုပါ။

> **အမျိုးသားတည်ဆောက်ရေး နတ်ကွန်းကို အလေးအမြတ်ထား၍ဆောက်လုပ် ကိုးကွယ်ရခြင်းမှာ နိုင်ငံအခြေအမြစ် ထာဝရခိုင်ခံ့စေရန်နှင့် နိုင်ငံတော်မူဝါဒများကို အတိုင်းအရှည်မရှိ အစွန့်ရှည်စွာပျံ့နှံ့စေရန် ဤအမိန့်တော်ကို အများပြည်သူတို့ လိုက်နာရန် ထုတ်ပြန်တော်မူလိုက်သည်။ ယခု နိုင်ငံတော်ကို စတင်လျက် သီးခြားတိုင်းပြည်ဟူ၍ ခွန်အားအစဉ်တိုးလျက် ဘုန်းမီးတောက်ပခဲ့ပြီ။ အုပ်ချုပ်ရေး ခိုင်ခံ့ခြင်းတွင် ထပ်ဆင့်၍ အုပ်ချုပ်ပုံမှာလည်း နေ့စဉ်နှင့်အမျှ ပိုမိုကောင်းမွန်ခဲ့ပြီ။ ဤမျှ ကြီးကျယ်အောင် စွမ်းဆောင်နိုင်ခြင်းကား အသူ့ကျေးဇူးနည်းဟု ရှာဖွေလျှင် ကောင်းကင်ဘုံ၏ ထွန်းပနတ်ရှင်မယ်၏ ကူညီမှိုင်းမခြင်းနှင့် ဂျပန်ကေရာဇ်အရှင်မင်းမြတ်က ကာကွယ်စောင့်ရှောက်ခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ မျက်ဝါးထင်ထင် မြင်တွေ့ကြရပါပြီ။ ထို့ကြောင့် ဂျပန် ကေရာဇ်နန်းသို့ ကိုယ်တော်တိုင် ကြွရောက်ကာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ပြောကြားပြီးနောက် တိုင်းသူပြည်သားတို့ကိုလည်း ဂျပန်နှင့် တစိတ်တစ်ဝမ်းတည်းရှိရန် တာဝန်ကို မမေ့လျော့စေရဟု အမိန့်တော်ရှိဖူးပြီ။ ယင်းအမိန့်တော်၏ နက်နဲသိမ်မွေ့ချက်ကို သတိကြပ်ကြပ်ချပ်၍ နှလုံးသွင်းစေ။ အရှေ့ကို ယခုမကြာခင်က တစ်ခေါက် ပေါက်ရောက်ရပြန်သည်မှာ ကေရာဇ်**

ဂျိမ်မှု၏ အနှစ်နှစ်ထောင့်ခြောက်ရာပြည့်ပွဲတွင် အသရေတော်ကြီးသည့် နတ်မင်းကို ကိုယ်တော်တိုင် ပူဇော်လို၍ ဖြစ်သည်။ နိုင်ငံတော်သို့ ဝမ်းမြောက်ဖွယ် ပြန်လည်ဆိုက်ရောက်သောအခါ ကောင်းကင်ဘုံ၏ ထွန်းပနတ်ရှင်မယ်ကို ပူဇော်ပသရန် အလေးအမြတ်ထား၍ အမျိုးသားတည်ဆောက်ရေး နတ်ကွန်းကို ဆောက်ပြီးပါပြီ။ အမျိုးသားကြီးပွားရေးအတွက် အလေးမြတ်ဆုံးသော ရိုသေမှုဖြင့် လူတိုင်းကိုယ်စီ တက်ရောက် ပူဇော်ပသစေ။ သည်နည်းအတိုင်း သားစဉ်မြေးဆက် အဆုံးအဆမရှိ အနွယ်ထောင်သောင်းမက ကြာမြင့်သည့်တိုင်အောင် အတုယူ နမူနာယူ၍ ပူဇော်ကြလေအောင် ယခု ပြည်သူတို့က ရှေ့ဆောင်လမ်းပြစေ။ ဤသို့လျှင် အမျိုးသားအခြေခံကြံခိုင်ရေးအလို့ငှာ နတ်မင်းတို့လမ်းစဉ်³ ကို လိုက်နာလျက် နိုင်ငံ၏ မူဝါဒကို သစ္စာရှိခြင်း တာဝန်သိခြင်းတို့ဖြင့် တည်ဆောက်ကြစေ။ ထောက်ထားခြင်း မေတ္တာဖြင့် ဒေါသကိုနှိမ်၍ ရိုင်းပင်းကူညီခြင်းဖြင့် အယဉ်အပါးဖြစ်ကြကာ ဤမြေဒေသကို သန့်စင်စေလျက် နတ်ရှင်တို့ အမှိုင်းအမကို ခံထိုက်စေ။

ဤဆုံးမချက်ကို ပြည်သူ့တို့သဘောပေါက်သဖြင့် နာယူစေ။ အခြေခံခိုင်စေ။ ဝါဒဖြန့်စေ၊ ယင်းသို့ အကျိုးစီးပွားရှိလေအောင် မဆုတ်မနစ် ကြိုးစားလျက် နိုင်ငံတော် အင်အားတောင့်တင်းစေရန် အရပ်အနှား အခိုအကပ် မရှိစေရ။

**ဧကရာဇ်အမိန့်တော်**

"ကောင်းကင်ဘုံ၏ ထွန်းပနတ်ရှင်မယ်၏ မှိုင်းမမှု"နဲ့ "ဂျပန်ဧကရာဇ်၏ အစောင့်အရှောက်"ဆိုတဲ့ ခွေးမြီးနန့်စာသားတွေဟာ နောက်ထုတ်တဲ့ကျွန်တော့် အမိန့်တော်တွေမှာ မပါရင် မဖြစ်တဲ့စကားတွေ ဖြစ်လာပါတယ်။

ကျွန်တော်နဲ့ ရုပ်သေးဝန်ကြီးတွေ နတ်မင်းတို့လမ်းစဉ်(ရှိန်တော)ကို ကောင်းကောင်းသဘောပေါက်နားလည်အောင်ဆိုပြီး ကွမ်တုန်တပ်က ရှိန်တောဘာသာ ကျွမ်းကျင်သူတစ်ယောက် လွှတ်ပေးတယ်။ သူ့မှာ သင်ကြားပို့ချနိုင်ရေးအထောက်အကူရဖို့ ယူလာတဲ့ပစ္စည်းကလည်း ဆန်းတယ်။ သူက ဒီသစ်ပင်ကိုကြည့်ပါ အပင်ရဲ့အမြစ်က ရှိန်တောဖြစ်တယ်။ ကမ္ဘာ့အယူဝါဒ အထွေထွေက သစ်ကိုင်းတွေတဲ့။ တစ်မျိုးပြောရရင် ရှိန်တောဆိုတဲ့ ရေသောက်မြစ်နဲ့တူတဲ့ အယူဝါဒကမှ တခြားဘာသာ ဂိုဏ်းကွဲတွေထွက်တယ်တဲ့။ သူတရားဟောနေတုန်း ကျွန်တော်တို့ မရယ်မိအောင် မငိုက်အောင် မနည်းကြီး သတိထားနေကြရပါတယ်။

အင်္ဂလိပ်အမေရိကန်ကို ဂျပန်က ၁၉၄၁ခု၊ ဒီဇင်ဘာလ ၈ရက်နေ့မှာ စစ်ကြေညာတော့ ကွမ်တုန်တပ်က "မန်ကျူကော"အနေနဲ့ လက်ငင်းအခြေအနေ သုံးသပ်ချက် အမိန့်တော်ကို ထုတ်ခိုင်းလို့ ထုတ်တဲ့အခါ ဂျပန်စစ်ကြေညာတာကို ထောက်ခံတယ်။ ဂျပန်စစ်အောင်နိုင်ရေးကို ငါတို့တိုင်းသူပြည်သားတွေ အစွမ်းကုန်

ကူညီစေလို့ ကျွန်တော်ထည့်ပြောလိုက်တယ်။ အရင် အမိန့်တွေတုန်းက "နိုင်ငံ အတိုင်ပင်ခံ အဖွဲ့" ကနေပြီး ထုတ်ရတယ်။ ဒီတစ်ခါတော့ "ကောရာဇ်အတိုင်အပင်ခံ" အထူးအစည်းအဝေးကို ဒီဇင်ဘာလ ၈ရက်နေ့ညမှာ ခေါ်စေပြီးတော့ ကျွန်တော် ကိုယ်တိုင်ဖတ်ဖို့ ယောရှိုဩက ခိုင်းတယ်။

ကွမ်တုနိုင်တပ်သေနာပတိလာတဲ့အခါတိုင်း ကျွန်တော်က ဂျပန် မန်ကျူ ကောဟာ ခွဲမရနိုင်တဲ့ တစ်ပေါင်းတည်း တစ်ဖွဲ့တည်းပါ။ သေအတူ ရှင်မကွာပေါ့။ ဂျပန်ခေါင်းဆောင်တဲ့ ဒိမဟာအရှေ့အာရှစစ်ပွဲမှုနှင့် မဟာအရှေ့အာရှအတူ ကြီးပွားရေးစနစ် အောင်မြင်ဖို့ အရေးမှာ ဒီနိုင်ငံက အစွမ်းကုန် ပါဝင်ဆောင်ရွက်မယ် ဆိုတဲ့ စကားတွေကို အဆက်မပြတ် ပြောပါတယ်။

အရင်က ကွမ်တုနိုင်တပ်မှာ စစ်ဦးစီးချုပ် ဖြစ်ဖူးပြီး အခု ဂျပန်ဝန်ကြီးချုပ် ဖြစ်နေတဲ့ တောဂျောဟိဒေမိရှိဟာ ၁၉၄၂ခုမှာ "မန်ကျူကော"ကို ခဏလေး လာ သွားတယ်။ သူ့ကို တွေ့တွေ့ချင်း ဂျပန်အဖနိုင်ငံရဲ့ မှန်မြတ်တဲ့ စစ်ကြီးအောင်နိုင်ဖို့ မန်ကျူကောရဲ့ အင်အားရှိသမျှသွန်ပြီး ကူမယ်ဆိုတာ အသေအချာစိတ်ချ ယုံကြည်ပါလို့ တွန်းပြောလိုက်တယ်။

တောဂျော လာလည်တဲ့အချိန်မှာ ဂျပန်ဟာ "မဟာမိတ်"နိုင်ငံ မဟုတ်တော့ ဘူး။ "အဖနိုင်ငံ"လို့ ခေါ်ကြရပါတယ်။ အဲဒီလို ကျွန်တော်တို့ အနိုမ်ခံရတာ"နိုင်ငံတော် တည် ဆယ်နှစ်မြောက်အမိန့်တော်"က စပါတယ်။ ၁၉၄၂ ခု မတ်လ ၁ရက် (ဆယ်နှစ် ပတ်လည်ရက်) မတိုင်မီက ယောရှိုဩက ပြောစကားထဲမှာ ဂျပန် မရှိရင် မန်ကျူ ကောရယ်လို့ ပေါ်မလာနိုင်ဘူး။ ဒါကြောင့် ဂျပန်ကို မန်ကျူကောဟာ မဟာမိတ် လို့ တခြားနိုင်ငံတွေ ခေါ်နေသလို ခေါ်ဖို့မသင့်ဘူး။ အဖနိုင်ငံလို့ပဲ ခေါ်သင့်တယ် တဲ့။ တစ်ချိန်တည်းလိုမှာပဲ နိုင်ငံအတိုင်ပင်ခံအဖွဲ့ရဲ့ အထွေထွေဌာနမှူး ဂျပန် ကလည်း ရုပ်သေးဝန်ကြီးတွေကို ဒီအတိုင်း ပြောပြလိုက်တယ်လို့ သိရတယ်။ ပြီးမှ ဆယ်နှစ်ပတ်လည် အမိန့်တော်ထွက်တယ်။ အဲဒီအမိန့်တော်ထွက်ပြီးတဲ့အချိန်က စပြီး "အဖနိုင်ငံ"ဆိုတာ ဂျပန်ကို ဆိုလိုတယ်လို့ အများအသိအမှတ်ပြုခံရတဲ့စကားလုံး ဖြစ်လာပါတယ်။

ဂျပန်စစ်ရှုံးတော့မယ်လို့ သိသိသာသာ ထင်ရှားလာတဲ့ ၁၉၄၄ခု ရောက်တဲ့ အခါ ကျွန်တော်လိုလူတောင် သူတို့တပ်တို့ မကြာခင် ကြေပျက်ပျောက်ကွယ်တော့မယ် လို့ သိလာတယ်။ ဒီအခါမှာ ယောရှိုဩကလာပြီး သတ္တုပစ္စည်းကို အဓိကထားလို့ ဘာပစ္စည်းမဆို အများနမူနာဖြစ်အောင် စစ်ထောက်ပံ့မှုအနေနဲ့ ကျွန်တော်ကလှူပါ လို့ခိုင်းတယ်။ ပြောတဲ့အတိုင်းလှူတဲ့အပြင် ကွမ်တုနိုင်တပ်ကို ရွှေငွေနဲ့ အဖိုးတန် ရတနာကျောက်မျက်တွေ လှူပါသေးတယ်။ နောက်တစ်ခါလည်း နန်းတော်က ကော်ဇောတွေ ခွာလှူတယ်။ အဝတ်အထည်ကတော့ အစုံပေါင်းအများကြီး ထည့်လိုက် သေးတယ်။ အဲဒီလိုလုပ်တာတွေကို လူတိုင်းသိအောင် အကြီးအကျယ် ဝါဒဖြန့်တယ်။

ဂျပန်အရာရှိတွေ တစ်နိုင်ငံလုံး အနှံ့လိုက်ပြီး လုယက်ဖို့ အခွင့်ကောင်းလည်း ရသွားတယ်။ စစ်ပြီးခါနီးလတွေမှာ ပစ္စည်းအမြောက်အမြား ဂျပန်ကို ပို့နိုင်ခဲ့တယ်။ အဲဒီအထဲမှာ ဆန်တန်ချိန် ၃၀၀,၀၀၀လည်း ပါတယ်။

## နန်းတွင်းအနေအထိုင်

ကျွန်တော့်အနေနဲ့ နိုင်ငံရေးမှာပါဝင်ခွင့် မရ။ အပြင်တောင် ကိုယ်ထွက်ချင်သလို မထွက်ရ။ တိုင်ပင်ဖို့ ကိုယ့် "ဝန်ကြီးတွေ"ကိုလည်း ခေါ်လိုက်ချင်တိုင်း မရ။ ဒီတော့ ကွမ်တုန်င်တပ်က လျှပ်စစ်အား မပို့တဲ့အချိန်မှာ ဘာမှလုပ်စရာ မရှိဖြစ်နေရပါတယ်။ ဒီတော့ မနက်အိပ်ရာထ ၁၁နာရီ၊ ညအိပ်ရာဝင် သန်းခေါင်ကျော်၊ တစ်ခါတလေ လင်းအားကြီး ၃နာရီ၊ အဲဒီလို အကျင့် ဖြစ်လာတယ်။ တစ်နေ့ အစာနှစ်ခါ စားတယ်။ မွန်းလွဲတစ်ကြိမ်၊ ည ၉နာရီက ၁၁နာရီတွင်း တစ်ကြိမ်၊ တစ်ခါတလေ ၁၁နာရီကျော်မှ စားဖြစ်တယ်။ ညနေ ၄နာရီက ၅နာရီ-၆နာရီအထိ ခဏအိပ်လိုက်သေးတယ်။ အဲဒီလို အိပ်ချိန် စားချိန်ကလွဲရင် အစေခံတွေ (နန်းရိုးအမျိုးထဲက လက်သုံးတော်အဖြစ် ခေါ်ထားတဲ့လူတွေ အပါအဝင်)ကို ကြိမ်ဒဏ်ပေး၊ ဆိုဆဲဟန်မဲလုပ်၊ ဗေဒင်ကြည့်၊ တွေ့ရသမျှ ရောဂါအမျိုးမျိုးအတွက် ဆေးထိုး၊ ပြီးတော့ အတွေးနဲ့ကြောက်။

အဲဒါတွေဟာ တစ်ခုနဲ့တစ်ခု ဆက်သွယ်နေပါတယ်။ ဂျပန် လန်တော့မယ်လို့ သိရတဲ့အချိန်ကစပြီး နောင်အခါ သူတို့အကြောင်းတွေ ဖော်မှာစိုးလို့ ငါ့ကို သူတို့ မပြေးခင် သတ်သွားလိမ့်မယ်လို့ပဲ စိတ်ထဲမှာ စွဲနေတယ်။ ဒီတော့ သူတို့ရှေ့မှာ အမြီးနန့်နန့်ခါပြီး မျက်နှာချိုသွေး၊ ချော့၊ မကျေနပ်တာတွေစုပြီး နန်းတွင်းသားကို ညှဥ်း၊ ဒေါသက တစ်နေ့ရာလှည့်တာကိုး၊ တစ်ခါထက်တစ်ခါ သိပ်ပြီး စိတ်တိုလာတယ်။ အယူသီးတဲ့စိတ်တွေလည်း အဆမတန်ဖြစ်လာလို့ အသားမစားဘဲနေတယ်။ ဂါထာတွေရွတ်တယ်။ နတ်ကိုးတယ်။ နတ်သိကြားနဲ့ ဗုဒ္ဓမြတ်စွာဘုရားကယ်မပါလို့ အမြဲဆုတောင်းနေမိတယ်။ ကျန်းမာရေးက နဂို မကောင်းရတဲ့အထဲ ပိုပြီးချွတ်ယွင်းလာတယ်။ ဒီတော့ ဆေးတစ်မျိုးပြီး တစ်မျိုး ကောင်းဆိုသမျှ ဖော်စား၊ ဆရာဝန်ခေါ်ဆေးနဲ့ မအားမလပ် ဖြစ်လာတယ်။

မသက်သာစိတ်နဲ့ ရက်စက်တဲ့စိတ်ကတော့ ဟိုလူဝင်ခက်နန်းမြို့မှာ နေခဲ့တုန်းကပဲ ရခဲ့တယ်ဆိုပါတော့။ တီအင်ကျင်ရောက်တော့ ပိုလာသေးတယ်။ အစေခံတွေလိုက်နာဖို့ နန်းတွင်းအမိန့်ထုတ်ထားတာက-

၁။ အတွင်းကျိတ် အကောက်ဉာဏ်မဖြစ်ရအောင် တာဝန်မဲ့ စကားပြောမနေရ။

၂။ သူများအပြစ်ကိုမြင်ရင် ဖုံးမထားရ။ အကာအကွယ်လုပ်မပေးရ။

၃။ အမြတ်ထုတ် ကိုယ်ကျိုးရှာမလုပ်ရ။

၄။ လုပ်ဖော်ကိုင်ဖက်မှားတာတွေ့ရင် ချက်ချင်းလာတိုင်

၅။ လူငယ်မှားတာ လူကြီးကတွေ့ရင် ချက်ချင်း၊ ရိုက်ဆုံးမ

ဒီစည်းကမ်းတွေကို လိုက်နာတဲ့ နေရာမှာ ပေါ့ပေါ့ဆဆနိုင်ရင် ထိုက်သင့်တဲ့ ဒဏ်ထက် တစ်ထစ်တက်ပြီး ဒဏ်ပေးတာကို ခံရမယ်။

အရှေ့မြောက်ကို ရောက်လာပြန်တော့ နန်းတွင်းသား အကုန်ကို ကျွန်တော်ဟာ ဒီစည်းကမ်းတွေကို ချိုးဖောက်ရင် ကောင်းကင်ဘုံက အပြစ်ပေးတာကို ခံရပါစေသား။ မိုးကြိုးလောင်မီးသင့်ပြီး သေပါစေသားလို့ အကျိန်ခိုင်းခဲ့တယ်။

ကျွန်တော်လည်း ပိုပြီး ရက်စက်လာတယ်။ တစ်ယောက်ယောက်ကို အကြောင်းတစ်ခုခုနဲ့ အမြဲရိုက်ခိုင်းနေတာပဲ။ ပစ္စည်းကိရိယာနဲ့ ထိုးဆွဖိကြိတ်ပြီး နှိပ်စက်တဲ့ နည်းတွေတောင် သုံးခိုင်းတယ်။

အရိုက်မခံရဖူးတာ မယားငယ်၊ ညီနဲ့ညီမတွေပဲရှိတယ်။ ဟိုရက်က နန်းတော်ထဲမှာ ပညာသင်လာနေတဲ့ လူတွေရှိတယ်။ သူတို့က ကျွန်တော့်အသုံးတော်ခံတွေဖြစ်ပါတယ်။ ဒီကောင်လေးတွေကို အမျိုး လူယုံအဖြစ်နဲ့ တစ်သက်လုံး သုံးသွားမယ် ရည်ရွယ်တယ်။ ဒီလိုဆိုလို့ သူတို့ အဆိုအဆဲ အရိုက်အနှက်က လွတ်မယ်မထင်ပါနဲ့။ ဒီကောင် အောက်ထပ်ခေါ်သွားဆိုတဲ့ ကျွန်တော့်အမိန့်သံကို သူတို့အားလုံး ကြောက်ကြတယ်။ အောက်ထပ်ကျရင် အရိုက်ခံရမယ်လို့ သိလို့ပါဘဲ။

ဒီ အပြုအမူအားလုံးဟာ ကျွန်တော် ဘယ်လောက်ရက်စက်တယ်။ ရူးတယ်၊ ကြမ်းတမ်းတယ်၊ စိတ်မတည်ငြိမ်တယ်ဆိုတာတွေကို ပြနေပါတယ်။

ကျနိုင်ကျုန့်ရောက်မှ ကျွန်တော့်မှာ လိပ်ခေါင်းရောဂါ တိုးလာသေးတယ်။ တူကလေးတစ်ယောက် ကျွန်တော်သုံးတဲ့ ဆေးတောင့်ကိုကြည့်ပြီး သေနတ်ကျည်ဆန်နဲ့ တူလိုက်တာလို့ ပြောတယ်။ ကျွန်တော့်အယူသီးတဲ့အစွဲက သူ ဒီလိုပြောတာက ကျွန်တော်ဟာ သေနတ်နဲ့ ပစ်အသတ်ခံရမယ်လို့ ပြောလိုက်သလို စိတ်ထဲမှာ ဖြစ်မိတယ်။ နောက် တူတစ်ယောက်က သူ့ကို ကြိမ်နဲ့ ဆုံးမလိုက်ပါတယ်။

လက်ပါးစေကျွန်ကလေးတွေက သာပြီး ဒဏ်ခံကြရသေးတယ်။ ကျန်ကျုန့်မိဘမဲ့ကလေး စောင့်ထိန်းရေးဌာနက ကောင်လေးတစ်ဒါဇင်လောက် ခေါ်ထားလေ့ရှိတယ်။ သူတို့မိဘတွေက ဂျပန်နှိပ်စက်လို့ သေကြတာပေါ့။ ကလေးစားချေချင်စိတ်တွေ ခါးခါးတူးတူးနဲ့ ကြီးပြင်းလာမှာစိုးလို့ ဂျပန်က ရုပ်သေးအစိုးရကို ဌာနတစ်ခုဖွင့်ခိုင်းပြီး မွေးကျွေးထားစေတယ်။ လက်တွေ့က နာမည်ပြောင်းပေးပြီး အလုပ်ဖိခိုင်းတယ်။ အစားဆင်းရဲ အနေဆင်းရဲ အလုပ်ပင်ပန်းပြီး အားပြတ်သေကြတာပါပဲ။ အဲဒီအထဲက တချို့ကို နန်းတော်က ခိုင်းဖို့ခေါ်တယ်ဆိုတော့ အစားကောင်း အနေကောင်းနဲ့သက်သာမယ်လို့ ပျော်သွားကြတယ်။ ကျွန်တော့်ဆီမှာ ပိုဆိုးတာကို ရောက်မှ သိကြပါတယ်။ **ကပ်လျှန်** စားစရာ အညံ့အဖျင်းဆုံးကိုပဲ ကျွေးထားပြီး အဝတ်စုတ်ပဲ ဝတ်နေစေတယ်။

တစ်နေ့ကို နာရီတစ်ဆယ့်ငါးနာရီကျော် အလုပ်လုပ်ရတယ်။ တာဝန်တစ်ခုခု ရှာကြံပြီး တစ်ခါတရံ တစ်ညလုံး ထိုင်ခိုင်းထားတယ်။ ဆောင်းအခါမှာ ပင်ပန်းလွန်းလို့ အပူပေးစက်(ရေဒီရေတာ)ပေါ်မှာ မှီပြီး အိပ်ပျော်သွားလို့ မီးလောင်ဖုတွေလို ဖြစ်လာတာနီးမှ သိတယ်။ အလုပ်လုပ်ရင်း အိပ်ပျော်သွားလို့၊ တံမြက်စည်း စင်အောင်မလှည်းလို့။ စကားကျယ်ကျယ်ပြောလို့၊ မပြစ်တစ်ခု မဟုတ် တစ်ခုကြောင့်·အရိုက်ခံကြရတယ်။ ကျွန်တော့် အသုံးတော်ခံတွေ စိတ်ဆိုးနေရင်လည်း သူတို့ကကြားထဲက အလကားအကန်အကြောက်ခံရပြန်တယ်။ တစ်ကောင်တည်း အခန်းလှောင်ခံရတယ်။ သူတို့ဘဝဟာ ဘယ်လောက်ဆိုးသလဲဆိုရင် အသက်တစ်ဆယ့်ရှစ်နှစ်သားဟာ ဆယ်နှစ်သားလောက်ပဲ သေးညှက်နေတာတွေ့ရတယ်။

လက်ပါးစေ စုန်ယောယွန်ဟာ ကျွန်တော့်လက်ထဲမှာ အနှိပ်စက်ခံရလို့ သေသွားဖူးတယ်။ နန်းတော်ထဲမှာ နေရတာဆိုးလွန်းလို့ တစ်နေ့ သူထွက်ပြေးပါတယ်။ ဖမ်းမိလာတော့ မတန်မဆ အရိုက်ခံရတယ်။ နောက်တစ်ကြိမ် အပူပေး ပိုက်လိုင်းထဲ တွားဝင်ပြီး နန်းပြင်ကို ထွက်ပေါက်ရှာတယ်။ နှစ်ရက်အကြာ ရေငတ်လွန်းလို့ အပြင်ထွက် အသောက်မှာ ဖမ်းမိပြန်တယ်။ ကျွန်တော်သိတော့ စားစရာ နည်းနည်းကျွေးပြီးတော့ သင်ခန်းစာပေးလို့ ခိုင်းလိုက်တယ်။ "သင်ခန်းစာ" လွန်သွားပါတယ်။ ရိုက်နေရင်း အသက်ပျောက်လို့ ကျွန်တော်သိပ်ကြောက်သွားတယ်။ ဘီလူးသဘက်ဖြစ်ပြီး ကျွန်တော့်ကို ကလဲ့စားခြေရအောင် လာမယ်ပဲ ထင်နေမိလို့ပါ။

ဘုရားစင်ရှေ့မှာထိုင်ပြီး တရားစာရွတ်၊ ဘုရားကို ရှိခိုးဦးတိုက်ပြီး ဆုတောင်း၊ သူ့ ဝိညာဉ်လည်း လွတ်ကျွတ်ပါစေလို့ ပါရသေးတယ်။ သူ့ကို ရိုက်သတ်တဲ့လူတွေကိုလည်း ကိုယ့်လက်ဖဝါးကို ကိုယ့်ဘာသာ ဝါးခြမ်းပြားနဲ့ နေ့တိုင်း ခြောက်လတိတိ ရိုက်စေလို့ အမိန့်ထုတ်တယ်။ ဒီလို လုပ်တာနဲ့ သေအောင်ရိုက်မိတဲ့အပြစ်က ကျွန်တော်လွတ်မယ် ထင်ခဲ့မိပါတယ်။ ကျွန်တော် စိတ်ချောက်ချားတဲ့ ရောဂါတက်လေ အစေခံတွေအပေါ်မှာ ရက်စက်လေပါဘဲ။

စားဖိုက ငွေအပိုမကုန်အောင်ဆိုပြီး နေ့စဉ် ဈေးဝယ်တာကိုလည်း အင်မတန် စေ့စေ့စပ်စပ်စစ်ဆေးတယ်၊ ဈေးဝယ်သွားတဲ့ လူနောက်က ချောင်းအလိုက်ခိုင်းပြီး ဝယ်ဈေးတွေ မှတ်ခိုင်းတယ်။ ညီမတွေကလည်း ဈေးမှန်မှန်ကူပြီး စစ်ဆေးပေးရတယ်။ စားတော်ကဲကိုလည်း ဟင်းမကြိုက်ရင် ဒဏ်ငွေရိုက်တယ်။ ညစ်ပတ်တယ်ထင်ရင်လည်း ဒဏ်ငွေရိုက်တယ်။ ဟင်းကောင်းလို့ ခေါ်ဆုချတာလည်း တစ်ခါတလေရှိပါတယ်။ အပြင်မှာ တန်ခိုးသတ္တိမရှိလေ၊ အိမ်တွင်း မင်းမူလေပေါ့။

ဂျပန်ပျက်စီးတော့မယ်ဆိုတာ တစ်နေ့ထက် တစ်နေ့ ထင်ရှားလာပြီးမဟာမိတ် ရေဒီယိုသတင်းနဲ့ ယောရှိဩက မှိုင်းတွေချပုံဟာ ကိုက်ညီနေတယ်။ ကျွန်တော်လည်း စိတ်ပိုချောက်ချားပြီး အရင်ကထက်ပိုပြီး စိတ်တွေတိုလာတယ်။ နန်းတွင်းသားတွေကို ပိုနှိပ်စက်တယ်။ ကျွန်တော်တို့ နန်းရိုးအမျိုးထဲက ၁၉၄၄ခုနှစ်မှာ အလည်လာတဲ့

အဘိုးကြီးတောင် မလွတ်ဘူး။

ကျွန်တော့်မွေးနေ့မှာ စကိတ်ပြိုင်ပွဲတစ်ခု လုပ်ခိုင်းတယ်။ ဂျပန်အရာရှိ တချို့ကို အဘိုးကြီးက ကျွန်တော့်ရှေ့မှာထပြီး ပျူပျူငှါငှါ နှုတ်ဆက်ပြီး နေရာထိုင်ခင်းပေးတယ်။ ပွဲပြီးတော့ ဒါကို တူတော်မောင်တစ်ယောက်က ထမင်းစားပွဲလုပ်နေတုန်း ကျွန်တော့်ကိုလာပြီး သတိပေးစကားပြောတယ်။ နန်းတော်ထဲမှာကျွန်တော် ရှိနေတုန်း ကျွန်တော့်ရှေ့မှာ ဘယ်သူကိုမှ လေးစားရိုသေတာကို အထင်အရှားမပြရဘူးလို့ အမိန့်ရှိတယ်။ ဒါကြောင့် တူတော်မောင်ကလည်း ဒီကိစ္စဟာ သူအသာကြည့်မနေဘဲ ကျွန်တော့်ကို တိုင်ရမယ်လို့ ယူဆတယ်။ ကျွန်တော်က စိတ်ကြည်လင်နေခိုက် ကျူးလွန်သူကလည်း အမျိုးအဘိုးကြီးဆိုတော့ ဘာမှမပြောဘူး။ ဒါပေမယ့် အဘိုးကြီးက တူတော်မောင်ကို မင်းဘာသွားလျှောက်သလဲလို့ စပ်စုတယ်။ ဒါကို "ဒုတိယမ္ပိ ကျူးလွန်ခြင်း"လို့ ကျွန်တော်ယူဆပြီး သည်းမခံနိုင်အောင် စိတ်ဆိုးသွားပါတယ်။ ခုံကိုထုပြီး အဘိုးကြီးကို အော်ငေါက်လိုက်တော့ သူလည်း မျက်နှာသွေးတစ်စက်မှမရှိအောင် ကြောက်ပြီး ကြမ်းမှာဝပ်ပြီး ဦးတိုက်လို့ပဲ နေပါတော့တယ်။ ဒါလောက်နဲ့ မရပ်သေးပါ။ ကျွန်တော်နေရာက ထသွားပြီး သူ့ကို ကေရာဇ်ကို စော်ကားတယ်။ ရှေးကေရာဇ်ဘိုးဘေးတွေပါ စော်ကားပြီး မလေးမစားလုပ်တယ်လို့ စွပ်စွဲပြီး ကြိမ်းမောင်းတယ်။ အားလုံး ငြိမ်ပြီးကြည့်နေတယ်။ ဂျပန်ဟာ ယုတ်မာပေမယ့် ပရိသတ်ရှေ့မှာ ကျွန်တော့်ကို ဘယ်တော့မှ မလေးမစားမလုပ်ဘူး။ ဒီအဘိုးကြီးဟာ ဂျပန်ထက် ယုတ်မာတယ်လို့ အထင်ရောက်ခဲ့တယ်။

ကျန်ုင်ကျုန်မှာ နေရစဉ်က အယူသီးတဲ့ အစွဲအလမ်းတွေပေးမယ့် စာအုပ်မျိုးစုံဖတ်ပြီး ကျွန်တော်ဟာ အလွန်အမင်း အယူသီးလာပါတယ်။ ဘ၀သံသရာလည်ပုံကိုဖတ်ပြီး အသားစားမိတဲ့အခါတိုင်း အရင်က ငါ့အဘိုးအဘွားက ၀က်ဖြစ်လာတဲ့အကောင်ရဲ့အသားကို ငါ အခုစားမိနေမှာပဲလားလို့ တွေးပြီး လန့်တယ်။ ဒီတော့ ညမနက် ဘုရားရှိခိုး၊ ဂါထာတွေ၊ သုတ်တွေရွတ်တာအပြင် တစ်နေ့ငါ ဟင်းချက်စားတဲ့ တိရစ္ဆာန်တွေ ကောင်းရာသုဂတိရောက်ပါစေလို့ တသီးတသန့် ဆုတောင်းရသေးတယ်။ မစားခင်လည်း ဆုတောင်းပြန်တယ်။ အစကတော့ တစ်ယောက်တည်း မစားခင် တိုးတိုးဆုတောင်းတယ်။ နောက်တော့ ဆုတောင်းနေတုန်း ထမင်းစားခန်းထဲကလူတိုင်း ထွက်ပေးရတယ်။ ပြန်ခေါ်မှ ၀င်လာကြရတယ်။ ဖုံးခိုကျင်းထဲ၀င်ပုန်းနေရတုန်း ကြက်ဥတစ်လုံး ဖောက်သောက်မယ် အလုပ်မှာ စိတ်မလုံတာနဲ့ အဲဒီကြက်ဥကို ဦးသုံးကြိမ်ချပြီးမှ သောက်ဖြစ်ပါတယ်။ နောက်တော့ အသားလွတ်ဟင်းရွက်တွေဘဲ စားပါတော့တယ်။

နန်းတွင်းသားတွေ ယင်ကောင်မသတ်ရ။ ယပ်နဲ့ခတ်ပစ်ရမယ်လို့ အမိန့်ထားတယ်။ ယင်ကောင်ကတစ်ဆင့် ရောဂါရမှာစိုးလို့ ယင်နားတဲ့အစာမစားပါ။ နှုတ်ခမ်းမှာ ယင်လာနားရင် ကျွန်တော့်မှာအမြဲဆောင်ထားတဲ့ အရက်ပြန်ကို ဂွမ်းနဲ့ယူပြီး ယင်နား

နေတဲ့နေရာကို ပွတ်တိုက်ပစ်ရပါတယ်။

စားစရာထဲမှာ ယင်ကောင်ပါလာရင် စားတော်ကဲ ဒဏ်ငွေဆောင်ရတယ်။ ဒါပေမယ့် ယင်ကောင်တော့ ဘယ်သူမှ သတ်ခွင့်မရှိပါ။ ကြောင်ကကြွက်ကို ချောင်းနေရင် ကြွက်ချမ်းသာအောင် တစ်နန်းဆောင်လုံး အုန်းအုန်းသဲသဲ ကြောင်ကိုလိုက်မောင်းရပါတယ်။

ဗုဒ္ဓကျမ်းတွေသိပ်ဖတ်ပြီး ငရဲကျမှာ အများကြီး စိုးရိမ်လာပြန်တယ်။ တချို့ကျမ်းက မမှန်စကားတွေ ချဲ့ထွင်ရေးထားတာ။ ဒါပေမယ့်လည်း ကျွန်တော်ယုံတာပဲ။ ကျမ်းတစ်စောင်မှာ ဒီသုတ်ကို ဘယ်နှရက်ရွတ်ရင် ဘုရားကိုယ်တော်မြတ်ကြွလာမယ်ဆိုလို့ ပြောတဲ့အတိုင်း ရွတ်တယ်။ ကြွလာရင် ဆွမ်းကပ်မယ်ဆိုပြီး အခန်းလွတ်တစ်ခုရှင်းပြီး ဆွမ်းပွဲပြင်ထားတယ်။ အခန်းကို အလုံပိတ်ပြီး မှောင်ချထားတယ်။ စိတ်ထဲမှာ တကယ်ဘဲ ဘုရားကြွလာတယ်လို့ထင်ပြီး အမှောင်ခန်းထဲကို ဒူးထောက်ဝင်ပြီး ရှိခိုးပူဇော်ပါတယ်။

ကျွန်တော့် နမူနာယူပြီး တစ်နန်းတော်လုံး ပရိတ်တွေဂါထာတွေ ရွတ်ကြဖတ်ကြတယ်။ ကြေးစည်သံတွေ ကုလားတက်တွေ ခေါက်ကြတယ်။ ကြာတော့ နန်းတော်နဲ့မတူ၊ ဘုန်းကြီးကျောင်းနဲ့ တူနေပြီပေါ့။

အရင် ငယ်ငယ်ကလိုပဲ နတ်ကိုးပြီး ဗေဒင်မေးကြည့်တာ သိပ်ဝါသနာပါတယ်။ ကိုယ်ကြိုက်တဲ့ အဖြေမရမချင်း၊ ဖွဲနဲ့ နတ်မေးလေ့ရှိတယ်။ ကွမ်တုန်င်တပ်က ငါ့ကို သတ်သွားတော့မှာပဲလို့ ထင်မိတဲ့နေ့ကစပြီး ယော့ရှိသြက လာသွားပြီးတိုင်း နတ်ဗေဒင်မေးပါတယ်။ ဘာမဆို အတိတ်နမိတ်ယူပြီးမှလုပ်တယ်။ တစ်နေ့တစ်နေ့ ဘယ်အရောင်ကိုဝတ်၊ ဘယ် အစာကိုစား၊ ဒါမှ ကံကောင်းမယ်ဆိုတာကို သိပ်လေးလေးစားစား လိုက်နာတယ်။ ဒီလိုဟာမျိုးမှာ ကျိန်သေနည်းတော့မရှိဘူး။ အညောင်းပြေလမ်းလျှောက်တယ် ဆိုပါတော့။ ရှေ့မှာ အုတ်ခဲတစ်ချပ်မြင်ဟယ်။ စိတ်ထဲမှာ အဲဒီ အုတ်ခဲရဲ့ ဘယ်ဘက်က ဖြတ်သွားမှ ကံကောင်းမယ်ထင်ရင် သတိဝိရိယကြီးကြီးနဲ့ ဘယ်ဘက်ကဝေ့ပြီး လျှောက်မိပါတယ်။ အခန်းတစ်ခန်းထဲဝင်မယ်ကြရင် အဲဒီအထဲကို ညာဘက်ခြေအရင်ချမှ ကံကောင်းမလားဆိုတာမျိုး၊ အစားစားရင် အနီရောင်၊ အဖြူရောင်၊ အစိမ်းရောင်စားစရာတွေထဲက အစိမ်းရောင်ကနေပြီး စစားမှ ကံကောင်းမယ်ထင်တာမျိုးတွေ စိတ်မှာ အမြဲဖြစ်နေတယ်။ မယားဝန်ရှန်လည်း ကျွန်တော့်ကို မီအောင်လိုက်ပြီး ပေါကြောင်ကြောင်အလုပ်တွေ လုပ်ပါတယ်။ စကားပြောရင်းက မကောင်းတဲ့ ဘေးဒဏ်လွတ်ဟဲ့။ ဖွ၊ ဖက်ဆိုပြီးက တံတွေးထွေးတတ်တယ်။ အဲဒါ ခဏခဏလုပ်လွန်းတော့ ဓာတ်မသိရင် အရူးမလို့ဘဲ ထင်ရလောက်အောင် တံတွေးထွေးနေပါတော့တယ်။ တူတော်တွေက အသက်နှစ်ဆယ်လောက်ပဲ ရှိကြဦးမယ်။ ဒါပေမယ့် ဝါနှစ်ဆယ်ရ မထေရ်ကြီးတွေလိုဘဲ ကမ္မဋ္ဌာန်းထိုင်ကြတယ်။ တချို့က မယားရပြီးစတောင် ညပါ တရားဆက်ထိုင်လို့ အိမ်ပြန်မအိပ်ဘူးတဲ့။ တချို့ကလည်း

အရိုးစုအရုပ်ကို အိပ်ရာအထက်မှာချိတ်ဆွဲပြီး မရဏာနုဿတိလုပ်တယ်။ တချို့ကလည်း ပါးစပ်ကတရွရွရွတ်နေလို့ အခုပဲ သရဲနဲ့တွေ့ခဲ့ရလို့လားလို့ ထင်ရမယ်။

ကျွန်တော်လည်း နေ့တိုင်း "ကမ္မဋ္ဌာန်း" ထိုင်တယ်။ အဲဒီလို အချိန်မှာ ဘာသံမှ မကြားရအောင် နေကြရတယ်။ အသက်တောင် ပြင်းပြင်းရှူခွင့် မပြုဘူး။ ဉယျာဉ်ထဲမှာ ကြိုးကြာတစ်ကောင် မွေးထားတာရှိလို့ ဒီကောင်က ခဏခဏမြူးပြီး တွန်တတ်တယ်။ အဲဒါ မတွန်အောင် လက်ပါးစေကလေးတစ်ယောက်ကို တာဝန်ပေးထားတယ်။ သူကလည်း နောက်တော့ နည်းသိသွားလို့ ကြိုးကြာတွန်ခါနီး လည်ဆန့်ရင် အပေါ်က ဖိရိုက်ချလိုက်တယ်။ မတွန်တော့ဘူး။

သေမှာစိုးရိမ်တဲ့လူတိုင်း ဖြစ်သလိုပဲ။ ကျွန်တော်ဖျားမှာ နာမှာကို လည်း အင်မတန် စိုးတယ်။ ဘာမဆို ကောင်းရင် သောက်တယ်ဆိုတဲ့ ဆေးရူးဖြစ်နေပါပြီ။ နန်းတွင်းသူအားလုံးကိုလည်း စိတ်ညစ်စရာကောင်းလောက်အောင် မေးစမ်းပြီး ဆေးတိုက်တယ်။ တရုတ်ဆေးအကျော်အမော်တွေလည်း စုထားပြီးရှိတယ်။ အနောက်နိုင်ငံနည်းနဲ့ ဆေးပေးခန်းလည်းရှိတယ်။ မသုံးပေမယ့် ကျော်ကြားရင် ပြည်တွင်းပြည်ပ ဆေးမှာပြီး သိမ်းထားတယ်။ စရိတ်ဒေါ်လာ ထောင်သောင်းမက ကုန်ကျပါတယ်။ ဇာတော်တွေဟာ စာပေမလေ့လာတဲ့အချိန်မှာ ဆေးတွေကို သိမ်းရတယ်။ ကျွန်တော့် ကိုယ်ပိုင်ဆရာဝန်ကလည်း ကျွန်တော်ကို တစ်နေ့တစ်နေ့ အကြိမ်ကြိမ် ဆေးထိုးပေးနေရတယ်။

လူဝင်ခက်နန်းမြို့မှာ နေတုန်းက ကျွန်တော်ဟာ နေမကောင်းဟန် ခဏခဏ ဆောင်ဖူးတယ်။ အခု တကယ်နေမကောင်းပါ။ တစ်ခါက ဂျပန်ဆောက်ပြီးစ ရေအားနဲ့လျှပ်စစ်အားပေးစက်ရုံတစ်ခုရှိလို့ အန်တုန်ကို"ထွက်တော်မူကြီး" ထွက်ရပါတယ်။ စစ်သေနာပတိဝတ်စုံနဲ့ဆိုတော့ ဂျပန်တွေရှေ့မှာ တောင့်တောင့်ကြီး ထိုင်နေရတာကြောင့် နည်းနည်းလှည့်ကြည့်ဖို့ လျှောက်တဲ့အခါ ချက်ချင်း အသက်ရှူကျပ်လာပါတယ်။ အပြန်လမ်းမှာ သတိလစ်သလိုတောင် ဖြစ်တယ်။ လူမောစိတ်မော အခါမို့ သချိုင်းနှုတ်ခမ်းရောက်နေပြီလို့ပဲ ထင်နေပါတယ်။

တစ်နေ့တော့ နန်းတော်နံရံတစ်ခုမှာ "ဂျပန်ဒါလောက်နှိမ်တာတောင် ရှက်ရမှန်း ခုထိမသိသေးဘူးလား"လို့ မြေဖြူနဲ့ စာတန်းရေးထားတာ တွေ့ပါတယ်။ တင်းနစ်ရိုက်မလို့ ကျွန်တော်ထွက်လာတာကို တစ်ခါထဲ မေ့သွားပြီး စာတန်းကို ချက်ခြင်းဖျက်ခိုင်းပြီး ရင်တခုန်ခုန်နဲ့ အိပ်ခန်းကို ပြန်ခဲ့ရပါတယ်။ ငါ့အသက် သေတော့မယ်။ ဂျပန်သာ ဒါကို မြင်သွားရင်၊ ဒါမှမဟုတ် တစ်ဆင့်စကားနဲ့ သိသွားရင် ငါတို့တစ်တွေ အကုန်ဒုက္ခပဲဆိုတဲ့ အတွေးက ခြောက်လာတယ်။ တစ်နန်းတော်လုံး အသေးစိတ်စစ်ဆေးတယ်။ ဒီနန်းတော်ထဲမှာတောင် "ဂျပန်ဆန့်ကျင်ရေး မန်ကျူကောဆန့်ကျင်ရေး"တွေ ရောက်နေမလားဆိုတာကိုလည်း လန့်တယ်။ နံရံမှာတောင် စာတန်းရေးဝံ့ရင် မကြာခင် ဒီလူဟာ ငါ့လာသတ်မှာလို့လည်း ထင်တာပေါ့။

တစ်နေ့လုံးလန့်ပြီး ကယောင်ကတမ်းဖြစ်နေတော့ အိမ်ထောင်ရေး သာသာယာယာကော ဘယ်ရှိမလဲ။ ကျွန်တော် အစုစု မယားလေးယောက်ယူဖူးတယ်။ ထုံးနည်းကျကျခေါ်ရင်တော့ ကေရီတစ်၊ မိဖုရားတစ်၊ ကိုယ်လုပ်တော်နှစ်ပေါ့။ တစ်ကယ်က မယားစစ်တွေမဟုတ်ပါဘူး။ အဆောင်အယောင်လိုလို့ ခေါ်ထားတဲ့ သဘောပါပဲ။ သူတို့ကို နည်းနည်းညာညာတာတာဆက်ဆံတယ်ဆိုပေမယ့် အနှိပ်စက်ခံရတာကတော့ မလွတ်ကြပါဘူး။

ဘယ်လိုမှ ဂရုမစိုက်ဘဲ ပေယျာလကန်ထားခဲ့တာ ကြာပြီမို့ ဝန်ရုန်ရဲ့ အတွေ့အကြုံကို ခုခေတ် တရုတ်မဆိုရင် ခံမှာမဟုတ်ဘူး။ မွေးကတည်းက ဘဝကံပိုင်းဖြတ်ပြီးပဲလို့သာ မဖြေရင် ကျွန်တော့်ကိုယူရတာ ဘဝတုံးတယ်လို့ ယူဆမှာပါဘဲ။ တိအင်ကျင်မှာ ဝင်ယှိုက ကျွန်တော်နဲ့ ကွာရှင်းပြတ်စဲသွားသလို သူပါ အဲဒီတုန်းက ကွာရှင်းချင်တယ်ဆိုရင် သူအဖို့ ကောင်းသွားမှာလို့ ကျွန်တော် ခဏခဏ တွေးမိပါတယ်။ ဒါပေမယ့် ဝင်ယှိုနဲ့ သူက မတူတာရှိတယ်။ ဝင်ယှိုဟာ အဆင့်အတန်းမြင့်တဲ့ ပဒေသရာဇ် အဆောင်အယောင်ထက် သာမန်အရပ်သူရဲ့ ဘဝဟာ သာယာတယ်လို့ နားလည်မြင်တယ် ဆိုရမယ်။ ဝန်ရုန်ကတော့ ငါ "ကေရီ"ဆိုတာမှာ သာယာပြီး နာမည်ခံမယားဘဝကို စိတ်မညစ်ဘူးဖြစ်မယ်။

ဝင်ယှိုကို မနေချင်အောင်ဝိုင်းပြီး ဖန်တီးကြတဲ့အထဲမှာ ဝန်ရုန်ပါတယ်ဆိုပြီး ကျွန်တော့်စိတ်ထဲမှာ ရွံတာနဲ့ သူ့ကို အရေးတယူလုပ်ပြီး စကားမပြောမိသလောက်ဖြစ်သွားတယ်။ သူကလည်း သူ့ခံစားချက်တွေ၊ သူ့ဝေဒနာတွေ၊ သူ့မျှော်လင့်ချက်တွေ ဘာဆို ဘာမှ လာမပြောဘူး။ ကျွန်တော်သိရသလောက်က သူ ဘိန်းစွဲနေတယ်။ ဒါကိုလည်း ကျွန်တော်မကြိုက်ဘူးဆိုတာ သူနားလည်တယ်။ ဂျပန်လက်နက်အချမှာ လူချင်းကွဲသွားပြီးတော့ ဘိန်းလွန်ပြီး သိပ်အားအင်ကုန်ခန်းသွားလို့ ကိရန်မှာနောက်တစ်နှစ် သေသွားတယ်လို့ နောက်ဆုံးသိလိုက်ရပါတယ်။

တန်ယုလိင်ဆိုတဲ့ ကလေးမလေးတစ်ယောက်ကို ၁၉၃၇ခုနှစ်မှာ ကျွန်တော် ယူပြန်တယ်။ ဝန်ရုန်အစား နှိပ်စက်ဖို့ ရွေးကောက်လိုက်ပါတယ်။ တကယ်တော့ ဒုတိယမယားဆိုတာ နန်းတော်မှာရှိအပ်တဲ့ ပစ္စည်းတစ်ခုလိုဘဲ သဘောထားလို့ ယူတာပါ။ သူ့ကို ကိုယ်လုပ်အဆင့်ဘဲ ထားတယ်။ သူ့ကို ပီကင်းက နန်းရိုးအမျိုးတွေက ရွေးပေးပါတယ်။ ရှေးက မန်ကျူအမျိုးသမီးထဲကပေါ့။ ကျွန်တော်နဲ့ လက်ထပ်တဲ့အချိန်မှာ အသက်တစ်ဆယ့်ခြောက်နှစ်ကျောင်းသူကလေးပါ။ သူလည်း မယားနာမည်ခံပါဘဲ။ သူ့ကို လှောင်အိမ်နဲ့ အလှမွေးငှက်လိုပဲ သူသေတဲ့ ၁၉၄၂ ခု အထိ မွေးထားခဲ့တယ်ဆိုပါတော့။ သူဘာပြုလို့ ဖြုန်းခနဲ သေသွားတယ်လို့ ကျွန်တော် ကောင်းကောင်း မရှင်းပါ။ ပထမ တိုက်ဖွိုက်ဖြစ်တယ်။ တရုတ်ဆရာဝန်က သေလောက်တယ်လို့ မယူဆဘူး။ ယောရှိဩကလာပြီး သူကိုယ်တိုင်ပြုစုမယ်ပြောပြီး ဂျပန်ဆရာဝန် တစ်ယောက် ခေါ်လာတယ်။ နောက်တစ်နေ့ သူတို့လက်ထဲမှာပဲ သေတယ်။

ဂျပန်ဆရာဝန်ဟာ ရောက်စက အင်မတန်ဂရုစိုက်ပြီး ပြုစုတာကို အထင်အရှားတွေ့ရတယ်။ ယောရှိုဩကနဲ့ တစ်ဖက်ခန်းသွားပြီး အကြာကြီး စကားပြောပြီးတဲ့နောက်မှာ စောစောကလို ဆေးထိုးတာတို့၊ ဆေးသွင်းတာတို့ မတွေ့ရတော့ဘူး။ ယောရှိုဩက ခိုင်းထားလို့ဆိုပြီး လူနာခန်းထဲက သူနာပြုဆရာမတွေကို ဂျပန်ရဲ့က တစ်ညလုံး ခဏခဏ သတင်းမေးနေတယ်။ နောက်ကျ တန်ယူလိုင်သေတာပဲ။

ကျွန်တော် တန်ယူလိုင်သေပြီလို့ သိရတဲ့အချိန်မှာ ကွမ်တုန်င်သေနာပတိက ဝမ်းနည်းစကား အပြောလွှတ်လို့ဆိုပြီး ယောရှိုဩက ရောက်လာတယ်။ လွမ်းသူ့ပန်းခွေလည်း ပါလာတယ်။ ဒါလောက်မြန်မြန်ကြီး လွှမ်းဖို့အသင့်ဖြစ်နေတာကို ကျွန်တော် မသင်္ကာဘူး။ ပီကင်းမှာ သူဖတ်ဖူးတဲ့ စာအုပ်တွေက မဟာတံတိုင်းတောင်ဘက်မှာ ဂျပန် ဘယ်လိုကျင့်တယ်ဆိုတာပါလို့ ဂျပန်အကြောင်းသူသိတယ်လို့ တန်ယုလိုင်ပြောဖူးတယ်။ မင်းသားတွေနဲ့ ကျွန်တော်စကားပြောကြပုံကို ဂျပန်သိတယ်။ အခု ဒီကလေးမသေတော့ ကျွန်တော့်အကြောက်ရောဂါ ထပြန်တယ်။

တယ်မကြာဘူး။ ကလေးမသေတာ ကွမ်တုန်င်တပ်လက်ချက်လို့ ထင်စရာပေါ်လာပြန်တယ်။ ယောရှိုဩကလက်ထဲမှာ ကျွန်တော့်အကြိုက်ရွေးယူဖို့ ဂျပန်မဓာတ်ပုံတွေပါလာတယ်။

သေတဲ့အလောင်းမှ မအေးသေးဘူး။ ဒါကို မစဉ်းစားပါရစေနဲ့ဦးလို့ အချိန်ဆွဲရပြန်တယ်။ သူကတော့ ဝမ်းနည်းတဲ့ ကျွန်တော့်ကို အပြေအဖျော် ဖြစ်စေချင်လို့ပါတဲ့။ ဒါမျိုးကို အလျင်စလို မလုပ်ရဘူး။ ပြီးတော့ ကိုယ်ပြောတာကို နားမလည်။ မန်ကျူးကောစကားတတ်တဲ့ဟာပေါ့၊ အားတဲ့။ ကျွန်တော်ကလည်း ခပ်မြန်မြန်လိုက်ပြီး မျိုးရိုးကိစ္စမဟုတ်လုပါဘူး။ အကြိုက်ချင်းတူဖို့ ဓလေ့ချင်းညီဖို့ လိုမယ်လို့ ပြောရပြန်တယ်။ ဒါပေမယ့် ဂျပန်မယားကို မကြိုက်ဘူးလို့ ရှည်ရှည်ဝေးဝေး မပြောရဲဘူး။

နန်းစောင့်စစ်သံဟာ တကယ်ဘဲ ကျွန်တော့်ဘဝ သာယာရေးကို စောင့်ရှောက်ပါတယ်။ ဂျပန်မ ယူရေးကိုပဲ နေ့ရှိသမျှ ပြောနေတော့တယ်။ နောက်ဆုံး ကျွန်တော် တင်းထားပြီလို့ သူ သဘောပေါက်သွားသလား။ ဒါမှမဟုတ် ကွမ်တုန်င်တပ်ကလည်း နည်းပရိယာယ်ပြင်သလား မသိ။ လူရှုန်ဂျပန်ကျောင်းသူ တရုတ်မလေးတွေဓာတ်ပုံ ယူလာပြန်တယ်။ ဒါလေးတွေ ဂျပန်က ဘူးသွင်းပြီး ဂျပန်နဲ့ မခြားပါဘူးလို့ ညီမ (နှစ်)က ပြောပေမယ့် ကွမ်တုန်င်တပ်ကို ကြာကြာငြင်းလို့ မရနိုင်မှန်း သိတာနဲ့ သိပ်ပညာမတတ်သေးတဲ့ ငယ်ငယ်တစ်ယောက်ကို ငါလုညှ့်ရင် ရကောင်းရဲ့ဆိုတဲ့ သဘောနဲ့ ရွေးလိုက်ပါတယ်။

ဒီလိုနဲ့ တစ်ဆယ့်ငါးနှစ်ရွယ် ကျောင်းသူလေးတစ်ယောက် ကိုယ်လုပ်အဖြစ်နဲ့ ဝင်ခံဖို့ စတုတ္ထတစ်ယောက်ပေါ်လာပြန်တယ်။ သူရောက်ပြီး နှစ်နှစ်အကြာ "မန်ကျူကော" ပျက်တာနဲ့ မိဘအိမ်ကို ပြန်သွားပါတယ်။

**အပြုံအပျက်**

စစ်ရာဇဝင်ထောင်အကျဉ်းစခန်းမှာ ကျွန်တော်နေရတုန်းမှာ "မန်ကျူကော" တပ်ရင်းမှူးတစ်ယောက်က ကိုယ်တွေ့တစ်ခု ပြောပြပါတယ်။ ပစ္စိဖိတ်စစ်ဖြစ်တဲ့ ဆောင်းတွင်းက ရုပ်သေးတပ်ကို သူခေါင်းဆောင်ပြီး ကွမ်တုန်င်တပ်က ခိုင်းလို့ ဂျပန်ဆန့်ကျင်ရေး အုပ်စုတစ်ခုကို သွားတိုက်ရတယ်။ ဟိုကျတော့ တောထဲကကျောင်းတစ်ခုထဲမှာ ဒဏ်ရာရပြီး ရန်သူတစ်ယောက်ဘဲ ရှာတွေ့တယ်။ အဝတ်စုတ်စုတ် ပြတ်ပြတ်နဲ့ အကျဉ်းထောင်ထဲမှာ အကြာကြီး ဒုက္ခခံရတဲ့ရုပ်မျိုး ပေါက်နေတယ်။ ဒါနဲ့ သရော်တော်တော် သူကစပြောတယ်။ မင်းကြည့်ရတာ လူ့လောကထဲမှာဘာမှ ဖြစ်စွမ်းအောင် လုပ်နိုင်မယ့်ပုံပန်း မဟုတ်ဘူး။ ဂျပန်ဧကရာဇ် တပ်မတော်ကြီးဟာ အခု ဟောင်ကောင်နဲ့ စင်ကာပူတောင် သိမ်းပြီးပြီလို့ မင်းမကြားဘူးလားလို့ ပြောတော့ သူက ဟက်ဟက်ပက်ပက် ရယ်တယ်။ "မန်ကျူကော" ဗိုလ်ချုပ်က စားပွဲကို ဘုန်းခနဲထုပြီး ဘာရယ်သလဲ။ မင်းကို စစ်ဆေးနေတာ မင်းသိရဲ့လားလို့ ငေါက်တော့ သူကပြန်ပြီး ဘယ်သူက ဘယ်သူ့ကို စစ်သလဲ။ ခင်ဗျားနားလည်ဖို့က ခင်ဗျားလိုလူမျိုးရဲ့ စခန်းလည်းကုန်ပြီ။ တယ်မကြာဘူး၊ ခင်ဗျားကို လူထုခုံးရုံးက စစ်တော့မယ်လို့ ပြန်ပြီး ကြိမ်းသတဲ့။

ဂျပန်တွေရော၊ ရုပ်သေးအရာရှိ သစ္စာဖောက်တွေရော သူတို့ကို ပြည်သူတွေ အင်မတန်ရွံ့မုန်းမုန်း သိကြပါတယ်။ ဒါပေမယ့် ဒီလူတွေဟာ ဘာကြောင့် ဒါလောက်သတ္တိကောင်းပြီး ကိုယ့်ကိုကိုယ် ကိုယ်ယုံပြီး ဒါလောက်ကြီးကျယ်တဲ့ အရှင်သခင်တွေဟာ မကြာခင် ပျက်စီးမယ်လို့ ဘာလို့ အခုလို ကျိန်းသေပေါက် ပြောနေကြသလဲလို့ သူတို့မသိဘူး။ ကျွန်တော်ကိုယ်တိုင်လည်း ဂျပန် ဧကရာဇ်စနစ်ဟာ တုဖက်ကင်းပြီး မလှုပ်ရှားနိုင်ဘူး ထင်ခဲ့ရတာပါပဲ။ ကျွန်တော် နားလည်သလောက် ပြောရရင် မဟာကျိန်နိုင်ငံတော် ဖြစ်ဖြစ်၊ တရုတ်သမ္မတနိုင်ငံဖြစ်ဖြစ်၊ ပေ့ထန်င် စစ်အုရှင်နိုင်ငံဖြစ်ဖြစ်၊ ကော့မင်တန်နိုင်ငံဖြစ်ဖြစ် ဘယ်နိုင်ငံမှ ဂျပန်ကို အံမတုနိုင်ဘူးလို့ထင်တယ်။ သာမန်လူတွေကိုတော့ ထည့်မတွက်မိပါဘူး။

အဖြစ်အပျက်ကလည်း အများက ဘယ်သူအားအကြီးဆုံးလဲလို့ သဲလွန်စ ပေးနေပေမယ့် ကိုယ့်ကိုယ်ကိုယ် အမှောင်ချပြီးနေတဲ့ လူတစ်ယောက်ပါ။ နောက်ဆုံး ယောရှိသြက အလင်းရောင် ဖွင့်ပေးခဲ့တာတောင် သိပ်ပြီး ရှင်းရှင်း မမြင်မိသေးဘူးပဲ ဆိုရမယ်။

တစ်ခါနှစ်စဉ် "ထွက်တော်မူကြီး"ကို ကိုရီးယားတွေပဲရှိတဲ့ • ယဲန်ကျီကို သွားဖို့ ကွမ်တုန်င်တပ်ကို အစီအစဉ်လုပ်တယ်။ ရထားဆိုက်တော့ ဂျပန်ရဲတွေနဲ့ ရုပ်သေးတပ်ခြောက်တပ် ချထားတာကိုတွေ့တော့ ဒါလောက်အများကြီး ဘာလုပ်လိုသလဲလို့ ယောရှိသြကကို မေးမိတယ်။ သူက ခားပြရန်ကြောင့်ပေါ့လို့ ဖြေတယ်။ ခားပြဂိုဏ်းလည်းဆိုသေး၊ ဒါလောက် စစ်သားအင်အား လိုမလားလို့ ထပ်ပြောတော့

ဓားပြက ရှေးဓားပြမျိုးမဟုတ်ဘူး။ ကွန်မြူနစ်တွေလို့ ပြောပြန်တယ်။ အလို မန်ကျူကောမှာ ဘယ်တုန်းက ကွန်မြူနစ်ရှိလို့လဲလို့ တရုတ်နိုင်ငံမှာသာ ရှိတာ မဟုတ်လားလို့ ထပ်တွန့်ပြန်တော့ ဒီမှာလည်းရှိတယ်။ နည်းနည်းပါးပါးရယ်ဆိုပြီး တခြားစကားလွှဲပြောလိုက်တယ်။

နောက်တစ်ကြိမ်ကတော့ ကွမ်တုန်ငစစ်ဦးစီးအရာရှိတစ်ယောက်ဟာ စစ်အခြေအနေကို ထုံးစံအတိုင်း ကျွန်တော့်ဆီမှာလာပြီး အစီရင်ခံတဲ့အခါ အထူးသတင်းဆိုပြီး အောင်ပွဲတစ်ပွဲရပုံကို ပြောပြပါတယ်။ အဲဒီပွဲမှာ ဂျပန်ဆန့်ကျင်ရေးဗိုလ်ချုပ် ယန်နင်ကျိုနင်ယု ကျဆုံးတယ်တဲ့။ ဂျပန်ဗိုလ်က ဒီရန်သူ ဗိုလ်ချုပ်သေတာ "မန်ကျူကောရဲ့အန္တရာယ်ကြီး"တစ်ခု ကင်းရှင်းသွားတာမို့ ဂျပန်ဗိုလ်ဟာ သိပ်ဝမ်းသာပုံရတယ်။ "အန္တရာယ်ကြီး"ဆိုတဲ့ အသုံးစကားကြောင့် သူတို့အင်အား ဒီမှာဘယ်လောက်ရှိနေလို့လဲလို့ မေးမိပါတယ်။ ယောရှိသြက ဖြေပုံအတိုင်း အင်မတန်နည်းပါတယ်တဲ့။

ဂျပန်တပ်တွေဟာ ၁၉၄၂ခုတုန်းက တရုတ်မြောက်ပိုင်းနဲ့ ဗဟိုဒေသမှာ ပိုက်စိတ်တိုက် ချေမှုန်းပွဲ ဆင်ပါတယ်။ **"အသုံးလုံးနည်း"**ဆိုတဲ့ အကုန်ရှို့ အကုန်သတ်၊ အကုန်လုကြတာနဲ့ တချို့အရပ်ဟာ ပြောင်သလင်းဖြစ်ကျန်ရစ်ပါတယ်။ မြောက်ပိုင်းတရုတ်မှာ ဂျပန်တပ်ဟာ ကွန်မြူနစ်တပ်တွေနှိမ်ဖို့ **"သံတံတိုင်းရံ"**ပြီး **"ဘီးစိတ်တိုက်"**တယ်လို့ ယောရှိသြက ပြောဖူးတယ်။ "ဂျပန်ကေရာဇ်တပ်မတော်ကြီးရဲ့ တိုက်ပွဲစဉ်သမိုင်းဟာလည်း အလွန့်အလွန် ပြောင်မြောက်လာပါတယ်" ဒီလိုကြွားလုံးကို ကြွားတော့ ကျွန်တော်က ကွန်မြူနစ်အင်အားနည်းနည်းဆိုပြီး ဂျပန်ကေရာဇ်အရှင်မြတ်က ဒီလောက်တောင် နည်းသစ်နည်းဆန်းတွေ ထွင်ဖို့ လိုသလားလို့ မေးမိတာပေါ့။ ကိုယ်တော်မြတ် စစ်တိုက်ဖူးရင် ဒီလိုပြောမယ် မဟုတ်ဘူးလို့ သူနှိမ်တဲ့လေသံနဲ့ ဖြေပြန်တယ်။ မသိလို့မေးတာပဲ။ ဘာ့ကြောင့် ဒီလောက်အင်အားတွေနည်းသစ်တွေ လိုသလဲလို့ သိချင်တယ်ဆိုတော့ ကွန်မြူနစ်တပ်ကို ကော့မင်တန်တပ်နဲ့ တစ်ခန်းတည်းထားလို့ မဖြစ်ဘူးတဲ့။ စစ်သားနဲ့ သာမန်အရပ်သားနဲ့ ခွဲမရဘူး။ အား၊ ပဲစေ့နဲ့ခဲ ရောနေသလိုပဲ ဟား။ သူ ပြောတာ ရှင်းသွားအောင်ဆိုတဲ့သဘောနဲ့ တရုတ်စကားပုံထဲက **ငါးမျက်စိနဲ့ ပုလဲ** ခွဲမရသလိုပေါ့လို့ ပြောသေးတယ်။ ဂျပန်တပ်တွေက ရှစ်လမ်းတပ်ကို ဖြစ်ဖြစ် **လေးမှတ်တပ်သစ်**[၁]ကိုပဲ ဖြစ်ဖြစ် သွားတိုက်တဲ့အခါ သူတို့ပဲ ပြန်အဝိုင်းခံရတာကို တွေ့တယ်တဲ့။ နောက်တစ်ခု ဆန်းတာက ကွန်မြူနစ်တပ်သားတွေ ဘယ်သွားသွား၊ အရပ်သားတွေဟာ သူ့တို့ကို လန့်တယ်၊ ကြောက်တယ်လို့ မတွေ့ရဘူးတဲ့။ ဒါ့ထက် ဆန်းတာရှိသေးတယ်။ သူတို့တပ်မှာ တစ်နှစ်လောက်စစ်သာဖြစ်ဖူးရင် တပ်က အလစ်ထွက်ပြေးတယ်လို့ မရှိတော့ဘူးတဲ့။ ဒါကြောင့် သူတို့

---

၁။ နှစ်တပ်လုံး ကွန်မြူနစ် ဦးစီးတယ်။

ကပ်တွေဟာ တရုတ်ရာဇဝင်မှာ တစ်ခါမှ မကြုံဘူးတဲ့ တပ်တွေလို့ ဆိုရမယ်တဲ့။ တပ်အင်အားဟာ ကြီးကြီးသာလာတယ်။ နောက်ဆိုရင် ဘယ်လိုမှ နိမ်ရနိုင်မှာ မဟုတ်ဘူးတဲ့။ ခေါင်းခါရင်း သက်ပြင်းချရင်း သူက ကြောက်ဖို့ကောင်းတယ်။ သိပ်ကြောက်ဖို့ကောင်းတယ်လို့ ဆက်ပြောနေပြန်တယ်။ ဂျပန်ကေရာဇ်တပ်မတော်ကြီးရဲ့ အရာရှိကြီးက ရန်သူ "သေးသေးကလေး"ကို ဒီလို မှတ်ချက်ချတာကို မြင်ရတော့ ကျွန်တော်လည်း နေမထိထိုင်မထိ ဖြစ်ပြီး ဘာဆက်ပြောရမှန်းတောင် မသိတော့ပါ။ အရဲစွန့်ပြီး ဒီလိုတော့ မှတ်ချက်ချလိုက်တယ်။ လူသတ်တယ်။ မီးတိုက်တယ်။ ဘုံပစ္စည်း၊ ဘုံမယားဆိုတဲ့ လူတွေကို ကြောက်မယ်ဆိုလည်း ကြောက်စရာပေါ့။

ကျွန်တော့်စကားကို သူက ခပ်ရိုင်းရိုင်းဖြစ်ပြီး ဖျင်းတဲ့လူမှ ဒါတွေကိုယုံတာလို့ ပြောလိုက်တယ်။ တစ်အောင့်လောက်ကြာတော့မှ အပြောင်အပြက်ပြောတဲ့ မျက်နှာမျိုး ပြင်လိုက်ပြီး ဒီစကားတွေ အခိုင်အမာ မယူဆပါနဲ့။ ကွမ်တုန်တပ် စစ်ဦးစီးချုပ်ရဲ့ အစီရင်ခံစာကို အခု နားဆင်တော်မူပါ အရှင်မင်းမြတ်လို့ အဆုံးသတ်လိုက်ပါတယ်။

တဖြည်းဖြည်း ကျွန်တော်သဘောပေါက်လာတာက ယောရှိဩကရဲ့ အခိုင်အမာမဟုတ်တဲ့ စကားက ကွမ်တုန်တပ် သေနာပတိနဲ့ စစ်ဦးစီးချုပ်တွေရဲ့ အခိုင်အမာ ထုတ်ပြန်ကြေငြာချက်တွေထက် အမှန်ကို ပိုပြီး နီးစပ်တယ်။ ကွမ်တုန်တပ်က ၁၉၃၉ ခုမှာ နောမန်ဟန် စစ်ကြောင်းဖွင့်တော့ သေနာပတိ အုအေဒက ကျွန်တော်နဲ့ ရုပ်သေးအရာရှိကြီးတွေကို ဖိတ်ကြားပြီး ဂျပန်လေယာဉ်ဟာ ဆိုဗီယက်လေယာဉ်ထက် အစစ ပိုပြီးစွမ်းကြောင်း သရုပ်ဖော်ပွဲကို ကြည့်စေတယ်။ ဒါပေမယ့် လူ ၅၀,၀၀၀သေပြီး ဂျပန် မရှုမလှရှုံးလို့ အုအေဒ အရေးယူခံရရှာတယ်။ ယောရှိဩကရဲ့ အခိုင်အမာ မဟုတ်တဲ့ မှတ်ချက်က ဆိုဗီယက်အမြောက်ကြီးဟာ ဒို့ အမြောက်တွေထက် အဝေးပြေးမှာ သာတယ်တဲ့။

ရေဒီယို ဂုရုတစိုက်နားထောင်လေ၊ ယောရှိဩက ဖုံးထားချင်တဲ့ စိုးရိမ်စရာတွေကို နားလည်လာလေပါပဲ။ စစ်မျက်နှာတိုင်းမှာ ဂျပန်ရှုံးလာပြီ။ "မန်ကျူကော"သတင်းစာတွေကလည်း **(ရဲရဲရင့်ရင့် အသေခံ စွန့်စားခြင်းဆိုတဲ့ အဓိပ္ပာယ်) "ကြေမွသွားရှာတဲ့ ကျောက်စိမ်းရတနာ"**တွေအကြောင်း ရေးစပြုလာပါပြီ။ အဆက်အသွယ်အဖြတ်ခံထားရတဲ့ ကျွန်ကော့်နေရာကတောင် နောက်ထပ်ပစ္စည်း အထောက်အကူ မပို့နိုင်တော့ဘူးလို့ သိလာပါတယ်။ တံခါးခေါက်တဲ့ ကြေးကွင်း၊ ကြေးထွေးခံ၊ သံကိုသံစတွေ၊ နန်းတော်ထဲက ခွာယူစပြုပါပြီ။ နန်းတွင်းအရာရှိတွေက ရိက္ခာပြတ်လို့ ကျွန်တော့်ဆီက စားစရာ လာတောင်းကြရတယ်။ စစ်သားတွေ အစားအသောက်ပြတ်တာကို ဖုံးတဲ့သဘောနဲ့ ကွမ်တုန်တပ်က ရာရှင်အထူးပြပွဲလုပ်ပြီး ကျွန်တော့်ကို ဖိတ်ပြပါသေးတယ်။ နိုင်ငံခြားရေဒီယိုက ချေပဖို့ ဂျပန်တပ်တွေ အောင်ပွဲခံနေတဲ့ သတင်းကား ရုပ်ရှင်တွေ ကျွန်ကော်တို့ကြည့်ဖို့ ပို့ပေးပါတယ်။ ကျွန်တော်မပြောနဲ့

ကျွန်တော့်တူ အငယ်ဆုံးကတောင် ဒါတွေကို မယုံဘူး။

ဂျပန်တပ်တွေ ထိတ်ထိတ်ပျာပျာဖြစ်တာကို မြင်ရတော့ ကျွန်တော့်စိတ်ထဲမှာ အထူးဆန်းဆုံးကိစ္စကို ကြုံတွေ့ရတာပဲလို့ စွဲသွားတယ်။ စင်ကာပူသိမ်းပြီးတဲ့နောက် ကွမ်တုန်င်တပ်ကို ပြောင်းပေးဖို့ရောက်လာတဲ့ ယမရှိတာတောမောယုကိဟာ အင်မတန် မာန်တင်းပုံရတာ သတိပြုမိခဲ့တယ်။ အခု ၁၉၄၅ခု အရှေ့တောင်အာရှကို ပြန်သွားရမယ်ဆိုတဲ့အမိန့် ရောက်လာတော့ သူဟာ အရင်ကနဲ့ လုံးဝမတူတဲ့လူ ဖြစ်သွားတယ်။ ငိုလို့၊ နှပ်သုတ်ဖို့ နှာခေါင်းကို ပဝါနဲ့သုတ်ရင်းက ဒါနောက်ဆုံး နှုတ်ဆက်တာပါပဲ။ ပြန်လာလမ်း မရှိတော့ဘူးလို့ ပြောသွားပါတယ်။

**"လူကျည်ဆန်"**တွေကို နှုတ်ဆက်ပွဲလုပ်တော့ မျက်ရည်ယိုတာတွေ ထပ်တွေ့ရသေးတယ်။ ဒီ လူကျည်ဆန်ဆိုတာတွေက ဂျပန်ဧကရာဇ်ကိုသစ္စာရှိဆုံးဖြစ်အောင် **ဗုရှိဒို**အရ ဂျပန်တပ်က သွန်သင်ထားတဲ့ လက်ရွေးစင်တွေဖြစ်ပြီး ရန်သူ့ လေယာဉ်နဲ့ သံချပ်ကာတွေကို ဖျက်တဲ့နေရာမှာ ဗုံးအလွဲအချော်မရှိအောင် ဗုံးနဲ့ တစ်ပါတည်း လူပါလိုက်သွားပြီး အသေခံမယ့်လူတွေပေါ့။ ယောရှိဩကဟာ အဲဒီနည်းကို အင်မတန်ချီးမွမ်းပြီး ပြောလေ့ရှိတယ်။ ကျွန်တော်က သူပြောတိုင်း ကြက်သီးထထယ်။ သူတို့ တပ် ထွက်ခါနီး ချီးမွမ်းစကားပြောပြီး အောင်မြင်စေကြောင်း ဆုတောင်းဖို့ ကျွန်တော့်ကိုဖိတ်တယ်။ အဲဒီနေ့က တိမ်ထူပြီး ဖုန်မှုန်တိုင်းကြီး တိုက်နေတယ်။ နန်းတော်ဝင်းထဲမှာ လေကြောင်းရန် ကာကွယ်ဖို့ သဲအိတ်တွေချထားတော့ အုံ့မှိုင်းနေတဲ့ အချိန်မှာ ရှုခင်းကလည်း မသာယာဘူးပေါ့။ တစ်ဒါဇင်ကျော်ကျော်ရှိမယ့် မသာလောင်းတွေ ကျွန်တော့်ရှေ့မှာ တန်းစီပြီးရပ်နေတယ်။ ယောရှိဩက ရေးပေးထားတဲ့ မိန့်ခွန်းကို ကျွန်တော် ဖြန့်ဖတ်ပါတယ်။ အဲဒီတော့မှ သတိထားမိတာက သူတို့ မျက်နှာတွေမှာ သွေးတစ်စက်မှမရှိဘူး။ ပါးပြင်မှာ စီးကျနေတဲ့ မျက်ရည်ကြောင်းကိုလည်း မြင်နေရတယ်။ တချို့ ရှိုက်သံတောင် ကြားရတယ်။

မှန်တိုင်းကြောင့် အခမ်းအနားကို အကျဉ်းရုံးပြီး ကျွန်တော့်လည်း လက်ဆေးရအောင် အခန်းကိုမြန်မြန်ပြန်ခဲ့တယ်။ စိတ်လည်း သိပ်ထိခိုက်နေတယ်။ ယောရှိဩက ကပ်ပါလာမှန်းသိတော့ ပြောစရာရှိမှာဆိုပြီး ရပ်စောင့်ရပါတယ်။ လူလည်း အာရှင်းတဲ့ အား၊ ဟားလုပ်ပြီးမှ အရှင်မင်းမြတ် ပြောဆိုဆုံးမပုံ ကောင်းလွန်းလို့ သူတို့စိတ်မှာ ပီတိလွှမ်းပြီး ဂျပန်ဇာတိသွေးပြ မျက်ရည်ကျရှာကြတတ်တဲ့။

မင်းလည်း ကြောက်နေတာဘဲ မဟုတ်လား။ အဲဒါထက် မင်းတို့လူကျည်ဆံတွေရဲ့ တကယ့်ဖြစ်ပုံကို ငါသိမှာ မင်းပိုကြောက်တယ် မဟုတ်လား။ မင်းတို့က ကြောက်ရုံ၊ ငါက ဒူးတုံနေပြီလို့ဘဲ ဖွင့်ပြောလိုက်ချင်သလို ဖြစ်ပါတယ်။

၁၉၄၅ခု၊ မေလတွင်းမှာ ဂျာမနီလက်နက်ချတော့ ဂျပန့်အခြေအနေဟာ ပိုပြီး ဆိုးလာတယ်။ စစ်ထဲကို ဆိုဗီယက်တပ်တွေဝင်တိုက်တော့မယ့် အချိန်လည်း ကပ်လာပြီပေါ့။ ဂျပန် မျှော်လင့်ချက်မရှိလို့ ကျွန်တော်တောင် သိနေပြီ။

နောက်ဆုံး ပြီးပျက်ချိန်ရောက်ပါပြီ။ ၁၉၄၅ခု၊ ဩဂုတ်လ ၉ရက်နေ့မနက်၊ ကွမ်တုနိုင်တပ်နောက်ဆုံးသေနာပတိ ယမတဩတောဇောနဲ့ စစ်ဦးစီးချုပ်ဟာ ဆိုဗီယက်ယူနီယံက ဂျပန်ကို စစ်ကြေညာလိုက်ပြီလို့ ကျွန်တော့်ကို အစီရင်ခံစာရအောင် နန်းတော်ကိုလာပါတယ်။

ယမတဟာ ပိန်ပိန်ပုပု၊ အသက်ကြီးကြီး၊ တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ စကားလေးလေး ပြောလေ့ရှိတယ်။ အဲဒီနေ့ကတော့ စောစောကပုံစံ ပျောက်ကွယ်နေပြီ။ ဂျပန်တပ်တွေဟာ အသင့်မို့ အောင်ဖို့သေချာတယ်လို့ မြန်မြန်ပြောတယ်။ ပြောနေတုန်း လေကြောင်းအန္တရာယ် အချက်ပေးသံကြားလို့ ဗုံးကျင်းကို ဆင်းရတယ်။ ကျွန်တော် ပရိတ်ရွတ်တယ်။ သူက ဘာမှမပြောဘူး။ ဗုံးပေါက်ကွဲသံတွေ ကြားနေရတယ်။ အန္တရာယ်ကင်း အချက်ပေးသံကြားလို့ ကျင်းထဲက ထွက်တဲ့အခါ အောင်ဖို့သေချာတယ်လို့ သူ ထပ်မပြောတော့ဘဲ ထွက်သွားပါတယ်။

အဲဒီညကစပြီး နန်းတွင်းအဝင်အထွက်ရပ်စေဖို့ စစ်မိန့်ထုတ်ပြီး ကျွန်တော်လည်း ညဝတ်အင်္ကျီမလဲဘဲ အင်္ကျီအိတ်ထဲမှာ ခြောက်လုံးပြူးသေနတ်ထည့်ပြီး အိပ်ပါတယ်။

နောက်တစ်နေ့ ယမတနဲ့ စစ်ဦးစီးချုပ်လာကြပြန်တယ်။ ဂျပန်တပ်ဟာ မန်ကျူးကောတောင်ဖက်ကို ရွှေ့ပြီးခံမှာမို့ "မြို့တော်" ကိုလည်း တုန်ဟွာကို ရွှေ့ရမယ်တဲ့။ အဲဒီနေ့ပဲရွှေ့ဖို့ ကျွန်တော် အသင့်ပြင်ထားပါတဲ့။ သယ်ယူဖို့၊ ပစ္စည်းထုပ်ပိုး သိမ်းဆည်းဖို့ ပစ္စည်းတွေများလွန်းတယ်၊ နှစ်ရက်အချိန်ဆိုင်းပါလို့ မနည်းတောင်းပန်ရတယ်။

ကျွန်တော့်မှာ ထပ်ပြီး တစ်မျိုးစိတ်ချောက်ချားစရာ အကြောင်းပေါ်လာရပြန်ပြီ။ ကျွန်တော့် မသင်္ကာစိတ်ရယ် ယောရှိဩက အချိုးပြောင်းပုံရယ် တွဲပြီး စိုးရိမ်စရာ အကြောင်းသစ်ကို ရပါတယ်။ ယမတပြန်သွားတဲ့အခါ ယောရှိဩက ပြောပုံက အရှင်မင်းကြီး ရှောင်မနေရင် ဆိုဗီယက်တပ်က အရင်ဆုံးသတ်ပစ်တဲ့ အထဲမှာ ပါသွားမယ်တဲ့။ သူပြောပုံဟာ စောင်းမာန်တကြီးနိုင်လို့ နောက်ဝင်လာတဲ့လူကို ဆီးဖက်ပြီး၊ ပြေးတဲ့သူတို့ကို တိုင်တောဖို့ ကျွန်တော်ကြံမှာပဲလို့ သူတို့ မသင်္ကာဖြစ်သလား မပြောတတ်ဘူး။

မဟာမိတ်တပ်က ကျွန်တော့်ကို လက်ရဖမ်းဆီးသွားရင် မဖြစ်ဘူးဆိုပြီး ကျွန်တော် အပြီးနှုတ်ဆိတ်သွားအောင် သတ်ပစ်ခဲ့ချင်သလား။ ကြက်သီးမွေးညင်း ထအောင် ကြောက်မိပါရဲ့။

ဒီတော့ ဟိုအရင် ဆယ်နှစ်ကျော်က ယောရှိဩက ရှေ့မှာ "သစ္စာရှိကြောင်း" ပြခဲ့တဲ့ ပရိယာယ်ကို ပြန်သုံးပါတယ်။ ဝန်ကြီးချုပ် ကျန်ကျိုင်နှ်ပေ့ွနဲ့ နိုင်ငံအတိုင်ပင်ခံအဖွဲ့ အထွေထွေဌာန ညွှန်ကြားရေးဝန် တကောဗေရောကုဇောကို အခေါ်လွှတ်ပြီး ရောက်လာတဲ့အခါ ဒို့အဖနိုင်ငံရဲ့ မွန်မြတ်တဲ့စစ်ကို အားရှိသမျှ

တို့များ ကူညီရမယ်။ ဆိုဗီယက်တပ်တွေကို နောက်ဆုံးအခြေထိ ခုခံရမယ်။ ဒီလို ပြောတာကို ယောရှိသြက ဘယ်လို မျက်နှာပေးနဲ့ နားထောင်နေမလဲလို့ သူ့ဘက်ကို လှည့်လိုက်တဲ့အခါ ကျွန်တော့်နောက် အရိပ်လို ထပ်ကြပ်မကွာ လိုက်နေတဲ့လူကြီး မရှိတော့ဘူး။ ဘာများ ဖြစ်လေမလဲလို့ ကြောက်စိတ်နဲ့ အခန်းထဲမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေပါတယ်။ ပြတင်းက ကြည့်မိတဲ့အခါ ဂျပန်စစ်သားတချို့ဟာ ပစ်ဖို့ လက်မှာ သေနတ်အသင့်ကိုင်ရက် နန်းတော်ဘက်ကို ပြေးလာတာမြင်ရတော့ ငါ့ဘဝ ဆုံးချိန်ရောက်ပြီလို့ အထိတ်တလန့် ဖြစ်သွားတယ်။ ပုန်းစရာနေရာမှမရှိဘဲ၊ မထူးဘူးဆိုပြီး လှေကားထိပ်ကို ထွက်ရပ်လိုက်တယ်။ ကျွန်တော့်လည်းမြင်ရော စစ်သားတွေလည်း လှည့်ထွက်သွားရော။

ကျွန်တော် ထွက်ပြေး မပြေး စမ်းရအောင် လာကြတာထင်ပါ့လို့ တွေးမိတယ်။ အသည်းယားတာနဲ့ တယ်လီဖုန်းနဲ့ ယောရှိသြကကိုခေါ်ပါတယ်။ ခေါ်မရဘူး။ ငါ့မခေါ်ဘဲ ပြေးကြပြီလား။ ကြောက်စရာတစ်မျိုး ဖြစ်လာပြန်တယ်။

အတော်ကြာမှ ယောရှိသြကကို တယ်လီဖုန်းနဲ့ စကားပြောလို့ရတယ်။ သူ့အသံက သဲ့သဲ့။ နေမကောင်းဘူးလို့ ပြောပါတယ်။ ကျွန်တော်ကလည်း သူ့အတွက် စိုးရိမ်ကြောင့်ကြရှိပုံ ဟန်လုပ်တော့ ကျေးဇူးတင်ပါတယ် အရှင်မင်းမြတ်ဆိုပြီး တယ်လီဖုန်း ချလိုက်ပါတယ်။ ဒီတော့မှ ရင်ထဲမှာ ပူပင်လုံးကြီး ကျသွားပြီး တစ်နေ့လုံး ဘာစားစရာမှ မစားသေးတာကို သတိရတယ်။ နောက်ဆုံးရထားတဲ့ အပါးတော်မြဲလီကို စားစရာယူခဲ့တော့လို့ ခိုင်းတဲ့အခါ စားတော်ကဲ ထွက်ပြေးပြီဆိုလို့ ဘီစကွတ်နဲ့ပဲ တင်းတိမ်လိုက်ရပါတယ်။

၁၁ရက် (၁၉၄၅ခု၊ ဩဂုတ်လ) ည ကိုးနာရီကျော်တဲ့အခါ ယောရှိသြက ရောက်လာတယ်။ ကျွန်တော့်ညီ၊ ညီမတွေ၊ ယောက်ဖတွေ၊ တူတွေအားလုံး ဘူတာရောက်နေကြပြီတဲ့။ ကျွန်တော်နဲ့ သားနှစ်ယောက်ပဲ ဘူတာလာဖို့ လိုတော့တယ်။ ဆင်ခြေမတက်ဘဲ ချက်ချင်း လိုက်နာစေဆိုတဲ့လေနဲ့ ကျွန်တော်နဲ့ ကျနတတ်သမျှ အစေခံမတွေကို ယောရှိသြကရဲ့အမိန့်က ကားနဲ့သွားသွား၊ ခြေနဲ့လျှောက်လျှောက် မွေတော်ပစ္စည်းတွေကို ယရှိမောတောတောရနောစုကေက ချီမပြီး ရှေ့ဆုံးကသွား။ အနားက ဘယ်သူဖြတ်သွားသွား ဒီဂရီကိုးဆယ်ကျအောင် ဦးညွတ်တဲ့။

ဒီတစ်ခါတော့ ထွက်ခွာဖို့ သွားကြရပြီပေါ့။ ပူဇော်ရေးအဖွဲ့ ဉက္ကဋ္ဌ ဟာရှိမောတောက ရှိတောနဲ့ဆိုင်တဲ့ မွေတော်တွေကို အထုပ်ထုပ်ပြီး သယ်ချတယ်။ သူ ပထမကားထဲ ဝင်တဲ့အထိ ကျွန်တော်က တရိတသေ ရပ်ကြည့်နေပါတယ်။ ကျွန်တော်က ဒုတိယကားထဲ ဝင်လိုက်တယ်။ ကျွန်တော်တို့ ထွက်လာပြီး လှည့်အကြည့်မှာ "အမျိုးသားတည်ထောင်ရေး နတ်ကွန်း"ပေါ်က မီးညွန့်ထွက်လာတာကို မြင်ပါတယ်။

မီးရထားနဲ့ သုံးနေ့နှစ်ညသွားတော့ တလိကွာကောကိုရောက်တယ်။ မူလ အစီအစဉ်က ရှန်ယန်ကနေသွားဖို့ဘဲ။ ခုတော့ လေကြောင်းရန်ကိုကြောက်လို့သွားလမ်း

ကိုပြင်ပြီး ကိရိန်မေဟော ကော့လိုင်းကသွားကြမယ်။ ခရီးတစ်လျှောက်မှာ ထမင်း နှစ်နပ်နဲ့ ဘီစကွစ်ပဲ စားရတယ်။ ဂျပန်စစ်ကားတွေ သွားလာနေတာ လမ်းတစ်လျှောက် လုံး မြင်သွားတယ်။ စစ်သားတွေဟာလည်း စစ်ပြေးဒုက္ခသည်တွေနဲ့ ပိုပြီးတူတယ်လို့ ထင်ရတယ်။ မေဟောကော့မှာ မီးရထားဆိုက်တော့ ကွမ်တုန်င်တပ် သေနာပတိ ယမတတက်လာတယ်။ သူက ဂျပန်တပ်တွေ အောင်ပွဲရလို့ ဆိုဗီယက် သံချပ်ကာ ကားတွေ လေယာဉ်တွေ ဘယ်လောက်ပျောက်သွားပါတယ်နဲ့ သတင်းပို့သေးတယ်။ ကိရိန်ရောက်တော့ တွေ့ရပုံဟာ သူပြောတာနဲ့ တခြားစီပဲ။

သားသမီးတွဲလဲနဲ့ ဂျပန်မတွေဟာ ဂျပန်ရဲက တားနေတဲ့ကြားထဲက ရထား ပေါ်ကို အတင်းတက်လိုက်ဖို့ ကြိုးစားတယ်။ ငိုယိုပြီး တောင်းပန်ကြတယ်။ ဂျပန် ရဲနဲ့ ဂျပန်စစ်သားတွေက စကြံတစ်ဖက်စွန်းမှာ ရန်ဖြစ်နေကြတယ်။

တလိကျူကော့ကို ကျွန်တော်တို့ ဩဂုတ်လ ၁၃ရက်နေ့ ရောက်ကြပါတယ်။ ဒီနေရာဟာ လှပတဲ့တောင်ရံပြီးနေတဲ့ ကျောက်မီးသွေးတွင်း နေရာပါဘဲ။ ဒါပေမယ့် ရှုခင်းအလှကို သာယာဖို့ စိတ်မအားဘူး။ နှစ်ရက်အကြာမှာ ဂျပန်လက်နက်ချတယ်။

ဧကရာဇ်အရှင်မင်းမြတ်က လက်နက်ချပြီလို့ ကြေညာတော့ အမေရိကန် အစိုးရက သူ့ကို နန်းမချပါဘူး။ အသက်ဘေးလည်း ကာကွယ်ပေးမယ်လို့ အာမခံ တယ်လို့ ယောရှိဩကကလာပြောတယ်။ ဒီအခါမှာ ကျွန်တော်က ဒူးထောက်ပြီး ကောင်းကင်ဘုံက ဧကရာဇ်အရှင်မင်းမြတ်ကို စောင့်ရှောက်တဲ့အတွက် ကျေးဇူးတင် ဝမ်းသာလိုက်တာလို့ ပြောပြီး မြေမှာဝပ်စင်းလိုက်ပါတယ်။ ယောရှိဩကလည်း ကျွန်တော်လုပ်သလို လိုက်လုပ်ပါတယ်။

သူ သိပ်စိတ်ပျက်နေတာ သိပါတယ်။ ကွမ်တုန်င်တပ်ဟာ တိုကျိုနဲ့ အဆက်အသွယ်မပြတ်ပါဘူး။ ဟိုက ကျွန်တော့်ကို တိုကျိုအရောက် ပို့ခိုင်းတယ်။ ဒါပေမယ့် အရှင်မင်းကြီးမှာ အန္တရာယ်မရှိစေရပါဘူးလို့တော့ ချွင်းချက်မရှိ လုံးဝ တာဝန်ယူနိုင်မယ် မထင်ဘူးလို့ သူက ဆက်ပြောပြန်ကယ်။ ဘာပြုလို့လဲဆိုတော့ ဒီကိစ္စမှာ မဟာမိတ်တပ်တွေရဲ့ အဆုံးအဖြတ်ကို လိုက်နာရမှာကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

ကျွန်တော့်ကို သေမင်းက လက်ယပ်ခေါ်နေပါပေါ့လား။

ကျန်င်ကျိန်ဟွေ၊ တကေဗေရောကုဇော်နဲ့ ဝန်ကြီးတွေ၊ အတိုင်ပင်ခံတွေ ရောက်လာကြတယ်။ တန်ဖိုးမရှိတဲ့ အခမ်းအနားတစ်ခုလုပ်ဖို့ ကျန်နေသေးတယ်။ တရုတ်စာတတ် ဂျပန်ဆတော ရေးပေးတဲ့ ကျွန်တော့် "နန်းစွန့်အမိန့်တော်"ကို ဖတ်ရဦးမယ်။ သူတို့အားလုံးဟာ သခင်ပျောက်လို့ အမြီးကုပ်နေရတဲ့ ခွေးတွေလိုဘဲ စုနေတယ်။ သူတို့ရှေ့မှာ ကျွန်တော်ရပ်ပြီး အဲဒီ "အမိန့်တော်" အမှတ်ခြောက်ကို ဖတ်တယ်။ စာသားကိုတော့ အတိအကျ မမှတ်မိပါ။ ပါနေကျ ကောင်းကင်ဘုံရဲ့ ထွန်းပနတ်ရှင်မယ်ရဲ့ ကျေးဇူးတော်နဲ့ ဂျပန်ဧကရာဇ်အရှင်မင်းမြတ်ရဲ့ ကာကွယ်

စောင့်ရှောက်မှုကြောင့်ဆိုတဲ့ စာသားကို ယရှိမောတောက မဲပြုံးပြုံးပြီး ခြစ်ထုတ်ပစ်လိုက်တာတော့ မှတ်မိပါသေးတယ်။ ဟရှိမောတောဟာ အရင်က ဂျပန်ဧကရာဇ်သက်တော်စောင့် တပ်မကြီးရဲ့ သေနာပတိဖြစ်ခဲ့ပြီး "မန်ကျူကော" ပူဇော်ရေးဌာန ဥက္ကဋ္ဌအနေနဲ့ နတ်ရှင်မယ်ကို စောင့်ထိန်းရတဲ့ တာဝန်ယူရတဲ့လူဆိုတော့ ဧကရာဇ်နဲ့ နတ်သမီးကိစ္စကို သူဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လို့ဘဲ ယူဆပါတယ်။

ဒီတုန်းက ကျွန်တော့်လုံခြုံရေးနဲ့ပတ်သက်လို့ အာမခံချက်ဟာ ရုပ်သေးဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေကို အာမခံလောက်အောင် အနိုင်အမာမဟုတ်ဘူးလို့ မသိပါ။ သိရင် ဒါထက်ကြောက်ဦးမယ်။ ကျွန်တော့်ကို ဂျပန်ပို့ပေးမယ့် ကျန်ကျိန်ဟွေ့နဲ့ ကကေဗေက ကျန်ကျုန်ပြန်ပြီး နောင်ရေးစီစဉ်ရမယ်လို့ သိရပါတယ်။ ကျန်င်ကျိန်ဟွေ့က ကျန်ကျုန်ရောက်တော့ ရေဒီယိုနဲ့ ကျန်ကင်းက ကျိအန်ကိုင်ရှိ အက်ကိုလှမ်းပြီး ကောမင်တန်င်တပ်တွေ ချီတက်လာရင် သူကကြိုဆိုဖို့ "အခြေအနေထိန်းသိမ်းရေးကော်မတီ"ဖွဲ့ပြီးပါပြီလို့ အကြောင်းကြားတယ်ဆိုပဲ။ ဆိုဗီယက်တပ်တွေ ဝင်မလာခင် သူတို့ကဦးအောင် တရုတ်သမ္မတနိုင်ငံကိုယ်စားလှယ်အဖြစ်နှင့် တွေ့ဖို့ လျှပ်တစ်ပြက်စိမံကိန်းလုပ်တဲ့ သဘောပါပဲ။ သူတို့မှန်းတာထက် ဆိုဗီယက်တပ်က ပိုပြီး မြန်မြန်ရောက်လာတယ်။ ကွန်မြူနစ်ခေါင်းဆောင်တဲ့ ဂျပန်ဆန့်ကျင်ရေး မဟာမိတ်တပ်တွေက မြို့တော်ဝန်းကျင်မှာ ခုခံနေတဲ့ ဂျပန်တပ်သားတွေကို ဖယ်ရှားပစ်လိုက်လို့ အခုလိုမြန်မြန် ရောက်လာနိုင်တယ်။ ကျန်ကျိန်ဟွေ့ရဲ့ စိတ်ကူးတာလည်း အကောင်အထည်မပေါ်နိုင်တော့ဘူး။ သူနဲ့ အပေါင်းပါတွေကို နောက်တစ်နေ့ဖမ်းပြီး ဆိုဗီယက်ယူနီယံကို လေယာဉ်နဲ့ ခေါ်သွားပါတော့တယ်။

ဩဂုတ်လ ၁၆ရက်မှာ ကျန်ကျုန်မှာ ကျန်ရစ်တဲ့ ဂျပန်တပ်ဖွဲ့နဲ့ ကျွန်တော့်နန်းစောင့်တပ်ဟာ အပြန်အလှန် ပစ်ခတ်ကြတယ်လို့ သတင်းရောက်လာတာနဲ့ ကျွန်တော်နဲ့ပါလာတဲ့ နန်းစောင့်တပ်သားတွေဆီက လက်နက်ကို ဂျပန်ကသိမ်းပိုက်ပစ်လိုက်တယ်။ နောက်တစ်နေ့ ဂျပန်ကို သွားရမယ်လို့လဲ ကျွန်တော့်ကို ပြောတယ်။ ကျွန်တော်က ခေါင်းညိတ်ပြီး အင်မတန်ဝမ်းသာတဲ့ဟန် ဆောင်လိုက်တယ်။

ကျွန်တော်နဲ့ ဘယ်သူ့ကိုခေါ်ခဲ့မလဲလို့ ယောရှိုဩက မေးနေပါတယ်။ လေယာဉ်ပျံက ငယ်ငယ်၊ ဒါကြောင့် ညီပုကျိအယ်၊ ယောက်ဖ ၂၊ တူ ၃၊ ဆရာဝန် ၁ နဲ့ လက်သုံးတော်လီ။ ဒါပဲ ခေါ်မယ်။ ကိုယ်လုပ်တော်က မျက်ရည်စက်လက်နဲ့ ရှိုက်ရှိုက်ပြီး သူဘာလုပ်ရမလဲလို့ မေးလာတယ်။ မင်းတို့ ရထားနဲ့လိုက်ခဲ့လို့ ပြောတော့ ဂျပန်အရောက် ရထားရသလားလို့ မေးသေးတယ်။ အေးလို့ပဲ ဖြေလိုက်တယ်။ နောက်ဆုံးရက်ကျရင် လူချင်းပြန်တွေ့ရမှာပဲ။ ဧကရီပါပေါ့လို့ပြောတော့ ရထားမစီးရရင်တော့ ဒီမှာ ခိုးကိုးစရာ အမျိုးတစ်ယောက်မှမရှာဘူးလို့ ပြောနေပြန်တယ်။ ကိစ္စမရှိဘူး။ မစိုးရိမ်နဲ့လို့သာ ပြောလိုက်တယ်။ ကိုယ့်အသက်ရှင်ဖို့ပဲ ကျွန်တော်တွေးအားတယ်။ ရှဲန်ယန်င်မှာဆင်းပြီး လေဆိပ်ကိုသွားတယ်။ လေယာဉ် ဒုတိယ

အသုတ်ကိုစောင့်ရတယ်။

စောင့်တုန်း တယ်မကြာဘူး။ ဆိုဗီယက်လေယာဉ်ပျံ ဆင်းလာတယ်။ ဆိုဗီယက်တပ်သားတွေ စက်သေနတ်တွေ အသင့်ကိုင်ပြီး လေယာဉ်တွေထဲက ပြေးထွက် လာပြီး ဝိုင်းလိုက်တယ်။ ဂျပန်တွေဆီက လက်နက်သိမ်းတယ်။

နောက်တစ်နေ့ ဆိုဗီယက်လေယာဉ်ပျံနဲ့ ကျွန်တော့်လည်း ဆိုဗီယက် ဆိုရှယ် လစ်သမ္မတပြည်ထောင်စုကို လိုက်သွားရပါတော့တယ်။

* * *

အခန်းနှစ်

# ဆိုဗီယက် ယူနီယံမှာ အတွေးနဲ့ အတွေ့

ချီတရောက်တော့ မှောင်နေပြီ။ ကျွန်တော်တို့ အစုဟာ ဆိုဗီယက်ယူနီယံကို ရောက်လာတဲ့ "မန်ကျူကော" စစ်တရားခံတွေထဲမှာ ပထမသုတ် ဖြစ်ပါတယ်။ ဆိုဗီယက်စစ်ကားနဲ့ လေယာဉ်ကွင်းထဲက လာပြီးခေါ်သွားတယ်။ ကားပြတင်းက မြင်ရပုံနဲ့မှန်းရင် ကွင်းပြင်တစ်ခုကို ဖြတ်သွားနေတယ်လို့ ယူဆတယ်။ တောအုပ်ကို ဖြတ်ပြီး တောင်ပေါ်တက်လာတယ်။ ဒီတော့ လမ်းကျဉ်းတယ်။ အကွေ့အကောက်များလာတယ်။ ကားအရှိန်လည်း သိသိသာသာ နှေးသွားပြီ။ ပြီးတော့ ချက်ချင်းရပ်သွားတယ်။ တရုတ်စကားနဲ့ အမှောင်ထဲကပဲ အပေါ့အပါး သွားချင်ရင် ဆင်းဦးလေလို့ ပြောသံကြားပါတယ်။

တရုတ်သံကြားတော့ ငါ့ကို တရုတ်အာဏာသားတွေထဲ အပ်ပါပေါ့လားလို့ သိပ်ကြောက်သွားတယ်။ တကယ်က တရုတ်သွေးပါတဲ့ ဆိုဗီယက်အရာရှိတစ်ယောက်က ပြောလိုက်တဲ့ စကားသံပဲလို့ ပြီးတော့မှသိရတယ်။

ငယ်ငယ်ကစပြီး ဒီလို စိတ်ချောက်ချားတတ်တဲ့ ဝေဒနာရှိတဲ့အခါမှာ အခု အခြေအမြစ်ရှိမရှိကို မစဉ်းစားဘဲ မသင်္ကာတတ်တာ တိုးလာပြီး ကြောက်စိတ်ဟာ ဒီလှိုင်းတက်သလို အဆင့်ဆင့်တက်နေပါတယ်။ အခု နိုင်ငံခြားသားလက်ထဲမှာမှ မျှော်လင့်ချက်ရှိဦးမယ်။ တရုတ်အချင်းချင်း လက်ထဲရောက်ရင် ကိစ္စတုံးလုပ်တော့မှာဘဲလို့ တစ်ထစ်ချ ယူဆပြီးသားဖြစ်နေလို့ တရုတ်လက်ပြန်အပ်မှာ သိပ်စိုးတယ်။ တကယ်တော့ ခုမှပဲ ဆိုဗီယက်အရာရှိ ရောက်ရုံရှိသေးတယ်။ တရုတ်လက်ပြန်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ ဟိုတုန်းက အသိဉာဏ်ကို မပေါက်ဘူး ဆိုပါတော့။

အပေါ့အပါးစွန့်ပြီး ကားပေါ်ပြန်တက်ကြတယ်။ ခရီးဆက်လို့ နှစ်နာရီလောက်ကြာတော့ တောင်ကြားထဲက မီးထိန်ထိန်နဲ့ အဆောက်အဉီကြီးကြီး တစ်ခုကို ရောက်လို့ ကားရပ်လိုက်ပါပြီ။ ကားပေါ်ကဆင်းပြီး ဒီအဆောက်အဉီကို တယ်ပြီးခံ့ညားလှပပါလားလို့ ကြည့်နေမိတယ်။ တချို့က ဒါ ဟိုတယ်ကြီးတစ်ခုပေါ့လို့

တအံ့တသြပြောတယ်။ လူတိုင်း စိတ်ဓာတ်တက်လာပြီ။

ဟိုတယ်ထဲကို ဝင်မိတဲ့အခါ အသက်လေးဆယ်ကျော်ရုပ် ရှိဦးမယ့် အရပ်ဝတ်နဲ့ လူတစ်ယောက်က နှုတ်ဆက်ဦးကြို လုပ်တယ်။ သူ့နောက်နားမှာတော့ ဆိုဗီယက်အရာရှိတစ်စုရှိနေတယ်။ သူက ဣန္ဒြေရရနဲ့ ဆိုဗီယက်အစိုးရက ကျွန်တော်တို့ကို ဒီနေရာမှာပဲ ထိန်းသိမ်းထားမယ်တဲ့။ ဒီလို ပြောနေတဲ့လူဟာ ချီတတပ်ခွဲမှူး ဗိုလ်ချုပ်တစ်ဦး ဖြစ်တယ်လို့ နောက်တော့မှသိပါတယ်။ သူက ဆက်ပြီး ကြင်နာတဲ့ အသံနဲ့ တစ်ဦးစီကို ဘယ်လိုစီရင်ချက် ချမယ်ဆိုတာ မသိရခင် ဒီမှာပဲ စိတ်အေးအေးနဲ့ အနားယူနေကြပါတဲ့။ စားပွဲပေါ်က ရေဘူးကို လက်ညှိုးထိုးပြပြီး ဒီနေရာဟာ ကျန်းမာရေးအတွက်ကောင်းတဲ့ ဓာတ်ရေစမ်း နာမည်ကျော်ရှိတဲ့ နေရာပါပဲတဲ့။

အစတော့ အဲဒီဓာတ်ရေကို ကျွန်တော်မကြိုက်ဘူး။ နောက်တော့မှ သိပ်ကောင်းမှန်းသိပြီး စွဲတယ်။ ကျန်းမာရေးစခန်းမှာ အထိန်းသိမ်းခံရတဲ့ အခွင့်အရေးခံ လူတန်းစားတွေ ဖြစ်နေကြပြီ။ ရုရှားအစာကို တစ်နေ့သုံးကြိမ်ဝအောင် ကျွေးတယ်။ ညနေလက်ဖက်ရည်ရတယ်။ အလိုရှိရာလုပ်ပေးဖို့ အကူအညီ လုပ်သားထားပေးတယ်။ ကျန်းမာရေးအတွက် ဆရာဝန်နဲ့ သူနာပြုတွေရှိသေးတယ်။ ရေဒီယို၊ သတင်းစာ၊ စာအုပ်နဲ့ အပန်းဖြေစရာ ပစ္စည်းတွေလည်းစုံတယ်။ လမ်းထွက်လျှောက်ခွင့်ရှိတယ်။ ပထမနေ့ကစပြီး ဒီဘဝကို ကျေနပ်မိသွားဘဲ။

ဆိုဗီယက်ယူနီယံနဲ့ အင်္ဂလိပ်အမေရိကန်ဟာ မဟာမိတ်ဖြစ်ကြလို့ ဒီကနေပြီး ဟိုနိုင်ငံတွေမှာ သွားနေခွင့်များရရင် ဘယ်လောက်ကောင်းလိမ့်မလဲလို့ တွေးမိပါတယ်။ အဖိုးတန်ရတနာကျောက်မျက် တစ်သက်စားမကုန်အောင် ကျွန်တော် ယူလာတယ်။ ဒီအတွေးဖြစ်အောင် စပြီးလုပ်ဖို့က ဆိုဗီယက်မှာဘဲ နေခွင့်ကို တောင်းမယ်လို့ဆိုပြီး ပါးစပ်နဲ့လည်း အသနားခံတယ်။ ဆိုဗီယက်မှာနေခဲ့တဲ့ ငါးနှစ်အတွင်းမှာ စားသုံးစောင်ကျအောင်လည်းရေးပြီး ခွင့်တောင်းခဲ့တယ်။ ပြန်စာမရပါ။

တခြား မန်ကျူကော **ထိမ်းသိမ်းခံ** [၁]တွေကတော့ အယူအဆတစ်မျိုးထားတယ်။ ကျန်င်ကျိန်ဟွေ၊ ကျန်င်ရှီယိ၊ ယှိယှာတို့တွေက ဒီကျန်းမာရေးစခန်းကို ကျွန်တော့်ထက် သုံးလေးရက် နောက်ကျပြီး ရောက်လာကြတယ်။ ရောက်ပြီး နောက်တစ်နေ့ ကျွန်တော့်ကို လာတွေ့ကြတာ လောကွတ်သဘော လာကြတာပဲလို့ ထင်တယ်။ ကျန်င်ကျိန်ဟွေ့က ခင်ဗျား ဒီမှာပဲ အခြေစိုက်တော့မယ်လို့ ပြောသံ ကြားတယ်။ ကျွန်တော့်တို့ကတော့ ဟိုမှာ သားမယား ကျန်ရစ်သေးလို့ ပြန်ချင်တယ်။ ရုံးလုပ်ငန်းတွေလည်း ရှိသေးတယ်။ ဒါကြောင့်မို့ မြန်မြန်ပြန်ပို့ပါလို့ တောင်းပန်ရတယ်။ ရမယ်များ ထင်သလားဗျာလို့ မေးတော့မှ သူတို့တစ်မျိုးတွေးကြပါလားလို့ သိရတယ်။

---

၁။ မန်ကျူကောနယ်ဖက် အရာရှိတွေကို ထိမ်းသိန်းခံလို့ခေါ်ပြီး စစ်ဖက် အရာရှိတွေကိုသာ စစ်တရားခံလို့ ခေါ်ကြတယ်။

"ရုံးလုပ်ငန်း"တဲ့။ ကျွန်တော်ကတော့ သူ့မှာ ဘာ ရုံးတာဝန်ရှိနေဦးမှာလဲလို့ နည်းနည်းမှ မသိချင်တာ အမှန်ပါ။ ဒါပေမယ့် သူတို့က သူတို့ပြန်ချင်တာကို ကျွန်တော် က ထောက်ခံပြီး ပြောပေးစေချင်တယ်ဆိုလို့ စခန်းမှူး ဆိုဗီယက်အရာရှိတွေကို ပြောပေးပါတယ်။ အရာရှိက ကောင်းပါပြီခင်ဗျား။ ဆိုင်ရာကို အကြောင်းကြားပေး ပါ့မယ်လို့ ဖြေလိုက်တယ်။ ဘာသံမှတော့ ထပ်မကြားပါ။

သူတို့ပြန်ချင်တာကတော့ ကောမန်တန်နဲ့ အရောင်းအဝယ် လုပ်ချင်နေ သေးတဲ့သဘောပဲ။ သူတို့က ကောမင်တန်ကို ကျွန်တော့်ထက်ပိုပြီး ဆက်ဆံတတ် မယ်ပေါ့။ အမြတ်ထုတ်ဖို့အတွက် ကျန်သေးတယ်ပေါ့။ ပြန်ချင်လွန်းလို့ ရူးမတတ်ဖြစ်တဲ့ လူတောင် ရှိသေးတယ်။

ဆိုဗီယက် စကားပြန်တွေဆီကတစ်ဆင့် သတင်းစကား ကြားရတယ်။ လုရှန်ရောက် ဆိုဗီယက်တပ်ကထုတ်တဲ့ **ရှိုဟွာပင်** သတင်းစာလည်း ဖတ်ရတယ်။ ဒီတော့ တရုတ်ပြည်တွင်းစစ် အခြေအနေကို အရင် ရုပ်သေးဝန်ကြီးတွေ အင်မတန် ဂရုစိုက်ပြီး လေ့လာနေကြတယ်။ သူတို့အဖို့ အမေရိကန်လက်သပ်မွေး ကော့မင်တန် အနိုင်ရစေချင်တာတော့ အမှန်ပဲပေါ့။ အဲဒီလိုပဲ နိုင်မှာပဲလို့ ထင်ကြတယ်။ ဒါပေ မယ့် ကော့မင်တန်အရှုံးနဲ့ စစ်ပြီးသွားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်တဲ့ အခါ နိုင်တဲ့ဘက်က ဝမ်းသာကြောင်း သံကြိုးရိုက်လိုက်ချင်ကြသေးတယ်။ ကျွန်တော့် အဖို့ကတော့ မထူးဘူးလို့ ယုံပြီးသား။ ကော့မင်တန်ပဲ နိုင်နိုင်၊ ကွန်မြူနစ်ပဲနိုင်နိုင် ငါ ပြန်သွားရင် ဆီးသတ်ကြမှာပါပဲ။ ဒါကြောင့် လုံးဝမပြန်ချင်။

## နုထိမောက်မာတုန်းပဲ

ဆိုဗီယက်ယူနီယံမှာနေခဲ့တဲ့ ငါးနှစ်အတွင်းမှာ ကျွန်တော်ဟာ အရင် မောက် မာတဲ့လေနဲ့ ဟန်ပန်ကို နည်းနည်းမှ မလျှော့သေးဘူး။ ခဗရော့စစ်စခန်း ရောက်တဲ့ အခါကစပြီး အခိုင်းအစေ သီးခြားရယ်လို့ မရှိတော့ပါဘူး။ ဒါပေမယ့် ကျွန်တော့်မှာ ဘာတစ်ခုမှ အပိုးကျိုးပြီး လုပ်ဖို့မလိုအောင် ကူညီမယ့်လူတွေ ကျန်သေးတယ်။

ညီတို့တူတို့ ယောက်ဖတို့က အိပ်ရာသိမ်းပေးတယ်။ အခန်းရှင်းပေးတယ်။ ထမင်းသယ်ပေးတယ်။ အဝတ်လျှော်ပေးတယ်။ "အရှင်မင်းမြတ်"လို့ဆက်ပြီး မခေါ်ရဲ တော့ **အဲထက်**လို့ခေါ်တယ်။ ရှေးကလိုဘဲ မနက်လင်းရင် ကျွန်တော့်အခန်းလာပြီး ဦးခိုက်ကြသေးတယ်။

ခဗရော့စစ်ရောက်ကြပြီး တယ်မကြာဘူး။ ကျွန်တော်လမ်းလျှောက်ထွက် မယ်ဆိုပြီး အောက်ထပ်ဆင်းလာတဲ့အခါ လှေကားရင်းမှာ ကုလားထိုင်နဲ့အရင် ဝန်ကြီးတစ်ယောက် ထိုင်နေတာတွေ့တယ်။ သူက ကျွန်တော့်ကို မြင်လျက်သားနဲ့ နည်းနည်းမှ ဂရုမစိုက်ဘူး။ ဒါကို ကျွန်တော်သည်းမခံနိုင်လောက်အောင် စိတ်ဆိုး

ပြီး အပေါ်ပြန်တက်လာခဲ့တယ်။ နောက်တတ်နိုင်ရင် အောက်မဆင်းဘဲနေတယ်။ အခန်းထဲမှာဘဲ ပရိတ်ရွတ်နေပါတယ်။ အရင် ဝန်ကြီးအတော်များများဟာ ကျွန်တော့်ကို ဆက်ပြီး လေးလေးစားစား ဆက်ဆံနေကြပါသေးတယ်။ ကျွန်တော်တို့ဖို့ တရုတ်နှစ်ကူးမှာ **ဂျီအိပ်ဖိ**[၁] လုပ်ပေးတယ်ဆိုရင် သူတို့က ကျွန်တော်ဖို့ ဦးဦးဖျားဖျား ပထမပန်းကန်ကို ပေးကြပါတယ်။

ကျွန်တော်က ကိုယ်တိုင်ဘာအလုပ်မှ မလုပ်တဲ့အပြင် ကျွန်တော့်သားချင်းထဲကလူတွေ သူများအတွက် အလုပ်လုပ်တာမြင်ရင်လည်း မကြိုက်ဘူး။ အများစားဖို့ဆိုပြီး ညီနဲ့ယောက်ဖတွေ ထမင်းစားပွဲပြင်ဆင်နေတာ တွေ့တော့ ဆက်မလုပ်ရလို့ အမိန့်ပေးဖူးပါတယ်။ ကျွန်တော့်အမျိုးဟာ ကျွန်တော်ကလွဲရင် ဘယ်သူ့အစေအပါးမှ မခံရဘူးဆိုတဲ့ သဘောပါပဲ။

၁၉၄၇ခုနဲ့ ၁၉၄၈ခုအတွင်းမှာ ကျွန်တော့်အမျိုးတွေကို တခြားစခန်းပြောင်းပစ်လိုက်လို့ ကျွန်တော့်မှာ နည်းနည်းအကျပ်တွေ့သွားသေးတယ်။ ကျွန်တော်ဟာ အရင်က အမျိုးတွေနဲ့ မခွဲဖူးပါဘူး။ ဆိုဗီယက်အရာရှိတွေက ကျွန်တော့်ကို သနားလို့ တစ်ယောက်တည်း စားခွင့်ပေးထားပါတယ်။ ဘယ်သူက ထမင်းသယ်ပေးမလဲ။ ကံကောင်းချင်တော့ ယောက္ခမကြီးက ယူပေး၊ ပန်းကန်ဆေးပေး လုပ်ရှာပါတယ်။

ကျွန်တော်တို့လို သွေးစုပ်ဖုတ်ကောင်တွေ အနည်းအပါး အလုပ်လုပ်ကျင့်ရအောင်လို့ မြေတစ်ကွက် စိုက်ပျိုးဖို့ပေးထားပါတယ်။ အဲဒီအတွင်းမှာ ကျွန်တော်တို့နန်းရိုးတွေက မြေတစ်ကွက်ဖယ်ထားပြီး ငရုတ်ကောင်း၊ ခရမ်းချဉ်၊ ခရမ်း၊ ပဲဆိုတာတွေ စိုက်ပါတယ်။ တစ်နေ့တခြား သန်စွမ်းလာတဲ့ အစို့အညှောင့် အပင်စိမ်းလေးတွေကို ကြည့်ရတာ နှစ်သက်ပါတယ်။ ရေလောင်းချင်စိတ်လည်း ရလာလို့ ဝင်လောင်းပါတယ်။ အဲဒီအလုပ်တောင်မှ ကျွန်တော့်အဖို့ အသစ်အဆန်းပါ။

ဒါတွေ စားလောက် သောက်လောက်ဖြစ်လာတော့ ကိုယ့်အပင်ကို ကိုယ်စားရတာ တယ်အရသာရှိတယ်လို့ ထင်မိတာအမှန်ပါ။ ဒါပေမယ့် ဝယ်ယူလည်းဖြစ်သားပဲ ဆိုတဲ့စိတ်ကလည်း ပေါ်ပေါက်လာပါသေးတယ်။

စခန်းမှူးတွေက ကျွန်တော်တို့ဖတ်ဖို့ တရုတ်စာအုပ်တွေ ပေးထားပါတယ်။ သတ်မှတ်ထားတဲ့ အချိန်ကျရင် ညီနဲ့ယောက်ဖတွေက လီနင်ဝါဒရဲ့ ပြဿနာတွေနဲ့ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (ဗိုလ်ရှီဗစ်) ရာဇဝင်ကို အများကြားရအောင်ဖတ်ပြကြတယ်။ ဖတ်သူရော နားထောင်တဲ့လူပါ ဒီစာအုပ်တွေ တယ်ပြီး အရေးလုပ်ကြတာ မဟုတ်ပါ။ စိတ်ပျက်စရာကောင်းပြီး မဆီမဆိုင်လို့ဘဲ ထင်မိတယ်။ ဆိုဗီယက်ယူနီယံမှာ အခြေချပြီး နေခွင့်မပေးဘဲ တရုတ်နိုင်ငံကို ပြန်လွှတ်မယ်ဆိုရင် ဒီစာအုပ်တွေ အလွတ်ဒေါက်ဒေါက်ပြေး ရတယ်ပဲထား၊ ဘာအသုံးကျမှာလဲလို့။

---

၁။ မြောက်ပိုင်း တရုတ်နှစ်သစ်ကူးမှာ စားလေ့ရှိတဲ့အစာ။ အသားကို နုတ်နုတ်စင်း၊ ဟင်းသီးဟင်းရွက်လည်းထည့်၊ အပေါ်က ဂျုံ'အခွန်'ပတ်ပြီး ပြုတ်ထားတာ။

**"လေ့လာတယ်"**ဆိုတဲ့ စကားဟာ ဟိုတုန်းက ကျွန်တော့်စိတ်မှာ ငရုတ်ကောင်းတွေ၊ ခရမ်းချဉ်သီးတွေလောက် အကဲမရောက်ပါဘူးလို့ပဲ ထင်မိတယ်။ ကျွန်တော့်ကို နေရာသီးသန့်ပေးထားတဲ့ နေရာမှာထိုင်ရင်း၊ "ဆရာ"က နိုင်ငံရေးစကားလုံးသစ်တွေ ရွတ်နေတဲ့အချိန်မှာ ကျွန်တော်က ငါ့မှာပါလာတဲ့ ရတနာတွေထုခွဲပြီး မော်စကိုမှာနေရရင် ဘယ်နှနှစ် သုံးနိုင်မလဲ။ လန်ဒန်မှာနေရရင်ကော အဲဒါမျိုး တွေးတယ်။ အခု စိုက်ထားတဲ့ ခရမ်းသီးကို ရုရှားတွေ စားကျင့်မရှိလို့ သူတို့က ချက်မကျွေးရင် ငါ့ဘာသာ ဘယ်လိုစီမံပြီး ချက်စားမလဲ၊ ဒီလိုလည်း တွေးနေမိတယ်။

ညနေစာစားပြီး ကိုယ်ကြိုက်ရာကိုယ်လုပ်နိုင်တဲ့အချိန်ကိုရောက်လာပါတယ်။ စကြံတစ်ဖက်စွန်းမှာ မာကျောင်းကစားတဲ့ခုံရှိတယ်။ တစ်ဖက်စွန်းမှာ တချို့ကသွားပြီး ကောင်းကင်ကို မျှော်ကြည့်ရင်း လက်ယှက်လို့ အမိအဘဗုဒ္ဓနဲ့ ဇောခိသတ္တကုအန်ယျိုန်ကို ရှိခိုးလေ့ရှိကြတယ်။ ဂျပန် စစ်တရားခံတွေထားတဲ့ အပေါ်ထပ်က ဂျပန်ဩပရာသံဟာ လေထဲမှာလွင့်ပါလာတတ်ပါသေးတယ်။ အဆန်းဆုံးတွေ့ရမှာက နတ်ကိုးကွယ်တဲ့နေရာမှာ လူတွေဝိုင်းအုံပြီး ရှေ့ဖြစ်ဖတ်တာကို အာရုံစိုက်နေကြမယ်။ ဘယ်တော့ပြည်တော်ပြန်ရမလဲ။ ဘယ်တော့ သားမယားနဲ့ ပြန်ဆုံရမလဲလို့ အားလုံးပဲ သိချင်နေကြပါတယ်။ ပထမ တစ်ရက်နှစ်ရက်တော့ အဲဒီနေရာက ဆူဆူညံညံကြားတိုင်း အစောင့်တွေလာကြည့်ပြီး ခေါင်းရမ်းထွက်လာတာကို တွေ့ရပါတယ်။ နောက်တော့ သူတို့လည်း ရိုးသွားပြီး လာမကြည့်တော့ပါဘူး။

ဒီတုန်းက ကျွန်တော်ကတော့ ကိုယ့်အခန်းထဲမှာပဲ အနေများပြီး ပိုက်ဆံဗေဒင်ခေါက်တယ်။ ရတနာ့သုတ် ရွတ်တယ်။

## ကိုယ့်အပြစ်ကို ကိုယ်ဝန်မခံလို

ငါဟာ သူများတစ်တွေထက်သာတယ်ဆိုတဲ့ အယူကို မစွန့်ရသေးတော့ သူများလိုလဲ မလေ့လာဘူး။ ဒီတော့ အခြေခံတွေးပုံခေါ်ပုံလည်း ဘယ်ပြောင်းမလဲ။ ထုံးစံအတိုင်း ကိုယ့်အပြစ်ကိုလည်း ကိုယ်ဝန်ခံလိုစိတ် မရှိနိုင်ဘူးပေါ့။

ဥပဒေစကားပြောရင် ကျွန်တော့်ဟာ နိုင်ငံကိုသစ္စာဖောက်တာ အမှန်လို့ ကိုယ့်ဘာသာကိုယ် သိပါတယ်။ ဒါပေမယ့် အဲဒါကို ကံကောင်းလို့ဖြစ်ရတာလို့လည်း လက်ခံထားတယ်။ အားကြီးအားသာတဲ့လူကို မှန်တယ်လို့ ယူဆကြတာပဲ မဟုတ်လား။ နိုင်တဲ့လူကို မှန်တယ်လို့ ယူဆကြတာပဲ မဟုတ်လား။ နိုင်တဲ့လူက ရှင်ဘုရင်၊ ရှုံးတဲ့လူက ဓားပြလူဆိုးဖြစ်ရမြဲပဲ။ ဒီလိုပဲ ကျွန်တော် ဟိုတုန်းက ထင်နေပါတယ်။ ငါ့မှာ ဘာအပြစ်မှမရှိ။ ဘယ်ဝါဒက ငါလုပ်ခဲ့သမျှအပြစ်လို့ စွပ်စွဲနိုင်မလဲ။ အတွေးပြုပြင်သင့်တယ်ဆိုတာမျိုးကိုလည်း ကျွန်တော်မကြားဖူးပါ။

ဒဏ်က လွတ်အောင် ကျွန်တော်တတ်တဲ့ ထုံးစံနည်းတွေသုံးဖို့လည်းလိုမယ်လို့

ထင်ပြီး ဆိုဗီယက်အာဏာပိုင်တွေကို လာဘ်ထိုးဖို့ ကြိုးစားကြည့်ပါတယ်။ သူတို့ပဲ ငါ့ကံကြမ္မာရှင်တွေ၊ သူတို့ကို ပသရမယ်။ ဒီသဘောနဲ့ ဆိုဗီယက် ယူနီယံမှာ စစ်ပြီး ပြန်လည် ထူထောင်ရေး ရန်ပုံငွေအဖြစ် သုံးပါဆိုပြီး ကျောက်မျက်ရတနာတချို့ကို ပေးအပ်ပါသေးတယ်။

အကုန်တော့မပေးပါ။ အကောင်းဆုံးကို ကိုယ့်ဖို့ဆိုပြီး ဖယ်ထားပါသေးတယ်။ ကျွန်တော့်သေတ္တာမှာ အတွင်းအံ့ဝှက်ပါတယ်။ ဒီအထဲမှာထည့်ပြီး ဝှက်ထားလို့ တူတစ်ယောက်ကို ခိုင်းပါတယ်။ သူကလည်း ကြိုးစားပြီး အဲဒီအံ့ထဲထည့်ပေမယ့် အကုန်မဆန့်ဘူး။ ကျွန်တော်ဒါတွေကို ကြံစည်လို့ရသမျှ နေရာတွေမှာ လျှောက်ဝှက်ရပြန်တယ်။ နောက်ဆုံး နေ့စဉ်သုံး၊ ဆပ်ပြာခဲထဲမှာတောင် လာသမျှ ဖိနှိပ် ထည့်ပါသေးတယ်။ အဲဒါတောင် ကျန်နေသေးတော့ လွတ်ပစ်ဖို့ဘဲ ဆုံးဖြတ်ရပါတယ်။

တစ်နေ့တော့ ဆိုဗီယက်အရာရှိတစ်ယောက် စကားပြန်နဲ့ ပေါက်လာတယ်။ ပြောင်ပြောင်လက်လက် အခဲကလေးတစ်ခု လက်မှာကိုင်လို့ ဒါ ဘယ်သူ့ဟာလဲတဲ့။ ခြံထဲက အပူငွေ့ပေးပိုက်ပေါ်ကရခဲ့တယ်လို့ဆိုတယ်။ ဝိုင်းအုံကြည့်ကြပြီး ပီကင်း ပန်းထိမ်တံဆိပ်ပါတယ်လို့ ပြောကြပြန်တယ်။ တူတော်မောင်ကို သွားပစ်လိုက်လို့ ခိုင်းခဲ့ဖူးတဲ့ပစ္စည်းမှန်း ကျွန်တော် ချက်ချင်းသိပါတယ်။ ဒါပေမယ့် ကိုယ်နဲ့ကွာသွားပြီးမှ ကိုယ့်ဟာပြောရင် ကျန်တာတွေပါ မီးခိုးကြွက်လျှောက် ဖြစ်မှာစိုးရတာမို့ ဆန်းလိုက်တာ၊ ဘယ်သူဟာများပါလိမ့်လို့ ကျွန်တော်ကလည်းရောပြီး ဟန်လုပ်နေပါတယ်။ သစ်သားဘီးတစ်ခုကိုကိုင်ပြီး စကားပြန်က ကျွန်တော်ကို ကြည့်ပြီးတော့ ခင်ဗျားဘီးလို့ သိတယ်ခင်ဗျာ။ ဒီဘီးနဲ့အတူ တွေ့တာပါတဲ့။ ကျွန်တော်ကလည်း မထူးဘူးဆိုပြီး ဆက်ငြင်းတော့ သူတို့နှစ်ယောက်လည်း ခဏလောက် အမ်းအမ်း ဖြစ်နေပြီးမှ ထွက်သွားကြတယ်။ အဲဒီနောက်တောင် ဆိုဗီယက်ယူနီယံက မထွက်ရခင် ပုလဲတချို့ကို မီးရှို့ပစ်တယ်။ တချို့ကို လီကို မီးခိုး ခေါင်းတိုင်ပေါက်ထဲမှာထည့်ပြီး ထားခိုင်းတယ်။

ကျွန်တော် ဂျပန်ကို သိပ်မုန်းနေပြီမို့ ဆိုဗီယက်အာဏာပိုင်တွေက အရှေ့မြောက်မှာ ဂျပန်ကျူးလွန်တာတွေ ကျွန်တော့်မေးတဲ့အခါ အပုံကြီးပြည့်စုံအောင် အားတက်သရောဖြေခဲ့ပါတယ်။ အရှေ့ဖျားနိုင်ငံတကာ စစ်ခုံရုံးက ၁၉၄၆ခု၊ ဩဂုတ်လတွင်းမှာ ကျွန်တော့်ကို ဆင့်ခေါ်တယ်။ ဒီအခါမှာ ဂျပန်တွေ ကျူးလွန်ထားတဲ့အပြစ်တွေကို အပြင်းထန်ဆုံး ဖော်ထုတ် ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် ကိုယ့်အပြစ်ကိုတော့ ဖုံးခဲ့ပါတယ်။ ကျရောက်မယ့် ဒဏ်ကို ကြောက်လို့ပါဘဲ။ ကျွန်တော်ရှစ်ရက်လုံးလုံး တရားခွင်မှာ စကားပြောတယ်။ အစစ်ခံတဲ့အထဲမှာ ကျွန်တော် လျှာအရှည်ဆုံးပေါ့။ အံ့ဩစရာကို တမင်ရှာပြီး ရောင်းရတွင်အောင်ရေးတဲ့ ကမ္ဘာ့သတင်းစာအစောင်စောင်မှာပဲ ကျွန်တော် ပြောသမျှကိုအသားပေးပြီး ထည့်ကြပါတယ်။

ကျွန်တော် သက်သေခံရတဲ့ သဘောက ဂျပန်က တရုတ်ကို ဝင်တိုက်တဲ့

စိတ်ထားအမှန်ကို ဖော်ထုတ်ချင်လို့ပဲ တစ်ကြောင်း၊ အရှေ့မြောက်မှာ ကျွန်တော့်ကို ရုပ်သေးလို ကြိုးဆွဲပြီး ဘယ်လို စေခိုင်း အသုံးချတယ်ဆိုတာ ထင်ရှားစေလိုလို့လည်း တစ်ကြောင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်ပြောမိသမျှကို အခုမှတွေးပြီး ရှက်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ကိုယ့်တိုင်းပြည်က ကိုယ့်ကိုဒဏ်ပေးမယ့် အချက်ကြရင် ဖွင့်မပြောမိခဲ့လို့ပါဘဲ။ ဂျပန်နယ်ချဲ့နဲ့ ဟိုရှေးရှေးကပဲ ကျွန်တော် အဆက်အဆံ လုပ်နေတာကို မပြောပြခဲ့ဘူး။ ဒီလို ဆက်ဆံခဲ့လို့သာ သူတို့လက်တွင်းကို ၁၉၃၁ခု၊ စက်တင်ဘာလ ၁၈ရက်ကျော်တဲ့အခါ လွယ်လွယ်ရောက်သွားရတာပေါ့။ အဲဒီလို အခြေခံကိုဝှက်ပြီး ဂျပန်က ဘယ်လိုအတင်းအကျပ်ခိုင်းလို့ ကျွန်တော်က ဘာလုပ်ရတာပဲဆိုတာမျိုးပဲ ပြောခဲ့တယ်။

တရားခွင်မှာ ကျွန်တော်စိတ်ထိခိုက်ပုံကို အကြိမ်တော်တော်များများ ခင်းကျင်းခဲ့ပါသေးတယ်။ ကောင်းကင်ဘုံရဲ့ ထွန်းပနတ်ရှင်မယ်ကို အရှေ့မြောက်မှာ ပူဇော်ပသရမယ်လို့ စိမ်ပုံကို ကျွန်တော် ပြောနေတုန်းမှာ ဂျပန်ရှေ့နေက အခုလို ဂျပန်ရောစ်မျိုးကို ပုတ်ခတ်ပြောနေတာ ရှိသေထိုက်သူကို ရှိသေရမယ်ဆိုတဲ့ အရှေ့တိုင်းလူ့ကျင့်ဝတ်နဲ့ ညီပါသလားလို့ မေးတယ်။ ဒီအခါမှာ ကျွန်တော်က အော်ဟစ်ပြီး ကျွန်တော့်ဘိုးဘွားကို သူတို့ အဘိုးအဘွားလုပ်ရမယ်လို့ ကျွန်တော် မခိုင်းခဲ့ဘူးလို့ ပြောလိုက်တယ်။ တစ်ခန်းလုံး ပွဲကျသွားတယ်။ ကျွန်တော် သိပ်စိတ်ဆိုးပါတယ်။

ကိုယ်လုပ်တော် တန်ယုလိန်သေဆုံးရပုံကို ပြောပြတဲ့အခါ မသင်္ကာဖြစ်ခဲ့တာကို တကယ့်အမှန်လို့ စွပ်စွဲပြီး ပြောပါတယ်။ ကြေကွဲတဲ့အသံနဲ့ သူ့လို မိန်းကလေးတောင် ဂျပန်သတ်ရက်ပါတယ်လို့ နိဂုံးချုပ်လိုက်ပါတယ်။ ပြောရင်း ကျွန်တော် တကယ်လည်း စိတ်ထိခိုက်တယ်။ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင် ဂျပန့် အနိုပ်စက်ကို အလူးအလဲခံရပါတယ်လို့ ပရိသတ်မြင်အောင် လုပ်ခဲ့ပါတယ်။

တရားခံတွေဘက်က ရှေ့နေသင်းက ကျွန်တော့်သက်သေထွက်ချက်ကို အလကားစကားတွေဖြစ်အောင် နည်းအမျိုးမျိုးသုံးပြီး ချေပကြတယ်။ နောက်ဆုံး ကျွန်တော်ဟာ သက်သေခံထိုက်တဲ့ လူမဟုတ်ဘူးတဲ့။ (တရားခံအဝင်အပါ တစ်ယောက်ပဲ မဟုတ်လားဆိုတဲ့ သဘောပေါ့လေ) သူတို့ မအောင်မြင်ပါဘူး။ ဒီနေရာမှာအောင်မြင်တယ်ထားဦး။ တရားခံတွေကိုတော့ ဘယ်နည်းနဲ့မှ ကွင်းလုံးကျွတ် လွတ်အောင် ကယ်နိုင်ကြဖို့ လမ်းမရှိ။ ကျွန်တော် ဘာကို စိုးရိမ်နေသလဲဆိုတာ သူတို့အကဲခတ်မိပြီး အဲဒါနဲ့လှည့်ခြောက်တဲ့အခါတော့ ကျွန်တော်နည်းနည်း ငိုင်သွားတယ်။ ကျွန်တော့် ပြောစကားအရ ဂျပန်ကျူးလွန်မှုတွေကို စာရင်းလုပ်တော့ အမေရိကန်ရှေ့နေ တစ်ယောက်က အပြစ်ရှိသ၍ ဂျပန့်အပေါ်ပုံချနေ။ သိပ်မကြာဘူး ခင်ဗျားလည်း ဒီလိုဘဲ တရုတ်အစိုးရလက်ထဲမှာ ဒီနည်းခံရလိမ့်ဦးမယ်လို့ အော် ပြောဖူးပါတယ်။ သူ့ခြောက်လုံးဟာ သိပ်ပိုင်တယ်။ သူပြောတာကို ကျွန်တော် ဟကယ် ကြောက်လွန်းလို့ ကျွန်တော်ဟာ တိုင်းပြည်ကို သစ္စာဖောက်တာ မဟုတ်ဘူး။ ဂျပန်ကလာပြီး လူကို

ခိုးသွားလို့ သူတို့ဘက် ပါသွားတာပါ။ သူတို့နဲ့ လိုလိုချင်ချင် တွဲဖက်တာမဟုတ်ပါဘူး။ အတင်းခိုင်းတာပါ။ ပြီးတော့ မိနမိဂိုရှောဆီကို ကျွန်တော် ရေးတဲ့စာဟာလည်း ကိုယ်တိုင်ရေးမဟုတ်ဘူး။ အတုပါလို့ ပြောခဲ့တယ်။ ကိုယ့်အပြစ်ကို ဖုံးတဲ့အခါမှာ ဂျပန်နယ်ချဲ့ရဲ့အပြစ်ကို ကုန်စင်အောင် မဖော်နိုင်တော့ဘူးပေါ့။ ဒီနည်းနဲ့ နယ်ချဲ့ကို ကူညီလိုက်မိပါသေးတယ်။

* * *

အခန်းရှစ်

# ကြောက်လို့ပုံးခဲ့ပေမယ့် မော်ရမယ်လို့ နားလည်လာခဲ့တယ်
# **သေရတော့မယ်ပဲ ထင်တယ်**

မန်ကျူကော စစ်တရားခံတွေသယ်လာတဲ့ ဆိုဗီယက်မီးရထားဟာ ၁၉၅၀ ပြည့်၊ ဂျူလိုင် ၃၁ရက်မှာ တရုတ်ဆိုဗီယက်နယ်စပ် ဧွေဖွဲန်ဟောဘူတာကို ဆိုက်ရောက်လာပါတယ်။ ကျွန်တော်တို့ကို စောင့်ရှောက်ပြီး ပါလာတဲ့ ဗိုလ်ကြီးအက်စနစ်က မနက်ဖြန်ဆိုရင် ကျွန်တော်တို့ကို တရုတ်အာဏာပိုင်တွေရဲ့ လက်ထဲကို လွှဲပြောင်းပေးရမယ်။ ဘာမှမစိုးရိမ်ဘဲ ကောင်းကောင်းအိပ်ကြပါလို့ လာပြောတယ်။

ခဗရော့စစ်မှာ ရထားပေါ်တက်ကတည်းက ကျွန်တော့်အမျိုးတွေနဲ့ ကျွန်တော့်ကို ခွဲထားပြီးပါပြီ။ ကျွန်တော်ကဆိုဗီယက် စစ်အရာရှိတွေပါတဲ့တွဲပေါ် တက်လိုက်ရတယ်။ ဘီယာတိုက်တယ်။ စားစရာအချိုအချဉ်ကျွေးတယ်။ လမ်းတစ်လျှောက်လုံး ရယ်စရာပုံပြင်တွေပြောပြီး သူတို့က ကျွန်တော့်ကို ဖြေဖျော်လာကြတယ်။ ငါသေမှာမို့ သူတို့ဒီလောက်ကောင်းနေတာလို့ပဲ အဓိပ္ပာယ်ကောက်တယ်။ တရုတ်မြေနင်းမိတယ်ဆိုရင် ငါ့ဘဝဇာတ်လမ်းကုန်ပြီလို့ပဲ တွက်ထားပါတယ်။

တစ်ဖက်အိပ်စင်ပေါ်က ဗိုလ်ကြီး အက်စနစ်အသက်မှန်မှန်ရှူပြီး အိပ်ပျော်နေပြီ။ ကျွန်တော်က မျက်လုံးကျယ်ပြီး အိပ်မရ၊ သေရမယ့်လူကိုး။ ထထိုင်ပြီး ခပ်တိုးတိုး ဗုဒ္ဓကျမ်းစာတွေ ရွတ်နေပါတယ်။ ပြန်လှည့်တော့မယ် အလုပ်မှာစကြိုပေါ်က စစ်သားခြေသံတွေကြားတယ်။ ပြတင်းကကြည့်စမ်းတော့လည်း ဘာမှမမြင်။ ခြေသံတွေတော့ ဝေးဝေးသွားပါပြီ။ ခပ်လှမ်းလှမ်းမှာ လက်နှိပ်ဓာတ်မီး တစ်ချက်တစ်ချက်လက်တာပဲ မကောင်းဆိုးဝါးအချက်ပြသဘော မြင်လိုက်ရတယ်။ သက်ပြင်းတစ်ချက်ချပြီး ကိုယ့်အိပ်စင်မှာ ခွေခွေကလေးနေရင်းက စားပွဲပေါ်မှာ ဖယိုဖရဲဖြစ်နေတဲ့ ဘီယာပုလင်းတွေကို ကြည့်မိတယ်။ အက်စ်စနစ်က ဘီယာသောက်ရင်း ခင်ဗျားတော့ မနက်ဖြန် အရဏ်တက်ဆိုရင် အမိမြေကြီးကို နင်းရမယ်။ ဝမ်းသာစရာအခါ ဆိုရမယ်။ ဘာမှမစိုးရိမ်နဲ့။ ကွန်မြူနစ်နိုင်ငံရေး အာဏာဆိုတာ ဒီ ကမ္ဘာမှာ အယဉ်ကျေးဆုံးဗျ၊ တရုတ်ပါတီနဲ့ လူထုဟာ အင်မတန် ကြင်နာတတ်ကလားလို့ သူပြောကာကို ပြန်ပြီး

မြင်ယောင်ကြားယောင်တယ်။

အက်စနစ်အိပ်တဲ့ဘက်ကို လှမ်းကြည့်ရင်း လူညာလို့ ခေါ်မိတယ်။ မင်းစကားတွေ၊ ဘီယာတွေ၊ စားစရာတွေအားလုံးဟာ ပရိယာယ်ကြီးပဲလို့ ငါသိပါတယ်ကွာ။ အပြင်မှာကျနေတဲ့ နှင်းတစ်စက်လို ရောင်နီလာရင် ကြေလွင့်မှာက ငါ့အသက်၊ မင်းကတော့ ခွေးတစ်ကောင်လို အပူအပင်မရှိအိပ်နိုင်တာပေါ့လို့ စိတ်ထဲက ရေရွတ်နေမိပါတယ်။

ကွန်မြူနစ်ဆိုတာ "ယဉ်ကျေး"နိုင်တယ်လို့ ကျွန်တော်မယုံဘူး။ ကျွန်တော့်စိတ်ထဲမှာ သူတို့တွေဟာ ဟို အရင် ဆယ်နှစ်ကျော်က ပီကင်း၊ တီအင်ကျင်နဲ့ ကျန်ကျူန်မှာတုန်းက ကျွန်တော်ကြားဖူးသလို ခုလည်း "ရေရှူးနွားရိုင်း"တွေပဲ ဖြစ်မှာပေါ့။ ဆိုဗီယက်ယူနီယံဟာ ကွန်မြူနစ်နိုင်ငံဖြစ်ပေမယ့် ဟိုမှာ ကျွန်တော့်ကို ကောင်းကောင်းထားခဲ့တဲ့ သဘောက သူတို့ဟာ မဟာမိတ်ဘက်သားလည်း ဖြစ်တယ်။ နိုင်ငံတကာ ကတိခံဝန်ချက်တွေကလည်း ရှိနေတယ်။ ဒါကြောင့်ဘဲ အခု ကျိအန်ကိုင်ရှိအက်ကို ကွန်မြူနစ်က နှိမ်လိုက်ပြီးပြီ။ ဟိုကောင် ကျွန်တော့်မုန်းတာက တစ်ဆဆိုရင် သူတို့က အဆတစ်ရာမုန်းမယ်။ ရက်စက်တယ်လို့ ကျော်ကြားတဲ့လူတွေရဲ့ လက်ထဲရောက်ပြီးလို့ရှိရင် အသေဆိုးပဲ သေရဖို့ရှိတယ်မဟုတ်လား။

တစ်ညလုံး ဒီလိုကြောက်စရာဘက်ကပဲ လှည့်ပြီး တွေးနေပါတယ်။မနက်ဗိုလ်ကြီး အက်စနစ်က တရုတ်အစိုးရက ကိုယ်စားလှယ်တွေနဲ့တွေ့ဖို့ လိုက်ခဲ့ပါလို့ ခေါ်တဲ့အခါမှာ ငါမသေခင် ကေရာဇ်တိုင်ကျီအသက်ရာကျော် ရှည်ပါစေလို့မှ အော်နိုင်ပါ့မလားလို့ တွေးမိတယ်။

တစ်ကိုယ်လုံးက အာရုံကြောတွေ ထုံနေတယ်လို့ ထင်ပါတယ်။ ဗိုလ်ကြီးအက်စနစ်က ရှေ့ဆောင်ပြီးနောက် တစ်တွဲကို ဝင်လိုက်တော့ တရုတ်နှစ်ယောက်ထိုင်နေတာ တွေ့ပါတယ်။ တစ်ယောက်က အရပ်သားအပြာဝတ်စုံနဲ့။ တစ်ယောက်ကတော့ ကာကီစစ်ဝတ်စုံဝတ်ထားတယ်။ ရာထူးအဆင့်တံဆိပ်မတွေ့ဘူး။ ရင်ဘတ်မှာဘဲ "တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်"လို့ စာတန်းတွေ့တယ်။ သူတို့က မတ်တတ်ရပ်ပြီး အက်စနစ်နဲ့ စကားတစ်ခွန်းနှစ်ခွန်းပြောပြီး အရပ်ဝတ်နဲ့လူက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ဝန်ကြီးချုပ် ကျိုအင်လိုင်အမိန့်နဲ့ ခင်ဗျားကို လွှဲပြောင်းလက်ခံဖို့ လာခဲ့ကြပါတယ်။ ခင်ဗျား အမိနိုင်ငံကို ပြန်ရောက်လာပြီလို့ ပြောတယ်။

စစ်သားက ကျွန်တော့်ကို လက်ထိတ်ခတ်တော့မှာလို့ မျှော်ကိုးရင်း ခေါင်းအသာငုံ့နေပါတယ်။ ဒါပေမယ့် အဲဒီစစ်သားက မလှုပ်မရှား ကျွန်တော့်ကိုပဲ ကြည့်နေတယ်။ နောက်တစ်နာရီကြာတော့ ရထားပေါ်က ဆင်းခဲ့ကြတဲ့အခါ ငါ မပြေးနိုင်ဘူးဆိုတာ သိထားလို့ လက်ထိတ်မခတ်တာဖြစ်မယ်လို့ တွေးမိသေးတယ်။ တစ်ဖက်က ဆိုဗီယက်စစ်သားတွေတန်း၊ အခြားတစ်ဖက်က တရုတ်တပ်သားတွေ၊ ရင်ဘတ်မှာ

ခု အရာရှိလိုပဲ စာတစ်တန်း ချိတ်ဆွဲထားကြတယ်။ သူတို့ကြားထဲက လျှောက်ထွက်လာခဲ့ရတယ်။ တစ်ဖက်က ရထားတွဲပေါ် တက်လိုက်တယ်။ ဒီရင်ဘတ်တံဆိပ်နဲ့ လူတွေဟာ ကျီအန်ကိုင်ရှိအက်ရဲ့ လူရှစ်သန်းကို ခြေမှုန်းနိုင်သူတွေလို့ ကျွန်တော် သိထားပါတယ်။ သူတို့အမြင်မှာ ကျွန်တော်ဟာ လောက်ကောင်လောက်မှ တန်ဖိုးထားမယ် မဟုတ်ဘူးလို့ တွေးမိတာပေါ့။

တွဲထဲမှာ "မန်ကျူကော"အရာရှိဟောင်းတွေ ကျွန်တော့် နန်းရိုးအမျိုးတွေကို တွေ့ရပါတယ်။ သူတို့လည်း ခပ်တောင့်တောင့်ထိုင်လို့ ဘယ်သူ့ကိုမှ လက်ထိတ်ခတ်ထားတာ မတွေ့ရဘူး။ ကျွန်တော့်ကို တွဲဆုံးနားက ထိုင်ခုံမှာ နေရာပေးတယ်။ စစ်သားတစ်ယောက်က ကျွန်တော့်သေတ္တာကို ပစ္စည်းတင်စင်ပေါ် တင်ပေးပါတယ်။ ပြတင်းက အပြင်ကို ကြည့်စမ်းတယ်။ စက္ကူကပ်ထားလို့ မမြင်ရ။ တွဲဟိုဘက် ဒီဘက်ထိပ်တွေမှာ စက်သေနတ်ငယ်ကိုင်တဲ့ စစ်သားတစ်ယောက်စီ ရှိနေတယ်။ ကျွန်တော့်နှလုံးအခုန်ရပ်သွားတယ် ထင်ရတယ်။ သတ်မဲ့နေရာကို ခေါ်ဖို့ပဲလို့ နားလည်လိုက်ပါတယ်။ ကျွန်တော့်ပတ်လည်မှာ ထိုင်နေတဲ့ လူတွေအားလုံးကလည်း မျက်နှာမှာ သွေးတစ်ပေါက်မှ မရှိကြဘူး။

နောက်တော်တော်ကြာမှ လက်နက်မပါပေမယ့် အရာရှိလို့ထင်ရတဲ့ လူတစ်ယောက်ဟာ တွဲအထဲကိုရောက်အောင် လျှောက်လာပြီး ကျွန်တော်တို့ကိုလှည့်ကြည့်ပြီးမှ အမိနိုင်ငံကို ပြန်ရောက်လာကြရပြီမို့ ကောင်းတယ်၊ ခင်ဗျားတို့ အစစအဆင်ပြေအောင် ဗဟိုပြည်သူ့အစိုးရက တာဝန်ယူပါတယ်။ ဘာမှမကြောက်ကြပါနဲ့။ ရထားပေါ်မှာ ဆေးဖက်အမှုထမ်းတွေလည်း ပါလာတယ်။ နေမကောင်းတဲ့လူရှိရင် ပြောပါတဲ့။

ဘာအဓိပ္ပာယ်နဲ့ ဒါကို လာပြောနေသေးလဲ။ လမ်းမှာ ကသောင်းကနင်း မဖြစ်အောင်လာပြီး ညာတာပဲပေါ့။ စစ်သားတချို့ဝင်လာပြီး တူတစ်စုံနဲ့ ပန်းကန်တစ်လုံးစီ ဝေပြန်တယ်။ နည်းနည်းဂရုစိုက်ပြီး ဒီပစ္စည်းတွေထိမ်းပါ။ ပျောက်သွားရင် လမ်းမှာ အစားပေးဖို့ ခက်ပါလိမ့်မယ်တဲ့။ ဒီလိုဆိုတော့ အသတ်ခံရမယ့်နေရာကို အတော်ကြာသွားရဦးမယ်လို့ ဆိုလိုတာပေါ့လို့ပဲ ကျွန်တော်တွေးတယ်။

နံနက်က ဟင်းရွက်ချဉ်၊ ဆားစိမ်ဥနဲ့ ဆံပြုတ်။ နှစ်ပေါင်း အတော်ကြာ တိုင်းရင်းသားအစာနဲ့ဝေးနေတော့ သိပ်ခံတွင်း တွေ့တယ်။ ဆန်ပြုတ် ဆွဲချိုင့်ကြီးတစ်လုံး ခဏလေးနဲ့ ပြောင်သွားတယ်။ စစ်သားတွေက ဒါကို မြင်တဲ့အခါ သူတို့ စားမလို့ ဟန်ပြင်နေတဲ့ ဆန်ပြုတ်တချို့ကို သူတို့မစားဘဲ ကျွန်တော်တို့ကို လာပေးတယ်။ ရထားပေါ်မှာ ချက်ပြုတ်စရာမီးဖိုတွေ၊ လိုမယ့်ပစ္စည်းတွေ၊ ဘာမှမပါဘူးဆိုတာ သိရတော့ နောက်တစ်ဘူတာရောက်မှ သူတို့ထပ်ချက်ကြရမှာပေါ့။ ဒီတော့ သူတို့ မကောင်းမှုပြုမှာကို တယ်လည်း ပိရိအောင် ဝှက်တတ်ပါလားလို့ပဲ ကျွန်တော် အနက်ဖော်လိုက်တယ်။

စားပြီးကြတော့ တချို့ဟာ စောစောကလောက် မျက်နှာမညှိုးငယ်တော့ဘူး။ အခုလို စစ်သားတွေပြုမူတာကိုထောက်ရင် သူတို့ဟာ အင်မတန် စည်းစနစ်ကျနအောင် သင်ကြားထားတာ ခံရသူတွေဖြစ်မယ်။ ဒီတော့ ခရီးလမ်းဆုံးမရောက်ခင် သူတို့ အညှဉ်းဆဲတော့ဖြင့် ခံရဖို့မရှိဘူးကို ပြောကြပါတယ်။ ကျွန်တော့် အယူအဆက အဲဒါရဲ့ပြောင်းပြန်ပေါ့။ ကွန်မြူနစ်တွေဟာ ကျွန်တော့်ကို သိပ်မုန်းတဲ့အတွက် လမ်းမှာပဲ လက်စားချေမယ်။ သတ်မယ်။ ဒါဟာ မလွဲမသွေ ဖြစ်ရမယ့်ကိစ္စ။ ကနေ့ နေ့လယ် မသတ်လည်း ညသတ်ရင်သတ်မှာပေါ့။ တချို့က မနက်စာစားပြီး တစ်ရေးတစ်မော အိပ်လိုက်ကြသေးတယ်။ ကျွန်တော်ကတော့ စိတ်ထဲမှာ မသက်မသာရှိလွန်းလို့ စကားပြောနေရရင် တော်သေးရဲ့ဆိုပြီး စကားပြောရမယ့်လူ ရှာပါတယ်။ အစောင့် စစ်သားတွေကို ငါ့လိုလူကို မင်းတို့ မသတ်ထိုက်ဘူးလို့ ပြောပြချင်ပါတယ်။

ကျွန်တော့် မျက်နှာချင်းဆိုင်နေရာမှာ လုံခြုံရေး စစ်သားငယ်တစ်ယောက် ထိုင်နေပါတယ်။ ဒီသူငယ်ကြည့်ရာ စကားလက်သင့်ခံမဲ့ပုံ ပေါ်ပါတယ်။ သူ့ကို သေသေချာချာကြည့်တော့ ရင်ဘတ်က စာတန်းကိုတွေ့ရလို့ ဒါကစပြီး ပြောမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ခင်ဗျားက တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်သားထင်ပါ့လို့ စလိုက်တယ်။ (အခုအကြိမ်ဟာ လေးစားတဲ့ သဘောနဲ့ တစ်ဖက်သားကို ခင်ဗျားလို့ ကျွန်တော့်တစ်သက်မှာ ပထမဆုံးခေါ်ဖူးတဲ့ အကြိမ်ပါပဲ) လွတ်မြောက်ရေး ဆိုတဲ့ အနက်သဘောသွားဟာ သိပ်လေးနက်တယ်။ ကျွန်တော်က ဗုဒ္ဓဘာသာဝင်မို့ ဗုဒ္ဓ ကျမ်းစာတွေထဲက လွတ်မြောက်ရေးအကြောင်းကို နည်းနည်းတော့ လေ့လာထား ပါတယ်။ ဗုဒ္ဓရှင်တော်ဘုရားဟာ မဟာကရုဏာတော်နဲ့ သတ္တဝါတွေကို ကယ်တင် တော်မူမယ်လို့–

စစ်သားငယ်ဟာ ကျွန်တော့်ကို ပြုံးပြီး အကြောင်သား ကြည့်နေတယ်။ နားထောင်ပေးမယ့် မကြားဆိုတဲ့ ပုံစံပါဘဲ။ ကျွန်တော့်တစ်သက်မှာ ဘာကိုမှ မသတ် ဖူးဘူး။ အဆုံးပြောမယ် ယင်တစ်ကောင်မသတ်ဘူးလို့ ပြောတဲ့အခါ သူ့မျက်နှာအမူ အရာနဲ့ ကျွန်တော်ပြောစကားနဲ့ ဘာမှမဆိုင်သလို တွေ့ရတယ်။ ကျွန်တော်လည်း စိတ်ဓာတ်ကျဆင်းပြီး စကားရပ်လိုက်ရပါတယ်။ ကျွန်တော်က ဒီစစ်သားကို နားမလည် သလို သူကလည်း ကျွန်တော့်ကို နားမလည်နိုင်ဘူးလို့ ဟိုတုန်းက မရိပ်မိခဲ့ဘူး။

ကျွန်တော်ပိုလို့ပဲ အားငယ်လာစရာ တွေ့ရပါသေးတယ်။ ရထားဘီးလိမ့် သံကို ကြားရတာဟာ သေမင်းနဲ့ နီးနီးသွားပြီလို့ နှိုးဆော်ပေးနေတာပဲ မဟုတ်လား။ ကျွန်တော်က နေရာကဆတ်ခနဲထပြီး တွဲဘက်စွန်းကို သူများထိုင်ခုံတွေက ဖြတ်ပြီး လျှောက်သွားပါတယ်။ အိမ်သာတံခါးရှေ့မှာ ရပ်ပြီးမှ ပြန်လျှောက်လာမိတယ်။ တွဲ တစ်ဝက်လောက်ရောက်တော့ တူတော်ယျူလေးက တိုးတိုးလေးသံနဲ့ ဒီမိုကရေစီနဲ့ ပဒေသရာဇ်အကြောင်းအနားကလူကို ပြောသံကြားတော့ ကျွန်တော်လည်း ဖြုန်းခနဲ ရပ်လိုက်ပြီး ပဒေသရာဇ်အကြောင်း အခုနေပြောတုန်းပဲလား။ ဒီမိုကရေစီ မကောင်း

ဘူးပြောတဲ့အကောင် ငါနဲ့တွေ့မယ်လို့ အော်ပြောမိတယ်။

ဒီလို အော်သံကြားလို့ လူတိုင်း အံ့အားသင့်သွားတယ်။ ကျွန်တော်ကတော့ တစ္ဆေသရဲပူးတဲ့လူလို ဆက်အော်နေသေးတယ်။ မင်းတို့အခု ဘာပြုလို့ ငါ့ကိုဝိုင်းကြည့်နေသေးလဲ၊ မစိုးရိမ်နဲ့ သူတို့က ငါ့ကိုပစ်သတ်ကြတော့မယ်လို့ ပြောချ လိုက်တယ်။

စစ်သားတစ်ယောက်ပေါ်လာပြီး၊ ကျွန်တော့်နေရာကို တွဲခေါ်ပြီး ပို့ပေးမယ်။ မစိုးရိမ်ပါနဲ့ အေးအေးပေါ့လို့လည်း ပြောသွားသေးတယ်။ ကျွန်တော်ကသာ သူ့ကို အတင်းဆွဲထားပြီး အဲဒီကောင်လေးဟာ ကျွန်တော့်တူတော်တယ်။ သူဟာ ဒီမိုကရေစီကို မလိုလားတဲ့ အတွေးအခေါ်တွေနဲ့မို့ လူဆိုးပါ။ ဟိုဘက်တစ်ယောက်က ကျပ်လို့ ခေါ်တယ်။ အရာရှိဟောင်းပဲ။ ဆိုဗီယက်မှာနေခဲ့တုန်းက သူလည်း မကောင်းတဲ့ အတွေးအကြံတွေအများကြီး ပြောဖူးတယ်လို့ တိုးတိုးကပ်တိုင်လိုက်တယ်။ အဲဒီလို သူများရဲ့ မကောင်းသတင်းတွေ ဆက်ပြောနေပါသေးတယ်။ စစ်သားက လဲ့ပြီး ခဏအိပ်နေပါလားလို့ပြောတော့ မငြင်းသာတာနဲ့ လှဲရပေမယ့် မျက်စိမှိတ်ရက်ဆက်ပြောနေမိပါသေးတယ်။ နောက်ဆုံးမှ အိပ်ပျော်သွားတယ်။ မအိပ်ရတာလည်း ညအတော်များခဲ့ပြီကိုး။

နိုးလာတော့ နောက်တစ်နေ့မနက်ဖြစ်နေပါတယ်။ ကျွန်တော် တိုင်ထားတဲ့ လူနှစ်ယောက်ရဲ့ ကံကြမ္မာကို သိချင်စိတ် ပေါ်လာတယ်။ ဒီတော့ ခေါင်းထောင်ပြီး ကြည့်တဲ့အခါ အဲဒီနှစ်ယောက်က သူတို့နေရာဟောင်းမှာဘဲ ထိုင်နေတာတွေ့တယ်။ ယုူလေးရဲ့ မျက်နှာက မူမပျက်ပေမယ့် ကျပ်ကြည့်ပုံကတော့ တစ်မျိုးဖြစ်နေတယ်။ သေသေချာချာကြည့်တော့ ကျပ်ဟာလည်း အားငယ်စိတ်ပျက်ပြီး ကိုယ့်လက်ကိုကိုယ် အပြန်ပြန် ကြည့်နေတာတွေ့ရတယ်။ သူ့ကိုယ်သူ သေမယ်သိနေလို့ ထင်ပါရဲ့လို့ ယူဆလိုက်ပြီးမှ ဖြုန်းခနဲ ကလဲ့စားချေတတ်တဲ့ တစ္ဆေပုံတွေသွားသတိရပြီး သူသေအောင်ကုန်းတိုက်တဲ့ ကျွန်တော့်ကို သေပြီးရင် လာနှောင့်ယှက်တော့မှာပါကလားလို့ လန့်တာနဲ့ သူ့ရှေ့ကိုသွားပြီး ဦးညွှတ်ခဲ့ပါတယ်။ ပြီးတော့ သေသူဝိညာဉ်ကိုငြိမ်းအေးစေတဲ့ ပရိတ်ကိုရွတ်ပြီး ကိုယ့်နေရာ ပြန်လာခဲ့ပါတယ်။

ရထားဟာ နေ့ပြီးရပ်သွားပါပြီ။ တစ်ယောက်က ကျိန်ကျုန်ဘူတာလို့ ပြောသံကြားလိုက်တယ်။ ကျွန်တော်လည်း စက်ရပ်သံပတ်ပေးလိုက်သလို ခုန်ထပြီး သံကျူကပ်ထားတဲ့ ပြတင်းကနေပြီး အစက်အပေါက်ရှိရင် မြင်ရရဲ့လို့ ကြိုးစားကြည့်မိဘယ်။ လူတွေ တော်တော်များများစုပြီး သီချင်းဆိုသံကြားလို့ ငါဒီနေရာမှာ ကေရာဇ်ဖြစ်ခဲ့တော့ ဒီနေရာမှာပဲ သတ်ဖို့အစီအစဉ်လုပ်ထားပြီး လူထုခုံရုံးမှာ စစ်ဆေးပြီး သေဒဏ်ပေးမှာဘဲပေါ့။ ဆိုဗီယက်မှာနေတုန်းကလည်း ဒေသအလိုက် ပဒေသရာဇ်တွေကို ခုံရုံးတင်ပြီးသတ်ပုံကို ဖတ်ရဖူးပြီးသားပဲ။ ပထမ စစ်ဝန်ထမ်းတွေရုံးပြီး စင်မြင့်ပေါ် ခေါ်သွားတယ်။ ဒီလိုတွေးနေတုန်း စစ်သားနှစ်ယောက်ဝင်လာလို့ ကျွန်တော် ကြောက်ပြီး တုန်နေပါပြီ။ တကယ်က သူတို့ဟာ မနက်စာ ဆန်ပြုတ်ပုံး ပေးရအောင်

လာကြတာပါ။ သူတို့ဝင်လာပြီး တယ်မကြာဘူး။ ရထားစထွက်ပါတော့တယ်။

ရထားဟာ ရှိန်ယန်နင်ရောက်ပြန်တော့ ငါ့အဘိုးအဘွား ဇာတိရပ်ဖြစ်လို့ ဒီမှာသတ်မှာလို့ ထင်လာပြန်တယ်။ ရထားရပ်တဲ့အခါ စာတစ်ရွက်ကိုင်ပြီး လူတစ်ယောက် တက်လာတယ်။ ဒီကနေ့ ပူအိုက်လှတယ်။ ခင်ဗျားတို့အထဲက အသက်ကြီးတွေ ကျယ်ကျယ်ဝန်းဝန်း အနားနေရအောင် ကျွန်တော်နဲ့ လိုက်ခဲ့ဆိုပြီး လူစာရင်းဖတ်ပါတော့တယ်။ ကျွန်တော်က အသက်လေးဆယ့်လေးမို့ အသက်ကြီး စာရင်းထဲပါတယ်ဆိုရင် ထားပါတော့။ ယှုလေးကိုလည်း ဒီစာရင်းထဲ တည့်ထားပါတယ်။ သူက သုံးဆယ်ကျော်လောက်ဘဲရှိမယ်။ ဒါဟာ ညာခေါ်တာ ဖြစ်နေတယ် မဟုတ်လား။ ကျွန်တော်က ဧကရာဇ်၊ ကျန်လူတွေက ဝန်ကြီးတွေ၊ ယှုလေးက ကျွန်တော် ကိုယ်တိုင်ထားတဲ့လူ။ ကျွန်တော်တို့ကားကြီး တစ်စီးပေါ်တက်ကြပြီးတဲ့အခါ သေနတ်ဆွဲ တပ်သားတွေလည်း တက်လိုက်လာတယ်။ အဲဒါပဲပေါ့ကွ။ တို့ဘိုးဘွားတွေဆီကို ငါ ကိုယ်တိုင်မင်းကို ခေါ်သွားပေးမယ်လို့ ကျွန်တော်က ယှုလေးကို ပြောမိတယ်။ သူလည်း မျက်နှာမှာ သွေးဆုတ်သွားတယ်။ စာရွက်လိပ်နဲ့လာတဲ့လူကသာ ဘာကြောက်ရမှာလဲဗျ။ အနားယူဖို့ ခေါ်ခဲ့ပါတယ်ပြောသား မဟုတ်လားတဲ့။ သူ ဘာပြောပြော ကျွန်တော်မယုံပါ။

ကားဟာ လက်နက်တွေ အများကြီးရှိတဲ့ အဆောက်အဦးကြီး တစ်ခု ရှေ့မှာရပ်ပါတယ်။ လက်နက်မပါတဲ့စစ်သားတစ်ယောက်ကလာပြီး ကြိုဆိုပြီး အိမ်ထဲကို ခေါ်သွားပါတယ်။ ပြီးတော့ အပေါ်ထပ် တက်ခိုင်းတယ်။ ကျွန်တော်လည်း မထူးဘူး သတ္တိဝင်လာပြီး သေမှာဖြင့်လည်း မြန်မြန်သေစမ်းပါစေဆိုတဲ့သဘောနဲ့ အပေါ်အင်္ကျီကိုချွတ်၊ လုံးထွေး ချိုင်းမှာညှပ်ပြီး အပေါ်ထပ်ကို ရှေ့ကတက်ပါတယ်။ ရှေ့ဆုံးကသွားတဲ့ စစ်သားကိုမိတော့ သူကလည်း မနေသာဘူး။ မြန်မြန်သွားရတယ်။ အခန်းကြီးတစ်ခုထဲကို ဝင်ပါဆိုလို့ ဝင်လိုက်တော့ စားပွဲတွေ ကုလားထိုင်တွေအသင့်၊ စားစရာသစ်သီးတွေ၊ မုန့်တွေ၊ စီးကရက်တွေ အသင့်တွေ့ပါတယ်။ အင်္ကျီကို စားပွဲပေါ် ပစ်တင်ပြီး သစ်သီးတစ်လုံးကို ယူစားပါတယ်။ သေရမယ့်လူကို ရိက္ခာပေးမြဲ မဟုတ်လား။ မြန်မြန်စားပြီးရင် ကိစ္စမြန်မြန် ငြိမ်းမယ်ပေါ့။ ကျွန်တော် သစ်တော့သီးစားလို့ တစ်ဝက်လောက်ရှိတော့ တစ်ခန်းလုံး လူပြည့်လာပါတယ်။

အရပ်ဝတ်နဲ့လူတစ်ယောက်ဟာ ကျွန်တော့်အနားမှာထိုင်ပြီး စကားပြောနေပါတယ်။ သူဘာပြောသလဲ သတိမထားမိပါ။ ကျွန်တော် သစ်သီးစားကုန်တဲ့အခါမှာ ရုတ်တရက် မတ်တတ်ရပ်ပြီး လာသွားကြမယ်လို့ခေါ်တော့ သူတို့က ဝိုင်းရယ်ကြပြီး သိပ်အရင်မလိုပါနဲ့ဗျာ။ ဖူရှုန်ရောက်တော့ ခင်ဗျားတို့ ဟန်ကျပန်ကျ အနားရမှာ၊ ဒီတော့မှလည်း စာပေကောင်းကောင်း လေ့လာနိုင်မှာပါတဲ့။

ကျွန်တော်ဖြင့် အံ့သြလွန်းလို့ စကားမပြောနိုင်ဘဲ အ,နေတယ်။ မသတ်ဘူးပေါ့။ ဘာသဘောလဲ။ ကျွန်တော်တို့ကို ခေါ်လာတဲ့လူ့လက်က စာရင်းစာရွက်ကို

ဆွဲယူပြီး ကြည့်မိတယ်။ ဒီလိုလုပ်တာကို လူတွေထပ်ပြီး ရယ်ကြတယ်။ စာရင်းစာရွက်မှာ သတ်စေဆိုတဲ့အမိန့် မပါပါဘူး။ ဒီလိုဖြစ်နေတုန်း ကျန်ကျိုနိုင်ဟွေ့ရဲ့သား ကျန်င် ကလေးဝင်လာပြီး သူတို့က စောစောကပဲ တရုတ်နိုင်ငံကို ပြန်ရောက်ပြီး အခု သူတို့ဘယ်မှာ ဘာလုပ်နေရတယ်ဆိုတဲ့သတင်းရယ်၊ ကျွန်တော့် သားချင်းတွေရဲ့ သတင်းရယ်၊ သူက ပြောပြပါတယ်။ စောစောက ပြန်ရောက်လာသူတွေ အသတ် မခံရဘူးဆိုတာ အသေအချာသိရတဲ့အခါ၊ သားချင်းတွေလည်း ကျန်းကျန်းမာမာ ရှိတယ်လို့သိရတဲ့အခါ သားငယ်သမီးငယ်တွေ ကျောင်းတက်တဲ့လူတက်၊ အလုပ် ထဲဝင်တဲ့လူဝင်လို့ သိရတဲ့အခါ အားလုံးမျက်နှာတွေ ရွှင်သွားပါတယ်။ ကျွန်တော့် မျက်လုံးထဲမှာတော့ မျက်ရည်တွေ စို့လာပါတယ်။

ရှဲန်ယန်င်က ဖူရှန်ကိုသွားတဲ့ အချိန်အတောအတွင်းမှာတော့ ကျွန်တော် စိတ်သက်သာရာ ရနေပါပြီ။ နို့မို့ရင် ရူးသွားနိုင်တယ်။ ခဗရော့စစ်က ထွက်လာ ကတည်းက ငါးရက်ကျော် သေဘေးကိုပဲ တွေးကြောက်လာခဲ့ရတယ်မဟုတ်လား။

## ဖူရှန်အရောက်

ရထား ဖူရှန်ရောက်တော့ တစ်ယောက်တစ်ပေါက် ရှေ့ရေးကို ပြောနေကြ တယ်။ အနိုပ်စက် အညှဉ်းဆဲမရှိ။ ကောင်းကောင်း နေကြရမယ့် လက္ခဏာလို့ ယူဆကြတယ်။ ရှဲန်ယန်င်က ယူလာတဲ့ စီးကရက်တွေ မိုးမွှန်အောင် သောက်ရင်း အလုအယက် စကားပြောနေကြပါတယ်။ တချို့ကလည်း ဓိမ်နဲ့နေနိုင်မယ့် ကလပ် တစ်ခုမှာ ကျွန်တော်တို့ကို တင်ထားမှာလို့ ထင်တယ်။ တချို့ကတော့ ခဏအနားယူ၊ ကွန်မြူနစ်စာအုပ်တွေ လေးငါးရက်ဖတ်၊ ပြီးရင် သားမယားရှိရာ လွှတ်ပေးမှာပါတဲ့။ ဒါကြောင့် ပြန်လာရင် အသင့်ပြင်ဆင်ပြီးရှိဖို့ အိမ်ထောင်ရှိရာကို သံကြိုးပို့လိုက် မယ်ဆိုတဲ့ လူလည်း ရှိနေတယ်။ ဒီလို မသွားကြရခင် ဖူရှန်မှာရှိတဲ့ ရေပူစမ်းမှာ ရေချိုးဖြစ်အောင် ချိုးသွားဦးမှလို့ တချို့က အားခဲနေပါတယ်။ စောစောက လူတိုင်း ကြောက်စိတ်ရှိခဲ့ပုံကို ပြန်ပြောပြီး တဝါးဝါးရယ်လိုက်ကြသေးတယ်။ ဒါပေမယ့် ရထားကအဆင်းမှာ လက်နက်ကိုင် အစောင့်တွေ ဝိုင်းထားရက်ရှိနေတာ မြင်ကြရတော့ စောစောက အပြုံးတွေ ပျောက်သွားပြန်တယ်။

လော်လီကြီးတွေဆီကို စစ်သားတွေက လိုက်ပို့တယ်။ ကျွန်တော့် ခေါင်းထဲမှာတော့ ဗလာပဲ။ ဝမ်းနည်းဝမ်းသာမရှိ။ ဘယ်သွားလို့ ဘယ်ရောက်တယ် လည်း သတိမထားမိ။ နောက်ဆုံး ကျွန်တော်တို့ ပတ်လည်မှာ အုတ်နံရံမြင့်မြင့် မှောင်မှောင်အပေါ်က သံဆူးကြိုးဆင့်ထားတယ်။ ထောင့်တွေမှာ မျှော်စင်တွေနဲ့ပေါ့။ တစ်ယောက်ချင်းတန်းစီပြီး တစ်ထပ်တိုက်ကလေးရှေ့မှာ ရှေ့ရှားနေတဲ့အထဲမှာ ကျွန်တော်လည်းပါတယ်။ ပြတင်းပေါက်တွေမှာ သံတိုင်တွေ တပ်ထားတယ်။ ဒါက

အကျဉ်းထောင်။

လမ်းကျဉ်းကလေးက ခေါ်သွားပြီး အခန်းကျယ်ကြီးထဲ ရောက်တော့ ကိုယ်အနံ့ အရှာအဖွေခံရတယ်။ ဒီကတစ်ဆင့် လက်နက်မပါတဲ့ စစ်သားတွေခေါ်ရာကို လိုက်သွားကြရတယ်။ ကျွန်တော် လိုက်သွားရတဲ့ စစ်သားက အချုပ်ခန်းတစ်ခုကို ပို့ခဲ့ပြီပေါ့။ သံမင်းတုံး ဆွဲဖွင့်သံဟာ နားထဲမှာ အတော်ကလောတယ်။ အချုပ်ခန်းထဲမှာ သစ်သား ခုတင်တစ်ခု၊ စားပွဲရှည်တစ်လုံး။ ခုံရှည်နှစ်ခု တွေ့ပါတယ်။ အတူနေရမယ့် "မန်ကျူကော"အရာရှိဟောင်းတချို့ကို ကျွန်တော်ကောင်းကောင်း မသိဘူး။ ဒါနဲ့ သူတို့နဲ့လည်း စကားမပြောဘူး။ သူတို့လည်း ကျွန်တော့်လို ကြောက်နေမလား။ ကျွန်တော်ရှိလို့ သူတို့အနေအထိုင် ကျဉ်းကျပ်နေမလား မသိပါ။ သူတို့က တစ်ဖက်ထောင့်မှာစုပြီး ခေါင်းငိုက်စိုက်နဲ့ ရပ်နေကြတယ်။ သူတို့ဘက်က ဘာသံမှလည်း မကြားရဘူး။ သံမင်းတုံးကြီး ပြန်ချသံကြားပါပြီ။ ဝါဒါတစ်ယောက်ဝင်လာပြီး ကျွန်တော့်ကို နောက်တစ်ခန်းခေါ်သွားပြန်ပါတယ်။ ကျွန်တော့် တူတော်သုံးယောက်၊ ညီတော် ပုကျိအယ်နဲ့ ယောက္ခမ ရုန်ယွန်ကိုတွေ့ရလို့ အံ့အားသင့်နေမိပါတယ်။ သားချင်းတွေအတူစုပြီး နေခွင့်ပေးသားဘဲ။ သူတို့အတွက် ဂွမ်းကပ်စောင်၊ မွေ့ရာ၊ ဆေးကြောသုတ်သင်ဖို့ ပစ္စည်းစုံရပြီ။ ကျွန်တော်ဖို့လည်း တစ်စုံယူထားပြီး ရှိနေပါပြီ။

ရုန်ယွန်ရဲ့စကားအတိုင်းဆိုရင် ဒီနေရာဟာ စစ်တပ်အကျဉ်းထောင်ဖြစ်လို့ လူတိုင်း စစ်ဝတ်စုံဘဲ ဝတ်ရမယ်။ ချက်ချင်း အနွံ့ ရာယ်မမြင်သေးဘူး။ ဘာပြုလို့လဲဆိုတော့ မျက်နှာသုတ်ပဝါနဲ့ သွားတိုက်တံ ပေးထားသေးလို့ပေါ့။ သူတို့က လူတိုင်းကိုရှာပြီး အဖိုးတန်တွေ သိမ်းထားလိုက်တယ်ဆိုပေမယ့် ပစ္စည်းလက်ခံ ရရှိတယ်ဆိုတဲ့ လက်မှတ် ထုတ်ပေးထားတယ် မဟုတ်လား။ ထုံးစံအကျဉ်းသမားကို ဒီလို ဘယ်လုပ်မလဲလို့။ စားစရာကလည်း မညံ့ပါဘူးတဲ့။

တူတော် ကူကလေးက တုံးတုံးတိတိဝင်ပြီး သေခါနီးမို့ အကောင်းကျွေးတာဗျလို့ ပြောလိုက်တယ်။

မဟုတ်ဘူးလေ၊ အဲဒီလို ကျွေးတဲ့အခါ ဝိုင်အရက်ပါလေ့ရှိပါတယ်။ အခု ဘယ်မလဲဝိုင်၊ နောက်တစ်ခါကျွေးရင် ခုနလိုဘဲ ကောင်းသေးလားဆိုတာပဲ စောင့်ကြည့်ရဦးမယ်။ ကောင်းမြဲကောင်းရင် မင်းပြောတာမှားပြီလို့ တို့များ ဆုံးဖြတ်နိုင်မယ်ပေါ့။ ဘာပြုလို့လဲဆိုတော့ သေရမယ့်လူကို ကျန်းမာရေး ကောင်းမကောင်း စစ်ဆေးပေးကြလို့ပါဘဲ။ သူတို့စစ်ဆေးပုံဟာ အင်မတန် အသေးစိတ်ကျတယ်။ အရင်က ဘာရောဂါတွေ ဖြစ်ဖူးသလဲ။ ထုံးစံဘာစားလေ့ရှိသလဲ။ ဘာကို မစားဘဲနေသလဲ။ စုံလို့ပဲမေးတယ်။ ဘောင်းဘီမည်းနှစ်ထည်၊ အပေါ်ဝတ်တစ်ထည်၊ အဖြူအတွင်းခံတွေနဲ့ အံ့သြစရာ စီးကရက်တွေ ရခဲ့ပါတယ်။ အသတ်ခံမယ့်လူကို ဒီကိုလုပ်မြဲမဟုတ်ဘူးပေါ့။

ရက်နည်းနည်းရတော့ အသက်လေးဆယ်ရွယ်လောက် လူပုပုကွကွ တစ်

ယောက် ကျွန်တော်တို့နေတဲ့ အလုံခန်းထဲ ဝင်လာပြီး လူစေ့နာမည်မေးတယ်။ ဆိုဗီယက်ယူနီယံမှာနေတုန်းက ဘာစာအုပ်တွေ ဖတ်ခဲ့ရသလဲလို့ သူသိချင်တယ်။ ညဘက်အိပ်ရေးဝအောင်ကော အိပ်ရပါရဲ့လားတဲ့။ ကျွန်တော်တို့ ဖြေပြီးကြတဲ့အခါ ကောင်းပြီ၊ အပြင်းအထန်စာပေလေ့လာရေး စနိုင်ဖို့ စာအုပ်တွေနဲ့ သတင်းစာတွေ ပို့ပေးလိုက်ပါ့မယ်ပြောပြီး ပြန်သွားတယ်။ သိပ်မကြာဘူး ပြောတဲ့အတိုင်း ရောက်လာပါတယ်။ အပျင်းပြေကစားဖို့ ကျားကွက်နဲ့ ဖဲထုပ်တောင် အဆစ်ပါသေးတယ်။ အဲဒီရက်ကစပြီး တစ်နေ့ကို ရေဒီယိုနှစ်ကြိမ် နားထောင်ရတယ်။ တစ်ကြိမ်က သတင်း၊ နောက်တစ်ကြိမ်က သီချင်း၊ ညနေတိုင်း ဝင်းထဲမှာ နာရီဝက် လမ်းလျှောက်နိုင်တယ်။ ပထမဆုံး ထွက်လမ်းလျှောက်ကြတော့ ကျွန်တော်တို့ဆီ လာသွားပြီး အပြင်းအထန် လေ့လာရေး စပါတော့လို့ ပြောတဲ့လူဟာ စစ်တရားခံ ထောင်မှူး ကိုယ်တိုင် ဖြစ်တယ်လို့ ကူကလေး သတင်းရခဲ့ပါတယ်။ စာအုပ်တွေယူလာပြီး ပေးတဲ့လူကတော့ အဖွဲ့ခွဲမှူး လီလို့ ခေါ်တယ်တဲ့။

အဲဒီရက်တွေတုန်းက အကျဉ်းထောင်အုပ် အဖွဲ့ဝင်တွေကို တခြားဘယ်လို ခေါ်ရမှန်း မသိတာနဲ့ မစ္စတာတပ်ပြီး ခေါ်ကြပါတယ်။ မစ္စတာလီက ကျွန်တော်တို့ဖတ်ဖို့ စာအုပ်သုံးအုပ်ယူလာပါတယ်။ **(၁) ဒီမိုကရေစီသစ်၊ (၂) ခေတ်သစ်တရုတ်သမိုင်းနဲ့ (၃) ဒီမိုကရေစီသစ် တော်လှန်ရေးသမိုင်း**။ လူစေ့ပေးဖို့ စာအုပ်မရှိသေးလို့ တစ်လှည့်စီ ဖတ်ပါ။ ဒါမှမဟုတ်လည်း တစ်ယောက်ကျယ်ကျယ်ဖတ်ပြီး ဝိုင်းနားထောင်ကြပါတဲ့။ စာထဲမှာပါတဲ့ စကားအသုံးအနှုန်းနဲ့ ဝေါဟာရဆန်းတွေကို ကျွန်တော်နားမလည်ဘူး။ ဒါပေမယ့် နားမလည်နိုင်ဆုံးကိစ္စကတော့ အကျဉ်းသမားကို စာဖတ်ခိုင်းတယ်ဆိုတဲ့ ကိစ္စပါဘဲ။

ဒီစာအုပ်တွေကို ပထမဆုံး အာရုံစိုက်လာတဲ့လူက ကူကလေးပေါ့။ သူက သူများထက်လည်း မြန်မြန်ဖတ်တယ်။ မရှင်းတဲ့ အချက်ကိုလည်း ချက်ချင်း ကူပါညီပါခိုင်းတယ်။ အချင်းချင်း မကူညီနိုင်တဲ့အခါ ထောင်အုပ်အဖွဲ့ဝင်တွေကို သွားမေးတယ်။ ရန်ယွန်က သူ့ကို သရော်ပါတယ်။ စာသင်ကျောင်း မှတ်နေသလားဟ။ ဒါထောင်တဲ့။ ကူကလေးက ဒီလိုပါဗျာ။ ထောင်မှူးကိုယ်တိုင်က လေ့လာပါဆိုထားတာပဲလို့ အယူခံတယ်။ ရန်ယွန်က မလျှော့ဘူး။ မင်း လေ့လာတာ မလေ့လာတာ ဖယ်လိုက်။ ဒါထောင်၊ မင်း ငြင်းဦးမလား။ စာအုပ်ပေးထားလည်း ထောင်၊ မပေး ထားတာလည်း ထောင်။ ဂျပန်ထောင်တွေမှာ စာအုပ်ရတယ်လို့တော့ ကြားဖူး ပါတယ်။ တရုတ်နိုင်ငံ "ယဉ်ကျေးတဲ့ထောင်"မှာတော့ အခုလိုလုပ်တာ ပထမဆုံး အကြိမ် သိရဖူးတာပါပဲလို့ ပုကျိအယ်က ဝင်ပြောပါတယ်။ ရန်ယွန်က ခေါင်းခါမြဲခါပြီး ယဉ်ယဉ်ရိုင်းရိုင်း ထောင်ဟာထောင်ပဲ။ ပရိတ်ရွတ်နိုင်ရင် မင်းတို့အဖို့ ပိုအကျိုး ရှိမယ်ကွဲ့လို့ အဆုံးသတ် ဩဝါဒပေးနေပြန်တယ်။ ဆက်ပြီး ကူကလေး ပြောချင်ပေမယ့် မရနိုင်ပါ။ ရန်ယွန်ဟာ မျက်စိမှိတ်ပြီး ပရိတ်ရွတ်နေပါပြီ။

ညနေပိုင်း အညောင်းပြေ လေ့ကျင့်ခန်းလုပ်ပြီး ပြန်ရောက်ကြတဲ့အခါ ကူကလေးမှာ သတင်းပါလာပါတယ်။ အကျဉ်းသားတစ်ယောက်က ဝါဒါကို လက်ပတ်နာရီလာဘ်ထိုးတယ်။ ဟိုက တရားဟောလွှတ်လိုက်သတဲ့။ ဒါကို လူငယ်ပိုင်းက ဆက်ပြီးဝေဖန်ကြတယ်။ ယှူကလေးက ဟုတ်မယ်၊ တို့များ ရေနွေးနဲ့ ရေချိုးဖို့ ရေနွေးကို ဒီက ဝါဒါပဲယူလာပေးတာထောက်တော့လို့ ပြောတဲ့အခါ ရွှေကလေးကလည်း ဟုတ်ပါတယ်။ ဒီက ဝါဒါကို အစဉ်အဆက် ဝါဒါမျိုးလို့တော့ မထင်လိုက်ပါနဲ့။ ဘယ်ဝါဒါမှ အခု ကျွန်တော်တို့ကို တွန်းထိုးကန်ကျောက်မလုပ်ဘူး။ မဆဲဘူး။ ဘုရားရှိခိုးပြီး စ၊ ရန်ယွန်ကဝင်တဲ့ပြီး ဟော့ အငယ်ကောင်တွေ လူ့လောကမှာမင်းတို့ အတွေ့အကြုံနည်းသေးသကိုးကွ။ ရှောမွေးတစ်ကောင်နဲ့ ဗာရာဏသီချဲ့မနေနဲ့။ နာရီလာဘ်ထိုးတဲ့ အကောင်က (အ)လို့ ဖြစ်ရမယ်။ လာဘ်ပေးနေတာ လူမြင်သူမြင် ဖြစ်သွားရင် ဒီလိုဘဲ ပြန်ပြီး ဆုံးမတာခံရမြဲပဲကွ။ မဆဲလို့ မရိုက်လို့လည်း မင်းတို့ကို မမုန်းဘူးလို့ ဘယ်နှယ်အာမခံမလဲ။ နောက်ဆုံးခံရမယ့် အပြစ်ဒဏ်က စောင့်နေပါလေရဲ့ မောင်တို့ရယ်တဲ့။ ကူကလေးက ကိုယ့်ရေကိုယ်သယ်တာ အပြစ်လားဗျာလို့ မေးတော့ မင်းတို့ပြောချင်တာပြော ကွန်မြူနစ်ဟာ တို့လိုကောင်မျိုးတွေ မုန်းတာအမှန်၊ ဒီလိုပြောရင်း သူ့အိတ်တွေ စေ့အောင်နှိုက်ပြီး ငါ့စီးကရက်ဘူး အပြင်မှာ ကျန်ရစ်ပြီ။ အံ့ပါကွာ။ ငါကလည်း ရှဲန်ယန်င်က နှိုက်ခဲ့တဲ့ စီးကရက်အကောင်းစားကိုမှ မင်းတို့ ဝါဒါတွေကို လာဘ်ထိုးရက်သား ဖြစ်နေပြီပေါ့လို့ ဒေါသနဲ့ပြောရင်းအခုထုတ်ပေးနေတဲ့ စီးကရက်အညံ့စားတစ်လိပ်ကိုပဲ မီးညှိပြီး ဖွာနေတယ်။

အဲဒီလို ပြောနေကြတုန်းမှာပဲ အလုံခန်းတံခါးပွင့်လာပြီး ဝေါင်လို့ခေါ်တဲ့ ဝါဒါရောက်လာတယ်။ စီးကရက်ပျောက်တဲ့လူများ ရှိလားတဲ့ သူ့လက်ထဲမှာ ရန်ယွန်ရဲ့ ဘူးကို လူတိုင်းမြင်ပါတယ်။

ရန်ယွန်က သူ့ဘူးပြန်ရလို့ သိပ်ကျေးဇူးတင်ကြောင်း သွက်သွက်ကြီး ပြောနေပါပြီ။ ဝါဒါပြန်တော့ တစ်လိပ်ထုတ်ညှိရင်း ငြိမ်ပြီးနေရာက အတွေးပေါက်လို့ ဝမ်းသာတဲ့သဘောနဲ့ ပေါင်ကို တစ်ချက် ရိုက်လိုက်ပြီး ငါသိနေတာပေါ့။ ဒီလိုဟန်ကောင်းတဲ့ ဝါဒါမျိုးတွေကို တမင်ရွေးပြီး ဒီမှာတာဝန်ချထားတာကွ။ ဒါမှတို့အညာမိမှာ မဟုတ်လားလို့ မှတ်ချက်ချလိုက်တယ်။

ကျွန်တော်တို့တစ်တွေလည်း ရန်ယွန်ဟာ တယ်လည်း ပညာအမြော်အမြင်သန့်တဲ့ ပုဂ္ဂိုလ်ပါလားလို့ အံ့သြနှစ်သက်ကြတယ်။ ဘာမှ ဝင်မပြောကြတော့ဘူး။

နောက်ရက်တော်တော်ရတော့မှ ရန်ယွန်ရဲ့ တွေးခေါ်ပုံ မဟုတ်မှန်းသိလာကြပါတယ်။ ညနေအညောင်းပြေ လေ့ကျင့်ခန်းပြီးတော့ ပုကျိုအယ်က တစ်နေ့သတင်းစာကို ကမန်းကတန်း ဖတ်ချင်လို့ တောင်းတယ်။ ကနေ့ထုတ် သတင်းစာထဲမှာ တရုတ်နိုင်ငံသစ်က ဘာ့ကြောင့် ကျွန်တော်တို့ကို စာပေလေ့လာစေချင်သလဲဆိုတဲ့ ဆောင်းပါးပါတယ်လို့ သူကြားခဲ့လို့ပဲတဲ့။ သူဘေးက အားလုံးထိုင်ပြီး ဆောင်းပါးကို

ဖတ်ကြတယ်။ သူကလည်း ခပ်ကျယ်ကျယ်ဖတ်နေပါတယ်။ များလှတဲ့ တာဝန်တွေ ထမ်းဆောင်ဖို့ ကေဒါသစ်ရွေးတဲ့အခါ အစွမ်းအစအမျိုးမျိုးရှိပြီး အဘက်ဘက်က တော်သူတွေပါလာစေချင်လို့ ဒီလို လေ့လာရေးအားပေးနေတာလို့ သိရပါပြီ။ ပုကျို အယ်က နောက်ထပ်ပြောပြတာမှာ သူ တခြားအလုံခန်းတွေကပဲ ကြားခဲ့တာက အစိုးရဟာ ကျွန်တော်တို့ကို အခုလို ညာညာတာတာထားတဲ့ အကြောင်းရင်းက တရုတ်နိုင်ငံသစ်ထူထောင်ရာမှာ ဒီလိုဟိုလို စွမ်းတဲ့လူတွေ မပါတာနာတယ်လို့မဖြစ် ရအောင် ကျွန်တော်တို့ကိုလည်း သုံးရရင် သုံးချင်တယ်လို့ ဆိုပါတယ်။ ဆန်းတော့ အားကြီးဆန်းတယ်။ ဒါပေမယ့် ဒီသတင်းဟာ မှန်ရမယ်လို့ ယုံကြည်ကြတယ်။ ရှန်ယွန်တစ်ယောက်ပဲ ဆက်ပြီး မသင်္ကာဖြစ်တုန်းပါဘဲ။

ကျွန်တော်တို့လည်း တော်တော်ပြင်းပြင်းထန်ထန် စာပေလေ့လာကြပါပြီ အရင်ကတော့ ကူကလေးကလွဲရင် ကျန်တဲ့လူတွေက ညာနေတာ။ အပြင်က ဝါဒါ ကြားရင်ပြီးရောဆိုပြီး စာဖတ်ခဲ့ကြတဲ့အဆင့်က တိုးတက်ခဲ့ပါပြီ။ အစတော့ အသုံး အနှုန်း ဆန်းပြားတာတွေကို နားလည်အောင် လုပ်ကြရပါတယ်။ ရှန်ယွန်ကတော့ မပါတဲ့အထဲကပါ။ ကျွန်တော်တို့ လေ့လာနေချိန်မှာ သူက မျက်စိပိတ်ပြီး ပရိတ် ရွတ်နေပါတယ်။

တယ်မကြာဘူး။ ကျွန်တော့် ဝမ်းသာမှုတွေဟာ ကြေပျက်သွားပြန်တယ်။ အလုံခန်း လူနေပုံစံသစ်လုပ်မယ်။ လူစုကွဲမယ်။ အမျိုးတွေနဲ့ တစ်စည်းတစ်လုံးတည်း မနေရတော့ဘူး။

## အမျိုးတွေနဲ့ ခွဲထားတယ်

ဘာဖြစ်လို့ ဒီလိုလုပ်ချင်ရတာတုံး၊ ကျွန်တော့်ကို ပုံစံသစ် သွင်းတဲ့နေရာမှာ ဒီအချက်ဟာ အရေးကြီးဆုံးအချက် ဖြစ်တယ်လို့ နောက်မှ သိရပါတယ်။ အစတုန်း ကတော့ ကွန်မြူနစ်တွေဟာ ငါ့ကို သိပ်မုန်းတာ၊ ဒါ့ကြောင့် လူချင်းခွဲထားပြီး ညီတွေ တူတွေ ယောက်ဖတွေကို ငါ့နောက်ကြောင်း အသေးစိတ်ပေါ်အောင် စစ် မယ်၊ ပြီးတော့မှ ငါ့ကိုစွဲချက်တင်မယ်၊ ဒီလိုပဲ ယူဆတယ်။

ဆိုဗီယက်ယူနီယံမှာ နေကြစဉ်က ကျွန်တော်လုပ်သမျှ သစ္စာဖောက်အလုပ် တွေဟာ အတင်းခိုင်းလို့ ကြောက်တာနဲ့ လုပ်ရပါတယ်လို့ ပြောထားပြီး ကိုယ့်ဘာသာ လိုလိုချင်ချင် ဂျပန်နယ်ချဲ့ကြေနပ်အောင် အမျိုးမျိုးကြံစည်အားထုတ်ခဲ့တာတွေကို လုံးဝ ဖုံးကွယ်ထားတယ်။ အမျိုးတွေကပါ ဝိုင်းဖုံးပေးတယ်။ အခု တရုတ်နိုင်ငံ ပြန်ရောက်လာတော့ အရင်ကထက် ပိုပြီး ဝိုင်းဖုံးပေးဖို့ လိုတယ်။ လက်တွေ့မှာတော့ ဒီကောင်တွေကို မျက်စိအောက်က အပျောက်မခံမှ တကယ်တမ်း စိတ်ချရမယ်၊ အမှတ်တမဲ့ တစ်လုံးစ နှစ်လုံးစ မပြောမိဖို့လည်း လိုက်ထိန်းပေးရမယ်။ အထူး

သဖြင့် ယျူကလေးကို သတိထား ထိန်းဖို့လိုတယ်။ အတဖွဲ့ရှန်းကိုရောက်တဲ့ ပထမနေ့ကပဲ ဒီယျူကလေး အမူအရာပြောင်းတယ်လို့ သတိထားမိတယ်။ အဲဒါ ရထားပေါ်မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုက စတယ် ဆိုပါတော့။ ကျွန်တော့်ကုပ်ပေါ်ကို ပိုးကောင်တစ်ကောင်တက်နေလို့ ယျူကလေးကို လာပြီးကြည့်ပေးစမ်းခိုင်းတယ်။ ခါတိုင်းလို ပျာပျာသလဲလာဖို့ အဆေးကြီး၊ မကြားချင်ယောင်ဆောင်နေတယ်။ ရွှေကလေးကလာပြီး အဲဒီဘောက်ဖတ်ကို ကောက်ပြီး ကြမ်းပေါ်ပစ်ချတဲ့အခါကျတော့ ယျူက သတ္တဝါအသက်ကယ်တုန်းပဲ။ နောက်တစ်ယောက်ကို သွားကိုက်အောင် လွှတ်ပေးတဲ့သဘောပါ။ မသိတာ လိုက်လို့တဲ့။ ကျွန်တော်အတော့်ကို အားငယ်သွားတယ်။

နောက်သုံးရက်ကြာလို့ ရွှေ့ကလေးက ကျွန်တော်အိပ်ရာကို လာသိမ်းပေးတဲ့အခါ ဂွမ်းကပ်စောင်ကို အခါခိုင်းမိတယ်။ အခန်းထဲမှာ ဖုန်တွေကတက်လို့၊ ဒီအလုပ်လုပ်တိုင်း တခြားလူတွေ ကသိကအောက် ဖြစ်တာအမှန်ဘဲ။ ရွှေ့က ခါမယ်လုပ်တုန်းမှာ ယျူကလေးက စောင်ကိုတုပ်ဆွဲလိုက်ပြီး အိပ်ရာပေါ် ပစ်တင်ရင်း ဒီအခန်းထဲမှာ မင်းတို့နှစ်ယောက်တည်း နေတာမဟုတ်ဘူး။ လူတစ်ဖက်သား ဘာဖြစ်ဖြစ်လို့ မဆင်မခြင် မလုပ်ကောင်းဘူး။ နားလည်လား။ မင်းတို့ဆိုတဲ့အသုံးက ဘာအသုံးလဲလို့ကျွန်တော်က ဝင်မာန်တော့ ဘာမှမဖြေဘဲ စားပွဲမှာသွားပြီး နှုတ်ခမ်းစူစူနဲ့ စာရေးနေတယ်။ ကျွန်တော်က ဘာစာရေးလဲသိရအောင် သွားကြည့်တော့ အကြည့်မခံဘူး။ ဆုတ်ပစ်တယ်။ ဒါပေမယ့် "သိစေမယ်"ဆိုတဲ့ အစွန်းအစကို ဖတ်လိုက်ရပါတယ်။

မီးရထားပေါ်မှာ စဖြစ်တဲ့အဖြစ်အပျက်ကို မဖြစ်သင့်ဘူးလို့ ပြန်ပြီးနောင်တရနေပါတယ်။ ဒီနောက်တော့ သူ့ကို ကျွန်တော်ချော့ပါတယ်။ သူ့ကို ကျွန်တော်အချစ်ဆုံးလို့တောင် ပြောမိပါတယ်။ တူတော်သုံးယောက်စလုံးကိုလည်း လူ့ကျင့်ဝတ်အရေးကြီးတယ်။ ဒုက္ခကြုံတဲ့အခါ သာပြီးအရေးပါတယ်။ အချင်းချင်း ညီညွတ်ရမယ်နဲ့ အခါခွင့်သင့်တိုင်း ဟောပြောပါတယ်။ ယျူအနားမှာ မရှိတဲ့အခါ ကျန်နှစ်ယောက်ကို ဟိုကောင်ကို သတိထားထိန်းဖို့ ချော့ဖို့ မတော်တာတွေ လျှောက်မပြောအောင် အမြဲလိုက်ကြည့်ဖို့မှာရတယ်။

သူတို့တွေပဲ ကျွန်တော်အိပ်ရာလိပ်ပေး၊ ပစ္စည်းရွှေ့ပေးလုပ်ကြပါတယ်။ သူတို့ ပြန်သွားတဲ့အခါတော့ အားလုံး တစိမ်းသက်သက်တွေကြားကို ကျွန်တော်ရောက်နေပြီလို့ သတိထားမိပါတယ်။ မနေတတ်ဘူး။ ထရမလား။ ထိုင်ရမလာတောင်မဆုံးဖြတ်တတ်အောင် ဖြစ်ရတယ်။ အရင်ရှိနေပြီး ရှစ်ဦးကလည်း သိသိသာသာအနေအထိုင်ကျုံ့သွားတာကို သတိထားမိပါတယ်။ ဘာမှတော့ မပြောကြဘူးပေါ့။ နည်းနည်းကြာတော့ သူတို့အချင်းချင်းညှိပြီး ကျွန်တော့်အိပ်ရာကို နံရံကပ် ထားပေးကြတယ်။ နောက်မှ သဘောပေါက်တာက ဒီနေရာဟာ အကောင်းဆုံးပဲ။ ဆောင်းအခါ အနွေးပေးပိုက်နဲ့ ကပ်နေတယ်။ နွေအခါ ပြတင်းပေါက်ရှိလို့ အအေးဓာတ်

ရမယ်။ အဲဒီအခါကတော့ အမျိုးတွေနဲ့ ခွဲထုတ်လိုက်လို့ သိပ်ပြီး စိုးရိမ်စိတ်တွေ ဝင်နေတာနဲ့ သူတို့ ဒီလိုလေးစားကြောင်း ပြတာကို သတိမပြုမိပါဘူး။ ထိုင်ကြည့်တယ်၊ သစ်သားခုတင်က သိပ်မာတယ် ထင်မိကယ်။ ဒါကြောင့် ထပြီ ဟိုလျှောက်ဒီလျှောက် လုပ်နေပါတယ်။ စိတ်ကူးတစ်ခုရလို့ တံခါးသွားခေါက်ပြီး ဝါဒါကို သွားခေါ်ကြည့်တယ်။ သူက ဘာလဲလို့မေးတော့ ထောင်မှူးနဲ့စကားတစ်ခွန်း နှစ်ခွန်း ပြောပါစေလို့ တောင်းပန်ပေးပါ ခိုင်းတယ်။ အကြောင်းပြချက်ကတော့ အမျိုးတွေနဲ့ ခွဲမနေဖူးလို့ အခုလို တစ်ယောက်တည်းပဲ့ပြီး မနေတတ်တာကို ရှင်းပြချင်လို့လို့ ပြောလိုက်တယ်။

သူက ခေါင်းညိတ်ပြီး ခဏစောင့်ပါတဲ့။ တော်တော်ကြာတော့ သူပြန်လာပြီး မူလအတိုင်း ပြန်နေခွင့် ပြုလိုက်တယ်လို့ ပြောပါတယ်။ ကျွန်တော် သိပ်ဝမ်းသာသွားပါတယ်။ ကိုယ့်ပစ္စည်းတွေ ပွေ့ပိုက်ပြီး ထွက်လာပါတယ်။ ဝါဒါက အိပ်ရာလိပ် သယ်ပေးတယ်။ စင်္ကြံမှာ ထောင်မှူးကို တွေ့ပါတယ်။

လူကြီးတွေအတွက် ညှာတာတဲ့သဘောနဲ့ အခုထက်ပိုပြီး အစားကောင်းကောင်းပေးဖို့ အာဏာပိုင်တွေကဆုံးဖြတ်လိုက်ပါတယ်။ ဒီတော့ အတူနေတဲ့လူချင်းခင်ဗျားက အကောင်းစားပြီး ညီတွေတူတွေက နည်းနည်းညံ့နေရင် သူတို့ တစ်မျိုးစိတ်ထဲမှာ ခံစားနေရမှာစိုးတာနဲ့… သူ ဘာဆိုလိုတယ်ဆိုတာ ရိပ်မိလို့ ကျွန်တော်က ကြားဖြတ်ပြီး ကိစ္စမရှိဘူး။ သူတို့နေတက်မှာပါလို့ ပြောမိတယ်။ သူတို့ကိုကြည့်ပြီး သူတို့ထက် အကောင်းစားနေကျပဲလို့ ဆက်မပြောမိတာ တစ်မယ်ပဲဆိုပါတော့။ သူ ပြုံးပြီး ခင်ဗျားတွေးပုံက တယ်ရိုးတာပဲ။ သူတို့ အပြုအစုမပါပဲ ခင်ဗျားတစ်ယောက်တည်း ကိုယ်လိုချင်တာ ကိုယ်လုပ်ယူတတ်ဖို့ အခုကစပြီး အလေ့အလာလုပ်သင့်ပြီ မဟုတ်လားဗျာတဲ့။ မှန်ပါတယ်။ ဖြည်းဖြည်းပေါ့ဗျာလို့ ကျွန်တော်က ပြောတော့ သူက ခေါင်းညိတ်ပြီး အခုကတည်းက စနော့်လို့ ပြောသွားပါတယ်။

အလုံခန်းဟောင်းကို ပြန်ရောက်တော့ တစ်နှစ်လောက် အခွဲခံရတယ်လို့ စိတ်ထဲမှာ ဖြစ်မိတယ်။ သူတို့ကလည်း ကျွန်တော်ပြန်လာရတာကြောင့် ကျေနပ်ပုံရတယ်။ ထောင်မှူးက ကိုယ့်ကိုယ်ရေးကိုယ်တာကို ကိုယ့်ဘာသာလုပ်တတ်ဖို့ အကြံပေးလိုက်တယ်လို့လည်း သူတို့ကို ပြောပြပါတယ်။ ဒါတွေကို အားလုံး ခြုံကြည့်လိုက်ရင် အစိုးရဟာ ချက်ချင်း တို့များကို မသတ်သေးဘူးလို့ အဓိပ္ပာယ်ပေါက်လို့ အားလုံးပဲ ပျော်ကြတယ်ပေါ့။

သူတို့က ကျွန်တော်ကိုဆက်ပြီး ပြုစုနေလို့ ကျွန်တော်ဘာမှ ကိုယ့်ဘာသာလုပ်ခွင့်မရပါဘူး။ ကျွန်တော်ကလည်း ကျေနပ်ပြီး လက်သင့်ခံတုန်းပဲပေါ့။ ထောင်မှူးစကားထဲမှာ အခုခဏ ပြန်နေသေးတာပေါ့ဆိုတဲ့ စကားရိပ်ဟာ နောင်ခွဲဦးမယ်ဆိုတဲ့ သဘောပါမှန်းသိရလို့ သူ့စိတ်ကူး မအောင်မြင်အောင် ငါ ဘယ်လို ကြံရပါ့မလဲလို့ပဲ ကျွန်တော်တွေးတွေးနေပါတယ်။ အတွေးမပေါက်ခင် နောက်ဆယ်ရက်အကြာမှာ

ဝါဒါတစ်ယောက်လာပြီး အထုပ်အပိုး ပြင်ခိုင်းတယ်။

ရွှေကလေးက ထုပ်ပိုးနေတုန်း ကျွန်တော်က အမျိုးတွေကို အပြောအဆို သတိထားပြီး ထိန်းသိမ်းဖို့ ကြံစည်ရပါတယ်။ ဝါဒါသိသွားမှာစိုးလို့ သိပ်ပြီး ပြောင်ပြောင်လည်း မပြောရဲပါ။ ဒီတော့ စာတိုတိုကလေးရေးပြီး ပုကျိအယ်လက်ထဲ ထည့်တယ်။ လက်ဆင့်ကမ်းပြီး ဖတ်ကြဖို့ပါပဲ။ အခန်းထဲမှာ သူစိမ်းနှစ်ယောက်ကလည်း ရှိနေပြန်လို့ စာထဲမှာ အရိပ်ခြည်လောက်ပဲ ထည့်ရေးဝံ့တယ်ပေါ့။ စာထဲမှာ ငါ့အတွက်မပူနဲ့။ မင်းတို့သာ စိတ်ဝမ်းမကွဲဘဲ ရိုင်းပင်းကြ။ တစ်ဦးအပေါ်မှာတစ်ဦး သစ္စာရှိရမယ်။ တစ်ယောက်စီအတွက် ငါ အင်မတန် ကြောင့်ကြတယ်။ ဒါလောက်ဆိုရင် သူတို့နားလည်လောက်ပြီပေါ့။

တူတွေက အထုပ်တွေဆွဲလို့ အရင်တစ်ခေါက် ရောက်ဖူးခဲ့ပြီးတဲ့ အခန်းကိုပဲ လာခဲ့ကြပါတယ်။ အရင်အခါတုန်းက အိပ်ရာနေရာကိုပဲ ပေးကြပါတယ်။ ဒီတစ်ခါလည်း ကျွန်တော်မထိုင်တတ်သလို အူကြောင်ကြောင် ဖြစ်နေပါသေးတယ်။ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်းက တံခါးသွားခေါက်ပြန်တယ်။

အရင်ဝါဒါပုပုပဲ တံခါးလာဖွင့်တယ်။ သူ့နာမည် လျှိုလို့ခေါ်မှန်း ကျွန်တော်သိနေပါပြီ။ ပေါက်စီကြိုက်ကြမှန်းသိလို့ အပိုထပ်ပေးဖူးတဲ့ ဝါဒါမို့ ငါတို့အပေါ်မှာ ညှာမယ်လိုလည်း သိထားတယ်။ မစ္စတာလျှိုရယ်၊ ကျွန်တော့်သဘောက… အင်းထောင်မှူးနဲ့ တွေ့ချင်သလားလို့ သူကမေးပါပြီ။ မဟုတ်သေးပါဘူးဗျာ။ ခင်ဗျားနဲ့ အရင်ပြေလည်အောင် ပြောစမ်းချင်တယ်လို့ ပြောတော့ သူက ရယ်ပြီးတစ်ယောက်တည်း နေကျင့်မရနိုင်သေးဘူး ဆိုပါတော့။ ကျွန်တော် ရှက်သွားပါတယ်။ ရှင်းမယ်ဆိုတဲ့အနေနဲ့ ဒီလိုပါဗျာ၊ ဟိုအခန်းပြန်နေချင်တယ်လို့ ကျွန်တော်မပြောပါဘူး။ ဒါပေမယ့် တစ်နေ့တစ်ခေါက်လောက်တော့ အလည်သွားပါရစေလို့။ အဲဒီအခါမှာ သူက ခင်ဗျားတို့ လေ့ကျင့်ခန်းယူတဲ့အခါ တွေ့မှာပဲမဟုတ်လား။ ဒီတော့ ကျွန်တော်က အေးအေးစကားပြောချင်ခဲ့ရင် လေ့ကျင့်ခန်းယူတုန်း တယ်မကောင်းဘူးပေါ့ဗျာ။ ထောင်မှူးက ဒါလောက်ကလေးကို ခွင့်မပေးဘူးများ လုပ်နေမလားလို့ပါလို့ ဇွတ်ပြောမိတယ်။ အလုံခန်းတစ်ခန်းက လူဟာ နောက်တစ်ခန်းကလူနဲ့ စကားမပြောရဆိုတဲ့ ဥပဒေရှိမှန်း ကျွန်တော်တို့သိကြပါတယ်။ သူက ကျွန်တော်သွားမေးပေးပါ့မယ်တဲ့။

ခွင့်ပြုချက်ရခဲ့လို့ နေ့တိုင်း စကားပြောနိုင်ကြပါပြီ။ သူတို့ဆီမှာ ဘာတွေဖြစ်တယ်။ အာဏာပိုင်တွေက ဘာခိုင်းတယ်ဆိုတာသိရတယ်။ ကူကလေး စိတ်ညစ်နေပုံရတယ်။ ယျူကလေးက အရင်အတိုင်းပဲ။ ရွှေကလေးတစ်ယောက်ပဲ ကျွန်တော့်အဝတ်ယူပြီး လျှော်ပေးတယ်။ ခြေအိတ်ပေါက်ကို ဖာပေးတယ်။

ပြဿနာတစ်ထုံးပြေတော့ နောက်တစ်မျိုးလာပြန်ပြီ။ အရင် အနှစ်လေးဆယ်က ကိုယ့်စောင်ကိုယ်မခေါက်၊ ကိုယ့်အိပ်ရာကိုယ်မခင်း၊ လက်ဆေးရေတောင် သူများ

လောင်းပေးမှ ဆေးတတ်တယ်။ ကိုယ့်ခြေထောက်ကိုလည်း ကိုယ့်ဘာသာ မဆေး တတ်ဘူး။ ဖိနပ်ကြိုးလည်း မချည်တတ်ဘူးပေါ့။ ထမင်းအုပ်ထဲက ဇွန်းကိုလည်း မကိုင်ဖူးဘူး။ ဓားတို့ ကတ်ကြေးတို့ကိုလည်း မသုံးတတ်ဘူး။ အပ်နဲ့အပ်ချည်ဆိုတာ ဝေးရော။ ဒီလိုဆိုရင် အခု ကျွန်တော့်အခြေအနေ ဘယ်လိုလဲဆိုတာ အလွယ်ပဲ ခန့်မှန်းနိုင်မှာပေါ့။ မနက် လျှော်စရာဖွပ်စရာရှိသမျှ သူများတွေ လျှော်ဖွပ်နေချိန်မှာ ကျွန်တော်ဟာ အဝတ်ဝတ်လို့တောင် မပြီးသေးဘူး။ အဝတ်လိုက်လျှော်မယ်လုပ်တော့ အိပ်ရာခင်း သိမ်းသွားဦးလေလို့ သတိပေးတဲ့လူက ရှိနေပြန်တယ်။ စောင်ခေါက်ပြီး အိပ်ရာကို ပွရောင်းရောင်း မသေမသပ်လိပ်ပြီးချိန်မှာ သူများတွေ လျှော်ဖွပ်ပြီးကြပြီ။ မျက်နှာသစ်တဲ့အခါ ပါးစပ်ထဲ သွားပွတ်တံ ထိုးထည့်တဲ့အခါမှာ သွားတိုက်ဆေးမပါ မှန်း သိတယ်။ ကျွန်တော်သွားတိုက်ပြီးချိန်မှာ တခြားလူတွေ မနက်စာ စားလို့ပြီးတဲ့လူ ပြီးနေပါပြီ။ နေ့တိုင်း ဒီအချိုးပဲ။

ဒီလို စားနောက် သွားနောက်ဖြစ်တာထက် နောက်ကွယ်က သရော်ပြီး ရယ်သံကြားရတာက ပိုဆိုးတယ်။ အခန်းဖော်တွေဟာ အရင် မန်ကျူအစိုးရအရာရှိ တွေပါ။ ဟိုတုန်းက ကျွန်တော့်ရှေ့မှာ ခေါင်းဖော်ပြီး နေရဲတဲ့လူတွေ မဟုတ်ဘူး။ အခုလည်း "ခင်ဗျား"လို့ဆိုတဲ့ တိုက်ရိုက်စကားမပါပဲ ပြောကြတယ်။ အဲဒီကြားထဲက သရော်သံကိုကြားရတာ သိပ်ခံပြင်းတယ်။

ဒါ့ထက်ဆိုးတာရှိသေးတယ်။ ဖွဲ့ရှုန်ကို ရောက်ကတည်းက လူစေ့နေ့စဉ် လုပ်ငန်းဝေခဲ့တယ်။ ကြမ်းကို တံမြက်လှည်းရတယ်။ စားပွဲခုံသုတ်ရတယ်။ နောက်ဖေး အိုးသွန်ရမယ်။ တစ်လှည့်စီပါပဲ။ အလုံခန်းအဟောင်းမှာနေရတုန်းက ဒါတွေ ဘာ တစ်ခုမှ လှည့်ဝင်မထမ်းဘူး။ အခုကိုယ့်အလှည့်ရောက်ရင် ဘယ်လိုလုပ်ရပါ့။ လူများ ရဲ့ အညစ်အကြေးအိုးကို ငါစင်အောင် ဆေးကြောရတော့မယ်။ ဂျပန် "မန်ကျူ ကော"လျို့ဝှက်သဘောတူချက်ကို လက်မှတ်ထိုးဖို့ ကြုံတုန်းကထက် စိတ်မကောင်း ပိုဖြစ်တယ်။ အဘိုးအဘွားအနေနဲ့ ငုံ့ကြည့်ရင်း ဒေါသထွက်မယ်။ ညီတွေ၊ တူတွေ အနေနဲ့ မော့ကြည့်ပြီး ရှက်ကြမယ်။ အမျိုးဂုဏ်ကို မစောင့်ရှောက်ရာ ရောက်ကြ တယ်လို့ ယူဆလို့ ဒီလိုတွေးမိတာဘဲပေါ့။ ကံကောင်းချင်တော့ ကျွန်တော် နည်းနည်း နေမကောင်းဖြစ်နေလို့ ကျွန်တော့်တာဝန်ကို အလှည့်အတိုင်း ကနေ့ မလုပ်ပါနဲ့ဦးလို့ ဝါဒါတစ်ယောက်က အခန်းဖော်တွေကို ပြောသွားတယ်။ သေဘေးက လွတ်သလောက် နီးနီး ဝမ်းသာပြီး အဲဒီလူကို အသက်ကယ်တဲ့လူလိုပဲ ကျေးဇူးတင်နေမိပါတယ်။

ဒီ အန္တရာယ်က လွတ်ပြန်တော့ နောက်တစ်ခု ပေါ်လာပြန်ပြီ။ ကွင်းထဲမှာ ညနေ လေ့ကျင့်ခန်း ယူမြဲယူနေတုန်း ထောင်မှူးလည်း လာမြဲရောက်လာတယ်။ တစ်ယောက်ယောက်နဲ့ရပ်ပြီး စကားပြောလေ့ရှိတယ်။ ဒီတစ်ခါ ကျွန်တော့်ကိုမှ ရွေးကောက်ပြီး စကားပြောတယ်။ မပြောခင်လူကို ခြေဆုံးခေါင်းဆုံးကြည့်တယ်။ ကျွန်တော်က ကြောက်လှပြီ။

ပုယီလို့ခေါ်တော့ နားထဲခါးသလိုဘဲ။ တရုတ်နိုင်ငံ ပြန်ရောက်ပြီးကတည်းက ဒီလိုဘဲ ခေါ်ကြပါပြီ။ ဒါပေမယ့် စောစောက ပြောပြသလို အတူနေသူတွေက ခေါ်ရမှာ အားနာပြီး ဘယ်လိုမှမခေါ်ဘဲ နေလို့ရသလောက်နေကြလို့ နားထဲမှာ ကြားကျင့် မရှိသေးဘူးပေါ့။ သူတို့ခေါ်မယ်ဆိုရင်လည်း နံပါတ် ၉၈၁လို့ခေါ်ရင် ဖြစ်တယ် မဟုတ်လား။ ဟုတ်ကဲ့ခင်ဗျားလို့ထူးပြီး သူ့အနားအရောက်သွားပါတယ်။ ခင်ဗျားကို လူများနည်းတူ အဝတ်နှစ်စုံ ထုတ်ပေးထားတယ်မဟုတ်လား။ ကြည့်စမ်း၊ သူများတွေ ကြော့ကြော့ရှင်းရှင်းရှိသလို ခင်ဗျားမရှိဘူး။ သူက ခပ်အေးအေး မိတ်ဆွေလေနဲ့ ပြောလို့ တော်သေးတာပေါ့။ ဒီတော့မှ သူများတွေရဲ့အဝတ်နဲ့ ကိုယ့်အဝတ်ကိုနှိုင်းစာ ပြီး ကြည့်မိပါတယ်။ သူတို့မှာ သန့်သန့်ရှင်းရှင်း၊ ကျွန်တော့်မှာတော့ ရွှံ့တွေပေကျံလို့။ အိတ်တစ်ခုက တဝေတစ်ဝက် ဖတ်လတ်လန်ကျနေတယ်။ ရင်ဘတ်ကြယ်သီးကလည်း တစ်လုံးပျောက်နေပြီ။ ဘောင်းဘီမှာ ဒူးနားက မင်စွန်းတစ်ကွက်ရှိတယ်။ ဘောင်းဘီ တစ်ဖက်ခြေတံနဲ့ နောက်တစ်ဖက်ခြေတံဟာလည်း မတူကြသလိုဘဲ။ တစ်ဖက်တို ရှည်ဖြစ်နေတယ်။ ဖိနပ်ကြိုးတစ်ချောင်းက အပြတ်၊ ကျွန်တော်ကလည်း အသံမပီမသနဲ့ ကျွန်တော်ပြင်ပါ့မယ်။ ဒီက ပြန်ရောက်ရင် အိတ်ကိုလည်း ပြန်ကပ်မယ်။ ကြယ်သီး တစ်လုံးကိုလည်း ရှာတပ်မယ်လို့ ပြောပါတယ်။ ပြုံးပြုံးကလေး သူ ထပ်ပြောသေးတာက အဝတ်တွေ ဒါလောက် ဘာပြုလို့တွန့်နေရသလဲ။ သူများ ဘယ်လိုလုပ်သလဲလို့ မကြည့်မိဘူး ထင်တယ်။ သူများဆီက နည်းယူတတ်ရင် ခင်ဗျားတိုးတက်ပြီလို့ ဆိုရမယ်။

သူက စေတနာနဲ့ပြောတာမှန်ပေမယ့် ကျွန်တော်စိတ်ဆိုးပါတယ်။ ကျွန်တော် ဘာမှ ဟန်ကျအောင် မလုပ်တတ်တာမှန်ပေမယ့် လူပုံအလယ်မှာ အပြောအဆိုမခံရ သေးဖူးပါ။ ဗိုလ်ပုံအလယ်မှာ ကျက်သရေရှိတဲ့ ရုပ်ပုံတော်မဖြစ်ဘဲ "အမှိုက်တောင်း" ပုံပေါ်တာကို ဒီအကြိမ်ပထမဆုံး ဖွင့်အပြောခံရလို့ နာတယ်။ အရင် ဝန်ကြီးတွေ ဗိုလ်ချုပ်တွေကလည်း ဝိုင်းကြည့်နေကြလို့ မျောင်ကြီးကျပါစေလို့ ဆုတောင်းမိ တယ်။

ငါ့ကို လက်ညှိုးထိုးပြီး စံပြမောင်အဖြစ် သုံးနေတယ်။ ငါ့လို မဖြစ်စေနဲ့လို့ သူတို့ကို သင်ခန်းစာပေးနေပြီ။ တံတိုင်းမြင့်ကြီးကိုကြည့်မိတယ်။ ခါတိုင်းလည်း ငါ့တစ်သက်မှာ တံတိုင်းဝိုင်းပြီး နေခဲ့တာပဲမဟုတ်လားလို့။ ဒါပေမယ့် ကျနိုင်ကျူးမှာ နေရတဲ့အထိ တံတိုင်းထဲ ရောက်လာတဲ့လူဟာ ငါ့ရှေ့မှာ ငါ့ကို မလေးမခန့်မပြောဘူး။ မလုပ်ဘူး။ အခု တံတိုင်းထဲမှာ နေရတုန်းပေမယ့် အခြေအနေပြောင်းပြန်ဖြစ်သွားပြီ။ လူတိုင်းနဲ့ တန်းတူတော့ထားပါရဲ့။ ငါက အဲဒီ အခွင့်အရေးလောက်နဲ့ ဆက် အသက် ရှင်နေဖို့ပဲ ခက်လှတယ်။ မလုပ်တတ် မကိုင်တတ်လို့ စိတ်ညစ်တာထက် သူများက အလကားကောင်လို့ အထင်ခံရတာကို ပိုရှက်တယ်။ သူများကလာပြီး ခစားယုယတာကို ငါခံစားရတာဟာ ငါ့အဖို့ မွေးကတည်းကရလာတဲ့ အခွင့်အရေးလို့ ယူဆလာခဲ့ရာက

အခု ဘယ်သူမှလာပြီး ဘာမှလုပ်မပေးတာနဲ့ တစ်ခါတည်း ဒီလို စိတ်ပျက်စရာဖြစ်တော့တာပဲ မဟုတ်လားလို့ မြင်ပါပြီ။ ဒီတော့ ဂန်ဖလားမသွန်ရအောင် ကူညီလို့ ကျေးဇူးတင်စိတ် ဖြစ်မိတာလည်း ပျောက်သွားပါပြီ။

အဲဒီညမှာဘဲ သူများတွေဟာ အိပ်တော့မယ်လို့ အဝတ်ကိုချွတ်ပြီးရင် သေသေသပ်သပ်ခေါက်ပြီး ခေါင်းအုံးအောက်မှာထားပြီးအိပ်တာ တွေ့တယ်။ ကျွန်တော်တစ်ယောက်တည်းပဲ ကွင်းလုံးချွတ်ပြီး အိပ်ရာခြေရင်းမှာပုံတယ်။ ထောင်မှူးရဲ့စကားထဲမှာ နည်းကောင်းလမ်းညွှန်ပါတယ်။ သူများတွေဆီက နည်းကောင်းမြင်လို့ အတုယူတတ်ရင် ကျွန်တော်အခုလို စိတ်ပျက်စရာ ဆက်ပြီးဖြစ်နေမှာမဟုတ်တော့ပါ။ အတူနေတဲ့ လူတွေဟာ ဒါကို စောစောက ကျွန်တော့်ကို ဘာပြုလို့ သင်မပေးကြတာလဲ။ သစ္စာဖောက်တွေ။

တကယ်တော့ သူတို့ကလည်း အရင်က ရုပ်သေးအစိုးရအရာရှိတွေ၊ ကျွန်တော်ကို ဟိုတုန်းကစပြီး ကြောက်တဲ့အရှိန်လည်း ရှိတယ်။ ကျွန်တော်ကလည်း ပြောရင် မကြိုက်မှန်းသိလို့ သိပ်မပြောတာပဲပေါ့။ ဒီလိုနဲ့ ဖူရှန်မှာ နှစ်လကြာသွားတယ်။ အောက်တိုဘာလမှာ ဟာရဘင်ကို ပြောင်းခဲ့ရတယ်။

## ဟာရဘင်ကို ရွှေ့

ကျွန်တော်တို့အထဲက လူငယ်တွေဟာ ဟာရဘင်သွား ရထားပေါ်မှာ စကားမပြောဘဲလည်း မနေနိုင်ကြဘူး။ ဝါဒါတွေနဲ့လည်း ဖဲကစားချင်ကြတယ်။ ကျွန်တော်တို့ လူကြီးတွေကတော့ အတွေးကိုယ်စီနဲ့ ငြိမ်လိုက်လာတယ်။ စကားပြောလည်း တိုးတိုးတိုးတိုးပါပဲ။ တွဲထဲမှာ ထိုင်းမှိုင်းတဲ့ လက္ခဏာက လွှမ်းမိုးတယ်လို့ပဲ ဆိုရမယ်။ နေ့လယ်စာ စားမရဘူး။ ညလည်း အိပ်မပျော်ဘူးဆိုတဲ့ လူကများနေပါတယ်။ တရုတ်နိုင်ငံပြန်ခဲ့ကြတုန်းကလို ကြောက်မနေပေမယ့် သူများထက်တော့ ကျွန်တော့်မှာ စိုးရိမ်စိတ် ပိုနေပါတယ် တရုတ်ပြည်သူ့စွန့်စားတပ်ဟာ ကိုရီးယားမှာ တိုက်နေပါပြီ။ အမေရိကန်တပ်တွေက ယာလူမြစ်နားရောက်တော့မယ်။ တစ်ည ကျွန်တော်နဲ့ ပုကျိ အယ်ဟာ အိပ်မပျော်လို့ တိုးတိုးသာသာ စစ်အခြေအနေကို ဆွေးနွေးကြတယ်။ သူက အသံမှန်နဲ့ စစ်ထဲဝင်တယ်ဆိုတာ ဒုက္ခရှာတာနဲ့ အတူတူပေါ့။ ကျွန်တော်တို့ဘဝ ဆုံးချိန်နီးပါပြီတဲ့။ တရုတ်ရှုံးမယ်။ အမေရိကန်ဟာ အနည်းဆုံး အရှေ့မြောက်ကို သိမ်းနိုင်မယ်။ အမေရိကန်လက်ထဲ ကျွန်တော်တို့ ရောက်မသွားအောင် ကွန်မြူနစ်တွေက ကျွန်တော်တို့ကို သတ်ပစ်မယ်။ အဲဒီလို သူ့စကားကို ကျွန်တော် အဓိပ္ပာယ်ပေါက်ပါတယ်။ နောက် မေးကြည့်လို့သိရတာက ကျွန်တော်တို့အကျဉ်းသားတွေဟာ ဒီအတိုင်း လူတိုင်းထင်နေကြသတဲ့။

ဟာရဘင်က အကျဉ်းထောင်ကို တွေ့ရတဲ့အခါ သာပြီး စိတ်ငယ်သွား

သေးတယ်။ အရင်က "မန်ကျူကော" ထောင်ကြီးပါပဲ။ ဒီတော့ ကိုယ်လုပ်ဖူးသလို ကိုယ်ပြန်အလုပ်ခံရမယ့် အရသာဟာ ဒီလိုပဲလားလို့ ကောင်းကောင်း နားလည်ပြီလို့ ဆိုရမလို ဖြစ်လာတယ်။ ဂျပန်မှုန်းတီးရေး မန်ကျူကောဆန့်ကျင်ရေး လုပ်သူတွေဖို့ ဂျပန်က အထူးဆောက်ထားတဲ့ ထောင်ဖြစ်တယ်။ အချုပ်ခန်းတွေနဲ့ ယပ်တောင်ပုံ နှစ်ထပ်တိုက်နှစ်ဖုံး။ အလယ်ဗဟိုက မျှော်စင်ကြီးက ရှိတယ်။ အချုပ်ခန်းတွေရဲ့ ရှေ့နဲ့နောက်မှာ လက်မလုံးသံတိုင်တန်းအပြည့်။ အခန်းတစ်ခန်းနဲ့ တစ်ခန်းကိုတော့ အင်္ဂတေနံရံနဲ့ ခြားထားတယ်။ တစ်ခန်းမှာ လူ ခုနစ်ယောက်, ရှစ်ယောက်နေနိုင်တယ်။ ကျွန်တော့်အခန်းမှာ လူ ငါးယောက်ပဲရှိလို့ မကျပ်ဘူး ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဂျပန်ထုံးစံ အဆောက်အဦးဖြစ်လို့ ကြမ်းမှာပဲအိပ်ရတယ်။ အဲဒီမှာ နှစ်နှစ် ကြာခဲ့ပါတယ်။ ဂျပန်ခေတ်က အဖမ်းခံရတာတောင် မသေပဲ ကျန်သေးတယ်လို့ သိရပါတယ်။ ကျွန်တော့်အဖို့တော့ သံတံခါးအဖွင့်အပိတ်သံ ကြားရရုံနဲ့ ရင်တုန်လှုပြီ။ ဒီအသံကြားတိုင်း ရက်စက်တဲ့နည်းမျိုးစုံနဲ့ သေနတ်နဲ့ပစ်သတ်တဲ့အဖွဲ့ ဝင်ထွက်တာကို မြင်ယောင်သလို ဖြစ်မိတယ်။

ဖွဲ့ရှန်မှာတုန်းကလိုဘဲ ကျွန်တော်တို့ကို ထားပါတယ်။ ဝါဒါတွေဟာ ညှာတာစိတ်ရှိတယ်။ အစားအသောက် ကောင်းတယ်။ ရေဒီယို၊ သတင်းစာရယ်၊ အပန်းဖြေလေ့ကျင့်ခန်း၊ ဒါတွေလည်း လုပ်ခွင့်ရတယ်။ ဒါကြောင့် နည်းနည်း ဖြေသာတယ်ပေါ့။ ဒါပေမယ့် စိုးရိမ်စိတ်ဟာ လုံးလုံးပျောက်မသွားဘူး။ အလေ့အကျင့်အနေနဲ့ လေကြောင်းအချက်ပေးသံကို ကြားပြီးတဲ့နောက် ဒီ အမင်္ဂလာသံကြီးကို အဆက်မပြတ်နားထဲမှာ ကြားယောင်နေသေးလို့ ညအိပ်မရဘူး။ တရုတ်နဲ့ ကိုရီးယား ပြည်သူ့တပ်တွေ နိုင်နေတယ်ဆိုတာ အစက လုံးဝမယုံဘူး။ တရုတ်က သတ်မပစ်တောင် အမေရိကန် ဗုံးဒဏ်နဲ့သေရမှာပဲလို့ တစ်ထစ်ချ ထင်နေပါပြီ။ ဘာတွေဖြစ်ဖြစ် တရုတ်မှချရှုံးမယ်။ ငါလည်း ကေန်သတ်မယ်လို့ပဲ စိတ်စွဲနေတယ်။

ကိုရီးယား စစ်မျက်နှာမှာ တရုတ်ပြည်သူ့စွန့်စားတပ်တွေ အောင်ပွဲရတယ်လို့ သတင်းစာက ရေးနေတာကို ကျွန်တော်တို့တစ်ယောက်မှ မယုံဘူး။ တရုတ်နဲ့ ကိုရီးယား ပြည်သူ့တပ်တွေက ဒုတိယအကြိမ် အမေရိကန်တွေကို ၃၈ မျဉ်းပြိုင် အရောက်လောက်နီးနီး ပြန်ပြီး တွန်းလှန်လိုက်ပြီဆိုတဲ့ သတင်းကိုလည်း မှန်မယ်မထင်ပါ။ ၁၉၅၁ခု၊ နှစ်သစ်ကူးပြီးစမှာ အုပ်ချုပ်ရေး ကေဒါတွေက တရုတ်နဲ့ ကိုရီးယား တပ်တွေ ဆိုးဝေါကို သိမ်းလိုက်ပြီလို့ ကြေညာချက်ကို ဖတ်ပြတဲ့အခါ အချုပ်ခန်းတိုင်းကလိုလိုပဲ လက်ခုပ်သံတွေ ပေါ်လာတယ်။ ဒီအခါမှာတောင် ကျွန်တော်က ယုံတစ်ဝက် မယုံတစ်ဝက်။ ဖေဖော်ဝါရီလထဲမှာ "တန်ပြန်တော်လှန်ရေးသမားတွေကို ဆုံးမရန် ဥပဒေ" တွေကို သတင်းစာတွေထဲက ကြော်ငြာတဲ့အခါ တောင် အာဏာပိုင်တွေက ကျွန်တော်တို့မဆိုင်ဘဲနဲ့ဝင်ပြီး ကြောက်နေမှာစိုးလို့ သတင်းစာတွေမပြဘဲ ထားတယ်။ ဒီတော့ ဒင်းတို့ရှုံးလို့ မျက်နှာပန်းမလှလို့၊ မပြတော့တာဆိုပြီး စောစော

က နိုင်တယ်ဆိုတာတွေပါ မယုံမိကြပြန်ဘူး။ ငါသေဖို့ နီးပါပေါ့လားလို့ ထိတ်လန့်လာပြန်တယ်။

တစ်ညမှာ သံတံခါးတွေ ဖွင့်သံကြားလို့ လန့်နိုးပါတယ်။ အုံကျဉ်းသား တစ်ယောက်ကို ကပ်ရက်အချုပ်ခန်းထဲက ထုတ်သွားတာမြင်နေရပါမြီ။ ကျွန်တော့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်အောင် ကြောက်ပါတယ်။ ဟာရာဘိန်ကျိုး အမေရိကန် နီးလာလို့ ကွန်မြူနစ်က တစ်ယောက်ချင်း ထုတ်သတ်နေပြီ မဟုတ်လားလို့။ အဲဒီလို စိတ်မသက်သာနဲ့ မိုးလင်းလာတော့မှ ညက ထုတ်သွားတဲ့လူဟာ အူယောင် ရောဂါဖြစ်နေလို့ ထောင်ကနေစစ်ဆေးရုံကို အကြောင်းကြားတာနဲ့ စစ်ဖက်ဆရာဝန်တွေ လိုက်လာစမ်းသပ်ပြီး ချက်ချင်း အရေးယူကုသပေးဖို့ ဆေးရုံကို ခေါ်သွားတာတဲ့။ အကြောက်လွန်တဲ့ ကျွန်တော်က ကာကီဘောင်းဘီပဲ မြင်တယ်။ အပေါ်ကဝတ်ထားတဲ့ ဆရာဝန်အင်္ကျီအဖြူတောင် မမြင်လိုက်မိဘူး။

ဒီလိုသိရပေမယ့်လည်း အကြောက်လုံးဝ ပြေပြီလားမေးရင် ခေါင်းခါရဦးမယ်။ ကားသံကြားတိုင်း လူထုခုံရုံးတင်ဖို့ ကျွန်တော့်ကိုလာခေါ်တယ်ပဲ မှတ်တယ်။ သံတိုင်တွေ အပြင်မှာ ဘာတွေလုပ်ကြသလဲလို့ တစ်နေ့လုံး မျက်စိရော နားရောဖွင့်ထားတယ်။ ညကျ အိပ်မက်ဆိုးမက်တယ်။ အခန်းဖော်တွေလည်း ကြောက်ကြတာပါပဲ။ သူတို့လည်း ကျွန်တော့်လိုပဲ မစားနိုင် မအိပ်နိုင်နဲ့ စိတ်ဓာတ် သိပ်ကျနေကြပါတယ်။ လှေကားက တက်လာသံကြားရင် လှည့်မကြည့်တဲ့လူမရှိဘူး။ လူစိမ်းတစ်ယောက် မြင်ရင် ငါ့ခေါ်ရအောင်များလားဟဲ့လို့ မလှုပ်ဝံ့ဘူး။ အဲဒီအချိန်မှာ လုံခြုံရေးမှူးတစ်ယောက် အစိုးရကိုယ်စား စကားလာပြောတော့မှ အားလုံး မျှော်လင့်ချက်ကလေးရပြီး နေသာထိုင်သာ ရှိသွားကြပါတယ်။

လုံခြုံရေးမှူးက မျှော်စင်ရှေ့ကနေပြီး အချုပ်ခန်းအားလုံးဘက်ကို လှည့်ပြီး တစ်နာရီလောက် စကားပြောသွားတယ်။ **ခင်ဗျားတို့ကို အစိုးရက သတ်ပစ်ဖို့ လုံးဝ မကြံစည်ဘူး။ ဖြစ်စေချင်တာက ခင်ဗျားတို့တစ်တွေဟာ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဆေး၊ စာလေ့လာ၊ ပြီးတော့ ပုံသစ်သွင်းပါ။ ကွန်မြူနစ်ပါတီကရော ပြည်သူ့အစိုးရကပါ အခုလို ပြည်သူ့နိုင်ငံရေး အာဏာလက်အောက်မှာ ခင်ဗျားတို့ စစ်တရားခံတွေ အများဟာ ကိုယ့်ဘာသာကိုယ် ကြိုးစားလို့ ပုံသစ်သွင်းပြီး ဖြစ်လာမယ်။ လူသစ် ဖြစ်လာမယ်လို့ ယုံကြည်တယ်။ ကွန်မြူနစ်ဝါဒရဲ့ အခေါင်အထွတ် နောက်ဆုံးမျှော်မှန်းချက်ဟာ ကမ္ဘာကို အသစ်ပြန်လည် တည်ဆောက်တာပဲ ဖြစ်တယ်။ အဲဒီလိုလုပ်နိုင်ဖို့ ပထမဆုံးအရေးကြီးတာက လူသားကို ပုံစံသွင်းဖို့ပေါ့**။ သူက ဒီလို ပြောပြီးတဲ့နောက် ထောင်မှူးက ပြောသေးတယ်။

ခင်ဗျားတို့ သေဖို့လောက်ပဲ တွေးနေကြတယ်။ ဘာလုပ်ပေးပေး အဲဒါဟာ သတ်မပစ်ခင် ပြင်ဆင်ချက်တစ်မျိုးပဲလို့ ထင်နေကြတယ်မဟုတ်လား။ ကိုယ့်ကိုယ်ကိုယ် ဒီလိုမေးခွန်းများ မေးကြည့်ပါဦးတော့လား။ ဘယ်မေးခွန်းလဲဆိုတော့ ပြည်သူ့

အစိုးရဟာ ငါတို့ကို သတ်ဖို့သာ ရည်ရွယ်ရိုးမှန်ရင် ဘာပြုလို့ စာပေလေ့လာခိုင်းနေရသလဲဆိုတဲ့ မေးခွန်းပါဘဲ။ ကိုရီးယားစစ်နဲ့ ပတ်သက်ပြီးတော့လည်း ခင်ဗျားတို့မှာ စိတ်ကူးတွေ အထင်တွေ အမျိုးမျိုးရှိတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ခင်ဗျားတို့ အထဲက တချို့ဟာ ပြည်သူ့စွန့်စားတပ်ဟာ အမေရိကန်လို အင်အားရှိတဲ့ တပ်တွေကို ဘယ်နည်းနဲ့မှ မနိုင်နိုင်ဘူး။ အမေရိကန်သာ အရှေ့မြောက်ကို ဝင်လာမှာမလွဲကေန်မို့ သူတို့တွေမရောက်လာခင် ကွန်မြူနစ်က ခင်ဗျားတို့ကို ဦးအောင်သတ်မယ်လို့ တွေးနေတယ် မဟုတ်လား။ တချို့ကလည်း အမေရိကန်ရဲ့ စွမ်းအားကို မျက်စိမှိတ်ပြီး ယုံထားတယ်။ ဘယ်သူမှ မချိုးနှိမ်နိုင်ဘူး ထင်ထားတယ်။ ကျွန်တော်ပြောတာကို အသေအချာယုံပါ။ တရုတ်နဲ့ ကိုရီးယားပြည်သူဟာ အမေရိကန်နယ်ချဲ့ကို မလွဲမသွေနိုင်အောင် တိုက်နိုင်စွမ်းရှိတယ်။ ပြီးတော့ တရုတ်ကွန်မြူနစ်ပါတီရဲ့ တရားခံကို ပုံစံသစ်သွင်းလို့ ရနိုင်တယ်ဆိုတဲ့ ဝါဒဟာလည်း မလွဲမသွေ မှန်ကန်လာတာကို တွေ့ရမှာပဲ။ ပြီးခဲ့တဲ့ အစီအစဉ်ကို ကြည့်ပြောရင် ကွန်မြူနစ်ပါတီက ဖြစ်ရမယ်ဆိုရင် ဖြစ်တာပဲ။ ခင်ဗျားတို့က တစ်မျိုးပြောဦးမယ်။ ဘယ်လို ပြောမလဲဆိုတော့ မသတ်ဘူးဆိုရင်လည်း လွှတ်လိုက်ရောပေါ့လို့။ အဲဒါ နည်းမမှန်ဘူး။ ခင်ဗျားတို့ပုံစံမကျခင် လွှတ်လို့ရှိရင် ခင်ဗျားတို့ မကောင်းမှုကို ထပ်ပြီး ကျူးလွန်ဦးမှာပဲ။ ပြည်သူတွေကလည်း အခုနေ ခင်ဗျားတို့ကိုမြင်ရင် သည်းခံတဲ့စိတ်တွေ လွင့်စဉ်ပြီး မကျေမနပ်ဖြစ်သွားမှာ စိုးရသေးတယ်။ ဒီတော့ အခုအခါမှာ ခင်ဗျားတို့ စာပေလေ့လာပြီး ပုံစံသစ်ဝင်လာအောင် ကိုယ့်ကိုယ်ကိုယ် ကိုယ်ခိုင်းဖို့ပဲ လုပ်စရာရှိတယ်။ အဲဒီလို ထောင်မှူးက ပြောတယ်။

ဒီမိန့်ခွန်းတွေကို ပြည့်စုံအောင် သဘောမပေါက်ဘူး။ သိပ်လည်း မယုံဘူး။ ဒါပေမယ့် အစိုးရဟာ တို့များကို မသတ်လိုဘူးလို့ သူတို့ပြောတာ ယုတ္တိအသင့်အတင့် ရှိတယ်လို့တော့ ထင်မိပါတယ်။ ဒါကြောင့်လည်း ဖွဲ့ရှန်မှာတုန်းက ရေချိုးခန်း ထပ်ချဲ့ပေးတယ်။ မမာတဲ့လူကို ပျောက်ကင်းအောင် ဆေးကုပေးတယ်။ သက်ကြီးတွေကို အစားကောင်း ပိုကျွေးတယ်ဆိုတာက သက်သေခံတယ်ပေါ့။

တရုတ်နိုင်ငံသစ် အကျဉ်းထောင်တွေမှာ ဒါတွေလုပ်မြဲပါပဲလို့ နောက်မှ သိပါတယ်။ ဒါပေမယ့် ဟိုရက်ကတော့ မယုံစရာကောင်းလောက်အောင် ဆန်းတယ်။ တို့များမို့ အထူးအခွင့်အရေး ပေးတာလို့ပဲ တွေးတယ်။ ဒါကြောင့် အခု တာဝန်ရှိရဲ့ အစိုးရ အမှုထမ်းတွေက မသတ်ပါဘူးလို့ တိတိလင်းလင်း ပြောတဲ့အခါ တစ်ခါတည်း စိတ်သက်သာရာ ရသွားကြပါတယ်။

စာပေလေ့လာဖို့နဲ့ ပုံစံသစ်သွင်းဖို့ကို ကျွန်တော်တို့တစ်တွေဟာ တကယ်တော့ သိပ်ပြီး စိတ်မဝင်စားပါဘူး။ စာအုပ်တွေ သတင်းစာတွေ ပေးထားတာဟာ ပိုနေတဲ့ အချိန်ကို ဖြုန်းနိုင်ဖို့ အကူအညီပဲဖြစ်တယ်။ ပေါက်ကရတွေ တွေးနေမယ့်အစား စာဖတ်လို့ ဆိုလိုတယ်။ ဒီလိုဘဲ ယူဆတယ်။ စာအုပ်ကလေး တစ်အုပ်နှစ်အုပ်ဖတ်ပြီး အတွေးသစ်အမြင်သစ် ရမယ်ဆိုတာ ရယ်စရာတောင်ကောင်းသေးတယ်လို့ ကျွန်တော်

ထင်တယ်။ အမေရိကန်လက်နက်ကိုင်တပ် ရှုံးမယ်ဆိုတာ သာပြီးမယုံသေးတယ်။ ကျွန်တော်နဲ့အတူ တစ်ခန်းတည်းနေရတဲ့ အရာရှိလေးယောက်ဟာ သူတို့ကိုယ်သူတို့ စစ်ကိစ္စကို အင်မတန် နားလည်တယ်လို့ ယူဆကြတယ်။ သူတို့အယူအဆက ကမ္ဘာသူကမ္ဘာသားတွေ စိတ်သိပ်ဆိုးတာ မခံရဲလို့ အမေရိကန်ဟာ အဏုမြူဗုံးကို မသုံးဝံ့ဘူးဆိုတာတောင် သူတို့မှာရှိတဲ့ တခြားလက်နက်ဆန်းတွေနဲ့ပဲ ကမ္ဘာတစ်ခု လုံးကို လွှမ်းမိုးနိုင်တယ်တဲ့။ ပြိုင်ဘက်မရှိတဲ့အားကို နိုင်မယ်ဆိုတာ ဘယ်သူယုံမလဲ တဲ့။ နောက်မှသိရတာက ကွန်မြူနစ်ဟာ အရမ်း တရားလက်လွှတ် ဘယ်တော့မှ မပြောဘူး။ ကိုရီးယားသတင်းတွေဟာလည်း လုပ်ကြံတဲ့သတင်း နည်းနည်းမှမဟုတ် ဘူးလို့ နောက်မှ သိလာကြပါတယ်။ စစ်ကိစ္စကျွမ်းကျင်တယ်ဆိုတဲ့ အခန်းနေဖက် တွေက လူသေတဲ့ အကျအဆုံးစာရင်းကို လိမ်လို့ရတယ်။ နယ်မြေကျဆုံးတာကို ဘယ်တော့မှ လိမ်မရဘူးတဲ့။ အမေရိကန် သေနာပတိက ငြိမ်းချမ်းရေးစကား ကမ်းလှမ်း တယ်ဆိုတဲ့ သတင်းမျိုးက သာပြီး မဟုတ်ဘဲ ပြောလို့ မရသေးတယ်လို့ ဆိုတယ်။ အမေရိကန်တပ်တွေက အပစ်အခတ်ရပ်စဲဖို့ ဆွေးနွေးချင်တယ်ဆိုရင် သူတို့ဘယ်တော့မှ မရှုံးဘူးလို့ ဆက်ယူဆဖို့ အင်မတန်ပဲခက်နေပြီပေါ့။ လူလည်ကြီးတွေလည်း အံ့သြ ပြီး အဖြေရှာမတွေ့။ ကျွန်တော်လည်း အဖြေရှာမတွေ့။

ကိုရီးယားစစ်မှာ အဖြစ်အပျက်တွေတစ်ခုပြီးတစ်ခု ဖြစ်လာပုံဟာ ကျွန်တော် တို့ အစက မျှော်လင့်ထားတာနဲ့ လုံးဝမတူ။ ကျွန်တော်တို့မှားတယ်။ အမေရိကန်လည်း ကျားအစစ်မဟုတ်ဘူး။ စက္ကူကျားဖြစ်သွားတယ်။ ကျွန်တော်လည်း စိတ်တော်တော် ငြိမ်သွားပါပြီ။ ဘာပြုလို့လဲဆိုတော့ ကွန်မြူနစ်တွေ အရင်ကထင်သလို မြန်မြန် မပျက်စီးတော့ဘူးဆိုရင် ကျွန်တော်တို့ကို သတ်ဖြတ်ဖို့ရက်လည်း ရွှေ့သွားပြီပေါ့။

အရင်က စာပေလေ့လာရေးကို ဖြစ်ကတတ်ဆန်းပဲ လုပ်ခဲ့ပါတယ်။ အခု အကျဉ်းတောင် အာဏာပိုင်ထဲကပဲ ကေဒါတစ်ယောက်ကလာပြီး ကျကျနနလမ်းညွှန် ပါတယ်။ သူက ပဒေသရာဇ်လူမှုဖူလုံရေးကို ရှင်းပြတယ်။ ပြီးတော့ ကျွန်တော့် တို့ကို ဆွေးနွေးခိုင်းပါတယ်။ မှတ်စုနဲ့ ရေးယူကြရပါတယ်။

တစ်နေ့ အဲဒီကေဒါက ခင်ဗျားတို့အတွေးကို ပြုပြင်တယ်ဆိုတဲ့အဆင့် မရောက်ခင် ဘယ်လိုသဘောတရားကို ခင်ဗျားတို့ အခု လက်ခံထားတယ်ဆိုတာ အရင်သိဖို့ လိုပါတယ်။ ခင်ဗျားတို့ရဲ့ သဘောတရားဆိုတာဟာလည်း ခင်ဗျားတို့ရဲ့ ဘဝအခြေခံနဲ့ သမိုင်းကြောင်းနဲ့ ကင်းလို့မရဘူး။ ဒါကြောင့် ကိုယ့်ဘဝကို ကိုယ်ပဲ ပြန်ပြီး ဆန်းစစ်ပါ။ အတွေးပြုပြင်ရေးရနိုင်ဖို့ လူတိုင်းတာ ကိုယ်ရေးရာဇဝင်ကို ကိုယ်တိုင်ရေးပြဖို့ လိုမယ်လို့ ပြောပြီးခိုင်းပါတယ်။

ကိုယ့်အပြစ်တွေ ကိုယ်တိုင်ရေးပြီးရင် ဝန်ခံချက် ဖြစ်သွားမယ်ပေါ့။ လိမ်ခိုင်း တာပဲလို့ ကျွန်တော်ယူဆပြန်တယ်။ စစ်ရေးစစ်ရာမှာ အခြေခိုင်တယ် ဆိုတာတောင် ကွန်မြူနစ်ဟာ ငါတို့ကို သတ်ချင်တုန်းဘဲလား။

## ကိုယ်တိုင်ရေးကိုယ်ရေးရာဇဝင်နဲ့ ကိုယ်ပိုင်တံဆိပ် ပေးအပ်ပွဲ

ကိုယ်ရေးရာဇဝင် တောင်းခံတာ ခုံရုံးတင်ဖို့ အစပဲလို့ ယူဆမိတယ်၊ ဒါကြောင့် ဒီနေရာမှာ အစွမ်းကုန်အခွင့်အရေးယူပြီး ကိုယ့်အသက်ကိုယ် ကာကွယ်ရမယ်လို့ အထင်ရောက်နေပါတယ်။ ဒီတော့ ဘယ်လို လမ်းစဉ်ချရမလဲလို့ နားလည်ပြီး လောလီတွေပေါ်က ဆင်းပြီး ဟာရဘိန်အကျဉ်းထောင်ကို ဝင်ကြရမယ့်အခါမှာ ကူကလေးက ကျွန်တော့်ကို ဘာမေးခွန်းမေးမေး ဆိုဗီယက်ယူနီယံတုန်းက ပြောခဲ့တဲ့ ဝတ္ထုသွားအတိုင်း ပြောကြမယ်လို့ တိုးတိုးကပ်ပြောတဲ့အခါ ကျွန်တော်က ခေါင်းညိတ်ခဲ့ပါတယ်။

အဲဒီဝတ္ထုသွားကတော့ ဖက်ဆစ်ပဲ့ကျွန်တော် တွဲဖက်ဆောင်ရွက်သမျှ ဖုံးပြီး ကျွန်တော်ဟာ အပြစ်ကင်းစင်ကောင်းမွန်တဲ့ မျိုးချစ်တစ်ယောက်လို့ ဖော်တုတ်ထားတယ်။ ဆိုဗီယက်ယူနီယံမှာတုန်းကထက် အခု ဒီမှာသတိထားပြီး လစ်ကွက် ဟာကွက်နည်းနည်းမှ မကျန်အောင် တင်ပြဖို့လိုတယ်လို့ ယူဆပြီးသားပါပဲ။

ကူကလေးဟာ ကျွန်တော့်တူတော်တွေ အကုန်လုံးနဲ့ ကျွန်တော့်လက်သုံးတော်ကြီး လီအတွက်ပါ တာဝန်ယူထားတယ်။ ဆိုလိုတာက သူတို့လည်း အသင့်ပြင်ဆင်ပြီး ကျွန်တော့်ကို သစ္စာရှိရှိ ကာကွယ်ကြမယ်တဲ့။ ဒါပေမယ့် သစ္စာရှိရုံနဲ့ လစ်ကွက်မဖြစ်တော့ဘူးလို့ မဆိုနိုင်ဘူး။ ဒါကြောင့် ကိုယ်တိုင် သူတို့အကုန်ကို အထူးညွှန်ကြားသွန်သင်ရဦးမယ်။ အထူးသဖြင့် လီကိုထိန်းရပယ်။ သူက ကျွန်တော်တိအင်ကျင်က အရှေ့မြောက်ကို ဘယ်လို ရောက်သွားတယ်ဆိုတဲ့ အဖြစ်မှန်ကို သိတဲ့လူမို့ အင်မတန်အရေးပါတဲ့ သက်သေဖြစ်နေတယ်။

သူနဲ့ကျွန်တော်စကားပြောချိန်ဟာ အမျိုးတွေနဲ့ တွေ့ရအောင်သွားရတဲ့အနားယူချိန်မှာပဲ ဖြစ်တယ်။ လူငယ်တရားခံတွေဟာ ကျွန်တော့်အမျိုးတွေ အပါအဝင်အားလုံးဘဲ ရေသယ်တာတို့၊ စားပွဲပြင်ဆင်တာတို့၊ မီးဖိုမှာ ကူညီတာတို့ လုပ်ကြပါပြီ၊ (ရုန်ယွန်က သေရှာပြီ၊ ဧကရာဇ်သမားတော် ဒေါက်တာတုအန်ငင်က မမာဘူး၊ ဒီတော့ သူကိုနှစ်ဦးဖြင့် ဒီတာဝန်တွေက လွတ်ပါရဲ့။)

ဒီတော့ သူတို့ကို သွားတိုင်းတွေ့ဖို့ မလွယ်ဘူးပေါ့။ တစ်ဖက်မှာတော့ အခုလို ဆွေးနွေးပွဲတွေရှိလာတဲ့အဆင့်မှာ တော်တော်လေး လွတ်လွတ်လပ်လပ် သွားလာနိုင်ကြဖို့ သတင်းပေးသတင်းယူ လွယ်ပါတယ်။ လီကို အခေါ်လွှတ်ပြီး တိအင်ကျင်က ကျွန်တော်ထွက်လာပုံ နည်းနည်းမှ ဖော်မပြောနဲ့။ ကျွန်တော် ထွက်သွားပြီးမှ ဟုဒီယွန်ခိုင်းလို့ ကျွန်တော့်ပစ္စည်းတွေ ထုပ်ပိုးပေးရတယ်လို့သာ ပြောလို့ သင်ရတယ်။ သူကလည်း ကျွန်တော်ဆိုလိုတာကို နားလည်တယ်။ လိုက်နာမယ်ဆိုတဲ့ သဘောနဲ့ ခေါင်းညိတ်ပြီး ထွက်သွားပါတယ်။

နောက်တစ်နေ့ လီက ပြောခိုင်းတဲ့ စကားတစ်ခွန်း ရွှေ့ကလေးလာပြော တယ်။ မနေ့ကညနေက လီဟာ ထောင်အရာရှိထဲက အုပ်စုခွဲခေါင်းဆောင် ကျာနဲ့ တွေ့ပြီး အရှေ့မြောက်မှာ နေကြတုန်းက ကျွန်တော်ဟာ လက်အောက်ငယ်သားတွေကို သိပ်ပြီး ကြည်ကြင်နာနာနဲ့ ဆက်ဆံတယ်။ ဘယ်သူ့ကိုမှ မဆဲဘူး။ မရိုက်ဘူး။ လူရှန်ရောက်တော့ ဂျပန်နဲ့ မတွေ့ချင်လို့ တံခါးကိုတော့ သော့ခတ်ပြီးများတောင် နေပါတယ်လို့ ပြောလိုက်ပြီးပြီတဲ့။ ဒါကိုကြားတော့ ကျွန်တော် လန့်သွားတယ်။ ဘာပြုလို့ လူရှန်အကြောင်းကို ထည့်ပြောရသလဲ။ သိပ် စကားများများ မပြောနဲ့။ လူရှန်မှာ ဘာဖြစ်ခဲ့သလဲမေးရင် မသိဘူးသာပြောလို့ ပြန်မှာလိုက်ရတယ်။

အဲဒီလို လီအတွက် စိတ်ချပြီး တူတွေ ဘယ်လိုဘယ်လို ပြောကြလို့ အသေးစိတ်ပြောပြီးတဲ့အခါကျမှ ကိုယ်ရေးရာဇဝင်ကိုစပြီး ရေးပါတယ်။ လူဝင်ခက် နန်းမြို့မှာ ကလေးဘဝနေခဲ့ရပုံကို အမိအဖ အခြေခံကစပြီး ရေးပါတယ်။ အဲဒီကမှ တစ်ခါ ဂျပန်သံရုံးမြေကို အတင်းခေါ်သွားလို့ ပါသွားရတယ်။ တိအင်ကျင်မှာ နေတုန်းကလည်း နိုင်ငံရေးဘာမှမလုပ်ဘူး။ ဂျပန်တွေလာပြီး အနိုင့်အထက်ခေါ်လို့ ကျန်ကျုန်ကို ပါသွားရပြီးနောက် ဟိုမှာ စိတ်ပင်ပန်း လူပင်ပန်းနေခဲ့ရတယ်ဆိုတဲ့ ဇာတ်အတိုင်း ရေးပါတယ်။ အဆုံးသတ်မှာ–

> **ပြည်သူတို့ ခံစားရတဲ့ ဒုက္ခကိုမြင်ပြီး ဘာမှမကူညီနိုင်တာကို သိရတဲ့အခါ ဖြေမရလောက်အောင် ဝမ်းနည်းမိပါတယ်။ တရုတ်တပ်တွေဟာ အရှေ့မြောက်ကို ထိုးဖောက်ဝင်ရောက်လာနိုင်ရင်ကောင်းမှာပဲလို့ ဆန္ဒပြုမိတယ်။ နိုင်ငံတကာ အစီအမံတစ်မျိုး ပေါ်လာပြီး လွတ်မြောက်ရေးရစေချင်တယ်။ အဲဒီမျှော်လင့်ချက်ဟာ ၁၉၄၅ခုကျတော့ တကယ်ဖြစ်လာပါတော့တယ်လို့ ရေးလိုက်တယ်။ သေသေချာချာ ပြန်ဖတ်ပြီး ပြင်ဆင်ပါသေးတယ်။**

ပြီးမှ အချောကူး ပေးအပ်လိုက်ပါတယ်။

ဒီလိုပေးပြီးမှ ဒီလူဟာ "သစ္စာရှိတယ်"၊ "တိုးတက်နေပြီ"လို့ အစိုးရ ယုံကြည်လာအောင် ဘာများ ထပ်လုပ်ရင် ကောင်းမလဲလို့ စဉ်းစားရသေးတယ်။ လီတို့တစ်တွေက ကျွန်တော့်အကြောင်း အကောင်းတွေပဲ ချီးမွမ်းပြောရုံနဲ့လည်း မလုံလောက်သေးဘူးထင်တယ်။ တစ်ခုခုတော့ လက်တွေ့လုပ်ကြဦးမှ ဖြစ်မယ်။ ဒါပေမယ့် ထောင်ထဲမှာ နေ့စဉ်တာဝန်ကျ ဆောင်ရွက်တာကလည်း အာဏာပိုင်တွေ မပြောနဲ့ ကိုယ့်ဘာသာကိုယ်လည်း တယ်မဟန်သေးဘူးလို့ သိနေပါတယ်။

လုံခြုံရေးအဖွဲ့ခေါင်းဆောင်နဲ့ ထောင်မှူးရဲ့ ဟောပြောချက်ကို ကြားပြီးတဲ့ နောက် ကျွန်တော်တို့ လူတိုင်းလိုဘဲ အသက်ရှည်ချင်ရင် ကိုယ့်နိုင်ငံရေး နိုးကြားမှု ဘယ်လို တိုးတက်လာပြီဆိုတာ အစွမ်းကုန် ရှာကြံပြီး ပြဖို့လိုကယ်လို့ ယူဆကြတယ်။ အခုနေ ပြန်ကြည့်ရင် ရယ်စရာပေါ့။ ဟိုတုန်းကတော့ သွက်သွက်လက်လက် ညာ တတ်ရင် အစိုးရယုံမယ်ပဲ ထင်ပါတယ်။ အဲဒီအတွေးနဲ့ သူများတကာလို ချက်ချက်

ချာချာ တိုးတက်တာကို မပြနိုင်လို့ သိပ်ဝမ်းနည်းမိတယ်။

ထောင်အုပ်ချုပ်ရေးပိုင်းကို ကျွန်တော်တို့စာပေလေ့လာပုံ၊ တာဝန်ကျရာ လုပ်နိုင်ပုံနဲ့ နေ့စဉ်နေ့တိုင်း နေထိုင်ပုံ ကောင်းမွန်တယ်လို့ သိပ်ပြချင်ကြတယ်။ ကျွန်တော်တို့အုပ်စုထဲက လေ့လာရေးဗိုလ်စွဲတဲ့လူက အုပ်စုခေါင်းဆောင်အဘိုးကြီး ဝေါင်ပါပဲ။ သူက "မန်ကျူကော"လက်ထက်က ဗိုလ်ချုပ်ဖြစ်ခဲ့ပြီး ပီကင်းမှာ ဥပဒေသင်ခဲ့ဖူးတယ်။ ကျွန်တော်တို့အထဲမှာ ပညာအခြေခံ အကောင်းဆုံးဖြစ်တဲ့ အတိုင်း အခေါ်ဝေါ်သစ်တွေကို သူက နားလည်လွယ်တယ်။ တခြား အရာရှိဟောင်း သုံးယောက်ကတော့ ကျွန်တော့်လိုပဲ "စိတ်ပိုင်း"နဲ့ "ရုပ်ပိုင်း"တောင် နိုင်နင်းအောင် ခွဲမသိကြသေးဘူး။ ဒါပေမယ့် "တိုးတက်မှု"မှာတော့ သူတို့ကတောင် ကျွန်တော့်ထက် သာပါသေးတယ်။ ဆွေးနွေးပွဲမှာ သူတို့က ဝင်ပြောစရာတခုခုတော့ အမြဲရှိတယ်။ အဆိုးဆုံးအပိုင်းကတော့ ပဒေသရာဇ်စနစ်အကြောင်းကို သင်ကြားပြီးသမျှ ကိုယ် နားလည်သလို ကိုယ့်စကားနဲ့ပြန်ပြီး စာတမ်းရေးရတဲ့ဟာပါပဲ။ ဆွေးနွေးပွဲမှာ ဝင်နွှဲဖို့ကမှတတ်နိုင်သေးတယ်။ လေ့လာရေးမှာ တယ်မစွံဘူး။ အဲဒါထက် စာအုပ်တွေ ထဲမှာ ပဒေသရာဇ်စနစ်ကို ရှင်းပြထားတာ ထပ်ဖတ်ရတော့ တစ်မျိုးကြောက်စရာ ပေါ်လာပြန်တယ်။ သူတို့ဖော်ပြသလို ဧကရာဇ်ဟာ မြေရှင်အကြီးဆုံး မြေရှင်ချုပ် ဆိုရင် တိုင်ပြည်နိုင်ငံ အပေါ်မှာ သစ္စာဖောက်သေးတဲ့ လူအဖြစ်နဲ့လည်း အပြစ်ရှိနေတာမို့ မြေရှင်ချုပ်ဖြစ်တဲ့ ကျွန်တော်ဟာ သေဘေးက လွတ်နိုင်ပါဦးမလား။ အဲဒီလို တွေးမိ ပြီး ကြောက်လွန်းလို့ စာတစ်ကြောင်းမှ ဖြောင့်အောင် မရေးနိုင်ပြန်ဘူး။ နောက်ဆုံး ဆက်ဖတ်ပြီး မဖြစ်ဖြစ်အောင် ရေးရပြန်ပေမယ့်လည်း၊ သူများတွေလို မကောင်းဘူး ဆိုတာ သိပါတယ်။ စာပေလေ့လာရေးနဲ့ အာဏာပိုင်တွေကို ကျေနပ်အောင် မလုပ် နိုင်တာ သေချာသွားပါပြီ။

တိုးတက်မှုကို ပြနိုင်စရာတစ်ကွက်ဘဲ ကျန်တော့တယ်။ ဟာရဘိန်ရောက်ပြီး ကတည်းက အခန်းသန့်ရှင်းရေး တာဝန်ကို အလှည့်ကျယူခဲ့ပါတယ်။ အခန်းတိုင်း ထောင့်မှာ ရေဆွဲအိမ်သာရှိနေလို့ ဂန်ဖလားမသွန်ရလို့ တော်ပါသေးရဲ့။ အလုပ်အနေ နဲ့ ပြောရရင် မကြီးကျယ်ပါ။ နေ့စဉ် သုံးကြိမ်လာပို့တဲ့ ထမင်းပွဲကို လက်ခံပြင်ဆင်တာ နဲ့ ရေနွေးယူရတာရယ်။ ဖျာတွေ သုတ်ရတာရယ်။ ဒါပါပဲ။ လူတစ်ဖက်သားကို ကိုယ်က ဝတ်ပြုဖူးတာ၊ အခုမှ ပထမအကြိမ်ဖြစ်လို့ မကျင်လည်ဘူး။ ထိုင်နေတဲ့ လူရဲ့ ခေါင်းပေါ်မှာ ဟင်းချိုဖိတ်ကျဖူးသေးတယ်။ နောက်တော့ ကျွန်တော့်အလှည့် ဆိုပေမယ့် တစ်ယောက်ယောက်ကတော့ ထပြီး ကူပါတယ်။ သနားလိုလည်း ပါတယ်။ နောက်တစ်ခါ အပူလောင် မခံချင်လို့လည်းဖြစ်မယ်။

အဝတ်ဝတ်တဲ့နေရာမှာ ခုအထိ မသပ်မရပ်ပဲ။ ရွှေ့ကလေးက ဆက်ပြီး လျှော်ဖွပ်ပေးနေသေးတယ်။ ချုပ်စရာ ဖာစရာရှိလည်း လုပ်ပေးပါသေးတယ်။ အဲဒါလည်း အနေရခက်တယ်။ ဒါကြောင့် ထောင်မှူးက ဖွဲ့ရှုန်မှာ အဝတ်အကြောင်း

ပြောပြပြီးကဲ့အခါ ကိုယ့်ဘာသာကိုယ် လျှော်မယ်၊ ဖွပ်မယ်နဲ့ စမ်းစမ်းကြည့်သေးတယ်။ တစ်ကိုယ်လုံးသာ တုတ်တုတ်ကျအောင် ရေစိုသွားတယ်။ ဒီပညာကို နေရာကျအောင် မတတ်ခဲ့ဘူး။ ကိုယ်ရေးရာဇဝင် ရေးသွင်းပြီးတဲ့အခါ အာဏာပိုင်တွေ စိတ်မပျက်ရအောင်လို့ နောက်တစ်ကြိမ်ကို လျှော်ပေမယ့် ခြောက်သွားတော့ ရေဆေးရောင်စုံ ပန်းချီကားလို့ ပြောရင်ယုံမယ်။ ရွှေကလေးကလာယူပြီး "အထက်"က ဒါမျိုးလုပ်ဖို့ မဟုတ်ပါဘူးလို့ တိုးတိုးပြောသွားတယ်။ သူပြောသလိုဘဲ ထင်ပါတယ်။ ဒါကြောင့် အာဏာပိုင်တွေအထင်ကြီးအောင် ငါ ဘာလုပ်ပြရပါ့မလဲလို့ အတင်း ဉာဏ်ထုတ်ရပါတယ်။

ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အကြံထုတ်နေတုန်း ကျွန်တော့် ယောက်ဖ အဘိုးကြီး ဝန်က သူ့အခန်းဖော်ကို ကိုရီးယားစစ်မှာ လေယာဉ်ပျံနဲ့ အမြောက်ကြီးတွေဝယ်ဖို့ တရုတ်အမျိုးသားတိုင်းလိုဘဲ ရုံပုံငွေထည့်ဝင်နေကြတယ်လို့ ပြောသံ ကျွန်တော် ကြားပါတယ်။ တစ်ဖက်ခန်းက လူနဲ့ စကားပြောခွင့် မရှိပါဘူး။ ဒါပေမယ့် သူတို့ ပြောတာကိုကြားတော့ ဥပဒေနဲ့ မဆိုင်ဘူးပေါ့။ အဖော်ဆိုတဲ့လူက "မန်ကျူကော"ဝန်ကြီးတစ်ယောက်ပါ။ သူ့သားက သူ့ကို လွှန်ဆန်ပြီး ကိုရီးယားစစ်မှာ ဝင်တိုက်နေတယ်လို့ ကြားရတယ်။ သူ့အပြောက သူ့ပစ္စည်းတွေသာ အသိမ်းမခံရရင် သူလည်း ကိုရီးယားစစ် ရန်ပုံငွေတွေ အများကြီး ထည့်ချင်ပါတယ်တဲ့။ ကျန်တဲ့လူတွေက သူ့ကို ပစ္စည်းကျန်ဦးမယ် ထင်သေးလို့လား။ ခင်ဗျားသားကိုကော စစ်ထဲမှာ လက်ခံပါ့မလားနဲ့ ဝိုင်းလှောင်နေကြတယ်။ ပြီးတော့ တစ်ယောက်က ဝင်ပြောတဲ့စကားထဲမှာ အခုထိ ပစ္စည်းလက်ကျန် အထုပ်အထည်နဲ့ ရှိဦးမှာကတော့ ဧကရာဇ်နဲ့ ဝန်ကြီးချုပ်မှာ ပါလို့ထင်တယ်။

အဲဒီစကားဟာ ကျွန်တော့်ကို နှိုးလိုက်တဲ့စကားပါဘဲ။ သူများတွေထက် အဖိုးတန်ရတနာ ကျွန်တော့်မှာ ပိုများတယ်။ သေတ္တာအံဝှက်ထဲက ရတနာတွေအပြင် မဝှက်ဘဲထားတဲ့ အဖိုးတန်ပစ္စည်းတွေလည်း အများကြီး ရှိပါသေးတယ်။ အဲဒီအထဲမှာ ကျဲန်လုန်ငင်နန်းစွန့်ပြီးမှလုပ်တဲ့ တံဆိပ်တုံးသုံးခုတွဲရှိပါတယ်။ အဲဒါလည်း အဖိုးမဖြတ်နိုင်အောင် တန်ပါတယ်။ ကျွန်တော့်မှာ "နိုင်ငံရေး နိုးကြားမှု"ရှိတယ်လို့ပြဖို့ ဒီ ကိုယ်ပိုင် တံဆိပ်တုံးသုံးတုံးကို လှူဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အကျဉ်းသားတချို့က ကိုရီးယားမှာတိုက်တဲ့ တရုတ်ပြည်သူ့စွန့်စားတပ်ထဲ ဝင်ခွင့်ပြုဖို့ တောင်းပန်ကြတယ်။ အခွင့်မရကြပါဘူး။ သူတို့ "နိုင်ငံရေးနိုးကြားမှု"ပြပုံဟာ ကိုယ့်မှာလည်း တကယ် ဘာစွန့်စားမှုမှမရှိဘဲ အရာရောက်တယ်လို့ ကျွန်တော် မနာလိုဖြစ်မိပါတယ်။ ကျွန်တော်ကလည်း အညံ့မခံဘဲ တစ်ခုခုလုပ်ဦးမှလို့ စဉ်းစားနေတုန်း ကံကောင်းချင်တော့ အဲဒီနေ့မှာ အစိုးရအရာရှိတစ်ဦး ထောင်စစ်ရအောင် ရောက်လာတယ်။ သူ့ကိုမြင်တော့ ရှဲန်ယန်မှာ ကျွန်တော့်ကို ဘာမှ မစိုးရိမ်နဲ့လို့ ပြောဖူးတဲ့လူဖြစ်မှန်း သိတယ်။ ထောင်မှူးထက်လည်း အဆင့်အတန်း

မြင်တဲ့ပုံ ပေါ်တယ်။ မြင့်တဲ့အရာရှိနဲ့ ဆက်သွယ်ရမှ အရာရောက်မယ်လို့ထင်လို့ သူလည်း အခန်းထဲဝင်လာရော ကျွန်တော်က ကိုယ်ပိုင်တံဆိပ်တုံးတွေကို လှူပါတယ်လို့ပြောပြီး သူ့လက်ထဲကို အပ်ပါတယ်။ သူက ယူတော့မသွားဘူး။ **ဒါ ပုယိ မဟုတ်လား။ ဒီကိစ္စကို ထောင်အာဏာပိုင်တွေနဲ့ ဆွေးနွေးပါတဲ့။** တခြား မေးခွန်း သုံးလေးခု မေးသေးတယ်။ ပြီးမှ ထွက်သွားပါတယ်။ သူသာ ကျွန်တော့်ကိုယ်ပိုင် တံဆိပ်တွေကို ကိုင်ကြည့်ရင် ဒီလို ပေါ့ပေါ့သော့သော့ ပြောမှာမဟုတ်ဘူးလို့ စဉ်းစားမိတယ်။ ဒါပေမယ့် သူပြောသလိုဘဲ စာတစ်စောင်ရေးပြီး ဝါဒါလျှိုလက်ထဲကို တံဆိပ်တွေ ထည့်လိုက်တယ်။

နောက်ထပ် တံဆိပ်တွေအကြောင်း အတော်ကြာတဲ့အထိ ဘာသံမှမကြား ရလို့ ဝါဒါကများ ကြားဖြတ် ခိုးထားလေမလားလို့ စိုးရိမ်နေပါတယ်။ တစ်ညနေ သူများတွေ စစ်တုရင်ထိုး၊ ဖဲရိုက် လုပ်နေကြတုန်း ကျွန်တော်ကလည်း တံဆိပ်တုံး တွေအကြောင်းတွေးပြီး နှမြောနေမိတယ်။ အဲဒါကို အခန်းပြင်ကနေပြီး လူဝကြီး ဝါဒါလျှိုက ခင်ဗျားကော ဘာပြုလို့ သူများလို အပျင်းပြေ မကစားသလဲလို့ မေးပါ တယ်။ ပြီးတော့ ဖဲတစ်ထုပ်သွားယူလာပြီး လာကစားရအောင်လို့ခေါ်ပြီး အခန်းတွင်း အခန်းပြင် အပေါက်ငယ်ကနေပြီး ကစားဖို့ သူကခေါ်ပါတယ်။ သူ့ကို စိတ်ထဲက သိပ်မုန်းနေတဲ့အခါပါ။

သူက ခင်ဗျား ဒါသင်ထားဗျ။ လူသစ်ဘဝရောက်လာတဲ့အခါ သူများနည်းတူ မကစားတတ်ရင် ပျင်းစရာကြီး ဖြစ်မယ်လို့ ဆက်ပြောနေသေးတယ်။

သူ ဟန်ဆောင်ကောင်းပုံကို ကျွန်တော်အံ့သြတယ်။ ဆေးတန်ကြိုက်တဲ့ဝါဒါ တစ်ယောက် ရောက်လာပြီး ကျွန်တော့်အခန်းဖော်ကို စီးကရက်လိပ်သောက်ဖို့ သူ့ ဆေးတံဆေးတွေ ခွဲပေးနေတာ တွေ့ရသေးတယ်။ ဒီကောင်တွေ တော်တော်ယုတ္တိ ရှိအောင် လှည့်စားတတ်တယ်လို့ စိတ်ထဲမှာထင်မိတာပေါ့။ ငါ့ကိုတော့ညာမရဘူးဟေ့ လို့ စိတ်ထဲက ပြောမိတယ်။

တကယ်တော့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ်ပဲ လိမ်နေတာလို့ သိရပါ တယ်။ ထောင်ဝင်းထဲမှာ ထောင်မှူးနဲ့ တွေ့ပြန်တော့ ခင်ဗျားစာနဲ့ တံဆိပ်ရပါတယ်။ ခင်ဗျား ဆိုဗီယက်ယူနီယံမှာတုန်းက ပေးတဲ့ပစ္စည်းတွေလည်း ရပါတယ်။ ဒါပေမယ့် ပြည်သူတွေမှာ အရေးပါဆုံးပစ္စည်းက လူဗျ။ ပုံစံသစ်သွင်းထားတဲ့ လူပဲ လိုချင်တာလို့ ပြောသွားပါတယ်။

## ကျွန်တော့်အတွင်းလူတွေရဲ့ အပြောင်းအလဲ

ထောင်မှူးပြောတဲ့စကား အဓိပ္ပာယ်အပြည့်အစုံကို နောက်နှစ်ပေါင်း အတော် ကြာမှ နားလည်ပါတယ်။ အခု အခိုက်အတန့်မှာတော့ ငါ့ကို သူတို့က ပြုပြင်စေချင်

တယ်ဆိုရင် ငါသေရဦးမယ်မဟုတ်သေးဘူးဆိုတဲ့ အဓိပ္ပာယ်ကိုပဲ ကောက်တတ်ပါသေးတယ်။ ဒါပေမယ့် မမျှော်လင့်တဲ့အခါမှာ အန္တရာယ်က ပေါ်လာတတ်တယ်။

တစ်နေ့ ကျွန်တော့်မျက်မှန်ကိုင်း ချောင်နေလို့ တပ်မကောင်းဘူး။ ဒါကြောင့် ဝါဒါကို ယူသွားပြီး လီကို ပြင်ခိုင်းပေးပါလို့ အပ်လိုက်တယ်။ လီက ပြင်ဆင်တဲ့အလုပ်ကို ဝါသနာပါလို့ နာရီ၊ ဖောင်တိန်နဲ့ မျက်မှန် ချွတ်ယွင်းရင် သူပဲ ပြင်ပေးလေ့ရှိပါတယ်။ တခြားလူအတွက်လည်း လုပ်ပေးပါတယ်။ ဒီတစ်ခါတော့ တစ်မျိုးဖြစ်နေတယ်။

ဒီထောင်မှာ အပေါ်ထပ်က စကားပြောသံကို အောက်ထပ်က ကြားရသလို အောက်ကအသံလည်း အပေါ်က အတိုင်းသားကြားတယ်။ ဝါဒါ ထွက်သွားပြီး တယ်မကြာဘူး။ လီရဲ့ မကျေနပ်သံကို သဲသဲကွဲကွဲ ကြားပါတယ်။ ဒါ ဘယ်ကောင်းမလဲ။ တယ်မကြာဘူး ဝါဒါ ပြန်လာတယ်။ လီက လုပ်မဖြစ်ဘူးပြောလို့ တစ်နည်းတစ်ဖုံ ပြင်ဆင်ရအောင် အကြံထုတ်ပေဦးတော့လို့ ဆိုတယ်။ ဒီလို ရဲတင်း လာတာကို ကျွန်တော်မကြိုက်ပါ၊ ကျွန်တော် ပြင်တတ်ရင် သူ့ဆီကို ဘယ်ပို့မလဲ။ မစ္စတာကျိအင်န် သူ့ကိုတစ်ခေါက်ပြန်ခိုင်းပေးပါဦးလို့ ကျွန်တော် တောင်းပန်တာနဲ့ ဝါဒါကျိအင်န်လည်း သဘောကောင်းတဲ့လူငယ်၊ ပိန်ပိန်ဆိုတော့ ဝန်မလေးဘူး။ တစ်ခါအောက်ထပ်ဆင်းသွားပြန်တယ်။

ဒီတစ်ခါမှ ပြင်ပေးလိုက်တယ်။ ခပ်ကြမ်းကြမ်းကြိုးနဲ့ ချည်ပြီး လွှတ်လိုက်တယ်။ မူလ ဝက်အူပျောက်ဟန်တူပါရဲ့။

ဒီကိစ္စကို ကျွန်တော် သေသေချာချာ စဉ်းစားပါတယ်။ လီဟာ တစ်မျိုးဖြစ်တာ သေချာပြီ။ တယ်မကြာသေးဘူး။ သူ့မတွေ့တာ ကြာပြီဆိုပြီး ရှေ့ကလေး အခေါ်လွှတ်တော့ မအားလို့မလာနိုင်ဘူး ပြောတယ်ဆိုပြီး ရှေ့ကလေး ပြန်လာပြောတယ်။ သူခိုင်းဖို့စေဖို့ ငါ့မှာ အချိန်မရှိဘူးဆိုတဲ့ သဘောဖြစ်မယ်။

ဒီ မျက်မှန်ကိစ္စဖြစ်ပြီး တယ်မကြာဘူး။ ၁၉၅၂ခု၊ နှစ်သစ်ဆန်းတယ်။ နှစ်သစ်ကူးပွဲ လုပ်ခွင့်ရလို့ ကျွန်တော်တို့ ပြဇာတ်တစ်ခု မျှော်စင်ကြီးရှေ့က မြေကွက်မှာ စင်ထိုးပြီး ပြသဖို့ စီစဉ်ကြပါတယ်။ အဲဒီပြဇာတ်ထဲက ဇာတ်ကွက်တစ်ကွက်ဟာ ကျွန်တော့်ကို မင်း ဒုက္ခတွေ့တော့မယ်လို့ သတိပေးလိုက်တယ်လို့ ပြောရင်ရပါတယ်။

ယှူကူနဲ့လီတို့ပေါင်းပြီး စကားပြောလက်ာတစ်ခန်း ဇာတ်ကွက်ဆင်ထားတယ်။ သူတို့အခန်းထဲက ရှေ့တစ်ယောက်ပဲ မပါတယ်။ အားလုံး တက်ဆိုကြတယ်။ အဲဒီ ပြဇာတ်ထဲမှာ အကျဉ်းသမားတချို့ရဲ့ မနှစ်သက်စရာအပြုအမူကို သရော်ပြီး ပြပြင်ဖို့ ဆုံးမထားတယ်။ ဥပမာ– "မန်ကျုကော" တရားဝန်ကြီးကျန်င်ဟုအန်ယျိအန်ငင်ကို "အာဖြဲကြီး" လို့ နာမည်ပေးထားတယ်။ အာဖြဲကြီးဟာ ဒေါသလည်းကြီးတယ်။ သူ စိတ်ဆိုးနေရင် လူတကာကို ရန်လိုတယ်။ တစ်ခါက သူ့ကြောင့် ဘမင်းစေ့ဖိတ်တာကို ပြမိလို့ တမင် ထမင်းစေ့တွေ ဖိတ်အောင်ထပ်လုပ်လိုက်သေးတယ်။ တချို့တွေက ဝါဒါလာမှ စာအော်ဖတ်တတ်တာကိုလည်း ထည့်ပြီး

သရော်ကြသေးတယ်။

ဒီအထိ ကျွန်တော်လည်း သူများနဲ့ရောပြီး ရယ်နိုင်သေးတယ်။ ပြီးတော့ အယူသည်းတဲ့ လူတွေအလှည့် ရောက်လာပါပြီ။ သူတို့ ဗေဒင်မေး နတ်ကိုးလုပ်ပေမယ့် အရင်ကလည်း ဘာမှ အကူအညီ မရဘူး။ အခုလည်း ရမှာမဟုတ်ဘူး။ ဒါတောင် ဂါထာမန္တန် ရွတ်ချင်ဖတ်ချင်သေးတယ်တဲ့။ ဒီလိုသရော်တဲ့အထဲမှာ ကျွန်တော်လည်း ပါတာ သေချာတာပေါ့။ ဒါတွေ ကျွန်တော်လုပ်တုန်းပဲဟာ။ သူတို့ ပြောတာဟုတ်တော့ လည်း ဟုတ်ပါတယ်။ ဒါပေမယ့် လူရှေ့သရော်ခံရတော့ သည်းမခံချင်ဘူး။ မရိုသေ မလေးစားရာရောက်တယ်။

ဒါနဲ့ မပြီးသေးဘူး။ ထောင်ကျနေပြီး အစိုးရက လူလိုထားတဲ့ကြားထဲက ပညာပေးနေတဲ့ကြားထဲက နောက်တစ်ယောက်ရဲ့ "အစေခံကျေးကျွန်" လုပ်နေ သေးတယ်ဆိုတဲ့ လူမျိုးကို သရော်ကြပြန်တယ်။ တစ်ဖက်သားကို လေးစားပြီး နိုင်းသမ္ဗုလုပ်ပေးရင် ပြုပြင်လာပြီဆိုတဲ့အဆင့်ကို ဘယ်တော့ ရောက်မလဲ။ အပြုအစု ခံရတဲ့လူကော ပြုပြင်လာမလား။ ရေးကလိုဘဲ ငါ အရှင်သခင်ဆိုပြီး ဘဝင်မြင့်နေဦးမှာ ပေါ့တဲ့။ ထောင်ထဲမှာတောင် ဘယ်သူက ကျွန်ခံပြီး ဘယ်သူက သခင်အရှင် လုပ်နေ သလဲဆိုတာ ဖွင့်ပြောဖို့ မလိုတော့ပါဘူး။ ဒါကြောင့် သူတို့ ပြဇာတ်ထဲမှာ ရွှေ့ကလေး ပါမလာတာပါလားလို့ ခုမှသိရတယ်။ သူ့အတွက် ဝမ်းနည်းစိတ် ဖြစ်တယ်။ ဒီလို ဝိုင်းတိုက်နေကြရင် သူလည်း ကြာကြာခံနိုင်မှာ မဟုတ်ဘူးလို့ စိုးရိမ်လာတယ်။

တကယ်က ရွှေ့လေးလည်း ပြောင်းလဲလာပါပြီ။ သူပေါ်မလာလို့ ကျွန်တော့် ဆီမှာ အဝတ်ညစ်တွေပုံနေတယ်။ အဲဒီနှစ်သစ်ပွဲပြီးတော့လည်း အဝတ်ညစ်တွေ လာယူပြီး လျှော်မပေးတော့ပါ။ နောက်ထပ် မကြာဘူး။ ဒီကိစ္စဟာ ကြီးကျယ်လာ တယ်။

အဲဒီနေ့က အခန်းရှင်း၊ ထမင်းပြင် စတဲ့ အလုပ်ကြမ်းလုပ်ဖို့ ကျွန်တော့် အလှည့်ပါ။ ရွှေ့ကလေးက ထမင်းတောင်းယူလာပြီး ကျွန်တော်ကအဝက လှမ်းအယူမှာ လက်ထဲကို စက္ကူလုံးတစ်ခု ထည့်သွားတယ်။ ကျွန်တော်လည်း အံ့အားသင့်ပေမယ့် လူမမြင်အောင် စက္ကူလုံးကို ဂုက်ပြီး ဟန်မပျက်အောင် အတော်သတိထားနေရပါတယ်။ စားသောက်ပြီးကြတော့ နံရံယယ်တစ်ခုနဲ့ ကာပေးထားတဲ့ အခန်းထောင့်က အိမ်သာ မှာဝင်ပြီး သူ့စာကို ဖြန့်ဖတ်တယ်။

**ကျွန်တော်တို့အားလုံးအပြစ်ရှိတယ်။ ဖြစ်သမျှ အစိုးရကို ဖွင့်ဝန်ခံမှ ကောင်းမယ်။ သေတ္တာအံ့ဂုက်ထဲက ရတနာတွေအကြောင်း အစီရင်ခံ လိုက်ပါလား။ ကိုယ်ကစပြီး ပြောပြတယ်ဆိုရင် အစိုးရက ညှာမှာပေါ့။**

ဒါဖတ်ရတော့ ဒေါသမီးလျှံတက်လာပါတယ်။ သိပ်တော့မကြာဘူး။ ဘာပြုလို့လဲဆိုတော့ ငါ့ကျွန်တွေ ငါ့ကိုတော်လှန်ပြီ။ ငါ့အမျိုးတွေ ငါ့ကို စွန့်ပြစ် ကြပြီဆိုတဲ့အသိ ဝင်လာလို့ ကျောစိမ့်အောင် ကြောက်လန့် တုန်လှုပ်မိလို့ပါဘဲ။

စာရွက်ကို အိမ်သာထဲထည့်ပြီး ရေဆွဲချလိုက်ပါတယ်။ ဒီလူငယ်တွေ မူပြောင်းကြပြီပေါ့။ (သူတို့ဘဝအခြေခံနဲ့ ဒါမျိုး လုံးဝမဖြစ်သင့်။) ကျွန်တော်လုံးဝ နားမလည်နိုင်တဲ့ ကိစ္စပါပဲ။

လီအဖေက ချီယှီရဲ့ကျွန်၊ နွေရာသီနန်းတော်မှာ ခစားရတယ်။ ဒါကြောင့် လူဝင်ခက်နန်းမြို့က သင်းကွပ်တွေနှင့် ပြီးတဲ့အခါ လက်သုံးတော်အဖြစ်နဲ့ လီကို ခေါ်ခန့်တာပေါ့။ ဒီတုန်းက သူ့အသက် ၁၄နှစ်။ တီအင်ကျင်ကို ပါလာပြီး တူတော်တွေနဲ့အတူ ပညာသင်ရတယ်။ သူ့ကို အယုံဆုံးမို့ အပါးတော်မြဲ ခန့်ထားတယ်။ သူ့ကို ၁၉၄၅ခု ဂျပန်ကိုပြေးဖို့ တလိက္ခုကျောကို သွားတုန်းကလည်း သူ့ကိုပဲ ထက်ကြပ်မကွာ ခေါ်ခဲ့တယ်။ ဆိုဗီယက်ယူနီယံမှာတုန်းက ကျွန်တော်လာနေတာ လမ်းမဖယ်ကောင်းလားဆိုပြီး ဂျပန်တစ်ယောက်ကို သူထိုးဖူးတယ်။ ကျွန်တော့်ကို အမြဲ လေးစားရှိသေတယ်။ ပြောစကားနားထောင်တယ်။ ခိုင်းလိုက်ရင် မသွေမဖည် အမြဲ လုပ်တယ်။ ရတနာတွေ ဖုက်မနိုင်လို့ သူ့ကိုပဲ ဖျက်ဆီးခိုင်းပါတယ်။ ဒီလိုလူဟာ အခု ဒီလို ပြောင်းလဲပြီး "အထက်လူ"ကို အရိုအသေကင်းမဲ့တာ ဘယ်လိုလဲလို့ ကျွန်တော်စဉ်းစားလို့ မရနိုင်အောင် ဖြစ်ပါတယ်။

ကူကလေးက ဒုတိယမြောက်မင်းသား ကုနိုင်အမည်ခံ ပုဝေရဲ့သား။ "ကျိုနိုင်ကေရာဇ်ကြီး"အဖြစ်နဲ့ သူ့ကို သူ့အဖေရဲ့ ဘွဲ့ ဆက်ခံစေလို့ အမိန့်ထုတ်ပေးပြီး သူ့ကို မွေးကျွေးခဲ့ပါတယ်။ နောင်ကေရာဇ်အဖြစ် နန်းပြန်ရရင် သူဟာ အပါးတော်က အားကိုးရဆုံး မင်းသားကြီး ဖြစ်လာဖို့ ငယ်ငယ်ကတည်းက အခြေခံပေးထားတဲ့ သဘောပါ။ ဆိုဗီယက်မှာတုန်းက ကျွန်တော့်အပေါ်မှာ ဘယ်လိုသစ္စာရှိတယ်ဆိုတာ ထင်ရှားအောင် ကဗျာတွေစပ်ဖူးတယ်။ သူကို ကျွန်တော်ကိုယ်တိုင် ဂရုပြုပြီး သွန်သင်ခဲ့တယ်။ ဘုရားတရားလည်း သိပ်ကြည်ညိုတယ်။ အရိုးရုပ်ရှေ့မှာ တစ်နေ့လုံး ထိုင်ပြီး ကမ္မဋ္ဌာန်းထိုင်ဖူးတယ်။ ဟာရဘိန်ရောက်ပြီးမှတောင် ကျွန်တော့်အပေါ် သစ္စာရှိသေးတယ်လို့ အသေအချာသိပါတယ်။ ဒီလို ကူလည်း ကျွန်တော့်အပေါ်မှာ အခုလို ခါးခါးသီးသီး ဖြစ်လာတာပဲ။

အံ့အားသင့်စရာအကောင်းဆုံးက ရွှေ့ကလေးပါဘဲ။ သူဟာ ပျက်စီးနိမ့်ကျတဲ့ မင်းမျိုးထဲက ဖြစ်တယ်။ သူ ၁၉နှစ်သားရှိမှ ကျွန်တော်က ကျန်ကျင်ကျုန်ကိုခေါ်ယူပြီး တခြားသူလို လူငယ်တွေနဲ့အတူ မြှောက်စားခဲ့ပါတယ်။ သူတို့အစုထဲမှာ သူဟာ အရိုးဆုံး၊ စကားနားအထောင်ဆုံး၊ နည်းနည်းတော့ အ,တယ်ဆိုပါတော့။ ဒါပေမယ့် သွက်တဲ့ကောင်ထက် သူ့လိုအစားက ခိုင်းကောင်းတယ်။ ဆိုဗီယက်ယူနီယံမှာ ငါးနှစ်နေခဲ့ရစဉ်က သစ္စာရှိရှိ အမှုထမ်းခဲ့တယ်။ သူ့ကိုစမ်းတဲ့အနေနဲ့ ငါ့အပေါ်မှာ မကျေနပ်တာရှိသလားဆိုတော့ သူ့ကို တစ်နာရီလုံးလုံး ဒူးထောက်နေဖို့ အပြစ်ပေးတုန်းက နည်းနည်းမတရားဘူးထင်တယ်လို့ စိတ်မှာဖြစ်ဖူးတယ်ဆိုပြီး ဝန်ခံတယ်။ ဒါကို ငါခွင့်လွှတ်ပါတယ်ကွယ်လို့ ကျွန်တော်ကပြောတော့ ဦးတိုက်ပြီး သိပ်ဝမ်းသာ

သွားတယ်။ တရုတ်နိုင်ငံ မပြန်ရမီကလေးမှာပဲ မတော်တဆ ကျွန်တော် သေဆုံးသွားရင် သူ့ကို ကျွန်တော့်မှာ ရှိသမျှပစ္စည်းတွေကို အမွေပေးခဲ့ပါတယ်လို့ အသိအမှတ်ပြုတဲ့အခါမှာလည်း သူဟာ ဘယ်လောက်ဝမ်းသာမယ်ဆိုတာ မှန်းသာကြည့်ပေတော့။ အဲဒီအချိန်ကစပြီး ကျွန်တော့်ကိစ္စ ဘာပဲရှိရှိ သူအမြဲ ဒိုင်ခံပြီး လုပ်ပေးတယ်။ အခုတော့ ဒီလိုလူကပါ ကျွန်တော့်ကို ကိုယ့်အပြစ်ကိုယ် ဝန်ခံဖို့ ပညာပေးနေပါပြီ။

ကျွန်တော်သာမြင်တတ်တဲ့ မျက်စိရှိရင် ကျွန်တော် နားမလည်နိုင်တဲ့ ဒီလို အပြောင်းအလဲမျိုး စလာနေပြီလို့ ဒါ့ထက်စောစောကပဲ သိနိုင်မယ် ထင်ပါတယ်။ နှစ်သစ်ပါတီတုန်းကလည်း ကူကလေးက သူများတွေဝိုင်းပြီး လက်ခုပ်တီးပေးတဲ့ စည်းချက်နဲ့ လက်ာရွတ်တယ်။ လက်ာထဲမှာ သူတို့အခု တွေးပုံဟာ ရှေးကနဲ့မတူတော့ဘူးလို့ပါတယ်။ အစက “မန်ကျူကော”ရဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းခဲ့ရတော့ ဖောက်ပြန်ရေးမှိုင်းမိခဲ့တာအမှန်ပဲတဲ့။ ဂျပန်ဟာ ကမ္ဘာမှာ အစွမ်းဆုံးလို့ သင်ပေးတာကိုလည်း မှတ်ခဲ့ရတယ်။ တရုတ်အမျိုးသားတွေဟာ ညံ့လို့ သူများကလာပြီး သူတို့ကိုအုပ်ချုပ်ပေးဖို့လိုတယ်လို့လည်း ထင်အောင် သင်ကြားပေးပါတယ်တဲ့။ လူတန်းစားကွဲတာဟာလည်း သဘာဝလို့ မှတ်ခဲ့ရပါတယ်။ အခု တရုတ်နိုင်ငံကို ပြန်ရောက်လာတဲ့အခါ အဲဒါတွေဟာ မမှန်ဘူး။ အားလုံးအမှားတွေဖြစ်တယ်လို့ သိလာပါပြီ။ သူတို့အနေနဲ့ တရုတ်မြေကို ပြန်နင်းရတဲ့ ပထမနေ့မှာ မီးရထားစက်ခေါင်းမောင်းသူဟာ တရုတ်ဖြစ်နေလို့ သိပ်အံ့ဩမိပါတယ်တဲ့။ နောက် ဒီလိုအံ့ဩစရာတွေ နေ့တိုင်းတွေ့သွားရပါတယ်။ အံ့ဩစရာစရာအချက်ကတော့ အကျဉ်းထောင်မှာ အခုသူတို့အပေါ်မှာထားတဲ့ သဘောထားနဲ့ ကိုရီးယားစစ်မှာ အနိုင်ရနေဆိုတဲ့ သတင်းပါပဲလို့ နိဂုံးသတ်လိုက်ပါတယ်။

ဒီလက်ာကို အရင်ဆုံး ရွတ်ပြီးမှ တခြားကကွက်တွေ ဆက်လာလို့ သူက ပဏာမသက်သက်လောက်ပဲ သဘောထားလိုက်တယ်။ ဒါ့ထက်တိုးပြီး ဂရုမထားလောက်တယ် မထင်မိပါ။ ကူကလေးက အခု သူတို့ ကျွန်တော့်အပေါ်မှာ ဘာကြောင့် ပုန်ကန်ရတယ်ဆိုတာ ဒီလက်ာနဲ့ ရှင်းတာပဲပေါ့။ အခု သူတို့အမြင်မှာ ကျွန်တော်ဟာ သူတို့ကို အမှန်ကိုကာပြီး မှိုင်းတိုက်ခဲ့တဲ့လူပဲပေါ့။

ကျွန်တော်နဲ့ သူတို့ ခွဲနေရပြီးမှတောင် အရာရှိတွေနဲ့ သူတို့ ဆက်ဆံရာမှာ သူတို့ရတဲ့ အဆင့်အတန်းနဲ့ ပတ်သက်ပြီး သိပ်အံ့ဩလာကြမယ်လို့ နောက်မှ ကျွန်တော် သဘောပေါက်တယ်။ သူတို့ဟာ အကျဉ်းသမားဆိုပေမယ့် ကိုယ်ပိုင်အရည်အသွေးရှိတဲ့ လူသီးခြားလိုထားပြီး အဆက်အဆံခံရတယ်။ အရင်ကတော့ သူတို့ဟာ သူကောင်းအခေါ်ခံရပေမယ့် လက်တွေ့ကျွန်ပဲ ဖြစ်တယ်။ အခု သူတို့လို လူငယ်တွေဟာ သူတို့နဲ့မတူတာကို ကြားရလို့ အားကျနေမယ်ပေါ့။ ဥပမာ စက်ရုံတစ်ခုလုံး ဒုက္ခရောက်မှာမို့ လက်တစ်ဖက်အပြတ်ခံပြီး အန္တရာယ်ကို ကာကွယ်

လိုက်တဲ့ ကျပ်ကို တလန်လိုလူငယ်နဲ့ ကိုရီးယားမှာ ရဲစွမ်းပြကြတဲ့ ပြည်သူ့စွန့်စား တပ်သားလူငယ်တွေအကြောင်းပေါ့။ ဒီလိုလူမျိုးတွေ အကြောင်းကို အရင်က သူတို့ မသိရပါကလား။ သူတို့ဟာ မြေမှာဝပ်ပြီး ဦးတိုက်ရတာနဲ့ကမ္ဘာ့ဥ္စာန်း ထိုင်ရတာပဲ နားလည်ခဲ့တယ်။ အဆိုအဆဲ အရိုက်အနှက်ခံပြီး ကျေးဇူးရှင်လို့အခေါ်ခံ သူရဲ့အနားမှာ ကပ်နေရတဲ့အချိန်မှာ သူများတွေမှာ ဂုဏ်တက်စရာ ဆောင်ရွက်ခွင့်တွေ ရကြတယ်။ သူများတွေ ဒါလောက်တိုးတက်ချိန်မှာ သူတို့တစ်တွေ ဘာမှ မသိနားမလည် ဖြစ်နေခဲ့ ရတယ်။ ဘာကြောင့်လဲ၊ အဲဒီလို သူတို့မေးခွန်းထုတ်ပြီး အဖြေရှာကြမှာပေါ့။

ဒီလို တွေးတတ်လာရင် အမှုအရာလည်း ပြောင်းလာဖို့ပဲပေါ့။ စာပေကို စိတ်ပါလက်ပါ လေ့လာတယ်။ ထောင်အရာရှိတွေကိုလည်း ရှေးဖြစ်ကို အသေးစိတ် တင်ပြဆွေးနွေးကြတယ်။

စာရွက်ကလေးကို ချေဖျက်လိုက်ပြီး နံရံမှိုရင်း၊ ကျွန်တော့်တူတော်တွေနဲ့ လီလိုအကောင်ကို အခုလို ပြောင်းလဲပေးနိုင်ရင် ကွန်မြူနစ်တွေဟာ တကယ်ကြောက် စရာပါကလားလို့ မသက်သာစရာအချက် ထင်ရှားလာတယ်။ ညီးတော်နဲ့ ယောက်ဖ တော်တွေကတော့ မှုဟောင်းမပျက်သေးဘူးလို့ပဲ ဖြေရပါတယ်။ ဖြေပေမယ့် မပြောတဲ့ အချက်ကတော့ ရွှေ့ကလေးဟာ ကျွန်တော့် ရတနာတွေအကြောင်း အာဏာပိုင်တွေကို ပြောလိုက်ရင် ပြီးပါလေရောဆိုတဲ့ အတွေးပါပဲ။

ဘာလုပ်ရမလဲလို့ မသိတော့ပါ။ သေတ္တာအံ့ဝှက်ထဲမှာ ရတနာအစုစု **၄၆၈** ခု ရှိသေးတယ်။ ပလက်တီနမ်၊ ရွှေ၊ စိန်၊ ပုလဲ စုံလို့ပဲ။ တစ်သက်စားဖို့ဆိုပြီး အသေအချာ ရွေးယူလာတာတွေပါ။ ဒါတွေမရှိရင် ထောင်ကလွတ်လိုက်တောင် လုပ်ကိုင်မစားတတ်လို့ ခက်မယ်။ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားမယ်ဆိုတဲ့ စိတ်ကူး ဟိုတုန်းက မရပါ။ အခုလောက်ကြာအောင် သိုဝှက်ပြီး ဖွင့်ထုတ်ပေးရရင် အရင် တစ်ချိန်လုံး ညာနေတယ်လို့ပြစ်ချက်တက်လာဦးမှာပဲ တွေးပြီး ကြောက်တယ်။ ဖော်ထုတ်မပေးပြန်ရင်လည်း ရွှေ့ကလေးတစ်ယောက်တည်း ဒီကိစ္စကို သိတာမဟုတ် ဘူး။ နောက်တစ်ယောက်ယောက်က ဖော်နိုင်တာပဲ မဟုတ်လား။ ရွှေ့ထက် တခြား လူ သစ္စာဖောက်ဖို့ သာဖြစ်နိုင်သေးတယ်။ သူများဖော်လို့ ပေါ်လာရရင် သာပြီး ဆိုးဦးမယ်လိုလည်း တွေးမိရဲ့။

ကိုယ်ကစပြီး ပြောပြမယ်ဆိုရင် အစိုးရကညာမှာပေါ့ဆိုတဲ့ စကားဟာ ခေါင်းထဲမှာ တရစ်ဝဲဝဲဖြစ်ပြီး နောက်တော့လည်း ပျောက်သွားပါတယ်။ ဘာပြုလို့လဲဆိုတော့ ကွန်မြူနစ်နဲ့ ညာတာဆိုတာ ဘုန်းကြီးနဲ့ဘီးပဲလို့ ထင်ပြီးသား။

အခု ထောင်ထဲမှာနေရပုံ ကောင်းတာရယ်၊ ပြီးတော့ ငါးမျိုးပယ်၊ သုံးမျိုးပယ်ဆိုတဲ့ **လှုပ်ရှားမှုတွေ**[၁]မှာ ကျူးလွန်သူတွေကို သက်ညှာနိုင်တယ်လို့ မယုံမိဘူး။ ဒီတိုက်ပွဲတွေ အစက အလွန်အမင်း ဖြစ်နေတဲ့ စားဖားကြီးတွေတော့ သုတ်သင် လိုက်တယ်လို့ ဖတ်ရတယ်။ နောက်တစ်ခါ အရင်းရှင်ဆိုတဲ့လူတွေ ကျူးလွန်တဲ့ နိုင်ငံပိုင် ပစ္စည်းခိုးမှု၊ စီးပွားရေး လျှို့ဝှက်စကားခိုးမှု၊ နိုင်ငံရေးအကာအကွယ်နဲ့ ခိုးမှု၊ တားမြစ်ထားတဲ့ပစ္စည်းခိုးသွင်းမှု၊ အခွန်မပေးရအောင် လိမ်လည်မှုဆိုတာတွေအကြောင်း ဖတ်ရတဲ့အခါ ကျွန်တော့်ပြစ်မှုနဲ့ နှိုင်းယှဉ်ကြည့်မိပါတယ်။ ခေါင်းဆောင်ကို အပြစ်ပေးမယ်။ မလွှဲမရှောင်နိုင်လို့ ပါဝင်ရတဲ့လူကို ချမ်းသာခွင့်ပေးမယ်။ ကောင်းမှုပြုသူကို ဆုချမယ်ဆိုတဲ့ ကြွေးကြော်သံကို ကိုယ့်ဘာသာ အဓိပ္ပာယ်ဖော်လိုက်တော့ငါက ခေါင်းဆောင်၊ ဒီတော့ ငါ ဘယ်နည်းနဲ့မှ ဒဏ်က မလွတ်ဘူးပေါ့။

ကိုယ်ကစပြီး ပြောတယ်ဆိုရင် ညှာမှာပေါ့ဆိုတဲ့ စကားကို ပြန်ရွတ်ပြီး ခါးခါးသီးသီး ရယ်ပြလိုက်မိတယ်။ ထောင်မှူးကို သွားပြောရင် တစ်ချိန်လုံး သူ့ကို ညာထားရမလားဆိုပြီး ချက်ချင်း ရာဇမာန်ရှပြီး နှိပ်စက်မှာမဟုတ်လားလို့။ ပြီးတော့ ဒီတစ်ခုတည်း၊ ညာတာမှုဟုတ်ရဲ့လား။ နောက်ထပ် ဖွက်ထားတာတွေ ထုတ်ဦးလို့ ပြောဦးမှာပဲ။ ဒီဟာက ကျွန်တော် ရှေးရှေးက သူများတွေကို လုပ်ခဲ့တဲ့ လက်တွေ့ပုံစံပါပဲ။

ဒီတော့ ဘယ်လာ ဝန်ခံဝံ့မလဲ။ ရွှေ့ကလေးနဲ့ ဒီကောင်လေးတွေဟာ ငါ့အပေါ်မှာဒီလောက်တော့ ရက်စက်ကြမှာမဟုတ်ပါဘူး။ ဒီတော့ ဒီကိစ္စ ဒီမှာပဲ စခန်းရပ်စေလို့ ထားလိုက်ပါတယ်။

သတင်းတစ်ပတ်ကြာတော့ ကျွန်တော်တို့ဆီကို ထမင်းပို့ဖို့ ရွှေ့ကလေး အလှည့် ရောက်ပြန်တယ်။ သူ့အမူအရာဟာ စိတ်တွင်း လှုပ်ရှားမှု ပြင်းထန်နေပုံရတယ်။ ကျွန်တော့်ကို လုံးဝမကြည့်ဘူး။ ကျွန်တော့်သေတ္တာကို အတော်ကြာစိုက်ကြည့်လိုက်ပြီး ထွက်သွားတယ်။ ဘာသဘောလဲ။ ကျွန်တော်တို့ နောက်နှစ်နာရီကြာလေ့လာရေးစတဲ့အချိန်မှာ သူရောက်လာပြန်တယ်။ အခန်းပြင်က ကျွန်တော့်သေတ္တာကိုပဲ စိုက်ကြည့်ပြီး ထွက်သွားပြန်တယ်။

ထောင်မှူးဆီကို တန်းသွားပြီလို့ပဲ ထင်မိတယ်။ စိုးရိမ်စိတ် ပြင်းထန်လာပြီး သူမပြောမီ ငါပဲ ကိုယ်တိုင်သွားအပ်မှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်တယ်။

---

၁။ ဝူဖန်ဆိုတဲ့ဒယ်ဆိုတာ အစိုးရလုပ်သားတွေ လာဘ်ယူတာ၊ အခွန်မဆောင်ရအောင် လိမ်တာ၊ နိုင်ငံပိုင် ပစ္စည်းကိုခိုးတာ၊ အစိုးရ ကန်ထရိုက်မှာ ညာတာ၊ အစိုးရဖက် စီးပွားရေးသတင်းကို အရခိုးတာ ရှောင်ကြည်ကြဖို့ တိုက်ပွဲပါ၊ စစ်မှန်ဆိုတဲ့ စန်ဖှန်ဆိုတဲ့ သုံးမျိုးပယ်ကတော့ လာဘ်ပေးလာဘ်ယူရယ်၊ ယိုဖိတ်ဖြုန်းတီးမှုရယ်၊အရာ ရှိ အကျင့်ရယ်၊ မရှိစေရဆိုတဲ့ တိုက်ပွဲပါ။

ကျွန်တော်တို့ အစုခေါင်းဆောင် အဘိုးကြီး ဝေါင်ကို လက်ဆွဲခေါ်ပြီး အစိုးရကို ဖွင့်ပြီးဝန်ခံစရာရှိတယ်လို့ သူ့ကိုပြောလိုက်ပါတယ်။

## ဝန်ခံလို့ညာတယ်

ကျွန်တော် လူဆိုးပါ။ အစိုးရက ကျွန်တော့်ကို လူလိုသူလို ဆက်ဆံထားပေမယ့် ထောင်စည်းကမ်းတွေ ချိုးဖောက်ပြီး ဒီပစ္စည်းတွေ ဖွက်ထားမိပါတယ်။ ထောင်စည်းကမ်းဆိုတာ နိုင်ငံရဲ့ ဥပဒေပါပဲ။ ဒီပစ္စည်းတွေကလည်း တကယ်စစ်ရင် ကျွန်တော့်ကိုယ်ပိုင်လို့ ပြောဖို့ ခက်ပါတယ်။ လူထုပိုင်တွေပါ။ ဒီလို ခွဲခြားပြီး ခုမှ သဘောပေါက်လို့ အခုလို ဝန်ခံပြီး ဖော်ထုတ်ပေးအပ်ပါတယ်လို့ ပြောနေမိပါတယ်။

ထောင်မှူးရှေ့မှာ ကျွန်တော်ဟာ ဦးခေါင်းညွှတ်ပြီး ပြောနေပါတယ်။ ပြတင်းနားက စားပွဲပေါ်မှာ ရတနာ ၄၆ မျိုးဟာ ပြိုးပြိုးပြက်ပြက်ဝင်းလို့ စိတ်ထဲကတော့ ငါ့အဖို့ အသက်မသေရဘူးဆိုရင် ဒါတွေအခုလို မြင်မြင်ထင်ထင် တောက်ပနေတာက ကောင်းပါတယ်။ ညာမညာသိတော့မယ်လို့ တွေးနေပါတယ်။

ထောင်မှူးက ကျွန်တော့်ကို စေ့စေ့ကြည့်နေရာက ခေါင်းတစ်ချက် ညိတ်လိုက်ပြီးထိုင်ပါဦးလေတဲ့။ သူ့အသံကို ကြားရတာ စိုးရိမ်စရာမရှိလို့ သိလိုက်ပါပြီ။ **ဒါအတွက် စိတ်ထဲမှာ တိုက်ပွဲတော်တော် ပြင်းပြင်းထန်ထန်တိုက်ခဲ့ရတယ် မဟုတ်လား**တဲ့။

• ရွှေ့ကလေးပေးတဲ့စာကို ထည့်မပြောပါ။ ဝန်ခံပေမယ့်လည်း အပြစ်က လွတ်မှ လွတ်ပါ့မလားလို့ စိုးရိမ်နေပါတယ်လို့ ဖွင့်ပြောလို့ ထောင်မှူးက ပြုံးပြီး ဘာပြုလို့ ဒဏ်ခံရဦးမှာလဲ။ ကေရာဇ်ဖြစ်ခဲ့တဲ့လူမို့လားလို့ သူကပဲ မေးနေသေးတယ်။ ကျွန်တော်ကလည်း ခပ်ဆိုင်းဆိုင်း ဟုတ်ကဲ့လို့ လိုက်လိုက်တယ်။ ဒါတော့ ဘာမှ အံ့သြစရာမရှိပါဘူးဗျာ။ ခင်ဗျားက နောက်ကြောင်းရာဇဝင်လည်း ဆန်းတော့ တွေးပုံလည်း ဆန်းပေမပေါ့။ ကျွန်တော်ပြောဖူးတဲ့ စကားကို ထပ်ပြောဦးမယ်။ ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့အစိုးရဟာ ပြောသလိုလုပ်တယ်။ ဝန်ခံတဲ့လူကို ညာတယ်။ ပြုပြင်တဲ့လူအပေါ်မှာ ဒဏ်ကိုလျှော့တယ်။ ထင်ထင်ရှားရှား ကြိုးစားလာတဲ့လူကို ဆုချီးမြှင့်တယ်။ ဇာစောက ကေရာဇ်ဖြစ်ဖြစ်၊ သူတောင်းစားဖြစ်ဖြစ်ပါပဲ။ ခင်ဗျားရဲ့ လုပ်ပုံပေါ်မှာ အရင်းခံထားပြီး စဉ်းစားရမှာပေါ့။ ထောင်စည်းကမ်းကို ထောက်ပြီး ဒါတွေ ချက်ချင်းမအပ်ပဲ အခုလို အကြာကြီး ဖွက်ထားခဲ့ပေမယ့် အခု အမှားကို ဝန်ခံလာတယ်ဆိုတာ ခင်ဗျား ပြုပြင်လာပြီလို့ သက်သေခံနေတာပဲ မဟုတ်လား။ ဒီတစ်ချက်တည်းနဲ့ပဲ ခင်ဗျားဒဏ်က လွတ်ထိုက်နေပါပြီလို့ အဆုံးသတ်လိုက်ပါတယ်။

---

အရနိုးတာ ရှောင်ကြည်ကြဖို့ တိုက်ပွဲပါ။ စစ်မှန်ဆိုတဲ့သုံးမျိုးပယ်ကတော့ လာဘ်ပေး လာဘ်ယူရယ်၊ ယိုဖိတ်ဖြုန်းတီးမှုရယ်၊ အရာရှိဆိုးအကျင့်ရယ် မရှိစေရဆိုတဲ့တိုက်ပွဲပါ။

အပြင်က ဝါဒါကို အဖိုးတန်ပစ္စည်းထိန်းတဲ့အရာရှိ အခေါ်ခိုင်းလိုက်ပါပြီ။ ရောက်လာတော့ ဒီဟာတွေ စာရင်းလုပ်သိမ်း၊ သူ့ကိုလည်း ပစ္စည်းရရှိတယ်ဆိုတဲ့ လက်မှတ်တစ်စောင်ရေးပေးလိုက်ပါလို့ ခိုင်းတယ်။

အံ့သြလို့မဆုံးဘူး။ ဖြုန်းခနဲ ထလိုက်ပြီး လက်မှတ်မလိုပါဘူးလို့ ကန့်ကွက်လိုက်မိတယ်။ အစိုးရက ဒါတွေ မသိမ်းရင် ကျွန်တော်က လှူပါတယ်လို့ ပြောလိုက်တယ်။

မဟုတ်ဘူးလေ၊ ခင်ဗျားဖို့ အစိုးရက ဒါတွေ ထိန်းပေးမှာပါ။ ဒီတော့ စာရင်းမှတ်ယူတာ မှန်မမှန် ကြည့်ပေးပါဦးလို့ ခိုင်းနေပြန်တယ်။ သွားတော့မယ် လုပ်ပြီးမှ ထောင်မှူးက ခင်ဗျားကို ပြောဖူးပြီ မဟုတ်လားဗျာ။ ပုံစံသစ်ကို လက်ခံတဲ့လူဟာ ကျုပ်တို့အဖို့ ပိုပြီး အဖိုးတန်ပါတယ်လို့။

လက်မှတ်ယူပြီး ကိုယ့်အခန်းကိုယ်ပြန်ခဲ့ပါပြီ။ အခန်းနေဖက်တွေဟာ ကျွန်တော်တို့ လေ့လာလက်စ **တရုတ်နိုင်ငံ ကိုလိုနီနဲ့ ကိုလိုနီတစ်ပိုင်း ဖြစ်လာပုံ** စာအုပ်ကို ဆက်ပြီးလေ့လာနေကြပါတယ်။ ကျွန်တော် ဝင်သွားတော့ သူတို့လုပ်လက်စကိုရပ်ပြီး အရင်က ဒီလို တစ်ခါမှမကြုံဆိုဖူးတဲ့ ဝမ်းသာအားရပုံနဲ့ ကြိုဆိုပြီး ကျွန်တော် တိုးတက်လာပုံကို ချီးမွမ်းကြ၊ ဝမ်းသာစကားပြောကြပါတယ်။

အဘိုးကြီးပု၊ သိပ်တော်တယ်တဲ့။ အရင်က မစ္စတာပုခေါ်ရာက ရင်းနှီးတဲ့စိတ်နဲ့ အဘိုးကြီးပုလို့ ပြင်ခေါ်ကြပြီ။ အဘိုးကြီးပုလို့ခေါ်စက တယ်မကြိုက်ပါဘူး။ အခုတော့ အဘိုးကြီးပုလို့ အခေါ်ခံရမှ စိတ်ထဲပျော်တယ်။ အဘိုးကြီးပုရေ၊ ခင်ဗျားလုပ်ခဲ့ပုံဟာ ကျွန်တော့်အတွက် နောက်ကလိုက်လုပ်ဖို့ လမ်းပြတာနဲ့ တူသဗျာလို့ ပြောတဲ့လူက ပြောတယ်။ အဘိုးကြီးပု ဒါလောက် သတ္တိရှိမယ် ကျွန်တော်မထင်ခဲ့ဘူးလို့ ထပ်ဖြည့်တဲ့လူကလည်း ရှိတယ်။ အဘိုးကြီးပုရေ၊ ခင်ဗျားလုပ်ပုံကို တွေ့ရတော့မှ ဝန်ခံရင် ညှာတယ်ဆိုတဲ့ အပြောဟာ တကယ်ကျင့်သုံးတဲ့ ဝါဒပဲလို့ ကျွန်တော်တို့ ယုံပါပြီလို့လည်း ပြောကြတယ်။

ဒီနေရာမှာ ထပ်ဖြည့်ပြောဖို့ ကျန်နေတာက အခု ကိုယ့်ဘာသာ အဝတ်လျှော်ရဖွပ်ရမို့ ကျွန်တော့်ပုံပန်းဟာ ခါတိုင်းထက် စုတ်ပြတ်နေတယ်။ အခန်းဖက်တွေက မစ္စတာပုလို့ ခေါ်ကြတုန်းက ကျွန်တော့်အပေါ်မှာ လေးစားရှိသေမှုဟာ အခု တစ်ဝက်တောင်မရှိဘူးလို့ သိပါတယ်။ နောက်ကွယ်မှာ တချို့က ကျွန်တော့်ကို **"အဝတ်စုတ်ပုံ"** လို့တောင် ခေါ်သေးတယ်။ စာပေလေ့လာတာမှာလည်း ကျွန်တော် ဖျင်းလို့ ပြောင်ကြလှောင်ကြတယ်။ အဲဒါတွေကြားထဲက ခုလို ချီးမွမ်းကြလို့ ကျွန်တော် သိပ်ဝမ်းသာတယ်။

အဲဒီနေ့ နားချိန်မှာ "မန်ကျူကော"က ဂျပန်ကို သံအမတ်အဖြစ်နဲ့ သွားဖူးတဲ့ အဘိုးကြီးယွှန်က ကျွန်တော့်အကြောင်း ပြောနေတာကြားရတယ်။ သူဟာ ဉာဏ်ပညာ ထက်မြက်တဲ့လူပါ။ သူများ တစ်နေကုန်သင်ရတဲ့ကိစ္စကို သူက မျက်စိ

တစ်မိုတ်အတွင်း တတ်တယ်။ သူပြောပုံဟာ ကျွန်တော့်အဖို့ တွေးစရာ ဖြစ်ပါတယ်။

အဘိုးကြီးပုဟာ ပညာရှိကွဲ၊ နည်းနည်းကလေးမှ ဖျင်းတယ်မထင်နဲ့။ သူကစပြီး ဒီအဖိုးတန်တွေကို ဖွင့်ထုတ်တာဟာ အင်မတန်မှန်တယ်။ တကယ်က အစိုးရကို ဘယ်သူလိမ်လို့ရမလဲ။ အစိုးရက တို့အကြောင်းကို တို့ဖွင့်ပြောထားတာထက် ပိုပြီး သိတာအမှန်ပေါ့။ သတင်းစာတွေထဲမှာ ဖတ်ရတဲ့ ငါးမျိုးပယ်၊ သုံးမျိုးပယ်ဆိုတဲ့ တိုက်ပွဲတွေအကြောင်း အမှတ်ရကြမှာပေါ့။ အစိုးရကို လူပေါင်းသိန်းသန်းချီပြီး သတင်းပေးကြတယ်။ နှစ်ကြာလို့ တို့များ မေ့နေတဲ့ကိစ္စကိုတောင် အစိုးရက ကျကျနနသိပြီး ထားမယ်ပေါ့တဲ့။

ကိုယ်ရေးရာဇဝင်ထဲမှာ ထည့်ရေးလိုက်တဲ့ မှသားတွေလည်း ပေါ်မှာပါပဲ။ ရတနာတွေတုန်းကလို ဖွင့်ပြောရရင် အပြစ်ပေးခံရမှာက လွတ်ပါဦးမလား။ ဒီတစ်ခါက စီးပွားရေးပြစ်ချက်မဟုတ်ဘူး။ နိုင်ငံရေး ပြစ်ချက်ဖြစ်တယ်။ ဒီတော့ အယူအဆ ထပ်တူကျမယ်လို့ အာမခံဖို့ ခက်သားပေါ့။ ထောင်မှူးကလည်း ဒါကို ပြတ်သားအောင် မပြောဖူးဘူး။ တစ်မျိုး ပြန်စဉ်းစားတော့လည်း စီးပွားရေး သောင်းကျန်းတာကိုလည်း နိုင်ငံရေး သောင်းကျန်းတာနဲ့ တစ်သဘောတည်းလို့ ယူဆချိန်ဖြစ်လို့ ထောင်မှူးက ဖွင့်ပြီးမပြောပေမယ့် ကောက်ချက်ချပုံခြင်း တူရမယ်။

စိတ်ထဲမှာ သိပ်မပြတ်သားသေးဘူး။ သတင်းစာထဲမှာပါနေကျ သက်ညှာမှု တွေကို ပိုပြီး အသေးစိတ် လေ့လာကြည့်တယ်။ ငါးမျိုးပယ်၊ သုံးမျိုးပယ် တိုက်ပွဲတွေ လက်စသတ်စပြုပါပြီ။ အမှုတွေလည်း အများကြီးပေါ်တယ်။ သက်ညှာတာလည်း အမှန်ပဲ။ အဘိုးကြီးဝေါင်က ဥပဒေကျွမ်းကျင်လို့ သူနဲ့ တိုင်ပင်ကြည့်တယ်။ နှိုင်းယှဉ် ချက်ထုတ်ပြီး ငါ့ကိစ္စမှာကော သက်ညှာခွင့် ရနိုင်မလားလို့ ဆင်ခြင်တယ်။

ဂျပန်စစ်တရားခံတွေကို ခုံရုံးတင်ဖို့ အချိန်နီးလာပြီမို့ အရှေ့မြောက်မှာ ဂျပန်တွေ ကျူးလွန်သမျှကို ရေးပေးပါဦးလို့ ထောင်အာဏာပိုင်တွေက ကျွန်တော်တို့ကို ခိုင်းပါတယ်။ ဂျပန့်အကြောင်းတစ်မျိုးတည်းပဲလားလို့ အမေးရှိပါတယ်။ ကျူးလွန်မှုရှိသမျှ သိတဲ့အတိုင်း အကုန်ထည့်ပေးနိုင်ပါတယ်။ ဒါပေမယ့် ဂျပန် အကြောင်းတော့ ပိုပြီး ပြည့်စုံပါစေလို့ ဖြေသံကြားပါတယ်။ ကျွန်တော်စိုးရိမ်ဖို့ပဲပေါ့။ ဂျပန်အပြင် တခြားကော မရေးရဘူးလားဆိုတာ ဂျပန်နဲ့ တွဲတဲ့ တရုတ်အကြောင်းရေးချင်တယ်လို့ ပြောတာပေါ့။ "တရုတ်ထဲက ဂျပန်နဲ့တွဲတဲ့ခေါင်းချုပ်က ကျွန်တော်ပဲဆိုတာ ထင်ရှားနေ တယ်။ ကျွန်တော့်အမျိုးတွေကကော "တခြား"အကြောင်းမရေးတော့ဘူးတဲ့လား။

"မန်ကျူကော"စစ်တရားခံတွေဟာ ဂျပန် ကျူးလွန်မှုတွေကို အင်မတန် ပြည့်စုံအောင် အားတက်သရော ရေးပါတယ်။ ပထမတစ်ရက်တည်းမှာပဲ လူတစ်စုဟာ စွပ်စွဲချက်တွေအများကြီး ရေးပြီးတယ်။ အဘိုးကြီးဝေါင်က ကျေနပ်သံနဲ့ ဒီလိုတော့ လည်း ဘယ်ဆိုးလို့လဲ။ မနက်ဖြန်လည်း ဒီစံချိန်မီမှာပဲကွလို့ ပြောနေတယ်။ အရှေ့ မြောက် ကလူထုဟာလည်း ပေါင်းပြီးရေးရင် ဒါ့ထက် ထွက်ဦးမယ်လို့ တစ်ယောက်က

ဝင်ပြောပြန်တယ်။ အေး ဟုတ်တယ်။ အစိုးရကလည်း ခိုင်းမှာပါပဲကွယ်လို့ အဘိုးကြီးဝေါင်က ပြောတဲ့အပြင် အဘိုးကြီးပုကကော ဘယ်လိုထင်သလဲလို့ မေးလာတယ်။ ကျွန်တော်လည်း ဒီအတိုင်းပဲလို့ ထင်ပါတယ်။ ပြီးတော့ ဂျပန်အပြင် တခြားလည်း ရေးဦးမှာပဲလို့ ထင်တယ်လို့ပြောတော့၊ ဟုတ်မယ် မခိုင်းတောင် ကျွန်တော်တို့အကြောင်း မရေးဘဲ နေမှာမဟုတ်ဘူး။ လူထုဟာ ဂျပန်နဲ့ ထပ်တူထပ်မျှ ကျွန်တော်တို့ကိုလည်း မုန်းတာပဲတဲ့။

အဲဒီနေ့ ညနေစာကို လီလာပို့တယ်။ သူဟာ သိပ်စိတ်ဆိုးနေပုံရတယ်။ ကျွန်တော်ထွက်ပြီး ယူတာကို မစောင့်ဘဲ စားစရာတွေကို ကြမ်းမှာ ပုံသွားတယ်။ ကျွန်တော် ငြိမ်းအေးဥယျာဉ်ထဲက ထွက်ပြေးတုန်းက ကားနောက်ပိုင်းက ပစ္စည်းသယ်တဲ့အခန်းထဲကို ကျွန်တော် ဝင်လိုက်နိုင်အောင် သူပဲ ကူညီခဲ့ရတယ်မဟုတ်လား။

နောက်တစ်နေ့လည်း ဂျပန့်အကြောင်းဆက်ရေးကြပါတယ်။ ကျွန်တော်က လက်တွေ့နည်းလို့ သိပ်မရေးနိုင်ဘူး။ ဒါပေမယ့် အများကြီး ရေးနိုင်တဲ့လူတွေ ရှိသေးလို့ အဘိုးကြီးဝေါင်ဟာ ဆက်ပြီးကျေနပ်နေပါတယ်။ အရှေ့မြောက် ပြည်သူတွေလည်း အစိုးရကို သတင်းကောင်းကောင်း ပေးနိုင်မှာပါပဲ။ ဥပဒေအရာရှိ လုပ်ဖူးလို့ ကျွန်တော်မှတ်သားမိတာကတော့ သက်သေရှိမယ်ဆိုရင် ဘယ်သူ့မဆို နောက်ဆုံး ဖွင့်ဝန်ခံအောင်လုပ်လို့ရတာကြီးပဲ။ ရေးကသက်သေရဖို့မလွယ်ဘူး။ အခု ပြည်သူ့ အစိုးရခေတ်မှာတော့ ပြည်သူလူထုဟာ တာဝန်သိသိနဲ့ အမြဲသက်သေခံဖို့ အသင့်ပဲ ခင်ဗျားလို့ သူက ဆက်ပြောပါတယ်။ သူဒီလို ပြောလေ ကျွန်တော့်ကို ထိခိုက်လေပဲ။ ၁၉၃၅ခုနှစ်က ကွန်မြူနစ်ခေါင်းဆောင် တစ်ဦးကို သတ်ပစ်တဲ့လူဟာ တောတောင် အထပ်ထပ်မှာ သွားပုန်းနေတာကို မကြာမီကပဲ မိလာတယ်လို့ ဖတ်လိုက်ရပါတယ်။ အဲဒီ ၁၉၃၅ခုနှစ်ကစပြီး ကွန်မြူနစ်တွေဟာ သူ့အကြောင်း မှတ်တမ်းယူထားပြီး ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။

နောက်တစ်နေ့ ဂျပန်အကြောင်း ကျွန်တော်ရေးနေတုန်း လှေကားမှာ စကားပြောသံကြားလို့ ကြည့်လိုက်တော့ ထောင်မှူးနဲ့အတူတူ မျှော်စင်ဘက်က တက်လာတဲ့ လူစိမ်းတစ်ယောက်ကို မြင်ပါတယ်။ အထက်အရာရှိတစ်ဦး အစစ်အဆေး လာတာပဲလို့ သိပါတယ်။ အခန်းစေ့ဝင်ပြီးကြည့်တယ်။ ထောင်မှူးက အခန်းတွင်းက လူတွေရဲ့ နာမည်တွေပြောတာကို ဘယ်လိုမှ အမူအရာ မပြောင်းဘဲ ခပ်အေးအေးပဲ နားထောင်တယ်။ ယူနီဖောင်း ဝတ်မထားပေမယ့် မျက်နှာထား တည်တည်ကြီးနဲ့မို့ စစ်ဖက်ကလူဖြစ်မှာပဲ။ အသက်ငါးဆယ်အောက်လို့ မှန်းတယ်။

ကျွန်တော်တို့ အခန်းရောက်တော့ ဘာလုပ်နေကြသလဲလို့ သူကစပြီး မေးပါတယ်။ သူ့အသံက မောက်မာတဲ့လေ လုံးဝမပါလို့ ကျွန်တော်လည်း အံ့သြသွားမိတယ်။ မျက်နှာကလည်း ပြုံးယောင်ယောင် ရှိတယ်လို့ ထင်ပါတယ်။ ကျွန်တော်က နေရာကထပြီး ဂျပန် ကျူးလွန်မှုတွေအကြောင်း ရေးနေပါတယ်လို့ဆိုတော့ စိတ်ပါ

လာပုံနဲ့ ဘယ်အမှုတွေလဲလို့ မေးပြန်တယ်။

တစ်ခါက တုန်ကျိုယူပြောဖူးတဲ့ အဆောက်အအုံတစ်ခုကို ဆောက်တဲ့ လုပ်သားတွေကို အလုပ်ပြီးတော့ သတ်ပစ်တဲ့အကြောင်းကို ပြောပြလိုက်တယ်။ သူ့ မျက်နှာက အပြုံးပျောက်သွားပြီး အတော့်ကို တည်တည်ကြီး ဖြစ်သွားတယ်လို့ထင် လိုက်ပါတယ်။ ဒီဇာတ်ကြောင်းပြောရုံနဲ့ ဒါလောက် ဒေါသဖြစ်မယ်လို့ အစကမထင် မိဘူး။

ကျွန်တော်လည်း အဲဒီသတင်းကြားတော့ သိပ်အံ့အားပြီး တုန်လှုပ်မိပါတယ်။ ဂျပန်တွေ အခုလို ရက်စက်မယ်လို့ ရှေးက မထင်မိပါဘူးလို့ ကျွန်တော်က ဆက် ပြောတော့ သူက ခင်ဗျား အဲဒီအခါက ဘာပြုလို့ မကန့်ကွက်သလဲလို့ မေးရော။ ကြောက်... ကြောက်လို့ခင်ဗျာလို့ဖြေတော့၊ အင်း– ကြောက်တယ်ဟုတ်လားလို့ ပြော တယ်။ ကျွန်တော်က ရှင်းမယ်လုပ်တာကို သူကဖြတ်ပြီး **အေး– ကြောက်စိတ်ဟာ လူတစ်ယောက်ကို မနှစ်သက်စရာတွေ အများကြီးလုပ်စေနိုင်တယ်လို့ ပြန်ပြီးအသံမှန် နဲ့ ပြောလိုက်တယ်။** ကျွန်တော်ကလည်း လေသံတိုးတိုးနဲ့ အားလုံး ကျွန်တော့် အပြစ်တွေပါခင်ဗျာ။ ပြည်သူကို ကျွန်တော့်အပြစ် ဝန်ခံပါ့မယ်။ ကျွန်တော့်အသက် အပြန်တစ်သောင်း ဆက်တိုက်သေပေးလို့တောင် အပြစ်က ကင်းလွတ်စရာ မရှိပါဘူးလို့ ပြောမိတယ်။

ရှိသမျှအပြစ် တစ်ယောက်တည်းခံလို့လည်း နည်းမကျဘူးဗျ။ ကိုယ့်ဝေစုပဲ ကိုယ်ခံရမှာပါ။ အချက်အလက်သာမှန်အောင်ရေးပါ။ ခင်ဗျား အပြစ်ရှိသမျှလည်း ဖုံးလို့မရနိုင်ဘူး။ သူများအပြစ်အတွက်လည်း ခင်ဗျားက ဝင်ပြီး ဒဏ်မခံစေရပါဘူးတဲ့။

အစိုးရက ကျွန်တော်တို့ကို အခုလိုထားလို့ အင်မတန်စိတ်ထဲမှာ နောင်တ တရား ဖြစ်ပါတယ်။ ကိုယ့်အမှားကို ကိုယ်မြင်ပြီး ပြုပြင်ဖို့ဆုံးဖြတ်ပြီးပါပြီ။

ဒီလို ကျွန်တော်ပြောနေတာကို သူ ကြားသလားတော့မသိဘူး။ အခန်းထဲ က လှည့်ကြည့်ရင်း သွားထည့်တဲ့ ခွက်ကို တောင်းကြည့်တယ်။ ကျွန်တော့်စကား အဆုံးတော့ သူကခေါင်းခါပြီး ခင်ဗျားအဖို့ အချက်အလက်မှန်ကို တင်ပြဖို့ပဲ ကြိုးစား ပါ။ ကိုယ့်အပြစ်ကိုယ် ဝန်ခံပြီး နောင်တ တကယ်ရတယ်လို့ ပြနိုင်ရင် ညှာတာမယ် သေချာတယ်။ ကွန်မြူနစ်ပါတီက ပြောတယ်ဆိုရင်ယုံပါ။ ပါတီဟာ အချက်အလက် မှန်ဖို့ အမြဲ သိပ်ဂရုစိုက်တယ်။ ပြည်သူ့အစိုးရဟာ ပြည်သူကို ငဲ့ရမယ်။ ငဲ့မယ်၊ ခင်ဗျားအဖို့က တိုးတက်ပြီဆိုတာကို အပြောနဲ့တင်မပြီးဘူး။ လက်တွေ့ပြနိုင်ရမယ်။ အဲဒါပြနိုင်ဖို့ ပြင်းပြင်းထန်ထန် ကြိုးစားပါလို့ နောက်ဆုံး အကြံဉာဏ်ပေးပါတယ်။ ကျွန်တော်ရေးထားတာကို တစ်ချက်ကြည့်ပြီး နောက် တစ်ခန်းကို ထွက်သွားတယ်။

ကျွန်တော့်မှာ ရင်လေးပြီး ကျန်ရစ်တယ်။ ရေးပြီးတဲ့ စာရွက်ထပ်ကို ကြည့်ပြီး ဒီအထဲမှာပါတာတွေဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာ အခုမှ သဘောပေါက်ပါတော့တယ်။ အဲဒီအချိန်ကစပြီး သူ့စူးစိုက်တဲ့ကြည့်ပုံကို အမြဲမြင်

ယောင်ပြီးလန့်နေတယ်။ သူ့အသံကိုလည်း ပုံတင်ထပ်သလို ကြားပြီးရင်း ကြားရင်း ပဲပေါ့။ ကျွန်တော့်ကို မလှန်နိုင်အောင် ကြီးတဲ့အားတစ်ခုက တွန်းနေပါပြီ။ အဲဒီအား ဟာ အကုန်ဖွင့်ပြောမှ ပြီးမယ်ဆိုတဲ့တွန်းအားပါဘဲ။ တောတောင်ထူရာမှာ သွားနေတဲ့ ၁၉၃၅ခုက လူသတ်သမားကို ဒီအားကပဲ ဆွဲထုတ်လာခဲ့ပြီ။ အရှေ့မြောက်မှာ ဂျပန် ယုတ်မာရက်စက်သမျှကိုလည်း ဒီအားဟာ အကုန်ဖော်နိုင်မှာပဲ။ "မန်ကျူကော"ရပ်သေး ကြီးငယ်ရဲ့ ယုတ်မာမှုတွေလည်း ပေါ်မှာပဲပေါ့။

တနင်္ဂနွေနေ့ပေါ့။ ကျွန်တော် အဝတ်တွေလျှော်ပြီး တန်းမှာလွှားတင်နေတုန်း၊ ထောင်အရာရှိတစ်ဦးနဲ့ လီရယ်၊ ရွှေ့ရယ် ကျွန်တော့်ဘက်ကိုလာနေကြတာ မြင်ပါ တယ်။ ပန်းခင်းနားမှာ သုံးယောက်သားခဏရပ်ပြီး လူစုခွဲသွားကြတယ်။ ရွှေကလေးက ကျွန်တော့်ဘက်ကို လာလို့ သူ့ကိုစကားပြောမယ်လုပ်တော့ ကျွန်တော့်ကို နည်းနည်းမှ အဖက်မလုပ်ပဲ ဆက်လျှောက်သွားတယ်။ သူဟာ တစ်ခုခုပြင်မှ ရမယ့်ကိစ္စကို လုပ်ခဲ့ ပြီလို့ ရိပ်မိလိုက်တယ်။

အခန်းကို ပြန်သွားပြီး ငါးမျိုးပယ်၊ သုံးမျိုးပယ်တိုက်ပွဲအကြောင်းတွေပါတဲ့ သတင်းစာအဟောင်းတွေ ပြန်ဖတ်မိတယ်။ အဘိုးကြီးဝေါင်က ငါးမျိုးပယ်ကို ပြန် လေ့လာသလားလို့ မေးတယ်။ သတင်းစာတွေကို လွှတ်ချလိုက်ရင်း၊ ဟင့်အင်း ရှေးဖြစ်တွေ တွေးပြီး အရင်သဘောမှန်ကို မတွေးမိဘူး။ အခုမှ အဲဒီအဖြစ်အပျက် တွေဟာ အပြစ်တွေ ကျူးလွန်တာပါကလားလို့ သဘောပေါက်တယ်။ ကျွန်တော် လေ့လာရေး စာတမ်းရေးတဲ့အခါ အဲဒါတွေ ထည့်လိုက်ရကောင်းမလားလို့ သူ့ကို မေးကြည့်ပါတယ်။ ကောင်းတယ်လို့ သူဖြေပြီးတော့ အသံတိုးတိုးနဲ့ အစိုးရကလည်း ကျွန်တော်တို့အကြောင်း သိပြီးသားမို့ ကိုယ်တိုင် ဖွင့်ပြောတာ အကောင်းဆုံးပေါ့လို့ အကြံပေးသွားပြန်တယ်။

ကလောင်ကိုကောက်ကိုင်ပြီး တရုတ်တွေအပေါ်မှာ နယ်ချဲ့စော်ကားနိုင်ဖို့ ပဒေသရာဇ်နဲ့ ကွန်ပရာဒိုတွေကို မလွဲမသွေ အသုံးချရပါတယ်။ ကျွန်တော်ဟာ စံပြနမူနာပါပဲ။ ပဒေသရာဇ်တွေဟာ သူတို့ လက်လွှတ်ပြီး ဖြစ်နေတဲ့ တန်ခိုးအာဏာ တွေပြန်ရဖို့ ကျွန်တော့်ကို ရှေ့ကတင်ပြီး ဂျပန်နယ်ချဲ့နဲ့ ပူးပေါင်းပါတယ်။ ဂျပန် ကလည်း ကျွန်တော့်ဇန်းပြပြီး အရှေ့မြောက်ကို သူတို့ လက်အောက်ခံကိုလိုနီ လုပ်လိုက်ပါတယ်။အဲဒီလို ကျွန်တော့်စာတမ်းကို အခြေခံလိုက်ပြီး တီအင်ကျင်မှာ ကျွန်တော်ရယ် ကျွန်တော့်နန်းရိုးအမျိုးတွေရယ် ဂျပန်နဲ့ ဘာတွေ လုပ်ကြတယ်ဆိုတာကို ကျွန်တော် အောအိဟာရနဲ့ တွေ့ဆုံကြပုံကအစ အင်မတန်အသေးစိတ်ကျအောင် ရေးခဲ့ နေပါတယ်။

နှစ်ရက်ကြာတော့ ကျွန်တော့်စာတမ်းကို ထောင်အာဏာပိုင်တွေ ဖတ်ပြီး ကြပြီး ကျွန်တော် သိပ်တိုးတက်နေပြီလို့ သူတို့က မှတ်ချက်ချတယ်။ ဒါကြောင့် ကျွန်တော်တို့ အုပ်စုကလည်း ကျွန်တော့်ကို ချီးမွမ်းရမယ်လို့ အဘိုးကြီး ဝေါင်က

ပြောလာတယ်။

**ဥပဒေအရာရှိ ဖြစ်ခဲ့ဖူးတဲ့ အဘိုးကြီးဝေါင်က သက်သေခံချက် အမှန်တစ်ကွက်ဟာ မုသားတစ်သောင်းထက် တန်ဖိုးရှိတယ်ဆိုတာ ပြောပါသေးတယ်။**

## စက္ကူကပ်ပုံးတွေလုပ်ကြရတယ်

သံတိုင်တွေနဲ့ကာထားတဲ့ အထဲက ကျွန်တော်တို့ဟာ ၁၉၅၂ခုနှစ်ကုန် လောက်မှာ ထွက်ခဲ့ရပြီး ကျယ်ကျယ်ဝန်းဝန်းရှိတဲ့ နေရာသစ်ကို ရွှေ့နေရတယ်။ ခုတင်၊ စားပွဲနဲ့ ထိုင်ခုံသစ်တွေရတယ်။ ပြတင်းပေါက်တွေလည်းရှိလို့ အလင်းရောင် များများရတယ်။ ထောင်မှူးပြောတဲ့ "ပြုပြင်"ရင် ဘယ်လိုသဘောကျမယ်ဆိုတာ မှန်တယ်။ ကိုယ်ရေး ရာဇဝင်ကို ပြင်ရေးပေးတဲ့အခါ ဒဏ်မခံရတဲ့အပြင် အချီးမွမ်းခံရပါသေးတယ်။ ဒါကြောင့် ကျွန်တော် စာပေလေ့လာရေးကို အားစိုက် ကြိုးစားလာပါပြီ။ စောစောက ပုံစံသစ်လောင်းတယ်ဆိုတာ သတ်မှတ်ပေးထားတဲ့ စာအုပ်တွေကို ဖတ်ပြီးလို့ နားလည်တယ်ဆိုရင် ပြီးပြီးလို့ ထင်ခဲ့တယ်။ ဖတ်ရုံနဲ့ မပြည့်စုံဘူးလို့ နားမလည်ခဲ့ပါ။ အမှန်က ဖတ်တာလောက်နဲ့ စာအုပ်တစ်အုပ်ထဲမှာပါသမျှကို ကောင်းကောင်းသဘောပေါက်ဖို့ ခက်ပါတယ်။ ဥပမာ ၁၉၅၀ပြည့်နှစ်ကုန်နဲ့ ၁၉၅၁ခုနှစ် ဦးမှာ ပဒေသရာဇ်လူမှုစနစ်ဆိုတဲ့ စာအုပ်ကိုဖတ်ရပါတယ်။ ဒါပေမယ့် ၁၉၅၃ခု နွေဦးမှာ ခဲတံထည့်ဖို့ စက္ကူကပ်ပုံးတွေ လုပ်ရတဲ့လုပ်အားပေးချိန်ကျမှ ပဒေသရာဇ်စနစ်ဆိုဟာ ဘာလဲလို့ သဘောပေါက်လာပါတယ်။

ထောင်အာဏာပိုင်တွေက ဟာရဘိန်ခဲတံလုပ်စက်နဲ့ စီစဉ်ပြီးတော့ ကျွန်တော်တို့ ထောင်သားတွေကို ခဲတံထည့်စရာ စက္ကူကပ်ပုံးလုပ်တဲ့တာဝန် ပေးပါတယ်။ အဲဒီကစပြီး ကျွန်တော်တို့တစ်နေ့ လေးနာရီအလုပ်လုပ်ပြီး လေးနာရီ စာပေလေ့လာရပါတယ်။ ထောင်အရာရှိတွေက ဒီလိုအလုပ်လုပ်တဲ့ အစီအစဉ်ဟာ အပျင်းလည်းပြေမယ်။ ပညာလည်းရမယ်လို့ ဆိုတယ်။ ကျွန်တော်တို့လို လူတွေဟာ တစ်သက်လုံး ဒီလို လက်မှုအလုပ် လုပ်ခဲ့ဖူးသူတွေမဟုတ်လို့ သင်ခန်းစာလည်း ရမယ်လို့ဆိုတဲ့သဘောပါပဲ။ သူတို့ပြောစကက ဒီကိစ္စဟာငါ့အတွက် အများကြီးအကျိုးထူးမယ်လို့ မသိလိုက်ပါ။

ဒီတစ်သက်မှာ အရင်က ခဲတံထည့်ဖို့ ဘူးကလေးတွေ တစ်ခါမှ ကိုယ်တိုင် မလုပ်ခဲ့တာတော့ မှန်ပါတယ်။ အဆုံးစကား ပြောရရင် ခဲတံတောင် ကိုယ်တိုင်ချွန်ပြီး မရေးတတ်ဖူးပါ။ ကျွန်တော် သိသလောက် ခဲတံအကြောင်းကို ပြောပါဆိုရင် ခဲတံပေါ်က တံဆိပ်ပဲပြောတတ်တယ်။ ဗီးနပ်စ်ခဲတံမှာ လက်ပြတ်ရုပ်ပါတယ်။ ဂျာမနီ ခဲတံတချို့မှာ ကြက်ဖရုပ်ပါတယ်။ အဲဒါတွေ ဘယ်လိုဘူးနဲ့ထည့်ပြီး လာသလဲလို့မသိ။ ဘူးလုပ်ရတာ မလွယ်ပါလားဆိုတာလည်း နားမလည်ခဲ့ပါ။ အစပထမတော့အဆန်း

ကို လုပ်ချင်စိတ်ရှိတတ်မြဲမို့ ကော်တပ်ပေးရတာ ပျော်သလိုရှိတယ်။ ဒါပေမယ့် ခဏ ပဲ။ နောက်တော့ တစ်ကိုယ်လုံး ကော်ပေးပြီး ကပ်စေးကပ်စေး ဖြစ်ကုန်ပြီလို့ စိတ်ထဲမှာ ထင်ပြီး စိတ်ပျက်လာတယ်။ သူများတွေ ကတ်ဘူး အများကြီးပြီးနေတဲ့ အခါမှာ ကျွန်တော်က တစ်ဘူးကိုပဲ အချိုးကျအောင် ကပ်လို့မပြီးသေးပါ။ ကျွန်တော့်လက်ရာ ဟာ ဘူးနဲ့လည်း မတူဘူး။ ဘာနဲ့တူတယ်လို့တောင် အမည်တပ်ဖို့ ခက်နေပါ တယ်။

ဟာ၊ ဒါ ဆန်းလှချည့်၊ ဘာခေါ်သလဲလို့ အရင် "မန်ကျူကော" စစ်ဆေးရုံ အုပ် အဘိုးကြီး ယှိအင်က ကျွန်တော့်လက်ရာကို ကိုင်ပြီး ကျွန်တော့်ကို စနိမ်ပါပြီ။ ဖွင့်လို့လည်း မရပါလား။ ဒါက ဘာလဲလို့ ထပ်မေးလိုက်သေးတယ်။

အဘိုးကြီး ယှိအင်ဟာ ဂျပန်မှာ ကြီးခဲ့တဲ့ လူပဲ။ ဟိုက ဆေးပညာသင်ခဲ့ တယ်။ ဂျပန် သူလျှိုမ (ဂျပန်လို ကဝရှိမယောရှိကောခေါ်တဲ့) နာမည်ကျော် ကျိန်ပိ ဟွေ့ရဲ့မောင်၊ ဂျပန်လိုလားတဲ့ သစ္စာဖောက်ခေါင်းဆောင်မိသားစုထဲက မင်းသား စုရဲ့သား ဖြစ်တယ်။ အပြောပက်စက်တယ်။ ကျွန်တော်က သူ့ကို မလှန်နိုင်မှန်းသိလို့ ကျွန်တော့်ကို နှိမ်လိုတဲ့သဘော အမြဲရှိတယ်။

ကျွန်တော့်အဖို့တော့ ဖျင်းတာလူမိလို့ ရှက်တယ်။ စိတ်ညစ်တယ်။ စွမ်း သန်တဲ့ လူတွေကိုကြည့်ပြီး မနာလိုဖြစ်တယ်။ စပ်စုတဲ့ ယှိအင်ကြောင့် လူတွေ ဝိုင်း သရော်တော့မယ်။ ထင်တဲ့အတိုင်း ဝိုင်းလာကြပြီး ကျွန်တော့်ပုံးကို ကိုင်ကြည့်ပြီး ဟားတိုက်ကြလေရဲ့။ ကျွန်တော်က ပုံးကိုဆွဲလုပြီး အမှိုက်တောင်းထဲ ပစ်ထည့်လိုက်ပါ တယ်။

ဒီတော့လည်း ယှိအင်ဟာ မျက်လုံးပြူးကြီးနဲ့ ဟေ့၊ တမင်သက်သက် လွှတ်ပစ်ရသလားလို့ ကြိမ်းပြန်တယ်။ မပစ်ပါဘူးဗျာ။ တကယ်တော့ သိပ်ညံ့လှတာ မဟုတ်ပါဘူးဆိုပြီး ကျွန်တော်က ပုံးကိုပြန်ကောက်ပြီး ပုံးကောင်းအပုံမှာ သွားထပ်တင် လိုက်ပြန်တယ်။ အဲဒီလို လုပ်ပြန်တော့လည်း အပြစ်မကင်းပြန်ဘူး။ ဘယ်ထားထား မကောင်းတဲ့ ပစ္စည်းဟာ၊ မကောင်းတာပဲလို့ ဆိုပြန်တယ်။

ဟိုလိုတစ်မျိုးပြောလိုက် ဒီလိုတစ်မျိုး ပြောလိုက်နဲ့ ရန်စတာကို ကျွန်တော် သည်းမခံနိုင် ဖြစ်လာတယ်။ ဒေါသနဲ့ တဆတ်ဆတ်တုန်လာတယ်။ ကျွန်တော့် အပေါ်မှာတော့ ခင်ဗျားရဲ့စွမ်းသတ္တိ တယ်ပြတယ်။ နိုင်ရာဖိထောင်းပြီး ကြောက်ရတဲ့ လူကျ ထိုင်ရှိခိုးတဲ့ လူစားပဲလို့ပြောမိတယ်။ သူလည်း မျက်နှာတစ်ခုလုံး နီရဲလာပြီး ကျွန်တော် ဘယ်သူ့ကို အနိုင်ကျင့်သလဲ၊ ဘယ်သူ့ကိုကော ရှိခိုးသလဲ။ ခင်ဗျားဟာ ခုအထိ ငါ ကေရာဇ်ပဲဆိုတဲ့ အစွဲကြီးနဲ့ အခစားခံချင်တုန်းပဲ မဟုတ်လား။ အဲဒါ ငြင်းရဲငြင်းစမ်းလို့ အော်ပြောနေပါတယ်။ ကျန်လူတွေက သူ့ကိုဘာမှ မပြောဘဲ ငြိမ်နေတယ်။ ကံကောင်းသွားတာက အခန်းမှူးရောက်လာပြီး သူ့ကို ငြိမ်ငြိမ်နေဖို့ သတိပေးလိုက်ပါတယ်။

ဒါပေမယ့် ကိစ္စက ဒီတင်မငြိမ်းပါ။ အဘိုးကြီး ယှီအင်ဟာ ဘာပဲဖြစ်ဖြစ် လွယ်လွယ်နဲ့ မမေ့တဲ့လူစားပေါ့။ နောက်တစ်နေ့ ကော်ကပ်ကြတဲ့အခါ ကျွန်တော့် ဘေးမှာ တမင်ရွေးထိုင်တယ်။ ကျွန်တော်လုပ်ပုံကို ဝေဖန်တဲ့ အကြည့်မျိုး ခဏခဏ လှမ်းကြည့်ပြီးနေလို့ ကျွန်တော်ကလည်း တစ်ဖက်ကို တမင်လှည့်ပြီး နောက်ခိုင်း နေလိုက်တယ်။

သူများတကာလို ကောင်းကောင်း မလုပ်တတ်သေးပေမယ့် မနေ့ကထက် တော့ ကျင်လည်လာပါပြီ။ ညနေကျတော့ ထောင်အရာရှိတွေက စားစရာအချိုအချဉ် တွေ ယူလာတဲ့အပြင် လုပ်ခပိုက်ဆံပါ ယူလာပါတယ်။ ကျွန်တော့် တစ်သက်မှာ ကိုယ်တိုင် လက်ကြောတင်းအောင်လုပ်ပြီး ရတဲ့လုပ်ခဟာ ဒီတစ်ကြိမ် ပထမပါပဲ။ လူချင်းယှဉ်ရင် ကျွန်တော့်အရည်အချင်းဟာ နောက်ဆုံးဆိုပေမယ့် သကြားလုံးဟာ သူတကာမှာ ချိုတာထက် ကျွန်တော့်ပါးစပ်ထဲမှာ ပိုပြီးချိုမယ် ထင်မိပါတယ်။ အရင် စားရဖူးသမျှတွေထက်လည်း ပိုကောင်းပါတယ်။

အဘိုးကြီး ယှီအင်က စလာပြန်တယ်။ ပုယီ၊ ကနေ့မနေ့ကထက် လုပ်ပုံ ကိုင်ပုံသာတယ်မဟုတ်လားလို့ မေးတယ်။ ကျွန်တော်ကလည်း ပယ်ရတာတစ်လုံးမှ မပါဘူးဗျလို့ ဖြေလိုက်ပါတယ်။ အင်း၊ အခုထက်ပိုပြီး နှိမ်ချတဲ့စိတ်ရှိရင် ဒါ့ထက် အတတ်မြန်မှာလို့ ဟန်ဆောင်ပြုံးနဲ့ ပြောသေးတယ်။ ဒီတော့ အပယ်မခံရကြောင်း ပြောတာ မာနစကား ဘယ်နေရာမှာပါသလဲလို့ ဒေါသနဲ့ ပြောမိပြန်တယ်။ သကြား လုံးလည်း မချိုတော့ဘူးလို့ ထင်မိပြန်တယ်။ အဘိုးကြီး ယှီအင်ကို ကျွန်တော် မကြိုက်ဆုံးက ကျွန်တော် အပျော်ဆုံးအခါကိုမှ ရွေးပြီး ကျွန်တော် စိတ်ပျက်သွားအောင် နှိမ်တတ်လို့ပါပဲ။ ကျွန်တော် နောက်လုပ်သမျှဘူးတွေထဲမှာ တစ်လုံးညံ့ရင် ခင်ဗျား ပြောချင်တာပြောနိုင်တယ်ဆိုပြီး သူ့ကိုဆက်ပြီး အဖက်မလုပ်တော့ပါ။ သူက ဒီလို ပြောမှ ကျွန်တော့်ဘူးတွေထဲက တစ်လုံးကို ကောက်ကိုင်လိုက်ပြီး ဒီမလေ ကြည့်ကြ ပါဦးလို့ပြတယ်။ ကျွန်တော် မော့ကြည့်လိုက်တော့ ကျွန်တော့်ပါးစပ်ထဲက သကြား လုံးဟာ လည်ချောင်းမှဆို့ပြီး ကံကောင်းလို့ မသေတယ်။ တံဆိပ်ကို ကျွန်တော် ပြောင်းပြန် ကပ်ထားတယ်။ ကျွန်တော်လည်း စိတ်တိုပြီး အဲဒီပုံးနဲ့ သူ့မျက်ခွက်ဆိုးကြီးကို ပေါက်ပစ်လိုက်ချင်စိတ် ဖြစ်မိပါတယ်။ စိတ်ကို မနည်းသိမ်းပြီး ကဲ– ပြောချင်တာ ပြောတော့လို့ ဆိုတော့လည်း မပြီးပြန်ဘူး။ ဒေါသလေ၊ ဒေါသ၊ ပုပ်စော်နံတဲ့ ကေရာဇ်ဂိုက် ပေးတုန်းပဲ မဟုတ်လားတဲ့။ ခင်ဗျားကို ကောင်းစေချင်လို့ ဝေဖန်တာ ခင်ဗျားနည်းနည်းမှ သဘောမပေါက်ဘူး ဟုတ်စလို့ ဆက်ကြိမ်းပြန်တယ်။ ဝါဒါ တစ်ယောက် လျှောက်လာသံကြားတော့ အသံကို ပိုမြှင့်လိုက်ပြီး ခင်ဗျား ကေရာဇ် ပြန်ဖြစ်ချင်တုန်းပဲ မဟုတ်လားလို့ ပြောပြန်တယ်။ စိတ်ဆိုးတာကို ကျွန်တော်လည်း မဖုံးနိုင်တော့ပါ။ ဒီမှာ ကျွန်တော်ဟာ ခင်ဗျားထက် ညံ့တယ်၊ စကားပြောတဲ့နေရာမှာ ရော၊ အလုပ်လုပ်တဲ့နေရာမှာပါ ဖျင်းတယ်။ မွေးကတည်းက ဒီအတိုင်းပဲ။ ကဲ

ကျေနပ်ပြီလားလို့ မေးမိတယ်။

ရန်ဖြေဖို့ ဝိုင်းလာကြပါပြီ။ ကျွန်တော်တို့နေတဲ့ အခန်းကကြီးလို့ အစုစု တစ်ဆယ့်ရှစ်ယောက်ရှိပါတယ်။ ကျွန်တော့်အပြင် ရပ်သေးဝန်ကြီးသုံး၊ အရာရှိဟောင်း တစ်ဆယ့်လေးပါတယ်။ ဝန်ကြီးဟောင်းထဲမှာ ကျန်္ဂင်ကျိန်ဟွေ့ ပါရှိတယ်။ သူက တော့ အခုအခါ အိုမင်းမစွမ်းဖြစ်ပြီး စာပေလည်းမလေ့လာဘူး။ အလုပ်လည်း မလုပ် ဘူး။ စကားလည်းတယ်မပြောဘူး။ အဲဒီနေ့ညကျတော့ သူကလွဲလို့ ကျန်လူတွေစုပြီး "ပုံးကိစ္စ"ဆွေးနွေးကြပါတယ်။ တချို့က အဘိုးကြီး ယှိအင်ဟာ ကောင်းရာကို ညွှန်ပြလိုစိတ်နဲ့ ပြောတယ်ပဲထား။ ဒီလို အော်ဟစ်ပြီး မပြောသင့်ဘူးလို့ တင်ပြ တယ်။ တချို့ကလည်း ကျွန်တော့်ပုံးဟာ ညံ့နေတာ ထင်ရှားတာတောင် အမှားကို ဘာပြုလို့ ကျွန်တော်ဝန်မခံနိုင်ရတာလဲလို့ ဝေဖန်တယ်။ မောင်ဂိုအဘိုးကြီး ကော့က ကျွန်တော်စိတ်ဆိုးတာဟာ ယှိအင်စိတ်ရင်းမကောင်းလို့ ဖြစ်တာလို့ ရှေ့နေလိုက်တော့ တပ်ခွဲမှူးဟောင်းဖြစ်ခဲ့ဖူးတဲ့ ယှိအင်မိတ်ဆွေတစ်ယောက်က ကော့ဟာ ဘက်လိုက် တယ်လို့ စွပ်စွဲတယ်။ တချို့ကတော့ စနေနေ့ ဝေဖန်ရေးတိုက်ပွဲလုပ်တဲ့အခါမှာ ဒီ ကိစ္စကို တင်ပါလို့ တောင်းဆိုတယ်။ လူတိုင်းက တစ်ယောက်တစ်ပေါက် ပြိုင်တူ ပြောလာကြပြီ။ ယှိအင်ဟာ ပါးစပ်က အမြှုပ်ထွက်အောင် အော်ဟစ်လာလို့ သူ့မိတ်ဆွေ စစ်ဗိုလ်ဟောင်းက သူ့အင်္ကျီကို လှမ်းဆွဲနေပါတယ်။ ပြီးတော့ ရုတ်တရက်ငြိမ်သွားလို့ ကျွန်တော်လှည့်ကြည့်တဲ့အခါ လေ့လာရေးမှူး ထောင်အရာရှိ လီ ဝင်လာတာကို တွေ့ပါတယ်။ အခန်းမှူးကို ဘာအကြောင်းကြောင့် ဒီလိုရန်ပွဲ ခင်းနေပါသလဲလို့ မေးတော့ အဘိုးကြီးဝေက အပယ်ခံကတ်ထူပုံးကအစပါ ခင်ဗျားလို့ အစီရင်ခံလိုက် တယ်။

ထောင်အရာရှိက တံဆိပ်ပြောင်းပြန်ဖြစ်နေတဲ့ ကျွန်တော့်ပုံးကို ကောက်ယူ ပြီး ဒီလိုအသေးအဖွဲကိစ္စနဲ့ ဒါလောက်ရန်ဖြစ်ဖို့ လိုမယ်တဲ့လားဗျာ၊ တစ်ယောက်ယောက် ကယူပြီး တံဆိပ်တစ်ခု အတည့်ကပ်ပေးပါတော့လားလို့ ပြောတယ်။ အားလုံးပဲ ဆွံ့အ သွားသလို ဘာမှ ဆက်မပြောကြတော့ပါ။

ဒါပေမယ့်လည်း အဲဒီကိစ္စ ရပ်မသွားသေးဘူး။ နောက်တစ်ရက်နှစ်ရက် ကြာတော့ ပုံးလုပ်ဖို့ ပစ္စည်းတွေလာပို့ရင်း ရွှေ့ကလေးက တခြားအစုတွေဟာ ပုံးအလုပ် ပြိုင်ကြမယ်တဲ့။ ခင်ဗျားတို့အစုကကော ပြိုင်ပွဲမဝင်ချင်ဘူးလားလို့ မေးပါတယ်။ ပြိုင်မယ်လို့ပဲ အားလုံးသဘောတူကြတယ်။ ရွှေ့ကလေးက သူတို့အုပ်စုထဲက ကူကလေး ဟာ ပုံးကိုကော်ကပ်တဲ့နေရာမှာ အရင်ကပ်နည်းထက် နှစ်ဆအနည်းဆုံး ပိုမြန်တဲ့နည်းကို ထွင်ထားပြီလို့လည်း ပြောသွားတယ်။ ဒီတော့ ပြိုင်ပွဲဝင်ကြစို့ဆိုရင် လုပ်နည်းကိုင်နည်း သွက်လက်ကောင်းမွန်ဖို့ လိုလာပြီ။ သတင်းစာတွေထဲမှာလည်း လုပ်နည်းကိုင်နည်းကို ပြုပြင်ကြပုံတွေကို ဖတ်ရတော့ အဲဒါတွေကို စံနမူနာယူကြပြီး အလုပ်စဉ်လို့ ဆုံးဖြတ် ကြတယ်။ သဘောကတော့ ပစ္စည်းထုတ်လုပ်တဲ့အခါ တာဝန်ခွဲပြီး တစ်ယောက်တာဝန်

တစ်မျိုးပဲ အစဉ်လိုက် လုပ်ကြမယ်ပေါ့။ ဒီလို တာဝန်ဝေရင် ကျွန်တော်တစ်ယောက်တည်း ပုံးဖြစ်သွားတဲ့အထိ လုပ်လို့ ပုံးညှပ်ဖျင်းတာပေါ်ရတယ်။ ဥပမာ ကျွန်တော်က စက္ကူဖြစ်ပေး၊ တစ်ယောက်က ကော်ကိုင်၊ တစ်ယောက်က တံဆိပ်ကပ်ဆိုရင် ကျွန်တော်ညှပ်တာ ထင်ရှားတော့မှာ မဟုတ်ဘူးလို့ ကျွန်တော်တွေးပြီး ကျေနပ်တယ်။ လက်တွေ့လုပ်တဲ့အခါကျတော့ ကျွန်တော့်တာက ဟာနေလို့ ပုလင်းလည်ပင်း ဖြစ်နေပါပြီ။ ပုလင်းဟာ ကိုယ်ထည်တစ်ဖြောင့်တည်း ဖြစ်ပေမယ့် လည်ပင်းသိပ်သေးနေလေတော့ သေးသေးဘဲ ထွက်တော့တယ်ဆိုတဲ့ သဘောပါပဲ။ ဒါကို အဘိုးကြီးယှိအင်ကစပြီး မြင်ပါတယ်။ တစ်ယောက်ညှပ်တော့ အများမှာထိခိုက်တယ်ဗျ။ ဒါဘယ်လိုလုပ်ကြမတုံးတဲ့။ သူက ဟာန်လုပ်ပြီး စိုးရိမ်တဲ့ မျက်နှာထား လုပ်ပြသေးတယ်။

ဒီတစ်ခါတော့ ကျွန်တော်သူနဲ့ အချေအတင်မပြောတော့ပါဘူး။ တစ်ဝက်တစ်ပျက်ပဲ ပြီးသေးတဲ့ပုံးကိုကြည့်ပြီး ကျွန်တော် မတ်တက်ရပ်ပဲ နေပါတယ်။ ငါအခုရပ်နေပုံဟာ ဟိုအရင်တုန်းက စိတ်ငြိမ်နန်းဝမှာ ကျွန်တော်နဲ့ တွေ့ချင်လို့လာတဲ့လူဟာ ကျွန်တော်အထဲက အခေါ်မလွှတ်မချင်း ရှိ့ရှိ့ကလေး မတ်တတ်ရပ်စောင့်ရပုံနဲ့ သိပ်တူနေပါသလားလို့လည်း တွေးမိရဲ့။ အလုပ်စဉ်ပြီး လုပ်ကြတဲ့နေရာမှာ ကျွန်တော့်လက်အောက်ဖက်က လုပ်ရတဲ့လူက ကျွန်တော့်လက်ထဲက ထွက်တဲ့ပစ္စည်းဟာ အဆင့်ညှပ်သွားလို့ ဆုံးပြီးတဲ့အခါ အပယ်ခံရတဲ့ ပုံးများရတယ်လို့ ဖော်တယ်။ တစ်ဖွဲ့လုံး နာမည်ပျက်မယ်ပေါ့။ ဘယ်ကိုပဲ ကျွန်တော်ဘက်က ညာတာပြီး ပြောပေးမယ်ဆိုဆို၊ အဘိုးကြီးယှိအင်ရဲ့ ခါးခါးတူးတူးဝေဖန်ချက်ကို ချေပဖို့ ခက်နေပါတယ်။ ကျွန်တော်လည်း ကုန်ထုတ်စဉ် အတန်းထဲကထွက်လိုက်ပြီး တစ်ယောက်ထည်းဘဲ ပြန်လုပ်ရပါတယ်။

လုံးချင်းဘဝရဲ့ ငြိုးငွေ့စရာကို ပြန်ပြီးကြုံရပြန်တယ်။ အုပ်စုက မောင်းထုတ်လိုက်တဲ့အခါ ဘာနဲ့တူသလဲဆိုတော့ သူတို့အထဲမှာ ကျွန်တော်တစ်ယောက်တည်း အဝတ်မပါ ကိုယ်လုံးတီးဖြစ်နေရတာနဲ့ တူလှတယ်။ ကျွန်တော်ရှိတဲ့ နေရာကဖြတ်ပြီး လျှောက်သွားတဲ့အခါ အဘိုးကြီး ယှိအင်ဟာ တမင်ချောင်းဆိုးတယ်။ ကျွန်တော်ထရိုက်ချင်မတတ် စိတ်ဆိုးမိတယ်။ သူ့မျက်နှာမှာ ကျွန်တော့်ဒုက္ခကို မြင်ရတာ အရသာရှိပါကလားဆိုတဲ့ ပုံစံပေါ်နေတယ်။

ကြင်ကြင်နာနာနဲ့ နှစ်သိမ့်စကားပြောမယ့်လူကို တမ်းတမိတယ်။ လူတိုင်းပဲ အလုပ်တွင်အောင်လုပ်နေကြလို့ ကျွန်တော်နဲ့စကားမပြောအားပါ။ ဒါနဲ့ပဲ တုပ်ကွေးအဖျားဝင်ပြီး ကျွန်တော်လဲပါတော့တယ်။

အဲဒီည ကယောင်ချောက်ချား အိပ်မက်တော့ အဘိုးကြီး ယှိအင်ရဲ့မျက်နှာကြီးဟာ ကျွန်တော့်အပေါ်ကမိုးပြီး မင်းဟာ အပယ်ခံ၊ သူတောင်းစားပဲ ဖြစ်နိုင်တော့မယ်လို့ မဲ့ရွဲ့ပြီးပြောနေတာ ကြားပြီး အဲဒီအိပ်မက်ထဲမှာ တစ်ဆက်တည်း တံတားအစွန်းမှာ ဝပ်တွားပြီး ပိုက်ဆံတောင်းနေရပါတယ်။ ငယ်ငယ်က သင်းကွပ်တွေ

ပြောဖူးတဲ့ **"တံတားစောင့်မျောက်"** ဖြစ်နေပါပြီ။ လက်ကြီးတစ်ဖက်ဟာ ခေါင်းကို လာပြီး နှိပ်ကိုင်လိုက်လို့ လန့်နိုးပါတယ်။ အဝတ်ဖြူဝတ်၊ လူတစ်ယောက်ပါ။ ကျွန်တော့် ရင်ဘတ်ကို စမ်းသပ်နေတာ မသဲမကွဲ မြင်ရတယ်။ အဖျားတက်တုန်းပဲ။ ဒါပေမယ့် မစိုးရိမ်ရပါဘူး။ ကဲ– နည်းနည်း စမ်းသပ်ကြည့်ကြရအောင်လို့ အဲဒီလူက ပြောနေပါတယ်။

ခေါင်းသိပ်ကိုက်တယ်၊ နားသယ်တွေမှာ သွေးတဒိတ်ဒိတ်တိုးနေပြီ။ လက်နဲ့ အသာဖျစ်ထားရင်း အခု ငါဘာဖြစ်နေတယ်လို့ သတိရလာပါပြီ။ အိပ်ရင်းကယောင် ကတမ်း ပြောနေသံကို ဝါဒါကကြားလို့ လာနှိုးကြည့်သေးတယ်။ မရတော့မှ ဆရာဝန် အခေါ်လွှတ်ရတယ်ဆိုပဲ။ ဆရာဝန်က အဖျားတိုင်းကြည့်။ သူနာပြုဆရာမက ဆေး တစ်လုံး ထိုးပေး။ ကျွန်တော်လည်းပြန်ပြီး အိပ်ပျော်သွားတယ် ထင်တယ်။

သိတင်းနှစ်ပတ်ကြာအောင် ဖျားနေပါတယ်။ ဆရာဝန်နဲ့ သူနာပြုတို့ ကျေးဇူးနဲ့ တဖြည်းဖြည်းပြန်ပြီး နေကောင်းလာပါပြီ။ စာမဖတ်၊ အလုပ်မလုပ်ဘဲ အိပ်ရာထဲမှာဘဲ အချိန်ရှိသရွေ့ဆိုသလို နေရတယ်။ အိပ်ရာထဲမှာ လှဲနေတုန်း ဟိုတွေးဒီတွေးနဲ့ အရင်လေးငါးဆယ်နှစ်အတွင်း တွေးမိတာတွေထက် အခု ဆယ့်ငါး ရက်မှာ တွေးတာက ပိုသွားမယ်ထင်တယ်။ ငယ်ငယ်က မြင်ရရုံနဲ့ လန့်ခဲ့တဲ့ ကေရီ မယ်တော်ကြီး ချီယှိရဲ့ မျက်နှာကနေပြီး အခုကပ်ပုံးကိစ္စမှာ မြင်လိုက်ရတဲ့ အဘိုးကြီး ယှီအင်ရဲ့ မျက်နှာအထိ မြင်ယောင်လာပါတယ်။

အဲဒီ မိန်းမကြီးကို ဟိုတုန်းက ကြောက်တယ်။ အခု ရွံတယ်၊ မုန်းတယ်။ ဒီမိန်းမကြီးဟာ ငါ့ကိုမှ ဘာပြုလို့ ကေရာဇ်ဖြစ်ဖို့ ရွေးရသလဲ။ ဘာမှမသိတတ်တဲ့ အပြစ်မရှိတဲ့ ကလေးငယ်ကလေးပဲ ရှိသေးတယ်မဟုတ်လား။ ဘယ်နေရာမှာပဲ ယှဉ် ယှဉ် ပုကျီအယ်လောက်တော့ လုပ်တတ်ကိုင်တတ်ရှိရမယ် မဟုတ်လား။ အခုတော့ ကေရာဇ်လုပ်ဖို့ အရွေးခံရတာကြောင့် အပိတ်အဆို့၊ အကာအကွယ် အယုအယခံရပြီး ကိုယ့်ဘာသာ လုပ်တတ်ကိုင်တတ်ရှိအောင် အခြေခံအသိဉာဏ်ကလေးမှ မရ၊ လက်တွေ့ ဘာမှမလုပ်ဘူးဆိုတော့ နောက်ဆုံး အခု လုံးဝအသုံးမကျတဲ့ အခြေကို ရောက်ရတာပေါ့။ အခုနေ ပုကျီအယ်နဲ့နှိုင်းလို့ လုံးဝမရနိုင်ပါ။ ကလေးငယ်လောက်တောင် မလုပ် တတ် မကိုင်တတ် ဖြစ်တယ်ဆိုမှ မှန်တယ်။ ဒီတော့ အဘိုးကြီး ယှီအင်လို လူမျိုးနဲ့ တွေ့ရင် အပြောင်ခံရတယ်။ အနိုင်ကျင့်ခံရတယ်ပေါ့။ ကိုယ့်ဘာသာ ရှာဖွေစားရမယ် ဆိုရင် ငတ်သေမယ်ပေါ့။ ဒီလိုဖြစ်ရတာ တရားခံတွေက ချီယှီ၊ မင်းသားကြီးတွေနဲ့ ကျိန်ဝန်ကြီးတွေ မဟုတ်ဘူးလား။

ကိုယ်ကဖျင်းလို့ အလှောင်ခံရတိုင်း ခါးခါးတူးတူး မကျေမနပ်ဖြစ်မိခဲ့ တယ်။ အပြစ်ကို ဖော်ထုတ်တတ်တဲ့ လူကိုလည်း သိပ်မုန်းတယ်။ ဒီလိုဖြစ်အောင် ရှေ့ညွှန်လမ်းပြလုပ်တဲ့ ပြည်သူ့အစိုးရအပေါ်မှာလည်း မကျေနပ်ဘူးပေါ့။ အခုမှ ဒီလိုတွေးတာတွေ အားလုံးမှားပြီလို့ သဘောပေါက်ပါတယ်။ ကျွန်တော်ကိုယ်တိုင်

ကကို ရယ်စရာအကောင်း အဖျင်းအသင်း အထိုင်းအအဖြစ်နေလို့ပါပဲ။ တူတော်တွေက မလေးမစားလုပ်တော့ စိတ်ဆိုး စိတ်မချမ်းသာဖြစ်တယ်။ အခုမှ သူတို့က ဘာပြုလို့ ကျွန်တော့်ကို လေးစားရိုသေနေကြရသလဲ။ ဘာအကြောင်းမှ ဒီလို ပြုမူ စရာမရှိဘူးလို့ မြင်လာပါတယ်။ ကိုယ်ယူစားတဲ့ ဟင်းရွက်ကိုတောင် နာမည်မခေါ်တတ်တဲ့လူ ဘယ်သူက လေးစားမလဲ။ နိုင်ငံခြားနတ်ကို ကိုယ့်မိရိုးဖလာနတ်လုပ်ခဲ့ဖူးတဲ့ လူယုတ်တစ်ယောက်လို့ သူတို့ အထင်ရောက်နေရင်ကော အပြစ်တင်ထိုက်မလား။

တကယ်စစ်တော့ ကျွန်တော့်ကို ဘုန်းကျက်သရေရှင်လို့ ဘာကို ထောက်ထားပြီး ယူဆစရာရှိသလဲ။ မောင်ဂိုအဘိုးကြီးကျဲန်ငိက သူ့အဖေ ဗောဂျစ်ဟာ သမ္မတနိုင်ငံ ထောင်စက သူပုန်ထမယ်။ အဲဒီတုန်းက ကျွန်တော့်ကို နန်းပြန်တင်ဖို့ ကြိုးစားတဲ့ နေရာမှာ အသက်ပဲသေရသေရလို့ သူတို့တစ်အိမ်ထောင်လုံး သစ္စာပြုထားပြီး ဖြစ်ခဲ့တယ်တဲ့။ အမေက ကျွန်တော့်ကို ဘုရားတစ်ဆူလို ဂါရဝထားပြီး ရှိခိုးခဲ့တယ်တဲ့။ အခု အဲဒီအမေသေသွားလို့ပေါ့။ ရှိသေးရင် အမေ့ရေ့ ဘုရားယူအန်တုန်ငိဆိုတာ အမှိုက်ပုံလောက်မှ တန်ဖိုးမရှိဘူးလို့ ပြချင်သပဗျာလို့ ပြောတယ်။ သူတို့ ဒီလို ပြောတာကို အပြစ်ဆိုရမလား။

ဧကရီမယ်တော်ကြီးနဲ့ အပေါင်းအပါကိုပဲ အပြစ်တင်ထိုက်တယ်။ လူဝင်ခက်နန်းမြို့ကို အားသစ်ခွန်သစ်နဲ့ ထပ်လောင်းပြီး မုန်းမိတယ်။ အဲဒီ အသိုင်းအဝိုင်းဟာ အဘိုးကြီး ယိုအင်ထက်ကြီးတဲ့ ရန်သူတွေပါလားလို့ သိလာပါပြီ။

ကျွန်တော် တော်တော်ကလေးနေကောင်းလာတော့ ထောင်မှူးက ခေါ်ပါတယ်။ ကျန်းမာရေးအခြေအနေကို စုံစမ်းပြီးတာနဲ့ အဘိုးကြီးယိုအင်နဲ့ မတဲ့မမတ်ဖြစ်ရပုံမေးတယ်။ ကျွန်တော် သိပ်တုန်လှုပ်သွားသလားတဲ့။ အခြေအနေကို အချုပ်ပြောပြီးတော့မှ ဟိုတုန်းကတော့ တုန်လှုပ်တာမှန်ပါတယ်။ အခုနေပြန်ပြီး တွေးကြည့်ပြီးမှတော့ စိတ်ဆိုးလှတယ်လို့တောင် မပြောလိုတော့ဘူး။ ကိုယ့်ဘာသာဖျင်းတာ ညံ့တာကိုပဲ မုန်းမိတယ်။ ပြီးတော့ ပီကင်းနန်းတွင်းသားတွေကိုလည်း မုန်းမိတယ်လို့ အဆုံးသတ်ဖြေမိတယ်။

ကိုယ့်ချွတ်ယွင်းချက်ကို ကိုယ်သိလာတာကောင်းတဲ့ လက္ခဏာပါပဲဗျာ။ တိုးတက်လာပြီလို့ ခေါ်ရမယ်။ မစွမ်းတာကြောင့် အထူးစိတ်ဆင်းရဲစရာ မလိုဘူးနော်။ ကြိုးစားပြီး မှတ်သားလေ့လာမယ်ဆိုရင် မစွမ်းတာဟာ မကြာပါဘူး စွမ်းလာမယ်။ မစွမ်းတဲ့အချက်ကို မြင်လာတာ တကယ်တော့ အရေးပါတဲ့ သဘောရှိတယ်။ ဟိုတုန်းက မင်းသားတွေ၊ နန်းတွင်းသားတွေဟာ ဘာပြုလို့ ဆန်းစစ်ကြည့်စမ်းပါလို့ ပြောတယ်။ ဟုတ်ပါတယ်။ ဒီလူတွေဟာ ကိုယ်ကျိုးကို ရှေ့ထားတဲ့ လူချည်းပဲ။ ကျွန်တော့်အရည်အသွေးကို သူတို့ ဂရုမပြုကြဘူး။ သူတို့အရာရောက်ဖို့ပဲ သူတို့ နားလည်တယ်လို့ ဖြေပါတယ်။ ဒီတော့ သူကပြုံးပြီး ခင်ဗျားရဲ့အဖြေဟာ အကုန်မမှန်သေးဘူးဗျ။ ဆိုပါတော့ဗျာ ကျဲန်ပပ်ရှန့်ခဲ့ ခင်ဗျား အဖေဟာ ခင်ဗျားပျက်စီးအောင်

ရည်ရွယ်ချက်တစ်ခုနဲ့ တကယ် ကြံဆောင်ပါ့မလား။ သူ့အမေးကို ကျွန်တော် ဖြေကို မဖြေတတ်ပါ။ ဒီတော့သူက ဒီမေးခွန်းကို ခင်ဗျား အသေအချာစဉ်းစားပြီး ဖြေကြည့်နော်။ အဖြေမှန်ရရင် ဖျားရကျိုးနပ်ပြီဗျို့တဲ့။

သူ့အမေးကို အပြန်ပြန် အထပ်ထပ်အဖြေရှာတယ်။ ကိုယ့်ဘဝဖြစ်စဉ်ကို လဲ အခေါက်ခေါက်ပြန်ပြီး အကွက်ချကြည့်တယ်။ ဒီလိုနဲ့ အဖျားပျောက်စ ပထမ ဆုံးတက်ရမယ့် ဝေဖန်ဆွေးနွေးပွဲ အချိန်ကို ရောက်လာပါပြီ။ အဖြေမရနိုင်လို့ ကိုယ့်ကိုယ်ကို ကိုယ်အများကြီး ဒေါသထွက်မိတယ်။

ဝေဖန်ဆွေးနွေးပွဲမှာ အဘိုးကြီး ယှီအင်ကို မလိုမုန်းတီးစိတ်ပြင်းသူလို့ ဝေဖန်သူပေါ်ပါတယ်။ တမင်သက်သက် ကျွန်တော့်ကိုလိုက်ပြီး နှိပ်စက်တယ်လို့ ယူဆတယ်တဲ့။ ထောက်ခံတဲ့လူတွေပေါ်လာပြီး တချို့က ကျွန်တော်ဖျားတာဟာ သူ့ကြောင့်လို့တောင် ပြောလာကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အားလုံးကို ပုံစံသစ်သွင်းတဲ့လုပ်ငန်းမှာ သူ့ကြောင့် အနှောင့်အယှက်ရှိနိုင်တယ်လို့ ယူဆကြတယ်။ အဘိုးကြီး ယှီအင်လည်း ထိတ်ထိတ်ပျာပျာ ကြောက်ရွံ့တုန်လှုပ်ပြီး ထစ်ထစ်ငေါ့ငေါ့နဲ့ သူ့ကိုယ်သူ ဝေဖန်စကားပြောပါတယ်။ တစ်ချိန်လုံး ကျွန်တော်စကား ဝင်မပြောပါ။ ဒါပေမယ့် မုန်းစိတ်မွေးမွှန်နေတယ်ပေါ့။ ကျွန်တော့်ကို စကားပြောပါဦးလို့ တစ်ယောက်ကပြောတော့ အဘိုးကြီး မျက်နှာဟာ ပိုပြီး ဖြူဖပ်ဖြူရော်ဖြစ်သွားတယ် ထင်မိတယ်။ ကျွန်တော်က အသံတိုးတိုးပဲ ပြောစရာမရှိပါဘူးခင်ဗျား။ ကိုယ့်ချွတ်ယွင်းချက်ပဲ ကိုယ်မနှစ်မြို့ ဖြစ်မိတယ်လို့ ပြောလိုက်တယ်။

လူတိုင်း အံ့အားသင့်သွားတယ်။ အဘိုးကြီးက ထင်ထင်ရှားရှား ပါးစပ် အဟောင်းသား ဖြစ်သွားတယ်။ ကျွန်တော်က အသံကို ပိုမြှင့်ပြီး ကျွန်တော်ကြီးပြင်းခဲ့တဲ့နေရာကို မုန်းမိတယ်။ အဲဒီ ဆိုးဝါးတဲ့စနစ်ကို မုန်းတယ်။ **ပဒေသရာဇ်စနစ်ဆိုတာ ဘာလဲသိလား။ ကလေးဘဝကတည်းက လူကိုသုံးမရအောင် ဖျက်ဆီးတဲ့စနစ်ပဲ။**

ပြောနေရင်း လည်ချောင်းတစ်ဆို့ပြီး ဆက်ပြောမရတော့ဘူး။ တချို့က စကားနည်းနည်း ပြောကြသေးတယ်။ မကြားပါ။

## စုံစမ်းသူတွေ ရောက်လာကြပြီ

**နယ်ချဲ့ဝါဒ**ကျမ်းကို ၁၉၅၃ခုနှစ်ကုန်ခါနီးက သုံးသပ်လေ့လာကြရပါတယ်။ ပြီးတော့ ၁၉၅၄ခု၊ မတ်လမှာ ဖူရှန်ကို ပြန်ပြောင်းကြရတယ်။ နောက်မကြာခင် စုံစမ်းဖွဲ့ဝန်ဆောင်လုပ်သားတွေ ရောက်လာပြီး အကျဉ်းသားတွေကို စတင် စစ်ဆေး ကြတယ်။

ဂျပန်နဲ့ “မန်ကျူကော”စစ်တရားခံတွေရဲ့ ပြစ်မှုကျူးလွန်ပုံကိုစစ်ဆေးဖို့ အစိုးရဟာ အလွန်အမင်း သေချာအောင် ပြင်ဆင်ထားပြီလို့ သိရပါတယ်။ လူနိုင်

လက်နိုင်ရှိအောင်လည်း တပ်နဲ့ချီပြီး လူစုထားပြီးပါပြီ။ ဖွရှန်ကို ဂျပန်စစ် တရားခံတစ်စုပို့ထားပြီ။ နှစ်တော်တော်ကြာအောင် အချိန်ယူပြီး သူတို့အမှုကို စုထားပြီပေါ့။ စစ်ဆေးမယ့်လူနှစ်ရာကျော်ကိုလည်း နိုင်ငံရေးနဲ့ စုံထောက်ပညာ အခြေခံအမျိုးမျိုးကို အထူးသင်ကြားပေးပြီးပါပြီ။

"မန်ကျူကော" စစ်တရားခံ စုံစမ်းရေးကို မတ်လကုန်မှာ အစည်းအဝေးကြီးတစ်ခု ကျင်းပပြီး စပါတယ်။ ကျွန်တော်တို့ အကျဉ်းသမားဆိုတဲ့လူကို သူများကျူးလွန်တဲ့အပြစ်ကို တိုင်စာရေးရပြီး ကိုယ့်အပြစ်ကိုတော့ ဝန်ခံချက်ရေးရတယ်။ အဲဒါတွေအားလုံးဟာ နှစ်ကုန်တော့ပြီးပါတယ်။

စုံစမ်းရေးမှူးက အစည်းအဝေးမှာ ကျွန်တော်တို့ကို ဒီလိုပြောတယ်။ ခင်ဗျားတို့ပြီးခဲ့တဲ့နှစ်တွေက လေ့လာရေးလည်း လုပ်ပြီးပြီ။ ကိုယ့်ကိုကိုယ် ပြန်လှန်စစ်ဆေးမှုလည်း လုပ်ရပြီ။ ဒီတော့ ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံရဲတဲ့ သတ္တိရပြီး ဖြစ်နေမယ်။ အစိုးရတာဝန်က အမှုပေါ်အောင် စစ်ရမယ်။ ကျွန်တော်တို့က ပြီးပြီးသားကိစ္စကို ဘာ့ကြောင့် ဒီလိုဖြစ်ရသလဲလို့ နားလည်ပြီး လုပ်မိသမျှကို ဝန်ခံပါ။ ဂျပန်နယ်ချဲ့နဲ့ တရုတ်သစ္စာဖောက်တွေ အကြောင်းကိုလည်း သိသလောက် အစီရင်ခံပါ။ သူများကို စွပ်စွဲတဲ့အခါရော ကိုယ့်ဘာသာ အပြစ်ဝန်ခံတဲ့အခါမှာပါ ရိုးသားရမယ်။ အပိုအလိုလုံးဝမပါစေနဲ့။ အပြစ်ကို အစိုးရက စီရင်ခံတဲ့အခါ ကျွန်တော်တို့ လွန်ကျူးတဲ့အတိမ်အနက်အပေါ်မှာလည်း တွက်ဆမယ်။ အခု သဘောထားကိုလည်း ထည့်စဉ်းစားမယ်။ မှန်ကန်ဖြောင့်မတ်သူ ညာတာမယ်လို့ မျှော်လင့်နိုင်သလို ခေါင်းမာပြီး ထိမ်ချန်သူက အပြစ်ဒဏ်ကြီးရတော့မှာ မလွဲပါဘူး။

အစည်းအဝေးမှာ တောင်မှူးက စည်းကမ်းသစ်တွေ ကြေငြာတယ်။ အစီရင်ခံစာရေးကြတဲ့အခါ ညှိနှိုင်းခွင့်မရှိ။ တစ်ခန်းနဲ့တစ်ခန်း စာအပြန်အလှန် မပို့ရဆိုတာတွေပါပဲ။ အပန်းဖြေလေ့ကျင့်ခန်းယူရင်လည်း တစ်စုပြီးမှတစ်စု ယူရမယ်။ ဒါမှ ကွင်းထဲမှာ စကားပြောခွင့်မရဘဲ ရှိမယ်ပေါ့။

အစည်းအဝေးပြီးတော့ ကိုယ့်အခန်းကိုယ်ပြန်ပြီး ဆွေးနွေးပွဲလုပ်ကြတယ်။ လူတိုင်းလိုလိုပဲ ဂရုစိုက်ပြီး ပြည့်စုံအောင် ရေးမယ်။ ဝန်ခံချက်ရော စွပ်စွဲချက်ပါ အပိုအလိုမရှိအောင် ကြိုးစားမယ်။ ဒါမှ သက်ညှာမှုကို ရနိုင်မယ်လို့ ယုံကြည်တယ်ဆိုတာ ပြောကြပြီ။ အဘိုးကြီး ယီအင်တစ်ယောက်ပဲ သိသိသာသာ တုန်လှုပ်ပုံကို ပြတယ်။

သူ့မြင်ပြီး ကျွန်တော်ပါ ကြောက်လာတယ်။ ညာမယ်ဆိုတာကို သံသယဝင်လာတယ်။ ဆေးရုံဆရာဝန်လုပ်ခဲ့တဲ့လူက ဒါလောက်ကြောက်နေရင် ဧကရာဇ်လုပ်တဲ့လူဟာ ကြောက်စရာအတွက် ပိုမယ်လို့ ယူဆလာမိပြန်တယ်။ အကြီးဆုံးပြစ်မှုတွေကို အမှန်အတိုင်း ပြောပြီးပြီဆိုတော့ အခု ကျွန်တော့်ပြဿနာက စစ်ဆေးသူတွေက ဒါတွေ တကယ့် ရိုးသားစိတ်နဲ့ အပိုအလိုမရှိရေးတာလို့ ယုံကြည်ပါ့မလားလို့။

ဒီတော့ ကိုယ်ရေးရာဇဝင်ကို အများကြီး အသေးစိတ်တွေ ထပ်ဖြည့်ပြီးရေးမယ်။ အဲဒီလိုရေးရင် သိဖူးသမျှ ဂျပန်ကျူးကျော်မှုတွေလည်း ထည့်မယ်လို့ ဆုံးဖြတ်တယ်။ ဆွေးနွေးပွဲမှာ ဒီအတိုင်းလုပ်မယ်လို့ ဝန်ခံလိုက်တယ်။

ဝန်ခံသလို ဖြစ်မြောက်အောင်လုပ်ဖို့ကတော့ မလွယ်ပါ။ "မန်ကျူကော" ခေတ်ကုန်ချိန်ရောက်တော့ ဆိုဗီယက်ယူနီယံက ဂျပန်ကို စစ်ကြေငြာတဲ့ အပိုင်း ရောက်လာပါတယ်။ ဂျပန်က ကျွန်တော့်အပေါ်မှာ မသင်္ကာဖြစ်လာပြီး အကျဉ်း အကျပ်ထဲမှာ ကျွန်တော့်ကို ကန်ထုတ်လိုက်မှာ သိပ်စိုးပြီး ဉာဏ်စွမ်းရှိသမျှ ရှာကြံ ပြီး ဂျပန်ကိုချော့ခဲ့တယ်။ ဂျပန်ကို ဆိုဗီယက်ယူနီယံက စစ်ကြေငြာပြီလို့ သိရတဲ့ ညက ကျန်ငကျိန်ငဟွေ့နဲ့ တကေဗေ (မန်ကျူကောနိုင်ငံအတိုင်ပင်ခံအဖွဲ့ အထွေထွေ အတွင်းရေးမှူး)ကို ဘယ်သူကမှမခိုင်းဘဲ အခေါ်လွှတ်ပါတယ်။ ရောက်တော့အမြန်ဆုံး စစ်တပ်တွေကို စေလွှတ်ပြီး ဆိုဗီယက်ယူနီယံရဲ့ တပ်နီ တိုက်ခိုက်လာတာကို ဂျပန် ခုခံရေးမှာ ကူညီစေလို့ နှုတ်နဲ့ပဲပြောပြီး "အမိန့်တော်"တစ်ခု ထုတ်ပြန်စေပါတယ်။ အဲဒါကို အခု ဘယ်လိုပုံစံနဲ့ ပြန်ပြောရပါ့မလဲ။ ဒီလို လုပ်ခဲ့တာ၊ ဒီအမိန့်တော် ထုတ်ခဲ့တာတွေကို သိတဲ့လူရှိမှာပါ။ ဒီတော့ ဒါကို ချန်ထားလို့လည်း ဘယ်ဖြစ်မလဲ။ ပြောပြန်ရင်လည်း ဂျပန်က မခိုင်းဘဲလုပ်တာ ဖြစ်နေလေတော့ ယောရှိဩက အမြဲ ကြိုးဆွဲသလို ကရပါတယ်ဆိုတဲ့ စကားကို ကိုယ့်ဘာသာ ခြေဖျက်သလို ရှိလိမ့်မယ်။ ဒီလိုအယူရှိသွားပြန်ရင် စောစောကရေးခဲ့ပြီးတဲ့ ကိုယ်ရေးရာဇဝင်တစ်ခုလုံး အလကား ဖြစ်ပြန်ရော။

ဒီကိစ္စကို သိပ်များများပြောလို့ မဖြစ်ဘူးထင်တယ်လို့ အယူရှိလာပြန်တယ်။ လုပ်မိသမျှ မကောင်းဆိုးဝါးတွေထဲက တချို့တလေလည်း ပြန်မပြောချင်လောက် အောင်ဖြစ်လို့ ကျန်ရစ်ခဲ့တယ်ဆိုရင် ကျွန်တော့်အပေါ်မှာ သိပ်ပြီး အပြစ်ကျရောက် နိုင်စရာမရှိဘူးလို့ ထင်မိပါတယ်။ ဒီအမိန့်တော်ဟာ ယောရှိဩက ခိုင်းလို့ဆိုတာမျိုး ပြင်ရေးပြီး ဖွင့်ပြောဝံ့သမျှကို အများကြီးပြည့်စုံအောင် ပြောတယ်။ သူများကျူးလွန်တာ ကိုတွေကိုလည်း သိသမျှရေးလိုက်တယ်။ အဲဒီလိုရေးပြီးတဲ့စာကို တင်သွင်းလိုက်ပြီး စစ်ဆေးမယ့်လူ အခေါ်ကိုစောင့်ရပါတယ်။

ဘယ်လိုနည်းမျိုးတွေနဲ့ မေးမှာလဲလို့ တွေးနေမိတယ်။ မေးမယ့်လူဟာ လူသာမန်မျိုးပဲလား။ ဘီလူးသဘက်လိုများ ဖြစ်နေမလား။ လူဝင်ခက်နန်းမြို့နဲ့ ကျန်ငကျုန်မှာ အပြစ်ရှိတယ်ထင်ယုံနဲ့ သင်းကွပ်တွေအစေခံတွေကို ငါ ညှဉ်းခဲ့ဖူးသလို ငါ့ကိုနှိပ်စက်ပြီး မေးခွန်းများမေးမလား။ ရက်စက်မှာတော့ သေချာတယ်။ ညှဉ်းတာ ကို သိပ်ကြောက်တယ်။ ပါးတစ်ချက် အရိုက်ခံရမယ်ဆိုရင် သေရတာလောက်နာမယ်။ ကွန်မြူနစ် အကျဉ်းထောင်မှာနေရတာ သုံးနှစ်ရှိခဲ့ပြီ။ ရိုက်ဖို့ဝေးရော ဆဲတာကို တောင် မကြားရသေးဘူး။ လူလိုသူလို ထိုက်ထိုက်တန်တန် ဆက်ဆံတာပဲ တွေ့ရ တယ်။ ဒါလောက်ဆိုရင် ညှဉ်းတဲ့နည်း ဘယ်သုံးလိမ့်မလဲလို့ သဘောပေါက်ဖို့ပဲပေါ့။

ဒါပေမယ့် စစ်တရားခံ ကို စစ်တဲ့လူဟာ မသက်ာစိတ်အပြည့်နဲ့ ဘီလူးခေါင်းဆောင်း လာမှာပဲလို့ တွက်မိတယ်။

ဒီလိုမသက်မသာတွေးရင်း ဆယ်ရက်ကြာခဲ့ပါတယ်။ ဒီတော့မှ အလန့်ဆုံး အချိန်ကို ဆိုက်ရောက်လာပါတော့တယ်။ ဝါဒါတစ်ယောက်လာပြီး စစ်ဆေးသူကို သွားတွေ့လိုက်ပါလို့ ပြောတယ်။

ဆယ်မီတာပတ်လည်ရှိတဲ့ အခန်းတစ်ခုထဲကို ဝင်သွားရပါတယ်။ အခန်း အလယ်မှာ စားပွဲခုံကြီးကြီးတစ်ခု၊ အဲဒါရဲ့ရှေ့မှာ ခုံငယ်ငယ်နဲ့ လက်ဖက်ရည်သောက် ပန်းကန်တစ်လုံး၊ ပန်းကန်ပြားနဲ့ အိုးတစ်စုံရယ်။ ဆေးလိပ်ပြာခွက်ရယ် ရှိတယ်။ ခုံကြီးနောက်မှာ လူနှစ်ယောက်ထိုင်နေတယ်။ တစ်ယောက်က ရွယ်ရွယ်၊ နောက် တစ်ယောက်က ငယ်ငယ်။ ခုံငယ်ဘေးက ကုလားထိုင်မှာ ထိုင်ပါလို့ ကျွန်တော့်ကို သူတို့က ပြောတယ်။

နှစ်ယောက်ထဲက အကြီးက နာမည်၊ အသက်၊ ဇာတိ၊ ကျား၊ မ ကွဲပြား အောင်မေးတယ်။ အငယ်က အဖြေကို လိုက်ရေးနေတယ်။ ခင်ဗျားဝန်ခံချက်တွေ ဖတ်ရပြီ။ ဒီတော့ နည်းနည်းဆက်မေးချင်စရာရှိနေလို့ပါ။ ဆေးလိပ်သောက်တတ်ရင် သောက်ပါတဲ့။

ကလေးဘဝကနေပြီး အဖမ်းခံရတဲ့အထိ သူက မေးခွန်းတော်တော်များများ မေးပါတယ်။ ကျွန်တော်ဖြေသမျှကို သူက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတယ်။ အားလုံးကျေနပ်လို့ပဲ ညိတ်နေတာလား။ ဟုတ်ပြီ ဟုတ်ပြီ။ ဒီအတိုင်းပဲ ဒီနေရာမှာ ရပ်ကြဦးစို့ရဲ့။ နောက်တော်တော်ကြာတော့ ကျုပ်က စစ်ဆေးစရာတစ်ခုခု ရလာဦး မှာပါလို့ အဆုံးသတ်လိုက်တယ်။

ဒီလို မေးပုံစမ်းပုံဟာ လုံးဝ မျှော်လင့်မထားတဲ့ ပုံစံဖြစ်လို့ အံ့သြရတယ်။ နှိပ်စက်ညှဉ်းပန်းပြီး မေးမှာလည်း နည်းနည်းမှ မစိုးရိမ်ရတော့ပါ။

နောက်တစ်ခါခေါ်ပြန်တော့ အခန်းထဲမှာ ကျုပ်တစ်ယောက်တည်းတွေ့လို့ အားငယ်သွားတယ်။ အကြီးအအုပ်မရှိတုန်း ငါ့ကို ပုံစံပြတော့မယ်လို့ ထင်ထားပြီး အမှန်ကိုပဲ ကျွန်တော်ပြောနေတာပဲလို့ သူလက်ခံနိုင်ပါ့မလား။ လူငယ်တွေ ထုံးစံ စိတ်တိုလိုက်မှဖြင့် တခြားလူတွေက ကျွန်တော့်ကို သိပ်အပြစ်ဖို့ပြီး ရေးထားကြရင် သူယုံနေတော့မှာပဲလား။

မေးစရာလေးရှိသေးလို့ပါလို့ စကားစလိုက်တော့မှ ကျွန်တော့် တောင်စဉ် ရေမရအတွေးလည်း ရပ်သွားတယ်။ "မန်ကျူကော"မှာ ဧကရာဇ်အမိန့်တော်နဲ့ ပြန်တမ်းထုတ်ပုံနည်းကို သိချင်ပါသတဲ့။ ကျွန်တော်ကလည်း အမှန်အတိုင်းပဲ ပြောပြ တယ်။ အမိန့်တစ်ခုကို ဖော်ပြပြီး အဲဒီအမိန့်တစ်ခု မထုတ်ခင် ရက်ဘယ်လောက်က ကြိုပြီး ဒီအမိန့်ကို ကျွန်တော် သိနေပါသတဲ့လဲ။ တစ်ရက်နှစ်ရက် ဖြစ်မှာပါ။ တစ်ခါတလေ သုံးလေးရက်ကြိုပြီး သိရပါတယ်လို့ ဖြေလိုက်တယ်။

အမေးရှိတိုင်း ချက်ချင်းဖြေဖို့ မလိုပါဘူးနော်။ သတိရတဲ့အခါမှ လာဖြေပါ။ ကဲ နောက်တစ်ခု မေးရအောင်ဆိုပြီး မေးပြန်တယ်။ ဒါလည်း သွက်သွက် မဖြေနိုင်ပြန်ဘူး။ ကျွန်တော် တမင်အကောက်ဉာဏ်နဲ့ မဖြေတာထင်ပြီး ဒေါသဖြစ်သွားမှာ သိပ်စိုးရိမ်မိပါတယ်။ သူကတော့ အေးအေးပဲ။ ဒါလည်း ဖယ်ထားကြဦးစို့။ အမှတ်ရတော့မှ ဖြေပါ။ ကိစ္စမရှိပါဘူးတဲ့။ ကျွန်တော် လက်မြှောက်ခဲ့ရတဲ့ လူငယ်ကလေးပါပဲ။

တစ်ခါဆုံပြန်ကြတော့ ဘယ်နေ့လဲတောင် မမှတ်မိဘူး။ သူက ကျွန်တော့်လက်ရေးနဲ့ စာတန်းတချို့ကို ရှေ့မှာ ဖြန့်ပြထားပြီး ဒီမှာ ခင်ဗျားက ဂျပန်ကျူးကျော်သူဟာ အရှေ့မြောက်က တစ်နှစ်တည်းမှာ ကောက်ပဲတန်ချိန် တစ်ကုဋေ ခြောက်သန်းယူတယ်။ အဲဒီလိုယူနိုင်အောင် ဖုရုမိတဒယုကိဆိုတဲ့ အခုစစ်တရားခံဖြစ်ပြီး အရင်က "မန်ကျူကော"နိုင်ငံ အတိုင်ပင်ခံအဖွဲ့ အထွေထွေဌာန ဒုတိယဥက္ကဋ္ဌက စီမံတယ်လို့ ဆိုတယ်။ အဲဒါလောက်ပြောရုံနဲ့ မရှင်းဘူးပေါ့။ ဘယ်နှစ်လဲ။ ဒီတန်ချိန်ကို ဘယ်လိုလုပ်ပြီး တိတိကျကျ သိလာသလဲ။ အဲဒါတွေများ ပြောနိုင်မလားဗျာတဲ့။

တစ်ခန်းတည်းနေတဲ့ ဝန်ကြီးဟောင်းနှစ်ယောက်လောက် ပြောနေသံကြားလို့ ထည့်ရေးလိုက်တာပါ။ ဒါပေမယ့် ဒီလိုဖွင့်ပြောရမှာခက်တော့ ဂျပန်က အရှေ့မြောက်က ထွက်သမျှ မြေဆီမြေနှစ်အားလုံး ယူတာပဲဗျလို့ ခပ်ဝါးဝါး ပြောလိုက်တော့ သူက အရှေ့မြောက်မှာ တစ်နှစ်ကို ကောက်ပဲဘယ်လောက် ထွက်တယ်လို့ သိပါသလားဗျာတဲ့။

ဘယ်ဖြေတတ်မလဲ။

အခုလို ဖော်ပြချက်ကို ဘယ်လို အထောက်အထားပေါ်မှာ အခြေပြုပြီး ရေးပါသလဲ။

ဒီကိစ္စမှာဆက်ပြီး ဝါးတားတားလုပ်လေ ဆိုးလေဖြစ်တော့မယ်လို့ သတိရလို့ ဒါတွေကို သတင်းကြားနဲ့ဖမ်းပြီး ရေးမိပါတယ်လို့ နောက်ဆုံး ဝန်ခံလိုက်တယ်။

ဒီလိုဆိုရင် ဒီအထဲမှာ ရေးထားသမျှကို ကိုယ်တိုင်ကော ယုံကြည်ပါသလားတဲ့။ အာ မသိဘူးဗျလို့ ဖြေတော့၊ သူက အင်း၊ ကိုယ့်ဘာသာကိုယ်တောင် မယုံဘူးမဟုတ်လား။ ပြီးတော့ ကျွန်တော့်ကို ကြည့်နေရင်းက ဆက်ပြီး ဒါနဲ့များ ဘာပြုလို့ ရေးချင်ရတာလဲဗျာလို့ အဆုံးသတ်လိုက်တယ်။

ဘာပြန်ပြောရမှန်း မသိတော့ပါ။ သူ့ဖောင်တိန်ပင်ကို အဖုံးပြန်စွပ်လိုက်တယ်။ ခုံပေါ်က **မန်ကျူကောနှစ်ချုပ်မှတ်တမ်းနဲ့ အစိုးရအစီရင်ခံစာ**ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်စီထားနေတယ်။ ကျွန်တော့်ဆီက နောက်ထပ်အဖြေစကားကြားချင်ပုံမပေါ်တော့ဘူးဆိုတာ မြင်သာနေပါပြီ။ သူက အဆုံးသတ်စကားကို ဒီလို ပြောလိုက်ပါတယ်။ **သူများအကြောင်းပဲဖြစ်ဖြစ် ကိုယ့်အကြောင်းပဲဖြစ်ဖြစ် အချက်အလက်မှန်ဖို့ သိပ်အရေးကြီးတာပဲ။**

သူ့ကိုတော့ ဘာမှမပြောဘဲ ကျွန်တော်ကြည့်လိုက်တယ်။ ကိုယ့်ဝမ်းထဲမှာ

တော့ သူပြောတာကို ထောက်ခံနေပါတယ်။ သူများတွေက ကျွန်တော့်အကြောင်း မမှန်စကား ချဲ့ထွင်ပြီးရေးမှာ သိပ်စိုးခဲ့တယ်။ ကားရေးကြတိုင်း ရမတဲ့လား။ စစ်ဆေးသူတိုင်း ဒီသူငယ်လေးလို ကျနသေချာပြီး အဖြစ်မှန်ကိုရအောင် တကယ် စေ့ငုကြပါ့မလား။ ဒီလို မဟုတ်တဲ့လူကများ ကျွန်တော့်အကြောင်း မမှန်မကန် ရေးတာကိုတွေ့သွားရင် ဘယ်လိုနေမလဲ။

အခန်းအတူနေ အဘိုးကြီးယွန်က အတွေ့အကြုံကို ပြောပြတဲ့အခါခုနက မေးခွန်းတွေ ဖြေပြီးသား ဖြစ်သွားပါတယ်။ အရှေ့မြောက်က ဂျပန်သယ်သွားတဲ့ သံ၊ သံမဏိအရေအတွက်ကို သူက သူ့ဘာသာ တွက်ချက်ပြီး ရေးထည့်လိုက်တယ်။ စစ်မေးသူက သူ့ကို ခဲတံနဲ့စာရွက်ပေးပြီး အခုလောက် သံနဲ့ သံမဏိထွက်ဖို့ သံရိုင်း ဘယ်လောက် လိုမလဲ တွက်ကြည့်စမ်းပါတဲ့။ အရှေ့မြောက်က တစ်နှစ်ကို သံရိုင်း တကယ် ဘယ်လောက် ထွက်သလဲတဲ့။ စစ်မေးသူမှာ အရှေ့မြောက်ဒေသတစ်ခုလုံးရဲ့ သယံဇာတက ထွက်ကုန်ဆိုင်ရာ အစီရင်ခံစာတွေ စုံလို့ရှိနေတယ်လို့ သိခဲ့ရတယ်။

စစ်မေးသူ ကျပ်ဟာ အကိုးအကားစာအုပ်တွေ အခုလောက်များများ သူ့ စားပွဲပေါ်မှာ ဒါကြောင့်တင်ထားတာကိုးလို့ အခုမှ သဘောပေါက်တယ်။ ရေးပြီးပေး တဲ့ သက်သေထွက်ချက်တွေ မှန်မမှန်စုံစမ်းသူတွေဟာ တစ်နှစ်ကျော် ခရီးအနှံ့အပြား သွားထားတယ်။ ရေးသမျှ တန်နဲ့ချီပြီး အတုအပရှိတဲ့ စာတွေကို ဖတ်ထားတယ်။ အဲဒီလိုလုပ်တယ်ဆိုတာ ကျွန်တော့်အမှုကို စစ်မေးသူတွေရဲ့ အဆုံးသတ်မှတ်ချက်ကို ကျွန်တော်ဖတ်ပြီး လက်မှတ်ထိုးခိုင်းတဲ့အခါ ကျွန်တော့် အမှုတွဲကို မြင်လိုက်ရလို့ သိလိုက်ပါတယ်။

စစ်မေးသူနဲ့ ကျွန်တော် အချီအချ ဖြစ်ရတဲ့အကြောင်းက သူကလည်း သိပ် စိတ်ဝင်စားတယ်။ ကျွန်တော်ကလည်း မရိုးသားဘူး ထင်သွားမှာစိုးလို့ မိုက်မိုက်မဲမဲ လျှောက် ရေးထားလို့ ဖြစ်ပါတယ်၊ ဒါနဲ့ ခပ်မြန်မြန်ပဲ ကိုယ့်ကိုယ်ကိုယ် ဝေဖန်တဲ့စာရေးပြီး သူ့ဆီကို ပို့လိုက်ပါတယ်။ အဲဒီလုပ်ပြီးတဲ့အခါ အခြေအနေ မဆိုးတော့ဘူးလို့ ဆိုနိုင် ပါပြီ။

## အရှေ့မြောက်လူထုကြုံရတဲ့ဒုက္ခနဲ့ စွဲကျန်ရစ်တဲ့အမုန်း

အရှေ့မြောက်ပြည်သူကို ဂျပန်ဘယ်လို နှိပ်စက်ညှဉ်းဆဲတယ်ဆိုတာ မိမိ လည်း သတိမထားမိဘူး။ သိပ်လည်း ဂရုမစိုက်ဘူး။ နောင်လည်း ငါနဲ့ ဘယ်လိုမှ ပတ်သက်လာမယ် မဟုတ်ဘူးလို့ ထင်ခဲ့တယ်။ ဒါပေမယ့် ဂျပန်စစ်တရားခံတွေ အရှေ့မြောက်မှာ ကျူးလွန်တဲ့ပြစ်မှုအကြောင်း လေ့လာရေးအစည်းအဝေးကို သွား တက်တဲ့အခါကျတော့မှ အင်မတန် အရေးကြီးတဲ့ ပြဿနာဖြစ်တယ်လို့ နားလည် လာပါတယ်။ ဒီအစည်းအဝေးမှာ ဂျပန်စစ်တရားခံတွေလည်း တက်တယ်။ သူတို့ကို

တွေ့ရတာ ကျွန်တော့်မှာ အင်မတန်ကြီးကျယ်တဲ့ သင်ခန်းစာရပါတယ်။ ထူးထူးခြားခြား အရှိဆုံး ထွက်ချက်ကတော့ မန်ကျူကောနိုင်ငံ အတိုင်ပင်ခံအဖွဲ့ အထွေထွေဌာန ဥက္ကဋ္ဌနဲ့ ဂျပန်သေနာပတိလုပ်ခဲ့တဲ့ ဖူရူမိတဒယုကိရဲ့ ထွက်ချက်ပဲ ဖြစ်ပါတယ်။

ဖူရုမိဟာ ဂျပန်စစ်တပ်မှာ ထင်ရှားပြီး သူ့ကို ကျေနပ်နှစ်သက်တဲ့လူများ တယ်။ "မန်ကျူကော"ကို တကယ် စိုးမိုးအုပ်ချုပ်သွားတဲ့လူပါ။ ကွမ်တုနင်တပ် ကနိုင်းလို့ သူနဲ့ သူ့အထက်က တကေဇေရောကုဇောတို့ဟာ အရှေ့မြောက်ကို ဘယ်လိုအုပ်ချုပ်မယ်။ ဘယ်လို လုယက်မယ်လို့ အကွက်ချပြီး စီမံသူတွေပေါ့။ ဂျပန် အမျိုးသားတွေ ပြောင်းလာရင် ဆီးပြီး လုပ်မြေစားမြေ ပေးနိုင်အောင် တိုင်းရင်းသား ကျေးတောသားတွေရဲ့မြေယာကို ဘယ်လို ဝါဒနဲ့ လုယက်ခဲ့တယ်ဆိုတာ အသေးစိတ် ကျကျ ပြန်ပြီးပြောပြပါတယ်။ "ထွက်ကုန်တိုး ငါးနှစ်စီမံကိန်း"ဟာ တိုင်းရင်း သယံဇာတထွက်ကုန်ကို လုယူဖို့ ဆင်ကွက်ဖြစ်တယ်။ ပြည်သူ့အဆိပ် ဘိန်းကို သုံးခဲ့တယ်။ ပစ္စိဖိတ်စစ်အတွက် ပြင်ဆင်တဲ့အနေနဲ့ ပြည်သူ့စားသုံးကုန်တွေ ကောက်ပဲသီးနှံတွေကို ညှစ်ထုတ်ယူဖို့ အပါအဝင် စီမံကိန်းတွေ အကြောင်းလည်း ပြောတယ်။ အဲဒီဝါဒတွေ စီမံကိန်းတွေ ဘယ်လောက် အောင်မြင်တယ်ဆိုတာ ရက်စက်ပုံစံ နမူနာတွေနဲ့ ပြည့်ပြည့်စုံစုံ ကိုးကားဖော်ပြသွားတယ်။ ဥပမာ ၁၉၄၄ ခုက အရှေ့မြောက်တစ်ဝိုက်က ချွေးတပ်တစ်သောင်း၊ ငါးထောင်စုပြီး ခိန်ဂန်တောင်ရိုး ဝေါင်ယေမိအပ်မှာ စစ်စခန်းကြီးတစ်ခု ဆောက်ခိုင်းတယ်။ နေထိုင်စားသောက်ရပုံနဲ့ အလုပ်ပင်ပန်းပုံကို အသေစာရင်း ခြောက်ထောင်ပြနေတာက ထင်ရှားအောင် သက်သေ ခံနေပါတယ်တဲ့။

ဂျပန်တွေချမှတ်တဲ့ ဘိန်းဝါဒအကြောင်းကိုလည်း ဖူရူမိမှာ ပြောစရာတွေ အများကြီးရှိတယ်။ ၁၉၃၃ ခု နှစ်ဦးကပဲ ဂျပန်တပ်ဟာ ဂျေဟောလ်ကို ဝင်တိုက်ဖို့ ငွေလိုတာနဲ့ ဒီဝါဒကို သုံးစွဲခဲ့ပါတယ်တဲ့။ အရှေ့မြောက်မှာ ဟိုတုန်းက ဘိန်းအတွက်ကို အုပ်ချုပ်ဖို့ အစီအစဉ်မရှိသေးတော့ ဂျပန်ဟာ နိုင်ငံခြားက ဘိန်းအောင်စနှစ်သန်း သွင်းယူတယ်။ ဂျေဟောလ်မှာ လေယာဉ်ပျံနဲ့ ဘိန်းပင်စိုက်ကြဖို့ နိုးဆော်စာကြဲဖြန့် တယ်။ ၁၉၃၆ခုလောက်ရောက်ရော "မန်ကျူကော"မှာ ဘိန်းပင်စိုက်ပျိုးတဲ့ မြေ ဧရိယာကို ဂျပန်တပ်က အကြီးအကျယ်တိုးချဲ့ပြီး အထွက် ပိုသထက်ပိုအောင် အားပေးဆောင်ရွက်တယ်။ ဘိန်းအရောင်းအဝယ်မှာလည်း သူတို့သာ တရားဝင် တစ်ဦးတည်းဆောင်ရွက်ခွင့် ယူထားခဲ့တယ်။ ဂျပန်ကပဲ "ဘိန်းရှူပိတ်ပင်ရေးသင်း" နေရာတကာမှာ တည်ထောင်ပြီး "ဧည့်ခံမယ်"တွေနဲ့ ဘိန်းခန်းတွေ ဖွင့်တယ်။ လူငယ် တွေ ဘိန်းစားဖြစ်အောင် အင်မတန် အားထုတ်တယ်။ ၁၉၄၂ခု မှာ ဂျပန်ရဲ့ "အာရှ ပြန်လည်ထူထောင်ရေးတိုင်ပင်အဖွဲ့"က ဆော်ဩပြီး "တရုတ်တွေရဲ့ ဘိန်းထုတ်လုပ် ရေးနဲ့ အသုံးဆွေးနွေးပွဲကြီး" ခေါ်ယူပြီး မဟာ အရှေ့အာရှအတူ စီးပွားရေးနယ်မှာ လိုသလောက် ဘိန်းကို မန်ကျူကောနဲ့ မောင်ဂိုလျား နယ်စပ်ဒေသက ပြည့်စုံအောင်

စိုက်ပျိုးပေးရမယ်’လို့ ဆုံးဖြတ်ချက်ချပါတယ်။ အဲဒီနောက် အရှေ့မြောက်မှာဘိန်း ပင်စိုက်မြေဧရိယာ**ဟက်တယ်ရာ**[၁] ၃,၀၀၀အထိ တိုးလာတယ်။ ဖူရုမိ တွက်ပုံအရ “မန်ကျူကော”ရဲ့ ဘိန်းအထွက်ဟာ “မန်ကျူကော”နိုင်ငံပျက်တဲ့အထိ အောင်စပေါင်း ကုဋေ ၃၀ ရှိသတဲ့။ ရုပ်သေးအစိုးရဝင်ငွေရဲ့ ခြောက်ပုံတစ်ပုံဟာ ဘိန်းက ရတယ်လို့ ဆိုတယ်။ ၁၉၄၄ ခုမှာ ဘိန်းကရတဲ့ ဝင်ငွေအစုစုဟာ ဒေါ်လာ ကုဋေ ၃၀ ရောက် လာတယ်။ “မန်ကျူကော” တည်ထောင်စက ဘိန်းဝင်ငွေထက် အဆတစ်ရာ တိုး တယ်။ ဂျပန်နယ်ချဲ့စစ်တိုက်ဖို့ စစ်စရိတ်မှာ အထောက်အကူ အများကြီးရသွားတယ်။ ဂျေဟောလ်တစ်နေရာတည်းမှာပဲ ဘိန်းစားသုံးသိန်း ဖြစ်လာတယ်။ အရှေ့မြောက် တစ်ခုလုံးကို ချုံ့ပြီးပြောရရင် လူနှစ်ဆယ်မှာ တစ်ယောက်ဟာ ဘိန်းစားပါပဲ။

ဂျပန်ရဲ့အရာရှိအနေနဲ့ ထွက်ဆိုချက်ထဲမှာ ရဲဟာ မကြာခဏဆိုသလို လူအုပ်လိုက် သတ်ပြပြီး တစ်ရွာလုံးတစ်မြို့လုံး လာကြည့်နိုင်းလေ့ရှိသတဲ့။ တစ်ခါ တစ်ရံ မသက်ဘူးဆိုသမျှ အကုန်ဖမ်းပြီး တန်းစီခိုင်းတယ်။ ပြီးတော့ အဆင့်သင့်သလို တစ်ယောက် နှစ်ယောက်ဆွဲထုတ်ပြီး အများရှေ့မှာပဲ ဗိုက်ခွဲပြီး ပြလိုက်တယ်။ သူ တစ်ယောက်တည်း ဒီနည်းနဲ့ လူ ၃၀ကျော် သတ်ပြဖူးသတဲ့။ ဂျပန်ရဲက ဖမ်းတယ်ဆို ရင် ဘယ်သူမှ မသက်သာပါ။ ညှဉ်းနည်းမျိုးစုံနဲ့ နှိပ်စက်ခံရမယ်။ ရိုက်မယ်။ ရေအေး လောင်းမယ်။ ငရုတ်ရေ၊ ဖယောင်းရေကို နှာခေါင်းက လောင်းထည့်မယ်။ အမွေးတိုင်မီးနဲ့ နုနယ်တဲ့နေရာလေးတွေကို တို့မယ်။ မီးဖုတ်သံချောင်းနဲ့ ထိုးမယ်။ ဓားက်ထိုးဆွဲမယ်၊ ဒါတွေဟာ သူတို့ ညှဉ်းနည်းစာရင်းထဲက နည်းနည်းပဲ ပြောပြ ရပါသေးတယ်။

ဂျပန် ကျူးကျော်သူရဲ့ နှိပ်စက်ဒဏ်ကို အရှေ့မြောက်သားတွေ တိုက်ရိုက်ခံ ရတာအပြင် သူတို့ခံစားရေးသေးတဲ့ ရုပ်သေးအစိုးရအရာရှိနဲ့ တရုတ်သစ္စာဖောက်တွေရဲ့ ဒဏ်ကိုလည်း ခြေခြေမြစ်မြစ်ဖော်ပြဖို့ မခက်ခဲပါဘူး။ အမိန့်တော်တွေ အမျိုးမျိုးနဲ့ ကောက်ပဲသီးနှံစုဆောင်းရေး စီမံကိန်းတွေကြောင့် အရှေ့မြောက်သားတွေဟာ သူတို့ နှစ်တိုင်း စိုက်လို့ရသမျှကောက်ပဲ အကုန်လောက်နီးနီးကို ဂျပန်ပို့ဖို့ဆိုပြီး၊ လုပ်ပေးတဲ့ ပြောင်းမှုန့်၊ ပဲမှုန့်နဲ့ ဝက်သစ်ချစေ့မှုန့်ကို ရောထားတဲ့ “အမှုန့်ပေါင်း”ပဲ စားနေကြ ရရှာတယ်။ သူတို့စိုက်တဲ့ ကောက်ပဲကတော့ စစ်တပ်သုံး၊ ဂျပန်ပို့နဲ့ သူတို့မစားရပါ။ ဂျပန်ကို တစ်နှစ်ထက်တစ်နှစ် အပို့နှုန်း ပိုလာရပါတယ်။ ၁၉၄၄ခု မှာ တန်ချိန် သုံးသန်းရှိတယ်။ “မန်ကျူကော” ခေတ်နောက်ပိုင်း ခြောက်နှစ်မှာအစုစု ပို့လိုက်ရတဲ့ ကောက်ပဲတန်ချိန်ကတော့ ၁၁,၁၀၀,၀၀၀ ဖြစ်ပါတယ်။

ကောက်ပဲထိန်းသိမ်းရေး ဥပဒေ၊ ဝါဂွမ်းထည်၊ သတ္တုပစ္စည်းနဲ့ တခြား သုံးစားကုန်တွေအတွက် ထိန်းကွပ်တဲ့ ဥပဒေတွေကြောင့် ပြည်သူဟာ “စီးပွားရေး

---

၁။ တစ်ဟက်တက်ရာ= ၂.၄၇၁ဧက

သောင်းကျန်းသူ”လို့ အစွပ်စွဲခံရပြီး တစ်နည်းနည်းနဲ့ ရာဇဝတ် သင့်ကုန်ကြပါတယ်။ နမူနာအဖြစ်ပြောရရင် သာမန်အရပ်သားဟာ ဆန် လုံးဝမစားရ၊ အန်ဆေးတိုက်လို့ အန်ဖတ်မှာ ဆန်ပါလာရင် “စီးပွားရေးသောင်းကျန်းသူ” ဖြစ်သွားပါတယ်။ ၁၉၄၄–၄၅ခုနှစ် တစ်နှစ်တည်းမှာပဲ “စီးပွားရေး ကျူးလွန်မှုကြောင့် လူ ၃၁၇,၁၀၀အပြစ်ပေး” ခံခဲ့ရပါတယ်။

ကောက်ပဲအလုခံရတဲ့ အချိန်နဲ့ပြိုင်တူ မြေယာလက်မဲ့ ဖြစ်ကြရတယ်။ “မန်ကျူကော”နောက်ဆုံးနှစ်နှစ်မှာ ဂျပန် ၃၉၀,၀၀၀ဟာ အရှေ့မြောက်ကို ရွှေ့လာနေထိုင်ကြလို့ သူတို့ကို ပေးရမယ်ဆိုပြီး ရုပ်သေးအစိုးရက ပြည်သူ့လက်ထဲက မြေ ဟက်တယ်ရာပေါင်း ၃,၆၅၀,၀၀၀ သိမ်းသွားတယ်။

အရှေ့မြောက်ရဲ့ သယံဇာတပစ္စည်းကိုလည်း ရသလောက် တူးဖော်ပြီး ဂျပန်ရဲ့ စီးပွားရေးအခြေခံအဖြစ် သုံးမယ်ကြံပြီး ရုပ်သေးအစိုးရကတစ်ဆင့် နည်းမျိုးစုံနဲ့ ချွေးတပ်စုပါတယ်။ ၁၉၃၈ခုမှာ ကျွန်တော့်နာမည်သုံးပြီး “လုပ်အားထိန်း ဥပဒေ” ထုတ်ပြန်တယ်။ အဲဒီ ဥပဒေအရ တစ်နှစ်ကို လူပေါင်း ၂,၅၀၀,၀၀၀ အခမရဘဲ ချွေးတပ်ဆွဲခံရတယ်။ (ဒီ အရေအတွက်ထဲမှာ မဟာတံတိုင်း တောင်ဖက်အခေါ်ခံရသူတွေရဲ့ အရေအတွက် မပါသေးဘူး)။ အဲဒီ ချွေးတပ်သားတွေဟာ သတ္တုတွင်း တူးရတယ်။ စစ်နဲ့ပတ်သက်တဲ့ အဆောက်အအုံ ဆောက်ပေးရတယ်။ အစားအသောက် အနေအထိုင် သိပ်ဆင်းရဲ၊ အလုပ်ပန်းပြီး သေလိုက်ကြတဲ့လူတွေ မနည်းဘူး။ ခန့်မှန်းကြည့်စရာ တစ်ကွက်ထောက်ပြရမယ်ဆိုရင် ၁၉၄၄ခု “ရေးဆော ကာကွယ်ရေး စီမံကိန်း”အရ လီအင်ယန်င်မြို့တော်မှာ လူငယ်ချွေးတပ်သား ၂,၀၀၀ထဲက ၁၇၀ သေတယ်။

တောသား၊ လုပ်သား၊ စာရေး၊ ကျောင်းသားနဲ့ လူငယ်တွေကို ဆေးစစ်ပြီး စစ်ထဲသွင်းတယ်။ ဆေးစစ်တဲ့အခါ မအောင်မြင်ရင် ချွေးတပ်ကို သွင်းလိုက်တယ်။ ‘ဝန်ထမ်းစိတ်’နဲ့ ချွေးတပ်ကို လိုလားလား လိုက်ကြသူတွေလို့ စာရင်းတင်လိုက်ပြီး အတင်းခေါ်သွားတဲ့ ထုံးစံပေါ့။

ဒုက္ခကြီးအရောက်ဆုံးလူတွေက “ပြုပြင်ရေးစခန်း”သား တွေပါပဲ။ “မန်ကျူကော” ခေတ်ကုန်ချိန်မှာ ဂျပန်ရဲ့ ရက်စက်ပုံကတော့ ခွေးရူးလို မြင်မြင်ရာကိုက်တာနဲ့ တူလာပါတယ်။ “အတွေးမှတ်ကျောက်တင် ဥပဒေ”နဲ့ “လုံခြုံရေးနဲ့ မှတ်ကျောက်တင်ရေး ဥပဒေ” ဆိုတော့တွေကို ၁၉၄၃ ခုနှစ်က ကြေညာခဲ့တယ်။ ရည်ရွယ်တာက ချွေးတပ်ဆွဲလို့ တယ်မလွယ်တော့တာကို တန်ပြန်သဘော လုပ်ချင်တာရယ်။ လူတွေက ခုခံချင်စိတ် များလာတာကို နှိမ်ချင်တာရယ်ပါပဲ။ အရှေ့မြောက်တစ်ခွင်လုံးမှာ “ပြုပြင်ရေးစခန်း”နာမည်နဲ့ ထိန်းသိမ်းရေးစခန်းတွေ အများကြီးဖွင့်ထားပြီး လူတွေ ဖမ်းထည့်တာပဲ။ စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ ဒုက္ခရောက်လွန်းလို့ လူတွေ ပွစိပွစိ ဖြစ်လာသမျှ အဲဒီစခန်းထဲ ရောက်ကြရော။ ဖမ်းတုန်းကတော့ “ခြေသလုံး အိမ်တိုင်

လုပ်ပြီး ကလေကချေ သွားနေလို့”ဆိုတဲ့ ပုဒ်မနဲ့ပေါ့။ စခန်းရောက်တော့ အလုပ်ကြမ်း ဖိနိုင်းတာပါပဲ။ တစ်ခါတစ်ရံ အာဏာပိုင်ဆိုင်သူတွေက ခရီးသွားတွေကိုတောင် အဲဒီ “ကလေကချေသွားတယ်”ဆိုပြီး ဖမ်းတာပဲ၊ အစစ်အမေးလည်းမရှိဘူး။ “ပြုပြင်ရေး စခန်း” ရောက်မိရင်လည်း ထွက်လမ်းမရှိဘူး။

“မန်ကျူကော” နိုင်ငံပျက်တဲ့အထိ မသေလို့ကျန်နေတဲ့ စခန်းနေ ပြည်သူ တွေဟာ အခု ပြည်သူ့အစိုးရကို အရင် ရုပ်သေးအစိုးရက ဘယ်လို နှိပ်စက်ပါတယ်လို့ အသေးစိတ် အတိအကျတိုင်တန်းကြပါပြီ။ ဥပမာ ၁၉၄၄ခုက ဟောကန်င်မြို့သား ကျောင်းမွဲတစ်ယောက်ဟာ ဂျပန်ဆန့်ကျင်ရေး မန်ကျူကောဆန့်ကျင်ရေး လုပ်တယ်ဆိုပြီး အဖမ်းခံရတယ်။ ဂျပန်ရဲဌာနချုပ်ရောက်တော့ သူလိုလူ တစ်ဆယ့်ခုနစ်ယောက်ကိုလည်း တွေ့တယ်။ ရက်ရက်စက်စက် ရိုက်နှက်တာကိုခံရပြီးမှ ဟောကန်င်ပြုပြင်ရေးစခန်းမှာ ဆက်ဖမ်းတာ ခံရသေးတယ်။ နောက် အဲဒီကနေပြီး ဟုန်င်ရှန် ကျောက်မီးသွေး တွင်းကို ရောက်ပြန်တယ်။ တစ်နေ့ ဆယ်နှစ်နာရီ အလုပ်လုပ်ရပြီး၊ တစ်နေ့လုံးမှ ကပ်လျှင် အလုံးကလေး တစ်လုံးပဲ စားစရာရတယ်။ အဝတ်မပေးဘူး။ အိပ်ရာမရ ဘူး။ မကြာခဏလည်း အရိုက်ခံရသေးတယ်တဲ့။

> **အမေက ကျွန်တော် ပြုပြင်ရေးစခန်းမှာရှိကြတယ်ကြားလို့ ကျွန်တော် အလုပ်လုပ်နေတာကို သံဆူးကြိုးအပြင်က ကြည့်ရအောင်လာပါတယ်။ ရဲက မြင်တော့ ဆံပင်ဆွဲပြီး ကန်ပါကျောက်ပါတယ်။ နေရာက တစ်ခါတည်း မထနိုင်အောင် ပုံရက်လဲသွားပါတယ်။ ကျွန်တော့်ကိုလည်းလာပြီး တူရွင်းနဲ့ ဝိုင်းရိုက်လို့ လဲသွားပြီး ခုနစ်ရက် သတိလစ်နေပါတယ်။ တစ်ကိုယ်လုံး လည်း ဒဏ်ရာပြည့်လို့။ တစ်ခါက အတူအကျဉ်းခံနေရတဲ့ စုန်င်ကိုင်တုန်င် ဟာ ကျွန်တော့်ပိုက်ဆံနဲ့ ဖြတ်သွားဖြတ်လာ လူတစ်ယောက်ဆီက ဟင်းရွက် နည်းနည်း ဝယ်ပါတယ်။ အုပ်စုမှူး သစ္စာဖောက်ဝေါင်ကမြင်တော့ ကျွန်တော် တို့ နှစ်ယောက်စလုံးကိုခေါ်ပြီး ကျွန်တော့်ဆီမှာရှိသမျှ ပိုက်ဆံ ငါးဒေါ်လာ ကိုလည်း သိမ်းတယ်။ ပါးစပ်နဲ့ နှာခေါင်းက သွေးတွေယိုစီးကျလာတဲ့အထိ ရိုက်တယ်။ ပြီးတော့ အိတ်တစ်လုံးထဲ ရိုက်ပြီး ဝင်နိုင်းတယ်။ အိတ်ထဲ လူလုံးလုံး ရောက်သွားတော့ အိတ်ကိုစုကိုင်ပြီး အမြင့်က အောက်ကိုသုံးကြိမ် တိတိ လွှတ်လွှတ်ချလို့ နောက်ဆုံးအကြိမ် ကျွန်တော်သတိမေ့သွားပါတယ်။ သူတို့ ညှဉ်းလို့ နေ့စဉ်သေတဲ့အလောင်း အမြဲရှိတယ်။ သုံးလေးရက်ကြာလို့ အလောင်း ခုနစ်လောင်း ရှစ်လောင်းရှိမှ စုသယ် ထုတ်သွားလေ့ရှိတယ်။ ကျွန်တော်နဲ့အတူ အဖမ်းခံရတဲ့ တစ်ဆယ့်ခုနစ်ယောက်ထဲက ဟိုမှာ ကိုး ယောက်သေကျန်ရစ်တယ်။ ကျွန်တော်လည်း တီဘီရောဂါရခဲ့ပြီး ကနေ့အထိ လုပ်ကိုင်မစားနိုင်တော့ပါဘူး။ အမေလည်း ရူးသွားတယ်။ ညီမသုံးယောက် ရှိတဲ့အထဲက အကြီးဆုံး တစ်ဆယ့်တစ်နှစ် သမီးဟာ နေ့စဉ်ထွက်ပြီး**

**တောင်းကျေးပါတယ်။**

အရှေ့မြောက်ပြည်သူတွေကို “မန်ကျူကော”စစ်တပ်၊ ရဲတပ်တရားရုံးနဲ့ ထောင်တွေက ဖိဖိစီးစီးနှိပ်စက်ပုံ သွေးရဲရဲဇာတ်လမ်းတွေဟာ များလွန်းလို့ စေ့ငုအောင် ပြောဖို့လည်း မလွယ်လှပါ။ ကျေးတောသား အသက်ခြောက်ဆယ့်တစ်နှစ်ရှယ် ဟုအန်ိင်ဟုန်ဟာ ဂျပန်ဆန့်ကျင်ရေး မဟာမိတ်တပ်ကို စာတစ်စောင်ပို့ဖူးတာနဲ့ အဖမ်းခံရတယ်။ လူအုပ်ကြီးကို သတ်တာလည်း မျက်မြင်ကိုယ်တွေ့ ကြုံဖူးတယ်။

(တရုတ်)လ ပြက္ခဒိန်ရဲ့ ဒုတိယလ ၂၆ရက်နေ့မှာ ရပ်သေးအစိုးရရဲ့ အကျဉ်းသား သုံးဆယ်ကျော်ကို ကျပ်ယွန်အနောက်မုခ်အထွက်မှာ ကျဉ်းတူးခိုင်းတယ်။ ညကျတော့ ထောင်ထဲပြန်အိပ်ရတယ်။ ၂၇ရက်နေ့ကတော့ ကျွန်တော်ရယ်၊ ဝေါင်ယမိရယ်၊ ကပ်ရှိစန်ရယ် သပ်သပ်ဖယ်ပြီး ကျန်လူနှစ်ဆယ်ကို တစ်စုစုတယ်။ အားလုံးကိုပဲ မနေ့က ကျင်းတူးတဲ့ နေရာ ရောက်ကြတော့ လူနှစ်ဆယ်ကို ပစ်သတ်လိုက်တယ်။ နောက် နှစ်ဆယ်စု ထပ်ခေါ်လာပြီး သတ်ပြန်တယ်။ ပြီးတော့ အသေကောင်တွေပေါ်မှာ ဓာတ်ဆီလောင်းတော့ ထပြေးသေးတယ်။ ရဲက ပစ်သတ်ပြီး ဆက်ရှို့ပစ်ပါတယ်။ အလောင်းလေးဆယ်က မီးရှို့ပြီးကျန်သမျှကို ကျွန်တော်တို့က မြေမြှုပ်ရပါတယ်။ ကျပ်ယွန်အနောက်အုပ်အပြင်က အဲဒီသချိုင်းကို လိုက်ပြခိုင်းပါတယ်။ မှတ်မိပါတယ်။

ဒီလောကငရဲကိုပဲ ကျွန်တော်တို့က “မင်းတို့ကျင့်စဉ်အရ နတ်ဘုံတမျှ သာယာဝပြောတဲ့ ဒေသနိုင်ငံ”လို့ ဂုဏ်ယူပြီး တော့နေတဲ့နေရာက အဖြစ်အပျက်အမှန်တွေပေါ့။ အဲဒီနတ်ဘုံမှာ ကျွန်တော်က “အမှုဆောင်ချုပ်” လုပ်ခဲ့တယ်။ ပြီးတော့ “ကေရာဇ်ကနိင်တေ” ဘွဲ့ယူပြီး မင်းမူခဲ့သေးတယ်။ ဒီရက်စက်တဲ့ နှိပ်ကွပ်မှုတွေဟာ အားလုံး ကျွန်တော့်နာမည်သုံးပြီး လုပ်ကြတာတွေပါပဲ။ ဒီတော့ အနှိပ်စက်ခံရတဲ့ လူတိုင်းရဲ့ထွက်ချက်မှာ အဆုံးသတ်ပါလေ့ရှိပုံက–

ပြည်သူ့အစိုးရဟာ ကျွန်တော်တို့အတွက် ကလဲ့စားချေပေးပါလို့ တောင်းဆိုတယ်။ ဂျပန်နဲ့တရုတ်သစ္စာဖောက်တွေဟာ သူတို့သွေးနဲ့ ကြွေးကိုဆပ်မှ ဖြစ်မယ်။

တစ်အိမ်ထောင်လုံး အသတ်ခံခဲ့ရတာကို ကလဲ့စားချေလိုက်ပါ။ ဂျပန်နဲ့ သစ္စာဖောက်တွေကို ဒဏ်ပေးရမယ်။

**ကိုယ့်လုပ်ပြစ်ရဲ့ဒဏ်က လွတ်အောင်ရှောင်လို့ကော ရမတဲ့လား။**

ပြဿနာက ဒါ့ထက်အများကြီး ပိုလေးနက်ပါတယ်။

ဂျပန်စစ်တရားခံတွေ ဖော်ပြဝန်ခံချက်တွေနဲ့ အရှေ့မြောက် ပြည်သူတွေရဲ့ စွပ်စွဲချက်တွေကြောင့် ကျွန်တော်တို့ “မန်ကျူကော” စစ်တရားခံတွေလည်း လှုပ်ရှားလာပါတယ်။ ကျွန်တော်တို့အထဲက လူငယ်ပိုင်းကဆိုရင် သာပြီးသိသာသေးတယ်။

ကျွန်တော့်တူတွေ ယောက်ဖတွေနဲ့ အပါးတော်မြဲ လီတို့က ကျွန်တော့်အပြစ်တွေကို ဖွင့်ချတယ်။ ကိုယ့်အိမ်ထောင်မှာပဲ ကိုယ့်ကိုဝိုင်းပြီး မုန်းနေကြပြီလို့ တွေ့ရတော့ မုန်တွေ ပတ်လည်ဝိုင်းတဲ့အထဲမှာ ဘယ်လှည့်လှည့် ကိုယ်ရဲ့ဘီလူးသဘက်မျက်နှာကြီး ကို မြင်နေရတယ်လို့ပဲ ပုံခိုင်းပါရစေ။

ဂျပန်စစ်တရားခံတွေရဲ့ လေ့လာရေးအစည်းအဝေးကို တက်ရပြီးမှ ကျွန်တော် တို့ သပ်သပ်စည်းဝေးပြီး ဆွေးနွေးခိုင်းတယ်။ တချို့ဟာ အင်မတန်စိတ်ထိခိုက်လာပြီး ကိုယ့်အပြစ်ရှိသမျှလည်း အကုန်ဝန်ခံတယ်။ သူများအကြောင်း သိသမျှလည်း ဖော်ပြ ပါမယ်လို့ ကျိန်တွယ်ပြောကြတယ်။ ဝိုင်းပြီးစွပ်စွဲချက်တွေ အတင်ခံရဆုံးလူကတော့ အရင်တရားဌာနဝန်ကြီး ကျန်ယုအန်ယိအန်င်ပါပဲ။ သူဟာ ဂျပန်ဆီက မျက်နှာသာ ရအောင် သိပ်လုပ်ခဲ့ဖူးတယ်။ ထောင်ထဲကျတော့လည်း လူတစ်ရာနဲ့ မတည့်ဘူး။ တမင် စားစရာတွေကို ညစ်ပတ်အောင် လုပ်လားလုပ်ရဲ့။ ထောင်စည်းကမ်းကို ဖျက်လား ဖျက်ရဲ့။ ဝါဒါကိုတောင် သူက အော်ငေါက်လုပ်တယ်။ ဒီလို အမူအကျင့်မကောင်းရင် နောက်တော့ အစိုးရကခွင့်လွှတ်ဖို့ ခက်နေမယ်လို့ သူ့ကို သတိပေးတဲ့လူက ပေးပါ တယ်။ ကျွန်တော့်ကိုလည်း ဒီလိုပဲ ဝိုင်းပြီး စွပ်စွဲကြ၊ အပြစ်တင်ကြ၊ အမူအကျင့် မမှန်ဘူး ပြောကြမှာ သိပ်စိုးတယ်။ အဲဒီအခါတုန်းက တစ်ဦးနဲ့တစ်ဦး ငါ တာဝန်ခံ တယ်။ ငါ ဘယ်သူ့ကို ဘယ်လို စွဲချက်တင်တယ်လို့ ထုတ်မပြောရတဲ့အခါဖြစ်တော့ ကျွန်တော်ဟာ ကိုယ့်အပြစ်တွေကို ကိုယ့်ဘာသာ မှတ်မိသမျှ ဝန်ခံပြီးဖြစ်တယ်လို့ အစည်းအဝေးမှာ ဖွင့်ပြောဖို့လိုတယ်လို့ ဆုံးဖြတ်မိပါတယ်။ ဒီတော့ အစည်းအဝေးမှာ ကျွန်တော် ဘာတွေဝန်ခံပြီးပါပြီလို့ အသေးစိတ်ပြောပြီး အဆုံးသတ်ပိုင်းရောက်တဲ့အခါ ကူကလေးက ဆတ်ခနဲထလိုက်ပြီး ခင်ဗျား ပြောတာအများကြီးပဲ။ ဒါပေမယ့် ဟို စာတစ်စောင်အကြောင်း ဘာပြုလို့ ထည့်မပြောသလဲလို့ မေးပါတယ်။

ကျွန်တော်လည်း အံ့အားသင့်ပြီး အ,အကြီး ဖြစ်သွားတယ်။ ရွှေ့ကလေး ရေးတဲ့စာကိုပြောတာလို့ ယှိုကလေးက ထောက်ပါတယ်။ ခင်ဗျားပြောပုံက ရတနာ တွေကို ခင်ဗျားဘာသာ နောင်တတရားရပြီး ပေးသွင်းတယ်လို့ ခုပဲ ပြောသွားတယ် မဟုတ်လား။ ရွှေ့ကလေးတိုက်တွန်းလို့ ပေးဖြစ်သွားတယ်လို့ဆိုရင် ပိုမှန်မယ် မဟုတ်လားတဲ့။ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဒါကိုလည်း နောက်ဆုံး အဆုံးသတ် မှာ ပြောဖို့ပါပဲ။ ပြောမှာပါလို့ ကမန်းကတန်းဖြေရပါတယ်။ ဒါတောင် ယှိုနဲ့ ကူ ကြည့်ပုံက တယ်ကျေနပ်ပုံ မပေါ်သေးဘူး။ ကံကောင်းချင်တော့ အစည်းအဝေးဟာ ဒီမှာပဲ အဆုံးသတ်သွားပါတယ်။

အခန်းပြန်ရောက်တော့ ကိုယ့်ဘာသာ သမန်စာတစ်ခုရေးပြီး ထောင်အရာရှိ တွေလက်ထဲ ထည့်လိုက်တယ်။ စိတ်ထဲမှာတော့ ရွှေ့ကလေးကို သူတကာ ပြောရ မလားလို့ စိတ်ဆိုးတယ်။ ထောင်မှူးကလည်း ကျွန်တော့်ကို စိတ်ဆိုးမှာပဲလို့ ယူဆ တယ်။ ကူနဲ့ယှိုဟာ တူတွေဖြစ်ရက်နဲ့ ဒီလိုလုပ်ကြတာ ငါ့အပေါ်မှာအကြင်နာ

ကင်းလှချည့်လားလို့ စိတ်နာတယ်။ ဒီလောက်တောင် သစ္စာမရှိကြဘူးလို့ထင်တယ်။ တယ်မကြာဘူး။ သူတို့တစ်တွေရေးတဲ့ အစီရင်ခံစာတွေကို ကျွန်တော်ဖတ်ရပါတယ်။ ထင်တာထက်ပိုပြီး ဆိုးပါသေးတယ်။

အစွပ်စွဲခံရတဲ့သူဟာ သူ့ကို စွပ်စွဲတဲ့စာကို ဖတ်ကြည့်ရမယ်လို့ ဥပဒေရှိပါတယ်။ ဒါကြောင့် စစ်ဆေးသူ ကျုပ်ဟာ စာတွဲတွေ တစ်ထပ်ကြီး ကျွန်တော်ဖတ်ဖို့ ပေးထားပါတယ်။ ခင်ဗျားဖတ်ပြီးလို့ စွပ်စွဲချက်ကို လက်ခံရင် လက်မှတ်ထိုး၊ လက်မခံနိုင်တာကို မှတ်ထားပြီး ကန့်ကွက်ပါလို့ ပြောသွားတယ်။

အရင်ဆုံး ရုပ်သေးဝန်ကြီးတွေရဲ့ စာတွေကို ဖတ်တယ်။ သူတို့အထဲမှာ "မန်ကျူကော"ခေတ်ရဲ့ ထင်ရှားတဲ့အဖြစ်အပျက်တွေပဲပါလို့ အားလုံးကိုပဲ လက်ခံကြောင်း လက်မှတ်ထိုးပါတယ်။ အမျိုးတွေရဲ့ စာကို ဖတ်တဲ့အခါ လက်ဖဝါးက ချွေးထွက်လာတဲ့အထိ မသက်မသာ ဖြစ်ရပါတယ်။

ယောက်ဖကြီးဝန်ရဲ့ စွပ်စွဲချက်မှာ ဒီလိုပါတယ်။

**နန်းတော်ထဲကို ပုယီနဲ့တွေ့ဖို့ ၁၉၄၅ခု၊ ဩဂုတ်လ ၈ရက်နေ့ ညနေမှာ သွားပါတယ်။ သူက စာရေးနေတယ်။ ကျန်ဂျိုန်ဟွေ့နဲ့ ကကေဗေ တို့က အစစားဝင်ဖို့ အပြင်မှာ ရပ်စောင့်နေတာတွေ့ပါတယ်။ ပုယီက သူရေးထားတာကို ကျွန်တော် ဖတ်ကြည့်ဖို့ ပြတယ်။ အကြမ်းသဘောက မန်ကျူကော လက်နက်ကိုင်တပ်အားလုံးဟာ ဂျပန်ဧကရာဇ် တပ်မတော်နဲ့ ယှဉ်တွဲပြီး ကျူးကျော်လာတဲ့ ရန်သူ (ဆိုဗီယက်တပ်နီ)ကို တိုက်ခိုက်ချေမှုန်း စေလိုပါတယ်။ သူက ဒီအမိန့်ကို ကျန်ဂျိုန်ဟွေ့နဲ့ တကေဗေတို့ လက်ထဲ ထည့်လိုက်မယ်။ ဘာလိုဦးမလဲလို့မေးတယ်။ ကျွန်တော်က ဒီလို လုပ်တာကလွဲလို့ တခြားနည်းမှ မရှိတော့တာပဲလို့ ဖြေခဲ့ပါတယ်။**

အဲဒါမှ ဒုက္ခပဲ။ ဒီကိစ္စကို ကျွန်တော်က ယောရှိဩကကို ပုံချထားတာ။ လီရဲ့ထွက်ချက်က ဒါထက် ကြောက်စရာကောင်းသေးတယ်။ တီအင်ကျင်က ကျွန်တော်ထွက်လာပုံကို ဖော်ပြတယ်။ ကိုယ်ရေးရာဇဝင်တွေ ရေးကြတဲ့အခါ သူ့ကို ပါ ကျွန်တော်က ဒါကို ကူပြီးဖုံးပေးဖို့ ညှိတယ်။ ဒါတင်ပဲလား။ ရှိပါသေးတယ်။ ကျွန်တော်နေ့စဉ် နန်းတွင်းမင်းမှုပုံကို အသေးစိတ်တင်ပြတယ်။ ဂျပန်ကို ဘယ်လို မျက်နှာချိုသွေးပြီး နန်းတွင်းသားတွေကို ဘယ်လိုနှိပ်စက်တယ်ပေါ့။ သူ့အစီရင်ခံချက်မှာ ဒါမျိုး တစ်ကွက် နှစ်ကွက်လောက်ပဲပါတယ်ဆိုရင် တော်သေးတာပေါ့။ ခုတော့ စွပ်စွဲချက်စာရင်းကြီးဟာ တသီတတန်းကြီး ဖြစ်နေပါတယ်။

အဘိုးဝန်ရဲ့စာထဲက နောက်ထပ် စံပြကွက်တွေ ထုတ်ပြပါဦးမယ်။

နန်းတော်ထဲမှာလာပြီး ဂျပန်တွေရုပ်ရှင်ပြရင် ဂျပန်ဧကရာဇ်ပုံ ပိတ်ကားမှာထင်လာတိုင်း မတ်တတ်ရပ်ကြရတယ်။ ဂျပန်စစ်သားတွေ တိုက်ပုံ မြင်ရရင် လက်ခုပ်တီးရတယ်။

၁၉၄၄ခုမှာ ကျောက်မီးသွေးကို ချွေတာရမယ်လို့ နှိုးဆော်လာတယ်။ ပုယီက နန်းတော်ထဲက ယီယှိတို့ အဆောင်မှာဆက်ပြီး မီးမထည့်ရလို့ ယောရှိဩက နှစ်သက်အောင် အမိန့်ထုတ်ပါတယ်။ ဒါပေမယ့် ယောရှိဩက မသိအောင် သူ့အိပ်ခန်းထဲမှာတော့ လျှပ်စစ်မီးဖိုဖွင့်ထားပါတယ်။ ထလိတ္တူကိုပ်ကို ပုယီထွက်ပြေးတော့ ဂျပန်နတ်ရှင်မယ်ရုပ်နဲ့ ဟိရောဟိတော အမေ့ပုံကို သူ့ရထားတွဲမှာ ယူလာခဲ့ပြီး ဖြတ်လျှောက်တိုင်း ဒိဂရီကိုးဆယ် ဦးညွှတ်ပါတယ်။ ကျွန်တော်တို့လည်း ဒီအတိုင်း လုပ်ခိုင်းတယ်။

ရွှေ့ကလေးရဲ့ အစီအရင်ခံစာထဲမှာတော့ မိဘမဲ့ကလေးတွေကို လက်ပါးစေခန့်ထားစေခိုင်းပုံပါတယ်။ အဲဒီကောင်လေးတွေကို ဘယ်ပုံဘယ်နည်း နှိပ်စက်ညှဉ်းပန်းထားတယ်။ မကြာခဏ အကြောင်းမလုံလောက်ပဲ ရိုက်ခိုင်းတယ်။ ထွက်ပြေးတဲ့ ကောင်လေးတစ်ကောင်ဟာ ရိုက်နေရင်း သေသွားတယ်။

လီကလည်း သူ့အမုန်းတွေကို မထိန်မချန် ပြောပြပါတယ်။

ဒီ ပုယီဆိုတဲ့လူဟာ အင်မတန် ရက်စက်တယ်။ သူကိုယ်တိုင်ကတော့ သေမှာ သိပ်ကြောက်တယ်။ မသင်္ကာစိတ်လဲ ထူတယ်။ စဉ်းလဲပြီး ဟန်ဆောင်ကောင်းလို့ ကြောင်သူတော်ခေါ်နိုင်တယ်။ အစေခံတွေကို လူလို မဆက်ဆံဘူး။ သူ စိတ်ဆိုးနေရင် အစေခံတွေကို အပြစ်ရှာပြီး အရိုက်ခိုင်းတယ်။ သူ နေမကောင်းတာနဲ့ သူမျှားတွေအသား နာရကျင်ရတယ်။ အကန်အကျောက်လောက်နဲ့ ပြီးသွားတဲ့အခါတွေမှာ သူ့ခမျာမျှား ကံကောင်းတယ် ဆိုရမယ်။ ဒါပေမယ့် လူစိမ်းသူစိမ်းရှေ့မှာတော့ သူ့လောက်ကြင်နာသနားတတ်တဲ့လူဟာ ကမ္ဘာမြေပြင်မှာ မရှိဘူးလို့ ထင်ရလောက်အောင် ဟန်ကောင်းတယ်။

တီအင်ကျင်မှာနေခဲ့တုန်းက သူ့အမိန့်နဲ့ လူတွေကို သစ်သားတုတ်နဲ့တစ်မျိုး မြင်းရိုက်ကြာပွတ်နဲ့တစ်မျိုး ရိုက်ကြရတယ်။ ပြီးတော့–

"မန်ကျူကော"ခေတ်ထဲမှာ ရိုက်ပုတ်နည်း ညှဉ်းပမ်းနှိပ်စက်နည်းသစ်တွေ ထပ်ပြီး ထွင်ခဲ့သေးတယ်။

လူတိုင်းကိုလဲ သူ့အာဏာပါးကွက်သား လုပ်ခိုင်းပါတယ်။ သူ အရိုက်ခိုင်းတဲ့အခါ မရိုက်ရင် ဒါမှမဟုတ် ညှာပြီးရိုက်ရင် တရားခံနဲ့အလိုတူအလိုပါလို့ စွပ်စွဲလေ့ မသင်္ကာလေ့ ရှိသေးတယ်။ ဒီအခါမှာ အာဏာပါးကွက်သားကိုလည်း ပိုပြီပြင်းထန်တဲ့ ဒဏ်ပေးတော့တယ်။ သူ့အပါးတော်မြဲနဲ့ တူတွေဟာ ဒီနည်းနဲ့ အားလုံးအမှုထမ်းခဲ့ကြရတယ်။ အသက်တစ်ဆယ့်နှစ်နှစ် တစ်ဆယ့်သုံးနှစ်သာရှိသေးတဲ့ လက်ပါးစေကလေး ကျပ်ပစ်ရဲန် (မိဘမဲ့)ကို ရိုက်ခိုင်းလို့ ရိုက်ကြတော့ ကလေးရဲ့ပေါင်မှာ တစ်တောင်လောက်ပြဲသွားတယ်။ ဒေါက်တာဟုအန်က နှစ်လကျော်သုံးလကမှ ဒဏ်ရာပျောက်ပါတယ်။

●

ဒီကလေး နာလန်ထချိန်မှာတော့ ပုယီက နွားနို့ သွားတိုက်ခိုင်းတယ်။ ဟိုဟာလေး ဒီဟာလေး ပေးခိုင်းတယ်။ ကိုယ်တော်အရှင်မြတ်ဟာ မင်းအပေါ်မှာ အင်မတန်ကြင်နာတယ်မဟုတ်လား။ ဟို မိဘမဲ့ကလေး အိမ်မှာနေတုန်းကဆိုရင် မင်း ဒီဟာမျိုး ဘယ်စားရမလဲဆိုတဲ့စကားမျိုး ပြောလိုက်လို့ ကျွန်တော့်ကို သင်ပေးပြီး လွှတ်ပါတယ်။

အဲဒီနောက်ဆုံးစွပ်စွဲချက်ကို ဖတ်ရပြီးတဲ့အခါ ကျွန်တော်အရင်က လုပ်သင့်လုပ်ပိုင်ခွင့်ရှိလို့ ဒါကို ဒီလိုပဲ လုပ်မိတယ်ဆိုတဲ့လေနဲ့ ရေးခဲ့တာတွေဟာ အရာရောက်မှာ မဟုတ်ဘူးလို့ တွေးမိလာပါတယ်။ အရင်က ကိုယ့်ဆင်ခြေနဲ့ကိုယ် ဖြောင့်နေတယ်။ ကျွန်တော့်အပေါ်မှာ ပြန်ပက်စရာမရှိဘူး။ ဂျပန်က ကွပ်ညှပ်ပြီးခိုင်းတဲ့အတိုင်း လုပ်ရတယ်လို့ အဖြေပဲပေးရင် လုံလောက်တယ်လို့ ယူဆတယ်။ ပြီးတော့ ငါ့သား၊ ငါ့တူ၊ ငါ့အခြွေအရံသင်းပင်းကို ငါ ဆုံးမပိုင်ခွင့် ငါ့မှာရှိတယ်။ ဆုံးမပုံ ပြင်းထန်တယ်ပဲထားတော့၊ ဒါဟာ ငါမွေးကတည်းက ရလာတဲ့ အခွင့်အရေးပဲလို့ ယူဆထားလို့ လုပ်ထိုက်တယ် မှန်တယ်ပဲ ထင်လာခဲ့ပါတယ်။ အားကြီးတဲ့လူရှေ့မှာ လေးဖက်ထောက်ပြီး အားငယ်တဲ့လူတော့ ဖိထောင်းတာကို သဘာဝတရားပဲ။ သဘောယုတ္တိမပျက်ဘူး။ ငါ့နေရာမှာ ရောက်တဲ့လူဟာ ဘယ်သူပဲဖြစ်ဖြစ် ဒီလိုပဲ လုပ်မှာပဲလို့ ယုံတယ်။ အခုမှ လူတိုင်း ဒီလို မဟုတ်ဘူး။ ကိုယ့်ဘာသာ တရားတယ်လို့ ဆုံးဖြတ်တဲ့အချက်တွေဟာလည်း မမှန်ဘူးဆိုတာ သိလာပါပြီ။

ဘာအခွင့်အရေးမှ မရှိဘူးလို့ သတ်မှတ်ထားတဲ့ အားနည်းတဲ့လူ ရှိဦးမလား။ ဒါပေမယ့် ကွန်မြူနစ်တွေဟာ အာဏာရထားပေမယ့် ကျွန်တော်တို့ကို ရိုက်တယ်ဆဲတယ် လုံးဝမရှိ။ လူလူချင်း သဘောထားပြီး ဆက်ဆံတယ်။ တန်ခိုး သတ္တိအရာမှာ လက်နက်ပထမတန်းစားရှိလို့ အမေရိကန်ကို "တန်ခိုးရှင်"လို့ ခေါ်မယ်ဆိုပါတော့။ ဒါပေမယ့် ကွန်မြူနစ်တပ်တွေဟာ ပစ္စည်းကိရိယာ ချို့တဲ့ညံ့ဖျင်းပေမယ့် အဲဒီ အမေရိကန်ကိုမကြောက်ဘူး။ သုံးနှစ်ခံတိုက်ပြီး စစ်ပြေငြိမ်းပါပြီလို့ လက်မှတ်ထိုးရအောင် လုပ်နိုင်တယ် မဟုတ်လား။

ဒါမျိုး နမူနာတွေကို အခု အခိုက်အတန့်မှာမှ ထပ်ပြီး ရလာပါသေးတယ်။ စွဲချက်တင်ကြတဲ့ စာတမ်းတွေဖတ်ရတဲ့အခါ လူသာမန်ဆိုတဲ့ လူတွေဟာ နှိပ်စက်ညှဉ်းပန်းနေတာတောင် ကျွန်တော့် ဒူးထောက်ရေးလမ်းစဉ်ကို မလိုက်ကြဘူးလို့ တွေ့ရတယ်။ ပယဲန်နယ်ကကျေးတောသား လိတီအင်ကွေ့ဟာ ဂျပန်နဲ့ သစ္စာဖောက်တွေရဲ့ အညှဉ်းပန်းကို ဆက်ပြီးမခံနိုင်တော့ဘဲ အခြေအနေကြုံလာတဲ့အခါ ဂျပန်ဆန့်ကျင်ရေး မဟာမိတ်တွေပေါ်မှာ အားကိုးမျှော်လင့်ချက် ထားလိုက်တယ်။ ၁၉၄၁ ခုနှစ်က တရုတ်နှစ်သက်ကူးမှာ သူက ဂျပန်ဆန့်ကျင်ရေးတပ်သားတွေကို စားစရာ ကောက်ပဲနည်းနည်း၊ အဝတ်ဝတ်စရာဖျင်နည်းနည်း၊ ၃ ၁၂၀နဲ့ စီးကရက်နှစ်ဘူးပို့လိုက်တယ်။ ဒါကို ရုပ်သေးရဲက တွေ့လို့ ဖမ်းရော။ တွဲလဲဆွဲပြီး ရိုက်တယ်။ ကျဉ်စက်နဲ့တို့တယ်။

စိတ်ဓာတ်ကျသွားအောင် သွေးရဲရဲနဲ့ အလောင်းတွေကြားထဲမှာ ထားတယ်။ ပြီးတော့ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းတွေ သူသိသလောက် ပြောစမ်းလို့ ခိုင်းတယ်။ သူ့ကို ဆက်ပြီး ညှဉ်းပမ်းနေလိုက်တာ နောက်ဆုံး ဂျပန်လက်နက်ချတော့မှ လွတ်လာတော့တယ်။

ကျိုရှန်ရှာက လီယိနိင်ယွာဟာ ၁၉၄၃ ခုမှာ ကလေးငယ်ပဲ ရှိသေးတယ်။ ဖြတ်သွားတဲ့ ဂျပန်ဆန့်ကျင်ရေး တပ်သားတွေကို ဥပေးမိတယ်။ ဂျပန်သူလျှိုတွေက ဒါကိုသိသွားတော့ ရဲဌာနချုပ်ရုံးကို ဖမ်းသွားတယ်။ ပထမလက်ဖက်ရည်တိုက် စီးကရက်သောက်ခိုင်း၊ **ဓီအပ်ဓီ**မုန့်ကျွေးပြီး မင်းကလေးပဲ ဘာမှ မသိတတ်သေးဘူး။ တို့မေးတာ ကောင်းကောင်းဖြေရင် ပြန်လွှတ်မယ်လို့ ပြောကြတယ်။ သူလည်း စား သောက်ပြီးတော့ ကျွန်တော်က လည်သားပဲ။ ဘာမှ မသိဘူးလို့ ဖြေလိုက်သတဲ့။ ဓောက်ထိုးဆွဲပြီးရိုက်တယ်။ ကျဉ်စက်နဲ့တို့တယ်။ မီးတိုက်တယ်။ ကိုယ်တုံးလုံးချွတ်ပြီး ဆူးခက်နဲ့ ရိုက်တယ်။ ဒါပေမယ့် သူ့ဆီက ဘာသတင်းမှထွက်မလာပါ။

ဒီကမ္ဘာမှာ လူတိုင်းဟာ မပျော့ညံ့ဘူးလို့ ခုမှ ကျွန်တော်သိပါပြီ။ အရင် ကျွန်တော့် အပြုအမူဖြစ်တဲ့ လူသန်ကိုကြောက်ပြီး လူပျော့ကို ညှဉ်းတယ်ဆိုတဲ့ ဉာဉ်ဟာ ကိုယ်တိုင်သေမှာကြောက်ပြီး မတော်လောဘအားကြီးလို့ပဲ ဖြစ်ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်ဟာ သိပ်အဖိုးတန်တဲ့လူဖြစ်လို့ သူများလိုပေါ်ပေါ် မသေထိုက်ဘူးလို့ထင်တယ်။ အဲဒီလို အဖိုးတန်ဘဝကို ကာကွယ်ဖို့ဆိုရင် ဘာလုပ်လုပ် တရားတယ်။ သင့်တယ်လို့ ထင်ခဲ့တယ်။ အခု သုံးလေးနှစ်ထဲရောက်မှ ကိုယ့်အဝတ်ကို ကိုယ်လျှော်ဖွပ်တဲ့အခါ မဖြူတာ။ ကပ်ပုံးလုပ်လို့ မဖြစ်တာတွေ တွေ့ရပြီးတဲ့အပြင် အမျိုးတွေကရော သူစိမ်းတွေကပါ ကျွန်တော့်အကြောင်းတွေ ဖော်ထုတ်စွပ်စွဲကြတာကို သိရတော့မှ ကျွန်တော့်ဘဝမှန်နဲ့ တန်ဖိုးမှန်ကို သိလာပါတော့တယ်။

ပတ်လည်က မှန်တွေက ကျွန်တော့်ပုံသဏ္ဌာန်ကို အပြစ်ရှိသူလို့ ပြနေကြ ပါပြီ။ ကျက်သရေလည်း လုံးဝမရှိတဲ့လူပါ။ အရင်လုပ်ပုံတွေဟာလည်း ဘာကိုမှ လုပ်သင့်တယ်လို့ ပြောနိုင်စရာမတွေ့ပါ။

ကျွန်တော့်ကို နောက်ဆုံး စွပ်စွဲချက်ကို သဘောတူတယ်လို့ လက်မှတ်ထိုး လိုက်ပါပြီ။ စိတ်ထဲမှာ ဝမ်းနည်းတာ နောင်တရတာအပြည့်နဲ့ စကြံမှာတွက်ပြီး လူးလာလျှောက်ရင်း ကိုယ့်လုပ်ပြစ်ရဲ့ဒဏ်က လွတ်အောင် ရှောင်လို့ကော ရမတဲ့လားလို့ ကိုယ့်ကိုယ်ကိုယ် ပြောနေမိပါတယ်။

* * *

အခန်းကိုး

# ပုံသစ်လောင်းခံတော့မယ်
# လူဖြစ်အောင် ဘယ်လိုစလုပ်ရပါ့မလဲ

နှစ်သစ်ကူးပြီ။ ခင်ဗျား ဘယ်လို စဉ်းစားသလဲလို့ ၁၉၅၅ခု နှစ်သစ်ကူးမှာ ထောင်မှူးက ကျွန်တော့်ကို မေးပါတယ်။ ဘာများ စဉ်းစားနေရဦးမှာလဲ။ ကိုယ်ခံရမယ့် ဒဏ်ကို စောင့်ရုံပေါ့လို့ ဖြေလိုက်ပါတယ်။ သူက ခေါင်းကိုခါပြီး ပြင်းပြင်းထန်ထန် သဘောမတူကြောင်းပြတယ်။ အဆိုးကြီးပဲ ဖြစ်မှာပဲလို့ ဘာပြုလို့ တွေးနေရမှာလဲဗျ။ အပြုဘက်ကနေပြီး လုပ်မယ်ကိုင်မယ်ဆိုတဲ့ စိတ်ထားစမ်းပါဗျာ။ ပုံသစ်လောင်းပြီး ကိုယ့်ကိုယ်ကို လူသစ်ဖြစ်အောင် လုပ်လိုက်ပေါ့လို့ အကြံပေးပါတယ်။

သူ ဒီလိုပြောတော့မှ ကျွန်တော့်စိတ်ဟာ ငြိမ်သွားတယ်။ ဒါတောင် အဆိုးဘက်က တွေးထည့်ချင်တဲ့စိတ်ဟာ လုံးလုံး လျော့မသွားသေးဘူး။ ကိုယ့်ကိုယ်ကို ရွံရှာမုန်းတီးစိတ်ကလည်း တစ်ခါထက်တစ်ခါ ပိုလာသေးတယ်။ ကျရောက်မယ့်ဒဏ်ကို လန့်တာထက် အဲဒီရွံရှာစိတ်က အမြဲ နှောင့်ယှက်နေပါတယ်။

အပန်းဖြေချိန် အကျဉ်းထောင်ဝင်းထဲမှာ နေကြတုန်း ကင်မရာလွယ်ပြီး သတင်းထောက်တစ်ယောက် ရောက်လာတယ်။ စွဲချက်တင်တာတို့ ကိုယ့်အပြစ်ကိုယ် ဝန်ခံတာတို့ လုပ်ပြီးချိန်ဆိုတော့ ဝင်းထဲမှာ အတူပေါင်းစပ်ပြီး အပန်းဖြေခွင့်ရတယ်။ အချိန်ကိုလည်း နာရီဝက်ပိုပြီး ပေးထားသေးတယ်။ ဝင်းထဲမှာ တက်ကြွလှုပ်ရှားပြီး ရွှင်ပြ မြူးထူးနေကြတယ်လို့တောင် ပြောရင်ရတယ်။ ဘော်လီဘောကစားတဲ့လူတွေ၊ ပင်ပေါင်ကစားတဲ့လူတွေ၊ စကားဝိုင်းဖွဲ့သူတွေ၊ သီချင်းစုဆိုတဲ့လူတွေ မျိုးစုံလို့ပဲ။ အဲဒါတွေကို ကော်ပြားပေါ်မှာ မှတ်တမ်းတင်ပြီးတော့ ကျွန်တော့်ပုံကို ရိုက်ချင်ပြန်သတဲ့။ ကျွန်တော့်ဘေးမှာရပ်ပြီး သူများကစားနေတာကို ကြည့်နေတဲ့ "မန်ကျူကော"အရာရှိဟောင်းတစ်ယောက်က သတင်းထောက်ပြင်ဆင်နေတုန်း သူက သဘောပေါက်နှင့်ပြီး ထွက်ပြေးတယ်။ တခြားလူတွေလည်း ပါးစပ်က ဖွင့်မပြောကြပေမယ့် ကျွန်တော့် အနားက ထသွားကြတယ်။

မတ်လထဲရောက်တော့ ရှုံ့်ယန်င်စစ်ခရိုင် လက်အောက်မှာထားတဲ့ စစ်

တရားခံစခန်းတွေကို စစ်ဆေးဖို့ လွတ်မြောက်ရေးတပ် ဗိုလ်ချုပ်ကြီးတွေ ရောက်လာပါတယ်။ ထောင်မှူးက သူတို့တွေကို ကျွန်တော်နဲ့ ပုကျိအယ်က သွားတွေ့ပါလို့ ခိုင်းတယ်။ အခန်းထဲ ဝင်သွားတော့ ပခုံးထောက် ရွှေချောင်းတွေ တဝင်းဝင်းမြင်ရလို့ ဒါပဲ စစ်ခုံရုံးလို့ ယူဆမိတယ်။ နောက်မှ ဗိုလ်ချုပ်ကြီးတွေက ကျွန်တော့်စာပေလေ့လာရေး ဘယ်စခန်းရောက်ပြီလဲ သိချင်လို့ ခေါ်မှန်းသိပါတယ်။ သူတို့ဟာ သိပ်ပြီးရည်မွန်တယ်။ ကျွန်တော် ပြောသမျှကို အင်မတန် ဂရုစိုက်ပြီးနားထောင်တယ်။ ကျွန်တော့်ကလေးဘဝအကြောင်းတွေ၊ "မန်ကျူကော"ခေတ်အကြောင်းတွေ မေးကြတယ်။ နောက်ဆုံး မှတ်ဆိတ်နဲ့ ဗိုလ်ချုပ်ကြီးတစ်ယောက်က ကောင်းကောင်းစာဖတ်ပြီး ပုံစံသစ် သွင်းယူပါဗျာ။ မကြာခင် ဆိုရှယ်လစ် လူ့ဘောင်တည်ဆောက်တာကို မျက်မြင်ကိုယ်တွေ့ ခင်ဗျားကြုံရတော့မှာဗျာ့လို့ ပြောလိုက်တယ်။ အခန်းပြန်ရောက်တော့ အဲဒီလို နောက်ဆုံးအချုပ်ပြောတဲ့လူဟာ မာရှယ်ဖြစ်မယ်လို့ ပြောတော့ ပုကျိအယ်က ထိုင်နေကြတဲ့အထဲ မာရှယ်တွေ အတော်များများပါတယ်လို့ ပြောတယ်။ ကျွန်တော်ဖြင့် ကွန်မြူနစ်ကို သိပ်အထင်ကြီးသွားတယ်။ ကွန်မြူနစ်ဟာ ကျွန်တော့် အပေါ်မှာ သည်းခံစိတ် ဘယ်နည်းနဲ့မှ မရှိနိုင်ဘူးလို့ တွက်ထားပေမယ့် လက်တွေ့မှာ သူတို့က ဝါဒါဖြစ်ဖြစ် မာရှယ်ဖြစ်ဖြစ် ကျွန်တော့်ကို လူလိုထား၊ လူလို ဆက်ဆံတယ်။ အတူစံနေရတဲ့ အကျဉ်းသမားချင်းကျတော့ ကျွန်တော့်ဘေးမှာတောင် ရပ်ပြီး ခဏတပ်အရိုက် မခံဘူး။ ကျွန်တော်က လူထက်ယုတ်ညံ့တဲ့ သတ္တဝါကျနေတော့တယ်။

မာရှယ်တစ်ယောက်က ဒီလို ဒီလို ပြောတာလားလို့ အခန်းရောက်တော့ ပြန်ပြောတဲ့အခါ ကျွန်တော်တို့အထဲမှာ ဉာဏ်အထက်ဆုံး၊ မန်ကျူကောရဲ့ ဂျပန်သံအမတ်လုပ်ဖူးတဲ့ အဘိုးကြီးယွန်က ဝမ်းသာလိုက်တာ ပုရယ်။ ခင်ဗျားကို ဆိုရှယ်လစ်ထူထောင်ရေး မြင်ရလိမ့်မပေါ့လို့ မာရှယ်လိုလူက ပြောရင် ခင်ဗျားမသေဘူးမှတ်တဲ့။

အားလုံးပဲ ဝိုင်းပြီး သိပ်ဝမ်းသာကြတယ်။ သစ္စာဖောက်ချုပ်ကြီး အသတ်မခံရရင် သူတို့အားလုံး လွတ်မယ်ပေါ့။

အပြစ်တွေ စွဲချက်ဝန်ခံချက် ကာလကျော်ခဲ့တဲ့နောက် လူတိုင်းအနာဂတ်ကို တွေးပြီး လန့်နေကြတာ အမှန်။ ဥပမာ အဘိုးကြီး ယီအင်ဟာ အဲဒီအချိန်တစ်လျှောက်လုံးမှာ တစ်ချက်မှ ပြုံးတာ မမြင်ရဘူး။ ခုဖြင့် ဧရာမအပြုံးနဲ့ ကျွန်တော့်ပခုံးပေါ် ပုတ်ပြီး ဝမ်းသာလိုက်တာဗျာ ဝမ်းသာလိုက်တာဗျာတဲ့။

အနားယူချိန် စကားမပြောရဆိုတဲ့ ဥပဒေလည်း အခု ရုပ်သိမ်းထားပါပြီ။ နေ့အခါမှာလည်း အခန်းကို သော့ခတ် မထားတော့ပါဘူး။ ဒီတော့ ကောင်းသတင်းဟာ တယ်မကြာဘူး။ တစ်ထောင်လုံး ပြန့်သွားတော့တယ်။ အနားယူချိန်ကြတော့လည်း ဒီသတင်းပဲ ဆက်ပြီး ဆွေးနွေးနေကြသေးတယ်။ စွပ်စွဲချိန် ဝန်ခံချိန်က တူတွေနဲ့လီ

ဟာ ကျွန်တော့်ကို စကားမပြောဘူး။ ရှောင်နေကြတယ်။ ဒီသတင်းကြားရင် သူတို့လည်း ဝမ်းသာမှာပဲ။ ဒီလိုအခါမျိုးမှာ ပြန်ပေါင်းထုတ်ဖို့ အသင့်ဆုံးအခါ ဖြစ်တယ်ဆိုပြီး ကျွန်တော် သူ့တို့ဆီကို သွားတယ်။ ဝင်းထောင့်စွန်း သစ်ပင်အောက်မှာရှိနေတဲ့ ကူနဲ့ယှိဟာ သူတို့အနား ကျွန်တော်မရောက်ခင် ထသွားကြပြီ။

ဧပြီလမှာ ထောင်အာဏာပိုင်တွေက ကျွန်တော်တို့လည်း ဂျပန်စစ်တရားခံတွေလို လေ့လာရေးကော်မတီတစ်ခု ရွေးကောက်ဖွဲ့စည်းပါလို့ တိုက်တွန်းတယ်။ ထောင်အာဏာပိုင်တွေ ကွပ်ကဲတဲ့ ဒီကော်မတီက ကျွန်တော်တို့နေ့စဉ် ဘာကို ဘယ်လို လေ့လာမယ်ကအစ ဘာစား ဘာလုပ်အထိ စီမံခွင့်ပြုထားပါတယ်။ ပေါ်လာတဲ့ ပြဿနာရှိရင်လည်း ထောင်အရာရှိတွေနဲ့သွားပြီး ညှိနှိုင်းအဖြေရှာရတယ်။ အဲဒီအဖွဲ့ကပဲ ကျွန်တော်တို့ အစည်းအဝေးလုပ်ပြီး ဆွေးနွေးကြပုံ၊ ဝေဖန်ကြပုံကို အစီရင်ခံတယ်။ ကော်မတီကပဲ စတင်ပြီး အကြံဉာဏ်ပေးချက်တွေ လုပ်နိုင်တယ်။ ကော်မတီထဲမှာ မဲစနစ်နဲ့ လူငါးယောက် ရွေးတင်တယ်။ အာဏာပိုင်တွေက လက်ခံသဘောတူဖို့ လိုပါတယ်။ သဘာပတိရယ်၊ လေ့လာရေး တာဝန်ခံတစ်၊ နေထိုင်ရေး တာဝန်ခံတစ်၊ ကစားခုန်လွှားရေး တာဝန်ခံတစ်၊ အပန်းဖြေ တာဝန်ခံတစ် ထားရတယ်။ နေ့စဉ် ကော်မတီဝင်တွေကို လေ့လာရေးနဲ့ ကစားရေး တာဝန်ခံတွေက အစီရင်ခံရတယ်။ တို့များ ပြုပြင်လာတယ်၊ တိုးတက်လာတယ် ပုံသစ်ဝင်လာပြီလို့ သူတို့က ယုံလို့ ဒီလိုအခွင့်အရေး တိုးပေးတာပဲလို့ နားလည်ကြတယ်။ တချို့ကတော့ ပုံသစ်လောင်းတယ်ဆိုတာကိုယ်နဲ့သာ အများဆုံးဆိုင်တယ်လို့ အရင်ကပဲ ကောင်းကောင်းသဘောပေါက်ပြီး လူတွေလည်းရှိတယ်။ ဒါပေမယ့် နောက်မှ တွေ့ရှိလာတဲ့ အကြောင်းအချက်တွေက ဖော်ပြတာကတော့ ကျွန်တော်တို့အဖို့ ဒီကော်မတီက ပုံသစ်လောင်းတဲ့နေရာမှာ အများကြီးကူညီတယ်လို့ ဆိုတဲ့အချက်ပါပဲ။ အစမှာတော့ ကျွန်တော့်စိတ်ထဲမှာ သူများနဲ့မတူတဲ့ အထင်တစ်ခု ရောက်လာသေးတယ်။ ဘာပြုလို့လဲဆိုတော့ ငါးဦးထဲမှာ နှစ်ဦးဟာ ကျွန်တော့်အပေါ်မှာ ရက်ရက်စက်စက် စွဲချက်တင်တဲ့ အမျိုးတွေ ဖြစ်နေလို့ပါပဲ။ သူတို့ကတော့ သဘာပတိ အဘိုးကြီးဝန်နဲ့ နေထိုင်ရေး တာဝန်ခံ ရွှေ့လေးပါပဲ။

ဖွဲ့စည်းပြီးလို့ မကြာခင်မှာပဲ လေ့လာရေးကော်မတီက ကစားကွင်းတစ်ခု ဆောက်ဖို့ ဆုံးဖြတ်ပါတယ်။ အခု သုံးနေတဲ့ကွင်းက ဂျပန်စစ်တရားခံတွေ သုံးသွားတဲ့ ကွင်းဖြစ်တယ်။ အခု ကျွန်တော်တို့လည်း ကိုယ့်ဘာသာ မြေကွက်တစ်ခုကိုညှိပြီး သုံးမယ်။ ရွှေ့ကလေးက ဒီအလုပ်မှာ ခေါင်းဆောင်ပေါ့။ ပထမဆုံးနေ့ အလုပ်စဖို့ လူစုတဲ့အခါကပဲ သူက ကျွန်တော့်ကို လူရှေ့မှာ ကြိမ်းမောင်းပါတယ်။ တောက်တိုမယ်ရ အလုပ်ကလေးတစ်ခုရှိနေလို့ နာမည်စာရင်းခေါ်တဲ့အခါ ကျွန်တော်အရောက်နောက်ကျသွားတယ်။ ကျွန်တော်လည်း အဝတ်ကြယ်သီးတပ်ရင်း တန်းစီတဲ့နေရာကို ပြေးလာတုန်းပဲ ကျွန်တော့်နာမည်ခေါ်သံ ကြားတယ်။ လာပါပြီ လာပါပြီလို့

ပြောရင်း အတန်းရဲ့နောက်ဆုံးနေရာက ထူးပါတယ်။ ကျွန်တော်တို့ လူစုတိုင်း ခင်ဗျား နောက်ကျတယ်။ မျက်နှာထားတည်တည်နဲ့ ရွှေ့ကလေးက အော်ပြောလိုက်တယ်။ ကျုန်တဲ့လူတွေအားလုံးဟာ ခင်ဗျားတစ်ယောက်ကိုပဲ စောင့်နေရတယ်။ ခင်ဗျားဟာ ငါ့ကြောင့် တစ်ဖက်သားမှာ ဘယ်လိုဖြစ်မလဲလို့ ဘယ်တော့မှကြောင့်ကြတဲ့လူ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်စမ်း။ အင်မတန်ကို ပစ်စလက်ခတ် ဝတ်စားထားတယ်။ အင်္ကျီကြယ်သီးတောင် မှန်အောင်မတပ်တတ်ဘူးလို့ ဆက်ပြောတယ်။ ကျွန်တော်လည်း ဒီတော့မှ ငုံ့ကြည့်မိတယ်။ အသီးပေါက် လွဲတပ်ထားတာ တွေ့နေရပါတယ်။ လူတိုင်း လှည့်ကြည့်လို့ ကျွန်တော်လည်း ဟိုဟာလုပ်ရမလို ဒီဟာလုပ်ရမလိုနဲ့ အများကြီး ရှက်သွားပါတယ်။

သီတင်းတစ်ပတ်ကို တစ်ကြိမ်ဝေဖန်ရေး အစည်းအဝေးလုပ်ပြီး မှတ်တမ်းရေးထားမယ်ဆိုလို့ ငါတော့ ဒုက္ခပဲလို့ တွေးပြီး၊ စိုးရိမ်ပြီး အရင်ဝေဖန်ရေးတွေတုန်းက တစ်ယောက်ကိုတစ်ယောက် အော်ဟစ်ပြီး အပြစ်တင်တယ်၊ ချေပတယ်၊ ဒါမှမဟုတ်လည်း တစ်ယောက်တစ်ယောက်ကို အင်မတန် ယဉ်ယဉ်ကျေးကျေး စကားပြောတယ်။ အခု ပုံစံတစ်မျိုးဖြစ်လာပြီး အကျိုးအကြောင်းဆက်သွယ်ပြီး ကျကျနန စေ့စေ့စပ်စပ် ပြောကြပါတယ်။ ဘာပြုလို့လဲဆိုတော့ လူတော်တော်များများဟာ သဘောတရားရေးမှာ အတော်ခေါက်မိလာလို့လည်း ဖြစ်တယ်။ ပုံစံသစ်လောင်းတာကို လက်ခံလာလို့လည်း ဖြစ်တယ်။ အပြုသဘော အချိုးကျကျ ဝေဖန်တတ်လာတယ်။ အရင်ကလို မဆီမဆိုင် ပြောချင်တာပြောရင်လည်း လေ့လာရေးကော်မတီက ဟန့်တားပြီး ဆိုင်သမျှသာ ပြောခိုင်းလို့လည်းဖြစ်တယ်။ ဝေဖန်ပုံ ပြောင်းလဲလာပြီလို့ ကျွန်တော် သေသေချာချာပြောတတ်တဲ့ အကြောင်းကတော့ ကျွန်တော့်ကို ဝေဖန်ရင် အရင်ကလို အားနာလို့ဆိုတာမျိုး မတွေ့ရတော့ပါဘူး။ နောက်တစ်ချက်ကလည်း အခုမှ တခြားခန်းက ပြောင်းလာတဲ့ လီဟာ နေ့စဉ်နေထိုင်ရေး တာဝန်ခံဖြစ်လာပြီး သူဟာ ကျွန်တော့်အကြောင်းကို စေ့စေ့ငငငှ သိထားတဲ့လူလည်း ဖြစ်နေပြန်တယ်။ ကျွန်တော့်ချွတ်ယွင်းချက်ကို သူများက စပြောရင် သူက အရင်းအမြစ်ကိုဖော်ပြီး ဒါကြောင့် ဒီလိုဖြစ်တာလို့ ထောက်ပြနိုင်တယ်။ မှန်တာပြောပေမယ့် ကျွန်တော်ကို သိပ်ထိခိုက်တယ်။ ရွှေ့ကလေးနဲ့ အဘိုးကြီးဝန်က ရှင်းလင်းချက်ထည့်ပြီး ကောက်ချက်ချတဲ့အခါ ကျွန်တော်ဟာ လူမဟုတ်တော့ဘူးလို့ ဆိုရမယ့်အဆင့်ကို ရောက်သွားပြီပေါ့။

အရင်က အပြင်တိုက်ခိုက်ဒဏ်ကြောင့် ကျွန်တော် အင်မတန်တုန်လှုပ်ပြီး စိတ်ဆင်းရဲတဲ့အခါမှာ ငါဝဋ်လည်တာဆိုပြီး ကိုယ့်ကိုယ့်ကို အပြစ်တင်လေ့ရှိတယ်။ တစ်ခါတစ်ခါတော့လည်း ကံဆိုးလှတယ်လို့ ဖြစ်မိတယ်။ ဒါမှ မဟုတ်လည်း အစစ ကျွန်တော့်အတွက် ခက်ခဲအောင် တမင်လုပ်နေတဲ့လူတွေကို စိတ်ဆိုးတယ် ဆိုပါတော့။ အစဦးဆုံး ကွန်မြူနစ်ပါတီကို စိတ်ဆိုးတယ်။ ပြီးတော့ ပြည်သူ့ အစိုးရ၊ ပြီးတော့ ထောင်အာဏာပိုင်တွေ။ ခုတော့ ဒီသုံးမျိုးကို အပြစ်ဖို့စရာ တကယ့်အကြောင်းယုတ္တိ

ဘာရှိလို့လည်းလို့ သိနေပါပြီ။ ဒါတွေအားလုံး ငါ့ ချွတ်ယွင်းချက်တွေပဲ ဖြစ်တယ် ဆိုတာသိပြီ။ ဒါတောင် အနားကလူကို အပြစ်လွဲချင်စိတ် ကျန်နေပါသေးတယ်။ အခု ကျွန်တော်နဲ့ဆိုင်တဲ့ အစီရင်ခံစာတွေအားလုံး ဖတ်ပြီးတဲ့အခါ ကျွန်တော်ဖုံးချင် တာတွေလည်း အားလုံး ပေါ်ကုန်ပြီ။ အစိုးရကလည်း ကျွန်တော်အကြောင်း မသိတာ မကျန်တော့ဘူး။ ဒီတော့ ကလဲ့စားချေလိုလည်းချေ၊ ဒါမှ မဟုတ်လည်း ငါ့ကိုပုံသစ် လောင်းလို့ရနိုင်မယ့်လူကို မဟုတ်ဘူးလို့ နားလည်ပြီး လက်လျှော့သွားကြပြီလား။ ဒီလိုပဲ တွေးနေမိတယ်။ ဒါပေမယ့် စစ်မေးသူတွေ ထောင်မှူးနဲ့ မာရှယ်ကကြိုးစားပြီး စာပေလေ့လာပါ။ ကိုယ့်ဘာသာ ပုံသစ်သွင်းပါ။ လူသစ်ဖြစ်လာမှာပေါ့လို့ ပြောထား ကြတာက တစ်ဖက်မှာ ရှိနေသေးတယ်။ ထောင်ဝါဒါကအစ လက်တွေ့လုပ်နည်း ကိုင်နည်းတွေ ပြသကူညီနေကြပါတယ်။

ကစားကွင်းပြီးတော့ လေ့လာရေးကော်မတီက မေဒေးမှ ကျွန်တော်တို့ ထောင်ဝင်းတစ်ခုလုံးမှာ လှပနေအောင် ပန်းပင်စိုက်မယ်။ ပေါင်းမြက်ရှင်းမယ်။ မြေညှိမယ်လို့ ဆုံးဖြတ်ကြပြန်ရော။ အားလုံးပဲ စိတ်အား ထက်ထက်သန်သန် ပါဝင် လုပ်ကိုင်နေကြပါပြီ။ ပထမ ကျွန်တော်က ကျင်းတစ်ခုကို မြေဖို့တဲ့အထဲ ပါရတယ်။ နောက် ဝါဒါကျီအန်နင်က ကျွန်တော်ဟာ မျက်စိမွဲသူဖြစ်တော့ ကျင်းထဲ ကျသွားမှာ စိုးရတယ်။ ဒါကြောင့် ပန်းခင်းမှာ ပေါင်းသင်တဲ့ဘက်ကို ပို့လိုက်တယ်။ တော်တော်လေးလုပ်မိတော့ မောင်ဂိုအဘိုးကြီး ကျိန်ရောက်လာပြီး ကျွန်တော်ဆွဲနုတ် တဲ့အပင်ကို လိုက်ဆွဲပြီး၊ ဘာတွေ နုတ်ပြစ်နေသလဲလို့ အော်မြည်နေတာနဲ့ ပေါင်း လိုက်တာဗျလို့ ကျွန်တော်ကပြောတော့ ဟင် ဒါကို ပေါင်းလို့ခေါ်တယ်။ ပန်းပင် ဗျ၊ အဲဒါ ပန်းပင် မမြင်ဘူးလားတဲ့။

ကျွန်တော်လည်း ဆောင့်ကြောင့်ထိုင်ရင်း ခေါင်းမဖော်ဝံ့ပါ။သူတကာလည်း ဝိုင်းကြည့်နေပြီ။ ပန်းရောပေါင်းရော အားလုံးကို တူးပြစ်ချင်စိတ် ပေါက်တယ်။ ခင်ဗျားဟာ တကယ့်ကို အပယ်ခံစစ်တပ်လို ပန်းပင်ကို မြှောက်ပြပြီး အဘိုးကြီးက အသံကုန် ဟစ်နေပါသေးတယ်။ ဝါဒါကျီအန်ရောက်လာပြီး ကျွန်တော်နုတ်ပြစ်တဲ့ အပင်ကို ကိုင်ကြည့်ပြီးမှ သူ မှားတာမှန်ပေမယ့်၊ မသိလို့ မှားတာဆိုတော့ ဒီလို အော်နေမယ့်အစား ဒါဟာ ပန်းပင်၊ ဒါဟာ ပေါင်းမြက်လို့ သင်ပေးလိုက်ရင် နောက်တစ်ခါ ဘယ်မှားတော့မှာလဲလို့ ပြောတာတောင် အဘိုးကြီးက မလျှော့သေးပဲ ပန်းနဲ့မြက် ခွဲမသိတဲ့လူများ ဒီလောကရှိသေးတယ်လို့ ကျုပ်တို့ မကြုံပါဖူးတဲ့။

ကျုပ်ဖြင့် မကြုံဖူးဆိုတဲ့ စကားဟာ ကျွန်တော့်အတွက် ချွတ်ယွင်းချက် တစ်ခုခုနဲ့တွဲပြီး ပြောဖို့စကားစုပဲ ဖြစ်တယ်။ ပုယီလောက် ဖျင်းတဲ့လူ ကျုပ်ဖြင့် မကြုံဖူးဘူး။ သူ့ကို ကယ်မနေပါနဲ့တော့။ ပုယီလို ကြောင်သူတော်ကို ကျုပ်ဖြင့် မကြုံဖူးဘူး။ ပုံသစ်လောင်းလို့ကော ရမတဲ့လား ပုယီလို ပြည်သူ့ချဥ်ဖတ်ကို ကျုပ် ဖြင့် မကြုံဖူးဘူး။ သူကိုကယ်တင်လို့ ဖြစ်နိုင်ပါတော့မလား။ အဲဒီလိုပဲပြောတာတွေ

ကြားဖူးလှပြီ။ ခုမှ ကျုပ်ဖြင့် မကြုံဖူးဘူး။ ဒါကြောင့် သူ့ကို ဒီလို ပညာပေးစို့လား ဆိုတဲ့ စကားတွဲကိုပြောတာ ကြားရပါပြီ။

တစ်နေ့တော့ မျက်မှန်ကိုင်း ဒုက္ခပေးပြန်တယ်။ အကူအညီတောင်းဖို့ ခပ်ရွံ့ရွံ့ပဲ။ ဒါပေမယ့် နောက်ဆုံးတော့ လီရေ လုပ်ပါဦးလို့ ပြောမိတယ်။ ကိုယ့်ဘာသာလုပ်ကြည့်တာက အကြိမ်ကြိမ်ပါ။ မဖြစ်နိုင်လွန်းလို့ ဒီပြင်လူလည်း လုပ်တတ်မှာမဟုတ်ဘူးလို့ အသံပျော့ပျော့နဲ့ အသနားခံပါတယ်။ သူက ခုထိ ခင်ဗျား သူများကို စေခိုင်းချင်နေသေးတယ်နော်။ အခစားခံရလို့ကို မဝသေးဘူးပေါ့လို့ ဒေါသမျက်စောင်းနဲ့ ပြောသေးတယ်။ ပြောပြီးနောက် စားပွဲတစ်ခုကို ထသွားတယ်။ ကျွန်တော်လည်း ခိုးကိုးရာမဲ့စိတ်မျိုးဝင်ပြီး နံရံကိုသာ ခေါင်းနဲ့ပြေးဆောင့်ချင်စိတ် ဖြစ်နေတယ်။ သူ ပြန်လာပြီး မျက်မှန်ကို ကျွန်တော့်လက်ထဲက ဆွဲယူပြီး ခင်ဗျား ပြုပြင်ဖို့လုပ်တဲ့နေရာမှာ အကူအညီပေးတဲ့သဘောနဲ့ ပြင်ပေးမယ် မှတ်ထားတဲ့။

အနားယူချိန်မှာ စာဖတ်ခန်းသစ်မှာ သွားပြီး အပန်းဖြေမယ်လို့ လာခဲ့တယ်။ ပုဂ္ဂိုအယ်ကိုတွေ့တော့ အမျိုးတွေစိမ်းကားလို့ ညညအိပ်တောင်မပျော်ဘူးလို့ တိုင်မိတယ်။ သူက ထောင်အာဏာပိုင်တွေနဲ့ ဆွေးနွေးကြည့်စမ်းပါလားတဲ့။ ဖြစ်မယ်မထင်ပါဘူးကွယ်။ ဟိုတုန်းက သူတို့ကို ငါက နှိပ်စက်ဖူးလို့ သူတို့ ငါ့ကို မုန်းနေကြတာ သဘာဝကျသားပဲလို့ ပြောလိုက်တယ်။ ပုဂ္ဂိုအယ်က မဟုတ်ဘူး။ ထောင်အာဏာပိုင်တွေက အရင်အာဃာတတွေ မေ့ကြပြီး အစ်ကို့ကို ကူညီရမယ်လို့ သူတို့ကိုပြောထားပါတယ်လို့ ပြောတယ်။ ဒီတော့မှ လီဟာ ခါးခါးသီးသီး ငြင်းပြီးမှ တစ်ခေါက်ပြန်လာပြီး မျက်မှန်ကိုပြင်ဖို့ ယူသွားတဲ့သဘောကို နားလည်ပါတော့တယ်။

ကျွန်တော်ရလေ့ရှိတဲ့ အကူအညီကို နှစ်မျိုးခွဲတယ်။ တစ်မျိုးက လက်တွေ့ အကူအညီ။ ဥပမာ မျက်မှန်ကို ပြင်ပေးတာ၊ အဝတ်စုတ်ချုပ်တာ တစ်ယောက်ယောက်က ပြပေးပြင်ပေး မလုပ်ရင် ကျွန်တော်တစ်နေ့လုံး အဲဒီကိစ္စနဲ့ပဲ အချိန်ကုန်သွားလို့ စုပေါင်းလုပ်ငန်းမှာ ပါဝင်နိုင်တော့မှာမဟုတ်ဘူး။ နောက်တစ်မျိုးက နှုတ်အကူအညီ။ သူများတွေ ကျွန်တော့်ကိုပြောသမျှ ဝေဖန်ချက်ကလည်း အကူပဲပေါ့၊ ထောင်အရာရှိတွေက ကျွန်တော်တို့ဟာ အပြန်အလှန်ဝေဖန်ရမယ်၊ ကိုယ်ဘာသာ ဝေဖန်ရမယ်၊ သဘောအယူအဆချင်း ဖလှယ်ရမယ်လို့ ဆိုထားတယ်မဟုတ်လား။ ဒီအကူအညီမျိုးကို ကျွန်တော်က သူများကို ပေးနိုင်တာ မရှိသလောက်ပါ။ ဒီ အကူအညီမျိုးကို သူများဆီကလည်း တယ်တော့လက်သင့်မခံချင်လှဘူး။ လီက မျက်မှန်ကို ပြင်ပေးတာက ကျွန်တော်ပြုပြင်ရေးမှာ အထောက်အကူဖြစ်ဖို့လို့ ဆိုပေမယ့် ထောင်မှူးက ဝေဖန်မှုနဲ့ တစ်ယောက်တစ်ပြန် အတွေးပြုပြင်ရေးမှာ ကူညီပါလို့ပြောပေမယ့် ဒီလိုကူညီတာနဲ့ ဘယ်လို အတွေးတိုးတက် ပြုပြင်ပြီး ပုံစံသစ်ဖြစ်လာနိုင်မလဲလို့ ကျွန်တော် ဆက်စပ်ကြည့်လို့မရပါ။ သဘောမပေါက်ပါ။ လက်တွေ့ကူတာမှာလည်း ကျွန်တော်ဖျင်းတာကိုပဲ ထင်ရှားအောင်လုပ်သလို ဖြစ်မိတယ်။ သူတို့ကလည်း

ညှုညှုရှုရှု ဆောင့်ဆောင့်အောင့်အောင့် လုပ်ပေးတာ။ ပါးစပ်နဲ့ဝေဖန်တော့ အနာ ဟောင်းကိုဖြပြီး ဆားမွှန်းသလိုပဲ ခံရပါတယ်။ ကျွန်တော့်ကို ဘာအကူအညီမှ မပေး ကြပါနဲ့တော့။

အစိုးရအရာရှိတွေက လူသစ်ဆိုတာ အတွေးကိုလည်း ပြင်တယ်။ ရှေ့ မြော်မြင်ပုံကိုလည်း ပြင်တယ်။ အဲဒီလူကိုပဲ ဆိုလိုတယ်လို့ ကျွန်တော်သိပါတယ်။ ဒါပေမယ့် အရှက်မရှိ မျက်နှာပြောင်တိုက်ရမှာကိုတော့ ထည့်မတွက်ကြတော့ဘူးလား လို့ မေးချင်တယ်။ ကျွန်တော်က မျက်နှာအောက်ချပြီး လူပုံအလယ်ကို သွားတယ်ပဲထား ပါတော့။ ဆွေမျိုးတွေဆီကို သွားတယ်ပဲ ဆိုပါတော့။ သူတို့က လက်သင့်ခံကြမှာ တဲ့လား။ နှင်မထုတ်ကြပေဘူးလား။ ကန်မပစ်ကြတော့ဘူးလား။ ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့အစိုးရက မသတ်ဘူးထား။ အပေါင်းအသင်းလုပ်မယ့်လူ ရှိဦးမလား။ အရိုက်အနှက် မခံရပေမယ့် မျက်ခွက်ကို တံတွေးနဲ့ထွီခနဲ ထွေးသွားရင်ကော။

ထောင်အာဏာပိုင်တွေက အတွေးပြုပြင်ဖို့ ပြောတဲ့အခါတိုင်း လူတစ်ယောက် ပြုမူပုံဟာ သူတို့ယုံကြည်တဲ့ ဝါဒတစ်ခုခုက ထောက်ခံ အားပေးနေတာဖြစ်လို့ ကျူးလွန်မှုတစ်ခုကိုတွေ့ရင် ဒီအမှုလုပ်သူရဲ့ အခြေအမြစ် အယူဝါဒကို ဆန်းစစ်ဖို့ အင်မတန်လိုတယ်။ ဒါမှ ဒီလူဟာ ဒီအမှားမျိုး နောက်ထပ် ဘယ်လိုမှ လုပ်မရတော့ဘူး လို့ စွဲစွဲမြဲမြဲ ယုံထားပြီးပါပြီ။ တရုတ်နိုင်ငံသစ်ရဲ့ ပြည်သူတွေက ကျွန်တော့်ကို သည်းခံပြီး အသက်ရှင်နေခွင့်ပေးရင် ကျွန်တော်ကလည်း အရင်အမှားမျိုး နောက် မလုပ်ဖူးလို့ အာမခံနိုင်ပါတယ်။ ဒီလိုဆိုရင် ကျွန်တော့်အတွေးကို ဆန်းစစ်ဖို့လို သေးသလား။

ကျွန်တော့်အထင်တော့ ကျွန်တော်လူသစ်ဖြစ်လာဖို့ ကျွန်တော်ကိုယ်တိုင် ပေါ်မှာထက် ပတ်ဝန်းကျင်လူတွေပေါ်မှာ ပိုပြီးတည်တယ်။ ဆိုလိုတာက သူတို့ ကျွန်တော့်ကို ဘယ်လိုဆက်ဆံကြမလဲ။ ထောင်မှူးအပြောက ကျွန်တော်တို့ ကောင်း ကောင်းပြုပြင်ပြီးကြမယ်ဆိုရင် ပြည်သူက ညှာမှာပဲတဲ့။ ကိုယ့်ဘာသာကိုယ်ကြိုးစား ပြီး ပုံသစ်လောင်းဖို့ ငြင်းဆန်တာကိုတော့ သည်းခံလိမ့်မယ်မဟုတ်ဘူးတဲ့။ အမှန်က ဒါကြောင့် ကိုယ့်ကိုယ်တိုင် ကြိုးစားဖို့ လိုတာပေါ့ဗျာ။ ဒါကို အစက နားမလည်၊ သဘောမပေါက်ဘူး။ ရက်ရှည်လများ စိတ်မချမ်းမသာဖြစ်ရပြီးမှ အတွေ့အကြုံကလေး တစ်ခုရတယ်။ ဒီတော့မှ သဘောပေါက်စ နားလည်စ ပြုပါတယ်။

## ကိုယ်ကိုယ်တိုင် လုပ်ချင်မှ

ထုံးစံအတိုင်း တနင်္ဂနွေနေ့မို့ အဝတ်လျှော်ဖွပ်ပါတယ်။ လျှော်ဖွပ်ပြီးတော့ အနားယူ အပန်းဖြေချိန်ရောက်ပြီမို့ စာဖတ်ခန်းသွားပြီး စာဖတ်ရင်း အနားယူဖို့ကြံ ပါတယ်။ ကျွန်တော် ထိုင်ရုံရှိသေး။ အပြင်မှာ စကားပြောသံတွေ ကြားရပါတယ်။

တင်းနစ်ကစားချင်တယ်ဗျာ၊ ခင်ဗျားတို့အထဲက ကစားတတ်တဲ့လူ မပါဘူးလားလို့ တစ်ယောက်က မေးပါတယ်။ ပုယီ ကစားတတ်တယ်လေ။ သူ့မေးကြည့်ပေါ့လို့ ဖြေတယ်။ ဟာ ပုယီက ကစားချင်တယ်ဆိုတောင် အားမှာ မဟုတ်ဘူးဗျ။ သူ့အဝတ်လျှော်ရတာက နောက်ထပ် ဘယ်နှနာရီကြာဦးမှာမှ မသိပဲလို့ဆိုတော့၊ မဟုတ်ဘူး။ မင်းမသိလို့ အခု တော်တော်မြန်လာပြီလို့ ပြောပေမယ့်လည်း ငါ မယုံပါဘူးကွာလို့ နောက်ဆုံးပိတ် ပြောသံကြားပါတယ်။

ကျွန်တော် စိတ်ဆိုးမိတယ်။ အဝတ်ကို မြန်မြန် လျှော်တတ်လို့ အခုပဲ စာဖတ်ခန်းကို ရောက်နေပြီမဟုတ်လား။ ဒါပေမယ့် မယုံကြဘူး။ သဘောက ကျွန်တော့်မှာ တိုးတက်နိုင်တဲ့ အရည်အသွေးကို အစကတည်းက မပါလာဘူးလို့ပဲ သူတို့ ယူဆထားဟန်တူတယ်။ ဒီတော့ အဝတ်လျှော်ပြီးပြီဟေ့ဆိုတာ ပြချင်တာနဲ့ တင်းနစ် ကစားဖို့ သိပ်ပြီးအားမသန်ပေမယ့် ပြဦးမှာပဲဆိုပြီး ရက်ကက်ကိုင်ပြီး ကွင်းထဲ ထွက်ခဲ့ပါတယ်။ စောစောက လူတွေကိုတော့ မတွေ့ရပါ။ ဒါပေမယ့် ကစားမယ့်အဖော်တွေ့တာနဲ့ အားရပါးရ ချွေးထွက်လာတဲ့အထိ ကစားလိုက်တယ်။ ဝိုင်းအုံကြည့်တဲ့ လူတွေ ပေါ်လာတယ်။

ကစားပြီးလို့ ရေငုတ်မှာ လက်သွားဆေးတော့ ထောင်မှူးနဲ့ တိုးနေပါတယ်။ သူလဲ တနင်္ဂနွေနေ့ဆိုရင် ထောင်ထဲမှာပဲ လှည့်ပတ်ရောနှောနေတတ်တယ်။ သူက ပုယီ ခင်ဗျား ကနေ့ တိုးတက်တယ်ဗျလို့ ပြောလိုက်တော့ ကျွန်တော်လည်း ကျေနပ်မိပါတယ်။ ဒါပေမယ့်ဗျာ ကျွန်တော်မကစားတာကြာပြီဗျလို့ပြောတော့ အဲဒါ မဟုတ်ပေါင်ဗျာ။ ဟိုဟာကို ပြောတာလို့ဆိုပြီး ကျွန်တော့်အဝတ်တန်းကို လက်ညှိုးထိုးပြတယ်။ သူများလိုပဲ မြန်မြန်လျှော်တတ်ဖွပ်တတ်ရင် သူများနဲ့တန်းတူ အနားယူချိန်ရလာတာပေါ့ဗျာ။ ကျွန်တော်က ခေါင်းညိတ်လိုက်ပြီး သူနဲ့အတူ ဝင်းထဲပတ်ပြီး လမ်းလျှောက်ထွက်လာကြပါတယ်။ စောစောပိုင်းက ခင်ဗျားအလုပ်နှေးလို့ သူများလို နားချိန်ပြည့်ပြည့် မရခဲ့ဖူး။ သူများနဲ့မတူဘူးလို့ဆိုတာ ထင်ရှားနေတယ်။ ခင်ဗျားကလည်း အဲဒါကို ဘယ်လက်ခံချင်မလဲ။ အခု သူများနဲ့တန်းတူ ဖြစ်ပြီ။ အဝတ်လျှော်တဲ့နေရာမှာလည်း အခက်အခဲ မရှိတော့လို့ ပျော်နိုင်ပြီ မဟုတ်လား။ အဲဒါ ဘာပြသလဲဆိုတော့ ပြဿနာပေါ်တိုင်း အခရာက ခင်ဗျားပဲ။ သူများက ငါ့ကို ဘယ်လိုဆက်ဆံမလဲဆိုပြီး ကြောင့်ကြစရာ ဘာမှမရှိဘူး။

တစ်အောင့်လောက်နားနေပြီး သူကဆက်ပြီး ပြောပြန်တယ်။ ဒုတိယကမ္ဘာစစ်ဖြစ်လိုက်တာနဲ့ ခင်ဗျားအစက ဧကရာဇ်ဟာ အခု အကျဉ်းသမားဖြစ်နေရပြီ။ အခု လောလောဆယ်မှာပဲ ခင်ဗျားခေါင်းထဲမှာ တိုက်ပွဲဖြစ်နေတယ်။ ဧကရာဇ်ကို သာမန် လုပ်သားတစ်ယောက်ဖြစ်အောင် ပြောင်းတဲ့တိုက်ပွဲပေါ့။ ဧကရာဇ်အစစ်ဟာ ဘယ်လိုဆိုတော့ သိခဲ့ပြီမဟုတ်လား။ အခုတိုက်နေတဲ့စစ်ဟာ မပြီးသေးဘူးဆိုရမယ်။ ဘာပြုလို့လဲဆိုတော့ ခင်ဗျားဟာ သူများနဲ့တန်းတူလို့ လက်မခံသေးဘူး။ ကိုယ့်ကိုယ်

ကိုကိုယ် ခုထက်ပိုပြီး နားလည်ဖို့ လိုသေးသဗျလို့ ပြောလိုက်ပါတယ်။

သူ ပြောလိုက်တာကို အချိန်အကြာကြီးပဲ ကျွန်တော် ပြန်စဉ်းစားပါတယ်။ ပြဿနာတိုင်းမှာ ကိုယ်ကိုယ်တိုင်က အခရာပဲလို့လက်ခံပါပြီ။ ဒါပေမယ့် ကေရာဇ်ဂိုက်ပေးနေသေးတယ်လို့ စွပ်စွဲတာတော့ တယ်နားမလည်ဘူး။ ဒါပေမယ့် ဘဝထဲက ဒီအသိကို ဖော်ထုတ်လိုက်ပါတယ်။

အမှိုက်တွေ သွားကျုံးပြီး ကျွန်တော်တို့အစု အခန်းပြန်ရောက်တော့နေ့စဉ် နေထိုင်ပုံကို တာဝန်ရှိလို့ လေ့လာရေး ကော်မတီဝင်တွေက ခင်ဗျား ရေငုတ်မှာ ရေဖွင့်ဆေးပြီး ပိုက်ခေါင်းကို ပြန်ပိတ်မသွားလို့ ရေတွေအလဟဿ ဖြစ်ရတယ်။ နောက် ဒီလိုတာဝန်မဲ့ မလုပ်ပါနဲ့လို့ သတိပေးတယ်။

လီကချက်ချင်းထောက်ပြီး ရေငုတ်မှာ နောက်ဆုံးလူဟာ ခင်ဗျားပဲမဟုတ်လားလို့ ကျွန်တော့်ကို မေးပါတယ်။ ဟုတ်ကြောင်းဝန်ခံလိုက်တော့အဲဒါပဲ ခင်ဗျား ကေရာဇ်ဂိုက်ပေးတုန်းလို့ ပြောတာပေါ့။ ရေကို သူများက ဖွင့်ပေးမှ ပိတ်ပေးမှဆိုတာ ကေရာဇ်ဗျ။ ရှေးရှေးတုန်းက တံခါးကို ခင်ဗျား ဘယ်တုန်းက ကိုယ့်ဘာသာဖွင့်ရမလဲလို့။ တစ်ယောက်ယောက်က ဖွင့်ထွက်တဲ့တံခါးကို ပြန်ပိတ်ခဲ့ပြီးမှ လိုရာခရီးကို ဆက်သွားရတယ်လို့နားမလည်သေးဘူး။ တံခါးကို အပွင့်လိုက် ထားခဲ့သေးတယ်။ ကေရာဇ်အပြုအမူ မကုန်သေးဘူးလို့ ဒါကြောင့် ပြောနေကြတာပေါ့တဲ့။ အဘိုးကြီးယွန်ကဝင်ပြီး အဲဟုတ်ပြီ။ အခုမှ နားလည်တော့တယ်။ အခု တံခါးဖွင့်တော့လည်း တံခါးအဖုတံကို သတင်းစာစက္ကူခံပြီးမှ ကိုင်ဖွင့်တယ်ဗျ။ အဲဒါ ဘာပြုလို့ လုပ်သလဲ။ ခင်ဗျားကိုယ်တိုင် ပြောစမ်းပါဦးတဲ့။ တံခါးတံက ညစ်ပတ်လို့ သူ့အသားနဲ့ မထိချင်ဘူးဆိုတဲ့ သဘောပေါ့ဗျလို့ လီက ဝင်ပြောတယ်။ လူတကာကိုင်နေတာ ညစ်ပတ်နေမှာပဲ မဟုတ်လားလို့ ကျွန်တော်ကဖြေပါတယ်။ အဲဒီအခါမှာ ဝေဖန်ချက်တွေ မိုးပြိုသလို ပြိုကျလာပါတော့တယ်။ ခင်ဗျားတစ်ယောက်တည်းက သူများထက်ထူးပြီး ဒါလောက်ရွံတတ်နေရသလဲ။ ခင်ဗျားက တံခါးတံကို ရွံတာလား။ လူတွေကို ရွံတာလား။ ခင်ဗျားက သူများထက် တစ်ထွာတစ်မိုက် သာတယ်လို့ ထင်နေသေးတာပဲ မဟုတ်လား။ ကျွန်တော်တို့တစ်တွေကိုတော့ ခင်ဗျားထက် အဆင့်နိမ့်တယ်လို့ အခုထက်ထိ ယူဆနေတုန်းပဲ မဟုတ်လားတဲ့။

ဒီလို မတွေးမကြံရပါဘူးလို့ ကျွန်တော်ကလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုလည်း စိတ်မချဘူး။ သူ့ကို ပြောတဲ့အတိုင်းများ ဖြစ်နေမလား။ ဒီ အတွေးမျိုးရှိနေမလား။ ဒီတော့ လူတစ်ယောက်က ဝင်ပြီး ဒီလို ပြောတယ်။ ရေကန်ထဲဆင်းပြီး ရေချိုးတဲ့နေရာမှာ သူဟာ သူများတွေ အရင်ရောက်အောင်သွားပြီ ချိုးနှင့်တယ်။ သူများတွေလည်း ကန်ထဲဆင်းရော သူလဲ တက်ရောတဲ့။ နောက်တစ်ယောက်က ဆိုဗီယက်ယူနီယံမှာနေကြတုန်းက ဂျီအပ်ဗီ စားတဲ့အခါ ပထမဆုံးကို ကျွန်တော်ယူတယ်လို့ ထောက်ခံပါတယ်။ ဒီတော့ လီဟာ

ကျွန်တော့်ကို ကေရာဇ်စိတ် မကုန်သေးဘူးလို့ ဝေဖန်တာ မှန်ပါတယ်လို့ ကျွန်တော် ဝန်ခံရပါတော့တယ်။

ကနေ့ ပြန်ပြီးကြည့်မယ်ဆိုရင် လီဟာ နည်းနည်းကြမ်းပေမဲ့ ကျွန်တော့် ဆရာအစစ်ပါပဲ။ သူက ဘယ်လို စိတ်ထားနဲ့ ပြောပြော ကျွန်တော့်မှာ ကိုယ့်ဘာသာ မမြင်နိုင်တဲ့ အချက်ကို သူအမြဲဖော်ထုတ်နိုင်တယ်။ နောက်ဆုံးကျတော့မှ ဒီဒုက္ခတွေဟာ ငါ့မှာဖြစ်တာ ငါ့ညံ့လို့ပဲ သူများကို အပြစ်တင်စရာမရှိ။ ငါ့ကိုယ်ငါပဲ အပြစ်တင်ရမယ်လို့ နားလည်လာပါတော့တယ်။

တစ်ခါက သွားတိုက်ရင်း ကြမ်းပေါ်မှာ အရေဖိတ်တာကို ကောင်းကောင်း မတိုက်မဆေးဘဲ ခြေနဲ့နင်းပြီး ပွတ်လိုက်မိပါတယ်။ တယ်မကြာဘူး အခန်းသန့်ရှင်း ရေး အစုလိုက် ပြိုင်ပွဲလုပ်တော့ ကျွန်တော့်ကြောင့်ဖြစ်တဲ့ ကြမ်းက အစွန်းအကွက် ကြောင့် ကျွန်တော်တို့အစု အမှတ်အများကြီး အဖြတ်ခံရတယ်။ လီက အဝတ်စုတ် ယူလာပြီး ဘာပြုလို့ အဝတ်နဲ့ မတိုက်သလဲလို့ မေးပါတယ်။ ဒါလောက် အရေးကြီး မယ် မထင်လို့ပေါ့လို့ ဖြေတဲ့အခါ သူက ကျွန်တော်ဟာ အင်မတန်တစ်ကိုယ်ကောင်း ဆန်တယ်လို့ စွပ်စွဲပြီးတော့ အခွင့်အရေးကိုပဲခံစားချင်ပြီး တာဝန်မယူတတ်တဲ့ လူစား လို့ ဆိုပြန်တယ်။ ပြီးတော့ သူတိုက်မယ်လို့ ယူဆတဲ့ အဝတ်စုတ်ကို ကြမ်းပေါ် ပစ်ချပြီး ရော့ ဒါနဲ့တိုက်လို့ ခိုင်းတယ်။ ကျွန်တော်လည်း ခိုင်းတဲ့အတိုင်း လုပ်ပါ တယ်။

အမေရိကန်တွေဟာ ကိုရီးယားနဲ့ အရှေ့မြောက်မှာ ရောဂါပိုးတွေ သုံးတယ် လို့ စတင်တွေ့ရှိချိန်က တိုင်းပြည်အနှံ့အပြား ကျန်းမာရေးတိုက်ပွဲတွေ လုပ်ကြပါ တယ်။ ထောင်ထဲမှာလည်း ကန့်သတ်ထားတဲ့ အချိန်တွေမှာ ရောဂါပိုး သုတ်သင်ရေး လုပ်ရပါတယ်။ အဲဒီအခါမှာ ကျွန်တော်မမေ့နိုင်တဲ့ အဖြစ်အပျက်တွေကတော့ ယင် ကောင်သတ်ပွဲတွေပါပဲ။

တစ်နေ့ လီက ယင်သတ်တဲ့ ကပ်သစ်ကလေးတွေယူလာပြီး ယင်ရိုက်ဖို့ ပြောတယ်။ အလုအယက် ကပ်ကလေးတွေ ယူလိုက်ကြလို့ လူစေ့တောင်မရဘူး။ ကျွန်တော်ကတော့ မတောင်းဘဲနေပါတယ်။ ဂေါ်က တမင် ကပ်တစ်ခု ဖယ်ထားပြီး ကျွန်တော့်ကို ပေးပါတယ်။ ယင်ကပ်ကို တစ်သက်မှာ ဒီတစ်ခါပဲ ကိုင်ဖူးတယ်။ ကျွန်တော့်တစ်သက်မှာ ယင်တစ်ကောင်မှ မသတ်ဖူးပြန်တော့ စိတ်ထဲမှာ တစ်မျိုး ဖြစ်နေပါတယ်။

ထောင်ထဲမှာ ယင် အင်မတန်နည်းပါတယ်။ **"မန်ကျူကော"**ရဲ့ မြို့တော်သစ် နဲ့ နှိုင်းပြောရရင် ယင်းမျိုးပြတ်နေပြီလို့တောင် ပြောနိုင်မယ်ထင်တယ်။ ကျွန်တော်လည်း ယင်တစ်ကောင် မတွေ့တွေ့အောင်တော့ ပထမလိုက်ရှာတယ်။ ဖွင့်ထားတဲ့ ပြတင်း ပေါက်ဘောင်မှာ နားနေတဲ့ တစ်ကောင်ကိုတွေ့တော့ ယပ်နဲ့ယမ်းပြီး အပြင်ကို မောင်းထုတ်လိုက်ပါတယ်။

ဒါက ဘာလုပ်တာလဲလို့ လီက ကျွန်တော့်နောက်နားက အော်လိုက်ပါတယ်။ ယင်ကို သတ်တာလား။ အသက်ကယ်ဆယ်ရေး လုပ်တာလားလို့လည်း ဆက်မေးတယ်။ သူများကြားရင် ရယ်စရာလောက်ပဲ ထင်ကြမယ်။ ဒါပေမယ့် လီဟာ တမင်ဖော်ထုတ်ချင်စရာတစ်ခုရှိနေလို့ အကွက်တစ်ခုရအောင် စောင့်နေတာလို့ ကျွန်တော်သိပါပြီ။ ကျွန်တော်လည်း ရှက်ပြီး အသံထွက်အောင် ကြိုးစားပြီး အသက်ကယ်တာမဟုတ်ရပါဘူးလို့ ဖြေတယ်။ တကယ်ကတော့ ဘာပြုလို့ ယင်ကို ငါ ရိုက်မသတ်လိုက်ပါလိမ့်လို့ စိတ်ထဲမှာ ဖြစ်နေပါတယ်။ ခင်ဗျားမသတ်ရဲတာဟာ ခင်ဗျားစိတ်ထဲမှာ ဝင်္ဌလိုက်ခံရမှာစိုးလို့ မဟုတ်လား။ ဟုတ်သလား မဟုတ်ဘူးလားလို့ ဆင့်ပြီးဒေါသနဲ့ မေးပါတယ်။ ကျွန်တော်လည်း ကိုယ့်အပြစ်ကို ကိုယ်သိပေမယ့် ရဲရဲတိုးလေမှပဲလို့ စိတ်မှာဖြစ်တာနဲ့ မင်း ဘာကိုဆိုလိုသလဲ။ ယင်ဟာ ပျံတတ်တဲ့အကောင် ပျံသွားပြီ။ အဲဒီလိုပဲ ဖြေလိုက်တယ်။ ခင်ဗျား မလိမ်ပဲပြော၊ ကိုယ့်ဘာသာပြန်စဉ်းစားဗျာလို့ သူက ပြောတယ်။

ညနေ ဝေဖန်ရေးပွဲကျတော့ ပထမ ဒီကိစ္စကို ဘယ်သူမှ စမလာဘူး။ ပြီးတော့မှ လီက ကျနိုင်ကျန်မှာ နေစဉ်က၊ ကျွန်တော်က ယင်မသတ်ရဘူး အမိန့်ထုတ်ပုံ၊ ကြောင်ကိုက်ထားတဲ့ ကြွက်ကိုတောင်လိုက်ပြီး ကယ်ဆယ်ခိုင်းပုံတွေကို ပြောပြတော့ လူတိုင်း အားရပါးရရယ်ကြပြီး၊ ကျွန်တော့်ကို အယူသီးတဲ့လူဆိုပြီး ဝိုင်းဝေဖန်ကြတယ်။ သူတို့ပြောတာမှန်တယ်။ ဒါပေမယ့် ကျွန်တော်က အယူမသီးပါဘူးဗျာ။ မနှစ်က ကျွန်တော် ယင်ကောင်သတ်တာ ခင်ဗျားတို့ အမြင်ပါလို့ ဖြေမိတယ်။

အဘိုးကြီးယွန်ဟာ သရော်လက်စ မအောင့်နိုင်တော့တဲ့အနေနဲ့ ဟုတ်ပဗျာ။ ခင်ဗျား သတိပေးတာနဲ့ ကျွန်တော်အမှတ်တရ ပြောရဦးမယ်။ ခင်ဗျားက လက်ခတ်ယပ်ကို သူများပေးထားပြီး ခင်ဗျားကိုယ်တိုင်က သတင်းစာကြီး ဖြန့်ကိုင်ပြီး ယင်တွေလန့်ပြေးအောင် ယပ်ပစ်လိုက်တယ် မဟုတ်လားလို့ ပြောတယ်။ ရယ်သံဟာလည်း တော်တော်နဲ့ မစဲပါ။ လီက မျက်နှာတည်တည်နဲ့ တခြားလူတွေအသက် ကယ်တယ်ဆိုရင် ဘာကိုရည်ရွယ်သလဲလို့ ကျွန်တော်မပြောတတ်ဘူး။ ဒါပေမယ့် သူ့လုပ်ပုံကတော့ တစ်ဖက်သတ် တစ်ကိုယ်ကောင်းဆန်တာပဲလို့ ကျွန်တော်သိတယ်။ ဗုဒ္ဓရဲ့ စောင့်ရှောက်မ,စတာကို လိုချင်လို့ပဲ မဟုတ်လား။ သူများတွေသေလို့ ခင်ဗျားမှာ ဘာမှအကြောင်းမထူးဘူး။ ခင်ဗျားမသေဖို့ပဲ အရေးကြီးတယ်ဆိုတဲ့ အတွေးပဲ ထားတယ်မဟုတ်လား။ ဒီကမ္ဘာမြေပေါ်မှာ ခင်ဗျားလိုတန်ဖိုးရှိတဲ့လူ မရှိ။ ခင်ဗျားပဲ အဖိုးတန်ဆုံးလို့ ယူဆတယ် မဟုတ်လားလို့ မေးပါတယ်။ ဒါက ကဲမို့ပြောတာပါလို့ ကျွန်တော်က ကန့်ကွက်တယ်။ ဒီတော့ အဘိုးကြီး ယွန်က ဟော့၊ ပုယီဟာ သူ့ကိုယ်သူ နှိမ့်ချတဲ့ အခါလည်း ရှိပါသေးတယ်ကွာလို့ ပြောတော့၊ ကျွန်တော်ကလည်း လိုက်ပြီး ဟုတ်ပါတယ်ဗျာ။ ခင်ဗျားတို့တွေထက် ကျွန်တော် မြင့်မြတ်တယ်လို့ မထင်တာ အမှန်ပါလို့

ပြောမိတယ်။ ဒါလည်း မှန်တယ်။ တစ်ခါတလေ နှိမ့်ချစိတ်ဝင်မယ်။ ဒါပေမယ့် ဘဝင်မြင့်သွားတဲ့ အလှည့်လည်း ကျန်နေသေးတယ်။ ဘာပြုလို့ ဒီလို အတတ်အကျ ဖြစ်နေရသေးတယ်လို့ ကျွန်တော်လည်း မတွေးတတ်အောင် ဖြစ်ရတယ်လို့ လီက နိဂုံးသတ်လိုက်တယ်။

နောက်တော့ တဖြည်းဖြည်း ကျွန်တော့်လည်း နားလည်စပြုပါတယ်။ အနှစ်လေးဆယ် အင်မတန်မြင့်မြတ်သူအဖြစ်နဲ့ နေခဲ့ရပြီးမှ ဖြုန်းခနဲ ဆွဲအချခံရတယ်ဆိုတော့၊ သူများနဲ့ မရောနှောတတ်တာတို့၊ စိတ်တိုတာတို့၊ ရန်ညှိုးသိုတာတို့ ဖြစ်တယ်လို့ ဆိုရမယ်။ တစ်ဖက်က အတွေ့အကြုံမှာတော့ သူများလို အပေါက်တဲ့အောင် ဘာတစ်ခုမှ မလုပ်တတ်လို့ စိတ်ဓာတ်ကျတယ်။ ရှုံမှုန်းတဲ့စိတ်တွေ၊ ကိုယ့်ကိုယ်ကို မသတီတဲ့ စိတ်တွေ၊ သိပ်ပြီး စိတ်ဆင်းရဲပူပန်မှုတွေ ဖြစ်လာပါတယ်။ အချုပ်က ဧကရာဇ်လေးရဲ့ဟန် မရှိတော့မယ့် ကိုယ့်အကြိုက် မကြိုက်စံထားတာမျိုး ကျန်နေပါသေးတယ်။ အဲဒီစံမျိုးနဲ့ လူတစ်ဖက်သားကို အဖိုးဖြတ်လို့ မရမှန်း နောက်မှ သိပါတယ်။ လီနဲ့ တစ်ခန်းထဲနေပြီး ဒါကို မသိခင်က ထောင်မှူးပြောသမျှပဲ ပြင်တယ်။ သူတကာနဲ့ ဆက်ဆံတဲ့အခါ ကိုယ်နဲ့တန်းတူလို့ သူ့များကို သဘောမထားတတ်တဲ့အတွက် သူများကလည်း မကျေမနပ်ဖြစ်ပြီး သူတို့နဲ့တန်းတူလို့တောင် သူတို့မထင်ပဲ ကျွန်တော့်အပေါ်မှာ လေးစားချင်စိတ် ပျောက်ကုန်တယ်။ ပြည်သူတွေက သက်ညှာတာကို တွေ့ကြုံရပြီး အဲဒီပြည်သူတွေကို ကျွန်တော့်အတိုင်းအတာနဲ့သွားပြီး တိုင်းလို့ မရပါလားလို့ သိလာတဲ့အခါမှာမှ ကိုယ်လည်း အမှန် ဘယ်လိုလူဆိုတာ သိလာပါတယ်။

## ဘာပြုလို့ ဒါလောက် သဘောထားကြီးနိုင်သလဲ

တရုတ်နှစ်သက်ကူးပြီးစ ၁၉၅၆ခုနှစ်မှာ ထောင်မှူးက အမျိုးသားစီးပွားရေး တိုးတက်ပုံ ပြောပြပြီးတော့ ဒီလိုဆက်ပြီး ကြေညာပါတယ်။

ပထမ ငါးနှစ်စီမံကိန်းနဲ့ စိုက်ပျိုးရေးသမဝါယမဆိုင်ရာ မှတ်တမ်းတွေ၊ လက်မှုပညာနဲ့ ပုဂ္ဂလိကပိုင်စက်မှုနဲ့ ရောင်းဝယ်ရေးတွေကို ဆိုရှယ်လစ် အသွင်ပြောင်းရေးဆိုင်ရာမှတ်တမ်းတွေကို ခင်ဗျားတို့ လေ့လာပြီးကြပြီ။ မြို့ကြီးတချို့မှာ နိုင်ငံနဲ့ ပုဂ္ဂလိကဖက်စပ်လုပ်ငန်းကြီးတွေ ပေါ်လာပုံကိုလည်း သတင်းစာတွေထဲကဖတ်ရလို့ ခင်ဗျားတို့ သိပြီးဖြစ်တယ်။ ဒါပေမယ့် အခုအထိ ဆိုရှယ်လစ်လောကထူထောင်ရေးကို ခင်ဗျားတို့ စာတွေ့ပဲရှိသေးတယ်။ စာတွေ့နဲ့ တကယ်ဖြစ်ပျက်ပုံကို ဆက်စပ်ကြည့်နိုင်အောင် ကျေးရွာတွေရဲ့ အခုလက်ငင်းအခြေအနေကို ခင်ဗျားတို့ မျက်စိနဲ့ တပ်အပ်မြင်ဖူးဖို့လိုမယ်။ ဒါကြောင့် မကြာခင်အပြင်ကို လေ့လာရေးထွက်ကြဖို့ အစိုးရ

က စီစဉ်နေပါတယ်။ ဖူရှန်ကို ပထမလေ့လာရမယ်။ ပြီးမှ တခြားမြို့တွေ သွားရမယ်။

အဲဒီနေ့က ထောင်ထဲမှာ ပတ်ဝန်းကျင်အခြေအနေဟာ ခါတိုင်းထက် သာယာတယ်လို့ ထင်လာမိတယ်။ အကျဉ်းသားတချို့က ဒီလိုလုပ်တာဟာ မကြာခင် အပြီးလွှတ်လိုက်ဖို့ရဲ့ လမ်းစဖြစ်တယ်လို့ အဓိပ္ပာယ်ကောက်ပြီး ပျော်တယ်။ ကျွန်တော်ကတော့ သူတို့လို မတွေးဘူး။ သူ့တို့လွှတ်တောင် ကျွန်တော် ကျန်ရစ်မယ်လို့ ထင်ထားတယ်မဟုတ်လား။ လူပုံအလယ်မှာ ကျွန်တော့်မျက်နှာကြီး ပြရမှာတောင် လန့်သေးတော့တယ်။ အဲဒီနေ့ညမှာပဲ ကျွန်တော်တွေးနေတဲ့ ပြဿနာကိုပဲ နောက်တစ်ယောက်က ဖွင့်ပြောတာကြားရပါပြီ။ ပြည်သူက တို့များမျက်နှာကြီးတွေ မြင်ကြတဲ့အခါ ဘာလုပ်ကြမယ် ထင်သလဲတဲ့။ အစိုးရဖက်က စောင့်ကြပ်ပြီး သွားမှာမို့ ဘာမှမဖြစ်ဘူး၊ စိတ်ချလို့ တစ်ယောက်က ဖြေပါတယ်။ အစောင့်အကြပ်မပါပဲ လွှတ်မှာမှ မဟုတ်ဘဲဟာကို။ ငါ မထင်ဘူးလို့ အဘိုးကြီးဖူဆိုတဲ့ "မန်ကျူကော" စိုက်ပျိုးရေးဝန်ကြီးကပြောတယ်။ လူထုကို စိတ်ဆိုးအောင် နှိုးဆွလိုက်ရင် အထိန်းရ တကယ်ခက်မယ်လို့ သူက တွက်တယ်။ ငါ အစိုးရအရာရှိ လုပ်ဖူးပါတယ်ကွယ်။ တကယ်အုံကြွလာတဲ့ လူအုပ်ကြီးကို ရင်ဆိုင်ဖူးပါတယ်။ လူထုက အတင်းတောင်းလာရင် ဟုတ်ဟုတ်မဟုတ်ဟုတ် အစိုးရဟာ တောင်းဆိုတဲ့အတိုင်း လုပ်ရရောကွဲ့လို့ ဆက်ပြောပြန်တယ်။ မစိုးရိမ်ပါနဲ့ဗျာ။ အစိုးရက တလွဲတချော်မဖြစ်အောင် စမ်းသပ်လို့ သေချာမှ ခိုင်းမှာပါလို့ ဖြေတဲ့လူကဖြေပါတယ်။

ကျွန်တော်တို့အခန်း လေ့လာရေးအဖွဲ့ခေါင်းဆောင်သစ်ဟာ ဝေါင်ကျိန်ငွေ့ ရုပ်သေးအစိုးရရဲ့ အမှုထမ်းတစ်ဦးဖြစ်ခဲ့တဲ့လူပါ။ သူကလာပြီး ကျွန်တော်တို့တစ်ဦးဆီကို ဘယ်သူဘယ်ဝါရယ်လို့တော့ အစိုးရက ပြောပြမှာ ဟုတ်ပါဘူးလို့ ထင်တယ်တဲ့။ အဘိုးကြီးယွန်က ရယ်ပြီး မပြောလည်း သိကြမှာပါဗျာလို့ဆိုတယ်။ ဆိုပါတော့ဗျာ ဒီက အရှေ့မြောက်သားတွေက ခင်ဗျားကိုတော့ မသိဘူး။ ဒါပေမယ့် ဒီအုပ်ထဲက တစ်ယောက်ကိုတော့ ကျိန်းသေသိသွားမှာပဲ။ ဒီလိုသိရင် ဒီတစ်အုပ်လုံး ဘာကောင်တွေဆိုတာ သိပြီပေါ့တဲ့။

ကျွန်တော့်ဓာတ်ပုံကြီးတွေကို အရှေ့မြောက်မှာ အိမ်တိုင်းရုံးတိုင်း ချိတ်ဆွဲခဲ့ကြရပြီး ဓာတ်ပုံရှေ့ဖြတ်သွားတိုင်း ဦးညွှတ်ခဲ့ကြရလို့ ကျွန်တော်ကို မှတ်မိဖို့ အလွယ်ဆုံး ဖြစ်မယ်။ ကျွန်တော့်ကို မြင်ကြတဲ့အခါ ဒေါသတွေ ဆူပွက်လာပြီး လူထုခုံရုံးတင်ပါလို့ ဝိုင်းပြီးတောင်းဆိုကြရင် အစိုးရက ဘယ်လိုတားမလဲ။ အဘိုးကြီးဖူပြောသလို အစိုးရဟာ လူထုတောင်းဆိုတာကို မလိုက်လျောဘဲ နေမတဲ့လား။

အဲဒီရက်ပိုင်းက ပြည်သူလူထုကို လုံးဝ ပညာဗဟုသုတမရှိတဲ့ အရိုင်းအစိုင်းတွေလို့ပဲ ကျွန်တော် ယူဆနေပါသေးတယ်။ သူတို့ အင်မတန်မုန်းတဲ့ရန်သူ(ကျွန်တော်) ကို ဘယ်လက်လွှတ်ခံမလဲ။ အစိုးရက ဘာပြောပြော၊ ပါတီက ဘာလမ်းစဉ်ပဲ

သတ်မှတ်သတ်မှတ် သူတို့ကပါလိုက်ပြီး သက်ညှာမယ်။ ပုံသစ်လောင်းတာကို သဘောတူမယ် မထင်။ ရက်ရက်စက်စက် သတ်ဖြတ်ချင်တယ်။ အဲဒါကို ဇွတ်တောင်းလာရင် အစိုးရလည်း တားနိုင်မယ်မထင်ဘူး။ တကယ်က အစိုးရဟာ ပြည်သူ့ယဇ်ပလ္လင်မှာ ကျွန်တော့်ကို "ယစ်ပူဇော်"ဖို့ပဲ ရှိမယ်။ ဒါမှ အစိုးရ နာမည်ရလာမယ်ပေါ့။ ဒီအထင်တွေဟာ သိပ်မှားပါတယ်။

ဒီလို အပြင်ထွက်ရတဲ့အခါမှာ အင်မတန်အံ့ဩစရာတွေကို နောက်တစ်ပိုဒ်မှ ပြောပါရစေ။ အခုတော့ အံ့စရာလူတွေနဲ့တွေ့ပုံဘဲ ပြောမယ်။

ပထမပြောချင်တာက သာမန်အမျိုးသမီးငယ်တစ်ယောက် အကြောင်းပါပဲ။ ဖူရှန်သတ္တုတွင်း ပိန်င်တိန်င်ရှန်လူသတ်ပွဲက လွတ်ခဲ့တဲ့မိန်းမပါ။ ခုတော့ ကလေးကျောင်းမှာ ကျောင်းအုပ်ဖြစ်နေပါပြီ။ သတ္တုတွင်း အရာထမ်း၊ အမှုထမ်းတွေက လူသတ်ပွဲနဲ့ အဲဒီသူငယ်မ ရာဇဝင်ကို ပြောပြပါတယ်။

သတ္တုတွင်းရဲ့ အရှေ့ရပ်မှာ အိမ်ထောင်တစ်ထောင်လောက်နေတဲ့ ပိန်င်တိန်င်ရှန်ရွာရှိတယ်။ ရွာသားတွေဟာ အားလုံးလိုပဲ အင်မတန်ဆင်းရဲပင်ပန်းတဲ့ သတ္တုတွင်း အလုပ်သမားတွေ ဖြစ်ပါတယ်။ အရှေ့မြောက်ကို ဂျပန်သိမ်းပြီးတဲ့အခါ တခြားနယ်တွေကို ဂျပန်ဆန့်ကျင်ရေးတပ်သားတွေ ရောက်လာသလို ဒီနယ်ကိုလည်း အဲဒီတပ်သားတွေ ရောက်လာကြပါတယ်။ **၁၉၃၃ ခု** ဆောင်းဦးရဲ့တစ်ညမှာ တောင်မန်ကျူးလျား ဂျပန်ဆန့်ကျင်ရေး စွန့်စားတပ်နဲ့ ဂျပန်ဟာ ပိန်င်တိန်င်ရှန်ရွာထဲမှာ တိုက်ပွဲဆန်ဆန်ကလေး ဖြစ်ပြီး ဂျပန်ဗိုလ်တစ်၊ ဂျပန်ကင်းတပ်သား တစ်ကျိပ်နှစ်သေပြီး ဂျပန်ပစ္စည်းလှောင်တိုက်တစ်လုံး မီးသင့်တယ်။

နောက်တစ်နေ့ ခုခံရေး တပ်သားတွေ ထွက်သွားပြီတဲ့အခါ ဂျပန်ကင်းတပ်သား ၁၉၀ နဲ့ တရုတ်နောက်မြီးဆွဲတချို့ ရောက်လာပြီး ရွာကိုဝိုင်း၊ ရွာသားကြီးငယ် ကျားမ မရွေး၊ အကုန်လုံးစုပ်နဲ့ ခြိမ်းခြောက်ခေါ်ထုတ်ပြီး ရွာအပြင်က တောင်ပေါ်ကို မောင်းတင်လိုက်ပါတယ်။ အစုစု သုံးထောင်ရှိမယ်။ အားလုံးကို စက်သေနတ်နဲ့ ပစ်သတ်ပြီး လူစေ့သေမသေ လုံ့စွပ်နဲ့ စစ်သားတွေက လိုက်ထိုးကြည့်ပါသေးတယ်။ ပြီးတော့ အလောင်းတွေကို ဓာတ်ဆီလောင်းပြီး မီးတိုက်တယ်။ ပြီးတော့မှ လက်ရာလက်ငုတ်မကျန်ရအောင်လို့ ခပ်လှမ်းလှမ်းကနေပြီး တောင်ကုန်းကို အမြောက်နဲ့ ပစ်တယ်။ ရွာကိုတော့ သံစူးကြိုးလေးထပ်ရံပြီး 'လူစိမ်းမဝင်ရ' ဂု[illegible]းတယ်။ ပြီးတော့ အဲဒီရွာက ခိုကိုးလာတဲ့လူရှိရင် လက်မခံရ။ လက်ခံရင် လက်ခံတဲ့ တစ်အိမ်သားလုံး သတ်မယ်လို့ အမိန့်ကြော်ငြာထားသေးတယ်။ ဒါကြောင့် ပိန်င်တိန်င်ရှန်ဟာ လူရိုးဖွေးဖွေးနဲ့ ရွာဆိုးကုန်း ဖြစ်သွားရတယ်။ ဖူရှန်နယ်မှာ အဲဒီအကြောင်းကိုဖွဲ့လို့ လူဆိုးများတဲ့ ငိုချင်းသံတစ်ပုဒ် ပေါ်ခဲ့သေးတယ်။

ရှေးက စည်ကားလှတဲ့
ပိန်င်တိန်င်ရှန်မှာလေ

ခုတော့ သွေးစက်သွေးကွက်နဲ့
ပေါင်းမြက်ပဲ တွေ့မယ်
အရိုးတစ်စရရင်လည်း ကောက်ခဲ့ပါ
ဂျပန်သတ်တဲ့ အဖ နမဖြစ်နိုင်တယ်
သွေးဟာ ချောင်းစီးလို့သွားပေမယ့်
အမုန်းချောင်းတော့ စီးဆင်းခန်းခြောက်မသွားဘူး။

ငိုချင်းသံမှာ အဲဒီ အဓိပ္ပာယ်တွေပါတယ်။ ဂျပန်က ရွာသားအကုန်သတ်ခဲ့တယ်ဆိုပေမယ့် ကျန်နေသေးတယ်။ လုပ်သားတွေရဲ့ စိတ်ဓာတ်ကိုလည်း အပြီးအပိုင်မချိုးနှိမ်နိုင်ခဲ့ပါဘူး။ ငါးနှစ်ရွယ် ဖုန်င်စုရှန်င်ဟာ သွေးသံရဲရဲနဲ့ လူသေပုံထဲကပဲ လွတ်ထွက်လာခဲ့လို့ မစွမ်းမသန်ဖြစ်နေတဲ့ သတ္တုတွင်းလုပ်သားအိုကြီးတစ်ယောက်က တိတ်တိတ်မွေးကျွေးထားခဲ့လို့ အခုအထိ ကျန်ရစ်တယ်တဲ့။

ကျွန်တော်တို့တစ်တွေ သတ္တုတွင်းကိုကြည့်ပြီးတော့၊ သာယာရေးလုပ်ငန်းတွေကို ကြည့်ကြပြန်တယ်။ ဒီတော့ ဖုန်င်စုရှန်င်ရဲ့ ကလေးကျောင်းကို ရောက်သွားကြတာပေါ့။ သူက ရှဲန်ယန်င်ကို သွားနေတုန်းမို့ သူ့ကျောင်းက တခြားဆရာမတွေကပဲ သူနဲ့ ဟိုတစ်နေ့က ဂျပန်စစ်တရားခံတွေ တွေ့ကြရပုံကို ပြန်ပြောပြလိုက်ပါတယ်။

သူ့ဆရာမတွေက ပထမတော့ ဂျပန်စစ်တရားခံတွေနဲ့ သူ့ကို ဆုံပေးရင် သိပ်စိတ်တုန်လှုပ်ပြီး ဒုက္ခရောက်မှာစိုးလို့ တွေ့ခွင့်မပေးချင်ပါ။ ဂျပန်စစ်တရားခံတွေက အကျိုးအကြောင်း ပြေလည်အောင်ပြောပြပြီး၊ တောင်းပန်စကား ပြောချင်လို့ လာခဲ့ပါတယ်ဆိုတော့ ငြင်းရမှာလည်း ခက်တာပေါ့။ ဒါနဲ့ပဲ တွန့်ဆုတ်ဆုတ်ဖြစ်နေကြရင်းက နောက်ဆုံး ဆရာမထွက်လာပြီး အတွေ့ခံပါတယ်။ စစ်တရားခံတွေက သူတို့အပြစ်ကို ဝန်ခံခဲ့တဲ့သဘောနဲ့ မြေထိမတတ်ဦးညွှတ်ပြီး နှုတ်ဆက်ကြပါတယ်။ ပြီးတော့မှ လူသတ်ပွဲအကြောင်းကို ပြန်ပြောပါလို့ တောင်းပန်ကြတယ်။

အဖေက ကျွန်မလက်ကိုဆွဲလို့ အမေက အငယ်ဆုံးကလေးချီပြီး ဂျပန်နဲ့ သစ္စာဖောက်တွေက ဓာတ်ပုံရိုက်ပေးမယ်လာလာလို့ ခေါ်တာနဲ့ အိမ်ထဲက ထွက်လိုက်ရတယ်။ အဘိုးကိုဓာတ်ပုံရိုက်တယ်ဆိုတာ ဘာလဲလို့မေးတော့ သူလုပ်ပြီးစ ရဟာတ်ကစားစရာကလေးကို ကျွန်မလက်ထဲထည့်ပြီး စကာမပြောနဲ့လို့ဆိုတယ်။ ဒီလိုနဲ့ တစ်ရွာလုံး လုပ်တိုင်းကို လိုက်သွားကြရရှာတယ်။ စက်သေနတ်သံလည်းကြားရော အဘိုးက သူ့ကိုယ်လုံးနဲ့ ကျွန်မကို ကာပေးတယ်။ ကျွန်မ မငိုဘူး။ ကြောက်အားကြီးလို့ သတိမေ့သွားတယ်။ နောက် ပြန်သတိရလာတော့ သွေးတွေ ယိုစီးတဲ့ဒဏ်ရာအပေါက်အပြဲတွေနဲ့ မီးခိုးလုံးကြီးတွေ ထနေတာတွေပါတယ်။ ကျွန်မကိုယ်မှာ သေနတ်ထိထားတာ ရှစ်ချက်၊ လှံစွပ်ပေါက်တွေလည်း ရှိပါတယ်။ ကြောက်စိတ်က ဒဏ်ရာနာတဲ့ စိတ်ထက် ပိုပါသေးတယ်။ အဘိုးကတော့ မလှုပ်ပါ။ အမေနဲ့ မောင်လေးကိုတော့

မမြင်တော့ဘူး။ အလောင်းပုံထဲက တွားထွက်လာပြီး ရွာကိုပြန်တော့လည်း မီးလောင်မြေပဲ တွေ့တယ်။ သံဆူးကြိုးဝိုင်းကို တွားရက် ဖြက်ကျော်ပြီး ရိုးဖြတ်တွေထဲက ရောက်မိရောက်ရာ သွားခဲ့တယ်။ အဘိုးကြီးတစ်ယောက်နဲ့တွေ့တော့ သူက အင်္ကျီချွတ်ပြီး ကျွန်မကို ပတ်ပေးတဲ့အခါ ကျွန်မ သတိမေ့သွားပြန်တယ်။

အင်မတန်ပင်ပန်းလို့ ရာသက်ပန် မစွမ်းမသန်ဖြစ်သွားတဲ့ အဲဒီသတ္တုတွင်းလုပ်သားဟောင်းကြီးဟာ အခု ဆေးလိပ်လည့်ရောင်းရင်း အသက်မွေးနေရရှာတယ်။ ကျွန်မကို အဘိုးကြီးက အိတ်ကြီးတစ်လုံးထဲ ထည့်ထားပြီး ညကျမှဖွင့်ပြီး အစာကျွေးခဲ့တယ်။ သူ ဒီလို ကြာကြာဆက်ပြီး မစောင့်ရှောက်နိုင်လို့ အဲဒီအိတ်ကိုထမ်းပြီး ဂျပန်တွေကြားထဲကပဲ ခိုးထုတ်ခဲ့တယ်တဲ့။ ကျွန်မ ဦးလေးတော်တစ်ယောက်အိမ်ကို ပို့သွားလို့ ဦးလေးကလည်းအနာကို ဆေးထည့်ပြီး အိမ်ပြင် ကောက်ရိုးစင်မှာ သွားထားတယ်။ ညမှပဲ အစာလာကျွေးတယ်။ ဆောင်းဝင်လာပြန်တော့ တော်တော်ဝေးတဲ့ ရွာက အမျိုးတွေဆီ လိုက်ပို့ပြီး ဟိုမှာနာမည်ပြောင်းနေရပါတယ်။ အဲ သူ့အတ္ထုပ္ပတ္တိပါပဲ။

လူရောစိတ်ပါ ဒဏ်ရာရခဲ့တဲ့ ဖုန်ငံစုရှန်ဟာ ဂျပန်အပေါ်မှာ အင်မတန်နာကြီးတဲ့စိတ်နဲ့ ကြီးပြင်းလာခဲ့တယ်။ ဂျပန်လက်နက်ချတော့လည်း အကျင့်ပျက်တဲ့ ကောင်မင်တန်ငံတပ်နဲ့ အရာရှိတွေကို ကြုံတွေ့လိုက်ရသေးတယ်။ ဒီ ကျိအန်ငံကိုင်ရှိ အက်တပ်နဲ့ ဗိုလ်တွေဟာ ဂျပန်လိုပဲ လုယက်ပြီး မီးရှို့ကြလို့ ကလေးမကလေးမှာ တစ်နာပေါ် နှစ်နာဆင့် ကြုံတွေ့လိုက်ရသေးတယ်၊ နောက်ဆုံးမှာမှ သူနေတဲ့ရွာဟာ ကယ်တင်ခံရပြီး သူ့တစ်သက်မှာ လင်းရောင်ခြည်ကို ခုမှပဲ မြင်ရတော့တယ်ပေါ့။ ပါတီနဲ့အစိုးရက သူကို ထောက်ပံ့ပြီး ပညာသင်ပေးတယ်။ နောက် အလုပ်ရပြီး အိမ်ထောင်ပြုလို့ သားသမီး ရနေပါပြီ။ အခု ဖွန်ရှန်ရဲ့ နာမည်ကျော် စံပြလုပ်သားဖြစ်နေပါပြီ။

တရုတ်နိုင်ငံမှာ ထိတ်လန့်စရာအကောင်းဆုံး ပြစ်မှုတွေကို ကျူးလွန်ထားတဲ့ တရားခံတွေနဲ့ ရင်ဆိုင်တွေ့တဲ့အခါ အဲဒီအမျိုးသမီးက ဘာပြောသလဲ။

ကျွန်မ ရှင်တို့ကို သေအောင် တိုက်သတ်ခွင့်ရှိလို့ သတ်ရတောင် ကျွန်မရဲ့ အမုန်းနဲ့ ရန်ညှိုးဟာ ပြေသွားမှာမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မဟာ ကွန်မြူနစ်ပါတီဝင်တစ်ယောက်ဖြစ်တယ်။ ဆိုရှယ်လစ်နိုင်ငံ တည်တောင်ရေးတာဝန်ကြီးနဲ့ ကမ္ဘာကိုပြုပြင်ဖို့ လုပ်ငန်းဟာ ကိုယ်ပိုင်စိတ်တွင်း ခံစားမှုထက်ပိုပြီး ကျွန်မအဖို့ အရေးပါတယ်။ အဲဒီလုပ်ငန်း အောင်မြင်ဖို့ ကျွန်မတို့ပါတီက လုပ်နည်းမျိုးစုံ ပြဋ္ဌာန်းထားပြီး ဖြစ်တယ်။ အဲဒီ ပြဋ္ဌာန်းချက်တွေကို တကယ်ယုံကြည်ပြီး ဖြစ်အောင်လည်း လိုက်နာဆောင်ရွက်မယ်။ အဲဒီ ရည်ရွယ်ချက်ကြီးကို ငဲ့ပြီး ကျွန်မရဲ့ ပုဂ္ဂိုလ်စွဲအမုန်းကို ဘေးဖယ်ထားလိုက်ပြီးပါပြီလို့ အမျိုးသမီးက ပြောခဲ့တယ်။

ဒီလို အံ့သြစရာကောင်းလောက်အောင် ပွင့်လင်းတဲ့ ခွင့်လွှတ်ပုံကို ကြားရတော့ ဂျပန်စစ်တရားခံရာကျော်ဟာ စကား ပြန်မပြောနိုင်လောက်အောင်ပဲ အံ့အားသင့်

သွားပါတယ်။ ပြီးတော့မှ ရှက်လွန်းလို့ ငိုကြတယ်။ သူ့ရှေ့မှာပဲ ဒူးထောက်ပြီးတော့ အစိုးရကို ထိုက်သင့်တဲ့အပြစ်ပေးပါ ခံယူမယ်လို့ တောင်းပန်ကြတယ်။

ဖုန်စုရှန် သဘောထားကြီးပုံဟာ အံ့လောက်ပေတယ်။ ဒါပေမဲ့ ပါတီဝင် တစ်ဦးလည်းဖြစ်ပြန် ကေဒါလည်းဖြစ်ပြန်တော့၊ သူက ဒီသဘောထား မရှိလို့ ဘယ်ဖြစ်ပါ့မလဲလို့ ပြောကြဦးမယ်။ တိုင်ရှန်ပတ်က ကျေးတောသူတစ်ဦး ကျွန်တော့်ကို သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်လိုက်ပုံက သာပြီး ကြီးကျယ်သေးတယ်လို့ ဆိုချင်ပါတယ်။

တိုင်ရှန်ပင်ရွာဟာ ဖူရှန်နယ်စပ်က စိုက်ပျိုးရေးသမဝါယမ လုပ်နေဆဲနေရာ ဖြစ်တယ်။ ကလေးကျောင်းရောက်ပြီးမှ နောက်တစ်နေ့ အဲဒီရွာကို သွားကြတယ်။ ကျွန်တော်လည်း လမ်းမှာကြောက်လို့ ရင်တဒိတ်ဒိတ် ခုန်နေပါတယ်။ ကျေးတောသား တွေက ကျွန်တော့်ကို နာမည်တပ်ပြီး စွဲချက်တင်ထားတာတွေကို ဖတ်ရပြီးပြီမို့ ဒီ **'စရိုက်ကြမ်း'** ပြီး **'ဗဟုသုတကင်းမဲ့'**တဲ့ လူတွေဟာ ဖုန်စုရှန်လို သဘောထား တတ်ကြမှာ မဟုတ်ဘူးလို့ တစ်ထစ်ချ တွက်ပြီးသားပါ။ မနေ့က လုပ်သားတချို့နဲ့ သူတို့ရဲ့ မိသားစုတွေကို တွေ့ဖူးပြီးပါပြီ။ အဲဒီတုန်းက သူတို့ ကျွန်တော် ဘယ်သူ လို့ သိကြဟန်မတူလို့ ကျွန်တော်ကို ချမ်းသာပေးလိုက်ကြတာပဲလို့ ယူဆတယ်။ အဲဒီညနေပိုင်းကလည်း အငြိမ်းစားရနေတဲ့ သတ္တုတွင်းလုပ်သားတွေနဲ့ သွားတွေ့ခဲ့ သေးတယ်။ သူတို့ဟာ အိုမင်းတဲ့အထိ သတ္တုလုပ်ငန်းကို လုပ်ခဲ့ရပြီး အခု အလုပ် မရှိလို့ ဒုက္ခတွေ့နေတဲ့လူတွေ၊ တချို့ကတော့လည်း မစွမ်းမသန်တော့တဲ့အထိ အခိုင်းခံရပြီးမှ ဂျပန်က ကန်ထုတ်လိုက်လို့ အတိဒုက္ခတွေ့နေကြတယ်။ ပြည်သူ့အစိုးရ ဖွဲ့ပြီးတဲ့အခါကျမှ ဂျပန်တွေရဲ့ ဇိမ်ခံဟိုတယ်တစ်ခုကို သူတို့နေဖို့ဂေဟာ လုပ်ပေး ထားပြီး သေဆုံးတဲ့အထိ မကြောင့်မကြ အေးအေးလူလူနေဖို့ ထောက်ပံ့ထားတယ်။ သူတို့လည်း အခုတော့ စစ်တုရင်ထိုး၊ ပန်းပင်စိုက်၊ သတင်းစာဖတ်၊ နှစ်သက်ရာတစ်ခုခု လုပ်ပြီးနေကြတယ်။ သူတို့အထဲက တစ်ယောက်နဲ့ ကျွန်တော်တို့တစ်စု သွားတွေ့တယ်။ **'မန်ကျူကော'**ခေတ်က သတ္တုတွင်းအလုပ်သမားတွေ ဘယ်လောက် ပင်ပန်းဆင်းရဲ တယ်ဆိုတာ သူက ရှင်းလင်းပြောပြပါတယ်။ ကျွန်တော် နားထောင်နေရင်း ရှက် လည်းရှက်၊ ကြောက်လည်းကြောက်ဖြစ်လာလို့ ငါ့ကို မှတ်မိသွားရင် ခက်မယ်လို့ဆိုပြီး ချောင်ထဲမှာ ကုတ်ထိုင်နေခဲ့ရပါတယ်။ လုပ်သားတန်းလျားတွေမှာ ဓာတ်ပုံလေးတွေ စုပြုံပြီး ချိတ်ဆွဲထားတတ်ကြတယ်။ အခု အဘိုးကြီး အခန်းမှာတော့ သဘာပတိမပ်ရဲ့ပုံ တစ်ခုပဲရှိတယ်။ အမျိုးတွေ (ရှိသေးရင်ပေါ့)ထက် သဘာပတိကြီးဟာ သူ့အတွက် ပိုပြီး ခင်မင်စရာဖြစ်ကြောင်း ပြနေတာပဲပေါ့။ သဘာပတိမပ်က တရားခံကို ပုံသစ် လောင်းမယ်လို့ ဝါဒသတ်မှတ်ထားပုံကို သူ သိမှသိပါ့မလားလို့တွေးမိတယ်။

ဒီလိုလှည့်ပတ်သွားကြရတဲ့ ပထမနေ့ကပဲ ကျွန်တော်ဟာ ရောက်ရာအရပ်မှာ ထင်ပေါ်အောင်မနေရဲဘူး။ ဖူရှန်မှာ ဂျပန်ရှိတောနတ်ကွန်းဆောက်ဖို့ တာဝန်ယူခဲ့ရ

ဖူးတဲ့ အာကျယ်ကြီးဟာ မျက်နှာဖြူဖတ်ဖြူရော်နဲ့ လှုပုံအလယ်မှာ ဝင်ဝင်ပုန်းတယ်။ တိုင်ရှန်ပဝ်ရောက်တော့ ဘယ်သူမှ ခေါင်းမထောင်ဝံ့ဘူး။ အဲဒီလို စိတ်ရောလူရော မသက်မသာ ဖြစ်နေတဲ့လူတွေကို သမဥက္ကဋ္ဌက သမအကြောင်း ရှေးဟောင်းနှောင်း ဖြစ်တွေ ပြောနေပါတယ်။ လှည့်ပြီး လက်နက်ကရိယာသစ်တွေ၊ ကြက်မွေးထားပုံ တွေ ဟင်းပင်တွေအပူအိမ်နဲ့ စိုက်ထားပုံတွေ၊ တခြားသက်ရှိသတ္တဝါတွေ မွေးထားပုံ တွေ စပါးကျီတွေစုံလို့ ကြည့်ကြရပါတယ်။ တွေ့ရသမျှ လူတိုင်းဟာ ကျွန်တော်တို့ ကို ကြင်ကြင်နာနာ ဆက်ဆံတယ်။ တချို့ လုပ်မြဲအလုပ်ကိုရပ်ပြီး ထလာကြိုဆို တယ်။ ဘယ်သူမှ ကျွန်တော့်ကို ခုအထိ မှတ်မိပုံ မတွေ့ရလို့ ဟန်ကျလှပြီထင်နေပါ တယ်။ ခရီးအဆုံး သမသင်းသားအိမ် တစ်အိမ်ကိုရောက်တော့မှ ကျွန်တော်ဘယ်သူလို့ သိသွားပါတော့တယ်။

ကျွန်တော့်တို့အစုလေးတစ်စု ရောက်သွားတာက လျိုတို့အိမ်ထောင်ဖြစ်ပါ တယ်။ အဖေ အမေက လယ်ထဲမှာ လုပ်တယ်။ သားအကြီးဆုံးက သိုလှောင်ကျည်း စာရင်းကိုင်၊ ဒုတိယသားက အလယ်တန်းကျောင်းမှာ၊ သမီးက ရေအားလျှပ်စစ်ရုံမှာ အလုပ်လုပ်တယ်။ ကျွန်တော်တို့ရောက်သွားတော့ ဒေါ်လျိုပဲ အိမ်မှာရှိတယ်။ ထမင်း ချက်နေတယ်။ ကွန်မြူန်းကေဒါက ကျွန်တော်တို့ကို ခေါ်လာတာမြင်တော့မှ ရှေ့ဆီး ဖျင်ကာကို ကိုယ်ကခွာလိုက်ပြီး ကြိုဆိုတယ်။ မြောက်ဘက်ခန်းမှာ ထိုင်ဖို့နေရာ ပေးတယ်။ အခန်းဟာ ကွန်ကရစ်နဲ့ဆောက်ပြီးစ အသစ်ပဲ ရှိသေးတယ်။ သူက ကျွန်တော်တို့ကို ဧည့်သည်အစစ်လိုပဲ အိမ်ထဲဝင်လာပြီး အရှေ့မြောက်ထုံးစံ အတိုင်း **ကန်**ပေါ်မှာ ထိုင်ပါလို့ဆိုတယ်။ နံရံမှာကပ်ထားတဲ့ အံဆွဲတွေနဲ့ သေတ္တာတစ်မျိုး ရှိတယ်။ အဲဒီသေတ္တာပေါ်မှာ နာရီကြီးတစ်လုံး၊ အရောင်လက်နေတဲ့ ရေသောက် ပန်းကန်စုံ၊ ပန်းအိုးတွေနဲ့ လက်ဖက်ရည်ခြင်းတစ်ခုလည်းရှိတယ်။

ရှေ့ဆောင်ကေဒါက ဒေါ်လျိုကို ကျွန်တော်တို့ဟာ သမလုပ်ခင်းဆောင် တာတွေကို လေ့လာဖို့လာကြတယ်လို့ သာမညပဲ ပြောပြလိုက်တယ်။ ဘယ်သူတွေ လို့ ပြောမပြဘူး။ အကျိုးအကြောင်းပြောပါလို့ တောင်းပန်လိုက်တယ်။ စကားတော့ အပြော မကောင်းပေဘူးပေါ့။ ဒါပေမယ့် သူတို့ဟာ အိမ်သားခုနစ်ယောက်ရှိတဲ့ အိမ်ထောင်မို့ ခုနစ်**မော့** (တကေကျော်ကျော်) ထွန်ယက်စိုက်ပျိုးပါတယ်။ အရင် **"မန်ကျူကော"** လက်ထက်ကတော့ အနေအထားဟာ သူတောင်းစားနဲ့ မခြားပါဘူးတဲ့။ စိုက်တော့ဆန်၊ စားတော့ ဝက်သစ်ချစေ့အမှုန့်၊ ဆန်တစ်စေ့ထိန်ချန်တားတာတွေ့ရင် **"စီးပွားရေး သောင်းကျန်းသူ"** လို့ အခေါ်ခံရပြီး ဖမ်းမယ်။ တစ်ခါက လူတစ်ယောက် မှာ နေမကောင်းဖြစ်ပြီး အန်တဲ့အခါ ထမင်းပါလာတာကို ရဲက တွေ့လို့ဖမ်းတယ်။ ကျွန်မတို့ဝတ်ရတော့ အဲ အစုတ်ပါ။ တချို့ အိမ်ထောင်မှာ ပိုဆိုးပါတယ်။ အပျိုပေါက်ကလေးတွေတောင် အိပ်စုတ်တွေဆက်ပြီး ဝတ်ရရှာတယ်။ မှတ်မိပါသေး တယ်။ တစ်ခါ နှစ်သစ်ကူးမှာ ကလေးတွေကိုလည်း ဘာမှ မကျွေးနိုင်ဘူး။

ချမ်းလိုက်တာလည်း သေလုရော။ ဒီတော့ အိမ်ကလူက တိတ်တိတ်ဆန်ချက်ပြီး ကလေးတွေ ကျွေးမယ်ဆိုပြီး ဖွတ်လုပ်တယ်။ အဲဒီညပဲ သန်းခေါင်မှာ ရွာထဲကို ရဲတွေ ဝင်လာလို့ ကျွန်မဖြင့် သေလုအောင် ကြောက်မိတယ်။ သူတို့လာတာက ချွေးတပ်ဆွဲဖို့ပါ။ လူတွေ အတင်းခေါ်သွားပြီး သစ်ပင်လှဲခိုင်း၊ ခြံစည်းရိုးတင်ခိုင်း၊ ပြောတော့ စားပြရန်သူကို ကာကွယ်ဖို့တဲ့။ တကယ်က သူတို့တွေဟာ ဂျပန်ဆန့်ကျင်ရေး မဟာမိတ်တပ်ကို သိပ်ကြောက်တယ်။ အိမ်ကလူတောင် ချွေးတပ်ထဲ ပါသွားသေးတယ်။ ကျွန်မတို့ရွာက ချွေးတပ်ပါသွားတဲ့လူဆိုရင် ပြန်လာနိုင်တဲ့လူက အရှားသား ကလား။

ဒီလိုပြောနေတုန်း သား ပြန်လာတယ်။ အရပ် သိပ်ပုပါလားလို့ ထင်မိတယ်။ သေသေချာချာကြည့်တော့မှ ခြေသိမ်ကလေးတွေနဲ့ မွေးကတည်းကပါတဲ့ ဒုက္ခမှန်း သိရပါတယ်။ သူ့အပြောက ဒီလိုဒုက္ခိတဖြစ်လာလို့ အရင်က သူ့ကို ခွေးလောက်မှ တန်ဖိုးမထားကြဘူး။ အခုမှ သူ့ကို သူများတကာနဲ့ တန်းတူဆက်ဆံကြပြီး ပစ္စည်းလှောင်စခန်း စာရင်းကိုင် ဖြစ်လာပါတယ်တဲ့။ နောက်ကြောင်း ပြန်ပြောတဲ့အခါ သူ့မျက်လုံးမှာ အမုန်းစိတ်လွှမ်းပြီးနေတယ်။ အခုကိစ္စတွေ ပြောတဲ့အခါမှာတော့ သူ့အသံရော အမူအရာပါ သူ့အမေလိုပဲ ရှင်ပြပြီး ယုံကြည်မှုရှိတာကို တွေ့နေရတယ်။ အရင်က သူတို့ရွာမှာ ဘယ်တုန်းကမှ မစိုက်တဲ့ ဟင်းပင်တွေ အခု စိုက်ကြပုံကိုလည်း ပြောတယ်။ အမေလုပ်တဲ့လူက အခန်းထောင့်မှာ ပုတ်ကြီးနဲ့ ထည့်ထားတဲ့ ဆန်တွေ လာကြည့်ပါဦးလို့ ပြောတော့၊ သားက ရယ်ပြီး အမေ့ဆန်ကို ဘယ်သူက ကြည့်ချင်မှာလည်းဗျလို့ ပြောတယ်။ ဟုတ်သပေါ့ကွယ်၊ ခုခေတ်တော့ **ကန်င်တော**[၁] လက်ထက်က ဒါမျိုးမြင်ကြရဖူးရဲ့လားလို့ မေးချင်တယ်လို့ ပြန်ချေပလိုက်တယ်။

ဒီ ချေပချက်ဟာ ကျွန်တော်ထိပ်ကို မြွေပေါက်သလို ခံစားရပါတယ်။

ဒီအိမ်ဝင်လာစကပဲ မတော်တဆ ငါ့နာမည်များမေးရင် အခက်လို့ထင်မိနေခဲ့တယ်။ အခုတော့ အိမ်ထဲက ပြန်ထွက်မသွားမီ နာမည် မပြောသွားရင် ခွင့်မလွှတ်နိုင်အောင်ဆိုးတဲ့ မရိုးသားမှုပဲလို့ စိတ်ထဲမှာ ဖြစ်လာတယ်၊ မတ်တပ်ရပ်ပြီးမှ ဦးညွှတ်လိုက်ပြီး အခုပြောလိုက်တဲ့ "မန်ကျူကော" ရဲ့ သစ္စာဖောက် ရုပ်သေးကေရာဇ် ကန်င်တေပုယီလို့လည်း ခေါ်တယ်။ တခြားလူ မဟုတ်ပါဘူး။ ကျွန်တော်ပါပဲ။ ခင်ဗျားတို့အားလုံးကို တောင်းပန်ပါတယ်လို့ ပြောမိတယ်။

---

၁။ မန်ကျူကော ကေရာဇ်ဖြစ်တုန်းက ကျွန်တော့်ဘွဲ့။

ကျွန်တော်ပြောလို့မှ စကားမဆုံးခင် ရုပ်သေးဝန်ကြီးတွေ၊ ဗိုလ်ချုပ်ကြီးတွေဟာ မတ်တတ်ရပ်ကြပြီး ကိုယ့်ကိုယ်ကိုဖော် မသူတော်တွေဖြစ်ကြောင်း ဝန်ခံကြပါတယ်။ တစ်ယောက်က ချေးတပ်ဆွဲတာမှာ တာဝန်ရှိတဲ့ ဝန်ကြီးတစ်ယောက်၊ ကောက်ပဲသီးနှံသိမ်းပြီး ဂျပန်ကို ပို့ပေးရတဲ့ဝန်ကြီး၊ တစ်ယောက်က လူတွေကို အတင်း ကွပ်ညှပ်ပြီး ဂျပန်အတွက် တိုက်ပေးရတဲ့ ရုပ်သေးစစ်တပ်ထဲ သွင်းပေးခဲ့တဲ့ သေနာပတိပေါ့။

အမျိုးသမီးကြီးလည်း ဘာပြန်ပြောရမှန်း မသိအောင် ဆွံ့အသွားတယ်။ ကျွန်တော်တို့ကို **"မန်ကျူကော"** စစ်တရားခံတွေပဲလို့ သူသိပါတယ်။ ဒါပေမယ့် ဒါလောက် ပြစ်မှုကြီးတဲ့ လူတွေရယ်လို့လည်းမသိ။ ဒီကိစ္စနဲ့ အပြန်အလှန်ပြောရလိမ့်မယ်လည်း လုံးဝ မထင်ဘူးပေါ့။

သူ ဘယ်လိုပြောမယ် ထင်သလဲ။ မဆဲ မဆို။ ဟိုတုန်းက အသတ်ခံခဲ့ရတဲ့ လူတွေရဲ့ သားမယားတွေကိုလည်း လာပြီး ကလဲ့စားခြေလှည့်ကြလို့ အော်မခေါ်။ ကျွန်တော့်ရင်ထဲမှာ ဆို့သွားလောက်အောင် သူဟာ သက်ပြင်းရှည် ချလိုက်ပြီး ခုတော့လည်း ပြန်မပြောကြတာပဲ ကောင်းပါတယ်ဆိုပြီး မျက်ရည်စကို သိမ်းပါတယ်။ ရှင်တို့ဟာ အားတက်သရော လေ့လာမယ်။ သဘာပတိမပ် ပြောသလိုလုပ်မယ်။ လူရှိသေလောက်တဲ့သူတွေ ဖြစ်လာမယ်ဆိုရင် ပြီးတာပဲလို့ သူ့စကားကို အဆုံးသတ်လိုက်ပါတယ်။

ကျွန်တော်တို့ဟာ စောစောကပဲ ကျိတ်ပြီး မျက်ရည်ကျနေရာက သူလည်းပြောလို့ဆုံးရော၊ ကျွန်တော်တို့ အားလုံးရှိုက်ပြီး ငိုမိကြပါတယ်။

ကျွန်တော်တို့က ခင်ဗျားတို့ ဘယ်သူတွေလို့သိပါတယ်။ သဘာပတိမပ်က စစ်တရားခံအများစုဟာ ပုံသစ်လောင်းလို့ရနိုင်မယ် ပြောဖူးတယ်။ သူ့စကားဟာ မမှားနိုင်ဘူး။ ခင်ဗျားတို့ပြုပြင်ပါ။ ကိုယ့်အမှားကို ကိုယ်ဝန်ခံပါ။ ဒီလိုဆိုရင် ပြည်သူက ခင်ဗျားတို့ကို ခွင့်လွှတ်မှာပါလို့ သူ့သားကလည်း အသံတိုးတိုးနဲ့ ဆက်ပြောလိုက်တယ်။

သက်ညှာရေး ပုံသစ်လောင်းရေးဆိုတဲ့ လုပ်ငန်းစဉ်တွေကို ဘေးချိတ်ပြီး ကလဲ့စားခြေလိုက်မဟဲ့ဆိုပြီး မာန်စွဲတွေက တငေါငေါနဲ့ အရိုင်းအစိုင်း မသိသား ဆိုးဝါးမယ့်လူတွေ ဖြစ်မှာပါလို့ ကျွန်တော်ထင်ခဲ့တဲ့ ကျေးတောသားတွေက ဒီလို သဘောထားကြီးတာ ကိုယ်တွေ့။

အခု သူတို့ဟာ ကိုယ့်ဘဝကိုယ် စီမံနိုင်တဲ့ သခင်အရှင်တွေ ဖြစ်ကြပြီ။ သူတို့ရဲ့အစိုးရဟာ အင်မတန် တန်ခိုးရှိတယ်။ ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ တပ်မတော်လည်း ရှိတယ်။ ဒါတောင် သူတို့ကိုပဲ နည်းစုံလမ်းစုံလန့်။ ကြောက်စရာ အကောင်းဆုံးပုံစံတွေနဲ့ နှိပ်စက်ခဲ့ဖူးတဲ့ အကျဉ်းသားတွေကို တွေ့တဲ့အခါ အခုလို ညှာတာနိုင်တယ်။ ဒီလို အလည်ထွက်ရမှပဲ ဘာကြောင့်ဆိုတဲ့အဖြေကို ရပါတယ်။

## အပြောင်းအလဲမြင်ရရုံနဲ့ အားလုံးကို သဘောပေါက်တယ်

သုံးရက် အလည်ထွက်လို့ ပြီးဆုံးတဲ့အခါမှာ စထွက်စတုန်းကနဲ့ အမူအရာ လုံးဝမတူတော့ပါ။ စကားမပြောပဲ မှုန်ကုပ်နေရာက သွက်သွက်ပြောဆိုလာကြပြီ။ အစ နှစ်ရက်ကဖြင့် ထောင်ပြန်ရောက်ပြီးတော့လည်း သွားလာတွေ့မြင်ခဲ့ရပုံတွေကို ပြောလို့ကို မဆုံးဘူး။ ထပ်တလဲလဲ ပြောမိကြတာကတော့ ခေတ်တစ်ခေတ်လုံး ပြောင်းသွားပြီနော်။ လူမှုရေးလည်း အသစ်၊ တရုတ်လည်း အသစ်ပေါ့တဲ့။ အမှန်က ဒီလိုပြောင်းနေပါပြီလို့ အရင်သုံးလေးနှစ်ကစပြီး သတင်းစာတွေထဲမှာ ဖတ်ရပါတယ်။ အိမ်ကသားမယား ဆွေမျိုး မိတ်သင်္ဂဟက စာရေးတယ်။ ထောင်အရာရှိတွေကလည်း ပြောကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အထဲက လောကီမှုကျွမ်းကျင်သူတွေက ကိုယ်တွေ့မှ ယုံချင်တယ်။ ကျွန်တော်တို့ အခန်းအတူနေထဲက အဘိုးကြီးယွန်ဟာ အဲဒီလို လူစားပဲပေါ့။ ဒီတစ်ခါတော့ သူလည်း အဖြစ်အပျက်အားလုံး အမှန်တွေကြီး ပဲလို စိတ်ချသွားပါပြီ။

တစ်ညနေ လုပ်သားစားသောက်ဆိုင်ထဲမှာ စားခဲ့ရတဲ့ မုန့်အကြောင်း ဆွေးနွေးကြတယ်။ အလုပ်စခန်းမှာရတဲ့မုန့်မျိုးတော့ မြည်းရပါပြီ။ လုပ်သားအိမ်ဆင်တူ တွေထဲမှာ သုံးတယ်ဆိုတဲ့ ဓာတ်ငွေ့မီးဖိုကလေးတွေနဲ့ ချက်တာကို မစားဖူးသေးတာ နာသဗျလို့ တစ်ယောက်က ပြောလိုက်တယ်၊ ဒီတော့ အဘိုးကြီးယွန်က သူတွေ့ခဲ့တာကို ပြန်ပြောပါတယ်။ လူတကာက လုပ်သားတွေနေတဲ့အခန်းကို ကြည့်နေကြတုန်း သူက အိမ်နောက်ဘက်လှည့်ဝင်ပြီး အမှိုက်တောင်းကို ကြည့်ခဲ့တယ်။ အထဲမှာ ငါးရိုး၊ ဥခွံနဲ့ စားကြွင်းစားကျန်တွေ ရှိနေသတဲ့။

အဘိုးကြီးဖူဟာ ရှေးအရှေ့မြောက်စစ်တပ်မှာ ထောက်ပံ့ရေးအရာရှိ ဖြစ်ခဲ့ ပြီးမှာ **"မန်ကျူကော"**စိုက်ပျိုးရေးဝန်ကြီး ဖြစ်ခဲ့တဲ့လူပေါ့။ ခါတိုင်း စကားနည်းပါ တယ်။ ကနေ့တော့ သူလည်းဝင်နွှဲနေပါပြီ။ သူက ဘယ်လိုပြောသလဲဆိုရင် ရှေးက လုပ်သားအိမ်မှာ ငါးတို့ အမဲတို့ဆိုတာ မြင်ရခဲတယ်။ **"မန်ကျူကော"**ခေတ်မှာတော့ လုံးဝ မမြင်ရပါဘူးတဲ့။ ကျုပ်သိပါတယ်။ ကျုပ်က အောက်တန်းအရာရှိက တဖြည်း ဖြည်း တက်လာခဲ့ရတဲ့လူပါလို့ ပြောတယ်။

ဂျပန်တွေနဲ့ အတူကြီးပြင်းခဲ့တဲ့ အဘိုးကြီး **ကျဲနိုင်**ကတော့ ဘွင်းဘွင်းပဲ။ ကျွန်တော်သတင်းစာထဲမှာ တွေ့တာတွေ။ စာအုပ်တွေနိုင်ငံရေး မှတ်တမ်းထဲမှာ ဖတ်ရတာတွေကို အရင်ကတော့ ယုံတစ်ဝက်၊ မယုံတစ်ဝက်ပဲဗျ။ ပြီးတော့ ဒီအရှေ့ မြောက်စက်မှုအခြေခံစခန်းဟာလည်း ဂျပန်ထားရစ်တာပဲလို့ ထင်မိတယ်။ ဒါပေမယ့် စက်မှုပညာကျောင်းနဲ့ တွဲထားတဲ့စက်ရုံမှာ ဂျပန် ခါးပတ်ဆွဲတွင်ခုံကို ဖယ်ပြီး တရုတ်ဖြစ် အသစ်စက်စက်ကိရိယာတစ်ခု အစားထိုးသုံးနေတာ မြင်ခဲ့ရပြီ။ တရုတ်ဟာ တကယ်ပဲ ထူထူထောင်ထောင် ဖြစ်ခဲ့ပြီဆိုတာ ယုံပြီ။ ခေတ်တစ်ခေတ် ပြောင်းပါပြီတဲ့။

ခေတ်တစ်ခေတ် ပြောင်းတယ်ဆိုတာကို ကျွန်တော်လည်း ခြွင်းချက်မရှိ ယုံတယ်။ ဒီလှည့်လည်ရေးတွေနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ ခံစားမှုအမျိုးမျိုး ရှိပါသေးတယ်။

လူတွေသဘောထားကြီးတာကိုပဲ ဒီသုံးရက်စလုံး ဆက်တိုက်တွေ့ခဲ့လေတော့ တကယ်မှဟုတ်ကဲ့လား။ ကြိုပြီး ဓာတ်တိုက်ထားတာ၊ ပြင်ဆင်ထားတာ မဖြစ်နိုင်တော့ဘူးလား၊ ပြစ်မှုကို ခဏအရေးမယူပဲထားကြဦးလို့ ပြောထားရင် ရကောင်းရမယ်။ လူဆိုးကို ပုံသစ်လောင်းရင် ဖြစ်မယ်လို့ဆိုတဲ့ အစီအမံကို တကယ်ယုံနိုင်ကြပါ့မလား။

အပြောင်းအလဲမြင်ရုံနဲ့ အားလုံးကို သဘောပေါက်ပါတယ်။ တစ်ဆယ့်ကိုးရာစု နောက်ပိုင်းကစပြီး **ဖူရှန်**ဟာ သယံဇာတပစ္စည်းပေါ် ဘယ်လိုကျော်ကြားခဲ့တယ်။ အဲဒီပစ္စည်းတွေပေါ်က ရတဲ့အကျိုးအမြတ်ကိုတော့ ဖော်ထုတ်ပေးရတဲ့ ကျောမွဲတွေနဲ့ လုံးဝ မဆိုင်ဘူး။ **ဓာ**လက်အောက် ရှရှားကို ဂျပန်က ၁၉၀၅ခုနှစ်မှာနိုင်လို့ သတ္တုတွင်းတွေဟာ ဂျပန်လက်ထဲ ရောက်ခဲ့ရပြန်တယ်။ အဲဒီအချိန်က တောက်လျှောက် အနှစ်လေးဆယ်အတွင်းမှာ ဆင်းရဲပင်ပန်းလွန်းလို့ သေတဲ့ တွင်းလုပ်သား အရေအတွက်ဟာ **၂၅,၀၀,၀၀** က **၃၀,၀၀,၀၀** အထိ ရှိခဲ့တယ်လို့ မှန်းကြတယ်။

တွင်းသားဆိုတာ **ရှန်တုန်၊ ဟောပေ**နဲ့ အရှေ့မြောက်က ဆင်းရဲလွန်းလို့ အုပ်လိုက်ချိုပြီး နှစ်စဉ်ရောက်လာတဲ့ ကျေးတောသားတွေပါ။ တစ်နေ့ကို တစ်ဆယ့်နှစ်နာရီလုပ်ရတယ်။ နေတော့ **"အိမ်ကြီး"**လို့ခေါ်တဲ့ တစ်ခန်းတစ်ခန်း လူတစ်ရာကျော် နှစ်ရာနေရတဲ့ အိမ်မျိုးမှာနေပြီး နှစ်ပတ်လည်အောင် အဝတ်ကအစုတ်အပြဲပဲ။ မွေးခါစကလေးအတွက် အဝတ်လုံလောက်အောင် မရှိတာကို ခဏခဏတွေ့ရမယ်။ ကလေးတွေ ငတ်သေကြတယ်။ အလောင်းကို မြေမြှုပ်တော့ အဝတ်နဲ့ ဘယ်မြှုပ်နိုင်မလဲ။ အခ ရတာ နည်းတဲ့အထဲကပဲ ဂိုဏ်းခေါင်းဆောင်တို့၊ မန်နေဂျာတို့အဖို့အတွက် ဝေပေးရသေးတယ်။ ကျန်သမျှဟာ စားဖို့ဝတ်ဖို့တောင် လုံလောက်တာ မတွေ့ဘူး။ တချို့တလေလည်း မိန်းမယူနိုင်တယ်။ ဒီတော့ လွတ်မြောက်ရေး မတိုင်မီက **လုန်ဖုံနိုင်** တွင်းသားတစ်ရာမှာ ခုနစ်ဆယ်ဟာ ငွေကြေးမတတ်နိုင်လို့ မယားမယူနိုင်ဘူး။

တွင်းထဲကလုပ်သားကို အန္တရာယ်ကာကွယ်ဖို့ ဘာအစီအစဉ်မှ မရှိဘူး။ လိုဏ်မိုးပြိုကျပြီး လူစတေးပြီးသား မကြာခဏဖြစ်တယ်။ ဒါကြောင့် တွင်းသားလုပ်ရင် အသက်စွန့်ထားရတယ်လို့ ပြောစမှတ်ဖြစ်လာခဲ့ပါတယ်။ **၁၉၁၇**ခုနှစ်က ဓာတ်ငွေ့ပေါက်ကွဲထွက်တဲ့အခါ ဂျပန်တွင်းရှင်တွေက ကျောက်မီးသွေး အဆုံးသက်သာအောင် ဆိုပြီး တွင်းတစ်ခုလုံး ပိတ်ပစ်တဲ့အခါ အတွင်းမှာ လူ **၉၁၇**ယောက်ပါသွားတယ်။ အရှင်လတ်လတ် မီးလောင်ပြီး သေကြမှာပဲ။ ဒီတွင်းမှာပဲ **၁၉၂၀**ခုက ရေတွေဖြုန်းခနဲ ထွက်လာလို့ တွင်းသား **၄၈၂** သေပြန်တယ်။ "မန်ကျူကော"ရုံး မှတ်တမ်းအတိုင်း ပြောရရင် ဒီတွင်းတွေမှာ **၁၉၁၆**ခုက **၁၉၄၄**ခုအတွင်း ဒဏ်ရာအကြီးအကျယ်ရတဲ့လူနဲ့

သေတဲ့လူဟာ ၂၅၁,၉၉၉ယောက် ရှိတယ်။ ကျင်းတူးပြီး မမြှုပ်နိုင်တော့လို့တောင် ချိုင့်တစ်ခုမှာ အလောင်းကို ပစ်လေ့ရှိတာနဲ့ အဲဒီနေရာကို "သောင်းသချိုင်း"လို့ ခေါ်ကြတယ်။

ဂျပန်က အဲဒီအရပ်မှာ **"နတ်ဥယင်"**အမည်နဲ့ ပိုက်ဆံဖြုန်းဖို့ နေရာ ဖန်တီးပေးထားတယ်။ ဖာအိမ်၊ ဖဲအိမ်၊ ဘိန်းအိမ်အပြည့်ပဲ။

ရှေးဖူရှန်မှာ ဂျပန်နဲ့တွင်းသား ခေါင်းအကြီးတွေ ဓိမ်ခံဖို့ ဟိုတယ်တွေ ရှိသလို သူတောင်းစားတွေလည်း ပေါတယ်။ ယန်င်ပေ့မြစ်ရိုးနဲ့ ရေဆိုးထုတ်မြောင်း တွေမှာ ငတ်သေတဲ့ ကလေးလူကြီးအလောင်းတွေ တွေ့ရမယ်။ ဆောင်းအခါဆိုရင် ယန်ငံပေ့တံတားမှာ နေ့တိုင်း လူသေအလောင်းတွေကို မြင်ရတယ်။ **"မန်ကျူကော"** ခေတ်က ဖူရှန်မှာ **"ပြုပြင်ရေးစခန်း"**လည်း ရှိတယ်။ **"မန်ကျူကော"**နဲ့ ဂျပန်ကို ဆန့်ကျင်တဲ့ လုပ်သားကို ထိန်းသိမ်းတဲ့အကျဉ်းစခန်းပေါ့။

အဲဒီ အခြေအနေကနေပြီး အခု အကြီးအကျယ် ပြောင်းလဲလာခဲ့ပါပြီ။ ဂျပန်က သုံးဆယ့်တစ်နှစ်အတွင်းမှာ လုပ်သားနေဖို့ ကြမ်းပြင်ဧရိယာအကျယ် စတုရန်းမီတာ **၃၅,၀၀၀**ရှည်တဲ့ တဲပျက်နေရာမှာ လွတ်မြောက်ပြီး ခုနစ်နှစ်အတွင်း ဆောက်ခဲ့တဲ့ လုပ်သားနေရာဟာ ကြမ်းပြင်ဧရိယာအကျယ် စတုရန်းမီတာ **၁၇၀,၀၀၀** ရှိပါပြီ။ အဲဒီအထဲက လုပ်သားတစ်ယောက်ရဲ့အိမ်ကို သွားလည်ကြပါတယ်။ သူဟာ လွတ်မြောက်ပြီးမှ မယားယူနိုင်လောက်အောင် အခြေအနေကောင်းလာလို့ မယားရတဲ့ ၈၀ ရာခိုင်နှုန်းထဲကတစ်ယောက် ဖြစ်မယ်ထင်ပါတယ်။

အဲဒီစခန်းတွေမှာ ပြာလဲ့လဲ့ ဓာတ်ငွေ့မီးတွင်းကို ကျွန်တော်မြင်ခဲ့ရပါတယ်။

**လုနိုင်ဖုံနိုင်**ကျောက်မီးသွေးတွင်း မြေအောက်လမ်းကို လျှောက်လာကြရင်း တွင်းရုံးမှူးက ဒီဓာတ်ငွေ့အကြောင်းကို ပြောပြပါတယ်။ ဓာတ်ငွေ့ဟာ တစ်ကမ္ဘာလုံး မှာပဲ တွင်းသားအဖို့ အဆိုးဆုံးရန်သူပါ။ **ဒီလုနိုင်ဖုံနိုင်၊ ရှုံနိုင်လီ**နဲ့ **လပ်ဟူ**တွင်းတွေမှာ ပိုလို့ဘဲ ဆိုးတယ်။ လွတ်မြောက်ပြီးချိန်မှာ ဒီ သုံးနေရာက တွင်းတွေရဲ့ အခြေအနေ ဟာလည်း အင်မတန်မှဆိုးဝါးနေတာ တွေ့ရတယ်။ **လုနိုင်ဖုံနိုင်**တွင်းထဲက လမ်းတွေ ဆိုရင် တွင်းပြိုပြီး ပိတ်ဆို့နေကြတယ်။ ပထမ ဂျပန်က ဖျက်သွားလို့။ ဒုတိယ **ကော့မင်တန်နိုင်**က ပျက်သွားလို့ပါပဲ။ သက်သက် နောက်လူအဖို့ အခက်အခဲကြီးအောင် လုပ်သွားတဲ့သဘောပေါ့။ တွင်းတွေထဲမှာ ဓာတ်ငွေ့တွေရှိနေလေတော့ လျှပ်စစ် ဓာတ်အားကိုလည်း မသုံးဝံ့ပါဘူး။ မိုင်းနဲ့လည်း မခွဲဝံ့ဘူး။

တွင်းအင်ဂျင်နီယာတွေက ၁၉၄၉ ခု ဆောင်းဦးမှာ ဒီဓာတ်ငွေ့တွေကို ပိုက်နဲ့သွယ်ပြီး မြေပေါ်မှာ တင်လိုက်ရရင် အန္တရာယ်လည်း ကင်းသွားမယ်။ အသုံး လည်း ကျသွားမယ်လို့ ပါတီကော်မတီကို အကြံဉာဏ်ပေးခဲ့ပါတယ်။ ကော်မတီက ထောက်ခံတာနဲ့ လူဟောင်းလုပ်သားတွေကလည်း အားတက်သရော ဒီအကြံဉာဏ် အောင်မြင်အောင် ကူညီကြမယ်လို့ အာမခံကြတာနဲ့ ပထမ အစမ်းသဘောလုပ်ကြည့်ကြ

ပါတယ်။ အငွေ့ပြည့်နေတဲ့ မြေအောက်လိုဏ်တွေကို ပါတီဝင်လုပ်သားရဲဘော်တွေဟာ နေ့ရောညပါ ရေ့တန်းကဆင်းပြီး အလုပ်လုပ်ကြတယ်။ အစကတော့ အခက်အခဲ အမျိုးမျိုး တွေ့ကြရတာပေါ့။ ဓာတ်ငွေ့သိပ်ပြင်းထန်တဲ့နေရာနဲ့ ကြုံရတာလည်းရှိတယ်။ သတ္တိကြောင်တဲ့လူတွေ ရှေးဆန်ပြီး အယူသီးတဲ့လူတွေ ကန့်ကွက်တိုက်ခိုက်မှုတွေနဲ့ ကြုံရတာလည်းရှိတယ်။ ဒါပေမယ့် **၁၉၅၀**ပြည့် ဇူလိုင် ၁ရက်မှာ အစမ်း စီမံကိန်း အပြီးသတ်လို့ မြေပေါ်မှာ အငွေ့သယ်ပိုက်ဝက မီးတောက်ပြာကလေးကို စပြီး မြင်ရတယ်။ လုပ်သားဟောင်းတွေက မျက်ရည်တွေ ကျလာတယ်။ လုပ်သားသစ်တွေက ဒို့တစ်ပွဲနိုင်ပြန်ပြီဟေ့လို့ လက်သီးလက်မောင်းတန်းကြတယ်။

အဲဒီနေ့ မနက်က သူငယ်တန်းကျောင်းမှာ ဝဝတုတ်တုတ်ကလေး ကလေး တစ်ယောက် သီဆိုနေတဲ့သီချင်းကို ကျွန်တော်ကြားယောင်လာပါထယ်။

## ကွန်မြူနစ်ပါတီမရှိရင် တရုတ်နိုင်ငံသစ် ဘယ်မှာရှိမလဲ

မြေအောက်လမ်းအတိုင်း လျှောက်လာတော့ သစ်သီး၊ မျက်နှာသုတ်၊ လက်ကိုင်ပဝါ၊ ချိုချဉ်စတဲ့ တိုလီမိုလီဆိုင်ကို မီးထိန်ထိန်လင်းလို့ ဖွင့်ထားတာကို ဖြတ်သွားရပါတယ်။ လမ်းပြက အရင် "မန်ကျူကော"ခေတ်ကဆိုရင် ဒီနေရာမှာ စွတ်စိုထိုင်းမှိုင်းပြီး ရေစိမ့်စိမ့်နဲ့ ကြွက်သိပ်ပေါတယ်လို့ ပြောပြပါတယ်။ ကြွက်ကို ဘယ်သူမှ ဟိုတုန်းက မသတ်ရဲဘူး။ ကြွက်ဟာ **လပ်ချိန်နတ်မင်း**ရဲ့ မြင်းတွေလို့ ယူဆပြီး ဘေးမဲ့ပေးကြတယ်တဲ့။ အဲဒီနတ်မင်းကို ကူညီမှိုင်းမပါလို့ တွင်းသားတွေ ကိုးကွယ်တယ်။ အခုတော့ ဒီနတ်မင်းအရုပ်တောင် အိမ်ထဲမှာ မထားဘဲ ပစ်လိုက် ကြပါပြီ။ အခုပြောင်နေတဲ့ ကွန်ဂရစ်လမ်းကို လက်ညှိုးထိုးပြပြီး ရှေးအခါက ဒီနေရာ ညစ်ပေနေတဲ့ ဗွက်ထဲမှာ တွင်းသားတွေဟာ ဖိနပ်မပါပဲ လျှောက်သွားနေကြ တယ်။ တွင်းထဲက တချို့နေရာမှာ ကိုယ်လုံးတီးချွတ်ပြီး အလုပ်လုပ်ကြရသတဲ့။

ကျောက်မီးသွေးကို လျှပ်စစ်အားနဲ့ဆွဲတဲ့ ရထားတွဲတွေနားကနေပြီး လျှောက် လာခဲ့ကြပါတယ်။

အရင်က ရထားတွဲသွားတဲ့နေရာကို လူပါ ဘေးကလျှောက်လို့ရအောင် လုပ် မပေးထားဖူးတဲ့။ ဒီတော့ တစ်ခါတလေ လူရှိတုန်း တွဲတွေရောက်လာပြီး ကြိတ် သွားတာပဲတဲ့။ ဒီလို သေတဲ့မသာဟာ တွင်းပြိုလို့၊ ပေါက်ကွဲလို့သေတဲ့မသာနဲ့စာရင် တော့ အင်မတန် နည်းမယ်လို့ဆိုပါတယ်။ ဒါကြောင့် တွင်းသားတွေက သူတို့ဟာ ကျောက်မီးသွေးအလွှာပြင်ပေါ်က အသားတုံးပဲလို့ ပြောလေ့ရှိတယ်။ မြေအောက်မှာ တစ်နေကုန် အလုပ်လုပ်ပြီး ညဘက်အိမ်ပြန်ရတဲ့အခါ၊ အင်း... ငါ့အဖို့ တစ်နေ့ဆက် နေရပြန်ပြီလို့ ဝမ်းသာရတယ်တဲ့။ တွင်းဝမှာ သားမယားတွေ လာကြိုနေကြတယ်။ သူတို့လူ ပြန်ပါမလာရင် သေခဲ့ပြီလို့ပဲ နားလည်ရတာပဲတဲ့။ အလောင်းကိုတောင် ပြန်ရအောင် အမြဲ ဂရုပြုပြီး ရှာမပေးပါဘူးတဲ့။ လမ်းပြဟာ နံရံတစ်နေရာကို

လက်ညှိုးညွှန်ပြီး ဒီနေရာမှာ လူလေးယောက်အရှင်လိုက် မြုပ်သွားတာကို ကျွန်တော် ကိုယ်တိုင် မြင်ဖူးပါတယ်။ အသက်တစ်ဆယ့်လေးနှစ်သားကပဲ ကျွန်တော်တွင်းသား လုပ်လာတာ ကိုယ်တိုင်လည်း သေဘေးက ပွတ်ခါသီကာ လွတ်ခဲ့တာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ပါဘူးဗျာလို့ ဆက်ပြောတယ်။

တွင်းသားတွေဟာ ဖျားမှာ သိပ်စိုးကြတယ်။ သူတို့နေရတဲ့ တန်းလျားများမှာ အပူငွေ့ပေးထားတာမရှိတော့ အဖျားဒဏ်ကို မခံနိုင်ဘူးပေါ့။ အဝတ်ကလည်းအစုတ် စုတ်၊ အိပ်ရာဆိုတာလည်း အိတ်စုတ်အိတ်ပြဲတွေပဲရှိတယ်။ စားစရာကလည်း တစ်နေ့လုံးမှာ ပြောင်းမှုန့်မုံ့ပြားလေး ရှစ်ခုပဲရတယ်။ လူတစ်ယောက်ဖျားပြီလို့ ဂျပန်ကသိရင် ဆွဲထုတ်ပြီး ပိတ်လှောင်ထားတယ်။ တစ်နေ့လုံးမှ ဆန်ပြုတ်တစ်ခွက်ပဲ တိုက်တယ်။ မသေသေးပေမဲ့ "သောင်းသချိုင်း"မှာ ပစ်လိုက်တာလည်း ရှိတယ်။ ကျွန်တော်တို့ရှေ့က ခုပဲဖြတ်သွားတဲ့ ရထားဆရာအဖေဟာ မသေပဲနဲ့ အမြှုပ်ခံရ တယ်လို့ ပြောပါတယ်။

နည်းနည်းနားပြီး သူကဆက်ပြောသေးတယ်။ ဒီတွင်းတစ်ခုထဲမှာ တစ်ခါ တလေ မသန့်တာနဲ့ အသက်ရှူကျပ်ပြီး သေမတတ်ခံရဖူးသတဲ့။ အပေါ်ကတက်လာ တော့လည်း နေမကောင်းဖြစ်နေပါသေးတယ်။ ဒါပေမယ့် ဂိုဏ်းခေါင်းက ပြန်မဆင်းရင် ရိုက်မယ်လုပ်ပါတယ်။ သူက ဟိုတုန်းက အသက်အငယ်ဆုံး တွင်းသားမို့ လူကြီး တွေ ရောက်လာပြီး ဂိုဏ်းခေါင်းကို ဝိုင်းလိုက်ကြတာနဲ့ ထွက်ပြေးသွားလို့ သူလွတ် ရပါတယ်တဲ့။ ဂျပန်နဲ့ တရုတ်ကြီးကြပ်ရေးမှူးတွေဟာ ရှစ်မှတ်ကြောင်း တပ်သားဟောင်း အကျဉ်းသမားတွင်းသားကို မြေအောက်တွင်းထဲမှာ အမှတ်တမဲ့တွေ့မှာ သိပ်ကြောက် တယ်။ ဘာပြုလို့လဲဆိုတော့ အဲဒီတပ်သားဟောင်းဟာ သူတို့ကို ဖြစ်သလိုတိုက်ခိုက် သတ်ဖြတ်ဖို့ ဘယ်တော့မှ ဦးမနှေးဘူး။ ဒါကြောင့် ဒီလူမျိုးကိုလန့်ပြီး သိပ်မညှဉ်း ရဲတော့ဘူးပေါ့။ ဒီတွင်းသားမျိုးကိုလည်း အခြားတွင်းသားတွေနဲ့ ခွဲထားပေမယ့် သူတို့ရဲ့နမူနာနဲ့ ကျန်တွင်းသားတွေလည်း စိတ်ဓာတ်အားရှိလာတယ်။ ဂျပန်ဆိုတဲ့ သတ္တဝါမျိုးဟာ သံမဏိမျိုးမဟုတ်ဘူး။ တွင်းကြွက်လိုပဲ ဝိုင်းသတ်ရင်ရမယ်။ သူတို့ လုံးဝပျက်စီးဖို့ဟာလည်း ရက်ပိုင်းလောက်ပဲ ကျန်တော့တယ်လို့ သိလာကြ ပါတယ်။

ဒီလို စိတ်ဓာတ်အားရှိတဲ့ တွင်းသားနဲ့ ကျွန်တော်ဟာ ဟိုရက်က တယ် ကွာခြားပါကလားလို့ တွေးမိတယ်။ ကျွန်တော့်မှာတော့ အသားမစားရဲဘူး။ နေ့တိုင်း ဆေးသောက်၊ ဆေးထိုး၊ ငါ အသတ်ခံရတော့မှာလားဆိုပြီး သွေးလန့်၊ လူ့ဣန္ဒြေ အားလုံး ကင်းပျောက်ခဲ့ရတဲ့ အချိန်မဟုတ်လား။ သူကတော့ အဲဒီရက်မှာ ကျွန်တော်တို့ အမျိုးအစားကို တွင်းကြွက်လောက်ပဲ အထင်သေးမယ်။ အခုတော့ သူက ကျွန်တော် တို့ကို ဘယ်လိုယူဆမလဲ သိချင်တယ်။

ဓာတ်ငွေ့ကို ပိုက်နဲ့သွယ်တန်းပြီး ထုတ်ယူလို့ အောင်မြင်တဲ့အခါ

လုပ်သား အဘိုးကြီးတွေက မျက်ရည်ကျပြီး အငယ်တွေက လက်ရုံးဆန့်တန်းတယ် ဆိုတာကိုလည်း သွားပြီးတွေးမိတယ်။ သူတို့အမြင်မှာတော့ ခုခေတ်မှာ ဘာမှ လျှို့ဝှက်ထားတာရယ်လို့လည်း မရှိတော့ဘူး။ ဘယ်သူဖြစ်ဖြစ် ပုံသစ်လောင်းရင် ရနိုင်မယ်လို့ သူတို့ နားလည်နေပြီ။ ရှေ့အဖို့လည်း တွေးပြီး သွေးလန့်စရာမရှိ။ သူတို့အဖို့ ပိုင်နိုင်နေပြီဆိုတော့ ကေရာဇ်ဆိုတဲ့လူမျိုးကိုလည်း သူတို့အဖို့ မှုလောက်စရာ ဘာရှိသလဲ။ ဒီတော့ သူတို့ ကျွန်တော့်ကို ခွင့်လွှတ်နိုင်တယ်ပေါ့။ ဒီလိုပဲ ဆက်စပ် ယူနိုင်ပါတယ်။ နေရာတကာမှာ ပြောင်းလဲနေပြီ။ ဒီအထဲမှာ အခြေခံအရေးအကြီးဆုံး အချက်ကတော့ ပြည်သူ့ပြောင်းလဲမှုပါပဲ။ ကွန်မြူနစ်ပါတီသာ မရှိခဲ့ရင် ဒီလိုပဲ ပြောင်းမှာ မဟုတ်ဘူး။ ကျွန်တော်တို့အပေါ်မှာလည်း ခုလို သဘောထားကြီးကြီးနဲ့ ဆက်ဆံရေးဟာလည်း ဖြစ်ကိုမဖြစ်နိုင်ဘူး။

## အမျိုးတွေနဲ့ တွေ့ရပြီ

ဒီလို အလည်အပတ်ထွက်ရတဲ့အခါမှာ စိတ်ထဲမှာ သဘောပေါက်ပုံကတော့ ပြည်သူက ငါ့ကို ခွင့်လွှတ်တယ်။ ငါလည်း တကယ့်လူ ဖြစ်လာနိုင်သေးတယ်ဆို တာပါပဲ။ တခြားသိမှတ်စရာတွေလည်း အများကြီး ရခဲ့ပါသေးတယ်။ အပြင်ထွက်ရတဲ့ ပထမနေ့ကတော့ အစိုးရသစ်ကို ကျွန်တော်က ရှေးမျက်လုံးနဲ့ပဲ ကြည့်မိသေးတယ်။ စာအုပ်ထဲမှာ ဖတ်ရသလို လူထုနဲ့ အစိုးရဟာ အပြန်အလှန်ကူညီတဲ့ ရင်းနှီးမှုရှိတယ် ဆိုတာ မဖြစ်နိုင်ပါဘူး။ ဝါဒဖြန့်တာပါပဲဆိုတဲ့ ရှေးရှေးအစွဲနဲ့ ထွက်လာပါတယ်။ ကွန်မြူနစ်ပါတီဟာ ခုလို အားကောင်းတဲ့ တပ်နဲ့ အစိုးရ လက်ကိုင်ရှိနေတာဟာ လူထုကို လှည့်ပတ်ဖြားယောင်းပုံဖော်လို့၊ စဉ်းလဲကောက်ကျစ်တဲ့နေရာမှာ ပီရိလို့ပဲ ဖြစ်တယ်လို့ တွက်ထားတယ်။ ဒါကြောင့် လူထုဟာ ပါတီကိုယုံကြည်ပြီး ကူညီ တာဟာ ပါတီက သူတို့ဘယ်တုန်းကမှ မခံစားရဘူးတဲ့ ကောင်းကျိုးချမ်းသာတွေ ကို အထင်အရှား ဆောင်ကျဉ်းပေးနိုင်လို့ ဖြစ်တယ်။ အဲဒီ အကျိုးခံစားခွင့်တွေကိုလည်း အခု အလည်ထွက်တဲ့အခါ ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့တယ်။ အရင် စိုးမိုးသွားတဲ့ လူတွေဟာ ဒီလို တိုးတက်မှု ဖြစ်ပါစေလို့ စေတနာတောင် မရှိဘူး။ လုပ်ပေးနိုင်ဖို့လည်း ဝေးပါတယ်။

ရှေးက ကျော်မွဲတွေဟာ ခု လူမှုရေးစနစ်သစ်မှာ အကျိုးခံစားမှုအပြည့်နဲ့ ကျေနပ်ကြပြီ မှန်တယ်။ ဒါပေမယ့် ရှေးက လူချမ်းသာ လူ့အဖိုးတန်ဆိုတဲ့ ဥပမာ ကျွန်တော့်သားချင်းတွေလို လူမျိုးကတော့ ကျေနပ်နိုင်ပါ့မလား။ လူမျိုးငယ်ဆိုတဲ့ အစုအကွက်ကလေးတွေက ကျေနပ်နိုင်ပါ့မလား။ ကျွန်တော်တို့ ထွက်လည်ခွင့်ရပြီး တယ်မကြာဘူး။ ကျွန်တော့်အမျိုးတချို့ ကျွန်တော်နဲ့ လာတွေ့ကြတယ်။ ဒီအခါမှာ အခုလို တွေးထားတာ စောစောက ကျွန်တော့်တခြားအတွေးတွေကလိုပဲ မရေရာဘူး၊

မဟုတ်ဘူးဆိုတာ သိရပြန်တယ်။ အမှန်ပြောရရင် လူအဆင့်အတန်းမျိုးစုံက အများစုဟာ မယုံနိုင်စရာ ကောင်းလောက်အောင် အခုအခြေအနေသစ်ကို ကျေနပ်လက်ခံနေကြပါတယ်။

ကျွန်တော်တို့ကို **၁၉၅၅ခု** နွေရာသီကစပြီး အမျိုးတွေနဲ့ စာပေးစာယူလုပ်ခွင့်ပြုခဲ့ပါတယ်။ စစ်တရားခံတွေရဲ့ အမျိုးဖြစ်လို့ဆိုပြီး ဘယ်နေရာမှာမှ ပစ်ပယ်တာကို မခံကြရပါ။ တချို့ကလေးတွေက ကျောင်းတက်တုန်း၊ တချို့က အရွယ်ရောက်လို့ အလုပ်အကိုင်တွေနဲ့ ဖြစ်နေပါပြီ။ တချို့က ထူးချွန်တဲ့ပညာရှင်၊ တချို့က ကွန်မြူနစ်လူငယ်အသင်းဝင်၊ တချို့က ပါတီဝင်၊ အမျိုးတွေရဲ့စာကို ဖတ်ရလို့ ကျွန်တော်တို့လည်း စိတ်အများကြီး တက်ကြွလာတယ်။ လူမှုပြောင်းလဲရေးမှာ တို့အတွက် ဘယ်လိုနေမယ်ဆိုတာကို ပိုပြီး နားလည်လာတယ်။ နည်းနည်း မသက်သာစိတ် ပိုတဲ့လူကတော့ စာလောက်ဖတ်ရုံနဲ့ မယုံတစ်ဝက်ပဲ ရှိဦးမယ်ပေါ့။ တစ်ဖက်သတ် တစ်ယူသန်အစွဲနဲ့ လိုသလိုဆွဲပြီး အဓိပ္ပာယ်ကောက်ဦးမယ်ပေါ့။ အရင် ရုပ်သေးဗိုလ်ချုပ်ကြီးဖြစ်ခဲ့တဲ့ ကျန်င်ဟာ သူ့သားဆီက ပထမစာမှာ သူတို့သားက မစ္စတာကျန်င်လို့ နာမည်တပ်ပြီးရေးလိုက်လို့ သိပ်ပြီး ဝမ်းနည်းပြီး ရူးမတတ်ဖြစ်တယ်။ ကျန်အကျဉ်းသား တော်တော်များများကလည်း သူ့ဘက်က လိုက်ပြီး နာကြတယ်။ လူမှုပုံစံသစ်က လူငယ်တွေကို ဒီလိုမြှောက်ပေးနေပါလားဟာလို့ တိုးတိုး ပြောကြပြီ။ အဖေက ထောင်ထဲမှာဆိုတော့ သားက ဒီလိုပဲ မလေးမစားဖြစ်လာတာပေါ့ကွာလို့လည်း ပြောကြတယ်။ ကျဲန်ပဝ်ရှဲန်က ကွန်မြူနစ်ဆိုတာ အသည်းနှလုံး မရှိဘူး။ မတရားမှုလုပ်ဖို့ ဝန်မလေးဘူးလို့ ပြောဖူးတာကို ပြန်ပြီး သတိရတယ်။ ပုကျိအယ်နဲ့ တစ်ခန်းတည်းနေတဲ့ ဗိုလ်ချုပ်ကြီးဟောင်းလျှိဟာ သူ့သမီးကို အင်မတန်ချစ်တယ်။ အပြင်မှာဝိုင်းပြီး အနှိပ်စက်ခံနေရတော့မှာပဲလို့ သိပ်စိုးရိမ်ပြီး စိတ်မချမ်းမသာဖြစ်နေတယ်။ တရုတ်နိုင်ငံသစ် ဆိုတာကိုလည်း နည်းနည်းမှ မယုံဘူး။ အခု သူ့သမီးက အနေအစားကောင်းတယ်။ အထောက်အပံ့အများကြီးရတယ်။ အခု လူငယ်သင်းဝင်ဖြစ်နေပြီလို့ စာရေးလိုက်တဲ့အပြင် အဲဒီအဖွဲ့က သူ့ကို ကောင်း ကောင်းဂရုစိုက်တယ်။ မိတ်ဆွေတွေလည်းပေါတယ်။ အစိုးရပညာသင်အဖြစ်နဲ့ အနုပညာကျောင်းတက်ရလို့ လုပ်ချင်တာနဲ့ အံကိုက်ဖြစ်ပြီး သိပ်ဝမ်းသာနေတယ်လို့ ဆက်ရေးလိုက်သေးတယ်။ စာဖတ်ရင်း ဖွေးဖွေးဖြူတဲ့ သူ့ခေါင်းကို ခါယမ်းရင်း တစ်ခါနဲ့ မယုံသေးဘူးဗျာ၊ မြင်ရမှလို့ မှတ်ချက်ချနေပါတယ်။ ၁၉၅၆ခုကစပြီး ကျွန်တော်တို့ မေးသမျှကိုလည်း အပြင်ကစာနဲ့ ဖြေခွင့်ရတယ်။ ဒီတော့မှ ကျွန်တော် တို့ဟာ သားချင်းတွေလောက်ကိုပဲ ပြဿနာရှင်းပေးနေတာ မဟုတ်ဘူး။ တစ်နိုင်ငံလုံး တစ်မျိုးသားလုံး နောက်ပေါက်လူငယ်အားလုံးအတွက် တန်းတူဖြေရှင်းပေးနေတာဖြစ်တယ်လို့ သိပါတယ်။

ကျွန်တော်တို့ လေ့လာရေးထွက်ရပြီး သုံးရက်အကြာ **၁၉၅၆ခု၊ မတ်လ**

**၁၀ရက်**နေ့မှာ ဝါဒါတစ်ယောက်လာပြီး ကျွန်တော်ရယ်၊ ညီ **ပုကျိုအယ်**ရယ်၊ တူ သုံးယောက်ရယ်၊ ထောင်မှူးရုံးခန်းကို လာပါလို့ခေါ်တယ်။ ရောက်တော့ တအံ့တသြ ဦးလေး**ကျိုင်တပ်**နဲ့ ညီမ ၃ နဲ့ ၅ကို တွေ့ပါတယ်။ ကွဲနေကြတာ ဆယ်နှစ်ကျော်ပါပြီ။

ဦးလေးကလည်း ကျန်းကျန်းမာမာ၊ ညီမတွေကိုလည်း ဝွမ်းကပ်အင်္ကျီတွေနဲ့ တွေ့နေရတာ အိပ်မက်များလားလို့တောင် ထင်မိတယ်။

အမျိုးတွေထဲမှာ ကျွန်တော့်ထက် အကြီးထဲကဆိုရင် ဦးလေး**ကျိုတပ်**ပဲ ကျန်တော့တယ်။ **၁၉၅၄** ခုနှစ်မှာ တရုတ်နိုင်ငံ **မန်ကျူးနှစ်သန်း**ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ အမျိုးသား ပြည်သူ့ကွန်ဂရက်ကိုတက်ဖို့ သူ့ကို ရွေးသတဲ့။ ပြီးတော့ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်မှာ သူ့ကိုပဲ အမျိုးသားကော်မတီဝင် အဖြစ် တင်မြှောက်ထားသေးတယ်။ မကြာခင်ကျင်းပတဲ့ ကွန်ဂရက် ဒုတိယအစည်းအဝေးမှာ သူနဲ့ သဘာပတိ**မဝ်**နဲ့ တွေ့ဆုံ ဆွေးနွေးခဲ့ရဖူးတယ်လို့လည်း ပြောပြတယ်။ ဝန်ကြီးချုပ် **ကျိုဝ်အင်လိုင်**က သဘာပတိနဲ့ မိတ်ဆက်ပေးတဲ့အခါ ဒါ **ပုယီ ဦးလေး ကျိုင်တပ်**ပါလို့ ပြောသတဲ့။ သဘာပတိမဝ်က လက်ဆွဲနှုတ်ဆက်ပြီး ပုယီတော့ လေ့လာရေးမှာ တော်တော်တိုးတက်နေပြီလို့ ကြားရတယ်။ သူ့ဆီကို ခင်ဗျား ဘာပြုလို့ သွားမလည်သလဲဗျ။ သွားပါလို့ တိုက်တွန်းတယ်။

ဦးလေးက ဒါကို ပြန်ပြောတဲ့အခါ ဝမ်းသာစိတ်နဲ့ စိတ်လှုပ်ရှားပြီး အသံတိမ်သွားလို့ မကြားရလောက်အောင် ဖြစ်သွားတယ်။ ကျွန်တော်မှာလည်း မျက်ရည်မကျအောင် ဆယ်လို့ကို မရပါ။ အားလုံး ငိုကြတယ်။ တူမောင်ရွှေက အသံများတောင် ထွက်တယ်။

ဒီ အမျိုးတွေ့ပွဲမှာ ကျွန်တော်တစ်ယောက်သာ မဟုတ်ဘူး။ **အိုင်စင်ဂီအောရော** တစ်မျိုးလုံး။ မန်ကျူ အမျိုးသားအားလုံးကို ကယ်တင်ထားပြီလို့ သိရပါတယ်။

ဦးလေးပြောတဲ့အတိုင်းဆိုရင် လွတ်မြောက်ရေးမတိုင်မီက မန်ကျူအမျိုးသား စာရင်းပေါက် **၈၀,၀၀၀**ပဲ ရှိတယ်။ အခု အဲဒါ အဆသုံးဆယ် ဖြစ်နေပြီတဲ့။ ဒီလို ပြောင်းလဲသွားတာဟာ ဘာ့ကြောင့်လို့ ကျွန်တော်သိတယ်။ **ယုယန်ရှိင်**စစ်ဘုရင်တွေ လက်အောက်နဲ့ **ကောမင်တန်** အစိုးရလက်ထက်မှာ **မန်ကျူ**အလံကိုင်မျိုးဆိုရင် အလုပ်မရတဲ့အပြင် အနှိပ်စက်ခံရသေးတော့ လူတော်တော်များများဟာ ဟန်မျိုးလို့ လိမ်ပြီး နေနေကြရတယ်။ **အိုင်စင်ဂီအောရော** အမျိုးတွေတောင် ဖအေနာမည်ကို **ကျိုန်၊ ကျုပ်လော**လို့ ပြောင်းကြရသေးတယ်။ ဥပမာ **တီအင်ကျင်**က အဖေ့အိမ်ထောင်ဟာ **ကျိုန်**လို့ နာမည်ပြောင်းခဲ့တယ်။ လွတ်မြောက်ပြီးတဲ့အခါကျမှ မန်ကျူအမျိုးသားတွေဟာ ကျွန်တော် မန်ကျူပါလို့ ဖွင့်ပြောရဲလာကြတယ်။ ဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ကြေငြာပြီးတဲ့ နောက်ပိုင်းမှာလာပြီး မှတ်ပုံတင်တဲ့ မန်ကျူဦးရေ **၂,၄၀၀,၀၀၀** ဖြစ်နေလို့ မန်ကျူတွေပဲ များလှချည့်လားလို့ အံ့သြနေကြသတဲ့။

အရှေ့သချိုင်းတော် ဖောက်ထွင်းခံရတုန်းက ကျွန်တော်ဒေါသထွက်တာကို ပြန်ပြီး အမှတ်ရပါတယ်။ ဖိုးဖွားတွေရဲ့ အထိမ်းအမှတ် ကျောက်ပြားရှေ့မှာသွားပြီး ကလဲ့စားချေပါ့မယ်လို့ သစ္စာဆိုခဲ့ဖူးတယ်။ အမှန်က ကျွန်တော်လုပ်ခဲ့သမျှဟာ ကျွန်တော်တို့ အမျိုးတွေ အမြန်ဆုံး ပျက်စီးကုန်အောင် ဖန်တီးသလိုပဲ ဖြစ်ခဲ့တယ်။ ကျွန်တော့်အုပ်စုနဲ့ ကျွန်တော်ကို ထောက်ပံ့ကူညီတယ်လို့ဆိုတဲ့ ဂျပန်ပျက်စီးတော့မှပဲ မန်ကျူအမျိုးသားတွေနဲ့ အိုင်စင်ဂီအောရော အမျိုးတွေအဖို့ ရှေ့ရေးမျှော်လင့်ချက် ပွင့်လင်းလာပါတယ်။ လူ ၈၀,၀၀၀က ၂,၄၀၀,၀၀၀ ဖြစ်လာတာက အဲဒါကို ဟုတ်မှန်တယ်လို့ သက်သေခံနေပါတယ်။

ဒီလို ရာဇဝင်တင်လောက်အောင် ပြောင်းလဲတာဟာ **အိုင်စီဂီအောရော** အမျိုးမှာ အငယ်နောက်ပေါက်တွေမှာသာ အထင်အရှားဖြစ်တာ မဟုတ်ပါ။ **ဇော့လယ်**[၁] လျိုင်တပ်နဲ့ ကျွန်တော့်နှမတွေမှာလည်း အထင်အရှား မြင်နေရပါတယ်။ ဦးလေးဟာ ခုဆို ၆၉ နှစ်ရှိပြီ။ ဒါပေမယ့် စိတ်ဓာတ်ရော ခန္ဓာကိုယ်ပါ ကြံ့ခိုင်တုန်းပဲ။ အိုမင်းရင့်ရော်တဲ့လက္ခဏာ မရှိသလောက်ပါလို့ ဆိုရမလောက်ပေါ့။ ကျွန်တော်နဲ့ စကားပြောတဲ့အခါ ရှေးထုံးစံမှုကိုတော့ မဖျောက်သေးဘူးလို့ သတိပြုမိတယ်။ လွတ်မြောက်ပြီးတဲ့နောက် သူက ပြည်သူ့လွတ်မြောက်ရေးတပ်ရဲ့ မြင်းတပ်ခွဲမှာ အလုပ်ဝင်လုပ်သတဲ့။ အနောက်မြောက်မြက်ခင်းမှာ သွားနေရပုံကို အင်မတန် ကျေနပ်တဲ့လေနဲ့ ပြန်ပြောတယ်။ အခုလောလောဆယ်တော့ အမျိုးသား ပြည်သူ့ကွန်ဂရက်ဝင်တစ်ဦးအနေနဲ့ အမျိုးသားလူနည်းစုတွေကို သွားပြီးလေ့လာဖို့ စီစဉ်နေတယ်တဲ့။

ပြည်သူ့လွတ်မြောက်ရေးတပ် ပီကင်းကို ဝင်ရောက်လာတဲ့အခါ မန်ကျူလူကြီးတွေဟာ သိပ်ပြီး ကြောက်နေကြတယ်။ အိုင်စင်ဂီအောရောအမျိုးက ပိုပြီးလန့်တာပေါ့။ **ပြည်သူ့လွတ်မြောက်ရေးတပ်က ကြေညာချက်**[၂] ကို ထုတ်ပြီးတဲ့နောက်တောင် စိုးရိမ်စိတ် ကျန်နေသေးတယ်။ ပီကင်းမန်ကျူကြီးတွေဟာ "မန်ကျူကော"ရဲ့ သူကောင်းသစ်ထဲမှာလည်း မပါဘူး။ ဝေါင်ကျိန်ဝေ့ရဲ့ ရုပ်သေးတွေထဲမှာလည်း မပါဘူး။ ဒါပေမယ့် သူတို့အထဲက လူတော်တော်များများဟာ မိရိုးဖလာအစွဲနဲ့ ကျွန်တော့်အပေါ်မှာ လေးစားကြည်ညိုစိတ်ဟာ ဖျောက်မရဘူး။ ကျွန်တော့်ကို ထောင်ချထားကြတယ်ကြားလို့ သူတို့မှာ သိပ်စိတ်ထိခိုက်သွားကြတယ်။ ဒီလို အချက်တွေရယ်။ မန်ကျူလူဦးရေ လျော့လိုက်တာရယ်။ ဆင်းရဲနွမ်းပါးလိုက်တာရယ်၊ အားလုံးပေါင်း

---

၁။ မန်ကျူသူရဲကောင်းဘွဲ့

၂။ ၁၉၄၉ ခု ဧပြီလမှာ ထုတ်ပြန်တယ်။ ရှစ်ချက် ကတိဝန်ခံချက်ဖြစ်တယ်။ တန်ပြန်တော်လှန်ရေးသမားနဲ့ အတွင်းရန် အနှောက်အယှက်လုပ်သူကလွဲရင် ပြည်သူအားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးမယ်လို့ ပါတယ်။

လိုက်တော့ ပြည်သူ့လွတ်မြောက်ရေးတပ်ကို သူတို့ဟာ အထင်လုံးဝကြီးမထားဘူးဆိုတဲ့ အဖြေထွက်နေပါတယ်။ အဲဒီလို အနေမှာ အရှေ့မြောက် ပြည်သူ့အစိုးရက မန်ကျူ ကလေးတွေဖို့ အထူးကျောင်းဖွင့်ပေးတယ်ဆိုတာ သိရတော့ ပထမဆုံး အံ့သြကြရတယ် ဆိုပဲ။ နောက်တစ်ခါ **အများလမ်းစဉ်**[၁] ရေးဆွဲဖို့ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ခေါ်ယူတဲ့အခါ မန်ကျူအမျိုးသား ကိုယ်စားလှယ်ပါခွင့်ရတော့ ဆက်ပြီး အံ့သြကြရပြန်တာပေါ့။ ပြီးတော့ ရပ်ရွာဒေသအလိုက် နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် တွေမှာလည်း ပါဝင်ဆွေးနွေးဖို့ ကိုယ်စားလှယ်လွှတ်ပါလို့ သူတို့အိမ်တွေကိုတစ်အိမ် တက်ဆင်း ပြည်သူ့အစိုးရကလွှတ်တဲ့ ကေဒါတွေလာတော့ ဆက်ပြီး အံ့သြကြပြန် တယ်။ ကိုယ့်အတွက်၊ ကိုယ့်မန်ကျူအမျိုးအတွက် ပြောလိုတာပြောပါ။ လူ့ဘောင်သစ် ဖန်တီးရာမှာ အတတ်နိုင်ဆုံး ပါဝင်ကူညီပါလို့ ကေဒါတွေက သူတို့ကိုတောင်းပန် တယ်။ ပီကင်းနေ ကျွန်တော့်ဘေးတော်တဲ့ **ဧကရာဇ်တပ်ကုအန်နိုင်၊ မင်းသားတုနိုင် မင်းသားကုနိုင်နဲ့ မင်းသားကျူနိ်**တို့က ဆင်းသက်တဲ့လူတွေထဲက ကျွန်တော်နဲ့အတူတူ မြစ်အဆင့်ရှိတဲ့ လူတွေဟာ အားလုံးလိုပဲ အသက်ခြောက်ဆယ်၊ ကျော်နေကြပြီ။ ကျွန်တော့် နှစ်ဝမ်းကွဲ **ပုကျိန် (ပုယွဲ့ကျိပ်လို့လဲ ခေါ်တယ်)**ဟာ ပန်းချီလက်ရာကျော်၊ စားလုံးလှ အရေးကောင်း၊ အခု အသက် ၆၀ ကျော်ပဲ ရှိပြီ။ နံရံမှာ ချိတ်ပြီးထားခဲ့ ရတဲ့ သူ့**ကုကျိန်**ကို ဖြုတ်ယူပြီး သီတင်းတစ်ပတ်မှာ တစ်ကြိမ်၊ ညနေချမ်း ပီကင်း ရပေ့ဟိုင်ရေကန်စောင်းမှာ ဝါသနာတူတွေစုပြီး တီးမှုတ်သီဆိုပြီး တယောထိုးခွင့်ရလို့ သိပ်အံ့သြဝမ်းသာနေပြီတဲ့။ သူသင်ကြားပေးတဲ့ လူငယ်တွေရဲ့ 'လက်စွမ်းကို နားထောင် ပြီး တရုတ်ရိုးရာတူရိယာလည်း မတိမ်ကောနိုင်တော့ဘူးလို့ ဆိုပြီး အလွန်အားတက်နေ သေးတယ်။ ပြီးတော့ **ကုကျိန်**သုတေသနသင်းမှာ သူပဲ ဉက္ကဋ္ဌ။ ခရိုင်နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်ကို သူတက်ရတယ်။ တရုတ်ပန်းချီကျောင်းမှာလည်း ဆရာ ဖြစ်လာသေးတယ်။ သူ့ညီ **ပုကျီအယ်**လည်း တရုတ်ပန်းချီသင်ဆရာပဲ။ ဝမ်းကွဲညီ **ပုယို့** က လူဝင်ခက်နန်းမြို့မှာ **"ကျီအင်ကျိန်မင်မှစ်အပါးတော်မြဲ သူကောင်း"**ဖြစ်ဖူး တယ်။ ကျွန်တော် ကျန်ကျန်မှနေစဉ်က တီအင်ကျင်မှာရှိတဲ့ ကျွန်တော့် ပစ္စည်းတွေကို သူပဲ ထိန်းပေးတယ်။ ခုတော့ မျက်စိကွယ်နေပြီမို့ လုပ်ကိုင်မစားနိုင်တော့။ လွတ်မြောက်ပြီးတဲ့အခါ သူ့အတွေ့အကြုံတွေနဲ့ သူ့ခေါင်းထဲမှာ မှတ်သားထားတဲ့ ရာဇဝင်အမှတ်အသားတွေကို၊ လူ့ဘောင်သစ် ထူထောင်သူတွေက အင်မတန်တန်ဖိုး ထားကြလို့ သူ့ကို ရိုးရာဗဟုသုတနဲ့ ရာဇဝင်လေ့လာရေးတိုက်မှာ အဖွဲ့ဝင်တစ်ယောက် အဖြစ် ဆောင်ရွက်ဖို့ တောင်းပန်လာကြတယ်တဲ့။ ဒီလိုတိုက်မျိုးကို နိုင်ငံအနှံ့မှာ တည်ထောင်ပြီး အဖွဲ့ဝင်တွေဟာ ကျိန်ဆင်းဆက်က ဧကရာဇ်စာမေးပွဲတွေအောင်ခဲ့

---

၁။ အမျိုးသားပြည်သူ့ကွန်ဂရက် ရေးဆွဲပြီးတဲ့အခြေခံ အုပ်ချုပ်ရေးစည်းမျဉ်း ဥပဒေကို ၁၉၅၄ ခု၊ စက်တင်ဘာလမှာ လက်မခံရမီက ယာယီဥပဒေအဖြစ် အများလမ်းစဉ်ကို ရေးဆွဲအသုံးပြုခဲ့ပါတယ်။

တဲ့ ပညာရှင်တွေလည်း ပါတယ်။ **စစ်ဘုရင်တွေ** ကျင့်ကြံပုံကို မျက်မြင်ကိုယ်တွေ့ သမားတွေ **ကျိုအန်ကိုင်ရှိအက်ခေတ်**ကို သိမြင်သူတွေ **၁၉၁၁ တော်လှန်ရေး**မှာ ပါဝင်ဆင်နွှဲဖူးသူတွေ **တုန်ငိမဲန်င်ဟွေ့ခေါ်တဲ့ စောစောပိုင်းက တော်လှန်ရေး**မှာ ပါဖူးသူတွေ နောက်ဆုံး ပဒေသရာဇ်ရုံးတွေ၊ နန်းတွေကဖြစ်ပျက်ပုံကို နောက်ကွယ်က မြင်လိုက်ရဖူးတဲ့ လူတွေပါမကျန် ပါဝင်ကြတယ်။ ပုယျီဟာ ဘဝရပ်တည်ရေးအတွက် မကြောင့်ကြရတော့ပဲ၊ သူ့ရာဇဝင်ဗဟုသုတတွေကို သူနှုတ်ကပြောသမျှ သူများတွေက လိုက်ရေးပေးကြတယ်။

ဒီလိုဟာမျိုးတွေဟာ အခု လူ့ဘောင်သစ်မှာ ရိုးစတောင်ပြုပါပြီ။ ဒါပေမယ့် ကျွန်တော့်အဖို့တော့ သိပ်ဆန်း၊ သိပ်ကျေနပ်၊ အခုလူတွေကို အများကြီး လေးစားစိတ် ဝင်လာပါတယ်။ ကျွန်တော့်ညီမတွေမှာ ပြောင်းလဲပုံကို မြင်ရတော့ အကြီးအကျယ် အံ့အားသင့်ပြီး ချီးမွမ်းမဆုံး ဖြစ်ရပါတော့တယ်။

အရင် ခြောက်လလောက်ကစပြီး ပီကင်းမှာနေကြတဲ့ ကျွန်တော့်ညီတွေ ညီမတွေနဲ့ စာပေးစာယူ လုပ်ခဲ့ရပါတယ်။ သူတို့စာအရ ပြောရရင် သူတို့တစ်တွေဟာ ပြုပြင်ပြောင်းလဲမှုကြီးတွေ အများကြီး ကြုံတွေ့နေပြီလို့ ဆိုတယ်။ အဲဒီတုန်းကတော့ အဲဒီဟာကို လေးလေးနက်နက် ထပ်ပြီး စဉ်းစားမနေမိဘူးပေါ့။ **"မန်ကျူကော"**ခေတ်က ညီ ၄၊ ညီမ ၆ နဲ့ ၇ ကလွဲရင် ကျန်ညီ၊ ညီမတွေက ကျွန်တော်နဲ့ ကျန်င်ကျုန်မှာ လိုက်နေပြီး **တုန်င်ဟွ**ကို ပြေးတဲ့အထိ အတူပါလာကြပါတယ်။ ကျွန်တော့်ကို ဖမ်းပြီး တဲ့အခါ သူတို့လည်း သစ္စာဖောက်တွေဆိုပြီး သီးခြားခွဲထုတ်ပြီး တစ်နည်းမဟုတ် တစ်နည်း နှိပ်စက်ခံရမှာ စိုးပါတယ်။ ညီမ ၂ ရဲ့ လင်က **"မန်ကျူကော"ဝန်ကြီးချုပ် ကျန်ယှိပ်ယူရဲ့မြေး၊ ညီမ ၃ က ကျွန်တော့် ယောက်ဖယေ်နဲ့ရတယ်။ ညီမ ၅ က** ၁၉၁၇ ခု ကျွန်တော့်ကိုနန်းပြန်တင်တဲ့ ဧကရာဇ်ဂိုဏ်း **ဗိုလ်ချုပ်ကြီး ကျန်င်ယွန်ရဲ့** စစ်ဦးစီးချုပ်နဲ့ ညားတယ်။ ဒီ ၃ နဲ့ ၅ ရဲ့ လင်တွေဟာ"မန်ကျူကော"ဒုဗိုလ်မှူးကြီး တွေပါ။ ညီ ၄ ရဲ့ ယောက္ခမဟာ ထင်ရှားတဲ့ အမျိုးသမီးတော်လှန်ရေးမယ် **ကျိုယိုကျိန်** ကို **၁၉၇၀** ခုက သတ်ဖြတ်တဲ့ မန်ကျူအရာရှိပါပဲ။ ညီမတွေ လက်ထပ်ကြတဲ့လူတွေဟာ "မန်ကျူကော"ခေတ်က စစ်ဖက်နယ်ဖက်အရာရှိကြီးတွေ ဖြစ်ခဲ့ကြတယ်။ ညီမ ၆နဲ့၇ ပဲ ကျောင်းနေတုန်းမို့ လူလွတ်ရှိတယ်။ ဒါတောင် အစ်ကို အစ်မတွေလောင်းရိပ်နဲ့ သစ္စာဖောက်အမှတ်(၁)ဖြစ်တဲ့ ကျွန်တော့်နာမည်ဆိုးနဲ့ ယှဉ်တွဲပြီး အနှိပ်စက်ခံနေရမယ် ထင်မိတယ်။ တခြား အကျဉ်းသားတွေလည်း ဒီလိုတွေးလေ့ရှိတာ အမှန်။ ကျွန်တော် ကတော့ ပိုတွေးတယ်။ နောက် ဒီသားချင်းတွေဆီက စာရလာတော့မှပဲ ဒီလိုတွေးတာ မမှန်ဘူးလို့ ပေါ်ပါတယ်။ အလုပ်လုပ်ကြမယ်ဆိုရင် ဒီ ညီ၊ ညီမတွေဟာ တခြားလူ တွေနဲ့ တန်းတူ အခွင့်ရကြမယ်ပေါ့။ သူတို့ကလေးတွေကလည်း ထုံးစံကျောင်းတက်၊ တခြားကလေးလိုပဲ ထောက်ပံ့ကြေးရနိုင်မယ်။ ညီ ၄ နဲ့ ညီမ ၇ ဟာ မူလတန်းဆရာတွေ ဖြစ်လာပြီး ညီမ ၆က ပန်းချီနဲ့ အသက်မွေးတယ်။ ညီမ ၅က အပ်ချုပ်တယ်။ ညီမ

၃က လူမှုဝန်ထမ်း ရပ်ကွက်လုံခြုံရေးကော်မတီက အဖွဲ့ဝင်အဖြစ် အရွေးခံရတယ်။ သူကို့မှာ ကိုယ့်ထမင်း ကိုယ်ချက်၊ ကိုယ့်အဝတ်ကိုယ်ဖွပ်ပြီး ကိုယ့်သားသမီးကို ကိုယ်ပဲ ထိန်းပေးရပေမယ့် သူတို့စာအရ ပျော်တယ်။ ကျေနပ်တယ်လို့ သိရတယ်။ ဒါကြောင့် ကြောင့်ကြစိတ် နည်းနည်း လျော့သွားပါတယ်။ အခု ညီမနှစ်ယောက်နဲ့ ပြန်တွေ့ပြီး သူတို့ယောက်ျားတွေနဲ့ ပြောပုံကို ကြားရတော့ သူတို့အကြောင်းတွေ ပြန်ပြီး စဉ်းစားမိပြန်တယ်။

ဝန်လို့ခေါ်တဲ့ ညီမ ၅ ရဲ့ယောက်ျားက၊ သူ့မယားကို မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ တကယ်ပဲ စက်ဘီးစီးတယ် ဟုတ်လား။ အပ်လည်း ချုပ်တတ်နေပြီပေါ့လို့ မေးနေသံကြားတယ်။ ဒါတွေတတ်ကြောင်း စာထဲမှာ ဖတ်ရပြီးပြီ။ မယုံနိုင်လွန်းလို့ လူချင်းတွေ့တော့ ထပ်မေးနေတာပါ။ အံ့သြမယ်ဆိုလည်း အံ့သြလောက်ပါတယ်။ ကလေးဘဝက ဒီညီမဟာလည်း သိပ်ဆိုးလို့ တခြားကလေးလို မပြေးဘူး။ အထိန်း အယတွေလည်း များတယ်။ မီးဖိုထဲလည်း မဝင်ဖူးဘူး။ ကတ်ကြေးလည်း မဖြတ်တတ်ဘူး။ အဲဒီကလေးမက အခု အလုပ်သွားရင် စက်ဘီးစီးသွားကယ်။ ကတ်ကြေးနဲ့ ကိုက်ဖြတ်ပြီး အဝတ်ချုပ်တယ်။ ကိုယ့်အသက်မွေးဖို့ ကိုယ်တိုင်ရှာဖွေလုပ်ကိုင်နေတဲ့ အပ်ချုပ်သမားဖြစ်နေပြီဆိုတာ ဟုတ်ပါ့မလား။

အံ့သြဖို့အကောင်းဆုံး အပိုင်းက အမေးကို ညီမ ဖြေပုံပဲ။ သဘာဝကျလွန်းလို့ ပါ။ ဒါ ဘာဆန်းသလဲ။ ဘာများကော ဒါလောက်ကြီးကျယ်လို့လဲတဲ့။

ညီမ ၃ က ညီမ ၅ ထက် အတွေ့အကြုံဆန်းတယ်လို့ ဆိုရမယ်။ သူ့သားက မမာတော့ ဂျပန်လက်နက်ချပြီးပေမယ့် သူ ပီကင်းကို မပြန်နိုင်ပဲ ကလေးထိန်းနှစ်ယောက်နဲ့ တုန်ဟွာမှာပဲ သောင်တင်နေတယ်။ ပစ္စည်းဥစ္စာဆိုလို့လည်း ဘာမှ မပါ။ ဒါပေမယ့် လက်ငင်းဝတ်နေတဲ့ အဝတ်တွေက သိပ်ကောင်းနေတော့ အဲဒီက စပြီး မျိုးရိုးသိလို့ လူတွေ ဝိုင်းနှိပ်စက်မှာလည်း စိုးရတယ်မဟုတ်လား။ နောက်တော့ တုန်ဟွာမှာပဲ ဆေးလိပ်ဆိုင်ဖွင့်ရပါတယ်။ ကော့မင်တန် ကိုယ်စားလှယ်တွေက သူ့ကို နှင်ပစ်ဖို့လုပ်ပါသေးတယ်။ ကုန်သည်တစ်ဦးကလည်း ခြစ်မရတဲ့ မီးခြစ်တွေ ညာရောင်းသွားတာ ခံလိုက်ရသေးတယ်။ အဲဒီလို ဘဝအသက်မွေး ခက်ခဲနေတာ သုံးလေးနှစ်ကြုံရပြီးမှ ၁၉၄၉ ခုမှ ပီကင်း ပြန်သွားတယ်။ လွတ်မြောက်ပြီးကတည်းက ရပ်ကွက်အလိုက်လုပ်တဲ့ အစည်းအဝေးတွေကို သူ မှန်မှန် တက်တယ်။ အရှေ့မြောက်ရဲ့ ပြည်သူ့အစိုးရနဲ့ ပြည်သူ့လွတ်မြောက်တပ်တွေရဲ့ ဝါဒလုပ်ငန်းစဉ်တွေအကြောင်း နည်းနည်းသိလာတာပေါ့။ အိမ်နီးနားချင်းတွေကလည်း သူ့အပေါ်မှာ ယုံကြည်လာကြပြီး၊ လမ်းကော်မတီမှာ အဖွဲ့ဝင်တစ်ဦးဖြစ်အောင် တင်မြှောက်ကြတယ်။ လက်ထပ်ဥပဒေဖြစ်လာဖို့ သူဘယ်လို ပါဝင်ဆောင်ရွက်တယ်ဆိုတာ သူ အားတက်သရော ပြောပြပါတယ်။

သူများတွေအဖို့တော့ ဒါလောက်ကို ဆန်းတယ် ထင်မှာမဟုတ်ပါဘူး။

ကျွန်တော့်အဖို့တော့ အမှန်ပဲ ဆန်းပါတယ်။ ရှေးကဆိုရင် ဒီညီမ ၃ဟာ ၅ထက် ပျော့သေးတယ်။ သူများတွေကို ကျွန်တော် ဘာလက်ဆောင်တွေ ပေးသလဲလို့လည်း သူ မေးတတ်တယ်။ အဲဒါမျိုး သူလည်းလိုချင်တယ်ဆိုတဲ့ သဘောပေါ့။ ဒီလို ပျင်းဖျင်းပြီး၊ ပေါ့ပေါ့နေပေါ့ပေါ့စား၊ အင်မတန်အလိုလိုက်ခံရလို့ ပျက်စီးတဲ့ မိန်းကလေးဟာ အခု လူမှုဝန်ထမ်းကောင်း ဘယ်လိုနည်းနဲ့ ဖြစ်လာနိုင်ပါသလဲ။ လက်ထပ်ဥပဒေသစ်ကို သူက ခုလိုအားပါးတရ ဘာကြောင့် ထောက်ခံနေရသလဲ။ သတင်းစာဖတ်ရင်း ဘာပြုလို့ မျက်ရည်ဝဲရသလဲ။ သူကိုယ်တိုင်က ကျွန်မဟာ ရှေးတုန်းက အလှအပပစ္စည်းကလေးတစ်ခုပဲ ဖြစ်ခဲ့ရတယ်မဟုတ်လားလို့ ပြောပြမယ်။ ဒါဟာ အဖြေပဲ။

သူဟာ သူကောင်းမျိုး၊ ပညာတတ်။ ဒါပေမယ့် ရှေးရှေးက အနသယ်ပြီး ဘာမှ ဖြစ်မြောက်အောင် လုပ်နိုင်စွမ်းမရှိလို့ အလကားဘဝ ဖြစ်နေခဲ့တယ်။ သူနဲ့ သူ့ယောကျာ်း ဂျပန်မှာ နေကြစဉ်က၊ ကျွန်တော်က မင်းတို့နေ့စဉ် ဘယ်လိုနေရသလဲလို့ စာနဲ့ လှမ်းမေးကြတယ်။ ညီမက ကျွန်မအနားမှာ အိမ်ဖော်က အဝတ်တွေ မီးပူတိုက်နေတယ်။ ကျွန်မ အလကား ထိုင်နေပါတယ်။ အပြင်မှာ အစေခံအဘိုးကြီးက ပန်းပင်ရေလောင်းနေတယ်။ ခွေးပေါက်ကလေးကလည်း သကြားလုံးဘူးကိုပဲ စိုက်ကြည့်နေတယ်။ ပြောစရာကလည်း ကုန်ပြီတဲ့။ အခုတော့ လုပ်စရာအလုပ် ဝိုင်းလို့၊ မိတ်ဆွေတွေကို သတင်းစာလည်း ဝတ်မပျက်ပြရသေးတယ်။

ဂျပန်လက်နက်ချပြီး သူ တုန်င်ဟွာမှာနေတုန်း တွေ့ခဲ့ရပုံတစ်ခုလည်း ပြောပြပါသေးတယ်။ ပြည်သူ့စစ်ဝန်ထမ်းထဲက လူတစ်ယောက်လာပြီး လူထုအစည်းအဝေးတစ်ခု လုပ်နေပါတယ်။ ခင်ဗျားရဲ့ အရင်က နေထိုင်ရပုံကို လာပြီးပြောပြပါလားလို့ ခေါ်လာတယ်။ သစ္စာဖောက်တွေကို သုတ်သင်တဲ့ အစည်းအဝေးမျိုး ထင်ပြီး သိပ်ကြောက်တာနဲ့ ချမ်းသာပေးပါ။ ခိုင်းသမျှလုပ်ပါမယ်လို့ တောင်းပန်မိတယ်။ လူထုဟာ အင်မတန် အပြောအလုပ်လမ်းမှန်တယ်။ ဘာမှ မကြောက်နဲ့လို့ ကေဒါတစ်ယောက် ပြောတယ်။ ငြင်းလို့လည်း မရပါလားဆိုပြီး၊ တုန်တုန်ယင်ယင်နဲ့ပဲ လိုက်သွားပြီး ကိုယ့်ဘဝနောက်ကြောင်းကို အန်ထုတ်ရတာပေါ့။လူထုကြီးကလည်း သိပ်ကြီးတယ်၊ မင်းသမီးဆိုတာကို မြင်ဖူးချင်လို့ ဒါလောက်များတယ်လို့ ဆိုတာပဲ။ ကျွန်မပြောလို့ဆုံးတော့ အကျယ်တဝင့် ဆွေးနွေးကြပါတယ်။ နောက်ဆုံး လူတစ်ယောက်ကထပြီး သူကိုယ်တိုင် ယုတ်မာတဲ့အမှု ဘာတစ်ခုမှ မလုပ်ဖူးတာ အမှန်ပဲ။ ဒီတော့ သူ့အပေါ်မှာ ဘာမှစွဲချက်တင်စရာ မရှိဘူးလို့ ပြောလိုက်ပါတယ်။ အများကပဲ ဒါကို ဝိုင်းထောက်ခံကြပြီး အစည်းအဝေး ရုပ်သိမ်းသွားပါတယ်။ ဒီတော့မှ လူထုဟာ အပြောအလုပ် လမ်းမှန်တယ်လို့ လက်တွေ့မှိုယုံပါပြီ။

ဒီ နောက်ဆုံးအချက်ဟာ ကျွန်တော့်အဖို့လည်း လက်တွေ့နဲ့မှ ယုံလာတဲ့ အချက်ပါ။

အမျိုးတွေနဲ့ တွေ့ရတဲ့ ဒုတိယနေ့မှာ ညီမ ၂ဆီက စာရတယ်။ သူ့သမီး

အကြီးဟာ ကိုယ်လက်ကြံ့ခိုင်ရေးကောလိပ်မှာ ဒုတိယနှစ်ကျောင်းသူတဲ့။ အချိန်ပို ယာဉ်မောင်းသင်ဆရာမလည်း လုပ်တယ်။ မကြာခင်ကပဲ တီအင်ကျန်က ဟန်ကင်ကို မော်တော်ဆိုင်ကယ်နဲ့ သွားခဲ့သေးတယ်တဲ့။ ဒါကြောင့် အရင် ၁၂ နှစ်က ကန့်ကလျ သမီးလေးဟာ အခု အားကစားဆရာမ ဖြစ်နေတာကို ညီမဟာ သိပ်ဂုဏ်ယူ ကျေနပ်နေတယ်။ တခြားကလေးတွေလည်း ကျောင်းမှာ ဟန်ကျနေကြလို့ သူပျော် တယ်တဲ့။ ဒါကို ညီမ ၅ နဲ့ ၃ ကို ပြောပြတော့ သူတို့လည်း မျက်ရည်စကို သုတ်ရင်း သူတို့လေးတွေအကြောင်း ဆက်ပြောကြပါတယ်။ ဒါကြောင့်လည်း အိုင်စင်ဂိအောရော အမျိုးတော့ တကယ်ပဲ အကြီးအကျယ် ပြောင်းလဲလာပါပြီလို့ ကျွန်တော်ယုံတာပေါ့။

တစ်ခါက **၁၉၃၇ခု** ကောက်ယူတဲ့ **"ကျောက်စိမ်းမှတ်ပုံတင်"**ခေါ် ဇကရာဇ် အမျိုးစာရင်းကိုကြည့်ပြီး တွက်တယ်။ ညီ၊ ညီမတွေပြောပြတဲ့ အိုင်စင်ဂိအောရော အမျိုးမှာ ဖွားသေစာရင်းကိုလည်း ထည့်တွက်တယ်။ ကျိန်မင်းဆက် လက်ထက်မှာ ကလေးမွေးပြီးရင် သုံးဆယ့်လေးရာခိုင်နှုန်း သေတယ်။ သမ္မတခေတ်မှာ တစ်ဆယ် ရာနှုန်း၊ လွတ်မြောက်ပြီး ဆယ်နှစ်မှာ အသေအပျောက် လုံးဝမရှိ။ ဒီ အထက်က စာရင်းကိုကြည့်ရင်း ပိုပြီး စိတ်ပျက်စရာတွေ့တယ်။ အဖေတို့၊ အဘိုးတို့ခေတ်က ကလေးမွေးပြီးစနဲ့ နှစ်နှစ်အတွင်းကလေးဟာ လေးဆယ့်ငါးရာနှုန်းသေတယ်။

ဦးလေးနဲ့ ညီမတွေကို တွေ့ရတုန်းက ဒီစာရင်း မတွက်ရသေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့အမျိုးမှာ အရင်ခေတ် ကလေးအသေများတယ်လို့တော့ သတိထားမိနေတယ်။ မသေလို့ ကြီးပြင်းလာတယ်ဆိုတဲ့ လူတွေဟာလည်း ဘာမှ စွမ်းစွမ်းတမံ လုပ်နိုင်ကြတာ မတွေ့ရဘူး။ ငှက်လှောင်အိမ်ကို လက်မှာစွဲပြီး ဟို့မန်ရပ် မှာ လျှောက်မယ်။ လူကြီးဝိုင်းကဆိုရင် မိုးလင်းက နေ့လယ်စာ စားချိန်ထိ လက်ဖက် ရည်သောက်။ လူအထင်ကြီးအောင် ဟင်းခွက်တွေ များများချပြီး နေ့လယ်စာစား၊ ပြီးတော့အိမ်ထဲမှာ သြဇာပေး၊ လူကြီးတွေက ဒီလို အချိန်ဖြုန်းနေတဲ့အခါ လူငယ်တွေက ဘာပညာမှ တကယ်ဟန်ကျပန်ကျ မသင်ဘူး။ လူကြီးတွေအနားမှာ အတိုအထွာ လုပ်ပေးရတာလောက်ပဲ တာဝန်ယူတယ်။ နောက် အဲဒီလူကြီး အဖျင်းတွေကို အတုခိုးပြီး ဟန်ပန်လုပ်တတ်လာကြတယ်ပေါ့။ ငွေကြေး ကျပ်တည်းလာလို့ အလုပ် ရှာကြစို့ဆိုတဲ့အခါ ဘာကိုမှ ကောင်းကောင်းမလုပ်တတ်တဲ့အတွက် အလုပ်ရဖို့လည်း ခက်နေပြန်တယ်။ အဲဒီလိုအဖြစ်ကြုံတာ သမ္မတနိုင်ငံခေတ်ကပဲ စပါတယ်။

အခုတော့ အခြေအနေ လုံးဝပြောင်းလဲသွားပါပြီ။ ကျွန်တော့်ထက်ငယ်သူ တွေရဲ့ အခြေအနေဟာ ရှေးခေတ်က မမျှော်လင့်နိုင်တဲ့ အခြေအနေတွေပါပဲ။ ညီနဲ့ ညီမခြောက်ယောက်ဟာ ပီကင်းမှာရှိတယ်။ သူတို့အကုန်မှာ သားသမီးနှစ်ဆယ့် ခုနစ်ယောက်ရှိတယ်။ အရွယ်လိုက်ပြီး ကျောင်းတွေ တက္ကသိုလ်တွေမှာ တက်နေကြ တယ်။ ဦးလေးကျိုင်တဝ်မှာ မြေးမြစ် တစ်ဆယ့်ခြောက်ယောက်ရှိတယ်။ အဲဒီအထဲက တစ်ယောက်ဟာ ရေအားလျှပ်စစ်စခန်းတစ်ခုမှ ပညာရှင်တစ်ဦးပေါ့။ နောက် တစ်

ယောက်က ကိုရီးယားကို ပြည်သူ့စွန့်စားတပ်နဲ့ပါသွားပြီး နာမည်ရ သူရဲကောင်း ဖြစ်နေတယ်။ နောက်တစ်ယောက်က တပ်ထဲမှာပဲ အနုပညာသည်လုပ်တယ်။ ငယ်လို့ ကျောင်းနေတာကလွဲရင် ကျန်လူတွေဟာ အလုပ်ရှိကြတယ်။ ဒီလို လူစေ့ အလုပ်လုပ်တဲ့ သူတို့ခေတ်မျက်စိမှာတော့ ဘာမှ အလုပ်မလုပ်တဲ့ ကျွန်တော်တို့ခေတ်ကို သရော်စရာလို့ မြင်မှာပဲပေါ့။

လူငယ်ထဲက တစ်ယောက်ဟာတော့ အတွေ့အကြုံဆန်းတယ်ပဲ ပြောရမယ်။ ပုကျိအယ်ရဲ့မယားက ဂျပန်ကနေပြီး အသက်ဆယ့်ရှစ်နှစ်ရှိတဲ့ သူတို့သမီးအကြောင်း စာနဲ့ရေးပြီးပြောတာက ကလေးမလေးဟာ ချစ်ရေးမပြေလည်လို့ သတ်သေတယ်ဆိုပဲ။ ဒီအကြောင်းကို အမျိုးမျိုးကြားပြီးပါပြီ။ ကောင်လေးဟာလည်း ကောင်မလေးလိုပဲ ကံဆိုးရှာတယ်လို့ သိရပါတယ်။ လူငယ်တွေရဲ့ဘဝကို ခေတ်အရောက်၊ လူမှုအဖွဲ့ အစည်းအရောက် ခြားနားတာကို သိသာထင်ရှားအောင် မြင်နေရပါတယ်။

အဲဒီနှစ်ကစပြီး အမျိုးတွေဟာ အဆက်မပြတ် ထောင်ကို လာလည်ကြပါ တယ်။ ကျွန်တော်တို့အစုမှာ မယုံသင်္ကာအရှိဆုံးဖြစ်တဲ့ အဘိုးကြီးလျိုနဲ့ ပန်းချီ ပညာသင်နေတဲ့ သူ့သမီး တွေ့ဆုံကြပုံဟာ မှတ်သားလောက်လို့ ပြောပြပါရစေ။ ကလေးမလေးက သူ လက်ထပ်ယူမယ့် ယောက်ျားလေးကိုပါ ခေါ်လာတယ်။ အခုထိ သမီးပြောတာတွေ မယုံသေးဘူးလား အဖေ၊ သမီးက ပန်းချီကျောင်းတက်နေပြီ။ ဒါက သမီးသဘောကျ ရွေးထားတဲ့လူလို့ပြောတော့ ယုံပါပြီကွယ်လို့ ဖြေရှာတယ်။ မဝ်ဆည်တုန်သာ ခေါင်းမဆောင်ရင် သမီး ပန်းချီကျောင်းတက်ရမှာ မဟုတ်ဘူး ဆိုတာ သဘောပေါက်ရဲ့လားလို့ ဆက်မေးတာကိုလည်း သဘောပေါက်ပါတယ် ကွယ်လို့ ဖြေရှာတယ်။ ဒီလိုဆိုရင် အဖေတို့လည်း လေ့လာရေးခေါင်းဆောင်လုပ်ပြီး ပြုပြင်မှပေါ့လို့ သမီးက ဆုံးမသွားပါတယ်။

သားလုပ်တဲ့သူက အဖေကို "မစ္စတာ"တပ်ပြီး စာရေးလိုက်လို့ ရူးမတတ် စိတ်ထိခိုက်သွားတဲ့ အဘိုးကြီး ကျန်င်ဆိက သူ့သမီးလာတယ်။ သမီးက သားစာလည်း ယူလာတယ်။ အခုတော့ သားစာကို အဘိုးကြီး ကျန်င်ဟာ ထောင်ထဲမှာ လူစေ့ အောင် လည်ပြနေပြီ။

ဖေဖေ

ကျွန်တော်စောစောက "လက်ဝဲ"ဆန်လွန်းသွားတာကို အခု သဘောပေါက် ပြီး ပြင်ပါပြီ။ လူငယ်အသင်းကပေးတဲ့ ပညာရယ်၊ ရဲဘော်တွေကဝေဖန် တာရယ်ပေါင်းလိုက်လို့ အမြင်မှန်ရတယ်။ ဖေဖေ့အပေါ်မှာ ကျွန်တော်ရဲ့ သဘောထားဟာ စောစောက မမှန်ပါဘူး။ စာပေလေ့လာရေးမှာ ဖေဖေ ဘယ်လို အခက်အခဲတွေ တွေ့နေပါသလဲ။ လေ့လာရေးမှာ ကလောင်တံ လိုမှာပဲလို့ တွေးမိတာနဲ့ ဖေဖေ့ကို ကလောင်တစ်ချောင်းဝယ်ပြီး ညီမနဲ့ ပေးလိုက်ပါတယ်။

## ဂျပန်စစ်တရားခံ

ရှန်ယန်င်မှာ ဂျပန်စစ်တရားခံတွေကို စစ်ခုံရုံးနဲ့ စစ်တဲ့အခါ သက်သေခံဖို့ ကျွန်တော်တို့အစုက ဖွန်၊ ဖူလိုင်လတွေမှာ သွားရပါတယ်။

သတင်းစာထဲမှာဖတ်ရတာတော့ တရုတ်တစ်နိုင်ငံလုံးမှာ ဖမ်းထားတဲ့ ဂျပန်စစ်တရားခံအရေအတွက်ဟာ တစ်ထောင်ကျော်တယ်။ တချို့ ဖူရှန်၊ တချို့ တိုင်ယွန်မှာထားတယ်။ တရုတ်နိုင်ငံကို ဂျပန်ကျူးကျော်စဉ်က သူတို့အားလုံး ပြစ်မှုလုပ်ဖူးကြတယ်။ ၁၉၅၆ခု၊ ဖွန်– ဖူလိုင်မှာ သူတို့အထဲက ငါးဆယ့်ငါးယောက်ကို ရှန်ယန်င်နဲ့တိုင်ယွန်မှာ အပြစ်ပေးပါတယ်။ ကျန်တဲ့လူတွေကို မစစ်ဆေးတော့ပဲ တရုတ်ကြက်ခြေနီရဲ့ အကူအညီနဲ့ နေရပ်ပြည်ရွာကို ပြန်ပို့လိုက်ခဲ့ပြီးပါပြီ။ ဖူရှန်အစုထဲက သုံးဆယ့်ခြောက်ယောက်ကို နှစ်သုတ်ခွဲပြီး ရှန်ယန်င်မှာ စစ်ပါတယ်။ တချို့ကို "မန်ကျူကော"ခေတ်က ဆက်ဆံဖူးလို့ ကျွန်တော်သိပါတယ်။ တချို့ကိုတော့ ဖူရှန်ထောင်ထဲမှာ အစည်းအဝေးလုပ်တုန်းက ထပြီး စကားပြောတာကို နားထောင်ဖူးပါတယ်။ အဲဒီအထဲမှာ "မန်ကျူကောနိုင်ငံ အတိုင်ပင်ခံအဖွဲ့ အထွေထွေဌာန ဒုတိယဥက္ကဋ္ဌ ဖုရုမိတဒယုကိပါပဲ။ သူနဲ့သူ့အထက်လူ တကေဗေရောကုဇ္ဇောတို့အမှုမှာ ကျွန်တော်နဲ့ ရုပ်သေးဝန်ကြီးလေးယောက်က သက်သေခံကြရပါတယ်။ ပထမ ဖုရုမိကို တရားခွင်တင်တယ်။ နောက်ဆုံး **ထောင်ဒဏ်ရှစ်နှစ် ရသွားပါတယ်။**[1]

ရုံးခန်းထဲဝင်သွားတော့ ကျွန်တော်ဟာ ကိုရီးယားမှာ အောင်ပွဲရနေပုံ၊ ဂျီနီဗာသဘောတူချက်မှာ အောင်အောင်မြင်မြင် လက်မှတ်ထိုးရပုံနဲ့ ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီးမှ ကမ္ဘာမှာ တရုတ်ရဲ့အဆင့်အတန်း ဘယ်ပုံဆိုပြီး တွေးနေမိပါတယ်။ တရုတ်မြေပေါ်မှာ ဂျပန်စစ်တရားခံကို စစ်ဆေးပုံဟာ ရှေးထုံးစံနဲ့ လုံးဝမတူပါ။

တရုတ်ပြည်သူ့စွန့်စားတပ်နဲ့ ကိုရီးယားပြည်သူ့တပ်တွေ ကိုရီးယားမှာ အောင်ပွဲခံတယ်လို့ သိရစကပဲ ငါအဖို့ ကိုယ့်အမှားကိုယ် ဝန်ခံပြီး တရုတ်ပြည်သူ့ဆီမှာပဲ အသနားခံရတော့မယ်။ တခြားနည်းမရှိလို့ ကျွန်တော်တွေးပြီးသားပါ။ အခု ဂျပန်စစ်တရားခံတွေကို စစ်ဆေးချိန်မှာဆိုရင် ကိုယ့်အတွက် စိုးရိမ်ကြောင့်ကြစိတ်မရှိတဲ့အပြင် တရုတ်ပြစ်ရတာ ဂုဏ်ရှိတယ်ဆိုတဲ့ ဇာတိမာန်တောင်ရနေပါပြီ။ ဒါ့အပြင် တခြားပြဿနာတွေလည်း တွေးမိပါသေးတယ်။

သူ့ကို စီရင်ချက်မချမီ ဖုရုမိက ထပြောတဲ့စကားထဲမှာ ဒီလိုလည်းပါတယ်။

အရှေ့မြောက်မြေအပြင်မှာ ဂျပန်နယ်ချဲ့ရဲ့ ရိုင်းပြစော်ကား ရက်စက်မှုနဲ့

---

[1] ဒဏ်နှစ်မစေ့ခင် ၁၉၆၃ခု ဖေဖော်ဝါရီလကပဲ သူ့ကို လွှတ်လိုက်ပါတယ်။

ကင်းတဲ့မြေကို ပြပါဆိုရင် တစ်လက်မပတ်လည်ကွက် တစ်ကွက်တောင် ရှာမရပါဘူး။ နယ်ချဲ့ရဲ့ ကျူးလွန်မှုဟာလည်း ကျွန်တော့်ကျူးလွန်မှုပါပဲ။ နိုင်ငံတကာဥပဒေကို ပြောင်ပြောင် ချိုးဖောက်ပြီး လူမှုကြင်နာရေး ထုံးတမ်းကိုလည်း မထေမဲ့မြင်လုပ်ပြီး တရုတ်ပြည်သူ့အပေါ်မှာ အဆိုးဝါးဆုံး ကျူးလွန်မှုတွေကို လုပ်ခဲ့တဲ့ စစ်တရားခံဟာ ကျွန်တော်ပါပဲလို့ လေးလေးနက်နက် ဝန်ခံပါတယ်။ တရုတ်ပြည်သူတို့ကိုလည်း အဲဒါအတွက် ရိုးရိုးသားသား အကျိုးကို မမျှော်ကိုးပဲ တောင်းပန်ပါတယ်။ ကျွန်တော်ဟာ မသတိစရာကောင်းတဲ့ လူသတ်ကောင်ဖြစ်ပေမယ့် တရုတ်ပြည်သူဟာ ကျွန်တော့်ကို ခြောက်နှစ်တိုင်တိုင် ကြင်ကြင်နာနာ ဆက်ဆံပါတယ်။ ကိုယ်ကျူးလွန်ခဲ့တဲ့ အပြစ်တွေကိုလည်း တအေးတဆေးပြန်ပြီး ဆန်းစစ်နိုင်ခွင့်ကိုလည်း ပေးခဲ့ပါတယ်။ အဲဒီကျေးဇူးကြောင့် အမှားအမှန် ဝေဖန်နိုင်တဲ့စိတ်၊ တရားနဲ့ မတရားကို ခွဲနိုင်တဲ့စိတ်တွေကို ပြန်ရဖို့ လူမှန်ရင် လိုက်နာသင့်တဲ့ လမ်းစဉ်ကိုလည်း မြင်ပါပြီ။ ဒီလိုတန်ဖိုးရှိတဲ့ အသိလက်ဆောင်အတွက် တရုတ်ပြည်သူကို ဘယ်လို ကျေးဇူးဆပ်ရမယ်လို့တောင် ကျွန်တော်မသိတော့ပါ။

ကျွန်တော်သက်သေခံပြီးတော့ သူ့ကို တရားသူကြီးတွေက ဝေဖန်စရာ ကန့်ကွက်စရာရှိရင်ပြောလို့ ခိုင်းတော့ ထပြီးဦးညွတ်ရင်း ကျွန်တော်ပြောသွားတဲ့ အခွန်းတိုင်း မှန်ပါတယ်လို့ဆိုတာကို ကျွန်တော်မှတ်မိပါတယ်။

တိုကျိုမှာလုပ်တဲ့ နိုင်ငံတကာစစ်ခုံရုံးကို ပြန်ပြီး သတိရတယ်။ ဟိုမှာ ဂျပန်စစ်တရားခံတွေက ရှေ့နေငှားပြီး အခက်အခဲတွေရှိအောင် သက်သေတွေ အမှားမှားအယွင်းယွင်း ပြောကုန်အောင် လုပ်ခိုင်းခဲ့တယ်။ ဒဏ်ပေါ့ပါစေဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျူးလွန်ပြစ်ကို တတ်စွမ်းသလောက် ဖုံးကွယ်တယ်။ ဒီရုံးမှာတော့ တရားခံတိုင်း အပြစ်ကိုဝန်ခံပြီး ပေးတဲ့ဒဏ်ကိုခံမယ်လို့ ပြင်ဆင်ပြီးဖြစ်နေတာ တွေ့ရတယ်။

ညီနဲ့ ယောက်ဖတွေကလည်း ဂျပန်စစ်တရားခံတွေအကြောင်း တော်တော်များများ ပြောဖူးကြပါတယ်။ ဂျပန်တွေရဲ့ ဝန်ခံချက်တွေကို သူတို့ကူးပြီး ဘာသာပြန်ရပါတယ်။ ဇာတိရပ်ထံပြန်ခွင့်ရလို့ ပြန်သွားတဲ့ ဂျပန်တွေဆီက လာတဲ့စာတွေကို ဘာသာပြန်ရပါတယ်။ ယောက်ဖတွေ လွတ်သွားပြန်တော့ ပုကျိအယ်၊ အဘိုးကြီး ပန်င်တို့လူစုက ဆက်လုပ်ရတယ်။ ဒီတော့ ၁၉၅၅ ခုနှစ်ကစပြီး ဒီဂျပန်စစ်တရားခံတွေရဲ့အကြောင်းကို အမျိုးမျိုး ကြားခဲ့ရဖူးပါတယ်။

တစ်ယောက်က ကြည်းတပ်ဗိုလ်ချုပ်ကြီးဖြစ်တယ်။ ၁၉၅၄ ခုမှစပြီး အမှုစစ်ကြတော့ သူ့ကို ဘာတစ်ခုမှ မမေးရဘူး။ အခု စစ်ခုံရုံးကျတော့ သူ့လူတွေကို သူဟာ ဟောပေ့နဲ့ ဟောနန်မှာ ပြည်သူပြည်သားကို ခြောက်ကြိမ်တိတိ သတ်ဖြတ်ဖို့ အမိန့်ပေးခဲ့ဖူးတယ်လို့ ဝန်ခံတယ်။ ဥပမာ ၁၉၄၂ ခု၊ အောက်တိုဘာမှာ သူ့

လက်အောက်က တပ်တစ်ခုဟာ ပန်ကျိုအတိုင်ရွာသူရွာသား ၁၂၈၀ကို သတ်တယ်။ အိမ်ထောင်ပေါင်းများစွာ မီးတိုက်တယ်။ သူ့ကို အနှစ်နှစ်ဆယ်ဒဏ်ထားပြီးတဲ့အခါ သတင်းစာဆရာတစ်ဦးကို ကျွန်တော်ဟာ သေဒဏ်ရထိုက်တဲ့လူပါ။ စုံစမ်းမေးမြန်းစဉ်၊ ရုံးမှာ စစ်ဆေးစဉ် ဘယ်နေရာမှာမှ မတရားလို့ ပြောစရာမရှိ။ လုပ်ကိုင်ပုံသဘောမျှသာ မှန်ကန်တယ်။ ကာကွယ်ဖို့ ရှေ့နေလည်း ငှားပေးထားတယ်လို့လည်း ပြောပါတယ်။ တရုတ်ပြည်သူအများကို သတ်ခဲ့လို့ အသတ်ခံရတဲ့လူတွေရဲ့ မိဘသူတွေဟာ ဒုက္ခကြီး တွေ့ကြမှာအမှန်ပဲ။ အခု အဲဒီလို ဒုက္ခတွေ့ကြရတဲ့လူတွေကပဲ ကျွန်တော့်ကို စောင့်ရှောက်ထားကြပါကလားလို့ သိရတော့ ကျွန်တော့်အသည်းနှလုံးတွေ ပြုတ်ကျမတတ် စိတ်ထိခိုက်ရပါတယ်လို့ ဆက်ပြောသွားပါသေးတယ်။

အရင် ဂျပန်ဗိုလ်မှူးကြီးတစ်ယောက်ကို ရုံးတင်မစစ်တော့ပဲ မွေးရပ်ဌာနီကို ပြန်ခွင့်ပေးလိုက်လို့ ဂျပန်သင်္ဘောပေါ်အရောက်မှာ သတင်းစာဆရာတွေက ဝိုင်းပြီး မေးခွန်းမေးကြတယ်။ ထောင်ထဲမှာတုန်းက သူ့လက်အောက်က လူတွေက သူကျူးလွန်ပုံကို မေးခွန်းထုတ်တဲ့အခါ သူ သိပ်စိတ်ဆိုးတယ်လို့ သကင်းထောက်တွေက သိထားတော့ အခုလည်း တရုတ်ကို နှိမ့်ချပုတ်ခတ်ပြီးပြောမှာ သေချာတယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဝိုင်းလာကြတာပဲ ဖြစ်ပါတယ်။ မျှော်လင့်ထားသလို မပြောပြန်တော့ သတင်းထောက်တစ်ယောက်က ခင်ဗျားက ဖုံးကွယ်ပြီး ပြောမနေပါနဲ့ဗျာ။ တရုတ်ကို ခုထိကြောက်နေတုန်းပဲလားလို့ ဆွလိုက်တယ်။ ဗိုလ်မှူးကြီးက ကျွန်တော် ဂျပန်သင်္ဘောပေါ် ရောက်နေပြီ။ တရုတ်ကို ကြောက်စရာ မရှိဘူးလို့ဆိုတာ သူများက လာပြောမှသိရမှာ မဟုတ်ပါဘူး။ မှန်တဲ့တိုင်း ပြောနေတာပဲဆိုတာ အချုပ်ပေါ့လို့ ဖြေလိုက်တယ်တဲ့။

ညီမ ၃ ရဲ့ ယောက်ျားဟာ မမာလို့ ဆေးခန်းတက်နေရတော့ ဟိုမှာ လူနာမှူးဖြစ်နေတယ်။ ဂျပန်စစ်တရားခံတစ်ယောက်ဟာ သူနာပြုတွေ၊ ဝါဒါတွေကို ခဏခဏ ဒုက္ခပေးတယ်။ ထောင်စည်းကမ်းတွေလည်း ဖောက်ဖျက်တယ်။ သူ့ကို လွှတ်လိုက်ပြီလို့ ကြေညာအပြီး နှုတ်ဆက်ပွဲလုပ်တော့ မျက်ရည်တွေနဲ့ သူ့အမှားကို ဝန်ခံတဲ့အကြောင်း ပြောတယ်။ နောက် မစွမ်းမသန်ဖြစ်နေတဲ့ လူနာက ခုနလူကို မနှောင့်ယှက်ပေမယ့် သူ့အမှားကို သူမမြင်ဘူး။ အရေးတကြီး ခွဲစိတ်ကုသလို့ ဆေးရုံကို နှစ်ခါပို့ပေးတယ်။ နောက်ဆုံးအကြိမ်မှာ သွေးသွင်းဖို့လိုလို့ ခွဲတဲ့ဆရာဝန်ကပဲ သူ့သွေးကို ပြောင်းသွင်းပေးလိုက်တယ်။ ဒါကြောင့် သူ့အသက်ရှင်ရတယ်။ ဆေးရုံတင်တော့ လူထုအစည်းအဝေးကြီးမှာ တရုတ်ပြည်သူတွေကို သူအရင်က ဘယ်လိုသတ်ခဲ့ဖူးတဲ့။ အဲဒါကို သူ အခုသေမယ်ဖြစ်တော့ တရုတ်ပြည်သူက သူ့အသက်ကို ကယ်ဆယ်ပုံနဲ့ ယှဉ်ပြီး ပြောပြပါတယ်။ သူမျက်ရည်တွေတွေကျပြီး ပြောနေသလို နားထောင်တဲ့လူတွေလည်း မျက်ရည်ကျနေကြပါတယ်။

ကျွန်တော်တို့ ပန်းပင်စိုက်ဖို့ မြေပြင်နေကြတုန်း သေနတ်ကျည်ဆန်ပေါက်ပါတဲ့ အရိုးတစ်ချောင်း မြေထဲကထွက်လာတာ တွေ့ပါတယ်။ အဘိုးကြီး ယွန်နဲ့

အဘိုးကြီး ယိုအင်တို့က အနောက်တိုင်းဆေးပညာသမားတွေမို့ ဒီအရိုးဟာ မိန်းကလေး ငယ်ငယ်ရဲ့ အရိုးလို့ ပြောတတ်တယ်။ နောက် တော်တော်လေးအကြာမှာ ဂျပန်စစ် တရားခံတစ်ဦးရဲ့ ဆောင်းပါးကို ကျွန်တော့် ယောက်ဖဝန်က ဘာသာပြန်ပြတယ်။ ဆောင်းပါးရှင်ဟာ ဒီထောင်မှာ အရင်ရက်တွေက ထောင်မှူးဖြစ်သွားတဲ့ ဂျပန်ပါ။ ဒီထောင်မှာချထားတဲ့ မျိုးချစ်တွေ ငရဲခံကြရပုံကို ဖော်ပြတယ်။ အနှိပ်စက်အမျိုးစုံကြောင့် အော်ဟစ်သံလည်းညံလို့ သံကြိုးသံလည်း ဆူလို့တဲ့။ ထောင်တစ်ခုလုံးဟာ ပုတ်စော် ညှီစော်နံပြီး အညစ်အကြေးမျိုးစုံနဲ့ ပြည့်နေတယ်။ ဆောင်းအခါ နံရံတွေမှာရေခဲပြင် တက်နေသလို နွေအခါ ယင်တွေ ခြင်တွေ အုံနေတယ်။ တစ်နေ့တာစားဖို့ ခွက် ငယ်နဲ့ ကပ်လျှန်တစ်ခွက်ပဲ ရတယ်။ အလုပ်ကြမ်းကိုတော့ မိုးလင်းမိုးချုပ် ပြင်းပြင်း ထန်ထန်လုပ်ကြရတယ်။ တချို့အလုပ်ပင်ပန်းပြီး သေတယ်။ တချို့ အရိုက်သတ်ခံ ရတယ်။ အဲဒီ အခြေအနေကနေပြီး အခု အခြေအနေဟာ တိုက်ရိုက်ပြောင်းပြန်ပုံစံပဲ ဖြစ်တယ်။ သူကိုယ်တိုင် အကျဉ်းခံရတဲ့အခါ တွေ့ကြုံပုံကို ဆောင်းပါးထဲမှာ ဆက် လက် ဖော်ပြသွားပါတယ်။

စစ်တရားခံတွေရဲ့စာနဲ့ ဆောင်းပါးတွေထဲမှာ ဆိုဗီယက်ယူနီယံကနေပြီး တရုတ်နိုင်ငံကို အပို့ခံရတော့ စိတ်ထဲမှာ စိုးရိမ်စိတ်၊ ကြောက်စိတ်နဲ့ အမုန်းစိတ်တွေ ပေါ်လာပုံကို ဖွင့်ပြီး ဝန်ခံကြတယ်။ ကျွန်တော့်လိုပဲ ရှေးက ကိုယ်လက်ခံခဲ့တဲ့ သဘောတရားနဲ့ပဲ အခြေအနေကိုသုံးသပ်ပြီး တရုတ်ပြည်သူဟာ ငါတို့ကို ဘာပြုလို့ ဒီလို ညှာတာရသလဲလို့ နားမလည်ဘူး။ ရေနွေးအိုးစက်ကြီးတစ်ခု တည်လာရင် တို့ကို သတ်ဖို့စက်ပဲလို့ တွေးတယ်။ ဆေးခန်းတစ်ခုဖွင့်လာရင် ဂျပန်ခေတ်က ရောဂါကုနည်းစမ်းသလို လူရှင်လူကောင်းကိုပဲ ဆေးစမ်းတော့မယ်လို့ ထင်ကြတယ်။ တချို့ ညှာတာထောက်ထားတယ်ဆိုတာ အားနည်းနေသေးလို့လို့ တွက်ဆပြန်တယ်။ ဒါပေမယ့် ကိုရီးယားမှာ တရုတ်ပြည်သူ့စွန့်စားတပ်တွေ အောင်ပွဲရနေတယ်လို့ ကြားတဲ့အခါကြမှ သူတို့ကို ညှာတဲ့လူတွေဟာ အားမနည်းဘူး။ ရက်စက်တယ် ဆိုတာကမှ အားနည်းတဲ့လက္ခဏာဖြစ်တယ်လို့ သိလာကြပါတယ်။

ဒီလို အဖြစ်အပျက်တွေကို အထင်အရှား မပြောကြခင်ကပဲ ဂျပန်စစ် တရားခံတွေ ပြောင်းလဲတိုးတက်ပုံကို ကျွန်တော်ကလွဲလို့ ကျန်လူတိုင်းလိုပဲ သိနေ ကြပါပြီ။ ကျွန်တော်သာ ကိုယ့်ပြဿနာနဲ့ကိုယ်မို့ သတိမထားမိတာပဲ။ ဒီလိုပြောင်းလဲ လာတာဟာ **၁၉၅၄** က စပြီး တစ်စတစ်စ ပိုပြီး သိသာလာပါတယ်။ ပုကျီအယ်ရဲ့ **၁၉၅၅**ခု နေ့စဉ်မှတ်တမ်းစာအုပ်ထဲမှာ ဂျပန်တရားခံတွေ စီစဉ်ကပြတဲ့ ပြဇာတ်တွေ သီဆိုတီးမှုတ်တဲ့ သီချင်းခွေတွေအကြောင်း ရေးထားတာ တွေ့နိုင်မယ်။ ပြဇာတ်တစ်ခုက နဂစကီမှာ အနုမြူဗုံးကျလို့ ထိတ်လန့်စရာ နောက်ပိုင်းကြုံတွေ့ရပုံတွေကို ဖော်ပြတယ်။ ဂျပန်အကျဉ်းသားတွေ သူတို့ဘာသာ မြေညှိပြီး ကစားခုံစား လုပ်ကြပုံကိုလည်း ရေးထားတယ်။

အခု ဒါတွေပြန်သိရတော့မှ ဟိုတုန်းကပဲ သူတို့အထဲမှာ ပြောင်းလဲလိုက်လာကို မြင်သာတယ်လို့ ဆိုရပါမယ်။ ဒီအကျဉ်းသားတွေဟာ ဘာကြောင့် အခုလို စိတ်တက်ကြွပြီး ပျော်ရွှင်နိုင်သလဲ။ သူတို့လွတ်သွားလို့ ဂျပန်သင်္ဘောပေါ် ရောက်တဲ့အခါ တရုတ်နိုင်ငံဘက်ကို မျက်ရည်အပြည့်နဲ့ကြည့်ပြီး ထောင်ထဲမှာတုန်းက သူတို့ တီးမှုတ်ဖို့ ထောင်အာဏာပိုင်တွေက ပေးခဲ့ဖူးတဲ့ တူရိယာပစ္စည်းတွေကို တီးမှုတ်ကြတယ်။ ဘာပြုလို့ ဒီတူရိယာပစ္စည်းတွေကို သူတို့ မစွန့်ပစ်ခဲ့ပဲ သူတို့နဲ့အတူ အပါယူသွားကြသလဲ။ "တိုကျို- ပီကင်း" သီချင်းကို ဘာပြုလို့ ဒါလောက်နှစ်သက်ကြသလဲ။ ဒဏ်ပေးခံရတဲ့လူကပဲ တရုတ်ပြည်သူကို ကျေးဇူးတင်တယ်။ ကျူးလွန်မိသမျှကို ရှက်တယ်လို့ ပြောလာရသလဲ။

မွေးရပ်ဌာနီကို ပြန်လွှတ်ပေးခံရတဲ့ ဂျပန်စစ်တရားခံတွေ ရေးထည့်လိုက်တဲ့စာတွေထဲမှာ တရုတ်တွေဆီက ဘယ်လို နေထိုင်ရမယ်ဆိုတဲ့နည်း ငါရခဲ့တယ်။ ဘဝဆိုတာဘာလို့ အခုမှ ငါသိတယ်။ လူစစ်ဘဝကို လျှောက်ဖို့ခြေလှမ်းအစ ကျတဲ့အခါမှာ ခွဲခါနီး ထောင်မှူးကလက်ဆွဲနှုတ်ဆက်ရင်း ကျန်းမာပါစေလို့ မျှော်လင့်တယ်ဆိုတဲ့စကားကို ကြားယောင်တယ်။ အဲဒီ စာသားမျိုးတွေ မပြတ်ပါလာပါတယ်။

ဂျပန်သတင်းစာတွေထဲမှာ အမေရိကန်တပ်သားနဲ့ တွဲတဲ့ "ဂျစ်ကားမယ်" တွေအကြောင်းကို ဖတ်ကြရတော့ ဒီမိန်းမစားမျိုးကို သူတို့ရွတ်ချတယ်။ တရုတ်နိုင်ငံ မလွတ်မြောက်ခင်ကလည်း ဒီ "ဂျစ်ကားမယ်"တွေ ရှိတာပဲ။ အကျဉ်းသားတစ်ယောက်က သူ့မယားဆီကို မင်းလည်း "ဂျစ်ကားမယ်" ဖြစ်နေပြီလားလို့ လှမ်းပြီး စာရေးမေးတယ်။ ထောင်အာဏာပိုင်တွေက စာတွေ စစ်ဆေးတဲ့အခါ အဲဒါတွေ့တော့ ဒီလိုရေးသင့်၊ မရေးသင့် ထပ်စဉ်းစားပါဦးလို့ စာကိုပြန်ပေးပြီး တအေးတဆေး ဆွေးနွေးပါတယ်။ ကိုယ့်မယားကို ဒီလိုစာမျိုး ရေးသင့်မလား။ ဒီလို ထင်ရအောင် အထောက်အထားလည်းမရှိဘူး မဟုတ်လား။ ဒီ ဘဝရောက်သွားတယ်ပဲထား။ ဒီမိန်းမအပြစ်ဖြစ်တယ်လို့ ပြောနိုင်မလား။ သူ့ခမျာ မလွဲမရှောင်သာလိုလည်း ဖြစ်ရမယ်ပေါ့။ ဒီလိုပြောကြတော့ ကာယကံရှင်ဟာ သူ့စာကို ချေလုံးပြီး ကြမ်းပေါ်မှာ ပစ်လိုက်ပါတယ်။ ပြီးတော့ ခေါင်းကို လက်မောင်းမှာ ထည့်ဖွက်ပြီး ငိုပါတော့တယ်။

သူတို့ကို အမြင်မှန်မြင်အောင် သင်ပေးလို့နဲ့ သက်ညာလို့ တရုတ်ပြည်သူကို ကျေးဇူးတင်ကြတယ်။ ကျွန်တော်ဟာ ဧကရာဇ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ၊ ဘာလို့ မြင်လာသလို သူတို့လည်း စစ်ဝါဒဆိုတာ ဂျပန်ဟာလည်း ဘာဖြစ်ခဲ့တယ်လို့ မြင်လာကြတယ်။ ဂျပန်ရေးတဲ့စာတွေထဲမှာ ယှငယ်လူပျိုပေါက်တွေ ဟော့သွမ်းရမ်းကားပုံ တိုးတက်တာကို လန့်စရာကောင်းအောင် တွေ့ရတယ်လို့ ပါသေးတယ်။

ဂျပန်မြေက အမေရိကန်စစ်စခန်းမှာ အမေရိကန်သံကြပ်ကားတွေ ဝင်ထွက်လို့ အမေရိကန်လေယာဉ်တွေ ဆင်းတက်လို့ အမေရိကန်တပ်သားတွေ ဂျပန်မတွေနဲ့ ဖက်တွဲလို့ အားလုံးကို မသတီစရာ တွေ့နေရတာပဲပေါ့။ ကိုယ့်ရွာ ပြန်ရောက်သွားတဲ့

ဂျပန်ကလူတွေ ပျက်စီးပုံကို ထည့်ရေးတယ်။ တချို့က ဂိုဏ်းလူဆိုးဖြစ်နေပြီ။ မိန်းမမှုနဲ့ ပတ်သက်ပြီး လူသတ်တယ်။ အရက်မူးပြီး မိန်းမပေါ့တွေနဲ့ပဲ ဘဝတုံးနေပြီတဲ့။ မိဘစကားကိုလည်း အလေးမမူဘူး။ ရိုးရာယဉ်ကျေးမှု ပပျောက်ပြီး ယုတ်ရင်းကြမ်းကြုတ်နေပြီတဲ့။

အကျဉ်းက လွတ်သွားတဲ့လူတွေက တရုတ်နိုင်ငံသစ်အကြောင်း ဂျပန်စစ်ဝါဒအကြောင်း ယှဉ်ကြည့်ပြီး စစ်ဝါဒပြန်လာမှာ သိပ်စိုးတယ်။ လွတ်လပ်ရေး ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးကို ထောက်ခံတယ်လို့ ရေးကြတယ်။ ဒါမျိုးရေးပြီး ပြည်ပကို ဆက်သွယ်မှာစိုးလို့ ထိန်းရင်းက ရအောင်ရေးပို့နိုင်လို့ ချီးမွမ်းရမယ်။ တရုတ်တွေဆီက တတ်သွားတဲ့ ကကွက်နည်းတစ်ခုကို သူတို့ကိုယ်တိုင် မကရလို့၊ ဖောက်ပြန်ရေးသမားတွေက ပိတ်ပင်တော့ သူတို့ ကခြေသည်တွေကို သင်ပေးလိုက်လို့၊ တစ်ပြည်လုံး ပျံ့နှံ့ခေတ်စားသွားတယ်လို့လည်း သိရတယ်။ တရုတ်နိုင်ငံသစ်နဲ့ ထောင်သားဘဝကို သူတို့ ဟောရပြောရတယ်။ ဂျပန်ပြည်သူ့အပေါ်မှာ တရုတ်ပြည်သူက မေတ္တာထားတယ်။ အခုလို လက်နက်အား လူအားကောင်းတဲ့အခါ တို့များ ဂျပန်ကျွန်းကို လာတိုက်မယ်လို့ မထင်ပါနဲ့။ သူတို့စစ်ကိုမုန်းတယ်။ သူတို့ယုံကြည်ချက်က ဘာ၊ မျှော်လင့်ချက်က ဘယ်လိုလို့ ပြောပြတဲ့အခါ တချို့က လုံးဝမယုံဘူး။ တချို့ကတော့ ဟုတ်ချင်ဟုတ်မဟုတ်လို့ ပြောတယ်။ တချို့ပဲ သဘောပေါက်လက်ခံတယ်။ အမေရိကန်လိုလားတဲ့ အစိုးရက ဒါတွေ ဟောတာပြောတာ မကြိုက်ပါဘူး။ နားထောင်ချင်တဲ့လူ ယုံတဲ့လူကသာ များလာတယ်။

သူတို့က **အသုံးလုံးဝါဒ**[၁] အမည်နဲ့ စာအုပ်တစ်အုပ်စုရေး စုထုတ်လုပ်တယ်။ တရုတ်နိုင်ငံရောက် ဂျပန်တပ်ဟာ ဘယ်လိုရက်စက်တယ်ဆိုတာ ကိုယ်တိုင်လုပ်သူတွေက ဖွင့်ထုတ်ဖော်ပြတဲ့ စာအုပ်ဖြစ်တယ်။ ဒေသအလိုက် လူတွေသတ်ကြပုံ လူကောင်းကို ရောဂါပိုးထိုးသွင်းပုံ လူရှင်ကို ခွဲစိတ်ဖြတ်တောက်လုပ်ပုံ စုံအောင်ပါတယ်။ သတင်းတစ်ပတ်အတွင်း ပထမနှိပ် အုပ်ရေ ၅၀၀၀၀ ကုန်တယ်။

အငြိမ်းစားရထားတဲ့ ဗိုလ်ချုပ်ကြီးတွေဟာ အရင် သူတို့ရဲ့ဘော်တပ်သားတွေက တရုတ်နိုင်ငံအတွေ့အကြုံတွေကို ဒီလို ဖော်ထုတ်တဲ့အခါ သူတို့ လိုက်မပြောပဲ မြုံနေကြတယ်။ နောက်မှ တစ်ယောက်က မင်းတို့ဘယ်လိုကောင်တွေဆိုတာ တို့သိပြီပဲ။ မင်းတို့ပြောတဲ့ အဖြစ်အပျက်တွေဟာလည်း တစ်လုံးမကျန် အားလုံးအမှန်တွေလို့ တို့ရဲ့အတွင်းစာတ်သားကနေပြီး သိထားပါရဲ့။ ဒါပေမယ့် ဒီစကားကို ပွင့်ပွင့်လင်းလင်းတော့ မပြောရဲဘူးကွယ်လို့ ပြောတယ်ဆိုပဲ။

တပ်သားဟောင်းတစ်ယောက် ဇာတိရွာကို ပြန်သွားတဲ့အခါ ရွာသားတွေက **"အမြဲနိုင်"** အလံတော်လွှင့်ပြီး ကြိုဆိုတယ်။ တပ်သားဟာ ရထားကဆင်းပြီး

---

၁။ တရုတ်နိုင်ငံကို ကျူးကျော်တဲ့ဂျပန်တွေရဲ့ လက်သုံး၊ အကုန်မီးရှို့၊ အကုန်လု အကုန်သတ်ဆိုတဲ့ ဝါဒပါပဲ။

စကြိမ်မှာ ကြိုဆိုသူတွေကို စစ်ရဲ့ဒုက္ခကိုစုံစေအောင် ဟီရိုရှီးမားအဖြစ်အပျက်ပါ မကျန် ပြောပြတော့ အောင်လံကိုချပြီး ငိုကြတယ်တဲ့။

စစ်တရားခံတွေကို မီ့ခိုနေတဲ့လူတွေဆိုတာ သာမန်လုပ်သား စိတ်ကောင်း နှလုံးကောင်းတွေသာ ဖြစ်တယ်။ တချို့က တရုတ်အစိုးရဆီကို "အပြစ်မဲ့"လင်တွေ သားတွေ ပြန်လွှတ်ပေးပါလို့ တောင်းဆိုတဲ့ စာတွေ ရေးဖူးပါတယ်။ နောက်တော့ ထောင်ကျနေတဲ့ သားချင်းတွေကို တရုတ်နိုင်ငံ လာတွေ့ခွင့် ပေးခဲ့ပါတယ်။ သူတို့ လင်သားတွေ ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ သိရကြားရ၊ တရုတ်ပြည်သူရဲ့ ဆွဲချက်တွေကို ကြားရတော့ အပြစ်ကျူးလွန်တဲ့သူတို့လင်သား တရားခံတွေနဲ့အတူရောပြီး တရားခွင်မှ သူတို့ငိုကြတယ်။ တို့လင်သားတွေမှာ အပြစ်ရှိတယ်လို့ အခုမှ သိကြတယ်။ အမှန် က စစ်ဝါဒမှိုင်းမိလို့ ဒီဘဝရောက်တယ်လို့လည်း သိကြတယ်။

ဂျပန်စစ်တရားခံတွေ ပြောင်းလဲပုံကို သိရတာဟာ ကိုယ့်အမျိုးတွေ ပြောင်းလဲ ပုံကို သိရတုန်းကလိုပဲ ကျွန်တော့်ကို အမြစ်အရင်းထိအောင် ကိုင်လှုပ်သလို နေပါ တယ်။ ကွန်မြူနစ်ပါတီဟာ လူထုကို သိမ်းသွင်းတဲ့နေရာမှာ အလီမ်အညာ မပါဘူး။ ဒါကိုလည်း ရှင်းရှင်းကြီးသိပါပြီ။

## ကမ္ဘာ့မင်းကြီးစွာ

နိုင်ငံခြားသတင်းစာဆရာတွေ၊ ဧည့်သည်တွေဟာ ၁၉၅၆ခု နောက်ပိုင်း နှစ်ဝက်စပြီး ကျွန်တော်နဲ့လာတွေ့ကြတယ်။ တချို့ နိုင်ငံခြားသားတွေကလည်း စာနဲ့ ရေးပြီး ဓာတ်ပုံတောင်းကြတယ်။ ပြင်သစ်တစ်ယောက်က ၁၉၅၇ခု ၊ ဖေဖော်ဝါရီလ ထဲမှာ ကျွန်တော့်ဓာတ်ပုံတစ်ပုံမှာ ကျွန်တော်ကိုယ်တိုင် အသိအမှတ်ပြုလက်မှတ် ရေးထိုး ပါဆိုပြီး ပို့လာတယ်။ ကျွန်တော့်နောက်ကြောင်း ဓာတ်ပုံတွေနဲ့အတူ ရေးထားတဲ့ ဆောင်းပါးတစ်ပုဒ်လည်းပါတယ်။ ဘာရည်ရွယ်သလဲတော့ မပြောတတ်ဘူး။ ဆောင်းပါး က ဒီလိုပဲ။

> **ထောင်နန်းစံ တရုတ်ကေရာဇ်**
>
> **ကမ္ဘာမှာ အဆင့်အတန်းအမြင့်ဆုံးမို့ ကမ္ဘာ့မင်းကြီးစွာလို့ ခေါ်လေမယ့် အခုတော့ ဘာအစီပွာယ်မှ မရှိတော့ပါဘူး။ သူ့ခမျာ တရုတ်နီရဲ့ ပွရှန် ထောင်ထဲမှာ အပြစ်ဒဏ်ခံရမယ့်ရက်ကို စိတ်စောပြီး စောင့်နေရတဲ့ နိုင်ငံရေး အကျဉ်းသမားအဖြစ်နဲ့ ဘဝဆုံးရတော့မယ်။ ကလေးဘဝက ကောင်းပေ့ ဆိုတဲ့ ပိုးကို အင်္ကျီချုပ်ဝတ်ခဲ့ပေမယ့်၊ ခုတော့ ဂွမ်းကပ်အင်္ကျီစုတ်နဲ့ တစ် ယောကတည်း ထောင်ဝင်းထဲ လျှောက်နေရတယ်။ သူ့နာမည်က ဟင်နရီ ပုယီ ပါ။ အရင် အနှစ်ငါးဆယ်က သူမွေးတဲ့ အထိမ်းအမှတ်နဲ့ မီးရှူးမီးပန်း**

**တွေ အားပါးတရ ဖောက်လွှတ်ကြတယ်။ အခု ထောင်ထဲမှာ။ အသက်နှစ်နှစ် သားကပဲ ဟင်နရီဟာ တရုတ်ကေရာဇ်ဖြစ်ခဲ့ပြီး ခြောက်နှစ်သားမှာ ပြည်တွင်းစစ်ဖြစ်လို့ နန်းစွန်းခဲ့ရှာတယ်။ ဒါပေမယ့် ဒီဘုန်းရှင်ကံရှင်အတွက် ၁၉၃၂ခုဟာ အရေးပါတဲ့နှစ်အဖြစ်နဲ့ ကြုံနေပါတယ်။ ဂျပန့် အကူအညီနဲ့ မန်ကျူးကော ကေရာဇ်ဖြစ်ခဲ့ရသေးတယ်။ ဒုတိယကမ္ဘာစစ်ပြီးတော့ သူ့ သတင်းမကြားရပဲနေလိုက်တာ ခုမှပဲ သနားစရာဒီဓာတ်ပုံဟာ သူ့နောက်ဆုံး ဘဝဇာတ်သိမ်းကို ကြေကွဲစရာပြနေပါတယ်။**

ဒီဆောင်းပါးကို အရင်နှစ်နှစ်လောက်က ပို့လိုက်ရင် ကျွန်တော်ဖတ်ပြီး ငိုမှာ အမှန်ပဲ။ အခုတော့ နောက်ကျခဲ့ပြီ။ ကျွန်တော်က ကျွန်တော့်ဘဝကို ခင်ဗျား အဓိပ္ပာယ်ဖော်ပုံဟာ ကျွန်တော့်ကိုယ်တွေ့နဲ့ ကွာခြားလို့ သဘောမတူဘူး။ ဒါကြောင့် ဓာတ်ပုံမှာလည်း လက်မှတ်မထိုးနိုင်တာကို ဝမ်းနည်းပါတယ်ဗျာလို့ စာပြန်လိုက်ပါတယ်။

နိုင်ငံခြား သတင်းစာတွေဟာ ဒီလို "ကြင်နာတဲ့" မေးခွန်းတွေ မေးဖူးပါပြီ။ ကျိန်မင်းဆက် နောက်ဆုံး ကေရာဇ်ဖြစ်ရတာ ဝမ်းမနည်းဘူးလားတဲ့။ ခုံရုံးကို မတင်ပဲ ဒီလိုအကြာကြီးထားတာ မတရားဘူးလို့ ခင်ဗျား မထင်ဘူးလားတဲ့။ အဲဒါကို အံ့သြစရာလို့ မထင်ဘူးလားတဲ့။ အဖြေကတော့ ကျိန်ကေရာဇ်၊ ရုပ်သေးကေရာဇ် ဖြစ်ရတာကို ဝမ်းနည်းပါတယ်။ အံ့ဖွယ်ကို ပြောကြေးဆိုရင် အခုလို သက်ညှာတာကို အံ့သြရတယ်ပေါ့။ သတင်းစာဆရာတွေဟာ ကျွန်တော့်ကို နားမလည်တော့ဘူး။ ကျွန်တော့်စာကို ဖတ်ရတဲ့အခါ ဟိုစာရေးတဲ့ပြင်သစ်မိတ်ဆွေလည်း ဒီလိုပဲ နားမလည် ဖြစ်ရှာမယ်။

ကျွန်တော့်စိတ်ထဲမှာ တကယ်အမှန် ကြီးကျယ်တယ်ဆိုတာ ဖုန်စုရှန်ဆိုတဲ့ လူသတ်ပွဲက မသေလို့ ကျန်တဲ့ အမျိုးသမီးဘဝမျိုး၊ တိုင်ရှန်ပင်ကျေးတောသားတွေရဲ့ ရိုးရိုးသားသား ပြောပုံမျိုး၊ အိုင်စင်ဂိအောရော အမျိုးက လူငယ်တွေမှာ ပြောင်းလဲ တိုးတက်ပုံမျိုး၊ ဖူရှန်တွင်းသားတွေ ကြိုးစားဆောင်ရွက်လို့ အောင်မြင်လာတဲ့ မီးဖိုထဲက ဓာတ်ငွေ့မျိုး၊ ကျွန်တော်သွားလည်တဲ့ စက်မှုကျောင်းမှာ ဂျပန်တွင်ခုံ ဖယ်ပြီး ပိုကောင်းတဲ့ တရုတ်တွင်ခုံ အစားထည့်ထားတာမျိုး၊ သက်ကြီးလုပ်သားတွေကို အေးအေးချမ်းချမ်း အနားပေးထားပုံမျိုးကိုပဲ ခေါ်ချင်တယ်။ ဒါတွေကို ကျွန်တော့် အတွက် ဘာမှ အဓိပ္ပာယ်မရှိဘူးလို့ ပြောမဖြစ်ပါ။ တခြားလူတွေက ကျွန်တော်ဟာ တကယ့်လူ ဖြစ်လာနိုင်မယ်လို့ ယုံတယ်ဆိုတာကော အဓိပ္ပာယ်မရှိဘူးလို့ ပြောမလား။ အဲဒီဟာလည်း ကျွန်တော်နဲ့ဆိုင်တဲ့ အရေးအကြီးဆုံးကိစ္စ ဖြစ်နေပါတယ်။ တစ်သက်တာအတွက် အဖိုးအတန်ဆုံး ဆုံးဖြတ်ချက် ဖြစ်နေပါတယ်။

ကျွန်တော့် စိတ်မှာ အခုလို ခံစားလာခဲ့ရတဲ့ တခြား အကျဉ်းသားတွေလည်း ခံစားလာခဲ့ရတယ်လို့ ကျွန်တော်သိပါတယ်။ တချို့က ကျွန်တော်အခုလို သိတဲ့အသိကို

ကျွန်တော့်ထက် အများကြီး စောပြီးသိပါတယ်။ တကယ်က အခုအခြေအနေမှာ ကျွန်တော်တို့အားလုံးပဲ ကိုယ့်ဘာသာ ကြိုးစားပြီး ပုံသစ်လောင်းမယ်လို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီးကြပြီမို့ ၁၉၅၇ခုနှစ်ဟာ အရင်အရင်နှစ်တွေနဲ့ လုံးဝ မတူတဲ့နှစ် ဖြစ်ပါတယ်။

နှစ်သစ်ပွဲကို ပွဲလမ်းသဘင်ကြုံရင် ကျွန်တော်တို့အထဲက စွမ်းတဲ့လူတွေ ထွက်ကကြတယ်။ ပွဲလုပ်ရတဲ့စကြီမှာ မီးပုံးဆွဲတယ်။ အလှအပဆင်တယ်။ အစားကောင်း ကျွေးတယ်။ အဲဒါလောက်နဲ့ ကျေနပ်နေကြပါတယ်။ ဒါပေမယ့် ၁၉၅၇ခုနှစ်သစ်မတိုင်မီမှာ ဒီတစ်ခါတော့ အရင်ကထက်ပိုအောင် ဂျပန်စစ်တရားခံတွေလုပ်သလို ခန်းမထဲဝင်ပြီး ပွဲကြီးကြီးလုပ်မယ်လို့ တွေးထားကြတယ်။ ထောင်အာဏာပိုင်တွေကလည်း ကျွန်တော်တို့ လေ့လာရေးကော်မတီကို ခင်ဗျားတို့လုပ်အားရှိမယ် အားသန်တယ်ဆိုရင် လုပ်လေဗျာလို့ တိုက်တွန်းတယ်။ အခုမှရောက်လာတဲ့ ကျီအန်ကိုင်ရှိအက် စစ်တရားခံတွေကို ပရိသတ်အနေနဲ့ ဖိတ်နိုင်ခွင့်လည်း ပေးပါတယ်။ လေ့လာရေးကော်မတီက ဒီသတင်းကို ကျွန်တော်တို့အတန်းမှာ သတင်းလာပေးတော့ အားလုံး အားတက်သရော ပြင်ဆင်ကြပါတယ်။

အကျဉ်းသားအားလုံး ကျေနပ်နေတယ်။ ဘာပြုလို့လဲဆိုတော့ ဒီ နှစ်သစ်ကူးဟာ ခါတိုင်းထက် ပျော်စရာကောင်းမယ်။ ထောင်အာဏာပိုင်တွေကလည်း အားပေးတာမို့ လုပ်ပျော်တယ်။ တစ်ဖက်က ထောင်အာဏာပိုင်တွေကလည်း ဂျပန်စစ်တရားခံတွေတုန်းက ဒီလိုပွဲခံခိုင်းတာ ပြုပြင်ရေးမှာ ပိုပြီး ထိရောက် အောင်မြင်တာ လက်တွေ့မို့ အားပေးတာပဲ ဖြစ်တယ်။ ဂျပန်အကျဉ်းသားတွေကို အခြေခံပြီး ပြဇာတ်ကို သူတို့ဘာသာရေးတယ်။ ဇာတ်တစ်ခုက ဂျပန်မှာ နျူကလီးယားပေါက်ကွဲတာရဲ့ ကြောက်စရာကောင်းပုံနဲ့ ဂျပန်စစ်ဝါဒဟာ ဂျပန်ပြည်သူနဲ့အတူ ကမ္ဘာသူ ကမ္ဘာသားတွေကိုပါ ဘယ်လို အန္တရာယ်ပြုခဲ့တယ်ဆိုတာ ထင်ရှားစေတယ်။ ဒီလိုလုပ်ကြတာကြောင့် ရေးသူ၊ ကသူ၊ ကြည့်သူအားလုံး ဗဟုသုတဖြစ်တယ်။ ကျွန်တော်တို့ လေ့လာရေးအဖွဲ့ကလည်း ဒါမျိုးတွေ ရေးစမ်းကြည့်မယ် ဆုံးဖြတ်တယ်။ အဲဒါကို အများကဝိုင်းပြီး ထောက်ခံတယ်။ တယ်မကြာဘူး။ ပြဇာတ်နှစ်ခု စဉ်းစားလို့ရလာပါတယ်။ တစ်ခုက **"စော်ကားသူ အရှုံး"**လို့ခေါ်တဲ့ "သက်ရှိသတင်း"အနေနဲ့ အီဂျစ်ကို အင်္ဂလိပ်ဝင်တိုက်ပြီး ခံချလို့ ထွက်ပြေးရပုံကို သရုပ်ဖော်မယ်။ နောက်က ဇာတ်က မန်ကျူကောသစ္စာဖောက်တစ်ယောက် ပြုပြင်လာပုံ ဖြစ်ပါတယ်။ ပြဇာတ်ရေးဆရာတွေက ပုကျီအယ်နဲ့ အရင် ဝေါင်ကျိနိုင်ဝေ့ ရုပ်သေးအစိုးရ အရာရှိဟောင်းတစ်ယောက် ဖြစ်ပါတယ်။

ပြဇာတ်ကိစ္စကို အားစိုက်ကြသလိုပဲ တခြားကကွက် ပြကွက်တွေအတွက်လည်း လုံးပမ်းကြတယ်။ လက်လှည့်ဆရာကြီး လုန်င်က ဦးထုပ်ထဲက ဥထွက်လာတာတို့ ပင်ပေါင်ဘောလုံးလောက်ကို မျိုပြတာတို့လောက် ရိုးတာမပြဘူး။ ဒါ့ထက်ဆန်းရမယ်လို့ ဆိုပါတယ်။ လေ့လာရေးကော်မတီဥက္ကဋ္ဌ အဘိုးကြီးဝန်က အလုပ်အများဆုံး

ပါပဲ။ သူက ဒါတွေအားလုံးရဲ့တာဝန်ခံ ဖြစ်နေလို့ပါ။ ရွှေကလေးက အခမ်းအနား ပြင်ဆင်ဖို့တာဝန်၊ လီက အခု ကျွမ်းကျင်တဲ့ လျှပ်စစ်ပညာသည်ဖြစ်နေပြီမို့ မီးသွယ်တဲ့တာဝန်။

အရင်နှစ်တွေကတော့ ပွဲထွက်တဲ့အထဲ ကျွန်တော်မပါရပါဘူး။ ကို့ရိုးကားရားပဲ မြင်နေရမှာပဲလို့ အများက ယူဆတယ်။ ဒီနှစ်လည်း သူတို့ ငါ့ကို ထားခဲ့မှာပါပဲလို့ တွက်ပြီးသားပါ။ ဒါပေမယ့် ကျွန်တော်တို့ အခန်းမှူး အဘိုးကြီးကျူက ကျွန်တော်သီချင်းဆို သိပ်မဆိုးဘူးလို့သိတာနဲ့ သီချင်းဝိုင်းဆိုရတဲ့အဖွဲ့ထဲ ထည့်ထားလိုက်လို့ ကျွန်တော်လည်း အင်မတန် အံ့သြနေရပါတယ်။ စိတ်ထဲမှာလည်း ထိခိုက်သွားတယ်။ ကြိုးစားပြီးလည်း ဆိုပါတယ်။ ကျွန်တော်ဆိုရမယ့် သီချင်းလည်းရရော လေ့လာရေး ကော်မတီဥက္ကဋ္ဌ အဘိုးကြီးဝန်က ကျွန်တော့်ကို ခေါ်ပါတယ်။

ပထမပြဇာတ်ထဲမှာ တစ်ခန်းလောက် ဝင်လိုက်စမ်းပါတဲ့။ ခက်ပါဘူးဗျ။ စာတစ်ကြောင်း ကျက်ထားပြီး ရွတ်ရုံပဲ လို့ဆိုတယ်။ စကားပြောကို ကြိုက်သလိုပြင်ပါ။ လုပ်ဖို့ကောင်းတယ်။ အပြန်အလှန် ပညာပေးသဘောပါလို့ လုပ်သင့်တယ်ဗျလို့လည်း တိုက်တွန်းပါတယ်။ သိပ်မဆွယ်ရပါဘူး။ ကျွန်တော်နဲ့သင့်တော်တယ်လို့ခိုင်းရင် အလုပ်ကြီးပဲ စိတ်ချလို့ ဖြေခဲ့တယ်။ ခင်ဗျားလုပ်နိုင်တာပေါ့ဗျလို့ သူက ပြုံးပြုံးကြီး မျက်နှာထားနဲ့ ပြောနေပါတယ်။ ခင်ဗျားတကယ်သင်တဲ့ အခန်းဗျ။ ခင်ဗျားအသံက အောင်တယ်။ ကြည်လင်တယ်။ ရပ်ပါဦးဗျာ။ ကျွန်တော့်အခန်းကိုပဲ အတိအကျပြောစမ်းပါဦးလို့ တောင်းပန်ရတယ်။ ပြဇာတ်က သိတဲ့အတိုင်း **"စော်ကားသူ့အရှုံး"** ခေါ်တယ်။ အီဂျစ်ကို အင်္ဂလိပ်ဝင်တိုက်လို့ ဆူဆူညံညံ ဖြစ်ကြရော သတင်းစာပါသမျှကို အခြေခံပြီး ရေးထားရတယ်ဗျ။ အဘိုးကြီးရန်က ဇာတ်လိုက်၊ သူက အင်္ဂလိပ်နိုင်ငံခြားရေးဌာန အတွင်းဝန် ဆယ်လွင်လွိုင်လုပ်ရတယ်။ ခင်ဗျားက လက်ဝဲဆန်တဲ့လေဘာ အမတ် လုပ်ရတယ်။

ပုကျိုအယ်ဆီသွားပြီး ပြဇာတ်ထုပ်တစ်ခုလုံးကို ဖတ်တယ်။ သူ ရှင်းပြတာကို နားထောင်တယ်။ ပြီးမှ ကိုယ်နဲ့ဆိုင်သမျှ ကူးယူတယ်။ နောက် ဘာဝတ်မယ် စဉ်းစားရပြန်တယ်။ နိုင်ငံခြားသား အခန်းမို့ အနောက်တိုင်းဝတ်စုံပဲ ဝတ်ရမှာပေါ့။ အဲဒီအဝတ်မျိုးက မရှားလှပါဘူး။ လူတိုင်းလိုမှာ ရှိဖူးပြီး ထောင်ရောက်စက တောင်အာဏာပိုင်တွေဆီမှာ အပ်ထားတဲ့ သေတ္တာတွေထဲမှာ ရှိတာပေါ့။ တိုကျို စစ်ခုံရုံးမှာ သက်သေခံသွားတုန်းကဝတ်တဲ့ အပြာဝတ်စုံနဲ့ ရှပ်၊ လည်စီး၊ အတွင်းခံတွေကို ယူပြီး ကိုယ့်အခန်း ပြန်လာခဲ့ပါတယ်။ အခန်းထဲမှာ သူများမရှိသေးလို့ ချက်ချင်း ဝတ်ဆင်ကြည့်တယ်။ ရှပ်အင်္ကျီအဖြူဝတ်ပြီး ရုံပဲရှိသေးတယ်။ အဘိုးကြီး ယွန်စင်လာပြီး ဘာလုပ်နေရတာလဲလို့ အံ့အားသင့်တဲ့အသံနဲ့ မေးတယ်။

ကျွန်တော့်ရှပ်က လည်ပင်းကျပ်လွန်းလို့တစ်ကြောင်း၊ မမျှော်လင့်ပဲ သူဝင်လာတာလည်းတစ်ကြောင်းပေါ့။ မှင်သက်မိပြီ ချက်ချင်းမဖြေနိုင်ဘူး။ ပြီးမှ မောသံနဲ့

ပြဇာတ်ထဲပါရတယ်ဗျ။ အတွင်းဝတ် နောက်ဖက်ကြိုးကို လျှော့ပေးလှည့်စမ်းပါလို့ ခိုင်းပါတယ်။

သူက လုပ်ပေးပါတယ်။ ဒါပေမယ့် အတွင်းဝတ်က သိပ်ကျပ်နေပါပြီ။ ကျွန်တော်ဝလာလို့ ဖြစ်ရမယ်။ အင်္ဂလန်လုပ်ဖိနပ်ကလည်း ကျပ်လွန်းနေပြီ။ အင်္ဂလိပ်လေဘာအမတ်လုပ်ရဖို့ သရေဖိနပ်လို မလို အဘိုးကြီးယွန်ကို တိုင်ပင်ပါတယ်။

လိုတာပေါ့ဗျ။ တချို့ အင်္ဂလိပ်လေဘာအမတ်က ရေမွှေးတောင်ဆွတ်သေးတယ်။ ဂွမ်းကပ်အဝတ်ဖိနပ်နဲ့ မဖြစ်တာတော့အမှန်ပဲ။ မစိုးရိမ်နဲ့လေ။ အတွင်းဝတ်ကို ပြင်ချိန်ရမယ်။ ဖိနပ်ဟာလည်း ကျင့်စီးရင် ချောင်လာမယ်ပေါ့။ ဒီတော့ ပြောရမယ့်စကားသာ အလွတ်သွက်သွက်ဆိုနိုင်အောင် ကျက်နေနှင့်ပါလို့ပြောတယ်။ ခင်ဗျားပြဇာတ်ထဲ ပါရမယ်ဆိုတာက အမှန်ကို ထူးတဲ့သတင်းဗျလို့ ကွန့်လိုက်သေးတယ်။ ကျွန်တော်စကြိဘက်ကို ထွက်လာတော့ သူရယ်သံကို ကြားနေရပါသေးတယ်။ ကျွန်တော်လည်း မြူးနေပါတယ်။ အဘိုးကြီးဝန်က ဒါဟာ အပြန်အလှန်ကူညီတဲ့ သဘောလည်းပါတယ်။ ကိုယ့်ဘာသာ ပညာပေးလည်းပါတယ်လို့ ပြောထားတယ် မဟုတ်လား။ ဒီတစ်ခါပဲ သူများအကူအညီခံသက်သက်သာ လွန်မြောက်ပြီး သူများကို ကျွန်တော်က ကူညီရမယ့်သဘောတော့ တွေ့ရဖူးတယ်။ နောက်ဆုံး အချုပ်ကတော့ သူများစွမ်းသလောက် ကျွန်တော်စွမ်းနိုင်ရမယ်။ အပြန်အလှန် ကူညီကြမယ်ဆိုရင် သူများလုပ်ပေးသလို ကိုယ်ကလည်း ပြန်လုပ်ပေးနိုင်ရမယ်ပေါ့။

အဲဒီအချိန်ကစပြီး ကိုယ်ဆိုင်ရာစာသားကို မပြတ်ရွတ်နေတယ်။ အဘိုးကြီးဝန်ပြောတဲ့အတိုင်းပါပဲ။ ဆိုင်ရာစာသားက တိုပါတယ်။ အတိုဆုံးအခန်းကို တမင်ရွေးပေးတာလည်း ဖြစ်နိုင်တယ်။ ပြဇာတ်အဆုံးရောက်တော့ အောက်လွှတ်တော်မှာ ဆက်လွင်လှိုင်က မိန့်ခွန်းပြောတယ်။ ဝင်ရောက်တိုက်ခိုက်ပွဲမှာ ရှုံးတာကို ကာကွယ်ပြီး ပြောဖို့ပဲပေါ့။ အတိုက်အခံဘက်က အမတ်တွေက မေးခွန်းမေးကြ။ ဝိုင်းဝေဖန်ကြ တိုက်ခိုက်ကြပေါ့။ ဒီကြားထဲမှာ ကျွန်တော်က ထပြီး ဆက်လွင်လှိုင်ကို ခင်ဗျားလုပ်ပုံကို ဆက်ပြီးကာကွယ်နေဖို့ မလိုတော့ဘူး။ ခင်ဗျားလုပ်သမျှဟာ သိပ်ရှက်စရာကောင်းတယ်။ တကယ် ရှက်စရာကောင်းတယ်။ ထပ်ပြောပါဦး။ ရှက်စရာကောင်းတယ်။ ကျွန်တော်ကလည်း ရောပြီး ထွက်ဟေ့ ထွက်ဟေ့လို့ အော်ရပါမယ်။ ပြဇာတ်က အကွက်ဆင်ပုံရိုးပါတယ်။ အရေးပါဆုံးအခန်းက ဒီ ပါလီမန်လွှတ်တော် စကားပြောခန်းပဲ ဖြစ်တယ်။ စကားပြောတာအစုစု တစ်ဆယ့်ငါးမိနစ်လောက်ပဲ ကြာမယ်။ အဲဒီ တစ်ဆယ့်ငါးမိနစ်အပြန်ပေါင်း မရေတွက်နိုင်အောင် အချိန်ယူပြီး ကိုယ့်အပိုင်းကို အထစ်အငေါ့မရှိ ပြောတတ်အောင် ကျက်နေမိပါတယ်။ ဒီလိုနေရာမှာ အတိမ်းအစောင်းရှိရင် သူများက ကိုယ့်ကိုယုံလို့ လွှဲအပ်တာကို ကိုယ်က မလေးစားရာ ရောက်မယ်။ အရင်က ကြောက်စိတ် စိုးရိမ်နဲ့ အိပ်မပျော်တဲ့ ရောဂါရဖူးပါတယ်။ အခုလို စိတ်လှုပ်ရှားပြီး ဝမ်းသာစိတ် မဖြစ်မနေ လုပ်လိုစိတ်နဲ့ အိပ်မပျော်တာကတော့

တစ်သက်မှာ ဒီတစ်ကြိမ်ဟာ ပထမပါပဲ။

နှစ်သစ်ပွဲနေ့ရောက်ပါပြီ။ ပျော်ပွဲစိတ်နဲ့ အားလုံးရွှင်လို့ ကျွန်တော်တောင် လန့်စိတ်ပျောက်သွားတယ်။ အပြင်အဆင်ကလည်း ခမ်းနားပါတယ်။ ဂျပန်စစ် တရားခံတွေ လုပ်ပုံမျိုးကို မီပါတယ်။ အဖွဲ့လိုက်သီဆိုခန်း၊ တစ်ဦးချင်း သီဆိုခန်း၊ မောင်ဂိုတေးသံနဲ့အက၊ ကွက်စိပ်၊ လက်ခုပ်သံနဲ့ တေးသံပြိုင်၊ လက်လှည့်၊ သက်ရှိ သတင်းစာ "စော်ကားသူ့အရှုံး"နဲ့ "မှောင်ရာကလင်း"ဆိုတာတွေပါပဲ။ ကျီအန်ကိုင် ရှိအက်စစ်တရားခံတွေ အံ့သြနေတာတွေ့လေ ကျွန်တော်တို့ အချင်းချင်းကြည့်ပြီး ကြည်နူးလေပဲ။

တခြားအခန်းတွေဟာ အားလုံးအဆင်ပြေတယ်။ လက်ခုပ်သံတဖြောင်း ဖြောင်းနေပါတယ်။ အားလပ်ချိန်အပြီး သက်ရှိသတင်းစာပြဇာတ်တစ်နဲ့ ပြန်ပြီး စမယ်။ အချေအတင် စပြောနေပါပြီ။ အဘိုးကြီး ရုန်ဟာ ဆယ်လွယ်လွှိုင်နဲ့ တူ အောင် ကျကျနနဝတ်ထားပါတယ်။ သူက နှာခေါင်းကြီးကြီးမို့ သူတစ်ယောက်ပဲ အင်္ဂလိပ်နဲ့တူတယ်။ သူ့ အသုံးတော်ခံပုံကလည်း အင်မတန်ထူးခြား ကောင်းမွန်တယ်။ စကားပြောသွားတဲ့ နေရာမှာ ဒေါသထွက်ဟန်၊ ကြောက်ဟန်၊ ဖြစ်ချင်ရာဖြစ် လုပ် တော့မယ့်ဟန်၊ မာနတံခွန်ထူဟန်တွေကို အရှုံးဝိုင်းဝိုင်းလည်နေတဲ့ နိုင်ငံခြားရေး အတွင်းဝန်သရုပ် တကယ်ပါတယ်။ သူပြောလို့ ဆယ်မိနစ်လောက်ရှိတော့ အဘိုး ကြီးယွန်က ကျွန်တော့်ကို ကဲ ကိုယ့်လူ၊ အ,အကြီး လုပ်မနေနဲ့ နည်းနည်းဆွပေး စမ်းပါဦးလို့ (ပြဇာတ်ထဲမှာ ဒီအတိုင်းပါတယ်) ခပ်အုပ်အုပ် ပြောလိုက်တယ်။ ကျွန်တော်လည်း ရှေ့ကိုမျှော်ပြီး ပရိသတ်ကို ကြည့်မိတယ်။ လက်ဝဲဆန်တဲ့ အမတ် ကျွန်တော့်ကို အားလုံးဝိုင်းကြည့်နေကြပြီ။ ကျွန်တော်လည်း တုန်တုန်ရီရီ ဖြစ်လာ ပါတယ်။ ဝိုင်းနဲ့ - သီချင်းဆိုကြတုန်းက ကျွန်တော့်ကို ဘယ်သူကမှ ဂရုစိုက်ပြီး ကြည့်မနေဘူး။ အခု ဝိုင်းကြည့်တာကိုခံနေရပြီ။ ကျွန်တော်စိတ်ကို ပြန်ပြီး ငြိမ်အောင် မထိန်းနိုင်မီ ယွန်က ဟော့ ပြောကွယ်။ သူ့စကားကို တစ်ခွန်းတစ်စ ချေစမ်းပါကွလို့ တံတောင်နဲ့တွက်တယ်။ ကျွန်တော် ရုတ်ချင်းထပြီး ရုန်ဖက်ကို လှည့်လိုက်ရတယ်။ ရုန်ကတော့ ပြောကောင်းတုန်း။ ကျွန်တော်ပြောရမယ့် စကားအစ ရှာမရတော့ပါ။ ဒီလို ဘေးအန္တရာယ်ကြုံတဲ့အခါ စိတ်ကူးလေးတစ်ခု ဖြုံးခနဲ ဝင်လာလို့ အင်္ဂလိပ်လို နိုးနိုး၊ နိုးလို့ အော်လိုက်မိတယ်။ ရုန်လည်း ဖြုန်းခနဲ ကျွန်တော့်အသံကြောင့် ရပ်သွားတယ်။ ဒီတော့မှ ကိုယ်ရွတ်ရမယ့်စာသားကို အမှတ်ရပါတော့တယ်။ ပြောစရာဆုံးတော့ တီးလိုက်ကြတဲ့ လက်ခုတ်သံ ညံလို့။ ထွက်သွားဟော့ မလိုချင်ဘူး။ တွက်ဟော့လို့လည်း ဝိုင်းအော်ပေးကြတယ်။ နိုင်ငံခြားရေး အတွင်းဝန်လည်း ဟိုကျော်ဒီနင်း တိုက်ခိုက်ပြီး ဇာတ်စင်မြင်ကွင်းက ထွက်သွားပါတယ်။

ပွဲပြီးတော့ အဘိုးကြီးယွန်က ပထမဆုံးလာပြီး အားရဝမ်းသာစကား ကျွန်တော့်အတွက် ပြောတယ်။ လူတိုင်းနည်းနည်းတော့ လန့်နေတာပေါ့ဗျ။ ဒါပေ

မယ့် ဘယ်သူမှ မဆိုးဘူးဗျလို့ ပြောတယ်။ အားလုံး ကျေနပ်ကြတယ်။ ကျွန်တော် လက်တန်းထည့်လိုက်တဲ့စကားလုံးတွေကို ကြိုက်တယ်ပြောပြီး ရယ်မောနေကြတယ်။

ရွှေပွဲလာတွေ နည်းနည်းငြိမ်မှ ဒုတိယဇာတ် "မှောင်ရာက လင်း"ကို စတယ်။ ဇာတ်ကွက်ဇာတ်အိမ် ပထမနဲ့ လုံးဝမတူဘူး။ အရှေ့မြောက်မှာ အရာရှိ နှစ်ယောက်ဟာ ခိုကိုးရာမဲ့ဖြစ်ပြီး သစ္စာဖောက်တွေ ဖြစ်သွားပုံက စတယ်။ ဂျပန် လက်နက်ချတော့ ကော့မင်တန်ဘက်ဝင်ဖို့ လုပ်ကြသေးတယ်။ ဒါပေမယ့် ဆိုဗီယက် ယူနီယံက ဖမ်းတာခံလိုက်ရလို့ အကြံမအောင်တော့ဘူး။ တရုတ်နိုင်ငံ ပြန်ပို့တော့ အာဏာပိုင်တွေကို ရေးကတတ်တဲ့ပညာနဲ့ လှည့်စားဖို့လုပ်ပေမယ့် မအောင်မြင်တာနဲ့ အစိုးရရဲ့ ညှာတာရေး၊ ပညာပေးရေး ပုံသစ်လောင်းရေးတွေကို လက်သင့်ခံပြီး ကိုယ့် အမှားကိုယ်ဝန်ခံပြီး လူသစ်ဖြစ်လာပုံပါပဲ။ ပြဇာတ်ထဲမှာ အံ့သြစရာအသစ်အဆန်း ဘာတစ်ခုမှမပါဘူး။ ဒါပေမယ့် ဒီဇာတ်ထဲမှာ လူတိုင်းရဲ့ အဖြစ်အပျက်ပါနေတယ်။ နောက်နောက်က အမှားကိုလည်း လူတိုင်း ပြန်မြင်ယောင်တယ်။ ဒါကို စိတ်မှာစွဲပြီး ကိုယ့်ကိုယ်ကို ကိုယ်ရှက်လာပါတယ်။ ပြဇာတ်တစ်နေရာမှာ သစ္စာဖောက်တွေက ပြည်သူကို ဧကရာဇ် ဂျိမ်မူနတ်ကွန်း အတင်းအကျပ် ဆော်ကိုးတာပါတယ်။ အာကျယ်ကြီးက ဒီတစ်ကွက်ဟာ သူ့အကြောင်း တိုက်ရိုက်ဖြစ်နေလို့ ဒီ ရှက်စရာ ကြီးကို ပြန်ပြနေလို့ ဘာထူးဦးမလဲလို့ ခပ်တိုးတိုးညည်းပါတယ်။ နောက်တစ်ခန်းမှာ သစ္စာဖောက်တွေ ဂျပန်ကို ဝိုင်းပြီး သူ့ထက်ငါ မျက်နှာသာရအောင် အရှေ့မြောက် ထွက်သမျှ ကောက်ပဲသီးနှံကို ပြည်သူ့လက်ထဲက ဘယ်လိုလုယူရင် ကောင်းမယ်လို့ အကြံဉာဏ်ပေးနေကြတယ်။ ကျွန်တော့်ဘေးက လူတစ်ယောက် သက်ပြင်းချပြီး သိပ်ယုတ်သကွာလို့ ရေရွတ်သံကြားပါတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ဒါဘာဟုတ် သေးသလဲ။ ဇာတ်စင်ထောင့်နားမှာ စင်နဲ့တင်ထားတဲ့သစ္စာဖောက် ဧကရာဇ်ရဲ့ **"ဧကရာဇ်ဆင်းတုစစ်"**ကမှ အယုတ်ဆုံးလို့ ပြောပြလိုက်ချင်ပါတယ်။ ဇာတ်ကောင်တွေ ဟာ ဇာတ်စင်ပေါ်တက်လာတိုင်း ဒီ အရုပ်ရှေ့မှာ ဦးညွှတ်တာကို မြင်တော့မှ ဒီအလုပ်ဟာ ကမ္ဘာပေါ်မှာ အညစ်ဆုံးအလုပ်ပါလားလို့ သဘောပေါက်ခဲ့ပါပြီ။

နောက်ဆုံးအခန်းဟာ တစ်ညနေလုံး အရေးပါဆုံးအခန်းပါပဲ။ အစိုးရ အရာရှိတစ်ဦးက စစ်တရားခံကို ပုံသစ်လောင်းတာနဲ့ ပတ်သက်ပြီး ဟောပြောခန်း ဖြစ်တယ်။ လက်ခုတ်သံနဲ့ ကြွေးကြော်သံ အော်ဟစ်ပုံဟာ စောစောက ကြားခဲ့ရတဲ့ အသံတွေထက် အဆအများကြီးပိုတယ်။ ဒီလို ဖြစ်ရတာဟာ ဇာတ်ကပုံ ကောင်း လို့ကြီးသက်သက် ဘယ်ဟုတ်မလဲ။ သားမယားတွေဆီက ရတဲ့စာတွေ၊ သူတို့လာလည် တာတွေ၊ ကျွန်တော်တို့ အပြင်ထွက်လေ့လာခွင့်ရတာတွေ။ စစ်ခုံးရုံးမှာ ဂျပန် စစ်တရားခံတွေ ပြုမူပုံကို မြင်ရတာတွေဆိုတဲ့အကြောင်းမျိုးစုံ ရောစပ်နေလို့ ဒီလို အားတက်သရောရှိတာ ဖြစ်ပါတယ်။ နားကွဲမတတ် အော်ဟစ်ကောင်းချီးပေးသံ ကြားထဲက တိုးတိုးရှိုက်သံလည်း ကြားနိုင်တယ်။ သူ့သမီးကို သူများတွေ ဝိုင်းပြီး

ကူညီနေပါတယ်ဆိုတာ မယုံဘူး။ ကိုယ်တိုင်မြင်ရမှ ယုံတယ်ဆိုတဲ့ အဘိုးကြီးလျှိုက စပြီး ရှိုက်ရှိုက်ငိုတယ်။ သားနဲ့ပြန်တည့်သွားတဲ့ အဘိုးကြီး ကျန်င်က ဝင်ရောက်ပြီး ငိုပါတယ်။ သူ့ အိတ်ထဲက သားပေးလိုက်တဲ့ ဖောင်တိန်ပင် အဖုံးလေးကဝင်းလို့။ ဒီသတင်းမှာ နိုးကြားလာတဲ့ စိတ်ဓာတ်ဟာ အခု လောကအနေနဲ့ ဘယ်လိုဟာက အကြီးဆုံးလဲ။ တို့နဲ့ အတော်ဆုံးလဲ။ အဲဒီ အကြီးအကျယ်ဆုံးဆိုတာပဲ လောကမှာ အတင့်ဆုံးလို့ ပြနေတာပါပဲ။ နှစ်သစ်ပွဲပြီးလို့ မကြာခင် အကျဉ်းသား တစ်ဆယ့် သုံးယောက်ကို ရုံးမတင်ပဲ အပြီးလွှတ်လိုက်တယ်။ အဲဒီအထဲမှာ ကျွန်တော့်တူ သုံးယောက်နဲ့ လီလည်းပါတယ်။ သူတို့ကို နှုတ်ဆက်လိုက်ကြပြီးတော့ နောက်တစ်ကြိမ် ကြုံမယ့် နွေဦးပွဲမှာ "မန်ကျူကော"ခေတ် ကျေးတောရွာနဲ့ လွှတ်မြောက်ပြီး အခြေ အနေပြဇာတ်ကို စိုင်းပြင်းကြပြန်တယ်။ ပိုပြီးကောင်းရမယ်ပေါ့။ နောက်ထပ် လေး ယောက် လွှတ်ပြန်တယ်။ ယောက်ဖနှစ်ယောက်ပါသွားပြီ။ အဲဒီအချိန်မှာ စောစော က ပြောတဲ့ ပြင်သစ်တစ်ယောက်ဆိက **"ကမ္ဘာမင်းကြီးရွာ"** ဆောင်းပါးကိုရတယ်။

## နောက်တစ်ကြိမ် အလည်ထွက်ကြပြန်တယ်

နောက်တစ်ကြိမ်ထွက်ကြလို့ ၁၉၅၇ခု ဒုတိယနှစ်ဝက်မှာ စီစဉ်ပါတယ်။ ဒီတစ်ခါ ရှဲန်ယန်င်၊ အန်ရှန်၊ ကျန်င်ကျူန်နဲ့ ဟာရဘိန်ဘက်ကို သွားရမယ်တဲ့။ ရှဲန်ယန်င် အနားက တဟော့ဖွဲ့န်င် ရေလှောင်စခန်းစက်ရုံ တစ်ဆယ့်ရှစ်။ လက်မှုအဖွဲ့နဲ့ ကျောင်းခြောက်။ ဆေးရုံသုံး၊ ပြပွဲနှစ်နဲ့ အားကစားနန်းတော်တစ်ကို လေ့လာရတယ်။ ဟာရဘိန်မှာတော့ ဂျပန် ၇၃၁ရောဂါပိုးရှာတပ်နဲ့ နိုပ်စက်ညှဉ်းပန်းသွားတဲ့ မြေနေရာ နဲ့ အရှေ့မြောက် အာဇာနည်ခန်းမကို ရောက်တယ်။ ဒီတစ်ခေါက် အပြင်ထွက်ရတာ အရင်တစ်ခေါက်ထက် ကျေနပ်မှတ်သားစရာတွေ ပိုလာသေးတယ်။

ကျွန်တော်တို့ အလည်ရောက်တဲ့ လုပ်ငန်းကြီးတွေဟာ အခုမှ တည်ထောင် ပြီးတဲ့ အသစ်စက်စက်တွေက များတယ်။ ဂျပန်လက်ထက်က ကျန်ခဲ့တာရှိတယ်။ ဒါပေမယ့် နည်းပါတယ်။ ပြီးတော့ ဂျပန်ပြေးတဲ့အခါတုန်းက ဒီ စက်ရုံတွေကို ဂျပန်ကပဲ ကောင်းကောင်းဖျက်သွားခဲ့သေးတယ်။ ဥပမာ အန်ရှန်သံ၊ သံမဏိလုပ်ငန်း ရဟဲန်င်စက်ပစ္စည်း လက်နက်တည်ထောင်စခန်းဆိုရင် ဂျပန်ရော၊ ကောမင်တန်င်တွေ ကပါ ဝင်ပြီးဖျက်ပစ်ခဲ့ကြတယ်။ ပြည်သူ့အစိုးရလက်ထဲရောက်တော့မှ အသစ်ပြန် ဆောက်ပြီး အခုလို အင်မတန်ကြီးမားလာအောင် တိုးချဲ့နိုင်ခဲ့ပါတယ်။ ရှေးဒီစက် တွေကို သိမြင်ဖူးတဲ့ "မန်ကျူကော"ဝန်ကြီးတွေဟာ အခု အခြေအနေကို မြင်တော့ တိုးတက်လှချည့်လားဆိုပြီး အံ့အားသင့်နေကြတယ်။ ကျွန်တော် ကျေနပ်အံ့ဩတာ ကတော့ တရုတ်တံဆိပ် အမှတ်အသားပါတဲ့ ပစ္စည်းကိရိယာတွေ ဒီစက်ရုံတွေထဲ မှာ အများကြီး တွေ့နေရလို့ပါပဲ။ ကျွန်တော့်လို အတွေ့အကြုံနည်းတဲ့ လူကတောင်

စက်ဆိုရင် "အမေရိကန်လုပ်"၊ "ဂျာမန်လုပ်"ပဲ တွေ့ရမယ်လို့ ထင်ထားတယ်။ အခု တရုတ်လုပ်တွေ တသီကြီး တွေ့နေပါပြီ။ တချို့ ပစ္စည်းက နိုင်ငံခြားတောင် ပို့ဖို့တဲ့။ အဲဒီပစ္စည်းတွေအားလုံးမှာ "တရုတ်ပြည်သူ့သမ္မတနိုင်ငံလုပ်" လို့ ဂုဏ်ယူစရာ စာတန်း အထင်အရှားပါနေပါပြီ။

အန်ရှန်သံ၊ သံမဏိလုပ်ငန်းကို ရောက်သွားတော့ ကြီးလှတဲ့ သံ၊ သံမဏိ အဆောက်အအုံတွေကိုကြည့်ပြီး အမှိုက်ပုံကနေ ဒီလောက်ကြီးကြီးမားမား ပြန်ဖြစ်လာပုံကို အံ့သြနေမိပါတယ်။ အပျက်အစီးတွေကနေပြီး ဒီလိုပြန်ဖြစ်အောင် လုပ်ရတယ်ဆိုတာလည်း တကယ့် အဖြစ်အပျက်ပါပဲ။ ဂျပန်ဟာ အန်ရှန်က ထွက်ရတော့ကပ်လျှန်စိုက်စားဖို့ တရုတ်ကို အန်ရှန်ပြန်ပေးခဲ့မဟော့လို့လည်း ပြောတယ်။ ပြောတဲ့အတိုင်းလည်း အားလုံးဖျက်ဆီးတယ်။ သံ၊ သံမဏိလုပ်ငန်းပြန်လုပ်ချင်ရင်တောင် အနည်းဆုံး လျှော့စျေးပေါ့စျေးတွက်ရင် နောက်အနှစ်နှစ်ဆယ်ကြာမယ်လို့ ဂျပန်တွေကပဲ ပြောသွားပါတယ်။ ဒါပေမယ့် တရုတ်ပြည်သူအတွက် ဒီလောက်နှစ်အကြာကြီး မလိုပါ။ အခု "မန်ကျူကော"ခေတ်က အများဆုံးတွက်တဲ့ တန်ချိန်ထက်၊ စလုပ်လို့ သုံးနှစ်အကြာမှာ အဆဆပိုတဲ့ တစ်နှစ်တန်ချိန် ၁,၃၅၀,၀၀၀ ထွက်တဲ့အထိတောင် တိုးလာသေးတယ်။ ငါးနှစ်ကြာတော့ တန်ချိန် ၅,၃၅၀,၀၀၀ ဖြစ်လာတယ်။ အဲဒီတန်ချိန်ဟာ ဂျပန်က ရှိဝါသံလုပ်ငန်းနာမည်နဲ့ ၁၈၁၇ခုကနေပြီး ကောမင်တန်င်တွေ ထွက်ပေးရတဲ့ ၁၉၄၇ခုအထိ သုံးဆယ့်တစ်နှစ်အတွင်း ထုတ်နိုင်သမျှ တန်ချိန်စုစုထက် ပိုတာ တွေ့ရပါတယ်။

ခရီးမှာ ဒီလိုအံ့သြဖွယ်တွေ အများကြီး မြင်ခဲ့ရသေးပါတယ်။ အားလုံးခြုံပြီး အံမိပွာယ်ကောက်ယူစရာကတော့ တရုတ်ပြည်သူဟာ မြေမှာ ဝပ်စင်းနေရတဲ့ ဘဝဟာ မတ်မတ်ထပြီး ရပ်နိုင်ပြီဆိုတဲ့ အကြောင်းပါပဲ။ စစ်ရေးစစ်ရာမှာ အောင်ပွဲရနေသလို စီးပွားရေးစစ်လည်း ပွဲလမ်းရနေပါပြီ။ ကိုယ်တိုင်မျက်စိနဲ့ မမြင်ရရင် ယုံမယ်မဟုတ်တာ သေချာတဲ့အပြင်၊ အရင်ဆယ်နှစ်ကသာ ခန့်မှန်းခြေပေးပါဆိုရင် ဂျပန်ကိုပဲ မင်းတို့တရုတ်က ဒီ သံမဏိလုပ်ငန်းနေရာမှာ ကပ်လျှန် စိုက်ရစ်တော့ ကွယ်လို့ အကြံပေးမိမှာပါပဲ။

အရင် အနှစ်လေးဆယ်က ငါလည်း တရုတ်ပါလားလို့ ကျွန်တော်မေ့နေခဲ့တယ်။ ကမ္ဘာမှာ အတုမရှိလို့ ဂျပန်နိုင်ငံကို ဂျပန်အမျိုးသားတွေ ချီးမွမ်းသလို ကျွန်တော်ကလည်း လိုက်ပြီးအထင်ကြီးခဲ့တယ်။ ကျဲန်င်ယိုပ်ယူက နိုင်ငံခြားသားကို အထင်ကြီးပြီး တရုတ်သယံဇာတပစ္စည်းတွေကို ဖော်ထုတ်ဖို့ "နိုင်ငံခြားသားအရာရှိ" ခေါ် "နိုင်ငံခြားသား အင်အား"ကို သုံးမှ ဖြစ်မယ်လို့ ပြောတာကို လက်ခံခဲ့တယ်။ မျက်နှာဖြူတွေနဲ့စာရင် တရုတ်တယ်ညံ့ဖျင်း မိုက်မဲပါလားလို့ ပုကျိအယ် နဲ့တရုတ်အတင်းပြောပြီး သက်ပြင်းချခဲ့ကြတယ်။ ထောင်ထမှာဝင်နေရပြီးတဲ့ နောက်မှာတောင် တရုတ်နိုင်သစ်ဟာ ကမ္ဘာမှာ ဋ္ဌန္ဒြေရရ ရင်ထိနေနိုင်ပါ့မလားလို့ ဆက်ပြီး သံသယ

ဖြစ်နေပါသေးတယ်။ ကိုရီးယားမှာ တရုတ်နဲ့ကိုရီးယား ပြည်သူတပ်တွေ အနိုင်ရနေတယ်ဆိုရင် ဝမ်းသာရမယ့်အစား အမေရိကန်က အနုမြူဗုံးချမှဖြင့်လို့ တွေးပြီး လန့်နေသေးတယ်။ တရုတ်ကွန်မြူနစ်ပါတီဟာ အမေရိကန်နယ်ချဲ့ကို ကုလသမဂ္ဂစင်မြင့်တက်ပြီး ဘာကြောင့် ဖွင့်ထုတ်ဝံ့သလဲ။ တရုတ်က ကိုရီးယားဘက်က ကိုယ်စားလှယ်တွေဟာ ပုန်တုန်ရျောမ်မျှား စကားတော့ဆိုင်ပြီး အမေရိကန်တွေနဲ့ ပြောကြတော့ ခင်ဗျားတို့စစ်မြေပြင်မှာ မရခဲ့တဲ့ကိစ္စကို ကွန်ဖရင့်စားပွဲမှာ ရဦးမယ် ထင်နေသလားလို့ ဘာကြောင့် ပြောရဲသလဲ။ ကျွန်တော်နားမလည်ခဲ့ပါ။ အချုပ်ကတော့ ကျွန်တော့်မှာ အင်မတန်ဆိုးတဲ့ "အရိုးပျော့နာ"* စွဲကပ်ခဲ့လို့ပါပဲ။

ကိုရီးယားစစ်မြေငြိမ်းစာချုပ်ကို လက်မှတ်ထိုးပြီးတဲ့အခါ ဂျီနီဗာကွန်ဖရင့်မှာ တရုတ်ဟာ ကမ္ဘာ့အရေးအခင်းတွေနဲ့ပတ်သက်ပြီး အခန်းသစ်က ပါဝင်နေတဲ့အခါ ဘိန်းစစ်ကစပြီး တရုတ်နဲ့နိုင်ငံတကာဆက်ဆံရေးကို ကျွန်တော်ပြန်ပြီး သုံးသပ်ကြည့်မိပါတယ်။ ကျွန်တော့်ဘေးမှာ တပ်ကုအနိုင်ကစပြီး ကော့မင်တန်ငင်နဲ့ ကျိအန်တိုင်ရှိအက်အထိ တစ်လျှောက်လုံး "အရိုးပျော့နာ" မှတ်တမ်း ဖြစ်ခဲ့တယ်။

* ကိုရီးယား စစ်ပြေငြိမ်းရေးစာချုပ်ကို လက်မှတ်ထိုးပြီးတဲ့အခါ ဂျီနီဗာကွန်ဖရင့်မှာ တရုတ်ဟာ ကမ္ဘာ့အရေးအခင်းတွေနဲ့ပတ်သက်ပြီး အခန်းသစ်က အဲဒီ အနှစ် ၁၀၉ခုနှစ်တွင်းမှာ အမြောက်နဲ့ဘိန်းယူလာတဲ့လူတွေ တို့ကသာ ယဉ်ကျေးလို့ တစ်ဆင့်သာတယ်ထင်ပြီး ရောက်လာတဲ့ သာသနာပြုအခေါ်ခံသူတွေသာ တရုတ်မြေပေါ်မှာ မီးရှို့၊ လူသတ်၊ ပစ္စည်းလု၊ ပစ္စည်းလိမ်ယူ ဆိုတာတွေပဲ လုပ်ခဲ့ကြတယ်။ နိုင်ငံခြားကျူးကျော်သူဟာ တရုတ်မြို့တော်၊ ဆိပ်ကမ်းမြို့ကြီးတွေနဲ့ စစ်ရေးအချက်ကျမယ့်နေရာတွေမှာ ခံတပ်တွေဆောက်ပြီး သူတို့ စစ်သားတွေကိုလာပြီး တပ်စခန်းချထားတယ်။ တရုတ်ကိုတော့ ကျွန်သပေါက်အရိုင်း၊ စက်ကွင်းသဘော လက်တည့်စမ်းစရာလို့ပဲ သဘောထားခဲ့တယ်။ တစ်မျိုးသားလုံး ရက်တွေလတွေ နှစ်တွေနဲ့ကချင်ပြီး အရှက်ရအောင် လုပ်ခဲ့ရတယ်။ ကိုယ့်အမျိုးသားတွေကို ကျွန်ဖြစ်ကုန်အောင် တရုတ်အစိုးရကို စာချုပ်အမျိုးမျိုးမှာ သဘောတူလက်မှတ် ထိုးခိုင်းခဲ့တယ်။ သံတမန်နဲ့လဲလှယ်ဆက်ဆံရာမှာလည်း တစ်ဖက်စီး နှိမ်တာတွေရှိခဲ့တယ်။ အခွင့်အရေးတူပေး။ တံခါးဖွင့်ထား၊ မျက်နှာသာပေးနိုင်ငံအဖြစ်ဆက်ဆံ ၊ အပိုင်ငှားမြေ၊ အပေါင်ခံအကောက်အခွန်နယ်လွှန်တရားစီရင်ခွင့်၊ စစ်တပ်စခန်းချခွင့်၊ မီးရထားဆောက်ခွင့်၊ သတ္တုတွင်းခွင့်၊ သင်္ဘောလမ်းဖွင့်ခွင့်၊ လေကြောင်းသယ်ယူရေးလုပ်ခွင့် ဆိုတာမျိုးတွေ မပေးမနေရ ပေးခဲ့ကြရပြီ။ နိုင်ငံခြားသားဟာ တစ်ခါက အထူးအခွင့်အရေးအနေနဲ့ မြည်းတစ်ကောင်သတ်ရင် အမေရိကန်ဒေါ်လာ တစ်ရာပေးနှင်စေ။ တရုတ်တစ်ယောက်သတ်ရင် ဒေါ်လာရှစ်ဆယ်ပေးနိုင်ပြီးစေလို့တောင် ခွင့်ပြုခဲ့ရသေးတယ်။ တရုတ်မကိုနိုင်ငံခြားသားက မုဒိမ်းကျင့်လို့မိတောင် တရုတ်ရုံးမှာ တင်ပြီး တရားစစ်ခွင့်မရှိဘူး။

ဒီလိုရှက်စရာကောင်းတဲ့ ခေတ်ကတော့ ကုန်ပါပြီ။ နောက်လည်း မပေါ်

နိုင်တော့ပါ။ တရုတ်တွေလည်း မတ်မတ်ရပ်နိုင်ပါပြီ။ ကိုယ့်နိုင်ငံကို ကိုယ့်စိတ်ရဲရဲနဲ့ ထူထောင်နေကြပြီ။ အရင်က သရော်လှေ့ရှိတဲ့ နိုင်ငံခြားသားလည်း ပါးစပ်ပိတ်သွားပြီ။

ကျန်ခဲ့ကျန်အမှတ်တစ် မော်တော်အလုပ်ရုံမှာ ကြားဖူးတာ တစ်ခုရှိသေးတယ်။ စက်ရုံမှာ အလုပ်စလုပ်လို့ ထွက်ကုန်ပေါ်စပဲ ရှိသေးတယ်။ မူလတန်းကျောင်းတစ်ကျောင်းကကျောင်းသားတွေ အလည်လာချင်တယ်လို့ ခွင့်တောင်းတော့ ခွင့်ပြုပြီး နိုင်ငံခြားဖြစ်ကားတွေနဲ့ အကြိုလွှတ်လိုက်မိတယ်။ ကျောင်းသားတွေက တရုတ်ဖြစ်ကားကိုမှ စီးမယ်လို့ တောင်းဆိုကြတယ်တဲ့။

ကလေးတွေရဲ့စိတ်ထဲမှာ သူတို့နိုင်ငံကိုသူတို့ ဘယ်လောက်မြတ်နိုး အမွှမ်းတင်တယ်ဆိုတာ ဒီတစ်ချက်နဲ့ပဲ သိနေရပြီ။ ကျွန်တော်ကတော့ အနှစ်လေးဆယ်လုံးလုံး ကိုယ့်နိုင်ငံကို ကိုယ်တန်ဖိုးမထားမိခဲ့ဘူးပေါ့။

ကိုယ့်အချင်းချင်းပဲဖြစ်ဖြစ် နိုင်ငံတကာနဲ့ပဲယှဉ်ယှဉ် တရုတ်ဖြစ်ရတာ ဂုဏ်ယူနိုင်လောက်လာပါပြီ။

**"မန်ကျူးကော"** ခေတ်ကို အသာထားပြီး ကျန်တဲ့အချိန်ကာလတွေမှာ တခြား တရုတ်တွေ ဘယ်လိုနေကြပါလိမ့်မလဲလို့ ကျွန်တော်သိချင်တယ်။ ဒီတော့ အဖေ့အိမ်ကို အကြောင်းရှာပြီး သွားကြည့်တယ်။ ညီ ပုကျိအယ် နေမကောင်းတာကို အကြောင်းပြုပြီး သူ့အိမ်ကိုလည်း သွားကြည့်တယ်။ သူတို့ လွတ်လွတ်လပ်လပ် နေနိုင်တာကို မြင်ခဲ့ရတော့ အင်မတန် အားကျခဲ့တယ်။ တီအင်ကျင်ရောက်ပြန်တော့ အနောက်တိုင်း စားသောက်ဆိုင်နဲ့ နိုင်ငံခြားသားတွေရဲ့ အပန်းဖြေဥယျာဉ်တွေထဲမှာ **"ထိပ်တန်းတရုတ်"**တွေကို တွေ့ရပြန်တယ်။ သူတို့ဟာ ကျွန်တော့်လောက် မျိုးရိုးဇာတိမကောင်းပေမယ့် ကျွန်တော့်ထက် လွတ်လပ်ပါကလားလို့ သတိထားမိတယ်။ အမျိုးမာန်က ထားနေသေးတော့ သူတို့ကို အားကျတယ်လို့တော့ စိတ်ထဲမှာ မဖြစ်ဘူး။ ဒါပေမယ့် သူတို့အကြောင်းကိုတော့ ပိုသိချင်လာပါတယ်။ **"မန်ကျူးကော"** ခေတ်မှာတော့ ကိုယ့်အဆင့်အတန်းနဲ့ ဆင်ခြင်ရမှာတွေများလို့ သိပ်စပ်စုခွင့် မရခဲ့ဘူး။ ကိုယ့်နိုင်ငံကို ပြန်ပို့ခံရပြီးတော့လည်း ဒီကိစ္စကို ပထမ အတော်ကြာမေ့နေသေးတယ်။ သူများဘဝဟာ ငါနဲ့ ဘာဆိုင်တာမှတ်လို့ဆိုတဲ့ စိတ်က ရှိနေသေးတာကိုး ဒီတစ်ခါရှေ့အဖို့ နေရေးထိုင်ရေး မျှော်လင့်စရာ သာယာဖို့ရှိနေတော့မှ သိချင်လာပြန်တယ်။ သိဖို့ကိုလည်း လိုပါတယ်။ ဒီတော့ ဒီတစ်ခါ အပြင်ထွက်လာတဲ့အခါ လူအများနေ့စဉ် ဘယ်လို နေထိုင်စားသောက်ကြသလဲလို့ သတိအများကြီးထားပြီး ကြည့်ရှုမှတ်သားတယ်။ အဲဒီအခါ တွေ့ရပုံတွေနဲ့ ဆက်စပ်ပြီး ရှေးဖြစ်ဟောင်းတွေပေါ်လာလို့ စိတ်ဆင်းရဲလိုက်ရသေးတယ်။

ဟာရဘိန်မှာ စိတ်ထိခိုက်စရာ အတွေ့ဆုံးပါပဲ။ ကလေးဥယျာဉ်ထဲ ကလေးမီးရထားကိုတွေ့တော့ ကျွန်တော်ကလေးဘဝက ပုရွက်ဆိတ်ကလေးတွေနဲ့ ကစားတာကို ပြန်ပြီး အမှတ်ရတယ်။ ကလေးဆေးရုံမှာ ကလေးအဖတ်တင်တဲ့ စာရင်းဇယားနဲ့

အများခံစားနေနိုင်ပြီဖြစ်တဲ့ ကျန်းမာရေးအဆင့်အတန်းဟာ ကျိနင် ဧကရာဇ်မျိုးမှာ အိပ်မက်တောင် မမက်ဖူးဘူး။ ဟာရဘိန်ရဲ့ နေကျွန်းပေါ်က ထိုင်ခုံတစ်ခုပေါ်မှာ ထိုင်နေရင်းမြစ်ထဲက အပျော်စီးလှေတွေကို ကြည့်နေမိတယ်။ လူငယ်တွေဘာဝ သီချင်းဆိုလို့ ၊ အကော်ဒီယံဆွဲကလို့၊ သူတို့ကိုမြင်တော့ ကိုယ့်ဘဝ သူတို့အရွယ်ကို ပြန်ပြီးသတိရတယ်။ ပျော်လို့ သီချင်းတစ်ခါမှ မဆိုဖူးဘူး။ မြက်ခင်းမှာထိုင်ပြီး နေစာလှုံရတဲ့ အရသာလည်း မခံစားဖူးဘူး။ အခုလို ခြေဦးတည်ရာ လျှောက်သွားဖို့တော့ ဝေးရော။ သူတို့အရွယ်က ကျွန်တော်ဟာ စားဖိုက ကျွန်တော့်ကို ညာသလားလို့စစ်ရ၊ ဂျပန်လာသတ်သွားမလားလို့ ကြောက်ရတဲ့ အခါပါ။ အခု မြင်နေရတဲ့လူတွေကတော့ ဘာမှ ကြောင့်ကြကြရပုံ မပေါ်ဘူး။ ခပ်လှမ်းလှမ်းမှာ ပန်းချီဆရာလေးတစ်ယောက် ရှုခင်းကိုကြည့်ပြီး ပုံဆွဲနေတယ်။ ကျွန်တော်ဘက်ကို နောက်ခိုင်းပြီး ပုံဆွဲနေတယ်။

တချို့ကို အရှင်လတ်လတ် အရေခွာတယ်။ တချို့ကို စမ်းသပ်တယ်ဆိုပြီး အအေးသေတ္တာထဲ ထည့်တယ်။ အသားတွေအားလုံး ခဲတောင့်သွားတောင် လက်မောင်းရိုးတွေ လှုပ်ခါကြည့်လို့ရတယ်။ တချို့ကို ဖားတွေလို ခွဲစိတ်ခုံပေါ်တင်ပြီး ဝတ်ဖြူဝတ်တွေက ခွဲစိတ်ကြတယ်။ နံငယ်ပိုင်းပဲ ဝတ်ထားတဲ့လူတွေကို ငုတ်တွေမှာ ချီပြီး သူတို့နဲ့ကပ်ပြီး ရောဂါပိုး ဗုံးခွဲတယ်။ တချို့ကို ကောင်းကောင်း ကျွေးမွေးထားပြီးမှ ရောဂါပိုးသွင်းပြီး သေတဲ့အထိ မှတ်သားကြည့်ရှုတာကို ခံရတယ်။

စာရေးတဲ့လူက အဲဒီ **၇၃၁** ဖွဲ့နဲ့ နေခဲ့စဉ်က ဒီနေရာက ထုတ်နေတဲ့လက်နက်ဟာ တခြားလက်နက်အားလုံးထက် သာတယ်။ လူ **၁၀၀,၀၀၀,၀၀၀**ကို သတ်ပစ်နိုင်လောက်တဲ့ အားရှိတယ်။ အဲဒါကိုလည်း ဂျပန်စစ်တပ်က ဂုဏ်ယူပြီး ပြောလေ့ရှိတယ်လို့ သူမှတ်သားခဲ့ရသတဲ့။

ဆိုဗီယက်တပ်နီဟာ ရဘိန်းနားနီးလာတော့ ဒီအဖွဲ့ဟာ သူတို့လုပ်သမျှ ရက်စက်မှုတွေအားလုံး ဖုံးနိုင်အောင် စီစဉ်ပါတယ်။ ကျန်သမျှအကျဉ်းသားတွေသတ်။ မီးရှို့၊ ကျန်သမျှကို ကျင်းကြီးတစ်ခုထဲမှာ စုမြှုပ်ဖို့ပဲ။ ဒါပေမယ့် လူသတ်သမားတွေကိုယ်တိုင် ထိတ်ထိတ်လန့်လန့် ဖြစ်နေလို့ အကုန်သတ်ပြီးပေမယ့် ကုန်အောင်လည်း မီးမရှို့နိုင်။ ကုန်အောင်လည်း မြေမမြှုပ်နိုင် ဖြစ်ခဲ့ရတယ်။ ဒီတော့ တစ်ဝက်တစ်ပျက်လောင်ထားတဲ့ အလောင်းက အသားတွေခြစ်ယူပြီး မီးရှို့တယ်။ အရိုးကို အမှုန့်ထောင်းစက်ထဲ ထည့်ထောင်းရတယ်။ ပြီးတော့မှ အဆောက်အဦးကြီးတွေကို ဗုံးဖောက်ပြီး ဖြိုပျက်ပစ်ခဲ့တယ်။

နောက်မကြာခင် အနီးအပါး ရွာတစ်ရွာက ရွာသားတစ်ယောက် ဒီအပျက်အစီးတွေနားသွားမိလို့ ကရားကွဲတစ်ခုထဲက လေးငယ်ကလေး အကိုက်ခံရပြီးတော့ အမှတ်တမဲ့နေမိလို့ ဖြူဇောနစ်ပလိပ်နဲ့ သေပါရော။ ပြည်သူ့အစိုးရဆေးတပ်ကို ချက်ချင်းလွှတ်ပေမယ့် အိမ်ခြေတစ်ရာလောက်ရှိတဲ့ အဲဒီရွာက လူ **၁၄၂** ယောက် သေရှာတယ်။

ဒီလို ကြောက်စရာအဖြစ်အပျက်ကို ကျွန်တော်တို့ သွားလည်တဲ့ စံပြ လုပ်သား၊ သမဝါယမအဖွဲ့သား ကိုအန်နင်ရှူကျိုနင်က ကိုယ်တွေ့မျက်မြင်လို့ ဆိုပါ တယ်။ **"မန်ကျူကော"** ခေတ်က အဲဒီရွာမှာလာပြီး ရက်ရက်စက်စက် ညှဉ်းပန်းကြသေး တယ်တဲ့။ အခု ဂျပန်လက်နက်ချပြီး ပြည်သူ့အစိုးရဖြစ်လာတော့မှ ကျွန်မတို့ ပျော်ပျော်နေခွင့်ရပါတော့တယ်လို့ သူက ဆက်ပြောပါသေးတယ်။ ပြီးတော့ ကျွန်မတို့ ကိုယ့်မြေကို ကိုယ်ပိုင်တယ်။ ကိုယ်စိုက်လို့ရတဲ့ ကောက်ပဲကိုလည်း ကိုယ်စားဖို့ပဲ သိမ်းထားနိုင်တယ်။ ပြည်သူ့အစိုးရဟာ ရှေ့ဆောင်နေရင် ကျွန်မတို့ဘဝဟာ ဒီလိုပဲ ဆက်ပြီးကောင်းသွားမှာပဲလို့ အားကိုးယုံကြည်ချက်နဲ့ ကျွန်မတို့အားလုံး ကျေနပ်နေကြ ပါတယ်။ ဂျပန်ထွက်သွားတော့ သူနဲ့အတူ မကောင်းတာတွေ ပါသွားပြီလို့ပဲ မှတ်ပါ တယ်။ ဒီလို ရောဂါပိုးတွေ ကျန်ခဲ့မှန်း နောက်မှသိရပါတယ်။ လူလွန်မသားတွေလို့ အဆုံးသတ်လိုက်ပါတယ်။

ကိုအန်ရှူကျိုနင်ရဲ့ အင်မတန် သန့်ပြန့်တဲ့အိမ်လေးမှာ စိုက်ပျိုးရေး သမဝါယမရုံးခန်း ကျယ်ကျယ်ကြီးမှာရော တူညီချက်ရှိတာကို သတိထားမိတယ်။ ဘယ်တော့မဆို ရွှေကြယ်သမဝါယမအဖွဲ့သား စကားပြောရင် အတိတ်ဆောင်တဲ့အခါ နေးနေးနဲ့ နည်းနည်းပဲ ပြောတယ်။ အခု ဆောင်ရွက်နေပုံနဲ့ ရှေ့အလားအလာကို ပြောပြီဆိုရင်တော့ အပြောအဆို သွက်လက်ဝေဆာလာတာကို ချက်ချင်းကြားရပါ တယ်။ အခုစိုက်ခင်းမှာ ဘယ်လို သီးနှံအောင်တယ်ဆိုတာကို အားပါးတရ အသေး စိပ်ပြောမယ်။ အပြောနဲ့ မကျေနပ်နဲ့ဦး။ လုပ်ကိုင်ထားတာကို လုပ်ကြည့်ပါဦးလို့ ပြောပြီး မျိုးစိုက်ပုံ၊ ကိရိယာသစ်သုံးပုံ၊ ရေသွယ်ရေထုတ်ပုံ၊ ပစ္စည်းသယ်ကားကြီး တွေထားပုံ၊ ဓာတ်မြေဩဇာသုံးပုံတွေကို ပြမယ်။ အသစ်စက်စက် ဆောက်ပြီးစ စာသင်ကျောင်း၊ သူနာပြုရုံ၊ လျှပ်စစ်ဓာတ်အားပေးရုံတွေကိုလဲ ကျွန်တော်တို့ ရောက်ပါ တယ်။ နောင်နှစ်ဘယ်အထိ တိုးချဲ့မယ်ဆိုတာမျိုး ပြောတဲ့အခါ ပိုပြီးတော့တောင် တက်ကြွလာသေးတယ်။ အုတ်ကြွပ်သစ်မိုးထားတဲ့ အိမ်တန်းကို သမဝါယမခေါင်းက လက်ညှိုးညွှန်ပြီးတော့ စကားကို သတိထားပြောတဲ့သဘောနဲ့ နောက်ဆောင်းဦး ပေါက်ရင် နည်းနည်းထပ်ဆောက်နိုင်ဦးမယ် ထင်တယ်။ သူ့နည်းနည်းဆိုတာ တစ်ဆယ်လောက်တောင် စကားထည့်ပြောတဲ့ နည်းနည်းမဟုတ်ဘူးလို့ ကျွန်တော် တို့သိပါတယ်။

ဒီ သမဝါယမရွာက ကျွန်တော်တို့ ထွက်ကြမယ်လုပ်တော့ သခွားသီးတွေ၊ မုန်လာဥတွေတောင်းတွေနဲ့သယ်လာပြီး အခုပဲ ဒါတွေ ခူးနေကြပါတယ်။ အဖိုးတော့ မတန်ပါဘူး။ ဒါပေမယ့် လပ်ဆတ်တော့ စားလို့တယ်အရသာရှိတယ်။ ယူသွားပါဗျာလို့ ပေးတယ်။ သမခေါင်းဟာ ကျွန်တော်တို့ ကန့်ကွက်တာကို မကြားချင်ပြုပြီး ကားထဲ အရောက် အသီးအနှံတွေလိုက်ပို့ ထည့်ပေးလိုက်ပါတယ်။

ကားပြတင်းက ရွှေကြယ်သမအုတ်ကြွပ်မိုးအိမ်လေးတွေ ကျန်ရစ်တာကို

ငေးရင်း သမခေါင်းက နောက်ဆောင်းဦးပေါက်ရင် နည်းနည်းလို့ သူ သာမညပြော စကားကို ကျွန်တော်သိပ်အထင်ကြီးပြီး ကားဆွဲဆောင်ရာကို ပါသွားပါတယ်။ ရှေးက အင်မတန်ရိုင်းတယ်ဆိုပြီး ကျွန်တော် ရွံလေ့ရှိတဲ့ လူသာမန်တွေဟာ ကိုယ်စွမ်းကိုယ်စနဲ့ လုံ့လဝီရိယစိုက်ပြီး အလုပ်လုပ်တဲ့အခါ ရိုးရိုးလွယ်လွယ်နဲ့ ကြီးကျယ်အရေးပါတဲ့ကိစ္စတွေ အောင်မြင်လာပါတော့တယ်။ အရင် သက်ငယ်တဲက အခုအုတ်တိုက်လေး ဖြစ်လာတော့ ပိုပြီး ကောင်းကောင်းနေကြရတာပေါ့။ ကမ္ဘာမှာ ထူးတဲ့နိုင်ငံက ကိုယ်စားလှယ်တွေပဲဆိုပြီး ကျွန်တော်ကြောက်ဒူးတုန်တုန်နဲ့ ဆက်ဆံရတဲ့ ဂျပန်နယ်ချဲ့တွေကတော့ ခေတ်အဆန်ဆုံး သိပ္ပံပညာလုပ်နည်းတွေနဲ့ ပလိပ်နဲ့ သေခြင်းကိုပဲ ဖန်တီးသွားခဲ့ကြပါတယ်။ သူတို့မှာလည်း ရည်ရွယ်ချက် အကောင်းဆုံး ပန်းတိုင်တော့ ရှိပါတယ်။ လူတွေကို ကျွန်လုပ်ပြီးခိုင်း၊ လုပ်အားတုံးတော့ သတ်ပစ်ဖို့ပါပဲ။

ပိန်င်ဖူန်ကျူက ရောဂါပိုးရုံအပျက်အစီးတွေက မကောင်းမှုမှာ စံပြဖြစ်ရင် အရှေ့မြောက်အာဇာနည်ဗိမာန်ဟာ ကောင်းမှုရဲ့ စံပြပါပဲ။ ပြထားတဲ့ ပစ္စည်းတစ်ခုစီရဲ့ မူလပိုင်ရှင်ဟာ လူ့မျှော်မှန်းချက်ရဲ့ အခေါင်အထွတ်ကိုရဖို့ သွေးမြေကျ ခံသွားလို့ သူအဖို့လည်း မြင့်မြတ်တဲ့ အရည်အသွေးကို ရခဲ့တယ်လို့ ဖော်ပြနေပါတယ်။ ရောဂါပိုးရုံနဲ့အပြိုင် အပျက်နဲ့ အာဇာနည်တွေရဲ့ သွေးစွန်းအဝတ်တွေ၊ နောက်ဆုံးရေးပေးခဲ့တဲ့အမှာစာတွေမှာ ကျွန်တော်တို့ရဲ့ ဆိုးဝါးလှတဲ့အတိတ်ကို ကြေးမုံပြင်လို့ ပြသနေပါတယ်။

အရှေ့မြောက်အာဇာနည်ဗိမာန်ဟာ အရင် "မန်ကျူကော"တစ်ဆယ့်လေးနှစ်က ဟာရဘိန်ရဲ့ ဌာနချုပ်လုပ်တဲ့ ရေးရောမပုံစံ ခံ့ညားလှပတဲ့ အဆောက်အဦကြီးပါပဲ။ တရုတ်အမျိုးသားထဲက အရဲရင့်ဆုံးဆိုတဲ့ လူတွေကိုဖမ်းလာပြီး ဒီမှာ စစ်မေးတယ်။ ညှဉ်းတယ်။ သတ်တယ်။ အဲဒီလိုခံရတဲ့ လူအရေအတွက် အတိအကျ မရနိုင်။ အခု ပြထားတဲ့ဓာတ်ပုံတွေ၊ ဝတ္ထုပစ္စည်း ကြွင်းကျန်တွေဟာ အနည်းအပါး ရှာသမျှပဲဆိုပါတော့ ပြသထားသမျှ မြင်ရရုံနဲ့ ဟိုတစ်ခေတ်ရဲ့ ရက်စရာကောင်းပုံတွေကို စုံအောင် ဖော်ထုတ်နိုင်တယ်လို့ ထင်ပါတယ်။ ရှဲန်ယန်င်မှာ တိုက်ပွဲဖြစ်လို့ သုံးလအကြာ **၁၉၃၁ခု စက်တင်ဘာလ ၂၁ရက်**မှာ တရုတ်ကွန်မြူနစ်ပါတီရဲ့ မန်ကျူဆိုင်ရာကော်မတီက အရေးပေါ်အစည်းအဝေးခေါ်ပြီး ပါတီဝင် အားလုံးနဲ့ မျိုးချစ်စစ်သားတိုင်း လက်နက်ကိုင်ပြီး ရန်သူကို တိုက်ခိုက်ရမယ်လို့ နှိုးဆော်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်စာတန်းပုံနဲ့ အဲဒီဆုံးဖြတ်ချက်ချတဲ့ ကော်မတီဌာနချုပ်ရုံးပုံကို မြင်တော့ အရင်အနှစ်နှစ်ဆယ်က ကျွန်တော်နေခဲ့တဲ့ ငြိမ်းအေးဥယျာဉ်ကို ဆန့်ကျင်ဘက်အနေနဲ့ ပြန်ပြီးမြင်ယောင်တယ်။ တိုင်းပြည်မှာကျရောက်လာတဲ့ အန္တရာယ်ကို ကာကွယ်ဖို့ အရှေ့မြောက်ပြည်သူဟာ ပါတီရဲ့ခေါင်းဆောင်ချက်ကို လိုက်နာပြီး လက်နက်ကိုင်ခုခံတိုက်ခိုက်ကြတယ်။ ကျီအန်ကိုရှိအက်က နှောင့်ယှက်တာကိုလည်း ဂရုမစိုက်ကြဘူး။

ကျွန်တော်ကတော့ သစ္စာဖောက်အလုပ်တွေကို ပိုပြီး ထပ်ပြီး လုပ်ပါတယ်။ ဒေါ်အိ ဟာရ၊ အိတာဂကိ၊ ကျဲန်င်ယိုပ်ယူသားအဖ၊ လောကျဲန်တို့တွေကို ပြန်ပြီး အမှတ်ရတယ်။ ဟန်တန်င်တွေ့နဲ့ လူရှန်မှာ ကျွန်တော်နေခဲ့ပုံကို ပြန်သတိရမိသေးတယ်။

လမ်းပြက ယန်င်ကျိန်င်ယုအကြောင်းပြောတုန်း အဲဒီယန်င်ကျိန်င်ယုရယ် လီဟုန်င်ကုအန်င်ရယ် တခြားဗိုလ်တွေရယ် ပထမ ဂျပန်ဆန့်ကျင်ရေး မဟာမိတ်တပ်ကို ဦးစီးပြီးလှုပ်ရှားတဲ့ တုန်င်ပိအင်တပ်ကို ကျွန်တော်က **"ထွက်တော်မူကြီး"** ထွက်ခဲ့ပုံကို သတိရတယ်။ ကျန်င်ပိုင်တောင်တန်းတွေရဲ့အထက် အနက်နှင်းဝေဝေထဲက လွတ်ထွက်လာတဲ့ နေကြီးကို ကြည့်ခဲ့ရတာ သတိရတယ်။ ဒါပေမယ့် အမိမြေရဲ့ သဘာဝအလှတွေကို မခံစားအားပါ။ မီးရထားဘူတာရဲ့ တစ်ဖက်တစ်ချက်မှာ ဂျပန်ရဲတွေ၊ ရပ်သေးတပ်တွေ၊ ရပ်သေးရဲတွေ ချထားတာများလှချည့်လားလို့ စိုးရိမ်စိတ်တွေ ဖြစ်နေရတယ်။ ဂျပန်ကြိုးကိုင်ထားတဲ့ သတင်းစာတွေက ဒီနယ်က **"မြေ"**တွေ သုတ်သင်ပြီးပြီလို့ ရေးထားတာလည်း ရှိတယ်။ ဒီနယ်ကို ကျွန်တော်လာတော့ ဂျပန်တွေဟာ စိုးရိမ်တကြီးနဲ့ ဧရာမရန်သူကြီးနဲ့ ရင်ဆိုင်ရမယ့်အတိုင်း အကာအကွယ် အစောင့်အရှောက်တွေ လုပ်တယ်။ **"မန်ကျူကော"** ခေတ်ကုန်လို့ ကျွန်တော် တုန်င်ဟွာနဲ့ တလီတွေ့တော့ကိုပြေးတော့ အခုနယ်ဟာ **"လုံခြုံမှုမရှိ"**လို့ ပြောပါတယ်။ ဘာပြုလို့လည်းဆိုတော့ ဂျပန်ဆန့်ကျင်ရေး မဟာမိတ်တပ်က ဂျပန်လက်နက်ချတဲ့အထိ ဒီမြေမှာဆက်ပြီး တိုက်နေတယ်။ ဂျပန်ဧကရာဇ်တပ်က မကြာခဏ အောင်ပွဲရတယ်လို့ ကြေညာပေမယ့် အရှုံးခံရတာ သူတို့ပဲ များပါတယ်။ ဂျပန်ဆန့်ကျင်ရေးတပ်တွေဟာ အားကောင်းတဲ့ ကောမင်တန်င်တပ်တွေနဲ့ ဆက်ပြီး ဆိုင်ရသေးတယ်။ "မန်ကျူကော" ရပ်သေးတပ်ဆိုတာလည်း အမှန်က လက်နက်ကောင်းတာပဲ။ ဒီတော့ အဲဒီမဟာမိတ်တပ်သားတွေရဲ့ အခက်အခဲဟာ အင်မတန်ကြီးပါတယ်။ ဒါပေမယ့် သူတို့လက်နက် အဖြစ် သုံးသွားတဲ့ ရေနွေးအိုး၊ ထမင်းအိုး၊ အပ်ချုပ်စက်၊ အိမ်လုပ်ဓားဆိုတာတွေမျိုး အခု ပြသထားတာ မြင်ရတော့ ဒီပစ္စည်းပိုင်ရှင်တွေရဲ့ ပြုံးတုံးတုံးမျက်နှာတွေကိုပါ မြင်လိုက်ရသလို စိတ်ထဲမှာ ဖြစ်တယ်။ အပြုံးဆိုတာက ယုံကြည်ချက်နဲ့ အဓိဋ္ဌာန်ကမှ ပေးနိုင်တာ။ လုန်င်ဖဲန်င် ကျောက်မီးသွေးတွင်းက ညွှန်ကြားရေးမှူးလူငယ်ဟာ ဒီအပြုံးမျိုးပဲ ပြုံးနေတယ်မဟုတ်လား။ သစ်ခေါက်ဖိနပ်တရံကိုမြင်တော့ ဟိုတုန်းက သီချင်းတစ်ပုဒ် ကြားယောင်လာပါတယ်။

**သစ်ခေါက်ခြေနင်းဟာ**
**တို့ပြည်တွင်းဖြစ်အစစ်ပေါ့**
**ဒီနယ် ဒီပယ်ကရတဲ့ ပစ္စည်းတွေနဲ့ပဲ လုပ်တယ်။**
**သဲကြိုးက ရှောက်**
**ခုံက သစ်ခေါက်**

**ဒီ ဖိနပ်မျိုးကိုပဲ အဖိုးတန်ဆုံးဆိုမယ်**
**စစ်သားဟာ သူ့ကိုစီးပြီး တောင်ကိုကျော်တယ်**
**အလှမယ်စီးချင်လို့ ဝယ်မယ်ဆိုလဲ မရ**
**သူကြွယ်မကြီး စီးချင်လို့လဲ ကံမကောင်း**
**ဒီ ဖိနပ်သံကိုကြားရင် ဘီလူးသဘက်လဲ ပြေးမယ်**
**လောကလီကားပေါ်က ရန်သူလဲ နိုကိုးရာမရ ကြောက်တယ်**

ဂျပန်တွေက သူတို့အကြိုက် ဥပဒေတွေကို တစ်ခုပြီးတစ်ခု ကျွန်တော့်ကို ထုတ်ပြန်ခိုင်းခဲ့တယ်။ အဲဒီ ဥပဒေကို လက်ကိုင်ပြုပြီး လူတွေဖမ်း၊ ရွာတွေဖျက်၊ ကောက်ပဲသိမ်း၊ လမ်းတွေပိတ်၊ ခုခံရေတပ်သား ငတ်သေအောင် ဆို့ပိတ်ဝိုင်းရံတယ်။ ဒီနည်းနဲ့ ဗိုလ်ချုပ်ကြီး ယန်င်ကျိန်ယုကို ဝိုင်းမိနေပါတယ်။ အကြီးအကျယ်ငတ်နေကြတဲ့ ခုခံရေးသမားတွေဟာ ခုခံမြဲပဲ။ ငတ်တဲ့လူ စစ်တိုက်နိုင်သေးသလားလို့ ဂျပန်က မေးတယ်။ ငတ်နေတယ်ဆိုတဲ့ သတင်းကိုတောင် မယုံချင်ဘူး။ ဗိုလ်ချုပ်ကြီး ယန်င်ကျိနင်ပ်ယုကို အသေဖမ်းမိတော့ ဗိုက်ခွဲကြည့်ပါတယ်။ မြက်နဲ့ သစ်ရွက်ပဲ တွေ့တယ်။

**"ကေရာဇ်နန်းတော် စစ်သံမှူး"** ယောရှိသြကက သက်ပြင်းချပြီး ကွန်မြူနစ်ဆိုတာ အင်မတန် ကြောက်ဖို့ကောင်းတယ်လို့ ပြောတာ သတိရတယ်။ လေယာဉ်ပျံတွေ သံကြပ်ကားတွေနဲ့ ဂျပန် ကေရာဇ်တပ်က မြက်ကို ကြောက်သတဲ့။

ဗိုလ်ချုပ်ကြီး ယန်င်ကျိန်င်ယုနဲ့ ရဲဘော်တွေက သစ်ခေါက်ဖိနပ်သီချင်းကို သီဆိုနေတဲ့အခါမှာ ကျွန်တော်က ဂျပန် ကျွန်တော့်ကို ထားပစ်ခဲ့ရင် ခက်ရချည်ရဲ့လို့ အိပ်မက်ဆိုးတွေ မက်နေတဲ့အခါပါ။ သူတို့မြက်ပဲ စားနေရတဲ့ အချိန်မှာ ကျွန်တော်က အသားစားရတာ မသတီလို့ သက်သတ်လွတ်စား၊ ပရိတ်ရွတ်၊ ကမ္မဋ္ဌာန်းထိုင်၊ ဗေဒင်မေး၊ နတ်ကိုးလုပ်နေတဲ့အချိန်ပါ။

မြေပုံတွေ၊ တံဆိပ်တုံးတွေ၊ သွေးစွန်းဝတ်တွေ၊ ယန်င်ကျိနင်ယုရဲ့ ငယ်ငယ်က ရုပ်ပုံတွေဟာ မျက်စိထဲမှာ စကောဝိုင်းသလို ချာလည် လည်တုန်း နောက်နားက အတူပါလာတဲ့ ဂျပန်စစ်တရားခံ တရုတ်စစ်တရားခံတွေရဲ့ ငိုသံရှိုက်သံတွေ ထွက်လာပါတယ်။ အသံတွေ ပိုပိုပြီးကျယ်လာတယ်။ အာဇာနည် ကျုပ်ယိမန်ရဲ့ ဓာတ်ပုံကို ကြည့်နေတုန်း လူတစ်ယောက် အတင်းရှေ့တိုးလာပြီး ဓာတ်ပုံရှေ့မှာ ဝပ်ဆင်းပြီး လှုပ်ခါနေအောင် ရှိုက်ပြီးငိုပါတယ်။ ကျွန်တော်က ရုပ်သေးရဲ့ ဗိုလ်ချုပ်ပါ။ ဟုတ်တယ်။ ယုကျိန်င်တပ်ပေါ့။ ဟာရဘိန်ရဲ့ ဗိုလ်ချုပ်လုပ်ပြီးမှ "မန်ကျူကော" အလုပ်သမားရေးရာဝန်ကြီး ဖြစ်လာတယ်။ အာဇာနည်ကျုပ်ယိမန်ကို ဖမ်းလာပြီး ဒီအခန်းထဲမှာ စစ်တယ်။ သူလည်း စစ်မေးတဲ့ လူတစ်ယောက်ပေါ့။ အဲဒီ စစ်မေးသူကို ရာဇဝင်က အဆုံးအဖြတ်ပေးပြီး ထောင်ထဲကိုပို့ထားပါပြီ။ ရဲဗိုလ်တစ်ယောက်ထဲပဲ ငိုရမယ့် လူမဟုတ်ဘူးဆိုတာ အထူးပြောစရာ လိုမယ်မထင်ပါ။

## လုပ်အားနဲ့ မျှော်လင့်ချက်

ဒီလို အလည်ထွက်ပြီးတဲ့အခါ လူ့ဘောင်သစ်ကို ဝင်နိုင်ဖို့ ငါ့အတွက် တံခါးဟာ ကျယ်ကျယ်ကြီး ဖွင့်ထားပြီးသား။ ငါ့ဘက် ငါ့တာဝန်ပဲ ကျန်တော့တယ်လို့ နားလည်ပါတယ်။

**၁၉၅၈**ခုမှာ မျှော်လင့်ချက်အပြည့်။ ဒီလို မျှော်လင့်ချက်ထားလို့ ဖြစ်ကောင်းစရာရှိတယ်လို့ ဆောင်းဦးမှာ ကျောက်မီးသွေးသယ်ကြရင်း၊ တစ်စွန်းတစ်စပေါ်တယ်ဆိုပါတော့။ ဆောင်းဦးရောက်တိုင်း ကျွန်တော်တို့ မီးလှုံဖို့၊ ပျိုးပင်တွေ အပူဓာတ်ပေးဖို့ ကျောက်မီးသွေးတော်တော်များများ သွင်းယူသိုလှောင်လေ့ ရှိခဲ့တယ်။ ကျွန်တော်လည်း အရင်ကနဲ့မတူဘူး။ အလုပ်တော်တော် လုပ်နိုင်နေပြီ။ ကျွန်တော်တို့ အခန်းထဲမှာ အလုပ်ကြမ်းလုပ်နိုင်သူ လေးဦးရှိသေးတယ်။ အဘိုးကြီး ဝေါင်ရယ်၊ မောင်ဂိုလျား အဘိုးကြီး ကျဲန်ငရယ်၊ ကျွန်တော်ရယ်၊ ကျွန်တော်တို့ထက် တော်တော် ငယ်တဲ့ "မန်ကျူကော" ဗိုလ်ချုပ်ကြီး တစ်ယောက်ရယ်။ အလုပ်လုပ်ရတာ ကိုယ်လက်လှုပ်ရှားမှုလည်းဖြစ်လို့ ကောင်းတယ်။ ကျွန်တော်ဟာ ခါတိုင်းထက် သန်မာလာပြီး ရှေးကရောဂါတွေလည်း ပျောက်ကုန်ပါတယ်။ ပျိုးပင်တွေ အပူပေးဖို့စီမံတဲ့အခါ အပင်ပန်းဆုံးအလုပ်ဖြစ်တဲ့ ကျောက်မီးသွေးသယ်တာကို ကျွန်တော်လုပ်တယ်။ ထောင်မှူးနဲ့ တခြား ကေဒါတွေလည်း လာကူကြလို့ အလုပ်မြိုင်တယ်ပေါ့။ လက်စမသတ်ကြခင် အဘိုးကြီး ယီအင်နဲ့ ကျွန်တော်က တောင်းသုံးထောင်အပြည့် သွင်းလိုက်ကြပါသေးတယ်။

ကျွန်တော်တို့သုံးစွဲတဲ့ ပစ္စည်း ပြန်အပ်နေတုန်းမှာ ဝါဒါဝေါင်က ကျွန်တော့် ရောင်းရင်း တစ်ယောက်ကို **ပုယီ**တစ်ယောက် သိပ်အလုပ်လုပ်တယ်။ အရင်ကလို ဂိုက်မပေးတော့ဘူးလို့ပြောတာ ကျွန်တော် ကြားလိုက်တယ်။ ယီအင်နဲ့ ကျွန်တော်က တောင်းကို ထမ်းပိုးနဲ့ ရှေ့နောက်ထမ်းပါတယ်။ အလုပ်ပြီးတော့ တောင်းနဲ့ထမ်းပိုးချပြီး သစ်ပင်မှာချိတ်ထားတဲ့အင်္ကျီကို ယူတုန်းမှာ ထောင်မှူးကပြုံးပြီး ပခုံးဘယ့်နှယ်နေသလဲလို့ မေးတယ်။ ကျွန်တော်က မနာဘူး။ မရောင်ဘူး။ နည်းနည်းတော့ နီနေတယ်။ ဒါပဲလို့ ပြောလိုက်တယ်။ စားလို့ကောဝင်ရဲ့လားဆိုတဲ့ အမေးကို ထမင်းဆိုရင် သုံးခွက်ကြီးကြီး။ **ဂျီအပ်ဇီ**ဆိုရင် သုံးဆယ်လို့ဖြေတယ်။ အိပ်မပျော်တဲ့ရောဂါလို့ သူကဆက်တော့ ကျွန်တော်က ခေါင်းနဲ့ခေါင်းအုံးထိရင် ပျော်တယ်။ ဘာရောဂါမှ မကျန်တော့ဘူးလို့ ဖြေလိုက်ပါတယ်။ အားလုံးက ဝိုင်းရယ်ကြတယ်။ ရှေးက လှောင်ရယ်ရယ်တာနဲ့ မဆိုင်ဘူး။ အလှောင်လည်း မခံရတော့ဘူး။

တခြား နေရာတွေမှာလည်း ကျွန်တော် တိုးတက်လာပါတယ်။ **နိုင်ငံရေးဘောဂဗေဒနဲ့ ရာဇဝင်ရုပ်ဝါဒ**ဆိုတာမျိုးကို လေ့လာတဲ့အခါ ရှေးကလောက် မပင်ပန်းဘူး။ အင်္ကျီတွေလည်း သူများနည်းတူ သန့်ရှင်းတယ်လို့ ဆိုနိုင်ပါပြီ။

ဒါပေမယ့် ကျွန်တော်စိတ်အချဆုံးက အလုပ်ကြမ်းပါပဲ။ စက္ကူပြန်း လုပ်စမ်းလို့ အယဉ်အနွဲ့အလုပ်မျိုးကလွဲရင် ကျွန်တော်ဟာ ပထမတန်းစားထဲမှာ ပါနိုင်တယ်။ စာပေလေ့လာရေးဘက် ချွန်တဲ့လူလည်း အလုပ်ကျတော့ ကျွန်တော်ကို လက်မြှောက်တယ်။

အဖော်တွေက ချီးမွမ်းလာတယ်။ ကိုယ်တိုင်လည်း ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှုလည်း ပိုလာတယ်။ အဲဒါဟာ လုပ်အားပေါ်မှာ မှန်တဲ့သဘောထား ထားနိုင်လို့ပဲ ဖြစ်တယ်။ တစ်မျိုးပြောရရင် အခု လောလောဆယ်မှာပဲ လူမှုတစ်ရပ်လုံးဟာ လုပ်အားအတွက် အားသစ်ကြီးပြီး ထက်ထက်သန်သန်ရှိလာလို့ ကျွန်တော်တို့ ဒီလိုနိုးကြားလာရတာပါပဲ။ **၁၉၅၇**ခု နောက်ပိုင်းကစပြီး အဲဒါကို သတင်းစာထဲမှာလည်း ခဏခဏဖတ်ရတယ်။ အမျိုးတွေရဲ့ '**စာထဲမှာလည်းပါတတ်တယ်**၊ ထောင်အမှုထမ်းတွေကလည်း ပြောပြတယ်။ လူတိုင်း ကိုယ်စီကိုယ်င အလုပ်ကြမ်းလုပ်တာမှာ ပါဝင်ဖို့လိုလားတယ်။ ဒါမှ ဂုဏ်ရှိတယ် ထင်လာတယ်။ အစိုးရအမှုထမ်းတွေဟာ ထောင်လိုက်သောင်းလိုက်ချီပြီး နယ်ဆင်းတယ်။ ကျောင်းတွေမှာ အလုပ်ကြမ်းချိန်ရယ်လို့ သတ်မှတ်ပေးထားတယ်။ ဘယ်သူကမှ မတိုက်တွန်းပဲ အချိန်တို လုပ်ကြမ်းဖွဲ့တွေပေါ်လာတယ်။

ထောင်မှာပဲကြည့်၊ ထောင်အမှုထမ်းတွေလည်း ပျိုးပင် အပူပေးအလုပ်၊ စားဖိုထဲမှာ ဟင်းရွက်သင်တဲ့အလုပ်၊ မီးစောင့်ထိုးတဲ့အလုပ်၊ ကျွန်တော်တို့ အခန်းကို စားစရာသယ်ပေးတဲ့ အလုပ်ကိုတောင် သူတို့ ဝင်လုပ်လာကြတယ်။ မနက် ကျွန်တော်တို့ အိပ်ရာထဲမှာပဲရှိနေတုန်း ပေါက်တူး ပေါက်ပြား ပေါက်ချွန်းတွေ တင်လာတဲ့လက်တွန်းသုံးဘီးသံ ကြားပါပြီ။ အဲဒါ ထောင်မှူးတို့လူစု ထောင်ပြင်ဘက်က အလကားပစ်ထားတဲ့မြေကို သွားပြီးသယ်ဖို့ လုပ်နေတာလို့ သိရပါတယ်။ ဒါတွေအားလုံးစုပေါင်းလိုက်တဲ့အခါ အခု တည်ထောင်ထားတဲ့ လူမှုဖွဲ့စည်းသစ်မှာ လူရဲ့တန်ဖိုးကို အလုပ်လုပ်နိုင်စွမ်းရှိတာနဲ့ စံချိန်ထားတယ်ဆိုတာကို ပြနေတာပဲ။ ပုံစံသစ်လောင်းခံရတဲ့လူတွေဆိုပြီး ချွင်းချက်မဖြစ်နိုင်တာ သေချာပါတယ်။ အလုပ်ဆိုတာဘုရားသခင်က လူတွေကို အပြစ်ဒဏ်ပေးတာပေါ့လို့ ပြောတာ ကျွန်တော်ကြားဖူးတယ်။ ဘယ်သူပြောတယ်ဆိုတာတော့ မမှတ်မိပါ။ ကွန်မြူနစ်တွေကသာ အလုပ်ဟာ လူ့အခွင့်အရေးလို့ မှန်အောင်မြင်တတ်တယ်။ အခုနေပြောရရင် ကျွန်တော်တော့ ဘုရားတွေ နတ်တွေကို ဘာမှ စိတ်မဝင်စားတော့ပါဘူး။ ခုနက ပြောတဲ့လူလို ဘုရားနဲ့အလုပ်ကိုလည်း တွဲမထားတော့ပါဘူး။ ကျွန်တော်တို့လည်း ကွန်မြူနစ်တွေ မြင်သလို အလုပ်ဆိုတာ သဘာဝကိစ္စ တစ်မျိုးပဲလို့ မြင်ပါတယ်။ မှတ်မိပါသေးတယ်။ တစ်ခါက ကျွန်တော်တို့ အမှိုက်ပုံကြီးတစ်ခုကို ရှင်းနေတုန်း ပညာရေးအဖွဲ့ခွဲမှူး လီ ဖြတ်လာပါတယ်။ သူက ကော်ပြားတစ်ခုယူပြီး ကူပါတယ်။ သူ လုပ်ပုံကိုင်ပုံဟာ ကျွန်တော်တို့အားလုံးထက် ပိုပြီး ကျွမ်းကျင်လျင်မြန်တာကို မြင်ရတယ်။ သူလုပ်ပုံကို

ကြည့်ရတာ ဟာလည်း အဆန်းတစ်ခု၊ လုပ်မြဲ မဟုတ်တာတစ်ခုကို ဝင်လုပ်ရတဲ့ပုံ လုံးဝမပေါ်ဘူး။

အလုပ်ကို တန်ဖိုးထားကြပုံ၊ **၁၉၅၈**ခုနှစ်က အလုပ်လုပ်ရာမှာ အားတက်သရောရှိကြပုံ တွေကို မြင်ရတော့ ကျွန်တော့်စိတ်ထဲမှာ စွဲကျန်ရစ်လောက်အောင် အထင်ကြီးခဲ့ပါတယ်။ ပီကင်းကရကဲ့ စာတွေထဲမှာလည်း အံ့သြစရာ အကြောင်းအရာ သစ်များကို ဖတ်ရပါတယ်။ ညီမ ၂ဟာ အရင်က ကိုယ့်အိမ်ကလွဲလို့ ဘယ်မှမသွားခဲ့ဖူးဘူး။ ဘာကိစ္စကိုမှလည်း စိတ်ဝင်စားတယ်လို့ မရှိဘူး။ အခု သူက လမ်းကော်မတီရဲ့လုပ်ငန်းတွေမှာ လူလဲဝင်လုပ်တယ်။ အလုပ်ဆင်းနေတဲ့ ကလေးအမေတွေအတွက် ကလေးထိန်းပေးတယ်။ ညီမ ၄ က အရင်က ဧကရာဇ်နန်းတော်ထဲမှာပဲ အလုပ်လုပ်တယ်။ အခု ပီကင်းရဲ့ တေရှဲန်င်တံခါးအပြင် ကန်ဆောက်စီမံကိန်းမှာ သူလည်း ဝင်ပြီး လုပ်အားပေးတယ်။ **"ငါးချက်ကောင်း"** အမှုဆောင်ဘွဲ့ ရတယ်တဲ့။ ညီမ ၃ လင်မယားက ခရိုင်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ရဲ့ ကော်မတီတစ်ခုက ဦးစီးဆောင်ရွက်တဲ့ နိုင်ငံရေးပညာ လေ့လာရေးမှာ ပါဝင်ကြတယ်။ အဘိုးကြီးရှန်က တခြားအဘိုးကြီးတွေနဲ့ တွဲပြီး ခရိုင်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ရဲ့ မိန်င်သချိုင်းဆည်လုပ်ငန်းတွေမှာ ဝင်လုပ်ကြတယ်။ လုပ်နည်းတစ်ခုမှာ အသစ်တီထွင်နိုင်လို့ အချီးမွမ်းခံကြရတယ်။ ညီမ ၅နဲ့ သူ့ယောက်ျား အဘိုးကြီးဝန်က သူတို့သားကြီးဟာ တက္ကသိုလ်မှာ ဘူမိဗေဒ သင်တယ်။ နှင်းနဲ့ရေခဲရဲ့ အသုံးအမျိုးမျိုးကို သုသေတနလုပ်တယ်။ အရှေ့မြောက်တောင်တွေကို လေ့လာဖို့ ခရီးထွက်နေပြီလို့ ဂုဏ်ယူပြီး ပြောလာကြပါတယ်။ ကျွန်တော့်တူ တချို့နဲ့ လီဟာ အခုမြို့တော် အစွန်ဘက် တစ်နေရာက နိုင်ငံပိုင် လယ်တစ်ကွက်မှာ လုပ်သားအဖွဲ့ခေါင်းဆောင်တွေ ဖြစ်နေကြပြီလို့ သတင်းကြားပါတယ်။ နေရာတကာမှာ အလုပ်ကို အားတက်သရော လုပ်တာကိုပဲ ကြားရသိရတယ်။ သဘာဝကိုတိုက်ခိုက်ဖို့ စည်မောင်းတီးသံပဲ ကြားနေရပါတယ်။ တိုင်းနိုင်ငံကို အောက်တန်းနောက်တန်းကျနေရာက ဆွဲထုတ်မတင်ဖို့ ရာဇဝင်တွင်လာအောင် အလုပ်လုပ်နေကြတဲ့အခါမှာ လူတိုင်းစွမ်းသလောက် ပါဝင်ဆောင်ရွက်နေပါတယ်။ အတူနေ အကျဉ်းသားတွေကလည်း သူတို့သားများတွေဆီက စာတွေဖတ်ပြီး သူတို့လည်း ကျွန်တော့်လိုပဲ အားတက်နေကြပါပြီ။ သဘာပတိမဝ်၊ ဝန်ကြီးချုပ်ကျိုနဲ့ ဝန်ကြီးအားလုံးဟာ မိန်သချိုင်းဆည်ဖို့တဲ့နေရာမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်တယ်ကြားတော့ ကျွန်တော်တို့က နောက်ချန်နေလို့ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော်တို့က လေ့လာရေးကော်မတီနဲ့ ထောင်အာဏာပိုင်တွေကို ထုတ်ကုန်အလုပ်တစ်ခု စီမံပေးပါလို့ တောင်းပန်ကြပါတယ်။

ထောင်အာဏာပိုင်တွေက ကျွန်တော်တို့တောင်းပန်တာကို လိုက်ရောပါတယ်။ လျှပ်စစ်မော်တာလုပ်တဲ့ ဝပ်ရှော့တစ်ခု ထောင်ပေးပါ။ ကျွန်တော်တို့က လူအားနည်းနေတော ကျိအန်ကိုင်ရှိအက်စစ်တရားခံတွေကိုပဲ ဒီဝပ်ရှော့ကို ပြောင်းပေး

လိုက်ပြီး ကျွန်တော်တို့ကိုတော့ ကုန်ထုတ်လုပ်ရာမှာ ကျွမ်းကျင်မှုရှိအောင် အလုပ်တွေ တီထွင်ပြီး ခိုင်းပါတယ်။ လူစွမ်းလူစကို ကြည့်ပြီး ငါးစုခွဲပါတယ်။ တစ်စုက တိရစ္ဆာန်မွေး၊ တစ်စုက စားသောက်ကုန်လုပ်၊ တစ်စုက ပန်းဥယျာဉ်စိုက်၊ တစ်စုက ဟင်းသီးဟင်းရွက် ဥယျာဉ်စိုက်၊ တစ်စုက ဆေးပညာ။ ကျွန်တော်နဲ့ အဖော်လေးယောက်က ဆေးပညာအစု ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အလုပ်လုပ်ရင်း ပညာသင်ရမယ်။ ဆေးခန်းကို နေ့စဉ် သန့်ရှင်းပြောင်လက်နေအောင် တိုက်ချွတ်ရတယ်။ အသေးအဖွဲ့အတိုအထွာ အကုန်ဝင်လုပ်ကြတယ်။ လက်ထောက်ဆေးမှူး အလုပ်မျိုးမှာလည်း ဝင်ကူကြတယ်။ တစ်နေ့မှာ နစ်နာရီ ဆေးဖက်ဆိုင်ရာစာကို ဖတ်တယ်။ ထောင်အမှုထမ်း ဒေါက်တာဝင်က ဆွေးနွေးဖို့ လမ်းညွှန်တယ်။ ကျွန်တော့် အဖော်လေးယောက်စလုံးဟာ အရင်က ဆရာဝန်တွေ ဖြစ်ခဲ့ကြတာမို့ အနောက်တိုင်းဆေးပညာကို သုံးယောက်က ပြန်ပြီးနွေးကြတယ်။ တစ်ယောက်က ကျွန်တော်နဲ့အတူတူ တရုတ်ဆေးပညာကို သင်ပါတယ်။ အဲဒါအပြင် ကျွန်တော့်တို့ အားလုံး အပ်စိုက်ကုထုံးနဲ့ သစ်ရွက်ရှိုကုထုံးကို သင်ကြတယ်။ ဒီလို လူနည်းနည်းလေးစုပြီး အလုပ်လုပ်ခဲ့ရတဲ့ အချိန်ကာလအတွင်းမှာလည်း ကျွန်တော့်အဖို့ ကိုယ့်ကိုယ်ကို ကိုယ်ယုံကြည်စိတ် အသစ်ထပ်လောင်း ရရှိခဲ့ပါတယ်။

အစတော့ ဆေးကုရာမှာ အဖော်တွေလို ကျွန်တော် အလုပ်မလည်ပါ။ ခွဲစိတ်ရာမှာသုံးဖို့ ဂွမ်းတောင့်နဲ့လုပ်တဲ့နေရာမှာ ကောင်းကောင်းမွန်မွန် မဖြစ်ဘူး။ သွေးစမ်းတဲ့အခါတောင် နာရီကို ဂရုစိုက်ကြည့်နေမိရင် သွေးတိုးကို မရည်မိဘူး။ သွေးတိုးကို ဂရုစိုက်လိုက်တဲ့အခါ အချိန်ကို သတိမထားမိဘူး။ သွေးတိုးချဖို့ လျှပ်စစ်ကိရိယာသုံးတဲ့အခါလည်း အယောင်ယောင်။ အတိုအတွာနဲ့ အလုပ်ကြမ်းလုပ်ကြပြီဆိုတော့မှ ကျွန်တော်က သူတို့တစ်တွေထက်သာပါတယ်။ ဆေးမှုကိစ္စမှာလည်း ငါ နိုင်နိုင်နင်းနင်း လုပ်တတ်ရမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ဆရာဝန်က ဖြစ်ဖြစ် သူနာပြုကဖြစ်ဖြစ် ကိစ္စတစ်မျိုးကို သင်ပြရင် အဖော်တွေနဲ့တွဲပြီး ပြန်လုပ်ကြည့်ပါတယ်။ ပြီးတော့ အလီလီ အခေါက်ခေါက် တစ်ယောက်တည်း လုပ်တတ်ရအောင် ကျင့်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း လက်ထောက်ဆေးမှူးလုပ်ငန်းကို နိုင်နင်းလာပါတော့တယ်။ လျှပ်စစ်ကုထုံးနဲ့ ဆေးကုခံဖို့ ဂျပန်စစ်တရားခံတစ်ယောက် နေ့တိုင်းလာတယ်။ သူ့ကို ကျွန်တော် ပြုစုပြီးတိုင်း သူဟာ ဦးကို ညွှတ်အောင်ညွှတ်ပြီး ကျေးဇူးတင်ပါတယ် ဒေါက်တာလို့ ပြောနေကျ။ ကျွန်တော်ကလည်း ဒါကိုကြားရတာ ကျေနပ်နေပါတယ်။ ကျွန်တော်က အဝတ်ဖြူနဲ့ မျက်မှန်နဲ့ဆိုတော့ လူမှားပေမယ်ပေါ့။ ဒါပေမယ့် ဒီ အဖြစ်အပျက်က ကျွန်တော်လုပ်ပုံကိုင်ပုံ ကျင်လည်လို့သာ လူနာက ယုံကြည်တယ်ဆိုတာကိုလည်း သက်သေခံနေတယ် မဟုတ်လား။ သင်တန်းပထမပိုင်း ပြီးတော့ ဒေါက်တာဝင်က စစ်ဆေးတယ်။ အဖော်တွေနည်းတူ ကျွန်တော် အမှတ်ပြည့်ရတယ်။

အစက လျှပ်စစ်မော်တာအလုပ်မှာ အစမ်းလုပ်ကြတုန်းက ကျွန်တော် ကြိုးစားပေမယ့် တော်တော်သိမ်ဖျင်းတဲ့ တာဝန်တစ်ခုကိုပဲရခဲ့လို့ တစ်ဖက်စီးနင်း လုပ်တာပဲထင်ပြီး စိတ်မကောင်းဖြစ်ခဲ့ရတယ်။ အခုတော့ လက်ထောက်ဆေးမှူးဖြစ် နေပြီ။ တချို့က ဆရာဝန်အစစ်နဲ့တောင် မှားတယ်။ ပထမစာမေးပွဲမှာလည်း အမှတ် ပြည့်ရတယ်။ ငါဟာ လူ့အန္တ မဟုတ်ဘူးလို့ ယုံကြည်ချက်တစ်ခုရတယ်။ ပညာရပ် တစ်ခုကို ပိုင်နိုင်အောင် သင်ကြားတတ်မြောက်နိုင်တယ်။ ကျွန်တစ်သက် ထမင်းမငတ်ဖို့ **ရတနာ ၄၆၈** မျိုး မလိုတော့ပါ။

တစ်နေ့တော့ ထောင်မှူးကို တွေ့ပါရစေလို့ ကျွန်တော်က ခွင့်တောင်းပါ တယ်။ တောင်မှူးဟောင်းကို အလုပ်တစ်ခု ပြောင်းပေးလို့ ကျွန်တော်တို့ထောင် အပြင် တခြားတာဝန်တွေပါ တွဲဖက်ယူနေရတာနဲ့ ကျွန်တော်တို့ဆီကို မှန်မှန်မလာ နိုင်တော့ဘူး။ ဒါနဲ့ အခုထောင်ကို ကြီးကြပ်နေတဲ့ လက်ထောက်ထောင်မှူး ကျိန်နဲ့ပဲ တွေ့ရတယ်။ ကျွန်တော့်ရတနာတွေ အစိုးရကို အပိုင်ပေးအပ်ဖူးပေမယ့် အရင်က လက်မခံဘူး။ အခုလောက်ဆိုရင် ထုံးစံအတိုင်း သတ်သတ်မှတ်မှတ် လက်ခံယူဖို့ အချိန်ရောက်ပါပြီ။ ဒါပေမယ့် ကျွန်တော်အပ်လိုက်တုန်းကရတဲ့ လက်မှတ်ကလေးတော့ ပျောက်သွားတာကြာပြီလို့ ပြောလိုက်တယ်။ ဒီလိုပြောပြီးမှ ငါပြောတာကို သူနားမှ လည်ပါ့မလား။ ငါ့ဆီက ရတနာတွေအကြောင်းကို သူသိချင်မှသိမယ်လို့ ရှင်းမယ် လုပ်တော့ အံ့သြစရာ သူပြန်ပြောပုံက ဒီကိစ္စကို ကျွန်တော်သိပြီးပါပြီဗျာ။ ခင်ဗျား ကကော ဒါတွေမရှိဘဲ အသက်မွေးလို့ ဖြစ်ပြီတဲ့လားလို့မေးတယ်။ အဲဒီနေ့ ကျွန်သမျှ အချိန်မှာ **ရတနာ ၄၆၈မျိုး**ကို တစ်ခုစီအကြောင်း ကျွန်တော်ပြောပြသမျှ အတွင်းရေးမှူး တစ်ယောက်က လိုက်ရေးတယ်။ အဲဒါပြီးတော့ စိတ်ထဲမှာကို အများကြီးပေါ့သွားလို့ ဝင်းထဲ လမ်းလျှောက်ထွက်ခဲ့တယ်။ တောင်မှူးကလေးရဲ့စကားဟာ ကျွန်တော်တိုးတက် တာကိုလည်း ယုံတယ်ဆိုတဲ့သဘောပါတယ် မဟုတ်လား။ တကယ့်လူ ဖြစ်မယ့်ရက်ကို မြင်နေရပြီ ဆိုပါစို့။

## စမ်းသပ်ပွဲ

စမ်းသပ်ပွဲကျတော့ ကိုယ့်ကိုယ်ကို ကိုယ်အမှတ်ပေးတာ များသွားတယ်လို့ သိရတယ်။

တစ်နိုင်ငံလုံး ရှေ့သို့ တအားခုန်ပွဲဆင်နွှဲချိန်မှာ ထောင်မှူးက တိုးတက်မှုမှာ အတွေးအခေါ်ပိုင်းက အတားအဆီး ကျန်မကျန်သိဖို့ ခင်ဗျားတို့ တွေးခေါ်ပုံကို ပြန်လည်ဆန်းစစ်သင့်တယ်လို့ ပြောလာတယ်။ လုပ်နည်းကတော့ လေ့လာရေး အစည်းအဝေးလုပ်တဲ့အခါ စိတ်ထဲမှာ တွေးခေါ်ပုံအပြောင်းအလဲကို လူတိုင်းကို ဖွင့်ပြောပြီး ဆွေးနွေးရမယ်။ ကျွန်တော်တို့ မသိသေးတဲ့ ကိစ္စကို မေးခွန်းမေးရမယ်တဲ့။

ကျွန်တော့်အလှည့် ရောက်တော့ ဒုက္ခရောက်တာပါပဲ။ ရှေးက ယုံကြည်ဖူးတဲ့ ဝါဒကစပြီး အခုရောက်နေရာ တော်တော်များများမှာ ချဉ်းကပ်ပုံ ပြောင်းလဲလိုက်တယ်လို့ ပြောပြနေတုန်းမှာပဲ တစ်ယောက်က မေးခွန်းဖောက်မေးပါတယ်။ ခင်ဗျားလို ဘဝနောက်ခံရှိတဲ့လူဟာ ဂျပန်နယ်ချဲ့ဝါဒနဲ့ ရင်းနှီးရမှာကတော့ မှန်တယ်။ အခုလည်း အတွေးနဲ့ စိတ်ထဲက ခံစားမှုမှာ အဲဒီအစွဲ ရှိနေနိုင်သေးတယ်။ ဂျပန်နဲ့ အဆက်အဆံဟာ ကျွန်တော်တို့ထက် ခင်ဗျားက ပိုပြီး ခိုင်မြဲဖို့ရှိတယ်။ ဒါပေမယ့် ခင်ဗျားတစ်ယောက်ပဲ ဒါကို ထည့်မပြောတယ်။ ခင်ဗျားမှာ ဒီခံစားမှုမရှိဘူးလို့ ပြောဦးမလားလို့ မေးတယ်။ ဂျပန်နဲ့ပတ်သက်ပြီး ကျွန်တော် သူတို့ကို မုန်းတာကလွဲလို့ ဘာခံစားမှုမှ မရှိဘူး။ ဒီနေရာမှာ ကျွန်တော်က ခင်ဗျားထက်သာတယ်လို့ ဖြေမိတယ်။ ကွန့်ကွက်မုန်တိုင်းပေါ်အောင် ဆွလိုက်သလိုဖြစ်ပြီ။ ခင်ဗျားမှာ နှိမ့်ချစိတ် ကျန်ပါသေးကလား။ ငါဟာ သူများထက်သာတယ်လို့ အထင်ကြီးတုန်းပဲလို့ ဆိုပါတယ်။ ပြီးတော့ ရှေးရှေးက ကျွန်တော့်အကြောင်းတွေ ပြန်ကိုးကားကြတယ်။ ဂျပန်အသွား ကျွန်တော်ကဗျာစပ်တာ၊ ဂျပန် ဧကရီမယ်တော်ကြီးကို လှေကားမှာ တွဲတင်တာ၊ အဲဒါတွေဟာ သူတကာ ဂျပန်ကို အထင်ကြီးတာ ကျေးဇူးတင်တာထက် ကျွန်တော်ကသာတယ်။ အဲဒါပါရက်နဲ့ အခု ဂျပန်အပေါ်မှာ မေတ္တာစိတ် လုံးဝမကျန်တော့ဘူးဆိုတာ သူ ဘယ်လိုလုပ် ယုံမလဲလို့ တစ်ယောက်က ပြောပါသေးတယ်။ ကျွန်တော်ကလည်း ဒါက ဒီလိုပါ။ ဟိုရှေးရှေးက ဂျပန်ကလည်း ကျွန်တော့်ကိုအသုံးချတယ်။ ကျွန်တော်ကလည်း ဂျပန်ကို သုံးတယ်။ ဒီတော့ ဒီလို ဆက်ဆံရေးမှာ ကျေးဇူးတင်ဟယ်ဆိုတာ မပါဘူးလို့ ပြန်ဖြေတယ်။ ဒီနေရာမှာ ကိုယ်လွတ်ရုန်းပြီး သူများအပေါ်မှာ အငြိအစွန်းဖြစ်မယ့်စကားမျိုးကို ကျွန်တော်မပြော။ တကယ်မှန်တဲ့အချက်ကိုပြပြီး ငြင်းတာပဲ ဖြစ်တယ်။ ဒါပေမယ့် ဘယ်သူမှ လက်မခံကြပါ။ တလိတ္တူတော့ကို ပြေးရတုန်းက ကျွန်တော်ကြောက်ပုံကို ပြောပြတဲ့အခါ ဂျပန်ကခင်ဗျားကို တိုကျိုခေါ်မယ် လုပ်တော့ ပြင်ဆင်ဖို့ စရိတ်ယန်ကုဋေ ၃၀ ပေးတယ်မဟုတ်လား။ ဂျပန်နယ်ချဲ့ကို ဒီတော့ ကျေးဇူးမတင်ဘူးလား မေးပြန်တယ်။ ကျွန်တော်က ဒီတစ်ချက်တော့ အံ့သြတယ်။ အဲဒါ သူပြောမှ ကြားဖူးတယ်။ ဒါပေမယ့် ဒီအချက်ကို ရှင်းဖို့လွယ်ပါတယ်။ ကွန်တုန်င်တပ်ဟာ "မန်ကျူကော" ငွေတိုက်က သိမ်းထားတဲ့ရွှေငွေကို ဂျပန်သယ်တဲ့အခါ "မန်ကျူကော" ကေရာဇ်ဖို့လို့ ကြော်ငြာပြီး ယူသွားပါတယ်။ အဲဒီဘဏ္ဍာထဲက တစ်ပြားတစ်ချပ်မှ ကျွန်တော် မမြင်ဖူးပါ။ ဒါကိုလည်း လူတိုင်းသိတယ်။ ဒါကြောင့်လည်း ကျွန်တော့်ကို ဘယ်သူက ဘာကိစ္စနဲ့ အရင်က ပြစ်ချက်မတင်ခဲ့ကြပါ။ အခု ဖော်ထုတ်လာတာကတော့ ဒီအချိန်က ကျွန်တော့်စိတ်ထား ဘယ်လိုရှိသလဲ သိချင်လို့ စမ်းတာပဲဖြစ်တယ်။ ကိုယ့်ဘာသာ စိတ်အေးအေးထားပြီး ပြန်စဉ်းစားရင် ဒါမှမဟုတ်လည်း သူများပြောသမျှကို မာနစိတ်မပါပဲ ပြီးစီးတဲ့အထိ စောင့်နားထောင်ရင် ကျွန်တော်ဘယ်လို သဘောထားခဲ့တယ်ဆိုတာ ထင်ရှားလာနိုင်တယ်။ ခုတော့ကျွန်တော်

က ရဲရဲပဲ ဒီကိစ္စ ကို ကျွန်တော် လုံးဝငြင်းလိုက်တယ်။

ဒီကိစ္စကို သိလိုက်သူတွေက ခင်ဗျားမသိဘူးဟုတ်စ။ ကျန်င်ကျိန်ဖွေ့နဲ့ ကကေဗေရောဟုဇုတို့ လုပ်တဲ့ကိစ္စမဟုတ်လား။ မကြာသေးခင်က ကျန်င်ကျိန်ဖွေ့ သေသွားတော့ ရှိသမျှအပြစ် အဲဒီလူကိုပုံချမယ်ဆိုတဲ့ ဉာဏ်နဲ့ ပြောနေတာမဟုတ်လား လို့ မေးပြန်တယ်။ ခင်ဗျားရေးတဲ့ အပြစ်ဝန်ခံချက်ထဲမှာ အဲဒါထည့်မရေးဘူးလား လို့လည်း မေးတယ်။ မရေးဘူးလေ၊ ဘာဆိုင်လို့လဲလို့ပြောကာမှ သူတို့ဟာ ပိုပြီး မယုံသင်္ကာဖြစ်လာကြသေးတယ်။ လူတိုင်းအသိဗျ။ သုံးရာကိစ္စ သုံးထောင်ကိစ္စ မဟုတ်ဘူး။ ကုဋေသုံးဆယ်ဗျလို့ အော်ဟစ်တယ်။

အဲဒီညနေဘက် ခေါင်းအေးအေးထားပြီး ပြန်စဉ်းစားတော့ ရေးရေးပေါ်လာပါပြီ။ တလိတ္တူကော့မှာ ယိုယှာက ဂျပန်ဟာ **"မန်ကျူကောဘဏ်"**က ရှိသမျှရွှေကို ဂျပန်ကျရင် ကျွန်တော့် ထောက်ပံ့ဖို့ဆိုပြီး သယ်ထုတ်တဲ့ကြောင်း ပြောဖူးပါတယ်။ အဲဒါပဲ သူတို့ပြောတဲ့ ကုဋေသုံးဆယ် ဖြစ်မယ်။ အဲဒီအခါတုန်းက အသတ်ခံရမှာ သိပ်စိုးနေချိန်ဖြစ်တော့ ဒီကိစ္စ ကို အရေးထားပြီး မစဉ်းစားမိတာတော့ မှန်ပါတယ်။ နောက်တစ်နေ့ ဆွေးနွေးကြပြန်တော့ ခင်ဗျားတို့ပြောတဲ့ရွှေဟာ ဒီရွှေလားလို့မေးပါတယ်။ ဟုတ်တယ်ဆိုတော့မှ လေ့လာရေးအဖွဲ့ကို ကျွန်တော်က အဖြစ်အပျက်မှန်ကို ရှင်းပြပါတယ်။ ဒါတောင် ဟိုတုန်းက ဒါကိုဘာပြုလို့ ချန်ထားရသလဲလို့ ဝိုင်းမေးကြသေးတယ်။ မထိန်ချန်ပါဘူး ခင်ဗျား။ ကျွန်တော် သတိကိုလုံးလုံး မရလို့ပါလို့ တောင်းပန်ပါတယ်။ အခုအထိ မေ့တယ်လို့ ပြောတုန်းပဲလားလို့ မေးပြန်တယ်။ ဟုတ်ပါတယ်။ ခုမှ သတိရတာအမှန်ပါလို့ ပြောတော့လည်း စောစောက ဘာပြုလို့ သတိမရဘဲရှိသလဲ လို့ မေးတယ်။ ဒါတော့ဗျာ လူပဲ မေ့တာလည်း ရှိသေးတာပေါ့လို့ ဖြေလိုက်ရင်ပဲ ကန့်ကွက်မှန်တိုင်းကျပြန်ရော။ ခင်ဗျားဟာက အခုအချိန်နဲ့ သိပ်ကွာတဲ့ နောက်ကို ဆုတ်ပြောတဲ့အခါ မှတ်မိတာတွေသိပ်များတယ်။ ထောင်မှူးက ငါပြောတာ လက်ခံပါဦးမလား။ အဲဒီအတွေးတွေဟာ ဦးနှောက်ထဲထိ အတင်းပြေးဝင်လာစောင့်ကြပါပြီ။ အဆင်ခြင်မဲ့ ကြောက်စိတ်ဝင်လာပါတော့တယ်။ အများနဲ့ တစ်ယောက်၊ ငါ့စကား ဘယ်နည်းနဲ့မှ မအောင်နိုင်ဘူးလို့ စဉ်းစားမိတာနဲ့တစ်ပြိုင်နက် ကျွန်တော့်မှာ ရထားတဲ့သတ္တိတွေ အရည်ပျော်ကြကုန်တယ်။ ရှေးကအကျင့်ဆိုးတွေ ပြန်ပေါ်လာတယ်။ ဝါဒစွဲနဲ့ ကြံ့ကြံ့ခံမယ်ဆိုတဲ့စိတ် လွင့်သွားပါပြီ။ ခိုကိုးရာကို ရှာပါတယ်။ ဝန်ခံတယ်ဆိုရင် ဒီပြဿနာတစ်ထုံ ပြေမလားတွေးကြည့်တယ်။ ကောင်းပြီ။ အစိုးရက ဒဏ်ထားမှာကြောက်လို့ ဒီကိစ္စကိုသိရက်နဲ့ ဖွင့်မထုတ်ခဲ့မိပါဘူး။ အခုမှ အများက တိုက်တွန်းတာနဲ့ ကြောက်စိတ်ကို တွန်းလှန်ပြီး ဝန်ခံချက်ပေးပါတယ်လို့ ပြောလိုက်မိပါတယ်။

ဒီကိစ္စကို ကျွန်တော်မေ့နေတာ မှန်ပါတယ်။ ရှေ့တိုးတိုးလာတော့ အမေ့အရှော့ထူလာပြီ။ ဆန်းတယ်။ အဲဒီလိုလည်း ငေါ့တော့တော့ ပြောတဲ့လူလည်းရှိတယ်။

ခင်ဗျား ဝန်ခံချက်ထည့်ထည့်ပြောရမှာကြောက်လို့ ချန်ထားတာ ထင်ရှားနေပါတယ်လို့ ပြောတဲ့ လူကပြော။ ကိုယ့်အမှားကို ဝန်မခံရဲသမျှ ခင်ဗျားကို ပုံသစ်လောင်းလို့ ဘယ်တော့မှ မရဘူးလို့ နှိမ်တဲ့လူက နှိမ်ပါတယ်။ ကျွန်တော်တို့ တစ်ယောက်မှ ခင်ဗျားပြောတာကို မယုံဘူး။ အစိုးရကလည်း ခင်ဗျာညာတိုင်း မရဘူးဆိုတာ အသေအချာ မှတ်ထားဗျလို့ ကြိမ်းတဲ့လူက ကြိမ်းတယ်။ ခင်ဗျားစကားတတ်တိုင်း လှည့်တယ်။ ခင်ဗျား လူလိမ်လို့ ဒဲ့ဒိုး စွပ်စွဲတဲ့လူက စွပ်စွဲ။ ဒီလောက် မရိုးသားတဲ့လူဟာ ဘယ်တော့ပုံသစ်လောင်းလို့ရမလဲလို့ ဆုံးဖြတ်ချက်ချတဲ့ လူက ချပါတယ်။

ကိုယ့်ကိုယ်ကို ကြိုးစားပြီး ကာကွယ်စကားပြောလေ။ သူတို့က မယုံကြည်လေ ဖြစ်တယ်။ ကျွန်တော်စိုးရိမ်လာပါပြီ။ သူတို့ငါ့ကို လူလိမ်လို့ အထင်အရှားယူဆနေကြပြီ။ အားလုံး တစ်သဘောတည်းဖြစ်နေရင် ယခုဖြစ်သွားပုံကတော့ ကျွန်တော်ကုပ်ကပ်ပြီး နောက်ဆုံး ကပ်ချန်ထားတဲ့အပြစ်ကို သူတို့အစွမ်းနဲ့ ဖော်နိုင်တယ်ဆိုတဲ့ သဘောရောက်နေပါတယ်။

ဒီနောက် ကျွန်တော်တို့အဖွဲ့ဝင်တွေဟာ ကျွန်တော့်ပြဿနာကို ဆက်ပြီး စိတ်မဝင်စားကြတော့ပါ။ ကျွန်တော့်မှာသာ ဒါကိုပဲ ထပ်တလဲလဲ သတိရပြီး စိတ်ထဲက ဖျောက်မရ ဖြစ်နေပါတယ်။ တွေးလေဆွေးလေ။ အမှန်ကို အမှား လုပ်မိလေခြင်း။ ဒီရွှေကိစ္စကို မေ့တာမှန်ပါတယ်။ အဲဒါကို ကြောက်လို့ ဖုံးတယ်လို့ ပြောမိပြီ။ အစိုးရက မရိုးသားဘူးလို့ အထင်ခံရမှာ ကြောက်လို့ လိမ်ပြောတယ်လေ။ အဲဒီလို နိဂုံးချုပ်ကို သဘောပေါက်တော့ စိတ်ထဲမှာ ပုတီပူဆာအများကြီး ဖြစ်လာပါတော့တယ်။

အရင်က ထောင်အမှုထမ်းတွေက ကျွန်တော့်အပေါ်မှာ ရန်ညှိုးသိုတယ်လို့ မသင်္ကာစရာတွေတိုင်း ငါတော့ အသတ်ခံရချိန်နီးပြီ။ မစားနိုင်မအိပ်နိုင်ဖြစ်ခဲ့ရပါတယ်။ အစိုးရဟာ ငါ့ကိုမသတ်တော့ဘူးလို့ အသေအချာသိနေပြီ။ ပြီးတော့ လူသစ်ဖြစ်ဖို့ ကူညီနေပြီ။ အဲဒီလို စိတ်ဆင်းရဲစရာ ကြုံရတယ်။ ထောင်ပိုင်တွေက ကျွန်တော့်ကို အားပေးလေ ကျွန်တော်အနေခက်လေ ဖြစ်နေပါပြီ။

တစ်နေ့တော့ ဝါဒါတစ်ယောက်က ကျွန်တော့်ကို ထောင်မှူးက တွေ့ချင်တယ်လို့ ပြောလာတယ်။ ချက်ချင်းပဲ ဒါ ယန်းကုဋ္ဌေသုံးဆယ်ကိစ္စပဲလို့ ထင်မိပြီး ကျွန်တော်တို့က ညာညာထောက်ထောက် ခင်ဗျားကိုထားတာတောင် ခင်ဗျားက လိမ်သေးတယ်လို့ စိတ်ဆိုးမာန်ဆိုးနဲ့ ကြိမ်းမောင်းတော့မှာပဲလို့ တွေးတယ်။ ဒါမှမဟုတ်လည်း ဝန်ခံချက်ကိုရလို့ ကျေနပ်တာလည်း ဖြစ်နိုင်ပါသေးတယ်လို့ တွေးမိတယ်။ သူကများ ချီးမွမ်းနေရင် ငါသာပြီ အနေကျပ်ရချည်ရဲ့လို့ စဉ်းစားပြီး လိုက်သွားပါတယ်။ သူက ကျွန်တော်တွေးထားတာနဲ့ လုံးဝမဆိုင်တာကို ပြောတယ်။

တောင်မှူးနဲ့ ဒီတစ်ခါတွေ့ရတာပိုပြီး စိတ်ညှိုးနွမ်းစရာ ဖြစ်ပါသေးတယ်။ ထောင်မှူးကြီး မလာတာကြာပြီ။ ကနေ့ ပေါက်လာတော့ အထက်တန်းအရာရှိ

တစ်ယောက် သူနဲ့ အတူပါလာတယ်။ ကျွန်တော့်လေ့လာရေး၊ အလုပ်ကြမ်း၊ အဲဒါတွေ ဘယ်လိုဘယ်ညာမေးပြီးတော့ လူကို အကျိုးမဲ့ဖြစ်စေတဲ့တိရစ္ဆာန် လုံးဝပပျောက်ရေးတိုက်စစ်မှာ ကျွန်တော်ဘယ်လို ပါဝင်သလဲလို့ မေးတယ်။ ထောင်မှူးကပဲ တစ်ဆက်တည်း ယင်ကောင်သတ်တာမှာတော့ ခင်ဗျား တာဝန်ကျေတဲ့အထိ တိုးတက်လာတယ်လို့ သိရတယ်။ အခု လောလောဆယ် ကြွက်အကြီးအသေး တိုက်စစ်မှာ ရောလို့မေးတယ်။ ကျွန်တော် အစီအစဉ် မလုပ်ရသေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ အခန်းထဲမှာ အတူနေကြတဲ့လူတွေပါ အနည်းဆုံး တစ်ယောက်တစ်ကောင်တော့ သတ်ဖြစ်အောင် သတ်ကြလိမ့်မယ်ထင်တယ်လို့ ဖြေလိုက်တယ်။

ခင်ဗျားကကောလို့ ထောင်မှူးဟိုဖက်မှာထိုင်နေတဲ့ အထက်တန်းအရာရှိက ဝင်ထောက်လိုက်တယ်။ အဲဒီတော့မှ ဒီလူလည်း ဟာရာဘီန်မှာ ကျွန်တော့်ကို ခင်ဗျားက ဂျပန်တွေကျူးလွန်တဲ့ လူသတ်ပွဲတွေကို ဘာပြုလို့ ဟိုအခါက မကန့်ကွက်သလဲလို့ မေးတဲ့လူဖြစ်မှန်းသိပြီး ကြောက်စိတ်ဝင်လာပြန်တယ်။ ကျွန်တော် ပြန်ဖြေချိန်မရခင်ပဲ ခင်ဗျားခုအထိ ပါဏာတိပါတာကို ရှောင်တုန်းပဲလားလို့ မေးပြီး အားပါးတရရယ်ပါတယ်။ သူ့ရယ်သံကြားရမှ ကျွန်တော်လည်း ကြောက်စိတ်ပြေတယ်။ ဒီအတွေးအခေါ်တွေ စွန့်တာကြာပါပြီလို့ဖြေပြီးတော့ အခု တိုက်စစ်အတွင်း ကြွက်ကြီးကြီးတစ်ကောင်တော့ ရှာသတ်ဖို့ တွေးပြီးပါလို့ဖြေလိုက်တယ်။

ထောင်မှူးက ခေါင်းခါပြီး ခင်ဗျားခေတ်နောက်ကျနေပြီ။ ကျောင်းသားငယ်ငယ်တွေတောင် အများကြီးသတ်နိုင်ဖို့ စီစဉ်နေကြပြီလို့ သတင်းပေးတယ်။ အနည်းဆုံး နှစ်ကောင်လောက်သတ်နိုင်ဖို့ ကြိုးစားကြည့်ပါ့မယ်လို့ပြောတော့၊ အရေအတွက် မကန့်သတ်ပါဘူးဗျာ။ ခင်ဗျားတစ်ယောက်အနေနဲ့ အများဆုံး ရနိုင်သလောက်ပေါ့လို့ ပြောပြီ၊ ကျွန်တော့်ကို ပြန်လွှတ်လိုက်တယ်။

စိတ်လေးလေးနဲ့ ပြန်ခဲ့ပါတယ်။ ကြွက်ဖမ်းရမှာ လန့်လို့မဟုတ်ဘူး။ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မလုပ်ဖူးတဲ့ အလုပ်တော့မှန်တယ်။ အခုလိုတွေ့ပြီး စကားပြောခဲ့ရလို့ စိတ်ထဲမှာ ဆင်းရဲတာပဲ။ ထောင်မှူးဟာ **ယင်သတ်ပွဲ**က ကျွန်တော့် **အစီအစဉ်**ကို တမင်လာကြည့်တယ်။ ကျွန်တော်အဝတ်လျှော်ဖို့ အားထုတ်နေတာကို လာအားပေးတယ်။ သူတို့ဘက်က ကျွန်တော့်ကိုလူဖြစ်အောင် ဝိုင်းပြီး ဖေးမကြပါရက်နဲ့ အခုအခါ ကြွက်တစ်ရာ သတ်နိုင်ဦးတော့ စောစောက အမှားကို မချေဖျက်နိုင်ဘူးလို့ သဘောပေါက်ပါတယ်။

အလုပ်ခွင်တစ်ခုပဲ နားချိန်ရောက်လို့ ထွက်လာတဲ့ ဝါဒါချိန်အုန်င်က အပန်းဖြေခန်းထဲမှာ ကျွန်တော် တစ်ယောက်တည်း စိတ်ပျက်လက်ပျက် ထိုင်နေတာတွေ့လို့ ကြွက်ဖမ်းဖို့ ထောင်ချောက်လုပ်ချင်ရင် ကူလုပ်ပေးမယ်လို့ ပြောပါတယ်။ ကျွန်တော်ကလည်း ဖျင်းလိုက်တဲ့ဖြစ်ခြင်း။ ကြွက်ဆိုတဲ့အကောင်မျိုး ဘယ်နေရာနေတယ်လို့တောင် မသိပါ။ သူကူမယ်ဆိုတာကိုပဲ လက်သင့်ခံရပါတယ်။ ထောင်ချောက်

လုပ်နေရင်း ပူပန်စိတ်ဝင်လာပြန်တယ်။

ထောင်ချောက်လုပ်နေကြရင်း စကားပြောကြလို့ ဝါဒါကိုအန်င်ရဲ့ ငယ်စဉ်ဘဝကို သိရတယ်။ သူ ဆင်းရဲပင်ပန်းပုံကို ကြားရတယ်။ အခုလို တည်ငြိမ်တဲ့ အမူအရာနဲ့ ကြင်နာတတ်တဲ့ လူငယ်ဟာ "မန်ကျူကော"ခေတ်က မတရားဖိစီးခံခဲ့ရတယ်လို့ ဆက်စပ်ပြီး ယူဆဖို့တောင်ခက်ပါတယ်။ သူဟာ အိမ်တွေရွာတွေကို အတင်းပေါင်တဲ့ စနစ်ကြောင့် ဒုက္ခရောက်ရတဲ့ စံပြုပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်။ သူတို့မိသားစုဟာ အတင်းအကျပ်အမိန့်ပေးလို့ နေရာအများကြီး ပြောင်းခဲ့ရပြီးပြီ။ အဲဒီနောက် ဆောင်းအခါလည်း မလုံ့တလုံနေရလို့ တစ်အိမ်သားလုံး တိုက်ဖိုက်ဖျားပါရော။ ညီအစ်ကိုရှစ်ယောက်မှာ သူတစ်ယောက်ပဲ ကျန်တယ်။ ကျန်လူတွေ သေတယ်။ အလောင်းတွေကို ကိုယ်လုံးတီးမြေမြှုပ်တယ်။ အဝတ်ချည်လိုက်စရာ မရှိလို့ပါ။

ထောင်ချောက်ပြီးတော့ သူဇာတ်လမ်း အပြောလည်း ရပ်ပါတယ်။ သူပဲ ကြွက်တွင်းလိုက်ပြတယ်။ "မန်ကျူကော" ခေတ်က ညီအစ်ကို ခုနစ်ယောက်ဆုံးသွားတဲ့ လူငယ်ဟာ တစ်နေ့ ငါ့လိုလူကို ကူညီနိုင်စိတ်ရှိတယ်။ တို့ကို သူလိုပဲ ကြင်နာပြီး ကူညီတဲ့ တခြားဝါဒါတွေရော ဟိုခေတ်က သူ့လို ဒုက္ခရောက်ခဲ့ကြသလား။ ဝေါင်နဲ့ လှိုရော ခင်ဗျားလိုကြုံခဲ့ပါသလားလို့ ဖွင့်မေးမိပါတော့တယ်။

ဟိုရက်က လူတိုင်း အမှန့်ဖြစ်အောင် အကြိတ်ခံရတာပဲ မဟုတ်လား။ ဝါဒါ ဝေါင်ဖြင့် ချွေးတပ်သုံးခါတိကို ဆွဲခံရရှာတယ်။ ဝါဒါ လျိုကတော့ ဂျပန်ဆန့်ကျင်ရေးတပ်ထဲကို မလိုက်မဖြစ်လို့ လွတ်လိုက်ရတာပေါ့။

ဆက်မမေးပေမယ့် သိပြီ။ အရှေ့မြောက်ဇာတိဆိုတဲ့ ထောင်အမှုထမ်းတွေဟာ "မန်ကျူကော"ခေတ်က ဒုက္ခရောက်ဖူးတဲ့လူတွေကြီးပဲ ဖြစ်ရမယ်။

ကျိအန်င်နည်းပြပေးလို့ ကျွန်တော်ကြွက်ခြောက်ကောင်ရတယ်။ ဝေါင်နဲ့ လျိုတို့ဟာ ဒီသတင်းကြားတော့ အင်မတန် ကြီးကျယ်တဲ့ကိစ္စကြီးကို ကျွန်တော်လုပ်ထားတဲ့အတိုင်းပဲ ကျွန်တော်ဖမ်းထားတဲ့ သတ္တဝါတွေကို ကြည့်ရအောင်လာပြီး ချီးမွမ်းစကား ပြောကြတယ်။ အဲဒီလိုလုပ်လေ ကျွန်တော်အနေကျပ်လေပဲပေါ့။ "မန်ကျူကော" ခေတ်က သားကောင်တွေက ကျွန်တော့်တိုးတက်မှုကို ဒါလောက်ဂရုစိုက်ပြီး ကူညီအားပေးနေချိန်မှာ ကျွန်တော်က သူတို့ကို လှည့်စားတုန်းပဲလို့ စိတ်ထဲမှာ ဖြစ်နေတယ်။

ဆေးခန်းကို ခါတိုင်းလိုပဲ နေ့စဉ်အလုပ်ဆင်းပြီး တံမြက်လှည်း၊ အဖျားတိုင်း၊ လျှပ်စစ်ကုထုံးလုပ်၊ တရုတ်ဆေးပညာလေ့လာ၊ ဂျပန်ပုပုကလည်း ကျွန်တော့်ကို ဦးညွတ်မြဲ။ ဒါပေမယ့် သူဟာ ဘာကြောင့် စကားပြောသွားတယ်လို့ ကျွန်တော် မကြားလိုက်ပါ။ **တရုတ်ဆေးပညာအခြေခံ**ကို နားမလည်တော့ဘူး။ သွေးစမ်းအဖျားတိုင်းလုပ်တဲ့အခါ အပြန်ပြန်အထပ်ထပ် လုပ်ရတယ်။ ညီမတွေ၊ ယောက်ဖတွေက သူတို့စာထဲမှာ သူတို့တစ်မျိုးပြီး တစ်မျိုးအောင်မြင်နေပုံကို ရေးတယ်။ ကျွန်တော်

လည်း မြန်မြန် ပုံစံသစ်ဝင်ပြီး သူတို့နဲ့ တပျော်တပါးလာနေရတော့မယ်လို့မျှော်လင့်တယ်လို့လည်း ပါတယ်။ အခုတစ်လောတော့ ဒီစာမျိုးကို ဖတ်ရတာ ဆဲစာနဲ့တူသလို ဖြစ်နေတယ်။

ဆောင်းဦးကြုံပြန်တော့ တွန်းပြီးကျောက်မီးသွေးအတောင့်လုပ်ကြတယ်။ ထောင်မှူးကလေးနဲ့ ကေဒါအကုန်လာပြီး ဆောင်းတွင်းအပူအိမ်အတွက် မီးစာလုပ်တာကို ကူညီကြတယ်။ ထောင်မှူး မြင်မှာကို သတိထားရှောင်ပြီး ကျောက်မီးသွေးကိုတော့ အစွမ်းရှိသလောက် သယ်ပေးလိုက်တယ်။ သူက ချီးမွမ်းရင် ကျွန်တော်တို့ အဆဲခံရသလို နေမယ်။

တစ်နေ့တော့ ကျွန်တော်လည်း ဟိုဟာဒီဟာ မအားရအောင်လုပ်ရင်းက လျပ်စစ်ကုထုံးပေးဘို့လှည့်သွားတော့ လူနှစ်ယောက်စောင့်နေတာ တွေ့ပါတယ်။ ဂျပန်ကို ထုံးစံမို့အရင်လုပ်ပေးမယ်ပြင်တော့ သူတို့က တရုတ်လို ဟိုလူကို အရင်လုပ်ပေးပါ။ ကျွန်တော်က အရင်မလိုပါဘူးလို့ပြောတယ်။ မဟုတ်တာဗျာ၊ ခင်ဗျားအရင်ရောက်လို့ ခင်ဗျားကို အရင်ပြုစုထိုက်ပါတယ်လို့ ကျိအန်တိုင်ရှိအက်စစ်တရားခံက ပြောလိုက်တယ်။ ကိစ္စမရှိပါဘူးဗျာ၊ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်တော်က စောင့်အားရှိသဗျ၊ ကျွန်တော်လွတ်တော့မှာလို့ ရှင်းလင်းချက်ပေးနေပါတယ်။

သူဒါလောက် တရုတ်လိုပြောတတ်မှန်း ကျွန်တော်အရင်က သတိမထားမိဘူး။ ဒီတော့ ဟိုလူကိုပြုစုရင်း သူ့ဘက်ကို ခဏခဏလှည့်ကြည့်မိတယ်။ သူကတော့ တစ်ဖက်နံရံကို ဝမ်းပမ်းတနည်းကြည့်နေတယ်လို့ ထင်တယ်။ ပြီးတော့ မျက်နှာကြက်ကို မော့ကြည့်နေပြန်တယ်။

'မန်ကျူကော' ခေတ်ကပေါ့၊ ဒီအခန်းဟာ တရားခံညှဉ်းတဲ့အခန်းပဲလို့ အသံတိုးတိုးနဲ့ သူပြောလိုက်တယ်။ သူဘာသာပြောတဲ့အနေမျိုးလည်း ဖြစ်နိုင်တယ်။ မျိုးချစ်တရုတ် ဘယ်လောက်များများ အညှဉ်းခံလိုက်ရသလဲလို့ စာရင်းအတိအကျသိတဲ့လူ မရှိဘူးထင်တယ်။

တော်တော်ကလေးရပ်သွားပြီးမှ မျက်နှာကြက်ကို လက်ညှိုးထိုးပြီး ဟိုတုန်းက အပေါ်က ကြိုးတန်းလန်းတွေ ချထားတယ်။ နံရံမှာတော့ သွေးချည်းပဲ။ သူ့မျက်လုံးဟာ နံရံကို တစ်ပတ်လှည့်ကြည့်ပြီး မှန်တံခါးနဲ့ ဗီရိုကိုကြည့်ပြန်တယ်။ တော်တော်အချိန်ကြာအောင်ငြိမ်နေပြီးမှ တရုတ်အမျိုးသားတွေ ဒီအခန်းကိုပြင်ဆင်နေတာမြင်တော့ ကလဲ့စားချေဖို့ လုပ်နေကြပြီလို့ပဲ ကျွန်တော်တို့တွက်ပါတယ်။ အဝတ်ဖြူဝတ် ဆရာဝန်တွေ ဝင်ထွက်နေတာမြင်တော့ ငါတို့ကို အရှင်လတ်လတ် ခွဲစိတ်ဖြတ်တောက်ပြီး ဆေးနည်းကုထုံး ရှာကြတော့မယ်ပဲ ယူဆလိုက်တယ်။ ဆေးခန်းဖွင့်ပြီး ကျွန်တော်တို့ရဲ့ ရောဂါတွေကို ကုပေးလိမ့်မယ်လို့ နည်းနည်းမှ မမျှော်လင့်ဘူး။ သူ့အသံဟာတိမ်ပြီး ငိုရှိုက်သံနဲ့ ရောသွားပါတယ်။

ကျအန်တိုင်ရှိအက်စစ်တရားခံ ထွက်သွားပါပြီ။ ကျွန်တော်က ဂျပန်ကို သူ့အလှည့်ရောက်ပြီလို့ ခေါ်လိုက်ပါတယ်။ သူကထရပ်လိုက်ပြီး ရိုရိုသေသေနဲ့ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ဒီတစ်ခါ ဒီအခန်းထဲကို ဆေးကုဖို့လာတာ မဟုတ်ပါဘူး။ ဒီအခန်းကို ကြည့်ချင်လို့ပဲလာပါတယ်။ ဒေါက်တာဝင်ကို မတွေ့ရလို့ နှုတ်မဆက်ရတော့ဘူး။ ကျွန်တော်တို့မှာ ကျေးဇူးတင်စကား ပြောခွင့်ရှိမယ်လည်း မထင်ပါဘူး။ ဒါကြောင့် ကျွန်တော့အမေကိုယ်စားသူ့ကို ကျေးဇူးတင်တယ်လို့တဆိတ် ပြောပေးပါ။ ဒေါက်တာကိုလည်း ကျေးဇူးတင်ပါတယ်တဲ့။ ကျွန်တော်ဒေါက်တာ မဟုတ်ဘူး။ **ပုယီ**လေလို့ ကျွန်တော်ပြောပေမယ့် သူစကားပြန်ပေးသလား မပြန်လား မသိလိုက်ပါ။ သူဟာ ဦးညွှတ်မြဲ ညွှတ်ပြီး ထွက်သွားပါပြီ။

ကျွန်တော်တော့ စိတ်ထဲမှာ ဆက်ပြီး မျိုသိပ်မထားနိုင်တော့ပါ။ ထောင်မှူးကို ရှင်းပြလို့ သဘောပေါက်ချင်မှပေါက်မယ်။ ဒါပေမယ့် ဒီမှုသားကိုတော့ ရှင်းရမယ်။

ထောင်မှူးကြီးရောက်နေချိန် ကြုံတယ်။ သူကပဲစကားပြောဖို့ ခေါ်လို့ သွားရပါတယ်။ အခန်းတံခါးဖွင့်လိုက်တော့ မြင်နေကြ ခေါင်းဖြူကြီးဟာ စက္ကူပုံတွေနောက်မှာ ထိုင်နေလေရဲ့။ ထိုင်ပါပြောပြီး တစ်အောင့်ကြာမှာ ဖတ်လက်စ စာရွက်ကိုဖယ်ပြီး မော့ကြည့်တယ်။

ခင်ဗျားတို့နေတဲ့ အခန်းမှတ်တမ်း ပြန်ကြည့်နေတယ်။ ဘယ်နှယ့်နေကြသလဲ။ အခုလောလောဆယ် သဘောတရားရေးပြဿနာများ ပေါ်ကြသေးသလား။ အဲဒီလို သူကစပြီးမေးပါတယ်။

တကယ့်အရေးပါတဲ့ တစ်ခဏမှာ ကျွန်တော်တွန့်နေပြန်ပြီ။ ကျွန်တော်တို့ အခန်းတူနေတွေရဲ့ အစည်းအဝေးမှတ်တမ်းတွေကို ဖေးကြည့်နေပြီး သူတို့ တစ်သဘောတည်း၊ တစ်စိတ်တည်းကျွန်တော့်ကို ဝိုင်းပြီးတိုက်ခိုက်ကြတာကို တွေးမိတယ်။ အခုမှန်တာကိုပြင်ပြောပေမယ့် အများနဲ့တစ်ယောက်မို့ အရာရောက်ပါ့မလားလို့လည်း စိတ်ထဲမှာ သံသယဖြစ်တယ်။ ဒါပေမယ့် ဒီလိုလှည့်စားတာမျိုးကိုဆက်ပြီး မအောင့်ထားနိုင်တော့။ ဒါနဲ့– သူက ခင်ဗျားတို့အစုဆွေးနွေးပုံကို ပြောစမ်းပါလို့ပြောတော့ ကောင်းပါတယ်။ ကျွန်တော်တို့တွေးပုံကို ကောက်ချက်မှန်အောင် ချနိုင်တယ်လို့ ဖြေလိုက်တယ်။ ထောင်မှူးကြီးက မျက်ခုံးပင့်ပြီး အင်း– ဒါထက် နည်းနည်းစုံအောင် ပြောဦးလေဗျာလို့ ဆိုပြန်တယ်။ ကျွန်တော် အသက်ရှူလို့မမှန်ဘူးလို့ သတိထားမိတယ်။ အဲဒါပြောတုန်းက ကျွန်တော်မှန်တာကို ပြောတာပါ။ ကြောင့်ကြစိတ်တွေ များလွန်းလို့ ပြည့်စုံအောင် မပြောမိဘူးလို့ပြောတဲ့ နိဂုံးချုပ်စကားဟာလည်း အင်မတန်မှန်ပါတယ်။ ဒါပေမယ့် တစ်နေရာ၊ နှစ်နေရာမှာ ကျွန်တော်နည်းနည်း ဆွဲသွားတဲ့အခါ သူကဆက်လေဗျာ၊ ခင်ဗျားတွေးပုံကို ကျွန်တော် ဘယ်လောက်သိချင်နေတယ်ဆိုတာ ခင်ဗျား သိတယ်မဟုတ်လားတဲ့။

ဖြစ်သမျှ ကုန်စင်အောင်ပြောပြဖို့ လိုပြီလို့ ကျွန်တော်သိပါတယ်။ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေရင်း အားလုံးအပြည့်အစုံကို မနားမရပ်ဘဲပြောချလိုက်တယ်။ သူကလည်း အင်မတန်ဂရုစိုက်ပြီး စေ့စေ့စပ်စပ် နားထောင်တယ်။ ကျွန်တော်ဆုံးတော့ ဒါလေးပြောဖို့ ဘာပြုလို့ ဒါလောက်ခက်နေရတာလဲ။ ခင်ဗျား ဘာကိုကြောက်နေရတာလဲလို့ မေးတယ်။ ကျွန်တော်က တစ်ယောက်တည်း၊ အားလုံးနဲ့ဆန့်ကျင်ပြီး ပြောရမှာ ကြောက်တယ်လို့ဆိုတော့ သူက အင်မတန်တည်တည်ကြီးလုပ်ပြီး **မှန်တာပြောတဲ့လူဟာ ကြောက်ဖို့မရှိဘူး အစိုးရဟာ အမှုကိစ္စကို မစုံစမ်းတတ်ဘူး၊ ဆုံးဖြတ်ချက် မချတတ်ဘူးလို့ ထင်နေတုန်းဘဲလား။ တကယ့်လူဖြစ်ချင်ရင် သတ္တိလိုတယ်လို့ ခင်ဗျား တကယ်သဘောမပေါက်သေးဘူး။ မှန်တာပြောဖို့ ခင်ဗျားမှာ သတ္တိလိုသေးတယ်လို့** သူကပြောလိုက်တယ်။

ကျွန်တော်ငိုတယ်။ ဘာမဆို သူဟာ ဒီလိုပြတ်ပြတ်သားသား မြင်တတ်မယ်လို့ အရင်က မထင်မိဘူး။ ကျွန်တော်ပြန်ပြောစရာ တကွက်မှ မကျန်ဘူး မဟုတ်လား။

## အထူးချွင့်လွှတ်ချက်

**တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက အမျိုးသားပြည်သူ့ကွန်ဂရက်ရဲ့ အမြဲခန့်ကော်မတီကို တင်သွင်းတဲ့အဆို–**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက အမျိုးသားပြည်သူ့ကွန်ဂရက်ရဲ့ အမြဲခန့်ကော်မတီကိုပြုပြင်ပြီးတဲ့ စစ်တရားခံတွေးတန်ပြန်တော်လှန်ရေးသမားတွေ၊ သာမန်ရာဇဝတ်ကျူးလွန်သူတွေထဲက တချို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးရဲ့ ဆယ်နှစ်မြောက်ပွဲမှာ အထူးခွင့်လွှတ်ခြင်း ပေးသနားရန် အဆိုပြုတင်ပြပါတယ်။

ကျွန်တော်တို့နိုင်ငံတွင်းမှာ ဆိုရှယ်လစ်တော်လှန်ရေးနဲ့ ဆိုရှယ်လစ်တည်ဆောက်ရေးတွေမှာ အောင်ပွဲကြီးကြီးကျယ်ကျယ် ရခဲ့ကြပြီးပါပြီ။ အမိနိုင်ငံဟာလည်း ဖွံ့ဖြိုးတိုးတက်ပြီးတော့ ထုတ်လုပ်ရေး၊ တည်ဆောက်ရေးတွေဟာလည်း အပြိုင်အဆိုင်တိုးတက်ချီတက်နေကြပြီမို့ ပြည်သူတွေရဲ့ နေမှုအဆင့်ဟာလည်း မှန်မှန် တိုးတက်မြဲတိုးတက်နေပါပြီ။ ပြည်သူ့ဒီမိုကရက်တစ်အာဏာရှင်အစိုးရဟာ ရာဇဝင်မှာ မကြုံစဖူးတောင့်တင်းသန်စွမ်း နေပါပြီ။ တစ်နိုင်ငံလုံးမှာ နေထိုင်ကြတဲ့ ပြည်သူလူထုဟာလည်း နိုင်ငံရေးနိုးကြားမှုရှိပြီး အရင်အရင်များကထက် ပိုပြီးစည်းရုံးကြပါတယ်။ နိုင်ငံရဲ့ နိုင်ငံရေး စီးပွားရေးအခြေအနေဟာ အများကြီးကောင်းတဲ့အဆင့်ကို ရောက်နေပါတယ်။ တန်ပြန်တော်လှန်ရေးသမားနဲ့ တခြားရာဇဝတ်တရားခံတွေအပေါ်မှာ ဒဏ်ထားပေမယ့် ညှာတာမှုစွက်ရမယ်ဆိုတဲ့ ပါတီနဲ့ပြည်သူ့အစိုးရရဲ့ဝါဒ၊ သဘောတရားရေးသွန်သင်တုန်း အလုပ်လုပ်ခိုင်းရင်း ပြုပြင်ပေးရမယ်ဆိုတဲ့ တွဲဖက်နည်းဝါဒ

တွေဟာ လက်တွေ့စမ်းသပ်လို့ အများကြီးအောင်မြင်နေပါတယ်။ ထိန်းသိမ်းထားတဲ့ အကျဉ်းသားအများစုဟာ တစ်နည်းမဟုတ်တစ်နည်း တိုးတက်ပြီး အတော်များများ ဟာ အမှန်တကယ် လုံးဝပြုပြင်သွားပြီဖြစ်တယ်။

အခုလို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်လို့ဆယ်နှစ်ပတ်လည် လုပ်တဲ့ပွဲသဘင်ကြီးတဲ့အခါမျိုးဟာ စစ်တရားခံတွေ၊ တန်ပြန်တော်လှန်ရေးသမား တွေ၊ သာမန်ရာဇဝတ်တရားခံတွေထဲက အမှန်ပြုပြင်သွားသူတွေကို ရွေးထုတ်ပြီး အထူးခွင့်လွှတ်ချက်ပြုရရင် ဆီလျော်တဲ့အခါပဲလို့ဆိုရမယ်။

ဒီလိုလုပ်ရင် ရန်ဘက်သဘောရှိတာတွေဟာ မိတ်ဖတ်သဘောကို ပြောင်း လာဖို့ အလားအလာရှိမယ်၊ ဆက်ပြီး ပုံသစ်လောင်းတဲ့ အလုပ်တွေကို အထောက် အကူပြုမယ်။ ဆက်ပြီး အချုပ်ခံနေရဦးမယ့် ရာဇဝတ်တရားခံတွေအတွက်လည်း စံနမူနာရသွားမယ်။ ကျွန်တော်တို့ရဲ့ မဟာဆိုရှယ်လစ်စနစ်လက်( ဘ်မှာ ပြုပြင် မယ်ဆိုရင် အနာဂတ်ရေးသာယာတယ်လို့ သူတို့သဘောပေါက်လာမယ်။

ဒါကြောင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက အမျိုးသားပြည်သူ့ ကွန်ဂရက်ရဲ့ အမြဲခန့်ကော်မတီကို အခုအဆိုကို တင်ပြပါတယ်။ သင့်မြတ်တဲ့ ဆုံးဖြတ်ချက်ပါရန် ဖြစ်ပါတယ်။

၁၉၅၉ခု၊ စက်တင်ဘာ ၁၄

မမ်စည်တုန်င်
တရုတ်ကွန်မြူနစ်ပါတီ၊
ဗဟိုကော်မတီ ဥက္ကဋ္ဌ။

အဲဒီလမ်းကြောင်းကိုလိုက်ပြီး အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲခန့် ကော် မတီက ဆုံးဖြတ်ချက်တစ်ခုချခဲ့လို့ **စက်တင်ဘာလ ၁၇ ရက်မှာ ဥက္ကဋ္ဌ လျိုရှိုပ်ကျိုက** အထူးခွင့်လွှတ်ချက်ကို ကြေညာပါတယ်။ ဥက္ကဋ္ဌမပ်ရဲ့ အဆိုပြုချက်နဲ့ ဥက္ကဋ္ဌလျို ရဲ့ အမိန့်ကို ဆောင်ကကြားရတော့ ဝမ်းသာကြပုံဟာ မေ့ပျောက်မရနိုင်အောင် ထူးခြားပါတယ်။ သတင်းကြေညာသူက နောက်ဆုံးဝါကျကို ဖတ်ပြီးတဲ့အခါရေဒီယို မှာ ဝိုင်းနေကြတဲ့လူတွေဟာ ခဏကလေးမှင်တက်မိပြီး ငြိမ်နေရာက ဖြုံးခနဲပွက် ပွက်ဆူသွားအောင် လက်ခုပ်တီးကြ၊ ကြွေးကြော်သံတွေ အော်ကြနဲ့ ညံသွားတာပဲ။ ဖြောက်အိုးမီးအိုး အထုပ်လိုက် ဖောက်ချသလားထင်ရတယ်။ အဲဒီလို ဆူညံနေတာ အကြာကြီးပါဘဲ။

အဲဒီစက်တင်ဘာလ ၁၈ ရက် မနက်စပြီး အကျဉ်းထောင်တစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်နေပါတယ်။ ထင်မြင်ချက်မျိုးစုံ ပြောကြတယ်။ ပါတီနဲ့ အစိုးရဟာ ပြောတဲ့အတိုင်းအမြဲလုပ်တယ်။ ကျွန်တော်တို့မှာ ရှေ့အဖို့ လုပ်စရာမျှော်လင့်ချက် တွေက တသီကြီး ရှိလာပြီ။ တယ်မကြာဘူး အပြင်လောကကို ထွက်ကြရတော့မယ်။ ကျွန်တော်တို့ကို တသုတ်ပြီး တသုတ်လွှတ်မှာဘဲပေါ့။ ဟာ ဘယ်ဟုတ်မလည်း၊

တပြိုက်နက် အကုန်လွတ်မှာပါ။ ဟိုလူတွေက အရင်လွတ်မယ်ထင်တယ်။ အဲဒီလိုမျိုး စုံအောင်ပြောနေကြပေမယ့် ကျွန်တော်တို့ လူတိုင်းသိတဲ့အချက်ကတော့ ပြုပြင်နိုင်တဲ့ အဆင့်ပေါ်မှာ လိုက်ပြီး ခွင့်လွတ်ချက်လာမှာပါ။ ဒါကြောင့် အခု အခိုက်အတန့်မှာ ခပ်ပေါ့ပေါ့နေမိသူတွေလည်း နောင်တရကြတယ်။ တချို့ကလည်း အလိမ်မာသဘောနဲ့ ကျွန်တော်တို့ လိုအပ်တဲ့အဆင့်မမီသေးပါဘူးဗျာလို့ အပြင်မှာပြောပြီး တိတ်တဆိတ် အထုပ်အပိုးပြင်တယ်။ မှ ၊ ့ဟောင်းတွေမီးရှို့တယ်။ အဝတ်နွမ်းတွေ ပစ်တယ်။ ဒီလိုလူလည်းရှိပါတယ်။

ခဏအနားယူချိန်မှာ တစ်ဝင်းလုံး အုန်းအုန်းကျွက်ကျွက် စကားပြောနေကြတယ်။ အဘိုးကြီး ယွန်က အဘိုးကြီး ယှီအင်ကို ကျွန်တော်တို့အထဲက ဘယ်သူ အရင်ကျမလဲဗျလို့ လှမ်းမေးလိုက်တယ်။ အခုတစ်လော လေ့လာရေးမှာ အတိုးတက် ဆုံးလူ ဖြစ်ရမယ်။ ခင်ဗျား မျှော်လင့်ချက်ရှိတယ်ဗျလို့ ပြန်ဖြေတယ်။ မဟုတ်ဘူးဗျ။ အဲဒီလူဟာ ခင်ဗျားပဲလို့ ပြန်ပြောနေတယ်။ ကျွန်တော်လား၊ ဆိုပါတော့ဗျာ။ ခင်ဗျားတို့အရင် ကျွန်တော်လွတ်ရင် ပီကင်းသွားပြီး ဟိုက လက်ဆောင်ကောင်း ပို့ပေးမယ် စိတ်ချ။ ပီကင်း ဇွန်ပလွန်တော့ စားချင်လှပြီလို့ သူက အဆုံးသတ် လိုက်တယ်။

ဝင်းကနေရာက အာကျယ်ကြီး အသံကို ကြားနေရတယ်။ လွတ်ရင်လည်း အကုန်၊ မလွတ်သေးလည်း အကုန်ပဲ ဖြစ်သင့်တယ်လို့ပြောတော့ တစ်ယောက်က ခင်ဗျားကိုယ့်ကိုယ်ကို တယ်အထင်သေးတဲ့လူပဲ။ တစ်ယောက်တည်းကျန်ရစ်မှာ ကြောက်တယ်ဟုတ်စလို့ ဆိုလိုက်တယ်။ ဒီတော့ သူက ဝေးသေးတယ်။ ပုယီကို မချန်ရင် ကျွန်တော့်ကို ဘာပြုလို့ချန်ရမှာလဲတဲ့။ သူ ပြောတာမှန်မယ်လို့ ကျွန်တော် ကိုယ်တိုင်လည်း ထင်ပါတယ်။ နောက်တစ်နေ့ ထောင်မှူးလေးက အထူးခွင့်လွှတ် ချက်ကို ဘယ်လို သဘောရသလဲလို့ မေးလာပါတယ်။ ကျွန်တော်လည်း ကိုယ့်ဘာသာ ပုံစံသစ်လောင်းလို့ရတယ်ပဲထား။ ကျွန်တော်နောက်ဆုံးလူဖြစ်မှာပဲ ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တော့ အပြင်းအထန်ကြိုးစားမယ်လို့ ပြန်ဖြေမိတယ်။

လူတိုင်းကိုလည်း ခွင့်လွှတ်တယ်။ ထောင်ကလွတ်တယ်ဆိုရင် သားမယားဆီ ပြန်ရမယ်ဆိုပြီး မြူးနိုင်တယ်။ ကျွန်တော့်မှာ မြူးစရာမရှိပါဘူး။ အမေဆုံးပြီး ဘာကြာပြီ။ အဖေက **၁၉၅၁** ခုနှစ်ကပဲ ဆုံးတယ်။ နောက်ဆုံးကျန်နေတဲ့ မယားက **၁၉၅၆** ခုနှစ်ကပဲ ဟရားဝင် ကျွန်တော်နဲ့ ကွာရှင်းပြီးဖြစ်ပါတယ်။ သူတို့ အသက် ရှင်နေသေးရင်လည်း ကျွန်တော့်ကို သူတို့နားလည်မှာ မဟုတ်ဘူး။ ဒီက လူတွေကသာ နားလည်ကြလို့ ကျွန်တော်ကို လူတစ်ယောက်ဖြစ်အောင် ဖန်တီးပေးနိုင်ကြတယ်။ သူတို့က ဒါမျိုးလုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ပြောလေ့ရှိကြတာက ထောင်ကလွတ် လိုက်ရင် လွတ်လွတ်လပ်လပ်နဲ့ တာဝန်ပေါ့ပေါ့နေရမယ်လို့ ဆိုတယ်။ ကျွန်တော့် မှာတော့ ထောင်ထဲမှာပဲ အမှန်ကိုသိပြီး အလင်းရောင်ရခဲ့တယ်။ ကမ္ဘာလောကကို

သိနိုင်ဖို့ လွတ်လပ်ခွင့်ရခဲ့တယ်။ ကျွန်တော့်အမြင်တော့ ခွင့်လွတ်ချက်ဆိုတာ ကျွန်တော့်လူဖြစ်ပြီလို့ အသိအမှတ်ပြုတာပဲ ဖြစ်မယ်။ ဘဝသစ်စနိုင်မယ်။ အဲဒါကတော့ တကယ့်ကို ခရီးရောက်မယ့်ကိစ္စ ဖြစ်မယ်ပေါ့။

အဘိုးကြီးဝန်က ကျွန်တော့်ဆီကို စာတစ်စောင် မကြာသေးခင်ကပဲရောက်လာပါတယ်။ ဘူမိဗေဒသင်နေတဲ့ သူ့သားဟာ ယိလီအင်တောင်ကို မရအရတက်ဖို့ တောင်တက်သမားတစ်စုကို ခေါင်းဆောင်ရမယ်လို့ စကားပါတယ်။ သူပုန်ကိုနှိမ်ပြီးကြလို့ တောင်ထွတ်ကို တိုက်ခိုက်ကြဦးမယ်။ သူ့စာကို ဖတ်ရတာနဲ့ သူဟာ ဘယ်လောက်ပျော်ပြီ ဘယ်လောက်ဂုဏ်ယူနေတယ်ဆိုတာ သိနိုင်တယ်။ သူ့သားကို ရှေးကပုံစံ အစုတ်အပြတ်က ကင်းဝေးတဲ့ အခုအခြေအနေနဲ့တွေ့လို့ ဝမ်းသာတယ်ဆိုတာ အရင်ကပဲ မကြာခဏ ပြောဖူးခဲ့တယ်။ အခု အခြေအနေအတိုင်း ပြောရရင် သူ့သားဟာ အင်မတန်ကို ကြီးပွားအောင်မြင်မယ့် အရိပ်အယောင်ကို ပြနေတယ်။ ဒီခေတ်သာမရှိရင် သူ့မှာလည်း ဒီသားမျိုးမရနိုင်ဘူး။ သူကိုယ်တိုင်လည်း သဘောသရုပ်မှန်ကိုဖော်ထုတ်ပြီး ဆိုရှယ်လစ်လူ့ဘောင်သစ်ထူထောင်ရေးမှာ တာဝန်သိတဲ့ တရုတ်ပြည်သူစစ်တစ်ယောက်အနေနဲ့ ပါဝင်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရှေးရှေးက မခံစားဖူးတဲ့ ပျော်ရွှင်မှုကို သူနဲ့အတူ ကျွန်တော်လည်း မကြာခင်ခံစားရတော့မယ်လို့ သူမျှော်လင့်ပါသတဲ့။ ကျွန်တော်လည်း လမ်းမှန်အတိုင်း ဦးလည်မသုန်သွားနေတယ်လို့ သူယုံတယ်တဲ့။

အထူးခွင့်လွှတ်ချက်ကို ကြေညာပြီးလို့ တစ်လကြာတဲ့အခါ ကျွန်တော်တို့ တစ်ကြိမ် အပြင်ထွက်ခွာကြရပြန်တယ်။ ဒီတစ်ခါတော့ ရှဲယန်င်နားက တဟုအောဖုန်ဆန်ကို သွားကြမယ်။ အဲဒီနေရာကို ၁၉၅၇ခု ရောက်ဖူးတုန်းက မြစ်ဝှန်းတစ်ခုလုံးမှာ အဆုံးအဆမရှိတော့ဘူးလို့ ထင်ရလောက်အောင် များတဲ့လူထုက ထွက်ပြီးအလုပ်လုပ်နေတာ မြင်ခဲ့ပါတယ်။ စားပွဲတင်ပုံစံကို ကြည့်ရဖူးလို့ ဒီဆည်က ရေကို ကျူဗစ်မီတာ ၂၁၁ ကုဋေ လှောင်ထားနိုင်တယ်။ နှစ်တစ်ထောင်ကြာမှ တစ်ကြိမ်လောက်ဖြစ်မယ့် ရေဘေးဒုက္ခကြီးဖြစ်နိုင်အောင် များတဲ့ရေလို့ အလွယ်ပြောလိုက်တယ်။ လယ်မြေကေဟက်တာပေါင်း ရှစ်သောင်းကို ရေပေးနိုင်မယ်ပေါ့။ အခု ဒုတိယအကြိမ် အဲဒီဆည်ကို ရောက်သွားတော့ ဆည်ကြီးပြီးလို့ အသုံးချနေတာတောင် တစ်နှစ်ကြာပြီတဲ့။ လူလုပ်တဲ့ ပင်လယ်ကြီးကို မျက်စိတစ်ဆုံး တွေ့မြင်နေရတယ်။ ဆည်ရိုးဟာ **၄၈မီတာ**မြင့်တယ်။ ထိပ်မှာ **၈မီတာ**ကျယ်တယ်။ အခြေမှာ **၃၃၀မီတာ** ကျယ်တယ်။ အလျားမီတာ **၁၃၆၇** ရှိတယ်။ မန်ကျူကောနိုင်ငံက အတိုင်ပင်ခံအဖွဲ့ အထွေထွေဌာန ဒုတိယ ဉက္ကဋ္ဌလုပ်ခဲ့တဲ့ ဂျပန်စစ်တရားခံ ဖုရုမိတဒဟုကိဟာ အဲဒီခရီးအပြန်မှ သူ့ထင်မြင်ချက်ကို အပန်းဖြေခန်းမှာလာပြီးပြောပြတယ်။ သူ့အပြောက ဒီလိုပါ။

တဟုအောဖုန်ဆည်ပေါ်မှာ ရပ်နေရင် ကြီးမားပုံ၊ လှပပုံ၊ ဆိတ်ငြိမ်ပုံ သာယာပုံကြောင့် အံ့အားသင့်နေမိခဲ့ပါတယ်။ သဘာဝကို လူကနိုင်တဲ့ အောင်ပွဲကြီးလို့ပဲ

ယူဆပါတယ်။ သဘာဝကို ဆက်ပြီး အောင်နိုင်သွားမယ့် တရုတ်ပြည်သူတွေရဲ့ ဂုဏ်ယူစရာ၊ ဝမ်းသာစရာ မှတ်တိုင်ကြီးတစ်ခုပါပဲ။ ဒီဆည်ကို မြင်ရတော့အရင်က ကျွန်တော်ဟာ အထွေထွေဌာန စီမံကိန်းခေါင်းဆောင်ဘဝ၊ စီးပွားရေး ဒုတိယဝန်ကြီးဘဝ၊ အထွေထွေဌာန ဒုတိယ ဉက္ကဋ္ဌဘဝတုန်းက ရွှယ်ဖွဲ့နဆည်ပေါ်မှာ ဒီလိုရပ်ကြည့်ခဲ့ဖူးတာကို သတိရပါတယ်။ ဟိုတုန်းက ဒီလို သဘာဝကို ဖက်ပြိုင်ပြီး ဒီလောက်ကြီးကျယ်တဲ့စီမံကိန်းဆိုတာ အာရှမှာ တို့ဂျပန်ပဲလုပ်နိုင်တယ်လို့ ကြွားဝင့်တဲ့စိတ်ဖြစ်မိခဲ့ပါတယ်။ တရုတ်ဆိုရင် ကျွန်တော် မုန်းတီးရွံရှာခဲ့ပါတယ်။ အဲဒီလို ဟာမျိုးလုံးဝ လုပ်နိုင်စွမ်းမယ်လို့ နည်းနည်းမှမထင်ဘူး။ တရုတ်လုပ်သားဟာ စောင်စုတ်ကိုဝတ်ထားလေတော့ ဒါနဲ့လုံးဝ မတူတဲ့သတ္တဝါအမျိုးအစားလို့ပဲ ယူဆထားပါတယ်။ သူတို့အပေါ်မှာ တစ်ဖက်စီးယူပြီး မောက်မာခဲ့ပါတယ်။ ငါဟာ ကြီးကျယ်မြင့်မြတ်စွမ်းပကားရှိတယ်လို့ ထင်ခဲ့မိပါတယ်။

အခု တယုအောဖုန်ဆည်ကို ဆောက်တဲ့လူတွေဟာ ကိုယ်စွမ်းကိုယ်စကို အပြည့်အဝယုံကြည်ပြီး လုံ့လဝီရိယအရာမှာ အခေါင်အထွတ်ဖြစ်တယ်လို့ မြင်ရပါပြီ။ ကိုယ့်ကျိုးကိုယ့်စီးပွားကို စွန့်ပြီး အပင်ပန်းခံကြတယ်လို့လည်း သိရတယ်။ သူတို့ဟာ အင်မတန် နီးကြားထကြွရှိပြီး ကျေနပ်နှစ်သက်တဲ့ပီတိ၊ ကိုယ့်စွမ်းအားမှာ ဂုဏ်ယူတဲ့ ပီတိတွေဟာ မျက်နှာမှာ ပေါ်လွင်တောက်ပနေတာ မြင်သာပါတယ်။ ဒီဆည်တစ်ထောင့်ကကပ်ပြီး ရပ်ကြည့်နေတဲ့ကျွန်တော်ဟာ အဲဒီတရုတ်ပြည်သူတွေကို အင်မတန်ဆိုးဝါးတဲ့နည်းတွေနဲ့ ညှဉ်းခဲ့တဲ့ စစ်တရားခံပါပဲ။ ဘယ်သူ့ဘက်က မှန်သလဲတဲ့။

တစ်ဖက်မှာ ဒီပီတိဖြာနေတဲ့မျက်နှာနဲ့ တရုတ်ပြည်သူ၊ တစ်ဖက်မှာ စစ်တရားခံ။ ကျွန်တော့်အတွေးထဲမှာပဲ ကျွန်တော်တစ်ဖက်ကထွက်ခဲ့ပြီး အမှန်ဘက်ကူးလိုက်ပါတယ်။ ဒါကိုလုပ်မှ အမှန်ဆုံးလို့ ဆယ်နှစ်ဆယ်မိုး တွေးပြီးမှ ရတဲ့အဖြေဖြစ်တယ်။

အရင် ဆယ်နှစ်အတွင်းမှာ အမှန်နဲ့အမှားကိုခွဲသိအောင် အောက်ခြေကစပြီး သင်ခဲ့ရပါတယ်။ ကိုရီးယားစစ်မှာ နိုင်တယ်။ ဂျပန်စစ်တရားခံတွေက ဝန်ခံချက်တွေပေးတယ်။ တရုတ်သံတမန်တွေ ပြောရေးဆိုမှုအောင်မြင်လို့ ကမ္ဘာနိုင်ငံတွေအလယ်မှာ အရင်က မရဘူးတဲ့ ကောင်းသတင်းကျော်ကြားတယ်။ နိုင်ငံတွင်းပြောင်းလဲပုံ၊ လူမှုရေး ပြောင်းလဲပုံ၊ ကျွန်တော်တို့ အမျိုးသား၊ ကျွန်တော်တို့အမျိုးတွေနဲ့ ကျွန်တော်ကိုယ်တိုင် ပြောင်းလဲလာပုံအားလုံးဟာ ကွန်မြူနစ်ပါတီခေါင်းဆောင်တဲ့ ကျေးဇူးတွေပေါ့။ အဲဒီကွန်မြူနစ်ပါတီအပေါ်မှာ အရင်ကတော့ ကျွန်တော်ဟာ မုန်းတီးစိတ်အပြည့်။ သူတို့ဘာလုပ်လုပ် ငါ့အတွက် ငါ့နိုင်ငံအတွက် ငါ့အမျိုးအတွက် ဘာမှ မအောင်နိုင်ဘူးလို့ ကြိုတင်ဆုံးဖြတ်ချက်အပြည့်၊ ကြောက်စိတ်အပြည့် ဒီဆယ်နှစ်အတွေ့အကြုံနဲ့ အရင့်အရင်ရာစုတွေကို ပြန်ပြတဲ့ရာဇဝင်သဘောကို ဆန်းစစ်

ကြည့်တော့ နောက်ဆုံး ဆုံးဖြတ်ချက်ကို ပေးနိုင်စွမ်းရှိတဲ့အားဟာ ကျွန်တော် ရွံမုန်းတဲ့ ပြည်သူပဲဖြစ်တယ်လို့ ရှင်းရှင်းကြီးသိလာပါပြီ။ ကျွန်တော့်ဘဝရဲ့ ပထမပိုင်းဟာ အပျက်အစီးနဲ့ပဲ နိဂုံးသတ်ရမှာဆိုတော့ မလွှဲမသွေဖြစ်ရမယ့်ကိစ္စလို့ သိပါပြီ။ ကျွန်တော် အားကိုးခဲ့တဲ့ နယ်ချဲ့ရယ်၊ ပေ့ယန်င်တန်ခိုးရှင်တွေဆိုတဲ့ ဖောက်ပြန်ရေးသမားတွေလည်း ပြိုကွဲပျက်စီးရမှာပါပဲ။ ကျဲန်ပစ်ရှန်၊ ကျဲန်င်ယိုယူ၊ ယောရှိဩက၊ နတ်တွေ၊ ဘုရားလောင်းတွေအားလုံးဟာ ကျွန်တော့်ရှေ့ရေးကို မှန်အောင် မပြောနိုင်ကြဘူးလို့ သိပါပြီ။ အခုမှ ကျွန်တော်သိလာရတာက ကျွန်တော်ဟာ ကိုယ်စွမ်းကိုယ်စနဲ့ အလုပ်လုပ်ပြီး ကိုယ့်ဘဝကိုလည်း ထိန်းကျောင်းတယ်။ လူသားတွေ အတွက်လည်း ကိုယ့်အစွမ်းရှိသမျှ ကောင်းရာကောင်းကျိုး လုပ်သွားမယ်ဆိုတဲ့ လူစစ်တစ်ယောက်ဖြစ်ဖို့ ရှေ့ရေးရှိတယ်လို့ သိပါပြီ။ အကောင်းဆုံးရှေ့ရေးဟာ ပြည်သူလူထုနဲ့ တွဲဖက်ဆက်စပ်လို့ရတဲ့ အခွင့်အရေးကိုပဲ ဆိုလိုပါတယ်။

မှန်တဲ့ဖက်ကို လိုက်ပါတော့မယ်။ အဲဒီလို ဆုံးဖြတ်နိုင်ဖို့ သတ္တိလိုတယ်။ အထူးခွင့်လွှတ်ကြေညာချက်ဟာ ဒီလိုနေတဲ့သတ္တိကို ကျွန်တော်က အစအားလုံးကို ပေးပါတယ်။

ကျွန်တော့်တို့ အလုပ်ပိုလုပ်တယ်။ လေ့လာရေးပိုပြီး ဂရုစိုက်တယ်။ နောက်တစ်ကြိမ် ကျွန်တော်တို့ လေ့လာရေးတိုးတက်ပုံကို အကဲဖြတ်မယ့် အချိန်ကိုပဲ စိတ်စောနေကြပါပြီ။ စားကုန်ထုတ်အဖွဲ့က အဆင့်အတန်းမြင့်တဲ့ ပဲငါးပိလုပ်တတ်ပြီ။ မွေးမြူရေးအစုကလည်း သူတို့ဂက်တွေကို အများကြီးဝဖြိုးနေအောင် လုပ်နိုင်ပြီ။ ဆေးအဖွဲ့မှာ ကျွန်တော်တို့ဟာ အမှားတွေမလုပ်တော့ဘူး။ အာကျယ်ကြီးတောင် သူ့ကိုယ်သူ ထိန်းတတ်သွားပြီ။ ဘေးလူနဲ့ ရန်မဖြစ်တော့ဘူး။

တစ်လကျော်ကျော် ကုန်သွားပြန်ပြီ။ တစ်ညနေ ဧထောင်မှူးလေးက အထူးခွင့်လွှတ်ချက်အကြောင်း ကျွန်တော်နဲ့လာပြီး ဆွေးနွေးတယ်။ အရင်နှစ်လအတွင်း ခင်ဗျား ဘယ်လိုစဉ်းစားမိသလဲတဲ့။

စောစောက ကျွန်တော်ပြောခဲ့တာတွေ သူ့ကို ပြောပြတယ်။ တချို့တွေဟာ ကျွန်တော့်အထင်မှာ ပုံစံသစ် လုံးဝဖြစ်မြောက်သွားပြီ ထင်တယ်လို့လည်း ပြောမိတယ်။ အစားထုတ်အဖွဲ့၊ မွေးမြူရေးအဖွဲ့တွေ အောင်မြင်ပုံလည်း ထည့်ပြောတယ်။ လေ့လာရေးမှာ ထူးချွန်လို့ အချီးအမွှမ်းခံရတဲ့သူတချို့အကြောင်းလည်းပါတယ်။

တခြားလူတွေတော်တာကို ခင်ဗျားအခု ဖော်ထုတ်ချီးမွှမ်းနိုင်ပြီပဲလို့ သူက ပြုံးပြီးပြောတယ်။ ဆိုပါတော့ဗျာ။ ခွင့်လွှတ်ဆုမှာ ခင်ဗျားပါလာရင်ကောလို့ ဖျတ်ခနဲ မေးတယ်။ ကျွန်တော်က ရယ်ပြီး မပါနိုင်ပါဘူးလို့ဖြေလိုက်တယ်။

မပါနိုင်။ ကိုယ့်အခန်း ပြန်လာတော့လည်း ဒီအတိုင်းပဲ တွေးလာခဲ့တယ်။ ဒါပေမယ့် တကယ်လို့။ အဲဒါလောက် တွေးမိရုံနဲ့ တစ်ကိုယ်လုံး တင်းကျပ်လာတယ်။ နောက်ဆုံးသဘောကတော့ ခွင့်တော့လွှတ်မှာပဲ။ ညာမယ်။ သိပ်ပစ်စလက်ခတ်

ဖြစ် မသွားဘူး။ ကိုယ့်အတွေးထဲမှာ အဘိုးကြီးဝန်၊ ရွှေ့ကလေး၊ ကျွန်တော်။ အဲဒီလူတွေဟာ သာမန်ပြည်သူတွေနဲ့ ဒွေးရောယှက်တင်နေပြီး သာမန်ကိစ္စတွေပဲ လုပ်ကြရမယ်လို့ တွေးပြီးသားပါ။ အဲဒီလို အတွေးထဲမှာ ကျွန်တော့်ကို ဆေးရုံတစ်ခုမှာ လက်ထောက်ဆေးမှူး အလုပ်ပေးထားမယ်ပေါ့။ ဒီအလုပ်မျိုးရှိတယ်လို့ သတင်းစာတွေထဲမှာ ဖတ်ရပြီးပြီ။ ဒါပေမယ့် ပြည်သူက ကျွန်တော့်ကို သူတို့အထဲကတစ်ယောက်လို့ ထောက်ခံချက် ဘယ်နည်းနဲ့မှ မြန်မြန်ပေးမှာ မဟုတ်သေးပါဘူးလို့ တွက်တယ်။ ပြောစရာကောင်းမယ့် ရှေ့ရေးတွေးပြီး အိပ်မရ ဖြစ်ရပါသေးတယ်။

နောက်တစ်နေ့ အပန်းဖြေခန်းကို စုဝေးရောက်လာရမယ်လို့ ခေါ်ပါရော။ ကျွန်တော်တို့ရှေ့တည့်တည့်မှာ အဝတ်နီနီရဲရဲကြီး ဇာတ်ခုံအပြည့်တင်ပြီး ချိတ်ဆွဲထားတယ်။ သူ့မြင်ရတော့ အသက်ရှူမှားသွားတာပေါ့။ အဲဒီပေါ်မှာ ဖူရှန်တောင် စစ်တရားခံ အထူးခွင့်လွှတ်ရေး အစည်းအဝေးလို့ ရေးထားပါကလား။

ပြည်သူ့ခုံရုံးချုပ် ကိုယ်စားလှယ်၊ ထောင်မှူးနှစ်နဲ့ အခြားလူတချို့ စင်မြင့်ပေါ်မှာ ထိုင်နေကြတယ်။ အောက်ကလူတစ်သိုက် ငြိမ်လို့၊ ကျွန်တော့်နှလုံးပဲ ခုန်နေတယ်။

ထောင်မှူးက စကားနည်းနည်းစပြောပြီးနောက် ပြည်သူ့ရုံးချုပ်ကိုယ်စားလှယ်က စင်မြင့်အလယ်ကို ရောက်သွားပြီး စာရင်းစာရွက်ထဲက နာမည်တစ်ခုကို ဖတ်လိုက်တယ်။ **အိုင်စင်ဂီအောရော ပုယီတဲ့။**

ကျွန်တော့်နှလုံး ခုန်ထွက်လာတယ်လို့ ထင်မိတယ်။ ကျွန်တော်လည်း စင်မြင့်ရှေ့တည့်တည့်ရောက်အောင် ထွက်ခဲ့ပြီး ဆက်ပြီးဖတ်သွားတာကို နားထောင်နေရတယ်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**ပြည်သူ့ရုံးချုပ်မှ**
**အထူးခွင့်လွှတ်ချက်**
**ကြော်ငြာ**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဥက္ကဋ္ဌရဲ့ ၁၉၅၉ခု၊ စက်တင်ဘာလ ၁၇ရက် အထူး ခွင့်လွှတ်ချက် အမိန့်အရ မန်ကျူးကောစစ်တရားခံ အိုင်စင်ဂီအောရောပုယီရဲ့ အမှုကို ဒီရုံးက စစ်ဆေးခဲ့ပါတယ်။**

**စစ်တရားခံ အိုင်စင်ဂီအောရောပုယီဟာ ကျားကြီး အသက် ၅၄၊ မန်ကျူးအမျိုးသား၊ ပီကင်းနေဖြစ်ပြီး အခုအခါ ထိန်းသိမ်းခံနေရတာ ဆယ်နှစ်ရှိပြီ။ အကျဉ်းခံနေရချိန်မှာ အလုပ်လုပ်ပြီး သဘောတရားရေး ပညာပေးလို့ ပုံစံသစ် အလောင်းခံပြီး အစစ်အမှန် ပြုပြင်ပြီးကြောင်း သူ့အမူအကျင့်တွေကပဲ ပြသနေတယ်။ ဒါကြောင့် အထူးခွင့်လွှတ်ချက် အမိန့်အပိုဒ်တစ်မှာပါတဲ့အတိုင်း သူ့ကို လွှတ်စေ။**

**၁၉၅၉ခု၊ ဒီဇင်ဘာလ ၄ရက်** **တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**ပြည်သူ့ရုံးချုပ်**

အမိန့်မဆုံးခင် ကျွန်တော်မျက်ရည်တွေကျနေပါပြီ။ အမိနိုင်ငံက ကျွန်တော့်ကို လူဖြစ်အောင် လုပ်ပေးပါပြီ။

## အခန်းသစ်

ရထားပေါ်မှာပါ။ အပြင်ပ နှင်းဖုံးတဲ့ လွင်ပြင်ကို မြင်တယ်။ အရောင်တောက်ပြီး ကျယ်ပြန့်တယ်။ ကျွန်တော့်ရှေ့ရေးကိုဖြန့်ပြထားသလိုပါပဲကလား။ ရထားတွဲထဲမှာတော့ သာမန်လုပ်သားတွေ ဝိုင်းလို့။ ကျွန်တော့်တစ်သက်မှာ ဒီတစ်ခါပဲ သူတို့တွေနဲ့ ရောထိုင်ပြီး ရထားစီးဖူးတယ်။ သူတို့နဲ့ သွားပြီး အတူနေမယ် အတူတည်ဆောက်မယ်။ အဲဒါကို မဟုတ်သေးဘူး။ သွားပြီးတော့ ဆိုတာကို မဟုတ်ဘူး။ ကျွန်တော်ဟာ သူတို့ထဲကတစ်ယောက်။

ဖူရှန်မှာ ရထားပေါ်ရောက်လို့ မကြာခင်ပဲ ကျွန်တော်လူပ်ရှားသွားလာနေရမယ့် ပြည်သူနဲ့ လူမှုအဖွဲ့အစည်းရဲ့ အရည်အသွေးကို ချက်ချင်းသိနိုင်ဖို့ကိစ္စတစ်ခုကြုံပါတယ်။ ရထားတွဲစောင့်နဲ့အတူ အမျိုးသမီးခရီးသည်တစ်ယောက် သမီးကလေးချီပြီး နေရာရှာလာတယ်။ ကျွန်တော့်နောက်နားမှာ တစ်နေရာလွတ်တယ်။ အဲဒီအလွတ်နဲ့ ယှဉ်တဲ့နေရာရှင်ကလည်း ထပေးတယ်။ အမျိုးသမီးဟာ ရတဲ့နေရာမှာ ကလေးကိုချလိုက်ပြီး စိုးရိမ်စိတ်နဲ့ ကလေးကိုပဲ ကြည့်နေတယ်။ နေမကောင်းလို့ဆိုတာ သေချာသလောက်ပါ။ နေမကောင်းတာဖြစ်ငံ့လည်း ဘာပြုလို့ ခရီးထွက်ခဲ့ရလဲပေါ့။ မေးကြတယ်။ သူဖြေပုံက အံ့စရာပါပဲ။ သူဟာ ဘူတာနဲ့သိပ်မဝေးတဲ့ မူလတန်းကျောင်းက ဆရာမဖြစ်တယ်။ ကလေးက သူ့တပည့်။ စာသင်နေတုန်း ချက်ချင်းကောက်ရသလို ဗိုက်နာလွန်းလို့ ကျောင်းကျန်းမာရေးလုပ်သားက အူယောင်သက်တန့်ထင်လို့ ဆေးရုံကို ချက်ခြင်းသွားမှဖြစ်မယ်လို့ ပြောပါတယ်တဲ့။ ကလေးမိဘတွေက တော်တော်လှမ်းတဲ့ ကျောက်မီးသွေးတွင်းသားတွေဖြစ်တော့ အလုပ်စခန်းကို လိုက်ခေါ်ချိန်မရပါဘူး။ တွင်းဆေးရုံကို သွားဖို့တောင် အချိန်မရနိုင်ဘူး။ ဒါကြောင့် ဆရာမကိုယ်တိုင် ရထားနဲ့ ရှဲန်ယန်နိုင်ကိုပို့မယ်လို့ ဆုံးဖြတ်ပြီး ခေါ်လာတာ။ ရထားအမှုထမ်းတွေက ရထားပေါ်ရောက်မှ လက်မှတ်တွက် ပိုက်ဆံပေးပါဆိုပြီး နေရာအရင် ချထားပေးတယ်။ ရှဲန်ယန်ငံဆေးရုံကိုလည်း ဆီးကြိုဖို့ တယ်လီဖုန်းနဲ့ ပြောလိုက်ပြီးပြီတဲ့။ **ဒီအဖြစ်အပျက်ကြောင့် တပ်ယွန်မိန်င်**[၁] **ရဲ့စကားလုံးကလေးတွေကို သတိရမိတယ်။ တို့များမွေးလာကတည်းက ညီအစ်ကိုတွေပါ။ သွေးသားတော်စပ်ဖို့**

---

၁။ အရှေ့ကျင်မင်းဆက် လက်ထက်ခရစ်နှစ်လေးရာစု နှောင်းငါးရာစုက ပေါ်ခဲ့တဲ့ ကဗျာစာဆို။

**မလိုပါဘူး။** တစ်နေ့ပြည်သူတွေဟာ ဒီအတိုင်းပဲတွေးတယ်။ **မဲန်စီယပ်စ်**[၁] ပြောတဲ့ စကားထဲမှာ **ကိုယ့်အမျိုးထဲက အရွယ်ကြီးရင့်သူနဲ့ အရွယ်ငယ်လွန်းသူကို စောင့်ရှောက်သလို သူများ အိမ်ထောင်က အကြီးအငယ်တွေကိုလည်း စောင့်ရှောက်ပါ** ဆိုတဲ့ စကားကိုသွားပြီး အမှတ်ရမိပြန်တယ်။ အခုခေတ်က တကယ်တာကို လိုက်နာကြတယ်။ ဒီအပြုအမူကိုမြင်တော့ ကျွန်တော်ကျင်လည်ရမယ့် လူမှုအသိုင်းအဝိုင်းဟာ ကျွန်တော် ထင်ထားတာလောက် ပိုပြီးရည်မွန်ပါလားလို့ သိရပါတယ်။

ဒီဇင်ဘာ ၉ရက်မှာ ပီကင်းကို ရောက်တယ်။ ဇာတိမြို့၊ ထွက်ခဲ့တာတော့ သုံးဆယ့်ငါးနှစ်ရှိပြီ။ အင်မတန်ခံ့ညားတဲ့ ရထားစကြဲပေါ်မှာ ညီမ ၅နဲ့ ညီ၄ ကို မြင်တယ်။ ညီမကို မတွေ့ရတာ ဆယ်နှစ်၊ ညီကို မတွေ့ရတာ အနှစ်နှစ်ဆယ်။ တစ်ယောက်လက်ကို တစ်ယောက်ဆွဲပြီး ဝမ်းသာနေချိန်မှာ အစ်ကိုကြီးလို့ ခေါ်သံကြားတယ်။ အရင်တုန်းကမှ သူတို့ ဒီလိုတော်သလို မခေါ်ရဲဘူး။ ကျွန်တော့်သားချင်းတွေမှာလည်း ဘဝသစ် အထင်အရှားရှိပါကလားလို့ သတိပြုမိလိုက်ပါတယ်။

အတူပါလာတဲ့ အဖွဲ့ငယ်ခေါင်းလီနဲ့ အဘိုးကြီးမဲန်င်ကို နှုတ်ဆက်တယ်။ မဲန်င်ဟာ ကျိအန်ဒ်ကိုင်ရှိအက်စ်စ်တရားခံပါ။ သူရော၊ ကော့ဝင်လိုင်ရော၊ ကျွန်တော်ပါ အတူတူ လွတ်လာကြတာ။ သူ့ကို ဇနီးသည်လာကြိုတယ်။ သွားကြပြီ။ ညီ ၄က စကြဲက ထွက်လာတော့ ကျွန်တော့် သားရေအိတ်အမဲကို ဆွဲခဲ့တယ်။ ညီမ ၅နဲ့ သူ့ယောက်ျား အဘိုးကြီးဝန်က ကျွန်တော့်ဝဲယာရံလို့။ စကြဲကထွက်တော့ နာရီစင်တွေ့တာနဲ့ ကျွန်တော် ခါးပိုက်ဆောင်နာရီကို ထုတ်ပြီး အချိန်တိုက်တယ်။ ဖူရှုန်က မထွက်ရခင် ကျွန်တော် အစိုးရကို အပ်တဲ့ပစ္စည်းအပုံထဲက ဒီနာရီကို ထောင်မှူးက ရွေးကောက်ပြီး ကျွန်တော့်လက်ထဲကို ထည့်ပေးလိုက်တယ်။ ပြည်သူ့ဆီက ညှစ်ထုတ်လို့ရတဲ့ ပိုက်ဆံနဲ့ဝယ်တာမို့ မလိုချင်ဘူးပြောပါတယ်။ ပြည်သူက လက်ဆောင်ပေးတာ ယူထိုက်တယ်တဲ့။ ဒီနာရီဟာ ပြင်သစ်လုပ် ရွှေနာရီ ဖြစ်တယ်။ ပီကင်းသံတမန်ရပ်ကွက်ရောက်တော့ အဖေ့ဘဏ္ဍာအစိုးကို ထားရစ်ခဲ့ချင်လို့ အချိန်ဆွဲပြီး ဆိုင်ထဲဝင်ဝယ်ခဲ့ရတဲ့ နာရီပါပဲ။ **၁၉၂၄**ခုနှစ်ကပေါ့။ အဲဒီနေ့မှာပဲ ကျွန်တော့်ကျက်သရေကင်းမဲ့တဲ့ ဇာတ်လမ်းစပါတယ်။ အခု ပီကင်းချိန်နဲ့ ဒီနာရီကိုပဲ တိုက်လိုက်ပြီးပြီမို့ သူနဲ့ပဲဘဝသစ်စပါပြီ။

နာရီကို ပေးတဲ့နေ့က ပြိုင်တူလွတ်တဲ့လူ ဆယ်ဦးကို ထောင်မှူးက အိမ်ပြန်ရောက်ရင် ရှေးက ပြုမှားမိသမျှကို ခွင့်လွှတ်ပါလို့ အိမ်သူအိမ်သားနဲ့ အိမ်နီးနားတွေကို ပြောသင့်တယ်လို့ ဆိုတယ်။ သူတို့ကလည်း ခွင့်လွှတ်မှာပါ။ ခင်ဗျားတို့ကလည်း အနေအထိုင်မှန်ပြီး ပြည်သူ့ဝန်ထမ်းစိတ် အမြဲနိုးကြားနေဖို့လိုမယ်ပေါ့လို့လည်း ပြောလိုက်ပါတယ်။ ညီမ၅နဲ့ အဘိုးကြီးဝန်အိမ်ရောက်တော့ သူပြောတဲ့အတိုင်း

---

၁။ အတွေးသမား၊ ပညာရေးသမား (၃၇၂-၂၈၅ ဘီစီ)

ကျွန်တော်ဆောင်ရွက်ပါတယ်။ ဝင်းထဲမှာ နေသမျှလူတွေ ကျွန်တော့်ကို ကြင်နာကြပါတယ်။ နောင်တစ်နေ့နံနက် အများအကျိုးရှိမယ့် အလုပ်တစ်ခု လုပ်ချင်တာနဲ့ ကြည့်နေမိတယ်။ လမ်းကို တံမြက်လှည်းတာမြင်တော့ ကျွန်တော်လည်း ဝင်လှည်းပါတယ်။ လမ်းထိပ်အထိလှည်းပြီးတော့ အပြန်မှာ ကျွန်တော့်အိမ်ကို မမှတ်မိတော့လို့ အိမ်မှားဝင်လိုက်မိတာနဲ့ အဲဒီအိမ်ရှင်ကပဲ အိမ်အရောက် လိုက်ပို့ပေးပါတယ်။ ကျေးဇူးတင်စကားပြောတော့ တစ်လမ်းတည်းနေဖြစ်ကြလို့ ကူညီရမယ့်တာဝန် အပြန်အလှန်ရှိတယ်။ ကျေးဇူးတင်ဖို့မလိုပါဘူးလို့ ပြောတယ်။ အခု ကျင့်သုံးတဲ့ လူမှုစနစ်သစ်မှာ ဒါဟာ အခြေခံလိုက်နာနေတဲ့ အလုပ်ဖြစ်နေပါပြီ။

ဦးလေးကျိုင်တပ်တို့'အိမ်သားတွေဆီကို အလည်သွားပါတယ်။ ကျွန်တော်တို့ အမျိုးတွေဆီ မြိုင်ဆိုင်နေတာ တွေ့ရပါတယ်။ လူနည်းစုဒေသတွေကို ခရီးလှည့်ပြီး ပြန်အရောက်မှာ ဦးလေးက အမျိုးသား ပြည်သူ့ကွန်ဂရက်ကို သူတွေ့သမျှ ပြန်ပြီး ဟောပြောပြီးရုံပဲ ရှိသေးတယ်။ အစ်ကိုဝမ်းကွဲပုကျိအယ်က သူ့ ကူကျိန်ကို တီးပြီး ဖြေဖျော်လိုက်သေးတယ်။ ကျွန်တော့်အတွက် လက်ရေးလှစာတန်းတစ်ခု ရေးဆွဲပေးတာကို ထိုင်ကြည့်ရတာလည်း တယ်အရသာတွေ့တယ်။ သူမကြာခင်ကမှ ဆွဲပြီးတဲ့ ပန်းတွေငှက်တွေပါတဲ့ ပန်းချီကားကိုလည်း တွေ့ခဲ့ရတယ်။ ညီမ ၂ဆီကိုသွားတော့ ကလေးထိန်းဌာနဖွင့်ထားတာ တွေ့ခဲ့ရတယ်။ သူ့ယောကျ်ားက စာပို့ဖက် အင်ဂျင်နီယာ။ ခင်ဗျားညီမအရင်က ခေါင်းခဏခဏကိုက်တယ်။ အခု အလုပ်များလွန်းလို့ အဲဒီဝေဒနာပေါ်မလာတော့ဘူးလို့ ပြောပြတယ်။ ညီမ ၄၊ ၃၊ ၆၊ ၇ တွေနဲ့ သူတို့ယောကျ်ားတွေကိုလည်း သွားတွေ့သေးတယ်။ ညီမ ၄က အရင်နန်းတော် ရှေးမှတ်တမ်းတွေ ထိန်းသိမ်းရေးမှာ အလုပ်လုပ်ပါတယ်။ ညီမ ၆တို့ လင်မယားနှစ်ယောက်စလုံးက ပန်းချီဆရာတွေပါ။ ညီမ ၇တို့ လင်မယားကလည်း ကျောင်းဆရာတွေပေါ့။

တူ တူမတွေကို တွေ့ရတော့ ပိုပြီး အံ့သြကျေနပ်တယ်။ နွေဦးပွဲနေ့မှာ လည်စည်းအနီလေးတွေနဲ့ လူငယ်အများကြီး ဦးလေးအိမ်ကို ရောက်လာကြတယ်။ တပ်ကြီးကြီးထဲကဆိုရင် ပြည်သူ့စွန့်စားတပ်မှာပါပြီး ပွဲရလူစွမ်းကောင်းတွေလည်းပါတယ်။ ပီကင်းအမျိုးသမီး မော်တော်ဆိုင်ကယ် ချန်ပီယံလည်းပါတယ်။ မောင်တက်အဖွဲ့ခေါင်းဆောင်လည်းပါတယ်။ ဆရာဝန်၊ သူနာပြု ကျောင်းဆရာ၊ ကားဒရိုင်ဘာစုံတယ်။ အငယ်ထဲကဆိုရင် ကျောင်းနေကြတုန်း အသီးသီး အသက်မွေးပညာတစ်ခုခုယူဆဲ။ တော်တော်ငယ်တာက အလယ်တန်းကျောင်းတက်ပဲ။ တချို့က ကွန်မြူနစ်ပါတီဝင်၊ တချို့က လူငယ်သင်းဝင် အားလုံးပဲ ဆိုင်ရာမှာ ထူးချွန်အောင် ကြိုးစားနေကြတာပါပဲ။

ကျွန်တော့်မိတ်ဆွေဟောင်းတွေလည်း တွေ့ရပါတယ်။ ရှန်င်အဲန်ယိန်င်က ရာဇဝင်နဲ့ စာပေမော်ကွန်းတိုက်အဖွဲ့ဝင်။ သူ့သွားတွေ့တော့ သူဟာ ညောင်စောင်းတစ်ခု

ပေါ်မှာ လှဲနေတယ်။ အသက်ကြီးပြီမို့ စကားသံပီသအောင် မပြောနိုင်တော့ဘူး။ ကျွန်တော့်ကို မြင်တော့ မျက်နှာအမူအရာဟာ တည်တည်ဖြစ်သွားပြီး လူးလဲ ထဖို့ ကြိုးစားရှာတယ်။ သူ့လက်ကို ကျွန်တော်ကကိုင်ပြီး လှုကြီးပဲ နေမကောင်းပဲနဲ့ မထပါနဲ့လို့ ပြောရတယ်။ လူ့ဘောင်သစ်ရောက်နေကြပြီမို့ သာမန်ဆက်ဆံရေးပဲ အရသာရှိပါတယ်။ ခင်ဗျား နေမကောင်းတဲ့အခါ ကျွန်တော်တို့ တွဲဖက်ပြီး ပြည်သူ့ ဝန် ထမ်းကြစို့လို့လည်း ဆက်ပြောမိပါတယ်။ ဒီတော့မှ သူ့မျက်နှာက အမူအရာဟာ ပျော့ပျော့ပျောင်းပျောင်း နူးညံ့ပြီး ခေါင်းတညိတ်ညိတ်နဲ့ ပြုံးလာတယ်။ ခင်ဗျား ခေါ်ရာကိုလည်း တွဲပြီးလိုက်ပါမယ်လို့ သူကပြောတယ်။ ကျွန်တော်ကတော့ ကွန်မြူနစ် ပါတီနဲ့ ဖက်တွဲနေမိပြီဗျလို့ဆိုတော့၊ ကျွန်တော့်လည်း ပါတာပေါ့လို့ သူကဆက်လိုက်တယ်။ အရင် နန်းတွင်းသင်းကွပ်တချို့ ဘယ်လိုနေကြသလဲလို့ သွားတွေ့ပါတယ်။ ဒေသအလိုက် သူတို့အတွက် သီးခြားဂေဟာလုပ်ပေးထားလို့ သက်ကြီးရွယ်ရင့် ဖြစ်ပေမယ့် အေးအေးနေနိုင်ကြတာကို တွေ့ရပါတယ်။

ပထမနေ့က ကျွန်တော့်တွေ့တဲ့ လူတိုင်းလိုလိုကပဲ ခင်ဗျားပြန်ရောက်လာပြီမို့ လှည့်ပြီး အခြေအနေနဲ့ အကျွမ်းဝင်အောင်လေ့လာပါဦး။ အရင်က ပီကင်းမြို့ထဲ ခင်ဗျား မလှည့်ဖူးဘူးမဟုတ်လားလို့ ပြောကြတယ်။ ကျွန်တော်ကလည်း ပထမဆုံး ကြည့်ချင်တဲ့နေရာက **တီအင်တွန်မဲန်ခေါ်တဲ့ အထက်ဘုံ ငြိမ်းချမ်းရေးမုခ်**ပါပဲ။

ရုပ်ရှင်သတင်းကား၊ သတင်းစာနဲ့ စာပေးစာယူတွေထဲမှာ တီအင်အန်မဲန် လူထုပန်းခြံအကြောင်းမြင်ဖူး ဖတ်ဖူးရှိခဲ့ပြီးပါပြီ။ သဘာပတိမဝ်ကို ချီတက်အလေးပြုတဲ့ လူထုပွဲကြီးတွေက ဒီနေရာမှာလုပ်တာကို ရုပ်ရှင်ထဲမှာ မြင်ပါတယ်။ အခြားပွဲတွေ လည်း ဒီမှာပဲ လုပ်တယ်လို့ သိရပါတယ်။ လမ်းစောင့်ရဲက သူငယ်တန်းကလေးတွေကို စောင့်ရှောက်ပြီး လမ်းဖြတ်လိုက်ပို့နေတဲ့ ဓာတ်ပုံလည်း မြင်ဖူးတယ်။ တရုတ်နိုင်ငံ ဖြစ် အလံနီနဲ့ အရှေ့လေကား အဲဒီ ခြံထဲမှာစိုက်ထားတဲ့ ဓာတ်ပုံတွေလည်း မြင်ဖူးတယ်။ ပြည်သူ့ခန်းမကြီးကို ဆယ်လနဲ့အပြီး ဆောက်ခဲ့တယ်ဆိုခဲ့တာလည်း သိတယ်။ ကမ္ဘာ့အရပ်ရပ်က ရောက်လာတဲ့ နိုင်ငံခြားသား ဧည့်သည်တွေ ဒီပန်းခြံကို အံ့သြကြပုံကိုလည်း ကြားဖူးပြီး ဒီနေရာကို နှစ်ပေါင်းများစွာကပဲ ကြည့်ချင်နေတာ။ အခု ရောက်လာပါပြီ။

ကျွန်တော့်ရှေ့မှာ မားမားမြင့်မြင့် ကျက်သရေရှိလှတဲ့ တီအင်အန်မဲန်မုခ်ဦးဟာ အမိနိုင်ငံရဲ့ ဝမ်းနည်းကြေကွဲစရာဘဝက လွတ်လပ်ပျော်ရွှင်တဲ့ဘဝကို ရောက်ခဲ့ပြီလို့ သရုပ်ဆောင်နေပါတယ်။ ပုယီအဟောင်း ပျောက်ပြီး ပုယီအသစ် ရောက်သလိုပါပဲ။ ကျွန်တော့်လက်ဝဲမှာတော့ ပြည်သူ့ခန်းမကြီးဆိုတဲ့ ကျွန်တော့်ကို ဘဝသစ်ဖွင့်ပေးလို့ အထူးခွင့်လွှတ်ခြင်းလို့ တစ်မျိုးသားလုံးရဲ့အရေးကို ဆုံးဖြတ်တဲ့ အဆောက်အအုံ ကြီးရှိတယ်။ လယ်ယာဘက်မှာတော့ တော်လှန်ရေးပြတိုက်။ နောက်ကျောဖက်မှာ က တော်လှန်ရေး အာဇာနည်အထိမ်းအမှတ်။ အားလုံးဟာ နှစ်တစ်ရာကျော် အသေခံ

အသတ်ခံပြီး ကျွန်တော်အပါအဝင် ပြည်သူတွေ တစ်နေ့ခံစားနေရတဲ့ အခြေအနေကို တိုက်ယူရတာကို ပြတယ်။

ဒီ တီအင်အန်မဲန်ပန်းခြံမှာ လွတ်လပ်ပျော်ရွှင်ပြီး ဘေးရန်ကင်းခြင်း၊ ဂုဏ်ယူခြင်းစိတ်တွေအပြည့်နဲ့ ကျွန်တော်ပထမဆုံး လမ်းလျှောက်ခဲ့တယ်။ ညီမ ၆ ရယ်၊ ညီဝမ်းကွဲ ပုကျိအယ်ရယ်၊ ကျွန်တော်ရယ် တဖြည်းဖြည်း အနောက်ဘက်ကို လှည့်လျှောက်ကြတယ်။ တိုင်းရင်းသားအမျိုးစု ယဉ်ကျေးမှုဗိမာန်ကို ရောက်တော့ အဖြူနံရံ၊ အပြာအမိုးကိုကြည့်ပြီး ညီမက စိုးရိမ်စိတ်နဲ့ အကိုကြီး မောလာပြီလားလို့ မေးလိုက်တယ်၊ ဒီတစ်ခါပဲ ကျွန်တော် ဒါလောက်ဝေးဝေး လျှောက်ဖူးမယ်လို့ သူထင်တယ်။ မပန်းပါဘူး။ ပထမဆုံးမို့ မမောတာလို့ ဖြေလိုက်မိတယ်။

ပထမဆုံးဆိုတဲ့ စကားလေးဟာ အခု ဘဝသစ်မှာ မကြာခဏသုံးရတဲ့ စကားစုလေးပါပဲ။ ပထမဆုံးဆိုတဲ့တိုင်း အခက်အခဲရှိမယ်ဆိုပေမယ့် ကျေနပ်နေတော့ မပန်းဘူးလို့ ဆိုချင်ပါတယ်။

ဆံပင်ညှပ်ဆိုင်ကို ပထမဆုံးသွားပါတယ်။ ဟိုတီကျင်တုံးက ကျူးန်ယွန်အိုင်ကို အနှစ်သုံးဆယ်က တစ်ခါသွားဖူးတာကို ထည့်ပြောရင် ဒုတိယအခါပါ။ ဒါပေမယ့် ဆိုင်မှာတွေ့ခဲ့ရပုံကတော့ ပထမအကြိမ်လို့ပဲ ဆိုနိုင်တယ်။ ကုလားထိုင်မှာ ဝင်ထိုင်တဲ့အခါ ဟာရဘိန်ကုန်ပဒေသာဆိုင်မှာ မြင်ခဲ့ဖူးတဲ့ ထူးထူးဆန်းဆန်းပစ္စည်းတစ်ခုကို သွားမြင်တယ်။ တစ်ဖက်ခုံကလူကို ဒီပစ္စည်းနဲ့ ပြုစုနေလို့ ဒီဒီ စက်မြည်သံလည်း ကြားရတယ်။ ဘာလဲလို့မေးတော့ ဆံပင်သွေ့အောင်သုံးတဲ့ လေပူစက်လို့ ပြောတယ်။ ဆံပင်ကို အရင်သွေ့အောင်လုပ်ပြီးမှ ဖြတ်ပါသလားလို့ မေးမိတယ်။ အမေးခံရသူတွေက လန့်သွားပုံရတယ်။ ခင်ဗျားတစ်ခါမှ ဆံပင် မဖြတ်ဖူးဘူးလားတဲ့။ ကျွန်တော် နောက်ပြောင်နေတယ်လို့လည်း သူထင်မယ်ပေါ့။ ကျွန်တော်လည်း အားရပါးရ ရယ်မိတယ်။ ကိုယ်အလှဲ့မှာ လေပူမှုတ်စက်က ခေါင်းပေါ်မှာ တဒီဒီ မြည်နေတော့ ကျေနပ်နေမိပါတယ်။

ဘတ်စ်ကားကို ပထမဆုံး စီးကြတော့ ညီဝမ်းကွဲ ပုကျိအယ်ကို လန့်အောင် ကျွန်တော်လုပ်မိပြန်တယ်။ ကားစီးဖို့တန်းစီနေကြတုန်း သက်ကြီးရွယ်ရင့်နဲ့ ကလေးတွေတက်ကြဖို့ လမ်းဖယ်ပေးတာမြင်တော့ ကျွန်တော်ကလည်း အမျိုးသမီးတစ်ယောက်ကို လမ်းဖယ်ပေးပါတယ်။ ကျွန်တော် မတက်တော့ သူကခုန်တက်ပြီး ကားတံခါးဆွဲပိတ်လို့ ကားထွက်သွားတယ်။ ကျွန်တော်လမ်းဖယ်ပေးလိုက်မိသူက လက်မှတ်ရောင်းတဲ့ ကလေးမ ဖြစ်နေတယ်။ ကျွန်တော့်ညီဝမ်းကွဲဟာ နောက်တစ်ခါ ကားရပ်တော့ ကားထဲကဆင်းပြီး ကျန်ရစ်တဲ့ ကျွန်တော့်ဆီကို ပြေးလာကယ်။ လူချင်းတစ်ယောက်ကို တစ်ယောက် လှမ်းမြင်ကတည်းက သူလည်းရယ် ကျွန်တော်လည်း ရယ်ကြတယ်။ မစိုးရိမ်ပါနဲ့ကွယ်။ ဒါလောက်များ ဒါ တော်သေးတယ်လို့ ကျွန်တော်က ပြောရတယ်။ လူတိုင်းက ငါ့ကို ကူညီနေတာပဲ။ ကိစ္စမရှိနိုင်လို့လည်း ကိုယ့်ကိုယ်ကို ကိုယ်

အားပေးရတယ်။ ညီမ ၃ အိမ်နဲ့ မလှမ်းမကမ်းကဆိုင်မှာ ပိုက်ဆံအိတ် ကျန်ရစ်ခဲ့တာလည်း မနက်ပြန်ရတယ်မဟုတ်လား။ မျက်စိလည်လမ်းမှားလည်း လိုက်ပို့ကြမှာပါပဲ။

ပီကင်းမြူနီစပယ် အာဏာပိုင်တွေက အထူး ခွင့်လွှတ်ချက်နဲ့ ရောက်လာတဲ့ ကျွန်တော်တို့ကို မြို့တွင်း လှည့်လည်ပြဖို့ အစီအစဉ် လုပ်ပေးပါတယ်။ ကျွန်တော်တို့ အစုထဲမှာ အရင်ကော့မင်တန် ဗိုလ်ချုပ်ကြီးတွေ ဖြစ်ခဲ့တဲ့ တုယုမိနင်၊ ဝေါင်ယုံဝု၊ ဝုနင်ယို လီအင်ဆိုတာမျိုးတွေလည်း ပါတယ်။ ဒါမှ ပီကင်းကို နည်းနည်းကျွမ်းကျင်သွားပြီး နေ့စဉ် သွားလာနေထိုင်ရေးမှာ အသားကျလွယ်မယ်လို့ ကူညီတာပါပဲ။ စက်ရုံသစ်တွေ၊ လွတ်မြောက်ရေးပြီးမှ တိုးချဲ့တဲ့ လူထုစခန်းတွေ၊ မြို့နေ ပြည်သူ ကွန်မြူးတွေ အဲဒီလို လှည့်ပြနေတာ နှစ်လကြာပါတယ်။ နောက်ဆုံး ကျွန်တော်က လမ်းပြလုပ်ပြီး အရင် နန်းတော်တွေကို လိုက်ပြပါလို့ ကျန်တဲ့လူတွေက တောင်းဆိုလာကြပါတယ်။

ဒီမှာလည်း အံ့သြစရာတွေ့နေသေးတယ်။ ကျွန်တော် ထွက်ပြေးစဉ်က လျှော့ကျပျက်စီးအပစ်ရတဲ့ ပတ်ဝန်းကျင်အနေအထားမျိုး အခုပျောက်နေပြီ။ နေရာတကာမှာ ဆေးသစ်သုတ်လိမ်းပြီးတွေ့တယ်။ တံခါး၊ ပြတင်းတွေမှာ ကန့်လန့်ကာတွေနဲ့ အိပ်စင်၊ မှီအုံး၊ ခေါင်းအုံးစားပွဲခင်း အစစ လိုလေသေးမရှိ။ အသစ်တွေ ခင်းကျင်းထားတယ်။ နောက်မှ ကျွန်တော် သိရခဲ့တာက အဲဒီ အခင်းအကျင်းတွေကို နန်းတော်ပြတိုက်ရဲ့ ကိုယ်ပိုင်အလုပ်ရုံမှာ ရှေးကပုံစံမပျက် အားလုံး ချုပ်လုပ်တယ်တဲ့။ နန်းတွင်းအစဉ်အဆက် စုဆောင်းခဲ့တဲ့ ကျောက်စိမ်းပစ္စည်း၊ ကြွေထည်၊ လက်ရေးလှ နံရံဆွဲ ပန်းချီကားနဲ့ အနုပညာလက်ရာအမျိုးမျိုးကို ပေ့ယန်င်စစ်ဘုရင်အစိုးရ၊ ကော့မင်တန်င်အစိုးရနဲ့ အဆင့်ဆင့်ပြောင်းခဲ့တဲ့ ကျွန်တော်အပါအဝင် ထိန်းသိမ်းအမည်ခံတွေ ခိုးယူလို့ အင်မတန်ကို နည်းနည်းပဲကျန်တော့တယ်။ ဒါပေမယ့် တချို့ကို ပြတိုက်မှူးတွေရဲ့ လုံ့လ၊ အချို့ကို အလှူရှင်စေတနာနဲ့ ပစ္စည်းတော်တော်များများလည်း ပြန်ရောက်နေတာ တွေ့ရပါတယ်။ ဥပမာ ပုကျိအယ်နဲ့ ကျွန်တော် ခိုးထုတ်သွားတဲ့ စုန်င်ခေတ်ပန်းချီဆရာနာမည်ကျော် ကျန်င်စည်တွအန်ဆွဲတဲ့ ကျိန်င်မိန်င်ပွဲအခါ မြစ်ကမ်းရှုခင်းဟာ အခု ပြန်ရောက်နေပြီ။

ကေရာဇ်ဥယျာဉ်ထဲမှာ နေရောင်ခံပြီး ကလေးတွေ ကစားနေတာနဲ့ အဘိုးအိုတွေ လက်ဖက်ရည် ဇိမ်နဲ့သောက်တာတွေ့ခဲ့တယ်။ ဥယျာဉ်ထဲက ပန်းအနံ့ဟာ ရှေ့ကထက်မွှေးပြီး နေရောင်ဟာလည်း ရှေးကထက်ပိုပြီး ကြည်လင်တယ်လို့ ထင်ပါတယ်။ ရှေးနန်းတော် ဘဝသစ်သက်တမ်းတစ်မျိုးအတွက် ရှင်သန်နေပြန်ပြီလို့ ကျွန်တော်သိခဲ့ရပါပြီ။

တရုတ်သိပ္ပံ အကယ်ဒမီ၊ ရက္ခဗေဒတိုက်၊ ပီကင်း ရက္ခဗေဒ ဥယျာဉ်ကို ၁၉၆၀ပြည့် မတ်လမှာ ကျွန်တော်သွားရပါတယ်။ အဲဒီမှာ အကျိန်တစ်ဝက်လေ့လာပြီး

အချိန်တစ်ဝက် အလုပ်လုပ်ရတယ်။ လက်တွေ့ပညာရှင်တစ်ဦးက သွန်သင်ပေးလို့ စိုက်ပျိုးနည်းတွေ တတ်ပါတယ်။ လေ့လာချိန် တစိတ်တစ်ပိုင်းမှာလည်း ဒီစာအုပ်ကို ရေးပါသေးတယ်။

ကျွန်တော်ဘဝရဲ့ ပထမပိုင်းမှာ "အိမ်ထောင်"ဆိုတဲ့ စကားရဲ့ သဘောကို ကျွန်တော် နားမလည်ခဲ့ပါဘူး။ ဖူရှန်မှာနေခဲ့ရတဲ့ နောက်ပိုင်းနှစ်တွေရောက်မှ အိမ်ထောင်အကြောင်း နည်းနည်းသိသလို ရှိလာတယ်။ အခု ရက္ခဗေဒဥယျာဉ်မှာ နေလို့ တော်တော်ကလေးရက်ရလာတဲ့အခါ ပတ်ဝန်းကျင်က ဖော်ရွေပြီး အကူအညီ ပေးကြတာကို ခံရတော့ အဲဒီနေရာပဲ ကိုယ့်ဒုတိယအိမ်ဖြစ်လာပါတယ်။ တစ်ခါက ကျွန်တော် လမ်းလျှောက်ပြီးပြန်အလာမှာ နာရီကျပျောက်ခဲ့ပြီလို့ သိရပါတယ်။ အဲဒီနေ့က လျှောက်တာသွားတာလည်း များလေတော့ ဘယ်လိုမှလိုက်ပြီး စုံစမ်းလို့ မရနိုင်ဘူးဆိုပြီး အဆုံးထားလိုက်ပါတယ်။ အခန်းအတူနေတဲ့ အဘိုးကြီး လျိုက သိတာနဲ့ တစ်ခါတည်း ကျွန်တော်သွားတဲ့နေရာတွေကို အသေအချာမေးပြီး အနားယူ ချိန်ဖြစ်ပေမယ့် အနားမယူပဲ တစ်ခါတည်း ထွက်လိုက်ပါတယ်။ ကျန်လူတွေကလည်း သိကုန်လို့ အလုပ်အားတဲ့ လူတိုင်း ထွက်ရှာကြတယ်။ အင်မတန်မှပဲ အားနာမိတယ်။ နောက်ဆုံး အဘိုးကြီး လျိုကပဲ အမြဲစိမ်း ပြည်သူ့ကွန်မြူးထမင်းစားခန်းရှေ့က ရခဲ့လို့ ရင်ကော့ပြီး ခပ်ကြွားကြွား ပြန်လာတာကို တွေ့ရပါတယ်၊ နာရီကလေးတစ်လုံး ပတ်ဖို့တဲ့ လက်ဆောင်ကို ရလိုက်တယ်လို့ပဲ ယူဆလိုက်မိတယ်။

အဲဒီနေ့က ရက္ခဗေဒဥယျာဉ်မှာ ကင်းတပ်ဖွဲ့ပြီး ညနေပိုင်း လေ့ကျင့်ကြတယ်။ ကျွန်တော်လည်း ဝင်ချင်တယ်လို့ စာတင်တယ်။ အများကပဲ အသက်ကြီးပြီလို့ဆိုတယ်။ ကျွန်တော်လည်း အမိနိုင်ငံသားတစ်ယောက်မို့ ကာကွယ်ရေးမှာ ပါဝင်နိုင်ရမှာပေါ့လို့ ဆင်ခြေတက်တယ်။ အဲဒါကို လက်ခံပြီး သက်ကြီးကင်းသားအနေနဲ့ တပ်ကလက်ခံ လိုက်တယ်။ နောက် တယ်မကြာဘူး။ ကျွန်တော့် မှန်းထားချက်တစ်ခု အောင်မြင် လာပြန်တယ်။ အဲဒါကတော့ တီအင်အန်မဲန်ပန်းခြံမှာ တက်ရောက် ဆန္ဒပြရတာပါပဲ။ ကိစ္စကတော့ ဂျပန်အမေရိကန်လုံခြုံရေးစာချုပ်ကို ဂျပန်ပြည်သူတွေက ကန့်ကွက်တယ်။ သူတို့ကန့်ကွက်တာကို ကျွန်တော်တို့က ထောက်ခံအားပေးတယ်။

ကျွန်တော့်အဖို့ လူမှုရေးကိစ္စတွေမှာ ပါဝင်နေတဲ့အချိန် ရောက်ပြီဖြစ်လို့ ငါ ပါဝင်တဲ့ဘက်ဟာ မှန်ကန်တဲ့ဘက်ဖြစ်တယ်။ ငါတို့တစ်တွေဟာ ကမ္ဘာငြိမ်းချမ်းရေး ဒီမိုကရေစီရေး၊ အမျိုးသားလွတ်မြောက်ရေးနဲ့ ဆိုရှယ်လစ်ရေးတွေရဖို့ တိုက်နိုင်နေတဲ့ လူတွေပါလားလို့ ကျေနပ်မိတယ်။

၁၉၆၀ပြည့် နိုင်ဝင်ဘာ ၂၆ရက်မှာ ကျွန်တော့်နာမည်ပါတဲ့ မဲပေးကပ်ပြား တစ်ချပ်ရတယ်။ ကျွန်တော့်တစ်သက်မှာ ရဖူးတဲ့အဖိုးတန်ပစ္စည်းတွေထဲမှာ ဒါဟာ အဖိုးတန်ဆုံးဖြစ်တယ်။ အဲဒီစာရွက်ကပ်ကလေးကို မဲပုံးနီနီထဲ ထည့်လိုက်ရတဲ့အခါ မှာလည်း ကမ္ဘာမှာ ငါဟာ အပျော်ဆုံးလူလို့ စိတ်ထဲမှာ ဖြစ်မိတယ်။ ကျွန်တော်ဟာ

အမျိုးတူ ဘ၀တူလူ ၆၅ ကုဋေနဲ့အတူ မြေ ၉၆သိန်း စတုရမ်းကီလိုမီတာ ပိုင်တဲ့လူလို့ ဂုဏ်ယူမိတယ်။ ကျွန်တော်တို့ဆီကနေပြီး ကမ္ဘာအရပ်ရပ်က အဖိနှိပ် အချုပ်ချယ်ခံနေရတဲ့လူတွေကို ကူညီတာဟာလည်း အားကြီးတဲ့အပြင် စိတ်ချရတဲ့ အကူအညီပဲဖြစ်တယ်။

၁၉၆၁ခု၊ မတ်လရောက်တော့ ကျွန်တော်ဟာ ပြင်ဆင်တဲ့အဆင့်ကို လွန်မြောက်ခဲ့တာနဲ့ ပြည်သူ့ဝန်ထမ်းအလုပ်တစ်ခုကို ဝင်ရောက်ထမ်းဆောင်ရပါတယ်။ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မီတီရဲ့ ရာဇဝင်မှတ်တမ်းကော်မရှင်မှာ စာပေနဲ့ ရာဇဝင်လုပ်သားတစ်ဦး ဖြစ်လာပါပြီ။

ဒီအလုပ်က ကျွန်တော့်အဖို့ အရင် ကျိန်နဲ့ ပေ့ယန်င်စစ်ဘုရင်တွေခေတ်က စာပေနဲ့ ရာဇဝင်မှတ်တမ်းတွေကို စိစစ်ရတဲ့အလုပ်ပါ၊ ကျွန်တော်ကိုယ်တိုင်နဲ့ အဆက်အသွယ်ရှိတဲ့လူတွေနဲ့ အဖြစ်အပျက်တွေအကြောင်းလည်း ရံဖန်ရံခါ တွေ့ရပါတယ်။ ရေးတဲ့လူတွေဟာ သူတို့ရေးတဲ့အကြောင်းအရာတွေမှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်တဲ့လူ ဒါမှမဟုတ်လည်း မျက်မြင်ကိုယ်တွေ့ သိခဲ့တဲ့လူတွေပါပဲ။ ဒီလိုကြွယ်ဝတဲ့ မှတ်တမ်းမှတ်စုတွေကို ကြည့်ရှုလေ့လာရလို့ နိုင်ငံရေး တိုးတက်လာပုံကို အမြင်ရှင်းရှင်း မြင်နိုင်လာပါတယ်။ အမျိုးသမီးကြီး ယောဟာနလ (ကေရိမယ်တော်ကြီးချီယို၊ ယွန်ရှီကိုင်၊ ထုအန်ကျီရွှေ၊ ကျန်င်တျောလိင်၊ အဲဒီလို ပုဂ္ဂိုလ်တွေဟာ ရာဇဝင်သဘောအရ သူတို့ကို ဖယ်ထုတ်ခံခဲ့ရပေမယ့် သူ့ခေတ်နဲ့သူ့အခါ အင်မတန်ဘုန်းကြီးတယ်လို့ပဲ ဆိုရမယ်။ သူတို့ သတ်ဖြတ်ညှဉ်းပန်းတဲ့ ပြည်သူတွေဟာ သူတို့ လက်ထဲမှာ ခိုးကိုးရာမဲ့ ဖြစ်ခဲ့တယ်။ ဟူရှီလို စာရေးဆရာက သူတို့ကို မြှောက်ပင့်ပေးတယ်။ လူဟောင်းတွေက ကျွန်တော် ပြန်ရရေးဟာ သူတို့အပေါ်မှာ တည်တယ်လို့ ထင်တယ်။ သူတို့ကလည်း နိုင်ငံခြားတန်ခိုးရှင်တွေက ထောက်ပံ့တာကို အမြဲရတော့မယ်ဆိုတဲ့ အထင်မှားနဲ့ အင်မတန်ဘဝင်မြင့်ခဲ့ကြတယ်။ ရာဇဝင်မီးနဲ့ မြိုက်တော့ သူတို့ဟာ အလွယ်ကလေးနဲ့ လောင်ကျွမ်းသွားတဲ့ စက္ကူကျားတွေပါပဲ။ ရာဇဝင်ကတော့ ပြည်သူပါ။ ဖောက်ပြန်ရေးသမားဟာ အမြင်မှာ ကြောက်စရာကောင်းသလောက် အစစ်အမှန်က တန်ခိုးသတ္တိ ဘာမှမရှိဘူး။ ရေရှည်ကြည့်ပြောရရင် ဖောက်ပြန်ရေးသမားထက် ပြည်သူကသာ တကယ့်တန်ခိုးရှင် ဖြစ်တယ်။ ကျွန်တော့်ကိုယ်တွေ့က ဒီစကားစုကို ထောက်ခံနေပါတယ်။ အခုစာအုပ်ကို ရေးနေတာဟာ အဲဒီအချက်ကို ကိုယ်တွေ့သက်သေခံချက်နဲ့ ပေါင်းစပ်ပြီး တင်ပြလိုလို့ ဖြစ်ပါတယ်။

စာအုပ်ကိုပဲ ဆက်ရေးနေပါတယ်။

ကျွန်တော့်ရုံးကပဲ ကျွန်တော့်ကို အမျိုးမျိုးကူညီကတယ်။ အဖိုးတန် အထောက်အထားတွေပေးတယ်။ မိတ်ဆွေတွေကလည်း ဝိုင်းပြီး အားတက်သရော ကူညီလို့ စာအုပ်တွေ စာရွက်စာတမ်းတွေ လိုရာသိမ်းရာက ထွက်လာတယ်။ တချို့အချက်ကို မရရအောင် လိုက်ရှာပေးကြတယ်။ အဲဒါတွေကို မိတ်ဆွေတချို့က လက်နဲ့ပဲ

ရေးကူးပေးကြတယ်။ မိတ်ဆွေလို့ခေါ်ရပေမယ့် တချို့ကူညီသူကို ကျွန်တော်မတွေ့ဘူး မမြင်ဘူးပါ။ စာရွက်စာတမ်းပါ အချက်အလက် မှန်မမှန်စစ်ဆေးဖို့ တချို့မိတ်ဆွေတွေက ခရီးရှည်သွားပြီး ဆောင်ရွက်ပေးတယ်။ မျက်မြင်သက်သေအဘိုးအိုတွေရဲ့ ပြောပြချက်မျိုးကိုလည်း ရေးပို့ကြတာရှိတယ်။ အရှာရ အဖွေရခက်မယ့်ဟာမျိုးကို အမျိုးမှတ်တမ်းတိုက်၊ ရာဇဝင်ပြတိုက်၊ ပိကင်းစာကြည့်တိုက်၊ မြို့တော်စာကြည့်တိုက်တွေမှာ ရဲဘော်တွေသွားပြီး လိုက်ချင်သမျှကို မှတ်သားရှာဖွေလို့ ပေးပါတယ်။ ရေကူးစုဆောင်းပေးပါတယ်။ ကူညီတဲ့အထုအထည် အားကြီးလို့ အားနာမိတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ ဒါမျိုးဟာ မဆန်းတော့ဘူး။ ပြည်သူမှာ အကျိုးရှိမယ့် အလုပ်။ အမှတ်တရားကို ဖော်ထုတ်တဲ့အလုပ်ကို ဘယ်သူလုပ်လုပ်နေရာတကာမှာ လူတကာမှာ စိတ်ပါလက်ပါ ကူညီကြတာပါပဲ။ ပါတီနဲ့အစိုးရကတော့ ပြောစရာကို မလိုဘူး။

ကျွန်တော့်စာအုပ်ကို နိုင်ငံခြားသားမိတ်ဆွေတွေကလည်း မျှော်တလင့်လင့်ပါပဲ။ နိုင်ငံခြားသတင်းစာဆရာတွေ ဧည့်သည်တွေလာပြီး ကျွန်တော့်ကို ပြုပြင်ပေးတဲ့ ဆယ်နှစ်အကြောင်းကို အထူးပြုပြီး မေးကြပါတယ်။ လက်တင်အမေရိကန်က လူတစ်ယောက်ကတော့ မဝ်စည်တုန်င်ရဲ့ ကြီးမားတဲ့ အတွေးအခေါ်ရဲ့ အံ့ဖွယ်ကို မျက်ဝါးထင်ထင် တွေ့မြင်ရတာပဲလို့ ပြောပြီး စာအုပ်ကို အမြန်ဆုံးပြီးအောင်ရေးပါလို့ တိုက်တွန်းတယ်။ အာရှမိတ်ဆွေတစ်ယောက်ကတော့ အင်္ဂလိပ်လို ပုံနှိပ်တဲ့ ခင်ဗျားစာအုပ်ကို ထွက်ထွက်ခြင်း ကျွန်တော့်ဆီကို ပို့ပါ။ ကျွန်တော်တို့စကားနဲ့ ဘာသာပြန်လိုက်မယ်။ ဒါမှ ခင်ဗျားရဲ့ အံ့သြမကုန်နိုင်တဲ့ ဖြစ်ရပ်ကို ကျွန်တော်တို့နိုင်ငံက ပြည်သူတွေ ဖတ်ကြရအောင်လို့တဲ့။

ပြည်တွင်းပြည်ပ အခက်အခဲတွေကို ကျွန်တော်တို့ဟာ ဇွဲကြီးကြီးနဲ့ ပြင်းပြင်းထန်ထန် တိုက်လို့ ထူးထူးခြားခြား ၁၉၆၂ခုမှာ အောင်မြင်တာကို တွေ့ရလို့ ကျွန်တော်ပိုပြီး ပျော်ရွှင်ခဲ့ပါတယ်။ ကျွန်တော့်ကို တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် အမျိုးသားကော်မတီဝင်လုပ်ဖို့ ဖိတ်ပါတယ်။ အမိနိုင်ငံ ထူထောင်ရေးဆိုင်ရာ အစီရင်ခံစာတွေကို အမျိုးသားပြည်သူ့ကွန်ဂရက်မှာ တင်သွင်းတာကို ကြားနာစိစစ်ဖို့ပါပဲ။ မေလ ၁ရက်နေ့မှာ ဇနီးသစ် လိရှုယှိအင်နဲ့ ကျွန်တော်ဟာ အိုးအိမ်သစ်ထူထောင်ကြပါတယ်။ သာမန် အိမ်ထောင်ဖြစ်ပေမယ့် ကျွန်တော့်အဖို့ အများကြီးဆန်းကြယ်တယ်လို့ ဆိုချင်ပါတယ်။

ဒါ အခန်းသစ်ပါပဲ။ ဘဝသစ်ကို ဒီနည်းနဲ့ စလိုက်ပါပြီ။ ကိုယ့်အိမ်ကိုယ်မဲပေးခွင့် ကတ်ပြား၊ အဆုံးအဆမရှိတဲ့ ရှေ့ရေး မျှော်လင့်ချက် အဲဒါတွေကြောင့် ဒီ ဘဝသစ်ရပုံကို ကျွန်တော် ဘယ်တော့မှ မမေ့နိုင်ပါ။

ပုံသစ်လောင်း ရာဇဝတ်ကောင်ဝါဒနဲ့ပတ်သက်ပြီး ကျွန်တော့်ဘဝသစ်ရစေဖို့ ဘယ်လိုဆုံးဖြတ်တယ်ဆိုတာလဲ ပြောပြရပါဦးမယ်။ တူရွှေ့ကလေးက ဒါဆိုလည်း

ဒီစာအုပ်ထဲမှာ ထည့်ပါလို့ပြောပါတယ်။

အမွေးတောင်ဥယျာဉ်ကို ရွှေ့ကလေးနဲ့ ၁၉၆၀ပြည့် နွေရာသီက ရောက်ပါတယ်။ ကျွန်တော်တို့ ကိုယ်စိတ်ထဲမှာ ပထမဆုံးဖြစ်တဲ့ အပြောင်းအလဲဟာ ဘာလဲ။ ပထမဆုံး ကျွန်တော်တို့ကို ဘဝသစ်စိတ်ပေါ်အောင်လှုပ်ခါပေးတဲ့ကိစ္စဟာ ဘာလဲလို့ အပြန်အလှန် ပြောပြမိကြတယ်။

ရွှေ့ကလေးက ယိုကလေးရဲ့အကြောင်းကစပြီး ပြောပါတယ်။ ကူကလေးကတော့ ဖွေဖုံနံပဟောဘူတာမှာ အရင်က နိုင်ငံခြားဖြစ်မီးရထားပဲ မြင်ရမြဲ ဖြစ်ခဲ့ပေမယ့် အခု တရုတ်ရထားကိုမြင်ရတာနဲ့ သူ့စိတ်ထဲမှာ လှုပ်ရှားပြီး ဘဝသစ်စိတ် နိုးကြားလာတယ်လို့ ဆိုတယ်။ ယိုကလေးကတော့ လက်ပြတ်တဲ့ လုပ်သားအမျိုးသမီးကို သောင်းသောင်းဖျဖျ ကြိုဆိုကြတာမြင်ရတော့ ငါ အရင်က နေခဲ့တဲ့ဘဝဟာ ဘာမှ အဖိုးမတန်ပါလားလို့ သတိရတယ်။ ရွှေ့က ပြီးတော့မှ ကျွန်တော့်အဖို့က မမေ့နိုင်တဲ့ အချက်တွေများတယ်။ ဒါပေမယ့် ပထမဆုံးအဖြစ်က ဒီလိုပါ။ အလုပ်စလုပ်ပြီဆိုတဲ့ အခါ ပွတ်ရင်းတိုက်ရင်း ပြတင်းပေါက်မှန်ကွဲတယ်။ အသံကြားတော့ ဝါဒါတစ်ယောက်အခန်းထဲ ပြေးဝင်လာတယ်။ ကျွန်တော် သိပ်လန့်သွားတယ်။ သူကတော့ ရောက်လာလာခြင်းမေးတာက ခင်ဗျားမှာ ဘယ်ထိသွားသေးသလဲလို့ စိုးရိမ်တဲ့မေးခွန်းပဲ မေးတယ်။ လူမှာ ဘာမှ မဖြစ်ပါဘူး။ မှန်တစ်ချပ်တော့ ကွဲသွားပြီလို့ ပြေတော့ မှန်ပြားကလေးတစ်ချပ်ဟာ သိပ်မတန်ပါဘူး။ ဒါပေမယ့် နောက်တစ်ယောက်ကို ရှူးမှာရှမှာ စိုးရသေးတယ်။ ဂရုစိုက်ပြီး ကောက်ပစ်လိုက်ဖို့ လိုမယ်လို့ ပြောသွားပါတယ်။

ငါ့မှာလည်း ဒါမျိုးဖြစ်တယ်ကွဲ့လို့ ကျွန်တော်က ပြန်ပြောမိတယ်။ အစက ငါ့ကိုသတ်တော့မှာလားလို့လည်း စိတ်ထဲမှာ အပူအပန်ပေါ့ကွယ်။ ညှာတဲ့ဝါဒါ ဆိုတာထဲမှာ ငါမှ အကျုံးဝင်ပါ့မလားလို့လည်း ကြောင့်ကြတယ်။ ငါ့အဖို့ အကောင်းမျှော်လင့်ချက်ကလေး စပွင့်တာကတော့ သေတ္တာအံ့ဝှက်နဲ့ထည့်ထားတဲ့ ရတနာတွေ အပ်ပြီးတဲ့အခါ ငါ့ကို ဘာမှ အရေးမယူပဲ ခွင့်လွှတ်လိုက်တာပါပဲ။ အဲဒီကိစ္စမှာ မင်းရဲ့ အကူအညီပါလို့ ငါ မင်းရဲ့ ကျေးဇူးကို မမေ့ဘူးလို့ကျွန်တော်က တစ်ဆက်တည်းပြောလိုက်တော့ သူက မျက်လုံးပြူးပြီး အဲဒါကို ကျွန်တော့် အကူအညီလို့ ထင်တယ်လား။ ဒီလိုဆိုရင် ထောင်မှူးက အဖြစ်မှန်ကို မပြောလိုက်ဘူး ထင်ပါရဲ့လို့ သူက ပြောတယ်။ ကျွန်တော်က ပြောပါတယ်ကွဲ့။ စွတ်စွဲချက်တွေ၊ ဝန်ခံချက်တွေ လုပ်ကြတဲ့အခါ အစည်းအဝေးကြီးမှာ သူကလေးမေးခွန်းတွေကြောင့် ငါ ဝန်ခံရပုံကိုပါထည့်ပြီး ကိုယ့်ကိုယ်ကို ဝေဖန်စာရေးပြီး ထောင်မှူးဆီကို ပို့လိုက်တယ်။ နှစ်သစ်ကူးပြီးတော့ ငါကပဲ ထောင်မှူးဆီကို ပို့လိုက်တယ်။ နှစ်သစ်ကူးပြီးတော့ ငါကပဲ ထောင်မှူးကို မင်းရေးတဲ့စာကလေးအကြောင်း မင်းမှာ အပြစ်ဖြစ်နေမှာစိုးမိလို့ အရင်ကထည့်မပြောမိဘူးလို့ ပြောပြလိုက်ပြန်တယ်။ ဒီတော့ သူက ဒီကိစ္စကုန်

အောင် သူသိပြီးပါပြီတဲ့။ ခင်ဗျား ရတနာတွေ ကိုယ့်ဘာသာအပ်တဲ့အနေနဲ့ အပ်ရင် ပိုကောင်းမယ်လို့ သူကပဲ ရွှေကလေးကို ဒီစာကလေး ရေးခိုင်းတာပါလို့ ပြောတယ်။ တောင်မှူးဟာ အင်မတန် ချင့်ချင့်ချိန်ချိန် လုပ်တတ်တဲ့လူ။ မင်းလည်း ကူညီရာ ရောက်ပါတယ်လို့ ကျွန်တော်က ပြောပြလိုက်တယ်။ ဒီတော့ သူက အဲဒါကြောင့် အသေးစိတ် ခင်ဗျားမသိသေးဘူလို့ ကျွန်တော်ပြောတာပေါ့ဗျလို့ ပြန်ပြောလိုက်တယ်။ ကျွန်တော်က အဲဒီစာကလေး မရေးချင်ဘူး။ ထောင်အာဏာပိုင်တွေကို ဝင်ရှာပြီး ခင်ဗျားကို မှတ်လောက်အောင် ဆုံးမအပြစ်ပေးစေချင်တယ်။ အဲဒါတော့ ခင်ဗျားစာအုပ်မှာ ထည့်ရေးပါလို့ ပြောနေပါတယ်။

အခုမှ ဇာတ်လမ်းအမှန်ကို ဆက်စပ်ပြီး သိလာပါပြီ။ ရွှေကလေးက ကျွန်တော့် လျှို့ဝှက်ချက်ကို ထောင်မှူးကို ကြိုတင်ပြောပြီး ဝင်ရှာပါ။ အပြစ်ဒဏ်ထားပါလို့ တိုက်တွန်းတယ်။ တောင်မှူးက ငြင်းတယ်။ ရှာရင်တွေ့မယ်၊ လွယ်တယ်။

ဒါပေမယ့် ဒီလိုလုပ်လို့ သူ့မှာ ပုံစံသစ်လက်ခံချစ်စိတ်ပေါ်မှာမှ မဟုတ်ဘဲ။ သည်းခံပြီး စောင့်ရတယ်။ သူ့မှာ နိုင်ငံရေးအသိ ပိုပြီးရှိလာတဲ့အခါ သူ့ဘာသာလာပြီးအပ်ရင် ပိုမကောင်းဘူးလားလို့ ပြန်ဖြေလိုက်တယ်။ အချိန်အများကြီး ကြာသွားပြန်တဲ့အခါ ကျွန်တော်က အပ်တာမတွေ့သေးတော့ ရွှေကလေးက ထောင်မှူးကို ရှာပေတော့လို့ နှိုးဆော်ပြန်တယ်။ ထောင်မှူးက လူတိုင်း နိုင်ငံရေးနိုးကြားပုံ အနေးအမြန်မတူဘူးဗျ။ ဒါကြောင့် သည်းခံစိတ်ကို လက်လွှတ်လို့ မဖြစ်ဘူးလို့ ပြောလိုက်တယ်။ ပြည်သူ့လက်ထဲ ရောက်လာရင် စစ်တရားခံအများကြီးပဲ ပုံသစ်ဝင်လာရမယ်လို့ ကွန်မြူနစ်ပါတီက အသေအချာ ထင်မြင်ယူဆပြီးသား ဖြစ်တယ်။ အနှေးအမြန်တော့ တစ်ယောက်နဲ့ တစ်ယောက်ကွာမှာပေါ့။ အရေးအကြီးဆုံးကိစ္စက ထောင်ဥပဒေလည်း မဟုတ်ဘူး။ ရတနာလည်းမဟုတ်ဘူး။ သူ လူသစ်ဖြစ်ရေးပဲဖြစ်တယ်။ အဲဒါကို အားလုံးက ဝိုင်းကူညီရမယ်။ ခင်ဗျားတို့ သဘောပေါက်ထားရမှာက ဒီလူဟာ ဘယ်သူနဲ့မှ မတူတဲ့ ဘဝအခြေခံရှိလေတော့ ဝန်ခံရင် ပြည်သူ့အစိုးရနဲ့ သက်ညှာရေးဝါဒအရ ခွင့်လွှတ်မယ်ဆိုတာကို သူ လွယ်လွယ်နဲ့ယုံမှာ မဟုတ်ဘူး။ အဲဒီအထဲ သူသွားပြီး ရှာဟယ် ဖွေဟယ်လုပ်ရင် သာပြီး နားလည်ဖို့ခက် ယုံဖို့ခက်ဖြစ်သွားမယ်။ ဒါကြောင့် သူကစပြီး ဝန်ခံတဲ့အထိ စောင့်ခိုင်းတာပေါ့။ သွားပြီးမရှာဘဲ သူ့ဘာသာလုပ်ဆောင် နည်းလမ်းရှာချင်ရင်တော့ ရှာပါတဲ့။ ဒီတော့မှ ရွှေကလေးက ဟိုစာကလေးကိုရေးဖို့ ဆုံးဖြတ်တယ်။ စာပေးပြီး ရက်အတော်ကြာလို့ မလှုပ်ပြန်တော့ သူက ထောင်မှူးကိုသွားပြီး ပုယီဟာ အိပ်ချင်ယောင်ဆောင်တဲ့လူ အနှိုးရခက် လုပ်နေတာ။ ထောင်မှူးက ဒီနေရာမှာ ခါတိုင်းထက် သည်းခံစိတ် ပိုလိုတယ်လို့ပြောပြီး ပြန်လွှတ်လိုက်တယ်။ နောက်ဆုံး ရတနာတွေကို ကျွန်တော်လည်း ကိုယ့်ဘာသာသွားပြီး သွင်းတယ်ဆိုပေမယ့် မရှောင်သာလို့ လုပ်ရတာပါပဲ။ ဒါပေမယ့် အဲဒီအချိန်ကစပြီး မျှော်လင့်ချက် နည်းနည်းထားခဲ့တယ်။ ထွက်လမ်းငါ့အတွက်ရှိမယ်လို့ ပြင်စပြုတယ်။

စိတ်ထဲမှာတော့ အတော့်ကိုပဲ ထိခိုက်လှုပ်ရှားတဲ့အသံနဲ့ ရွှေကလေးက ဆက်ပြောတယ်။ အဲဒီကစပြီး ကျွန်တော်လည်း အစိုးရဟာ တရားခံတော်တော်များများကို ပြုပြင်လို့ ရကောင်းတယ်ဆိုပြီး သည်းခံစောင့်နေတာဟာ အမှန်ပဲလို့ ယုံကြည်ခဲ့ပါတယ်။ ခင်ဗျားမှတ်မိမှပေါ့။ ဒီအချိန်အထိ ခင်ဗျားပြုပြင်မခံပဲ ညာနေတယ်။ အဲဒါကိုလည်း ထောင်အာဏာပိုင်တွေက သိတယ်။ စစ်ဆေးသူတွေ မလာခင်ကပဲ ဖြစ်သမျှအားလုံး ထောင်အာဏာပိုင်ကို ကျွန်တော်တို့ သူတစ်ပြန်ကိုယ်တစ်ပြန် ပြောပြပြီးသား မဟုတ်လား။ အားလုံးပေါ်နေပြီ။ အဲဒီအချိန်တုန်းကပဲ ထောင်အာဏာပိုင်တွေက ခင်ဗျားလေ့လာရေး ပြုပြင်ရေးအားသန်လာပြီး ပုံစံသစ်လောင်းပါစေလို့ အင်မတန်လိုလား နေပါတယ်တဲ့။

အမွေးတောင်စောင်းကနေပြီး ပီကင်းကို လှမ်းပြင်နေရပါတယ်။ မြို့တော်ကြီးဟာ နေရောင်မှာဝင်းလို့။ အရင် ဆယ်နှစ်အတွေ့အကြုံကို တစ်ခုပြီးတစ်ခု ပြန်မြင်ယောင်တယ်။ ကောင်းဖြူနဲ့ထောင်မှူး၊ စကားသွက်တဲ့ ဒုတိယထောင်မှူး၊ ဝါဒါ၊ ဆရာဝန်၊ သူနာပြု၊ ထောင်အရာရှိတွေတန်းစီပြီး ပေါ်လာပါတယ်။ သူတို့နည်းမျိုးစုံနဲ့ ညာခဲ့တယ်။ သူတို့က အကောင်းကူညီတာကိုပဲ ခုခံခဲ့တယ်။ ကျွန်တော့် မသိသား ဆိုးဝါးပုံ၊ အလုပ်အကိုင်ညံ့ဖျင်းပုံ၊ အတွေးအခေါ်မိုက်မဲပုံ၊ အဲဒါတွေလည်း တစ်ခုပြီးတစ်ခု ပေါ်လာသေးတယ်။ ကိုယ်တိုင် အင်မတန်စိတ်အားငယ်ပြီး ငါ အခုပဲလဲ သေပါစေတော့လို့ ဖြစ်တဲ့အခါမျိုးမှာတောင် ကွန်မြူနစ်ပါတီဝင်တွေက ကျွန်တော့်ကို လူသစ်ဖြစ်နိုင်တယ်လို့ မြင်တယ်။ ဖြစ်အောင်လည်း လုပ်ပေးခဲ့တယ်။

ကျွန်တော့်စာဖတ်တဲ့ ရေးစာသုံးလုံး ဖတ်စာအုပ်ထဲမှာ ပထမဆုံးဖတ်ရတဲ့ စာလုံးက "လူ"တဲ့ အဲဒါတောင် လူဆိုတာလို့ မသိခဲ့ဘူး။ ကနေ့ ကွန်မြူနစ်တွေနဲ့ တရားခံပုံသစ်လောင်း ဝါဒကြောင့် ဒီကြီးကျယ်တဲ့စကားလုံးရဲ့ သဘောအဓိပ္ပာယ်တွေကို အပြည့်အစုံ ကျွန်တော် နားလည်လာပြီး ကိုယ်တိုင်လည်း တကယ့်လူ ဖြစ်လာပါပြီ။

၃၀-၆-၆၇၊ ညနေ ၃နာရီမှာ ဒေါက်တာသန်းထွန်း ဘာသာပြန်လို့ ပြီးသည်။

ပီကင်းမြို့တော်မှာ ၇၊ ဖေဖော်ဝါရီ ၁၉၀၆ မွေးဖွားတဲ့ တရုတ်နိုင်ငံ ကျိန်ငမင်းဆက် နောက်ဆုံးဧကရာဇ် ဂျပန်ခန့် မန်ကျူကောဧကရာဇ် အိုင်စင်ဂိအော်ရောပုယိတာ ကျောက်ကပ်ကင်ဆာရောဂါနဲ့ ပီကင်းမြို့တော်မှာပဲ ၁၇၊ အောက်တိုဘာ ၁၉၆၇က သေဆုံးသွားပါတယ်။ အသက် ၆၂နှစ်။

ဒေါက်တာသန်းထွန်း

# အရင်
# ကျောင်း
# အခု ဂူ

